ပြဿနာ
စွယ်စုံကျမ်း
၄၀ဝါဝ



၁၀၀၅

ပြခန်း
ပြည်ထောင်စု
နှစ်ချုပ်

ပထမအကြိမ် ပုံနှိပ်ထုတ်ဝေခြင်း၊ ၂၀၀၅ ခုနှစ်၊ အုပ်ရေ ၇၀၀၀



အမှတ် ၅၂၉-၅၃၁၊ ကုန်သည်လမ်း၊ ရန်ကုန်မြို့
စာပေဗိမာန်အဖွဲ့၊ စာပေဗိမာန် စာတည်းမှူးချုပ် ဦးမောင်လှိုင် (မောင်ဆွေငယ်)
(မှတ်ပုံတင်အမှတ် ၉၆၁-ယာယီ)ဖြင့် ဖိုတိုလစ်သိုပုံနှိပ်စက်ရုံတွင်
ရိုက်နှိပ်၍ (မှတ်ပုံတင်အမှတ် ၂၈၅-ယာယီ)ဖြင့် ထုတ်ဝေသည်။

ဒို့တာဝန်အရေးသုံးပါး

ပြည်ထောင်စုမပြိုကွဲရေး ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး ဒို့အရေး
အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး ဒို့အရေး

နိုင်ငံရေးဦးတည်ချက် (၄) ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက် (၄) ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော်စီးပွားရေး တစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက် (၄) ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဓာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

မြန်မာ့ရည်ညွှန်းကျမ်း စီစဉ်ရေးအဖွဲ့

မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ်အပါအဝင် မြန်မာ့ရည်ညွှန်းကျမ်းစာအုပ်များ စီစဉ်ရေးအဖွဲ့ကို ပြန်ကြားရေးဝန်ကြီးဌာနက ၂၀၀၃ ခုနှစ်၊ ဧပြီလ (၄) ရက်နေ့တွင် အောက်ပါပုဂ္ဂိုလ်များဖြင့် ပြင်ဆင်ဖြည့်စွက်ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ပါသည်-

(၁) ဦးသော်ကောင်း ... ဥက္ကဋ္ဌ
မြန်မာသမိုင်းအဖွဲ့ဝင်
မြန်မာသမိုင်းအဖွဲ့

(၂) ဒေါက်တာ ကျော်စိန် ... အဖွဲ့ဝင်
အငြိမ်းစားပညာရေးဝန်ကြီး
ပညာရေးဝန်ကြီးဌာန

(၃) ဒေါက်တာ မျိုးသန့်တင် ... အဖွဲ့ဝင်
ဥက္ကဋ္ဌ၊ ခတ္တိယနည်းပညာ
ပြန့်ပွားရေးလုပ်ငန်း

(၄) ဒေါက်တာ ဦးခင်အေး ... အဖွဲ့ဝင်
(မောင်ခင်မင်-ဓနုဖြူ)
ပါမောက္ခ၊ မြန်မာစာဌာန
ရန်ကုန်တက္ကသိုလ်

(၅) ဒေါ်တင်ဘုန်းနွယ် ... အဖွဲ့ဝင်
စာကြည့်တိုက်မှူးကြီး
တက္ကသိုလ်များဗဟိုစာကြည့်တိုက်

(၆) ဦးမြင့်ကြိုင် ... အဖွဲ့ဝင်
ဒုတိယညွှန်ကြားရေးမှူးချုပ်
ယဉ်ကျေးမှုဗိမာန်ဦးစီးဌာန

(၇) ဒေါက်တာ တိုးလှ ... အဖွဲ့ဝင်
ဒုတိယညွှန်ကြားရေးမှူးချုပ်
တက္ကသိုလ်များသမိုင်းသုတေသန
ဦးစီးဌာန

(၈) ဒေါက်တာ ခင်မောင်ညွန့် ... အဖွဲ့ဝင်
မြန်မာသမိုင်းအဖွဲ့ဝင်၊
မြန်မာသမိုင်းအဖွဲ့

(၉) ဦးထွန်းအောင်ချိန် ... အဖွဲ့ဝင်
မြန်မာသမိုင်းအဖွဲ့ဝင်၊
မြန်မာသမိုင်းအဖွဲ့

(၁၀) ဦးတင်ခ (တက္ကသိုလ်တင်ခ) ... အဖွဲ့ဝင်
အငြိမ်းစားဦးဆောင်ညွှန်ကြားရေးမှူး၊
သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း

(၁၁) ဦးချစ်နိုင် (ချစ်နိုင်-စိတ်ပညာ) ... အဖွဲ့ဝင်
ညွှန်ကြားရေးမှူးချုပ်၊ ပြန်ကြားရေး
နှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန

(၁၂) ဦးလှကြိုင် (ပါရဂူ) ... အဖွဲ့ဝင်
စာရေးဆရာ

(၁၃) ဦးဘသန်း (မဟာဝိဇ္ဇာ) ... အဖွဲ့ဝင်
အငြိမ်းစားညွှန်ကြားရေးမှူးချုပ်၊
ဝန်ထမ်းရေးရာဦးစီးဌာန

(၁၄) ဒေါ်ကြန် (မကြန်) ... အဖွဲ့ဝင်
မြန်မာစာအဖွဲ့ဝင်
မြန်မာစာအဖွဲ့ဦးစီးဌာန

(၁၅) ဦးမျိုးသန့် (မောင်ဆုရှင်) ... အဖွဲ့ဝင်
အကြံပေးအရာရှိ စာပေဗိမာန်
ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း

(၁၆) ဦးထွန်းတင့် ... အဖွဲ့ဝင်
မြန်မာစာအဖွဲ့ဝင်
မြန်မာစာအဖွဲ့ဦးစီးဌာန

(၁၇) ဦးမောင်လှိုင် (မောင်ဆွေငယ်) ... အတွင်းရေးမှူး
စာတည်းမှူးချုပ်၊ စာပေဗိမာန်
ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း

မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ် (၂၀၀၅) ခုနှစ် စာတည်းအဖွဲ့

စာတည်း (တာဝန်ခံ) ဦးအုန်းလွင်

စာတည်းများ ဦးခင်မောင်လေး
ဦးစိုးမြင့်သန်း (စိုးမြင့်သန်းမောင်)
ဒေါ်မျိုးမျိုးကြည်

မာတိကာ

ဤကျမ်းကို မရှုစားမီ

အပိုင်း (၁)

၂၀၀၄ ခုနှစ် လအလိုက်ဖြစ်စဉ်များ ၁

အပိုင်း (၂)

ဘာသာသာသနာ၊ ပညာရေး၊ စီးပွားရေး၊ စာပေရေးရာနှင့် အခြားနှစ်ချုပ်ဆောင်းပါးများ

* ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံကြီး ..... မခင်နွဲ့.ဟန်ကြည် ၃၄
* လူတိုင်းအတွက် ပညာရေး ..... ဦးသန်းဦး ၆၀
ဦးတင်ညို
* ဈေးကွက်စီးပွားရေးစနစ်ဖွံ့.ဖြိုး ..... အေး ၆၈
စေမည့် ကုန်စည်ပြပွဲများ (ရန်ကုန်တက္ကသိုလ်)
* ကနောင်မင်းသားကြီးဦးစီးတည်ဆောက် ..... စိုးတင့် (IWT) ၈၀
ခဲ့သော ရတနာပုံသဘော်ကျင်း
* မြန်မာစာပေတွင် ဇာတက၏အခန်းကဏ္ဍ ..... ဒေါက်တာခင်အေး ၈၈
* နယ်စပ်ဒေသနှင့် တိုင်းရင်းသား ..... ဦးစိုးအောင် ၉၈
လူမျိုးများ၏ဖွံ့.ဖြိုးတိုးတက်မှုများ
* ဆူနာမီရေလှိုင်းကြီးများ ..... ဒေါက်တာစံလှသော် ၁၀၈

အပိုင်း (၃)

၂၀၀၄ ခုနှစ် အကြောင်းရပ်များ ၁၂၅
အက္ခရာစဉ်အညွှန်း ၃၁၇

ဤကျမ်းကို မရှုစားမီ

ဖော်ပြပါလမ်းညွှန်ကို လေ့လာထားပါက ဤစွယ်စုံကျမ်းနှစ်ချုပ်စီစဉ်ပုံကို သဘောပေါက်၍ ရည်ညွှန်းကျမ်းတစ်ဆူအဖြစ် လွယ်ကူစွာအသုံးပြုနိုင်ပါသည်။

မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ်များသည် ထုတ်ဝေပြီး မြန်မာ့စွယ်စုံကျမ်းအတွဲ ၁၅ တွဲ၏ အဖြည့်ကျမ်းများဖြစ်ပါသည်။ မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ် ၂၀၀၅ ခုနှစ်ကို ယခင်က ထုတ်ဝေခဲ့သော မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ် ၂၀၀၄ ပါ အကြောင်းရပ်များနှင့် ဆက်စပ်၍ ဖတ်ရှုနိုင်ရန်လည်း စီစဉ်ပြုစုထားပါသည်။ မြန်မာ့စွယ်စုံကျမ်းတွင် မပါဝင်သေးသော အကြောင်းရပ်သစ်များလည်း ပါဝင်ပါသည်။

ဤကျမ်းသည် ၂၀၀၄ ခုနှစ်အတွင်းဖြစ်ပေါ်ခဲ့သော အကြောင်းအရာများကို ၂၀၀၅ ခုနှစ်တွင် ပုံနှိပ်ထုတ်ဝေခြင်းဖြစ်ပါသည်။ ၂၀၀၅ ခုနှစ်အတွင်း အဖြစ်အပျက်များကိုမူ မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ် ၂၀၀၆ ခုနှစ် ပုံနှိပ်ထုတ်ဝေသောအခါ ဆက်လက်ဖော်ပြမည်ဖြစ်ပါသည်။

ဤကျမ်းတွင် စာရှုသူများ လွယ်ကူစွာဖတ်ရှုလေ့လာနိုင်ရန် အပိုင်းကြီးသုံးပိုင်းခွဲခြား၍ တင်ပြထားပါသည်။ ပထမပိုင်းတွင် ၂၀၀၄ ခုနှစ်အတွင်း ထင်ရှားသောဖြစ်ရပ်များကို မြန်မာ့သတင်းစဉ်၊ သတင်းလွှာများနှင့် ညှိနှိုင်း၍ နေ့စဉ်မှတ်တမ်းအဖြစ် ဖော်ပြထားပါသည်။ ဒုတိယပိုင်းတွင် ဘာသာသာသနာ၊ ပညာရေး၊ စီးပွားရေး၊ စာပေရေးရာနှင့် အခြားနှစ်ချုပ်အထူးဆောင်းပါး စုစုပေါင်း ၇ ပုဒ်ပါဝင်ပါသည်။ ဒုတိယပိုင်းတွင် ဖော်ပြထားသော ဆောင်းပါးများကို ပညာရပ်အလိုက် ကျွမ်းကျင်ရာပညာရှင်များက လေ့လာသုတေသနပြု၍ ရေးသားထားခြင်းဖြစ်ပါသည်။ တတိယပိုင်းတွင် ဖော်ပြထားသောအကြောင်းရပ်များသည် ၂၀၀၄ ခုနှစ်တွင် ဖြစ်ပေါ်ခဲ့သော မြန်မာနှင့် နိုင်ငံတကာအကြောင်းများဖြစ်ပါသည်။ အကြောင်းရပ်များကို မြန်မာစာလုံးပေါင်းသတ်ပုံကျမ်းပါ အက္ခရာစဉ်စနစ်အတိုင်း ဖော်ပြထားပါသည်။ နှစ်ချုပ်ပါ အကြောင်းရပ်များကို အလွယ်တကူရှာဖွေဖတ်ရှုနိုင်ရန် အက္ခရာစဉ်အညွှန်းကိုလည်း ထည့်သွင်းဖော်ပြထားပါသည်။

အတ္ထုပ္ပတ္တိများကို ဖော်ပြခြင်းနှင့် စပ်လျဉ်း၍ ၁၉၇၀ ပြည့်နှစ်မှ ၁၉၇၇ ခုနှစ်အတွင်း ကွယ်လွန်ခဲ့သည့် ထင်ရှားသော ပုဂ္ဂိုလ်များ၏ အတ္ထုပ္ပတ္တိများကို မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ် ၁၉၇၈ ခုနှစ်တွင် ထည့်သွင်းဖော်ပြခဲ့ပါသည်။ နှစ်စဉ်ဆက်လက်ထုတ်ဝေသော မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ်များတွင် သက်ဆိုင်ရာ တစ်နှစ်အတွင်း ကွယ်လွန်ခဲ့သောထင်ရှားသည့် ပုဂ္ဂိုလ်များ၏ အတ္ထုပ္ပတ္တိများကိုလည်းကောင်း၊ နိုင်ငံတကာရေးရာများတွင် ထင်ရှားသော ပုဂ္ဂိုလ်များ၏ အတ္ထုပ္ပတ္တိများကိုလည်းကောင်း ထည့်သွင်းဖော်ပြလေ့ရှိပါသည်။ ယခုထုတ်ဝေသော နှစ်ချုပ်ကျမ်းတွင် ၂၀၀၄ ခုနှစ်အတွင်း ကွယ်လွန်ခဲ့သော ထင်ရှားသည့် ပုဂ္ဂိုလ်များ၏ အတ္ထုပ္ပတ္တိများကိုလည်းကောင်း၊ ၂၀၀၄ ခုနှစ်အတွင်း အာရုံပြုလာရသော နိုင်ငံတကာမှ ပုဂ္ဂိုလ်များ၏ အတ္ထုပ္ပတ္တိများကိုလည်းကောင်း ထည့်သွင်းဖော်ပြထားပါသည်။

အကြောင်းရပ်များတွင် အညွှန်းများကိုပြဆိုရာ၌ ယခင်ထုတ်ဝေပြီးသော မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ်များကို ညွှန်းလျှင် စာအုပ်အမည် (ဥပမာ–စွယ်စုံနှစ်ချုပ် ၁၉၉၉)နှင့် စာမျက်နှာအမှတ်ကို ဖော်ပြ၍ ညွှန်းပါသည်။ ယခုထုတ်ဝေသော မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ် ၂၀၀၅ ခုနှစ်ပါအကြောင်းရပ်များ၊ ဆောင်းပါးများကို ညွှန်းလျှင် အကြောင်းရပ်၊ ဆောင်းပါးအမည်ကို ဖော်ပြ၍ညွှန်းထားပါသည်။

စာပေဗိမာန်

အပိုင်း-၁

၂၀၀၄ ခုနှစ် ဖြစ်ရပ်များ

၂၀၀၄ ခုနှစ်အတွင်း ဖြစ်ပေါ်ခဲ့သော မြန်မာနှင့် နိုင်ငံတကာမှ ထင်ရှားသည့် ဖြစ်ရပ်အချို့ကို သတင်းမှတ်တမ်းများအဖြစ် ရေးသားပြုစုဖော်ပြထားပါသည်။



နှစ်ချုပ်အထူးဆောင်းပါး (စာ ၃၄)



နှစ်ချုပ်အထူးဆောင်းပါး (စာ ၈၈)



နှစ်ချုပ်အထူးဆောင်းပါး (စာ ၆၀)

မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ် (၂၀၀၅)

မြန်မာနှင့် နိုင်ငံတကာဖြစ်ရပ်များ

၂၀၀၄ ခုနှစ် ဖြစ်ရပ်များ


ဇန်နဝါရီလ

၁ တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်းအမှတ်စဉ် (၅) သင်တန်းဆင်းဂုဏ်ပြုစစ်ရေးပြအခမ်းအနားကို ရန်ကုန်မြို့တပ်မတော်ဆေးတက္ကသိုလ် စစ်ရေးပြကွင်းတွင်ကျင်းပသည်။ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ တက်ရောက်မိန့်ခွန်း ပြောကြားသည်။

၂ လွန်ခဲ့သည့်နှစ်၌ အီရတ်တွင် သတင်းယူသော သတင်းစာဆရာ ၁၃ ဦးသေဆုံးခဲ့ရာ ၁၉၉၅ ခုနှစ်မှစပြီး တစ်နိုင်ငံတည်း၌ လူထုဆက်သွယ်ရေးအတွက် သေဆုံးမှု အမြင့်ဆုံးဖြစ်သည်ဟု စောင့်ကြည့်လေ့လာရေးအုပ်စုက ပြောကြားသည်။

၄ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုး ရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်ဇနီးဒေါ်ကြိုင်ကြိုင်တို့က တည်ခင်းဧည့်ခံသည့် (၅၆) နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ်ဧည့်ခံပွဲနှင့် ညစာစားပွဲအခမ်းအနားကို ပြည်သူ့လွှတ်တော် အဆောက်အအုံတွင် ကျင်းပသည်။

၅ ငလျင်ဒဏ်ခံရသော အီရန်နိုင်ငံ ဘမ်းဒေသတွင် အပျက်အစီးပုံများအကြားမှ အသက် ၉၇ နှစ်အရွယ် အဘွားအိုတစ်ဦးကို ရက်ပေါင်းကိုးရက်အကြာ၌ အသက်ရှင်လျက်ရှာဖွေတွေ့ရှိသည်။



နာဆာအဖွဲ့က လွတ်တင်ခဲ့သော အင်္ဂါဂြိုဟ် စူးစမ်းလေ့လာရေးယာဉ်စပရစ် အင်္ဂါဂြိုဟ်ပေါ်သို့ အောင်မြင်စွာဆင်းသက်ပြီးနောက် မြေသားနမူနာများယူနေစဉ်

နာဆာအဖွဲ့က လွတ်တင်ခဲ့သော အင်္ဂါဂြိုဟ်စူးစမ်းလေ့လာရေးယာဉ် စပရစ်သည်အင်္ဂါဂြိုဟ်ပေါ် သို့အောင်မြင်စွာ ဆင်းသက်သည်။

၆ အီရတ်နိုင်ငံ၏ နယ်မြေပေါင်းစပ်မှု၊ လွတ်လပ်မှုနှင့် စုစည်းညီညွတ်မှုကို ထိန်းသိမ်းစောင့်ရှောက်ရမည်ဖြစ်ကြောင်းဆီးရီးယားသမ္မတဘာရှာအယ်လ်အာဆတ်က တူရကီနိုင်ငံသို့ သမိုင်းဝင်သွားရောက်ခဲ့စဉ် အန်ကာရာမြို့တွင် ပြောကြားသည်။

၇ အီရတ်နိုင်ငံတွင် အဖျက်စွမ်းအား ကြီးမားသော လက်နက်များရှိသည်ဟူ၍ စွပ်စွဲထားသည့် ကိစ္စကို အဓိကပြဿနာတစ်ရပ်အဖြစ် ပြိတိသျှအောက်လွတ်တော်တွင် ဆွေးနွေးသည်။

၈ အီရတ်တွင်အမေရိကန်ဦးဆောင်သော စစ်ပွဲဆင်နွှဲခဲ့ချိန်မှစ၍ သေဆုံးသည့် အမေရိကန်တပ်ဖွဲ့ဝင်ဦးရေမှာ ၄၈၅ ဦးဖြစ်ပြီး ၃၃၃ ဦးမှာ တိုက်ပွဲတွင် သေဆုံးခြင်းဖြစ်ကာ ၁၅၂ ဦးမှာ တခြားအကြောင်းကြောင့် သေဆုံးကြောင်း အင်တာနက်က ဖော်ပြသည်။

၉ မြန်မာနိုင်ငံပညာရေးကော်မတီဒုတိယဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး (၂) (ယခု အတွင်းရေးမှူး ၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် ကျိုင်းတုံမြို့အမှတ် (၆) အခြေခံပညာအလယ်တန်းကျောင်း ကျောင်းဆောင်သစ်ဖွင့်ပွဲနှင့် သင်ကြားမှု သင်ယူမှုအထောက်အကူပြုစာသင်ခန်းများဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်ချီးမြှင့်သည်။

၁၀ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်ဖလားတပ်မတော် (ကြည်း၊ ရေ၊ လေ) ဂေါက်သီးရိုက်ပြိုင်ပွဲကို မင်္ဂလာဒုံမြို့နယ်၊ တပ်မတော်ဂေါက်ကွင်းတွင် ကျင်းပသည်။ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေတက်ရောက်ကြည့်ရှုအားပေးသည်။

၁၁ အမေရိကန်သမ္မတ ဂျော့ဒဗလျူဘုရှ်သည် သမ္မတတာဝန်စတင်ယူချိန် ၂၀၀၁ ခုနှစ် ဇန်နဝါရီလ၌ အီရတ်နိုင်ငံကို ကျူးကျော်ဝင်ရောက်ရန် နည်းလမ်းရှာခဲ့သည်ဟု ဘဏ္ဍာရေးဝန်ကြီးဟောင်း ပေါလ်အိုနီးလ်က ၎င်း၏စာအုပ်သစ်တွင် စွပ်စွဲရေးသားသည်။

၁၂ အပြည်ပြည်ဆိုင်ရာ တင်းနစ်အဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ်တို့က ကြီးမှူးကျင်းပသော အသက် ၁၄ နှစ်အောက် အာရှဇုန် ၂ တင်းနစ်ပြိုင်ပွဲဖွင့်ပွဲအခမ်းအနားကိုသိမ်မြှုလမ်း၊တင်းနစ်ကွင်းတွင် ကျင်းပသည်။

အမေရိကသမ္မတ ဂျော့ဒဗလျူဘုရှ်သည်မတော်တဆအပ်သောအမေရိကန်တန်ခိုးအာဏာအကြီးဆုံးဖြစ် ရေးကိုကြိုးပမ်းလုပ်ဆောင်နေကြောင်း ကုဋေကြွယ်သူဌေးကြီးဂျော့ခ်ဆိုရော့စ်က ပြောကြားသည်။

၁၃ မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ စီမံခန့်ခွဲမှုစနစ်ပြုပြင်ပြောင်းလဲရေးကော်မတီ (၁၄) ကြိမ်မြောက် ညှိနှိုင်းအစည်းအဝေးကို ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီးရုံးအစည်းအဝေးခန်းမတွင် ကျင်းပသည်။ မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ စီမံခန့်ခွဲမှုစနစ်ပြုပြင်ပြောင်းလဲရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး (၂) (ယခု အတွင်းရေးမှူး ၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်တက်ရောက်အမှာစကားပြောသည်။

၁၄ အီရတ်ရှိ အမေရိကန်တပ်ဖွဲ့ဝင်များအကြား ဖြစ်ပွားနေသော မိမိကိုယ်ကို သတ်သေနှုန်းသည် ငြိမ်းချမ်းစဉ်ကာလ ပုံမှန်ရှိနေသော သတ်သေမှုနှုန်းထက် သုံးပုံတစ်ပုံ ပိုမိုမြင့်မားနေကြောင်း အမေရိကန်စစ်ဌာနချုပ် ပင်တဂွန် ထိပ်တန်းဆရာဝန်တစ်ဦးက ပြောကြားသည်။

၁၆ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၊ အိန္ဒိယသမ္မတနိုင်ငံ၊ အနောက်ဘင်္ဂလားပြည်နယ် အုပ်ချုပ်ရေးမှူး မစ္စတာဗီရင်ဂျရှားနှင့် အဖွဲ့ဝင်များက ပြည်သူ့လွတ်တော်အဆောက်အအုံ သံတမန်ခန်းမသို့ လာရောက်ဂါဝရပြုတွေ့ဆုံနှုတ်ဆက်သည်။

အရွယ်မရောက်သေးသူ ကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီးထိန်းသိမ်းရေးကော်မတီ ပထမအကြိမ် ညှိနှိုင်းအစည်းအဝေးကို ကုန်းမြင့်သာ၊ ဇေယျာသီရိဗိမာန်အစည်းအဝေးခန်းမတွင် ကျင်းပသည်။နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး (၂) (ယခုအတွင်းရေးမှူး ၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် တက်ရောက်အမှာစကားပြောသည်။

၁၉ ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူးကျင်းပသော (၅၆)နှစ်မြောက်လွတ်လပ်ရေးနေ့အထိမ်းအမှတ်ရောင်စုံမာတ်ပုံပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားကို ဗိုလ်ချုပ်အောင်ဆန်းလမ်းစင်ထရယ်ဟိုတယ်၌ ကျင်းပသည်။ ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းတက်ရောက်၍ ဆုရရှိသူများအား ဆုများချီးမြှင့်သည်။

အီရတ်နိုင်ငံ ဘာဆာရာမြို့တွင် အင်အား ၃၀၀၀၀ ခန့်ရှိသော ဆန္ဒပြသူများက အမေရိကန်အလိုမရှိ အယ်လ်စဝေတာနီကို ထောက်ခံသည်ဟူ၍ အော်ဟစ်ဆန္ဒပြသည်။

၂၂ ကိုရီးယားသမ္မတနိုင်ငံမှ The Korea Chamber of Commerce and Industry ဥက္ကဋ္ဌမစ္စတာ Hyo-Sung Kin ခေါင်းဆောင်သော အဖွဲ့သည် ပြည်ထောင်စုမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်ဥက္ကဋ္ဌဦးဝင်းမြင့်ခေါင်းဆောင်သော အဖွဲ့နှင့် ရန်ကုန်မြို့တွင် စီးပွားရေးလုပ်ငန်းကိစ္စများ.တွေ့ဆုံဆွေးနွေးကြသည်။



နိုင်ငံတော်ဝန်ကြီးချုပ်ဗိုလ်ချုပ်ကြီးစိုးဝင်း မြန်မာ့သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာဆိုင်ရာပြပွဲကို ကြည့်ရှုစဉ်

၂၅ နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) (ယခုနိုင်ငံတော်ဝန်ကြီးချုပ်) ဗိုလ်ချုပ်ကြီးစိုးဝင်းသည် လှိုင်သာယာစက်မှုဇုန်ရှိ စက်ရုံများနှင့်တတိယအကြိမ်မြောက် မြန်မာ့သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာဆိုင်ရာ ရက်သတ္တပတ် ၂၀၀၄ ပြပွဲတို့ကို လှည့်လည်ကြည့်ရှု စစ်ဆေးအားပေးသည်။

အီရတ်တွင် ဖြစ်ပွားနေသော စစ်ပွဲကို ရပ်တန့်ပေးရန် ကျပန်နိုင်ငံ၊ တိုကျိုမြို့တွင် ဆန္ဒပြသူများက အမေရိကန်သမ္မတကျော့ဇဗလျူဘုရှ်ရုပ်ပုံပါ ပိုစတာများကိုင် မြောက်လျက်ဆန္ဒပြတောင်းဆိုကြသည်။

၂၆ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး (၁) (ယခုနိုင်ငံတော်ဝန်ကြီးချုပ်) ဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် ဇနီးတို့ ဖိတ်ကြားချက်အရ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံတော်စီမံကိန်းများ ပူးပေါင်းဆောင်ရွက်ရေးကော်မတီဥက္ကဋ္ဌဒေါက်တာထောင်လန်ဆီဆူလစ်နှင့်ဇနီးတို့ချစ်ကြည်ရေးခရီးလည်ပတ်ရန်ရန်ကုန်မြို့သို့ရောက်ရှိသည်။

၂၇ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံတော်စီမံကိန်းများ ပူးပေါင်းဆောင်ရွက်ရေးကော်မတီဥက္ကဋ္ဌဒေါက်တာထောင်လန်ဆီဆူလစ်ခေါင်းဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား ပြည်သူ့လွှတ်တော်အဆောက်အအုံရှိ သံတမန်ခန်းမတွင် လက်ခံတွေ့ဆုံသည်။

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဆန်းသည် ရန်ကုန်တောင်ပိုင်းခရိုင်၊ ကျောက်တန်းမြို့ရှိ ခေတ်မီအီလက် ထရွန်နစ်စာကြည့်တိုက်ကို ကြည့်ရှုစစ်ဆေးသည်။

၂၉ တတိယအကြိမ် မြန်မာ့သတင်းအချက်အလက်နှင့်ဆက်သွယ်ရေးနည်းပညာဆိုင်ရာ ရက်သတ္တပတ် ၂၀၀၄ ကို ရန်ကုန်မြို့ လှိုင်တက္ကသိုလ်နယ်မြေရှိ MICT Park တွင် နဝမနေ့အဖြစ် ကျင်းပသည်။ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဆန်းကြည့်ရှုအားပေးသည်။

အီရတ်နိုင်ငံ တိကရစ်မြို့ရှိ အမိက အမေရိကန်စစ်စခန်းအနီးတွင်လမ်းဘေး

၌ ထောင်ထားသောငုံးတစ်လုံး ပေါက်ကွဲရာအမေရိကန်အမျိုးသမီးတပ်ဖွဲ့ဝင်တစ်ဦးသေဆုံးသည်။ အီရတ်ကို အမေရိကန်တို့စတင်ကျူးကျော်သည့် မတ်လမှစ၍ ဤရက်နေ့အထိအမေရိကန်အမျိုးသမီးတပ်ဖွဲ့ဝင် စုစုပေါင်း ၁၀ ဦး အသက်ဆုံးရှုံးခဲ့ပြီဖြစ်သည်။

၃၀ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၏ ခွင့်ပြုချက်ဖြင့် Quartz International Co., Ltd က စီစဉ်ကျင်းပသည့် ရန်ကုန်ကုန်စည်ပြပွဲ ၂၀၀၇ ဖွင့်ပွဲအခမ်းအနားကို ရန်ကုန်မြို့ အထက်ပုဇွန်တောင်လမ်းမရှိရန်ကုန်ကုန်သွယ်မှုဗဟိုဌာနတွင် ကျင်းပသည်။

ဖေဖော်ဝါရီလ

၁ ပိုလစ်ဗီးယားနိုင်ငံသမ္မတကာလိုစ် မေဆာက အစိုးရဘတ်ဂျက်လိုငွေကို လျှော့ချမည့် ခွေတာရေးအစီအစဉ်ကို ကြေညာသည်။ ရေနံကုမ္ပဏီများအပေါ် အခွန်ငွေ ၃၂ ရာခိုင်နှုန်းအထိ စည်းကြပ်ရေးအပြင် အစိုးရထိပ်တန်းအရာရှိကြီးများနှင့် နိုင်ငံရေးသမားတို့၏ လစာများကို ဖြတ်တောက်လျှော့ချရေးတို့ပါဝင်သည်။

၃-၇ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဒုတိယဥက္ကဋ္ဌဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးသည် အဖွဲ့ဝင်များလိုက်ပါလျက် ဖေဖော်ဝါရီ ၃ ရက်နေ့တွင် စစ်ကိုင်းတိုင်းမုံရွာမြို့သို့ သွားရောက်ကာ မုံရွာလေယာဉ်ကွင်းတည်ဆောက်ရေးစီမံကိန်း၊ ကလေးစက်မှုဇုန်နှင့် တည်ဆောက်ရေးလုပ်ငန်းများကိုလှည့်လည်ကြည့်ရှုစစ်ဆေးသည်။

၄-၆ နိုင်ငံတော်အေးချမ်သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးသည် အဖွဲ့ဝင်များနှင့်အတူ ဖေဖော်ဝါရီ ၄ ရက်နေ့တွင် ရွှေဘိုမြို့သို့ ရောက်ရှိကြပြီး ရွှေတုံရတနာမဂ်လာနန်းတော်တည်ဆောက်ရေး စီမံကိန်းကို ကြည့်ရှုစစ်ဆေးသည်။ ဖေဖော်ဝါရီ ၅ ရက်နေ့တွင် ကျွန်းလှမြို့နယ်ရှိ သဖန်းဆိပ်ရေလှောင်တမံနှင့် ကန့်ဘလူမြို့နယ်ရှိ ကျေးပင်အက် ရေလှောင်တမံတို့ကို ကြည့်ရှုစစ်ဆေးသည်။

၅ လောကချမ်းသာအာဘယလာဘ မုနိဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ တတိယအကြိမ် ဗုဒ္ဓပူဇနိယပွဲတော်ကို ရန်ကုန်တိုင်း အင်းစိန်မြို့နယ်ရှိ မင်းဓမ္မကုန်းတော်၌ ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်ဇနီးဒေါ်ကြင်ကြင်တို့ တက်ရောက်ကြည်ညိုကြသည်။

အီရတ်၌ရှိသည်ဟု မိမိတို့ထင်ထားခဲ့သော ပိတ်ပင်တားမြစ်ထားသည့် လက်နက်များ အမေရိကန်ပြည်ထောင်စုကရှာမတွေ့ခဲ့ကြောင်းကို အမေရိကန်သမ္မတကျော့ဒဗလျူဘုရှ်က ဝန်ခံပြောကြားသည်။ သို့ရာတွင် အီရတ်ကို ဆင်နွှဲသည့်စစ်ပွဲကို မှန်ကန်သောအရာတစ်ခုအဖြစ် ကာကွယ်ပြောဆိုသည်။

၈ (၂၇) နှစ်မြောက် ပြည်ထောင်စုနေ့ ပြပွဲဖွင့်ပွဲအခမ်းအနားကို ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ကျင်းပရာ ပြည်ထောင်စုနေ့ ကျင်းပရေး ပဟိုကော်မတီဒုတိယဥက္ကဋ္ဌများဖြစ်ကြသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း (ယခု နိုင်ငံတော်ဝန်ကြီးချုပ်၊ ဗိုလ်ချုပ်ကြီး)နှင့် အတွင်းရေးမှူး (၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် (ယခု အတွင်းရေးမှူး-၁)တို့ တက်ရောက်ချီးမြှင့်ကြသည်။

လူသန်း ၂၀၀၀ နီးပါးအကျုံးဝင်သော လွတ်လပ်သည့်ကုန်သွယ်ရေးဒေသထူထောင်ရန် အိန္ဒိယအပါအဝင် အာရှခြောက်နိုင်ငံက သဘောတူလိုက်သည်။ အိန္ဒိယ၊ မြန်မာ၊ သီရိလင်္ကာနှင့် ထိုင်းနိုင်ငံတို့က ရင်းနှီးမြှုပ်နှံမှု တိုးမြှင့်ရေးနှင့် ၂၀၀၇ ခုနှစ်တွင် လွတ်လပ်သောကုန်သွယ်ရေးဒေသ၌ ကုန်ကျစရိတ်နှိမ့်ချပေးရေးတို့ကို သဘောတူလက်မှတ်ထိုးခဲ့ကြသည်။ တောင်နှင့်အရှေ့တောင်အာရှနိုင်ငံ၏ အသစ်လွင်ဆုံး အဖွဲ့ဝင်နိုင်ငံများဖြစ်ကြသော ဘူတန်နှင့် နီပေါနိုင်ငံတို့ကလည်း ပူးပေါင်းရန် သဘောတူကြသည်။

၁၁ ပညာရေးဝန်ကြီးဌာနအဆင့်မြင့်ပညာဦးစီးဌာန (အထက်မြန်မာပြည်မိုးညှင်းဒိဂရီကောလိပ်ဖွင့်လှစ်အခမ်းအနားကို ကချင်ပြည်နယ်မိုးညှင်းမြို့ရှိ အဆိုပါဒိဂရီကောလိပ်၌ ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး (၁) (ယခု နိုင်ငံတော်ဝန်ကြီးချုပ်၊ ဗိုလ်ချုပ်ကြီး) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းက ကမ္ဘည်းမော်ကွန်းကြေးပြားကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

၁၃ ပြည်ထောင်စုမြန်မာနိုင်ငံတော်သို့လုပ်ငန်းသဘောအလည်အပတ်ခရီးလာရောက်သည့် မလေးရှားနိုင်ငံဝန်ကြီးချုပ် ဒါဆိုဆရီအဗ္ဗဒူလာဘင်ဟာကို့အာမက်ဘာဒါဝီသည် အထူးလေယာဉ်ဖြင့် ဖေဖော်ဝါရီ ၁၃ ရက်နေ့တွင် ရန်ကုန်မြို့သို့ ရောက်ရှိသည်။ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဗိုလ်ချုပ်မှူးကြီးသန်းရွှေက ဝန်ကြီးချုပ်ဘာဒါဝီခေါင်းဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ် အဖွဲ့ဝင်များအား ယင်းနေ့ ညနေ ၃ နာရီတွင် ရန်ကုန်မြို့ ပြည်သူ့လွှတ်တော်အဆောက်အအုံရှိ သံတမန်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ကိုရီးယားနိုင်ငံ ဆိုးလ်အမျိုးသား တက္ကသိုလ်တွင်သုတေသနပညာရှင်အဖွဲ့ တစ်ဖွဲ့သည် လူသားသန္ဓေလောင်းကို ထပ်တူကိုယ်ပွားဖန်တီးမှု အောင်မြင်စွာလုပ်ဆောင်နိုင်ခဲ့သည်ဟု သိပ္ပံကျာနယ်တွင် ဖော်ပြသည်။

စပိန်နိုင်ငံအနှံ့တွင် ထောင်ပေါင်းများစွာသော စစ်ဆန့်ကျင်ဆန္ဒပြသူများသည် အီရတ်မှ စပိန်တပ်ဖွဲ့ဝင် ၁၃၀၀ ကို ရုပ်သိမ်းပေးရန် အစိုးရကို တောင်းဆိုကြပြီးအမေရိကန်ပြည်ထောင်စုကိုလည်း အီရတ်ဒေသကျူးကျော်ထားမှုကို အဆုံးသတ်ရန် ဆန္ဒပြတောင်းဆိုခဲ့ကြသည်။

အီရတ်နိုင်ငံဖော်လူကျာမြို့ရှိ ရဲစခန်းတစ်ခုအား အီရတ်တိုက်ခိုက်ရေးသမားများက ဒုံးကျည်များ၊စိန်ပြောင်းများ၊ ဒုံးပစ်လောင်ချာများနှင့်ပစ်ခတ်တိုက်ခိုက်ရာ ရဲတပ်ဖွဲ့ဝင်အများစုအပါအဝင် လူ ၂၇ ဦးသေဆုံးပြီး ၃၀ ခန့် ဒဏ်ရာရရှိခဲ့သည်။ အဆောက်အအုံထဲ၌ ထိန်းသိမ်းထားသောအကျဉ်းသားများလည်းထွက်ပြေးလွတ်မြောက်သွားခဲ့သည်။

ပြန်ကြားရေးဝန်ကြီးဌာနမြန်မာ့အသံနှင့် ရုပ်မြင်သံကြား (၅၈) နှစ်မြောက်နှစ်ပတ်လည်နေ့အခမ်းအနားကို မြန်မာ့အသံနှင့် ရုပ်မြင်သံကြားရှိ စတူဒီယို(အေ)ခန်းမ၌ကျင်းပရာပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းတက်ရောက်၍အမှာစကားပြောကြားသည်။

တရုတ်ကွန်မြူနစ်ပါတီ (စီစီပီ)က ပါတီတွင်းစည်းကမ်းထိန်းသိမ်းရေးဆိုင်ရာ စည်းမျဉ်းများကိုထုတ်ပြန်သည်။ နိုင်ငံတစ်ဝန်းလုံးတွင် ပါတီခေါင်းဆောင်အဆင့်ဆင့်အပေါ် စည်းကမ်းတင်းကျပ်ခြင်းဖြင့် အကျင့်ပျက်ခြစားမှုကင်းရှင်းစေရန် ချမှတ်လိုက်ခြင်းဖြစ်သည်။

မြန်မာနိုင်ငံနှင့် အိန္ဒိယသမ္မတနိုင်ငံတို့ နှစ်နိုင်ငံ ကုန်သွယ်ရေးနှင့် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု ခိုင်မာတောင့်တင်းရေး အစီအစဉ်အဖြစ် ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံသံရုံးနှင့် အိန္ဒိယသမ္မတနိုင်ငံမှ Confederation of Indian Industry တို့၏ ပူးပေါင်းစီစဉ်မှု၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ ကူညီပံ့ပိုးမှုတို့ဖြင့် ခင်းကျင်းပြသသည့် "Made in India Show" ဖွင့်ပွဲအခမ်းအနားကို ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ ရန်ကုန် ကုန်သွယ်မှုဗဟိုဌာနအဆောက်အအုံ၌ကျင်းပသည်။



အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် မြန်မာနိုင်ငံရဲတပ်ဖွဲ့လုပ်ငန်း ညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်


၂၁ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်သည် ရန်ကုန်မြို့ရှိ ပြည်ထဲရေးဝန်ကြီးဌာနဝန်ကြီးရုံးဌာပြုလုပ်သော မြန်မာနိုင်ငံရဲတပ်ဖွဲ့ ၂၀၀၃ ခုနှစ် ဒုတိယနှင့်တတိယလေးလပတ်လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်အမှာစကား ပြောကြားသည်။

ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့တွင် အမြောပူးပွဲတော်တစ်ရပ်ကျင်းပရာ အမြောပူးရာပေါင်းများစွာ ပါဝင်ဆင်နွှဲကြသည်။ အဆိုပါပွဲတော်တွင် အမြောပူးများသည် ပျော်ရွှင်ဖွယ်ရာကစားနည်းများ၊ ကုလားထိုင်လုပွဲများ၊ ဆုကြေးရရှိသော ပြိုင်ပွဲများ၊ မျက်လှည့်ပြိုင်ပွဲများတွင် ပါဝင်ဆင်နွှဲကြသည်။

၂၁-၂၃ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေး ဦးစီးချုပ်ကာကွယ်ရေး ဦးစီးချုပ် (ကြည်း) ဒုတိယ ဗိုလ်ချုပ်မှူးကြီးမောင်အေးသည် အဖွဲ့ဝင်များနှင့်အတူ ဖေဖော်ဝါရီ ၂၁ ရက်နေ့ နံနက်ပိုင်းတွင် ဆေးဝါးစက်ရုံစီမံကိန်း (ပြင်ဦးလွင်)နှင့် အနီးစခန်းလေယာဉ်ကွင်းတို့ကိုလည်းကောင်း၊ယင်းနေ့မွန်းလွဲပိုင်းတွင် ရှမ်းပြည်နယ် (မြောက်ပိုင်း) နောင်ချိုမြို့နယ်ရှိ ဒုဌဝတီမြစ်ကူး ဒုဌဝတီတံတား (နောင်ချို)တည်ဆောက်ရေး စီမံကိန်းကိုလည်းကောင်း ကြည့်ရှုစစ်ဆေးသည်။ ဖေဖော်ဝါရီ ၂၂ ရက်နံနက်ပိုင်းတွင် လားရှိုးမြို့နယ် ဟူးမွန်ကျေးရွာအနီး ရှင်းလင်းဆောင်၌ကျင်းပသော ဆင်းရွှေလီအထူးအထွက်တိုးစပါးကောက်စိုက်ပွဲတော်နှင့် လယ်ယာသုံးစက်ကိရိယာများ ပေးအပ်လှူဒါန်းပွဲအခမ်းအနားသို့ တက်ရောက်အားပေးခြီးမြှင့်သည်။ ယင်းနေ့မွန်းလွဲပိုင်းတွင် နမ့်ခမ်းမြို့နယ်ရှိ ရွှေလီရေအားလျှပ်စစ်စီမံကိန်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။

၂၀၀၃ ခုနှစ်အတွက် ပခုက္ကူ ၂၂ ဦးအုံးဖေစာပေဆု၊ ပညာရည်ချွန်ဆုနှင့် ပခုက္ကူစာကြည့်တိုက်စာအုပ်ဆုဆုခြီးမြှင့်ပွဲအခမ်းအနားကို မကွေးတိုင်း ပခုက္ကူခရိုင် ပခုက္ကူမြို့ရှိ ပြည်သာယာခန်းမ၌ ကျင်းပသည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော် ၂၃ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စဉက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ရန်ကုန်မြို့တွင် ရောက်ရှိနေသော တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပြည်သူ့နိုင်ငံရေး အတိုင်ပင်ခံကွန်ဖရင့်နှင့် အပြည်ပြည်ဆိုင်ရာ နားလည်မှုတည်ဆောက်ရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ မစ္စတာလော်ယောက်ဆိုင်နှင့်အဖွဲ့ဝင်များအား ရန်ကုန်မြို့ ပြည်သူ့လွှတ်တော် အဆောက်အအုံရှိ သံတမန်ခန်းမ၌ လက်ခံတွေ့ဆုံသည်။



လေယာဉ်ပျက်ကျ၍ကွယ်လွန်သွားခဲ့သော မက်ဆိုဒိုနီးယားနိုင်ငံသမ္မတ ဘောရစ်ထရက်ဂျကော့စကီး

၂၄ မက်ဆိုဒိုနီးယားနိုင်ငံ သမ္မတ ဘောရစ်ထရက်ဂျကော့စကီး သည်ဘော့စနီးယား၊ ဟာဇီဂိုဗီးနီးယား နယ်စပ်ရှိတောင်တန်းဒေသတွင်လေယာဉ်ပျက်ကျ၍ ကွယ်လွန်သည်။

၂၅ ပဲခူးတိုင်း ကဝမြို့၌ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက တာဝန်ယူတည်ဆောက်ပြီးစီးသွားသည့် ရွှေလှေရထိန်းတံခါးဖွင့်ပွဲ အခမ်းအနား ကျင်းပသည်။

မတ်လ

၁ နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်း (ယခုနိုင်ငံတော်ဝန်ကြီးချုပ်၊ ဗိုလ်ချုပ်ကြီး) သည် ရန်ကုန် သံလျင်တံတားအမှတ် (၂) တည်ဆောက်ရေးစီမံကိန်း၊ ခရမ်းရေထိန်းတံခါး တည်ဆောက်ရေးစီမံကိန်း၊ဒဂုံမြို့သစ်ဆိပ်ကမ်းမြို့နယ်စက်မှုဇုန်နှင့် မြန်မာ့သဘော်ကျင်းလုပ်ငန်း၏ တန်ချိန် ၁၂၀၀၀ရေလုံသဘော်ကျင်းတည်ဆောက်ရေးစီမံကိန်းတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားသည်။

၂ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ တနင်္သာရီခရိုးစဉ်တွင်ဗိုလ်ချုပ်မှူးကြီးသည်ထားဝယ်မှရေဖြူမြို့နယ်သို့ရောက်ရှိပြီး ဟိန်းဇံတပ်နယ်မိသားစုများနှင့် တွေ့ဆုံကာ နှုတ်ဆက်စကားပြောသည်။

အီရတ်တွင် အမေရိကန်ပြည်ထောင်စုက ဆင်နွှဲသော စစ်ပွဲသည်များယွင်းကြောင်း၊ အီရတ်၌ ဖြစ်ပွားနေသော ခုခံတိုက်ခိုက်မှုများကို အားပေးသကဲ့သို့ရှိကြောင်း၊ အီရတ်၌ ကုလသမဂ္ဂ၏ အခန်းကဏ္ဍတိုးမြှင့်ရေးကို ရုရှားက အကူအညီပြုမည်ဖြစ်ကြောင်း သမ္မတဗလာဒီမာပူတင်ကပြောကြားလိုက်သည်ဟု အင်တာနက်သတင်းကဖော်ပြသည်။



ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီးဒေါ်ကြိုင်ကြိုင် တပ်မတော် (ကြည်း၊ ရေ၊ လေ) မိသားစု ဆွမ်းဆက်ကပ်လှူဒါန်းပွဲတွင် သံယာတော်အရှင်မြတ်များအား လှူဖွယ်ရာများကပ်လှူစဉ်

၄ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင် အမှူးပြုသော နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ တပ်မတော် (ကြည်း၊ရေ၊လေ) မိသားစုများက နိုင်ငံတော်ဩဝါဒစရိယ ဆရာတော်ကြီးများ၊ နိုင်ငံတော်သံဃ မဟာနာယကအဖွဲ့ဝင် ဆရာတော်ကြီးများ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်ကြီးများနှင့်ဘွဲ့ခံဆရာတော်ကြီးများကိုတပ်မတော်မမှုရုံတွင် ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။


၅ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ကျင်းပသည့် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော် ဆက်ကပ်ပူဇော်ပွဲအခမ်းအနားကို ရန်ကုန်မြို့၊ကမ္ဘာအေးကုန်းမြေမဟာပါသာဏာလှိုဏ်ဂူတော်၌ကျင်းပသည်။

၆ လမ်းပန်းဆက်သွယ်မှုလုံခြုံချောမွေ့စေရေးကြီးကြပ်မှုဗဟိုအဖွဲ့ ဥက္ကဋ္ဌ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် (ယခု အတွင်းရေးမှူး ၁) သည် ရန်ကုန်-မန္တလေးပြည်ထောင်စုလမ်းမကြီး ပဲခူးညောင်လေးပင်အပိုင်း ဆောင်ရွက်မှုအခြေအနေနှင့် ရထားပို့ဆောင်ရေးဝန်ကြီးဌာန၊ မြန်မာ့မီးရထား၏ ရန်ကုန်-ညောင်လေးပင်လမ်းအပိုင်း ရထားလမ်းအဆင့်မြှင့်တင်ရေး လုပ်ငန်းများကို လှည့်လည်ကြည့်ရှု စစ်ဆေးသည်။

၁၀ မန္တလေးမြို့တွင်ရောက်ရှိသော ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ဝန်ကြီးဗိုလ်ချုပ်စောထွန်းသည် ဧရာဝတီတံတား (ရတနာပုံ) တည်ဆောက်ရေးစီမံကိန်းကို ကြည့်ရှုစစ်ဆေးသည်။

၁၁ စပိန်နိုင်ငံသမိုင်းတွင် အဆိုးဝါးဆုံးဖြစ်သည့် ဗုံးဖောက်ခွဲတိုက်ခိုက်မှုများ မက်ဒရစ်မြို့တော်တွင် ဖြစ်ပွားခဲ့သည်။ လူအသွားအလာများသည့် နံနက်ပိုင်းအချိန်တွင် လူစီးမီးရထားတွဲများပေါ်၌ ဗုံး ၁၀ လုံး ပေါက်ကွဲခဲ့ရာ လူ ၁၉၀ သေဆုံးခဲ့ပြီး ၁၄၀၀ ကျော် ဒဏ်ရာရရှိခဲ့သည်။ ယင်းနေ့ နံနက် ၇ နာရီ ၃၉ မိနစ်တွင် မက်ဒရစ်မြို့တော်၏ အဓိက ဘူတာရုံဖြစ်သည့် အတိုဈာသို့ ဝင်ရောက်လာသည့် လူစီးရထားတွဲပေါ်တွင် ဗုံးသုံးလုံးပေါက်ကွဲရာမှ စတင်ဖြစ်ပွားခဲ့သည်။

၁၂ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်ဗိုလ်ချုပ်ကြီးသူရရွှေမန်းသည် လေယာဉ်ရိုဗိုမာန်



စပိန်နိုင်ငံမက်ဒရစ်မြို့ရှိ အတိုချာဘူတာရုံ အပြင်ဘက်၌ ရပ်ထားသော လူစီးရထားတွဲပေါ်တွင် ဗုံးပေါက်ကွဲပြီးနောက် ကယ်ဆယ်ရေးလုပ်သားများက သေဆုံးသူများနှင့် ဒဏ်ရာရသူများအား သယ်ယူနေစဉ်

၂၀ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်း အဖွဲ့၊ ဗဟိုစည်းရုံးကော်မတီ ဥက္ကဋ္ဌ၊ ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်သည် မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့က ဆောင်ရွက်လျက်ရှိသော ရွှေပေါက်ကံစက်မှုဇုန်သစ်အချော (T) စက်ရုံကို လှည့်လည်ကြည့်ရှုသည်။ စက်ရုံများအလိုက်အရည်အသွေးမီ ကုန်ချောပစ္စည်းများ စဉ်ဆက်မပြတ်ထုတ်လုပ်၍ ဈေးကွက်၌ တွင်ကျယ်စွာဖြန့်ချိနိုင်ရန် မှာကြားဆွေးနွေးသည်။

၂၂ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး ကြီးကြပ်မှု ဗဟိုအဖွဲ့ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်သည် ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း(ရုံးချုပ်)၌ ကျင်းပသော လမ်းနှင့်တံတားခွန်များ ကောက်ခံရေးညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်ဆွေးနွေးမှာကြားသည်။

၂၁ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးသည်တပ်မတော်နေ့စစ်ရေးပြစစ်ကြောင်းများ ဝတ်စုံပြည့် စစ်ရေးပြလေ့ကျင့်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။

ပါလက်စတိုင်းဟားမက် ခေါင်းဆောင် ရှိတ်အာမက်ယာဆင်သည် အစွန်းရောက်တို့၏ ဒုံးကျည်ဖြင့်တိုက်ခိုက်မှုကြောင့် သေဆုံးသွားကြောင်း ဟားမက်အရာရှိများက အတည်ပြုပြောကြားလိုက်သည်ဟု ဆင်ဟွာသတင်းဌာနက ဖော်ပြသည်။

၂၄ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးသည်တပ်မတော်နေ့စစ်ရေးပြစစ်ကြောင်းများ ဝတ်စုံပြည့် စစ်ရေးပြလေ့ကျင့်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။

၂၅ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်း (ယခုနိုင်ငံတော်ဝန်ကြီးချုပ်၊ ဗိုလ်ချုပ်ကြီး) သည်ကျောက်ဆည်မြို့ရှိ ဆင်မင်း (၂) ဘိလပ် မြေစက်ရုံကို စက်ခလုပ်နှိပ် ဖွင့်လှစ်ပေးပြီးလှည့်လည်ကြည့်ရှု စစ်ဆေးသည်။

၂၆ အမေရိကန်က အီရတ်ကို ဝင်ရောက်တိုက်ခိုက်ခဲ့သည်မှာ တစ်နှစ်ရှိပြီဖြစ်သော်လည်း တားမြစ်လက်နက်များကို ရှာဖွေမတွေ့ရှိခဲ့သဖြင့် အကြောင်းပြချက်မဲ့အပေါ်တွင် အုံဩစရာဖြစ်နေရကြောင်း စီအန်အန်သတင်းဌာနက ဖော်ပြသည်။

၂၇ (၅၉) နှစ်မြောက် တပ်မတော်နေ့ အခမ်းအနားတွင် ပါဝင်ကြမည့် စစ်ကြောင်းကြီးများခွဲတက် လေ့ကျင့်ရာသို့ တပ်မတော် လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း သွားရောက်ကြည့်ရှုစစ်ဆေးသည်။

၂၈ တပ်မတော်နေ့ကို ကြိုဆိုသောအားဖြင့် ပြန်ကြားရေးဝန်ကြီးဌာန၊ ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း၏စီစဉ်မှုဖြင့်ကျင်းပသောစာအုပ်စျေးပွဲဟော်အခမ်းအနားဖွင့်လှစ်သည်။

၂၉ ခန်းမ၌ ကျင်းပသည့် တနင်္သာရီတိုင်းအတွင်း ဆီအုန်းဧက (၅) သိန်း စိုက်ပျိုးရေးနှင့် ပတ်သက်သည့် ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြားသည်။

၃၀ မြန်မာနိုင်ငံတွင် ရောက်ရှိနေသော ဝမ်ချုံးလွှို ခေါင်းဆောင်သည့် တရုတ်စာရေးဆရာအဖွဲ့သည် ပြန်ကြားရေးဝန်ကြီးဌာန၊ ဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဆန်းအား ဝန်ကြီးရုံး ဧည့်ခန်းမသို့ လာရောက်တွေ့ဆုံ နှုတ်ဆက်သည်။

၃၁ ဧရာဝတီတိုင်း၊ ပုသိမ်မြို့နယ်၌ တည်ဆောက်ပြီးစီးသွားသော ပုသိမ်လေဆိပ်၊ လေယာဉ်ပြေးလမ်းဖွင့်ပွဲအခမ်းအနားသို့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရ ရွှေမန်းတက်ရောက်၍ နှုတ်ခွန်းဆက်စကားပြောကြားသည်။

၂၁ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်၊ ဗိုလ်ချုပ်မှူးကြီး သန်းရွှေသည် (၅၉) နှစ်မြောက် တပ်မတော်နေ့ပြုပွဲ၊ ပြခန်းများအား ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

၂၆ (၅၉) နှစ်မြောက် တပ်မတော်နေ့ကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းသည် တပ်မတော်စစ်သမိုင်းပြတိုက်၌ ကျင်းပသော တပ်မတော်နေ့ပြပွဲပြခန်းများ ဆုခိုးမြင့် အခမ်းအနားသို့တက်ရောက်ချီးမြှင့်ပြီး အမှာစကားပြောကြားသည်။

၂၇ (၅၉) နှစ်မြောက် တပ်မတော်နေ့စစ်ရေးပြအခမ်းအနားသို့ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေတက်ရောက်၍ မိန့်ခွန်းပြောကြားသည်။

ကျင်းပပြီးစီးခဲ့သော ဘရပ်ဆဲလ် ဥရောပသမဂ္ဂထိပ်သီးဆွေးနွေးပွဲတွင် အီရတ်အရေးနှင့် ပတ်သက်ပြီး ကုလသမဂ္ဂ၏ အခန်းကဏ္ဍ ပိုမိုတိုးချဲ့သွားရန်အတွက် ဥရောပခေါင်းဆောင်များကတိုက်တွန်းပြောကြားသည်ဟုစီအန်အန် သတင်းဌာနက ဖော်ပြသည်။

ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)၊

၂၉ စစ်ဆင်ရေးခန်းမ၌ ကျင်းပသော နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး ဗဟိုကော်မတီအစည်းအဝေး အမှတ်စဉ် ၁/၂၀၀၄ သို့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေတက်ရောက်အမှာစကားပြောကြားသည်။

ဇန်နဝါရီ ၃၁ ရက်နောက်ဆုံးသတ်မှတ်ရက်တွင် ရွေးချယ်ပွဲများကျင်းပနိုင်ရေးအတွက် အီရတ်၌ ပိုမိုလုံခြုံမှုရှိရေးသည် အရေးကြီးသည်ဟုကုလသမဂ္ဂအဖွဲ့ခေါင်းဆောင် ကာရိနာဗီရယ်လိကပြောကြားလိုက်ကြောင်းအင်တာနက်သတင်းကဖော်ပြသည်။

●ပြိုလ

၃၀ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီးဒေါ်ကြိုင်ကြိုင်တို့သည် တာဝန်ရှိပုဂ္ဂိုလ်များလိုက်ပါလျက် ဧရာဝတီတိုင်းသို့သွားရောက်၍ ဟင်္သာတခရိုင်သာသနာ့ဝိမာန်တော်ကြီး ဖွင့်ပွဲအခမ်းအနားသို့တက်ရောက်ပြီး ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို လှည့်ပတ်စစ်ဆေးကြည့်ရှုကြသည်။

ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်တွင်းရေကြောင်းပို့ဆောင်ရေးအလုံသဘော်ကျင်း နှစ် (၁၀၀)ပြည့် အထိမ်းအမှတ်အခမ်းအနားကို အလုံမြို့နယ်ရှိ အလုံသဘော်ကျင်းဝင်းအတွင်း၌ ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်(ယခုအတွင်းရေးမှူး၁)တက်ရောက်၍ အထိမ်းအမှတ်အဖြစ် ကံ့ကော်ပင်ကို စိုက်ပျိုးပေးသည်။

တရုတ်နိုင်ငံပေကျင်းမြို့အား ပိုမိုစိမ်းလန်းသန့်ရှင်းသာယာစေရန် ရည်ရွယ်ပြီးအကြိမ်(၂၀)မြောက်ပေကျင်းမြို့သစ်ပင်စိုက်ပျိုးရေးကို ချောင်ယန်ဥယျာဉ်၌ ကျင်းပသည်။ အဆိုပါ သစ်ပင်စိုက်ပျိုးရေး အခမ်းအနားသို့ ပေကျင်းမြို့သူမြို့သားများနှင့်အတူ နိုင်ငံခေါင်းဆောင်ကြီးများလည်းပါဝင်စိုက်ပျိုးခဲ့ကြသည်။

၄ ၂၃ ကြိမ်မြောက်ဟောင်ကောင်ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ပွဲတွင် အကောင်းဆုံးဇာတ်ကားဆုကို နှစ်တစ်ရာ ရုပ်ရှင်ကုမ္ပဏီလီမိတက်က ထုတ်လုပ်သော ရန်နင်းအွန်ကားများ ရုပ်ရှင်ဇာတ်ကားက လည်းကောင်း အကောင်းဆုံးဒါရိုက်တာဆုကို ပီတီယူ ဇာတ်ကားမှ ဂျွန်နေတိုကလည်းကောင်း၊ အကောင်းဆုံးအမျိုးသားရုပ်ရှင်သရုပ်ဆောင်ဆုကို ရန်နင်းအွန်ကားများဇာတ်ကားမှ အင်ဒီလာကလည်းကောင်း၊ အကောင်းဆုံးအမျိုးသမီးရုပ်ရှင်သရုပ်ဆောင်ဆုကို လော့စ်အင်တိုင်းမ်ဇာတ်ကားမှ စီစီလာချန်းကလည်းကောင်း၊ အကောင်းဆုံးအမျိုးသားဇာတ်ပို့ဆုကို မင်းဆန်းဒေးအင်ဘလက်ဇာတ်ကားမှ တိုနီလန်းကာဖာကလည်းကောင်း၊ အကောင်းဆုံးအမျိုးသမီးဇာတ်ပို့ဆုကို နိတ်အမ်ဘီးရှင်းဇာတ်ကားမှ ဟိုစီဟိုကလည်းကောင်း အသီးသီးရရှိကြသည်။

၄ တောင်အာဖရိက နိုင်ငံတွင်ယာဉ်မတော်တဆတိုက်မှုများသည် အသက်လေးနှစ်နှင့် ၁၅ နှစ်ကြားရှိကလေးများကို အများဆုံးသေဆုံးစေသောအဓိက ပြဿနာဖြစ်သည်ဟု ကျွမ်းကျင်ပညာရှင်တစ်ဦးက ပြောဆိုသည်။

၇ မန္တလေးတိုင်းကျောက်ဆည်မြို့အထူးကုဆေးရုံကြီးဖွင့်ပွဲအခမ်းအနားသို့နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေး ကောင်စီအတွင်းရေးမှူး (၁) ဒုတိယ ဗိုလ်ချုပ်ကြီးစိုးဝင်း (ယခု နိုင်ငံတော် ဝန်ကြီးချုပ်၊ ဗိုလ်ချုပ်ကြီး) တက်ရောက်ပြီး အထူးကုဆေးရုံကြီး၏ကမ္ပည်းမော်ကွန်းကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

သုတေသနပြုသူများက ကိုယ်ဝန်ဆောင်မိခင်များအနေဖြင့် ချောကလက်စားသုံးခြင်းကြောင့် ကလေးငယ်များကျန်းမာရေးကို များစွာကောင်းမွန်စေကြောင်း သတင်းထုတ်ပြန်ချက်တစ်ရပ်တွင် ဖော်ပြထားသည်။



မလေးရှားနိုင်ငံပူထရာဂျာယာတွင် ကျင်းပသည့် အရေးပေါ်ထိပ်သီးဆွေးနွေးပွဲတွင် မလေးရှားဝန်ကြီးချုပ် (ဝဲ) နှင့် ထိုင်းဝန်ကြီးချုပ်ကို တွေ့ရစဉ်

၇-၁၄ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် အဖွဲ့ဝင်များလိုက်ပါလျက်မနှစ်လေးတိုင်းပြင်ဦးလွင်မြို့သို့ သွားရောက်၍ တပ်မတော် နည်းပညာတက္ကသိုလ် ဗိုလ်လောင်းသင်တန်း အမှတ်စဉ် (၆) သင်တန်းဆင်းပွဲ၌ မိန့်ခွန်းပြောကြားသည်။ ထိုမှတစ်ဆင့် မနှစ်လေးတိုင်းအတွင်းသို့ လှည့်လည်၍ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

၉ အီရတ်နိုင်ငံတွင် ရုတ်တရက် ပေါ်ပေါက်လာသော လူသားချင်းစာနာမှုဆိုင်ရာ ကပ်ဘေးကြီးကို ဟန့်တားရာတွင် အထောက်အကူဖြစ်စေရန်အတွက် တိုက်ပွဲများအားလုံးရပ်တန့်ကြရန် ရုရှားနိုင်ငံက တိုက်တွန်းတောင်းဆိုသည်။

၁၈ လွန်ခဲ့သည့်တစ်နှစ်တွင် ဆက်ဒမ်ဟူစိန်ဖယ်ရှားခံခဲ့ရချိန်မှစပြီး တစ်ပတ်ကြာအပြင်းထန်ဆုံးတိုက်ပွဲများဖြစ်ပွားခဲ့ပြီးနောက် အဖွဲ့အစည်းအားလုံးသည်းခံချုပ်တည်းကြရန် ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ကိုဖီအန်နန်က တိုက်တွန်းလိုက်သည်။

၁၂ ထိုင်းဝန်ကြီးချုပ်သက်ဆင်နှင့် မလေးရှားဝန်ကြီးချုပ် အပွဒူလာအာမက်ဘာဒါဝီတို့သည် မလေးရှားနိုင်ငံနှင့် နယ်နိမိတ်ချင်းထိစပ်လျက်ရှိသော ပြည်နယ်များတွင် ဖြစ်ပွားခဲ့သည့် အကြမ်းဖက်တိုက်ခိုက်မှုများကို ဆွေးနွေးရန်အတွက် မလေးရှားနိုင်ငံပူထရာဂျာယာတွင် အရေးပေါ်ထိပ်သီးဆွေးနွေးပွဲကို ကျင်းပခဲ့သည်။

၁၉ အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင်၊ လုပ်ငန်းကော်မတီနှင့် စီမံခန့်ခွဲမှုကော်မတီတို့၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ရန်ကုန်တိုင်း မော်တိုမြို့နယ် ညောင်နှစ်ပင် ကွင်းစခန်းရှိ ပြည်ထောင်စုခန်းမ၌ ကျင်းပသည်။

နိုင်ငံတကာအာကာသစခန်း အိုင်အက်စ်အက်စ်၌ သွားရောက်တာဝန်ထမ်းဆောင်မည့်ဒတ်ချ်အာကာသယာဉ်မှူး အင်ဒရီကူရီပါစ်၊အမေရိကန်အာကာသယာဉ်မှူးအက်ဝမ်မီ ရှယ်ဖင်ကီနှင့် ရုရှားအာကာသယာဉ်မှူးတို့ကို ကာဇက်စတန်ရှိ အာကာသစခန်းမှ နိုင်ငံတကာအာကာသယာဉ်စခန်းသို့ ဆိုယုဇ်ယာဉ်ဖြင့် လွှတ်တင်သည်။

၂၀ မြန်မာ့စက်မှုလက်မှု ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း ညှိနှိုင်းအစည်းအဝေးအမှတ်စဉ် ၁/၂၀၀၄ ကို ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းရှိ အမှတ် (၁) စက်မှုဝန်ကြီးဌာန သင်တန်းခန်းမ၌ ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း (ယခု နိုင်ငံတော်ဝန်ကြီးချုပ်၊ ဗိုလ်ချုပ်ကြီး) တက်ရောက်၍ အမှာစကားပြောကြားသည်။

၂၁ ပြည်တွင်းဝယ်လိုအား အရှိန်အဟုန်ဆက်လက်ရရှိမှုနှင့် ကမ္ဘာလုံးဆိုင်ရာစီးပွားရေးခိုင်မာမှု အပေါ် အခြေခံသော အာရှစီးပွားရေး တိုးတက်မှုသည် ၂၀၀၄ ခုနှစ်အတွင်း မြင့်မားမြဲရှိမည်ဟု မျှော်လင့်ကြောင်း နိုင်ငံတကာဆိုင်ရာငွေကြေးရန်ပုံငွေအဖွဲ့ (အိုင်အမ်အက်ဖ်)မှ ထုတ်ပြန်သော အစီရင်ခံစာတွင်ဖော်ပြထားသည်။

၂၃ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးသည် တာဝန်ထမ်းဆောင်ခြင်း ပြီးဆုံး၍ ပြန်လည်ထွက်ခွာတော့မည့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏စစ်သံမှူး Senior Colonel Xu Shulai နှင့် စစ်သံမှူးအသစ်အဖြစ် တာဝန်ထမ်းဆောင်မည့် Senior Colonel Ma Shoudong တို့ကို ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ကုလသမဂ္ဂအထူးသံတမန် လက်ခဲဒါဘရာဟီမီ၏ သမီးဖြစ်သူ ရင်မ်ဘရာဟီမီသည် ကျော်ဒန်ဘုရင်အဖွ ဒူလာနှင့် ဖအေတူအမေကွဲညီဖြစ်သူ မင်းသား

အလိန္ဒင့် စေ့စပ်ကြောင်းလမ်းခြင်းကို ဘရာဟီမိသားစုနေထိုင်ရာ ပါရီမြို့တွင် ပြုလုပ်သည်။ အလီမှာကွယ်လွန်သူ ကျော်ဒန်ဘုရင်ဟူစိန်၏ တတိယ မိဖုရား အလီယာမှ မွေးဖွားသူဖြစ်သည်။

၂၄ မြန်မာနိုင်ငံမိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း (၁၄) ကြိမ်မြောက်နှစ်ပတ်လည်ညီလာခံဖွင့်ပွဲ အခမ်းအနားကို ရန်ကုန်တိုင်းတောင်ညွှန်ကြားပြီးနယ် ပါရမီလမ်းနှင့် သံသုမာလမ်းထောင့်ရှိ မြန်မာနိုင်ငံမိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဘက်စုံ အဆောက်အအုံအစည်းအဝေးခန်းမ၌ကျင်းပသည်။

၂၅ ရန်ကုန်တိုင်း မဂ်လာဒုံမြို့နယ် ကုန်းတလပေါင် စံပြကျေးရွာရှိ မဟာသဒ္ဓမ္မရံသီ ရွှေစေတီတော်မြတ်ကြီး၏ ဌာပနာတော်သွင်း၊ ရွှေထီးတော်တင်၊ ဗုဒ္ဓါဘိသေက အနေကဇာတင်မဟာမဂ်လာအခမ်းအနားသို့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ ဇနီးဒေါ်ကြိုင်ကြိုင်တက်ရောက်၍ ရွှေထီးတော် ဘုံဆင့်၊ ဌက်မြတ်နားတော်နှင့် စိန်ဖူးတော်တို့ကို စေတီတော်အထွတ်သို့ ပင့်ဆောင်ပူဇော်သည်။

အာဖရိကတိုက်တွင် ဌက်ဖျားရောဂါကြောင့် တစ်နှစ်လျှင် အာဖရိကတိုက်သားသန်းပေါင်းများစွာ သေဆုံးခဲ့ရာ အများစုမှာ ကလေးငယ်များဖြစ်ကြသည်။ ကုလသမဂ္ဂသည် အာဖရိကတိုက်၌ လူသေစေသော ရောဂါဖြစ်သည့် ဌက်ဖျားရောဂါကို ကူးစက်ဖြစ်ပွားစေသော ခြင်ကောင်များအား ကာကွယ်နှိမ်နင်းရန် ကြိုးပမ်းရာတွင် နျူကလီးယားနည်းဝဿကို ထိန်းချုပ်အသုံးပြုလျက်ရှိသည်။

ပြည်ထောင်စု မြန်မာနိုင်ငံတော်
၂၆ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးသည် ပြည်ထောင်စုမြန်မာနိုင်ငံတော်တွင် ချစ်ကြည်ရေးခရီးအလည်အပတ်ရောက်ရှိနေသော ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ Major General AIM Mustafa Reza Noor, ndc ခေါင်းဆောင်သည့် ဘင်္ဂလားဒေ့ရှ် တပ်မတော် (ကြည်း၊ ရေ၊ လေ)ချစ်ကြည်ရေးကိုယ်စားလှယ် အဖွဲ့ဝင်များအား ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇလျာသီရိဗိမာန်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ကျပန်နိုင်ငံအပါအဝင် နိုင်ငံပေါင်း ၃၂ နိုင်ငံပါဝင်သော အာရှတစ်ဝန်းအဝေးပြေးလမ်းမကြီးများကွန်ရက်တည်ဆောက်ရေးစီမံကိန်း လက်မှတ်ထိုးပွဲကို တရုတ်နိုင်ငံ ရှန်ဟိုင်းမြို့၌ ကျင်းပသည်။ အဆိုပါ အဝေးပြေးလမ်းမကြီးသည် ကိလိုမီတာ တစ်သိန်းလေးသောင်းကျော်ရှည်လျားပြီး နိုင်ငံပေါင်း ၃၂ နိုင်ငံနှင့် ဆက်သွယ်သွားလာနိုင်မည်ဖြစ်သည်။

၂၇ နိုင်ငံတော် လျှပ်စစ်ဓာတ်အားဖွံ့ဖြိုးရေးညှိနှိုင်းအစည်းအဝေးကို ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) စစ်ဆင်ရေးအစည်းအဝေးခန်းမ၌ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ တက်ရောက်၍ အမှာစကားပြောကြားသည်။

၂၈ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် ပြစ်မှုဆိုင်ရာ ကိစ္စရပ်များတွင်နိုင်ငံအချင်းချင်း အကူအညီပေးရေးဥပဒေ (နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥပဒေအမှတ် ၄/ ၂၀၀၄)ကို ထုတ်ပြန်သည်။

ကုလသမဂ္ဂ၏ အခန်းကဏ္ဍသည် တိကျရှင်းလင်းသော အခန်းကဏ္ဍဖြစ်ရန်လိုကြောင်း၊ သို့မှသာ အီရတ်တွင် ကုလသမဂ္ဂအဖွဲ့အစည်းအနေဖြင့်လုပ်ငန်းများကို အရေးယူဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း ပြင်သစ်သမ္မတ ဂျက်ရှီရက်နှင့် ဆွေးနွေးအပြီးတွင်ဒတ်ချ်ဝန်ကြီးချုပ် ဂျန်ပီတာဘော်လ်ကန်ညင်ဒီက ပါရီမြို့တွင် ပြောကြားလိုက်သည်။

၃၀ အရှေ့ယိမရောက်သေးသောကလေးများအား စစ်မှုထမ်းခြင်းမှ ကာကွယ် တားဆီးထိန်းသိမ်းရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး (၂) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန် (ယခုအတွင်းရေးမှူး- ၁) သည် ရန်ကုန်မြို့ရှိကုလသမဂ္ဂကလေးများ ရန်ပုံငွေအဖွဲ့ဌာနေကိုယ်စားလှယ် Ms. Carroll C. Long အား ရန်ကုန်မြို့ ကုန်းမြင့်သာရှိဇလျာသီရိဗိမာန်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

စင်ကာပူနှင့် ချီလီနိုင်ငံတို့သည် နှစ်နိုင်ငံပူးပေါင်း ဆောင်ရွက်မှု၊ အထူးသဖြင့် သိပ္ပံနှင့် ဇီဝနည်းပညာနယ်ပယ်တွင် ပူးပေါင်းဆောင်ရွက်မှုခိုင်မာအောင် ဆောင်ရွက်ရန်သဘောတူလိုက်ကြသည်။

မေလ

၂၀၀၈ ခုနှစ် အိုလံပစ်အားကစားပွဲတော်ကို ကြိုဆိုထောက်ခံသောအားဖြင့် အသက်၃၇နှစ်အရွယ်ပူဘူစီရန်အမည်ရှိတိဗက်အမျိုးသားတစ်ဦးကပြိုင်ပွဲလက်ခံကျင်းပမည့်တရုတ်နိုင်ငံပေကျင်းမြို့တော်သို့ ကိလိုမီတာ ၂၀၀၀ အကွာခရီးကို တစ်ကိုယ်တော်စက်ဘီးစီးနင်းမှုအဖြစ် လာဆာမြို့မှ ခရီးစတင်ထွက်ခွာသည်။

ကလေးဝတောရ ကျောင်းတိုက်နာဂလိုဏ်ဂူ အောင်ချမ်းသာစေတီတော်ရွှေထီးတော်တင်လှူပူဇော်ပွဲ မဂ်လာအခမ်းအနားကို ရန်ကုန်မြို့မရမ်းကုန်းမြို့နယ်ရှိကလေးဝတောရကျောင်းတိုက်၌ ကျင်းပသည်။

ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ်၌ တည်ထားကိုးကွယ်သည့် သဗ္ဗညုပုထိုးတော်ကြီးရွှေထီးတော်တင်လှူပူဇော်

ပွဲနှင့် ဗုဒ္ဓါဘိသေကအနေကဇာတင် မင်္ဂလာအခမ်းအနားသို့နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌတပ်မတော်ကာကွယ်ရေး ဦးစီးချုပ်ဗိုလ်ချုပ်မှူးကြီးသန်းရွှေ တက်ရောက်ကြည်ညိုပြီး စိန်ဖူးတော်၊ ငှက်မြတ်နားတော်၊ ဆပ်သွားဖူးတော်နှင့်ရွှေထီးတော်ဘုံဆင့်များကိုသဗ္ဗညုပုထိုးတော်ကြီးအထွတ်သို့မင်္ဂလာရထားပျံဖြင့် တင်လှူပူဇော်သည်။

၄ ၂၀၀၀-၂၀၀၁ ဘဏ္ဍာရေးနှစ်မှ ၂၀၀၃-၂၀၀၄ ဘဏ္ဍာရေးနှစ်အထိ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည့် ပညာရေးဝန်ကြီးဌာန အမျိုးသားပညာရည်မြင့်မားရေး အထူးလေးနှစ်စီမံကိန်း အကောင်အထည်ဖော်မှုပြပွဲ ဖွင့်ပွဲအခမ်းအနားကို ရန်ကုန်မြို့ ပြည်လမ်းရှိ စိန်ရတုခန်းမ၌ ကျင်းပသည်။

၅ ကမ္ဘာကြေးအရဆုံး ဘောလုံးသမားများ၏အမည်စာရင်းကို ပြင်သစ်ဘောလုံးမဂ္ဂဇင်းဖရန်ဗေးဖွတ်ဘောလ်ကထုတ်ဝေရေးသားခဲ့သည်။ ကမ္ဘာကျော်ဘောလုံးသမား ဒေးဗစ်ဘက်ခမ်းသည် တစ်နှစ်လျှင် ဝင်ငွေဒေါ်လာ နှစ်သန်းကျော်ရရှိပြီး ရော်နယ်ဒိုနှင့်ဇီဒန်းတို့၏ဝင်ငွေထက် သာလွန်နေသည်။ ရီးယဲလ်မက်ဒရစ်အသင်းသည် ဘက်ခမ်းကို တစ်လလျှင် ဒေါ်လာငါးသိန်းသုံးသောင်း ဖြင့်ငှားရမ်းထားခြင်းဖြစ်ပြီး ဘက်ခမ်းသည်ကမ္ဘာ့ကြေးအပေးရဆုံး ဘောလုံးသမားတစ်ဦးဖြစ်လျက်ရှိသည်။

၆-၁၀ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးသည် ဗထူးတပ်မြို့တပ်မတော် (ကြည်း) ဗိုလ်သင်တန်းကျောင်းစစ်ရေးပြကွင်း၌ကျင်းပသော တပ်မတော်(ကြည်း)ဗိုလ်သင်တန်းကျောင်းဗိုလ်လောင်းသင်တန်းအမှတ်စဉ် (၁၀၇) သင်တန်းဆင်း ဂုဏ်ပြုစစ်ရေးပြအခမ်းအနားသို့ တက်ရောက်၍ မိန့်ခွန်းပြောကြားပြီးသင်တန်းဆင်းဂုဏ်ပြုဥစားပွဲသို့ တက်ရောက်ခဲ့မြင့်သည်။ဒုတိယဗိုလ်ချုပ်မှူးကြီးသည် အဖွဲ့ဝင်များ လိုက်ပါလျက် ရှမ်းပြည်နယ်၊ ကယားပြည်နယ်၊ မန္တလေးတိုင်းများသို့သွားရောက်၍ဒေသဖွံ့ဖြိုး တိုးတက်ရေးလုပ်ငန်းများကို လှည့်လည်စစ်ဆေးကြည့်ရှုသည်။

အီရတ်နိုင်ငံနှင့် ပတ်သက်၍ကုလသမဂ္ဂညီလာခံတစ်ရပ် ကျင်းပရန် ရုရှားသမ္မတ ဗလာဒီမာပူတင်က ထပ်မံတိုက်တွန်းလိုက်သည်။

၈ စာပေ၊ အက၊ ဂီတတို့ကို အဓိကထား၍ ငါးရက်ကြာကျင်းပသောနှစ်ပတ်လည်နိုင်ငံတကာ ရုပ်မြင်သံကြားဇာတ်လမ်းနှင့် အစီအစဉ်ပွဲတော်ဖြစ်သည့် ရွှေပါရာဂွေးပွဲတော်ကို ပါရာဂွေးအိုဘီစီဒမ်တွင် စတင်ကျင်းပသည်။



ပုဂံ အာနန္ဒာဘုရားကြီး စိန်ဖူးတော်သစ် တင်လှူပွဲတွင် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီးက စိန်ဖူးတော်ကို ဆရာတော်ကြီးများအား ကပ်လှူစဉ်

၉ မန္တလေးတိုင်းဥောင်ဦးခရိုင် ပုဂံ-ညောင်ဦးရှိ ပုဂံမြို့အာနန္ဒာဘုရားကြီး စိန်ဖူးတော်အသစ် တင်လျှူပူဇော်ခြင်း မင်္ဂလာအခမ်းအနားသို့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း)ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်ဇနီး ဒေါ်မြမြစန်းတို့ တက်ရောက်ကြည်ညိုကြပြီး စိန်ဖူးတော်ကို တင်လျှူပူဇော်ကြသည်။

၁၁ မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ တတိယအကြိမ် ညီလာခံပဟိုဥ်စီးအဖွဲ့အစည်းအဝေးဖွင့်ပွဲ အခမ်းအနားကို ရန်ကုန်မြို့ ကျိုက္ကဆံကွင်းရှိ ပြည်ထောင်စုခန်းမ၌ ကျင်းပသည်။

၁၆ မြန်မာနိုင်ငံ ဗိသုကာအသင်းကြီးမှူးကျင်းပသည့် အထပ်မြင့်အဆောက်အအုံများနှင့် ပတ်သက်သည့် ဆွေးနွေးပွဲဖွင့်ပွဲ အခမ်းအနားကို မြန်မာ့သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာဖွံ့ဖြိုးတိုးတက်ရေးအဆောက်အအုံ (Myanmar ICT Park) ၌ ကျင်းပသည်။

အာရှနှင့် ပစိဖိတ်ဆိုင်ရာ (၂၇) ကြိမ်မြောက် အစားအစာနှင့် စိုက်ပျိုးရေးအဖွဲ့ (အက်ဖ်အေအို) ဒေသတွင်းညီလာခံကို တရုတ်ပြည်မြို့တော်ပေကျင်းတွင် မေ ၁၇ ရက်မှ ၂၁ရက်အထိကျင်းပမည်ဖြစ်သည်။ အဆိုပါ ညီလာခံသို့အာရှနှင့် ပစိဖိတ်ဒေသရှိ ၄၃ နိုင်ငံမှ ကိုယ်စားလှယ် ၂၀၀ ကျော် တက်ရောက်မည်ဖြစ်သည်။

၂၀ ဂျပန်နိုင်ငံ၏ အသက်အကြီးဆုံးအဘိုးကာမိနိနာကာမူရာသည် အသက် ၁၀၉ နှစ်တွင် အိုကိနာဝါစီရင်စုရှိ ဆေးရုံ၌ ကွယ်လွန်သွားသည်။ အဘိုးနာကာမူရာအား ၁၈၉၅ ခုနှစ်တွင် ချီနင်ကျေးရွာ၌ မွေးဖွားခဲ့သည်။ သူသည် အသက် ၇၀ အရွယ်အထိ လယ်ယာစိုက်ပျိုးရေးလုပ်ကိုင်ခဲ့သည်။

၂၁ အကြမ်းဖက်မှုကို အမေရိကန်ပြည်ထောင်စုက တစ်ကမ္ဘာလုံးနှင့်ဆိုင်သော စစ်ပွဲဆင်နွှဲခဲ့ရာတွင် အရေအတွက် မသိရသည့် ဖမ်းဆီးခံထားရသူများနှင့် နိုင်ငံအမျိုးမျိုး၌ လျှို့ဝှက်ဖမ်းဆီးထားခြင်းခံရသူများနှင့် ပတ်သက်၍ နိုင်ငံတကာဆိုင်ရာကြက်ခြေနီကော်မတီ(အိုင်စီအာစီ)က စိုးရိမ်ကြောင်း အသစ်တစ်ဖန်ပြောကြားလိုက်သည်။

၂၂ ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရသာသနာရေး ဝန်ကြီးဌာနက ကျင်းပခဲ့သော (၅၆) ကြိမ်မြောက် တိပိဋကဓရတိပိဋကကောဝိဒ ရွှေချယ်ရေးစာမေးပွဲတွင် အောင်မြင်တော်မူကြသည့်သာသနာ့အာဇာနည်အရှင်သူမြတ်များအား ချီးကျူးပူဇော်ပွဲနှင့် အောင်လက်မှတ်ဆက်ကပ်ပွဲအခမ်းအနားကို ရန်ကုန်မြို့ သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေရှိ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် မဟာဘွဲ့နှင်းသိမ်ဓမ္မာရုံ၌ခမ်းနားထည်ဝါ စည်ကားသိုက်မြိုက်စွာကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးနှင့်ဇနီး ဒေါ်မြမြစန်းတို့ တက်ရောက်ကြည်ညိုကြသည်။



အိန္ဒိယနိုင်ငံ၏ ၁၃ ဆက်မြောက် ဝန်ကြီးချုပ်ဖြစ်လာသည့် မန်မိုဟန်ဆင်း

အိန္ဒိယနိုင်ငံ၏ ၁၃ ဆက်မြောက် ဝန်ကြီးချုပ်ဖြစ်သော မန်မိုဟန်ဆင်း၏ သမ္မတအိမ်တော်၌ ကျမ်းသစ္စာကျိန်ဆိုပွဲ အခမ်းအနားကို သမ္မတ အဗ္ဗဒူကလမ်က ကြီးကြပ်ဆောင်ရွက်ပေးသည်။

ပြင်သစ်နိုင်ငံချားလ်စ်ဒီဂေါ နိုင်ငံ
၂၃ တကာလေဆိပ်အဆောက်အအုံ ခန်းမသစ်ကြီး၏ခေါင်မိုးပြိုကျခဲ့ရာအနည်း ဆုံး လူငါးဦးသေဆုံးခဲ့ရသည်။ လေဆိပ် ခန်းမသစ်ကြီးကို စတင်ဖွင့်လှစ်ခဲ့သည်မှာ ၁၁ လခန့်သာရှိသေးပြီး ခေါင်မိုးမပြိုကျမီ ကွန်ကရစ်အမှုန်များနှင့် ဖုန်များကျလာ သည်ကို တွေ့ရှိခဲ့ရာမှ ကြိုတင်သတိပေး ချိန်ရလိုက်သဖြင့် အသေအပျောက်နည်း ခဲ့ခြင်းဖြစ်သည်။

အမျိုးသားညီလာခံကျင်းပရေး
၂၄ ကော်မရှင်၊ လုပ်ငန်းကော်မတီနှင့် စီမံခန့်ခွဲမှုကော်မတီတို့၏လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ရန်ကုန်တိုင်းမှော်ဘီမြို့ နယ် ညောင်နှစ်ပင်စခန်းရှိ အနော်ရထာ ရိပ်သာအစည်းအဝေးခန်းမ၌ ကျင်းပရာ အမျိုးသားညီလာခံကျင်းပရေးကော်မရှင် ဥက္ကဋ္ဌ ဒုတိယဝိုလ်ချုပ်ကြီးသိန်းစိန် (ယခု အတွင်းရေးမှူး-၁) တက်ရောက်အမှာ စကားပြောကြားသည်။

အပြည်ပြည်ဆိုင်ရာ ကိစ္စရပ်များ
၂၅ နှင့် ဒေသဆိုင်ရာကိစ္စရပ်များတွင် အပြန်အလှန်ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့် ရန်အပြင် နှစ်နိုင်ငံဆက်ဆံရေးတောင့်တင်း ခိုင်မာစေရေးအတွက် မလေးရှားဝန်ကြီးချုပ် အဗ္ဗဒူလာအာမက်ဘာဒါဝီသည် တရုတ် နိုင်ငံသို့ ပထမဆုံးအလည်အပတ်ခရီး ထွက်ခွာသည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်
၂၇ နိုင်ငံတော် အေးချမ်းသာယာရေး နှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယ ဝိုလ်ချုပ်မှူးကြီးမောင်အေးသည် တာဝန် ထမ်းဆောင်ခြင်းပြီးဆုံး၍ပြန်လည်ထွက်ခွာ တော့မည့် ပြည်ထောင်စုမြန်မာနိုင်ငံ တော်ဆိုင်ရာ ဖိလစ်ပိုင်သမ္မတနိုင်ငံ စစ်သံမှူး Col. Podro Ramon L. Sinajon, Jr.အား ရန်ကုန်မြို့ကုန်းမြင့်သာ ရှိ ဇေယျာသီရိဗိမာန်၌ လက်ခံတွေ့ဆုံ သည်။

အဝလွန်ခြင်းကို ကမ္ဘာလုံးဆိုင်ရာ ရောဂါရပ်အနေဖြင့် ကမ္ဘာ့ကျန်းမာရေး အဖွဲ့က သတိပေးပြောကြားလိုက်ပြီဖြစ် သည်။ လူများသည် ကိုယ့်ကိုကိုယ်ဘာကို ပိုစားနေမိသည်ဆိုသည်ကို သတိမထားမိ ကြကြောင်းနှင့် ကျန်းမာရေးနှင့်အညီ ချင့်ချိန်စားသောက်မှုကိုကလေးဘဝကပင် စတင်သင့်ပြီးအရွယ်ရောက်လူကြီးများပင် ချင့်ချိန်စားသောက်မှုပြုလုပ်သင့်ကြောင်း သုတေသီများက အကြံပေးသည်။ ကမ္ဘာ့ လူဦးရေသန်းသုံးရာခန့်မှာကိုယ်အလေးချိန် ပိုနေသောအဝလွန်နေသူများဖြစ်ကြောင်း (ဒဗလျူအိတ်ချ်အို)က ကြေညာသည်။

မေ ၃၁ ရက်နေ့တွင် ကျရောက်
၂၈ သည့် ကမ္ဘာ့ဆေးလိပ်မသောက် သုံးရနေ့တွင် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (ဒဗလျူအိတ်ချ်အို)မှ ယခုနှစ်ချမှတ်ထား သောဆောင်ပုဒ်မှာ "ဆေးလိပ်သောက်သုံး မှုကင်းဝေးမှ လူမှုဘဝ ချမ်းသာရ" ဟူ၍ ဖြစ်ကြောင်း ကျိန်ဟရှိ ကမ္ဘာ့ကျန်းမာရေး အဖွဲ့ရုံးက ထုတ်ပြန်သည်။

ဂျပန်နိုင်ငံ၌ အလွန်မြန်သော ဘရော်တင်အင်တာနက်ဆက်သွယ် ရေးလုပ်ငန်းအသုံးပြုရန် စာရင်းပေးသွင်း သော အရေအတွက်သည် ဧပြီလကုန် အထိ ၁၅ သန်း ရှိသွားပြီဖြစ်ကြောင်း အစိုးရအကြို သတင်းထုတ်ပြန်ချက်၌ ဖော်ပြထားသည်။

ဇွန်လ

အမျိုးသားညီလာခံအစုအဖွဲ့များ
၁ ဖြစ်ကြသည့် နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်အစုအဖွဲ့၊ တိုင်းရင်းသား လူမျိုးကိုယ်စားလှယ်များ အစုအဖွဲ့၊ တောင်သူလယ်သမားကိုယ်စားလှယ်များ အစုအဖွဲ့၊ အလုပ်သမားကိုယ်စားလှယ် များအစုအဖွဲ့၊ အသိပညာရှင်အတတ် ပညာရှင်ကိုယ်စားလှယ်များ အစုအဖွဲ့၊ နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များ အစု အဖွဲ့နှင့် အခြားဖိတ်ကြားသင့်သည့်ပုဂ္ဂိုလ် များအစုအဖွဲ့တို့၏ အစည်းအဝေးများ ကို ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင် နှစ်ပင်စခန်းရှိသတ်မှတ်ထားသည့်ဆွေးနွေး ပွဲခန်းမများ၌ ဆက်လက်ကျင်းပရာ အစု အဖွဲ့အလိုက် သဘာပတိအဖွဲ့ဝင်များနှင့် ညီလာခံကိုယ်စားလှယ်များ တက်ရောက် ကြသည်။

ကမ္ဘာ့မယ်စကြာဝဠာရွေးပွဲတွင်
၂၀၀၄ ခုနှစ်အတွက် မယ်စကြာဝဠာဘွဲ့ ကို ဩစတြေးလျသူ ဂျနီဖာဟော့ကင်းက ဆွတ်ခူးရရှိသွားသည်။ ဒုတိယဆုကို အမေရိကန်နိုင်ငံသူ ကာဝါမီဂျက်ဆင်က ရရှိသည်။ နောက်ဆုံးဗိုလ်လုပွဲအဆင့် ကျင်းပခဲ့သည် နှစ်နာရီခန့်ကြာမြင့်ခဲ့ပြီး နိုင်ငံပေါင်း ၁၈၀ မှ ရုပ်မြင်သံကြား ပရိသတ် ၁ ဒသမ ၅သန်းခန့်တို့က ကြည့်ရှုခဲ့ကြသည်။ အဆိုပါ မယ် စကြာဝဠာရွေးပွဲ၌ နိုင်ငံပေါင်း ၈၀ မှ လှပျိုဖြူများ ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။

ဇွန် ၃၀ ရက်တွင် အီရတ်အစိုးရ အဖွဲ့အား အချုပ်အခြာအာဏာ လွှဲ ပြောင်းပေးရန်အတွက် အစိုးရအဖွဲ့တွင် ပါဝင်မည့်သူများ၏အမည်များကိုရွေးချယ် အစည်းအဝေးပြုလုပ်သည့် အမေရိကန် နှင့်အပေါင်းပါဌာနချုပ်ရှိ အစိမ်းရောင် နယ်မြေတစ်ဝိုက်တွင် ဗုံးပေါက်ကွဲမှုများ ဖြစ်ပွားရာ မီးခိုးလုံးများ ဘဂ္ဂဒက်မြို့ပေါ် သို့ ဖုံးလွှမ်းလွင့်တက်ခဲ့သည်။

အမေရိကန်သမ္မတကျော့ဒဗလျူ
၄-၅ ဘုရှ်သည် အီတလီနိုင်ငံရောမမြို့ သို့ ရောက်ရှိလာရာ ဒေါသထွက်လျက် ရှိသည့်အီတလီလူမျိုးများက အမေရိကန် တို့၏ ကျူးကျော်စစ်ပွဲကို ဆန့်ကျင် ကန့်ကွက်ကြပြီး အီရတ်ရှိ အီတလီတပ်ဖွဲ့ ဝင် ၂၇၀၀ ခန့်ကို ရုပ်သိမ်းရန်တောင်းဆို ခဲ့ကြသည်။ ဇွန် ၅ ရက်နေ့တွင်လည်း

ပြင်သစ်သမ္မတကျက်ရှိရက်နှင့်အမေရိကန်သမ္မတဘုရှ်တို့တွေ့ဆုံဆွေးနွေးမှုကိုအီရတ်စစ်ပွဲဆန့်ကျင်ကန့်ကွက်သူထောင်ပေါင်းများစွာက ပြင်သစ်နိုင်ငံပါရီမြို့တွင် ဆန္ဒပြခဲ့ကြသည်။

၅ အီလက်ထရွန်နစ်ပစ္စည်း ထုတ်လုပ်မှုလုပ်ငန်းများ ကြီးကြပ်မှုကော်မတီအစည်းအဝေး (၁/၂၀၀၄) နှင့် အီလက်ထရွန်နစ်ထုတ်ကုန်ပစ္စည်းပြပွဲကို ရန်ကုန်မြို့ပြည်လမ်းရှိ ဆက်သွယ်ရေးစာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ အီလက်ထရွန်နစ်ပစ္စည်းထုတ်လုပ်မှုလုပ်ငန်းများ ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း (ယခုနိုင်ငံတော်ဝန်ကြီးချုပ်၊ ဗိုလ်ချုပ်ကြီး) တက်ရောက်၍ အမှာစကားပြောကြားသည်။

အမေရိကန်သမ္မတဟောင်း ရော်နယ်ရေဂင် (၉၃)နှစ် (အမေရိကန်ပြည်ထောင်စု၏ အယောက် ၄၀မြောက် သမ္မတ)သည်ဦးနှောက်ပုံမှန်အလုပ်မလုပ်သည့် မှတ်ဉာဏ်ချို့ယွင်းမှု ရောဂါကို ၁၀ နှစ်ကြာမျှ ခံစားခဲ့ရပြီးနောက် ကွယ်လွန်သွားသည်။

၇ ခုနစ်ကြိမ်မြောက် နိုင်ငံတကာရုပ်ရှင်ပွဲတော်ကို ရှန်ဟဲမြို့တွင် စတင်ကျင်းပသည်။ အဆိုပါ ရုပ်ရှင်ပွဲတော်ကို ဤလ ၁၃ ရက်နေ့အထိကိုးရက်ကြာကျင်းပသည်။ ဥရောပမှ ရုပ်ရှင်ဇာတ်ကားကိုးကားနှင့် အာရှမှ ခုနစ်ကား၊အာဆီယံနိုင်ငံများမှ ရုပ်ရှင်ကားသစ် ၁၀ ကား ပါဝင်ယှဉ်ပြိုင်ကြသည်။

၈ သာသနာရေးဝန်ကြီးဌာနအပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်၏ တတိယအကြိမ်ဝိဇ္ဇာ(ဗုဒ္ဓဓမ္မ) ဘွဲ့ ဘွဲ့နှင်းသဘင်အခမ်းအနားကို ရန်ကုန်မြို့ သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေရှိ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (ရန်ကုန်) ဘွဲ့နှင်းသဘင်ဓမ္မာရုံကြီး၌ ကျင်းပသည်။

၉ ဇွန် ၃၀ ရက်နေ့၌ အီရတ်တို့ထံ အချုပ်အခြာအာဏာပြန်လည်လွှဲပြောင်းပေးရေးဆိုင်ရာ ကုလသမဂ္ဂဆုံးဖြတ်ချက် မူကြမ်းကို ကုလသမဂ္ဂလုံခြုံရေးကောင်စီ အဖွဲ့ဝင် ၁၅ နိုင်ငံတို့က ဆုံးဖြတ်အတည်ပြုလိုက်သည်။

၉ ပြည်ထောင်စုကြီးခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းနာယက နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေသည် ရန်ကုန်တိုင်းမှော်ဘီမြို့နယ်ရှိပြည်ထောင်စုကြီးခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းသင်တန်းကျောင်းပြည်ထောင်စုခန်းမ၌ ကျင်းပသောပြည်ထောင်စုကြီးခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း မြန်မာ့ရေးရာနှင့် အပြည်ပြည်ဆိုင်ရာ လေ့လာမှု သင်တန်းအမှတ်စဉ် (၆)နှင့် အထူးမွမ်းမံသင်တန်းအမှတ်စဉ် (၇) သင်တန်းဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်၍ ဩဝါဒစကားမြွက်ကြားသည်။

၁၂ အီရတ်ကြားဖြတ်အစိုးရ ဒုတိယနိုင်ငံခြားရေးဝန်ကြီးဘက်စ်ဆမ်ကုဗ်ဘာသည် နေအိမ်မှ အလုပ်သို့ထွက်လာစဉ်ပြောက်ကျားများ၏လုပ်ကြံပစ်ခတ်မှုကြောင့် သေဆုံးသွားသည်။ ဇွန်လ ၁ ရက်နေ့၌ အိမ်စောင့်အစိုးရသစ်ကိုထုတ်ပြန်ကြေညာခဲ့ချိန်မှစပြီးထိပ်တန်းအရာရှိတစ်ယောက်ပထမဆုံး လုပ်ကြံခံရခြင်းဖြစ်သည်ဟုဆိုသည်။

၁၄ ကျန်းမာရေးဝန်ကြီးဌာနနှင့် ဂျပန်နိုင်ငံအပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (JICA)တို့ ပူးပေါင်းကျင်းပသည့် ကမ္ဘာ့သွေးလှူရှင်များနေ့ (World Blood Donor Day) အခမ်းအနားကို ရန်ကုန်မြို့ ပြည်လမ်းရှိ



မှတ်ဉာဏ်ချို့ယွင်းမှုရောဂါ ၁၀ နှစ်ကြာမျှ ခံစားခဲ့ရပြီးနောက် ကွယ်လွန်သွားခဲ့သည့် အမေရိကန်သမ္မတဟောင်း ရော်နယ်ရေဂင်

အပြည်ပြည်ဆိုင်ရာ စီးပွားရေးလုပ်ငန်း ဗဟိုဌာန (IBC)၌ ကျင်းပသည်။

၁၈ နိုင်ငံတော် အေးချမ်းသာယာရေး ၂၁ နှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း (ယခုနိုင်ငံတော်ဝန်ကြီးချုပ်၊ ဗိုလ်ချုပ်ကြီး) သည် အဖွဲ့ဝင်များလိုက်ပါလျက် ကယား ပြည်နယ်၊ရှမ်းပြည်နယ်များသို့သွားရောက်ပြီးဒေသဖွံ့ဖြိုးရေးလုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

၂၀ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ဇနီး မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်ဂုဏ်ထူးဆောင် နာယက ဒေါ်ကြိုင်ကြိုင်သည် ရန်ကုန်တိုင်းမရမ်းကုန်းမြို့နယ်ရှိ သပွတ်ပုထိုးတော်ကြီး ပရဝဏ်အတွင်း၌ ပြုလုပ်သောမြန်မာအမျိုးသမီးများနေ့ ကြိုဆိုသည့် သစ်ပင်စိုက်ပျိုးပွဲသို့ တက်ရောက်ချီးမြှင့်ပြီး အထိမ်းအမှတ် သစ်ပင်စိုက်ပျိုးပေးသည်။

ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူဆက်ဆံရေးဦးစီးဌာန၏ အီလက်ထရွန်နစ်စာကြည့်တိုက်(ကျောက်တန်း)တိုးချဲ့ဆောင်သစ်ဖွင့်ပွဲအခမ်းအနားကို ရန်ကုန်တိုင်း ကျောက်တန်းမြို့နယ် အလယ်ပိုင်းရပ်ကွက် မင်းကျောင်းလမ်းရှိ အီလက်ထရွန်နစ် စာကြည့်တိုက်၌ ကျင်းပရာပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဆန်း တက်ရောက်၍ ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးပြီး အမှာစကား ပြောကြားသည်။

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း၏ ရှမ်းပြည်နယ်(မြောက်ပိုင်း)မြန်မာ့အလင်း၊ ကြေးမုံကိုယ်ပွားသတင်းစာတိုက် လားရှိုးမြို့ရှမ်းပြည်နယ်ပုံနှိပ်တိုက်ခွဲ(မြောက်ပိုင်း) ဖွင့်ပွဲအခမ်းအနားကို လားရှိုးမြို့ မြို့တော်ခန်းမနှင့် လားရှိုးမြို့ ဟူးမွန်ကျေးရွာရှိ အဆိုပါ ပုံနှိပ်တိုက်ခွဲဥပစာတို့၌ ကျင်းပသည်။



ဖမ်းဆီးရမိသည့် မူးယစ်ဆေးဝါးများ (၁၈) ကြိမ်မြောက် မီးရှို့ဖျက်ဆီးပွဲအခမ်းအနားတွင် မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံခြားသံရုံးများမှ တာဝန်ရှိသူများ၊ ကုလသမဂ္ဂအဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များ မီးရှို့ဖျက်ဆီးမည့် မူးယစ်ဆေးဝါးများကို စမ်းသပ်စစ်ဆေးကြစဉ်

၂၄ အမျိုးသားညီလာခံ စုံညီအစည်းအဝေးကို ရန်ကုန်တိုင်းမှော်ဘီမြို့နယ်ညောင်နှစ်ပင်စခန်းရှိပြည်ထောင်စုခန်းမ၌ ကျင်းပရာ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းနှင့် စပ်လျဉ်း၍ အသေးစိတ်အခြေခံရမည့် မူများချမှတ်နိုင်ရေးအတွက် အမျိုးသားညီလာခံကိုယ်စားလှယ်အစုအဖွဲ့ တစ်ခုဖြစ်သော နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအစုအဖွဲ့တွင် ပါဝင်သည့် နိုင်ငံရေးပါတီများက ဆွေးနွေးအကြံပြုချက်စာတမ်းများကိုဖတ်ကြားတင်ပြကြသည်။

၂၆ မြန်မာနိုင်ငံ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေးဗဟို အဖွဲ့က ကြီးမှူးကျင်းပသော ဖမ်းဆီးရမိသည့် မူးယစ်ဆေးဝါးများ (၁၈) ကြိမ်မြောက် မီးရှို့ဖျက်ဆီးပွဲအခမ်းအနားကို ရန်ကုန်မြို့ ကမာရွတ်မြို့နယ် ကျွန်းတောလမ်းနှင့် ဟံသာဝတီလမ်းထောင့်ရှိမူးယစ်ဆေးဝါးပယောက်ရေးအထိမ်းအမှတ်ပြတိုက်ဝင်းအတွင်းရှိ မီးရှို့ဆောင်၌ကျင်းပသည်။

အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့အခမ်းအနားနှင့် ဝတ္ထုတို၊ ဆောင်းပါး၊ ကဗျာ၊တေးသီချင်း၊ ကာတွန်း၊ ပန်းချီ၊ ပိုစတာ၊ ကွန်ပျူတာပန်းချီ၊ ကွန်ပျူတာပိုစတာ၊ ဓာတ်ပုံနှင့် HIV/AIDS and Infection Drug Use Poster ပြိုင်ပွဲများတွင်ဆုရရှိသူများအားဆုချီးမြှင့်ပွဲအခမ်းအနားကို ရန်ကုန်မြို့ ကမာရွတ်မြို့နယ်ကျွန်းတောလမ်း နှင့် ဟံသာဝတီလမ်းထောင့်ရှိ မူးယစ်ဆေးဝါးအထိမ်း အမှတ်ပြတိုက်အစည်းအဝေးခန်းမ၌ကျင်းပသည်။

၂၈ အမျိုးသားညီလာခံစုံညီအစည်းအဝေးကိုရန်ကုန်တိုင်း မှော်ဘီမြို့နယ်ညောင်နှစ်ပင်စခန်းရှိပြည်ထောင်စုခန်းမ၌ ဆက်လက်ကျင်းပရာ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာအာဏာခွဲဝေမှုအပိုင်းများနှင့်စပ်လျဉ်း၍ အသေးစိတ်အခြေခံရမည့်မူများချမှတ်နိုင်ရေးအတွက် အမျိုးသားညီလာခံကိုယ်စားလှယ်အစုအဖွဲ့တစ်ခုဖြစ်သည့် ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များအစုအဖွဲ့မှ ညီလာခံကိုယ်စားလှယ်များ၏ဆွေးနွေးအကြံပြုချက်စာတမ်းများကို ဇွန် ၂၈ ရက်နေ့တွင်လည်းကောင်း၊ တိုင်းရင်းသားလူမျိုးကိုယ်စားလှယ်များအစုအဖွဲ့မှ ညီလာခံကိုယ်စားလှယ်များ၏ ဆွေးနွေးအကြံပြုချက် စာတမ်းများကို ဇွန် ၂၉ ရက်နေ့နှင့် ဇွန် ၃၀ ရက်နေ့တို့တွင်လည်းကောင်း ဖတ်ကြားတင်ပြကြသည်။

ရှုလိုင်လ

၁ ပြည်ထောင်စုမြန်မာနိုင်ငံတော်၊ ပြည်ထဲရေးဝန်ကြီးဌာနသည် မူးယစ်ဆေးဓါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေပုဒ်မ (၃၀)၊ ပုဒ်မခွဲ (က)အရ ထိန်းချုပ်ဓာတုပစ္စည်းကြီးကြပ်ရေးဆိုင်ရာ နည်းဥပဒေများကို ထုတ်ပြန်ကြေညာသည်။

အီရတ်ယာယီအစိုးရထံအမေရိကန်တို့ အုပ်ချုပ်ရေးလွှဲပြောင်းပေးပြီးနောက် လက်နက်ကိုင်တိုက်ခိုက်မှုများဆက်လက်ဖြစ်ပွားသည်။

၂ အမျိုးသားညီလာခံ စုံညီအစည်းအဝေးကို ဆက်လက်ကျင်းပရာ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် အခြေခံရမည့် မူများချမှတ်နိုင်ရေး၊ အလုပ်သမားကိုယ်စားလှယ်အစုအဖွဲ့၏ ဆွေးနွေးအကြံပြုချက်စာတမ်းကို ဖတ်ကြားတင်ပြသည်။

၃ မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပသည့် လယ်ယာစိုက်ပျိုးရေးနှင့် သစ်တောထွက်ကုန်များတိုးမြှင့်ရေးဆိုင်ရာ အာဆီယံပူးပေါင်းဆောင်ရွက်မှုကော်မတီ(၁၁)ကြိမ်မြောက် အစည်းအဝေးကို ရန်ကုန်မြို့၊ ဆီဒိုးနားဟိုတယ်၌ ကျင်းပသည်။


အီရတ်နိုင်ငံ၏ နေရာအသီးသီးတွင် ပြောက်ကျားများ၏ စစ်ဆင်ရေးများ၊ လမ်းဘေးဗုံးပေါက်ကွဲခြင်းများ၊ ကားဗုံးပေါက်ကွဲခြင်းများ၊ ပြန်ပေးဆွဲခြင်းများဖြင့် အီရတ်များက အမေရိကန်တို့အား တုံ့ပြန်တိုက်ခိုက်လျက်ရှိကြောင်း အင်တာနက်သတင်းများကဖော်ပြသည်။

၄ အမျိုးသားညီလာခံစုံညီ အစည်းအဝေးကို ဆက်လက်ကျင်းပရာ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် ဥပဒေပြုရေး၊အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးအာဏာခွဲဝေမှုအပိုင်းများနှင့်စပ်လျဉ်း၍ အသေးစိတ်အခြေခံရမည့်မူများချမှတ်နိုင်ရေး အသိပညာရှင်၊အတတ်ပညာရှင်ကိုယ်စားလှယ်များအစုအဖွဲ့ အကြံပြုချက်စာတမ်းများဖတ်ကြားတင်ပြကြသည်။

၅ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးသည်တာဝန်အပြောင်းအလဲလုပ်မည့်ကျပန်နိုင်ငံစစ်သံမှူးများအားဇယ္ဈာသီရိဗိမာန်တွင် လက်ခံတွေ့ဆုံသည်။

၆ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ အဖွဲ့ဝင်ဗိုလ်ချုပ်ကြီးသူရရွှေမန်းသည် ကချင်ပြည်နယ်သို့ သွားရောက်ပြီး ပြည်နယ်ဖွံ့ဖြိုးရေးလုပ်ငန်းများကို ကြည့်ရှုကာ ပူတာအိုမြို့နယ်မူလာချောင်းကိုဖြတ်သန်းဆက်သွယ်ထားသည့် မူလာရိုးဒီ ကျစ်ကားကူးကြိုးတံတားအခြေအနေကို ကြည့်ရှုစစ်ဆေးသည်။

၇ အမျိုးသားညီလာခံကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ၊ဒုတိယ ဗိုလ်ချုပ်ကြီးသိန်းစိန်သည်အမေရိကန်ပြည်ထောင်စုယေးလ်တက္ကသိုလ်မှပါမောက္ခဒေါ်ဝင်းဝင်းကြည်နှင့်ပညာရှင်အဖွဲ့အမျိုးသားညီလာခံသို့လာ



အမျိုးသားညီလာခံတွင် အသိပညာနှင့် အတတ်ပညာရှင်ကိုယ်စားလှယ်များအစုအဖွဲ့ အကြံပြုချက်စာတမ်းများ ဖတ်ကြားတင်ပြကြစဉ်

ရောက်လေ့လာမှုအား လက်ခံတွေ့ဆုံနှုတ်ဆက်သည်။

၉ အမျိုးသားညီလာခံကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ၊ ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် ညီလာခံကျင်းပရာ ညောင်နှစ်ပင်စခန်းသို့သွားရောက်၍ အမျိုးသားညီလာခံခတ္တရပ်နားကြောင်း နှုတ်ဆက်သည့် အခမ်းအနားသို့ တက်ရောက်ကာ အမှာစကားပြောကြားသည်။

၁၀ အမေရိကန်နှင့် အပေါင်းပါတပ်များက အီရတ်အကျဉ်းသားများအား လွတ်မပေးလျှင် ဘူဂေးရီးယားဓားစာခံ နှစ်ဦးအား သတ်ပစ်မည်ဟု အီရတ်ခုခံတိုက်ခိုက်ရေး ပြောက်ကျားများက ခြိမ်းခြောက်လိုက်ကြောင်း အင်တာနက်သတင်းက ဖော်ပြသည်။

၁၁ အီရတ်အရေးတွင် အမေရိကန်ကွန်ဂရက်ဝင်ပြောရန် အခွင့်အာဏာမရှိခဲ့ဘဲသမ္မတဘုရှ်ကသူ့သဘောသူဆောင်ပြီး စစ်ပွဲဆင်နွှဲခဲ့ခြင်းသာဖြစ်ကြောင်းအမေရိကန်အထက်လွှတ်တော်ကော်မတီကထုတ်ပြန်လိုက်သည်ဟုစီအင်န်အင်န်သတင်းဌာနက ဖော်ပြသည်။

၁၂ ၂၀၀၄ ခုနှစ်၊ ကမ္ဘာ့လူဦးရေနေ့အထိမ်းအမှတ်အခမ်းအနားသို့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ အတွင်းရေးမှူး (၁)ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း(ယခုနိုင်ငံတော်ဝန်ကြီးချုပ်၊ ဗိုလ်ချုပ်ကြီး) တက်ရောက်ခြီးမြှင့်သည်။

၁၃ ပြန်ကြားရေးဝန်ကြီးဌာန၊ ဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဆန်းသည်မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌပသောရုပ်ရှင်ပြသမှုဆိုင်ရာသင်တန်းဆင်းပွဲအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားသည်။

၁၄ အီရတ်နိုင်ငံဆိုင်ရာ ကုလသမဂ္ဂအထူး ကိုယ်စားလှယ်အဖြစ်၊ အမေရိကန်နိုင်ငံဆိုင်ရာ ပါကစ္စတန်သံအမတ်ကြီးအား ခန့်အပ်ရန်ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ကိုဖီအန်နန်က သဘောတူလိုက်ပြီဖြစ်ကြောင်း စီစီတီဗီသတင်းဌာနက ဖော်ပြသည်။

၁၅ အီရတ်နိုင်ငံဆိုင်ရာ ကုလသမဂ္ဂအထူး ကိုယ်စားလှယ်အဖြစ်၊ အမေရိကန်နိုင်ငံဆိုင်ရာ ပါကစ္စတန်သံအမတ်ကြီးအား ခန့်အပ်ရန်ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ကိုဖီအန်နန်က သဘောတူလိုက်ပြီဖြစ်ကြောင်း စီစီတီဗီသတင်းဌာနက ဖော်ပြသည်။

၁၆ ချစ်ကြည်ရေးခရီး အလည်အပတ်ရောက်ရှိနေသည့် မလေးရှားနိုင်ငံ၊ ကြည်းတပ်ဦးစီးချုပ်နှင့်အဖွဲ့အားပြည်ထောင်စုမြန်မာနိုင်ငံတော်၊နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ဒုတိယဥက္ကဋ္ဌဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယ ဗိုလ်ချုပ်မှူးကြီးမောင်အေးက လက်ခံတွေ့ဆုံသည်။



အီရတ်နိုင်ငံဆိုင်ရာ ကုလသမဂ္ဂအထူးကိုယ်စားလှယ်အဖြစ် ခန့်အပ်ခံရသည့် အမေရိကန်နိုင်ငံဆိုင်ရာ ပါကစ္စတန်သံအမတ်ကြီး အရှရပ်ဗ်ဂျာဟင်ဂါကာဇီ

၁၇ အီရတ်ဆိုင်ရာ ထောက်လှမ်းရေးသတင်းမှားယွင်းမှုအား အမေရိကန်သမ္မတဘုရှ် တာဝန်မယူခဲ့ကြောင်း ဒီမိုကရက်တစ် ဒုတိယသမ္မတလောင်း ဂျွန်အက်ဒ်ဝပ်က ဝေဖန်ပြောကြားသည်ဟု ရိုက်တာသတင်းဌာနက ဖော်ပြသည်။

၁၉ ၅၇ နှစ်မြောက် အာဇာနည်နေ့အခမ်းအနားသို့ ယဉ်ကျေးမှုဝန်ကြီးဌာန၊ဝန်ကြီးဝိုလ်ချုပ်ကြည်အောင် တက်ရောက်ပြီး ကျဆုံးလေပြီးသော အမျိုးသား ခေါင်းဆောင်ကြီးများကို အလေးပြုသည်။

၂၀ အီရတ်ပြောက်ကျားများ၏ မားစာခံဖမ်းသည့် ကိစ္စများကြောင့် နိုင်ငံခြားတပ်အချို့ အီရတ်မှ ပြန်လည်ရုပ်သိမ်းနေပြီး အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များအတွက်လည်း အလွန်စိတ်မာတ် ကျဆင်းစရာဖြစ်နေကြောင်း စီအင်န်အင်န်သတင်းဌာနကဖော်ပြသည်။

၂၁ ပြိတိသျှဝန်ကြီးချုပ် တိုနီ ဘလဲရာထူးမှ နုတ်ထွက်ပေးရန် ပြိတိသျှကွန်ဆာဗေးတစ်ပါတီဝင်တို့ထပ်မံတောင်းဆိုလိုက်ကြောင်း အင်တာနက်သတင်းကဖော်ပြသည်။

၂၂ အီရတ်သို့ တောင်ကိုရီးယားတပ်ဖွဲ့များ စေလွှတ်မည့် ကိစ္စအတွက်တောင်ကိုရီးယားပြည်သူထောင်ပေါင်းများစွာက ကန့်ကွက်ဆန္ဒပြကြကြောင်း စီအင်န်အင်န်သတင်းဌာနက ဖော်ပြသည်။

၂၃ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ အတွင်းရေးမှူး (၂)၊ ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် (ယခုအတွင်းရေးမှူး ၁)သည် မြစ်ကြီးနားမြို့၊ တာလောကြီးတိုက်နယ်ဆေးရုံတွင် ဖွင့်လှစ်ထားသည့် ရေဘေးကယ်ဆယ်ရေးစခန်းသို့သွားရောက်ပြီးဒေသခံပြည်သူများအားအားပေးစကားပြောကြားသည်။

အီရတ်မှ ရုပ်သိမ်းခဲ့သောနောက် ဆုံးအသုတ် ဖိလစ်ပိုင်တပ်ဖွဲ့ဝင်များသည် ဖိလစ်ပိုင်နိုင်ငံသို့ ပြန်လည်ရောက်ရှိကြကြောင်း အင်တာနက် သတင်းကဖော်ပြသည်။

၂၄ ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့တွင်ရောက်ရှိနေသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ၊ အတွင်းရေးမှူး (၂) ဒုတိယ ဗိုလ်ချုပ်ကြီးသိန်းစိန် (ယခု-အတွင်းရေးမှူး၁)သည် ဗလမင်းထင်တံတား တည်တံ့ကြံ့ခိုင်မှုအခြေအနေကို ကြည့်ရှုစစ်ဆေး၍ တာဝန်ရှိသူများအား ဧရာဝတီအရှေ့နှင့် အနောက်ဘက်ကမ်းရေတိုက်စားမှု ကာကွယ်ရေးကို မှာကြားလမ်းညွှန်သည်။

၂၅ ပြိတိသျှတပ်ဖွဲ့ဝင်များသတ်ဖြတ်မှုကြောင့် သေဆုံးရသူတို့၏မိသားစုများကဂျင်းတို့သည် လူအခွင့်အရေး ခိုးဖောက်မှုခံရခြင်းဖြစ်ကြောင်းပြိတိသျှတရားရုံးချုပ်သို့ တင်သွင်းလိုက်သည်ဟု အီရတ်ပြည်သူများအရေးနှင့် ပတ်သက်၍ ရိုက်တာသတင်းဌာနက ဖော်ပြသည်။

၂၆ အီရတ်ကို ဆင်နွှဲခဲ့သော စစ်ပွဲသည်တရားဥပဒေနှင့် ညီညွတ်ခြင်းရှိမရှိ၊ ကုလသမဂ္ဂနိုင်ငံတကာ တရားရုံးအမြင်ကိုယူရန်ပြိတိသျှပါလီမန်အမတ်များက တောင်းဆိုခဲ့ကြကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြသည်။

၂၇ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း မြန်မာ့ရေးရာနှင့် အပြည်ပြည်ဆိုင်ရာလေ့လာမှုသင်တန်း၊ အမှတ်စဉ် (၆)နှင့်အထူးမွမ်းမံသင်တန်းအမှတ်စဉ် (၇) သင်တန်းဆင်းပွဲအခမ်းအနားသို့ တက်ရောက်၍ ဩဝါဒစကားမြွက်ကြားသည်။

ဩဂုတ်လ

၁ အီရတ်နိုင်ငံအား အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ ၂၀၀၃ ခုနှစ်မတ်လ ၂၀ ရက်နေ့၌ စတင်ဝင်ရောက်တိုက်ခိုက်သည့် အချိန်မှစ၍ ဤရက်နေ့အထိ အီရတ်တွင် သေဆုံးသော အမေရိကန်တပ်ဖွဲ့ဝင်ဦးရေမှာ ၉၁၂ ဦးဖြစ်ကြောင်း အမေရိကန်ကာကွယ်ရေးဌာနက ကြေညာသည်။

၂ အစ္စရယ်မရောက်သေးသူ ကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှ ကာကွယ်ထိန်းသိမ်းရေးကော်မတီဒုတိယ အကြိမ်ညီနှိုင်းအစည်းအဝေးကိုကာကွယ်

ရေးဝန်ကြီးဌာန စစ်ရေးချုပ်ရုံး အစည်းအဝေးခန်းမတွင် ကျင်းပသည်။နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး(၂)(ယခုအတွင်းရေးမှူး ၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်တက်ရောက်အမှာစကား ပြောကြားသည်။

၇ ပြည်ထောင်စု မြန်မာနိုင်ငံတော်၏ ခေတ်လေးခေတ် သမိုင်းအဆက်အထားမှတ်တမ်းပြုစုရေးညှိနှိုင်းအစည်းအဝေးကိုပြန်ကြားရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံးအစည်းအဝေးခန်းမတွင်ကျင်းပသည်။ ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဆန်း တက်ရောက်အမှာစကားပြောကြားသည်။

၈ မြန်မာ-အိန္ဒိယ နှစ်နိုင်ငံချစ်ကြည်ရေး ခြေစမ်းဘောလုံးပြိုင်ပွဲ ဒုတိယပွဲစဉ်အဖြစ် အဖွဲ့ချုပ်လူငယ်ညွှန့်ပေါင်းဘောလုံးအသင်းနှင့် အိန္ဒိယနိုင်ငံအနောက်ဆင်ဂေါပြည်နယ်မှ မိုဟမ်ဘဂမ် ဘောလုံးအသင်းတို့လူငယ်အားကစားလေ့ကျင့်ရေးစခန်း (သုဝဏ္ဏာ) ဘောလုံးကွင်းတွင် ယှဉ်ပြိုင်ကစားသည်။ မိုဟမ်ဘဂမ်အသင်းက တစ်ဂိုးဂိုးမရှိဖြင့် အနိုင်ရသည်။

ဘင်္ဂဒက်တောင်ဘက်ရှိ ရဲစခန်းတစ်ခုအပြင်ဘက်တွင် ခုခံတိုက်ခိုက်ရေးပြောက်ကျားများက မိနီဘတ်စ်တစ်စီးကို ပုံးဖောက်ခွဲပြီး လူအုပ်ကြီးအား ပစ်ခတ်သဖြင့် လူငါးဦးထက်မနည်းသေဆုံးပြီး ၂၁ ဦးဒဏ်ရာရခဲ့ကြောင်း အီရတ်ကျန်းမာရေးဝန်ကြီးဌာနကပြောကြားသည်။

၆ စက်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌနိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး (၁) (ယခု နိုင်ငံတော်ဝန်ကြီးချုပ်) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း(ယခုဗိုလ်ချုပ်ကြီး) သည်တာဝန်ရှိသူများနှင့်အတူရွှေပြည်သာစက်မှုဇုန် (၃) ရှိ Fair Sun Co., Ltd ၏ လုပ်ငန်းများကိုသွားရောက် ကြည့်ရှုစစ်ဆေးသည်။

အီရတ်နိုင်ငံရှိ အဘူဂါရိပ်အကျဉ်းသားများကို အမေရိကန်တပ်ဖွဲ့ဝင်များက ညှဉ်းပန်းနှိပ်စက်သတ်ဖြတ်မှုနှင့် ပတ်သက်ပြီး အမေရိကန်စစ်ဘက်ဆိုင်ရာက စုံစမ်းမှုများစတင်ပြုလုပ်သည်။

အာဖဂန်စစ်ပွဲအတွင်း ဦးခေါင်းတွင်ကျည်ဆန်ဝင်၍ ဒဏ်ရာရရှိခဲ့သော ၁၃ နှစ်အရွယ် အာဖဂန်ကလေးငယ် ဖာတိုမာဆာဖောလ်သည် ဦးခေါင်းတွင်းကျည်ဆန်ကျန်နေခြင်းကြောင့်အခြေအနေတဖြည်းဖြည်းဆိုးရွားလာရာ ဂျပန်နိုင်ငံစေတနာရှင်အသင်းက ၎င်းအား ဂျပန်နိုင်ငံသို့ခေါ်၍ ခွဲစိတ်ကုသပေးခဲ့သည်။ ခွဲစိတ်မှုအောင်မြင်၍ အသက်ချမ်းသာရာရသည်။



မြန်မာ-အိန္ဒိယနှစ်နိုင်ငံချစ်ကြည်ရေးခြေစမ်းဘောလုံးပြိုင်ပွဲမြင်ကွင်း

ကုလသမဂ္ဂ ဥက္ကဋ္ဌ ရုံးချုပ်

ရန်ကုန်တိုင်း ဒဂုံမြို့သစ် (တောင်ပိုင်း) ရှိ နိကာယ်ငါးရပ် ပဋ္ဌကတ်သုံးပုံ စာသင်တိုက်ကြီးတွင် ကာကွယ်ရေးဝန်ကြီးဌာန တပ်မတော် (ကြည်း၊ရေ၊လေ) မိသားစုများ၏ ပဉ္စမအကြိမ်မြောက် ဝါဆိုသင်္ကန်းကပ်လှူပွဲ အခမ်းအနားကျင်းပသည်။ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်ဇနီး ဒေါ်ကြိုင်ကြိုင်တို့ တက်ရောက်ကြည်ညိုကြပြီး ဆရာတော်၊ သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ကပ်လှူကြသည်။

အိန္ဒိယနိုင်ငံ ဗာရာဏသီမြို့ဘနာရပ်စ် ဟိန္ဒူတက္ကသိုလ်မှ မဟာဝိဇ္ဇာရွှေတံဆိပ်ဘွဲ့နှင့် ဗာရာဏသီမြို့ စန်စခရစ်တက္ကသိုလ်မှ ပါရဂူဒေါက်တာဘွဲ့ရသီတဂူကမ္ဘာဥဒ္ဓတက္ကသိုလ်လက်ထောက်မော်ကွန်းထိန်း ပါမောက္ခ ဒေါက်တာ အရှင်ပညာဇောတအားဂုဏဝိသိဋ္ဌပူရာမဂ််လာသဘင်အခမ်းအနား ပြုလုပ်ပူဇော်သည်။

အာရှဖလား (၂၀၀၄) ဘောလုံးပြိုင်ပွဲ နောက်ဆုံးဗိုလ်လုပွဲကို တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့ရှိ အလုပ်သမား အားကစားကွင်းပ သည်။ ဗိုလ်လုပွဲတွင် တရုတ်အသင်းနှင့် အာရှဖလားလက်ရှိချန်ပီယံကျပန် အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ကျပန် အသင်းက တရုတ်အသင်းကို သုံးဂိုး - တစ်ဂိုးဖြင့် အနိုင်ရရှိကာ အာရှဖလားချန်ပီယံအဖြစ် ဆက်လက်ရပ်တည်သည်။

၉ အမေရိကန်တပ်ဖွဲ့ဝင်များနှင့် အီရတ်ခုခံတိုက်ခိုက်ရေး ပြောက်ကျားအဖွဲ့ဝင်များ တိုက်ပွဲဖြစ်ပွားနေသောကြောင့် အီရတ်ကြားဖြတ်အစိုးရအဖွဲ့က ဘဂ္ဂဒက်မြို့၏ ဆင်ခြေဖုံးရပ်ကွက်တစ်ခုတွင် အပြင်မထွက်ရ အမိန့်ထုတ်ပြန်လိုက်သည်။

၁၀ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေးကော်မတီ ပုံမှန်အစည်းအဝေး (၂/၂၀၀၄)ကို ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ ပြည်လမ်းရှိ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုဌာနချုပ်အစည်း အဝေးခန်းမတွင် ကျင်းပသည်။နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး (၂) (ယခု အဓိကတိုင်ရေးမှူး ဗိုလ်မှူးကြီး) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်တက်ရောက် အမှာစကားပြောကြားသည်။


ဗြိတိန်နိုင်ငံသား စီးပွားရေးသမားသည် အမေရိကန်နိုင်ငံ၊ ကင်တာကီတွင် ကမ္ဘာ့လက်ဝှေ့ချန်ပီယံဟောင်း မိုက်တိုင်စန်ကို စတုတ္ထအချီတွင် အလဲထိုးအောင်ပွဲခံပြီးနောက် မိမိသည် ကမ္ဘာ့လက်ဝှေ့ချန်ပီယံကလစ်ရှက်ကိုနှင့် ထိုးသတ်ကာ ကမ္ဘာ့လက်ဝှေ့ချန်ပီယံသရဖူကိုရယူလိုကြောင်း လန်ဒန်မြို့သို့ပြန်အရောက်တွင်ပြောကြားသည်။

၁၃ ရန်ကုန်အနောက်ပိုင်း ကြည့်မြင်တိုင် မြို့နယ် အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း မာလ်တီမီဒီယာစာသင်ခန်းများဖွင့်ပွဲ အခမ်းအနားကို အဆိုပါ ကျောင်းတွင်ကျင်းပသည်။ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) (ယခု နိုင်ငံတော်ဝန်ကြီးချုပ်) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း (ယခုဗိုလ်ချုပ်ကြီး) တက်ရောက်အားပေးခြီးမြှင့်သည်။

အမေရိကန်ကို ခုခံတိုက်ခိုက်နေသောအယ်ဆာဒါအားထောက်ခံကြောင်း အီရတ်ပြည်သူများက ဘဂ္ဂဒက်မြို့တွင် ကြွေးကြော်ဆန္ဒပြသည်။

၁၄ ပျူခေတ်ယဉ်ကျေးမှု ငွေဒင်္ဂါးများ၊ ပုတီးစေ့များ၊ မြေအိုးများ၊ အိုးခြမ်းကွဲများ၊ အိုးနှုတ်ခမ်းရုပ်ကြွင်းရုပ်ပါ မြေအိုးများစသည့် ပျူခေတ်အနုပညာလက်ရာများကို တောင်တွင်းကြီးမြို့နယ်၊ ပိဿနိုးမြို့ဟောင်းမှတူးဖော်တွေ့ရှိသည်။

အမေရိကန်စစ်ဘက်ဆိုင်ရာက အီရတ်နိုင်ငံတွင် နေရာအများအပြားကို တန်ဝက်ရှိသော ဗုံးများကြဲချတိုက်ခိုက်သောကြောင့် လူ ၅၀ ထက်မနည်းသေဆုံးသည်။



အာရှဖလား (၂၀၀၄) ဘောလုံးပြိုင်ပွဲနောက်ဆုံးဗိုလ်လုပွဲကို တရုတ်ပြည်သူ့သမ္မတနိုင်ငံပေကျင်းမြို့အလုပ်သမားအားကစားကွင်းတွင် ကျင်းပခဲ့ရာ ပွဲကြည့်ပရိသတ်များပြားလွန်းလှသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက စောင့်ကြပ်ထိန်းသိမ်းခဲ့ရသည်

၁၆ The 6 th ASEAN Universities Network Educational Forum ဖွင့်ပွဲ အခမ်းအနားကို ရန်ကုန်မြို့ ပြည်လမ်း၊ စိန်ရတုခန်းမတွင် ကျင်းပသည်။ ပြည်ဘာရေးဇန်ကြီးဌာန၊ ဝန်ကြီးတက်ရောက်အမှာစကားပြောသည်။

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့ဆာဒါစီးတီး အရပ်တွင်အီရတ်ပြောက်ကျားများက အမေရိကန်ဆန့်ကျင်ရေးကြွေးကြော်သံများ ကြွေးကြော်ကာ မြို့တွင်းကားဖြင့် လှည့်လည် အင်အားပြသည်။

၁၈ အိန္ဒိယရုပ်ရှင်ပွဲတော် ဖွင့်ပွဲအခမ်းအနားကို ရန်ကုန်မြို့နေပြည်တော်ရုပ်ရှင်ရုံတွင် ကျင်းပသည်။ ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဆန်းတက်ရောက်အားပေးအမှာစကားပြောသည်။

၁၉ ဧရာဝတီ-ကျောက်ဖယား-မဲခေါင် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုမဟာဗျူဟာ အက်မက်(စ) ACMECS အကောင်အထည်ဖော်ရေးအဆင့်မြင့်အရာရှိကြီးများအစည်းအဝေးကို Nikkoဟိုတယ်တွင် ကျင်းပသည်။

၂၀ အီရန်နိုင်ငံ တီပီရန်မြို့တွင်အမေရိကန် အလံနှင့် ဗြိတိသျှအလံများ မီးရှို့၍ မြို့သူမြို့သားများက အမေရိကန်ဆန့်ကျင်ရေးဆန္ဒပြကြသည်။

၂၃ ရန်ကုန်တိုင်း ကြည့်မြင်တိုင်မြို့နယ် အမှတ်(၅)အခြေခံပညာ အထက်တန်းကျောင်းပညာရည်မြင့်မားရေးခေတ်မီအထောက်အကူပြု ပစ္စည်းများလှူဒါန်းပွဲ အခမ်းအနားကိုအဆိုပါကျောင်းတွင်ကျင်းပသည်။ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကောင်စီအတွင်းရေးမှူး (၁) (ယခုနိုင်ငံတော်ဝန်ကြီးချုပ်) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း(ယခုဗိုလ်ချုပ်ကြီး) တက်ရောက်ချီးမြှင့်သည်။

အီရတ်နိုင်ငံ နာဂျက်စ်မြို့တွင် အမေရိကန်တပ်ဖွဲ့ဝင်များနှင့် အီရတ်ခုခံတိုက်ခိုက်ရေးသမားများ တိုက်ပွဲပြင်းထန်စွာဖြစ်ပွားသည်။ အမေရိကန် အေစီ-၁၃၀ တိုက်ခိုက်ရေး ရဟပ်ယာဉ်များက မသက်ာဖွယ်နေရာများကို (၁၀) ကြိမ်ခန့် ပစ်ခတ်သည်။ အီရတ် ၄၀ ထက်မနည်း သေဆုံးသည်။

၂၄ ကမ္ဘာအေးစေတီလမ်း အမှတ်(၂) စက်မှုဝန်ကြီးဌာန အစည်းအဝေးခန်းမတွင် ဒီဇယ်အင်ဂျင်မှ သဘာဝဓာတ်ငွေ့သုံးအင်ဂျင်ပြောင်းလဲသုံးစွဲရေးညှိနှိုင်းအစည်းအဝေးကျင်းပသည်။ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး (၁) (ယခုနိုင်ငံတော်ဝန်ကြီးချုပ်) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း(ယခုဗိုလ်ချုပ်ကြီး)တက်ရောက်အမှာစကားပြောသည်။

၂၅ အထွေထွေရောဂါကု ဆေးရုံသစ်ကြီး (ရန်ကုန်)တွင် ပါမောက္ခဒေါက်တာဦးနော်မန်လှကဦးဆောင်၍ အသည်းခြောက်၊ အသည်းကြွပ်ရောဂါရှင် ကိုခင်ဇော်ထက်အား အသည်းအစားထိုးခွဲစိတ်ကုသသည်။ ခွဲစိတ်ကုသမှု ၁၃ နာရီကြာခဲ့ပြီးနောက် မြန်မာနိုင်ငံတွင်ပထမဆုံးအကြိမ် အသည်းအစားထိုးခွဲစိတ်ကုသမှုအောင်မြင်သည်။

၂၀ ရန်ကုန် အနောက်ပိုင်းခရိုင် ကြည့်မြင်တိုင်မြို့နယ် အမှတ် (၄) အခြေခံပညာအထက်တန်းကျောင်း၏ ပညာရည်မြင့်မားရေးအထောက်အကူပြု စာသင်ခန်းများဖွင့်ပွဲ အခမ်းအနားကို အဆိုပါ ကျောင်းတွင်ကျင်းပသည်။ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း (ယခု နိုင်ငံတော်ဝန်ကြီးချုပ်၊ ဗိုလ်ချုပ်ကြီး)တက်ရောက်အားပေးချီးမြှင့်သည်။

စက်တင်ဘာလ

၁ ပြည်ထောင်စုမြန်မာနိုင်ငံတော်နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးနှင့် ဇနီး ဒေါ်မြမြစန်းတို့သည် ပြည်ထောင်စုမြန်မာနိုင်ငံတော်တွင် ချစ်ကြည်ရေးခရီးလည်ပတ်ရန်ရောက်ရှိနေပြီးပုဂံရှေးဟောင်းယဉ်ကျေးမှု နယ်မြေနှင့် မန္တလေးမြို့သို့ ချစ်ကြည်ရေးခရီးဆက်လက်လည်ပတ်ရန် သွားရောက်မည့်ဧည့်သည်တော်ထိုင်းဘုရင့်တပ်မတော် (ကြည်းတပ်) ဦးစီးချုပ် General Chaisit Shinawatra နှင့် ဇနီး Madame Veena Shinawatra ဦးဆောင်သည့် ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့အား ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

၂ အခြေခံပညာ ဆရာ၊ ဆရာမများအထူးမွမ်းမံ သင်တန်းအမှတ်စဉ် (၅၅) သင်တန်းဖွင့်ပွဲ အခမ်းအနားကို ရန်ကုန်တိုင်း လှည်းကူးမြို့နယ်ရှိ ပဟိုဝန်ထမ်းတက္ကသိုလ် (ဖောင်ကြီး) နဝရတ်ခန်းမ၌ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး (၁) ဒုတိယ ဗိုလ်ချုပ်ကြီးစိုးဝင်း (ယခု နိုင်ငံတော် ဝန်ကြီးချုပ်၊ ဗိုလ်ချုပ်ကြီး) တက်ရောက်၍အမှာစကားပြောကြားသည်။

၂၀၀၀ ပြည့်နှစ်တွင် အမျိုးသားချင်းလိင်တူဆက်ဆံမှု စွပ်စွဲခံကျက်ဖြင့် ဖမ်းဆီးခံရပြီး ထောင်ဒဏ်ခုနစ်နှစ် ကျခံခဲ့ရသည့် မလေးရှားနိုင်ငံ ဒုတိယဝန်ကြီးချုပ်ဟောင်း အန်နဝါအီဘရာဟင် ကိုအကျဉ်းထောင်မှ လွတ်ပေးခဲ့သည်။



ထောင်ဒဏ်ခုနစ်နှစ်ကျခံခဲ့ရပြီးနောက် ပြန်လည်လွတ်မြောက်လာသည့် မလေးရှားနိုင်ငံ ဒုတိယဝန်ကြီးချုပ်ဟောင်း အန်နဝါအီဘရာဟင် (မိုက်ခရိုဖုန်းကိုင်ထားသူ)ကို ၎င်းအားထောက်ခံသူများက ကြိုဆိုနှုတ်ဆက်နေကြစဉ်

ကျပန်နှင့် တောင်ကိုရီးယားနိုင်ငံ ၄ တို့သည် လာမည့်နှစ်တွင် အရှေ့တောင်အာရှနိုင်ငံများအသင်း (အာဆီယံ)နှင့် ကုန်သွယ်မှု ကင်းလွတ်ရေးဒေသ (အက်ဖ်တာ)အပေါ် ဆွေးနွေးပွဲများစတင်ဆောင်ရွက်မည်ဖြစ်ကြောင်းကျကာတာမှ ကြေညာချက်ထွက်သည်။

အရှေ့တောင်အာရှ နိုင်ငံများ ၅ အသင်း အာဆီယံနှင့်ကုလသမဂ္ဂတို့၏လာမည့် ထိပ်သီးအစည်းအဝေးကို ဖိလစ်ပိုင်နိုင်ငံကလက်ခံကျင်းပရန်မျှော်လင့်ရကြောင်းဒေသဆိုင်ရာနေ့စဉ်သတင်းစာမနီလာ သတင်းစဉ်က သတင်းထုတ်ပြန်သည်။

၆ မန္တလေးတိုင်း ပြင်ဦးလွင်မြို့၌ ရောက်ရှိနေသော နိုင်ငံတော်၏ အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေး ဦးစီးချုပ်ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးသည် တာဝန်ရှိပုဂ္ဂိုလ်များနှင့် အတူ ပြင်ဦးလွင်တပ်နယ်၊ရဲရွာရေအားလျှပ်စစ်စီမံကိန်း၊ ဇရာဝတီတံတား(ရတနာပုံ) တည်ဆောက်ရေးစီမံကိန်း၊ မဟာမုနိရုပ်ရှင်တော်မြတ် ဖူးမြော်ခြင်းနှင့် ချမ်းမြသာစည်မြို့နယ် အောင်ပင်လယ်ရပ်ရှိ ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း အထက် မြန်မာပြည်အစိုးရပုံနှိပ်စက်ရုံ (မန္တလေး) တည်ဆောက်ရေးလုပ်ငန်းခွင်များသို့ လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

၉ နိုင်ငံတကာဆိုင်ရာ ပညာရေးနယ်ပယ်တွင် ပိုမိုစိတ်အားထက်သန်စွာယှဉ်ပြိုင်မှုဖြင့်စင်ကာပူနိုင်ငံသည်အဆင့်အတန်းမြင့်သော ပညာရေးအခြေခံမူဘောင် (အီးအီးအက်ဖ်) မှတစ်ဆင့် ယင်း၏ပုဂ္ဂလိက ပညာရေးအဖွဲ့အစည်းများ(ပီအီးအို)အရည်အသွေးအားတိုးမြှင့်သွားမည့်မဟာဗျူဟာတစ်ရပ်ကိုကြေညာခဲ့သည်။

၁၀ ပြည်ထောင်စု မြန်မာနိုင်ငံတော်နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်

ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေသည် ထိုင်းဘုရင့်တပ်မတော် စစ်သေနာပတိချုပ် General Somdhat Attanand နှင့် အဖွဲ့အား ရန်ကုန်မြို့ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

၁၁ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးနှင့် ဇနီး ဒေါ်မြမြစန်းတို့သည် မြန်မာနိုင်ငံတွင် ချစ်ကြည်ရေးခရီး လည်ပတ်ပြီးပြန်လည် ထွက်ခွာမည့် ထိုင်းဘုရင့်တပ်မတော် စစ်သေနာပတိချုပ်၊ ဇနီးနှင့် အဖွဲ့ဝင်များအား ရန်ကုန်အပြည်ပြည်ဆိုင် လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

၁၃ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်း (ယခု နိုင်ငံတော်ဝန်ကြီးချုပ်၊ဗိုလ်ချုပ်ကြီး)သည် ရန်ကုန်မြို့ သန်လျက်စွန်းရှိ စည်ပင်သာယာရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသော နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန၏ကျေးလက်ဒေသသန့်ရှင်းသောသောက်သုံးရေရရှိရေး အဋ္ဌမအကြိမ် အလှူငွေပေးအပ်ပွဲ အခမ်းအနားသို့ တက်ရောက်၍ အလှူငွေများလက်ခံပြီး အမှာစကား ပြောကြားသည်။

၁၄ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး (၁) ဒုတိယ ဗိုလ်ချုပ်ကြီးစိုးဝင်း (ယခုနိုင်ငံတော်ဝန်ကြီးချုပ်၊ဗိုလ်ချုပ်ကြီး) သည် လှိုင်မြို့နယ်အမှတ် (၂) အခြေခံပညာ အထက်တန်းကျောင်း ပညာရည်မြင့်မားရေး အထောက်အကူပြုစာသင်ခန်းများဖွင့်ပွဲတွင် ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

၁၉ ကြိမ်မြောက် ကုလသမဂ္ဂအထွေထွေညီလာခံကို အမေရိကန်ပြည်ထောင်စု နယူးယောက်မြို့တွင် ဖွင့်လှစ်ကျင်းပသည်။

ရွှေပြည်သာ စက်မှုမြို့ငုန်တာဝန်ခံ
၁၅ ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် ရန်ကုန်



မန္တလေး၊ မုံရွာ၊ တောင်ကြီးစက်မှုဇုန်များတွင် ခေတ်မီသံထည်ပစ္စည်းစက်ရုံများ ထူထောင်ရေးညှိနှိုင်းအစည်းအဝေး၌ နိုင်ငံတော်ဝန်ကြီးချုပ် အမှာစကားပြောကြားစဉ်

မြောက်ပိုင်းခရိုင် ရွှေပြည်သာ စက်မှုမြို့ရှိ စီမံခန့်ခွဲရေးကော်မတီများနှင့် ရွှေပြည်သာ စက်မှုမြို့အတွင်းရှိ လုပ်ငန်းရှင်များအား တွေ့ဆုံ၍ စက်မှုကုန်ထုတ်လုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေး ဆွေးနွေးမှာကြားသည်။

၁၆ နှစ်ရှည်ပင်လုပ်ငန်းနှင့် လယ်မြေယာမြေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ငန်းရှင်များနှင့် တွေ့ဆုံညှိနှိုင်းအစည်းအဝေး (၇/၂၀၀၄) ကို ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်ခန်းမ၌ ကျင်းပသည်။ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီး သူရရွှေမန်းတက်ရောက်ဆွေးနွေးပြီး အမှာစကားပြောကြားသည်။

၁၈ အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင် အစည်းအဝေးသို့ အမျိုးသားညီလာခံကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး (၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်(ယခုအတွင်းရေးမှူး ၁) တက်ရောက်၍ အမှာစကားပြောကြားသည်။

မူးယစ်ဆေးဝါးများ ပြန့်ပွားမှုတိုက်ဖျက်ရေး ဒေသဆိုင်ရာ မဟာဗျူဟာနှင့်စပ်လျဉ်း၍ အရှေ့တောင်အာရှနိုင်ငံများအသင်း (အာဆီယံ) ၏ မူးယစ်ဆေးဝါးဆိုင်ရာ အဆင့်မြင့်အရာရှိများသည် မနီလာမြို့၌ စတင်ဆွေးနွေးခဲ့ကြသည်။

၂၁ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးအား အိန္ဒိယသမ္မတနိုင်ငံ အိန္ဒိယတပ်မတော် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး Lieutenant General, JS Varma PVSM, AVSM, ADC နှင့် အဖွဲ့သည် ရန်ကုန်မြို့ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်ခန်းမသို့ လာရောက်၍ ဂါရဝပြုတွေ့ဆုံသည်။

၂၃ စက်မှုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း (ယခုနိုင်ငံတော်ဝန်ကြီးချုပ်၊ ဗိုလ်ချုပ်ကြီး)သည် ရန်ကုန်မြောက်ပိုင်းခရိုင်ရှိ ရွှေပြည်သာ စက်မှုမြို့စီမံခန့်ခွဲရေးရုံး၊ ကနောင်ခန်းမ၌ရန်ကုန်တိုင်းအတွင်းရှိ စက်မှုဇုန်များမှ တာဝန်ရှိသူများအား တွေ့ဆုံ၍ စက်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများကိုဆက်စပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

၂၆ အမှတ် (၂)စက်မှုဝန်ကြီးဌာနဝန်ကြီးရုံးအစည်းအဝေးခန်းမ၌ ကျင်းပသော မန္တလေး၊ မုံရွာနှင့်တောင်ကြီး (အေးသာယာ) စက်မှုဇုန်များ၌ ခေတ်မီသံထည်ပစ္စည်းစက်ရုံများ ထူထောင်ရေးညှိနှိုင်းအစည်းအဝေးသို့ စက်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း(ယခုနိုင်ငံတော်ဝန်ကြီးချုပ်၊ ဗိုလ်ချုပ်ကြီး)တက်ရောက် အမှာစကားပြောကြားသည်။

၂၉ ပထမဆုံးတရုတ် အာကာသယာဉ်မှူးဖြစ်သူ ယန်လီဝေအား ဟောင်ကောင် တရုတ်တက္ကသိုလ်မှ ဂုဏ်ထူးဆောင် ပါရဂူဘွဲ့ချီးမြှင့်မည်ဖြစ်ပြီး အဆိုပါ ချီးကျူးဂုဏ်ပြုပွဲကို လာမည့် ဒီဇင်ဘာလ ၉ ရက်တွင် ကျင်းပမည်ဖြစ်ကြောင်း တက္ကသိုလ်က သတင်းထုတ်ပြန်သည်။

၃၀ မြန်မာနိုင်ငံတော် ဗဟိုဘဏ်က တစ်ထောင်ကျပ်တန်၊ ငါးရာကျပ်တန်နှင့် နှစ်ရာကျပ်တန်ငွေစက္ကူအသွယ်အစားအသစ်များကို ၂၀၀၄ ခုနှစ် အောက်တိုဘာလအတွင်းစတင်ထုတ်ဝေမည်ဖြစ်ကြောင်း ကြေညာသည်။

၁၉၂၉ ခုနှစ်က ပေကျင်းမြို့လယ် အနောက်တောင်ဘက် ကီလိုမီတာ ၅၀ အကွာ ချောကိုဒီယန်၌ ပီကင်းလူသားဦးခေါင်းကို တရုတ်ရှေးဟောင်းသုတေသီများက တူးဖော်တွေ့ရှိခဲ့ကြသည်။နှစ်ပေါင်းငါးသိန်းက ပီကင်းလူသားဦးခေါင်းခွံကို ပေကျင်းမြို့ ချောကိုဒီယန် ပီကင်းလူသားပြခန်း၌ ပြသထားသည်။

အောက်တိုဘာလ

၁ ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ နှစ် (၄၀) ပြည့်မြောက်နှစ်ပတ်လည်နေ့ အခမ်းအနားကို ရန်ကုန် မြို့ ကမာရွတ်မြို့နယ် ဟံသာဝတီလမ်းနှင့် ကျွန်းတောလမ်းထောင့်ရှိမူးယစ်ဆေးဝါးပယ်ဖျောက်ရေးအထိမ်းအမှတ်ပြတိုက်အုပ်ချုပ်မှုခန်းမ၌ ကျင်းပသည်။

၄ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ စစ်မှုထမ်းဟောင်းအဆင့်မြင့် စည်းရုံးရေးသင်တန်းအမှတ်စဉ် (၄/၂၀၀၄) သင်တန်းဖွင့်ပွဲအခမ်းအနား ကို ရန်ကုန်တိုင်း မော်ဘီမြို့နယ် ညောင်နှစ်ပင်ရှိ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ လေ့ကျင့်ရေးသင်တန်းကျောင်းခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၂) စစ်ရေးချုပ် (ယခုအတွင်းရေးမှူး -၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် တက်ရောက်၍ အဖွင့်အမှာစကား ပြောကြားသည်။

မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပသည့် လယ်ယာစိုက်ပျိုးရေးနှင့် သစ်တောဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများ၏ (၂၆) ကြိမ်မြောက် အစည်းအဝေးကို ရန်ကုန်မြို့ကမ္ဘာအေး

စေတီလမ်းရှိ ဆီဒိုးနားဟိုတယ်၌ စတင်ကျင်းပသည်။

ကုလသမဂ္ဂသည် နိုင်ငံတကာဆိုင်ရာရာဇဝတ်မှုတရားရုံး (အိုင်စီစီ) နှင့် သဘောတူစာချုပ်တစ်ရပ်ကို လက်မှတ်ရေးထိုးချုပ်ဆိုသည်။ ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ် ကိုဖီအန်နန်နှင့် အိုင်စီစီဥက္ကဋ္ဌ ဂျူဖီလစ်ပီကီရပ်ချ်တို့က အဆိုပါသဘောတူစာချုပ်ကိုနယူးယောက်ရှိ ကုလသမဂ္ဂဌာနချုပ်တွင်လက်မှတ်ရေးထိုးခဲ့ခြင်းဖြစ်သည်။



အမေရိကန်ဒုတိယသမ္မတ ဒစ်ချေနီ(ယာ)နှင့် အထက်လွှတ်တော်အမတ် ဂျွန်အက်ဒ်ဝပ် (ဝဲ)တို့ အီရတ်အရေးနှင့် ပတ်သက်ပြီးမျက်နှာချင်းဆိုင် စကားစစ်ထိုးနေကြစဉ်

၆ အီရတ်နိုင်ငံ အနောက်ပိုင်းရှိ အမျိုးသားလုံခြုံရေး တပ်ဖွဲ့ရုံးအနီး အသေခံကားဗုံးဖောက်ခဲ့ တိုက်ခိုက်မှုဖြစ်ပွားရာလူ ၁၀ ဦးထက် မနည်းသေဆုံးခဲ့သည်။ ယင်းသို့တိုက်ခိုက်ခြင်းမှာဇန်နဝါရီလတွင်ပြုလုပ်မည့်ရွေးကောက်ပွဲပျက်ပြားစေရန် အမေရိကန်နှင့် အီရတ်တပ်ဖွဲ့များကိုအီရတ်ပြောက်ကျားတို့ကတိုက်ခိုက်ခြင်းဖြစ်သည်။

၈ နိုင်ငံတော် အေးချမ်းသာယာရေး
၁၀ နှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) (ယခုနိုင်ငံတော် ဝန်ကြီးချုပ်၊ ဗိုလ်ချုပ်ကြီး)ဒုတိယ ဗိုလ်ချုပ်ကြီး စိုးဝင်းသည် အဖွဲ့ဝင်များ လိုက်ပါလျက် အောက်တိုဘာ ၈ ရက်နေ့တွင် မန္တလေးစက်မှုဇုန်စစ်ဆေးခြင်း၊ အောက်တိုဘာ ၉ ရက်နေ့တွင်မြင်းခြံမြို့ စက်မှုဇုန်ခန်းမ၌ မြင်းခြံခရိုင်နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်များ၊ စက်မှုလုပ်ငန်းရှင်များနှင့် တွေ့ဆုံခြင်း၊ မုန်းချောင်း ရေလှောင်တမံဘက်စုံ စီမံကိန်းကို ကြည့်ရှုစစ်ဆေးခြင်း၊ အောက်တိုဘာ ၁၀ ရက်တွင် ပုဂံ-ညောင်ဦးလေဆိပ်ရှိ လေဆိပ်အဆောက်အအုံအဆင့်မြှင့်တင်ဆောင်ရွက်ခြင်း လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးခြင်းများပြုလုပ်သည်။

၉ ၂၀၀၄ ခုနှစ် ပထမအကြိမ် အာဆီယံအမျိုးသမီးဘောလုံးပြိုင်ပွဲနောက်ဆုံးဗိုလ်လုပွဲကို ဗီယက်နမ်နိုင်ငံ ဟိုချီမင်းမြို့၌ ကျင်းပရာ မြန်မာအမျိုးသမီးဘောလုံးအသင်းက ဗီယက်နမ်အမျိုးသမီးဘောလုံးအသင်းကို ခြောက်ဂိုး-လေးဂိုးဖြင့် အနိုင်ရရှိပြီး ဗိုလ်စွဲသွားသည်။

၁၃ အီရတ်၏ တားမြစ်လက်နက်များဆိုင်ရာ ထောက်လှမ်းရေးသတင်းကို ဝန်ကြီးချုပ်တိုနီဘလဲ အစိုးရကကိုင်တွယ် အသုံးပြုခဲ့သည့် နည်းလမ်းအတွက် ဝန်ကြီးချုပ်တိုနီဘလဲက ဝန်ချတောင်းပန်ရန် ဗြိတိန်အတိုက်အခံပါတီများက တောင်းဆိုကြသည်။

၁၄ ဒွါဒသမအကြိမ် (၁၂ ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲဖွင့်ပွဲအခမ်းအနားကို ရန်ကုန်မြို့ ဒဂုံမြို့နယ် မြို့မကျောင်းလမ်းရှိ အမျိုးသားဇာတ်ရုံ၌ ကျင်းပသည်။

၁၆ ၂၀၀၄ ခုနှစ် ကမ္ဘာ့စားနပ်ရိက္ခာနေ့ အထိမ်းအမှတ်အခမ်းအနားကို ရန်ကုန်မြို့ ပြည်လမ်းရှိ အပြည်ပြည်ဆိုင်ရာ စီးပွားရေးလုပ်ငန်း ဗဟိုဌာနအဆောက်အအုံ၌ကျင်းပသည်။

၁၉ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီသည် အောက်တိုဘာ ၁၉ ရက်နေ့စွဲဖြင့် ကြေညာချက်အမှတ် ၃/၂၀၀၄ ထုတ်ပြန်ကာ ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းအား နိုင်ငံတော်ဝန်ကြီးချုပ်အဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် အောက်တိုဘာ ၁၉ ရက်နေ့စွဲဖြင့် ကြေညာချက်အမှတ် ၄/၂၀၀၄ ထုတ်ပြန်ကာ ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်အား နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) အဖြစ်တာဝန်ပေးအပ်လိုက်သည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် အောက်တိုဘာ ၁၉ ရက်နေ့စွဲဖြင့် ကြေညာချက်အမှတ် ၂/၂၀၀၄ ထုတ်ပြန်ကာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်အား ကျန်းမာရေးအခြေအနေအရ တာဝန်မှအနားယူခွင့်ပြုလိုက်သည်။

၂၂ အင်ဒိုနီးရှားသမ္မတ ဆူဆီလိုဘန်းဘန်းယူဒိုယိုနိုက အင်ဒိုနီးရှားနိုင်ငံက အလိုရှိနေသော အကြမ်းဖက်သမားများ ဖြစ်ကြသည့် အဇာဟာရီနှင့် နော်ဒင်မူး တော့်ပ်တို့နှစ်ဦးအား ရက် ၁၀၀ အတွင်း ဖမ်းဆီးရန် ရဲတပ်ဖွဲ့ဝင်အကြီးအကဲ ဒိုင်ဘက်တားကို အမိန့်ပေးလိုက်သည်။

ကဆုရရှိသူများအား ဆုများအသီးသီး ချီးမြှင့်သည်။

၄ အမျိုးသားကျန်းမာရေး ကော်မတီ (၄၂)ကြိမ်မြောက် အစည်းအဝေးကို ရန်ကုန်မြို့ကုန်းမြင့်သာ ဇေယျာသီရိဗိမာန်အစည်းအဝေးခန်းမတွင် ကျင်းပသည်။ အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌနိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်တက်ရောက် ဆွေးနွေးမှာကြားသည်။

၆ ကာကွယ်ရေးဝန်ကြီးဌာန (၅၁) ကြိမ်မြောက် မိသားစုဘုံကထိန်ကို ကာကွယ်ရေးဝန်ကြီးဌာန အနော်ရထာခန်းမတွင် ကျင်းပသည်။ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်လက်ထပ်ထိမ်းမြားခံယူခဲ့သော ဒေါ်ကြိုင်ကြိုင်တက်ရောက်၍ သံယာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

အီရတ်စစ်ပွဲသည် အမေရိကန်တို့အဖို့ နောက်ထပ်ဗီယက်နမ်စစ်ပွဲကဲ့သို့ ဖြစ်လာမည်ဖြစ်ကြောင်း အီရတ်အကြီးအကဲတစ်ဦးကသတိပေးပြောကြားသည်။

အီရတ်နိုင်ငံတြဲဂဒေသတွင် အသေခံတိုးခွဲမှုများဖြစ်ပွားသည်။ လူ ၃၀ ကျော်သေဆုံးပြီး ၆၀ ကျော်ဒဏ်ရာရသည်။ ဖော်လူဂျာမြို့ကို အမေရိကန် မရိန်းတပ်ဖွဲ့ဝင်များက တိုက်ခိုက်ရန် ပြင်ဆင်နေချိန်၌ ယင်းသို့ အသေခံတိုးခွဲတိုက်ခိုက်မှုများပေါ်ပေါက်လာခဲ့ခြင်းဖြစ်သည်။

စတုတ္ထအကြိမ် ပုဒ္ဓဘာသာထိပ်သီးညီလာခံကျင်းပရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို အပြည်ပြည်ဆိုင်ရာထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ်ဗဟိုဆောင်အစည်းအဝေးခန်းမတွင် ကျင်းပသည်။ စတုတ္ထအကြိမ် ကမ္ဘာ့ပုဒ္ဓဘာသာထိပ်သီးညီလာခံကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း(ယခုဗိုလ်ချုပ်ကြီး) တက်ရောက်၍ မိန့်ခွန်းပြောကြားသည်။

နိဝင်ဘာလ

၂ ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဆန်းအား မြန်မာနိုင်ငံပေါ်နှစ်နိုင်ငံ သတင်းစာကိုယ်စားလှယ်အဖွဲ့များ အပြန်အလှန်လေ့လာရေး အစီအစဉ်အရ ရန်ကုန်မြို့တွင် လေ့လာရေးခရီးရောက်ရှိနေသော နိုင်ငံခြားသတင်းစာဆရာကိုယ်စားလှယ်အဖွဲ့က ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီးရုံးဧည့်ခန်းသို့လာရောက်တွေ့ဆုံနှုတ်ဆက်သည်။

တရုတ်နိုင်ငံ၏ အာကာသသို့ လူလိုက်ပါပျံသန်းမည့်ဒုတိယမြောက်ပြိုဟ်တုကို တရုတ်နိုင်ငံ ကျူကွမ်းပြိုဟ်တုလွှတ်တင်ရေးဌာနက လွှတ်တင်သည်။

၇ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များကတရုတ်ပြည်သူ့သမ္မတနိုင်ငံကွန်မြူနစ်ပါတီတွင် ကျင်းပမည့် တရုတ်-အာဆီယံ စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာထိပ်သီးအစည်းအဝေးပွဲသို့ တက်ရောက်ရန် ထွက်ခွာသွားသော ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း (ယခု ဗိုလ်ချုပ်ကြီး) ခေါင်းဆောင်သောမြန်မာကိုယ်စားလှယ်အဖွဲ့ကို ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ပို့ဆောင်နှုတ်ဆက်သည်။

၉ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များကတရုတ်ပြည်သူ့သမ္မတနိုင်ငံကွန်မြူနစ်ပါတီတွင် ကျင်းပမည့် တရုတ်-အာဆီယံ စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာထိပ်သီးအစည်းအဝေးပွဲသို့ တက်ရောက်ရန် ထွက်ခွာသွားသော ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း (ယခုဗိုလ်ချုပ်ကြီး) တက်ရောက်၍ မိန့်ခွန်းပြောကြားသည်။

၁၄ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီး သူရရွှေမန်းနှင့် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း (ယခု ဗိုလ်ချုပ်ကြီး)တို့သည် ရန်ကုန်မြို့ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်ခန်းမ၌ ကျင်းပသည့်ယနေ့နိုင်ငံတော်၌ပြောင်းလဲဖြစ်ပေါ်နေသော အခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းပွဲအခမ်းအနားကို တက်ရောက်၍ရှင်းလင်းပြောကြားသည်။

၁၄ ပြည်ထောင်စုမြန်မာနိုင်ငံတော်
၁၉ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်ဇနီး ဒေါ်ကြိုင်ကြိုင်တို့သည်အိန္ဒိယသမ္မတနိုင်ငံသမ္မတဒေါက်တာအေ၊ ပီ၊ ဂျေအဗ္ဗဒူလ်ကလမ်၏ဖိတ်ကြားချက်အရအိန္ဒိယသမ္မတနိုင်ငံသို့အပြည်ပြည်ဆိုင်ရာမြန်မာ့လေကြောင်းအထူးလေယာဉ်ဖြင့်ရန်ကုန်မြို့မှ အိန္ဒိယသမ္မတနိုင်ငံနယူးဒေလီမြို့သို့ထွက်ခွာသည်။အောက်တိုဘာ ၂၉ ရက် နေ့ ညနေ ၄ နာရီ မိနစ် ၅၀ တွင် အိန္ဒိယသမ္မတနိုင်ငံ နယူးဒေလီမြို့မှအပြည်ပြည်ဆိုင်ရာမြန်မာ့လေကြောင်းအထူးလေယာဉ်ဖြင့် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိသည်။

၁၃ မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပသည့် မဲခေါင်မြစ်ဝှမ်းဒေသအတွင်း လူကုန်ကူးမှုပူးပေါင်းတိုက်ဖျက်ရေးဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးဖွင့်ပွဲ အခမ်းအနားကို ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းရှိ ဆီဒိုးနားဟိုတယ်၌ ကျင်းပသည်။

၁၉ မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပသောမဲခေါင်မြစ်ဝှမ်းဒေသအတွင်း လူကုန်ကူးမှု ပူးပေါင်းတိုက်ဖျက်ရေးဆိုင်ရာ ဝန်ကြီးအဆင့် အစည်းအဝေးဖွင့်ပွဲ အခမ်းအနားကို ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းရှိ ဆီဒိုးနားဟိုတယ်၌ ကျင်းပရာ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း (ယခုဗိုလ်ချုပ်ကြီး) တက်ရောက်၍ မိန့်ခွန်းပြောကြားသည်။

၂၇ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီး သူရရွှေမန်းနှင့် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း (ယခု ဗိုလ်ချုပ်ကြီး)တို့သည် ရန်ကုန်မြို့ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်ခန်းမ၌ ကျင်းပသည့်ယနေ့နိုင်ငံတော်၌ပြောင်းလဲဖြစ်ပေါ်နေသော အခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းပွဲအခမ်းအနားကို တက်ရောက်၍ရှင်းလင်းပြောကြားသည်။

၂၄ ပြည်ထောင်စုမြန်မာနိုင်ငံတော်
၂၉ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်ဇနီး ဒေါ်ကြိုင်ကြိုင်တို့သည်အိန္ဒိယသမ္မတနိုင်ငံသမ္မတဒေါက်တာအေ၊ ပီ၊ ဂျေအဗ္ဗဒူလ်ကလမ်၏ဖိတ်ကြားချက်အရအိန္ဒိယသမ္မတနိုင်ငံသို့အပြည်ပြည်ဆိုင်ရာမြန်မာ့လေကြောင်းအထူးလေယာဉ်ဖြင့်ရန်ကုန်မြို့မှ အိန္ဒိယသမ္မတနိုင်ငံနယူးဒေလီမြို့သို့ထွက်ခွာသည်။အောက်တိုဘာ ၂၉ ရက် နေ့ ညနေ ၄ နာရီ မိနစ် ၅၀ တွင် အိန္ဒိယသမ္မတနိုင်ငံ နယူးဒေလီမြို့မှအပြည်ပြည်ဆိုင်ရာမြန်မာ့လေကြောင်းအထူးလေယာဉ်ဖြင့် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိသည်။

၂၃ မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပသည့် မဲခေါင်မြစ်ဝှမ်းဒေသအတွင်း လူကုန်ကူးမှုပူးပေါင်းတိုက်ဖျက်ရေးဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးဖွင့်ပွဲ အခမ်းအနားကို ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းရှိ ဆီဒိုးနားဟိုတယ်၌ ကျင်းပသည်။

၂၉ မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပသောမဲခေါင်မြစ်ဝှမ်းဒေသအတွင်း လူကုန်ကူးမှု ပူးပေါင်းတိုက်ဖျက်ရေးဆိုင်ရာ ဝန်ကြီးအဆင့် အစည်းအဝေးဖွင့်ပွဲ အခမ်းအနားကို ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းရှိ ဆီဒိုးနားဟိုတယ်၌ ကျင်းပရာ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယ



ဒွါဒသမအကြိမ် (၁၂) ကြိမ် မြန်မာ့ရိုးရာယဉ်ကျေးမှုအဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပရေး နာယကအဖွဲ့ဝင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် အဆင့်မြင့်ပညာအဆင့် (အမျိုးသား) မဟာဂီတအဆိုပြိုင်ပွဲအထူးဆုရ ကရင်ပြည်နယ်မှ မြိုင်ကြီးဌ စောစိုင်းလင်းအောင်အား ဆုချီးမြှင့်စဉ်

၁၀ ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းက ကြီးမှူးဖွင့်လှစ်သော သတင်းစာပညာသင်တန်းအမှတ်စဉ် (၁/၂၀၀၄) သင်တန်းဆင်းပွဲအခမ်းအနားကို နယူးလိုက်အော့(ဖ်)မြန်မာသတင်းစာတိုက် သင်တန်းခန်းမတွင် ကျင်းပသည်။ ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း တက်ရောက်အမှာစကားပြောကြားသည်။

၁၂ ပြည်ထောင်စုမြန်မာနိုင်ငံတော်နိုင်ငံတော်ဝန်ကြီးချုပ်ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း (ယခုဗိုလ်ချုပ်ကြီး) သည် ရန်ကုန်မြို့တွင် ရောက်ရှိသော အင်ဒိုနီးရှားသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီးဒေါက်တာအင်နာဟတ်ဆန်ဝီရာယုဒနှင့် အဖွဲ့ဝင်များကို ရန်ကုန်မြို့ ကုန်းမြင့်သာ ဇေယျာသီရိဗိမာန်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

၁၃ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ဧရာဝတီတိုင်းသို့ သွားရောက်၍ ရေနံနှင့်သဘာဝဓာတ်ငွေ့ရှာဖွေဖော်ထုတ်ရေးပန်းတနော်အစမ်းတွင်း (၁)နှင့် ပုသိမ်တံတားတည်ဆောက်ပြီးစီးမှုများကို စစ်ဆေးသည်။ ဧရာဝတီတိုင်းအတွင်းရှိ လမ်း၊ တံတား၊ လေဆိပ်၊ကောလိပ်နှင့်ပဂ္ဂလိကဟာလဝါလုပ်ငန်း၊ ထီးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။

၁၄ ချာလ်တန်လီရှူးနှင့်ချန်အာမစ်လီအမည်ရှိအမေရိကန်ဇနီး မောင်နှံနှစ်ဦးသည် ဟောင်ကောင်မှ ဗီယက်နမ်နိုင်ငံသို့ ရောက်ရှိလာခဲ့ကြရာ ၎င်းတို့နှင့်ပါလာသောအမေရိကန်ဒေါ်လာတစ်သိန်းငါးထောင်ကို တန်ဆတ်နတ် အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကုန်းတင်ကြေးမပေးဘဲ ဖုံးကွယ်ထားသည်ကို ကုန်သွယ်ရေးဌာနမှ ဝန်ထမ်းများက စစ်ဆေးတွေ့ရှိသဖြင့် ဒဏ်ငွေကျပ်သိန်း ၂၀၀ ကျပ်ခဲ့ရသည်။

၁၅ ပြည်ထောင်စုမြန်မာနိုင်ငံတော်နိုင်ငံတော်ဝန်ကြီးချုပ်ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း (ယခုဗိုလ်ချုပ်ကြီး) တက်ရောက်ဆွေးနွေးမှာကြားသည်။

၁၆ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ၂၀၀၄ ခုနှစ် အောက်တိုဘာ ၂၄ ရက်မှ ၂၉ ရက် အထိအိန္ဒိယသမ္မတနိုင်ငံသို့ချစ်ကြည်ရေးခရီးသွားရောက်ခဲ့စဉ်အတွင်းလက်မှတ်ရေးထိုးခဲ့ကြသည့် မြန်မာ-အိန္ဒိယ နှစ်နိုင်ငံသဘောတူစာချုပ်များ အကောင်အထည်ဖော်ရေးလုပ်ငန်းများနှင့်စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေးကို ဇေယျာသီရိဗိမာန်အစည်းအဝေးခန်းမတွင် ကျင်းပသည်။ အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်တက်ရောက်ဆွေးနွေးမှာကြားသည်။

၁၇ ကမ္ဘောဒီးယားနိုင်ငံဖနွမ်းပင်မြို့တွင် (၅၁) နှစ်မြောက် လွတ်လပ်ရေးနေ့အခမ်းအနား ကျင်းပသည်။ ကမ္ဘောဒီးယားနိုင်ငံဘုရင်သစ် ပရယ်ကာရိုနာပရယ်ဘတ်ဆမ်ဒက်ပရယ်ဘိုရွန်နစ်နိုရိဒွန်ဆီဟာမိုနီ တက်ရောက်၍ ဂုဏ်ပြုတပ်ဖွဲ့ကို စစ်ဆေးသည်။

၁၈ ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းက ကြီးမှူးဖွင့်လှစ်သော သတင်းစာပညာသင်တန်းအမှတ်စဉ် (၁/၂၀၀၄) သင်တန်းဆင်းပွဲအခမ်းအနားကို နယူးလိုက်အော့(ဖ်)မြန်မာသတင်းစာတိုက် သင်တန်းခန်းမတွင် ကျင်းပသည်။ ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း တက်ရောက်အမှာစကားပြောကြားသည်။

၁၉ ပြည်ထောင်စုမြန်မာနိုင်ငံတော်နိုင်ငံတော်ဝန်ကြီးချုပ်ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း (ယခုဗိုလ်ချုပ်ကြီး) သည် ရန်ကုန်မြို့တွင် ရောက်ရှိသော အင်ဒိုနီးရှားသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီးဒေါက်တာအင်နာဟတ်ဆန်ဝီရာယုဒနှင့် အဖွဲ့ဝင်များကို ရန်ကုန်မြို့ ကုန်းမြင့်သာ ဇေယျာသီရိဗိမာန်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

၂၀ ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းက ကြီးမှူးဖွင့်လှစ်သော သတင်းစာပညာသင်တန်းအမှတ်စဉ် (၁/၂၀၀၄) သင်တန်းဆင်းပွဲအခမ်းအနားကို နယူးလိုက်အော့(ဖ်)မြန်မာသတင်းစာတိုက် သင်တန်းခန်းမတွင် ကျင်းပသည်။ ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း တက်ရောက်အမှာစကားပြောကြားသည်။

၂၁ ပြည်ထောင်စုမြန်မာနိုင်ငံတော်နိုင်ငံတော်ဝန်ကြီးချုပ်ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း (ယခုဗိုလ်ချုပ်ကြီး) သည် ရန်ကုန်မြို့တွင် ရောက်ရှိသော အင်ဒိုနီးရှားသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီးဒေါက်တာအင်နာဟတ်ဆန်ဝီရာယုဒနှင့် အဖွဲ့ဝင်များကို ရန်ကုန်မြို့ ကုန်းမြင့်သာ ဇေယျာသီရိဗိမာန်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

၂၂ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ဧရာဝတီတိုင်းသို့ သွားရောက်၍ ရေနံနှင့်သဘာဝဓာတ်ငွေ့ရှာဖွေဖော်ထုတ်ရေးပန်းတနော်အစမ်းတွင်း (၁)နှင့် ပုသိမ်တံတားတည်ဆောက်ပြီးစီးမှုများကို စစ်ဆေးသည်။ ဧရာဝတီတိုင်းအတွင်းရှိ လမ်း၊ တံတား၊ လေဆိပ်၊ကောလိပ်နှင့်ပဂ္ဂလိကဟာလဝါလုပ်ငန်း၊ ထီးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။

၂၃ ချာလ်တန်လီရှူးနှင့်ချန်အာမစ်လီအမည်ရှိအမေရိကန်ဇနီး မောင်နှံနှစ်ဦးသည် ဟောင်ကောင်မှ ဗီယက်နမ်နိုင်ငံသို့ ရောက်ရှိလာခဲ့ကြရာ ၎င်းတို့နှင့်ပါလာသောအမေရိကန်ဒေါ်လာတစ်သိန်းငါးထောင်ကို တန်ဆတ်နတ် အပြည်ပြည်

ဆိုင်ရာလေဆိပ် အကောက်ခွန်တွင် ထုတ်ဖော်ကြေညာခဲ့ခြင်းမရှိဘဲတရားမဝင် သွင်းယူခဲ့သဖြင့် ထောင်ဒဏ်သုံးနှစ်ရှစ်လနှင့် ၂၂ ရက် ပြစ်ဒဏ်ချမှတ်ခံရသည်။

ကျပန်မင်းသမီး ဆာယာကိုသည် လာမည့်နွေဦးရာသီ၌ တိုကျိုမြို့တော်အုပ်ချုပ်ရေးမှဝန်ထမ်းတစ်ဦးနှင့်ထိမ်းမြားလက်ထပ်တော့မည်ဖြစ်ကြောင်းကျပန်မီဒီယာများက သတင်းထုတ်ပြန်သည်။

၁၅ နုတ်ထွက်သွားသော အမေရိကန်နိုင်ငံခြားရေးဝန်ကြီးကောလင်းပါဝဲလ်နေရာတွင်အစားထိုးရန်အမေရိကန်သမ္မတကျော့ဒဗလျူဘုရှ်က ၎င်း၏ အယုံကြည်ရဆုံးလူတစ်ဦးဖြစ်သူ အမျိုးသားလုံခြုံရေးအကြံပေး ကွန်ဒိုလီဇာရိုက်စ်ကို ရွေးချယ်လိုက်ကြောင်း ဝါရင့်အုပ်ချုပ်ရေးတာဝန်ရှိသူများက ပြောကြားသည်။ ဒုတိယအမျိုးသား လုံခြုံရေးအကြံပေး စတီဖင်ဟက်ဒ်လီကို ရိုက်စ်၏နေရာတွင် အစားထိုးခန့်အပ် လိုက်သည်။

၁၆ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးသည် ချစ်ကြည်ရေး အလည်အပတ် ရောက်ရှိသော



နိုဝင်ဘာ ၁၈ ရက်နေ့က ကွယ်လွန်သွားခဲ့သည့် ပါလက်စတိုင်းလွတ်မြောက်ရေးအဖွဲ့ခေါင်းဆောင် ယာဆာအာရာဖတ်အား ရာမာလ်လားရှိ ၎င်း၏နေအိမ်ဝင်းအတွင်းတွင် သင်္ကြန်ပြုမည်ဖြစ်ရာ ရုပ်ကလာပ်သယ်ဆောင်လာမည်ကို စောင့်ဆိုင်းနေကြသည့် ပါလက်စတိုင်းလူမျိုးများ

အိန္ဒိယ သမ္မတနိုင်ငံ အိန္ဒိယလေတပ်ဦးစီးချုပ် Aim Chief Marshal S Krishnaswamy ကို ရန်ကုန်မြို့ ဇေယျာသီရိဗိမာန်ခန်းမတွင်လက်ခံတွေ့ဆုံသည်။

၁၇ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နာယက နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းနှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး (၂၀၀၄)တွင် ဩဝါဒစကားမြွက်ကြားသည်။ ညပိုင်း၌ အစည်းအဝေးတက်ရောက်လာကြသော ကိုယ်စားလှယ်များနှင့် ထူးချွန်လူငယ်မောင်မယ်များအတွက် ပြုလုပ်သော ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်သည်။

၁၈ ပါလက်စတိုင်းလွတ်မြောက်ရေးအဖွဲ့(ပီအယ်အို) ခေါင်းဆောင် ယာဆာအာရာဖတ် (၇၅ နှစ်)သည် ပြင်သစ်နိုင်ငံပါရီမြို့အပြင်ရှိ ဆေးရုံတွင် ကွယ်လွန်ခဲ့သည်။

၁၉ နှစ်နိုင်ငံဆက်ဆံရေးနှင့် စပ်လျဉ်း၍ တရုတ်သမ္မတဟူကျင်တောင်နှင့် အင်ဒိုနီးရှားသမ္မတမစ္စတာ ဆူဆီလိုဘန်းဘန်းယူဒိုယိုနိုတို့သည် ဆန်တီယာဂို မြို့တွင် တွေ့ဆုံဆွေးနွေးသည်။

၂၀ ဆီအုန်း၊ ရာဘာနှင့် အမည် (အမယ်) သစ်သီးနှံများကို စိုက်ပျိုးရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး ညှိနှိုင်းအစည်းအဝေး (၈/၂၀၀၄)ကို ရန်ကုန်မြို့ ကုန်းမြင့်သာ ဇေယျာသီရိဗိမာန်အစည်းအဝေးခန်းမတွင် ကျင်းပသည်။ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်း တက်ရောက်ဆွေးနွေး မှာကြားသည်။

၂၁ ပုသိမ်တံတားဖွင့်ပွဲအခမ်းအနားကို ဧရာဝတီတိုင်း ပုသိမ်မြို့နယ်မရမ်းချောင်းကျေးရွာဘက်ကမ်းရှိ မင်္ဂလာမဏ္ဍပ်တွင် ကျင်းပသည်။ လမ်းပန်းဆက်သွယ်မှုလုံခြုံချောမွေ့စေရေး ကြီးကြပ်မှုဗဟိုအဖွဲ့ ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး (၁) ဒုတိယ ဗိုလ်ချုပ်ကြီး သိန်းစိန်တက်ရောက်သည်။

၂၃ ရုရှားသမ္မတဗလာဒီမာပူတင် သည် ပထမဆုံးခရီးစဉ်အဖြစ် ဘရာဇီးနိုင်ငံသို့ အလည်အပတ်ရောက်သည်။ ဘရာဇီးနိုင်ငံသမ္မတ လူးဝစ်နာရှီယိုလူလာနှင့်အတူ ဘရာဇီးအမျိုးသားကွန်ဂရက်အဖွဲ့ဝင်များနှင့် တွေ့ဆုံသည်။

၂၄ မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပသည့် (၆) ကြိမ်မြောက် အာရှဝုဏ္ဏားတံခွန်စိုက်ပြိုင်ပွဲဖွင့်ပွဲအခမ်းအနားကို သယ်န်းကျွန်းမြို့နယ် အမျိုးသားအားကစားရုံ(၁) သုဝဏ္ဏာတွင် ပြုလုပ်သည်။ မြန်မာနိုင်ငံအမျိုးသားအိုလံပစ်ကောင်စီဥက္ကဋ္ဌနိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး (၁) ဒုတိယ ဗိုလ်ချုပ်ကြီးသိန်းစိန် တက်ရောက် အားပေးခဲ့ကြမြင့်သည်။

၂၅ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးသည် တာဝန်ပြီးဆုံးထွက်ခွာမည့် ပါကစ္စတန်အစွလာမ်မစ် သမ္မတနိုင်ငံစစ်သံမှူး Colonel Ihsan UI Haq နှင့် စစ်သံမှူးသစ် Colonel Zafar Jamil တို့ကို ကုန်းမြင့်သာ ဇေယျာသီရိဗိမာန်ခန်းမတွင် လက်ခံတွေ့ဆုံသည်။

၂၆ ဝါရင်ဒါမာတုစေတိယ စွယ်တော်မြတ်စေတီတော် (ရန်ကုန်) နဝမအကြိမ် ဗုဒ္ဓပူဇနီယပွဲတော်ဗုဒ္ဓါဘိသေကအနေကဇာတင်ပွဲ ရွှေကြာသင်္ကန်းကပ်လှူပူဇော်ပွဲနှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲကို ဓမ္မပါလကုန်းမြေရှိ စွယ်တော်မြတ်စေတီတော်တွင် ကျင်းပသည်။ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌတပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီးဒေါ်ကြိုင်ကြိုင်တို့ တက်ရောက်၍ ဗုဒ္ဓရုပ်ပွားတော်အား ရွှေသင်္ကန်းကပ်လှူ၍ သံဃာတော်အရှင်မြတ်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

၂၇ နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်အဖွဲ့ဝင်များသည် လာအို ပြည်သူဒီမိုကရက်တစ်သမ္မတနိုင်ငံ ဗီယင်ကျန်းမြို့၌ကျင်းပမည့် (၁၀) ကြိမ်မြောက် အာဆီယံထိပ်သီးညီလာခံ၊ကမ္ဘောဒီးယား၊ လာအို၊မြန်မာ၊ဗီယက်နမ်ထိပ်သီးအစည်းအဝေး၊အာဆီယံနိုင်ငံအကြီးအကဲ၊အစိုးရအကြီးအကဲများနှင့်တရုတ်ပြည်သူသမ္မတနိုင်ငံ၊ ဂျပန်နိုင်ငံ၊ ကိုရီးယားသမ္မတနိုင်ငံတို့မှ အကြီးအကဲ၊အစိုးရအကြီးအကဲများထိပ်သီးအစည်းအဝေးများ၊ အာဆီယံ-အိန္ဒိယထိပ်သီး အစည်းအဝေးနှင့် အာဆီယံ-ဩစတြေးလျ နယူးဇီလန်အထိမ်းအမှတ် ထိပ်သီးအစည်းအဝေးများသို့ တက်ရောက်မည့် နိုင်ငံတော် ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်း (ယခုဗိုလ်ချုပ်ကြီး)အား ရန်ကုန် အပြည်ပြည်ဆိုင်ရာလေဆိပ်တွင်ပို့ဆောင် နှုတ်ဆက်သည်။

၂၉ အီရတ်နိုင်ငံကို အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များက ၂၀၀၃ ခုနှစ် မတ်လ ၂၀ ရက်နေ့၌ ကျူးကျော်ဝင်ရောက်တိုက်ခိုက်ခဲ့သည့် အချိန်မှစ၍ ဤနေ့အထိ အီရတ်တွင် သေဆုံးသော အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်ဦးရေမှာ ၁၂၇၇ ဦးရှိသည်။

ဒီဇင်ဘာလ

၁ အာဆီယံလေးနိုင်ငံဖြစ်သော ကမ္ဘောဒီးယား၊ လာအို၊ မြန်မာနှင့် ဗီယက်နမ်တို့သည် ၎င်းတို့၏ ဒေသခွဲဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုကို

တိုးမြှင့်သွားရန် သန္နိဋ္ဌာန်ပြုခဲ့ကြသည်ဟု ဆင်ဟွာသတင်းဌာနက ဖော်ပြသည်။

၂ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း)ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးက တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်မှဒုတိယကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့အား လက်ခံတွေ့ဆုံသည်။

၃ စာဆိုတော်နေ့ အထိမ်းအမှတ်၊ စာအုပ်စျေးပွဲတော် ဖွင့်ပွဲအခမ်းအနားသို့ပြန်ကြားရေးဝန်ကြီးဌာန၊ဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဆန်း တက်ရောက်ဖွင့်လှစ်သည်။

၅ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ တက်ရောက်ကြည့်ရှုပြီး အားကစားသမားများအား ရင်းရင်းနှီးနှီးနှုတ်ဆက်အားပေးသည်။

၆ ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစွတာ ဘောင်ညဲဘိုရာချစ်နှင့်အဖွဲ့အား လက်ခံတွေ့ဆုံသည်။

၇ ကမ္ဘာ့ဗဟုဘာသာထိပ်သီး ညီလာခံကို ရန်ကုန်မြို့ကမ္ဘာအေးစေတီ မဟာပါသာဏလိုဏ်ဂူတွင် စတင်ကျင်းပသည်။

၈ ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ်၊ ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း(ယခုဗိုလ်ချုပ်ကြီး)သည် ကမ္ဘာ့ဗုဒ္ဓဘာသာ ထိပ်သီးညီလာခံသို့ တက်ရောက်ရန် ရောက်ရှိနေကြသော ကမ္ဘောဒီးယားနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့်အဖွဲ့အား လက်ခံတွေ့ဆုံသည်။

၁၁ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် အမျိုးသား ထောက်လှမ်းရေးအဖွဲ့၏ မလျော်ကန်သော လုပ်ရပ်များကိုသုံးသပ်၍ အကျဉ်းသား ၅၀၇၀ကို ပြန်လည်လွှတ်ပေးသည်။

၁၄ ချစ်ကြည်ရေးခရီး အလည်အပတ် ရောက်ရှိခဲ့သော သီရိလင်္ကာဝန်ကြီးချုပ် မဟာဒါရာဂျာပက်(စ်)စီနှင့် ဇနီးအား ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီး



ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံစတင်ကျင်းပစဉ်

စိုးဝင်း (ယခု ဗိုလ်ချုပ်ကြီး)နှင့် ဇနီးတို့က ရန်ကုန်အပြည်ပြည် ဆိုင်ရာ လေဆိပ်သို့ ပို့ဆောင်နှုတ်ဆက် သည်။

၁၅ ပဥ္စမအကြိမ်၊ မြန်မာ့တိုင်းရင်းဆေး သမားတော်များ ညီလာခံဖွင့်ပွဲ အခမ်းအနားသို့ နိုင်ငံတော်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ အတွင်းရေးမှူး (၁)၊ ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်တက်ရောက်မိန့်ခွန်းပြောကြား သည်။

၁၆ ဒုတိယတပ်မတော် ကာကွယ်ရေး ဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ် (ကြည်း)ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး သည် တရုတ်ပြည်သူ့လွတ်မြောက်ရေး တပ်မတော်မှ ဒုတိယ ဗိုလ်ချုပ်ကြီး Lieutenant General Sun Zhiqing နှင့်အဖွဲ့ဝင်များအားလက်ခံတွေ့ဆုံသည်။

၁၇ စစ်တက္ကသိုလ်၊ဗိုလ်လောင်းသင်တန်း အမှတ်စဉ် (၄၇) သင်တန်းဆင်း ပွဲ အခမ်းအနားသို့ တပ်မတော်ကာကွယ် ရေးဦးစီးချုပ်၊ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ တက်ရောက်မိန့်ခွန်းပြောကြားသည်။

၁၉ ပြန်ကြားရေးဝန်ကြီးဌာန၊ ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် မြန်မာ့ အသံနှင့် ရုပ်မြင်သံကြားသို့ သွားရောက် ၍ MRTV 4 တိုးချဲ့ထုတ်လွှင့်ရေးနှင့် စပ်လျဉ်း၍တာဝန်ရှိပုဂ္ဂိုလ်များကိုတွေ့ဆုံ မှာကြားသည်။

၂၀ နိုင်ငံတော် အေးချမ်းသာယာရေး နှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ပုဂံညောင် ဦးတွင် တည်ဆောက်နေသောပုဂံရွှေနန်း တော်၏တောင်စမုခ်ဆောင်တည်ဆောက် ရေးလုပ်ငန်းနှင့် ပဋ္ဌပါသာဒရွှေနန်းတော် ကြီး တည်ဆောက်ရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။

၂၄ တပ်မတော်နည်းပညာ တက္ကသိုလ်၊ ဗိုလ်လောင်းသင်တန်း၊ အမှတ်စဉ် (၇) ဆင်းပွဲသို့ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေ တက်ရောက်မိန့်ခွန်း ပြောကြားသည်။


၂၆ မြန်မာ့ရုပ်ရှင်ထူးချွန်ဆု (၂၀၀၃) ချီးမြှင့်ပွဲ အခမ်းအနားကို အမျိုး သားအားကစားရုံ (၁) သုဝဏ္ဏတွင် ကျင်းပသည်။ နိုင်ငံတော်အေးချမ်းသာယာ နှင့် ဖွံ့ဖြိုးရေးကောင်စီ၊ အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်တက်ရောက် အားပေးပြီး ပြန်ကြားရေးဝန်ကြီးဌာန၊ ဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဆန်းက အမှာ စကားပြောကြားကာ ဆုများချီးမြှင့်သည်။

ကပ္ပလီပင်လယ်ပြင် အောက်ခံ ကြမ်းပြင်ကို ဗဟိုပြု၍ ပြင်းထန်သော ငလျင်တစ်ခု (ဆူနာမီ) လှုပ်ရှားသွားခဲ့ ကြောင်း နိုင်ငံတကာသတင်းဌာနများက ထုတ်ပြန်ကြေညာသည်။


၂၇ နိုင်ငံတော် အေးချမ်းသာယာရေး နှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် အထူးစီမံ ကိန်းများအကောင်အထည်ဖော်ရေး အဖွဲ့၏ (၂/၂၀၀၄) ညီနှိုင်းအစည်း အဝေးသို့ တက်ရောက်လမ်းညွှန်မှာကြား သည်။

၂၉ နိုင်ငံတော်ဝန်ကြီးချုပ်၊ ဒုတိယ ဗိုလ်ချုပ်ကြီးစိုးဝင်း (ယခုဗိုလ်ချုပ် ကြီး)သည် မကွေးတိုင်း စေတုတ္တရာမြို့ နယ်ရှိ မုန်းချောင်းဘက်စုံရေလှောင်တမံ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အမှာ စကားပြောကြားသည်။

၃၀ နိုင်ငံတော် အေးချမ်းသာယာရေး နှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် နယ်စပ် ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော် ရေး ဗဟိုကော်မတီအစည်းအဝေး (၂/ ၂၀၀၄) သို့ တက်ရောက်၍ အမှာစကား ပြောကြားသည်။



ဒီဇင်ဘာ ၂၆ ရက်နေ့က ကပ္ပလီပင်လယ်ပြင်အောက်ခံကြမ်းပြင်ကို ဗဟိုပြု၍ ပြင်းထန်သောငလျင် (ဆူနာမီ) လှုပ်သွားခဲ့ရာ ငလျင်ဗဟိုချက်နှင့်အနီးကပ်ဆုံးဒေသတစ်ခုဖြစ်သည့် အင်ဒိုနီးရှားနိုင်ငံ အာချီပြည်နယ်ရှိ မူလာဘိုးကမ်းရိုးတန်းမြို့မှ အပျက်အစီးများကို တွေ့ရစဉ်



မြန်မာ့ကျောက်မျက်ရတနာများဖြင့် စီခြယ်ဖန်တီးထားသော ရွှေတိဂုံပုံတော်နှင့်
ရတနာမျိုးစုံစီခြယ်ထားသော စောင်းတန်း



ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်
ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဗိုလ်ချုပ်မှူးကြီးသန်းရွှေ ကမ္ဘာ့ဗဟုဇာနသာထိပ်သီးညီလာခံကြီးသို့ တက်ရောက်စဉ်




သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းပွဲအခမ်းအနားတွင် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏
ဇနီးဒေါ်ကြိုင်ကြိုင်က သီလရှင်ဆရာကြီးတစ်ပါးအား ဘွဲ့တံဆိပ်တော်ဆက်ကပ်လှူဒါန်းစဉ်



မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ပွဲအခမ်းအနားတွင် ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး
ဗိုလ်မှူးချုပ်ကျော်ဆန်းက ကျော်ဟိန်းအား ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်စဉ်



လူတိုင်းအတွက်ပညာရေးတွင် အခြေခံကျသော ကျောင်းနေရွယ်ကလေးသူငယ်များအားလုံး
ပညာသင်ကြားပို့ချင်ကြ၏



သယံဇာတပေါများသော မြန်မာနိုင်ငံ၏ ပြယုဂ်ဖြစ်သည့် ၉၉ အသမ ၉ သန့်စင်သည့် မြန်မာ့ရွှေချောင်း



ဆို-က-ရေး-တီးပြိုင်ပွဲဝင်ကျောင်းသူကလေးတစ်ဦး၏ ကတန်




ဆို-က-ရေး-တီး အတီးပြိုင်ပွဲဝင် ကျောင်းသားကလေးတစ်ဦး၏ ပတ္တလားတီးခတ်ဟန်

အမှတ်-၂

ဘာသာ သာသနာ၊ ပညာရေး၊ စီးပွားရေး၊ စာပေရေးရာနှင့် အခြားနှစ်ချုပ်ဆောင်းပါးများ

* ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံကြီး	..... မခင်နွဲ့ဟန်ကြည်	.....	၃၄
* လူတိုင်းအတွက် ပညာရေး	..... ဦးသန်းဦး	.....	၆၀
	ဦးတင်ညို့		
* ဈေးကွက်စီးပွားရေးစနစ်ဖွံ့ဖြိုး	..... အေး	.....	၆၈
စေမည့် ကုန်စည်ပြပွဲများ	(ရန်ကုန်တက္ကသိုလ်)		
* ကနောင်မင်းသားကြီးဦးစီးတည်ဆောက်	..... စိုးတင့် (IWT)	.....	၈၀
ခဲ့သော ရတနာပုံသဘော်ကျင်း			
* မြန်မာစာပေတွင်ဇာတကဏ္ဍအခန်းကဏ္ဍ	..... ဒေါက်တာခင်အေး	.....	၈၈
* နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုး	..... ဦးစိုးအောင်	.....	၉၈
များ၏ဖွံ့ဖြိုးတိုးတက်မှုများ			
* ဆူနာမီရေလှိုင်းကြီးများ	..... ဒေါက်တာစံလှသော်	.....	၁၀၈



ဗုဒ္ဓဘုရားအား ပူဇော်ခြင်း
ကမ္ဘာ့ဗုဒ္ဓဘာသာ ပရိယတ္တိသာသနာ့ဝန်ထမ်းများ ညီလာခံကြီးသို့ တက်ရောက်လာကြသော ဧည့်သည်တော်များ အားလုံးကို ကြိုဆိုပါသည်။ ဤညီလာခံကြီးသည် ကမ္ဘာ့ဗုဒ္ဓဘာသာ ပရိယတ္တိသာသနာ့ဝန်ထမ်းများ ပူးပေါင်းဆောင်ရွက်ရေးအတွက် အခြေခံအုတ်မြစ်ကောင်းတစ်ခု ချမှတ်ပေးနိုင်လိမ့်မည်ဟု ယုံကြည်ပါသည်။ ဆင်းရဲဒုက္ခသည် ကမ္ဘာ့ပြဿနာ ဖြစ်နေသည့်အတွက် ဤကမ္ဘာ့ပြဿနာကို ဖြေရှင်းပေးနိုင်ရန် ကမ္ဘာ့ဗုဒ္ဓဘာသာ ပရိယတ္တိသာသနာ့ဝန်ထမ်းများ ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ပါကြောင်း ဖြစ်ပါသည်။

ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံကြီး

နိဒါန်း

ကမ္ဘာပေါ်တွင် လူမျိုးအသီးသီးတို့သည် ဘာသာအယူဝါဒအမျိုးမျိုး ဆည်းကပ်ကိုးကွယ်လျက်ရှိကြရာ ဗုဒ္ဓဘာသာ၊ ခရစ်ယာန်ဘာသာ၊ အစ္စလာမ်ဘာသာ၊ ဟိန္ဒူဘာသာတို့မှာ ထင်ရှားသော ဘာသာအယူဝါဒများဖြစ်ကြသည်။ ဗုဒ္ဓဘာသာသည် ကမ္ဘာ့လူသားများကိုးကွယ်ဆည်းကပ်သော ဘာသာကြီးတစ်ခုဖြစ်ပြီး ယုံကြည်လက်ခံကိုးကွယ်သူ သန်း ၃၅၀ ကျော်ခန့်ရှိသည်ဟု သိရသည်။

မြတ်ဗုဒ္ဓဘုရားသခင် ပရိနိဗ္ဗာန်ပြုပြီး နောက် သုံးလအကြာ သာသနာနှစ် (၁)နှစ် ဘီစီ (၅၄၄)တွင် အိန္ဒိယနိုင်ငံ၊ ရာဇဂြိုဟ်မြို့၊ ဝေဘာရတောင်၊ သတ္တဝဏ္ဏိလိုဏ်ဂူတွင် ပထမသင်္ဂါယနာတင်တော်မူသည်။ အဇာတသတ်မင်းလက်ထက်ဖြစ်၍ အရှင်မဟာကဿပခေါင်းဆောင်လျက် ရဟန္တာကြီး (၅၀၀)ပါဝင်ကြ၍ ဗုဒ္ဓ၏ တရားတော်မြတ်တို့ကို (၇)လကြာ နှုတ်တက်အာဂုံဆောင်ခဲ့ကြသည်။ ထို့နောက် သာသနာနှစ် (၁၀၀)၊ ဘီစီ (၄၄၃)တွင် ဝဇ္ဇီတိုင်းသား ရဟန်းများက အဓမ္မဝတ္ထု (၁၀)ပါး ဟောပြောနေမှုကိုအကြောင်းပြု၍ အိန္ဒိယနိုင်ငံ၊ ဝေသာလီပြည်၊ ဝါလုကာရုံကျောင်းတွင် အရှင်မဟာယသခေါင်းဆောင်လျက် ရဟန္တာ (၇၀၀) တို့ပါဝင်ပြီး (၇)လကြာ တရားတော်များကို နှုတ်တက်အာဂုံရွတ်ဆိုလျက် ဒုတိယသင်္ဂါယနာတင်တော်မူကြသည်။ ကာလာသောကမင်းလက်ထက်တွင်ဖြစ်သည်။



ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံကြီးဖွင့်ပွဲမင်္ဂလာအခမ်းအနားကျင်းပစဉ်

ဝင္ရိုတိုင်းသားရဟန်းများသည် မြတ်စွာဘုရား၏ ပညတ်တော်သိက္ခာပုဒ်များကို အမျိုးမျိုးကျူးလွန်ဖောက်ဖျက်ခဲ့ကြသည်။ ဝိနည်းသိက္ခာပုဒ်များတွင် (၁၀) ချက် ပြင်ဆင်လာကြသည်။ မြတ်စွာဘုရား ပရိနိဗ္ဗာန်စံပြီးနောက် နှစ် ၁၀၀ အကြာ ဒုတိယအကြိမ် သင်္ဂါယနာတင်ရာ၌ ရဟန္တာမထေရ်ကြီးတို့၏ ဆုံးဖြတ်ချက်များကို မလိုက်နာသော ဝင္ရိုတိုင်းသားရဟန်းများအား သံဃာ့ကံပြု၍ နှင်ထုတ်လိုက်ရာ ဝင္ရိုပုတ္တက ရဟန်းများလည်း အဓမ္မဝါဒီရဟန်းများကို စုစည်းရုံး၍ကောသမ္ဗီပြည်တွင် စင်ပြိုင်သင်္ဂါယနာတင်ခဲ့ကြသည်။ မဟာသင်္ဃိတိသင်္ဂါယနာဟု ဆိုကြသည်။ ယင်းတို့၏ ဂိုဏ်းကိုလည်း မဟာသံဃိကဂိုဏ်းဟုခေါ်သည်။

မြတ်စွာဘုရားရှင်၏ အစဉ်အဆက် တပည့်ကြီးများဖြစ်သော အရှင်မဟာမောဂ္ဂလိပုတ္တတိဿမထေရ်နှင့် ရဟန္တာ (၁၀၀၀)တို့သည် သာသနာနှစ် (၂၃၅)၊ ဘီစီ (၃၀၈)တွင် ရဟန်းတုခြောက်သောင်းတို့က သာသနာတွင်းသို့ မိစ္ဆာဝါဒီများ သွတ်သွင်းလာမှုကို အကြောင်းပြု၍ အိန္ဒိယနိုင်ငံ၊ ပါဋလိပုတ်ပြည် အသောကာရုံကျောင်းတွင် တတိယသင်္ဂါယနာတင်တော်မူခဲ့ပါသည်။ သီရိဓမ္မာသောကမင်းလက်ထက်တွင်ဖြစ်၍ တရားတော်များကို နှုတ်တက်အာဂုံရွတ်ဆိုလျက် သင်္ဂါယနာတင်ကြရာ (၉)လ ကြာမြင့်ခဲ့သည်။

ဘီစီ (၁၀၀)ခန့်တွင် သီရိလင်္ကာနိုင်ငံ (သီဟိုဠ်နိုင်ငံ)၌ ၁၂ နှစ်ကြာအောင်ပင် သူပုန်ဘေး၊ ငတ်မွတ်ဘေးဆိုးကြီး ကြုံလာခဲ့ပါသည်။ ထိုဘေးကြီးများကြောင့် ပိဋကသုံးပုံမကွယ်ပနိုင်စေရန် သာသနာနှစ် (၄၅၀)၊ ဘီစီ (၉၄) ဝဋ္ဋဂါမဏိမင်းလက်ထက်တွင် သီရိလင်္ကာနိုင်ငံ မလယဇနပုဒ်အာလောကလိုဏ်ဂူတွင် အရှင်မဟာဓမ္မရက္ခိတမထေရ်ဦးဆောင် လျက် ရဟန္တာ ၅၀၀ တို့သည် (၁)နှစ်ကြာ ပေထက်အက္ခရာတင်၍ စတုတ္ထသင်္ဂါယနာတင်တော်မူသည်။

သာသနာနှစ် (၄၄၁၅)၊ မြန်မာသက္ကရာဇ် (၁၂၃၂)၊ အေဒီ (၁၈၇၁) မင်းတုန်းမင်းတရားကြီးလက်ထက်တွင် ပေပုရပိုက်မူကွဲများ၊ ညီညွတ်စေရန်နှင့် အခွန်ရှည်ကြာတည်မြဲစေရန်အတွက် ဒက္ခိဏာရာမဘုရားကြီးတိုက်ဆရာတော် မဟာရာဇာဓိရာဇဂုရုဘဒ္ဒန္တဇာဂရာဘိဝံသနှင့် သံဃာတော် (၂၄၀၀) တို့သည် မြန်မာနိုင်ငံတော် မန္တလေးမြို့၊ ရွှေနန်းတော်ကြီးတွင် (၅)လ (၃)ရက်ကြာ နှုတ်တက်အာဂုံရွတ်ဆိုလျက် ပဉ္စမသင်္ဂါယနာ တင်တော်မူကြသည်။ ထို့နောက် (၇)နှစ် (၆)လ၊ (၁၄)ရက်ကြာ ကျောက်ထက်အက္ခရာတင်ခဲ့သည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရသည် သာသနာနှစ် (၂၄၉၈)၊ မြန်မာသက္ကရာဇ် (၁၃၁၆)၊ အေဒီ (၁၉၅၄)ခုနှစ်တွင် ထေရဝါဒနိုင်ငံများဖြစ်ကြသော ထိုင်းနိုင်ငံ၊ သီရိလင်္ကာနိုင်ငံ၊ ကမ္ဘောဒီးယားနိုင်ငံ၊ လာအိုနိုင်ငံတို့ပါဝင်လျက် ပိဋကတ်ကျမ်းစာမူအမျိုးမျိုးကို သုတ်သင်သန့်ရှင်း၍ မူမှန်တစ်ခုတည်းတည်ရှိစေရန် ရန်ကုန်မြို့၊ သီရိမင်္ဂလာကမ္ဘာအေး ကုန်းမြေ၊ မဟာပါသာဏလိုဏ်ဂူတော်ကြီးတွင် အဘိဓဇမဟာရဋ္ဌဂုရု ညောင်ရမ်းဆရာတော်ဘုရား ဘဒ္ဒန္တရေဝတခေါင်းဆောင်လျက် သံဃာတော် (၂၅၀၀)တို့က နှစ်နှစ်ကြာ နှုတ်တက်အာဂုံ စုပေါင်း ရွတ်ဆိုလျက်ဆဋ္ဌသင်္ဂါယနာတင်တော်မူကြသည်။ ထို့နောက် ပိဋကတ်တော်များကို ပုံနှိပ်အက္ခရာတင်နိုင်ခဲ့သည်။

ဤသို့ဖြင့် မြတ်စွာဘုရားရှင်၏ တရားဒေသနာတော်များကို ဆဋ္ဌသင်္ဂါယနာတိုင်အောင် အရှင်မဟာကဿပစသော မထေရ်အဆက်ဆက်တို့က မူရင်းမပျက် သင်္ဂါယနာတင်လျက် ထိန်းသိမ်းစောင့်ရှောက်ထားအပ်သော ဘုရားစကားပါဠိတော်အယူဝါဒစကားအစဉ်အတိုင်း ကျင့်ကြံနေထိုင်သော အယူဝါဒကို ထေရဝါဒဟုခေါ်သည်။

ကမ္ဘာနိုင်ငံများတွင် ဗုဒ္ဓဘာသာအားဖြင့် ထေရဝါဒဗုဒ္ဓဘာသာ၊ မဟာယာနဗုဒ္ဓဘာသာ နောက်ပိုင်းတွင် တိဗက်ဗုဒ္ဓဘာသာ၊ ဈင်ဗုဒ္ဓဘာသာ စသည်ဖြင့် ကွဲပြား

နသော်လည်း ယုံကြည်ကိုးကွယ်မှုအနှစ်သာရအားဖြင့် တူညီကြသည်ဟု ဆိုနိုင်သည်။

အခြိန်ကာလအနေအထားအားဖြင့်လည်းကောင်း၊ ဘာသာရောက်ရှိမှုနေရာဒေသ၊ ဓလေ့ထုံးစံ၊ ရာသီဥတု၊ လူနေမှုအခြေအနေစသည်အားဖြင့်လည်းကောင်း၊ ပုဒ္ဓဘာသာကို ခံယူပုံများသည် အသီးသီးကွဲပြားသည်လည်းရှိ၍ ရောနှောလက်ခံနေသည်များလည်းရှိသည်။ ထိုသို့ ဒေသအရပ်ရပ်သို့ရောက်ရှိ၍ ကွဲပြားခြားနားသည်ဟု ယူဆရသောပုဒ္ဓဘာသာကို မိမိနှစ်ခြိုက်သည့်အတိုင်း အစဉ်အဆက် လက်ခံကိုးကွယ်နေကြသော ပုဒ္ဓဘာသာဝင်တို့သည် စုစည်းညီညွတ်စွာ ပေါင်းစပ်ဆွေးနွေးညှိနှိုင်းအားပေးမှုကို အလွန်လိုလားကြသည်။ အထူးသဖြင့် မြန်မာနိုင်ငံတော်သည် ထေရဝါဒပုဒ္ဓသာသနာတော်မြတ်ကြီး နေနှယ်လပမာ ထွန်းတင့်ဖြာပြီး ကမ္ဘာအလယ်တွင် ထည်ဝါလှသော နိုင်ငံတော်ကြီးဖြစ်သဖြင့် မြန်မာနိုင်ငံတော်တွင် ထိုသို့သော ပုဒ္ဓဘာသာညှိနှိုင်း ဆွေးနွေးမှုများကို ကျင်းပရန် တောင့်တကြသည်။

ကမ္ဘာ့ပုဒ္ဓဘာသာထိပ်သီးညီလာခံကြီး

ကမ္ဘာ့ပုဒ္ဓဘာသာဝင်တို့၏ လိုလားတောင့်တချက်အားသန်သဖြင့် ကမ္ဘာ့ပုဒ္ဓဘာသာထိပ်သီး ညီလာခံကြီးသည် အောင်မြင်ဝင့်ထည်စွာ ဖြစ်ထွန်းခဲ့သည်။ မြတ်ပုဒ္ဓဟောကြားသော ဒေသနာတော်မြတ်များကို အခြေခံပြီး ကမ္ဘာ့နိုင်ငံအရပ်ရပ်ရှိ ဂိုဏ်းပေါင်းစုံပုဒ္ဓဘာသာဝင်များအားလုံး ညီညွတ်ရေး၊ ပုဒ္ဓ ဘာသာထွန်းကားပြန့်ပွားရေး ငြိမ်းချမ်းသော ကမ္ဘာကြီးဖြစ်ထွန်းရေးအတွက် ပုဒ္ဓဘာသာဝင်နိုင်ငံတို့က မိမိတို့တတ်စွမ်းသည့်အလျောက် ဝိုင်းဝန်းကူညီပံ့ပိုး ဆောင်ရွက်နိုင်ရေးတို့ကို ရည်သန်လျက် ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရသည် ကမ္ဘာ့ပုဒ္ဓဘာသာထိပ်သီးညီလာခံကြီးကို ၂၀၀၄ ခုနှစ်၊ ဒီဇင်ဘာလ (၉)ရက်၊ (၁၀)ရက်၊ (၁၁)ရက်နေ့များတွင် ရန်ကုန်မြို့၊ သီရိ မင်္ဂလာကမ္ဘာအေးကုန်းမြေ ဆဋ္ဌသင်္ဂါယနာမဟာပါသာဏလိုဏ်ဂူသိမ်တော်ကြီး၌ အောင်မြင်စွာ ကျင်းပခဲ့သည်။



ကမ္ဘာ့ပုဒ္ဓဘာသာထိပ်သီးညီလာခံကြီးဆွေးနွေးပွဲကို ကမ္ဘာအေးမဟာပါသာဏလိုဏ်ဂူ၌ ကျင်းပစဉ်

ကမ္ဘာ့ပုဒ္ဓဘာသာထိပ်သီးညီလာခံကို မြန်မာတို့၏ ထေရဝါဒပုဒ္ဓဘာသာဓလေ့ထုံးစံနှင့်အညီ အနှစ်သာရ မပျက်စေဘဲ တည်ငြိမ်ရင့်ကျက်စွာ ကျင်းပခြင်းဖြင့် မဟာယာနပုဒ္ဓဘာသာဝင်များနှင့် ချစ်ကြည်ရင်းနှီးမှုကို တိုးတက်ကောင်းမွန်လာစေသည်။ မြန်မာနိုင်ငံတွင် မြတ်ဗုဒ္ဓ၏ ဒေသနာတော်များအဖြစ် မူရင်းမပျက် ထိန်းသိမ်းထားရှိသော ပိဋကတ်တော်များကို အထူး စိတ်ပါဝင်စားလာစေပြီး ပရိယတ္တိသာသနာနှင့် ပဋိပတ္တိ သာသနာများကို ကမ္ဘာအနှံ့ပြန့်ပွားထွန်းကားလာစေ မည်ဟု သုံးသပ်ဆောင်ရွက်ခဲ့ကြသည်။

ကမ္ဘာ့ပုဒ္ဓဘာသာထိပ်သီးညီလာခံကို မြန်မာနိုင်ငံတွင် ကျင်းပခြင်းဖြင့်လည်း မြန်မာနိုင်ငံသားတို့သည် မြတ်ဗုဒ္ဓ၏ အဆုံးအမတရားတော်နှင့်အညီ ယဉ်ကျေးသိမ်မွေ့ပြီး သတ္တိဗျတ္တိရှိသူများအဖြစ် နိုင်ငံတကာက သိမြင်သွားနိုင်သည့်အပြင် မြန်မာနိုင်ငံ၏ လက်ရှိဖြစ်ပေါ်တိုးတက်မှုအရပ်ရပ်နှင့် ပကတိတည်ငြိမ်အေးချမ်းသော အခြေအနေမှန်များကို ကမ္ဘာအရပ်ရပ်သို့ ပျံ့နှံ့သိရှိစေနိုင်မည်ဖြစ်ပါသည်။

ရည်ရွယ်ချက်များ

ကမ္ဘာ့ပုဒ္ဓဘာသာထိပ်သီးညီလာခံကျင်းပရေးအတွက် အောက်ဖော်ပြပါ ရည်ရွယ်ချက်ငါးရပ် ထားရှိခဲ့သည်-

(က) ပုဒ္ဓဘာသာယုံကြည်ကိုးကွယ်သော နိုင်ငံများအချင်းချင်း ချစ်ကြည်ရင်းနှီးမှု၊ အပြန်အလှန်နားလည်မှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ တိုးတက်ထွန်းကားစေရန်၊

(ခ) ပုဒ္ဓဘာသာနိုင်ငံများတွင် မြတ်ဗုဒ္ဓဟောကြားခဲ့သည့် အဆုံးအမတော်များနှင့် ပုဒ္ဓဘာသာယုံကြည်ကိုးကွယ်မှုနှင့် လိုက်နာကျင့်သုံးမှုတို့ကို ပုဒ္ဓဘာသာအချင်းချင်း ထိန်းသိမ်းစောင့်ရှောက်ရန်၊

(ဂ) ကမ္ဘာ့နိုင်ငံအသီးသီးတွင် ပရိယတ္တိကို အခြေခံသော ပုဒ္ဓဘာသာပညာရေးထွန်းကားပြန့်ပွားစေရန်၊

(ဃ) ကမ္ဘာ့လူသားထု တစ်ရပ်လုံးအတွက် ငြိမ်းချမ်းသာယာသော ကမ္ဘာကြီးဖြစ်ထွန်းအကျိုးပြုစေရေးကို ပုဒ္ဓဘာသာဝင်တို့က အထောက်အကူပြု ကူညီဆောင်ရွက်ရန်၊

(င) မြတ်ဗုဒ္ဓ၏ မူလတရားဓမ္မများ၊ အဆုံးအမများ နိုင်ငံတကာသို့ မူရင်းမပျက် ပြန့်ပွားထွန်းကားစေရန်တို့ဖြစ်သည်။

ကော်မတီများ ဖွဲ့စည်းတာဝန်ပေးအပ်ခြင်း

ညီလာခံကြီးကို ခဲ့ညားထည်ဝါချောမော အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ဩဝါဒါစရိယဆရာတော်ကြီးများအဖွဲ့၊ ဦးစီးကော်မတီနှင့် လုပ်ငန်းကော်မတီတို့ကို ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ပါသည်။ သာသနာရေးဝန်ကြီးဌာနသည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ၁၇-၆-၂၀၀၃ ရက်စွဲပါ စာအမှတ် ၄၀၈/၃-၂/နာယကကို ရည်ညွှန်းလျက် ၂၇-၆-၂၀၀၃ ရက်စွဲပါစာအမှတ် ၁၀၀/၆-၄/ ဝကရဖြင့် အောက်ဖော်ပြပါ ဆပ်ကော်မတီ အသီးသီးကို ဖွဲ့စည်း တာဝန်ပေးအပ်ခဲ့ပါသည်။

(က) အခမ်းအနားပြင်ဆင်ရေး ဆပ်ကော်မတီ
ဥက္ကဋ္ဌအဖြစ် ဒုတိယဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ အတွင်းရေးမှူးအဖြစ် ညွှန်ကြားရေးမှူးချုပ်၊ ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့် အဖွဲ့ဝင် (၁၂)ဦးတို့ ပါရှိသည်။

(ခ) စိမ်းလန်းစိုပြည်ရေးဆပ်ကော်မတီ
ဥက္ကဋ္ဌအဖြစ် ဒုတိယဝန်ကြီး၊ သစ်တောရေးရာ ဝန်ကြီးဌာန၊ အတွင်းရေးမှူးအဖြစ် ညွှန်ကြားရေးမှူးချုပ်၊ သစ်တောရေးရာဦးစီးဌာနနှင့် အဖွဲ့ဝင် (၈)ဦးတို့ ပါရှိသည်။

(ဂ) အစည်းအဝေးမှတ်တမ်းတင်ရေးနှင့် ပြုစုရေးဆပ်ကော်မတီ

သာသနာရေးဝန်ကြီးဌာန၊ သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်၊ ကွန်ပျူတာတက္ကသိုလ်၊ MICT တို့မှ အင်္ဂလိပ်ဘာသာ၊ မြန်မာဘာသာကျွမ်းကျင်သော ပုဂ္ဂိုလ်များနှင့် ကွန်ပျူတာကျွမ်းကျင်သော ပညာရှင်များပါရှိသည်။

(ဃ) ဖိတ်ကြားရေးနှင့် ကြိုဆိုနေရာချထားရေးဆပ်ကော်မတီ

ဥက္ကဋ္ဌအဖြစ် ညွှန်ကြားရေးမှူးချုပ်၊ သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန၊ အတွင်းရေးမှူးအဖြစ် ဒုတိယညွှန်ကြားရေးမှူးချုပ်၊ သာသနာတော် ထွန်းကားပြန့်ပွားရေးဦးစီးဌာနနှင့် အဖွဲ့ဝင် (၁၄)ဦး ပါရှိသည်။

(င) အစည်းအဝေးများ ကျင်းပရေးဆပ်ကော်မတီ

ဥက္ကဋ္ဌအဖြစ် ညွှန်ကြားရေးမှူးချုပ်၊ သာသနာရေးဦးစီးဌာန၊ အတွင်းရေးမှူး အဖြစ် ဒုတိယပါမောက္ခချုပ် (စိမံ)၊ အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓ သာသနပြုတက္ကသိုလ်နှင့် အဖွဲ့ဝင် (၁၂)ဦးပါရှိသည်။

(စ) စာတမ်းစိစစ်ရေးဆပ်ကော်မတီ

ဥက္ကဋ္ဌအဖြစ် ဆရာတော်ကြီး ဒေါက်တာ ဘဒ္ဒန္တသီလာနန္ဒာဘိဝံသ၊ အတွင်းရေးမှူး ဒေါက်တာ ဘဒ္ဒန္တအရှင်ဉာဏိဿရနှင့် အဖွဲ့ဝင် (၆)ဦး ပါရှိသည်။

(ဆ) ပြန်ကြားရေးနှင့် သတင်းမှတ်တမ်း ထုတ်ပြန်ရေးဆပ်ကော်မတီ

ဥက္ကဋ္ဌအဖြစ် ဗိုလ်မှူးချုပ်အောင်သိန်း၊ ဒုတိယဝန်ကြီး၊ ပြန်ကြားရေးဝန်ကြီးဌာန၊ အတွင်းရေးမှူး ညွှန်ကြားရေးမှူးချုပ်၊ ပြန်ကြားရေးဝန်ကြီးဌာနနှင့် အဖွဲ့ဝင် (၅)ဦးတို့ ပါရှိသည်။

(ဇ) ဘဏ္ဍာရေးဆပ်ကော်မတီ

ဒုတိယဝန်ကြီး၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန၊ ဥက္ကဋ္ဌအဖြစ်နှင့် အတွင်းရေးမှူး ညွှန်ကြားရေးမှူးချုပ်၊ ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာနတို့ပါရှိ၍ အဖွဲ့ဝင် (၆)ဦး ပါရှိသည်။

(စျ) ကျန်းမာရေးဆပ်ကော်မတီ

ဒုတိယဝန်ကြီး၊ ကျန်းမာရေးဝန်ကြီးဌာန ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ ညွှန်ကြားရေးမှူးချုပ်၊ ကျန်းမာရေးဝန်ကြီးဌာန၊ အတွင်းရေးမှူးအဖြစ်လည်းကောင်းပါရှိ၍ အဖွဲ့ဝင် (၇)ဦး ပါရှိသည်။

(ည) လုံခြုံရေးနှင့် စည်းကမ်းထိန်းသိမ်းရေး ဆပ်ကော်မတီ၊ ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာနက ဥက္ကဋ္ဌအဖြစ်နှင့် စစ်ဦးစီးမှူး (ပထမတန်း) ရန်ကုန်တိုင်း စစ်ဌာနချုပ်က အတွင်းရေးမှူးအဖြစ် ပါရှိပါသည်။ အဖွဲ့ဝင် (၁၉)ဦး ပါရှိသည်။

ညီလာခံကြီးသို့ ဩဝါဒကထာများ၊ ဂုဏ်ပြုသဝဏ်လွှာများ ပေးပို့ခြင်း

ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံကြီးသို့ ဩဝါဒကထာများ ပေးပို့သော ပြည် တွင်းပြည်ပမှ သံဃရာဇာဆရာတော်ကြီးများမှာ (၉)ပါး ရှိသည်။ ယင်းတို့မှာ-

(၁) ပြည်ထောင်စုမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့
ဥက္ကဋ္ဌမြင်းခြံဆရာတော်ကြီး၊ အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက၊ ဘဒ္ဒန္တသောဘိတ

(၂) ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ သံဃရာဇာဆရာတော် H.H Sangharaja Dharmaseu Mahathero

(၃) ကမ္ဘောဒီးယားနိုင်ငံမှ မဟာနိကာယဂိုဏ်း သံဃရာဇာဆရာတော် H.H Samdech Tep Vong

(၄) ကမ္ဘောဒီးယားနိုင်ငံမှ ဓမ္မယုတ္တိနိကာယဂိုဏ်းဆရာတော် Sangharajah Bour Kry

(၅) လာအိုနိုင်ငံမှ ဥက္ကဋ္ဌဆရာတော်
H.H. Most Ven, Dr. Ihra Maha Vichit Singharaj

(၆) မွန်ဂိုလီးယားဗုဒ္ဓဘာသာခေါင်းဆောင် Jandantegchning ကျောင်းဆရာတော်
H.E.D. Choijants

(၇) သီရိလင်္ကာနိုင်ငံမှ ရာမညနိကာယဂိုဏ်း ဆရာတော်
Most Ven. Weweldeniye Medhalankara Mahanayake Mahathero

(၈) သီရိလင်္ကာနိုင်ငံမှ အာမရပူရမဟာနိကာယဂိုဏ်းဆရာတော်
Royal Pandit Ahungalle Wimalananditissa Mahathero

(၉) ထိုင်းနိုင်ငံမှ သံဃရာဇာဆရာတော်
H.H. Samdet Phra Nanassngvara

တို့ဖြစ်ကြပါသည်။

ဂုဏ်ပြုသဝဏ်လွှာများ ပေးပို့ကြသော ပြည်တွင်း/ပြည်ပမှ နိုင်ငံအကြီးအကဲ (၅)ဦးရှိသည်-

(၁) ပြည်ထောင်စုမြန်မာနိုင်ငံတော်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ

(၂) ကမ္ဘောဒီးယားနိုင်ငံမှ ဘုရင်မင်းမြတ်
His Majesty Preah Bat Samdech Preah Norodom Sihanouk

(၃) အိန္ဒိယသမ္မတနိုင်ငံ သမ္မတကြီး
A.P.J. Abdul Kalam

(၄) ဘင်္ဂလားဒေ့ရှ်သမ္မတနိုင်ငံ သမ္မတကြီး
Professor Dr. Iajuddin Ahmed

(၅) သီရိလင်္ကာနိုင်ငံသမ္မတကြီး
Chandrika Bandaranaike Kumaratunga

တို့ဖြစ်ကြပါသည်။

ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံကြီးသို့ ဂုဏ်ပြုသဝဏ်လွှာများပေးပို့သော ဝန်ကြီးချုပ် (၅)ဦး ရှိသည်။ ယင်းတို့မှာ-

(၁) ပြည်ထောင်စုမြန်မာနိုင်ငံတော်၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း

(၂) ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ၊ ဝန်ကြီးချုပ် Khaneda Zia

(၃) ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ် Samdech Hun Sen

(၄) နီပေါနိုင်ငံဝန်ကြီးချုပ် Sher Bahadur Deuba

(၅) ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် Phan Vankhai တို့ဖြစ်ကြသည်။

ထို့အပြင် ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံကြီးသို့ ပြည်ထောင်စုမြန်မာနိုင်ငံတော်၊ သာသနာရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်သူရမြင့်မောင်၊ ယဉ်ကျေးမှုဝန်ကြီးဌာန၊ ဝန်ကြီး ဗိုလ်ချုပ်ကြည်အောင်အပါအဝင် ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ ကမ္ဘောဒီးယားနိုင်ငံ၊ ကိုရီးယား၊ သီရိလင်္ကာ၊ ဗီယက်နမ်နိုင်ငံတို့မှ ဝန်ကြီး(၈)ဦးတို့က လည်းကောင်း၊ ကုလသမဂ္ဂ အဖွဲ့အစည်းကိုယ်စားလှယ်များနှင့် တရုတ်၊ မလေးရှား၊ ပါကစ္စတန်၊ ဖိလစ်ပိုင်၊ ရုရှ၊ စင်ကာပူ၊ သီရိလင်္ကာ၊ ထိုင်းနိုင်ငံ သံအမတ်ကြီး (၁၀)ဦးတို့က လည်းကောင်း၊ အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓ သာသနာပြုတက္ကသိုလ်၊ ပါမောက္ခချုပ် ဒေါက်တာ ဘဒ္ဒန္တသီလာနန္ဒာဘိဝံသ (အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက) ဆရာတော်ဘုရားကြီးနှင့် ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံကြီးတွင် ဦးစီးဦးဆောင် ဆောင်ရွက်ပေးတော်မူသော အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ မဟာဓမ္မကထိက ဗဟုဇနဟိတဓရသီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်အဓိပတိဆရာတော် ဒေါက်တာ ဘဒ္ဒန္တ ဉာဏိဿရ၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (ရန်ကုန်) နာယကချုပ်ဆရာတော် ဘဒ္ဒန္တပဏ္ဍိတာဘိဝံသ၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (မန္တလေး) နာယကချုပ်ဆရာတော် ဘဒ္ဒန္တဝဏ္ဏိတ

အပါအဝင် ပြည်တွင်း၊ ပြည်ပမှဆရာတော်သံဃာတော်မထေရ်မြတ်နှင့် ဗုဒ္ဓဘာသာခေါင်းဆောင် ပုဂ္ဂိုလ် (၁၅)ပါးတို့က လည်းကောင်း၊ ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ အစည်းများနှင့် တရုတ်ပြည်သူ့ သမ္မတနိုင်ငံ၊ မလေးရှား၊ ပါကစ္စတန်၊ ဖိလစ်ပိုင်၊ ရုရှ ဖက်ဒရေးရှင်း၊ စင်ကာပူ၊ သီရိလင်္ကာ၊ ထိုင်းနိုင်ငံ စသည့် နိုင်ငံတို့မှ သံအမတ်ကြီး (၁၀)ဦးတို့ကလည်းကောင်း၊ ပြည်တွင်း/ပြည်ပဘာသာရေး တက္ကသိုလ်အသီးသီးမှ ပါမောက္ခချုပ် (၄)ဦးတို့က လည်းကောင်းဂုဏ်ပြုသဝဏ်လွှာများ ပေးပို့ခဲ့သည်။

တက်ရောက်ခဲ့ကြသည့် ပုဂ္ဂိုလ်များ ပြည်ပဧည့်သည်တော်များ

ကမ္ဘာ့ဗုဒ္ဓဘာသာ ထိပ်သီးညီလာခံသို့ ပြည်ပနိုင်ငံများမှ တက်ရောက်နိုင်ရန် သီတဂူဆရာတော်ဒေါက်တာအရှင်ဉာဏိသရလျာထားပေးသော အမည်စာရင်းကို အခြေခံလျက် နိုင်ငံအသီးသီးမှ ဆရာတော်သံဃာတော်များ၊ ဘုန်းတော်ကြီးများ၊ လူပုဂ္ဂိုလ်များ ဂုဏ်ထူးဆောင်ပုဂ္ဂိုလ်များ၊ ထင်ရှားသည့် ဧည့်သည်တော်များ၊ အထူးဧည့်သည်တော်များ၊ လေ့လာသူများ စသည်ဖြင့် အဆင့်အတန်းသတ်မှတ်လျက် မြန်မာသံရုံးအသီးသီးတို့ စိစစ်ချက်ဖြင့် ဦးစီးကော်မတီက အာတည်ပြုပြီး နိုင်ငံခြားရေးဝန်ကြီးဌာနမှတစ်ဆင့် ဖိတ်ကြားခဲ့သည့် ပုဂ္ဂိုလ်များမှာ အောက် ဖော်ပြပါ အတိုင်းဖြစ်သည်-

စဉ်	နိုင်ငံ	ဧည့်သည်တော်ဦးရေ
၁။	Australia	၁၀
၂။	Austria	၁
၃။	Bangladesh	၁၁
၄။	Belgium	၃
၅။	Bhutan	၂
၆။	Brazil	၁
၇။	Canada	၅
၈။	Cambodia	၉
၉။	Czech Republic	၂
၁၀။	Democratic Republic of Laos	၅
၁၁။	England	၉
၁၂။	France	၅
၁၃။	Germany	၅
၁၄။	India	၂၄
၁၅။	Indonesia	၇
၁၆။	Italy	၂
၁၇။	Jamaica	၁
၁၈။	Japan	၁
၁၉။	Korea	၁၁
၂၀။	Malaysia	၅
၂၁။	Maxico	၂
၂၂။	Mongolia	၂
၂၃။	Nepal	၁၁
၂၄။	Netherlands	၂
၂၅။	People's Republic of China	၅
၂၆။	Republic of Singapore	၆
၂၇။	Romania	၁
၂၈။	Russia Federation	၂
၂၉။	Socialist Republic of Vietnam	၁၅
၃၀။	Sri Lanka	၁၉
၃၁။	Sweden	၁
၃၂။	Switzerland	၂
၃၃။	Thailand	၃၄
၃၄။	United States of America	၃၆
	စုစုပေါင်း	၂၅၇ ဦးတို့

ဖြစ်သည်။

ယင်းတို့တွင်-

(က) ထေရဝါဒရဟန်းတော် ၁၆၃ ပါး

(ခ) မဟာယာနဘုန်းတော်ကြီး ၃၅ ပါး
(ဂ) သီလရှင် ၃ ပါး
(ဃ) အမျိုးသား ၃၉ ဦး
(င) အမျိုးသမီး ၁၇ ဦးတို့ ပါရှိသည်။

ပြည်ပမှ လေ့လာသူများ

ပြည်ပနိုင်ငံများမှ မိမိစရိတ်ဖြင့် မိမိလာ၍ ညီလာခံသို့ လေ့လာသူများအဖြစ် တက်ရောက်သူများလည်းရှိသည်။ အိန္ဒိယနိုင်ငံမှ ဂုရုကြီး S.N. Goenka ဦးဆောင်သော (၃၅၉)ဦးပါ ဗုဒ္ဓဘာသာ အဖွဲ့သည်လည်း လေ့လာသူများအဖြစ် တက်ရောက်ကြည်ညိုခဲ့ကြပါသည်။ ဂုရုကြီး S.N.Goenka အဖွဲ့ တွင် နိုင်ငံပေါင်း (၁၆)နိုင်ငံမှ ဗုဒ္ဓဘာသာဝင်များ ပါရှိသည်။

ပြည်ပမှ လေ့လာသူများတွင် ဂျပန်နိုင်ငံရှိ မြန်မာသံရုံး၏ စီစဉ်ပေးချက်ဖြင့် ဂျပန်နိုင်ငံ၊ နဂိုယာမြို့ရှိ Banshoji ကျောင်းတိုက်မှ ဒုတိယကျောင်းထိုင်ဆရာတော် Vice Chief Priest MOTOHIRO IJO ဦးဆောင်သော (၅)ဦးပါအဖွဲ့၊ Wakayama ပြည်နယ်၊ Koyasam တောင်ပေါ်ဒေသ JOFUKUIN Temple မှ ကျောင်းထိုင်ဘုန်းကြီး Most Ven. ZUIHO NAKASHITA ဦးဆောင်သော (၁၁)ဦးပါအဖွဲ့၊ ညီလာခံကျင်းပရာသို့ မော်တော်ယာဉ်များ လှူဒါန်းသော အလှူရှင်ဂျပန် နိုင်ငံမှ မြန်မာ-ဂျပန်စီးပွားရေးလုပ်ငန်းဆိုင်ရာအသင်း၊ ဥက္ကဋ္ဌ Mr.Nakajima Yasnyoshi နှင့်အဖွဲ့တို့သည်လည်း လေ့လာသူများအဖြစ် တက်ရောက်ခဲ့သည်။

ထို့အပြင် ကိုရီးယားနိုင်ငံမှ မြန်မာ-ကိုရီးယားချစ်ကြည်ရေးအသင်းခေါင်းဆောင် Ven.Mok Tak ဦးဆောင်သော ကိုရီးယားဗုဒ္ဓဘာသာဝင် (၃၅)ဦးပါအဖွဲ့သည်လည်းကောင်း၊ ကိုရီးယားနိုင်ငံမှ Chon Tae Order ဂိုဏ်းချုပ်ဘုန်းတော်ကြီး Joen Voan Deok ခေါင်းဆောင်သော ဘုန်းတော်ကြီး (၅)ပါးတို့သည်လည်းကောင်း လေ့လာသူများအဖြစ် တက်ရောက်ခဲ့ကြသည်။

သံအမတ်ကြီးများ

ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံသို့ တက်ရောက်ရန် အောက်ဖော်ပြပါနိုင်ငံများမှ သံအမတ်ကြီးများထံသို့ နိုင်ငံခြားရေးဝန်ကြီးဌာနမှတစ်ဆင့် ဖိတ်ကြားစာများပေးပို့ဖိတ်ကြားခဲ့သည်-

(က) ထိုင်းနိုင်ငံ
(ခ) လာအိုနိုင်ငံ
(ဂ) သီရိလင်္ကာနိုင်ငံ
(ဃ) ကမ္ဘောဒီးယားနိုင်ငံ
(င) ဂျပန်နိုင်ငံ
(စ) အိန္ဒိယနိုင်ငံ
(ဆ) တရုတ်နိုင်ငံ
(ဇ) နီပေါနိုင်ငံ
(စျ) ဗီယက်နမ်နိုင်ငံ
(ည) ကိုရီးယားနိုင်ငံတို့ဖြစ်သည်။

ပြည်ပမှ ဂုဏ်ထူးဆောင်ဧည့်သည်တော်ကြီးများ

ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံသို့ တက်ရောက်ခဲ့သော ပြည်ပမှ ဂုဏ်ထူးဆောင်ဧည့်သည်တော်ကြီးများမှာ အောက်ဖော်ပြပါအတိုင်းဖြစ်သည်-

(က) လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ၊ ဝန်ကြီးချုပ် H.E. Mr. Bounnhang Vorachith နှင့်အဖွဲ့.
(ခ) ထိုင်းနိုင်ငံဝန်ကြီးချုပ် H.E.Dr. Thaksin Shinawatra နှင့်အဖွဲ့၊ ထိုင်းနိုင်ငံ၊ နိုင်ငံခြားရေးဝန်ကြီး ဒေါက်တာ ဆူကကီ ရတ်ဆတ်သီရာထိုင်း၊
(ဂ) ကမ္ဘောဒီးယားနိုင်ငံ၊ ဒုတိယဝန်ကြီးချုပ် H.E. Mr. Lulay Sreng နှင့်အဖွဲ့၊ သာသနာရေးဝန်ကြီးဌာန ဝန်ကြီး H.E. Mr. Khun Haing
(ဃ) သီရိလင်္ကာဒီမိုကရက်တစ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် H.E. Mr. Mahinda Rajapakse နှင့်အဖွဲ့.

(c) နီပေါနိုင်ငံ၊ ယဉ်ကျေးမှုခရီးသွားနှင့် လေကြောင်းဝန်ကြီးဌာန ဝန်ကြီး H.E. Mr. Deep Kumar Upadiayaya နှင့် အဖွဲ့.

ပြည်တွင်းမှ တက်ရောက်ကြသူများ

ပြည်တွင်းမှ ဆရာတော်သံဃာတော်များတွင် နိုင်ငံတော်ဩဝါဒိစရိယဆရာတော်ကြီးများ၊ နိုင်ငံတော် သံဃမဟာနာယကဆရာတော်ကြီးများ အပါအဝင် (၅၉၇)ပါး၊ သာသနာ့နွယ်ဝင်ထေရဝါဒဗုဒ္ဓဘာသာသီလရှင်ဆရာကြီးများနှင့် မဟာယာန သီလရှင်များ စုစုပေါင်း (၅၆)ပါးတို့ကို ပင့်ဖိတ်ခဲ့သည်။

ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံဖွင့်ပွဲအခမ်းအနားကို ၉-၁၂-၂၀၀၄ ရက်နေ့ နံနက်ပိုင်းတွင် ကျင်းပခဲ့ရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များနှင့် ဇနီးများ၊ အစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့်ဇနီးများ၊ သံအမတ်ကြီးများ အပါအဝင် (၄၁၁)ဦး တက်ရောက်ရန် ဖိတ်ကြားခဲ့ပါသည်။ ၉-၁၂-၂၀၀၄ ညနေပိုင်း ညီလာခံအခမ်းအနားသို့ တက်ရောက်ရန် အစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့် ဇနီးများ၊ ဒုတိယဝန်ကြီးများနှင့် ဇနီးများ အပါအဝင် ဌာနဆိုင်ရာအဖွဲ့အစည်းများ၊ အစိုးရ အဖွဲ့အစည်းမဟုတ်သော လူမှုရေးအဖွဲ့အစည်းများ အပါအဝင် (၃၉၇)ဦးကို ဖိတ်ကြားခဲ့သည်။ ညီလာခံ ဒုတိယနေ့ ၁၀-၁၂-၂၀၀၄ နံနက်ပိုင်းအခမ်းအနားသို့ တက်ရောက်ရန် ဂေါပကအဖွဲ့ဝင်များ၊ အမျိုးသမီးရေးရာကော်မတီ၊ ဂီတရုပ်ရှင်သဘင်အစည်းအရုံးမှ ကိုယ်စားလှယ်များအပါအဝင် (၄၆၀)ဦးကို ဖိတ်ကြားခဲ့သည်။ ၁၁-၁၂-၂၀၀၄ ရက်နေ့ ညီလာခံပိတ်ပွဲအခမ်းအနားသို့ အစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့် ဇနီးများ၊ ဒုတိယဝန်ကြီးများနှင့် ဇနီးများ၊ တရားသူကြီးချုပ်၊ ရှေ့နေချုပ်၊ ဒုတိယရှေ့နေချုပ်များစသည်တို့ အပါအဝင် (၃၅၉)ဦးတို့ကို ဖိတ်ကြားခဲ့သည်။



ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံကြီးသို့ တက်ရောက်လာကြသော ပြည်တွင်းပြည်ပမှ နိုင်ငံခေါင်းဆောင်ကြီးများ

အခမ်းအနားအစီအစဉ်

ပထမနေ့ (၉-၁၂-၂၀၀၄) ကြာသပတေးနေ့ နံနက်ပိုင်း

(ဆဋ္ဌသင်္ဂါယနာ မဟာပါသာဏလိုဏ်ဂူ သိမ်တော်ကြီးအတွင်း)

ဝန်းဝဝ (၁) အခမ်းအနားကို "နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့လျက် ဖွင့်လှစ်ပါသည်။

(၂) ထူးမခြားနားသီချင်းခန့်ကို ရိုးရာမြန်မာ့စောင်းသံဖြင့် တီးခတ်ပေးပါသည်။

(ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ မအိအိချွန်က ယဉ်ကျေးမှုဝန်ကြီးဌာနအနုပညာဦးစီးဌာနမှ ရိုးရာမြန်မာ့စောင်းကိုးလက်ဖြင့် တွဲဖက်ကာ ထူးမခြားနားသီချင်းခန့်ကို သီဆိုပူဇော်ပါသည်။)

(၃) လိုဏ်ဂူပတ်လည်ရှိ ခေါင်းလောင်း (၁၀၈)လုံးကို တစ်ပြိုင်နက်တည်း ကိုးကြိမ်ထိုးလျက် ပူဇော်ပါသည်။

(၄) ဆဋ္ဌသင်္ဂါယနာ မဟာပါသာဏလိုဏ်ဂူသိမ်တော်ကြီးအတွင်းစင်မြင့်ပေါ်ရှိ ကျောက်စိမ်းဗုဒ္ဓရုပ်ပွားတော်အား နိုင်ငံတော်သံဃ မဟာနာယကအဖွဲ့၊ အကျိုးတော်ဆောင် မကွေးဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တကုမာရနှင့် လာအို ပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံမှ သံဃရာဇာဆရာတော် Most Ven. Dr. Phra Maha Vichit Singharaj တို့က ဖယောင်းတိုင်၊ ဆီမီးမျှား ထွန်းညှိပူဇော်သည်။

(၅) လိုဏ်ဂူတော် တောင်ဘက်အဝင် မဂ်လာလမ်း လက်ဝဲဘက်ရှိခေါင်းလောင်းတော်ကြီးကို ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံကြီးအထိမ်းအမှတ်အဖြစ် ကိုးကြိမ်ထိုးလျက် ပူဇော်ပါသည်။

(၆) ထေရဝါဒဗုဒ္ဓဘာသာ နိုင်ငံများမှ ဆရာတော် သံဃာတော်များက မေတ္တာသုတ်ပရိတ်တရားတော်ကို ရွတ်ပွား သရဇ္ဈာယ်တော်မူကြသည်။

(၇) ထေရဝါဒဗုဒ္ဓဘာသာနိုင်ငံ သံဃရာဇာဆရာတော်ကြီးတစ်ပါးဖြစ်သော လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံမှ သံဃရာဇာဆရာတော် Most. Ven. Dr. Phra Maha Vichit Singharaj က ကောင်းချီးမင်္ဂလာ စကားမြွက်ကြားသည်။

(၈) ဗုဒ္ဓဘာသာ ထိပ်သီးညီလာခံကျင်းပရေးဦးစီးကော်မတီ ဥက္ကဋ္ဌ၊ ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရနိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းက နှုတ်ခွန်းဆက်အဖွင့်မိန့်ခွန်းပြောကြားသည်။

(၉) နိုင်ငံတော် သံဃမဟာနာယက အဖွဲ့. ဥက္ကဋ္ဌဆရာတော်ကြီးထံမှ ပေးပို့သော သြဝါဒကထာကို နိုင်ငံတော်သံဃမဟာနာယကအဖွဲ့. တွဲဖက်အကျိုးတော်ဆောင် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်

များအုပ်ချုပ်ရေးဗဟိုအဖွဲ့. ဥက္ကဋ္ဌ ညောင်တုန်းဆရာတော် အဘိဓဇ မဟာရဋ္ဌဂုရုဘဒ္ဒန္တသြသဓာဘိဝံသ က ဖတ်ကြားတော်မူသည်။

(၁၀) ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်က ဖတ်ကြားသည်။

(၁၁) ပြည်ပနိုင်ငံများမှ သမ္မတများနှင့် ဝန်ကြီးချုပ်များထံမှ ပေးပို့သော သဝဏ်လွှာများကို ဖတ်ကြားခြင်း

(က) ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံသမ္မတပါမောက္ခဒေါက်တာအီယာကျူဒင်အာမက်ထံမှ ပေးပို့သောသဝဏ်လွှာကိုဖတ်ကြားသည်။

(ခ) အိန္ဒိယသမ္မတနိုင်ငံ သမ္မတဒေါက်တာ အေပီဂျေအဗ္ဒဒူကလစ်ထံမှ ပေးပို့သော သဝဏ်လွှာကို ဖတ်ကြားသည်။

(ဂ) ထိုင်းနိုင်ငံ ဝန်ကြီးချုပ်ဒေါက်တာသက်ဆင်ရှာနာဝပ်က နှုတ်ခွန်းဆက်မိန့်ခွန်းပြောကြားသည်။

(ဃ) လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံဝန်ကြီးချုပ် မစွတာဘောင်ည်ဗိုရာချစ်က နှုတ်ခွန်းဆက်မိန့်ခွန်းပြောကြားသည်။

(င) ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ်မစွတာဆမ်ဒက်ဟွန်ဆင် ထံမှ ပေးပို့သောသဝဏ်လွှာကို ဒုတိယဝန်ကြီးချုပ် H.E. Mr. Lu Lay Sreng က ဖတ်ကြားသည်။

(စ) သီရိလင်္ကာဒီမိုကရက်တစ်ဆိုရှယ်လစ်သမ္မတနိုင်ငံသမ္မတ မဒမ်ချန်ဒရိကာဘန်ဒရာနိုက်ကေးကုမာရာတွန်ဂါထံမှ ပေးပို့သော သဝဏ်လွှာကို ဖတ်ကြားသည်။

(ဆ) ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံဝန်ကြီးချုပ် ဘီဂမ်ခါလီဒါဇီယာထံမှ ပေးပို့သော သဝဏ်လွှာကို ဖတ်ကြားသည်။

(ဇ) ဗီယက်နမ် ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစွတာ ဖန်ဗန်ခိုင်ထံမှ ပေးပို့သော သဝဏ်လွှာကို ဖတ်ကြားသည်။

(စျ) နီပေါနိုင်ငံ ဝန်ကြီးချုပ် မစွတာရှားဗဟာဒူး ဒူပါထံမှပေးပို့သော သဝဏ်လွှာကို နီပေါနိုင်ငံယဉ်ကျေးမှု၊ ခရီးသွားနှင့် လေကြောင်းဝန်ကြီးဌာန ဝန်ကြီး H.E. Mr. Deep Kumar Upadhayaya က ဖတ်ကြားသည်။

(၁၂) ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့.ကိုယ်စား သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ် အဓိပတိအပြည်ပြည်

ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြု
တက္ကသိုလ်ဩဝါဒစရိယ ဂုဏ်ထူး
ဆောင်ပါမောက္ခဆရာတော် အဂ္ဂ
မဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မ
ဇောတိကဓဇ မဟာဓမ္မကထိက
ဗဟုဇနဟိတဓရ ဒေါက်တာ အရှင်
ဉာဏိဿရက မူဝါဒဆိုင်ရာ မိန့်ခွန်း
(Keymote Speech) ကို
မြွက်ကြားတော်မူသည်။

(၁၃) ပြည်ထောင်စုမြန်မာနိုင်ငံတော်
နိုင်ငံတော်အေးချမ်းသာယာရေး
နှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ
ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည်
ပြည်တွင်းမှ ဆရာတော်ကြီးများ
နှင့် ပြည်ပနိုင်ငံ (၁၈)နိုင်ငံမှ ထေရ
ဝါဒမဟာယာန ဗုဒ္ဓဘာသာ ခေါင်း
ဆောင်ဆရာတော်ကြီးများအား
ဖူးမြော်ကြည်ညို ကန်တော့ပြီး
ဗုဒ္ဓရုပ်ပွားတော်တစ်ဆူစီဆက်ကပ်
လှူဒါန်းသည်။

(၁၄) ပြည်ထောင်စုမြန်မာနိုင်ငံတော်
နိုင်ငံတော်ဝန်ကြီးချုပ်
ဗိုလ်ချုပ်ကြီးစိုးဝင်းသည် လိုဏ်ဂူ
သိမ်တော်ကြီးအတွင်း လက်ဝဲ
ဘက်ရှိ သံယာတော်စင်မြင့်ပေါ်၌
သီတင်းသုံးတော်မူလျက်ရှိသည့်
ဆွီဒင်နိုင်ငံ၊ နယ်သာလန်နိုင်ငံ၊
နီပေါနိုင်ငံ၊ ဆွစ်ဇာလန်နိုင်ငံ၊
အမေရိကန်ပြည်ထောင်စု၊စင်ကာပူ
နိုင်ငံ၊ ကမ္ဘောဒီးယားနိုင်ငံနှင့် သီရိ
လင်္ကာနိုင်ငံများမှ ဗုဒ္ဓဘာသာ
ကိုယ်စားလှယ်တော်ရှစ်ပါးတို့အား
ဗုဒ္ဓရုပ်ပွားတော်တစ်ဆူစီဆက်ကပ်
လှူဒါန်းသည်။



ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံတွင် နိုင်ငံတော်ဝန်ကြီးချုပ်အမှာစကားပြောကြားစဉ်

(၁၅) နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းက ကမ္ဘာ့ပုဒ္ဓဘာသာထိပ်သီးညီလာခံကြီးတွင် အသုံးပြုရန် မော်တော်ယာဉ် ၃၄ စီး လှူဒါန်းခဲ့သော ဂျပန်နိုင်ငံရှိ မြန်မာစီးပွားရေးလုပ်ငန်းဆိုင်ရာ အသင်းဥက္ကဋ္ဌ မစ္စတာနာကာဂျိုး မားယာဆူယိုရှီအား ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်သည်။

(၁၆) နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်က သိမ်တော်ကြီးအတွင်းဘက် လက်ယာဘက်စင်မြင့်ပေါ်ရှိ ဂျာမနီနိုင်ငံ၊ ဩစတြေးလျ နိုင်ငံ၊ အင်ဒိုနီးရှားနိုင်ငံ၊ ဂျမေကာ နိုင်ငံ၊ ဂျပန်နိုင်ငံ၊ မက္ကဆီကိုနိုင်ငံ၊ သီရိလင်္ကာနိုင်ငံနှင့် ဗီယက်နမ်နိုင်ငံများမှ ကိုယ်စားလှယ်တော်ရှစ်ပါးတို့အား ပုဒ္ဓရုပ်ပွားတော်တစ်ဆူစီ ဆက်ကပ်လှူဒါန်းသည်။

(၁၇) မဟာပါသာဏလိုဏ်ဂူ အလယ်သံယာစင်မြင့်ပေါ်မှ ဆရာတော်ကြီးများ၊ တက်ရောက်လာသောနိုင်ငံတကာ ပုဒ္ဓဘာသာခေါင်းဆောင်များ၊ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဧည့်သည်တော် နိုင်ငံခေါင်းဆောင်များ၊ သံတမန်များ၊ ဦးစီးကော်မတီဝင်များ စုပေါင်းဓာတ်ပုံရိုက်ကြသည်။

(၁၈) ကမ္ဘာ့ပုဒ္ဓဘာသာ ထိပ်သီးညီလာခံကြီးဖွင့်ပွဲ မဂ်လာအခမ်းအနားသည် နံနက် ၁၀း၄၀ နာရီတွင် အောင်မြင်စွာ ကျင်းပပြီးစီးသည်။

(၁၉) ဝိဇယမဂ်လာ ဓမ္မသဘင်တွင် ခင်းကျင်းပြသသည့် ပုဒ္ဓယဉ်ကျေးမှုအမွေအနှစ်ဓာတ်ပုံပြပွဲ (မြန်မာ-အိန္ဒိယ)ဖွင့်ပွဲ အခမ်းအနားကို နံနက် ၁၀း၄၅ နာရီတွင် ဝိဇယမဂ်လာဓမ္မသဘင်၌ ကျင်းပရာသာသနာရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်သူရမြင့်မောင်နှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Rajiv Kumar Bhatia တို့က ဖဲကြိုးဖြတ်လျက် ဖွင့်လှစ်ပေးကြသည်။

ပထမနေ့ ၉-၁၂-၂၀၀၄ (ကြာသပတေးနေ့) မွန်းလွဲပိုင်းအစီအစဉ် (ဆဋ္ဌသင်္ဂါယနာမဟာပါသာဏာလိုဏ်ဂူသိမ်တော်ကြီးအတွင်း)

၁၃း၀၀ (၁) "နမောတဿ" သုံးကြိမ်ရွတ်ဆိုဘုရားကန်တော့လျက် အခမ်းအနားကို ဖွင့်လှစ်ကြသည်။

(၂) မဟာပါသာဏာလိုဏ်ဂူ သိမ်တော်ကြီးအတွင်း သံယာတော်စင်မြင့်ပေါ်မှ သံယာတော်များက သရဏာဂုံသုံးပါးကို ရွတ်ပွားသရဇ္ဈာယ်တော်မူကြသည်။

(၃) မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ မအိအိဆွန်က ရိုးရာမြန်မာ့စောင်းများနှင့် တွဲဖက်ကာ "ထူးမခြားနား" သီချင်းခန့်ကို သီဆိုပူဇော်ပါသည်။

(၄) ထိုင်းသံယာတော်များက မေတ္တာသုတ်ပရိတ်တော်ကို ရွတ်ပွားကြသည်။

(၅) ဗုဒ္ဓဘာသာ ခေါင်းဆောင်များက မိန့်ခွန်းပြောကြားကြခြင်းနှင့်

ဂုဏ်ပြုသဝဏ်လွှာများ ဖတ်ကြားခြင်း။

(က) ထိုင်းနိုင်ငံမှ သံဃမဟာရာဇာဆရာတော် H.H. Somdet Phra Nanasangvera ထံမှ သဝဏ်လွှာကို ထိုင်းနိုင်ငံ မဟာချုလာလောင်ကွန် တက္ကသိုလ် ဒုတိယပါမောက္ခချုပ် Phrasripariyattimoli က ဖတ်ကြားတော်မူပါသည်။

(ခ) ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့ သမ္မတနိုင်ငံသံအမတ်ကြီး မစ္စတာ လီကျင်ကွမ်း၏ သဝဏ်လွှာ၊

(ဂ) မလေးရှားနိုင်ငံ သံအမတ်ကြီး H.E. Dato Cheah Sam Kip ၏ သဝဏ်လွှာ၊

(ဃ) ရန်ကုန်မြို့၊ ကမ္ဘာ့ကုလသမဂ္ဂညှိနှိုင်းရေးမှူး Mr. Charles Petrie ၏ သဝဏ်လွှာ၊

(င) ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ဌာနေကိုယ်စားလှယ် Dr. Agostino Borra ၏ သဝဏ်လွှာ၊

(စ) ပါကစ္စတန် အစ္စလာမ်မစ် သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Muhammad Nawaz Choudhry ၏ သဝဏ်လွှာ၊

(ဆ) ဖိလစ်ပိုင်သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mme-phoebe A Gomez နှင့် ရုရှားဖက်ဒရေးရှင်း သံအမတ်ကြီး H.E. Oleg V. Kabanov ၏ သဝဏ်လွှာတို့ကို ကိုယ်စားလှယ်များက ဖတ်ကြားကြပါသည်။

(၆) ဗုဒ္ဓဘာသာ ခေါင်းဆောင်များက စာတမ်းများဖတ်ကြားခြင်း

(က) ဩစတြေးလျနိုင်ငံ၊ **ဗုဒ္ဓဓမ္မ**ပညာရေးအဖွဲ့မှ **Ven.** Pannavaro အရှင်ပညာဝရက အင်တာနက်ပေါ်မှ ဗုဒ္ဓသတင်းလွှာပညာရေးနှင့် အရင်းအမြစ်များ (Buddhist Information, Education and Resources on Internet) စာတမ်း

(ခ) ဘင်္ဂလားဒေ့ရှ် သမ္မတနိုင်ငံ၊ စစ်တကောင်းတက္ကသိုလ်မှ Ven. Dr. Jinabodhi က မြတ်ဗုဒ္ဓ၏ ကိုယ်ကျင့်သီလဒဿနနှင့် မျက်မှောက်ကမ္ဘာဆက်သွယ်မှု (Moral Philosophy of the Buddha and its Relevance to Contemporary World) စာတမ်း

(ဂ) မွန်ဂိုလီးယားနိုင်ငံမှ Vice Khambo Lama of Mongolia ဖြစ်သူ Venerable Yo Amaglan ́က မွန်ဂိုလီးယားနိုင်ငံမှ ဗုဒ္ဓ ဘာသာ (Buddhism in Mongolia) စာတမ်း

အသီးသီးဖတ်ကြားတော်မူကြသည်။

ဒုတိယနေ့ ၁၀-၁၂-၂၀၀၄ (သောကြာနေ့) နံနက်ပိုင်းအစီအစဉ်

၁၃း၀၀ (၁) နမောတဿ သုံးကြိမ်ရွတ်ဆိုဘုရားကန်တော့လျက်အခမ်းအနားကို ဖွင့်လှစ်ကြသည်။

(၂) မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ မသီတာမိုးက ရိုးရာမြန်မာ့စောင်းကိုးလက်ဖြင့် တွဲဖက်ကာ ထူးမခြားနားသီချင်းခန့်ကို သီဆိုပူဇော်သည်။

(၃) လိုဏ်ဂူသိမ်တော်ကြီး တောင်ဘက်အဝင် မင်္ဂလာလမ်း လက်ဝဲဘက်ရှိ ခေါင်းလောင်းတော်ကြီး ကိုးကြိမ်ထိုးလျက်ပူဇော်သည်။

(၄) ကမ္ဘောဒီးယားနိုင်ငံမှ သံဃာတော်များက မေတ္တာသုတ်ပရိတ်တော်ကို ရွတ်ဖွားသရဇ္ဈာယ်တော်မူကြသည်။

(၅) ဂုဏ်ပြုသဝဏ်လွှာများ ဖတ်ကြားခြင်း

(က) ကမ္ဘောဒီးယားနိုင်ငံ သာသနာရေးဝန်ကြီးဌာနဝန်ကြီး Mr. Khun Haing ၏ သဝဏ်လွှာ

(ခ) ကိုရီးယား သမ္မတနိုင်ငံ ယဉ်ကျေးမှုနှင့် ခရီးသွားလာရေးဝန်ကြီး H.E.Mr. Chung Dong Chear ၏ သဝဏ်လွှာ

(ဂ) ဗီယက်နမ်ဆိုရှယ်လစ် သမ္မတနိုင်ငံ Government Committee for Religious Affairs မှ Chair-

(ယ) အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြု တက္ကသိုလ်မှ ဒေါက်တာ စန္ဒာဝရာဘိဝံသက ဗုဒ္ဓဘာသာပညာရေး (Buddhist Education) စာတမ်း

(ဃ) ရိုမေးနီးယားနိုင်ငံမှ Ven. Josho Adrian Cirlea က ဗုဒ္ဓနည်းကျနေထိုင်ရေး (Buddhist A Way to Live) စာတမ်း

(စ) ချက်သမ္မတနိုင်ငံမှ Ven. Ashin Uttama က အနောက်ဥရောပနိုင်ငံများ၌ ဗုဒ္ဓဘာသာ၏အခြေအနေ (Situation of Buddhism in the West) စာတမ်း

(ဆ) သီတဂူကမ္ဘာဗုဒ္ဓ တက္ကသိုလ် အဓိပတိ အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓ သာသနာပြုဩဝါဒစရိယ ဂုဏ်ထူးဆောင်ပါမောက္ခဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ မဟာဓမ္မ ကထိကဗဟုဇန ဟိတဓရ ဒေါက်တာအရှင် ဉာဏိဿရ၏တပည့်သီတဂူဗုဒ္ဓတက္ကသိုလ်မှ ပါမောက္ခ ဒေါက်တာပုဏ္ဏောဘာသက ဆရာတော်ကြီး၏ (Relevance of Buddhism and Present World Situation) စာတမ်းကို

man Ngo Yen Thi ၏ သဝဏ်လွှာ

(ဃ) စင်ကာပူသမ္မတနိုင်ငံ The Singapore Buddhist Meditation Centre မှ Ven.W. Sarada Maha Thero ၏ သဝဏ်လွှာများကို ကိုယ်စားလှယ်များက အသီးသီးဖတ်ကြားကြသည်။

(၆) ဗုဒ္ဓဘာသာ ခေါင်းဆောင်များက စာတမ်းများဖတ်ကြားခြင်း

(က) အိန္ဒိယသမ္မတနိုင်ငံ Vipassana Meditation Centre, Igatpuri Maharashtra မှ ဝိပဿနာတရားပြ ဆရာကြီး မဟာ သဒ္ဓမ္မဇောတိက ဓဇဆရာကြီး ဦးဂိုအင်္ကာက ဗုဒ္ဓဓမ္မ၏ ယနေ့ကမ္ဘာတွင် ဆွဲဆောင်မှု စာတမ်း

(ခ) သီတဂူ ကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်မှ ဆရာတော် ဒေါက်တာ အရှင်ဩသဓသရက ဗုဒ္ဓသာသနာတော်ထွန်းကားပြန့်ပွားရေးစာတမ်း

(ဂ) ဗြိတိန်နိုင်ငံ International Buddhist Centre မှ Ven. Galayaye Piyadassi Sri Saddhatissa ကဗြိတိန်နိုင်ငံနှင့် ထေရဝါဒဗုဒ္ဓဘာသာ စာတမ်း

(ဃ) မက္ကဆီကို နိုင်ငံမှ Ven. Nandisena က ဗုဒ္ဓဘာသာမဟုတ်သော တိုင်းပြည်များတွင် တရားတော်ကို မည်ကဲ့သို့ သင်ကြား ပို့ချမည်ဟူသော အချက်နှင့် သက်ဆိုင်သည့် စိတ်ကူးစိတ်သန်းအချို့ စာတမ်း

(c) ထိုင်းနိုင်ငံ Maha Chula Langkornrajavidyalaya University မှ Ven. Dr. Phra Suthivarayah က ဗုဒ္ဓဘာသာနှင့် ကမ္ဘာ့ငြိမ်းချမ်းရေးစာတမ်းတို့ကို ဖတ်ကြားသည်။

ဒုတိယနေ့ ၁၀-၁၂-၂၀၀၄ (သောကြာနေ့) မွန်းလွဲပိုင်းအစီအစဉ်

၁၃း၀၀ အစုအဖွဲ့များခွဲ၍ ဆွေးနွေးခြင်း

အစုအဖွဲ့ (၁)

နေရာ - မဟာပါသာဏ လိုဏ်ဂူတော်

ဆွေးနွေးသည့် ဘာသာရပ် - ဗုဒ္ဓဘာသာသည် ကမ္ဘာပေါ်တွင် အရေးပါမှု

သဘာပတိ - နီပေါနိုင်ငံမှ ဆရာတော် Ven. Nyanapunnika

ဦးဆောင် ဆွေးနွေးသူ - ဗြိတိန်နိုင်ငံမှ Ven. Dr.Dhammasami (Oxford University)

ပါဝင်ဆွေးနွေး စာတမ်းဖတ် သူများ - အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြု တက္ကသိုလ်မှ ဆရာတော် ဒေါက်တာအာဒိစ္စ

- အိန္ဒိယနိုင်ငံမှ ဆရာကြီး S.N. Goenka

- ITBMU မှ ဆရာတော် အရှင်ဆေကိန္ဒ

ဆွေးနွေးသူများ
- ပြိတိန်နိုင်ငံမှ ဒေါက်တာစိုးလွင်
- အမေရိကန်ပြည်ထောင်စုမှ ဆရာတော်အရှင် ပိယတိဿ
- ဒေါက်တာသိန်းကျော်
- မြန်မာနိုင်ငံမှ ပါမောက္ခဦးတင့်လွင်
- ဒေါက်တာတင်လှိုင်
- ပြည်တွင်းပြည်ပ သံယာတော်များနှင့် ပညာရှင်များ

ပြန်လည်ရှင်းလင်းတင်ပြခြင်း
- စာတမ်းဖတ်ကြားသော ဆရာတော်များ
- တရားပြဆရာကြီးဦးဂိုအင်ကာ


အစုအဖွဲ့ (၂)

နေရာ - သာသနာရေးဝန်ကြီးဌာန၊ အစည်းအဝေးခန်းမ

ဆွေးနွေးသည့် ဘာသာရပ် - ဗုဒ္ဓဘာသာ ပညာရေးအဖွဲ့.

သဘာပတိ - သီတဂူ ကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်မှ ပါမောက္ခချုပ်ဆရာတော် ဒေါက်တာ နန္ဒမာလာ

ဦးဆောင်ဆွေးနွေးသူများ
- အမေရိကန် ပြည်ထောင်စုမှ ဆရာတော်ဘဒ္ဒန္တ ဣန္ဒက
- မြန်မာမှ အရှင်ပုဏ္ဏောဘာသ
- သြစတြေးလျနိုင်ငံမှ ဆရာတော် Ven. Pannavaro
- ကာမနီနိုင်ငံမှ ဆရာတော် Lama Lhundrup
- ဒေါက်တာခင်မောင်ညွန့်
- မလေးရှားနိုင်ငံမှ Dato Dr. G.K.H.Kumarasiri



ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံကြီး၏ ဒုတိယနေ့တွင်
သာသနာရေးဝန်ကြီးရုံးဆွေးနွေးခန်းမ၌ အကြောင်းအရာခေါင်းစဉ်အလိုက် ဆွေးနွေးပွဲကျင်းပစဉ်



ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံကြီး၏ ဒုတိယနေ့တွင် ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်၌
Promotion and Propagation of Buddhism ခေါင်းစဉ်ဖြင့် ဆွေးနွေးကြစဉ်

- ထိုင်းနိုင်ငံမှ ဆရာတော် Ven. Phrasri Pariyattimoli
- ဗီယက်နမ်နိုင်ငံမှ ဆရာတော် Ven.Rong BE (Kmmer Krom)
- ကနေဒါနိုင်ငံမှ အရှင်ကောဝိဒ
- အိန္ဒိယနိုင်ငံမှ ဆရာတော် Ven. Dr. Styapala
- မြန်မာမှ ဦးမောင်မောင်လေး
- အိန္ဒိယနိုင်ငံမှ Ven. Bhikkhu Sangha Sena
- ဗြိတိန်နိုင်ငံမှ ဒေါက်တာညီညီ
- ကျာမနီနိုင်ငံမှ သီလရှင်ဆရာကြီး ဒေါ်အဂ္ဂညာဏီ
- နယ်သာလန်နိုင်ငံမှ သီလရှင် ယောဂီ ဒေါ်ဇောတိကယာမိဆန်
- မြန်မာမှဒေါ်စောရည်မွန်တို့က-

- ဗုဒ္ဓဘာသာ ပညာရေးကို အခြေခံပညာ ကျောင်းများ၌ ပညာရပ် တစ်ခုအနေဖြင့် သင်ကြားရေး
- ဘုန်းတော်ကြီးသင် ပညာရေး စနစ်တွင် ပထမငယ်တန်းနှင့် ပထမလတ်တန်းတို့၌ အင်္ဂလိပ်စာကို ဘာသာရပ်တစ်ခု အနေဖြင့် လေ့ကျင့်သင်ကြား ပေးရေးတို့ကို ဆွေးနွေးတင်ပြကြသည်။

အစုအဖွဲ့.(၃)

နေရာ

- အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြု တက္ကသိုလ် ရှင်းလင်းဟောပြောခန်းမ

ဆွေးနွေးသည့် - ဗုဒ္ဓသာသနာတော်ထွန်းကား
စာတမ်း ပြန့်ပွားရေး (Promotion and Propagation of Buddhism)

ဦးဆောင် - အပြည်ပြည်ဆိုင်ရာထေရဝါဒ
ဆွေးနွေးသူ ဗုဒ္ဓသာသနာပြု တက္ကသိုလ် နိုင်ငံခြားဘာသာများ မဟာဌာနမှ မဟာဌာနမှူး ဦးစံထွန်းမှတ်ဝင်း

စာတမ်းများ - အပြည်ပြည်ဆိုင်ရာထေရဝါဒ
ဖတ်ကြားဆွေး ဗုဒ္ဓသာသနာပြုတက္ကသိုလ်မှ
နွေးသူများ ဒုတိယပါမောက္ခချုပ် (သင်ကြားရေး)ဆရာတော် ဒေါက်တာကုမာရာဘိဝံသက "မြတ်ဗုဒ္ဓသာသနာတော် သန့်ရှင်းရေးနှင့် ကျင့်စဉ်လေးရပ်" စာတမ်း
- အပြည်ပြည်ဆိုင်ရာထေရဝါဒ ဗုဒ္ဓသာသနာပြု တက္ကသိုလ် ပရိယတ္တိဌာန၊ ဌာနမှူး ဆရာတော် ဘဒ္ဒန္တ ကောသလ္လက "ဗုဒ္ဓသာသနာတော် ထွန်းကားပြန့်ပွားရေးတွင် နိုင်ငံတော်၏ ပံ့ပိုးမှုအခန်းကဏ္ဍများ" စာတမ်း
- ပြိတိန်နိုင်ငံ၊ ဘာမင်တန်မြို့ ဗုဒ္ဓဝိဟာရကျောင်းတိုက်မှ ဆရာတော်ဒေါက်တာ ဥတ္တရာဉာဏာဘိဝံသက "ဗုဒ္ဓသာသနာတော် ထွန်းကားပြန့်ပွားရေးနှင့် (၂၁) ရာစုနှစ်" စာတမ်းတို့ကို ဖတ်ကြားတင်ပြကြပါသည်။
- ကိုယ်စားလှယ်များက စာတမ်းများအပေါ်ပြန်လည် ဆွေးနွေးသုံးသပ်ကြပါသည်။

အစုအဖွဲ့ (၄)
နေရာ - နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)ရှိ ဘွဲ့နှင်းဓမ္မာရုံသိမ်တော်ကြီး

ဆွေးနွေးသည့် - Buddhist Meditation and
ဘာသာရပ် World Peace
သဘာပတိ - အမေရိကန် ပြည်ထောင်စု The Bhavana Society Forest Monastery and Retreat Centre in the Theravada Tradition မှ President Ven. Dr. H. Gunaratana

စာတမ်းများ - အပြည်ပြည်ဆိုင်ရာထေရဝါဒ
ဖတ်ကြားဆွေး တက္ကသိုလ်မှ မဟာဌာနမှူး
နွေးသူများ ဆရာတော် ဒေါက်တာအရှင် စန္ဒာဝရာဘိဝံသက Buddhist Meditation and World Peace စာတမ်း
- အပြည်ပြည်ဆိုင်ရာထေရဝါဒ ဗုဒ္ဓသာသနာပြု တက္ကသိုလ်မှ ပါမောက္ခဆရာတော် ဒေါက်တာအရှင်ဓမ္မပိယ (အမေရိကန်)က Nibbana in the Theravada Perspactive စာတမ်း
- ဂျမေကာနိုင်ငံမှ ဘဒ္ဒန္တလောကနာယကက Buddhist Meditation and World Peace စာတမ်း
- အပြည်ပြည်ဆိုင်ရာထေရဝါဒ ဗုဒ္ဓသာသနာပြု တက္ကသိုလ်မှ ပါမောက္ခဒေါက်တာမင်းတင်မွန်က Break Through in Tranquillity Meditation and Break Through in Insight Meditation စာတမ်းများကို ဖတ်ကြား တင်သွင်းကြပါသည်။
- သဘာပတိ ဆရာတော်က စာတမ်းများကို သုံးသပ်ဆွေးနွေးတော်မူပြီး မေးမြန်းချက်

များကို စာတမ်းရှင်ဆရာတော်များနှင့် ပါမောက္ခဒေါက်တာမင်းတင်မွန်တို့က ပြန်လည်ဖြေကြားပါသည်။

တတိယနေ့ ၁၁-၁၂-၂၀၀၄ (စနေနေ့) နံနက်ပိုင်း အစီအစဉ်
(ဆဋ္ဌသင်္ဂါယနာ မဟာပါသာဏလိုဏ်ဂူသိမ်တော်ကြီးအတွင်း)

၀၈း၀၀ (၁) နမောတဿသုံးကြိမ်ရွတ်ဆိုဘုရားကန်တော့လှူက် အခမ်းအနားကို ဖွင့်လှစ်သည်။

(၂) လာအိုပြည်သူ့ ဒီမိုကရက်တစ် သမ္မတနိုင်ငံမှ သံဃာတော်များက မေတ္တာသုတ်ပရိတ်တော်ကို ရွတ်ပွားသရဇ္ဈာယ်တော်မူကြသည်။

(၃) စားပွဲဝိုင်း ဆွေးနွေးပွဲကျင်းပခြင်း

သဘာပတိ - အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြု တက္ကသိုလ် ပါမောက္ခချုပ်ဆရာတော်အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာ အရှင်သီလာနန္ဒာဘိဝံသက ဆောင်ရွက်တော်မူ၍ အခမ်းအနားမှူးဆရာတော်အဖြစ် ပြိတိန်နိုင်ငံအောက်စဖို့ဒ်တက္ကသိုလ်မှ Ven. Dr. Dhammasami က ဆောင်ရွက်တော်မူသည်။

ဆွေးနွေးတင် - (က) အမေရိကန်ပြည်ထောင်စု
ပြကြသူများ အနောက်ဗာဂျီးနီးယား The Bhavana Society ၏ President ဆရာတော် Ven. Dr. Gunaratana က "မြတ်ဗုဒ္ဓ၏ ဝိပဿနာတရားတော်နှင့် ကမ္ဘာ့ငြိမ်းချမ်းရေး" (Buddhist Meditation and World Peace)

- (ခ) နီပေါနိုင်ငံမှ Ven. Nyannapunnika က "ဗုဒ္ဓသာသနာ၏ ရပ်တည်မှု"
- (ဂ) ရုရှား ဖက်ဒရေးရှင်း ဆိုက်ဗေးရီးယားမှ Ven. Sitala က "ရုရှားဖက်ဒရေးရှင်း၏ ဗုဒ္ဓဘာသာ"
- (ဃ) အစုအဖွဲ့(၄) ဖွဲ့မှ သဘာပတိ ဆရာတော်များ ဖြစ်ကြသည့်-
  - နီပေါမှ Ven. Nyannapunnika
  - စစ်ကိုင်းသီတဂူကမ္ဘာ့ ဗုဒ္ဓတက္ကသိုလ်မှ ပါမောက္ခချုပ် ဆရာတော် ဒေါက်တာအရှင် နန္ဒမာလာဘိဝံသ
  - အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြု တက္ကသိုလ်မှ ပါမောက္ခချုပ် ဆရာတော် ဒေါက်တာသီလာနန္ဒာဘိဝံသ
  - အမေရိကန်ပြည်ထောင်စု အနောက်ဗာဂျီးနီးယား The Bhavana Society ၏ President ဆရာတော် Ven. Dr. Gumaratana တို့က အစုအဖွဲ့အလိုက် ဆွေးနွေးချက်များကို ပြန်လည်တင်ပြ လျှောက်ထားတော်မူကြသည်။

(၄) ကမ္ဘာ့ဗုဒ္ဓဘာသာ ထိပ်သီးညီလာခံကြီးမှ ထုတ်ပြန်ကြေညာမည့် ပူးတွဲကြေညာချက်မူကြမ်းကို ဝိုင်းဝန်းအကြံပြုဆွေးနွေးတော်မူကြသည်။

(၅) အိန္ဒိယသမ္မတနိုင်ငံ၊ ဗီဟာပြည်နယ် Nalanda University မှ ဒါရိုက်တာ Dr.R. Panth က နာလန်ဒါတက္ကသိုလ်အကြောင်းကို ဗီဒီယိုဆလိုက်ဖြင့် ရှင်းလင်းတင်ပြသည်။

(၆) သီရိလင်္ကာ ဒီမိုကရက်တစ် ဆိုရှယ်လစ်သမ္မတနိုင်ငံမှ သံဃာတော် (၂၅)ပါးတို့က မေတ္တာသုတ် ပရိတ်တော်ကို ရွတ်ပွားသရဇ္ဈာယ်တော်မူကြသည်။

(၇) အိန္ဒိယသမ္မတနိုင်ငံ၊ ကက်ရှ်မီးယားပြည်နယ်မှ ဆရာတော် Ven. Sangasena က Buddhism နှင့်စပ်လျဉ်း၍ ပရိဂျက်တာဖြင့် ပြသရှင်းလင်းလျှောက်ထားတော်မူပါသည်။

(၈) သီရိလင်္ကာ ဒီမိုကရက်တစ် ဆိုရှယ်လစ်သမ္မတနိုင်ငံဝန်ကြီးချုပ် မစွတာမဟင်ဒါရာဂျာပက်(ခ်)စီက နှုတ်ခွန်းဆက်မိန့်ခွန်းပြောကြားပါသည်။

(၉) ကမ္ဘာ့ဗုဒ္ဓဘာသာ ထိပ်သီးညီလာခံကြီး၏ ပူးတွဲကြေညာချက်ထုတ်ပြန်ခြင်း

အပြည်ပြည် ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်ပါမောက္ခချုပ်ဆရာတော် အဂ္ဂမဟာပဏ္ဍိတအရှင် မဟာသဒ္ဓမ္မဇောတိကဓဇဒေါက်တာ အရှင် သီလာနန္ဒာဘိဝံသက ပူးတွဲကြေညာချက်ကိုဖတ်ကြားလျှောက်ထားတော်မူသည်။

(၁၀) နိုင်ငံတော် သံဃမဟာနာယက အဖွဲ့၊ ဒုတိယဥက္ကဋ္ဌ အောင်မြေဘုံစံကျောင်းဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တ ပညိန္ဒာဘိဝံသ အမှူးပြုသော မြန်မာ၊ သီရိလင်္ကာ၊ လာအို၊ ကမ္ဘောဒီးယား၊ နီပေါ၊ ထိုင်း စသည့် ဗုဒ္ဓဘာသာဦးဆောင် ဆရာတော်ကြီး (၂၁)ပါးတို့က ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံကြီး၏ ပူးတွဲကြေညာချက်ကို

(၆) "ဗုဒ္ဓသာသနံ စိရံ တိဋ္ဌတု" သုံးကြိမ်ရွတ်ဆို ဆုတောင်းကြပြီး နံနက်ပိုင်းအစီအစဉ် ရပ်နားကြပါသည်။

တတိယနေ့ ၁၁-၁၂-၂၀၀၄ (စနေနေ့) မွန်းလွဲပိုင်း အစီအစဉ်

(ဆဋ္ဌသင်္ဂါယနာ မဟာပါသာဏာလိုဏ်ဂူသိမ်တော်ကြီးအတွင်း)

(အခမ်းအနားမှူးများ- ဦးဝင်းအောင်၊ ဦးစီးအရာရှိ၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၊ ဦးရဲထွဋ်၊ လက်ထောက်ညွှန်ကြားရေးမှူး၊ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများနှင့် စီးပွားရေးဦးစီးဌာနတို့က ဆောင်ရွက်ပါသည်။)

၁၃း၀၀ (၁) ကမ္ဘာ့ဗုဒ္ဓဘာသာ ထိပ်သီးညီလာခံကြီး အောင်မြင်စွာပိတ်သိမ်းခြင်း အခမ်းအနားကို နမော်တဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့လျက် ဖွင့်လှစ်ကြပါသည်။

(၂) ဆရာတော် သံဃာတော်အရှင်မြတ်များက သရဏာဂုံသုံးပါးကို ရွတ်ပွားသရဇ္ဈာယ်တော်မူကြသည်။

(၃) မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ မအိအိချွန်က ထူးမခြားနားသီချင်းခန့်ကို သီဆိုပူဇော်ပါသည်။

(၄) လိုဏ်ဂူသိမ်တော်ကြီး အပြင်ဘက် ပတ်လည်ရှိ ခေါင်းလောင်း ၁၀၈ လုံးကို တစ်ပြိုင်နက်တည်း ကိုးကြိမ်ထိုးလျက်ပူဇော်သည်။

(၅) လိုဏ်ဂူသိမ်တော်ကြီးတောင် ဘက်အင်္ဂမင်္ဂလာလမ်း လက်ဝဲဘက်ရှိ ခေါင်းလောင်းတော်ကြီးကို ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီး ညီလာခံကြီး အထိမ်းအမှတ်အဖြစ် ကိုးကြိမ်ထိုးလျက်ပူဇော်သည်။

အတည်ပြုလက်မှတ်ရေးထိုးတော်မူကြပါသည်။

(၁၁) ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းက ကျေးဇူးတင်စကားလျှောက်ထားပါသည်။

(၁၂) သာသနာရေးဝန်ကြီးဌာန၊ ဝန်ကြီးဗိုလ်မှူးချုပ်သူရမြင့်မောင်က ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံမှတ်တမ်းတင်မင်္ဂလာရတုဖြစ်သည့် "သမိုင်းဖော်ညွှန်းတည်မော်ကွန်း" ကို ဖတ်ကြားလျှောက်ထားပါသည်။

(၁၃) ချက်သမ္မတနိုင်ငံမှ ဆရာတော် Ven. U ttama က ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံကြီးကို ပြည်ထောင်စုမြန်မာနိုင်ငံတော်က အိမ်ရှင်နိုင်ငံအဖြစ် စည်ကားသိုက်မြိုက်ခမ်းနားထည်ဝါစွာဖြင့် ကျင်းပနိုင်ခြင်းအတွက် ကျေးဇူးတင်စကားမြွက်ကြားတော်မူပါသည်။

(၁၄) ဗီယက်နမ်ဆိုရှယ်လစ် သမ္မတနိုင်ငံမှ သံယာတော် (၁၇) ပါးတို့က အောင်ခြင်း ရှစ်ပါးမင်္ဂလာကို သံပြိုင်ရွတ်ပွား သရဏာယ်တော်မူကြပါသည်။

(၁၅) အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်ပါမောက္ခချုပ် ဆရာတော် ဒေါက်တာအရှင်သီလာနန္ဒာဘိဝံသက နိဂုံးချုပ်ဩဝါဒကထာ မြွတ်ကြားတော်မူသည်။

(၁၆) ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ်၊ အမှတ် (၂၀) ရပ်ကွက်၊ သယ်မိတ္တာဝတ်အဖွဲ့က အရပ်ဆယ်မျက်နှာမေတ္တာပို့သကြပြီး သာသနာ့ကြွေးကြော်သံရှစ်လုံးဖွဲ့ကဗျာတို့ကို ရွတ်ဆိုပူဇော်ကြသည်။

(၁၇) သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ် အဓိပတိ၊ အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြု တက္ကသိုလ်ဩဝါဒါစရိယ ဂုဏ်ထူးဆောင် ပါမောက္ခဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ မဟာဓမ္မကထိက ဗဟုဇနဟိတဓရ ဒေါက်တာအရှင်ဉာဏိသဿရဦးဆောင်သော တက်ရောက်လာကြသူအားလုံးက "စိရံတိဋ္ဌတုလောကသ္မိံ သမ္မာသမ္ဗုဒ္ဓသာသနံ၊ တသ္မိံ သဂါရဝါနိစ္စံ၊ ဟောန္တုသေဋ္ဌပါဏိနော" ဟူသော သာသနာဆုတောင်းဂါထာတော်ကို သံပြိုင်ရွတ်ဆို ပူဇော်ဆုတောင်းကြပါသည်။

(၁၈) ကမ္ဘာ့ဗုဒ္ဓဘာသာ ထိပ်သီးညီလာခံကြီးသည် ညနေ ၁၅:၃၅ နာရီတွင် အောင်မြင်စွာပြီးစီးသည်။

ပူးတွဲကြေညာချက်

ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံကြီး

၂၀၀၄ ခုနှစ်၊ ဒီဇင်ဘာလ ၉ ရက်မှ ၁၁ ရက်အထိ ရန်ကုန်မြို့၊

ပြည်ထောင်စုမြန်မာနိုင်ငံတော်

သံယာ့အစည်းအဝေးများကို မကြာခဏကျင်းပခြင်းသည် သာသနာတော်နှင့် သံယာ့အဖွဲ့၏ တိုးတက်ကြီးပွားရေးကို အထောက်အကူပြုကြောင်း၊ အပရိယာနိယသုတ္တန်တွင် ဗုဒ္ဓဘုရားရှင်က ဟောကြားတော်မူခဲ့ပါသည်။ အစောဆုံးဗုဒ္ဓဘာသာ အစည်းအဝေးများကို ဘီစီ ၆ ရာစုကပင် ကျင်းပခဲ့သည်။ ဗုဒ္ဓဘုရားရှင် သက်တော်ထင်ရှားရှိစဉ်ကပင် အိန္ဒိယနိုင်ငံတွင် သံယာ့အဖွဲ့ညီလာခံ နှစ်ရပ်ကျင်းပခဲ့သည်။ ထိုညီလာခံများတွင် ဗုဒ္ဓဘုရားရှင်က တရားဒေသနာတော်ကို လှည့်လည်ဟောပြောကြရန် လမ်းညွှန်ဆုံးမခဲ့ပြီး၊ သံယာ့အဖွဲ့အုပ်ချုပ်ရေးအတွက် ခေါင်းဆောင်များ ခန့်ထားခဲ့ပါသည်။

ဗုဒ္ဓဘုရားရှင် ပရိနိဗ္ဗာန်စံတော်မူပြီးနောက် ဗုဒ္ဓသာသနာတော်ကို မူလဟောကြားခဲ့စဉ်ကအတိုင်း

သန့်စင်စွာ ထိန်းသိမ်းနိုင်ရန် သင်္ဃိယနာတင်ပွဲများကို ကျင်းပခဲ့ပါသည်။ ကနဦး သင်္ဃိယနာသုံးတန်ကို ဗုဒ္ဓသာသနာတော်၏ ဇာတိမြေဖြစ်သည့် အိန္ဒိယနိုင်ငံတွင် ကျင်းပခဲ့ပါသည်။ ထိုသင်္ဃိယနာများအနက် နောက်ဆုံး သင်္ဃိယနာ သို့မဟုတ် တတိယသင်္ဃိယနာတင်ပွဲက သာသနာတော်ကို ပြည်ပသို့ ပျံ့နှံ့စေခဲ့ပါသည်။ သီရိလင်္ကာနိုင်ငံတွင် ကျင်းပခဲ့သော စကုတ္ထသင်္ဃိယနာသည် အိန္ဒိယနိုင်ငံပြင်ပတွင် ကျင်းပခဲ့သော ပထမဆုံး ဗုဒ္ဓဘာသာအစည်းအဝေးဖြစ်ပါသည်။ ပဉ္စမသင်္ဃိယနာတင်ပွဲကို မြန်မာနိုင်ငံ မန္တလေးမြို့တွင်ကျင်းပခဲ့သည်။ ၁၉၅၆ ခုနှစ် ဤလိုဏ်ဂူတော်ကြီးတွင်ပင် ကျင်းပခဲ့သော ဆဋ္ဌသင်္ဃိယနာတင်ပွဲသည် ပိဋကတ်သုံးပုံကို သန့်စင်တည်းဖြတ်ရာတွင် ထေရဝါဒနိုင်ငံအားလုံးမှ သံဃာ့ခေါင်းဆောင်များ အဓိကကျသော အခန်းကဏ္ဍမှပါဝင်ခဲ့ကြသည့် ပထမဆုံးသော ဗုဒ္ဓဘာသာညီလာခံဖြစ်သည်။ တရုတ်၊ ဂျပန် စသော မဟာယာနထွန်းကားရာနိုင်ငံများမှ ဗုဒ္ဓဘာသာရဟန်းတော်တို့လည်း ထိုအရေးပါလှသော သင်္ဃိယနာပွဲသို့ တက်ရောက်ဆင်နွှဲခဲ့ပါ သည်။ ၁၉၉၈ ခုနှစ်က နီပေါနိုင်ငံ လုမ္ဗိနီတွင် ကမ္ဘာ့ ဗုဒ္ဓဘာသာညီလာခံ (World Buddhist Summit) ကို ကျင်းပခဲ့ပါသည်။ ၂၀၀၀ ပြည့်နှစ်နှင့် ၂၀၀၂ ခုနှစ်တို့တွင် ထိုင်းနိုင်ငံနှင့် ကမ္ဘောဒီးယားနိုင်ငံတို့၌ ဒုတိယနှင့် တတိယအကြိမ် ကမ္ဘာ့ဗုဒ္ဓဘာသာထွန်းကားပြန့်ပွားရေးကွန်ဖရင့်များ (Second and Third World Buddhist Propagation Conference) ကို ကျင်းပခဲ့ပါသည်။

ဗုဒ္ဓသာသနာတော် မူလဟောကြားခဲ့စဉ်ကအတိုင်း နှစ်ပေါင်းတစ်ထောင်ကျော်အောင် ထွန်းကားစည်ပင်နေသည့် ပြည်ထောင်စုမြန်မာနိုင်ငံတော် ရန်ကုန်မြို့ သမိုင်းဝင် မဟာပါသာဏလိုဏ်ဂူတော် ကြီးတွင် ၂၀၀၄ ခုနှစ် ဒီဇင်ဘာလ ၉ ရက်မှ ၁၁ ရက်နေ့အထိ ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံကို ကျင်းပခဲ့ပါသည်။ ဤအရေးပါသော ညီလာခံသို့ ထင်ရှားသော ဗုဒ္ဓဘာသာခေါင်းဆောင်များနှင့် နိုင်ငံခေါင်းဆောင်များတက်ရောက်ခဲ့ကြပါသည်။

ဤကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံ ကျင်းပရခြင်း၏ ရည်ရွယ်ချက်များသည် ကမ္ဘာ့ဒေသအသီးသီးမှ ထေရဝါဒနှင့် မဟာယာနဗုဒ္ဓဘာသာဝင်များ အချင်းချင်း ချစ်ကြည်ရင်းနှီးမှုနှင့် အပြန်အလှန်နားလည်မှု၊ ပူးပေါင်းဆောင်ရွက်မှုတို့ကို တိုးတက်ကောင်းမွန်စေရန်၊ ဗုဒ္ဓဘာသာစာပေသင်ကြားရေး နှင့် ကျင့်သုံးရေးတို့ကို ထိန်းသိမ်းနိုင်ရန်၊ ဗုဒ္ဓဘာသာကျမ်းများကို အခြေခံသော ဗုဒ္ဓဘာသာပညာရေးကို မြှင့်တင်ရန်၊ ငြိမ်းချမ်းသောကမ္ဘာလောက ပေါ်ထွန်းလာစေရေးကို အထောက်အကူပြုရန်နှင့် ဗုဒ္ဓဘုရား၏ တရားစစ်တရားမှန်ကို ကမ္ဘာ့တစ်ဝန်းပျံ့နှံ့အောင် ဆောင်ရွက်ရန်တို့ဖြစ်ပါသည်။

ဤဦးတည်ချက်များအောင်မြင်စေရန် ဤသမိုင်းဝင် ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံ တက်ရောက်ခဲ့ကြသော ကျွန်ုပ်တို့သည် အောက်ပါအချက်များကို သဘောတူညီခဲ့ကြပါသည်။

- ဗုဒ္ဓ၏ တရားဒေသနာတော်ကို မူလကအတိုင်း သန့်ရှင်းစင်ကြယ်စွာ ထိန်းသိမ်းထားရန် ဆုံးဖြတ်ပါသည်။
- ဗုဒ္ဓ၏ တရားဒေသနာတော်ကို တိုးတက်ကြီးပွားပျံ့နှံ့စေရန် ကြိုးပမ်းသွားပါမည်။
- သမိုင်းဝင် သာသနိကအဆောက်အအုံများကို ကာကွယ်စောင့်ရှောက်ရန်၊ ထိန်းသိမ်းရန်နှင့် မူလအခြေအနေရောက်အောင် ပြုပြင်ရန် ကြိုးပမ်းသွားပါမည်။
- ဗုဒ္ဓ၏ မွန်မြတ်သော မေတ္တာ၊ ကရုဏာ၊ ဥပေက္ခာဟူသည့် တရားတော်ကို ပြန့်ပွားစေခြင်းဖြင့် ကမ္ဘာတစ်ဝန်း ငြိမ်းချမ်းသာယာဝပြောရေးကို ဖော်ဆောင်ရန် ကြိုးပမ်းသွားပါမည်။
- ဗုဒ္ဓဘာသာဝင်တို့၏ စည်းလုံးညီညွတ်ရေးကို ဖော်ဆောင်ပြီး ကမ္ဘာတစ်ဝန်း ဗုဒ္ဓဘာသာဝင်အချင်းချင်း၊ ချစ်ကြည်ရင်းနှီးမှုနှင့် အပြန်အလှန်နားလည်မှုတိုးတက်ကောင်းမွန်အောင် ကြိုးပမ်းသွားပါမည်။
- ခေတ်မီနည်းပညာများအသုံးပြု၍ ဗုဒ္ဓဘာသာပညာရေးတိုးတက်မြင့်မားအောင် ကြိုးပမ်းသွားပါမည်။
- အယူအဆများ ဆွေးနွေးဖလှယ်ရန်နှင့် အပြန်အလှန်နားလည်မှု တိုးတက်စေရန်အတွက်

ဗုဒ္ဓဘာသာညီလာခံများကို မကြာခဏကျင်းပ သွားရန် ကြိုးပမ်းသွားပါမည်။

- ကမ္ဘာ့လူသားများအား မျှဝေပေးခြင်းအားဖြင့် လူတစ်ဦးချင်းစီ၏ ငြိမ်းချမ်းရေးနှင့် ကမ္ဘာ့ ငြိမ်းချမ်းရေးအတွက် ဗုဒ္ဓဘာသာ ကမ္မဋ္ဌာန်း တရားကို ပျံ့နှံ့အောင် ကြိုးပမ်းသွားပါမည်။
- ဗုဒ္ဓဘုရားရှင်၏ တရားဒေသနာတော်များ ပိုမိုထိရောက်စွာ ပြန့်ပွားစေရန်အတွက် ကမ္ဘာတစ်ဝန်းဗုဒ္ဓဘာသာရိပ်သာများ တိုးချဲ့ဖွင့်လှစ်ရန် လိုအပ်သည်ဟု ယုံကြည်ပါသည်။

မဟာပါသာဏလိုဏ်ဂူသိမ်တော်ကြီး
ကမ္ဘာအေး
ရန်ကုန်၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်
သာသနာနှစ် ၂၅၄၈
၂၀၀၄ ခုနှစ်၊ ဒီဇင်ဘာလ ၁၁ ရက်

ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံကြီးအောင်မြင်ခြင်း အထိမ်းအမှတ် ဂုဏ်ပြုညစာစားပွဲ

ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံကြီးအောင်မြင်ခြင်းအထိမ်းအမှတ် ဂုဏ်ပြုညစာစားပွဲကို ၁၁-၁၂-၂၀၀၄ ရက်နေ့ ည ၁၉း၀၀ နာရီတွင် ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ မင်းဓမ္မလမ်းရှိ မြန်မာကွန်ဗင်းရှင်းစင်တာရှေ့ရှိ မြက်ခင်းပြင်၌ ကျင်းပရာ ဂုဏ်ပြုညစာစားပွဲ အခမ်းအနားသို့ ကမ္ဘောဒီးယားနိုင်ငံ ဒုတိယဝန်ကြီးချုပ်၊ ညီလာခံကျင်းပရေးဦးစီးကော်မတီဝင်အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ရန်ကုန်မြို့တော်ဝန်၊ လုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီဝင်များဖြစ်ကြသည့် ဒုတိယဝန်ကြီးများ၊ နီပေါနိုင်ငံ နှင့် ကမ္ဘောဒီးယားနိုင်ငံတို့မှ အစိုးရအဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ ညီလာခံကြီးတွင် မော်တော်ယာဉ်များ လှူဒါန်းခဲ့သည့် ဂျပန်နိုင်ငံမှ အလှူရှင်များ၊ ဆရာကြီး ဦးဂိုအင်ကာ၏ ပြည်ပနိုင်ငံပေါင်းစုံမှ တပည့်ယောဂီများ၊ ပြည်ပနိုင်ငံအသီးသီးမှ ကိုယ်စားလှယ်တော်များ၊ အခြားဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဂုဏ်ပြုညစာစားပွဲတွင် ကမ္ဘာ့ဗုဒ္ဓဘာသာ ထိပ်သီးညီလာခံကျင်းပရေးဦးစီးကော်မတီ အတွင်းရေးမှူး၊ သာသနာရေးဝန်ကြီးဌာန၊ ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်က ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံကြီး အောင်မြင်ခြင်းအထိမ်းအမှတ် ဂုဏ်ပြုကျေးဇူးတင်စကားပြောကြားပါသည်။ ညစာသုံးဆောင်အပြီးတွင် မြန်မာကွန်ဗင်းရှင်းစင်တာခန်းမ၌ ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနက ယဉ်ကျေးမှုအကပဒေသာများဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။

ပုဂံ-မန္တလေးဘုရားဖူးခရီးစဉ်

ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံကြီးသို့ တက်ရောက်ခဲ့ကြသော ပြည်ပမှ ဧည့်သည်တော်များအား ၁၂-၁၂-၂၀၀၄ မှ ၁၃-၁၂-၂၀၀၄ အထိ ပုဂံ/ ညောင်ဦး-မန္တလေးဘုရားဖူးခရီးစဉ်ကို လိုက်ပါပို့ဆောင်ပေးခဲ့ပါသည်။ ပြည်ပမှ ဧည့်သည်တော်များ (၁၀၀)ဦးနှင့် ဖိတ်ကြားရေးနှင့် ကြိုဆိုနေရာချထားရေးဆပ်ကော်မတီမှ ဌာနဆိုင်ရာတာဝန်ရှိပုဂ္ဂိုလ်များ (၂၅)ဦးတို့ လိုက်ပါကြသည်။

ဘုရားဖူးအဖွဲ့သည် ၁၂-၁၂-၂၀၀၄ ရက်နေ့တွင် ပုဂံ/ညောင်ဦးသို့ ရောက်ရှိပြီး ဝက်ကြီးအင်းဂူပြောက်ကြီးဘုရား၊ ရွှေစည်းဂုံဘုရား၊ သပ္ပဉ္ညုစေတီတော်၊ အာနန္ဒာဘုရား၊ ဗူးဘုရားစသည်တို့ကို ဖူးမြော်ကြည်ညိုခဲ့ကြသည်။ ပုဂံ/ညောင်ဦးတွင် ပုဂံဟိုတယ်၊ သီရိပစ္စယာဟိုတယ်နှင့် သရဗာဟိုတယ်တို့တွင် ညအိပ်ရပ်နားတည်းခိုခဲ့ကြပါသည်။ ဘုရားဖူးအဖွဲ့သည် ၁၃-၁၂-၂၀၀၄ ရက်နေ့တွင် မန္တလေးသို့ရောက်ရှိ၍ မဟာမြတ်မုနိရုပ်ရှင်တော်မြတ်ကြီးကို ဖူးမြော်ကြည်ညိုကြပါသည်။ ထို့နောက် စစ်ကိုင်းမြို့သို့ ရောက်ရှိ၍ ဆွမ်းဦးပုည၌ရှင်စေတီတော်ကို ဖူးမြော်ကြည်ညိုကြပါသည်။ သီတဂူဆရာတော်ကြီး၏ ကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်သို့ ရောက်ရှိခဲ့ပြီး ပရိယတ္တိလေ့လာ သင်ကြားနေမှုအခြေအနေ၊ ပဋိပတ္တိလုပ်ငန်းဆိုင်ရာ စီစဉ်ထားရှိမှု၊ တိုးတက်အောင်မြင်မှုများကို ကြည့်ရှုလေ့လာခဲ့ကြပါသည်။ နိုင်ငံအသီးသီးမှ လာရောက်ကြသော ညီလာခံကိုယ်စားလှယ်တော်များသည် ပုဂံ/ညောင်ဦး-မန္တလေး ဘုရားဖူးခရီးစဉ်ကို အထူးပင်ကျေနပ်ဝမ်းမြောက်ကြကြောင်း သိရှိရသည်။

ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံကြီးကျင်းပပုံကို ကမ္ဘာတစ်ဝန်းသို့ ထုတ်လွှင့်ပြသခြင်း

၂၀၀၄ ခုနှစ်၊ ဒီဇင်ဘာလ (၉) ရက်နေ့တွင် ကမ္ဘာအေးကုန်းမြေရှိ ဆဋ္ဌသင်္ဂါယနာ မဟာပါသာဏလိုဏ်ဂူသိမ်တော်ကြီး၌ စည်ကားသိုက်မြိုက်ခမ်းနားထည်ဝါစွာဆင်ယင်ကျင်းပသော ကမ္ဘာ့ဗုဒ္ဓဘာသာ

ထိပ်သီးညီလာခံကြီး ဖွင့်ပွဲမင်္ဂလာအခမ်းအနားသို့ နိုင်ငံခြားသတင်းဌာနများဖြစ်သော ရိုက်တာ၊ အေပီ၊ အေအက်ဖ်ပီ၊ ဆင်ဟွာ၊ တိုကျို့ရှင်ဘွန်းစသည်တို့မှ နိုင်ငံခြားသတင်းထောက်များနှင့် ဌာနေသတင်းထောက်များ စုစုပေါင်း (၄၇) ဦး တက်ရောက်သတင်းရယူပြီး ရုပ်သံအစီအစဉ်များ သတင်းနှင့် သတင်းဓာတ်ပုံများကို ကမ္ဘာတစ်ဝန်းသို့ ထုတ်လွှင့်ဖြန့်ချိခဲ့ကြောင်း သိရှိရပါသည်။

အလားတူပင် ပြည်တွင်းဌာလည်း ဒီဇင်ဘာလ (၁၁) ရက်တွင်ကျင်းပသည့် ကမ္ဘာ့ပုဒ္ဓဘာသာထိပ်သီးညီလာခံကြီး ပိတ်ပွဲအခမ်းအနားကျင်းပပုံများကို မြန်မာ့အသံနှင့် ရုပ်မြင်သံကြားအစီအစဉ်မှ ၁၁-၁၂-၂၀၀၄ ရက်နေ့ မွန်းလွဲ ၁၂း၄၅ နာရီမှစ၍ တိုက်ရိုက်ထုတ်လွှင့်ပေးခဲ့ကြောင်းသိရှိရသည်။

ပုဒ္ဓယဉ်ကျေးမှု အမွေအနှစ် (မြန်မာ-အိန္ဒိယ) ဓာတ်ပုံပြပွဲ

ကမ္ဘာ့ပုဒ္ဓဘာသာထိပ်သီးညီလာခံကြီးကို ဂုဏ်ပြုသောအားဖြင့် သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေရှိ ဝိဇယမင်္ဂလာဓမ္မသဘင်တွင် ပုဒ္ဓယဉ်ကျေးမှုအမွေအနှစ် (မြန်မာ-အိန္ဒိယ) ဓာတ်ပုံပြပွဲကို ခင်းကျင်းပြသပါသည်။ ဓာတ်ပုံပြပွဲ ဖွင့်ပွဲအခမ်းအနားကို ၂၀၀၄ ခုနှစ်၊ ဒီဇင်ဘာလ (၉) ရက် နံနက် ၁၀း၄၅ နာရီ တွင် ကျင်းပသည်။ ပြပွဲတွင် မြန်မာ အိန္ဒိယနိုင်ငံရှိ ပုဒ္ဓဘာသာ အမွေအနှစ်ဖြစ်သော စေတီ၊ ပုထိုး၊ ပုဒ္ဓရုပ်ပွားတော်များ၊ ကျောင်းကန်နှင့် သာသနိက အဆောက်အအုံများကို ကျောက်စိပန်းချီ၊ ဆေးရေးပန်းချီ၊ ရောင်စုံဓာတ်ပုံ၊ အဖြူအမည်းဓာတ်ပုံများဖြင့် ခင်းကျင်းပြသထားသည်။

ဝိဇယမင်္ဂလာဓမ္မသဘင်အဝင်မုခ်ဦး၌ ရွှေတိဂုံဘုရားပုံတူ ကျောက်စိမ်းပုံတော်ကြီးနှင့် ပုဒ္ဓအမွေအနှစ် ရောင်စုံဓာတ်ပုံတစ်ဖက်ခြောက်ပုံစီဖြင့် (၁၂) ပုံပြသခဲ့ပါသည်။ ခန်းမအတွင်းတွင် မြန်မာဆေးရေးပန်းချီကား (၁၇) ကား၊ မြန်မာကော်ကပ်ပန်းချီ (၉၂) ကား၊ အိန္ဒိယဘုရားများ၊ မှန်ပေါင်သွင်းဓာတ်ပုံ (၈၂) ပုံတို့ကို ပြသခဲ့ပါသည်။

နိဂုံး

ပြည်ထောင်စုမြန်မာနိုင်ငံတော်တွင် ကမ္ဘာ့ပုဒ္ဓဘာသာထိပ်သီးညီလာခံကြီးကို အောင်မြင်စွာကျင်းပနိုင်ခဲ့ခြင်းကြောင့် ပုဒ္ဓသာသနာ့သမိုင်းတွင် ကြီးမားသည့် မော်ကွန်းမှတ်တိုင် စိုက်ထူလိုက်ခြင်းပင်ဖြစ်ပေသည်။ တက်ရောက်လာကြသော နိုင်ငံအသီးသီးမှ ပုဒ္ဓဘာသာခေါင်းဆောင်များသည် အပြန်အလှန်ချစ်ကြည်ရင်းနှီးမှု၊ ပေါင်းစည်းညီညွတ်မှု၊ သည်းခံခွင့်လွှတ်များကို အခြေခံပြီး ပွင့်လင်းစွာဆွေးနွေးခဲ့ကြသည်။ ကမ္ဘာ့ဒေသအသီးသီးမှ ထေရဝါဒနှင့် မဟာယာနပုဒ္ဓဘာသာဝင်များအချင်းချင်း ချစ်ကြည်ရင်းနှီးမှုနှင့် အပြန်အလှန်နားလည်မှု၊ ပူးပေါင်းဆောင်ရွက်မှုတို့ကို တိုးတက်ကောင်းမွန်စေရန် ရည်သန်ခဲ့ကြသည်။ ပုဒ္ဓဘာသာစာပေသင်ကြားရေးနှင့် ကျင့်သုံးရေးတို့ကို ထိန်းသိမ်းနိုင်ရန် အလေးထားခဲ့ကြသည်။ ပုဒ္ဓဘာသာစာပေကျမ်းဂန်များကို အခြေခံသော ပုဒ္ဓဘာသာပညာရေးကို မြှင့်တင်ရန်စိတ်ဆန္ဒရှိခဲ့ကြသည်။ ငြိမ်းချမ်းသာယာသော ကမ္ဘာလောက ပေါ်ထွန်းလာစေရေးကို အထောက်အကူပြုရန် စိတ်ပြင်းပြခဲ့သည်။ ပုဒ္ဓဘုရားရှင်၏ တရားစစ်၊ တရားမှန်တို့ကို ကမ္ဘာတစ်ဝန်း ပျံ့နှံ့အောင် ဆောင်ရွက်ကြမည်ဟုလည်း မျှော်မှန်းထားကြသည်။ ဤသို့သော ဦးတည်ချက်၊ ရည်မှန်းချက်များ အောင် မြင်စေရန် ခိုင်မာတိကျသော သဘောတူဆုံးဖြတ်ချက်များကို ချမှတ်နိုင်ခဲ့ပေသည်။

မြတ်စွာဘုရားရှင်၏ တပည့်သား သံဃာတော်မထေရ်မြတ်ကြီးများနှင့် ပုဒ္ဓဘာသာခေါင်းဆောင်များသည် မြတ်ပုဒ္ဓ၏ တရားတော်များကို အခြေခံပြီး ကမ္ဘာတစ်ဝန်းလုံးရှိ နိုင်ငံများတည်ငြိမ်အေးချမ်းသာယာလာအောင်၊ ဗြဟ္မစိုရ်တရားများထွန်းကားလာအောင် တရားရေအေးအမြိုက်ဆေးကို တိုက်ကျွေးကြမည်သာဖြစ်သည်။ အကုသိုလ်တရားများ နည်းပါးစေပြီး ကုသိုလ်တရားများပွားများ တိုးတက်စေရန် လမ်းပြပေးနိုင်မည်ဖြစ်သည်။ ပင်ပန်းနွမ်းနယ်လောင်မြိုက်နေသည့် စိတ်နှလုံးကို အေးချမ်းသည့် မေတ္တာဓာတ်နှင့် သည်းခံခွင့်လွှတ်မှု၊ ကရုဏာတရား၊ မုဒိတာတရားများနှင့် လွှမ်းခြုံ ဆောင်ရွက်ပေးနိုင်မည်ဖြစ်သည်။ ထို့ကြောင့်ပင် ကမ္ဘာ့ပုဒ္ဓဘာသာ ထိပ်သီးညီလာခံကြီးသည် ငြိမ်းချမ်းသာယာမှုနှင့် တရားမျှတမှုတို့ကိုဖော်ဆောင်ပြီး အေးချမ်းသာယာသည့် ကမ္ဘာလောကကြီး ဖန်တီးနေခြင်းကို အထောက်အကူပြုစေမည်မှာ အမှန်ပင်ဖြစ်သည်ဟု ယုံကြည်ပါသည်။


- မခင်နွဲ့ဟန်ကြည်







လူတိုင်းအတွက် ပညာရေး



ပညာ၏ဖြစ်ထွန်းမှုများကို ခံစားလာကြရသော ကမ္ဘာ့လူသားတို့သည် စိန်ခေါ်မှုများကို ရင်ဆိုင်နိုင်ရန် ပညာခရီးကိုပင် ဆက်လက်၍မနားမနေ နှင်နေကြရပြန်သည်ဖြစ်ရာ ရာစုသစ်တတိယ ထောင်စုနှစ်များကာလသည် ပညာခေတ်ဖြစ်သည်ကို မမှိတ်မသုန် ယုံကြည်လက်ခံထားကြရပြီဖြစ်သည်။

မြန်မာနိုင်ငံသည် ပထဝီအနေအထားအရသော်လည်းကောင်း၊ ဘာသာစကားအရသော်လည်းကောင်း၊ မတူကွဲပြားမှုများ ကျယ်ကျယ်ပြန့်ပြန့်ရှိသော နိုင်ငံတစ်နိုင်ငံဖြစ်သည့်တိုင် ယဉ်ကျေးမှုအရ ပညာရေးကို တန်ဖိုးမြင့်မြင့်မားမား အမြဲထားရှိခဲ့ပါသည်။ မိမိ၏ ပတ်ဝန်းကျင်ကိုနားလည်ရန်၊ဘဝအတွက်ဆီလျော်သော

အသိအမြင်ပဟုသုတ ကျွမ်းကျင်မှုများ ရရှိဖွေရှယူနိုင်ရန်အတွက် အရည်အသွေးကောင်းသောအခြေခံပညာသည် အခြေခံအုတ်မြစ်ဖြစ်ပါသည်။ အခြေခံပညာကောင်းကို ခိုင်မာစွာရရှိခဲ့သူတို့သည် ကိုယ်တိုင်၏တိုးတက်ရေးကို ကြိုးစားအားထုတ်နိုင်မည်ဖြစ်သကဲ့သို့ တာဝန်ရှိရှိ တာဝန်သိသိနိုင်ငံသားများအနေဖြင့်လည်း အပြုသဘောဆောင်သောအကျိုးပြုမှုများကိုလုပ်ဆောင်ပေးနိုင်မည်ဖြစ်၍ အခြေခံပညာသည်နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးနှင့် လူမှုရေး၊ စီးပွားရေး အင်အားကောင်းလာမှုတွင်လည်း အခြေခံဖြစ်လာ ပါသည်။ လူတိုင်းအတွက် ပညာရေးကို ဆောင်ရွက်ရာ၌ အခြေခံပညာရေးကဏ္ဍကို အဓိကအလေးထားလျက်ရှိပါသည်။

ယခုအခါ ကမ္ဘာကအာရုံစူးစိုက်လာကြသည့် ပညာရေးလုပ်ငန်းများတွင် လူတိုင်းအတွက် ပညာ ရေး Education for all သည် အခြေခံကျသော အဓိကလုပ်ငန်းအဖြစ်ပါဝင်နေပါသည်။ အဆိုပါလုပ်ငန်းသည် မြန်မာနိုင်ငံအပါအဝင် တစ်ကမ္ဘာလုံးကပါ ပါဝင်အကောင်အထည်ဖော်ကြရသည့် လုပ်ငန်းကြီးဖြစ်၍ ကမ္ဘာ့ဆိုင်ရာတာဝန်ရှိမှု Global Commitment ဟုဆိုကြရပါသည်။ လူတိုင်းအတွက် ပညာရေးလုပ်ငန်းအစီအစဉ်များသည် ဖွံ့ဖြိုးဆဲနိုင်ငံများရော ဖွံ့ဖြိုးပြီးနိုင်ငံများအတွက်ပါ အကျုံးဝင်ပါသည်။ သို့ဖြစ်၍ လူတိုင်းအတွက် ပညာရေးလုပ်ငန်းအစီအစဉ်များသည် ကမ္ဘာ့လူသားအားလုံးနှင့် တိုက်ရိုက်အကျိုးပြုသည့် အစီအစဉ်များဖြစ်လာရပါသည်။

'ကမ္ဘာ့ပညာရေးညီလာခံ' The World Conference on Education For All ကို အာရှတိုက်ထိုင်းနိုင်ငံဂျွန်တီယန်မြို့၌ ၁၉၉၀ ပြည့်နှစ် မတ်လ (၅)ရက်နေ့မှ (၉)ရက်နေ့အထိ (၅)ရက်တိုင်တိုင်ကျင်းပခဲ့ရာ နိုင်ငံပေါင်း (၁၅၅)နိုင်ငံမှ အစိုးရအဖွဲ့ကိုယ်စားလှယ်များ၊ အစိုးရမဟုတ်သော အဖွဲ့အစည်း (၁၅၀)မှ ကိုယ်စားလှယ်များ၊ စုစုပေါင်း ကိုယ်စားလှယ် (၁၅၀၀) ပါဝင်တက်ရောက်ဆွေးနွေးခဲ့ကြပါသည်။ ထိုညီလာခံကြီးကို ယူနီဆက်ဖ် (UNICEF)၊ ယူအင်ဒီပီ (UNDP)၊ ယူနက်စကို (UNESCO) နှင့် ကမ္ဘာ့ဘဏ် (World Bank) တို့က တာဝန်ယူကမကထပြုပြီးဖြစ်မြောက်အောင် အားထုတ်ခဲ့ကြခြင်းဖြစ်ပါသည်။ အဆိုပါ ပညာရေးညီလာခံမှ ချမှတ်မှုများဖြင့် လူတိုင်းအတွက် ပညာရေးလုပ်ငန်းများကို မြန်မာနိုင်ငံက ၁၉၉၀ ပြည့်နှစ်မှအစပြုလျက် အစပျိုးဆောင်ရွက်ခဲ့ကြပါသည်။

နိုင်ငံအသီးသီးတို့သည် ကမ္ဘာ့ပညာရေးညီလာခံမှ ဆွေးနွေးချမှတ်မှုဖြင့် လူတိုင်းအတွက် ပညာရေးလုပ်ငန်းများကို နိုးနိုးကြားကြားရှိခဲ့ကြသော်လည်း ချမှတ်ခဲ့ကြသော လူတိုင်းအတွက် ပညာရေး ၁၉၉၀-၂၀၀၀ ရည်မှန်းချက်များမှာ လက်လှမ်းမီရန် မြင့်မားနေသဖြင့် နိုင်ငံများစွာသည် ထိုရည်မှန်းချက်များကို အပြည့်အဝအကောင်အထည် မဖော်နိုင်ခဲ့ကြကြောင်း၊ ၁၉၉၉ ခုနှစ်တွင် လေ့လာတွေ့ရှိခဲ့ရသည်။ မြန်မာနိုင်ငံသည်လူတိုင်းအတွက် ပညာရေးလုပ်ငန်းများ စနစ်တကျ အောင်အောင်မြင်မြင် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌဦးဆောင်သော လူတိုင်းအတွက်ပညာရေးဆိုင်ရာပေါင်းစပ်ညှိနှိုင်းမှုဗဟိုကော်မတီကို ၁၉၉၆ ခုနှစ်ကပင် ဖွဲ့စည်းထားပြီဖြစ်ပါသည်။ပညာရေးဝန်ကြီးဌာနဝန်ကြီးက ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်သော လူတိုင်းအတွက် ပညာရေးလုပ်ငန်းဆိုင်ရာ ဦးစီးကော်မတီကိုလည်း ဖွဲ့စည်းထားရှိပါသည်။ ယင်းကော်မတီ၏အောက်တွင် လူတိုင်းအတွက် ပညာရေးဆိုင်ရာ လုပ်ငန်းနယ်ပယ် ဧရိယာအလိုက်လိုအပ်သော ကူညီပံ့ပိုးမှုများဆောင်ရွက်နိုင်ရန် အောက်ဖော်ပြပါ လုပ်ငန်းကော်မတီ (၆)ရပ်ကိုလည်း ဖွဲ့စည်းထားရှိပါသည်-

(၁) စီမံကိန်းနှင့် စာရင်းအင်း
(၂) ကျောင်းပညာရေး
(၃) ကျောင်းပြင်ပပညာရေး
(၄) ရန်ပုံငွေရှာဖွေရေး
(၅) သတင်းနှင့် ပြန်ကြားရေး

(၆) ပြည်နယ်/တိုင်းအဆင့် လုပ်ငန်းဖော်ဆောင်ရေး

ကမ္ဘာ့ပညာရေးညီလာခံကို ကျင်းပပြီးနောက် (၁၀)နှစ်အကြာတွင် Education For All: Meeting our Collective Commitments ကို အာဖရိကတိုက်ဆီနီဂေါနိုင်ငံ၊ ဒါကာမြို့တွင် ၂၀၀၀ ပြည့်နှစ် ဧပြီလ (၂၆) ရက်နေ့မှ (၂၈) ရက်နေ့အထိ (၃) ရက်တိုင်တိုင် ကမ္ဘာ့ပညာရေးညီလာခံကြီး The World Education Forum အဖြစ် ကျင်းပခဲ့သည်။ လူတိုင်းအတွက် ပညာရေး Education For All ဆောင်ရွက်ချက် အရပ်ရပ်ကို ပြန်လည်ဆန်းစစ် သုံးသပ်ကြသည်။ ထို့နောက် စုပေါင်းတာဝန်ခံယူမှု၊ လူတိုင်းအတွက်ပညာရေး ဒါကာလုပ်ငန်းအညွှန်းဘောင် Dakar Framework for Action ကို ချမှတ်ခဲ့သည်။ ယင်းတွင် ရည်မှန်းချက် (၆) ရပ် Dakar Six Goals for EFA ကို စုပေါင်းချမှတ်ခဲ့သည်။ အဆိုပါ ချမှတ်မှုသည် နိုင်ငံအလိုက် အခြေခံကိုယ်အင်ကိုယ်အား အသီးသီးအပေါ် မူတည်ပြီး ချမှတ်ခြင်းဖြစ်သဖြင့် ရည်မှန်းချက်အတိုင်းကြိုးပမ်းအကောင်အထည်ဖော်နိုင်လာခဲ့ကြပါသည်။

ယင်းသို့ ဆောင်ရွက်လာကြရာတွင် ယူအင်ဒီပီ၊ ယူနက်စကို၊ယူနီဆက်ဖ်စသည့်ကုလသမဂ္ဂအဖွဲ့အစည်းများနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများသည် အဘောတူညီ ကတိကဝတ်ပြုထားခဲ့ကြသည့်အတိုင်း လူတိုင်းအတွက် ပညာရေးလုပ်ငန်းများတွင် ကြိုးစားပံ့ပိုးကူညီခဲ့ကြပါသည်။

မြန်မာနိုင်ငံပညာရေးဝန်ကြီးဌာနသည် နှီးနွယ်သော ဝန်ကြီးဌာန (၉)ခုနှင့် ပူးပေါင်းပြီး၊ ညှိနှိုင်းအစည်းအဝေးပွဲများ၊ လုပ်ငန်းဆွေးနွေးပွဲများကို ဆောင်ရွက်ခဲ့ပါသည်။ ထိုဆွေးနွေးပွဲများ၏ ရလဒ်အဖြစ် နိုင်ငံအဆင့် လူတိုင်းအတွက် ပညာရေးဖော်ဆောင်မှုအဖွဲ့ (EFA Forum) နိုင်ငံအဆင့် လူတိုင်းအတွက် ပညာရေးလုပ်ငန်းဖော်ဆောင်မှုအဖွဲ့ (EFA Task force) နှင့် လူတိုင်းအတွက်ပညာရေးလုပ်ငန်းအဖွဲ့များ (EFA Working Groups) တို့ကို



ဘုန်းတော်ကြီးကျောင်းပညာရေးသည်လည်း လူတိုင်းအတွက် ပညာရေးဖြစ်၏

ဖွဲ့စည်းနိုင်ခဲ့ပါသည်။ နိုင်ငံအဆင့်လုပ်ငန်း စီမံချက်ကို ရေးဆွဲရာတွင်လည်းလိုသောအကြံဉာဏ်များ၊လမ်းညွှန်မှုများပေးနိုင်ရန်အတွက် လူတိုင်းအတွက် ပညာရေးဖော်ဆောင်ရေးအဖွဲ့ကို ပညာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး (အခြေခံ)က ဥက္ကဋ္ဌအဖြစ် ဦးဆောင်ဖွဲ့စည်းခဲ့ပါသည်။ ဤကော်မတီတွင် သက်ဆိုင်ရာအစိုးရဌာနများ၊ ပြည်တွင်းပြည်ပအပြည်ပြည်ဆိုင်ရာ အစိုးရမဟုတ်သောလူမှုရေးအဖွဲ့အစည်းများ၊ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များသည် အဖွဲ့ဝင်အဖြစ် ပါဝင်ကြပါသည်။

လုပ်ငန်းဖော်ဆောင်မှုအဖွဲ့ကို အမှတ် (၁)အခြေခံပညာဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်က လူတိုင်းအတွက် ပညာရေးနိုင်ငံအဆင့် ပေါင်းစပ်ညှိနှိုင်းရေးမှူးအဖြစ် ဦးဆောင်တာဝန်ယူပြီး၊ ဒုတိယပေါင်းစပ်ညှိနှိုင်းရေးမှူးအဖြစ် ပညာရေးစီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ်က တာဝန်ယူဆောင်ရွက်သည်။ ထိုလုပ်ငန်းဖော်ဆောင်မှုအဖွဲ့တွင် လုပ်ငန်းအဖွဲ့ (၄)ဖွဲ့မှ အဖွဲ့ဝင်များ၊ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ဦးစီးဌာနများမှ ကိုယ်စားလှယ်များ၊ ပြည်တွင်းနှင့် အပြည်ပြည်ဆိုင်ရာ အစိုးရမဟုတ်သောလူမှုရေးအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များပါဝင်ကြပြီး၊ ညှိနှိုင်းအစည်းအဝေးပွဲများနှင့် ဆွေးနွေးပွဲများကို သက်ဆိုင်ရာဌာနအဖွဲ့အစည်းများနှင့် ပေါင်းစည်းလုပ်ကိုင်ဆောင်ရွက်ခဲ့သည်။ လုပ်ငန်းစဉ်များကို ပံ့ပိုးနိုင်ရန်အတွက် ယူနီဆက်အဖွဲ့က အမျိုးသားအကြံပေးပုဂ္ဂိုလ်များကို စီစဉ်ပေးခဲ့ပါသည်။ လုပ်ငန်းအဖွဲ့ (၄)ဖွဲ့မှာ အောက်ပါအတိုင်းဖြစ်ပါသည်-

လုပ်ငန်းအဖွဲ့ (၁) ပညာသင်ယူခွင့်နှင့် အရည်အသွေး

လုပ်ငန်းအဖွဲ့ (၂) ကလေးသူငယ်ပြုစု စောင့်ရှောက်ရေးနှင့် ပညာပေးရေး

လုပ်ငန်းအဖွဲ့ (၃) ကျောင်းပြင်ပ ပညာရေးနှင့် စဉ်ဆက်ပညာရေး

လုပ်ငန်းအဖွဲ့ (၄) ပညာရေးစီမံခန့်ခွဲမှုနှင့် သတင်းအချက်အလက်စနစ်

မြန်မာနိုင်ငံလူတိုင်းအတွက် ပညာရေးအကောင်အထည်ဖော်ရေး နိုင်ငံအဆင့်စီမံချက်

(Education for all National Plan of Action-EFA NAP) ကို ၂၀၀၂ ခုနှစ်တွင် စတင်ပြုစုခဲ့သည်။ ၂၀၀၃ ခုနှစ်တွင် မြန်မာနိုင်ငံပညာရေး ကော်မတီက အတည်ပြုခဲ့ပြီး အစိုးရအဖွဲ့သို့ တင်ပြခဲ့ပါသည်။ မြန်မာနိုင်ငံအတွက် ချမှတ်ခဲ့သော ရည်မှန်းချက် (၆)ရပ်မှာ-

(က) ၂၀၁၅ ခုနှစ်တွင် ကျောင်းနေအရွယ်ကလေးများအားလုံး အခမဲ့မသင်မနေရ၊ အရည်အသွေးကောင်းမွန်သည့် အခြေခံပညာရေးကို ပြီးဆုံးအောင် သင်ယူခွင့်ရရှိရေးအတွက် သိသာထင်ရှားသည့် တိုးတက်အောင်မြင်မှုရရှိလာစေရန်သေချာအောင်ဆောင်ရွက်ရေး၊

(ခ) ဆရာများ၊ ပညာရေးလုပ်သားများနှင့် သင်ရိုးညွှန်းတမ်းတို့ ပါဝင်သည့် အရည်အသွေးကောင်းမွန်သော အခြေခံပညာရေးထောင့်စုံ၊ ဘက်စုံတိုးတက်လာစေရေး၊

(ဂ) ၂၀၁၅ ခုနှစ်တွင် လူတိုင်းအတွက် လုပ်ငန်းအခြေပြုစာတတ်မြောက်ရေးနှင့် စဉ်ဆက်ပညာရေးအဆင့်အားလုံးသိသာထင်ရှားစွာတိုးတက်အောင်မြင်လာရေး၊

(ဃ) ကျောင်းပြင်ပပညာရေး၊ ဘဝတွက်တာကျွမ်းကျင်မှုနှင့် ကာကွယ်တားဆီးမှု ပညာရေးအစီအစဉ်များမှတစ်ဆင့် လူရွယ်များနှင့် သက်ကြီးများ၏ သင်ယူမှု လိုအပ်ချက်များ ရရှိလာစေရန် သေချာအောင် ဆောင်ရွက်ရေး၊

(င) ရွေးဦးကလေးသူငယ်ဖွံ့ဖြိုးမှု ပြုစုပျိုးထောင်ရေး၊ ၎င်းနှင့်ဆိုင်သော ပညာပေးရေးတို့ကို ကျယ်ကျယ်ပြန့်ပြန့် တိုးချဲ့

လုပ်ဆောင်ရေးနှင့် ပိုမိုတိုးတက်ကောင်းမွန်အောင် ဆောင်ရွက်ရေး၊

(စ) ပညာရေးစီမံခန့်ခွဲမှုနှင့် ပညာရေး သတင်းအချက်အလက်စနစ်ကို အားဖြည့်ဆောင်ရွက်ရေးတို့ဖြစ်ကြသည်။

အဆိုပါ နည်းဗျူဟာများကို လုပ်ငန်းများအကောင်အထည်ဖော်ရန် ကနဦးအစပျိုးစဉ်ကတည်းကပင် သက်ဆိုင်ဆက်နွယ်သော အစိုးရဌာနများ၊ လူမှုအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများသည် ပါဝင်ဆောင်ရွက်လျက်ရှိနှင့်ခဲ့ကြပြီး ဖြစ်ပါသည်။

ထို့အပြင် ၂၀၀၀-၂၀၀၁ ပညာသင်နှစ်တွင် အစပြုလျက်ပညာရေးဝန်ကြီးဌာနကချမှတ်အကောင်အထည်ဖော်ဆောင်ရွက်သော အခြေခံပညာကဏ္ဍနှစ်ရှည်စီမံကိန်းနှင့် တစ်ထပ်တည်းဖြစ်နေခဲ့ရာလုပ်ငန်းကြိုးပမ်းအကောင်အထည်ဖော်ဆောင်ရွက်မှုသည်ထိုသို့ဆက်စပ်မှုရှိသဖြင့် တိုးတက်မှုရရှိကြောင်း တွေ့ရှိရပါသည်။

သာဓကအားဖြင့် ကျောင်းနေအရွယ်ကလေးများကျောင်းနေရေး၊ ကျောင်းနေမြဲရေးလုပ်ငန်းသည် စနစ်တကျစီမံချက်ရေးဆွဲဆောင်ရွက်ခြင်းနှင့် ပြည်နယ်/တိုင်းအသီးသီးတွင်လူထုလှုပ်ရှားမှုအသွင်ဖြင့်ဆောင်ရွက်ခြင်းကြောင့် သိသာထင်ရှားစွာ တိုးတက်ခဲ့ပါသည်။

ထိုနည်းတူ သက်ကြီးစာတတ်မြောက်ရေးလုပ်ငန်းများသည်လည်း ပြည်နယ်/တိုင်းများအနေဖြင့် ကိုယ်တိုင်စီမံချက်ဖြင့် အကောင်အထည်ဖော်နိုင်ခဲ့ကြ၍ အောင်မြင်မှုရလဒ်ကောင်းများ ရရှိလာခဲ့ကြသည်။ ကျောင်းပညာရေးနှင့် ဆက်နွယ်သည့် လုပ်ငန်းများသည်လည်း နှစ်ရှည်စီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်ရင်း တစ်ဆက်တည်း တိုးတက်ဖြစ်ထွန်းလာကြရပါသည်။

လူတိုင်းအတွက် ပညာရေးလုပ်ငန်းသည်အထက်တွင်ပြဆိုခဲ့သလို၊ 'ကမ္ဘာလုံးဆိုင်ရာတာဝန်ရှိမှု' Global Commitment ဖြစ်၍ နိုင်ငံအလိုက်သာလျှင်မကဆိုင်ရာဆိုင်ရာအဖွဲ့အစည်းများကလည်းနိုင်ငံအသီးသီး၏ တိုးတက်အောင်မြင်မှုများကို ကြီးကြပ်အကဲဖြတ်လျက်ရှိသည်။ နိုင်ငံတစ်နိုင်ငံက အောင်အောင်မြင်မြင်ဆောင်ရွက်မှုသည် Commitment တာဝန်ရှိမှု၊ တာဝန်



Multimedia Class Room များသည် လူတိုင်းအတွက် ပညာရေးဖြစ်လာမည်

ယူမှုကို အသိနှင့် ထပ်တူဆောင်ရွက်နိုင်ခြင်း Image ကိုလည်း ကောင်းစွာဖော်ညွှန်းပြသခြင်းပင် ဖြစ်ပါသည်။

လူတိုင်းအတွက် ပညာရေးလုပ်ငန်းများကို ဖော်ပြပါအတိုင်း ရည်မှန်းချက်များဖြင့် ချမှတ်ခဲ့သည်နှင့် အညီ စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာတွင် အောင်မြင်မှုများကိုလည်း စတင်ရရှိခဲ့ပြီဖြစ်သည်။ ဤသို့နှယ်စတင်အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် အောင်မြင်မှုနှင့်စခဲ့ရပြီးနောက်ဆက်လက်ကြိုးပမ်းအားထုတ်ရဦးမည့်လုပ်ငန်းများလည်းရှိနေပါသေးသည်။

လူတိုင်းအတွက် ပညာရေးရည်မှန်းချက် (၆) ရပ်ကို အခြေခံပြီးအောက်ပါအတိုင်းရည်မှန်းချက်နယ်ပယ်သတ်မှတ်ထားရှိခဲ့ပါသည်-

(၁) အခြေခံပညာရေးသင်ယူခွင့်နှင့် အရည်အသွေး
(၂) ကလေးသူငယ် ပြုစုစောင့်ရှောက်ရေးနှင့် ပညာရေး
(၃) ကျောင်းပြင်ပ ပညာရေးနှင့် စဉ်ဆက်ပညာရေး
(၄) ပညာရေးစီမံခန့်ခွဲမှုနှင့် သတင်းအချက်အလက်စနစ်

အဆိုပါ ရည်မှန်းချက်နယ်ပယ် (၄) ရပ်ကို အခွင့်အလမ်းများ၊ အရည်အသွေးနှင့် ဆီလျော်မှုနှင့် စီမံခန့်ခွဲမှုဆိုင်ရာ နည်းဗျူဟာ (၆) ရပ်ကို ဖော်ဆောင်ကြရန် ချမှတ်ထားပြီးလည်းဖြစ်ပါသည်။ ထိုနည်းဗျူဟာတို့မှာ-

(က) ထိရောက်သော ကလေးပျော်ကျောင်းများ တိုးချဲ့ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး၊
(ခ) အရည်အသွေးမြင့်မားသော ပညာရေးကို ကလေးများပိုမိုသင်ယူခွင့်ရရှိရေး၊
(ဂ) ကျောင်းများတွင် ကျောင်းနေမြဲရေးနှင့် အခြေခံပညာပြီးဆုံးမှုတိုးမြှင့်ရေး၊
(ဃ) အသက် (၀-၅နှစ်) ကလေးများ ဖွံ့ဖြိုးမှုအရည်အသွေးအပြည့်အဝဖော်ထုတ်ခွင့်ရရှိရေး၊
(င) ကျောင်းပြင်ပ ပညာရေး၊ စာတတ်မြောက်ရေးနှင့် စဉ်ဆက်ပညာရေး တိုးမြှင့်ဆောင်ရွက်ရေး
(စ) ပညာရေးစီမံခန့်ခွဲမှုနှင့် သတင်းအချက်အလက်စနစ် တိုးတက်စေရေး

တို့ဖြစ်ကြပါသည်။

ထို့ပြင် လွန်ခဲ့သော ဆယ်နှစ်ကျော်ကာလမှ စတင်၍ ကမ္ဘာ့နိုင်ငံအသီးသီးက ညှိနှိုင်းဆုံးဖြတ်ခဲ့ကြသည့် 'လူတိုင်းအကျုံးဝင်ပညာရေး Inclusive Education သည်လည်း လုပ်ငန်းများကျယ်ပြန့်သည်နှင့်အမျှ မြန်မာနိုင်ငံအပါအဝင် နိုင်ငံအသီးသီးက ကြိုးပမ်းဆောင်ရွက်ကြရမည့် တာဝန်တစ်ရပ်ပင်ဖြစ်သည်။

အလားတူပင် 'ပညာရေးအရည်အသွေးမြှင့်တင်မှု' Education Quality Improvement အပိုင်းကဏ္ဍသည်လည်း ပိုမိုအားစိုက်ကြရမည့် လုပ်ငန်းဖြစ်လာပါသည်။

သင်ရိုးညွှန်းတမ်းများ၊ ဆရာများကို ဆက်လက်လေ့ကျင့်ပေးမှုများ၊ ကျောင်းအဆောက်အအုံပြည့်စုံကောင်းမွန်မှု၊ သင်ယူမှုပတ်ဝန်းကျင် ဖန်တီးပေးနိုင်မှုများ၊ သင်ကြားသင်ယူမှုအထောက်အကူပြုပစ္စည်းများနှင့် သင်ကြားမှုနည်းစနစ်များအပြင် ဆရာ၊ ဆရာမများ၏ သက်သာချောင်ချိမှုများပါ အကျုံးဝင်လျက်ရှိပါသည်။ ဤသို့ဖြစ်လေရာ ထိုလုပ်ငန်းသည် ရေရှည်ကြိုးပမ်းဆောင်ရွက်ကြရမည့် လုပ်ငန်းကြီးဖြစ်ပါသည်။

ထိုလုပ်ငန်းတွင် သက်ဆိုင်ရာစီမံခန့်ခွဲမှုအဆင့်ဆင့်၏ နယ်ပယ်များအသီးသီး၌ ကြီးကြပ်ကွပ်ကဲ စစ်ဆေးနိုင်သော အခြေခံစာရင်းဇယားများမှအစ ပညာရေးစာရင်းအင်းများ စနစ်တကျကောက်ယူ ထိန်းသိမ်းပြုစု

မှုဖွံ့ဖြိုးတိုးတက်မှုရရန်မှာလည်း ထုထည်ကြီးမားနိုင်သော လုပ်ငန်းအဖြစ်တည်ရှိသည်ကို သတိချပ်ကြရမည်ဖြစ်ပါသည်။

အထက်ဖော်ပြပါ လုပ်ငန်းကြီး၏ အကျယ်အပြန့်နှင့် အသေးစိတ်တို့ကို အနှစ်ချုပ်ဆိုရပါလျှင် ကလေးများသည် စဉ်းစားတွေးခေါ်တတ်မှုများဖြင့် အရည်အသွေးများမြင့်မားလာကြကာသူတို့ဘဝတစ်သက်တာလုံးသင်ယူသွားကြရေးတွင် အထောက်အပံ့ ဖြစ်ကြစေရန် ဦးတည်ထားခြင်းဖြစ်ပါသည်။

စင်စစ်အားဖြင့် လူတိုင်းအတွက် ပညာရေးဟူသည် မွေးကင်းစအရွယ်မှသည် ကွယ်လွန်သည်အထိ ကျယ်ပြန့်စွာ လွှမ်းခြုံထားပါသည်။ မွေးသည်မှအသက် (၅) နှစ် အရွယ်အထိ ကလေးများသည် ပုံမှန်ဖွံ့ဖြိုးတိုးတက်ရန်၊ ကျောင်းနေကြပြီးနောက် ကျောင်းထွက်စောမှုများလျော့နည်းပျောက်ရန်၊ လူငယ်နှင့် လူကြီးတို့အတွက် ကြုံတင်ကာကွယ်မှု အသိပညာများ ဖြန့်ချိပေးရန်၊ ဝင်ငွေတိုးပွားရေး လုပ်ငန်းအသိကျွမ်းကျင်မှုဗဟုသုတများရရှိကြရန်နှင့် အသက်မွေးဝမ်းကျောင်းမှုပညာရေး၊ စဉ်ဆက်ပညာရေးတို့ ရရှိကြရန်သည် လက်ရှိတွင် အားနည်းချက်များရှိနေသေးပြီး အချိန်မီပြုပြုပြင်ပြင်နှင့် အရှိန်မြှင့်ဆောင်ရွက်သွားကြရမည့် လုပ်ငန်းများပင် ဖြစ်ကြပါသည်။


ကျောင်းနေအရွယ်ကလေးများ ကျောင်းနေဖြစ်ရေး၊ ကျောင်းနေမြဲရေးနှင့် အတန်းအဆင့်ကူးပြောင်းမှုများ တိုးတက်မြင့်မားလာစေရေးသည် ပညာရေးဝန်ကြီးဌာနအနေဖြင့် ရှိသည့် အင်အားစုများအပြင် ဒေသဆိုင်ရာအဖွဲ့အစည်းများ၊ လူမှုရေးအဖွဲ့အစည်းများ၏ အင်အားစုများဖြင့်လည်း ပေါင်းစည်းရယူကာ ကြိုးပမ်းအားထုတ်ကြရမည်ဖြစ်ပါသည်။

လူတိုင်းအတွက်ပညာရေး နိုင်ငံအဆင့်စီမံချက်ကို ရေးဆွဲပြုစုရန် အကြံဉာဏ်များရယူဆွေးနွေး ညှိနှိုင်းခြင်းများမှ အစပြုကာ ယခုအခါ လူတိုင်းအတွက် ပညာရေးဆိုင်ရာလုပ်ငန်းများသည် အချင်းချင်း၊ အဆင့်ဆင့် အသိပေးလက်ဆင့်ကမ်း ဖြန့်ဝေဖြန့်ချိမှုများလုံလောက်သည့် ကျယ်ပြန့်နှံ့စပ်သော ပမာဏသို့ ရောက်ရှိခဲ့ပြီဟု ဆိုနိုင်ပါသည်။

ထိုလုပ်ငန်းသည် ပမာဏထုထည်ကြီးမားပါသည်။ မိမိတို့နိုင်ငံ၏ တိုးတက်မှုဖြစ်စဉ်များကို အခြေပြုလျက် ပညာရေးဝန်ကြီးဌာနနှင့်အတူနိုင်ငံတကာအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ ပြည်သူလူထုတစ်ရပ်လုံးက ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန် လိုအပ်မည်ဖြစ်ပါသည်။ ရရှိလာခဲ့သော အောင်မြင်မှုကိန်းဂဏန်းများအပေါ် ကျေနပ်အားရကြသကဲ့သို့ ကျန်ရှိနေသေးသည့် လုပ်ငန်းများကိုလည်း ဆက်လက်ဆောင်ရွက်ကြရာ၌ အောင်မြင်မှုရရှိရေးအတွက် ပိုမိုအလေးထား နိုးကြားတက်ကြွစွာ ဆောင်ရွက်သွားကြရန် အထူးလိုအပ်ပါသည်။

ပညာရေးဌာန၊ ပညာရေးလောကမိသားစုများအနေဖြင့်မူ ဥစ္စာရင်လို ဥစ္စာရင်ခဲကြပြီး အဆိုပါလုပ်ငန်းကို မျက်ခြည်အပြတ်မခံကြဘဲ တာဝန်ပိုင်း၌လုံ့လဥဿာဟထုတ်ကြိုးစားဆောင်ရွက်ကြမည်ဆိုပါလျှင် ၂၀၀၀ ပြည့်နှစ်မှ အစပြုသော ၂၀၁၅ ခုနှစ်အထိ လူတိုင်းအတွက် ပညာရေးခရီးသည် လူတိုင်းကပညာရေးအတွက် ကြိုးပမ်းခြင်းဖြင့် အောင်မြင်စွာ ရောက်ရှိမည်သာဖြစ်ကြောင်း တင်ပြရပါသည်။

ဦးသန်းဦး
အငြိမ်းစားညွှန်ကြားရေးမှူးချုပ်
အခြေခံပညာဦးစီးဌာန
ဦးတင်ညို
ညွှန်ကြားရေးမှူးချုပ်
အမှတ် (၁) အခြေခံပညာဦးစီးဌာန














ဈေးကွက်စီးပွားရေးစနစ် ဖွံ့ဖြိုးစေမည့် ကုန်စည်ပြပွဲများ (၂၀၀၄)



ပထမအကြိမ် ငါးနိုင်ငံကုန်စည်ပြပွဲကျင်းပရာ မြန်မာကွန်ဗင်းရှင်းစင်တာအဆောက်အအုံ

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် အနာဂတ်တွင် ပေါ်ထွန်းလာမည့် နိုင်ငံတော်သစ်ကြီးကို တည်ဆောက်ရာတွင်နိုင်ငံရေးဦးတည်ချက် (၄) ရပ်၊ စီးပွားရေးဦးတည်ချက် (၄) ရပ်နှင့် လူမှုရေးဦးတည်ချက် (၄) ရပ်တို့ကို ချမှတ်လျက် ခိုင်ခိုင်မာမာကျစ်ကျစ်လျစ်လျစ်ဖြင့် ဦးတည်ချက်များအတိုင်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

ကမ္ဘာပေါ်ရှိ နိုင်ငံများသည် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုတွင် နည်းအမျိုးမျိုးဖြင့် ကြိုးပမ်းလျက်ရှိနေသည်။ ယခုမျက်မှောက်ကာလသည် နည်းပညာနှင့် သတင်းအချက်အလက်ခေတ်ကို ရောက်နေပြီဖြစ်

သောကြောင့် တစ်နိုင်ငံနှင့်တစ်နိုင်ငံ အပြိုင်အဆိုင် စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရန်ဆောင်ရွက်နေကြသည်။ ထိုသို့ ဆောင်ရွက်ရာတွင်အကျိုးတူကိစ္စများဆောင်ရွက်နိုင်ရန် တစ်နိုင်ငံနှင့် တစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်လာကြသည်။ ထိုသို့ ပူးပေါင်းဆောင်ရွက်ခြင်းကြောင့် EU, NAFTA, ASEAN စသည့် စီးပွားရေးအုပ်စုများ ပေါ်ထွန်းလာသည်။ စီးပွားရေးအုပ်စုပါနိုင်ငံအချင်းချင်း သော်လည်းကောင်း၊ စီးပွားရေးအုပ်စုအချင်းချင်းသော်လည်းကောင်း ပူးပေါင်းဆောင်ရွက်မှုများ ပေါ်ပေါက်လာသည်။တစ်နည်းအားဖြင့်ကမ္ဘာပေါ်ရှိနိုင်ငံအသီးသီးတို့သည် အချင်းချင်းပူးပေါင်းဆောင်ရွက်ခြင်းဖြင့်တစ်ခုတည်းသော ကမ္ဘာ့စီးပွားရေးစနစ် ပေါ်ထွန်းလာစေရန် ကြိုးပမ်းလျက်ရှိကြသည်။ ထိုကြိုးပမ်းချက်အောင်မြင်စေရန် အားပေးသောအချက်မှာနိုင်ငံခြားမှ တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုဖြစ်သည်။

ပြည်ထောင်စု မြန်မာနိုင်ငံတော်သည် ၁၉၉၇ ခုနှစ် မေလ (၂၃) ရက်နေ့မှစ၍ အရှေ့တောင် အာရှ နိုင်ငံများအသင်း (ASEAN)၏ အသင်းဝင်နိုင်ငံ ဖြစ်လာပြီဖြစ်သောကြောင့် ကမ္ဘာ့စီးပွားရေးနယ်ပယ်တွင် အောင်မြင်တိုးတက်ရန် အခွင့်အလမ်း များရရှိနေသည့်နည်းတူ ဒေသဆိုင်ရာစီးပွားရေးနယ်ပယ်တွင်လည်း တိုးတက်မှုများ ပိုမိုရရှိနေပြီ ဖြစ်သည်။

မြန်မာနိုင်ငံတွင် စျေးကွက်စီးပွားရေးစနစ်ကို ပီပြင်စွာဖြစ်ပေါ်လာစေရန် နိုင်ငံတော်အစိုးရအနေဖြင့် အစဉ်တစိုက် ကြိုးပမ်းအကောင်အထည်ဖော်လျက်ရှိသည်။ ထိုရောက်အောင်မြင်မရှိစေရန်အတွက်လည်း စီးပွားရေးဆိုင်ရာဥပဒေများကို လိုအပ်သလို ပြဋ္ဌာန်းပေးသည်။ နိုင်ငံခြားရင်းနှီးမြှုပ်နှံ မှုကို ပြည်တွင်း၊ ပြည်ပ စီးပွားရေးအဖွဲ့အစည်းတို့က သင့်မြတ်သလို ပူးပေါင်းလုပ်ဆောင်ကြရာတွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံသူတို့အတွက်လည်း ထိုက်သင့်သော အကျိုးအမြတ်ရရှိခွင့်နှင့် လုပ်ငန်းပြီးဆုံးသွားသောအခါ ပြန်လည်ယူဆောင်ခွင့်၊ လုပ်ငန်းလုပ်ကိုင်နေစဉ် ပြည်သူပိုင်ပြုလုပ်ခြင်းမပြုဟု အာမခံချက်ရရှိခွင့်တို့ကိုလည်း နိုင်ငံတော်နှင့် ပြည်သူတို့၏ အကျိုးစီးပွားနှင့် ကိုက်ညီစွာရရှိနိုင်ကြမည် ဖြစ်သည်။

စျေးကွက်စီးပွားရေးစနစ်တွင် အဓိကနေရာမှ ပါဝင်သည့်လုပ်ငန်းစဉ်တစ်ခုဖြစ်သော ကုန်စည်ပြပွဲများကို နှစ်စဉ်ကျင်းပပေးလျက်ရှိရာ Foreign Investment Law အရသော်လည်းကောင်း၊ နိုင်ငံခြားကုန်သည်ကြီးများနှင့် မြန်မာနိုင်ငံမှ သွင်းကုန် ထုတ်ကုန်လုပ်ငန်းရှင်များ၊ ကုန်ထုတ်လုပ်သူများ၊ ဖြန့်ချိသူများစသည်တို့ တက်ရောက်တွေ့ဆုံလာကြခြင်းအားဖြင့် အချင်းချင်းအဆက်အသွယ်ရရှိပြီး စီးပွားရေးလုပ်ငန်းများကို ပူးပေါင်းဆောင်ရွက်လာကြခြင်းအားဖြင့် မြန်မာနိုင်ငံ၏ စီးပွားရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာသည်ကို တွေ့ရသည်။

၂၀၀၄ ခုနှစ်အတွင်း မြန်မာနိုင်ငံတွင် ကုန်စည်ပြပွဲများကို နိုင်ငံခြားတိုင်းပြည်များနှင့်လည်းကောင်း၊ ပြည်တွင်းစီးပွားရေးအဖွဲ့အစည်းအသီးသီးပူးပေါင်း၍လည်းကောင်း ကျင်းပနိုင်ခဲ့သည်။ ဤသို့ ပြုလုပ်နိုင်သောကြောင့် အမျိုးသားအကျိုးစီးပွားများစွာ ဖြစ်ထွန်းခဲ့ပြီး စီးပွားရေးရလဒ်ကောင်းများ ထင်ဟပ်ကျန်ရစ်လျက်ရှိကြောင်း အောက်ပါပြပွဲများက လေ့လာတွေ့ရှိရပေသည်။

အိန္ဒိယကုန်စည်ပြပွဲ (Made In India Show)

စီးပွားရေးနှင့် သတင်းနည်းပညာများ ပူးပေါင်းဆောင်ရွက်ရေးကို အသားပေးထားသော "အိန္ဒိယကုန်စည်ပြပွဲ" ကို ၂၀၀၄ ခုနှစ်၊ ဖေဖော်ဝါရီလ (၁၉) ရက်မှ (၂၂)ရက်ထိ ရန်ကုန်မြို့ ကုန်သွယ်မှုဗဟိုဌာန အဆောက်အအုံတွင် အိန္ဒိယစက်မှုလုပ်ငန်းရှင်များအဖွဲ့က ပထမဆုံးအကြိမ်ကျင်းပခဲ့သည်။ ကုန်စည်ပြပွဲ၏ အဓိကဆောင်ပုဒ်မှာ "အိန္ဒိယနိုင်ငံနှင့် အကျိုးရှိသော ကုန်သွယ်ဖက်ဖြစ်ရေး" ဖြစ်သည်။

အဆိုပါ ကုန်စည်ပြပွဲတွင် လယ်ယာသုံးစက်ပစ္စည်းများမှစ၍ အလှကုန်ပစ္စည်းများအထိပါဝင်ပြီး၊ အိန္ဒိယနိုင်ငံအနှံ့မှ ကုမ္ပဏီ (၇၁)ခုပါဝင်ပြီး အမှုဆောင်

အရာရှိချုပ်များပါသည့် အဆင့်မြင့် ကိုယ်စားလှယ်အဖွဲ့က မြန်မာကုန်သွယ်ဖက်များနှင့် တွေ့ဆုံကာလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ခြင်းဖြစ်သည်။ အိန္ဒိယထုတ်ကုန်ပစ္စည်းများကို မြန်မာပြည်သူများ ထိတွေ့ခံစားနိုင်စေရန် ရည်ရွယ်၍ သံနှင့် သံမဏိပစ္စည်းများ၊ စိုက်ပျိုးရေးလုပ်ငန်းသုံး စက်ကိရိယာများ၊ ဆေးနှင့် ဆေးပစ္စည်းများ၊ ဆေးရုံသုံးပစ္စည်းကိရိယာများ၊ လျှပ်စစ်ပစ္စည်းကိရိယာများ၊ စက်မှုထုတ်ကုန်ပစ္စည်းများနှင့် အဝတ်အထည်နှင့် လူသုံးကုန်ပစ္စည်းအမျိုးမျိုးကို ခင်းကျင်းမိတ်ဆက် ပြသခဲ့ခြင်းဖြစ်သည်။ ဤသို့ ပြသခြင်းဖြင့် အိန္ဒိယကုမ္ပဏီများအနေဖြင့်လည်း စီးပွားရေးဆိုင်ရာ သတင်းအချက်အလက်များနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အခွင့်အလမ်းများကို မြန်မာပြည်ဈေးကွက်ထဲတွင် မြန်မာနိုင်ငံမှ စီးပွားရေးလုပ်ငန်းရှင်များနှင့် ပူးပေါင်းဆောင်ရွက်နိုင်မည်ဖြစ်သည်။ အိန္ဒိယနိုင်ငံသည် မြန်မာနိုင်ငံ၏ အဓိကကုန်သွယ်ဖက်နိုင်ငံတစ်နိုင်ငံဖြစ်သကဲ့သို့ မြန်မာ့ပို့ကုန်၏ ဒုတိယအကြီးမားဆုံးစျေးကွက်လည်းဖြစ်ပေသည်။

ကုန်စည်ပြပွဲနှင့်အတူ ပြည်ထောင်စုမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းနှင့်အိန္ဒိယနိုင်ငံစက်မှုလက်မှုလုပ်ငန်းရှင်များအသင်းတို့သည် Agreement On Selling up of Joint Task Force သဘောတူစာချုပ်ကို လက်မှတ်ရေးထိုးချုပ်ဆိုနိုင်ခဲ့ပြီး ၂၀၀၆ ခုနှစ်တွင် အိန္ဒိယ-မြန်မာနှစ်နိုင်ငံကုန်သွယ်ရေးကို ယခုအခြေအနေထက် နှစ်ဆတိုးမြှင့်အောင် ဆောင်ရွက်သွားရန် ရည်မှန်းချက်များ ချမှတ်နိုင်ခဲ့သည်။

ရန်ကုန် ကုန်စည်ပြပွဲ ၂၀၀၄ နှင့် နိုင်ငံအဝန်းပြုလုပ်ခဲ့သည့် ကုန်စည်ပြပွဲများ

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ ခွင့်ပြုချက်ဖြင့် Quartz International Co., Ltd. က စီစဉ်ကျင်းပခဲ့သည့် ရန်ကုန်ကုန်စည်ပြပွဲ ၂၀၀၄ ကို ဇန်နဝါရီလ (၂၉)ရက်နေ့မှ ဖေဖော်ဝါရီလ (၂)ရက်နေ့ထိ ရန်ကုန်မြို့အထက်ပုဇွန်တောင် လမ်းမရှိ ရန်ကုန်သွယ်မှုပဟိုဠ်ဌာန၌ ကျင်းပခဲ့သည်။

အဆိုပါ ပြပွဲတွင် ပြည်တွင်းပြည်ပမှ အလှကုန်များ၊ လူသုံးကုန်ပစ္စည်းများ၊ လျှပ်စစ်နှင့် အီလက်ထရွန်းနစ်ပစ္စည်းများ၊ ဆောက်လုပ်ရေးပစ္စည်းများ၊ အိမ်သုံးကုန်ပစ္စည်းများ၊ စာရေးကိရိယာပစ္စည်းများ၊ အသေးစားစက်ပစ္စည်းများ၊ တိုင်းရင်းဆေးနှင့် ဆေးဝါးပစ္စည်းများ ပြသနိုင်ခဲ့သည်။

နိုင်ငံတော်သည် အမျိုးသားစီးပွားရေးဘဝတိုးတက်ဖွံ့ဖြိုးရန်အတွက်ဘက်စုံမှအားပေးကူညီမြှင့်တင်ပေးလျက်ရှိသည်။ အမျိုးသားစီးပွားရေး ဘဝခိုင်မာစွာပေါ်ထွက်လာစေရန် စီးပွားရေး ဦးတည်ချက်လေးရပ်ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာတွင် "စျေးကွက်စီးပွားရေးစနစ်ပီပြင်စွာဖြစ်ပေါ်လာရေး"အရ ကုန်စည်ပြပွဲများကို ရန်ကုန်မြို့တွင်သာမက တစ်နိုင်ငံလုံး ကျယ်ကျယ်ပြန့်ပြန့်ခွင့်ပြုဆောင်ရွက်လျက်ရှိသည်။ ထို့ကြောင့် ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (မြောက်ပိုင်း)နှင့် တနင်္သာရီတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီတို့၏ ခွင့်ပြုချက်ဖြင့် ရန်ကုန်တိုင်း ရွှေခြေသွေ့သမဝါယမ အသင်းလီမိတက်က ဖေဖော်ဝါရီလ (၄)ရက်နေ့မှ (၈)ရက်နေ့အထိ လားရှိုးမြို့၊ ယုံဟော်ကွင်း၌ လည်းကောင်း၊ ဖေဖော်ဝါရီလ (၁၂)ရက်မှ (၁၆) ရက်နေ့ထိ မူဆယ်မြို့၊ မြို့နယ်အားကစားကွင်း၌ လည်းကောင်း၊ မတ်လ (၂၄)ရက်မှ (၂၈)ရက်နေ့ထိ ကော့သောင်းမြို့၊ မဇ္ဈိမသကလွတ်လပ်ရေးကွင်း၌ လည်းကောင်း ဧပြီလ (၂)ရက်မှ (၆)ရက်အထိ မြိတ်မြို့၊မြို့နယ်အားကစားကွင်း၌လည်းကောင်း၊ ကုန်စည်ပြပွဲနှင့် စျေးရောင်းပွဲတော်များကို ကျင်းပနိုင်ခဲ့သည်။

အဆိုပါ စျေးရောင်းပွဲတော်များ၌ ဖိုးလပြည့်ကုမ္ပဏီက အဓိကပံ့ပိုးကူညီပြီး Scorpion C Plus, Lemon Tea Plus နှင့် 2 in 1 အားဖြည့်အချို့ရည်

များကို အထူးစျေးနှုန်းများဖြင့် ရောင်းချပေးခဲ့သည်။ ကျော်တိုင်းရင်းဆေးဝါးထုတ်လုပ်ရေးက တွဲဖက်ပံ့ပိုးကူညီကာ စားသောက်ကုန်များ၊ အလှကုန်နှင့် လူသုံးကုန်ပစ္စည်းအမျိုးမျိုး၊ စိုက်ပျိုးရေးလုပ်ငန်းသုံးပစ္စည်း၊ မွေးမြူရေးနှင့် ရေလုပ်ငန်းပစ္စည်းများ၊ လျှပ်စစ်နှင့် အီလက်ထရွန်းနစ်များ၊ ပလတ်စတစ်နှင့် ဖိုက်ဘာပစ္စည်းများ၊ ရုံးသုံးကျောင်းသုံး စာရေးကိရိယာများ၊ စက်မှုလက်မှုနည်းပညာဆိုင်ရာပြခန်းများ၊ ပြည်တွင်းဖြစ် တိုင်းရင်းဆေးဝါးနှင့် နိုင်ငံခြားဆေးအမျိုးမျိုး၊ နိုင်ငံခြားစံချိန်မီ ဖိနပ်အမျိုးမျိုး၊ အိမ်အလှဆင်ပစ္စည်းအမျိုးမျိုး၊ အဝတ်အထည်နှင့် ဖက်ရှင်အသုံးအဆောင်ပစ္စည်းအမျိုးမျိုး အခြားလူသုံးကုန်ပစ္စည်းများကို အထူးစျေးနှုန်းများဖြင့် ရောင်းချခဲ့သည်။

အရည်အသွေးကောင်းမွန်စွာ စနစ်တကျထုတ်လုပ်ထားသော ထုတ်ကုန်ပစ္စည်းများ၊ ပြည်ပသွင်းကုန်အစားထိုးကုန်ပစ္စည်းများ၊ ကုန်ပစ္စည်း အမယ်သစ် (အမည်သစ်)များ၊ အများပြည်သူအတွင်း ကျယ်ပြန့်စွာ တိုက်ရိုက်ထိတွေ့လေ့လာနိုင်စေရန်နှင့် စျေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေးအတွက် အထောက်အကူဖြစ်စေရန် ရည်ရွယ်၍ "မြန်မာ့ထုတ်ကုန်ပစ္စည်းပြပွဲ ၂၀၀၄" (Myanmar Products Expo 2004) ကို မေလ (၁၅)ရက်မှ (၁၉)ရက်နေ့ထိ



ပထမအကြိမ် ငါးနိုင်ငံကုန်စည်ပြပွဲဖွင့်ပွဲအခမ်းအနား

လားရှိုးမြို့၊ နန်းဟေဝန်ဥယျာဉ်၌ Dragon Exhibitions Limited က စည်ကားစွာ ကျင်းပနိုင်ခဲ့သည်။

ထို့အပြင် ရှမ်းပြည်နယ် ၂၀၀၄ ကုန်စည်ပြပွဲကို တောင်ကြီးမြို့တွင် ဖေဖော်ဝါရီလ (၄)ရက်မှ (၈)ရက် အထိလည်းကောင်း၊ အောင်ပန်းမြို့၌ ဖေဖော်ဝါရီလ (၁၂)ရက်မှ (၁၆)ရက်ထိလည်းကောင်း သက်ဆိုင်ရာ အား/ကာခန်းမအသီးသီးတွင် အထူးစည်ကား သိုက်မြိုက်စွာ ကျင်းပနိုင်ခဲ့သည်။

ပြည်တွင်းပြည်ပမှ စီးပွားရေးလုပ်ငန်းရှင်များ၊ ထုတ်ကုန်လုပ်ငန်းရှင်များသည် မိမိတို့၏ အဆင့်မြင့် ကုန်ပစ္စည်းများကို တိုက်ရိုက်ဖြန့်ဖြူးရောင်းချနိုင်ရန် နှင့် မန္တလေးတိုင်းမှ အများပြည်သူများအနေဖြင့် လူသုံး ကုန်နှင့် အလှကုန်ပစ္စည်းများကို စျေးနှုန်းမှန်ကန်စွာ ဖြင့် လေ့လာကြည့်ရှုဝယ်ယူနိုင်ရန် ရည်ရွယ်၍ မန္တလေး တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ကူညီပံ့ပိုးမှုဖြင့် Climax Business Group Co., Ltd. က မန္တလေးတိုင်း၊ မြင်းခြံမြို့၊ ပြည်သူ့အားကစားကွင်း နှင့် ခန်းမတွင် ဇူလိုင်လ (၈)ရက်မှ (၁၂)ရက်အထိ လည်းကောင်း၊ မိတ္ထီလာမြို့၊ အောင်မင်္ဂလာခန်းမတွင် ဇူလိုင်လ (၁၅)ရက်မှ (၁၉) ရက်အထိလည်းကောင်း၊ အဆင့်မြင့်ကုန်စည်ပြပွဲနှင့် စျေးပွဲတော်များကို စည်ကား သိုက်မြိုက်စွာ ကျင်းပခဲ့သည်။

မြန်မာ့တုန်းတာကုန်စည်ပြပွဲ ၂၀၀၄

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီး ဌာန၏ ခွင့်ပြုချက်ဖြင့် မြန်မာ့တုန်းတာကုန်စည်ပြပွဲ ၂၀၀၄ (Myanmar Tong Tah Trade Fair 2004) ကို မေလ (၁၉)ရက်မှ (၂၃)ရက်အထိ ရန်ကုန်မြို့ အထက်ပုဇွန်တောင်လမ်းမရှိ ရန်ကုန်ကုန်သွယ်မှု ပဟိုဌာနတွင် စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ခဲ့ သည်။

Tong Tah Co., Ltd. မှ Pentel, Carl, Max, Midori, Sam Wang, Tae Yang, Hello Kitty, Comix, Helix, Panoco အမှတ်တံဆိပ်ရုံးသုံး၊ ကျောင်းသုံးစာရေးကိရိယာအမျိုးမျိုး၊ My Shaldan, ARS, Kobayashi အမှတ်တံဆိပ်ကား၊ အိမ်ခန်းသုံး၊ ရေချိုးခန်းသုံးရေမွှေးများ၊ Oriental Koshin အမှတ် တံဆိပ်လယ်ယာစိုက်ပျိုးရေးသုံး ရေစုပ်ပန့်များMakita, Maktec အမှတ်တံဆိပ်လက်သမားသုံးပစ္စည်းများ၊ Turtle Wax, Soft 99 အမှတ်တံဆိပ် ကားပေါ်လစ် များ၊ WD-40 အမှတ်တံဆိပ် သံချေးခွာတ်ဆေးများ၊ Granja, Kaaz အမှတ်တံဆိပ်မြက်ရိတ်စက်များ၊ V-Tech ကော်အမျိုးမျိုး၊ Stihl, Oleomac တံဆိပ်သစ် ဖြတ်စက်များ၊ Ercolina အမှတ်တံဆိပ် အလူမီနီယံ လှေကားများ၊ Yamaha အမှတ်တံဆိပ်မီးစက်များ၊ Sanwa အမှတ်တံဆိပ် Multitester အမျိုးမျိုး၊ အင်ဂျင်အမျိုးမျိုးတို့နှင့် Kyocera Mita အမှတ် တံဆိပ်မိတ္တူကူးစက်နှင့် Computer နှင့် Printer အပို ပစ္စည်းများကို Star Entertainment Co., Ltd နှင့် ပူးပေါင်း၍ ကုန်ပစ္စည်းဆိုင်ရာ သရုပ်ပြပွဲများ၊ တေးဂီတ ဖျော်ဖြေပွဲများအပြင် Canon, Bagan Cybertech, Myanmar Technology Gate Way, Soft Guide, FTI, Coticon, Smart, Intellect, Martech Co., Ltd., Fisca Enterprise, Myanmar Millennium Group, Systematic, T-Land, Lin Thu Zar, Spring Commercial Co., Ltd., NCTC Computer Co., Ltd., နှင့် Centillion Co., Ltd တို့က Computer နှင့် Printer အပိုပစ္စည်းများကို ပြသခဲ့သည်။ အထူး အစီအစဉ်အနေဖြင့် Bagan Cybertech မှ ပြပွဲ ကာလအတွင်း Internet ကို အခမဲ့ သုံးစွဲခွင့်ပြုခဲ့သည်။ Ngapali နှင့် Shwe Gabar Maung Maung < Naing Group Construction, Maung Maung Gyi Construction တို့က အဆင့်မြင့်အိမ်ရာစီမံကိန်း ပုံစံငယ်များကို လည်းကောင်း၊ Vector Co., Ltd, Radium Industry Co., Ltd., Kol Global Co., Ltd., U Than Ohm & Sons, RF Maung Maung, Honda U Khin Maung, Lu Lay Co., Ltd. တို့က အင်ဂျင်၊ မီးစက်နှင့် စက်ပစ္စည်းအမျိုးမျိုး၊ Fresh Air

Conditioners က လေအေးပေးစက် အမျိုးမျိုး၊ Win Garment, Mya Nady, Gent Garment, Latest Shirt, Style World, Hein Htoon Aungတို့ကအသင့် ချုပ်ပြီး အဝတ်အထည်အမျိုးမျိုးကိုလည်းကောင်း၊ Shwe Gabar က ကလစ်၊ ရင်ထိုးအမျိုးမျိုး၊ Win Family Industry Co., Ltd. က ပန်းအလှပစ္စည်း အမျိုးမျိုး၊ Reva Co., Ltd. နှင့် Shoe Studio တို့က ဖိနပ်အမျိုးမျိုး၊ Mauuart Co.,Ltd. (ကိုရီးယားကြမ်းခင်း)၊ Tricer Co., Ltd က ပလတ်စတစ်ပစ္စည်း အမျိုးမျိုး၊ သိမ်းနှင့် သားများက ဆေးရုံသုံးပတ်တီးလိပ်များ၊ Lonemay, N.I.C.E, Shwe San Chaung, Myanmar Dairy Industries Ltd., Yadanar Myanmar Traditional Food Products, Star Croissant Bakery House, KTB & Fm MAKRO Industry, Moe Pyan Ananwa တို့က စားသောက်ကုန်ပစ္စည်းများနှင့် စည်ကားသိုက်မြိုက်စွာ ပါဝင်ပြသခဲ့သည်။ KSW Light Truck, AMSS အောင်မြင်ရွှမ်းစတား၊ KKK ကျားကိုးကောင် စက်မှုဇုံများက ထုတ်လုပ်သော မော်တော်ကားများကိုလည်း ခင်းကျင်းပြသရောင်းချခဲ့သည်။ တုန်းတာကုမ္ပဏီပြခန်းများတွင် ကုန်ပစ္စည်းများကို ၁၀ ရာခိုင်နှုန်းလျှော့၍ အထူးနှုန်းဖြင့် ရောင်းချပေးခဲ့သည်။ အထူးအစီအစဉ်အဖြစ် ပန်းချီရေးပြိုင်ပွဲကို ဝသန်မိုးရှုခင်းခေါင်းစဉ်ဖြင့် ကျင်းပပေးခဲ့သည်။

သွင်းကုန်အစားထိုး အိမ်တွင်းစက်မှုလက်မှုထုတ်လုပ်ပစ္စည်းပြပွဲနှင့် သမဝါယမဒေသထွက်ကုန်အရောင်းပွဲတော်

ပြည်ထောင်စုမြန်မာနိုင်ငံတော်သည် စျေးကွက်စီးပွားရေးစနစ်သို့ ကူးပြောင်းကျင့်သုံးချိန်မှစ၍ ပုဂ္ဂလိက သမဝါယမနှင့် နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများတွင် အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်လျက်ရှိသည်။ သမဝါယမဝန်ကြီးဌာနသည် သမဝါယမအသင်းများ၊ အိမ်တွင်းစက်မှုလုပ်ငန်းများ စနစ်တကျဖွံ့ဖြိုးတိုးတက်ရေးအတွက် ဦးဆောင်မှုပေးနေသည့် ဝန်ကြီးဌာနဖြစ်သည်။ ယင်းဝန်ကြီးဌာနအောက်ရှိ အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနကလည်း စက်မှုလက်မှုကုန်ထုတ်သမဝါယမများ၏ စက်မှုကုန်ထုတ်လုပ်ငန်းများ၊ အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းများကို ကုန်ထုတ်နည်းပညာ အတတ်ပညာများ ကူညီပံ့ပိုးပေးလျက်ရှိသည်။ ဤဦးစီးဌာနက ကြီးမှူး၍ "သွင်းကုန်အစားထိုး အိမ်တွင်းစက်မှုလက်မှု ထုတ်ကုန်ပစ္စည်းပြပွဲနှင့် ဆွေးနွေးပွဲ ၂၀၀၄" ကို ဖေဖော်ဝါရီလ (၂၀)ရက်နေ့မှ (၂၂)ရက်နေ့ထိ မြောက်ဥက္ကလာပမြို့နယ်၊ သုဓမ္မာလမ်းမကြီးပေါ်ရှိ ယင်းဦးစီးဌာနရုံးချုပ်ဝင်းအတွင်းတွင် ကျင်းပခဲ့သည်။

သွင်းကုန်အစားထိုး အိမ်တွင်းစက်မှုလက်မှုထုတ်လုပ်ပစ္စည်းပြပွဲနှင့် ဆွေးနွေးပွဲ ၂၀၀၄ ကျင်းပခြင်း၏ ရည်ရွယ်ချက်များမှာ-

(၁) နိုင်ငံတော်၏ စျေးကွက်စီးပွားရေးစနစ်ကို အခြေခံသော ပုဂ္ဂလိကစက်မှုလက်မှုလုပ်ငန်းများ တိုးတက်မြင့်မားလာစေရန်၊

(၂) စက်မှုလက်မှုသုံး စက်ပစ္စည်းများထုတ်လုပ်မှုတိုးတက်လာစေရန်၊

(၃) အိမ်တွင်း စက်မှုလက်မှုလုပ်ငန်းများ၊ သမဝါယမစက်မှုလက်မှုလုပ်ငန်းကိုအကြီးစားစက်မှုလက်မှုလုပ်ငန်း၊ စက်မှုဇုန်များရှိစက်မှုလုပ်ငန်းများ၊ နိုင်ငံတော်ပိုင်စက်မှုလုပ်ငန်းများနှင့်ပေါင်းစည်းညှိနှိုင်းဆောင်ရွက်လာနိုင်စေရန်၊ စျေးကွက်ပိုမို ရရှိလာစေရန်၊

(၄) စက်မှုလက်မှုဆိုင်ရာ အသိပညာ၊ အတတ်ပညာများ ပြည်သူလူထုအတွင်းသို့ စိမ့်ဝင်ပျံ့နှံ့စေရန်၊

(၅) နိုင်ငံတော်အား ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်အဖြစ် တည်ဆောက်ရာတွင်စက်မှုကဏ္ဍက အထောက်အကူဖြစ်စေရန်၊

(၆) လုပ်ငန်းအခက်အခဲနှင့်လိုအပ်ချက်များစုပေါင်းဖြေရှင်းနိုင်ရန်တို့ဖြစ်သည်။

ဤရည်ရွယ်ချက်များအတိုင်း သမဝါယမအသင်းလိမိတက်များနှင့် ပုဂ္ဂလိကလုပ်ငန်းရှင်များက ပြခန်းပေါင်း (၅၄)ခန်းဖြင့် စက်မှုလက်မှု လုပ်ငန်းရှင်များ၏ သွင်းကုန်အစားထိုးပစ္စည်းများ၊ ထုတ်လုပ်ပုံနည်းစနစ်များ၊ ကုန်ပစ္စည်းအမည်သစ် (အမယ်သစ်) ဆန်းသစ်တီထွင်မှုများ၊ စက်မှုလက်မှုလုပ်ငန်းသုံးစက်ပစ္စည်းများ၊ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးအတွက် အခြေခံကုန်ထုတ်လုပ်မှု လုပ်ငန်းများဆိုင်ရာ နည်းပညာပြကွက်များ၊ သဘာဝစွမ်းအင်ဆိုင်ရာနည်းပညာပြကွက်များ၊ ထုပ်ပိုးမှုဆိုင်ရာ နည်းပညာပြကွက်များ ပြသခဲ့ပြီး ကုန်ထုတ်လုပ်မှု နည်းပညာဆိုင်ရာ ဆွေးနွေးခြင်းလုပ်ငန်းများကို ပြုလုပ်ခဲ့သည်။ စာတမ်းဖတ်ကြားမှုအနေဖြင့် မြန်မာ့လက်မှုထည်ကဏ္ဍဖွံ့ဖြိုးရေးနှင့် စျေးကွက်တိုးချဲ့ရေး အရေးပါမှုစာတမ်း၊ ကျေးလက်သုံးခြေနင်းရေတင်စက်စာတမ်း၊ မြန်မာနိုင်ငံနှင့် ပြည်ပနိုင်ငံအသေးစားနှင့် အလတ်စားလုပ်ငန်းကဏ္ဍများအကြောင်း တင်ပြခြင်းစာတမ်း၊ သွင်းကုန်အစားထိုးလုပ်ငန်းများ ဖွံ့ဖြိုးရေးစာတမ်း၊ မြန်မာနိုင်ငံတွင် ကိုယ့်အားကိုယ်ကိုး ကျေးလက်လျှပ်စစ်မီးပေးခြင်းစနစ်များနှင့် ပြန်ဖြည့်မြစွမ်းအင်အသုံးပြုခြင်းစာတမ်း၊



ပထမအကြိမ်ငါးနိုင်ငံကုန်စည်ပြပွဲသို့ တက်ရောက်လာကြသော ဝန်ကြီးဌာနအကြီးအကဲများ

အိမ်တွင်း စက်မှုလက်မှုလုပ်ငန်းဦးစီးဌာနသုတေသနပြုလုပ်ငန်းများအကြောင်း သိကောင်းစရာစာတမ်းများကို ဖတ်ကြားဆွေးနွေးခဲ့သည်။ ဤပြပွဲကြီးသည် ပြည်သူလူထုအကြားတွင် စက်မှုလက်မှုနည်းပညာများ ပြန့်ပွားပြီး စက်မှုလက်မှုလုပ်ငန်းသစ်များ ပေါ်ထွက်လာကာ စွေးကွက်ပိုမိုရရှိစေမည့် အကျိုးဆက်ရလဒ်ကောင်းများ ဖြစ်ထွန်းစေမည်ဖြစ်သည်။

သမဝါယမအခြေခံမူဖြစ်သည့် သမဝါယမအသင်းများ ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ကုန်စည်စွေးကွက်ဖွံ့ဖြိုးတိုးတက်စေရန်၊ ပြည်နယ်တိုင်းများ၏ ဒေသထွက်ကုန်ပစ္စည်းများကို အရောင်းပွဲတော်များကတစ်ဆင့် ပံ့မှန်စွေးကွက်ရရှိခြင်းဖြင့် ပြည်နယ်တိုင်းများ၏ ကုန်ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန် ဟူသော ရည်ရွယ်ချက်များဖြင့် "သမဝါယမဒေသထွက်ကုန် အရောင်းပွဲတော်"ကို သမဝါယမကူးသန်းရောင်းဝယ်ရေးဗဟိုဌာန (ဆရာစံပလာဇာ) ဆရာစံလမ်းနှင့် တက္ကသိုလ်ရိပ်သာလမ်းထောင့်၊ဗဟန်းမြို့နယ်တွင် အောက်တိုဘာလ (၂၆)ရက်နေ့မှ နိုဝင်ဘာလ (၁)ရက်နေ့ထိ ကျင်းပခဲ့သည်။

သမဝါယမထုတ်ကုန်ပြပွဲနှင့် အရောင်းပွဲတော် ၂၀၀၄ တွင် ပြခန်းပေါင်း (၁၂၀)၊ ပြခန်းကြီးလေးခုနှင့် အရောင်းဌာန (၆၄)ခုပါဝင်ပြီး နိုင်ငံပိုင်၊ သမဝါယမပိုင်နှင့် ပုဂ္ဂလိကလုပ်ငန်းကုမ္ပဏီအများအပြားပါဝင်ရောင်းချပြသခဲ့သည်။

ပြခန်းများမှ မြန်မာ့သမဝါယမ နှစ် (၁၀၀)ပြည့်အကြိုပြခန်းတွင် စစ်ကိုင်းခရိုင်မြင်းမူသမဝါယမ ငွေစုငွေချေးအသင်း၏ ၁၉၀၅ ခုနှစ်၊ ဇန်နဝါရီလ (၃)ရက်၌ စတင်မှတ်ပုံတင်ဖွဲ့စည်းခဲ့ခြင်းကို လေ့လာတွေ့ရှိရသည်။ ယင်းငွေစုငွေချေးသမဝါယမသည် မြန်မာ့သမဝါယမ၏အစအဦးဖြစ်သည်။ ဤပြခန်းတွင် ခေတ်အဆက်ဆက်သမိုင်းဝင်ဓာတ်ပုံများ၊ ခေတ်ဟောင်းစာအုပ်များ၊ ဥပဒေများ၊ အမှတ်တံဆိပ်များ၊ အစုလက်မှတ်များ၊ အလံများ၊ သမဝါယမလေ့ကျင့်ရေးသမိုင်း၊ လူထုပညာပေးရေး လုပ်ငန်းများ၊ နှစ် (၅၀) အထက် ဘိုးသက်ရှည် သမဝါယမအသင်းများ၏ သမိုင်းစသည်တို့ကို ပြသခဲ့သည်။ ထို့ကြောင့်ပင် ဤသမဝါယမဒေသထွက်ကုန် အရောင်းပွဲတော်သည် သမဝါယမ၏ စုစည်းမှု စွမ်းအားကိုမျက်ဝါးထင်ထင် မြင်တွေ့ရပြီးသမဝါယမ၏ အသွင်သဏ္ဌာန်နှင့် အနှစ်သာရများ၊ ပဂ္ဂလိက၏ အခင်းအကျင်းနှင့် အစီအမံများကိုပါ တွေ့ရှိခံစားနိုင်ပေသည်။

ထိုင်းနိုင်ငံ ကုန်စည်ပြပွဲ (၂၀၀၄)

မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံတို့ စီးပွားရေးပူးပေါင်းဆောင်ရွက်မှု မြှင့်တင်မှုအစီအစဉ်အရ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ ခွင့်ပြုချက်ဖြင့် မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံရုံး ကုန်သွယ်ရေးရာဌာန၏ နဝမအကြိမ် ထိုင်းကုန်စည်ပြပွဲ (၂၀၀၄)ကို မေလ (၅)ရက်မှ (၈)ရက်အထိ ရန်ကုန်မြို့၊ မဂ်လာတောင်ညွန့်မြို့နယ်၊ အထက်ပုဇွန်တောင်လမ်းရှိ ကုန်သွယ်မှုဗဟိုဌာန၌ ခင်းကျင်းပြသခဲ့သည်။

ဤကုန်စည်ပြပွဲတွင် ထိုင်းနိုင်ငံမှ ကုမ္ပဏီပေါင်း (၁၄၀)က ပြခန်းပေါင်း (၁၇၅)ခန်းဖြင့် ကားအပိုပစ္စည်းများ၊ ဓာတုဗေဒပစ္စည်းများ၊ ကလေးကစားစရာပစ္စည်းများ၊ ဆောက်လုပ်ရေးဆိုင်ရာပစ္စည်းများ၊ ဆံကေသာအလှပစ္စည်းများ၊ အီလက်ထရွန်းနစ်ပစ္စည်းများ၊ စားသောက်ကုန်နှင့် အဖျော်ယမကာပစ္စည်းများ၊ ထုပ်ပိုးပစ္စည်းများ၊ ပရိဘောဂများ၊ အဝတ်အထည်များ၊ ဖက်ရှင်သုံးအလှကုန်ပစ္စည်းများ၊ အိမ်သုံးပစ္စည်းအမျိုးမျိုး၊ သားရေထည်ပစ္စည်းများ၊ ဖိနပ်အမျိုးမျိုး၊ တွင်ခုံနှင့် ပတ်သက်သော စက် ကိရိယာပစ္စည်းများနှင့် ဆေးဝါးပစ္စည်းများကို ခင်းကျင်းပြသခဲ့သည်။အထူးသဖြင့် ထိုင်းနိုင်ငံထွက် သစ်သီးဝလံမျိုးစုံတို့ကိုပါ ခင်းကျင်းပြသရောင်းချပေးခဲ့သဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ခဲ့သည်။

ငါးနိုင်ငံ ကုန်စည်ပြပွဲ

အာဆီယံစီးပွားရေးပူးပေါင်းဆောင်ရွက်မှု အစီအစဉ်အရ ငါးနိုင်ငံအကြား ကုန်သွယ်မှုမြှင့်တင်ရန်၊

ငါးနိုင်ငံ၏ ပို့ကုန်ပစ္စည်းများ စျေးကွက်ရရှိရန်၊ ငါးနိုင်ငံအကြား ရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်းများ မြှင့်တင်ရန်နှင့် ငါးနိုင်ငံအကြားဆက်ဆံရေး ပိုမိုတိုးမြင့်ရန်ဟူသော ရည်ရွယ်ချက်များဖြင့် ကမ္ဘောဒီးယားနိုင်ငံ၊ လာအို ပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ၊ မြန်မာနိုင်ငံ၊ ထိုင်းနိုင်ငံနှင့် ဗီယက်နမ်ဆိုရှယ်လစ် သမ္မတနိုင်ငံတို့ပါဝင်သည့် "ငါးနိုင်ငံကုန်စည်ပြပွဲ"ကို မြန်မာနိုင်ငံကအိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့သည်။ မြန်မာနိုင်ငံ၏မြို့တော်၊ ရန်ကုန်မြို့တွင်မရမ်းကုန်းမြို့နယ်၊ မင်းဓမ္မလမ်းရှိ မြန်မာကွန်ဗင်းရှင်းစင်တာ အဆောက်အအုံ၌ ဒီဇင်ဘာလ (၃) ရက်နေ့မှ (၇) ရက် နေ့အထိကျင်းပခဲ့သည်။

ပထမအကြိမ် ငါးနိုင်ငံကုန်စည်ပြပွဲ၏ ဆောင်ပုဒ်မှာ-

"ငါးနိုင်ငံအကျိုး၊ ရွှေးရွှေသယ်ပိုး" (Towards Prosperity of Five Nations) ဖြစ်သည်။ ဤပြပွဲတွင် မြန်မာကွန်ဗင်းရှင်းစင်တာ အဆောက်အအုံအတွင်း မြေညီထပ်၌မြန်မာ့ရိုးရာဘုံပြဿဒ်မုခ်ဦးနှင့် မြန်မာနိုင်ငံ၏ပင်မပြခန်းတို့ကိုလည်းကောင်း၊ ကုန်စည်ပြပွဲဗဟို စင်မြင့်တို့ကိုလည်းကောင်း၊ စင်မြင့်၏ဝဲယာတို့၌ ကမ္ဘောဒီးယား၊ လာအို၊ ထိုင်းနှင့် ဗီယက်နမ်နိုင်ငံတို့၏ ပင်မပြခန်းများနှင့် နိုင်ငံအလိုက်ကုမ္ပဏီလီမိတက်များ၏ အရောင်းပြခန်းများကို ခင်းကျင်းပြသထားသည်။ ခန်းမကြီးအပေါ်ထပ်တွင် ပြပွဲဗဟိုကော်မတီနှင့် လုပ်ငန်းကော်မတီရုံးခန်းများ၊ မြန်မာ့ပုလဲနှင့် ကျောက်မျက်ရတနာအရောင်းပြခန်းနှင့် ထိုင်းနိုင်ငံ ကုမ္ပဏီလီမိတက်များ၏ အရောင်းပြခန်းများကို ဖွင့်လှစ်ပြသခဲ့သည်။

မြန်မာကွန်ဗင်းရှင်းစင်တာ အဆောက်အအုံပြင်ပဝင်းအတွင်း၌ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ အမှတ် (၁) စက်မှုဝန်ကြီးဌာန၊ အမှတ် (၂) စက်မှုဝန်ကြီးဌာန၊ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန၊ သစ်တောရေးရာဝန်ကြီးဌာနတို့၏ ပြခန်းများ၊ ထိုင်းနိုင်ငံမှ ကုမ္ပဏီလီမိတက်များ၏ အရောင်းပြခန်းများ၊ မြန်မာနိုင်ငံသစ်လုပ်ငန်းရှင်များ အသင်းမှ ကုမ္ပဏီလီမိတက်များ၏ အရောင်းပြခန်းများ၊ မြန်မာနိုင်ငံစက်မှုကုန်ထုတ်လုပ်သူများအသင်းမှ စက်မှုဇုန်အဖွဲ့များနှင့် ကုမ္ပဏီလီမိတက်များ၊ ကုန်ထုတ်လုပ်ငန်းများ၏ အရောင်းပြခန်းများ၊ တိုင်းရင်းဆေးဝါးလုပ်ငန်းများ၊ ကျောက်စိမ်းနှင့် ကျောက်မျက်ရတနာပန်းချီကားလုပ်ငန်းများ၊ ရိုးရာရက်ကန်းလုပ်ငန်းများ၊ လူသုံးကုန်ပစ္စည်း၊ ဆောက်လုပ်ရေးပစ္စည်းနှင့် လယ်ယာသုံးစက်ကိရိယာပစ္စည်းထုတ်လုပ်ရေး လုပ်ငန်းများမှ အရောင်းပြခန်းများ၊ မြန်မာနိုင်ငံ ဆန်စပါးကုန်သည်များအသင်း၊ မြန်မာနိုင်ငံ ပဲမျိုးစုံနှင့် နှမ်းကုန်သည်များအသင်းတို့၏ အရောင်းပြခန်းများ စုစုပေါင်း (၁၃၅) ခန်းကို ဖွင့်လှစ်ပြသရောင်းချခဲ့သည်။

ဒီဇင်ဘာ ၃ ရက်၊ ၄ ရက်၊ ၅ ရက်တို့တွင် မြန်မာကွန်ဗင်းရှင်းစင်တာ အဆောက်အအုံပထမထပ်ရှိ ဆွေးနွေးပွဲခန်းမ၌ ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်က အခြားနိုင်ငံများမှ ကုန်သည်ကြီးအသင်းများနှင့် ညှိနှိုင်းပြီး ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ဆွေးနွေးပွဲများ ပြုလုပ်ခဲ့သည်။

တရုတ်အာဆီယံကုန်စည်ပြပွဲ-၂၀၀၄

စျေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာသည်နှင့်အမျှ စျေးကွက်အားသာချက်များဖြစ်သည့် ယှဉ်ပြိုင်ထုတ်လုပ်မှုများကြောင့် စရိတ် အနည်းဆုံးဖြင့် ထုတ်လုပ်နိုင်ခြင်း၊ အရည်အသွေး အကောင်းဆုံးရအောင်ထုတ်လုပ်နိုင်ခြင်း၊ စားသုံးသူတို့၏လိုအပ်ချက်နှင့် အကိုက်ညီဆုံးဖြစ်မည့် ထုတ်လုပ်မှုများကြောင့် အင်အားစုခွဲဝေသုံးစွဲမှုတွင် စွမ်းဆောင်ရည်ပြည့်စေ



ကုန်စည်ပြပွဲသို့ တက်ရောက်ကြည့်ရှုနေသော ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ်

နိုင်ခြင်းစသည့် အကျိုးကျေးဇူးများရရှိနိုင်မည်ဖြစ်ပါသည်။ ထို့ကြောင့်မြန်မာနိုင်ငံတွင်း၌ ကုန်စည်ပြပွဲများ ပြုလုပ်ခဲ့သည့်နည်းတူ အာဆီယံနိုင်ငံများနှင့် တရုတ်နိုင်ငံတို့ပူးပေါင်းပြုလုပ်ခဲ့သည့် "တရုတ်အာဆီယံကုန်စည်ပြပွဲ-၂၀၀၄"သည် ၂၀၀၄ ခုနှစ်အတွင်း ထူးခြားသည့် မှတ်တိုင်တစ်ရပ်ဖြစ်ပေသည်။ ဤကုန်စည်ပြပွဲကို အောက်ပါအတိုင်း လေ့လာတွေ့ရှိနိုင်ပေသည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း (ယခု ဗိုလ်ချုပ်ကြီး)သည် နိုဝင်ဘာလ ၃ ရက် နံနက် ၉ နာရီ၌ တရုတ်ပြည်သူ့သမ္မတနိုင်ငံ နန်နင်းမြို့ Li Yuan International Convention and Exhibition Centre တွင် ကျင်းပသည့် ပထမအကြိမ် တရုတ်-အာဆီယံကုန်စည်ပြပွဲ ၂၀၀၄ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ခဲ့သည်။

အဆိုပါ ဖွင့်ပွဲအခမ်းအနားသို့ တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီ ဒုတိယဝန်ကြီးချုပ် မဒမ်ဝူရီနှင့်အတူ ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ် မစ္စတာ ဆမ်ဒက်ဟွန်ဆင်နှင့် ဇနီး၊ လာအိုပြည်သူ့ဒီမိုကရက်တစ်

သမ္မတနိုင်ငံ မစ္စတာဘွန်ညံ့ပိုရာချစ်နှင့် ဇနီး၊ ဗီယက်နမ် ဆိုရှယ်လစ်သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ် Mr. Pham Gia Kheim၊ ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ် Mr. Phinij Jarusombu၊ ဘရူနိုင်း ဒါရုစလမ်နိုင်ငံ၊ ကမ္ဘောဒီးယားနိုင်ငံ၊ အင်ဒိုနီးရှား သမ္မတနိုင်ငံ၊ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ၊ မလေးရှားနိုင်ငံ၊ ဖိလစ်ပိုင် သမ္မတနိုင်ငံ၊ စင်ကာပူ သမ္မတနိုင်ငံ၊ ထိုင်းနိုင်ငံ၊ ဗီယက်နမ် ဆိုရှယ်လစ်သမ္မတ နိုင်ငံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့မှ သက်ဆိုင်ရာဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ အဆင့်မြင့်အရာရှိကြီးများ၊ တာဝန်ရှိသူများနှင့် စီးပွားရေးလုပ်ငန်းရှင်များ၊ အာဆီယံအတွင်းရေးမှူးချုပ် Mr. Ong Keng Yong နှင့် တာဝန်ရှိသူများ၊ အာဆီယံနိုင်ငံများအပါအဝင် နိုင်ငံတကာသတင်း ဌာနများမှ သတင်းထောက်များ တက်ရောက်ကြသည်။

ဖွင့်ပွဲအခမ်းအနားတွင် ရှေးဦးစွာ တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် အာဆီယံအဖွဲ့ဝင်နိုင်ငံများ၏ အလံများကို လွှင့်တင်သည်။

ထို့နောက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနဝန်ကြီး Mr. Bo Xilai က အဖွင့်မိန့်ခွန်းပြောကြားသည်။

ဆက်လက်၍ ကွမ်စီးကျမ်းဒေသအုပ်ချုပ်ရေးမှူး မစ္စတာလုပင်းက ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားသည်။

ထို့နောက် အာဆီယံအတွင်းရေးမှူးချုပ် Mr. Ong Keng Yong က အာဆီယံရေးရာများနှင့် စပ်လျဉ်း၍ အမှာစကားပြောကြားသည်။

ယင်းနောက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီဒုတိယဝန်ကြီးချုပ် မဒမ်ဝူရီက ပထမအကြိမ် တရုတ်-အာဆီယံ ကုန်စည်ပြပွဲ ၂၀၀၄ ကို ဖွင့်လှစ်ကြောင်း ကြေညာသည်။

ထိုအချိန်တွင် အာဆီယံနိုင်ငံများနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့မှ ပြည်သူများက ပထမအကြိမ် တရုတ်-အာဆီယံကုန်စည်ပြပွဲ ၂၀၀၄ အောင်မြင်စွာ ကျင်းပနိုင်စေရန် ဆုမွန်ကောင်းတောင်းကြောင်းကို ရုပ်မြင်သံကြားမှတစ်ဆင့် နိုင်ငံအလိုက် နှုတ်ခွန်းဆက်ကြသည်။

ထို့နောက် အာဆီယံနိုင်ငံများမှ ဝန်ကြီးချုပ်များ၊ ဒုတိယဝန်ကြီးချုပ်များ၊ အာဆီယံနိုင်ငံများမှ ဝန်ကြီးချုပ်များ၊ ဒုတိယဝန်ကြီးချုပ်များနှင့် ဝန်ကြီးများသည် ပထမအကြိမ် တရုတ်-အာဆီယံကုန်စည်ပြပွဲ ၂၀၀၄ ကို တရုတ်-အာဆီယံနိုင်ငံအလံများ ပါရှိသည့် အီလက်ထရောနစ်ခလုတ်ကို နှိပ်၍ ဖွင့်လှစ်ပေးကြသည်။


တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီဒုတိယဝန်ကြီးချုပ်၊ အာဆီယံနိုင်ငံများမှ ဝန်ကြီးချုပ်များ၊ ဝန်ကြီးများနှင့် အဆင့်မြင့်အရာရှိကြီးများ၊ ဧည့်သည်တော်များသည် ပထမအကြိမ် တရုတ်-အာဆီယံကုန်စည်ပြပွဲ ၂၀၀၄ အတွင်း ခင်းကျင်းပြသထားသော တရုတ်နှင့် အာဆီယံနိုင်ငံအလိုက် ပြခန်းများကို လှည့်လည်ကြည့်ရှုကြသည်။

ပထမအကြိမ် တရုတ်-အာဆီယံ ကုန်စည်ပြပွဲ ၂၀၀၄ ဖွင့်ပွဲအခမ်းအနားအပြီးတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံရှိ ပြည်နယ်အသီးသီးမှ တိုင်းရင်းသားရိုးရာအကအဖွဲ့ဝင်များက ရိုးရာအကများဖြင့် ဧည့်ခံဖျော်ဖြေကြသည်။

ဤကုန်စည်ပြပွဲပြုလုပ်နိုင်ခြင်းသည် အာဆီယံနှင့် တရုတ်နိုင်ငံဒေသနှစ်ခုကြား စီးပွားရေးနှင့် ကုန်သွယ်ရေးဆက်ဆံမှုများ ကျယ်ပြန့်နက်ရှိုင်းလာမည်ဖြစ်သည့်အပြင် အာဆီယံအတွက် စီးပွားရေးတိုးတက်မှုတွင် ကြီးမားသောအခွင့်အလမ်းဖြစ်ပေသည်။

အေး (ရန်ကုန်တက္ကသိုလ်)

ဒုတိယမြောက်တံတားကြီး



ဒုတိယမြောက်တံတားကြီး၏ အင်ဂျင်နီယာဆိုင်ရာ အချက်အလက်များ

စတင်သည့်နေ့ရက်	၉-၁၁-၁၉၉၇ ခုနှစ်
ပြီးစီးသည့်နေ့ရက်	၁၅-၂-၂၀၀၄ ခုနှစ်
သုံးစွဲသည့်စီမံကိန်းတန်ဖိုး	၃၁၄.၄၆ သန်း
အတိုင်းအတာ	လွန်းလမ်းအလျား ၆၀၀ပေ
	လွန်းလမ်းအကျယ် ၁၈၀ပေ
ပြေးလမ်း(Runner Beam)	ခြောက်လိုင်း၊ ပြေးလိုင်းတစ်လိုင်းလျှင် သံလမ်းနှစ်လိုင်း၊ သံလမ်း ၁၂ လိုင်းတပ်ဆင်ထားပါသည်။

လွန်းတင်လှည်း (Carriage) အလျား ၃၆ပေ၊ အနံ ၃၀ပေ (၃)စီး

ခံနိုင်ဝန် တန် ၃၀၀ ရေယာဉ် (အလျား ၁၈၀ပေ၊ အနံ ၄၀ပေ)

ဝန်ချိုစက် ပင်မဝန်ချိုစက်(၁)လုံး ၃၀၀တန်

တည်ဆောက်မှုစနစ် R.C ပိုင်တိုင်များတစ်လုံးချင်း၏ ထမ်းဆောင်ရမည့် ခံနိုင်ဝန်ရရှိသည်အထိ မြေသို့ရိုက်သွင်းထားပြီး မြေပေါ်တွင် Pile Cap များ၊ R.C Con; ရက်မ နှင့် R.C Con; Runner beam များသွန်းလောင်း၍ ပြေးလမ်း၊ သံလမ်းများပေါ်တွင် တန် ၄၀၀နှိုင် လွန်းတင်လှည်း(၃) စီးဖြင့် ရေယာဉ်တစ်စီး အလျား ၁၈၀ပေ၊ အကျယ် ၄၀ပေရှိ ဇရိယာအတွင်း ခံနိုင်ဝန် တန်၃၀၀အထိ ထမ်းဆောင်နိုင်ရန် တည်ဆောက်ထားပါသည်။

ကနောင်မင်းသားကြီးဦးစီးတည်ဆောက်ခဲ့သော ရတနာပုံသဘော်ကျင်း

မန္တလေးမြို့ရှိ ရတနာပုံသဘော်ကျင်းသည် ပို့ဆောင်ရေးဝန်ကြီးဌာန၊ ပြည်တွင်းရေကြောင်းပို့ဆောင်ရေးရှိ သဘော်ကျင်းကြီး (၆)ခုအနက် တစ်ခုအပါအဝင်ဖြစ်ပြီး အထက်မြန်မာပြည်၊ ဧရာဝတီတိုင်းဌာနခွဲ၊ မန္တလေးမြို့အတွက်အထူးအရေးပါသော သဘော်ကျင်းကြီးတစ်ခုဖြစ်သည်။ ရတနာပုံသဘော်ကျင်းကြီးသည် ရတနာပုံခေတ် မြန်မာဘုရင် မင်းတုန်းမင်းလက်ထက်၊ အိမ်ရှေ့စံကနောင်မင်းသားကြီး ဦးစီး၍ (၁၈၆၄)ခုနှစ်ခန့်တွင် တည်ဆောက်ခဲ့ရာ ယခုအခါနှစ်ပေါင်း (၁၄၀)တိုင်ခဲ့ပြီဖြစ်သည်။

ရတနာပုံသဘော်ကျင်းကြီးတွင် ရေယာဉ်များကျင်းတင်ပြင်ဆင်ရန် လွန်းတင်လျှောလမ်းမရှိ၍ သဘော်များ ကျင်းတင်ပြုပြင်နိုင်ခြင်းမရှိသဖြင့် နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ လမ်းညွှန်ချက်အရလွန်းတင်လျှောလမ်းကို ပြည်တွင်းရေကြောင်းပို့ဆောင်ရေး၊ အင်ဂျင်နီယာဌာန ဝန်ထမ်းများနှင့် မြန်မာမိုးနိုင်ကုမ္ပဏီတို့ ပူးပေါင်းတာဝန်ယူကာ တည်ဆောက်ခဲ့သည်။

ပြည်တွင်းရေကြောင်းပို့ဆောင်ရေးသည် ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ ပို့ဆောင်ရေး



ရတနာပုံသဘော်ကျင်းတွင် ပြည်တွင်းရေကြောင်းပို့ဆောင်ရေး ဦးဆောင်ညွှန်ကြားရေးမှူး ဦးဇိုးတင့်နှင့် မြန်မာဇိုးနိုင်ကုမ္ပဏီမှ ဒွင့်လှစ်ပေးစဉ်

ဝန်ကြီးဌာနက ဖွဲ့စည်းတာဝန်ပေးအပ်ထားသော ဦးစီးဌာန (၅)ခု၊ စီးပွားရေးအဖွဲ့အစည်း (၅)ခုနှင့် တက္ကသိုလ်နှင့် သိပ္ပံကျောင်း (၂)ခု စုစုပေါင်း (၁၂) ဌာနရှိသည့် အနက် စီးပွားရေးအဖွဲ့အစည်းဌာနတစ်ခု ဖြစ်သည်။

ပြည်တွင်းရေကြောင်းပို့ဆောင်ရေးသည် ကူးသန်းသွားလာမှုရှိသော မြစ်ကြောင်းများ (Commercially Navigable Water ways) ဖြစ်သည့် ဧရာဝတီမြစ်၊ ချင်းတွင်းမြစ်၊ မြစ်ဝကျွန်းပေါ်ဒေသ ရခိုင်ပြည်နယ်ရှိ ကစ္စပ္ပနဒီမြစ်၊ လေးမြို့မြစ်၊ မေယုမြစ်နှင့် မွန်ပြည်နယ်၊ ကရင်ပြည်နယ်ရှိ သံလွင်မြစ်၊ ကျိုင်းမြစ်၊ အတ္ထရံမြစ်တို့တွင် ခရီးလမ်းမိုင်ပေါင်း (၉၂၁၉) မိုင်၊ ရေယာဉ်အစီးပေါင်း (၅၂၉)စီးဖြင့် ခရီးသည်နှင့် ကုန်စည်များကို ပို့ဆောင်ပေးလျက်ရှိသည်။ ပြည်တွင်းရေကြောင်းပို့ဆောင်ရေးတွင် စီမံရေးရာဌာန၊ သယ်ယူပို့ဆောင်ရေးဌာန၊ ကုန်စည်ပို့ဆောင်ရေးဌာန၊ ငွေစာရင်းဌာန၊ စစ်ဆေးရေးဌာန၊ အင်ဂျင်နီယာဌာန၊ ရေကြောင်းဌာနဟူ၍ ဌာနကြီး (၇)ခု ရှိသည့်အနက် အင်ဂျင်နီယာဌာနသည် အရေးပါသော ဌာနကြီးတစ်ခုဖြစ်သည်။

အင်ဂျင်နီယာဌာနသည် သဘော်ကျင်းများအား ထိန်းသိမ်းရခြင်း၊ ပြုပြင်ရခြင်း၊ စက်ရှိ၊ စက်မဲ့ရေယာဉ်များနှင့် ဆိပ်ခံတွဲများ၏ ရေယာဉ်ကြိုခိုင်မှုဆိုင်ရာ ကျွမ်းကျင်မှုလုပ်ငန်းများကို ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၏ စည်းမျဉ်းစည်းကမ်းသတ်မှတ်ချက်များနှင့်အညီ ကောင်းမွန်ကြံ့ခိုင်စေရန် ရေယာဉ်အဟောင်းများအား အရေးပေါ် အောက်ခြေသိမ်းပြန်လည်ပြင်ဆင်ပေးရခြင်း၊ ရေယာဉ်များ၏စက်များ၊ ဂီယာများကို အောက်ခြေသိမ်းပြင်ဆင်ခြင်း၊ လိုအပ်ချက်နှင့်အညီ စက်သစ်တပ်ဆင်ခြင်းလုပ်ငန်းများကို နှစ်စဉ် အသုံးစရိတ်ဘဏ္ဍာငွေ ခွင့်ပြုချက်အပေါ်မူတည်၍ သက်ဆိုင်ရာလုပ်ငန်း ဆက်နွယ်သည့်ဌာနများနှင့်



ရတနာပုံသဘော်ကျင်း၏ မော်ကွန်းကမ္ပည်းကျောက်စာတိုင်

ပေါင်းစပ်ညှိနှိုင်းကာ စီမံချက်ရေးဆွဲပြီး အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

အင်ဂျင်နီယာဌာနသည် သင်္ဘောကျင်းများနှင့် ရေယာဉ်များအတွက် ကျွမ်းကျင်မှုဆိုင်ရာ အတတ်ပညာရှင်များ၊ နည်းပညာရှင်များနှင့် ရေယာဉ်လိုက်ဝန်ထမ်းများ အင်အားလုံလောက်မှုရှိစေရန် လူသစ်များစုဆောင်းခြင်း၊ အရည်အသွေးပြည့်မီရေးအတွက် လေ့ကျင့်ပညာပေးခြင်း၊ ဌာနခွဲဝေချထားခြင်းတို့ကို လည်းကောင်း၊ ရေယာဉ်စက်ကိရိယာများ ပြင်ဆင်မွမ်းမံမှုနှင့်ပတ်သက်၍ နည်းစနစ်မှန်ကန်ရေး၊ အသုံးပြုသည့် ပစ္စည်းများမှန်ကန်ရေး၊ လေလွင့်ပြုန်းတီးမှုလျော့ပါးရေးတို့အတွက် စနစ်တကျကြပ်မတ်ခြင်းတို့ကိုလည်းကောင်း ဆောင်ရွက်ရသည်။ ထို့အပြင် ရေယာဉ်များ၊ စက်ကိရိယာပစ္စည်းများ၊ စက်ရုံအဆောက်အအုံများ၊ လွန်းကျင်းများ အစားထိုးလဲလှယ်ရန်နှင့် စွမ်းအားတိုးချဲ့ရင်းနှီးရန် လိုအပ်ပါက လိုအပ်ချက်များကိုတင်ပြခြင်း၊ သင့်တော်မည့်သင်္ဘောကျင်းသုံး ကိရိယာများ၊ ရေယာဉ်စက်မကြီးများ၊ သင်္ဘောကျင်းကြီး" အကြောင်းကို အထူးအလေးထား မီးစက်များ၊ ရေယာဉ်သုံးကိရိယာတန်ဆာပလာများ၊ အခြားလျှပ်စစ်ကိရိယာများကိုလေ့လာခြင်း၊ ရွေးချယ်ခြင်း၊ ဝယ်ယူခြင်းစသည့် ကိစ္စရပ်များကိုလည်း ဆောင်ရွက်ရသည်။ အင်ဂျင်နီယာဌာနသည်မန္တလေး ရတနာပုံသင်္ဘောကျင်းအပါအဝင် ဒလသင်္ဘောကျင်း၊ မုတ္တမသင်္ဘောကျင်း၊ စစ်တွေသင်္ဘောကျင်း၊ ချင်းတွင်းသင်္ဘောကျင်း၊ ရေယာဉ်စုအင်ဂျင်နီယာဌာနခွဲနှင့် စက်ပြင်ဌာနခွဲစသည်ဖြင့် ဌာနခွဲ(၈)ခုဖြင့် ဖွဲ့စည်းဆောင်ရွက်လျက်ရှိသည်။


ပြည်တွင်းရေကြောင်းပို့ဆောင်ရေးရှိ သင်္ဘောကျင်းများ၏ လွန်းကျင်းလမ်းများနှင့် တစ်ကြိမ်လျှင်ကျင်းတင်နိုင်သည့်ရေယာဉ်စီးရေ၊ အများဆုံးကျင်းတင်နိုင်သည့် တန်ချိန်ပမာဏစသည့် လုပ်ငန်းစွမ်းဆောင်နိုင်မှု အခြေအနေများကို ယခင်နှင့်ယခု နှိုင်းယှဉ်၍ အောက်ပါအတိုင်း ဖော်ပြပါသည်။

သင်္ဘောကျင်းများ၏ စွမ်းဆောင်မှုများအနက် တစ်မူထူးခြားလှသော မန္တလေးမြို့ရှိ၊ "ရတနာပုံ

စဉ်	ကျင်းအမည်	ကျင်းလမ်းအရေအတွက်		တစ်ကြိမ်လျှင် ကျင်းတင်နိုင်သည့်စီးရေ		ကျင်းတင်နိုင်သည့် အများဆုံးတန်ချိန်	
		ယခင်	ယခု	ယခင်	ယခု	ယခင်	ယခု
၁	ဒလသင်္ဘောကျင်း	၁၂	၁၄	၁၈	၂၂	၅၀၀	၁၄၀၀
၂	အလုံသင်္ဘောကျင်း	၄	၆	၁၃	၁၇	၂၀၀	၃၀၀
၃	စစ်တွေသင်္ဘောကျင်း	၁	၁	၅	၇	၂၀၀	၂၀၀
၄	သံလွင်သင်္ဘောကျင်း	-	၂	-	၄	၂၀၀	၃၀၀
၅	ရတနာပုံသင်္ဘောကျင်း	-	၁	-	၃	၃၀၀	၃၀၀
၆	ချင်းတွင်းသင်္ဘောကျင်း	-	၁	-	၂	၂၀၀	၂၀၀
	စုစုပေါင်း	**၁၇**	**၂၅**	**၃၆**	**၅၅**		

မှတ်ချက် ။ ။ ဘေးလွန်းကျင်းများ၏ ရေယာဉ်ကျင်း တင်နိုင်စွမ်းများအား ထည့်သွင်းဖော်ပြထားပါသည်။

ကနောင်မင်းသားကြီးဦးစီးတည်ဆောက်ခဲ့သော ရတနာပုံသင်္ဘောကျင်း



တည်ဆောက်ပြီးသော သင်္ဘောလွှန်းတင်လျှောလမ်းသစ်

တင်ပြလိုပါသည်။ ရတနာပုံသင်္ဘောကျင်းကြီးသည် သမိုင်းမှတ်တမ်းအထောက်အထားများအရ ရတနာပုံခေတ်မြန်မာဘုရင်မင်းတုန်းမင်းလက်ထက်၌ ရတနာပုံမန္တလေးမြို့ တည်ထောင်ရာတွင်ပါဝင်ခဲ့ပြီး မြန်မာနိုင်ငံအား ခေတ်မီစက်မှုနိုင်ငံတော်ဖြစ်ရေးအတွက် လုံးပမ်းခဲ့သူ၊ မြန်မာတပ်မတော်ကို ခေတ်မီလက်နက်များ တပ်ဆင်ရန် ပထမဆုံးရှေ့ဆောင် ရှေ့ရွက်ပြုခဲ့သူ သီရိပဝရမဟာသုဓမ္မရာဇာဘွဲ့အမည်ခံ ရတနာပူရအိမ်ရှေ့စံ ကနောင်မင်းသားကြီးသည် ခေတ်မီမြန်မာ့ရေတပ်မတော်ကြီးတည်ထောင်ရန်အတွက် ဧရာဝတီမြစ်ကမ်းနဖူး ပန်းဆက်တံခါး အထွက်နေရာ၌ မြန်မာသက္ကရာဇ် (၁၂၂၆) ခုနှစ်၊ ခရစ်နှစ် (၁၈၆၄) ခုနှစ်ခန့်တွင် ရတနာပုံသင်္ဘောကျင်း (ခေါ်)ရတနာပုံသင်္ဘောစက်ရုံတော်အား တည်ထောင်တည်ဆောက်ခဲ့ကြောင်း သိရှိရသည်။ ကနောင်မင်းသားကြီးနှင့် မြန်မာအင်ဂျင်နီယာတို့သည် ရတနာပုံသင်္ဘောစက်ရုံတော်၌ မီးသင်္ဘော (၃)စင်း၊ ကျွန်းကိုယ်ထည် သင်္ဘော (၁၀)စင်း၊ အမြောက်တင်တိုက်သင်္ဘော (၁)စင်း၊ သံကိုယ်ထည်သင်္ဘော (၄)စင်း၊ စုစုပေါင်း (၁၈)စင်း တည်ဆောက်ထုတ်လုပ်နိုင်ခဲ့သည်။

(၁၈၈၆) ခုနှစ်၊ မြန်မာတို့ ထီးသုဉ်းနန်းသုဉ်းဖြစ်ချိန်တွင်အင်္ဂလိပ်အစိုးရက "ရတနာပုံသင်္ဘောစက်ရုံတော်" အပါအဝင် သင်္ဘော (၁၈) စင်းနှင့် စက်ရုံအတွင်းရှိ စက်ကိရိယာများ၊ သံတိုသံစများအား လုံးကို "ဧရာဝတီ ဖလိုတီလာကုမ္ပဏီလီမိတက်" (Irrawaddy Flotilla Co, Ltd) သို့ မြန်မာကျပ်ငွေ (၄၅၀၀၀/) ဖြင့် ရောင်းချခဲ့သည်။ နယ်ချဲ့အင်္ဂလိပ်တို့သည် ပထဝီမြေအနေအထားနှင့် အထက်အညာဒေသ ဧရာဝတီမြစ်ရေအခြေအနေအရဒီရေအတတ်အကျမရှိ၍ ၎င်းတို့လက်ထက်၌ရတနာပုံသင်္ဘောကျင်းကြီးတွင် ကျင်းတင်လွန်းများဆောက်လုပ်အသုံးပြုနိုင်ခဲ့ခြင်းမရှိဘဲ သင်္ဘောကျင်းအနီးရှိမြစ်ကမ်းနဘေးတွင် ရေယာဉ်များကိုကပ်၍ သင်္ဘောအပေါ်ပိုင်းကိုယ်ထည်လုပ်ငန်းများနှင့် သံပြားသံကိုင်းလုပ်ငန်းများ၊ လက်သမားလုပ်ငန်းများ၊ လျှပ်စစ်လုပ်ငန်းများနှင့် စက်ပြင်လုပ်ငန်းများကိုသာ အဓိကထားလုပ်ကိုင်ခဲ့ပါသည်။ သင်္ဘောကိုယ်ထည်အောက်ပိုင်းလုပ်ငန်းများကို ပြုပြင်ဆောင်ရွက်နိုင်ခြင်း မရှိခဲ့ချေ။

မြန်မာနိုင်ငံလွတ်လပ်ရေးရပြီးနောက် ၁၉၄၈ ခုနှစ်၊ ဇွန်လ(၁)ရက်နေ့၌ ရတနာပုံသင်္ဘောကျင်းကို ပြည်သူပိုင်

ကနောင်မင်းသားကြီးဦးစီးတည်ဆောက်ခဲ့သော ရတနာပုံသဘော်ကျင်း



ရေယာဉ် (၃) စီးအား လွန်းကျင်းတင်ထားပုံ

ပြုလုပ်ခဲ့ပြီးပြည်တွင်းရေကြောင်းပို့ဆောင်ရေးသို့လွှဲပြောင်းပေးအပ်ခဲ့ရာ ယနေ့တိုင် မြန်မာပြည်အထက်ပိုင်း၌ ရေယာဉ်ပြင်လုပ်ငန်းများကိုဆောင်ရွက်နေသော သဘော်ကျင်းကြီးဖြစ်သည်။

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေကပြည်ထောင်စုမြန်မာနိုင်ငံတော်၏ အသက်သွေးကြောများဖြစ်သော ဧရာဝတီမြစ်နှင့် ချင်းတွင်းမြစ်တို့သည် ကမ္ဘာတည်သရွေ့တည်တဲ့နေမည်ဖြစ်ပြီး၊ ၎င်းမြစ်ကြီးများအတွင်းရေယာဉ်ကြီး/ငယ်များသည်လည်း စဉ်ဆက်မပြတ်သွားလာခုတ်မောင်းနေမည်သာဖြစ်၍မြန်မာပြည်အထက်ပိုင်းဒေသဖွံ့ဖြိုးရေးအတွက်လည်းကောင်း၊ ပြည်တွင်းရေကြောင်းပို့ဆောင်ရေးပိုင် ရေယာဉ်များ၊ လွန်းတင်ပြင်ဆင်ခြင်း၊ အသစ်တည်ဆောက်ခြင်း၊ လုပ်ငန်းများဆောင်ရွက်ရန်အတွက်လည်းကောင်း၊ ရတနာပုံသဘော်ကျင်းကြီးကို ရေယာဉ်များကျင်းတင်ပြင်ဆင်နိုင်မည့် လွန်းကျင်းလမ်းများဖြင့် ခေတ်မီသဘော်ကျင်းကြီးတစ်ခုအဖြစ် ပြင်ဆင်တည်ဆောက်ရန် လမ်းညွှန်ခဲ့သည်။ လမ်းညွှန်ချက်အရ ရတနာပုံသဘော်ကျင်းတွင် တန် (၃၀၀)အထိ ရေယာဉ်ကြီးများ တင်ဆောင်နိုင်သော လွန်းတင်လျှောလမ်းသစ်ကြီးကို တည်ဆောက်ခဲ့ပြီး ၂၀၀၄ ခုနှစ်၊ ဖေဖော်ဝါရီလ (၁၈) ရက်နေ့တွင် အောင်မြင်စွာ ဖွင့်လှစ်နိုင်ခဲ့ပြီဖြစ်သည်။

ရတနာပုံသဘော်ကျင်း တည်ဆောက်မှုစီမံကိန်းလုပ်ငန်းတွင် ဝန်ချီစက်နှင့် စက်ကိရိယာများတပ်ဆင်ခြင်း၊ သဘော်ကျင်းအဝင်တံတားတည်ဆောက်ခြင်း၊ ခြောက်ခန်းတွင်ဝန်ထမ်းအိမ်ရာတည်ဆောက်ခြင်း၊ လျှပ်စစ်လုပ်ငန်းများ တပ်ဆင်ခြင်းနှင့် လွန်းကျင်းလမ်း တည်ဆောက်ခြင်းတို့အတွက် နိုင်ငံတော်

အစိုးရက စိမံကိန်းအသုံးစရိတ်ငွေ (၃၁၄ ဒဿမ ၄၆)သန်း ကျခံသည်။ လွန်းကျင်းလမ်းမှာ အလျား ၆၀၀ ပေ၊ အကျယ်(၁၈၀)ပေရှိပြီး၊ Runner Beam ပြေးလိုင်းတစ်လိုင်းလျှင် သံလမ်းနှစ်လိုင်းစီဖြင့် (၆) လိုင်းအတွက် သံလမ်း (၁၂) လိုင်းတပ်ဆင်ထား သည်။ အလျား (၃၆)ပေ × အနံ (၃၀)ပေရှိ လွန်းတင် လှည်း (၃) စီးရှိပြီး၊ အလျား (၁၈၀) ပေ၊ အနံ (၄၀) ပေ ရှိ တန် (၃၀၀) ရေယာဉ်ကြီးများ တင်ဆောင်နိုင်မည်ဖြစ် သည်။ ကျင်းလမ်းတွင် တန် (၂၀၀) ဆွဲနိုင်သည့် ပင်မ ဝန်ချိစက် (၁) လုံးနှင့် တန် (၁၀၀) ဆွဲနိုင်သည့် ဘေး ဝန်ချိစက် (၂) လုံး တပ်ဆင်ထား၍ တစ်ကြိမ်လျှင် စုစုပေါင်းတန် (၄၀၀) ဆွဲနိုင်သည်။

ရတနာပုံသဘော်ကျင်း တန် (၃၀၀) လွန်းကျင်း ကြီး တည်ဆောက်ဖွင့်လှစ်နိုင်မှုကြောင့် မန္တလေးမြို့ နှင့် မုံရွာမြို့အား အခြေပြု ပြေးဆွဲခုတ်မောင်းလျက် ရှိသော ပြည်တွင်းရေကြောင်းပို့ဆောင်ရေးပိုင်စက်ရှိ ရေယာဉ် များ၊ စက်မဲ့ရေယာဉ်များနှင့် ဆိပ်ခံတွဲများအပါအဝင် စုစုပေါင်း ရေယာဉ် (၁၂၄) စီးအတွက် သဘော်ကိုယ် ထည်အောက်ပိုင်းသံပြားများ လဲလှယ်ခြင်းနှင့် အကြီးစား ပြင်ဆင်ခြင်းလုပ်ငန်းများကို မန္တလေးမြို့တွင်ပင် ဆောင် ရွက်နိုင်မည်ဖြစ်သည်။ ယခင်ကကဲ့သို့ (၅၉၇) မိုင် ကွာဝေးသည့် ရန်ကုန်မြို့အထိ ပို့ဆောင်သွားရောက် ပြုပြင်ရန်မလိုတော့ဘဲ မိမိဒေသအတွင်း၌ပင် အလေး ချိန်တန် (၃၀၀) နှင့်အောက် အလျားပေ (၁၈၀) ရှိ ရေယာဉ်များကို လွန်းတင်ပြင်ဆင်နိုင်မည်ဖြစ်သည်။ ထို့အပြင် မန္တလေးရှိ ဧရာဝတီမြစ်ရေအခြေအနေအရ တစ်နှစ်ပတ်လုံးရေယာဉ်များကို လွန်းတင်ပြင်ဆင်နိုင် ခြင်း မရှိသော်လည်း ရေများချိန် (ဧပြီလမှ နိုဝင်ဘာလ) အထိ တစ်နှစ်လျှင် (၈)လခန့် ရတနာပုံသဘော်ကျင်း ၌ ကျင်းတင်ပြုပြင်နိုင်မည်ဖြစ်သည်။ ရေနည်းချိန်



ရေယာဉ် (၃) စီးအား လွန်းကျင်းပေါ်မှ မြင်ရပုံ

ကာလဖြစ်သော (ဒီဇင်ဘာလမှ မတ်လ)ကုန်အထိ (၄) လခန့်တွင် ရေယာဉ်များလွန်းကျင်းတင်နိုင်မည်မဟုတ်သော်လည်း ကျင်းတင်ပြင်ဆင်ရန်ရှိသော ရေယာဉ်များကို ရေများခြိန်ကာလတွင် ကြိုတင်စီစဉ်၍ကျင်းပေါ်တင်ထားပါက တစ်နှစ်ပတ်လုံးပြင်ဆင်ပေးနိုင်မည်ဖြစ်သည့်အတွက် အခြိန်၊ ငွေနှင့် စက်မောင်းဆီသုံးစွဲမှုကုန်ကျစရိတ်များ များစွာလျော့နည်းသက်သာသွားမည်ဖြစ်သည်။ နောင်တခြိန်၌ ရတနာပုံသင်္ဘောကျင်းတွင် ပုဂ္ဂလိကပိုင်ရေယာဉ်များကို လက်ခံပြီးလွန်းတင်ပြင်ဆင်ပေးနိုင်တော့မည်ဖြစ်သည့်အတွက် ဌာနနှင့် ပြည်တွင်းအသားတင် ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး (GR0SS DOMESTIC PRODUCT) တိုးတက်လာမည်ဖြစ်၍ အထက်မြန်မာပြည်အတွက် အထူးအရေးပါအသုံးဝင်လာမည့် သင်္ဘောကျင်းကြီးလည်းဖြစ်သည်။

နယ်ချဲ့အင်္ဂလိပ်တို့က စီးပွားရေးတွက်ခြေမကိုက်၍ မဆောင်ရွက်ခဲ့သော၊ ဆောင်ရွက်နိုင်စွမ်း မရှိခဲ့သော သင်္ဘောလွန်းကျင်းများကို တပ်မတော်အစိုးရလက်ထက်တွင် စီးပွားရေးအကျိုးအမြတ်ရရှိမှုအပေါ် အဓိကမထားဘဲ ဒေသဖွံ့ဖြိုးမှုနှင့် ကုန်သွယ်ရေးကြောင်းသွားလာမှု တိုးတက်စေရေးတို့ကိုရည်မှန်း၍ တန် (၃၀၀) ခေတ်မီ ရတနာပုံသင်္ဘောကျင်းသစ်ကြီးကို ငွေကြေးအမြောက်အများအကုန်အကျခံ၍ တည်ဆောက်ခဲ့ခြင်းဖြစ်သည်။ ရတနာပုံသင်္ဘောကျင်းလွန်းကျင်းသစ်ကြီး တည်ဆောက်ခဲ့ခြင်းသည် မြန်မာနိုင်ငံတစ်ဝန်းအကြားအလပ်မရှိ ဘက်ပေါင်းစုံ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းကြီးများလုပ်ကိုင် ဆောင်ရွက်နေသည့်အနက် ကုန်သွယ်ရေးကြောင်း ဘက္ကာအတွက် အလွန်အရေးပါလှသည့် စီမံကိန်းကြီးတစ်ခုကို အောင်မြင်စွာတည်ဆောက်နိုင်ခဲ့ခြင်းဖြစ်၍ ပို့ဆောင်ရေးဝန်ကြီးဌာန၊ ပြည်တွင်းရေကြောင်း ပို့ဆောင်ရေးအတွက် အောင်မြင်မှု သမိုင်းမှတ်တိုင်သစ်တစ်ခုဖြစ်ခဲ့သည်။

နိုင်ငံတော်အစိုးရက နိုင်ငံအဝန်းဒေသဖွံ့ဖြိုးရေး၊ လမ်းပန်းဆက်သွယ်မှုလုံခြုံချောမွေ့ရေးနှင့် ကုန်စည်စီးဆင်းမှု မှန်ကန်မြန်ဆန်စေရေးတို့အတွက်မော်တော်ကားလမ်းများ၊ မီးရထားလမ်းများနှင့် မြစ်ကူးချောင်းကူးတံတားကြီးများကို ကွန်ယက်သဖွယ် ဖြန့်ကျက်ပြီး တည်ဆောက်ပေးခဲ့သဖြင့် မြန်မာနိုင်ငံတစ်ဝန်းဒေသအနှံ့အပြားတွင် ယခင်က မမျှော်မှန်းခဲ့ဘူးသော လမ်းတံတားကြီးများကို မျက်ဝါးထင်ထင် မြင်တွေ့နေကြရပြီဖြစ်သည်။


အသစ်တည်ဆောက်ဖြစ်ပေါ်လာခဲ့သောလမ်းသစ်ကြီးများ၊ တံတားသစ်ကြီးများကြောင့် တစ်နေရာမှ တစ်နေရာသို့၊ ဒေသတစ်ခုမှ တစ်ခုသို့၊ မော်တော်ကား၊ မီးရထားတို့ဖြင့် အလွယ်တကူအချိန်တိုတိုဖြင့် သွားလာနိုင်ကြပြီး ကုန်စည်များကို လျင်မြန်စွာပို့ဆောင်နိုင်ကြပြီဖြစ်သော်လည်း ကုန်အလေးချိန်များပြီး၊ ထုထည်ပမာဏကြီးမားကျယ်ဝန်းသောကုန်ပစ္စည်းများကို မော်တော်ကား၊ မီးရထားတို့ဖြင့် မတင်ဆောင်နိုင်ခြင်း၊ သတ်မှတ်ချက်အတိုင်းအတာအရ တင်ဆောင်နိုင်သော ကုန်ပစ္စည်းများမှာလည်း သယ်ဆောင်ခစရိတ်စက ကြီးမားခြင်းတို့ကြောင့် သယ်ဆောင်ခစရိတ်ချို့သာပြီး ထုထည်ပမာဏကျယ်ဝန်းကြီးမားသော ကုန်ပစ္စည်းများကို တစ်ကြိမ်တည်းဖြင့် အများအပြားတင်ဆောင် သယ်ယူပို့ဆောင်ပေးနိုင်သည့် ရေယာဉ်များဖြင့် ရေကြောင်းမှသယ်ယူ ပို့ဆောင်လျက်ရှိသည်။ ထို့ကြောင့်အလေးချိန်ကြီးမားပြီး ထုထည်ပမဏာကြီးမားသော ကုန်ပစ္စည်းများကို သယ်ယူပို့ဆောင်ခ အသက်သာဆုံးနှုန်းထားဖြင့် သယ်ဆောင်ပေးနေသော ရေကြောင်းပို့ဆောင်ရေးလုပ်ငန်းသည် ဆက်လက်အရေးပါနေမည်ဖြစ်သည်။ ထို့အတူ ရေယာဉ်များ ပြုပြင်တည်ဆောက်ပေးနေသောသင်္ဘောကျင်းများမှာလည်းရေယာဉ်ဟောင်းများပြင်ဆင်ခြင်း၊ ရေယာဉ်သစ်များ တည်ဆောက်ခြင်းလုပ်ငန်းများကိုအရှိန်အဟုန်မပြတ်ဆက်လက် တိုးမြင့်ဆောင်ရွက်ပေးနေရဦးမည်သာဖြစ်သည်။

ယင်းသို့ ဆောင်ရွက်ပေးကြရာတွင် သမိုင်းဝင်မန္တလေးရတနာပုံ သင်္ဘောလွန်းကျင်းသစ်ကြီးသည် အရေးပါသော အခန်းကဏ္ဍမှ ပါဝင်လျက်ရှိနေပေပြီ။


စိုးတင့် (I. W. T)







မြန်မာစာပေတွင် ဇာတကဏ္ဍအခန်းကဏ္ဍ



မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာထွန်းကား လာသည့် (၁၁) ရာစုမှစ၍ မြန်မာစာပေသည် ဗုဒ္ဓစာပေဟူသော အခြေခံအုတ်မြစ်ပေါ်တွင် စည်ပင်ဖွံ့ဖြိုးလာခဲ့သည်။ မြန်မာစာဆိုတို့သည် ဗုဒ္ဓစာပေလာ အကြောင်းအရာအမျိုးမျိုးကို ကဗျာများ၊ စကားပြေများအစဉ် တစိုက်ရေးသားဖွဲ့နွဲ့ခဲ့ကြသည်။ ထိုအကြောင်းအရာများတွင် ဘုရားရှင်၏ အတိတ်ဘဝဖြစ်တော်စဉ်များဖြစ်သောဇာတကဝတ္ထုများသည်မြန်မာစာဆိုများအဖို့ စာဖွဲ့စရာအကြောင်းအရာများအဖြစ် မြန်မာစာပေနယ်ပယ်တွင်ကျယ်ပြန့်နက်ရှိုင်းစွာ ခေတ်အဆက်ဆက် နေရာယူခဲ့သည်။ ဇာတကကို အခြေခံသော စာပေပုံသဏ္ဌာန်အမျိုးမျိုးပေါ်ပေါက်ခဲ့သည်။ ဤသို့ မြန်မာစာပေနယ်ပယ်တွင် အရေးပါသောဇာတက၏ အခန်းကဏ္ဍကို စိစစ်ရာတွင်-

(၁) မြန်မာစာအရေးအသားမပေါ်ပေါက်မီကပင် မြန်မာ့ယဉ်ကျေးမှုအနုပညာနယ်ပယ်များတွင် ဇာတကများနေရာယူခဲ့ပုံ

(၂) မြန်မာစာပေ ပုံသဏ္ဌာန် အမျိုးမျိုးတွင် ဇာတကများ ပျံ့နှံ့ပါဝင်ပုံနှင့်

(၃) ဇာတ်တော်ကြီးဆယ်ဘွဲ့ဟု သတ်မှတ်ထားသော ဇာတကများ မြန်မာစာပေယဉ်ကျေးမှု

အမွေအနှစ်အဖြစ် အရေးပါ ပုံဟူ၍ အပိုင်း (၃)ပိုင်း ခွဲခြားကာစီစစ်မည်ဖြစ်သည်။

(၁) မြန်မာစာအရေးအသားမပေါ်ပေါက်မီကပင် မြန်မာ့ယဉ်ကျေးမှု အနုပညာနယ်ပယ်တွင် ဇာတကများနေရာယူခဲ့ပုံ

ဇာတကသည် သုတ္တန္တပိဋကတ်တွင် ပါဝင်သော ခုဒ္ဒကနိကာယ်၏ (၁၀) ခုမြောက်ကျမ်းဖြစ်သည်။ ဇာတကတွင် မူလက ဘုရားရှင်ဟောကြားသော ဂါထာများသာပါဝင်သည်။ ပါဝင်သော ဂါထာအရေအတွက်ကိုလိုက်၍ တစ်ဂါထာသာပါသော ဇာတကများကိုဧကနိပါတ်၊ နှစ်ဂါထာပါသော ဇာတကများကို ဒုကနိပါတ်စသည်ဖြင့် နိပါတ်ခေါ်အစုပေါင်း (၂၂) စုခွဲထားသည်။ နောက်ဆုံးအစုတွင် ဂါထာအရေအတွက်များစွာပါဝင်သော ဇာတကဝတ္ထုဆယ်ခုကို မဟာနိပါတ်အဖြစ် စုစည်းထားသည်။ ဇာတ်တော်ကြီးဆယ်ဘွဲ့ဟုခေါ်သည်။ ဇာတ်တော်အရေအတွက် (၅၄၇) ဇာတ်ရှိသည်။ သုံးခုဖြည့်ကာ ငါးရာ့ငါးဆယ်ဇာတ်တော်ဟု အစဉ်အဆက်ခေါ်ကြသည်။

ဇာတကဂါထာပါဦတော်များကို နှောင်းခေတ် ပုဂ္ဂိုလ်များက ဇာတ်လမ်းဇာတ်ကွက်များဖြင့် ပုံဖော်လိုက်သောအခါ ဇာတကဌကထာဟုလည်းခေါ်သည်။ ထိုအဖွင့်ကျမ်းများကို သီဟိုဠ်မှ အမည်မသိရဟန်းတော်တစ်ပါးပြုစုသည်ဟူ၍လည်းကောင်း၊ ရှင်ဗုဒ္ဓဃောသပြုစုသည်ဟူ၍လည်းကောင်း အဆိုရှိသည်။ အချို့ကမူ ရှင်ဗုဒ္ဓဃောသသည် ဇာတကအဋ္ဌကထာများကို သီဟိုဠ်ဘာသာမှ ပါဠိဘာသာသို့ ပြန်ဆိုသော ပုဂ္ဂိုလ်ဖြစ်သည်ဟု ဆိုကြသည်။

ဇာတကဝတ္ထုအသီးသီးတွင် ပစ္စုပ္ပန်ဝတ္ထုခေါ် ဇာတကကို ဟောတော်မူရခြင်းအကြောင်း၊ အတိတ်ဝတ္ထု၊ ဂါထာ၊ ဝေယျာကရဏခေါ် ဂါထာဖွင့်ဆိုချက်နှင့် သမောဓနခေါ် ဇာတ်ပေါင်းခန်းတို့ပါဝင်သည်။

ဇာတကဝတ္ထုများသည် မြန်မာနိုင်ငံအပါအဝင် ဗုဒ္ဓဘာသာနိုင်ငံအားလုံးတွင် ပန်းချီပန်းပုအနုပညာလက်ရာများဖန်တီးရန်အများနှစ်သက်သောအကြောင်းအရာများအဖြစ် ခေတ်အဆက်ဆက်နေရာယူခဲ့သည်။ ၃ ရာစုမှ ၂ ရာစုဘီစီအတွင်း အိန္ဒိယနိုင်ငံ ဘရဟုတ်၊ စန်ချီနှင့် ဗုဒ္ဓဂါယာတို့တွင်လည်းကောင်း၊ ၂ ရာစု အေဒီတွင်အမရဝတီနှင့် နောက်ပိုင်းတွင် အဇန္တာလိုဏ်ဂူများတွင်လည်းကောင်း၊ ၉ ရာစုအေဒီတွင် ဂျာဗားရှိဗောရောဗုဓေါပုထိုးတော်ကြီး၌လည်းကောင်း၊ ၁၁ ရာစုမှ ၂၁၃ ရာစုအေဒီအတွင်း မြန်မာနိုင်ငံ ပုဂံဘုရားများ၌လည်းကောင်း၊ ၁၄ ရာစုအေဒီတွင် ယိုးဒယား (ထိုင်း) နိုင်ငံ သုခဒ္ဒ(သောက္ကတဲ)၌လည်းကောင်း၊ဇာတကသရုပ်ဖော်ပန်းချီပန်းပုများကို အစဉ်တစိုက်တွေ့ရခြင်းက ဇာတကများ ကျယ်ပြန့်စွာနေရာယူလျက်ရှိပုံကို သက်သေပြလျက်ရှိသည်။

မြန်မာနိုင်ငံတွင် ယဉ်ကျေးမှုအနုပညာ နယ်ပယ်၌ အစောဆုံးတွေ့ရသော ဇာတကအထောက်အထားမှာ အောက်မြန်မာနိုင်ငံ မွန်တို့ဒေသတွင် ဖြစ်သည်။ ၁၁ ရာစု ပထမပိုင်းတွင်သထုံရှိကလျာဏီသိမ်ရှိကျောက်တုံးများပေါ်၌လည်းကောင်း၊ သိကြားဘုရား၌ စဉ့်ကွင်းများ၌လည်းကောင်း ဇာတ်တော်ကြီးဆယ်ဘွဲ့သရုပ်ဖော်များတွေ့ရသည်။ ပဏ္ဏာသိတ်ကျောက်စာတွင်မူ ရှေးမွန်ဘာသာဖြင့် ဇာတ်တော်ကြီးဆယ်ဘွဲ့အမည်များရေးထိုးထားသည်။

အနိရုဒ္ဓသထုံကို သိမ်းသည့် ၁၀၅၇ ခုနှစ် နောက်ပိုင်းတွင်ကား ဇာတကများသည် ပုဂံဘုရားများ၌ နံရံပန်းချီများ၊ စဉ့်ကွင်းများတွင် အများနှစ်သက်သော အကြောင်းအရာများအဖြစ် နေရာယူလာသည်။ ဘုရားအတွင်းနံရံများတွင် ဇာတကပန်းချီများ ရေးဆွဲသရုပ်ဖော်သည့်နည်းတူအပြင်နံရံများတွင် ဇာတကများကို သရုပ်ဖော်သော စဉ့်ရည်သုတ်ရုပ်ချပ်ကွင်းများ၊ စဉ့်ရည်မသုတ်သည့် ရုပ်ချပ်များဖြင့် တန်ဆာဆင်ထားသည်ကိုတွေ့ရသည်။

ဇာတကသည် အပဏ္ဏကဇာတ်ဖြင့် စ၍ ဝေဿန္တရာဇာတ်ဖြင့်ဆုံးသည်။ အနိရုဒ္ဓမင်းလက်ထက်တွင်တည်သော အနောက်ဖက် လိပ်ဘုရားတွင် ပါဠိကမ္ဘည်းစာများရေးထိုးထားသော ဇာတကရုပ်ချပ်များ၌ (၅၄၇) ဇာတ်တွင် ဝေလာမဇာတ်၊ မဟာဂေါဝိန္ဒဇာတ်၊ သုမေဓပဏ္ဍိတဇာတ်ဟူသော ဇာတ်သုံးဇာတ်ဖြည့်စွက်၍ ဇာတ် ၅၅၀ အပြည့်ပုံဖော်ထားသည်။ အခြားဘုရား



ဇာတကဝတ္ထုများကို
တောကြားခဲ့သော
ဘုရားရှင်ဖွားတော်မူပုံ
(ပုဂံအာနန္ဒာဘုရား၌
ကျောက်ဆစ်ပန်းပု)

ပုထိုးများမှ နံရံပန်းချီများ စဉ်ကွင်းများတွင်မူ (၅၄၇) ဇာတ်ကိုသာ အတွေ့ရများသည်။ ရွှေဆံတော်၊ အာနန္ဒာ၊ ဂူပြောက်ကြီး၊ မင်္ဂလာစေတီစသည့် ဘုရားများတွင် (၅၄၇) ဇာတ်ကိုပင် ပုံဖော်ထားသည်။ ကျန်စစ်သားမင်းလက်ထက်တွင် တည်ဆောက်သော အာနန္ဒာဘုရားမှ စဉ်ကွင်းများမှာ အပြည့်စုံဆုံးဖြစ်သည်ဟု ဆိုကြသည်။ ရှေ့ (၅၃၇) ဇာတ်ကို ဇာတ်တစ်ဇာတ်လျှင် စဉ်ကွင်းတစ်ကွက်ကျပုံဖော်ပြီး နောက်ဆုံးဇာတ်တော်ကြီး ဆယ်ဘွဲ့ကိုမူ စဉ်ကွင်း၊ ၃၈၉ ကွက်ဖြင့် အသေးစိတ်ပုံဖော်ထားသည်ကို တွေ့ရသည်။ ရှေးမွန်ကမ္ဘည်းစာများဖြင့် ဖော်ပြထားသည်။

အလားတူ ဇာတကနံရံပန်းချီများကို မြင်းပြဂူ၊ တောင်ဘီ၊ နဂါးရုံ၊ ရွှေချောင်းဂူပြောက်ငယ်၊ မြင်းကပါ ဂူပြောက်ကြီး၊ အလိုပြည့်၊ ဖြတ်စရွှေဂူစသည့် ဘုရားများတွင် တွေ့ရသည်။ မြင်းကပါ ဂူပြောက်ကြီးဘုရားများမှ ဇာတကနံရံပန်းချီများသည် အပြည့်စုံဆုံးဖြစ်ကြောင်း ပါမောက္ခလုစ်က ဆိုဖူးပါသည်။ပါဠိဘာသာဖြင့် ဇာတ်တော်အမည်များ ရေးထားပြီး ရှေးမွန်ဘာသာဖြင့် အကျဉ်းချုပ် ရှင်းလင်းထားသည်။

ဤသို့အားဖြင့် ဇာတကစဉ်ကွင်းများနှင့် ပန်းချီများသည် ပုဂံဘုရားများတွင် အလွန်အရေးပါသော အခန်းကဏ္ဍမှာ ရပ်တည်လျက်ရှိသည်။ အဆင်တန်ဆာ

အဖြစ်သာမက လူအများကိုဘာသာရေး အသိအမြင် ထိထိရောက်ရောက်ပေးနိုင်သော နည်းလမ်းများအဖြစ် အလွန်အရေးပါကြောင်း တွေ့ရသည်။ ၁၂ ရာစုအစပိုင်းအထိမူ ဇာတကသရုပ်ဖော်ပုံများကို ပါဠိစာ၊ ရှေးမွန်စာတို့ဖြင့်သာ တွေ့ရသည်။ ထိုကာလနောက်ပိုင်းတွင်မှသာ မြန်မာစာအရေးအသားဖြင့် ပုံဖော်သော ဇာတကသရုပ်ဖော်များကို တွေ့လာရသည်။

(၂) မြန်မာစာပေပုံသဏ္ဌာန်အမျိုးမျိုးတွင် ဇာတကများပုံ့နှံ့ပါဝင်ပုံ

၁၂ ရာစုအစပိုင်းသည် မြန်မာစာပေ၏ အရုဏ်ဦးဟုဆိုနိုင်သည်။ မြန်မာအစာရေးအသား စတင်ပေါ်ပေါက်လာသောကြောင့် ဤသို့ဆိုရခြင်းဖြစ်သည်။ ယခုထိတွေ့သမျှ သက္ကရာဇ်အခိုင်အမာပါသော အစောဆုံးမြန်မာစာအရေးအသားဖြစ်သည့် ရာဇကုမာရ်(မြစေတီ)ကျောက်စာ (၁၁၁၃ ခန့်) နှင့် ချစ်စကုန်းရှိ အုတ်ခွက်များမှ အရေးအသားများကို အစောဆုံးမြန်မာစာအရေးအသားများအဖြစ် မှတ်ယူကြသည်။ ထိုကာလမှာပင် ဇာတကစဉ်ကွင်းများ၊ ပန်းချီများကို ရှေးမြန်မာစာအရေးအသားဖြင့် သရုပ်ဖော်လာကြသည်။ ဝက်ကြီးအင်းဂူပြောက်ကြီး ဘုရားမှ ဇာတကစဉ်ကွင်းများနှင့် မြန်မာကမ္ဘည်းစာများသည် ထင်ရှားသော သာဓကဖြစ်သည်။ ၁၁၁၃ ခုမှ ၁၁၅၅ ခုအတွင်း တည်ဆောက်သည်ဟု ယူဆရသော လောကထိပ်ပန်ဂူဘုရား အတွင်းနံရံတွင်ဇာတ်တော်ကြီးဆယ်ဘွဲ့ပန်းချီပုံများကို ရှေးမြန်မာကမ္ဘည်းစာများဖြင့် အသေးစိတ်တွေ့ရ သည်။ ပါဠိကို မြန်မာပြန်သော အစောဆုံးဇာတက စကားပြေအဖြစ် မှတ်ယူနိုင်သည်။

'ဇာတ်ငါးရာလည်း အတင့်အတယ်ရေး၏' (မင်းအနန္တသူကျောက်စာ)၊ 'ဇာတ် ၅၅၀' (မင်းအမတ်ဉာဏပိစည်ကျောက်စာ)ဟူသော အရေးအသားများကလည်း ပုဂံသားတို့ဇာတကနှင့် အကျွမ်းတဝင်ရှိပုံကို ဖော်ပြနေသည်။ ၁၂၂၃ ခုတွင် ရေးထိုးသော သိခင်သိယ်ဝိရိသူရဇလိုလ်' ကျောက်စာတွင် ပါဠိကျမ်းဂန်များလှူသောစာရင်း၌ ခုဒ္ဒကနိကာယပါဠိတော်နှင့် အဋ္ဌကထာတို့ပါဝင်နေသည်ကိုထောက်၍ ခုဒ္ဒကနိကာယတွင် ပါဝင်သော ဇာတကပါဠိ အဋ္ဌကထာများကို ၁၃ ရာစုတွင် ပုဂံရှိဘုန်းတော်ကြီးကျောင်းများ၌ကျယ်ကျယ်ပြန့်ပြန့် လေ့လာဆည်းပူးနေကြပြီဖြစ်ကြောင်း ကောက်ချက်ချနိုင်သည်။

၁၅ ရာစုတွင် မြန်မာစာအရေးအသားသည် ပေတွင် ကညစ်ဖြင့် ရေးသားသည့် စာများအဖြစ် အသုံးတွင်ကျယ်လာသည်။ ထိုအချိန်မှစ၍ ဇာတကဝတ္ထုများသည် မြန်မာစာပေပုံသဏ္ဌာန်အမျိုးမျိုးတွင် ပုံ့နှံ့ပုံနှစ်မျိုးဖြင့်ပါဝင်ပုံ့နှံ့လာကြောင်းတွေ့ရသည်။ တစ်မျိုးမှာ ဇာတကဝတ္ထုတစ်ပုဒ်ကို ပဓာနပြု၍ စာပေရေးဖွဲ့ခြင်းအားဖြင့် ပုံ့နှံ့ပုံမျိုးဖြစ်၍ နောက်တစ်မျိုးမှာ စာပေအရေးအဖွဲ့တစ်ခုထဲတွင် ဇာတကများကို သာဓကအဖြစ်ထည့်သွင်းခြင်းအားဖြင့် ပုံ့နှံ့ပုံမျိုးဖြစ်သည်။

ပထမပုံ့နှံ့ပုံမျိုးအရဆိုလျှင် ဇာတကများသည် နိဿယ၊ ပျို့၊ ဝတ္ထု၊ ပြဇာတ်၊ ရကန်၊ သျှိုးလိုက်ရတု စသော စာပေပုံသဏ္ဌာန်များအဖြစ် ပုံ့နှံ့သည်ကို တွေ့ရသည်။ ၁၅ ရာစုအလယ်လောက်ကစ၍ ပါဠိတစ်ချက် မြန်မာတစ်ချက်ပြန်ဆိုသော နိဿယအရေးအသားကို မြန်မာတို့အသုံးပြုလာသည်။ တောင်တွင်းမင်းဇေယျသူရမောင်နှံတို့ လှူသော ကျမ်းပေါင်း (၃၀၀) ခန့်၏အမည်များကို တက်နွဲကျောင်းကျောက်စာ (၁၄၄၂)တွင် တွေ့ရသည်။ ထိုကျမ်းများတွင် နိဿယ ၂၃ ကျမ်းထဲ၌ ငါးရာ့ငါးဆယ်ဇာတ်ပုံစံဖြင့် ကျယ်ကျယ်ပြန့်ပြန့် လေ့လာနေကြပြီဖြစ်ကြောင်း သိနိုင်သည်။ ထို့နောက်တွင်ကားဇာတကနိဿယအမျိုးမျိုးပေါ်ပေါက်လာသည်။ ဒန့်တိုင်ဆရာတော်ရှင်ဂုဏာလင်္ကာရ၏ ဇာတ်တော်ကြီးဆယ်ဘွဲ့ အဋ္ဌကထာနိဿယများ (၁၈ ရာစု)ကို ခေတ်အဆက်ဆက် ကိုးကားနေရဆဲဖြစ်သည်။ ၁၈ ရာစုအကုန်နှင့် ၁၉ ရာစုအစအတွင်း နိဿယများ အထူးခေတ်စားသည်။ ဇာတကအဋ္ဌကထာများကို ဆရာတော်ကြီး (၁၃)ပါးခွဲဝေ၍ နိဿယပြန်သည်။ ဝက်ခုတ်ဆရာတော်တစ်ပါးတည်းကလည်း ဇာတကအဋ္ဌကထာနိဿယ ပြုစုသည်။ ဇာတက အဋ္ဌကထာနိဿယများသည် ပါဠိမြန်မာပညာရှင်များ၏ကျေးဇူးကြောင့် ကျယ်ကျယ်ပြန့်ပြန့် ပေါ်ထွန်းလာရသည်။

ဇာတကကို ပျို့ခေါ်လေးလုံးစပ် ကဗျာရှည်ဖြင့် လည်းပုံဖော်ကြသည်။ ဘူရိဒတ္တဇာတက (ဇာတ်စဉ် ၅၄၇) ကိုအခြေခံသော ဘူရိဒတ်လင်္ကာကြီး (၁၄၈၄) သည် အစောဆုံးပျို့ဖြစ်သည်။ ရှင်မဟာရဋ္ဌသာရသည် မြန်မာစာပေတွင် ပျို့ဟူသော စာပေအစဉ်အလာကြီးကို စတင်ထူထောင်သူဖြစ်သည်။ မြန်မာစာဆိုတို့သည် ပျို့များကို ၂၀ ရာစုအထိ အစဉ်အဆက်ရေးဖွဲ့ကြသည်။ ပျို့ပေါင်း (၃၀၀)ကျော် စာရင်းပေါက်ရာတွင် ပျို့အများစုမှာ ဇာတကပျို့များဖြစ်သည်။ သာဓကဆောင်ရလျှင် ရှင်မဟာရဋ္ဌသာရ၏ ဘူရိဒတ်ဇာတ်ပေါင်းပျို့ (၁၄၉၄၊ ဘူရိဒတ်လင်္ကာကြီးအဆက်)နှင့် သံဝရပျို့ (၁၅၂၉၊ ဇာတ်စဉ် ၄၆၂)၊ ရှင်အဂ္ဂသမာဓိ၏ နေမိမင်္ဂလိုဝ်းခန်း ပျို့ (၁၅၃၅)၊ နေမိငရဲခန်းပျို့ (၁၆၃၆)၊ နေမိဘုံခန်းပျို့ (၁၅၄၂)၊ (ဇာတ်စဉ် ၅၄၁)၊ တောင်ဘီလာဆရာတော်၏ ဝေဿန္တရာပျို့ (၁၅၉၂၊ ဇာတ်စဉ် ၅၄၇)၊ တွင်းသင်းမင်းကြီး၏ မုဒုလက္ခဏာပျို့ (၁၇၅၁၊ ဇာတ်စဉ် ၆၆)၊ မုံရွေးဆရာတော်၏ မဟာသီလဝပျို့ (၁၈၂၅၊ ဇာတ်စဉ် ၅၁)၊ မဟာမင်းလှမင်းခေါင်ကျော်ဦးရွှန်း၏ ဥမ္မာဒန္တီပျို့ (၁၈၄၈၊ ဇာတ်စဉ် ၅၂၇)၊ ဦးရွှေခြည်၏ စန္ဒကိန္နရီပျို့ (၁၈၅၀၊ ဇာတ်စဉ် ၄၈၅)၊ ကင်းဝန်မင်းကြီး၏ တိဏ္ဍုကပျို့ (၁၈၅၆၊ ဇာတ်စဉ် ၅၂၀) စသည်တို့ဖြစ်သည်။

ပျို့စာဆိုတို့သည် ပျို့များတွင် မူလဇာတကများ၏ ဇာတ်လမ်း၊ ဇာတ်ဆောင်၊ ကာလဒေသနောက်ခံတို့ကို ပို၍အသက်ဝင်ပီပြင်အောင် မိမိတို့ စိတ်ကူးဉာဏ်ဖြင့် အပြောက်အမွမ်းများထည့်သွင်းရေးဖွဲ့ထားရှိကြသည်။ ထို့ပြင် သိမှတ်ဖွယ်၊ လိုက်နာဖွယ်များကို သဒ္ဒါလင်္ကာရ၊ အတ္ထာလင်္ကာရတို့ဖြင့် တန်ဆာဆင်ရေးဖွဲ့ကြသည်။

ဇာတကကို အခြေခံ၍ မြန်မာစကားပြေဖြင့် ရေးဖွဲ့သော ဝတ္ထုများတွင် ဝရာဘိသယ်နာထဆရာတော်၏ မဏိကုဏ္ဍလာလဝတ္ထုသည် အစောပိုင်းဝတ္ထုတစ်ပုဒ်ဖြစ်သည်။ ညောင်ရမ်းခေတ် ၁၇ ရာစုတွင် ပေါ်ပေါက်၍ မဟာသုတသောမဇာတ် (ဇာတ်စဉ် ၅၃၇)ကို အခြေခံသည်။ ၁၇ ရာစု အလယ်ပိုင်းတွင် ဇာတကဝတ္ထုများသည် အားလုံး မြန်မာစကားပြေဖြင့် ပြန်ဆိုပြီးစီးသည်။ မင်းဘူးဦးသြဘာသသည် တေမိယ၊ ဇနက၊ နေမိ၊ မဟောသဓ၊ စန္ဒကုမာရ၊ နာရဒ၊ ဝိဓုရ၊ ဝေဿန္တရာဟူသော ဇာတ်တော်ကြီးရှစ်စောင်ကိုလည်းကောင်း၊ ရှင်နန္ဒမေဓာနှင့် ရှင်ပညာတိက္ခတို့က ဘူရိဒတ်နှင့် သုဝဏ္ဏသာမဇာတ်တော်တို့ကိုလည်းကောင်းအသီးသီး ပြန်ဆိုရေးသားသည့်အတွက် ဇာတ်တော်ကြီးဆယ်ဘွဲ့စလုံးပြည့်စုံသွားသည်။ ဇာတက အဌကထာအတိုင်း အတိအကျပြန်ဆိုခြင်းမဟုတ်ဘဲ ဝေဝေဆာဆာဖွဲ့ဖွဲ့နွဲ့နွဲ့ ပြန်ဆိုထားခြင်းဖြစ်သည်။ အထူးသဖြင့် ဦးသြဘာသ၏ ဝေဿန္တရာဇာတ်ကို အရေးအဖွဲ့ပြောင်မြောက်သော လက်ရာဟူ၍ သဘောတူညီကြသည်။ ညောင်ကန်ဆရာတော်၏ ငါးရာ့ငါးဆယ်ဝတ္ထုများမှာမူ ပါဠိအဌကထာအတိုင်း အတိအကျပြန်ဆိုထားခြင်းဖြစ်၍ ပါဠိပုဒ်များ ဖြုတ်ထားသော နိဿယနှင့်တူသည်။ မုန်တိုင်ပင် ဆရာတော်ကလည်း ငါးရာ့ငါးဆယ်ဝတ္ထုများကို မြန်မာပြန်ခဲ့ကြောင်းသိရသည်။ ၁၉ ရာစု အလယ်ပိုင်းတွင် ဆီးဘန်းနီဆရာတော်သည် မင်းတုန်းမင်းတရား၏ လျှောက်ထားတောင်းပန်မှုကြောင့် ဇာတက ဝတ္ထု ၆၄ ပုဒ်ကို 'ကဝိမဏ္ဍနမေဒနီ' အမည်ဖြင့် မြန်မာပြန်ခဲ့သည်။

ဦးပုညသည် ရဟန်းတော်များဟောကြားရန် တရားစာအဖြစ် ဝတ္ထုများရေးဖွဲ့ခဲ့ရာ ဆဒ္ဒန္တဇာတ် (ဇာတ်စဉ် ၅၁၄)ကို အခြေခံ၍ရေးဖွဲ့သော ဆဒ္ဒန်ဆင်မင်းဝတ္ထုသည် အရေးအဖွဲ့ပြောင်မြောက်သည့်အတွက် အထူးထင်ရှားသည်။ ကျပင်းဆရာတော်ကလည်း ထိုကာလတွင် တရားစာဝတ္ထုများ ရေးဖွဲ့သည်။ ဇာတကကို အခြေခံသောဝတ္ထုများပါဝင်သည်။

၂၀ ရာစုတွင် ဇာတကဝတ္ထုများသည် ပုံစံ အမျိုးမျိုးဖြင့် ပေါ်ထွက်လာသည်။အမျိုးသားပညာဝန်ဦးဖိုးကျား၏ ငါးရာ့ငါးဆယ်ကောက်နုတ်ချက်များ (၁၉၂၉)တွင် ဝတ္ထု ၂၄၉ ပုဒ်ကို စကားပြေရိုးရိုးဖြင့် ပြန်ရေးထားသည်။ ပထမကျော် ဦးကြီးဖေ၏ ငါးရာ့ငါးဆယ်နိပါတ်တော်စကားပြေ (၁၉၅၆-၅၈)တွင် နိဿယဟန်ပါသော စကားပြေဖြင့် ရေးသားထားသည်။ လှသမိန်၏

ဇာတ်တော်ကြီး ဆယ်ဘွဲ့ (၁၉၅၈)၊ ဒဂုန်ဦးထွန်းမြင့်၏ ဇာတ်တော် ကြီးဆယ်ဘွဲ့ (၁၉၆၄)၊ ဦးမြင့်ဆွေ၏ ဇာတ်တော် ငါးရာငါးဆယ် (၁၉၇၅)နှင့် ငါးရာငါးဆယ် စာရင်းကျယ် (၁၉၉၉)၊ မာဏဝ၏ ငါးရာငါးဆယ်နိပါတ် (၁၉၈၄)၊ ဦးအေးချို (မဟာဝိဇ္ဇာ)၏ ငါးရာငါးဆယ် သိမှတ်ဖွယ် (၁၉၈၈) စသည်တို့ဖြစ်သည်။

၁၉ ရာစုအစပိုင်းတွင် ဦးကြင်ဥနှင့် ဦးပုညတို့၏ ပြဇာတ်များ ပေါ်ထွက်လာရာ ဇာတကအခြေခံသော ပြဇာတ်များလည်း ပါဝင်သည်။ ဦးကြင်ဥ၏ မဟော်နှင့် ဝေဿန္တရာ၊ ဦးပုည၏ ပဒုမ၊ မဟော်၊ ဝေဿန္တရာနှင့် ရေသည်ပြဇာတ်တို့သည် ဇာတက အခြေခံပြဇာတ်များ ဖြစ်သည်။ ၁၉ ရာစုအလယ်ပိုင်းတွင် ဦးကြင်ဥနှင့် ဦးပုညတို့၏ ပြဇာတ်လမ်းကြောင်းကို လိုက်သော ပြဇာတ်များ အောက်မြန်မာနိုင်ငံတွင် ပေါ်ပေါက်သည်။ ပုံနှိပ်စက်ပေါ်ပေါက်လာပြီဖြစ်၍ ပြဇာတ်များကို ပုံနှိပ်ထုတ်ဝေခြင်းဖြင့် ပြဇာတ်၏သြဇာသည် ပိုမိုပျံ့နှံ့လာသည်။ အစောဆုံးပြဇာတ်အဖြစ်မှတ်တမ်းတင်ရသော ပြဇာတ်မှာ ဦးခို၏ မဟာဇနကပြဇာတ် (၁၈၇၈၊ ဇာတ်စဉ် ၅၃၉)၊ ဖြစ်သည်။ ဆတိုင်မွတ်ဦးကူး၏ ဝေဿန္တရာ ပြဇာတ် (၁၈၇၈၊ ဇာတ်စဉ် ၅၄၇)၊ ဆရာချို၏ သမ္မာလ ပြဇာတ် (၁၈၈၃၊ ဇာတ်စဉ် ၅၁၉) မောင်ဘိုးမြ၏ မဟော်သဓနှင့် အမရာပြဇာတ် (၁၉၀၂၊ ဇာတ်စဉ် ၅၄၂) မောင်ဘိုးသင်၏ ပဉ္စပါပီ ပြဇာတ် (၁၉၀၉၊ ဇာတ်စဉ် ၅၃၆)တို့သည် ဇာတကအခြေခံသောပြဇာတ် သာဓကအချို့ဖြစ်သည်။ ထိုပြဇာတ်များတွင် သီချင်းများထည့်သွင်းခြင်း၊ လူရွင်တော်၏ အခန်းကဏ္ဍအရေးပါလာခြင်း၊ ပြဇာတ်ရေးသောခေတ်၏လူမှုဘဝထင်ဟပ်ခြင်းတို့ကိုထင်ရှားသောလက္ခဏာများအဖြစ်တွေ့ရသည်။

ရကန်ပုံသဏ္ဌာန်ဖြင့် ရေးဖွဲ့သော ဇာတကဝတ္ထုများလည်းရှိသည်။ ဦးရွှေနိ၏ ပဉ္စပါပီရကန် (ဇာတ်စဉ် ၅၃၆)၊ ကင်းဝန်မင်းကြီး၏ နေမိရကန် (ဇာတ်စဉ် ၅၄၁) တို့ ထင်ရှားသည်။

မန်လည်ဆရာတော်သည် သျှီးလိုက်ရတုအများအပြားရေးဖွဲ့ခဲ့ရာ ဇာတကကို အခြေခံသော သျှီးလိုက်ရတုများလည်း ပါဝင်သည်။ အဿဒိသရတု (ဇာတ်စဉ် ၁၈၁)၊ ဝိဓုရရတု (ဇာတ်စဉ် ၅၄၆)၊ ပဒုမရတု (ဇာတ်စဉ် ၁၉၃)၊ အယောဂရ ရတု (ဇာတ်စဉ် ၅၁၀)၊ သမ္မာလရတု (ဇာတ်စဉ် ၅၁၉)၊ စန္ဒကိန္နရီရတု (ဇာတ်စဉ် ၄၈၅)၊ မဟာသုတသောမရတု (ဇာတ်စဉ် ၅၃၇)စသည်တို့ဖြစ်သည်။ ရွှင်မြူးသွက်လက်စွာရေးဖွဲ့ပြီး မူရင်းဇာတ်များတွင် မပါဝင်သော အပြော၊ အလွမ်းများ အသေးစိတ်ပါဝင်သည်။ အမည်မသိ စာဆိုများရေးဖွဲ့သော မဟော်သဓနှင့် ဝေဿန္တရာသျှီးလိုက်ရတုများကို ရွှေဘိုခရိုင်ရှိ ကျေးရွာများတွင် ရွတ်ဆိုလေ့ရှိကြောင်း သိရသည်။

ဖော်ပြပါစာပေပုံသဏ္ဌာန်များအပြင် သာချင်း၊ ယောစာ၊ သံပေါက်၊ ရှစ်လုံးဘွဲ့၊ ခေတ်ကဗျာ၊ ခေတ်သီချင်းပုံသဏ္ဌာန်များဖြင့်လည်း ဇာတကများကို ရေးဖွဲ့ကြသည်။ သာဓကအားဖြင့် ဆင်ဖြူကျွန်းဆရာသည် ဇာတကအခြေခံသော ဟောစာအများအပြား ရေးဖွဲ့ခဲ့ရာ ခေတ်သရုပ်ထင်ဟပ်၍ များစွာပါဝင်သည်ကို တွေ့ရသည်။

ဇာတကကို အခြေခံသောကဗျာများတွင်သံပေါက်ကဗျာသည် အတိုဆုံးကဗျာပုံသဏ္ဌာန်ဖြစ်သည်။ စိန္တကျော်သူဦးဩ၏ ကဝိလက္ခဏာသတ်ပုံ သံပေါက်တွင် ဗကဇာတ် (ဇာတ်စဉ် ၃၈)ကို 'ပုဇွန် ကြဲတတ်၊ ဗျိုင်းလည်ပြတ်၊ ရွှေကတ်ကြေးအသွင်' ဟူ၍ သံပေါက်ကဗျာပုံသဏ္ဌာန်ဖြင့် အတိုဆုံးရေးဖွဲ့ထားသည်ကို သာဓကအဖြစ် တွေ့နိုင်သည်။

ဤသို့ဖြင့် ဇာတကဝတ္ထုများကို ရှည်လျားသော ပျို့ကဗျာပုံသဏ္ဌာန်မျိုးမှသည် အတိုဆုံးသံပေါက်ပုံသဏ္ဌာန်မျိုးအထိ စာပေပုံသဏ္ဌာန်အမျိုးမျိုး ရေးဖွဲ့ခြင်းဖြင့် ပျံ့နှံ့စေသည့်နည်းတူ စာပေအရေးအဖွဲ့တစ်ခုထဲတွင် ဇာတကများကိုသာဓကအဖြစ်ထည့်သွင်းခြင်းဖြင့်လည်း ပျံ့နှံ့စေသည်။ သာဓကအဖြစ် ထည့်သွင်းရာတွင် ဇာတကဝတ္ထုတစ်ပုဒ်ချင်းသော်လည်းကောင်း အာဘော်တူရာဇာတကဝတ္ထုများ စုစည်း၍သော်လည်းကောင်း ထည့်သွင်းလေ့ရှိသည်။ ရှေ့တွင်ပြခဲ့သော မဏိကုဏ္ဍလဝတ္ထုသည် ထင်ရှားသော သာဓကတစ်ခုဖြစ်သည်။ 'သစ္စာနှင့် ပတ်သက်၍ ကဋ္ဌဝါဟနဇာတ် (ဇာတ်စဉ် ၇)၊ ဝဋ္ဋကဇာတ် (ဇာတ်စဉ် ၃၅)၊ မစ္ဆရာဇာတ် (ဇာတ်စဉ် ၇၅)၊ ကဏ္ဍဒီပါယနဇာတ် (ဇာတ်စဉ် ၄၄၄)၊ သုပ္ပာရက ဇာတ် (ဇာတ်စဉ် ၄၆၃)၊

သီဝိရာဇာတ် (ဇာတ်စဉ် ၄၉၉)၊ သုဝဏ္ဏသာမဇာတ် (ဇာတ်စဉ် ၅၄၀)၊ သမ္ဖုလဇာတ် (ဇာတ်စဉ် ၅၁၉)၊ မောရဇာတ် (ဇာတ်စဉ် ၁၅၉)တို့ကို အာဘော်တူရာ သာဓကများအဖြစ် စုစည်းထည့်သွင်းထားသည်ကို တွေ့ရသည်။ အလားတူပင် ဇာတကများကို အာဘော် တူရာစုစည်းပြသည်အတွက် မဏိကုဏ္ဍလဝတ္ထုတွင် ဇာတက ၅၄၇ ဇာတ် အားလုံးနီးပါးပင် ကွန်ရက်သဖွယ် ဖွဲ့ယှက်နေသည်ကို တွေ့ရသည်။

မုံရွေးဆရာတော်၏ ရာဇာဝါဒမေတ္တာစာ(၁၈၃၂) တွင်လည်း အလားတူ စုစည်းမှုများတွေ့ရသည်။ သူတော် ကောင်းနှင့် ပေါင်းဖော်ခြင်း၏ အကျိုးကို ပြရာတွင် ဇာတက၀တ္ထု (၃၀) ကျော်ကိုးကား၍ သာဓကပြထားသည်ကို တွေ့ရသည်။ လျှောက်ထုံးများတွင်လည်း ဇာတကများကိုသာဓကများအဖြစ်တွေ့ရသည်။

ဦးကြော့သည် စုံနှံ့သာမြိုင်ရှာပုံတော်ကို ရေးဖွဲ့ရာတွင် ဇာတကများထဲမှ ထင်ရှားသော နေရာဌာနများကို လှပစွာ ထည့်သွင်းရေးဖွဲ့ထားသည်ကိုတွေ့ရသည်။ ဝဋ္ဋဇာတက (ဇာတ်စဉ် ၃၅)လာ ဘုရား လောင်းငုံးမင်း သစ္စာဆို၍ တောမီးကွင်းသောနေရာဌာန၊ စန္ဒကိန္နရီ ဇာတက (ဇာတ်စဉ် ၄၈၅)လာ ကိန္နရာမြောက်မှန်သော နေရာ၊ သုဝဏ္ဏသာမဇာတ် (ဇာတ်စဉ် ၅၄၀)လာ သုဝဏ္ဏသာမရေခပ်စဉ် မြားမှန်၍ သေအံ့မူးမူးတွင် မိဘနှစ်ပါးသစ္စာပြုသောကြောင့် အသက်ပြန်ရှင်ရာ မြစ်ကမ်းနား၊ ဝေဿန္တရာ ဇာတ် (ဇာတ်စဉ် ၅၄၇)လာ ဝေဿန္တရာမင်းက သားနှင့်သမီးကို ပုဏ္ဏားအားလှူဒါန်း လိုက်သည့်အတွက် မဒ္ဒီမိဖုရားဝမ်းနည်းပူဆွေးရသော ဝက်ပါတောင်စသည့်နေရာများကို ရှာပုံတော်တွင် မင်းသမီး ခင်ပွန်းပျောက်၍ လိုက်ရှာသည့်နေရာများ အဖြစ်ရေးဖွဲ့ထားသည်။ ဆတိုင်မွတ်ဦးကူးကလည်း ဇာတ်တော်ကြီးဆယ်ဘွဲ့လာ ထင်ရှားသောနေရာများကို ရှာပုံတော်ရေးဖွဲ့ထားသည်။

ဤသို့ ဇာတကများကို သာဓကအဖြစ် ထည့်သွင်းရာတွင် အတိုဆုံးပုံသဏ္ဌာန်အဖြစ် ဦးပုညက ဒွေးချိုးတစ်ပုဒ်တွင် စကားလုံးလေးလုံးဖြင့် ရေးဖွဲ့ထားသည်ကို တွေ့ရသည်။ "ထုံးမတိမ် ငုံးအိမ်ကျွေလနှင့် တူမျှစံနှိုင်း" ဟုဖွဲ့ရာတွင် "ငုံးအိမ်ကျွေလ" ဟူသော စကားလုံးလေးလုံးသည် ဇာတ်တော်တစ်ခုစီကို ရည်ညွှန်းနေသည်။ "ငုံး"သည် ဝဋ္ဋဇာတ်မှ ဘုရားလောင်းငုံးမင်းသစ္စာပြု၍ မီးကွင်းသောနေရာ၊ "အိမ်" သည် မိလိန္ဒပဉ္ဉာမှ ကဿပဘုရားလက်ထက် ယဉ်ကာရလက်သမား၏ မိုးရေမစွတ်ဘဲတည်သောအိမ်၊ "ကျွေ"သည် နလပါနဇာတ် (ဇာတ်စဉ် ၂၀)မှ ဘုရား လောင်းငုံးမင်း၏ သစ္စာတန်ခိုးကြောင့် ကျွေပင်အဆစ်များပြုတ်ပြီး ဘီလူးစောင့်သောရေအိုင်မှ ရေကို စုပ်သောက်၍ ရသော ကျွေတော၊ "လ"သည် သဿပဏ္ဍိတဇာတ် (ဇာတ်စဉ် ၃၁၆)မှ ဘုရားလောင်းယုန်မင်း၏ အသက်စွန့်လွှတ်မှုကို သိကြားမင်းက ဂုဏ်ပြုသောအားဖြင့် လဝန်းတွင် ရေးသော ယုန်ရုပ်တို့ကို ရည်ညွှန်းသော စကားလုံးများဖြစ်သည်။ ကမ္ဘာတည်သ၍ တည်ရှိမည့် ကပ္ပဋိတိလေးပါးဟု ထင်ရှားသည်။ စကားလုံးလေးလုံးတွင် "အိမ်" မှတစ်ပါး ကျန်စကားလုံးသုံးလုံးသည် ဇာတက၀တ္ထုတစ်ခုစီကို ရည်ညွှန်းလျက်ရှိကြောင်း တွေ့ရသည်။ ဤသို့ဖြင့် စာပေအရေးအဖွဲ့များတွင် ဇာတကများကို အကိုးသာဓကများအဖြစ် ထည့်သွင်းရာ၌ အတိုဆုံးပမာဏအဖြစ် ဇာတကတစ်ခုကို စကားလုံး တစ်လုံးတည်းနှင့် ရည်ညွှန်းရေးဖွဲ့နိုင်သည်အထိ ပုံသဏ္ဌာန်အမျိုးမျိုးဖြင့် ပျံ့နှံ့ကြောင်းတွေ့ရသည်။

(၃) ဇာတ်တော်ကြီးဆယ်ဘွဲ့၀င် ဇာတကများ မြန်မာစာပေယဉ်ကျေးမှုအမွေအနှစ်အဖြစ် အရေးပါပုံ

မြန်မာတို့က ဇာတ်တော်ကြီးဆယ်ဘွဲ့အမည်များကို 'တော၊ ဇ သု၊ နေ၊ မ၊ ဘူ၊ စန်၊ နာ၊ ဝိ၊ ဝေ' ဟု အတိုကောက်မှတ်သားထားကြပုံကိုကြည့်လျှင် မြန်မာတို့သည် ဇာတ်တော်ကြီးဆယ်ဘွဲ့နှင့်မည်မျှအကျွမ်းတဝင်ရှိကြောင်း သိနိုင်သည်။ ဂေါတမဘုရားရှင်၏ အတိတ်ဘ၀များက ဖြည့်ကျင့်တော်မူခဲ့သော ပါရမီများကို ဤဇာတ်တော်များက အကောင်းဆုံးသာဓကများအဖြစ် ဖော်ညွှန်းလျက်ရှိသည်။ ဝေဿန္တရာဇာတ်သည် ဒါနပါရမီကိုလည်းကောင်း၊ သုဝဏ္ဏသာမဇာတ်သည် မေတ္တာပါရမီကိုလည်းကောင်း၊ မဟောသဓဇာတ်သည် ပညာပါရမီကိုလည်းကောင်း၊ မဟာဇနကဇာတ်သည် ဝီရိယပါရမီကိုလည်းကောင်း၊ တေမိယဇာတ်သည်



မတာနီပါတ်တော်လာ တေမိယဇာတ်

အဓိဋ္ဌာန်ပါရမီကိုလည်းကောင်း၊ နေမိဇာတ်နှင့် စန္ဒကုမာရဇာတ်တို့သည်လည်း ဒါနပါရမီကိုလည်း ကောင်း၊ ဘူရိဒတ်ဇာတ်သည် သီလပါရမီကိုလည်း ကောင်း၊ နာရဒနှင့် ဝိဓုရဇာတ်တို့သည်လည်း ပညာ ပါရမီကိုလည်းကောင်း အသီးသီးအလေးအနက် ဖော်ညွှန်းလျက်ရှိသည်။

ဇာတ်တော်ကြီးဆယ်ဘွဲ့တွင် ဝေဿန္တရာ၊ သုဝဏ္ဏသာမ၊ မဟော်သဓာ၊ မဟာဇနကဇာတ်တို့သည် လူကြိုက်အများဆုံးဇာတ်တော်များဖြစ်သည်ဟု မှတ်ယူနိုင်သည်။ စိတ်ဝင်စားဖွယ် ဇာတ်လမ်းဇာတ်ကွက်များ၊ အသက်ဝင်လှုပ်ရှားနေသော ဇာတ်ဆောင်များ၊ပေါ်လွင်ထင်ရှားသော သရုပ်ဖော်ကွက်များပါဝင်သည့်အပြင် အဆင့်အတန်းမြင့်မားသော ဂုဏ်ရည်များအဖြစ်မြန်မာတို့အစဉ်အဆက် လက်ခံခဲ့ကြသော သဒ္ဓါတရားထက်သန်မှု၊ အကျင့် သီလကောင်းမွန်မှု၊ မေတ္တာတရားကြီးမားမှု၊ ပညာကြီးမားမှု၊ သနားကြင်နာမှု၊ ကြိုးပမ်းအားထုတ်မှု၊ ဇွဲ ရှိမှု၊ သတ္တိရှိမှု၊ အနစ်နာခံမှု၊ သည်းခံမှုစသည့် အရည်အသွေးများကို အလေးအနက်ဖော်ညွှန်းသော ဇာတ်ဝတ္ထုများဖြစ်သည့်အတွက် အများနှစ်သက်ကြခြင်းဖြစ်သည်။

ဇာတ်တော်ကြီးဆယ်ဘွဲ့တွင် ပါဝင်သော ဇာတ်တော်ကြီးဆယ်ဘွဲ့ဝတ္ထုများတွင် စိတ်ဓာတ် ပိုင်း၊ ကိုယ်ကျင့်တရားပိုင်းဆိုင်ရာ တန်ဖိုးများ သာမက စာပေတန်ဖိုး၊ ရသတန်ဖိုးများလည်း အပြည့်အဝပါရှိနေသည်။ ထို့ကြောင့်လည်း မြန်မာစာဆိုတို့သည် ဇာတ်တော်ကြီးဆယ်ဘွဲ့ဝတ္ထုများကို စာပေပုံသဏ္ဌာန်အမျိုးမျိုးဖြင့်ရေးဖွဲ့ရန် စိတ်အားထက်သန်ကြသည့်အလျောက် မြန်မာစာပေနယ်ပယ်တွင် ဇာတ်တော်ကြီးဆယ်ဘွဲ့စာပေပုံသဏ္ဌာန်အမျိုးမျိုး ပေါ်ထွက်လာရသည်။ သာမကအားဖြင့်ဆိုရလျှင် ဝေဿန္တရာဇာတ်ကို ၁၂ ရာစုတွင် ပုဂံ လောကထိပ်ပန်ဂူဘုရားအတွင်းနံရံရိုပုံအညွှန်း မင်စာစကားပြေအဖြစ်လည်းကောင်း၊ ၁၆ ရာစုတွင် တောင် သာဆရာတော်၊ ၁၈ ရာစုတွင် ဦးနှိုး၊ ၁၉ ရာစုတွင် တွင်းသင်းမင်းကြီးတို့က ပျို့များအဖြစ်လည်းကောင်း၊ ၁၈ ရာစုဟွင် ဦးဩဘာသကစကားပြေဝတ္ထုအဖြစ်လည်းကောင်း၊ ၁၉ ရာစုတွင် ဦးကြင်ဉ၊ ဦးပုညနှင့် မောင်ဘိုးတိုင်းတို့က ပြဇာတ်များအဖြစ်လည်းကောင်း၊ ၂၀ ရာစုတွင် မောင်နု၊ ပုဇွန်တောင်ဆရာခ၊ ဆတိုင်မွတ်ဦးကူးနှင့် ဦးမောင်သိန်းတို့က ပြဇာတ်များအဖြစ်လည်းကောင်း၊ ပုဇွန်တောင်ဆရာခ၊ မော်လမြိုင်ဆရာရောနှင့် ဓားပိန်ယိမ်းဆရာဦးမောင်ကြီးတို့က ဟောစာများအဖြစ်လည်းကောင်း ရေးဖွဲ့ပုံဖော်ခဲ့

ကြသည်ကို တွေ့ရသည်။ ကျန်ဇာတ်တော်ကြီးများကိုလည်း ထိုနည်းတူပင် စာပေပုံသဏ္ဌာန်အမျိုးမျိုးဖြင့် ပုံဖော်ခဲ့ကြသည်။

ဇာတ်တော်ကြီးဆယ်ဘွဲ့သည် အထူးလူကြိုက်များသည့်အလျောက် မြန်မာတို့သည် ဇာတ်တော်များထဲမှ လူအများအမြဲကို နေ့စဉ်သုံးစကားများအဖြစ် တွင်ကျယ်စွာ တင်စားအသုံးပြုလျက်ရှိသည်။ "ဝေဿန္တရာ" ဟူသော အမည်ကို "အလှူအတန်း ရက်ရောသူ" ဟူသော အဓိပ္ပာယ်ဖြင့်လည်းကောင်း၊ "တေမိ" ဟူသောအမည်ကို "စကားနည်းသူ" ဟူသောအဓိပ္ပာယ်ဖြင့်လည်းကောင်း တင်စားသုံးကြသည်။ အချို့အမည်များကို ဥပမာအဖြစ် ခိုင်းနှိုင်းအသုံးပြုကြသည်လည်းရှိသည်။ "မဟော်သဓာ" ကဲ့သို့ ပညာကြီးများသည်၊ "ဇနက" ကဲ့သို့ ဝီရိယရှိသည်၊ "ဇုဇကာ" ကဲ့သို့ လောဘကြီးသည်၊ အမရာ (ဇာတ်စဉ် ၅၄၂)၊ ကိန္နရီ (ဇာတ်စဉ် ၄၈၅)၊ မဒ္ဒီ (ဇာတ်စဉ် ၅၄၇)၊ သမ္မုလ (ဇာတ်စဉ် ၅၁၉) တို့ကဲ့သို့ လင်သားအပေါ် တွင် သစ္စာကြီးများသည်စသည်ဖြင့် ခိုင်းနှိုင်းကြသည်။ (အမရာနှင့် မဒ္ဒီသည် ဇာတ်တော်ကြီးဆယ်ဘွဲ့ဝင် မဟော်သဓာနှင့် ဝေဿန္တရာဇာတ်တို့မှဖြစ်သည်။)

ဇာတ်တော်ကြီးဆယ်ဘွဲ့မှ အချို့ဇာတ်ကွက်များမှာ စကားပုံများအဖြစ် အသားကျအနည်ထိုင်နေပြီဖြစ်သည်။ ဘူရိဒတ်ဇာတ်မှဖြစ်ရပ်တစ်ခုကို "ရော့ပတ္တမြားရော့နဂါး" ဟူ၍လည်းကောင်း၊ မဟောသဓာဇာတ်မှ ဖြစ်ရပ်တစ်ခုကို "အမာရွတ်မြင်လေ မဟောကို သတိရလေ" ဟူ၍လည်းကောင်း စကားပုံဆိုထုံးပြုခဲ့ကြသည်မှာ အထင်အရှားပင်ဖြစ်သည်။


ဇာတ်တော်လာဖြစ်ရပ်ကို အမြင်သစ်ဖြင့် ရှုမြင်ရေးဖွဲ့သောဆရာဇော်ဂျီ၏ "ဥရဒုက္ခ" ကဗျာသည် ဝိဓုရဇာတ် (ဇာတ်စဉ် ၅၄၆)ကို အခြေခံသော်လည်း မူလဇာတ်၏ အာဘော်ကို မယူဘဲ အမြင်သစ်ဖြင့် ရေးဖွဲ့သည်။ မူလဇာတ်တွင် ဝိဓုရသုခမိန်၏ပညာဉာဏ်ကို ပဓာနပြု၍ ရေးသားသော်လည်း "ဝိဓုရဒုက္ခ" တွင်မူ ဆိုဝိုးဝါး၊ သိဝိုးဝါး၊ ထင်ဝိုးဝါးတို့၏ အပြစ်ကို ပဓာနပြု၍ ရေးဖွဲ့သည်။ ဝရဏာနဂါးမင်းကြီး၏ မိဖုရားဝိမလာဒေဝီက ဝိဓုရ၏တရားနာလိုသည်ကို ဝိဓုရ၏ နှလုံးသားကို လိုချင်သည်ဟု ဆိုဝိုးဝါးဖြင့် ဆိုလိုက်သည်။ ထို စကားကိုကြားသူတို့က သိဝိုးဝါး၊ထင်ဝိုးဝါးဖြင့်အဓိပ္ပာယ်ကောက်ပြီး နဂါးမင်းသမီးကလေးရန္ဓတီက ဝိဓုရနှလုံးသားယူပေးနိုင်သူကို လက်ထပ်မည်ဆိုသဖြင့် ပုဏ္ဏကဘီလူးက ဝိဓုရ၏နှလုံးသားကိုယူရန် ဝိဓုရအား အမျိုးမျိုးနှိပ်စက် ညှဉ်းဆဲသည့်အတွက် ဝိဓုရသုခမိန်ဒုက္ခရောက်ရပုံကို ပဓာနပြု၍ရေးဖွဲ့ထားခြင်းဖြစ်သည်။ "သိပြီ ချက်ချင်း သိမရှင်း" ဟူသော စကားဖြင့် ထိုသဘောကို လေးနက်ထင်ရှားစေသည်။

မြန်မာစာပေပုံသဏ္ဌာန်အသီးသီးတွင် ဇာတကများသည် နက်ရှိုင်းစွာ အခြေအမြစ်စွဲနေပြီး ကျယ်ပြန့်စွာနေရာယူထားသည့်အတွက် ဇာတကအရိပ်အငွေ့ကင်းသောစာပေမျိုးရှားပါသည်။ "ဇာတက" ဟူသော ပါဠိစကားမှ ဆင်းသက်သည့် "ဇာတ်" ဟူသော စကားသည် အလွန်အသုံးတွင်ကျယ်သည်။ "ဇာတ်ခုံ၊ ဇာတ်လမ်း၊ ဇာတ်ဆောင်၊ ဇာတ်ညွှန်း၊ ဇာတ်ပွဲ၊ ဇာတ်မင်းသမီး၊ ဇာတ်မင်းသား၊ ဇာတ်ရုံ၊ ဇာတ်လိုက်၊ ဇာတ်သဘင်၊ ဇာတ်ကား၊ ဇာတ်ကြောင်းပြန်၊ အလွမ်း ဇာတ်၊ အသောဇာတ်" စသည်ဖြင့် "ဇာတ်ကို အခြေခံ၍ပွားလာသော စကားများသည် မြန်မာစာပေကို သာမက မြန်မာ့သဘင်ကိုပါ ဩဇာသက်ရောက်သော ဇာတက၏ အခန်းကဏ္ဍကို ဖော်ပြလျက်ရှိသည်။ စာပေတွင် သာမက ပန်းချီ၊ ပန်းပု၊ ဗိသုကာ၊ အနုပညာများတွင်လည်း ဇာတကသည် အရေးပါသည်။

မြန်မာဇာတကစာပေလမ်းကြောင်းတွင် စာဆိုတို့သည် ဇာတ်လမ်း၊ ဇာတ်ဆောင်၊ ကာလဒေသ နောက်ခံတို့ကို မြန်မာ့အသွင်ဖန်တီးထားသည့်အတွက် အရင်းအမြစ်ဖြစ်သော အိန္ဒိယသားတို့၏ အသွင်ပျောက်သွားပြီး မြန်မာများအဖြစ် အသက်ဝင်လာသည်။ မြန်မာတို့သည် ဇာတကဇာတ်ဆောင်များနှင့် ရင်းနှီးကျွမ်းဝင်သည့်အတွက် ဇာတကဇာတ်ဆောင်များကို မြန်မာများဟူ၍ပင် အများယူဆကြသည်။

ရှင်မဟာရဋ္ဌသာရသည် ကိုးခန်းပျို့တွင် "ငါးရာ့ငါးဆယ်ဇာတ်ပင်လယ်" ဟူသော စကားဖြင့် ဇာတကများ၏ ကျယ်ဝန်းနက်ရှိုင်းပုံကို ဖော်ညွှန်းသည်။ ဤဇာတ်ပင်လယ်ကြီးသည် ခေတ်အဆက်ဆက်ပို၍ပို၍ ကျယ်ဝန်းနက်ရှိုင်းလာသည်နှင့်အမျှ မြန်မာစာပေတွင် ပို၍ပို၍အရေးပါသောနေရာကိုရယူလျက်ရှိနေပေသည်။


ဒေါက်တာခင်အေး



နယ်စပ်ဒေသဖွံ့ဖြိုးရေးစီမံကိန်းများဆောင်ဖြင်ရေးသည်

ပဓာနကျသောအာခန်းကဏ္ဍတွင်ရှိနေ

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှုများ



ရှမ်းပြည်နယ်၊ မိုင်းပန်မြို့နယ် သံလွင်တံတား (တာဆန်း)

နိုင်ငံတော်အစိုးရ၏ အဓိကရည်မှန်းချက်ပန်းတိုင်မှာ နိုင်ငံတော်အတွင်းရှိ ဒေသများအားလုံး ညီညွတ်မျှတစွာ ဖွံ့ဖြိုးတိုးတက်လာစေရန်နှင့်မြို့ပြနှင့်ကျေးလက်ဒေသများအကြား ကွာဟမှုကို ဖြစ်နိုင်သမျှကျဉ်းမြောင်းလာစေရန်ဖြစ်သည်။ ထို့ကြောင့် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကို စနစ်တကျအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်သော နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး ဗဟိုကော်မတီကို (၂၅-၅-၈၉) ရက်နေ့တွင် အဖွဲ့ဝင် ၅ ဦးဖြင့်လည်းကောင်း၊ (၂၄-၁၂-၉၆) ရက်နေ့တွင် အဖွဲ့ဝင် ၉ ဦးဖြင့်လည်းကောင်း၊ (၁၁-၂-၉၈) ရက်နေ့တွင် အဖွဲ့ဝင် ၁၀ ဦးဖြင့်လည်းကောင်း အဆင့်ဆင့်ပြန်လည်ဖွဲ့စည်းကာ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်မှုအတွက် မူဝါဒများ၊ စီမံကိန်းများ၊ လမ်းညွှန်ချမှတ်ခဲ့သည်။

ဗဟိုကော်မတီမှ ချမှတ်ပေးသော မူဝါဒများနှင့် အညီအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ

အတွင်းရေးမှူး (၁) ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ပြီး၊ ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် ဌာနဆိုင်ရာအကြီးအကဲများပါဝင်သည့် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီကို (၃၁-၅-၈၉) ရက်နေ့တွင် အဖွဲ့ဝင် ၁၇ ဦးဖြင့် စတင်ဖွဲ့စည်းခဲ့သည်။ (၁၅-၅-၉၂) ရက်နေ့တွင် အဖွဲ့ဝင် ၃၃ ဦးဖြင့်လည်းကောင်း၊ (၃-၁၀-၉၄) ရက်နေ့တွင် အဖွဲ့ဝင် ၄၀ ဦးဖြင့်လည်းကောင်း၊ (၁၁-၂-၉၈)ရက်နေ့တွင် အဖွဲ့ဝင် ၄၉ ဦးဖြင့်လည်းကောင်း အဆင့်ဆင့်ပြင်ဆင်ဖွဲ့စည်းဆောင်ရွက်ခဲ့သည်။

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး ဗဟိုကော်မတီနှင့် လုပ်ငန်းကော်မတီတို့၏လမ်းညွှန်မှု ခံယူ၍ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းများအား အရှိန်အဟုန်မြှင့် ဆောင်ရွက်နိုင်ရန် ဆပ်ကော်မတီ (၁၈) ခုကို လုပ်ငန်းကဏ္ဍအလိုက် ဖွဲ့စည်းထားရှိသည်။

ထို့အပြင် သက်ဆိုင်ရာဒေသများအလိုက် နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ထိထိမိမိအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ဒေသဆိုင်ရာ လုပ်ငန်းကော်မတီ (၁၁) ခုကိုလည်း ဖွဲ့စည်းဆောင်ရွက်ခဲ့သည်။

နိုင်ငံတော်အစိုးရ၏ စစ်မှန်သော စေတနာ အပြန်အလှန်လေးစားချစ်ကြည်မှု၊ အပြန်အလှန်နားလည်စာနာမှု စသည့်ကောင်းမြတ်သည့် ရပ်တည်ချက်များကြောင့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများသည် လက်နက်နှင့် ငြိမ်းချမ်းရေးလဲလှယ်ပြီး ဥပဒေဘောင်အတွင်း ဝင်ရောက်လာကာ နိုင်ငံတော်အစိုးရနှင့်အတူ လက်တွဲလျက် နယ်စပ်ဒေသလုပ်ငန်းများကို လက်တွေ့ကျကျပါဝင်ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

နိုင်ငံတော်အစိုးရသည် နိုင်ငံတစ်ဝန်း အေးချမ်းသာယာပြီး တိုင်းရင်းသား ညီအစ်ကိုမောင်နှမများ လက်တွဲသွေးစည်းချစ်ကြည်လာသောအခြေအနေ၊ အချိန်အခါကောင်းနှင့် လျော်ညီစွာ (၂၄-၉-၉၂) ရက်နေ့တွင် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး ဝန်ကြီးဌာနကို ဖွဲ့စည်းခဲ့သည်။ ဆက်လက်၍ နယ်စပ်ဒေသလုပ်ငန်းများအပြင် မြို့ပြနှင့် ကျေးလက်စည်ပင်သာယာရေးလုပ်ငန်းများကို ပိုမိုထိရောက်အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် (၃၀-၁-၉၄) ရက်နေ့တွင် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနဟူ၍ ပြင်ဆင်ဖွဲ့စည်းဆောင်ရွက်ခဲ့သည်။

နိုင်ငံတော်အစိုးရသည် (၁၃-၈-၉၃) ရက်နေ့ တွင် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဥပဒေကို ပြဋ္ဌာန်းပေးခဲ့သည်။ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၏ ရည်ရွယ်ချက်များမှာ-

(၁) ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးဟူသော ဦးတည်ချက်များနှင့်အညီ နယ်စပ်ဒေသရှိ တိုင်းရင်းသားလူမျိုးများ၏ စီးပွားရေး၊ လူမှုရေး၊ လမ်းပန်းဆက်သွယ်ရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန်၊

(၂) တိုင်းရင်းသားလူမျိုးများ၏ ယဉ်ကျေးမှု၊ စာပေ၊ ဓလေ့ထုံးစံတို့ကို မြတ်နိုးစွာ ထိန်းသိမ်းနိုင်စေရန်၊

(၃) တိုင်းရင်းသားလူမျိုးများအချင်းချင်း ချစ်ကြည်ရင်းနှီးမှု ပိုမိုခိုင်မြဲစေရန်၊

(၄) စီးပွားရေးလုပ်ငန်းများ ထူထောင်ပေးခြင်းဖြင့် မူးယစ်ဆေးဝါးစိုက်ပျိုးမှု လုံးဝချုပ်ငြိမ်းစေရန်၊

(၅) နယ်စပ်ဒေသလုံခြုံရေး၊ တရားဥပဒေ စိုးမိုးရေးနှင့် နယ်မြေအေးချမ်းသာယာရေး တို့ကို ထိန်းသိမ်းရန်တို့ဖြစ်သည်။

နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအား အချိန်နှင့်တပြေးညီ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်၊ နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်များနှင့်အညီ နယ်စပ်ဒေသပင်မ စီမံကိန်းကို ရေးဆွဲခဲ့ပြီး (၂၃-၆-၉၄) ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့သော နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေးဗဟိုကော်မတီအစည်းအဝေးက အတည်ပြုပေးခဲ့သည်။

နယ်စပ်ဒေသပင်မစီမံကိန်းကို အမျိုးသား စီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာနက ရေးဆွဲအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသော အမျိုးသားစီမံကိန်းနှင့် လိုက်လျောညီထွေမှုရှိစေရန် အောက်ပါအတိုင်း စီမံကိန်းကာလ ၁၃ နှစ် သတ်မှတ်ရေးဆွဲခဲ့သည်-

- ၁၉၉၃-၉၄ ဘဏ္ဍာရေးနှစ်မှ ၁၉၉၅-၉၆ ဘဏ္ဍာရေးနှစ်အထိ ပထမနှစ်တို့ ၃ နှစ် စီမံကိန်း
- ၁၉၉၆-၉၇ ဘဏ္ဍာရေးနှစ်မှ ၂၀၀၀-၂၀၀၁ ဘဏ္ဍာရေးနှစ်အထိ ပထမနှစ်လတ် ၅ နှစ် စီမံကိန်း
- ၂၀၀၁-၂၀၀၂ ဘဏ္ဍာရေးနှစ်မှ ၂၀၀၅-၂၀၀၆ ဘဏ္ဍာရေးနှစ်အထိ ဒုတိယနှစ်လတ် ၅ နှစ် စီမံကိန်း

ဗဟိုကော်မတီဥက္ကဋ္ဌ၏ မူဝါဒလမ်းညွှန်ချက်များကို ခံယူလျက် ဖော်ပြပါစီမံကိန်းကာလသတ်မှတ်ချက်များနှင့်အညီ ဖွံ့ဖြိုးမှုနောက်ကျကျန်ခဲ့သည့် နယ်စပ်ဒေသများ၌ စီးပွားရေးအခြေခံ အဆောက်အအုံဖြစ်သော လမ်းတံတားကဏ္ဍ၊ စွမ်းအင်ကဏ္ဍနှင့် ဆက်သွယ်ရေးလုပ်ငန်းကဏ္ဍများ၊ လူမှုရေးဆိုင်ရာအခြေခံအဆောက်အအုံဖြစ်သော ပညာရေး၊ ကျန်းမာရေး၊ ပြည်သူ့ဆက်ဆံရေးကဏ္ဍများ၊ ကုန်ထုတ်လုပ်မှု အခြေခံလုပ်ငန်းများဖြစ်သော စိုက်ပျိုး ရေး၊ မွေးမြူရေး၊ သတ္တုရှာဖွေတူးဖော်ရေးနှင့် သစ်တောလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် တည်ဆောက်ပေးနေခြင်းဖြစ်သည်။

၁၉၈၉ ခုနှစ်မှ ၂၀၀၄ ခုနှစ်အထိ နယ်စပ်ဒေသ အသီးသီး၌ အောက်ပါဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်ပေးခဲ့သည်။

လမ်းတံတားကဏ္ဍ- ဖွံ့ဖြိုးတိုးတက်မှု နောက်ကျနေသည့် နယ်စပ်ဒေသများ၏ အဓိကလိုအပ်ချက်ဖြစ်သော လမ်းတံတားတည်ဆောက်ရေးလုပ်ငန်းများကို အထူးဦးစားပေးဆောင်ရွက်ခဲ့ရာ မြေလမ်း ၃,၀၉၃ မိုင်၊ ကျောက်ခင်းလမ်း ၁,၈၆၁ မိုင်၊ ကတ္တရာလမ်း ၃၂၆ မိုင်၊ လမ်းပြုပြင်ထိန်းသိမ်းခြင်း ၃,၁၆၂ မိုင်၊ တံတားကြီး ၄၇ ခု၊ တံတားငယ် ၆၉၆ ခုနှင့် ကြိုး တံတား ၁၆ ခု တို့ကိုလည်းကောင်း၊ အဓိကကျသည့် နေရာဒေသများ၌ ရာသီမရွေးသွားလာနိုင်သည့် လမ်းများကိုလည်းကောင်း တည်ဆောက်ဆောင်ရွက်ပေးနိုင်သဖြင့် နယ်စပ်ဒေသနှင့် အတွင်းပိုင်းဒေသများ အလွယ်တကူဆက်သွယ်သွားလာနိုင်ပြီး ကုန်စည်ကူးသန်းမှုပိုမိုဖြစ်ထွန်းကာ ဒေသဖွံ့ဖြိုးတိုးတက်မှုအရှိန်အဟုန်ကောင်းများရရှိနေပြီဖြစ်သည်။

စွမ်းအင်ကဏ္ဍ- နယ်စပ်မြို့ရွာစုံမြို့၌ အငယ်စားနှင့် အလတ်စား ရေအားလျှပ်စစ်စက်ရုံ ကိုးရုံတည်ဆောက်၍ ဓာတ်အားဖြန့်ဖြူးပေးနိုင်ခဲ့ပြီး မြို့၊ ရွာ ၁၉၀ တွင်လည်း မီးစက် ၂၅၆ လုံး တပ်ဆင်ပေးခြင်းဖြင့် အသေးစားကုန်ထုတ်လုပ်ငန်းများ ဆောင်ရွက်နိုင်ပြီဖြစ်သည်။ ဒေသခံတိုင်းရင်းသားများကလည်း ကိုယ့်အားကိုယ်ကို ရေအားလျှပ်စစ်အငယ်စား၊အလတ်စားများတည်ဆောက်ခြင်းဖြင့် လူနေမှုအဆင့်အတန်းမြင့်မားလာပြီဖြစ်သည်။

ဆက်သွယ်ရေးလုပ်ငန်းကဏ္ဍ- စာတိုက် ၄၇ ခု၊ ကြေးနန်းရုံး ၄၂ ရုံ၊ တယ်လီဖုန်းလုပ်ငန်း ၈၀ တို့ကို တည်ဆောက်ပေးနိုင်သည့်အတွက် နယ်စပ်ဒေသလူမှုရေး၊ စီးပွားရေး၊ အုပ်ချုပ်ရေးလုပ်ငန်းများ လျင်မြန်စွာတိုးတက်လာပြီဖြစ်သည်။

ပညာရေးကဏ္ဍ- နယ်စပ်ဒေသအသီးသီးတွင် အခြေခံပညာအထက်တန်းကျောင်း ၇၂ ကျောင်း၊ အခြေခံပညာအလယ်တန်းကျောင်း ၆၁ ကျောင်း၊ အခြေခံပညာမူလတန်းကျောင်း ၆၅၇ ကျောင်း တိုးချဲ့ဖွင့်လှစ်

ပေးနိုင်သဖြင့် ၂၀၀၄-၂၀၀၅ ပညာ သင်နှစ်တွင်အခြေခံပညာအထက်တန်းကျောင်းသား ၇,၃၈၁ ဦး၊ အခြေခံပညာအလယ်တန်းကျောင်း ကျောင်းသား ၃၂,၀၃၆ ဦး၊ အခြေခံပညာမူလတန်းကျောင်းသား ၆၉,၂၀၄ ဦး စုစုပေါင်း ကျောင်းသား ၁၀၈,၆၂၁ ဦး ပညာသင်ကြားလျက်ရှိသည်။ ၁၉၈၉ ခုနှစ်နှင့် နှိုင်းစာလျှင် နယ်စပ်ဒေသ ကျောင်းသားအင်အား အဆ ၇၀ ခန့် တိုးပွားလာပြီဖြစ်သည်။

ပြည်သူ့ဆက်ဆံရေးကဏ္ဍ- နယ်စပ်ဒေသအသီးသီးတွင် ရုပ်မြင်သံကြားထပ်ဆင့်လွှင့်စက်ရုံ ၉၈ ရုံ တည်ဆောက်ပေးနိုင်ခဲ့သည့်အတွက် နိုင်ငံတော်တစ်ဝန်းဆောင်ရွက်နေသည့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို နယ်စပ်ဒေသနေ တိုင်းရင်းသားများ သိရှိလေ့လာခွင့်ရရှိပြီး စီးပွားရေး၊ လူမှုရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အထောက်အကူပြုလျက်ရှိသည်။

ကျန်းမာရေးကဏ္ဍ- နယ်စပ်ဒေသများတွင် ဆေးရုံ ၅၇ ရုံ၊ ကျေးလက်ကျန်းမာရေးဌာန ၃၅ ခု၊ နယ်စပ် ဆေးပေးခန်း ၈၀၊ ကျေးလက်ကျန်းမာရေးဌာနခွဲ ၆၄ ခုအထိ တိုးချဲ့ဖွင့်လှစ်ပေးနိုင်ပြီဖြစ်သည်။

စိုက်ပျိုးရေးလုပ်ငန်းကဏ္ဍ- နယ်စပ်ဒေသများတွင် စိုက်ပျိုးရေးရုံး ၃၁ ရုံး၊ စိုက်ပျိုးရေးစခန်း ၁၁၇ ခု၊ တည်ဆောက်ဆဲနှင့် တည်ဆောက်ပြီး ဆည် ၄၆ ခု၊ တိုင်းတာပြီးဆည် ၁၇ ခု၊ တူးမြောင်းငါးခုနှင့် ထွန်စက်စခန်း ၁၁ ခုတို့ကို ဆောင်ရွက်ပေးနိုင်သဖြင့် ဒေသရိက္ခာဖူလုံရေးနှင့် စီးပွားဖြစ်သီးနှံများကို စိုက်ပျိုးရေးအတွက် အထောက်အကူပြုလျက်ရှိသည်။

မွေးမြူရေးလုပ်ငန်းကဏ္ဍ- မွေးမြူရေးခြံ ၁၉ ခြံ၊ တိရစ္ဆာန်မွေးမြူရေးနှင့် ကုသရေးရုံး ၄၁ ရုံးတို့ကို ဖွင့်လှစ်ပေးခဲ့ပြီး နွားနှင့် မြည်းမျိုးကောင်း ၁၁၁ ကောင်ကို ဖြန့်ဖြူးပေးနိုင်ပြီဖြစ်သည်။

သစ်တောလုပ်ငန်းကဏ္ဍ- သစ်တောမျိုးဥယျာဉ် ခုနစ်ခု၊ သတ်မှတ်ပြီး သစ်တောကြိုးဝိုင်းလေးခု၊ စီစဉ်ဆဲသစ်တောကြိုးဝိုင်းလေးခု၊ သစ်စက် ၁၂ စက်တို့ကို ထူထောင်ပေးခဲ့ပြီး သစ်တောထွက်ပစ္စည်းများ လုံလောက်စွာ ထုတ်ယူသုံးစွဲနိုင်ရေးနှင့် သစ်တောပြုန်းတီးမှုဟန့်တားရေးတို့ကို ဆောင်ရွက်နိုင်ပြီဖြစ်သည်။


သတ္တုကဏ္ဍ- နယ်စပ်ဒေသသတ္တုသိုက်များရှာဖွေဖော်ထုတ်ရေး၊ စီးပွားဖြစ် သတ္တုသိုက်များအား စနစ်တကျတူးဖော်ရေး၊ သတ္တုကဏ္ဍမှ နယ်စပ်ဒေသ တိုင်းရင်းသားများ အလုပ်အကိုင်အခွင့်အလမ်း ပေါ်ပေါက်လာရေးဦးတည်ချက်များဖြင့် ဆောင်ရွက်ပေးခြင်းကြောင့် အချို့ဒေသများတွင် စီးပွားဖြစ် သတ္တုထုတ်လုပ်မှုများ လုပ်ကိုင်လျက်ရှိနေပြီဖြစ်သည်။

နယ်စပ်ဒေသတောင်ပေါ် တိုင်းရင်းသားများ ဘဝတည်ငြိမ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရွှေ့ပြောင်းတောင်ယာစနစ်မှ ကုန်းမြင့်လယ်ယာစနစ်သို့ပြောင်းလဲရေးကို ၂၀၀၃-၂၀၀၄ ခုနှစ်က စတင်ပြီး ၁၀ နှစ် စီမံကိန်းဖြင့် ဧက ၁၁၁,၉၀၀ ဖော်ထုတ်ရန်ဆောင်ရွက်လျက်ရှိရာ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်နှင့် မကွေးတိုင်းကျောက်ထုဒေသတို့၌ ကုန်းမြင့်လယ်ယာ ၁၁,၆၅၉ ဧက ဖော်ထုတ်ပြီးဖြစ်သည်။


နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့် အညီ နယ်စပ်ဒေသအသီးသီး၌ တိုင်းရင်းသား လူငယ်ဖွံ့ဖြိုးရေးသင်တန်းကျောင်း ၂၆ ကျောင်းနှင့် အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်ကျောင်း ၁၈ ကျောင်း၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တွင် ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ်နှစ်ခုတို့ကို ဖွင့်လှစ်ပေးနိုင်ခဲ့ပြီး အဆိုပါ ဒီဂရီကောလိပ်နှစ်ခုက တိုင်းရင်းသားလူငယ် ၂၅၆ ဦးကို ဘွဲ့ဒီဂရီရရှိအောင် ပြုစုပျိုးထောင်ပေးနိုင်ပြီဖြစ်သည်။ နယ်စပ်ဒေသအမျိုးသမီးအိမ်တွင်းမှုသက်မွေးပညာသင်



လောက်ကိုင်မူးယစ်ဆေးဝါးပြတိုက်



လောက်ကိုင်ဒေသ ဘိန်းအစားထိုး ပန်းဂျုံစိုက်ခင်း



နယ်စပ်ဒေသနေ တိုင်းရင်းသားညီအစ်ကိုများ ရေကောင်းရေသန့်ရရှိရေး ဤသို့ဆောင်ရွက်ပေးခဲ့သည်

ကျောင်း ၁၈ ကျောင်းက နယ်စပ်ဒေသတိုင်းရင်းသူ လူငယ် ၁၃,၄၁၅ ဦးကို အိမ်တွင်းမှုသက်မွေးပညာရပ်များ သင်ကြားလေ့ကျင့်ပေးခဲ့ပြီးဖြစ်သည်။

နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ဗဟို ကော်မတီဥက္ကဋ္ဌက ချမှတ်ပေးသည့် ရည်ရွယ်ချက် ငါးရပ်ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် "နယ်စပ်ဒေသစီးပွားရေးလုပ်ငန်းများ ထူထောင်ပေးခြင်းဖြင့် မူးယစ်ဆေးဝါးစိုက်ပျိုးမှု လုံးဝချုပ်ငြိမ်းစေရန်" ဟူသည် ရည်ရွယ်ချက်တစ်ရပ်မူဝါဒအဖြစ် ပါရှိသည်။ နယ်စပ်ဒေသများဖွံ့ဖြိုးတိုးတက်ရေးအတွက် သုံးစွဲခဲ့သည့် ရန်ပုံငွေစုစုပေါင်း၏ ၇၉ ဒသမ ၅ ရာခိုင်နှုန်းကို မူးယစ်ဆေးဝါးပပျောက်ရေးစီမံကိန်းနှင့် ဆက်စပ်နေသောဘိန်းစိုက်ပျိုးရာဒေသများ၏လူမှုစီးပွားရေးအခြေခံအဆောက်အအုံများကိုဦးစားပေးတည်ဆောက်ပေးပြီးဖြစ်သည်။ ၂၀၀၄ ခုနှစ် ဩဂုတ်လမှစ၍ ဘိန်းစိုက်ပျိုးမှုပပျောက်ရေးစီမံကိန်းဒေသများတွင် လစဉ်ဆန်အိတ် ၄,၆၅၀ ကို ထောက်ပံ့ပေးလျက်ရှိသည်။ နယ်စပ်ဒေသမြို့များဖြစ်သည့် တာချီလိတ်၊ မြဝတီနှင့် ကော့သောင်းမြို့များကိုလည်းမူးယစ်ဆေးဝါးကင်းမဲ့ဇုန်ဖြစ်ရေးအတွက် ဆောင်ရွက်နေပြီဖြစ်သည်။


ကုလသမဂ္ဂမူးယစ်ဆေးဝါးနှင့် မှုခင်းဆိုင်ရာ ရုံး (UNODC) နှင့် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ (မူးယစ်ဗဟို)တို့ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် 'ဝ' ဒေသ အခြားနည်းဖြင့် ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း (Wa Alternative Development Project-WADP) ကို UNODC ထည့်ဝင်ငွေ အမေရိကန်ဒေါ်လာ ၁၁ ဒသမ ၆၂၃ သန်း ဖြင့် ၁၉၉၈ ခုနှစ်မှ




ဗလမင်းထင်တံတားဖွင့်ပွဲ အခမ်းအနား



မြစ်ကြီးနားမြို့နယ်၊ မန်စိန်နှင့်ရွှေစက် ကျေးရွာလမ်းဖွင့်ပွဲကျင်းပစဉ်



ချင်းရွှေတော်ညီနောင် တံတားသစ်



သီဟိုဖြူနှုန်း မိုးကေတံတားသစ်

၂၀၀၅ ခုနှစ်အထိ 'ဝ' ဒေသ မိုင်းပေါက်မြို့နယ်အတွင်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ပညာရေး၊ ကျန်းမာရေး၊ စားနပ်ရိက္ခာဖူလုံရေး၊ လူထုဖွံ့ဖြိုးရေး၊ အစားထိုး ဝင်ငွေရရှိရေး၊ မူးယစ်ဆေးဝါးနှင့် AIDS ရောဂါ အသိပညာပေးရေး၊ အခြေခံအဆောက်အအုံ တည်ဆောက်ရေး၊ ဘိန်းစိုက်ပျိုးမှုစောင့်ကြည့်လေ့လာ ရေးနှင့် အကဲဖြတ်ခြင်းတို့ကို ဆောင်ရွက်လျက်ရှိသည်။

ကုလသမဂ္ဂကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ် (WFP) က ၂၀၀၃ ခုနှစ်၊ စက်တင်ဘာလမှ ဒီဇင်ဘာလအတွင်း ကိုးကန့်ဒေသရှိ ဘိန်းမစိုက်တောင်သူများအား ဆန်တန်ချိန် ၇၆၀ ကို ကုန်းကြမ်းမြို့နယ် ရှောက်ကိုင်နှင့် တာရွေထန်ကျေးရွာအရောက် သယ်ယူစရိတ်နှင့် ဆန်ဖိုးအပါအဝင် အမေရိကန် ဒေါ်လာ ၁ ဒသမ ၉၉ သိန်း ကျခံထောက်ပံ့ပေးခဲ့ပြီးဖြစ်သည်။ WFP က ဒုတိယဆင့်အဖြစ် ၂၀၀၄ ခုနှစ်၊ ဧပြီလမှ ၂၀၀၅ ခုနှစ်၊ မတ်လအထိ အမေရိကန်ဒေါ်လာ ၃ ဒသမ ၆ သန်း တန်ဖိုးရှိ ဆန်တန်ချိန် ၉,၈၅၅ တန် (ဆန်အိတ်နှစ်သိန်း ခန့်) ကို ကိုးကန့်ဒေသ၊ 'ဝ' ဒေသ၊ ကွတ်ခိုင်၊ ကောင်းခါး၊ မုံးကိုး၊ ဖောင်းဆိုင်၊ တာမိုးညဲ၊ မန်တုံ၊ မန်ပန်ဒေသများရှိ ဘိန်းမစိုက်တောင်သူသက်ကြီးရွယ်အိုများနှင့်မသန်စွမ်း သူများအား အခမဲ့ထောက်ပံ့ပေးခြင်း၊ ကျေးရွာအကျိုးပြုလုပ်ငန်း ဆောင်ရွက်သူများအား လုပ်အားခအဖြစ် ဆန်ထောက်ပံ့ပေးခြင်း၊ကျောင်းသားကျောင်းသူများအား ဆန်ထောက်ပံ့ပေးခြင်းတို့ကို နိုင်ငံတော်က ခွင့်ပြုသည့် အစိုးရမဟုတ်သော အဖွဲ့အစည်းများမှတစ်ဆင့် ဖြန့်ဝေပေးလျက်ရှိရာ ၂၀၀၄ ခုနှစ်အထိ ဆန်တန်ချိန် ၁,၀၂၉ ဒသမ ၉၃ တန် ဖြန့်ဝေပေးပြီးဖြစ်သည်။

ကုလသမဂ္ဂ ဖွံ့ဖြိုးမှုအစီအစဉ် (UNDP) နှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် လူ့စွမ်းရည်ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်းအဆင့် (၄) (HDI Phase IV) က ဝေးလံမြို့နယ်များ လူမှုဖွံ့ဖြိုးရေးစီမံကိန်း (CDRT Project) ကို UNDP ထည့်ဝင်ငွေအမေရိကန်ဒေါ်လာ ၅ ဒသမ ၅ သန်းဖြင့် ၂၀၀၂ ခုနှစ်၊ ဒီဇင်ဘာလမှ ၂၀၀၅ ခုနှစ်၊ ဖေဖော်ဝါရီလအထိ ဆောင်ရွက်လျက်ရှိသည်။ အဆိုပါ စီမံကိန်းကို မြစ်ကြီးနား၊ ဝိုင်းမော်၊ တန့်ယိုင်း၊ ဟားခါး၊ ဖလမ်း၊ တီးတိန်၊ ထန်တလန်၊ ပလက်ဝ၊ ကျောက်တော်၊ မြောက်ဦး၊ မင်းပြား၊ ဘူးသီးတောင်၊ မောင်တောမြို့နယ်များ၌ ပညာရေး၊ ကျန်းမာရေး၊ စားနပ်ရိက္ခာဖူလုံရေး၊ ဝင်ငွေတိုးပွားရေး၊ ရေကောင်းရေသန့်ရရှိရေး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ သစ်တောမပြုန်းတီးရေးနှင့် ကာကွယ်ရေး၊ AIDS ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပြီး ၂၀၀၄ ခုနှစ်တွင် ရန်ပုံငွေ အမေရိကန်ဒေါ်လာ ၅ ဒသမ ၄ သန်း ထပ်မံရရှိသည့်အတွက် ဝေးလံမြို့နယ် ၁၅ မြို့နယ်၌ ထပ်မံတိုးချဲ့ ဆောင်ရွက်လျက်ရှိသည်။

ဂျပန်နိုင်ငံအပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (JICA) က နယ်စပ်ဒေသ စားနပ်ရိက္ခာတိုးမြှင့်ထုတ်လုပ်ရေးအတွက် ၁၉၉၅ ခုနှစ်တွင် ဂျပန်ယန်းငွေ သန်း ၁,၀၀၀၊ ၁၉၉၈ ခုနှစ်တွင် ဂျပန်ယန်းငွေ သန်း ၈၀၀ တန်ဖိုးရှိသော လယ်ယာသွင်းအားစုများ ထောက်ပံ့ပေးခဲ့ပြီး ၁၉၉၇ ခုနှစ်မှစ၍ ဘိန်းအစားထိုးပန်းဂျုံစိုက်ပျိုးရေးစီမံကိန်းအတွက် နည်းပညာအကူအညီပေးလျက်ရှိသည်။

၁၉၈၉ ခုနှစ်မှ ၂၀၀၄ ခုနှစ်အထိ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ခဲ့ရာ နယ်စပ်ဒေသဖွံ့ဖြိုးရေး ရန်ပုံငွေ ငွေကျပ် ၃၀,၈၅၆ သန်း၊ ဝန်ကြီးဌာန အသီးသီး၏ ရန်ပုံငွေ ငွေကျပ် ၂၉,၄၂၂ သန်း စုစုပေါင်းငွေကျပ် ၆၀,၂၇၈ သန်း ကျခံသုံးစွဲခဲ့ပြီးဖြစ်သည်။

စိုးအောင်

ဆူနာမိ ရေလှိုင်းကြီးများ



ဆူနာမီ ရေလှိုင်းကြီးများ


"ဆူနာမီ" ဟူသည် သမုဒ္ဒရာကြမ်းပြင်၏အနီး စုစည်းဝင်ရောက်လာသောအခါ အဖျက်စွမ်းအားသည် သို့မဟုတ် အောက်ကြမ်းပြင်တွင် မြေငလျင်လှုပ်ရှားခြင်းကို အခြေပြု၍ အလွန်ရှည်လျားသော လှိုင်းအလျားများရှိသည့် စဉ်ဆက်မပြတ်ရွေ့လျားလာသော ပင်လယ်ရေလှိုင်းများကို ခေါ်ဆိုခြင်းဖြစ်ပါသည်။ မူရင်းဘာသာစကားမှာ ဂျပန်ဘာသာစကားဖြစ်ပြီး အဓိပ္ပာယ်မှာ ကြီးမားသော မြေငလျင်ရေလှိုင်းများဟု ဆိုလိုပါသည်။ ရေပြင်အောက်တွင် မီးတောင်ပေါက်ကွဲခြင်းနှင့် မြေပြိုခြင်းကဲ့သို့သော ဖြစ်ရပ်များမှာလည်း ဆူနာမီဖြစ်ပေါ်စေတတ်ပါသည်။

ဆူနာမီရေလှိုင်းတို့သည် နက်ရှိုင်းသော သမုဒ္ဒရာရေပြင်ကို တစ်နာရီလျှင် ကီလိုမီတာ ၈၀၀ ထက်ကျော်လွန်သောနှုန်းဖြင့် ဖြတ်သန်းသွားလေ့ရှိပါသည်။ လှိုင်းထိပ်တစ်ခုမှတစ်ခုသို့ အကွာအဝေးသည် ကီလိုမီတာ ၁၀၀ သို့မဟုတ် ယင်းထက်ကျော်လွန်တတ်ပြီး၊ လှိုင်း၏လွှဲချိန်မှာ ၁၀ မိနစ်မှ ၆၀ မိနစ်ခန့်အထိ ရှိတတ်ပါသည်။ ပင်လယ်ပြင်တွင် လှိုင်းအမြင့်မှာ စင်တီမီတာ ဆယ်ဂဏန်းအနည်းငယ်မျှသာ ရှိတတ်ပြီး၊ အများအားဖြင့် ဆူနာမီရေလှိုင်း ဖြတ်သန်းသွားသည်ကို ပင်လယ်ပြင်ရှိ သင်္ဘောများက သိရှိခံစားရတတ်ခြင်း မရှိပေ။

သို့ရာတွင် ကမ်းခြေရောတိမ်ပိုင်း အတွင်းသို့ ဆိုက်ရောက်လာသောအခါ ဆူနာမီလှိုင်းလုံးတို့၏ အသွားနှုန်းသည် နှေးလာပြီး၊ ရေမျှားစုပုံမြင့်တက်လာမှုကြောင့် လှိုင်းအမြင့်မှာ မီတာဆယ်ဂဏန်းနှင့် အထက်ရှိလာတတ်ပါသည်။ ဆူနာမီရေလှိုင်း၏ အကျိုးသက်ရောက်မှုသည် ကျဉ်းမြောင်းသော ပင်လယ်အော် (သို့မဟုတ်) ကတော့ပုံကမ်းရိုးတန်းများ အတွင်းသို့ ပိုမိုကြီးမားလာတတ်ပါသည်။ အဖျက်စွမ်းအားသည် ကုန်းတွင်းပိုင်းသို့ ဝင်လာသည်နှင့်အမျှ ပိုမိုကြီးမားလာတတ်ပါသည်။ ကြီးမားသော ဆူနာမီလှိုင်းတို့သည် လှိုင်းအမြင့် ၃၀ မီတာအထက်ကျော်လွန်တတ်ကြောင်း တွေ့ရှိရပါသည်။ ၃ မီတာမှ ၆ မီတာမြင့်သော အတိုင်းအတာရှိသည့် ဆူနာမီဒီရေလှိုင်းသည်ပင်လျှင် အသေအပျောက်နှင့် အပျက်အစီး၊ ဒဏ်ရာရရှိမှု အမြောက်အမြား ဖြစ်စေနိုင်ပါသည်။

ဆူနာမီရေလှိုင်းတို့သည် သမုဒ္ဒရာကြိုးများ၏ ကမ်းရိုးတန်းတစ်လျှောက် အခြေချနေထိုင်ကြသူများ၏ အသက်အိုးအိမ်စည်းစိမ်အတွက် အခြောက်အလှန့်တစ်ခုဖြစ်ပါသည်။ ၁၉၉၂ ခုနှစ်မှ ၁၉၉၆ ခုနှစ်အတွင်း နီကာရာဂွါ၊ အင်ဒိုနီးရှား၊ ဂျပန်၊ ဖိလစ်ပိုင်နှင့် ပီရူးနိုင်ငံတို့တွင် အသီးသီးဖြစ်ပေါ်ခဲ့သော ဆူနာမီဒီရေလှိုင်းများက လူပေါင်း ၂၀၀၀ ကျော်ကို အသက်ဆုံးရှုံးစေခဲ့ပါသည်။အိုးအိမ်ပစ္စည်းပျက်စီးဆုံးရှုံးမှုအတိုင်းအတာအနေဖြင့် အမေရိကန်ဒေါ်လာတစ်ဘီလီယံခန့်ရှိပါသည်။ ကမ္ဘာတွင် ၈၀%သော ဆူနာမီရေလှိုင်းတို့သည် ပစိဖိတ်သမုဒ္ဒရာအတွင်းတွင် ဖြစ်လေ့ရှိသော်လည်း အိန္ဒိယသမုဒ္ဒရာ၊ မြေထဲပင်လယ်နှင့် ကာရေဘီယံပင်လယ် ကမ်းခြေတစ်လျှောက်တို့တွင်တည်ရှိသော နိုင်ငံအားလုံးအတွက်လည်း အခြောက်အလှန့်တစ်ခုဖြစ်နေပါသည်။

ပစိတ်ဖိတ်သမုဒ္ဒရာတွင်ရှိ ဆူနာမီသတိပေးစနစ်ကို နိုင်ငံတကာအဖွဲ့ဝင်နိုင်ငံ (၂၅) နိုင်ငံဖြင့် ဖွဲ့စည်းထားပါသည်။ ဤစနစ်တွင် ပစိတ်ဖိတ်သမုဒ္ဒရာ ကမ်းရိုး



ပင်လယ်ရေအောက်ကြမ်းပြင်တွင် အင်အားအလွန်ပြင်းထန်သော မြေငလျင်ကြီးလှုပ်ရှားမှုကြောင့်
ဆူနာမီရေလှိုင်းများ ကမ်းခြေသို့ ဝင်ရောက်ရိုက်ခတ်ပုံ

တန်းတစ်လျှောက် မြေငလျင်နှင့် ဒီရေတိုင်းစခန်းများ ဖွင့်လှစ်ထားရှိပြီး၊ ဆူနာမီဒီရေလှိုင်းများဖြစ်ပေါ်နိုင်သည့် မြေငလျင်လှုပ်ရှားမှုများကို စူးစမ်းထောက်လှမ်းပြီး နောက် ဆူနာမီအတွက်လိုအပ်သောသတိပေးသတင်း အချက်အလက်များကို ထုတ်ပြန်ကြေညာပေးပါသည်။ ပစိဖိတ်ဆူနာမီ သတိပေးဗဟိုဌာန (Pacific Tsunami Warning Center-PTWC) သည် ပစိဖိတ် သမုဒ္ဒရာဆိုင်ရာဆူနာမီသတိပေးစနစ်အတွက်လက်တွေ့ ဆောင်ရွက်နေသော ဗဟိုဌာနတစ်ခုဖြစ်ပါသည်။ အမေရိကန်ပြည်ထောင်စု ဟာဝိုင်ယီပြည်နယ် ဟိုနိုလူလူမြို့တော်တွင် အခြေစိုက်သည့် အဆိုပါဗဟိုဌာနမှ ဆူနာမီ သတိပေးချက်များကို ပစိဖိတ်သမုဒ္ဒရာကမ်းရိုးတစ်လျှောက်ရှိနိုင်ငံများသို့ ထုန်ပြန်ကြေညာပေးပါသည်။ အချို့နိုင်ငံများတွင်လည်း မိမိတို့၏ နိုင်ငံအတွက်သော်လည်းကောင်း၊ ဒေသဆိုင်ရာအတွက်သော်လည်းကောင်း သတိပေးချက်ထုတ်ပြန်သော ဗဟိုဌာနများ တည်ထောင်ထားရှိပါသည်။

နိုင်ငံတကာဆူနာမီသတင်းအချက်အလက်ဗဟိုဌာန (International Tsunami Information Center-ITIC) သည် ဆူနာမီသတိပေးချက်စနစ်၏ လုပ်ငန်းဆောင်ရွက်မှုနှင့် အကျိုးသက်ရောက်မှုတို့ကို နေ့စဉ်နေ့တိုင်းစောင့်ကြပ်ကြည့်ရှုရုံသာမက ဆန်းစစ်လျက်ရှိပါသည်။

ဆူနာမီဒီရေလှိုင်းများဖြစ်ပေါ်ရခြင်း


မြေငလျင်ပင်လယ်လှိုင်းများဟုလည်းကောင်း ဒီရေလှိုင်းများဟုလည်းကောင်း အများအားဖြင့် မှားယွင်းစွာ ခေါ်ဝေါ်နေကြသော ဆူနာမီရေလှိုင်းများသည် များသောအားဖြင့် မြေငလျင်လှုပ်ရှားမှုကြောင့် ဖြစ်ပေါ်လာလေ့ရှိပါသည်။ ရံဖန်ရံခါတွင်လည်း ပင်လယ်အောက်ခြေတွင် မြေပြိုမှုကြောင့် ဖြစ်ပေါ်တတ်ပြီး၊ တစ်ခါတစ်ရံတွင် ပင်လယ်အောက်ခြေတွင် မီးတောင်ပေါက်ကွဲမှုကြောင့် ဖြစ်ပေါ်တတ်ကာ တစ်ခါတစ်ရံတွင်မူ ဖြစ်တောင့်ဖြစ်ခဲကြီးမားသော ဥက္ကာပျံများသမုဒ္ဒရာရေပြင်ပေါ် ကျရောက်မှုကြောင့်လည်းဖြစ်ပေါ်တတ်ပါသည်။ ရေအောက်မြေပြင်မီးတောင်ပေါက်ကွဲမှုကြောင့် ဆူနာမီဒီရေ လှိုင်းများ ဖြစ်ပေါ်ပါကအလွန်ကြောက်မက်ဖွယ်ကောင်းသည်။ အဖျက်စွမ်းပကားလည်းကြီးမားသော ဆူနာမီဒီရေလှိုင်းများကို အများဆုံးဖြစ်ပေါ်လေ့ရှိပါသည်။ ၁၈၈၃ ခုနှစ်တွင် ဖြစ်ပေါ်ခဲ့သော ကရိကတောင် (Karakatau) မီးတောင်ကြီးပေါက်ကွဲခဲ့ရာ ပင်လယ်ရေမျက်နှာပြင် အထက်မီတာ ၄၀ မြင့်သောကြီးမားသည့် ရေလှိုင်းကြီးများဖြစ်ပေါ်ခဲ့ရာ လူထောင်ပေါင်းများစွာ သေဆုံးခဲ့ရပြီး၊ ကမ်းရိုးတန်းတစ်လျှောက်ရှိ ကျေးရွာပေါင်းများစွာမှာလည်း လုံးဝပျောက်ကွယ်သွားခဲ့ရသည်။

ကမ္ဘာပေါ်ရှိ သမုဒ္ဒရာရပ်ဝန်းအားလုံးတွင် ဆူနာမီဒီရေလှိုင်းဒဏ်ကို တွေ့ကြုံနိုင်ပါသည်။ သို့ရာတွင် ပစိဖိတ်သမုဒ္ဒရာနှင့် ယင်း၏ကမ်းရိုးတန်းဒေသတို့တွင် အရွယ်ကြီးမား၍ အဖျက်စွမ်းပကားလည်းကြီးသော ဆူနာမီဒီရေလှိုင်းများ မကြာခဏဖြစ်ပေါ်လေ့ရှိပါသည်။ အကြောင်းမှာ ပစိဖိတ်သမုဒ္ဒရာ၏ ငလျင်ကြောတစ်လျှောက်တွင် ပြင်းထန်သောမြေငလျင်များအကြိမ်များစွာလှုပ်ရှားတတ်သောကြောင့် ဖြစ်ပါသည်။

ကမ္ဘာ့မြေလွှာများ ဆက်စပ်မှု (Plate Tectonics)

ကမ္ဘာ့မြေလွှာများဆက်စပ်မှုသီအိုရီသည် ကမ္ဘာကြီးအား အပေါ်ယံမြေလွှာအပိုင်းငယ်များဖြင့် ဖွဲ့စည်းထားသည်ဟူသော ကမ္ဘာ၏ ဖွဲ့စည်းပုံ ပုံစံကို အခြေပြုထားပါသည်။ ကမ္ဘာ့မျက်နှာပြင်၏ အောက်ရှိ (Asthelosphere)ဟုခေါ်သည့် စေးပျစ်အရည်ပေါ်တွင် အထူ ၇၀ မှ ၂၅၀ ကီလိုမီတာရှိသော မြေထုလွှာများသည် မျောပါလျက်ရှိသည်။ အဆိုပါမြေထုလွှာများ

၂၀၀၄ ခုနှစ် ဒီဇင်ဘာလ(၂၆)ရက်နေ့ မြေငလျင်ကြီး၏ဗဟိုချက်နှင့် နောက်ဆက်တွဲငလျင်များ



၂၀၀၄ ခုနှစ်၊ ဒီဇင်ဘာလ (၂၆)ရက်နေ့ မြေငလျင်ကြီး၏ ဗဟိုချက်နှင့် နောက်ဆက်တွဲငလျင်များ

သည် ကမ္ဘာ့တိုက်ကြီးများ၏ မြေမျက်နှာပြင်နှင့် ကမ္ဘာ့သမုဒ္ဒရာကြီးများ၏ အောက်ခြေမျက်နှာပြင် အားလုံးကို ဖုံးအုပ်ထားပါသည်။ ယင်းအပြင် အဆိုပါ မြေလွှာကြီးများသည် ရွှေ့လျားလျက်ရှိရာ တစ်လွှာနှင့် တစ်လွှာ အတွင်းသို့ တစ်နှစ်လျှင် စင်တီမီတာ အနည်းငယ်နှုန်းဖြင့် တိုးဝင်လျက်ရှိကြပါသည်။ အဆိုပါမြေလွှာနှစ်ခု လာရောက်ထိတွေ့ဆုံသောဒေသကို အလွှာနယ်နိမိတ်ဟုခေါ်ပြီး၊ အဆိုပါနယ်နိမိတ်၏အမျိုးအစားကို ယင်းကိုဖြစ်ပေါ်စေသည့် အလွှာနှစ်ခု၏ တစ်ခုနှင့် တစ်ခုအကြားတွင်ဖြစ်ပေါ်နေသော နှိုင်းရရွှေ့လျားမှုအရ သတ်မှတ်ပါသည်။ အကယ်၍ အလွှာနှစ်ခုတို့သည် တစ်ခုနှင့်တစ်ခုနီးကပ်အောင် ချဉ်းကပ်နေပြီး အလွှာတစ်ခုကတစ်ခု၏အောက်သို့ တိုးဝင်နေပါက အဆိုပါနယ်နိမိတ်ကို (Subduction zone) ဟုခေါ်ပါသည်။ အဆိုပါ Subduction zone တွင် အလွှာနှစ်ခုတို့သည် တစ်ခုအပေါ်တစ်ခုရေပြင်ညီအတိုင်းလျောကျနေလေ့ရှိပါသည်။ (အများအားဖြင့် တစ်လွှာသည် ကုန်းမြေကြီးလွှာ continental plate နှင့် ကျန်တစ်လွှာသည် သမုဒ္ဒရာရေအောက်မြေလွှာ Oceanic plate ဖြစ်လေ့ရှိပြီး၊ သမုဒ္ဒရာအောက်ခံမြေလွှာသည် ကုန်းမြေလွှာ၏ အောက်သို့ တိုးဝင်လေ့ရှိပါသည်)။ ထို့အပြင် Subduction zone သည် နက်ရှိုင်းသောပင်လယ်အောက်ခြေတွင် ရှည်လျားနက်ရှိုင်းသည့် မြေချိုင့်ဝှမ်းတူးမြောင်းကြီးများ (Trenches) တည်ရှိရာဒေသလည်း ဖြစ်လေ့ရှိပါသည်။ ထို့အပြင် အဆိုပါဇုံတစ်လျှောက်တွင် မီးတောင်ကျွန်းများ၊ မီးတောင်တောင်တန်းများကိုလည်း စီတန်း၍ တွေ့ရတတ်ပါသည်။

မြေလွှာနှင့် ဆူနာမီဒီရေလှိုင်း

မြေလွှာလှုပ်ရှားမှုတစ်ခုသည် မီးတောင်ပေါက်ကွဲမှုကြောင့်လည်း ဖြစ်ပေါ်နိုင်ပါသည်။ သို့ရာတွင် မြေလွှာလျင်အများစုမှာ ကမ္ဘာ့မြေလွှာအနားများတစ်လျှောက်ရှိ မြေငလျင်ကြောများတွင် ဖြစ်ပေါ်သော မြေသားရွှေ့လျားမှုကြောင့် ဖြစ်ပေါ်ရခြင်းဖြစ်ပါသည်။အင်အားပြင်းထန်သော မြေငလျင်ကြီးများသည် ကမ္ဘာပေါ်တွင် လှုပ်ရှားနေသော မြေငလျင်များအား လုံး၏ ၈၀%သောစွမ်းအင်ကို ကိုယ်စားပြုနေပါသည်။ အများအားဖြင့် အဆိုပါ မြေငလျင်များသည် သမုဒ္ဒရာအောက်ရှိ မြေလွှာများက တိုက်ကြီးများအောက်ရှိ မြေလွှာအတွင်းသို့ တိုးဝင်မှုကြောင့်လည်းကောင်း၊ အခြားသော သက်တမ်းနု သမုဒ္ဒရာအောက်ခြေမြေလွှာအတွင်းသို့ တိုးဝင်မှုကြောင့်လည်းကောင်း Subduction zone တစ်လျှောက်တွင် လှုပ်ရှားတတ်ခြင်းဖြစ်ပါသည်။

မြေငလျင်လှုပ်ရှားမှုတိုင်းသည်ဆူနာမီဒီရေလှိုင်းကို မဖြစ်ပေါ်စေတတ်ပါ။ ဆူနာမီဒီရေလှိုင်းတစ်ခုဖြစ်ပေါ်ရန်အတွက် မြေငလျင်လှုပ်ရှားရာ ငလျင်ကြောသည် သမုဒ္ဒရာအောက်ခြေကြမ်းပြင်တွင်လည်းကောင်း၊ သို့မဟုတ် သမုဒ္ဒရာကမ်းခြေအနီးတွင်လည်းကောင်း ရှိရမည်ဖြစ်ပြီး၊ ဧရိယာစတုရန်း ကီလိုမီတာထောင်ပေါင်းရာဂဏန်းကျော်ကျယ်ဝန်းသည့် ကြီးမားသော ပင်လယ်အောက်ခံကြမ်းပြင်ကို မီတာအတော်အသင့်ရှိသည့် အထက်အောက် ရွှေ့လျားမှုတစ်ခုကိုလည်း ဖန်တီးနိုင်ရမည်ဖြစ်ပါသည်။ မြေအောက် ၇၀ ကီလိုမီတာအောက်လျှော့နည်းသည့် အနက်တွင် Subduction zone တစ်လျှောက်ဖြစ်ပေါ်သော အင်အားကြီးများသည့် မြေငလျင်လှုပ်ရှားမှုများကသာ အဖျက်စွမ်းပကာကြီးများသည့် ဆူနာမီဒီရေလှိုင်းများကို ဖြစ်ပေါ်စေနိုင်ပါသည်။ ပင်လယ်အောက်ခံကြမ်းပြင်၏ ဘေးတိုက်နှင့် အထက်အောက် ရွှေ့လျားမှုအတိုင်းအတာ၊ အဆိုပါ ရွှေ့လျားမှုကိုဖြစ်ပေါ်စေသော ဧရိယာ၊ ယင်းရွှေ့လျားမှုကြောင့်သမုဒ္ဒရာရေပြင်အတွင်းတစ်ပြိုင်နက်ဖြစ်ပေါ်လာသော နုံးစုပုံမှုအတိုင်းအတာ၊ မြေလွှာ

၏ လူပ်ရှားမှုမှတစ်ဆင့် သမုဒ္ဒရာရေပြင်သို့ ကူးပြောင်းပေးလိုက်သော စွမ်းအင်ပမာဏအတိုင်းအတာစသည့် အချက်အလက်များသည် ဆူနာမီဒီရေလှိုင်းများဖြစ်ပေါ်စေသောဖြစ်စဉ်တွင် အရေးပါသော အချက်များဖြစ်ပါသည်။

၁၉၉၂ ခုနှစ်၊ စက်တင်ဘာလ (၂) ရက်နေ့တွင် နီကာရာဂွာနိုင်ငံအနီး မြေငလျင်တစ်ခုလှုပ်ရှားခဲ့ရာ နီကာရာဂွာနိုင်ငံ၏ ကမ်းခြေတစ်လျှောက် နေထိုင်သူများအနေဖြင့် သတိပြုမိလိုက်ခြင်းပင် မရှိခဲ့ပေ။ အဆိုပါ မြေငလျင်၏အင်အားမှာ ၅.၇ ရှိခဲ့ပြီး၊ တုန်လှုပ်မှုအတိုင်းအတာကို ဖော်ပြသည့် အဆင့် (၁)မှ (၁၂) အထိရှိသော မြေငလျင်အင်အားပြ စကေးတွင်လည်း အဆင့် (၂)အထိသာရှိခဲ့ပြီး၊ အချို့ သောနေရာအနည်းငယ်၌သာ အဆင့် (၃)အထိ တိုင်းတာရရှိခဲ့ပါသည်။ မြေငလျင်လှုပ်ရှားအပြီး မိနစ် ၄၀ မှ မိနစ် ၇၀အကြာတွင် နီကာရာဂွာနိုင်ငံ၏ ကမ်းခြေကို ပင်လယ်ရေမျက်နှာပြင်အထက် ၄ မီတာအမြင့်ရှိသော ဆူနာမီဒီရေလှိုင်းများဝင်ရောက်ခဲ့ရာ အချို့နေရာများတွင် လှိုင်းအမြင့် ၁၀.၇ မီတာ အထိရှိခဲ့ပါသည်။ အဆိုပါ ဆူနာမီဒီရေလှိုင်းသည် ကမ်းခြေတစ်လျှောက် နေထိုင်သူများကို လုံးဝအံ့ဩမိစေခဲ့သည့်အတွက် အသက်ပေါင်းများစွာ သေဆုံးခဲ့ရပြီး ပစ္စည်းဥစ္စာပျက်စီးဆုံးရှုံးမှုလည်း များစွာကြီးမားစေခဲ့ပါသည်။

အဆိုပါ ဆူနာမီသည် ဆူနာမီမြေငလျင် (Tsunami Earthquake) ကြောင့် ဖြစ်ပေါ်ခဲ့ရခြင်းဖြစ်ပါသည်။ ဆူနာမီမြေငလျင်ဆိုသည်မှာ မြေငလျင်တစ်ခုလှုပ်ရှားခဲ့ရာတွင် အင်အားအတိုင်းအတာဖြင့် မကြီးသော်လည်း ထူးကဲစွာ ဆူနာမီဒီရေလှိုင်းများကို ဖြစ်ပေါ်စေသော မြေငလျင်ကို ခေါ်ခြင်းဖြစ်ပါသည်။ ဆူနာမီမြေငလျင်များသည် အများအားဖြင့် မြေငလျင်ဗဟိုချက် မြေအောက်အနက်တိမ်သော နေရာတွင်ဖြစ်ပေါ်တတ်ပြီး၊ မြေငလျင်ကြောင့် ရွှေ့လျားမှုမှာလည်း မီတာအနည်းငယ်ထက် ပိုတတ်ပါသည်။ ထို့အပြင် မြေငလျင်လှုပ်ရှားရာ မျက်နှာပြင်သည်လည်း သာမန်မြေငလျင်တစ်ခုထက် ပိုမိုသေးငယ်တတ်ပါသည်။ လှုပ်ရှားမှုနှေးကွေးတတ်သည့်အပြင် သာမန်မြေငလျင်တစ်ခုထက် မြေငလျင်ကြောတစ်လျှောက်ရှိ ပင်လယ်အောက်ခြေကြမ်းပြင်တွင် ပွတ်တိုက်မှုကို ပိုမိုဖြစ်ပေါ်စေတတ်သည်။ အဆိုပါ ဆူနာမီမြေငလျင်ကို အလျင်မြန်ဆုံး ထောက်လှမ်းသိရှိနိုင်သော နည်းလမ်းမှာ မြေငလျင်လည်ကိန်း (Seismic moment) ဟူသော မြေငလျင်ဆိုင်ရာ အချက်အလက်ကို တိုင်းတာခြင်းဖြင့် သိရှိနိုင်ပါသည်။ လှိုင်းအလျားရှည်သည့် မြေငလျင်လှိုင်းများကို အသုံးပြု၍ တိုင်းတာရပါသည်။ (အများအားဖြင့် လွှဲချိန် 50 Seconds/cycle ထက် ကျော်လွန်သော လှိုင်းများဖြစ်ပါသည်)။ ဆူနာမီမြေငလျင်များတွင် အခြားအသေအပျောက်နှင့် အပျက်အစီးကြီးမားသော ဆူနာမီမြေငလျင် (၂) ခုတို့မှာ ၁၉၉၄ ခုနှစ်၊ ဇွန်လ (၂) ရက်နေ့တွင် အင်ဒိုနီးရှားနိုင်ငံ၊ ကျာဗားကျွန်းတွင်ဖြစ်ပေါ်ခဲ့သော ဆူနာမီနှင့် ၁၉၉၆ ခုနှစ်၊ ဖေဖော်ဝါရီလ (၂၁) ရက်နေ့တွင် ပီရူးနိုင်ငံတွင် ဖြစ်ပေါ်ခဲ့သော ဆူနာမီတို့ဖြစ်ကြပါသည်။

မြေငလျင်တစ်ခု၏ ဆုံချက် (Focus) ဆိုသည်မှာ မြေငလျင်လှုပ်ရှားမှုစတင်ဖြစ်ပေါ်ပြီး၊ မြေငလျင်လှိုင်းများစတင်အခြေပြုရွှေ့လျားလာသည့် မြေငလျင်ကြောတစ်လျှောက်ရှိ အမှတ်စက်တစ်ခုကို ခေါ်ခြင်းဖြစ်သည်။ မြေငလျင်ဗဟိုချက် (Epicenter) ဆိုသည်မှာ မြေငလျင်ဆုံချက် အပေါ်တည့်တည့်တွင်ရှိသည့် မြေပြင်ပေါ်ရှိ အမှတ်စက်ကိုခေါ်ခြင်းဖြစ်သည်။ မြေငလျင်အင်အားဆိုသည်မှာ မြေငလျင် တိုင်းတာစက်မှ

တိုင်းတာရရှိသော မြေငလျင်လှိုင်းများဖြစ်သည့် P,S, Rayleigh or Love လှိုင်းတို့၏ အကြီးဆုံးသော လွှဲချိန်၏ Logarithm တန်ဖိုးမှ အဆိုပါမြေငလျင်လှိုင်း လွှဲချိန်၏ Logarithm တန်ဖိုးကို နုတ်၍ အကွာအဝေးဆိုင်ရာပြင်ဆင်ချက်တန်ဖိုးကို ပေါင်းထားခြင်းဖြင့် သတ်မှတ်ပါသည်။(တစ်ခါတစ်ရံတွင်အကွာအဝေးအစား အနက်အတွက် ပြင်ဆင်ကိန်းကို သုံးပါသည်။)


ဆူနာမီရေလှိုင်း၏ သဘာဝ

သမုဒ္ဒရာတို့၏ ရေအနက်ပိုင်းတွင် ဆူနာမီရေလှိုင်းတို့သည် အလွန်သေးငယ်ကြပြီး၊ အများအားဖြင့်လှိုင်းအမြင့်မှာ စင်တီမီတာဆယ်ဂဏန်း အနည်းငယ်သို့မဟုတ် ယင်း၏အောက်သို့ပင် လျော့နည်းတတ်ကြပါသည်။ ထို့ကြောင့် ပင်လယ်ပြင်တွင် သင်္ဘောများအနေဖြင့် ဆူနာမီဒီရေလှိုင်းများကို မျက်စိဖြင့် မမြင်နိုင်ကြသည့်အပြင် သိရှိခံစားရခြင်းလည်း မရှိတတ်ကြပေ။ သို့ရာတွင် ကမ်းခြေအနီး ရေတိမ်ပိုင်းသို့ ရောက်ရှိလာကြသောအခါ လှိုင်းအမြင့်တို့သည် လျင်မြန်စွာ ကြီးမားလာတတ်ကြပါသည်။ တစ်ခါတစ်ရံတွင် ဆူနာမီဒီရေလှိုင်းများ မဝင်ရောက်မီကမ်းခြေရှိ ပင်လယ်ရေများနောက်သို့ ဆုတ်သွားတတ်လေ့ရှိပါသည်။ ယခုကဲ့သို့ ပင်လယ်ကမ်းခြေမှရေများ ရုတ်တရက် ဆုတ်သွားခြင်းကို မကြာမီဆူနာမီဒီရေလှိုင်းများ ကျရောက်တော့မည့် သတိပေးချက်အဖြစ် မှတ်ယူနိုင်ပါသည်။

ပစိဖိတ်တစ်ဝန်းနှင့် ဒေသဆိုင်ရာဆူနာမီများ

ပစိဖိတ်သမုဒ္ဒရာတစ်ဝန်းလုံးတွင် နေရာအနှံ့အပြားအသေအပျောက်နှင့် ပျက်စီးဆုံးရှုံးမှုများစွာဖြစ်ပေါ်ခဲ့သော ဆူနာမီဒီရေလှိုင်းမှာ ၁၉၆၀ ပြည့်နှစ်က ချီလီနိုင်ငံကမ်းခြေတွင် မြေငလျင်လှုပ်ရှားမှုကြောင့် ဖြစ်ပေါ်ခဲ့သည့် ဆူနာမီဒီရေလှိုင်းဖြစ်ပါသည်။ အဆိုပါဒီရေလှိုင်းကြောင့် အသေအပျောက်နှင့် အပျက်အစီးများကို ချီလီနိုင်ငံကမ်းခြေတွင်သာမက ဟာဝိုင်ယီကျွန်းအပြင်ဒေသတွင်းရှိ ဝေးလံသော ဂျပန်နိုင်ငံအထိပင် ထိခိုက်စေခဲ့ပါသည်။ ၁၉၆၄ ခုနှစ်က လှုပ်ရှားခဲ့သည့် Great Alaskan Earthquake ကြောင့် ကြီးမားသော ဆူနာမီဒီရေလှိုင်းများဖြစ်ပေါ်ခဲ့ရာ Alaska, Oregon နှင့် California ကမ်းရိုးတန်းတစ်လျှောက်တွင် အသေအပျောက်များစွာဖြစ်ပေါ်စေခဲ့ပါသည်။

၁၉၉၃ ခုနှစ်၊ ဇူလိုင်လတွင် ဂျပန်ပင်လယ်တွင်းတွင် ဆူနာမီဒီရေလှိုင်းတစ်ခုဖြစ်ပေါ်ခဲ့ရာ ဂျပန်နိုင်ငံတွင် လူ (၁၂၀) ခန့်သေဆုံးခဲ့ရပါသည်။ ပျက်စီးဆုံးရှုံးမှုများကို ကိုရီးယားနိုင်ငံနှင့် ရုရှားနိုင်ငံများလည်း ကြုံတွေ့ခဲ့ရသည်။ သို့သော် ဆူနာမီဒီရေလှိုင်းသည် ဂျပန်ပင်လယ်အတွင်း၌ စွမ်းအင်စုစည်းဖြစ်ပေါ်ခဲ့သဖြင့် အခြားနိုင်ငံများသို့ ထိခိုက်ခဲ့ခြင်း မရှိခဲ့ပါ။ အဆိုပါ ၁၉၉၃ ခုနှစ်က ဖြစ်ပေါ်ခဲ့သည့် ဆူနာမီ ဒီရေလှိုင်းကို သေးငယ်သော ဒေသတွင်းတွင် ဧရိယာသာကွက်၍ ဖြစ်ပေါ်ခဲ့သဖြင့် "ဒေသတွင်းဖြစ်ရပ်"ဟု သတ်မှတ်ခဲ့ပါသည်။ ဂျပန်နိုင်ငံ၏ အနောက်မြောက်ကမ်းရိုးတန်းတစ်လျှောက်တွင် နေထိုင်သူများဆီသို့ ဆူနာမီဒီရေလှိုင်းများသည်မြေငလျင်လှုပ်ရှားအပြီး မိနစ်အနည်းငယ်အတွင်း ရောက်ရှိလာခဲ့ပါသည်။ အလားတူပင် ၁၉၉၂ ခုနှစ်မှ ၁၉၉၆ ခုနှစ်အတွင်း နီကာရာဂွာနိုင်ငံ၊ အင်ဒိုနီးရှားနိုင်ငံ၊ ဖိလစ်ပိုင်နိုင်ငံ နှင့် ပီရူးနိုင်ငံတို့တွင်လည်း ဒေသတွင်း ဆူနာမီများဖြစ်ပေးခဲ့ရာ လူထောင်ပေါင်းများစွာ သေဆုံးခဲ့ရပါသည်။ အခြားသော ဆူနာမီကြောင့်လည်း ချီလီနိုင်ငံနှင့် မက္ကဆီကိုနိုင်ငံတို့တွင် အပျက်အစီးအများ အပြားဖြစ်ခဲ့ရပါသည်။ ၁၉၉၅ ခုနှစ်၊ ဇူလိုင်လ (၃၀) ရက်နေ့၌ ချီလီနိုင်ငံတွင်ဖြစ်ပေါ်ခဲ့သော ဆူနာမီနှင့် ၁၉၉၆ ခုနှစ်၊ ဖေဖော်ဝါရီလ (၂၁) ရက်နေ့၌ ပီရူးနိုင်ငံတွင် ဖြစ်ပေါ်



ဆုနာမီရေလှိုင်း ဖြစ်ပေါ်ရှိက်ခတ်ပုံ

ဆုနာမီရေလှိုင်း ဖြစ်ပေါ်ရှိက်ခတ်ပုံ

ခဲ့သော ဆူနာမီတို့ကြောင့် Marquesas Islands (French Polynesia)တွင် ပျက်စီးဆုံးရှုံးမှု တစ်ချို့ကို ကြုံတွေ့ခဲ့ရပါသည်။

ဆူနာမီဒီရေလှိုင်းတို့သည် ၂၄ နာရီအောက် အချိန်ကာလတိုအတွင်း ပစိဖိတ်သမုဒ္ဒရာ၏ ကမ်းခြေတစ်ခုမှ တစ်ဖက်ကမ်းခြေတစ်ခုသို့ ရောက်အောင်သွားနိုင်ကြပါသည်။ သို့ရာတွင် ကြီးမားသော မြေငလျင်ကြီးများလှုပ်ရှားတတ်သည့် နေရာဒေသတစ်ဝိုက်နေထိုင်ကြသူများအနေဖြင့် ဆူနာမီဒီရေလှိုင်းများသည် မြေငလျင်လှုပ်အပြီး မိနစ်အနည်းငယ်အတွင်း မိမိတို့နေထိုင်ရာကမ်းခြေများသို့ ရောက်ရှိလာတတ်ကြကြောင်းတွေ့ရပါသည်။ အဆိုပါအကြောင်းများကြောင့် ဆူနာမီဒီရေလှိုင်းများသည် နေရာဒေသအများအပြားကို ခြောက်လှန့်လျက်ရှိပါသည်။ ဥပမာအားဖြင့် Alaska ပြည်နယ်၊ ဖိလစ်ပိုင်နိုင်ငံ၊ ဂျပန်နိုင်ငံ၊ အမေရိကန်ပြည်ထောင်စုအနောက်ဘက်ကမ်းခြေစသည့် ဒေသများသည် မြေငလျင်လှုပ်အပြီး၊ မိနစ်အနည်းငယ်အတွင်း ဆူနာမီဒီရေလှိုင်းများရောက်ရှိလာတတ်သော ဒေသများဖြစ်ကြပြီး၊ ဝေးကွာသော နေရာတစ်ခုတွင် မြေငလျင်ဗဟိုပြုလှုပ်ရှားခဲ့ပါက အထက်ပါဒေသများသို့ ဆူနာမီဒီရေလှိုင်းများသည် အချိန် ၃ နာရီမှ ၂၄ နာရီအတွင်း ရောက်ရှိလာတတ်ကြကြောင်း တွေ့ရှိရပါသည်။

မည်မျှမြန်သနည်း

အနက်မီတာ ၆၀၀၀ ကျော်သော ပင်လယ်ရေနက်ပိုင်းတွင် ဆူနာမီဒီရေလှိုင်းတို့သည် ဂျက်လေယာဉ်ပျံတစ်စီး၏ အသွားနှုန်းအတိုင်း တစ်နာရီလျှင် ကီလိုမီတာ ၉၀၀ နှုန်းဖြင့် ရွေ့လျားနိုင်ပါသည်။ ယင်းတို့သည် ပစိဖိတ်သမုဒ္ဒရာ၏ ကမ်းခြေတစ်ခုမှ တစ်ဖက်ကမ်းခြေသို့ ၂၄ နာရီအချိန်အတွင်း အရောက် ရွေ့လျားနိုင်ကြသည်။ အဆိုပါ အလွန် လျင်မြန်သော အသွားနှုန်းကြောင့် ဆူနာမီဒီရေလှိုင်းများ စတင်ဖြစ်ပေါ်သည်နှင့် အဆိုပါဒီရေလှိုင်း၏ အန္တရာယ်ကို ချက်ချင်းသတိပြုရန် အလွန်အရေးကြီးပါသည်။ သိပ္ပံပညာရှင်များအနေဖြင့် မြေငလျင် စတင်လှုပ်ရှားသည့် အချိန်၊ မြေငလျင်၏ဗဟိုချက်နှင့် ဆုံချက်အမှတ်နေရာစသည်တို့ကို သိရှိပါက ဆူနာမီဒီရေလှိုင်းများရောက်ရှိလာမည့် အချိန်ကိုကြိုတင်ခန့်မှန်းနိုင်ကြပါသည်။ ဆူနာမီဒီရေလှိုင်းတို့သည် ကမ်းစပ်ရေတိမ်ပိုင်းတွင် အသွားနှုန်းနှေးသွားတတ်ပြီး၊ ယင်းတို့၏ လှိုင်းအမြင့်မှာလည်း ရုတ်ခြည်းသိသိသာသာကြီးမားလာတတ်ပါသည်။

မည်မျှကြီးသနည်း


ကမ်းလွန်ဒေသများနှင့် ကမ်းရိုးတန်းဒေသတို့ ၏ မြေမျက်နှာပြင်သွင်ပြင်လက္ခဏာသည် ဆူနာမီ ဒီရေလှိုင်းတို့၏ အရွယ်အစားအတိုင်းအတာနှင့် ဘေးဥပဒ် အန္တရာယ်ကို အဆုံးအဖြတ်ပေးလေ့ရှိပါသည်။ ကမ်းရိုး ကမ်းပါးစောင်းများ၊ ပင်လယ်အော်များ၊ မြစ်ဝမျာ၊ ပင်လယ်ရေအောက်မြေပြင်သွင်ပြင် လက္ခဏာများ၊ ကမ်းရိုးမြေပြင် လျှောစောက်များစသည်တို့သည် ဆူနာမီဒီရေလှိုင်းများ၏ ကမ်းခြေထိခိုက်မှုကိုအပြောင်းအလဲများဖြစ်စေပါသည်။ ဆူနာမီဒီရေလှိုင်းတို့သည် ကမ်းခြေကို ရောက်ရှိလာပြီးနောက် ကုန်းတွင်းပိုင်းသို့ ဆက်လက်ဝင်ရောက်သွားသောအခါ ရေမျက်နှာပြင်အမြင့်သည် မိတာများစွာမြင့်တက်လာတတ်ပါသည်။ အချို့သော ကိစ္စရပ်များတွင် ကုန်းတွင်းသို့ ဝင်ရောက်လာသော ဆူနာမီဒီရေလှိုင်းများသည် မြေငလျင်ဗဟို ချက်ဝေးကွာပါက ၁၅ မိတာ အထက်ရောက်အောင် မြင့်တက်လာတတ်ပြီး၊ မြေငလျင်ဗဟိုချက်နီးပါက မိတာ ၃၀ ကုန်းတွင်းပိုင်းတွင် အထက်ရောက်အောင် မြင့်တက်လာသည်ကို တွေ့ရပါသည်။ ဆူနာမီဒီရေလှိုင်းများ ကမ်းခြေကိုရိုက်ခတ်ရာတွင် ပထမဦးဆုံး





ဆူနာမီရေလှိုင်းကမ်းခြေသို့ဝင်ရောက်ရိုက်ခတ်ပုံ





ဆူနာမီရေလှိုင်းကမ်းခြေသို့ ဝင်ရောက်ရိုက်ခတ်ပုံ

ရောက်ရှိလာသော ဒီရေလှိုင်းသည် အကြီးဆုံးလှိုင်းဖြစ်လေ့မရှိသည်ကိုလည်း တွေ့ရပါသည်။ တစ်ခါတစ်ရံ ကမ်းခြေအနီးနေထိုင်ကြသူအချင်းချင်းတွင် တစ်ခုသောအဖွဲ့အစည်းအတွက် အန္တရာယ် မရှိသော်လည်း အခြားအဖွဲ့အစည်းတစ်ခုအတွက် အဖျက်စွမ်းပကားအလွန်ကြီးမားပြင်းထန်နေသည့် ဆူနာမီမျိုးကိုလည်း တွေ့ရတတ်ပါသည်။ ကုန်းတွင်းရေ ဖုံးလွှမ်းမှုအနေအထားမှာ ကမ်းခြေမှ မီတာ ၃၀၀ လောက်အထိ အကွာအဝေးအတွင်းကျယ်ပြန့်သောမြေပြင်တစ်လျှောက် ပင်လယ်ရေများနှင့် အပျက်အစီးအပိုင်းအစများ ဖုံးလွှမ်းသွားတတ်ပါသည်။


မည်မျှကြိမ်နှုန်းနှင့် ဖြစ်တတ်ပါသနည်း

သိပ္ပံပညာရှင်များသည် မြေငလျင်လှုပ်ရှားမှုကို ကြိုတင်မခန့်မှန်းနိုင်သကဲ့သို့ ဆူနာမီမြေငလျင်ဒီရေလှိုင်းကိုလည်း မည်သည့်အခါဖြစ်မည်ကို ကြိုတင်မပြောပြနိုင်ကြပါ။ သို့ရာတွင် ဆူနာမီနှင့် ပတ်သက်သည့် အတိတ်ရာဇဝင်စာရင်းကို ပြန်လည်ကြည့်ခြင်းဖြင့် သိပ္ပံပညာရှင်များသည် ဆူနာမီဒီရေလှိုင်းများမည်သည့်အခါတွင်ဖြစ်လာနိုင်သည်ကို မှန်းဆလာနိုင်ကြပါသည်။ အတိတ်က ဖြစ်ပေါ်ခဲ့သည့် ဆူနာမီဒီရေလှိုင်းတို့၏ လှိုင်းအမြင့် တိုင်းတာချက်များသည်အချို့သော ကမ်းရိုးတန်းဒေသများနှင့် နေထိုင်သူအဖွဲ့အစည်းများအတွက် ဆူနာမီရေလွှမ်းမိုးနိုင်မှုအလားအလာနှင့် ဆူနာမီဒီရေလှိုင်း၏ ထိခိုက်မှုအတိုင်းအတာတို့ကို အနာဂတ်ကာလအတွက် မှန်းဆရာတွင် များစွာအသုံးဝင်ကြောင်း တွေ့ရပါသည်။ ဆူနာမီဒီရေလှိုင်းတို့၏ ရာဇဝင်မှတ်တမ်းများသည် အနာဂတ်တွင် ကြုံတွေ့လာနိုင်သည့် ဆူနာမီဒီရေလှိုင်းတို့၏ ဖြစ်ပေါ်နိုင်မှုအကြိမ်အရေအတွက်ကို မှန်းဆရာတွင် များစွာအသုံးဝင်ပါသည်။ လွန်ခဲ့သောရာစုနှစ်ငါးခုအတွင်း ပစိဖိတ်သမုဒ္ဒရာတစ်ဝန်းတွင် ကြီးမားသော ဆူနာမီဒီရေလှိုင်းတို့ (၃)ကြိမ်မှ (၄) ကြိမ်ဖြစ်ပေါ်ခဲ့ပြီး၊ အများအားဖြင့် ချီလီနိုင်ငံ၏ ကမ်းခြေတစ်ဝိုက်တွင် အများဆုံးဖြစ်ပေါ်ခဲ့ကြောင်း တွေ့ရပါသည်။

ဆူနာမီဆိုင်ရာအချက်အလက်များနှင့် ဆောင်ရွက်သင့်သည်များ

- ပစိဖိတ်သမုဒ္ဒရာတစ်ဝန်း ကမ်းရိုးတန်းဒေသများတွင် ကျရောက်ခဲ့သည့် ဆူနာမီဒီရေလှိုင်းတို့သည် အများအားဖြင့် မြေငလျင်လှုပ်ရှားမှုကြောင့်ဖြစ်ပေါ်ရခြင်းဖြစ်ပါသည်။ အဆိုပါမြေငလျင်တို့သည် သင်နေထိုင်ရာဒေသနှင့် ဝေးလျှင်လည်းဝေးမည် သို့မဟုတ် နီးလျှင်လည်းနီးမည်။
- အချို့သော ဆူနာမီဒီရေလှိုင်းတို့သည် အလွန်ကြီးမားနိုင်ပါသည်။ ကမ်းရိုးတန်းရေတိမ်ပိုင်းတွင် ဆူနာမီဒီရေလှိုင်းတို့အမြင့်သည် ၁၀ မီတာသို့မဟုတ် ထို့ထက်ပိုနိုင်ပါသည်။ (အချို့လွန်ကဲဖြစ်စဉ်များတွင် ရေလှိုင်းအမြင့်ကို ၃၀ မီတာအမြင့်အထိ တွေ့ရပါသည်။) ထို့အပြင် ယင်းတို့သည် ကုန်းတွင်းပိုင်းသို့ မီတာရာဂဏန်းရောက်အောင် သွားနိုင်ကြပါသည်။
- ကမ်းရိုးတန်းမြေနိမ့်ပိုင်းဒေသအားလုံးကို ဆူနာမီဒီရေလှိုင်းဒဏ်ကျရောက်နိုင်ပါသည်။
- ဆူနာမီဒီရေလှိုင်းတို့သည် ၁၀ မိနစ်မှ ၆၀ မိနစ်ကြာတိုင်းရောက်ရှိလာတတ်သော ရေလှိုင်းအတွဲလိုက်တို့ဖြင့် ဖွဲ့စည်းထားပါသည်။ အများအားဖြင့် ပထမဦးဆုံးရောက်ရှိလာသော ရေလှိုင်းသည် အကြီးဆုံးရေလှိုင်း မဖြစ်တတ်ပါ။ ဆူနာမီဒီရေလှိုင်းတစ်ခု၏ အန္တရာယ်သည် ပထမဦးဆုံးရေလှိုင်းရောက်ရှိပြီးနောက် နာရီအတော်အတန်ကြာအောင် ရှိနေတတ်ပါသည်။
- ဆူနာမီဒီရေလှိုင်းတို့သည် လူသားတစ်ယောက်ပြေးနိုင်သောအမြန်နှုန်းထက် ပိုမြန်စွာရွေ့လျားနိုင်ပါသည်။

၂၀၀၄ ခုနှစ် ဒီဇင်ဘာလ(၂၆)ရက်နေ့ မြေငလျင်ကြီးကြောင့် ဆူနာမီရေလှိုင်းဖက်ခံရသော
အိန္ဒိယသမုဒ္ဒရာကမ်းခြေ နိုင်ငံများ




၂၀၀၄ ခုနှစ်၊ ဒီဇင်ဘာလ (၂၆) ရက်နေ့ မြေငလျင်ကြီးကြောင့် ဆူနာမီရေလှိုင်းဒဏ်ခံရသော
အိန္ဒိယသမုဒ္ဒရာကမ်းခြေနိုင်ငံများ

- တစ်ခါတစ်ရံဆူနာမီဒီရေလှိုင်းများကြောင့် ကမ်းစပ်တစ်လျှောက်ရှိပင်လယ်ရေမျှား ဆုတ်သွားတတ်ပြီး၊ ပင်လယ်အောက်ခံ ကြမ်းပြင်ပေါ်လာတတ်ပါသည်။
- အချို့သော ဆူနာမီဒီရေလှိုင်းတို့၏ အားသည် အလွန်အမင်းကြီးမားတတ်ပါသည်။ အလေးချိန်တန်ချိန်အတော်များများရှိ ကြီးမားသော ကျောက်တုံးကြီးများသည် လှေများ၊ အခြားသော အပျက်အစီးများနှင့်အတူ ဆူနာမီဒီရေလှိုင်းတို့၏အရှိန်ကြောင့် ကမ်းစပ်မှ ကုန်းတွင်းသို့ မိတာရာနှင့်ချီ၍ ရွှေ့လျားလာတတ်ပါသည်။ အိမ်နှင့် အခြားအဆောက်အအုံတို့သည်လည်း ရေလှိုင်းဒဏ်ကြောင့် ပျက်စီးရလေ့ရှိပါသည်။ အဆိုပါ ပစ္စည်းများနှင့် ရေလှိုင်းတို့သည် ကြီးမားသော အရှိန်အဟုန်ဖြင့်ရွှေ့လျားမှုကြောင့် လူများကို ဒဏ်ရာအနာတရဖြစ်စေခြင်း၊ သေကျေခြင်း ဖြစ်စေပါသည်။
- ဆူနာမီဒီရေလှိုင်းတို့သည် နေ့ညမဟူ အချိန်မရွေးဖြစ်ပေါ်နိုင်ပါသည်။
- ဆူနာမီဒီရေလှိုင်းတို့သည် သမုဒ္ဒရာအတွင်း စီးဝင်လာသော မြစ်များ၊ ချောင်းများအတွင်း အထက်သို့ဆန်၍ တက်သွားနိုင်ပါသည်။
- အကယ်၍ သင်သည်ကျောင်းတွင်ရှိနေစဉ် ဆူနာမီသတိပေးချက်ကို ကြားရသည်ဆိုပါစို့။ ထိုအခါသင့်အနေဖြင့် ဆရာသမားများနှင့် ကျောင်းအကြီးအကဲများ၏ အကြံပေးချက်ကို လိုက်နာဆောင်ရွက်သင့်ပါသည်။
- အကယ်၍ သင်သည် နေအိမ်မှာရှိနေစဉ် ဆူနာမီသတိပေးချက်ကို ကြားရသည်ဆိုပါစို့။ ထိုအခါ သင့်အိမ်တွင်ရှိ မိသားစုတစ်စုလုံး အဆိုပါ သတိပေးချက်ကို သတိပြုသိရှိရလေအောင် သေချာအောင် ဆောင်ရွက်ပါ။ အကယ်၍ သင်သည် ဆူနာမီကယ်ဆယ်ရေးဇုန် အတွင်း နေထိုင်ပါက သင့်၏မိသားစုအနေဖြင့် မိမိအိမ်ကို ကယ်ဆယ်ရေးလုပ်ငန်းဆောင်ရွက်သင့်ပါသည်။ ဆောင်ရွက်ရာတွင် ရွှေ့ပြောင်းရမည့်နေရာသို့ အစီအစဉ်တကျ ရွှေ့ပြောင်းရန်နှင့် စိတ်တည်ငြိမ်မှုရှိပြီး၊ အသက်အန္တရာယ်လုံခြုံမှုဂရုစိုက်ဆောင်ရွက် ရန်လိုအပ်ပါသည်။ သို့မဟုတ် ကယ်ဆယ်ရေး ဇုန်ပြင်ပရှိ ပိုမိုစိတ်ချရသောနေရာသို့ ပြောင်းရွှေ့သင့်ပါသည်။ ဒေသဆိုင်ရာ အရေးပေါ်ကယ်ဆယ်ရေးနှင့် ဥပဒေထိန်းသိမ်းရေး အာဏာပိုင်အဖွဲ့များ၏ အကြံဉာဏ်ကို လိုက်နာဆောင်ရွက်ရန် လိုအပ်ပါသည်။
- အကယ်၍ သင်သည် ပင်လယ်ကမ်းခြေသို့မဟုတ် သမုဒ္ဒရာကမ်းစပ်အနီးတစ်နေရာတွင် ရောက်ရှိနေစဉ် မြေငလျင်လှုပ်ရှားသည်ကို ခံစားရသည်ဆိုပါစို့။ ထိုအခါ ပိုမြင့်ရာမြေပြင်သို့ လျင်မြန်စွာ ရွှေ့ပြောင်းပါ။
- ဆူနာမီသတိပေးချက်ထုတ်ပြန်သည်အထိ မည်သည့်အခါမှ မစောင့်ဆိုင်းပါနှင့်။ အကယ်၍ဆူနာမီတစ်ခုဖြစ်ပေါ်နေပါက ရေပြင်နှင့် ကမ်းခြေတို့မှ ဝေးရာကိုရှောင်နေသကဲ့သို့ အဆိုပါပင်လယ်အတွင်းသို့ စီးဆင်းနေသည့် မြစ်များ၊ ချောင်းများမှ ဝေးရာသို့ ရှောင်နေပါ။ မိမိနေထိုင်ရာဒေသအတွင်း လှုပ်ရှားလိုက်သောငလျင်တစ်ခုကြောင့် ဒေသအတွင်းဖြစ်ပေါ်လာသော ဆူနာမီဒီရေလှိုင်းသည် ဆူနာမီသတိပေးချက်မထုတ်ပြန်မီ နေရာဒေသ အချို့ကို ကျရောက်နိုင်ပါသည်။
- အလှမ်းဝေးသော ဒေသတစ်ခုတွင် လှုပ်ရှားသောမြေငလျင်ကြောင့်ဖြစ်ပေါ်လာရသည့် ဆူနာမီသည် လူအများကို မြင့်ရာအရပ်သို့

ဆူမားတြားကျွန်းကမ်းခြေဒေသ (၂၆-၁၂-၂၀၀၄)ရက်နေ့မတိုင်မီနှင့်
ဆူနာမီရေလှိုင်းဒဏ်ကြောင့် ပျက်စီးသွားပုံကို နှိုင်းယှဉ်ပြထားပုံ





ဆူမားတြားကျွန်းကမ်းခြေဒေသ (၂၆-၁၂-၂၀၀၄)ရက်နေ့ မတိုင်မီနှင့်
ဆူနာမီရေလှိုင်းဒဏ်ကြောင့် ပျက်စီးသွားပုံကို နှိုင်းယှဉ်ပြထားပုံ

ပြောင်းရွှေ့ရန် အချိန်လုံလောက်စွာရရှိနိုင်ပါသည်။ အနီးပတ်ဝန်းကျင်လူပ်ရှားသော မြေငလျင်ကြောင့် မြေငလျင်လှုပ်ရှားမှုကို ကိုယ်တိုင်ခံစားသိရှိရပါက သင့်အနေဖြင့် မြင့်ရာအရပ်သို့ပြောင်းရွှေ့ရန် အချိန်မီနစ်အနည်းငယ်သာရှိနိုင်ပါသည်။

- မြင့်မားသော၊ အထပ်များစွာပါသော အားဖြည့်ကွန်ကရစ်များဖြင့် တည်ဆောက်ထားသော ဟိုတယ်အများစုတို့သည် ပင်လယ်ကမ်းစပ်အနီမှ်ပိုင်းဒေသများတွင် တည်ဆောက်ထားလေ့ရှိပါသည်။ အဆိုပါ ဟိုတယ်တို့၏ အပေါ်ထပ်များသည် ဆူနာမီသတိပေး ချက်များရှာဖွေရန်နှင့် ကုန်းတွင်းမြေမြင့်ရှိရာသို့ လျင်မြန်စွာ မရွှေ့ပြောင်းနိုင်မီအတွင်း လုံခြုံရာနေရာများ ဖြစ်ကြပါသည်။ သို့ရာတွင် ဒေသဆိုင်ရာ အများပြည်သူကာကွယ်ရေး လုပ်ထုံးလုပ်နည်းများအရ သင်၏နေရာတွင် ဤကဲ့သို့သောလုပ်ငန်းတို့ကို ခွင့်ပြုချင်မှ ခွင့်ပြုမည်ဖြစ်ပါသည်။ မြေနိမ့်ဒေသများတွင် ဆောက်လုပ်ထားသော အိမ်များ၊ အဆောက်အအုံငယ်များသည် များသောအားဖြင့် ဆူနာမီဒဏ်ကို ခံနိုင်စွမ်းရှိရန် ပုံစံထုတ်၍ ဆောက်လုပ်ထားခြင်းမဟုတ်ပေ။ ထို့ကြောင့် ဆူနာမီသတိပေးချက်ရရှိပါက အဆိုပါ အဆောက်အအုံမျိုးတွင် မနေကြရန် လိုအပ်ပါသည်။

- ပင်လယ်ကမ်းလွန်ရှိ ကျောက်တန်းများ၊ ရေတိမ်ဒေသများသည် ဆူနာမီဒီရေလှိုင်းများ၏ အားကို ပြိုကွဲအောင်လုပ်နိုင်စွမ်းရှိကြသည်။ သို့ရာတွင် ကြီးမား၍ ပြင်းထန်သော ဆူနာမီဒီရေလှိုင်းများသည် အဆိုပါဒေသရှိ ကမ်းခြေတွင် နေထိုင်သူများကို ဆက်လက် အန္တရာယ်ပြုနိုင်စွမ်းရှိပါသည်။ သို့ပါ၍ ဆူနာမီ ဆိုင်ရာသတိပေးချက်ရရှိသည်နှင့် အဆိုပါ ကမ်းရိုးတန်းမြေနိမ့်ပိုင်းများမှ ဝေးရာ အရပ်တွင် နေထိုင်ခြင်းသည်သာလုံခြုံမှုအရှိဆုံးဖြစ်ပါသည်။

လှေ သို့မဟုတ် သင်္ဘောတစ်စင်းပေါ်တွင် ရှိနေသောအခါ

- ဆူနာမီဒီရေလှိုင်းတို့သည် ပင်လယ်ပြင်တွင် ခံစားသိရှိနိုင်ခြင်းမရှိသည့်အတွက် သင်သည် ပင်လယ်ပြင်တွင်ရှိနေစဉ် သင့်ဒေသအတွက် ဆူနာမီဆိုင်ရာ သတိပေးချက် ထုတ်ပြန်သော အခါမည်သည့်အခါမျှ ဆိပ်ကမ်းသို့မပြန်ပါနှင့်။ ဆူနာမီဒီရေလှိုင်းတို့သည် ရေမျက်နှာပြင်ကို လျင်မြန်စွာပြောင်းလဲစေတတ်သည့်အပြင် ဆိပ်ကမ်းနှင့်ကမ်းစပ်တို့တွင် မမျှော်မှန်းနိုင်သောရေစီးကြောင်းတို့ကိုလည်း ဖြစ်ပေါ်စေတတ်ပါသည်။
- ဆူနာမီသတိပေးချက်တစ်ခု ထုန်ပြန်သည်ကို သင်သိရပြီးသည့်နောက် အကယ်၍ သင်၏လှေ သို့မဟုတ် သင်္ဘောကို ဆိပ်ကမ်းမှ ရေနက်ပိုင်းသို့ မောင်းနှင်ရန် အချိန်ရပါက သင့်အနေဖြင့် အောက်ပါအချက်များကို ချိန်ဆစဉ်းစားရန် လိုအပ်ပါသည်-

၁။ များစွာသော ဆိပ်ကမ်းကြီးများနှင့် သင်္ဘောဆိပ်ကြီးများတို့သည် ဆိပ်ကမ်းအာဏာပိုင်နှင့် သင်္ဘောခရီးစဉ်စီမံရေးရာစနစ်တို့၏အောက်တွင် ရှိလေ့ရှိပါသည်။ အဆိုပါ အာဏာပိုင်အဖွဲ့အစည်းတို့သည် ဆူနာမီဒီရေလှိုင်းများကျရောက်နိုင်သည်ဟု မျှော်လင့်သည်နှင့် ပိုမိုသတိရှိစေပြီး၊ တိုက်ရိုက်ကျသော လက်တွေ့ဆောင်ရွက်မှုများကို ညွှန်ကြားလေ့ရှိပါသည်။ ဥပမာ သင်္ဘောတွင် မည်သို့သော အင်အားအတိုင်းအတာအထိလိုအပ်မည်စသည်

ဖြင့် ညွှန်ကြားလေ့ရှိပါသည်။ သင်္ဘောကို အင်အားသုံး၍ ရွှေ့ပြောင်းရာတွင်သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ဆက်သွယ်နေရန် လိုအပ်ပါသည်။

၂။ အကယ်၍ သင်သည် ဆိပ်ကမ်းအာဏာပိုင်အဖွဲ့တစ်ခု၏ အုပ်ချုပ်မှုအောက်တွင် မရှိဘဲသင်္ဘောဆိပ်ကပ်ထားစဉ် ဆူနာမီသတိပေးချက်ရရှိလာပါက သင့်တွင် လုံလောက်သော အချိန်ရှိပါက ပင်လယ်ရေအနက်ပိုင်းသို့ သင်္ဘောကို မောင်းနှင်ပေးရန် လိုအပ်ပါသည်။ယင်းသို့ဆောင်ရွက်ရာတွင် အစီအစဉ်တကျ ဆောင်ရွက်ရန်နှင့် အခြားသင်္ဘော အတွက်လည်း ထည့်သွင်းစဉ်းစားရန် လိုအပ်ပါသည်။ သင်္ဘောငယ်များအနေဖြင့် မိမိ၏ဒေသအတွင်း ဖြစ်ပေါ်လာသော ဆူနာမီဒီရေလှိုင်းအန္တရာယ်မှ ကာကွယ်ရာတွင် သင်္ဘောကို ဆိပ်ခံတံတားတွင်ထား၍ လူကစွန့်ခွာသွားရန်၊ သို့မဟုတ် ကုန်းမြင့်ဒေသသို့ ရွှေ့ပြောင်းရန်စသည့်ဆောင်ရွက်ချက်များသည် ပိုမိုလုံခြုံစိတ်ချရကြောင်း တွေ့ရပါသည်။ သေးငယ်သော သင်္ဘောများသည်ပင်လယ်ပြင်တွင် လှိုင်းလေထန်မှုကဲ့သို့ ကြမ်းတမ်းသော ရာသီဥတုအခြေအနေနှင့် ကြုံတွေ့ရသောအခါ ပင်လယ်ပြင်တွင် ပို၍ အန္တရာယ်ကြီးတတ်ပါသည်။ ထို့ကြောင့် ထိုသို့သော အခြေအနေများတွင် မိမိကိုယ်ကို ကုန်းမြင့်ပိုင်းသို့ရွှေ့ပြောင်းနေထိုင်ခြင်းသည်တစ်ခုတည်းသောရွေးချယ်ရန်နည်းလမ်းဖြစ်ပါသည်။

၃။ အဖျက်စွမ်းပကားကြီးသော လှိုင်းလှုပ်ရှားမှုနှင့် မခန့်မှန်းနိုင်သည့် အဖျက်စွမ်းအားတို့သည် အချိန်အတိုင်းအတာတစ်ခုအထိ မူလဆူနာမီဒီရေလှိုင်းကမ်းခြေပေါ်တွင် ကျရောက်မှုပြီးဆုံးသည့်တိုင်အောင်ဆက်လက်အကျိုးသက်ရောက်နေတတ် ပါသည်။ ထိုအခါတွင် သက်ဆိုင်ရာ ဆိပ်ကမ်းတွင် သင်္ဘောနှင့် လှေငယ်များ မောင်းနှင်ရေးအတွက် လုံခြုံစိတ်ချရသော အခြေအနေများကို သက်ဆိုင်ရာ ဆိပ်ကမ်းအာဏာပိုင်များသို့ အဆိုပါ ဆိပ်ကမ်းသို့ ပြန်မဝင်မီ ဆက်သွယ်မေးမြန်းရန်လိုအပ်ပါသည်။

အသိပညာရှိခြင်းသည် လုံခြုံရေးပင်ဖြစ်သည်

ဆူနာမီဖြစ်ရပ်များသည် အသက်အိုးအိမ်ပစ္စည်းဥစ္စာပျက်စီးဆုံးရှုံးမှုတို့အတွက် အန္တရာယ်များလွန်းသည်နှင့်အမျှဖြစ်ပေါ်ရန်လည်း ဖြစ်တောင့်ဖြစ်ခဲဖြစ်ပါသည်။ သင်၏အနေဖြင့် ဤသဘောဝဘေး ဥပဒ်အန္တရာယ်ကြောင့် သင်၏ပင်လယ်ကမ်းခြေနှင့်သမုဒ္ဒရာဆိုင်ရာပျော်ရွှင်ဖွယ်ရာလှုပ်ရှားမှုများကို မလျော့ပါးစေသင့်ပါ။ သို့ရာတွင် ဆူနာမီအန္တရာယ် ကျရောက်တော့မည်ဟု ယူဆသည်နှင့် သင်၏ ခြေထောက်အောက်ရှိမြေလွှာသည် တုန်လှုပ်လာသည်ကို ခံစားရသည်နှင့်၊ သို့မဟုတ် ဆူနာမီဝင်ရောက် မည့်သတိပေးချက်ထုတ်ပြန်သည်ကို ကြားသိရသည်နှင့် ဆွေမျိုးသားချင်းများ၊ မိတ်ဆွေအပေါင်းအသင်းများ အားလုံးကို အမြန်ဆုံးအသိပေးပြောကြားပြီး နောက်ကုန်းမြင့်အရပ်သို့ အမြန်ဆုံးရွှေ့ပြောင်းပြေးရန် လိုအပ်ပါကြောင်း ရေးသားတင်ပြအပ်ပေသည်။

ဒေါက်တာစံလှသော်

အပိုင်း-၃

၂၀၀၄ ခုနှစ် အကြောင်းရပ်များ

ဤအပိုင်းတွင် ဖော်ပြထားသော အကြောင်းရပ်များသည် ၂၀၀၄ ခုနှစ်တွင် ဖြစ်ပေါ်ခဲ့သော မြန်မာနှင့် နိုင်ငံတကာဖြစ်ရပ်များကို အဓိကထား ရေးသားထားပါသည်။ အကြောင်းရပ်များကို က မှ အ အထိ အက္ခရာစဉ်၍ ဖော်ပြထားပါသည်။

ကမ္ဘာ့ဆရာများနေ့။ ။ကမ္ဘာ့ဆရာများနေ့ (World Teachers' Day) အထိမ်းအမှတ်အခမ်းအနားကို ၂၀၀၄ ခုနှစ် အောက်တိုဘာလ ၅ ရက်နေ့ နံနက် ၈ နာရီတွင် ရန်ကုန်မြို့ ကမာရွတ်မြို့နယ် ပြည်လမ်းရှိ စိန်ရတုခန်းမ၌ ကျင်းပသည်။

ယူနက်စကိုအဖွဲ့ကြီး၏ ၄၄ ကြိမ်မြောက် နိုင်ငံတကာပညာရေးညီလာခံကြီးက ဆရာများအနေနှင့် လူဘောင်အဖွဲ့အစည်း၏ တိုးတက်ကြီးပွားရေးတွင် အဓိကကျသည့် အခန်းကဏ္ဍက ပါဝင်ကြိုးပမ်းစွမ်းဆောင်နေမှုကို အသိအမှတ်ပြုသည့်အနေဖြင့် အောက်တိုဘာလ ၅ ရက်နေ့၌ ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ်အခမ်းအနားများကို နှစ်စဉ်နှစ်တိုင်း အနှစ်သာရရှိရှိ တက်တက်ကြွကြွ၊ ထည်ထည်ဝါဝါ ဂုဏ်ပြုကျင်းပလာခဲ့သည်မှာ တတိယအကြိမ်မြောက်ခဲ့ပြီဖြစ်သည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်တွင် ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ်အခမ်းအနားကိုအလေးအနက်ထားပြီး နှစ်စဉ်ဂုဏ်ပြုကျင်းပနေခြင်းသည်ကောင်းမြတ်သော နိုင်ငံတကာလှုပ်ရှားဆောင်ရွက်မှုတစ်ရပ်တွင် ကမ္ဘာ့မိသားစုဝင်နိုင်ငံတစ်နိုင်ငံအနေနှင့် တက်ကြွစွာပါဝင်ပူးပေါင်းဆောင်ရွက်နေခြင်းဖြစ်သကဲ့သို့ 'ဆရာ' ဟူသည့် လေးစားမြတ်နိုးဖွယ် ဂုဏ်ဒြပ်ကိုကြည်ညိုပူဇော်လေ့ရှိကြသည့် မြန်မာ့ယဉ်ကျေးမှုအစဉ်အလာကောင်း တစ်ရပ်ကိုပါ ထိန်းသိမ်းမြှင့်တင်ဆောင်ရွက်နေခြင်းလည်းဖြစ်သည်။

ထို့ပြင် မြန်မာနိုင်ငံတော်တွင် အမျိုးသားပညာရေးမြင့်မားရေးကို အမျိုးသားရေး ဦးတည်ချက်တစ်ရပ်အဖြစ်ထားရှိပြီး ပညာရေးမြှင့်တင်မှု အစီအစဉ်များကို ရည်မှန်းချက်ကြီးမားစွာ ကြိုးပမ်းအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ဆရာများ၏ အရေးပါသည့် အခန်းကဏ္ဍကို နိုင်ငံတော်အစိုးရက အလေးထားမြှင့်တင်ဆောင်ရွက်နေမှုကိုလည်း ထင်ဟပ်ဖော်ညွှန်းပြသလျက်ရှိသည်။

ဖွံ့ဖြိုးတိုးတက်မှုနယ်ပယ် ကဏ္ဍအားလုံးကို ပညာရေးက လွှမ်းမိုးကြီးစိုးပိုင်းဖြတ်ပေးနေသည့် 'ပညာခေတ်' အချိန်အခါတွင် အရည်အသွေးမြင့်မားသော ပညာတတ်များနှင့်ထူးချွန်ထက်မြက်သောအသိပညာရှင် အတတ်ပညာရှင်များ လုံလောက်ပြည့်စုံစွာပေါ်ထွန်းလာမှသာ မိမိနိုင်ငံ၊ မိမိလူမျိုး၏ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မိမိတို့၏ ကိုယ်ပိုင်စွမ်းပကားနှင့် စွမ်းဆောင်နိုင်မည်ဖြစ်သည်။

ယင်းယုံကြည် ခံယူချက်နှင့်အညီ လျင်မြန်စွာပြောင်းလဲဖြစ်ပေါ်နေသည့် ယနေ့ကမ္ဘာ့ကြီးတွင် စိန်ခေါ်မှုအမျိုးမျိုးကို ရင်ဆိုင်ကျော်လွှားပြီး မိမိနိုင်ငံ၊ မိမိလူမျိုး၏ အကျိုးစီးပွားဖြစ်ထွန်းရေးကို ဖော်ဆောင်ပေးနိုင်မည့် အရည်အသွေးမြင့်မားသည့် အမျိုးသားပညာရေးစနစ်တစ်ရပ်ဖြစ်ထွန်းလာစေရန် နိုင်ငံတော်အစိုးရက အမျိုးသားပညာရည်မြင့်မားရေး စိမ်ကိန်းများချမှတ်ပြီး တစိုက်မတ်မတ်ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိသည်။

ထို့ပြင် အမျိုးသားပညာရေးမြှင့်တင်မှုဖြစ်စဉ်အဆင့်ဆင့်တွင် ဆရာများကိုယ်တိုင် ဦးဆောင်ဦးရွက်ပြုဆောင်ရွက်နိုင်ရန်နှင့် ဆရာများကိုယ်တိုင်၏ ဆရာအတတ်ပညာအရည်အသွေးတိုးတက် မြင့်မားစေရန် အတွက်လည်းစနစ်တကျစီမံဖန်တီးပေးထားပြီးဖြစ်သည်။

အထူးသဖြင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ ပညာရေးအဆင့်အတန်းကို အရှေ့တောင်အာရှရှိပညာရေးကဏ္ဍ၌ ရှေ့တန်းရောက်နေသည့် နိုင်ငံများနှင့် ရင်ပေါင်တန်းဖွံ့ဖြိုးတိုးတက်စေရန်အတွက် ချမှတ်ဆောင်ရွက်ခဲ့သော အမျိုးသားပညာရည် မြင့်မားရေး အထူးလေးနှစ်စီမံကိန်းနှင့်အမျိုးသား ပညာရည်မြင့်မားရေး အနှစ် ၃၀ နှစ်ရှည်စီမံကိန်းတို့တွင် ဆရာများကိုယ်တိုင်ဦးဆောင်ပါဝင်နိုင်စေရန် ဆရာအတတ်ပညာအရည်အသွေးမြင့်မားရေးအစီအမံများကိုအလေးထားထည့်သွင်းချမှတ်ပြီး အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

ထိုကဲ့သို့ ရည်မှန်းချက်မြင့်မားစွာ စနစ်တကျ စီမံဆောင်ရွက်ခဲ့သည့်အတွက် ဆရာများအပါအဝင်မြန်မာ့ပညာရေးကဏ္ဍတစ်ရပ်လုံး၏ အရည်အသွေးတိုးတက်မြင့်မားလာမှုနှင့် ဆရာများ၏ အခန်းကဏ္ဍတိုးတက်ဖြစ်ထွန်းလာမှု အကြိုးရလဒ်ကောင်များရရှိနေပြီဖြစ်သည်။

ထို့ကြောင့် မြန်မာနိုင်ငံ၌ ၁၉၈၈ ခုနှစ်က တက္ကသိုလ်၊ ကောလိပ်ပေါင်း ၃၂ ခုနှင့် အခြေခံပညာ



ကမ္ဘာဆရာများနေ့ တောပြောပွဲမြင်ကွင်း

ကျောင်းပေါင်း ၃၃,၀၀၀ ကျော်သာရှိခဲ့ရာမှ ယခုအခါတွင် တက္ကသိုလ်၊ ကောလိပ်ပေါင်း ၁၅၆ ခုနှင့် အခြေခံပညာကျောင်းပေါင်း ၄၀,၅၀၅ ကျောင်းအထိ တိုးတက်ဖြစ်ထွန်းလျက်ရှိသည်။

ကျောင်းသားကျောင်းသူများအနေနှင့် ၁၉၈၈ ခုနှစ်က တက္ကသိုလ်ကျောင်းသားကျောင်းသူ ၁ ဒသမ ၃၈ သိန်းကျော်နှင့် အခြေခံပညာကျောင်းသားကျောင်းသူ ၅ ဒသမ ၂၄ သန်းသာရှိခဲ့ရာမှ ယခုအခါတွင် တက္ကသိုလ်ကျောင်းသားကျောင်းသူ ၇ ဒသမ ၄၉ သိန်းခန့်နှင့် အခြေခံပညာကျောင်းသား ကျောင်းသူ ၇ ဒသမ ၆၄ သန်းကျော်အထိ ပညာသင်ကြားနေပြီဖြစ်သည်။

ဆရာဆရာမအင်အားကို ကြည့်လျှင် ၁၉၈၈ ခုနှစ်က တက္ကသိုလ် ဆရာဆရာမ ၆,၅၀၀ ကျော်နှင့် အခြေခံပညာ ဆရာဆရာမ ၁ ဒသမ ၇၄ သိန်းခန့် စုစုပေါင်း ၁ ဒသမ ၈ သိန်းကျော်သာရှိခဲ့ရာမှ ယခုအခါတက္ကသိုလ် ဆရာဆရာမ ၁၈,၀၀၀ ကျော်နှင့် အခြေခံပညာ ဆရာဆရာမ ၂ ဒသမ ၃၇ သိန်းကျော် စုစုပေါင်း ၂ ဒသမ ၅၅ သိန်းအထိ တိုးတက်လာခဲ့သည်။

ယနေ့ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ ပညာရေးကဏ္ဍတစ်ခုလုံးတွင် ဆရာဆရာမအင်အား ၂ ဒသမ ၅၅ သိန်းကျော်က ကျောင်းသားကျောင်းသူ အင်အား ၈ ဒသမ ၃၈ သန်းကျော်ကို လူစွမ်းအားအရင်းအမြစ်များဖွံ့ဖြိုးလာအောင် လေ့ကျင့်ပျိုးထောင်ပေးနေခြင်းပင်ဖြစ်သည်။

နိုင်ငံတော်အနေနှင့်တက္ကသိုလ်၊ ကောလိပ်များကို တစ်နိုင်ငံလုံး ဖြန့်ကြက်ဖွင့်လှစ်ပေးထားသကဲ့သို့ အခြေခံပညာကျောင်းများကို ပျမ်းမျှအားဖြင့် တစ်မိုင်ခွဲပတ်လည်တွင် အခြေခံပညာကျောင်းတစ်ကျောင်းနှုန်း ဖွင့်လှစ်ထားပြီးဖြစ်သည့်အတွက် ကျောင်းများ၏ ဧရာခိုင်နှုန်းခန့်သည် ကျေးလက်ဒေသတွင်တည်ရှိသည်။ ထို့အပြင် နယ်စပ်ဒေသ ၁၉ ခုတွင် အခြေခံပညာကျောင်းပေါင်း ၇၉၀ အထိ တိုးချဲ့ဖွင့်လှစ်ထားပြီး

အခြေခံပညာဆရာဆရာမ ၃,၀၀၀ ကျော်က အထက်တန်း အလယ်တန်းနှင့် မူလတန်းကျောင်းသားကျောင်းသူ တစ်သိန်းကျော်ကို လေ့လာသင်ကြားပေးလျက်ရှိသည်။

ထို့ကြောင့် နယ်စပ်ဒေသနှင့် ကျေးလက်ဒေသများတွင် တာဝန်ထမ်းဆောင်ရင်း ကျောင်းသားကျောင်းသူများအပေါ် သားသမီးများသဖွယ် မေတ္တာ၊ စေတနာ၊ ဝါသနာ၊ အနစ်နာ၊ကရုဏာနှင့်ဇွဲလုံ့လအပေါ် အခြေခံပြီး နိုင်ငံ့သားကောင်းသမီးမွန် လူရည်ချွန်များဖြစ်လာအောင် လေ့ကျင့်ပို့ချေးထောင်ပေးနေကြသည့် ဆရာဆရာမများကို ဂုဏ်ပြုခြီးကျူးကြရမည်ဖြစ်သည်။

နိုင်ငံတော်အနေနှင့် အမျိုးသားပညာရည်မြင့်မားရေး အထူးလေးနှစ်စီမံကိန်းနှင့်အနှစ် ၃၀ နှစ်ရှည်စီမံကိန်းလုပ်ငန်းစဉ်များအရ ပညာရေးအဆင့်အတန်းမြှင့်တင်နိုင်ရေးအတွက် သင်ရိုးမာတိကာနှင့် ကျောင်းသင်ခန်းစာများ ပြုပြင်မွမ်းမံပြီး သင်ကြား၊ သင်ယူမှုပုံစံနှင့် ပညာရည်စစ်ဆေးတိုင်းတာမှုစနစ်များ ပြောင်းလဲအကောင်အထည်ဖော် ဆောင်ရွက်နေသကဲ့သို့လုပ်ငန်းများ ထိရောက်အောင်မြင်ရေးအတွက် ဆရာဆရာမများကိုပါ ဘာသာရပ်အလိုက် မွမ်းမံသင်တန်းများ၊ ဆင့်ပွားသင်တန်းများကို ဖွင့်လှစ်ပေးလျက်ရှိသည်။

ဆရာအတတ်ပညာ တိုးတက်မြင့်မားစေရေးအတွက် ကြိုးပမ်းဆောင်ရွက်နေခြင်းများကြောင့် ၁၉၈၈ ခုနှစ်က ပညာရေးတက္ကသိုလ်တစ်ခု၊ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးသိပ္ပံတစ်ကျောင်း၊ ဆရာအတတ်သင်သိပ္ပံလေးကျောင်း၊ ဆရာအတတ်သင်ကျောင်း ၁၃ ကျောင်း စုစုပေါင်း တက္ကသိုလ်၊ သိပ္ပံနှင့်ကျောင်း ၁၉ ကျောင်းသာရှိခဲ့ရာမှ ယခုအခါတွင် ပညာရေးတက္ကသိုလ်နှစ်ခု၊ ပညာရေးကောလိပ် ၂၀ စုစုပေါင်း ဆရာအတတ်ပညာနှင့်ပတ်သက်ပြီး တက္ကသိုလ်နှင့်ကောလိပ် ၂၃ ခုအထိ တိုးတက်ဖွင့်လှစ်ပေးနိုင်ခဲ့ပြီးဖြစ်သည်။

အခြေခံပညာကဏ္ဍ၌ဆရာအတတ်ပညာသင်တန်းများ တိုးချဲ့ဖွင့်လှစ်ပြီး ဆရာဆရာမများ၏ဆရာအတတ်ပညာအရည်အသွေးမြင့်မားစေရေးအတွက်စနစ်တကျ စီမံဆောင်ရွက်ပေးလျက်ရှိရာ ယခုအခါတွင် ပညာရေးကောလိပ်များ၌ တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီးသူများအတွက် လုပ်ငန်းခွင်အကြို ဒီပလိုမာသင်တန်းများ၊ ပညာရေးတက္ကသိုလ်များမှ B.Ed သင်တန်းများ၊ ဘွဲ့ရပြီးသူများ တက်ရောက်နိုင်သည့် ဘွဲ့လွန်ဆရာအတတ်ပညာဒီပလိုမာ PGDT သင်တန်းများ၊ မီဒီယာအတတ်ပညာဘွဲ့လွန် (ပညာရေး) ဒီပလိုမာ PGDMA သင်တန်းများ၊ အခြားတက္ကသိုလ်များမှ မဟာဘွဲ့ရရှိပြီးသူများအတွက် လုပ်ငန်းခွင်အကြိုပညာရေးအတတ်ပညာလက်မှတ်ရ Ceritificate in Education Technology-CET သင်တန်းများစသည့် ဆရာအတတ်ပညာသင်တန်းအမျိုးမျိုးကို ဖန်တီးဖွင့်လှစ်ပေးလျက်ရှိသည်။

ထို့ပြင် လုပ်ငန်းခွင်ဆရာအတတ်သင် သင်တန်းများဖြစ်သည့် စာပေးစာယူသင်တန်း၊ ပညာရေးကောလိပ်အခြေပြု ဆရာအတတ်သင်တန်း၊ မြို့နယ်အခြေပြု ဆရာအတတ်သင်တန်း၊ ပညာရေးတက္ကသိုလ်များ၏ ပညာရေးဘွဲ့စာပေးစာယူသင်တန်းများကိုပါ တိုးချဲ့ဖွင့်လှစ်ပေးထားပြီးဖြစ်သည်။

ယင်းသင်တန်းများသည် ဆရာအတတ်ပညာအရည်အသွေး တိုးတက်မြင့်မားရေးအတွက်သာမက ပညာရေးလောကသို့ နည်းလမ်းအသွယ်သွယ်မှ ဝင်ရောက်လာနိုင်သည့် အခွင့်အလမ်းများ တိုးပွားဖြစ်ထွန်းလာစေရေးအတွက်ပါ များစွာထိရောက်အောင်မြင်လျက်ရှိသည့် သင်တန်းများဖြစ်သည်။

ပညာရေးကဏ္ဍတွင် ဆရာများ၏ အရည်အသွေးတိုးတက်မြင့်မားရေးအတွက် အဆင့်မြင့်ပညာရေးဘွဲ့များဖြစ်သည့်မဟာဒဿနပညာရေးဘွဲ့၊မဟာပညာရေးဘွဲ့နှင့် ပညာရေးပါရဂူဘွဲ့ သင်တန်းများလည်း တိုးမြှင့်ဖွင့်လှစ်ပေးထားလျက်ရှိသည်။

ထိုကဲ့သို့ ဆရာအတတ်ပညာသင်တန်းများတိုးချဲ့အရှိန်မြှင့်တင် ဖွင့်လှစ်ပေးခဲ့သည့်အတွက် ပညာရေးမြှင့်တင်မှု အစီအစဉ်စတင်သည့် ၁၉၉၈-၉၉ ပညာသင်နှစ်တွင် ဆရာအတတ်ပညာသင်တန်းသား၆၃၀၀ကျော်သာ ဖလှယ်ပေးနိုင်ခဲ့ရာမှ ၂၀၀၄-၂၀၀၅ ပညာသင်နှစ်တွင် ဆရာအတတ်ပညာသင်တန်းသား ၅၀၀၀၀ ကျော်အထိလေ့ကျင့်ပေးနိုင်ခဲ့ပြီးဆရာအတတ်ပညာလေ့ကျင့်မှုအပိုင်းမှာ ခြောက်နှစ်ခန့်ကာလအတွင်း ရှစ်ဆကျော်တိုးတက်လေ့ကျင့်ပေးနိုင်လာခဲ့သည်။

အဆင့်မြင့်ပညာကဏ္ဍ၌ တက္ကသိုလ်များ တိုးပွားလာသည့်နှင့်အမျှ သင်တန်းသားအင်အား တိုးတက်များပြားလာသည့်အတွက် ဆရာဆရာမများအနေ နှင့် သင်ကြားရေးတာဝန်များကို အချိန်ပြည့်ကြိုးပမ်းထမ်းဆောင်နေကြရသည်။ တက္ကသိုလ်သင်တန်းများ အနေနှင့်ယခုအခါ မဟာသုတေသနဘွဲ့၊ ပါရဂူဘွဲ့ သင်တန်းများကိုပါ တိုးမြှင့်လေ့ကျင့်သင်ကြားပေးနိုင်ပြီးဖြစ်သည့်အတွက် ဘွဲ့နှင့်သက်ဆိုင်သည့် နိုင်ငံအကျိုးပြု သုတေသနလုပ်ငန်းများကိုလည်း အရှိန်အဟုန်ဖြင့် တိုးတက်ဆောင်ရွက်လာနိုင်သည်။ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးမှုဌာနများကိုလည်း တက္ကသိုလ်၊ ဒီဂရီကောလိပ်အလိုက် One Campus Multi System စနစ်ဖြင့် တက္ကသိုလ်တည်ရှိရာဒေသများတွင် လိုအပ်သော ပညာရပ်ဆိုင်ရာသင်တန်းများကို တိုးချဲ့ဖွင့်လှစ် လေ့ကျင့်ပေးလျက်ရှိသည့် အတွက် ဆရာဆရာမများ၏ လုပ်ငန်းတာဝန်များ ပိုမို ကြီးလေးများပြားလာသကဲ့သို့ အရည်အသွေးပိုမိုပြည့်ဝမြင့်မားစေရန်လည်း မိမိတို့ကိုယ်မိမိတို့ ပျိုးထောင်လေ့ကျင့်မှုပြုလုပ်နိုင်မည့် အခြေခံများကို နိုင်ငံတော်အစိုးရက စီမံဖန်တီးပေးလျက်ရှိသည်။

မြန်မာနိုင်ငံအနေနှင့် အမျိုးသားပညာရည်မြင့်မားရေးဦးတည်ပြီး အမျိုးသားစီမံကိန်းများ ချမှတ်လျက်စနစ်တကျ ကြိုးပမ်းအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာတွင် ပညာရေးမြှင့်တင်မှု အစီအစဉ်များစတင်ခဲ့သည့် ၁၉၉၈ ခုနှစ်ခန့်က စတင်ပြီး ဆရာများ၏ အရည်အသွေးတိုးတက်မြင့်မားရေးကိုပါ စီမံချက်များချမှတ်ပြီး အထူးအာရုံစူးစိုက်မြှင့်တင်ဆောင်ရွက်လာခဲ့ခြင်းကြောင့် ယခုအခါ မြန်မာ့ပညာရေးလောက အဆင့်အတန်း တိုးတက်မြင့်မားလာမှုနှင့်အတူ ဆရာ ဆရာမများ၏ အရည်အသွေးတိုးတက်မြင့်မားမှု အကျိုးရလဒ်



၂၀၀၄ ခုနှစ် ကမ္ဘာဆရာများနေ့ အထိမ်းအမှတ်အခမ်းအနားတွင် ကျောင်းသားကျောင်းသူလေးများ ရော်ဇြေတင်ဆက်စဉ်

ကောင်းများလည်းစဉ်ဆက်မပြတ်တိုးတက်ဖြစ်ထွန်းလျက်ရှိသည်။

ထို့ကြောင့် ၂၀၀၄ ခုနှစ် ကမ္ဘာ့ဆရာများနေ့၏ဆောင်ပုဒ်ဖြစ်သည့် 'အရည်အချင်းပြည့်ဆရာများဖြင့် ပညာရေးအရည်အသွေးကို မြှင့်တင်အံ့ (Quality Teachers for Quality Education) ' ဟူသည့် ဆောင်ပုဒ်အကောင်အထည်ဖော်ဆောင်ရွက်ရေးအတွက် မြန်မာနိုင်ငံအနေနှင့် ရေခဲကောင်းမြေခဲကောင်း အခြေခံကောင်းများရှိထားပြီးဖြစ်သည်။

မြန်မာ့ယဉ်ကျေးမှု အစဉ်အလာများအရ 'ဆရာ' ဆိုသည့် ဝိသေသကို အလွန်မွန်မြတ်မြင့်မားပြီး အများကအလေးအမြတ်ထားကြည်ညိုလေးစားပူဇော်ခံထိုက်သည့် ဂုဏ်ဒြပ်တစ်ရပ်အဖြစ် သမိုင်းအစဉ်အဆက်မှာလက်ခံကျင့်သုံးခဲ့ကြခြင်းသည် ယခုအထိ ကောင်းမြတ်သည့်ရိုးရာဓလေ့အစဉ်အလာတစ်ရပ်အဖြစ် တည်တံ့ဖြစ်ထွန်းနေဆဲပင်ဖြစ်သည်။

မြန်မာ့နှစ်သစ်မင်္ဂလာအခါများ၊ ဝါလကင်းလွတ်သီတင်းကျွတ်ခြိန်ခါများ၌ ဆရာဆရာမများကို လက်ရှိတပည့်များကသာမက အသက်အရွယ်ရရှိပြီး ရာထူးဂုဏ်ရှိန်မြင့်မားနေပြီဖြစ်သည့် တပည့်ဟောင်းများကပါ ကာယကံမြောက် လက်အုပ်ချီမိုးရှိခိုးကန်တော့ကြသည့် အစဉ်အလာသည် ဆရာ့ဂုဏ်ကျေးဇူးကိုသိတတ်သည့် မြန်မာလူမျိုးတို့၏ ချစ်စဖွယ်ဓလေ့စရိုက်ဖြစ်၍ တစ်မျိုးသားလုံးအတွက် ဂုဏ်ယူဝင့်ကြွားဖွယ်ပင်ဖြစ်သည်။

မြန်မာ့ယဉ်ကျေးမှု ဓလေ့စရိုက်အစဉ်အလာများအရ တပည့်က ဆရာ့အပေါ်တွင်ထားရှိရမည့်ကျင့်ဝတ်များရှိသလို ဆရာက တပည့်အပေါ်ထားရှိရမည့် ကျင့်ဝတ်မှာလည်း တပည့်များကို စာပေပညာသင်ကြားပေးရုံမျှမက လိမ္မာရေးခြားရှိပြီး လူမှုဘဝတွင် တိုးတက်အောင်မြင်သည်အထိ လမ်းမှန်ကိုသွန်သင်ညွှန်ပြဆုံးမကြရမည့်တာဝန်သည် ဆရာများ၏ အရင်းခံတာဝန်များပင်ဖြစ်သည်။

ထို့ကြောင့် ဆရာဆရာမများအနေနှင့် 'မြတ်ဆရာ' ဆိုသည့် ဂုဏ်ပုဒ်နှင့်လျော်ညီစွာ ကျင့်ကြံအားထုတ်ရင်း မိမိတို့၏ တပည့်လူငယ်လူရွယ်ကျောင်းသားကျောင်းသူများကို နိုင်ငံတော်က အားထားရမည့် ပညာရည်ထူးခွန်ထက်မြက်သည့် နိုင်ငံသားကောင်းသမီးမွန်များဖြစ်လာစေရန် မြန်မာ့ဓလေ့ယဉ်ကျေးမှု ထုံးတမ်းစဉ်လာများနှင့်အညီ ပြုစုပျိုးထောင်ပေးကြရမည်ဖြစ်သည်။

နိုင်ငံတော်အစိုးရအနေနှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး၊ မိမိနိုင်ငံ မိမိလူမျိုး တိုးတက်ကြီးပွားရေးတွင် ဆရာများ၏အရေးပါသည့်အခန်းကဏ္ဍကိုအသိအမှတ်ပြုထားပြီးဖြစ်သည်နှင့်အညီ ဆရာ့အရည်အသွေးတိုးတက်မြင့်မားရေး၊ ဆရာများ၏အခွင့်အလမ်းတိုးပွားဖြစ်ထွန်းစေရေးတို့အတွက်ဆက်လက်အားပေးထောက်ကူသွားမည်ဖြစ်သည်။

ယခုအခါတွင် နိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက်မှုကို ထိန်းသိမ်းမြှင့်တင်နိုင်ရေးနှင့် စုစည်းညီညွတ်သော အချုပ်အခြာအာဏာပိုင် ပြည်ထောင်စုနိုင်ငံတော်ကြီးအဖြစ် ကမ္ဘာတည်သရွေ့ တည်တံ့ခိုင်မြဲရေးတို့အတွက် ဦးတည်မျှော်မှန်းပြီး နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်ခုနစ်ရပ်ကို တစ်မျိုးသားလုံးလက်တွဲပူးပေါင်း အကောင်အထည်ဖော်ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

ထို့ကြောင့် ဆရာဆရာမများအနေနှင့် အမျိုးသားရေးပန်းတိုင်သို့ ခရီတက်လှမ်းရာတွင်နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်ခုနစ်ရပ် အောင်မြင်ဖြစ်ထွန်းရေးအတွက် မိမိတို့ကျရာကဏ္ဍကတက်ကြွစွာပါဝင်စွမ်းဆောင်ပေးကြရမည်ဖြစ်သည်။

ဆရာဆရာမများသည် နိုင်ငံတော်နှင့် မိဘပြည်သူများက မိမိတို့လက်ဝယ်သို့ ယုံကြည်အားကိုးစွာ အပ်နှံထားသည့် ကျောင်းသားကျောင်းသူလူငယ်များကို လူရည်ချွန်လူရည်မွန် နိုင်ငံ့သားကောင်းများဖြစ်လာရန်၊ တိုင်းကျိုးပြည်ဆောင် သားကောင်းသမီးမွန်များဖြစ်လာရန် လေ့ကျင့်ပျိုးထောင်ပေးကြပြီး နိုင်ငံတော်နှင့် မိဘပြည်သူများက အားထားရသည့် ဆရာကောင်းဆရာမွန်များ၏ဘဝကို ထိုက်ထိုက်တန်တန် ခံယူကာမြတ်ဆရာဆိုသည့် ဂုဏ်ဒြပ်နှင့်အညီကျင့်ကြံအားထုတ်၍ ဆရာ့ဂုဏ်ရည်ကို မြှင့်တင်သွားကြရမည်ဖြစ်သည်။

၂၀၀၄ ခုနှစ် ကမ္ဘာ့ဆရာများနေ့တွင် ဂုဏ်ပြုခံဂုဏ်ထူးဆောင် ဆရာကြီးများအဖြစ်ရန်ကုန်တက္ကသိုလ် အင်ဂြိမ်းစား ပါမောက္ခချုပ်ဆရာကြီး ဒေါက်တာဦးသာလှ၊

ရန်ကုန်တက္ကသိုလ် အငြိမ်းစားပါမောက္ခချုပ် ဆရာကြီး ဒေါက်တာဦးမောင်မောင်ခ၊ အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် (အငြိမ်းစား) ဆရာကြီးဦးသန်းဦး နှင့် ရန်ကုန်ပညာရေးတက္ကသိုလ်ပါမောက္ခချုပ်(အငြိမ်းစား) ဆရာကြီးဦးသောင်းထွဋ်တို့က ဂုဏ်ပြုခြင်းခံရသည်။

ပညာရေးလုပ်ငန်းများတွင် ထူးချွန်စွာထမ်းဆောင်ခဲ့ကြသည့် ထူးချွန်ဆုများကို ပဲခူးတိုင်း ကဝမြို့နယ် သက္ကလအခြေခံပညာအထက်တန်းကျောင်းမှမူလတန်းပြဆရာမဒေါ်စိန်ဌေးပဲခူးတိုင်း(အနောက်ပိုင်း)ပန်းတောင်းမြို့နယ် ကျီးတောကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းခွဲမှ မူလတန်းကျောင်းအုပ် ဆရာကြီးဦးစိုးသိန်း၊ ရှမ်းပြည်နယ်(တောင်ပိုင်း)ရပ်စောက်မြို့နယ်ကောင်းဘို့ အခြေခံ ပညာအထက်တန်းကျောင်းခွဲမှ အလယ်တန်းကျောင်းအုပ်ဆရာကြီး ဦးသောင်းညွန့်၊ မန္တလေးတိုင်း အောင်မြေသာစံမြို့နယ် အမှတ် (၁၇) အခြေခံပညာမူလတန်းကျောင်းမှမူလတန်းပြဆရာမဒေါ်သန်းသန်းမာ၊ ရန်ကုန်တိုင်းဒဂုံမြို့နယ်အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းအုပ်ဆရာမကြီး ဒေါ်မာသာဟိန်နှင့် သယ်နဲ်းကျွန်းမြို့နယ် အမှတ်(၈)အခြေခံပညာမူလတန်းကျောင်းမှ ကျောင်းအုပ်ဆရာမကြီး ဒေါ်ဖြူဖြူဝင်းတို့က ရရှိသည်။

၂၀၀၄ ခုနှစ် ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ် ဟောပြောပွဲအခမ်းအနားကို အောက်တိုဘာလ ၅ ရက်နေ့ မွန်းလွဲ ၁ နာရီတွင် စိန်ရတုခန်းမ၌ ကျင်းပရာ အခမ်းအနားပထမပိုင်း သဘာပတိအဖြစ် ဆရာကြီးဦးသန်းဦးက လည်းကောင်း၊အခမ်းအနားဒုတိယပိုင်းသဘာပတိအဖြစ် ဆရာကြီးဦးသောင်းထွဋ်ကလည်းကောင်းဆောင်ရွက်သည်။

အခမ်းအနားတွင် ရန်ကုန်ပညာရေး တက္ကသိုလ် ဂုဏ်ထူးဆောင် ပါမောက္ခဦးသန်းထွတ်က 'မြတ်ဆရာ' ခေါင်းစဉ်ဖြင့်လည်းကောင်း၊ အမျိုးသားစာပေဆုရ စာရေးဆရာ ချစ်စံဝင်းက 'ဆရာဟူသည် ဥယျာဉ်မှူး' ခေါင်းစဉ်ဖြင့်လည်းကောင်း ဟောပြောသည်။

ဦးစိုးအောင်

ကြည်ညွန့်၊ ချစ်ကြည်ရေး (ခရစ်နှစ် ၁၉၃၃-၂၀၀၄)။ ။ သတင်းစာဆရာကြီးချစ်ကြည်ရေး ကြည်ညွန့်ခေါ် ဦးကြည်ညွန့်ကို ဖခင်ဦးဖိုးထွား၊ မိခင် ဒေါ်ခင်ပုတို့က ၁၉၃၃ ခုနှစ်၊ ဇူလိုင်လ ၄ ရက်နေ့တွင် တိုက်ကြီးမြို့နယ်၊ ဥက္ကံမြို့၌ မွေးဖွားသည်။

ချစ်ကြည်ရေးကြည်ညွန့်သည် ငယ်စဉ်က ကြို့ပင်ကောက်မြို့ အမျိုးသားအထက်တန်းကျောင်း ဟသ်ာတမြို့အစိုးရအထက်တန်းကျောင်းတို့တွင် ပညာသင်ယူသည်။ ၁၉၅၄ ခုနှစ်တွင် ဟသ်ာတမြို့မှ ရန်ကုန်မြို့သို့ပြောင်းရွှေ့နေထိုင်သည်။ ၁၉၅၅ ခုနှစ်တွင် မြန်မာ့အလင်းသတင်းစာတိုက်၌ လခစားသတင်းထောက်အဖြစ် ဝင်ရောက်လုပ်ကိုင်သည်။ ထို့နောက် မြန်မာနိုင်ငံ ဘာသာပြန်စာပေအသင်း(စာပေဗိမာန်)နှင့် မြန်မာနိုင်ငံ သတင်းစာဆရာအသင်းတို့ ပူးပေါင်းဖွင့်လှစ်သော သတင်းစာပညာအတတ်သင်ကျောင်းတွင် တက်ရောက်သင်ယူပြီး သတင်းစာပညာဒီပလိုမာကို ထူးချွန်အဆင့်ဖြင့် ရရှိအောင်မြင်သည်။

ချစ်ကြည်ရေးကြည်ညွန့်သည် အထွေထွေသတင်းထောက်၊ အားကစားသတင်းထောက်၊ မှုခင်းသတင်းထောက်၊ တရားရုံးသတင်းထောက်၊ ရုပ်ရှင်သတင်းထောက်၊ စီးပွားရေးသတင်းထောက်နှင့် နိုင်ငံရေးသတင်းထောက်အဖြစ် ဆောင်ရွက်သည်။ ၁၉၆၂ ခုနှစ်တွင် သတင်းအယ်ဒီတာတာဝန်နှင့် အယ်ဒီတာ့အာဘော်ခေါင်းကြီးပိုင်းရေး အယ်ဒီတာတာဝန်ကို ပူးတွဲထမ်းဆောင်သည်။ ၁၉၈၀ပြည့်နှစ်တွင် မြန်မာ့အလင်းသတင်းစာတိုက် ဒုတိယအယ်ဒီတာချုပ်ရာထူးသို့ တိုးမြှင့်ခန့်အပ်ခြင်းခံရသည်။ ၁၉၈၃ခုနှစ်တွင်



ချစ်ကြည်ရေးကြည်ညွန့်

မြန်မာ့အလင်းသတင်းစာတိုက်မှ လုပ်သားပြည်သူနေ့စဉ် သတင်းစာ(မြန်မာ)သို့ ပြောင်းရွှေ့တာဝန်ထမ်းဆောင်သည်။ ၁၉၉၃ခုနှစ်တွင် လုပ်သားပြည်သူနေ့စဉ်သတင်းစာ (မြန်မာ)ကို မြန်မာ့အလင်းသတင်းစာအဖြစ် ပြောင်းလဲထုတ်ဝေရာ အယ်ဒီတာချုပ်ရာထူးသို့ တိုးမြှင့်ခန့်အပ်ခြင်းခံရသည်။ ၂၀၀၁ ခုနှစ်တွင် အယ်ဒီတာချုပ်တာဝန်မှအငြိမ်းစားယူပြီး အကြံပေးအရာရှိတာဝန်နှင့် ရွှေမောင်းသံကျွန်ယအယ်ဒီတာချုပ် တာဝန်တို့ကို ၂၀၀၂ ခုနှစ်အထိ ထမ်းဆောင်သည်။

ချစ်ကြည်ရေးကြည်ညွန့်သည် ၁၉၅၅ ခုနှစ်မှ ၁၉၉၅ ခုနှစ်အထိ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှုရေးရာဆောင်းပါးများနှင့်ခရီးသွားဆောင်းပါးများအပါအဝင် သုတ၊ ရသဆောင်းပါး ပုဒ်ရေ ၁,၀၀၀ ကျော်ရေးသားခဲ့ပြီး လုံးချင်းစာအုပ် ၁၅ အုပ် ရေးသားထုတ်ဝေသည်။

ချစ်ကြည်ရေးကြည်ညွန့်သည် ၁၉၆၂ ခုနှစ်မှ ၁၉၆၆ ခုနှစ်အထိ မြန်မာပြည်သတင်းထောက်များအသင်းအတွင်းရေးမှူးတာဝန်နှင့်မြန်မာနိုင်ငံသတင်းစာဆရာများအသင်း အလုပ်အမှုဆောင်ကော်မတီဝင်တာဝန်တို့ကို ထမ်းဆောင်သည်။ မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ ဗဟိုအမှုဆောင်ကော်မတီဝင် တာဝန်ကို ကွယ်လွန်ချိန်အထိ ထမ်းဆောင်သည်။

ချစ်ကြည်ရေးကြည်ညွန့်ခေါ် ဦးကြည်ညွန့်သည် ၂၀၀၄ ခုနှစ်၊ ဧပြီလ ၁၁ ရက်နေ့တွင် ရန်ကုန်မြို့၌ ကွယ်လွန်သည်။ ကွယ်လွန်ချိန်တွင် ဇနီးဒေါ်ခင်ခင်နု၊ သားသမီးသုံးဦးနှင့် မြေးသုံးဦးကျန်ရစ်သည်။

ဦးစိုးအောင်

ကွယ်လွန်သူထင်ရှားသောပုဂ္ဂိုလ်များ။ ။

ပြည်ထောင်စုမြန်မာနိုင်ငံတွင် သာသနာ့အကျိုးသယ်ပိုးထမ်းရွက်တော်မူရင်း ပျံလွန်တော်မူသွားကြသည့် ရဟန်းတော်များနှင့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ စာပေ၊ အနုပညာနှင့် နယ်ပယ်အသီးသီး တွင် ထူးချွန်ထင်ရှားခဲ့ပြီး ကွယ်လွန်သွားကြသော လူပုဂ္ဂိုလ်များရှိသည်။

ကွယ်လွန်သူထင်ရှားသောပုဂ္ဂိုလ်များ

ရဟန်းတော်များ

ကောဏ္ဍည၊ ဘဒ္ဒန္တ
သက်တော် (၇၉)နှစ်၊ သိက္ခာတော် (၅၇)ဝါ
အဂ္ဂမဟာပဏ္ဍိတ၊ ပေါင်းတည်မြို့၊ ရွှေကျောင်းကြီးတိုက် အာဂမဇေတိကာရုံစာသင်တိုက် ပဓာနနာယက (၁၃၆၆ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၃ ရက်နေ့၌ ပျံလွန်တော်မူသည်။)

ဇဝန၊ ဘဒ္ဒန္တ
သက်တော် (၁၀၁)နှစ်၊ သိက္ခာတော် (၈၀)
အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ ရှမ်းပြည်နယ် သြဝါဒိစရိယ၊ ကျေးသီးမံစံမြို့၊ ဝတ်ပေါင်ကျောင်းတိုက် သက်တော်ရှည်ဆရာတော်ကြီး
(၁၃၆၆ ခုနှစ်၊ နယုန်လပြည့်ကျော် ၁၃ ရက်နေ့၌ ပျံလွန်တော်မူသည်။)

ဇဝန၊ ဘဒ္ဒန္တ
သက်တော် (၉၃)နှစ်၊ သိက္ခာတော် (၇၄)ဝါ
နိုင်ငံတော်သြဝါဒိစရိယ၊ မကွေးမြို့၊ မြသလွန်စေတီတော်ဂေါပကအဖွဲ့ သြဝါဒိစရိယ၊ မကွေးမြို့၊ ဗိုလ်ကုန်းကျောင်းတိုက်ဆရာတော်
(၁၃၆၆ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၃ ရက်နေ့၌ ပျံလွန်တော်မူသည်။)

ဇာဂရိယ၊ ဘဒ္ဒန္တ
သက်တော် (၈၅)နှစ်၊ သိက္ခာတော် (၆၆)ဝါ
အဂ္ဂမဟာပဏ္ဍိတ၊ နိုင်ငံတော်သြဝါဒိစရိယ၊ ပုသိမ်မြို့၊ ရွှေမုဋ္ဌောဘုရားဂေါပကအဖွဲ့ သြဝါဒိစရိယ၊ ပစ္စိမာရုံစာသင်တိုက် ပဓာနနာယက
(၁၃၆၆ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၂ ရက်နေ့၌ ပျံလွန်တော်မူသည်။)

တေဇနိယ၊ ဘဒ္ဒန္တ (ကုံလုံဆရာတော်ကြီး)
သက်တော် (၉၆)နှစ်၊ သိက္ခာတော် (၇၆)ဝါ
အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက၊ နိုင်ငံတော် သြဝါဒိစရိယ၊ ပင်းတယမြို့၊ ဂဠုန်တောင်ကျောင်းတိုက် ပဓာနနာယက

(၁၃၆၅ ခုနှစ်၊ တပို့တွဲလဆန်း ၉ ရက်နေ့၌ ပျံလွန်တော်မူသည်။)

တေဇနိယ၊ ဘဒ္ဒန္တ
သက်တော် (၈၂)နှစ်၊ သိက္ခာတော် (၆၂)ဝါ
အဂ္ဂမဟာပဏ္ဍိတ၊ ဒွိပိဋကဓရ၊ ဆဋ္ဌသင်္ဂါယနာပဋိဝေသကဓက၊ မန္တလေးချမ်းအေးသာစံမြို့နယ် စကုတိုက်အောင်မင်္ဂလာကျောင်းတိုက်အုပ်ဆရာတော်
(၁၃၆၆ ခုနှစ်၊ တော်သလင်းလဆန်း ၁၃ ရက်နေ့၌ ပျံလွန်တော်မူသည်။)

တိက္ခိန္ဒြိယ၊ ဘဒ္ဒန္တ
သက်တော် (၉၂)နှစ်၊ သိက္ခာတော် (၇၂)ဝါ
အဂ္ဂမဟာပဏ္ဍိတ၊ ဟသ်ာတမြို့နယ် သံဃနာယကဥက္ကဋ္ဌ
(၁၃၆၅ ခုနှစ်၊ တပေါင်းလဆန်း ၁၃ ရက်နေ့၌ ပျံလွန်တော်မူသည်။)

နာယက၊ ဘဒ္ဒန္တ
သက်တော် (၈၆)နှစ်၊ သိက္ခာတော် (၆၆)ဝါ
အဂ္ဂမဟာပဏ္ဍိတ၊ ရေနံချောင်းမြို့၊ ရွှေစေတီပါဠိတက္ကသိုလ်တိုက်သစ်ပဓာနနာယက
(၁၃၆၆ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၆ ရက်နေ့၌ ပျံလွန်တော်မူသည်။)

ပဏ္ဏာဝ၊ ဘဒ္ဒန္တ
သက်တော် (၈၄)နှစ်၊ သိက္ခာတော် (၆၄)ဝါ
အဂ္ဂမဟာပဏ္ဍိတ၊ သာသနဓဇသိရီပဝရဓမ္မာစရိယ၊ နိုင်ငံတော်ဩဝါဒါစရိယ၊ ကျောက်ဖြူမြို့၊ ဘုရားကြီးကျောင်းတိုက်ပဓာနနာယက
(၁၃၆၅ ခုနှစ်၊ တပို့တွဲလဆန်း ၄ ရက်နေ့၌ ပျံလွန်တော်မူသည်။)

ပဏ္ဍိစ္စ၊ ဘဒ္ဒန္တ
သက်တော် (၈၄)နှစ်၊ သိက္ခာတော် (၆၄)ဝါ
အဂ္ဂမဟာပဏ္ဍိတ၊ သာသနဓဇသိရီပဝရဓမ္မာစရိယ၊ လမ်းမတော်မြို့နယ် သရက်တောတိုက်၊ သာသနောဒယပရိယတ္တိစာသင်တိုက် ပဓာနနာယက

(၁၃၆၆ ခုနှစ်၊ ဝါခေါင်လဆန်း ၁၀ ရက်နေ့၌ ပျံလွန်တော်မူသည်။)

ရာဇိန္ဒ၊ ဘဒ္ဒန္တ
သက်တော် (၉၃)နှစ်၊ သိက္ခာတော် (၇၃)ဝါ
အဂ္ဂမဟာပဏ္ဍိတ၊ နိုင်ငံတော်ဩဝါဒါစရိယ၊ ထားဝယ်မြို့၊ ရွှေဘုန်းပွင့်ကျောင်း ပဓာနနာယက
(၁၃၆၅ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၂ ရက်နေ့၌ ပျံလွန်တော်မူသည်။)

ရေဝတဓမ္မ၊ ဘဒ္ဒန္တ
သက်တော် (၇၅)နှစ်၊ သိက္ခာတော် (၆၅)ဝါ
အဂ္ဂမဟာပဏ္ဍိတ၊ ပီအိပ်ချ်ဒီဒေါက်တာဘွဲ့ရ ကမ္ဘာ့ဗုဒ္ဓဘာသာသံယာ့အဖွဲ့ ဒုတိယဥက္ကဋ္ဌ၊ လန်ဒန်ဗုဒ္ဓဝိဟာရဩဝါဒါစရိယ အင်္ဂလန်နိုင်ငံဘာမင်ဂမ်မြို့ ဘာမင်ဂမ် ဗုဒ္ဓဝိဟာရ ပဓာနနာယက
(၁၃၆၆ ခုနှစ်၊ နယုန်လဆန်း ၈ ရက်နေ့၌ ပျံလွန်တော်မူသည်။)

ဝိသာရဒပဏ္ဍိတ၊ ဘဒ္ဒန္တ
သက်တော် (၈၁)နှစ်၊ သိက္ခာတော် (၆၁)ဝါ
အဂ္ဂမဟာပဏ္ဍိတ၊ တောင်ငူမြို့၊ ဝိသုဒ္ဓါရုံသိမ်ဥုံးပရိယတ္တိစာသင်တိုက် ပဓာနနာယက
(၁၃၆၆ ခုနှစ်၊ ပထမဝါဆိုလဆန်း ၁၄ ရက်နေ့၌ ပျံလွန်တော်မူသည်။)

ဝေပုလ္လ၊ ဘဒ္ဒန္တ
သက်တော် (၈၇)နှစ်၊ သိက္ခာတော် (၆၇)ဝါ
အဂ္ဂမဟာပဏ္ဍိတ၊ ဗဟန်းမြို့နယ် မဟာသာသနဝေပုလ္လကျောင်းနှင့် မင်္ဂလာဒုံမြို့နယ် မဟာသာသနဝေပုလ္လပရိယတ္တိစာသင်တိုက် ပဓာနနာယက
(၁၃၆၅ ခုနှစ်၊ ပြာသိုလဆန်း ၁၁ ရက်နေ့၌ ပျံလွန်တော်မူသည်။)

သုခိတ္တ၊ ဘဒ္ဒန္တ
သက်တော် (၈၅)နှစ်၊ သိက္ခာတော် (၆၅)ဝါ
အဂ္ဂမဟာပဏ္ဍိတ၊ မင်းကွန်းတိပိဋကဓမ္မနာဒ ပရိယတ္တိစာသင်တိုက် ပဓာနနာယက

(၁၃၆၆ ခုနှစ်၊ တော်သလင်းလဆန်း ၁၀ ရက်နေ့၌ ပျံလွန်တော်မူသည်။)

သောဘိတ၊ ဘဒ္ဒန္တ
သက်တော် (၉၅)နှစ်၊ သိက္ခာတော် (၇၆)ဝါ
အာဘိဓဇမဟာရဋ္ဌဂုရု၊ အာဘိဓဇအဂ္ဂမဟာသဒ္ဓမ္မ ဇောတိက၊ အဂ္ဂမဟာပဏ္ဍိတ၊ နိုင်ငံတော်သံဃ မဟာ နာယကအဖွဲ့ဥက္ကဋ္ဌ၊ မြင်းခြံမြို့ကိုးဆောင်တိုက် မဟာ ဝိသုတာရာမိက ပခုက္ကူကျောင်းသစ်ပဓာန နာယက (၁၃၆၆ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၆ ရက်နေ့၌ ပျံလွန်တော်မူသည်။)

ဩသမ၊ ဘဒ္ဒန္တ
သက်တော် (၇၃)နှစ်၊ သိက္ခာတော် (၅၃)ဝါ
အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊ တောင်ငူမြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ၊ တောင်ငူမြို့လေးဂိုဏ်းထောင့်စာသင်တိုက် ပဓာနနာယက (၁၃၆၆ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၆ ရက်နေ့၌ ပျံလွန်တော်မူသည်။)

ဣန္ဒာဘိဝံသ၊ ဘဒ္ဒန္တ
သက်တော် (၈၀)၊ သိက္ခာတော် (၆၁)ဝါ
အဂ္ဂမဟာပဏ္ဍိတ၊ နိုင်ငံတော်ဗဟိုသံဃဒါယကာစရိယ ကံမမြို့ယွန်းကျောင်းစာသင်တိုက် ပဓာနနာယက (၁၃၆၆ ခုနှစ်၊ ဒုတိယဝါဆိုလဆန်း ၇ ရက်နေ့၌ ပျံလွန်တော်မူသည်။)

လူပုဂ္ဂိုလ်များ

ကောင်းညွှန့်၊ ဦး
အသက် (၆၉)နှစ်
ဒဂုံတက္ကသိုလ်အငြိမ်းစားပါမောက္ခချုပ်၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ အဖွဲ့ဝင်၊ ဘီအက်စ်စီ (ဂုဏ်ထူး)၊ အမ်အက်စ်စီ
(၂၉-၄-၂၀၀၄ ရက်နေ့၌ ကွယ်လွန်သည်။)

ကြည်ညွှန့်၊ ဦး
အသက် (၇၁)နှစ်
သတင်းစာဆရာ၊ စာရေးဆရာချစ်ကြည်ရေး ကြည်ညွှန့်၊ မြန်မာ့အလင်းသတင်းစာအငြိမ်းစား အယ်ဒီတာချုပ်၊ မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ ဗဟိုအမှုဆောင် ကော်မတီဝင်
(၁၁-၄-၂၀၀၄ ရက်နေ့၌ ကွယ်လွန်သည်။)

ခင်မောင်အေး၊ ဦး
အသက် (၈၈)နှစ်
စာရေးဆရာ တိမ်မိုးလှိုင်၊ ကန်တော့ခံသက်ကြီး စာပေ ပညာရှင်
(၂၈-၁၂-၂၀၀၄ ရက်နေ့၌ ကွယ်လွန်သည်။)

စံလှိုင်၊ သခင် (သတိုးသီရိသုဓမ္မ)
အသက် (၉၅)နှစ်
ရဲဘော်သုံးကျိပ်ဝင် ဗိုလ်မှူးအောင်
(၉-၁၁-၂၀၀၄ ရက်နေ့၌ ကွယ်လွန်သည်။)

စိုးရင်၊ ဦး
အသက် (၈၆)နှစ်
စာရေးဆရာ သိပ္ပံစိုးရင်၊ ကန်တော့ခံသက်ကြီးစာပေ ပညာရှင်၊ ပြည်ထဲရေးဌာန အငြိမ်းစားတွဲဖက်အတွင်းဝန်၊ B.A, B.C.S (S.G), U.N Fellow (London)
(၁၈-၄-၂၀၀၄ ရက်နေ့၌ ကွယ်လွန်သည်။)

စိန်လွင်၊ ဦး
အသက် (၈၁)နှစ်
အငြိမ်းစားဗိုလ်မှူးချုပ်
(၉-၄-၂၀၀၄ ရက်နေ့၌ ကွယ်လွန်သည်။)

ဌေးလှိုင်၊ ဦး (သဒ္ဓမ္မဇောတိကဓဇ)
အသက် (၇၃)နှစ်
ကျမ်းပြုစာရေးဆရာကြီး ဓမ္မာစရိယ ဦးဌေးလှိုင်၊ သာသနာရေးဝန်ကြီးဌာန အငြိမ်းစားအကြံပေး ပညာရှင်၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်အငြိမ်းစားတွဲဖက်ပါမောက္ခ
(၁၁-၃-၂၀၀၄ ရက်နေ့၌ ကွယ်လွန်သည်။)

တင်လှ၊ ဦး
အသက် (၈၇)နှစ်
စာရေးဆရာ မောင်မြန်မာ၊ ကန်တော့ခံသက်ကြီး စာပေပညာရှင်၊ ရန်ကုန်တက္ကသိုလ် ဘာသာပြန်နှင့် စာအုပ်ထုတ်ဝေရေးဌာန အငြိမ်းစားစာတည်းမှူး၊ ဝိဇ္ဇာ (မြန်မာစာဂုဏ်ထူး)၊ မဟာဝိဇ္ဇာ (မြန်မာစာ)
(၂၂-၄-၂၀၀၄ ရက်နေ့၌ ကွယ်လွန်သည်။)

ထင်ကြီး၊ ဦး (ဦးတင်မောင်)
အသက် (၈၇)နှစ်
စာရေးဆရာတက္ကသိုလ်ထင်ကြီး၊ ကန်တော့ခံ သက်ကြီးစာပေပညာရှင်၊ သုတပဒေသာ (ဝိဇ္ဇာ)အမျိုးသားစာပေဆု၊ တစ်သက်တာစာပေဆု၊ အရှေ့တောင်အာရှစာပေဆု၊ ဝိဇ္ဇာပညာထူးခွန်ဆု (ပထမဆင့်)တို့ကို ရရှိသူ၊ စာပေဗိမာန်အဖွဲ့အငြိမ်းစား ညွှန်ကြားရေးမှူး၊ မြန်မာစာအဖွဲ့အဖွဲ့ဝင်
(၁၁-၁-၂၀၀၄ ရက်နေ့၌ ကွယ်လွန်သည်။)

ဖေခင်၊ ဦး (မဟာသရေစည်သူ)
အသက် (၉၂)နှစ်
နိုင်ငံ့ဂုဏ်ရည်ဘွဲ့(ပထမဆင့်)၊အငြိမ်းစားသံအမတ်ကြီး၊ ပင်လုံစာချုပ် ဖြစ်ပေါ်လာရေးအတွက် အဓိကအခန်းကဏ္ဍကပါဝင်ခဲ့သူ
(၂၅-၂-၂၀၀၄ ရက်နေ့၌ ကွယ်လွန်သည်။)

ဘညိမ်၊ ဦး (စည်သူ)
အသက် (၈၈)နှစ်
နိုင်ငံ့ဂုဏ်ရည်ဘွဲ့ (ပထမဆင့်)၊ သမဝါယမဝန်ကြီးဌာန၊ အငြိမ်းစားဝန်ကြီး၊ အိုင်စီအက်စ်
(၂၇-၁၀-၂၀၀၄ ရက်နေ့၌ ကွယ်လွန်သည်။)

မင်းနိုင်၊ ဦး
အသက် (၈၀)
စာရေးဆရာ၊ ပန်းချီဆရာ၊ မြန်မာနိုင်ငံရိုးရာ ပန်းပညာရှင်များအစည်းအရုံးနာယကာ၊ ရန်ကုန်တက္ကသိုလ် မနုဿဗေဒဌာန တွဲဖက်ပါမောက္ခ၊ ယဉ်ကျေးမှုတက္ကသိုလ် ကောင်စီဝင်၊ အမျိုးသား စာပေဆုရှင်
(၁၄-၉-၂၀၀၄ ရက်နေ့၌ ကွယ်လွန်သည်။)

မောင်မောင်ကြီး၊ ဦး
အသက် (၈၅)နှစ်
နိုင်ငံ့ဂုဏ်ရည်ဘွဲ့ (ဒုတိယဆင့်)၊ လွတ်လပ်ရေးမော်ကွန်းဝင် (ဒုတိယဆင့်)၊ အငြိမ်းစားသံအမတ်ကြီး၊ ဝန်ထမ်းရွေးချယ်လှေကျင့်ရေးအဖွဲ့ အငြိမ်းစား ဥက္ကဋ္ဌ
(၃-၁-၂၀၀၄ ရက်နေ့၌ ကွယ်လွန်သည်။)

လှမျိုး၊ ဦး
အသက် (၆၈)နှစ်
ရုပ်ရှင်ဒါရိုက်တာအောင်းမောင်လှမျိုး၊ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး ဒုတိယဥက္ကဋ္ဌ
(၂၄-၂-၂၀၀၄ ရက်နေ့၌ ကွယ်လွန်သည်။)

ဝင်းဖေ၊ ဦး
အသက် (၆၀)
စာရေးဆရာ၊ ကဗျာဆရာမုံရွာဝင်းဖေ၊ စာပေဗိမာန်အဖွဲ့အငြိမ်းစားစာတည်းမှူးချုပ်
(၂၂-၄-၂၀၀၄ ရက်နေ့၌ ကွယ်လွန်သည်။)

ဝန်၊ ဦး
အသက် (၉၆)နှစ်
စာပေပညာရှင်ကဗျာဆရာကြီးမင်းသုဝဏ်၊ သီရိပျံချီဘွဲ့၊ ဝဏ္ဏကျော်ထင်ဘွဲ့၊ အမျိုးသားစာပေ (ဘာသာပြန်) ဆုရရှိသူ၊ ဝိဇ္ဇာဘွဲ့ (မြန်မာစာဂုဏ်ထူး)၊ မဟာဝိဇ္ဇာဘွဲ့ (မြန်မာစာဂုဏ်ထူး)၊ စာပေဘွဲ့ (B.Litt) (အင်္ဂလန်နိုင်ငံအောက်စ်ဖို့တက္ကသိုလ်)
(၁၅-၈-၂၀၀၄ ရက်နေ့၌ ကွယ်လွန်သည်။)

နိုင်ငံတကာ၌ စာပေ၊ ယဉ်ကျေးမှု၊ အနုပညာ၊ အားကစား၊ သိပ္ပံ၊ လူမှုရေး၊ ပညာရေး၊ နိုင်ငံရေးစသည့် နယ်အသီးသီးတွင် ထူးချွန်ထင်ရှားခဲ့ပြီး ၂၀၀၄ ခုနှစ်အတွင်း ကွယ်လွန်ခဲ့ကြသော ပုဂ္ဂိုလ်များစာရင်းကို လက်လှမ်းမီသရွေ့ ရှာဖွေစုစည်းဖော်ပြပါသည်။အကွာရာစဉ်လိုက် ဖော်ပြထားပါသည်။

ကူးပါး၊ ဂေါ်ဒွန် (၇၇ နှစ်)

မာကျူရီရှေ့ဆောင် အာကာသအစီအစဉ်၏ နောက်ဆုံးခရီးစဉ်တွင် အာကာသတွင် အချိန်အကြာဆုံး နေထိုင်သည့်စံချိန် ၁၉၁ နာရီ ထိတင်နိုင်ခဲ့သည်။ ၁၉၆၃ ခုနှစ်က သွားခဲ့သော ထိုခရီးစဉ်သည် အနာဂတ်တွင် လသို့လူသားများ သွားရောက်နိုင်ရေးအတွက် အထောက် အကူပြုခဲ့သည်။ ၁၉၇၀ ပြည့်နှစ်တွင်လေတပ်မှအနားယူခဲ့ပြီးနောက် ကားများကို စမ်းသပ်၍ ပြိုင်မောင်းစေသော ကုမ္ပဏီတစ်ခု၏ ဥက္ကဋ္ဌ ဖြစ်လာသည်။ ပြိုင်ကားများတွင် ကျက်အင်ဂျင်တပ်ဆင်ခြင်းကို ရှေ့ဆောင်ရှေ့ရွက်ပြုခဲ့သည်။ တိုက်လေယာဉ်မောင်းရာတွင် ထူးချွန်ဆုံးလေယာဉ်မှူးကို ပြောပြရန် သူ့ကို တောင်းဆိုခဲ့ရာ "ခင်ဗျား အဲဒီလူကို ကြည့်နေ တာပဲဗျာ"ဟူ၍ပြန်လည် ဖြေကြားခဲ့သည်။



ဂေါ်ဒွန်ကူးပါး

ခရစ်၊ ဖရန်စစ် (၈၈ နှစ်)

၁၉၅၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၈ ရက်နေ့တွင် ကျိမ်းစ်ဒီဝပ်ဆင်နှင့် တွဲဖက်လျက် ဒီအင်အေဖွဲ့တည်ပုံကို ရှာဖွေဖော်ထုတ်နိုင်ခဲ့သော ထင်ရှားသည့် ဇီဝရူပဗေဒပညာရှင်ဖြစ်သည်။ ထိုတွေ့ရှိချက်က အသက်ဇီဝ၏ လျှို့ဝှက်ချက်သည် ကြီးမားသော မော်လီကျူးဖြစ်ကြောင်းပြသခဲ့သည်။



ဇီဝရူပဗေဒပညာရှင် ဖရန်စစ်ခရစ်

ချီမာနန်၊ ကရီယန်ဆက် (၈၆ နှစ်)

ထိုင်းဗိုလ်ချုပ်ကြီးဖြစ်၍ ၁၉၇၇ ခုနှစ်မှ ၁၉၈၀ ပြည့်နှစ်အထိ ဝန်ကြီးချုပ်အဖြစ် ဆောင်ရွက်ခဲ့ရာ ၁၉၇၉ ခုနှစ် ပါလီမန်ရွေးကောက်ပွဲများ အပါအဝင် ဒီမိုကရေစီဖြစ်ထွန်းရေး အချိန်ဇယားကို ချမှတ်ခဲ့သူ ဖြစ်သည်။

ချင်၊ ရှီအင်ရှင်း (၉၃ နှစ်)

မျက်နှာပြင်တစ်ခု၏ အခုံးက အရာဝတ္ထုတစ်ခု၏ သဏ္ဌာန်ကို တွက်ချက်ရာ၌ အထောက်အကူပြုပုံနှင့် စပ်လျဉ်း၍ "ဂဲဩမေတြီသစ်" သီအိုရီများကို ကြံဆခဲ့သည့် သခ်ၤာပညာရှင်ဖြစ်သည်။ ထိုသီအိုရီများသည် အယူအဆဆိုင်ရာ ရူပဗေဒနယ်ပယ်များမှ ကွန်ပျူတာဂရပ်ဖစ်ပညာအထိ ဩဇာသက်ရောက်ခဲ့သည်။

ဆိုကိုလော့၊ ဖီ (၈၂ နှစ်)

ဆီအလွန်အကျွံစားသုံးမှုကို ကိုယ်ပိုင်ငွေကြေးသန်းပေါင်းများစွာအကုန်အကျခံ၍ ဆန့်ကျင်ခဲ့သူဖြစ်သည်။ ကိုယ့်ဒူးကိုယ်ချွန်ကြိုးပမ်း၍ သန်းကြွယ်သူဌေးဖြစ်လာပြီးနောက် အသက် ၄၆ နှစ်အရွယ်တွင် ကိုလက်စထရောမြင့်မားမှုကြောင့် နှလုံးရောဂါဝေဒနာခံစားခဲ့ရသူဖြစ်သည်။ သတင်းစာကြော်ငြာမျက်နှာမျက်နှာပြည့်ကို ဝယ်ယူကာ "မက်ဒေါနဲ့တို့ သင်တို့ အမဲသားစဉ်းကောညှပ်ပေါင်မုန့်တွေက အဆီများလွန်းလှပါဘိ" ဟူသောစာသားများကို ထည့်သွင်းခဲ့သည်။ သူ၏လုပ်ငန်းသည် မက်ဒေါနဲ့အပါအဝင် အမြန်ပြင်အစားအစာဆိုင်များကို ဦးတည်ခဲ့ရာ ထိုဆိုင်များသည် အာလူးကို အမဲဆီနှင့်ကြော်မည့်အစား ဟင်းရွက်ဆီနှင့် ကြော်ကြရတော့သည်။ အပူပိုင်းဒေသ ထွက်ဆီများပြည့်ဝစိုရွှေနေသောအရံသင့် အဆာပြေမုန့်များ ထုတ်လုပ်ခြင်းကို ရပ်ဆိုင်းခဲ့ကြသည်။ အစားအစာထုပ်အပေါ်တွင် စည်းကမ်းပြဋ္ဌာန်းချက်နှင့်အညီ အာဟာရဆိုင်ရာအညွှန်းစာတမ်းကပ်သည့်အဖြစ်သို့ ရောက်ရှိစေခဲ့ခြင်းအတွက် သူ့ကို ဂုဏ်ပြုကြသည်။

တာဇာနီ၊ တီဇီယာနို (၆၅ နှစ်)

ရောင်းကောင်းဆုံးစာအုပ်များကို ရေးသားခဲ့သူဖြစ်ပြီး ဂျာမန်သတင်းစာစောင် ဒေယာရှပီးဂဲ (ကြေးမုံ)

အတွက် ဝါရင့်နိုင်ငံခြားသတင်းထောက်အဖြစ် ဆောင်ရွက်ခဲ့သူဖြစ်သည်။ ဗီယက်နမ်နှင့်ကမ္ဘောဒီးယားတွင်သာမက တိန့်ရှောင်ဖိန်ခေတ်ကာလအစောပိုင်း၌ တရုတ်နိုင်ငံတွင်လည်း သတင်းယူခဲ့သည်။ "ဗေဒင်ဆရာကဟော၍ အရှေ့ဖျားတစ်ခွင်လေယာဉ်မစီးဖြစ်သော ခရီးစဉ်များ အမည်ရှိစာအုပ်တွင် အီတလီနိုင်ငံဖွား တာဇာနီသည် ၁၉၉၃ ခုနှစ်အတွင်း သူစွန့်စားခဲ့သမျှကို ရေးသားခဲ့သည်။ အာရှတစ်ခွင်ကုန်းကြောင်းနှင့် ရေကြောင်းခရီးနှင်ရင်း ဟောင်ကောင်ကျွန်းရှိ ဂန္ဓာရီပုဂ္ဂိုလ်တစ်ဦးက ထိုနှစ်အတွင်း လေယာဉ်ပျက်ကျ သေဆုံးမည်ဟု ဟောခဲ့ကြောင်းကို ဖော်ပြထားသည်။

တိုလင်တီနို၊ အာတူရို (၉၄ နှစ်)

ဖိလစ်ပိုင်နိုင်ငံတွင် ၁၉၈၆ ခုနှစ် ရွေးကောက်ပွဲ၌ ကွယ်လွန်သူ အာဏာရှင် ဖာဒီနန်မားကို့စ်၏ ဒုတိယသမ္မတလောင်းအဖြစ် ပါဝင်ယှဉ်ပြိုင်ခဲ့သူဖြစ်သည်။ ထိုရွေးကောက်ပွဲအပေါ် မကျေနပ်မှုကြောင့် မားကို့စ်အစိုးရကို ဆန့်ကျင်သည့် "ပြည်သူ့အာဏာ" လှုပ်ရှားမှုပေါ်ပေါက်ခဲ့ရပြီး သမ္မတမားကို့စ်သည် ပြည်ပသို့ ထွက်ပြေးခိုလှုံခဲ့ရသည်။ တိုလင်တီနိုက မိမိကိုယ်ကို သမ္မတအဖြစ် ကြေညာခဲ့သည်။ တိုလင်တီနို၏ အစိုးရသည် နှစ်ရက်မျှသာကြာခဲ့သည်။



အာတူရိတိုလင်တီနို

တိုလဲန်၊ ဂျွန် (၉၁ နှစ်)

တက်နေဝင်း-ကျပန်လက်နက်နိုင်ငံတော် ယိမ်းယိုင်ဇာတ်သိမ်းခန်း (၁၉၃၆-၁၉၄၅) ဟူသော ရောင်းအကောင်းဆုံးစာအုပ်ကို ပြုစုခဲ့ပြီး ဝတ္ထုမဟုတ်သော စာပေလက်ရာအတွက် ပူလစ်ဇာဆုကို ၁၉၇၁ ခုနှစ်တွင် ဆွတ်ခူးခဲ့သည့် စာရေးဆရာဖြစ်သည်။ ထုတ်ဝေခြင်းမရှိသော လုံးချင်းဝတ္ထု ၆ အုပ်နှင့် မထုတ်လုပ်ဖြစ်သော ပြဇာတ် ၂၅ ပုဒ်တို့ကို ရေးသားပြီးနောက် သူသည် ဝတ္ထုမဟုတ်သော သမိုင်းစာအုပ်ကို ၁၉၅၃ ခုနှစ်တွင် ထုတ်ဝေနိုင်ခဲ့ခြင်းဖြစ်သည်။ နောက်ပိုင်းတွင် ကိုရီးယားစစ်ပွဲအကြောင်းနှင့် အားဒေါ့ဖ်ဟစ်တလာအတ္ထုပ္ပတ္တိစာအုပ်တို့ကို ရေးသားထုတ်ဝေခဲ့သည်။ ၁၉၈၂ ခုနှစ်တွင် သူရေးသားသော အရှက်တကွဲဖြစ်ရပ် ပုလဲဆိပ်ကမ်းနှင့် နောက်ဆက်တွဲဟူသော စာအုပ်တွင် သမ္မတဖရန်ကလင်ဒီရူးစဗဲ့သည် ပုလဲဆိပ်ကမ်းကို ဂျပန်တို့ တိုက်ခိုက်မည့်အရေးကို ကြိုတင်သိရှိထားသည်ဟူ၍ ဖော်ပြထားခဲ့ရာ ထိုဖော်ပြချက်ကို သမိုင်းပညာရှင်တို့က အကြီးအကျယ် ရှုတ်ချခဲ့ကြသည်။

ဒေါ်၊ ကလေးမဲ့န် (ဆာကော့ဆုန်း) (၇၂ နှစ်)

ဂျမေကာဂီတ၏ ရှေ့ဆောင်ပုဂ္ဂိုလ်ဖြစ်ပြီးစတူဒီယို-တစ်ဟူသော ဩဇာတိက္ကမကြီးမားသည့် အသံသွင်းစတူဒီယိုကို ထူထောင်ခဲ့သူဖြစ်သည်။ ဘော့မာလေးနှင့် ဝေလားတို့၏ တေးသီချင်းများကို ပထမဆုံးအသံသွင်းဖြန့်ချိခဲ့သည်။ ၁၉၅၀ ပြည့်လွန် နှစ်များအတွင်းတွင် လူကြိုက်အများဆုံးဖြစ်သော "အသံစနစ်" များကို စီစဉ်ဖန်တီးခဲ့ရာ ဓာတ်ပြားတင်ဆုံလည်ကို သုံး၍ အကတေးသွားဓာတ်ပြားများကို ဖွင့်ကာကခုန်လိုသူများအတွက် ခင်းကျင်းတင်ဆက်မှုကို တီထွင်ကြံဆခဲ့ရာ ဟစ်ဟော့နှင့် ဒီဂျေယဉ်ကျေးမှုအတွက် အခြေခံဖြစ်သည်ဟု ဆိုစမှတ်ပြုကြသည်။

နိုကိုလေယက်၊ အင်ဒရီယန် (၇၄ နှစ်)

၁၉၆၂ ခုနှစ်က အာကာသခရီးစဉ်တွင် လိုက်ပါခဲ့သော ရုရှားအာကာသယာဉ်မှူးဖြစ်သည်။ ၉၆ နာရီကြာ ပျံသန်းမှုအတွင်း ကမ္ဘာကို ၆၄ ကြိမ်ပတ်ခဲ့သည်။ ပထမဆုံးအမျိုးသမီးအာကာသယာဉ်မှူးဗလင်တီနာထရက်ရှကိုဗာနှင့် ၁၉၆၃ ခုနှစ်တွင် လက်ထပ်ခဲ့သည်။

ပေါ်တီလို၊ ဟိုစေးလိုပက်ဇ် (၈၃ နှစ်)

၁၉၇၆ ခုနှစ်မှ ၁၉၈၂ ခုနှစ်အထိ မက္ကဆီကိုသမ္မတဖြစ်ခဲ့သည်။ သက်တမ်းတစ်ရပ်အတွင်း နိုင်ငံ

စီးပွားရေးဟျက်လုနီးပါးဖြစ်သွားသောကြောင့် ထောက်ခံမှုမရရှိတော့၍ သမ္မတရာထူးမှ နုတ်ထွက်ပြီးနောက် ဥရောပတွင် ရွှေ့ပြောင်းနေထိုင်ခဲ့သည်။

ပိုပဲ၊ ဂျွန် (၇၈ နှစ်)

၁၉၉၈ ခုနှစ် မာတုဗေဒဆိုင်ရာ နိုဗဲဆုရှင်ဖြစ်သည်။ မာတ်ပြုမှုကို ပိုမိုကောင်းမွန်စွာ တွက်ဆခန့်မှန်းနိုင်စေရန် သိပ္ပံပညာများအား ထောက်ကူသည့် ကွန်ပျူတာပရိဂရမ်တစ်ခုကို ဖန်တီးနိုင်ခြင်းအတွက် နိုဗဲဆုကို ဆွတ်ခူးခဲ့သည်။ အထက်တန်းကျောင်းသားဘဝတွင် စွန့်ပစ်ထားသော ကျောင်းသုံးစာအုပ်တစ်အုပ်မှ ကဲကုလသန်္ဃာကို ဆရာလွတ်လေ့လာတတ်မြောက်ခဲ့သည်။ သူ့မိသားစုတွင်ကောလိပ်ကျောင်းသို့ပထမဆုံးတက်ရောက်နိုင်ခဲ့သူဖြစ်ခဲ့သည်။ အိုဇုန်းလွှာအပေါ် ညစ်ထေးပစ္စည်းတို့၏ အကျိုးသက်ရောက်မှုမှစ၍ အိတ်ချ်အိုင်ဗွီရောဂါကုသသောဆေးဝါးကို စမ်းသပ်မှုအထိ သူ၏ ပရိဂရမ်ကို တွင်ကျယ်စွာအသုံးပြုနေပြီဖြစ်သည်။ ၂၀၀၃ ခုနှစ်တွင် ဆာဘွဲ့ရသည်။

ပစ်ကားရင်း၊ ဝီလျံ (၉၃ နှစ်)

၁၉၅၈ ခုနှစ်တွင် အမေရိကန်ပြည်ထောင်စု၏ ပထမဆုံးဂြိုဟ်တုကို လွှတ်တင်နိုင်ရန် ကြိုးပမ်းခဲ့သော အဖွဲ့တွင် ပါဝင်သည့် ဒုံးပျံပါရဂူဖြစ်သည်။ နာဆာ၏ ဂျက်တွန်းကန်အား ဓာတ်ခွဲခန်း၏ အကြီးအကဲဖြစ်သည်။ လသို့ လူသားလွှတ်တင်သည့် ခရီးစဉ်များနှင့် သောကြာဂြိုဟ်နှင့် အင်္ဂါဂြိုဟ်တို့သို့ စမ်းသပ်လေ့လာရေးယာဉ်များ ပို့ဆောင်ခဲ့ခြင်းတို့တွင် စွမ်းစွမ်းတမံ လုပ်ဆောင်ခဲ့သူဖြစ်သည်။

ဖဂက်၊ မက်ဇင်းအေ (၈၃ နှစ်)

"လူလိုက်ပါသော အာကာသခရီးပျံသန်းမှု၏ အိုင်းစတိုင်း" ဟူ၍ ခေါ်ဝေါ်ခံရသော အာကာသယာဉ်ဒီဇိုင်းပညာရှင်ဖြစ်သည်။လူသားတို့အာကာသမှပြန်လာနိုင်စေသည့် မာကျူရီအာကာသယာဉ်ထိပ်ဖူးကို တီထွင်ခဲ့သည်။ စောစောပိုင်းက အပ်ဖျားကဲ့သို့ ချွန်ထက်သော အာကာသယာဉ်များသည် ကမ္ဘာ့လေထုထဲသို့ ပြန်ဝင်လာစဉ် ကြုံတွေ့ရသော အပူဒဏ်ကို ကာကွယ်နိုင်ခြင်း မရှိခဲ့ချေ။ ဖဂက်သည် မာကျူရီ အာကာသယာဉ်အတွက် တုံးသော ထိပ်ဖူးကို တီထွင်လာရာ ထိုအပူရှိန်ကို လမ်းလွှဲပေးသည့် တုန်လှိုင်းတစ်ရပ်ကို ဖြစ်စေသည်။

ဘလန်ကာကိုအင်၊ ဖန်နီ (၈၅ နှစ်)

၁၉၄၈ ခုနှစ် လန်ဒန်အိုလင်းပစ်ပွဲတော်တွင် ရွှေတံဆိပ်လေးခုဆွတ်ခူးခဲ့၍ "ပျံသန်းသောအိမ်ထောင်ရှင်မ" ဟု ထင်ရှားကျော်ကြားခဲ့သည်။ အိုလင်းပစ်ပွဲတစ်ပွဲတည်းတွင် ပြေးခုန်ပစ်အောင်မြင်မှု အများဆုံးရခဲ့သော အမျိုးသမီးဖြစ်သည်။ အသက် ၃၀ အရွယ်ကလေးနှစ်ယောက်မိခင် ဘလန်ကာကိုအင်သည် အပြေးပြိုင်ပွဲတွင် အသက်အကြီးဆုံးလည်းဖြစ်၍ ထိုပြိုင်ပွဲမတိုင်မီတွင် လျှစ်လျူရှုထားခြင်းခံရသည်။ သို့ရာတွင် ထိုဒတ်ချ် အမျိုးသမီးအပြေးသမားသည် မီတာ ၁၀၀၊ မီတာ ၂၀၀၊ မီတာ ၁၀ တန်းကျော်ပြေးနှင့် မီတာ ၄၀၀ လက်ဆင့်ကမ်းတို့တွင်အနိုင်ရရှိလိုက်ရာ အားကစားဝေဖန်ရေးသမားတို့ တုန်လှုပ်အံ့သြသွားခဲ့ကြသည်။


ဘူးလော့ခ်၊ အာလန် (၈၉ နှစ်)

ရောင်းကောင်းဆုံးစာရင်းဝင် အတ္ထုပ္ပတ္တိစာအုပ်ဖြစ်သော ဟစ်တလာ၊ အာဏာရှင်အုပ်စိုးမှုကို လေ့လာခြင်းစာအုပ်ကို ရေးသားခဲ့သည့် သမိုင်းပညာရှင်ဖြစ်သည်။ ခေတ်သစ်အတွေးအခေါ်အပေါ် သြဇာညောင်းသော နှစ်ဆယ်ရာစုနှစ်ဝရုန်းသုန်းကားအခြေအနေကို နားလည်ရန် လုပ်ဖော်ကိုင်ဘက် အော့စ်ဖို့ဒ်သမိုင်းပညာရှင်များဖြစ်ကြသော အေလျပီတေလာနှင့် ဟူးထရော့တို့နှင့်အတူ သုံးဦးပေါင်းလေ့လာရေးအဖွဲ့ ဖွဲ့စည်း၍ ကြိုးပမ်းအားထုတ်လေ့လာခဲ့သည်။ ဒုတိယကမ္ဘာစစ်ကာလက ဘီဘီစီသတင်းထောက်ဖြစ်ခဲ့သော ဘူးလော့ခ်သည် နျူရင်းဘတ်စစ်ခုံရုံးမှတ်တမ်း အသေးစိတ်ကို အကိုးအထောက်ပြုလျက် ဟစ်တလာအကြောင်း အတ္ထုပ္ပတ္တိကို ပြုစုခဲ့ခြင်းဖြစ်သည်။

မာရာ၊ ရာတူဆာကာမီစီစီ (၈၃ နှစ်)

ဖီဂျီနိုင်ငံ၏ ပထမဆုံးဝန်ကြီးချုပ်ဖြစ်သည်။ ၁၉၇၀ ပြည့်နှစ်တွင် ဗြိတိသျှကိုလိုနီအဖြစ်မှ နိုင်ငံလွတ်လပ်ရေးရပြီးချိန်မှစ၍ ဆယ်စုနှစ်သုံးစုတိုင်တိုင် နိုင်ငံ၏


ခေါင်းဆောင်ဖြစ်ခဲ့သည်။ လူမျိုးစုအကြီးအကဲမျိုးနွယ်မှ မွေးဖွားဆင်းသက်လာသူဖြစ်သည်။ ဒေသခံဖီဂျီလူမျိုးများနှင့် လာရောက်အခြေစိုက်နေထိုင်သူ အိန္ဒိယမျိုးနွယ်တို့အကြား အခွင့်အရေးတန်းတူညီမျှရှိစေသောဖွဲ့စည်း ပုံအခြေခံဥပဒေပေါ်ထွန်းရေးအတွက်ကြိုးပမ်းခဲ့သည်။



ဒီဂျိနိုင်ငံ၏ ပထမဆုံး ဝန်ကြီးချုပ်ဖြစ်ခဲ့သူ ရာတူဆာကာမိစိစိမာရာ

လော်ရယ်၊ ဆာဗေဒို (၇၅ နှစ်)

၁၉၈၆ ခုနှစ်တွင် ဖိလစ်ပိုင်နိုင်ငံအတွက် ပါဝင်ယှဉ်ပြိုင်ခြင်းမပြုရန် ဆုံးဖြတ်ခြင်းဖြင့် ဟာဒီနန်မားကို့စ်ကို ပြုတ်ကျစေရန် အထောက်အကူပြုခဲ့သည်။ ဩဇာတိက္ကမကြီးမားသော နိုင်ငံရေးဆွေမျိုးစုတစ်ရပ်မှဆင်းသက်လာသူဖြစ်သည်။ မားကို့စ်ပြည်ပသို့ ထွက်ပြေးခိုလှုံသွားပြီးနောက် လော်ရယ်သည် ကိုရာဇွန် အာကွိနို ၏ ဒုတိယသမ္မတအဖြစ် ၁၉၈၆ ခုနှစ်မှ ၁၉၉၂ ခုနှစ်အထိ ထမ်းဆောင်ခဲ့သည်။



ဖိလစ်ပိုင်နိုင်ငံဒုတိယသမ္မတောင်း ဆာဗေနို့လော်ရယ်

ဝှစ်ပဲ၊ ဖရက်အယ် (၉၇ နှစ်)

ကြယ်တံခွန်များကို ကျောက်နှင့်ရေခဲအစုအဝေးများအဖြစ် ဗွေဆော်ဦးတီကျစွာ ဖွင့်ဆိုရှင်းလင်းပြခဲ့သည့် ရှေ့ဆောင်နက္ခတ္တပညာရှင်ကြီးဖြစ်သည်။ ၁၉၅၀ ပြည့်နှစ်တွင် ဝှစ်ပဲက "ညစ်ထေးသောနှလုံး" သီဝရီကို တင်ပြခဲ့ရာ ကြယ်တံခွန်များတွင် ဖုန်နှင့် ဓာတ်ငွေ့များ ပါဝင်ဖွဲ့စည်းထားသည်ဟု ယူဆသော သိပ္ပံပညာရှင်များနှင့် အချေအတင်အငြင်းပွားခဲ့ရသည်။ သို့သော် ၁၉၈၆ ခုနှစ်က ရိုက်ယူသော ဟေလီကြယ်တံခွန်၏ ဓာတ်ပုံများက ဝှစ်ပဲမှန်ကန်ကြောင်း သက်သေခံခဲ့သည်။ သူသည် "ဝှစ်ပဲဒိုင်းလွှား"ကိုလည်း တီထွင်ခဲ့ရာ အာကာသယာဉ်များတွင် ဥက္ကာခဲဒဏ်မထိအောင် ကာကွယ်သည့် ပစ္စည်းကိရိယာအဖြစ် ယနေ့တိုင် အသုံးပြုလျက်ရှိသည်။ မန်ဆက်ချူးဆက်၊ ကိန်းဗရစ်မြို့တွင် ကွယ်လွန်သည်။

ရီ၊ ခရစ္စတိုဖာ (၅၂ နှစ်)

စူပါမင်းရုပ်ရှင်ကား လေးကားတွင် ဇာတ်ရုပ်ပီလှသော သရုပ်ဆောင်ဖြစ်သည်။ ရီသည် ပြဇာတ်သရုပ်ဆောင်အဖြစ်မှ ၁၉၇၇ ခုနှစ်တွင် စူပါမင်းအဖြစ် သရုပ်ဆောင်ခွင့်ရရှိခဲ့သည်။ ခွန်အားကြီးမားသော စူပါမင်းအဖြစ်လည်းကောင်း၊ ကျန်ဇာတ်ရုပ်ကိုယ်ခွဲ ကလပ်ကင့်အဖြစ်လည်း သရုပ်ဆောင်ရာတွင် ပီပြင်၍ ထင်ရှားခဲ့သည်။ ၁၉၉၅ ခုနှစ်တွင် မြင်းစီးနေစဉ် လိမ့်ကျ၍ ကိုယ်တစ်ပိုင်းသေခဲ့ရသည်။



စူပါမင်းအဖြစ် သရုပ်ဆောင်ခဲ့သည့် ခရစ္စတိုဖာရီ

ရေး၊ ဖေး (၉၆ နှစ်)

"ရုပ်ရှင်ပိတ်ကားပြင်၏ အရှင်သခင်မ" ဟုခေါ်ဝေါ်ခံရပြီး အဲရစ်ဖွန်စထရိုဟိုင်း၏ သဝက်ဒင်မာ့ခ်ျဇာတ်ကားအပါအဝင် ရုပ်ရှင်ကား ၁၀၀ ကျော်တွင် ပါဝင်သရုပ်ဆောင်ခဲ့သူဖြစ်သည်။ သူမသည် ကင်းကောင်ဇာတ်ကားကြီးတွင် အဲန်းဒရိုးအဖြစ်သရုပ်ဆောင်ခဲ့ရာအင်ပါရာစတိတ်အဆောက်အအုံထိပ်ဖျား၌ သူမကို ကင်းကောင်သတ္တဝါကြီး၏ လက်ထဲတွင် ဆုပ်ကိုင်ထားသည့် ဇာတ်ဝင်ခန်းသည်မမေ့ပျောက်နိုင်သောမြင်ကွင်းဖြစ်ခဲ့သည်။

ဟယူးစ်၊ အမွလင်း (၅၇ နှစ်)

လစ်ဗာပူးဘောလုံးအသင်းနှင့် အင်္ဂလန်ဘောလုံးအသင်း၏ခေါင်းဆောင်အဖြစ် ခွန်အားအပြည့်တက်ကြွစွာကစားခဲ့သော ဘောလုံးသမားဖြစ်သည်။ ၁၉၆၀ပြည့်လွန်နှစ်များအတွင်းတွင် ဇဲနပဲကြီးစွာ တစ်ဟုန်ထိုးတွန်းတိုက်ပြေးလွှားကစားသည့် ဟန်ကြောင့် "မြင်းရိုင်း" ဟုအမည်တွင်ခဲ့သည်။ ၁၉၇၆ ခုနှစ်မှ ၁၉၈၀ ပြည့်နှစ်အတွင်း လစ်ဗာပူအသင်းကို လိဂ်ပြိုင်ပွဲသရဖူလေးကြိမ်ဆောင်းစေခဲ့ပြီး ဥရောပဖလားနှစ်ဆုဆွတ်ခူးနိုင်စေခဲ့သည့်အသင်းခေါင်းဆောင်ဖြစ်သည်။

ဟေလီ၊ အာသာ (၈၄ နှစ်)

လေဆိပ်၊ ဟိုတယ်နှင့် ငွေကုန်သည်စသည့် ရောင်းကောင်းဆုံးစာရင်းဝင်လျှို့ဝှက်သည်းဖိုဝတ္ထုများကိုရေးသားခဲ့သော စာရေးဆရာကြီးဖြစ်သည်။ လေဆိပ် (၁၉၆၈)ကိုဘတ်လန်ကာ့စတာပါဝင်သရုပ်ဆောင်သောရုပ်ရှင်အဖြစ် ရိုက်ကူးခဲ့သည်။ ဟေလီသည်ဘဟားမားရှိနေအိမ်တွင် ကွယ်လွန်ခဲ့သည်။



လျှို့ဝှက်သည်းဖိုဝတ္ထုများရေးသားခဲ့သော စာရေးဆရာကြီး အာသာတေလီ



စာရေးဆရာနှင့် ရုပ်ရှင်ပညာရှင် ဝိတာအူစတိနော့

အူစတိနော့၊ ဝိတာ (၈၂ နှစ်)

ဘာသာစကားခြောက်မျိုးပြောနိုင်သော စာရေးဆရာနှင့် ရုပ်ရှင်ပညာရှင်ဖြစ်သည်။ ရိုမန်နော့နှင့် ဂျူလီယက်ပြဇာတ်အပြင် ဝတ္ထုတိုအများအပြားနှင့် ဝတ္ထုမဟုတ်သော စာပေလက်ရာများကိုဖန်တီးခဲ့သည်။ ဘီလီဘတ်ဇာတ်ကားကို စီစဉ်ညွှန်ကြားရိုက်ကူးခဲ့ရာအကောင်းဆုံးဇာတ်ပို့သရုပ်ဆောင်အဖြစ် အော်စကာအကယ်ဒမီဆုကို ဆွတ်ခူးခဲ့သည်။ နိုင်းမြစ်ပေါ်တွင်သေဆုံးခြင်းဇာတ်ကားတွင် စာရေးဆရာမ အဂ္ဂါသာခရစ္စတီးဖန်တီးသော ဟာကျူလီပွိုင့်ရိုးအဖြစ် သရုပ်ဆောင်ရာတွင် ပီပြင်လှ၍ ထင်ရှားသည်။ "ကျုပ်ရဲ့သွေးကြောထဲမှာ ရုရှား၊ ကျာမန်၊ စပိန်၊ အီတလီ၊ ပြင်သစ်နဲ့ အီသီယိုပီးယားသွေးတွေရှိနေတယ်"ဟူ၍ ကြွားဝါလေ့ရှိသည်။ ၁၉၇၇ ခုနှစ်တွင် ကိုယ်ရေး အတ္ထုပ္ပတ္တိကို ကျွန်တော် ချစ်သောကျွန်တော်ဟု အမည်ပေး၍ ရေးသားခဲ့သည်။

ခင်မောင်အေး၊ ဦး (ခရစ်နှစ် ၁၉၂၀-၂၀၀၄)။ ။

တိမ်မိုးလှိုင်ကလောင်နာမည်ဖြင့် စာပေများ ရေးသားခဲ့သူ သက်ကြီးစာပေပညာရှင် ဦးခင်မောင်အေးကို ဖခင် ဦးငွေလှိုင်၊ မိခင် ဒေါ်ဖွားအိုတို့က ၁၉၂၀ ပြည့်နှစ်၊ အောက်တိုဘာလ ၂၇ ရက်နေ့တွင် မော်လမြိုင်မြို့၌ မွေးဖွားသည်။



ဦးခင်မောင်အေး (တိမ်မိုးလှိုင်)

ဦးခင်မောင်အေးသည် ၁၉၂၇ ခုနှစ်မှ ၁၉၃၈ ခုနှစ်အထိ အစိုးရဟိုက်စကူးကျောင်းတွင် ၁၀ တန်းအထိ ပညာသင်ယူသည်။ ၁၉၄၆ ခုနှစ်မှ ၁၉၅၂ ခုနှစ်အထိ ဗိုလ်တထောင်စစ်လက်နက်ပစ္စည်းတပ်တွင် အရပ်သားစာရေးအဖြစ် တာဝန်ထမ်းဆောင်သည်။ ၁၉၅၆ ခုနှစ်မှ ၁၉၆၅ ခုနှစ်အထိ ချက်ကိုစလိုဗက်နှင့် ဂျီဒီအာ ကောင်စစ်ဝန်ရုံးများတွင် ကုန်သွယ်ရေးလက်ထောက်အဖြစ် ဆောင်ရွက်သည်။

ဦးခင်မောင်အေးသည် ၁၉၆၅ ခုနှစ်မှ ၁၉၆၉ ခုနှစ်အထိ မြစာပေတိုက်နှင့် ဂုဏ်ထူးစာပေတိုက်တို့တွင် စာပေများရေးသားသည်။ ၁၉၇၄ ခုနှစ်မှစ၍ သွေးသောက်၊ မြဝတီ၊ ငွေတာရီ၊ စစ်ပြန်၊ တေဇ၊ ပျော်တော်ဆက်၊ သံလျင်ဦး၊ မြတ်လေး၊ မြတ်ဆုမွန်၊ ရတနာမွန်မဂ္ဂဇင်းများနှင့် ယုဝတီဂျာနယ်တွင် ဆောင်းပါးများရေးသားသည်။ ၁၉၈၇ ခုနှစ်မှစ၍ ၂၀၀၄ ခုနှစ်အထိ သုတစွယ်စုံမဂ္ဂဇင်းနှင့် အာရောဂျံမဂ္ဂဇင်းတို့တွင် ဆောင်းပါးများ ရေးသားသည်။ သုတရသ ဆောင်းပါးမျိုးစုံအမြောက်အမြားရေးသားခဲ့ ပြီး ပညာပေးစာအုပ် ၁၀ အုပ် ရေးသားထုတ်ဝေသည်။

သက်ကြီးစာပေပညာရှင် ဦးခင်မောင်အေး (တိမ်မိုးလှိုင်)သည် ၂၀၀၄ ခုနှစ်၊ ဒီဇင်ဘာလ ၂၈ ရက်နေ့တွင် ရန်ကုန်မြို့၌ ကွယ်လွန်သည်။ ကွယ်လွန်ချိန်တွင် ဇနီး ဒေါ်အေးအေး၊ သားသမီးခုနစ်ဦးနှင့် မြေး ၁၁ ဦးတို့ ကျန်ရစ်သည်။

ခင်လေးမောင်၊ တက္ကသိုလ် (ခရစ်နှစ် ၁၉၁၉-၂၀၀၂)။ ။ သက်ကြီးစာပေပညာရှင်နှင့် ဓာတ်ပုံပညာရှင်ကြီးဖြစ်သူ တက္ကသိုလ်ခင်လေးမောင်ကို ဖခင်ဦးဘညွန့်၊ မိခင်ဒေါ်မမတို့က ၁၉၁၉ ခုနှစ်၊ ဒီဇင်ဘာလ ၂၉ ရက်နေ့တွင် မန္တလေးမြို့၌ မွေးဖွားသည်။ နာမည်ရင်းမှာ ဦးမောင်မောင်ကလေးဖြစ်ပြီး မွေးချင်းခြောက်ဦးတွင် အကြီးဆုံးတစ်ဦးတည်းသော သားဖြစ်သည်။

တက္ကသိုလ် ခင်လေးမောင်သည် ငယ်စဉ်က မန္တလေးမြို့၊ ဘီတီအမ်ကျောင်းတွင် ပညာသင်ယူသည်။ တက္ကသိုလ်ဝင်စာမေးပွဲကို ရန်ကုန်မြို့၊ ဆရာဖြစ်သင်ကောလိပ် (တီတီစီ)မှ အောင်မြင်သည်။ ၁၉၄၁-၄၂ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်မှ ဘီအေ (အင်္ဂလိပ်စာဂုဏ်ထူး)ဘွဲ့ကို ရရှိသည်။

တက္ကသိုလ်ခင်လေးမောင်သည် တက္ကသိုလ်၌ ပညာသင်ယူစဉ် ၁၉၃၈ ခုနှစ်မှစ၍ မြန်မာအင်္ဂလိပ် ဆောင်းပါးများ၊ ကဗျာများ၊ ဝတ္ထုတိုများကို တက္ကသိုလ်မဂ္ဂဇင်း၊ ဒဂုန်မဂ္ဂဇင်း၊ ဂန္ဓလောကမဂ္ဂဇင်း၊ ဘားမားဂျာနယ်တို့တွင် ရေးသားခဲ့သည်။ ၁၉၅၂ ခုနှစ်မှစ၍ မြဝတီမဂ္ဂဇင်းဓာတ်ပုံပြိုင်ပွဲကို စတင်မျိုးစေ့ချပေးပြီး ၁၈ နှစ်ကြာမျှ ဓာတ်ပုံပြိုင်ပွဲအကဲဖြတ်အဖြစ်လည်းကောင်း၊ ပင်တိုင်ဆောင်းပါးရှင်အဖြစ်လည်းကောင်း ဆောင်ရွက်သည်။ ၁၉၉၀ ပြည့်နှစ်မှစ၍ ငွေတာရီမဂ္ဂဇင်းတွင် ဓာတ်ပုံပညာ ပေးဆောင်းပါးများနှင့် ကိုယ်တိုင်ရေးအတ္ထုပ္ပတ္တိရေးသားရင်း ဓာတ်ပုံတာဝန်နှင့် စာပေတာဝန်ကို ထမ်းဆောင်သည်။

တက္ကသိုလ်ခင်လေးမောင်သည် ဓာတ်ပုံပညာကို ၁၉၃၅ ခုနှစ်မှ စတင်လိုက်စားသည်။ စစ်ကြိုခေတ်တွင် ဒဂုန်မဂ္ဂဇင်း၊ ဆန်းဒေးဂဇက်သတင်းစာ ဓာတ်ပုံပြိုင်ပွဲများ၌ ဆုများရရှိသည်။ ပထမဆုံးဓာတ်ပုံဆောင်းပါးဖြစ်သည့် Indoor Portraiture by Natural Light ကို အင်္ဂလိပ်ဘာသာဖြင့် ရေးသားပြီး စစ်ကြိုခေတ်က အိန္ဒိယနိုင်ငံ၊ ဘုံဘေမြို့၌ ထုတ်ဝေသော ကမ္ဘာကျော် ကိုဒတ်ဓာတ်ပုံမဂ္ဂဇင်း (Kodak Indian Magazine) ၁၉၄၂ ခုနှစ်၊ ဇူလိုင်လနှင့် သြဂုတ်လထုတ်တွင် ဓာတ်ပုံများနှင့်တကွ ဖော်ပြခြင်းခံရသည်။



တက္ကသိုလ်ခင်လေးမောင်

တက္ကသိုလ်ခင်လေးမောင်သည် စစ်ပြီးခေတ် ၁၉၅၀ ပြည့်နှစ်တွင် မြန်မာနိုင်ငံ ဓာတ်ပုံအသင်းကို စတင်ထူထောင်ဖွဲ့စည်းရာ၌ ခေါင်းဆောင်ပါဝင်သည်။

မြန်မာနိုင်ငံဓာတ်ပုံအသင်းအသင်းဝင်အမှတ် ၀၀၂ ဖြစ်သည်။ ၁၉၅၁ ခုနှစ်မှ ၁၉၅၅ ခုနှစ်အထိ မြန်မာနိုင်ငံ ဓာတ်ပုံအသင်း အတွင်းရေးမှူးအဖြစ် ဆောင်ရွက်ပြီး မြန်မာနိုင်ငံတွင် ဓာတ်ပုံပညာ တိုးတက်ပြန့်ပွားရေးနှင့် အဆင့်အတန်းမြင့်မားရေးအတွက် ကြိုးပမ်းဆောင်ရွက်သည်။

တက္ကသိုလ်ခင်လေးမောင်သည် ၁၉၅၂ ခုနှစ်၌ ရန်ကုန်တက္ကသိုလ်ကကျင်းပသော ပထမဆုံး သတင်းစာပညာသင်တန်းတွင်လည်းကောင်း၊ ၁၉၆၅ ခုနှစ်၌ နိုင်ငံတော်ရုပ်ရှင်လုပ်ငန်းမြှင့်တင်ရေးအဖွဲ့က ကျင်းပသော ရုပ်ရှင်နှင့် ဓာတ်ပုံပညာသင်တန်းတွင်လည်းကောင်း၊ ပြန်ကြားရေးဝန်ကြီးဌာနက ဖွင့်လှစ်သော သတင်းစာပညာသင်တန်းများတွင်လည်းကောင်း၊ မြန်မာနိုင်ငံ ဓာတ်ပုံအသင်းကဖွင့်လှစ်သောအခြေခံဓာတ်ပုံသင်တန်းများတွင်လည်းကောင်း ဓာတ်ပုံပညာဘာသာရပ်ကို သင်ကြားပို့ချပေးသည်။

တက္ကသိုလ်ခင်လေးမောင်သည် ၁၉၅၄ ခုနှစ်မှ ၁၉၇၂ ခုနှစ်အထိ မြန်မာ့ရုပ်ရှင်အဆင့်အတန်း မြှင့်တင်ရေးအကဲဖြတ်အဖွဲ့ အဖွဲ့ဝင်အဖြစ်လည်းကောင်း၊ ၁၉၆၀ ပြည့်နှစ်မှ ၁၉၇၂ ခုနှစ်အထိ နိုင်ငံတော်ရုပ်ရှင်လုပ်ငန်းမြှင့်တင်ရေးအဖွဲ့အဖွဲ့ဝင်အဖြစ်လည်းကောင်း၊ ၁၉၆၂ ခုနှစ်မှ ၁၉၇၂ ခုနှစ်အထိ ရုပ်ရှင်ဆင်ဆာအဖွဲ့ အဖွဲ့ဝင်အဖြစ်လည်းကောင်း၊ ၁၉၈၅ ခုနှစ်မှ ၂၀၀၂ ခုနှစ်အထိပြန်ကြားရေးဝန်ကြီးဌာနမြန်မာ့ရည်ညွှန်းကျမ်းစာအုပ်များစီစဉ်ရေးအဖွဲ့အဖွဲ့ဝင်အဖြစ်လည်းကောင်း ဆောင်ရွက်သည်။

တက္ကသိုလ်ခင်လေးမောင်သည် ဓာတ်ပုံပညာကို ကျပန်ခေတ်တွင် ကိုယ်တွေ့လိုက်စားသည်။ ကျပန်ခေတ် ဗမာ့တပ်မတော် စစ်ကိုင်းလေယာဉ်ပျံပစ် အမြောက်ကြီးတပ်၌ ရိုက်ယူသော ဓာတ်ပုံသည် ၁၉၉၄ ခုနှစ်၊ ၄၉နှစ်မြောက် တပ်မတော်နေ့တွင် ဂန္ဓဝင်ဓာတ်ပုံအဖြစ် ဆုချီးမြှင့်ခြင်းခံရသည်။

တက္ကသိုလ်ခင်လေးမောင်သည် ၁၉၄၉ ခုနှစ်မှ ၁၉၅၃ ခုနှစ်အထိ ကျင်းပသော လွတ်လပ်ရေးနေ့ ဓာတ်ပုံပြိုင်ပွဲ၊ ယဉ်ကျေးမှုဓာတ်ပုံပြိုင်ပွဲ၊ စက်မှုလက်မှုဓာတ်ပုံပြိုင်ပွဲ၊ ကမ္ဘာအေးဓာတ်ပုံပြိုင်ပွဲ၊ မြန်မာ-အမေရိကန်ယဉ်ကျေးမှုဓာတ်ပုံပြိုင်ပွဲတို့တွင် ဝင်ရောက်ယှဉ်ပြိုင်ရာ ရွှေတံဆိပ်၊ ငွေတံဆိပ်နှင့် ငွေဒိုင်းဆုကြီးများ ဆွတ်ခူးရရှိသည်။ ၁၉၅၂ ခုနှစ်တွင် ကျင်းပသော လန်ဒန်မြို့၊ တော်ဝင်ဓာတ်ပုံအသင်းကြီး (Royal Photographic Society) ၏ နှစ်ပတ်လည် ဓာတ်ပုံပြပွဲတွင် ဓာတ်ပုံများ ရွေးချယ်ခံတ်ဆွဲခြင်းခံရသည်။ ၁၉၅၃ ခုနှစ်မှစ၍ ပြိုင်ပွဲဝင်ခြင်းကို စွန့်လွှတ်ပြီး ဓာတ်ပုံများရွေးချယ်အကဲဖြတ်ခြင်းနှင့် ဆောင်းပါးများရေးသားကာ ဓာတ်ပုံပညာမြှင့်တင်ရေးကို ဆောင်ရွက်သည်။

တက္ကသိုလ်ခင်လေးမောင်သည် ၁၉၅၄ ခုနှစ်မှ ၁၉၇၂ ခုနှစ်အထိ မြန်မာ့ရုပ်ရှင်အဆင့်အတန်း မြှင့်တင်ရေးအကဲဖြတ်အဖွဲ့ အဖွဲ့ဝင်အဖြစ်လည်းကောင်း၊ ၁၉၆၀ ပြည့်နှစ်မှ ၁၉၇၂ ခုနှစ်အထိ နိုင်ငံတော်ရုပ်ရှင်လုပ်ငန်းမြှင့်တင်ရေးအဖွဲ့အဖွဲ့ဝင်အဖြစ်လည်းကောင်း၊ ၁၉၆၂ ခုနှစ်မှ ၁၉၇၂ ခုနှစ်အထိ ရုပ်ရှင်ဆင်ဆာအဖွဲ့ အဖွဲ့ဝင်အဖြစ်လည်းကောင်း၊ ၁၉၈၅ ခုနှစ်မှ ၂၀၀၂ ခုနှစ်အထိပြန်ကြားရေးဝန်ကြီးဌာနမြန်မာ့ရည်ညွှန်းကျမ်းစာအုပ်များစီစဉ်ရေးအဖွဲ့အဖွဲ့ဝင်အဖြစ်လည်းကောင်း ဆောင်ရွက်သည်။

တက္ကသိုလ်ခင်လေးမောင်သည် ကျပန်ခေတ် ဗမာ့တပ်မတော်စစ်ဝန်ကြီးရုံးပြည်သူ့ဆက်ဆံရေးဌာနတွင် စာပေဖြန့်ချိရေးဌာနခွဲမှူးအဖြစ်လည်းကောင်း၊ ၁၉၄၈ ခုနှစ်တွင် မြန်မာနိုင်ငံဘာသာပြန်စာပေအသင်း (စာပေဗိမာန်)၌ လက်ထောက်စာတည်းအဖြစ် လည်းကောင်း၊ ၁၉၄၈ ခုနှစ်မှ ၁၉၇၉ ခုနှစ် အထိ မြန်မာ့မီးရထားတွင် ငွေစာရင်းဝန်ထောက်မှစတင်၍ ဒုတိယငွေစာရင်းမှူးချုပ်

အထိလည်းကောင်း တာဝန်ထမ်းဆောင်ပြီး အငြိမ်းစား ယူသည်။

တက္ကသိုလ်ခင်လေးမောင်သည် နိုင်ငံတော်က ချီးမြှင့်သော လွတ်လပ်ရေးမော်ကွန်းဝင်(တတိယဆင့်)၊ ၁၉၃၉-၄၅ ကြယ်တံဆိပ်၊ စစ်ပွဲတံဆိပ်၊ ဘားမားစတား တံဆိပ်နှင့်ပြည်သူ့ဝန်ထမ်းကောင်းတံဆိပ်များကိုရရှိသည်။

မြန်မာနိုင်ငံဓာတ်ပုံအသင်း၏ ဂုဏ်ထူးဆောင် အသင်းသားအဖြစ်လည်းကောင်း၊ နာယကအဖြစ် လည်းကောင်းရွေးချယ်ဂုဏ်ပြုခြင်းခံရသူ သက်ကြီး စာပေပညာရှင်နှင့် ဓာတ်ပုံပညာရှင်၊ နှစ် ၅၀ မှ ချစ်တေးသံများ (စာပဒေသာဆု)စာအုပ်ဖြင့် အမျိုးသား စာပေဆုရရှိခဲ့သူ တက္ကသိုလ်ခင်လေးမောင်သည် ၂၀၀၂ ခုနှစ်၊ ဒီဇင်ဘာ လ၃၀ ရက်နေ့တွင် ကွယ်လွန်သည်။ ကွယ်လွန်ချိန်တွင် သားနှစ်ဦး၊ သမီးတစ်ဦး၊ မြေးကိုးဦး မြစ်သုံးဦး ကျန်ရစ်သည်။

ဦးစိုးအောင်

ဂုဏ်ထူးဆောင်ဘွဲ့များ ဂုဏ်ထူးဆောင်တံဆိပ်များ

(၂၀၀၄)။ ။ပြည်ထောင်စုမြန်မာ နိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီသည် ဆရာတော်ကြီးများ ဂန္ဓဓူရပရိယတ္တိ ဝန်ဆောင်စာချဆရာတော်များ၊ ဝိပဿနာဓူရပဋိပတ္တိ ဝန်ဆောင်ကမ္မဋ္ဌာန်းနည်းပြဆရာတော်များ၊ နယ်လှည့် ဓမ္မကထိကနှင့် ပြည်တွင်းပြည်ပသာသနာပြုပုဂ္ဂိုလ် များ၊ ဗုဒ္ဓသာသနာတော်ကို ပစ္စည်းလေးပါးတို့ဖြင့် ထူးခြားစွာ ထောက်ပံ့လှူဒါန်းနေကြသည့် ပုဂ္ဂိုလ်များ၊ နိုင်ငံတော်ကာကွယ်ရေးတာဝန်များကို ရွပ်ရွပ်ခွံ့ခွံ့ ထမ်းဆောင်ခဲ့ကြသည့် ပုဂ္ဂိုလ်များ၊ ဝိဇ္ဇာပညာ၊ ဆေး ပညာနှင့် နည်းပညာရပ်များတွင် ထူးချွန်စွာ ဆောင်ရွက် ခဲ့ကြသည့် ပုဂ္ဂိုလ်များ၊ လယ်ယာကဏ္ဍ၊ စက်မှုကဏ္ဍ၊ စီမံခန့်ခွဲရေးကဏ္ဍနှင့် လူမှုရေး ကဏ္ဍများတွင် ထူးချွန် စွာ ဆောင်ရွက်ခဲ့ကြသည့် ပုဂ္ဂိုလ်များ၊ နိုင်ငံတော်တာဝန် များကို ကျေပွန်စွာထမ်းဆောင်ခဲ့ကြသည့် အငြိမ်းစား စစ်မှုထမ်းများ၊ တာဝန်ထမ်းဆောင်ဆဲစစ်မှုထမ်းများ၊ အငြိမ်းစားပြည်သူ့ဝန်ထမ်းများ၊ တာဝန်ထမ်းဆောင်ဆဲ ပြည်သူ့ဝန်ထမ်းများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များကို သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ၊ ဂုဏ်ထူး ဆောင်တံဆိပ်များ၊ မြန်မာနိုင်ငံစစ်မှုထမ်းသင်္ဂဟ တံဆိပ်များ၊ စစ်မှုထမ်းကောင်းတံဆိပ်များ၊ ပြည်သူ့ ဝန်ထမ်းကောင်းတံဆိပ်များ၊ ရဲမှုထမ်းကောင်းတံဆိပ် များ၊ နိုင်ငံတော်ရဲမှုထမ်းတံဆိပ်များ၊ ပြည်သူ့ဝန်ထမ်း တံဆိပ်နှင့် ငြိမ်ဝပ်ပိပြားရေးနှင့် တရားဥပဒေစိုးမိုး ရေးတံဆိပ်များ ဆက်ကပ်လှူဒါန်းခြင်းနှင့် ချီးမြှင့် အပ်နှင်းခြင်းများ ပြုလုပ်သည်။

ယင်းကဲ့သို့ ဆက်ကပ်လှူဒါန်းခြင်း၊ ချီးမြှင့်အပ်နှင်း ခြင်းများပြုသည်နှင့်အညီ သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ၊ ဘွဲ့များဆက်ကပ် လှူဒါန်းခြင်းခံရ သော ပြည်တွင်းပြည်ပမှ ဆရာတော်ကြီးများ၊ သီလရှင် ဆရာကြီးများ၊ ဗုဒ္ဓသာသနာတော်ကို ပစ္စည်းလေးပါး တို့ဖြင့် ထူးခြားစွာ ထောက်ပံ့လှူဒါန်းနေကြသည့် ပုဂ္ဂိုလ်များ၏ အမည်များနှင့် ဘွဲ့တံဆိပ်တော်အမည် များ၊ ဘွဲ့အမည်များ၊ ဂုဏ်ထူးဆောင်တံဆိပ်များ ချီးမြှင့် အပ်နှင်းခြင်းခံရသည့် ပုဂ္ဂိုလ်များ၏အမည်များနှင့် ဘွဲ့ အမည်များ၊ မြန်မာနိုင်ငံစစ်မှုထမ်းသင်္ဂဟတံဆိပ်၊ စစ်မှုထမ်းကောင်းတံဆိပ်၊ ပြည်သူ့ဝန်ထမ်းကောင်း တံဆိပ်၊ ရဲမှုထမ်းကောင်းတံဆိပ်၊ နိုင်ငံတော်ရဲမှုထမ်း တံဆိပ်၊ ပြည်သူ့ဝန်ထမ်းတံဆိပ်နှင့် ငြိမ်ဝပ်ပိပြားရေးနှင့် တရား ဥပဒေစိုးမိုးရေးတံဆိပ်ချီးမြှင့်အပ်နှင်းခြင်း ခံရသည့် ပုဂ္ဂိုလ်များ၏ စာရင်းကို ပြည်ထောင်စုမြန်မာ နိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုး ရေးကောင်စီက ဇန်နဝါရီလ ၄ ရက် ၅၆ နှစ်မြောက် လွတ်လပ်ရေးနေ့တွင် ထုတ်ပြန်ကြေညာသည်။

အမိန့်ကြော်ငြာစာ အမှတ် ၁/၂၀၀၄ အရ အဘိဓဇမဟာရဋ္ဌဂုရုဘွဲ့တံဆိပ်တော် ဆက်ကပ် လှူဒါန်းခြင်းခံရသော ဆရာတော်ကြီးသုံးပါး၊ အဂ္ဂမဟာ ပဏ္ဍိတဘွဲ့တံဆိပ်တော်ဆက်ကပ်လှူဒါန်းခြင်းခံရ သော ဆရာတော်ကြီးများတွင် မြန်မာနိုင်ငံမှ ၁၇ ပါး၊ သီရိလင်္ကာနိုင်ငံမှ တစ်ပါး စုစုပေါင်း ၁၈ ပါး၊ မဟာ ဓမ္မကထိက ဗဟုဇနဟိတဓရဘွဲ့တံဆိပ်တော်ဆက်ကပ် လှူဒါန်းခြင်းခံရသော ဆရာတော်ကြီး တစ်ပါး၊ ဓမ္မကထိက ဗဟုဇနဟိတဓရဘွဲ့တံဆိပ်တော်ဆက်ကပ် လှူဒါန်းခြင်းခံရသော ဆရာတော်ကြီး နှစ်ပါး၊ အဂ္ဂမဟာ ဂန္ဓဝါစကပဏ္ဍိတ ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်း

ခြင်းခံရသော ဆရာတော်ကြီး ၃၂ ပါးနှင့် သီလရှင်ဆရာကြီးလေးပါး စုစုပေါင်း ၃၆ ပါး၊ မဟာဂန္ဓဝါစကပဏ္ဍိတဘွဲ့တံဆိပ်တော်ဆက်ကပ်လှူဒါန်းခြင်းခံရသော ဆရာတော်ကြီး ၄၅ ပါးနှင့် သီလရှင်ဆရာကြီး ရှစ်ပါး စုစုပေါင်း ၅၃ ပါး၊ ဂန္ဓဝါစကပဏ္ဍိတဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းခြင်းခံရသော ဆရာတော်ကြီး ၂၂ ပါးနှင့် သီလရှင်ဆရာကြီး ရှစ်ပါး စုစုပေါင်း အပါး ၃၀၊ အဂ္ဂမဟာကမ္မ ဌာနာစရိယဘွဲ့တံဆိပ်တော်ဆက်ကပ်လှူဒါန်းခြင်းခံရသော ဆရာတော်ကြီး ခုနစ်ပါး၊ မဟာကမ္မဌာနစရိယဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းခြင်းခံရ သော ဆရာတော်ကြီး လေးပါး၊ ကမ္မဌာနာစရိယ ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းခြင်းခံရသော ဆရာတော်ကြီးတစ်ပါး၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိကဘွဲ့တံဆိပ်တော်ဆက်ကပ်လှူဒါန်းခြင်းခံရသော ဆရာတော်ကြီးကိုးပါး၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းခြင်းခံရသော ဆရာတော်ကြီးများတွင် မြန်မာနိုင်ငံမှ ၄၇ ပါး၊ လာအိုနိုင်ငံမှ နှစ်ပါး၊ အင်ဒိုနီးရှားနိုင်ငံမှ နှစ်ပါး စုစုပေါင်း ၅၄ ပါး၊ မဟာသဒ္ဓမ္မဇောတိကဓဇဘွဲ့တံဆိပ်တော်ဆက်ကပ်လှူဒါန်းခြင်းခံရသော ဆရာတော်ကြီးများ သီလရှင်ဆရာကြီးများနှင့် လူပုဂ္ဂိုလ်များတွင် မြန်မာနိုင်ငံမှ ဆရာတော်ကြီး ၃၂ ပါး၊ အင်္ဂလန်နိုင်ငံမှ ဆရာတော်ကြီးတစ်ပါး၊ မြန်မာနိုင်ငံမှ သီလရှင်ဆရာကြီးတစ်ပါး၊ နီပေါနိုင်ငံမှ သီလရှင်ဆရာကြီး တစ်ပါးနှင့် မြန်မာနိုင်ငံမှ လူပုဂ္ဂိုလ်ရှစ်ဦး စုစုပေါင်း ၄၄ ပါး၊ သဒ္ဓမ္မဇောတိကဓဇဘွဲ့တံဆိပ်တော်ဆက် ကပ်လှူဒါန်းခြင်းခံရသော ဆရာတော်ကြီးများ၊ သီလရှင်ဆရာကြီးများနှင့် လူပုဂ္ဂိုလ်များတွင် မြန်မာနိုင်ငံမှ ဆရာတော်ကြီး ၂၈ ပါး၊ အင်္ဂလန်နိုင်ငံမှ ဆရာတော် ကြီးတစ်ပါး၊ မြန်မာနိုင်ငံမှ သီလရှင်ဆရာကြီးနှစ်ပါးနှင့် လူပုဂ္ဂိုလ်နှစ်ဦးစုစုပေါင်း ၃၃ ပါး၊ အဂ္ဂမဟာသီရိ သုဓမ္မမဏိဇောတဓရ ဘွဲ့တံဆိပ်တော် ချီးမြှင့်အပ်နှင်းခြင်းခံရသော လူပုဂ္ဂိုလ် ငါးဦး၊ အဂ္ဂမဟာသီရိသုဓမ္မသိဂီဘွဲ့တံဆိပ်တော် ချီးမြှင့်အပ်နှင်းခြင်းခံရသော လူပုဂ္ဂိုလ်သုံးဦး၊ သီရိသုဓမ္မမဏိဇောတဓရဘွဲ့တံဆိပ်တော် ချီးမြှင့်အပ်နှင်းခြင်းခံရသော လူပုဂ္ဂိုလ်လေးဦး၊ သီရိသုဓမ္မသိဂီဘွဲ့တံဆိပ်တော် ချီးမြှင့်အပ် နှင်းခြင်းခံရသော လူပုဂ္ဂိုလ်ခြောက်ဦး၊ သီဟသုဓမ္မမဏိဇောတဓရဘွဲ့တံဆိပ်တော် ချီးမြှင့်အပ်နှင်းခြင်းခံရသော လူပုဂ္ဂိုလ်လေးဦး၊ သီဟသုဓမ္မသိဂီဘွဲ့တံဆိပ်တော် ချီးမြှင့်အပ်နှင်းခြင်းခံရသော လူပုဂ္ဂိုလ် ၁၁ ဦး၊ သုဓမ္မမဏိဇောတဓရဘွဲ့တံဆိပ်တော် ချီးမြှင့်အပ်နှင်းခြင်းခံရသော လူပုဂ္ဂိုလ်ငါးဦးနှင့် သုဓမ္မသိဂီဘွဲ့တံဆိပ်တော် ချီးမြှင့်အပ်နှင်းခြင်းခံရသော လူပုဂ္ဂိုလ်နှစ်ဦး စုစုပေါင်း ဆရာတော်ကြီး ၂၆၁ ပါး၊ သီလရှင်ဆရာကြီး ၂၄ ပါးနှင့်လူပုဂ္ဂိုလ် ၅၀ ပါဝင်သည်။

အမိန့်ကြော်ငြာစာအမှတ် ၂/၂၀၀၄ အရ ဂုဏ်ထူးဆောင်တံဆိပ်များချီးမြှင့်အပ်နှင်းခြင်းခံရ သော ပုဂ္ဂိုလ်များတွင် သူရဲကောင်းမှတ်တမ်းဝင် တံဆိပ်ချီးမြှင့်အပ်နှင်းခြင်းခံရသော ပုဂ္ဂိုလ်နှစ်ဦး၊ ဝိဇ္ဇာပညာထူးချွန်တံဆိပ် (ပထမဆင့်)ချီးမြှင့်အပ်နှင်းခြင်းခံရသော ပုဂ္ဂိုလ်လေးဦး၊ ဝိဇ္ဇာပညာထူးချွန်တံဆိပ် (ဒုတိယဆင့်) ချီးမြှင့်အပ်နှင်းခြင်းခံရသော ပုဂ္ဂိုလ်လေးဦး၊ ဆေးပညာထူးချွန်တံဆိပ် (ဒုတိယဆင့်) ချီးမြှင့်အပ်နှင်းခြင်းခံရသော ပုဂ္ဂိုလ်တစ်ဦး၊ နည်းပညာထူးချွန်တံဆိပ် (ဒုတိယဆင့်) ချီးမြှင့် အပ်နှင်းခြင်းခံရသော ပုဂ္ဂိုလ် ၁၀ ဦး၊ လယ်ယာ စီးပွားထူးချွန်တံဆိပ် (ဒုတိယဆင့်) ချီးမြှင့် အပ်နှင်းခြင်းခံရသော ပုဂ္ဂိုလ်တစ်ဦး၊ လယ်ယာစီးပွားထူးချွန် တံဆိပ် (တတိယဆင့်) ချီးမြှင့်အပ်နှင်းခြင်းခံရသော ပုဂ္ဂိုလ်ကိုးဦး၊ စက်မှုစီးပွားထူးချွန်တံဆိပ် (ပထမဆင့်) ချီးမြှင့်အပ်နှင်းခြင်းခံရသော ပုဂ္ဂိုလ်နှစ်ဦး၊ စက်မှုစီးပွားထူးချွန်တံဆိပ် (ဒုတိယဆင့်) ချီးမြှင့်အပ်နှင်းခြင်းခံရသော ပုဂ္ဂိုလ် ၁၂ ဦး၊ စက်မှုစီးပွားထူးချွန်တံဆိပ် (တတိယဆင့်) ချီးမြှင့်အပ်နှင်းခြင်းခံရသော ပုဂ္ဂိုလ် ၈၀၊ စီမံထူးချွန်တံဆိပ် (ပထမဆင့်) ချီးမြှင့် အပ်နှင်းခြင်းခံရသော ပုဂ္ဂိုလ် ၄၅ ဦး၊ စီမံထူး ချွန်တံဆိပ် (ဒုတိယဆင့်) ချီးမြှင့်အပ်နှင်းခြင်းခံရ သော ပုဂ္ဂိုလ် ၆၁ ဦး၊ စီမံထူးချွန်တံဆိပ် (တတိယဆင့်) ချီးမြှင့်အပ်နှင်းခြင်းခံရသော ပုဂ္ဂိုလ် ၂၁၄ ဦး၊ လူမှုထူးချွန်တံဆိပ် (ပထမဆင့်) ချီးမြှင့်အပ် နှင်းခြင်း ခံရသောပုဂ္ဂိုလ် ၅၄ ဦး၊ လူမှုထူးချွန်တံဆိပ် (ဒုတိယဆင့်) ချီးမြှင့်အပ် နှင်းခြင်းခံရသောပုဂ္ဂိုလ် ၇၄ ဦး၊ လူမှုထူးချွန်တံဆိပ်

(တတိယဆင့်) ခ်ီးမြှင့်အပ်နှင်းခြင်း ခံရသောပုဂ္ဂိုလ် ၂၆၈ ဦး၊ ရဲသူရဲတံဆိပ်ခ်ီးမြှင့်အပ်နှင်းခြင်းခံရသော ပုဂ္ဂိုလ်တစ်ဦး၊ ရဲဗလတံဆိပ်ခ်ီးမြှင့်အပ်နှင်းခြင်းခံရသော ပုဂ္ဂိုလ်လေးဦး၊ ရဲသူရဲန်တံဆိပ် ခ်ီးမြှင့်အပ်နှင်းခြင်းခံရသော ပုဂ္ဂိုလ် ၂၁ ဦး၊ ရဲကျော်စွာ တံဆိပ်ခ်ီးမြှင့်အပ်နှင်းခြင်းခံရသော ပုဂ္ဂိုလ် ၁၉ ဦးနှင့် ရဲကျော်သူတံဆိပ် ခ်ီးမြှင့်အပ်နှင်းခြင်းခံရသော ပုဂ္ဂိုလ် ရှစ်ဦး စုစုပေါင်း ၈၉၉ ဦး ပါဝင်သည်။

အမိန့်ကြော်ငြာအမှတ် ၃/၂၀၀၄ အရ မြန်မာနိုင်ငံစစ်မှုထမ်းသင်္ဘာတံဆိပ် ခ်ီးမြှင့်အပ်နှင်းခြင်းခံရသော ပုဂ္ဂိုလ်စုစုပေါင်း ၈၇၇ ဦး ပါဝင်သည်။

အမိန့်ကြော်ငြာစာအမှတ် ၄/၂၀၀၄ အရ စစ်မှုထမ်းကောင်းတံဆိပ် ခ်ီးမြှင့်အပ်နှင်းခြင်းခံရသော ပုဂ္ဂိုလ်များတွင် အငြိမ်းစား ၁၁ ဦးနှင့် တာဝန်ထမ်းဆောင်ဆဲ ၂၂၄၆ ဦး စုစုပေါင်း ၂၂၅၇ ဦး ပါဝင်သည်။

အမိန့်ကြော်ငြာစာအမှတ် ၅/၂၀၀၄ အရ ပြည်သူ့ဝန်ထမ်းကောင်းတံဆိပ် ခ်ီးမြှင့်အပ်နှင်းခြင်းခံရသော ပုဂ္ဂိုလ်များတွင် အငြိမ်းစား ၂၃၉ ဦးနှင့် တာဝန်ထမ်းဆောင်ဆဲ ၇၀၄၉ ဦး စုစုပေါင်း ၇၂၈၈ ဦး ပါဝင်သည်။

အမိန့်ကြော်ငြာစာအမှတ် ၆/၂၀၀၄ အရ ရဲမူထမ်းကောင်းတံဆိပ် ခ်ီးမြှင့်အပ်နှင်းခြင်းခံရသော ပုဂ္ဂိုလ်စုစုပေါင်း ၂၅ ဦး ပါဝင်သည်။

အမိန့်ကြော်ငြာစာအမှတ် ၇/၂၀၀၄ အရ နိုင်ငံတော်ရဲမူထမ်းတံဆိပ် ခ်ီးမြှင့်အပ်နှင်းခြင်းခံရသော ပုဂ္ဂိုလ်စုစုပေါင်း ၉၃ ဦး ပါဝင်သည်။

အမိန့်ကြော်ငြာစာအမှတ် ၈/၂၀၀၄ အရ ပြည်သူ့ဝန်ထမ်းတံဆိပ် ခ်ီးမြှင့်အပ်နှင်းခြင်းခံရသော ပုဂ္ဂိုလ်များတွင် အငြိမ်းစား ၄၂ ဦးနှင့် တာဝန်ထမ်းဆောင်ဆဲ ၁၆၂၅၁ ဦး စုစုပေါင်း ၁၆၂၉၃ ဦး၊ ငြိမ်ဝပ်ပိပြားရေးနှင့် တရားဥပဒေစိုးမိုးရေးတံဆိပ် ခ်ီးမြှင့်အပ်နှင်းခြင်းခံရသော ပုဂ္ဂိုလ်များတွင် အငြိမ်းစား ၃၉ ဦးနှင့် တာဝန်ထမ်းဆောင်ဆဲ ၂၄၇၀၀ စုစုပေါင်း ၂၄၇၃၉ ဦး ပါဝင်သည်။

ထို့ပြင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကနိုင်ငံတော်ကာကွယ်ရေးအတွက် ပေးအပ်သည့် တာဝန်ဝတ္တရားများကို ထမ်းဆောင်ရာတွင် ထူးကဲကောင်းမွန်စွာ ထမ်းဆောင်နိုင်သော စစ်မှုထမ်း ၂၀ အား တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဂုဏ်ထူးဆောင်လက်မှတ်များ ခ်ီးမြှင့်သည်။

စိုးအောင်

ကျာမနီနိုင်ငံ။ ။၂၀၀၄ ခုနှစ်၊ ဇန်နဝါရီလ ၂၁ ရက်နေ့တွင် ကျာမနီနိုင်ငံ၊ ဒူဆယ်လ်ဒေါ်မြို့ရှိ တရားရုံးကမန်နက်စ်မန်းအဝေးဆက်သွယ်ရေး ကော်ပိုရေးရှင်းမှ အဆင့်မြင့်အရာရှိကြီး ၆ ဦးတို့၏ အမှုလက်ခံကြားနာစစ်ဆေးခဲ့သည်။ ဤသို့ တရားစွဲခံရသော အရာရှိကြီး ၆ ဦးတွင် ဂျီးဇက်ဖ် အက်ကားမန်းနှင့် ကလောစ် အက်ဆာတို့လည်း ပါဝင်ခဲ့သည်။ ဂျီးဆက်ဖ်အက်ကားမန်းသည် ကျာမနီနိုင်ငံ၌ အကြီးဆုံးဘဏ်ဖြစ်သော ဒွိုက်ချ်ဘဏ်တွင် အမှုဆောင်အရာရှိချုပ်အဖြစ် ဆောင်ရွက်ဆဲရှိနေသူဖြစ်သည်။ ကလောစ်အက်ဆာသည် မန်နက်စ်မန်းကော်ပိုရေးရှင်း၏ အမှုဆောင်အရာရှိချုပ်ဟောင်းဖြစ်သည်။ အက်ဆာနှင့် အခြား ၁၈ ဦးတို့သည် ဆုကြေးငွေနှင့် ပင်စင်ကြေးများကို တရားမဝင်ထုတ်ယူခဲ့ကြသည်။ ၎င်းတို့ ထုတ်ယူခဲ့သည့် ပမာဏမှာ တန်ဖိုးအားဖြင့် စတာလင်ပေါင်ငွေ ၅၇ သန်းမျှအထိဖြစ်ခဲ့သည်။ ဤသို့ ဆုကြေးငွေနှင့် ပင်စင်ကြေးများကို ထုတ်ယူမှုမှာ မန်နက်စ်မန်းကော်ပိုရေးရှင်းအား ပြိတိန်နိုင်ငံမှ ဗိုဒါဖုန်းကုမ္ပဏီက ဝယ်ယူလိုက်သောအခါတွင် ပေါ်ပေါက်လာခဲ့သည်။ ဤအမှုမှာ အမေရိကန်ပြည်ထောင်စု၌ ပေါ်ပေါက်ခဲ့သော အင်ဂွန်ကုမ္ပဏီအရှုပ်တော်ပုံကဲ့သို့ဖြစ်သည်။ ကျာမနီသတင်းမီဒီယာများက ဤအမှုသည် ကျာမန်ကော်ပိုရေးရှင်းကြီးတို့၏ သမိုင်းတွင် အရေးအကြီးဆုံးအမှုတစ်ခုဖြစ်သည်ဟု သတ်မှတ်ခဲ့ကြသည်။

ကျာမနီနိုင်ငံ၌ အကြမ်းဖက်သမားများဟု မသက်ာသူတို့အပေါ် အရေးယူမှုမှာ ရှုံ့ချည်နှပ်ချည်ဖြစ်သည်။ အမေရိကန်ထောက်လှမ်းရေးဌာနကအစွလာမ်အခြေခံဝါဒီအဖွဲ့တစ်ခုဖြစ်သော အန်ဆာအယ်လ်အစွလာမ်



Germany's Schr
(right) with the
Polish president
pal; lampooning
Steinbach (below)

ကျာမနီနိုင်ငံဝန်ကြီးချုပ် ဂျရို ဒါ (ယာ) ဝိုလန်နိုင်ငံ ဇီဆော်သို့ချစ်ကြည်ရေးခရီးအရောက် ဝိုလန်နိုင်ငံ သမ္မတနှင့်အတူ ဤသို့တွေ့ရစဉ်

အုပ်စုက အသေခံ ဗုံးခွဲမှုပြုလုပ်ရန် စီစဉ်နေကြောင်း သတင်းပေးခဲ့သည်။ ဤသတင်းပေးချက်အရ ဟမ်းဘာ့ဂ်ရှိ စစ်ဆေးရုံတွင် လုံခြုံရေးထူထပ်စွာချခဲ့သည်။ ဤသို့ အရေးယူမှုနှင့် စပ်လျဉ်း၍ ပြည်ထောင်စုအစိုးရက အလျင်စလိုဖြစ်လွန်းကြောင်း၊ ဗုံးခွဲတိုက်ခိုက်မည့်သူများကို ဟန့်တားရာရောက်ကြောင်း ဝေဖန်ခဲ့သည်။ ထို့ကြောင့် ဇန်နဝါရီလ ၁၄ ရက်နေ့တွင် ထိုလုံခြုံရေးဆောင်ရွက်ချက်များကို ရပ်ဆိုင်းခဲ့သည်။

၂၀၀၁ ခုနှစ်၊ စက်တင်ဘာလ အတွင်းက အမေရိကန်ပြည်ထောင်စုအပေါ် အကြမ်းဖက်တိုက်ခိုက်ခဲ့မှုနှင့် ပတ်သက်နေသော မော်ရိုကို နိုင်ငံသား အက်ဘ်ဒဲလ်ကနီအမ်ဇီဒီအပေါ် အရေးယူမှုတွင်လည်း ရှေ့တိုးနောက်ဆုတ်ဖြစ်ခဲ့သည်။ ၂၀၀၃ ခုနှစ်၊ ဒီဇင်ဘာလတွင် ဟမ်းဘာ့ဂ်တရားရုံးက သက်သေမခိုင်လုံဟူသော အကြောင်းပြချက်ဖြင့် အမ်ဇီဒီအား အချုပ်မှလွှတ်ရန် အမိန့်ချမှတ်ခဲ့သည်။ သို့ရာတွင် အစိုးရရှေ့နေက ထိုသတ်သေခံချက်အပေါ် တည်မှီဆုံးဖြတ်ခြင်းမှာ မှားယွင်းကြောင်း၊ အမ်ဇီဒီအပေါ် ထောင်ဒဏ် ၁၅ နှစ်ချမှတ်သင့်ကြောင်း တောင်းဆိုခဲ့သည်။ ၂၀၀၄ ခုနှစ်၊ ဇန်နဝါရီလ ၃၀ ရက်နေ့တွင် အီရန်ထောက်လှမ်းရေးအဖွဲ့ဝင်ဟောင်းဟုဆိုသူက အမ်ဇီဒီသည် စက်တင်ဘာ ၁၁ အကြမ်းဖက်မှုကို ကျူးလွန်ခဲ့သူတို့အား ကူညီခဲ့ကြောင်း အယ်လ်ကိုင်ဒါကွန်ရက်၌ ပါဝင်နေသူဖြစ်ကြောင်း ဟမ်းဘာ့ဂ်တရားရုံး၌ သက်သေထွက်ဆိုခဲ့သည်။

ဇန်နဝါရီလ ၁၅ ရက်နေ့တွင် ထုတ်ပြန်လိုက်သော တရားဝင်စာရင်းဇယားများအရ ကျာမန်စီးပွားရေးသည် သုံးနှစ်ဆက်တိုက် ကျဆင်းလာကြောင်းတွေ့ရသည်။ ၂၀၀၃ ခုနှစ်တွင် ဂျီဒီပီတိုးတက်မှုနှုန်းသည် ၀. ၁ ရာခိုင်နှုန်းမျှသာရှိသည်။ ထိုနှစ်အတွက် ဘတ်ဂျက်လိုငွေပြမှုမှာ ဂျီဒီပီ၏ ၄ ရာခိုင်နှုန်းမျှဖြစ်လာသည်။ ကျာမန်အစိုးရသည် ၂၀၁၀ လုပ်ငန်းစဉ်ဟူသော အမည်ဖြင့် အလုပ် သမားဈေးကွက်ပြုပြင်ရေးများကို ပြုလုပ်ခဲ့သော်လည်း ဆန့်ကျင်ကန့်ကွက်မှုများနှင့် ရင်ဆိုင်နေရသည်။

ဖေဖော်ဝါရီလ ၆ ရက်နေ့တွင် ဝန်ကြီးချုပ် ရှရိုဒါသည် SPD ဥက္ကဋ္ဌအဖြစ်မှ နုတ်ထွက်လိုက်သည်။ ဝန်ကြီးချုပ်နှင့် ပါတီဥက္ကဋ္ဌတာဝန်နှစ်ခုလုံးကို ပြိုင်တူမဆောင်ရွက်နိုင်ကြောင်း၊ အစိုးရ၏ ၂၀၁၀ လုပ်ငန်းစဉ်ကို ပိုင်နိုင်စွာ ဆောင်ရွက်နိုင်ရန် ဝန်ကြီးချုပ်အဖြစ်သာ ဆက်လက်တာဝန်ထမ်းဆောင်မည်ဖြစ်ကြောင်း ပြောခဲ့သည်။ ဖေဖော်ဝါရီ လ ၂၆-၂၈ ရက်နေ့များတွင် ဝန်ကြီးချုပ်ရှရိုဒါသည် အမေရိကန်ပြည်ထောင်စုသို့ အလည်အပတ်သွားရောက်ခဲ့သည်။ အမေရိကန်တို့ဦးဆောင်သည့် အီရတ်အပေါ် ကျူးကျော်စစ်ပွဲနှင့် ပတ်သက်၍ အမေရိကန်နှင့် ကျာမန်ဆက်ဆံရေး တင်းမာခဲ့သည်ကို ပြန်လည်ကုစားနိုင်ရန် သွားရောက်ခဲ့ခြင်းဖြစ်သည်။ နှစ်နိုင်ငံခေါင်းဆောင်များသည် အတိတ်က သဘောကွဲလွဲချက်များကို ချန်ထားခဲ့ပြီး အနာဂတ်တွင် ပူးပေါင်းဆောင်ရွက်ရေးပြုလုပ်နိုင်မည့် ကိစ္စများကို ပြောဆိုခဲ့ကြသည်။

၂၀၀၄ ခုနှစ်၊ မတ်လ ၂၁ ရက်နေ့တွင် အာဏာရဆိုရှယ်ဒီမိုကရက်ပါတီသည် အထူးအစည်းအဝေးကို ဘာလင်မြို့၌ ကျင်းပခဲ့သည်။ ထိုအစည်းအဝေးက ဆိုရှယ်ဒီမိုကရက်ပါတီ၏ ပါလီမန်ခေါင်းဆောင် ဖရန့်ဇ်မွန်တာဖာရင်းအား ပါတီဥက္ကဋ္ဌအဖြစ် ရွေးကောက်တင်မြှောက်လိုက်ကြသည်။ ပါတီဥက္ကဋ္ဌအဖြစ်မှ နုတ်ထွက်သွားသော ဝန်ကြီးချုပ် ရှရိုဒါ၏ နေရာတွင် အစားထိုးလိုက်ခြင်းဖြစ်သည်။ ထိုအစည်းအဝေးကပင် ပါတီအထွေထွေအတွင်းရေးမှူးအဖြစ် ကလောစ်အူဝီဘင်နက်တာအား ရွေးကောက်တင်မြှောက်ခဲ့ကြသည်။ ပါတီတွင်းမှ လက်ဝဲသမား များသည် အစိုးရ၏ ၂၀၁၀ လုပ်ငန်းကို ဆန့်ကျင်ပြီး ပါတီမှဂိုဏ်းခွဲထွက်ရန် ကြိုးပမ်းနေကြသည်။ ပါတီခေါင်းဆောင်များကယင်းသို့ ခွဲထွက်ခြင်းမပြုရန် သတိပေးလျက်ရှိကြသည်။

မန်နက်စ်မန်း ငွေကြေးအရှုပ်တော်ပုံ အမှုတွင် တရား၌ ၆ ဦးတို့အပေါ် ငွေကြေးနှင့်ပတ်သက်၍ ယုံမှတ်အပ်နှံမှုကို ဖောက်ဖျက်ကြောင်း ခိုင်လုံသည့် အထောက်အထားမတွေ့ရသဖြင့် ပြစ်ဒဏ်ချမှတ်ရန် ခဲယဉ်းကြောင်း ဒူဆယ်လ်ဒေါ့ဖ်တရားရုံးက မတ်လ ၃၁ ရက်နေ့တွင် ကြေညာခဲ့သည်။

ဝန်ကြီးချုပ်ရှရိုဒါက ကျာမနီနိုင်ငံအား ကုလသမဂ္ဂလုံခြုံရေးကောင်စီတွင် အမြဲတမ်းအဖွဲ့ဝင်နေရာ၌ ထားရှိပေးရန် တောင်းဆိုခဲ့သည်။ ယင်းတောင်းဆိုချက်ကို ပြင်သစ်၊ ရုရှနှင့် ကျပန်နိုင်ငံတို့က ထောက်ခံကြောင်း ရှရိုဒါကပြောကြားခဲ့သည်။ နိုင်ငံတကာအကြမ်းဖက်ဝါဒတိုက်ဖျက်ရေး၌ ကျာမနီ၏ ပါဝင်ဆောင်ရွက်မှုကို ထောက်ထားလျက် အမေရိကန်ပြည်ထောင်စုကလည်း ထောက်ခံလိမ့်မည်ဟု ယုံကြည်ကြောင်း ပြောကြားခဲ့သည်။

ဧပြီလ ၄ ရက်နေ့တွင် ဘာလင်နှင့် အခြားမြို့ကြီးများ၌ လူပေါင်း ငါးသိန်းခန့်သည် အစိုးရ၏ ၂၀၁၀ လုပ်ငန်းစဉ်ကို ဆန့်ကျင်ကြောင်း ကန့်ကွက်ဆန္ဒပြခဲ့ကြသည်။ ကျာမန်တွင် အကြီးဆုံးကန့်ကွက် ဆန္ဒပြမှုဖြစ်ခဲ့သည်။

မေလ ၂၃ ရက်နေ့တွင် အထက်နှင့် အောက်လွှတ်တော်တို့ကို ပေါင်းစပ်ထားသော ပြည်ထောင်စုလွှတ်တော်က ကျာမနီသမ္မတသစ်အဖြစ် ဟော့စ်တ်ကိုးလားကို ရွေးကောက်တင်မြှောက်လိုက်ကြသည်။ ကျာမန်သမ္မတသည် ရုပ်ပြသမ္မတသာဖြစ်သည်။ လက်ရှိသမ္မတကျိုဟန်းနက်ရောသည် သက်တမ်းပြည့်သွားသဖြင့် ဤသို့ သမ္မတသစ်ကို ရွေးကောက်တင်မြှောက်ခြင်းဖြစ်သည်။ သမ္မတသစ်နေရာအတွက် ခရစ်ယာန်ဒီမိုကရက်တစ်ယူနီယံနှင့် အပေါင်းပါအဖွဲ့များက ကိုးလားကို သမ္မတလောင်းအဖြစ် အဆိုပြုခဲ့ကြသည်။ အာဏာရဆိုရှယ်လစ်ဒီမိုကရက်ပါတီနှင့် အပေါင်းပါအဖွဲ့များက ဂျက်ဆင်းရွမ်ကို အဆိုပြုခဲ့ကြသည်။

ထိုရွေးကောက်ပွဲ၌ ပထမအကြိမ်တွင်ပင် ကိုးလားသည် အများစု မဲဖြင့် အနိုင်ရခဲ့သည်။

အစိုးရ၏ ၂၀၁၀ လုပ်ငန်းစဉ်ကို ဆန့်ကျင်သော ဆန္ဒပြမှုများသည် ဆက်လက်ဖြစ်ပေါ်နေခဲ့သည်။ မေလ ၁ ရက်နေ့ မေဒေးနေ့တွင် ဘာလင်မြို့၌ ရဲတပ်ဖွဲ့နှင့် ဆန္ဒပြသူများအကြား အဓိကရုဏ်းများ ဖြစ်ပေါ်ခဲ့ရာ ဆန္ဒပြသူ ၁၈၆ယောက်အဖမ်းခံခဲ့ရသည်။ ရဲတပ်ဖွဲ့ဝင် ၁၉၂ ယောက်တို့ ဒဏ်ရာရခဲ့သည်။

အာဏာရဆိုရှယ်ဒီမိုကရက်ပါတီအတွင်း ကွဲအက်ရေးနှင့် ခွဲထွက်ရေးလှုပ်ရှားမှုများမှာ ပြင်းထန်လာသည်။ သို့ဖြစ်၍ အလုပ်သမားသမဂ္ဂကြီးတစ်ခုမှ ခေါင်းဆောင်နှစ်ဦးတို့အား ဇွန်လ ၁၅ ရက်နေ့တွင် ဆိုရှယ်ဒီမိုကရက်ပါတီမှ ထုတ်ပယ်ပစ်ခဲ့သည်။ စင်ပြိုင်ပါတီထူထောင်ရန် ကြိုးပမ်းမှုကြောင့် ဖြစ်သည်။ နောက်ထပ်သုံးဦးကို ထုတ်ပယ်ပစ်ဦးမည်ဟု သတိပေးထားသည်။ ကျာမနီတွင် အစိုးရ၏ ၂၀၁၀ လုပ်ငန်းစဉ်ကို ဆန့်ကျင်သူများနေရာ ဆိုရှယ်ဒီမိုကရက်ပါတီအားလူကြိုက်နည်းမှု တိုးပွားလာနေကြောင်း တွေ့ရှိလာရသည်။

ဇူလိုင်လ ၁ ရက်နေ့တွင် ခရစ်ယန်ဒီမိုကရက်တစ်ယူနီယံမှ ဟော့စ်တ်ကိုးလားသည် သမ္မတသစ်အဖြစ် ကျမ်းသစ္စာကျိန်ဆိုခဲ့သည်။ ထိုကျမ်းသစ္စာကျိန်ဆိုပွဲ၌ သမ္မတသစ်ကိုးလားသည် ကျာမန်တို့သည် လိုအပ်သည့် စီးပွားရေးနှင့် လူမှုရေးပြုပြင်ပြောင်းလဲမှုများကို မပြုလုပ်လျှင် ကျာမနီသည် ၎င်း၏ပြိုင်ဘက်နိုင်ငံများနှင့် ယှဉ်ပြိုင်ရာ၌ အရေးရှုံးနိမ့်လိမ့်မည်ဟု သတိပေးခဲ့သည်။

ဇူလိုင်လ ၂၂ ရက်နေ့တွင် ဒူဘယ်လ်ဒေါ့ဖ် တရားရုံးက မန်နက်စ်မန်းအရှုပ်တော်ပုံတွင် ပါဝင်ပတ်သက်နေသူ ၆ ဦးတို့အား တရားသေလွှတ်လိုက်ကြောင်း အမိန့်ချမှတ်ခဲ့သည်။ ၎င်းတို့သည် ငွေကြေးဆိုင်ရာ ယုံမှတ်အပ်နှံမှုကို ဖောက်ဖျက်ခြင်းမရှိဟု တရားရုံးက ဆုံးဖြတ်ခဲ့သည်။ အစိုးရရှေ့နေများက ယင်းသို့ တရားသေလွှတ်ပစ်ခြင်းကို မကျေနပ်သဖြင့် အယူခံဝင်မည်ဟု ပြောဆိုခဲ့ကြသည်။

သြဂုတ်လအတွင်း ကျရောက်သော တနလ်ာနှင့် တိုင်း၌ အစိုးရ၏ ၂၀၁၀ လုပ်ငန်းတို့ကို ဆန့်ကျင်သော ဆန္ဒပြပွဲများဖြစ်ပေါ်ခဲ့သည်။ ဤဆန္ဒပြပွဲများသည် စီးပွားရေးအကျပ်အတည်းဆိုက်နေသော ယခင် အရှေ့ကျာမနီမှ မြို့များတွင် ဖြစ်ပေါ်ခဲ့သည်။ အဆိုပါ ဆန္ဒပြပွဲများသည် အနောက်ကျာမနီရှိ မြို့များသို့ပါ ပြန့်ပွားကူးစက်လာနေသည်။ ၎င်းဆန္ဒပြပွဲများသည် အာဏာရဆိုရှယ်ဒီမိုကရက်ပါတီ၏ အစိုးရပြုတ်ကျရေးအထိ ဦးတည်လာနေကြောင်းတွေ့ရသည်။

ကျာမနီနိုင်ငံတွင် ၁၉၄၉ ခုနှစ်တွင် အခြေခံဥပဒေအရ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲများ ပြုလုပ်ခွင့်မရှိပေ။ သို့ရာတွင် ပြောင်းလဲလာသော လက်ရှိအခြေအနေများအရ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲများ ပြုလုပ်ရန် လိုအပ်လာသည်။ ဥရောပအခြေခံဥပဒေအား အတည်ပြုရေးအတွက် ကျာမနီနိုင်ငံကလည်း ဆောင်ရွက်ရတော့မည်ဖြစ်သည်။ ပြင်သစ်၊ ဗြိတိန်နှင့် အခြားဥရောပနိုင်ငံများသည် ဥရောပအခြေခံဥပဒေအား အတည်ပြုရေးအတွက် ပြည်လုံးကျွတ် ဆန္ဒခံယူပွဲများပြုလုပ်ရန် စီစဉ်နေကြသည်။ သို့ဖြစ်၍ အာဏာရဆိုရှယ်ဒီမိုကရက်ပါတီက သြဂုတ်လ ၂၉ ရက်နေ့တွင် ကျာမနီနိုင်ငံ၏ ၁၉၄၉ ခုနှစ် အခြေခံဥပဒေပါ ပြဋ္ဌာန်းချက်ကို ပြင်ဆင်ရန် ဆုံးဖြတ်ခဲ့သည်။

သြဂုတ်လ ၁၆ ရက်နေ့တွင် အမေရိကန်သမ္မတ ကျော့ဘုရှ်က ၂၀၁၀ ပြည့်နှစ်တွင် ဥရောပနှင့် အာရှတိုက်များရှိ အမေရိကန်တပ်ဖွဲ့ဝင် ၇၅၀၀၀ ကို ရုပ်သိမ်းမည်ဖြစ်ကြောင်း ကြေညာခဲ့သည်။ ယင်းသို့ တပ်များရုပ်သိမ်းရာတွင် ကျာမနီရှိ အမေရိကန်တပ်ဖွဲ့ဝင် ၃၀၀၀၀ ကျော်လည်း အကျုံးဝင်သွားမည်ဖြစ်သည်။ အမေရိကန်တပ်များ ကျာမနီမှရုပ်သိမ်းသွားလျှင် စီးပွားရေးအရ ထိခိုက်နစ်နာဆုံးရှုံးရမည်ကို စိုးရိမ်လာကြသည်။

စက်တင်ဘာလအတွင်း ပြည်နယ်သုံးခုတွင် ရွေးကောက်ပွဲများ ကျင်းပခဲ့သည်။ ထိုရွေးကောက်ပွဲများ၌ ဝန်ကြီးချုပ်ရုံးဒါခေါင်းဆောင်သော အာဏာရပါတီသည် ယခင်ကထက် အမတ်ဦးရေ လျော့နည်းရရှိခဲ့သည်။ ခရစ်ယာန်ဒီမိုကရက်တစ်ယူနီယံပါတီနှင့်

လက်ယာအစွန်းရောက်အင်နာဒီပိတို့သည် အမတ်ဦးရေ တိုးတက်ရရှိခဲ့သည်။ စီးပွားရေးကျဆင်းနေခြင်း၊အလုပ်လက်မဲ့ဦးရေတိုးပွားလာခြင်း၊ ဝန်ကြီးချုပ် ရှရိုဒါ၏ ပြုပြင်ရေးအဆိုပြုချက်များကို လူကြိုက်နည်းခြင်းတို့ကြောင့် အာဏာရပါတီကိုထောက်ခံသူများ လျော့နည်းသွားကြောင်းတွေ့ရှိရသည်။

နိုဝင်ဘာလ ၁၇ ရက်နေ့ညက ဘာဒင်ဝူတင်ဘာ့ဂ် ပြည်နယ်မှ ဆင်ရှိုင်းမြို့ရှိ တူရကီဗလီတစ်ခုသည် မီးရှို့ခံခဲ့ရသည်။ ဤမီးရှို့မှုကြောင့် ကျာမနီတွင် မွတ်ဆလင် ဆန့်ကျင်ရေးလှုပ်ရှားမှုများ ကြီးထွားပြင်းထန်လာမည်ကို စိုးရိမ်ခဲ့ကြသည်။ နိုဝင်ဘာလ ၂၁ ရက်နေ့က ကိုလုံးမြို့၌ တူရကီနှင့် ကျာမန်တို့ ပူးပေါင်းထားသော လူထု ၂၀၀၀၀ ခန့်သည် အကြမ်းဖက်ဝါဒဆန့်ကျင်ရေး အတွက် ချီတက်ဆန္ဒပြခဲ့ကြသည်။ ဝန်ကြီးချုပ်ရှရိုဒါက ကျာမနီရှိ မွတ်ဆလင် ၃.၅ သန်းအား မွတ်ဆလင် အစွန်းရောက်မှုများကို ဆန့်ကျင်ပြီး ကျာမန်တို့နှင့် ပိုမိုပေါင်းစည်းညီညွတ်ရန် တိုက်တွန်းခဲ့သည်။

ဦးခင်မောင်မြ

စိုးရင်၊ ဦး (ခရစ်နှစ် ၁၉၁၈-၂၀၀၄)။ ။သိပ္ပံစိုးရင် ကလောင်နာမည်ဖြင့် စာပေများ ရေးသားပြုစုသူ သက်ကြီးစာပေပညာရှင်ဦးစိုးရင်ကို ဖခင်ဦးဘမောင်၊ မိခင်ဒေါ်မြစိန်တို့က ၁၉၁၈ ခုနှစ်၊ စက်တင်ဘာလ ၂၄ ရက်နေ့တွင် တိုက်ကြီးမြို့၌ မွေးဖွားသည်။

စာရေးဆရာကြီးဦးစိုးရင်သည် အင်းစိန်မြို့အစိုးရတန်းမြင့်ကျောင်းတွင် ပညာသင်ယူပြီး ၁၀ တန်း



စာရေးဆရာကြီး ဆိပ်ံစိုးရင်

အောင်မြင်သည်။ ရန်ကုန်တက္ကသိုလ်၌ ဆက်လက် ပညာသင်ယူခဲ့ရာ ၁၉၃၀ ပြည့်နှစ်တွင် ဝိဇ္ဇာဘွဲ့ကို အင်္ဂလိပ်ဘာသာနှင့် စာပေ၊ နိုင်ငံရေးပညာ၊ သမိုင်း ဘာသာတို့ဖြင့် ရရှိသည်။

စာရေးဆရာကြီးဦးစိုးရင်သည် ငယ်စဉ်ကပင် ဒဂုန်မဂ္ဂဇင်း၊ အိုးဝေမဂ္ဂဇင်းတို့၌ ဆောင်းပါးများနှင့် ဝတ္ထုတိုများ ရေးသားသည်။ တက္ကသိုလ်မဂ္ဂဇင်းများ၌ အင်္ဂလိပ်-မြန်မာနှစ်ဘာသာဖြင့် ဆောင်းပါးနှင့် ဝတ္ထုတိုများရေးသားသည်။ စစ်ပြီးခေတ်တွင် သွေးသောက်၊ မြဝတီ၊ ငွေတာရီ၊ ရှုမဝမဂ္ဂဇင်းများ၌ ဆောင်းပါးနှင့် ဝတ္ထုတိုများရေးသားသည်။ Burma Review, University College Magazine, Burma Digest နှင့် Guardian Magazine များ၌ အင်္ဂလိပ် ဘာသာဖြင့် ဆောင်းပါးများ၊ အတ္ထုပ္ပတ္တိများ၊ ပြဇာတ်များနှင့် ဝတ္ထုတိုများရေးသားသည်။ လူငယ်သိပ္ပံစွယ်စုံကျမ်း၊ မြန်မာနိုင်ငံအုပ်ချုပ်ရေးသမိုင်းစာအုပ်များကိုလည်း ရေးသားပြုစုခဲ့သည်။

ဦးစိုးရင်သည် ပြည်ထဲရေးဌာန တွဲဖက်အတွင်းဝန်အဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး အငြိမ်းစားယူသည်။

သက်ကြီးစာပေပညာရှင် စာရေးဆရာကြီး ဦးစိုးရင်ခေါ် သိပ္ပံစိုးရင်သည် ၂၀၀၄ ခုနှစ်၊ ဧပြီလ ၁၈ ရက်နေ့တွင် ရန်ကုန်မြို့၌ကွယ်လွန်သည်။

စင်ကာပူနိုင်ငံ။ ။စင်ကာပူနိုင်ငံသည် အီရတ်နိုင်ငံသို့ စင်ကာပူတပ်ဖွဲ့ဝင်များကို နှစ်လကြာဖြန့်ချ ခဲ့ပြီးနောက် ဧပြီလ ၅ ရက်နေ့၌ အီရတ်နိုင်ငံမှနေ၍ တပ်ဖွဲ့ဝင်များကို ရုပ်သိမ်းလိုက်ခြင်းဖြင့် အီရတ်၌ စင်ကာပူတပ်ဖွဲ့ဝင်များရှိခြင်းကို အဆုံးသတ်လိုက်သည်။ စင်ကာပူ တပ်ဖွဲ့ဝင်များ အီရတ်မှ ပြန်ရောက်လာခဲ့သဖြင့် အီရတ်တွင် စင်ကာပူတပ်ဖွဲ့ဝင်များ နောက်ထပ်မရှိတော့ကြောင်း စင်ကာပူကာကွယ်ရေး ဝန်ကြီးဌာနမှ အမျိုးသမီးပြောခွင့်ရှိသူ ဖီလီရှာတန်ကပြောကြားသည်။

ဇွန်လစောစောပိုင်းတွင် စင်ကာပူနှင့် အမေရိကန်တို့သည် စစ်ရေးမဟာဗျူဟာကိစ္စရပ်များနှင့် စပ်လျဉ်း၍ ပြောဆိုဆွေးနွေးကြသည်မှာ နှစ်နိုင်ငံလုံခြုံရေးနှင့်

ကာကွယ်ရေးကိစ္စများ နှီးနှောခဲ့ကြခြင်းဖြစ်သည်။ အဆိုပါ ကိစ္စများကို ယမန်နှစ်အောက်တိုဘာလက တည်းက အစပျိုးဆွေးနွေးခဲ့ကြခြင်းဖြစ်ပြီး ယခုအခါ မှသာ အများကို အသိပေးခဲ့ခြင်းဖြစ်သည်။ ဆွေးနွေးကြသော အကြောင်းအရာများတွင် အကြမ်းဖက်မှုတိုက်ဖျက်ရာ၌တိုးမြှင့်ပူးပေါင်းဆောင်ရွက်ခြင်း၊ သင်တန်းများပေးခြင်း၊ ပူးတွဲစစ်ရေးလေ့ကျင့်ခြင်း၊ စစ်ရေးနည်းပညာများနှင့် ဖျက်အားပြင်းလက်နက်များ မပြန့်ပွားစေရန် ကာကွယ်ခြင်းစသည့် ကိစ္စရပ်များပါဝင်ကြောင်း အမေရိကန်အရာရှိများကဆိုသည်။

အမေရိကန်သည် စစ်အေးကာလကုန်ဆုံးပြီးနောက်ပိုင်းတွင် အကြမ်းဖက်တိုက်ခိုက်မှုများကို ရင်ဆိုင်လာရသည်။ ထိုအကြမ်းဖက်မှုတိုက်ဖျက်ရေးကာလအခြေအနေများနှင့် ကိုက်ညီစေရန် အမေရိကန်သည် ယင်း၏ ကမ္ဘာလုံးဆိုင်ရာ စစ်ရေးအနေအထားကို ပြုပြင်ပြောင်းလဲလျက်ရှိသည်။ စင်ကာပူနိုင်ငံနှင့် ညှိနှိုင်းဆောင်ရွက်လိုက်သောကိစ္စသည် အမေရိကန်၏ ပြောင်းလဲနေသည့် စစ်ရေးအစီအစဉ်များတွင်တစ်စိတ်တစ်ဒေသအဖြစ် ပါဝင်ကြောင်း အမေရိကန်အထက်တန်းအရာရှိ တစ်ဦးကပြောကြားသည်။

ယခုအစီအစဉ်အရ အမေရိကန်သည်စင်ကာပူတွင် စစ်အခြေခံစခန်းချထားမည်မဟုတ်ပေ။ သို့ရာတွင် စင်ကာပူကို အမေရိကန်တပ်ဖွဲ့ဝင်များ ဝင်ထွက်သွားလာရာ ကြားစခန်းအဖြစ် အသုံးပြုခွင့်ရကြမည်ဖြစ်သည်။ ဝါရှင်တန်က ဆင်နွှဲခဲ့သော အီရတ်နှင့် အာဖဂန်စစ်ပွဲများတွင် အမေရိကန်ရေတပ်နှင့် လေတပ်တို့သည်စင်ကာပူကိုလမ်းခရီးတွင် တစ်ထောက်နားရာကြားစခန်းအဖြစ် အသုံးပြုခဲ့ကြသည်။

တရုတ်ဝန်ကြီးချုပ်ဝမ်ကျားပေါင်နှင့် စင်ကာပူဝန်ကြီးချုပ်လီရှန်လွန်းတို့သည် နှစ်နိုင်ငံဆက်ဆံရေးဖွံ့ဖြိုးတိုးတက်ရန် ပိုမိုကြိုးပမ်းဆောင်ရွက်ရေးအတွက် နိုဝင်ဘာ ၂၂ ရက်နေ့က ဗီယင်ကျန်းမြို့တွင် ကတိပြုခဲ့ကြသည်။ တရုတ်နိုင်ငံနှင့် စင်ကာပူနိုင်ငံတို့၏ စီးပွားရေးနှင့် ကုန်သွယ်ရေးဆက်ဆံမှုများသည် အရှိန်အဟုန်ဖြင့် တိုးတက်လျက်ရှိကြောင်း ဝမ်၏ ပြောကြားချက်ကို တရုတ်ကိုယ်စားလှယ်အဖွဲ့ကသတင်းထုတ်ပြန်ခဲ့သည်။

နှစ်နိုင်ငံတို့သည် ၎င်းတို့၏ ကိုယ်ပိုင်ဖွံ့ဖြိုးတိုးတက်ရေးမဟာဗျူဟာများနှင့်အတူ စီးပွားရေးနှင့် ကုန်သွယ်ရေးဆက်ဆံမှုများကို ဆက်သွယ်ပေးရန်



စင်ကာပူနိုင်ငံ ဝန်ကြီးချုပ်တောင်း ဂိုချောက်တောင်နှင့် ယင်း၏အရိုက်အရာကို ဆက်ခံသူလက်ရှိ စင်ကာပူဝန်ကြီးချုပ် လီရှန်လွန်း

အရေးကြီးကြောင်း အမြဲအလေးထားခဲ့သည်ဟု ဝမ်က ပြောသည်။ ဤသည်မှာ တရုတ်-စင်ကာပူ စီးပွားရေးနှင့် ကုန်သွယ်ရေးပူးပေါင်းဆောင်ရွက်မှု ၏ အရေးပါသော အကြောင်းရင်းတစ်ရပ်ဖြစ်ကြောင်း ဝမ်က ဆက်လက် ထောက်ပြပြောဆိုသည်။

စီးပွားရေး- စင်ကာပူနိုင်ငံ၏ ရေနံမဟုတ်သော ပြည်တွင်းထုတ်ကုန်များ၏ ပြည်ပပို့ကုန်သည် လွန်ခဲ့သောနှစ် ဩဂုတ်လနှင့် နှိုင်းယှဉ်လျှင် ယခုနှစ် ဩဂုတ်လတွင် ၂၉ ရာခိုင်နှုန်းတိုးတက်လာပြီး အမေရိကန်ဒေါ်လာ ၆ ဒသမ ၉၈ ဘီလီယံခန့်အထိ လျင်မြန်စွာ မြင့်တက်ခဲ့သည်။ (အင်နာအိုဒီအိတ်စ်) ပို့ကုန်များ၏ အကျိုးအမြတ်ကို ဆေးဝါးနှင့် ရေနံဓာတုထုတ်ကုန်များမှ ရရှိခဲ့သည်။ ပြီးခဲ့သော ၂၀၀၃ ခုနှစ် ဒီဇင်ဘာလက ၃၀ဒသမ၇ရာခိုင်နှုန်းတိုးတက်လာခဲ့ပြီးသည်ကစပြီး (အင်နာအိုဒီအိတ်စ်) ပို့ကုန်နှစ်ပတ်လည်တိုးတက်မှုသည် ဩဂုတ်လထဲတွင် အများဆုံးဖြစ်ကြောင်း နိုင်ငံတကာစီးပွားရေးလုပ်ငန်း စင်ကာပူ (အိုင်အီးစင်ကာပူ) ၏ ထုတ်ပြန်သော စာရင်းများ၌ ဖော်ပြထားသည်။

စင်ကာပူနိုင်ငံပို့ကုန်များတွင် ထက်ဝက်ခန့်သည် လျှပ်စစ်ပစ္စည်းပို့ကုန်ကဏ္ဍဖြစ်ပြီး ဇူလိုင်လတွင် ၁၆ ဒသမ ၉ ရာခိုင်နှုန်းတိုးမြင့်ခဲ့ရာမှ ဩဂုတ်လတွင် ၂၄ ဒသမ ၂ ရာခိုင်နှုန်းအထိရှိခဲ့သည်။ ဩဂုတ်လတွင် လျှပ်စစ်ပစ္စည်းထုတ်ကုန်မဟုတ်သော(အင်အိုဒီအိတ်စ်) ပို့ကုန်သည် အားရကျေနပ်စွာ တိုးတက်ခဲ့သည်။ ဥရောပသမဂ္ဂနိုင်ငံများနှင့် အမေရိကန်နိုင်ငံသို့ တင်ပို့မှုသည် ၃၅ ဒသမ ၃ ရာခိုင်နှုန်းနှင့် ၃၃ ရာခိုင်နှုန်း အသီးသီးမြင့်တက်ခဲ့သည်။ စင်ကာပူနိုင်ငံ၏ အဓိကကုန်သွယ်မှုနိုင်ငံများတွင် သတ်ော်ဖြင့် တင်ပို့ခဲ့သော ဩဂုတ်လ ပြည်ပပို့ကုန် ၄ ဒသမ ၉ ရာခိုင်နှုန်းမှာ တရုတ်နိုင်ငံသို့ တင်ပို့ခဲ့ခြင်းဖြစ်ရာ တရုတ်နိုင်ငံသည် ပြည်ပပို့ကုန်စျေးကွက်တွင် လျှင်မြန်စွာ ဆက်လက်တိုးတက်လျက်ရှိသောနိုင်ငံဖြစ်သည်။ စင်ကာပူနိုင်ငံ၏ စုစုပေါင်းကုန်သွယ်မှုသည် ဩဂုတ်လတွင် ၂၈ ဒသမ ၁ ရာခိုင်နှုန်း မြင့်တက်ခဲ့သည်။

စင်ကာပူနိုင်ငံ၏ တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုကို တိုးမြှင့်ရန် အင်ဒိုနီးရှားနိုင်ငံ၌ အလည်အပတ်ရောက်ရှိနေသော စင်ကာပူဝန်ကြီးချုပ်လီရှင်လွန်းအား အင်ဒိုနီးရှား ဒုတိယသမ္မတဂျူဆပ်ဖ်ကာလာက နိုဝင်ဘာလ ၉ ရက်နေ့၌ မေတ္တာရပ်ခံတောင်းဆိုလိုက်သည်။ တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုကို တိုးမြှင့်မည်ဟု မိမိတို့မျှော်လင့်ကြောင်း တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုက ပိုမိုကောင်းမွန်ကြောင်း မစ္စတာလီနှင့် အစည်းအဝေးပြုလုပ်အပြီးတွင် သတင်းထောက်များကို ကာလာက ပြောကြားသည်။

စင်ကာပူနိုင်ငံ၏ အကျော်ကြားဆုံးသောစျေးတန်းကြီးရှိရာ အောချတ်လမ်းကို အဆင့်မြှင့်တင်ခြင်းဖြင့် ဒေသတွင်း ခရီးသွားလုပ်ငန်းထူးခြားမှုရှိစေရန် ကြိုးပမ်းတည်ဆောက်မည်ဖြစ်ကြောင်း ဒေသဆိုင်ရာ သတင်းများက ဖော်ပြသည်။ ယင်းတီထွင် ဆန်းသစ်မှုသည် နိုင်ငံခြားစျေးဝယ်သူများအား ဆွဲဆောင်မှုရှိစေရန် ကြိုးပမ်းမှုအစိတ်အပိုင်းဖြစ်ကြောင်း စင်ကာပူကုန်သွယ်ရေးနှင့် စက်မှုဝါရင့် ဝန်ကြီးဗီဗီယန်ဘာလတ်ကစ်ရှ်နန်က ပြောကြားသည်။

ယင်းလမ်းမကြီးကို ကမ္ဘာ့အကြီးဆုံးစျေးလမ်းကြီးဖြစ်လာစေရန် လိုလားကြောင်း၊ ဒေသတွင်းရှိ မြို့ကြီးများသည် ရှန်ဟိုင်း၊ ကွာလာလမ်ပူနှင့် ဗန်ကောက်မြို့ကြီးများကဲ့သို့ ပို၍ပို၍လူကြိုက်များလာစေလိုကြောင်း ၎င်းက ထပ်လောင်းပြောကြားသည်။ အဆိုပါ အစီအမံများတွင် မြေကွက်လပ်နေရာများ ဖော်ထုတ်ခြင်း၊ ယင်းလမ်းမကြီးတစ်လျှောက် ကားရပ်နားရန်နေရာများ၊ လက်လီစတိုးဆိုင်များ နေရာချထားခြင်း၊ အခြေခံအဆောက်အအုံတိုးတက်ရေးတို့ ပါဝင်ပြီး အသေးစိတ်အစီအစဉ်များကိုလည်း ဆက်လက်ထုတ်ပြန်သွားမည်ဟု သိရသည်။

ပညာရေး- နိုင်ငံတကာပညာရေးနယ်ပယ်တွင် ပိုမိုစိတ်အားထက်သန်စွာ ယှဉ်ပြိုင်မှုဖြင့် စင်ကာပူနိုင်ငံသည် အဆင့်အတန်းမြင့်သော ပညာရေးအခြေခံမူဘောင် (အီးအီးအက်ဖ်)မှတစ်ဆင့် ယင်း၏ ပုဂ္ဂလိကပညာရေးအဖွဲ့အစည်းများ (ပီအီးအို) အရည်အသွေးအားတိုးမြှင့်သွားမည့် မဟာဗျူဟာတစ်ရပ်ကို စက်တင်ဘာ ၉ ရက်နေ့က ကြေညာခဲ့သည်။

အီးအီးအက်ဖ် စတင်သည့် အခမ်းအနားတွင် စင်ကာပူစီးပွားရေးဖွံ့ဖြိုးမှု (အီးဒီဘီ)ဦးဆောင်ညွှန်ကြားရေးမှူး

မစ္စတာကိုခန်းဝါက ပညာရေးနယ်ပယ်တွင် အမြင့်ဆုံး အဆင့်ရရှိခြင်းဖြင့် ကမ္ဘာ့ဦးဆောင်ပညာရေးတွင် စင်ကာပူနိုင်ငံရှိမြဲရှိရန် လိုအပ်ကြောင်း၊ ထို့ပြင် နိုင်ငံတကာဆိုင်ရာတွင် ခိုင်မာသော စင်ကာပူ၏ ပညာရေးတည်ဆောက်ရန်လည်း လိုအပ်ကြောင်း ပြောကြားသည်။ ယင်းသို့ဖြစ်စေရန် ပညာပေးသူများသည် အမြင့်ဆုံးပညာသင်ကြားရေး အဆင့်အတန်းနှင့် ကျောင်းသူကျောင်းသားများအား အကာအကွယ်ပေးမှုနှင့် စိုပြည်သာယာရေးတို့ကို လုပ်ဆောင်ပေးရမည်ဖြစ်ကြောင်း ဤသို့လုပ်ဆောင်ခြင်းဖြင့် စင်ကာပူနိုင်ငံအား နိုင်ငံတကာဆိုင်ရာ ကျောင်းသားကျောင်းသူများကို ပိုမိုဆွဲဆောင်ပေးရာ နေရာဖြစ်လာမည်ဖြစ်ကြောင်း မစ္စတာကိုခန်းဝါက ပြောကြားသည်။

စင်ကာပူတက္ကသိုလ်နှင့် နန်ရန်နည်းပညာ တက္ကသိုလ်တို့သည် စင်ကာပူနိုင်ငံ၏ အဓိက တက္ကသိုလ်နှစ်ခု ဖြစ်သည်။ ထိုတက္ကသိုလ်နှစ်ခုသည် လာမည့် ၂၀၀၅ ခုနှစ်တွင် ပညာသင်ကြားရေးစရိတ်ကို ၅ ရာခိုင်နှုန်း တိုးမြှင့်မည်ဖြစ်ကြောင်း သိရှိရသည်။ ၎င်းတက္ကသိုလ်က ပညာသင်ကြားရေးစရိတ် မြင့်ရခြင်းမှာ သင်ကြားမှုစရိတ်များ မြင့်မားလာ၍ ဖြစ်သည်ဟုဆိုသည်။ ထိုသို့ ပညာသင်စရိတ် တိုးမြှင့်သော်လည်း ကျောင်းသားများအတွက် ထောက်ပံ့ပေးနေသည့် အထောက်အပံ့ကို ဆက်လက်လုပ်ဆောင်သွားမည်ဟု ဒေသဆိုင်ရာ အာဏာပိုင်များက ဒီဇင်ဘာ ၉ ရက်ကဖော်ပြခဲ့သည်။ ထိုသို့ ပညာသင်စရိတ် မြှင့်တင့်မှုများလုပ်ဆောင်ပြီးနောက် ဘွဲ့ကြိုသင်တန်းများအတွက် ပေးရမည့် စရိတ်သည် တစ်နှစ်လျှင် စင်ကာပူဒေါ်လာ ၅၉၃၀ (အမေရိကန် ဒေါ်လာ ၃၆၀၇) ရှိမည်ဖြစ်သည်။ ထို့အပြင် ဘွဲ့ကြိုသင်တန်းများအတွက် သုတေသနအခြေခံသော သင်ကြားမှုလုပ်ငန်းများ၏ သင်ကြားမှုစရိတ်သည် စင်ကာပူဒေါ်လာ ၅၀၀ (အမေရိကန်ဒေါ်လာ ၃၀၄) ကုန်ကျမည်ဖြစ်ပြီး သင်ရိုးအခြေခံကာ ပြဿပေးသော သင်ကြားမှုများအတွက် ထပ်မံ၍ စင်ကာပူဒေါ်လာ ၈၀၀ (အမေရိကန်ဒေါ်လာ ၄၈၆) ကုန်ကျမည်ဖြစ်သည်။

ဘွဲ့လွန်ဆေးပညာသင်စရိတ်သည် အထက်ပါ ဘွဲ့လွန်သင်တန်းများစရိတ်ထက်ပိုမို ကုန်ကျသည်။ ၂၀၀၁ ခုနှစ်အတွင်းက စင်ကာပူတွင် ပညာသင်စရိတ် တစ်ကြိမ်မြှင့်တင်ခဲ့ပြီးဖြစ်သည်ဟုဆိုသည်။ စင်ကာပူနိုင်ငံ စီမံခန့်ခွဲရေးတက္ကသိုလ်ကလည်း ပညာသင်စရိတ်တိုးမြှင့်ရေးကိစ္စကို ပြန်လည်သုံးသပ်ပြီး ဆုံးဖြတ်ချက်ချမှတ်သွားရန်ရှိသည်ဟုလည်း ဆိုထားသည်။

၎င်းပြင်သိပ္ပံနည်းပညာနှင့် သုတေသနအဖွဲ့သည် ၂၀၀၃ ခုနှစ်အတွက် ဆန်းစစ်လေ့လာချက်တစ်ရပ်ကို လုပ်ဆောင်ခဲ့ကြောင်း၊ အများစုသုတေသနနှင့် တီထွင်မှုလုပ်ငန်းများမှာ ဇီဝပညာသိပ္ပံ၊ အီလက်ထရွန်းနစ်နှင့် အင်ဂျင်နီယာအပိုင်းကဏ္ဍများဖြစ်ကြောင်း သတင်းများဖော်ပြထားသည်။ ပုဂ္ဂလိကကဏ္ဍက ၂၀၀၃ ခုနှစ်အတွင်း၌ သုတေသီ ၁၂၀၀၀ ကျော် အလုပ်အကိုင်ပေးခဲ့ရာ ၂၀၀၂ ခုနှစ်ထက် ၁၄ ရာခိုင်နှုန်းမြင့်တက်ခဲ့ကြောင်း သိရှိရပေသည်။

ယင်းနောက် စင်ကာပူနိုင်ငံ၏ ယဉ်ကျေးမှုလက္ခဏာများ မြင့်မားရန်နှင့် တရုတ်နိုင်ငံ စေးကွက်သို့ လွယ်ကူစွာ ဝင်ရောက်နိုင်ရန် စင်ကာပူနိုင်ငံသည် တရုတ်ဘာသာစကားကို သင်ကြားမှုမြင့်မား တိုးတက်ရန် ရည်ရွယ်သည်။ ပညာရေးပြုပြင်ပြောင်း လဲမှုကို ဆောင်ရွက်လိမ့်မည်ဖြစ်သည်။ အဆိုပါ ပြုပြင်ပြောင်းလဲမှုတွင် အရေးအသားထက်၊ နားထောင်တတ်၊ စကားပြောတတ်ပြီး ဖတ်တတ်နိုင်ရန်အတွက် အလေးထားသင်ကြားမည်ဟု ပညာရေးဝန်ကြီးသာမန် ရှန်မူဂါရတ်နမ်က ပါလီမန်အစည်း အဝေးမိန့်ခွန်းတွင် ပြောခဲ့လေသည်။

ကျန်းမာရေး- စင်ကာပူနိုင်ငံတွင် အော့ဒ်စ်ရောဂါပြဿနာသည်အခြားအာရှနိုင်ငံများကဲ့သို့ သိသိသာသာမရှိသော်လည်း ရောဂါဖြစ်ပွားမှုအရေအတွက်မှာ သုံး၊ လေးနှစ်အတွင်း နှစ်ဆတိုးနေကြောင်းကျန်းမာရေးဝန်ကြီး ဘာလာကျိဆာဒါဆီဝန်က ပြောကြားသည်။ ၁၉၉၃ ခုနှစ်၌က စင်ကာပူတွင် အော့ဒ်စ်ရောဂါဖြစ်ပွားသူ (၆၄) ဦးရှိရာမှ ၂၀၀၄ ခုနှစ်တွင် ၃၀၀ ကျော်ကာ ၂၀၁၀ ပြည့်နှစ်တွင် ၁၀၀၀ ကျော်မည်ဟု အစိုးရက ခန့်မှန်းထားသည်။ စင်ကာပူနိုင်ငံသား ၄,၀၀၀ ခန့်တွင် HIV ပိုင်းရပ်စ် ရှိကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ခန့်မှန်းချက်ကိုကိုးကား၍ ဘာလာကျိက ပြောကြားသည်။ အကယ်၍ အော့ဒ်စ်ပြဿနာကို မဆောင်ရွက်



စင်ကာပူဝန်ကြီးချုပ်လီရှန်လွန်းကို မြေအောက်ရထားတစ်စင်းပေါ်တွင် ပြည်သူတို့နှင့်အတူ တွေ့ရစဉ်

ပါက ၂၀၁၀ ပြည့်နှစ်တွင် စင်ကာပူ၌ HIV ပိုးရှိသူ ၁၅,၀၀၀ ကျော်ရှိနိုင်မည်ဟု ၎င်းက ပြောကြားသည်။ အော့ဒ်စ်ရောဂါ နှင့် HIV ပိုးရှိသူ သန်းနှင့်ချီ၍ ရှိသည့် တရုတ်နှင့် အိန္ဒိယကဲ့သို့ နိုင်ငံများနှင့် နှိုင်းယှဉ်ပါက ယင်းအရေအတွက်သည် နည်းပါးသော်လည်းစင်ကာပူ နိုင်ငံတွင် လူဦးရေ ၄ သန်းမျှသာရှိကာ နိုင်ငံခြားသား ၁ ဒသမ ၃ သန်းခန့်နေထိုင်ကြသည်။

ယခုနှစ်တွင် လူဦးရေ တစ်သန်းလျှင် အော့ဒ်စ် ရောဂါဖြစ်ပွားသူအရေအတွက် ၁၀၀ ကျော်မြင်တွေ့ ရသည်မှာ ပထမဦးဆုံးအကြိမ်ဖြစ်သည်ဟု ဘာလာကျိ က အလေးအနက်ထားပြောကြားသည်။ HIV သည် စင်ကာပူ လူမျိုးများအတွင်းသို့ အကြီးအကျယ် မကူးစက်သေးသည့်အတွက် စင်ကာပူနိုင်ငံသည် ကံကောင်းကြောင်း ၎င်းက ပြောကြားသည်။ ယင်း ရောဂါသည် ယေဘုယျအားဖြင့် လိင်တူဆက်ဆံသည့် အမျိုးသားများနှင့် ပြည့်တန်ဆာများနှင့် ဆက်ဆံသည့် အမျိုးသားများတွင် ဖြစ်လေ့ရှိသည်ဟု ဆိုသည်။

ယင်းနှစ်မျိုးနှစ်စားအနက် လိင်တူဆက်ဆံသည့် မိန်းမလျာများတွင် ပိုမိုဖြစ်ပွားလေ့ရှိကြောင်း ဘာလာကျိ က ပြောကြားသည်။ လိင်တူဆက်ဆံသည့် အမျိုးသားများတွင် အော့ဒ်စ်ရောဂါဖြစ်ပွားမှုသည် ၂၀၀၃ ခုနှစ်က ၅၄ ဦးရှိရာမှ ယခုနှစ် ပထမ ၁၀ လ အတွင်း ၇၇ ဦးထိရှိလာကြောင်း ကျန်းမာရေး အာဏာ ပိုင်များမှရရှိသည့် ကိန်းဂဏန်းများကို ဖော်ပြထား ခြင်းဖြစ်သည်။

ထို့နောက် စင်ကာပူနိုင်ငံရှိ စုံတွဲများသည် လက်မထပ်မီအိပ်ချ်အိုင်ဗွီရှိမရှိ စမ်းသပ်မှုခံရမည် ဖြစ်ကြောင်းနှင့် ကိုယ်ဝန်ဆောင်အမျိုးသမီးအားလုံး အိပ်ချ်အိုင်ဗွီ၊ အေအိုင်ဒီအက်စ်ကူးစက်ခြင်းကို တားဆီးကာကွယ်ရန် စမ်းသပ်မှုခံရမည်ဟု စင်ကာပူ အစိုးရက ပြောကြားခဲ့ပြီးနောက် စင်ကာပူမီဒီယာက အဆိုပါ သတင်းကို ဇန်နဝါရီလ ၅ ရက်နေ့က ထုတ်ပြန် ခဲ့ကြောင်းသိရသည်။

နိုင်ငံတကာဆက်ဆံရေး- စင်ကာပူနှင့် ခ်ီလီနိုင်ငံတို့သည် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှု အထူးသဖြင့် သိပ္ပံနှင့်ဇီဝနည်းပညာနယ်ပယ်တွင်ပူးပေါင်းဆောင်ရွက်မှုခိုင်မာအောင် ဆောင်ရွက်ရန် ဧပြီလ ၃၀ ရက်နေ့က သဘောတူလိုက်ကြသည်။ ယင်းသဘောတူညီချက်ကို နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှု အရှိန်တိုးမြှင့်ရေးနည်းလမ်းများနှင့်ပတ်သက်၍စင်ကာပူဝန်ကြီးချုပ်ဟောင်းဂိုချောက်တောင်နှင့် အလည်ရောက်ရှိနေသော ခ်ီလီသမ္မတရီကာဒိုလေဂို့စ်တို့ ဆွေးနွေးကြပြီးနောက် ရရှိခြင်းဖြစ်သည်။ ထို့ပြင် နှစ်နိုင်ငံသည် နယူးဇီလန်နိုင်ငံနှင့်လည်း လမ်းသွယ်သုံးခုလွတ်လပ်သော ကုန်သွယ်ရေး သဘောတူညီချက် (အက်ဖ်တီအေ)ကိစ္စကိုလည်း ဆွေးနွေးလျက်ရှိကြောင်းသိရသည်။

စင်ကာပူနှင့် အိန္ဒိယနိုင်ငံတို့သည်လည်း ယခုလ ကုန်၌ ကုန်သွယ်ရေးသဘောတူညီချက်တစ်ရပ်ကို အပြီးသတ်လိုကြကြောင်း စင်ကာပူကုန်သွယ်ရေးဝန်ကြီးဌာနက နိုဝင်ဘာလ ၁၂ ရက်နေ့၌ ကြေညာချက်ထုတ်ပြန်လိုက်သည်။

အိန္ဒိယနှင့် စင်ကာပူနိုင်ငံတို့ ပြီးပြည့်စုံသော စီးပွားရေးပူးပေါင်းဆောင်ရွက်မှုတွင် ကျန်ရှိသော ထူးခြားသည့် ကိစ္စရပ်များကို အဆုံးသတ်ရန်အတွက် စင်ကာပူကုန်သွယ်ရေးနှင့်စက်မှုလုပ်ငန်းဝန်ကြီးလင့်မ်ဟင်ကီအန်သည် အိန္ဒိယကုန်သွယ်ရေးနှင့် စက်မှုလုပ်ငန်းဝန်ကြီးကမားလ်နတ်သ်နှင့် စင်ကာပူ၌ နိုဝင်ဘာလ ၁၁ရက်နေ့ကဆွေးနွေးခဲ့ကြောင်းကြေညာချက်၌ဖော်ပြထားသည်။

နှစ်နိုင်ငံဝန်ကြီးများသည် ရင်းနှီးမြှုပ်နှံမှုနှင့် ဆိုင်သော ထူးခြားသော ကိစ္စရပ်များ၊ ၎င်းတို့ နိုင်ငံသားများ၏ လှုပ်ရှားဆောင်ရွက်မှု၊ အကောက်ခွန်လျှော့ချခြင်းနှင့် အကောက်ခွန်လျှော့ပေါ့ခွင့်ပေးမည့် ကုန်ပစ္စည်းများအတွက် စည်းမျဉ်းစည်းကမ်းများအပေါ် ကျယ်ကျယ်ပြန့်ပြန့်သဘောတူချက်ရရှိခဲ့ကြသည်ဟု ကြေညာချက်တွင် ဖော်ပြထားသည်။ မကြာသေးသော နှစ်များအတွင်း၌ စင်ကာပူနှင့် အိန္ဒိယနိုင်ငံတို့သည် နှစ်နိုင်ငံ စီးပွားရေးနှင့် ကုန်သွယ်ရေးဆက်ဆံမှုများတိုးမြှင့်ရေး အတွက် ဖြစ်နိုင်ဖွယ်ရှိသော အရာအားလုံးကို လုပ်ဆောင်ခဲ့ကြသည်။ နှစ်နိုင်ငံကုန်သွယ်မှု ပမာဏသည် တစ်နှစ်လျှင် (အမေရိကန်ဒေါ်လာ ဂါးဘီလီယံ) ရှိပြီး စင်ကာပူနိုင်ငံက အိန္ဒိယနှင့် ကုန်သွယ်မှုမှာ ဒေါ်လာနှစ်ဘီလီယံခန့်ဖြစ်သည်။

မူးယစ်ဆေးဝါး- စင်ကာပူနိုင်ငံတွင် မူးယစ်ဆေးဝါးအတုအလွဲသုံးစားမှု ပြဿနာကို ဖြေရှင်းရန် ကြိုးပမ်းသည့်အစိတ်အပိုင်းအဖြစ် တစ်လကြား မူးယစ်ဆေးဆန့်ကျင်ရေးလှုပ်ရှားမှုကို စက်တင်ဘာလ ၇ ရက်နေ့တွင် စတင်ခဲ့သည်။ အဆိုပါ လှုပ်ရှားမှုကို စင်ကာပူမူးယစ်ဆေးဆန့်ကျင်ရေးအမျိုးသား ကောင်စီ (အင်စီအေဒီအေ)က စတင်ဆောင်ရွက် ခြင်းဖြစ်ပြီး အသက် ၁၅ နှစ်နှင့် ၃၀ ကြားရှိသော လူငယ်များအတွက် ရည်ရွယ်သည်။

မကြာသေးမီနှစ်များအတွင်း ဖမ်းဆီးမိခဲ့သော မူးယစ်ဆေးအတုသုံးစွဲသည့် အုပ်စုကြီးနှင့် လူငယ်များ ဆက်စပ်မှုရှိလာခြင်းကြောင့် ယခုကဲ့သို့ လှုပ်ရှားဆောင်ရွက်ခြင်းဖြစ်သည်ဟုဆိုသည်။ မူးယစ်ဆေးဆန့်ကျင်နှိမ်နင်းမှုကို ရုပ်မြင်သံကြား၊ ရုပ်ရှင်၊ ပိုစတာ၊ သတင်းစာ၊ မဂ္ဂဇင်း၊ အင်တာနက်အပြင် ရေဒီယိုဖြင့် ဖန်တီးမည်ဖြစ်ပြီး လူငယ်များအား မူးယစ်ဆေးကင်းရှင်းစွာနေကြရန် အသိပညာပေးသွားမည်ဖြစ်သည်။

မူးယစ်ဆေးဝါးရောင်းဝယ်မှုဖြင့် အသက် ၂၄ နှစ်အရွယ် ဩစတြေးလျနိုင်ငံသား ဥရင်တွန်ဗန်အား သေဒဏ်ချမှတ်ခြင်းကို အယူခံဝင်ရာ ၂ မိနစ်ကြာသာကြားနာပြီး ပယ်ချလိုက်ခြင်းအားဖြင့် စင်ကာပူ တရားရုံးချုပ်သည် မူးယစ်ဆေးဝါးရောင်းဝယ်မှုကို သည်းမခံကြောင်း ပြသလိုက်သည်။ ယခုအခါ ဥရင်၏ ကံကြမ္မာသည် စင်ကာပူသမ္မတအက်စ်အာရ်နေ အပေါ်တွင်တည်နေကာ ၎င်း၏ ရှေ့နေများနှင့် ဩစတြေးလျအစိုးရသည် သက်ညှာခွင့်ရရှိရန် အလျင်အမြန်ပြင်ဆင်နေကြသည်။

သမ္မတက သက်ညှာခွင့်စဉ်းစားခြင်းသည်ခြောက်လမျှကြာမြင့်နိုင်ပြီး အကယ်၍ သက်ညှာခွင့်မရပါက ဥရင်အား ကြိုးပေးမည်ဖြစ်ရာ ဆယ်နှစ်ကျော်အတွင်း သေဒဏ်အစီရင်ခံရသည့် ပထမဦးဆုံး ဩစတြေးလျနိုင်ငံသားဖြစ်ကာ စင်ကာပူအစိုးရ အတွက်ဆယ်နှစ်ကျော်အတွင်း ပထမဦးဆုံးအကြိမ်ဖြစ်သည်။

ဒုရင်သည် မတ်လက စင်ကာပူချန်ဂီလေဆိပ်မှ ဖြတ်၍ ဘိန်းဖြူ ၃၉၆ ဂရမ် သယ်ဆောင်မှုဖြင့် ပြစ်ဒဏ် ချမှတ်ခံရခြင်းဖြစ်သည်။ ဗီယက်နမ်လူမျိုး ဒုရင်အား ၎င်း၏ အမြွာညီအကို ကာအိုနှင့်အတူ ထိုင်းနိုင်ငံရှိ ဒုက္ခသည်စခန်းတစ်ခုတွင် မွေးဖွားခဲ့ပြီး ငယ်စဉ် ကတည်းက သြစတြေးလျတွင် နေထိုင်ခဲ့သည်။

အသက် (၆၂)နှစ်အရွယ် အိမ်ထောင်ရှင် ဂျပန် အမျိုးသမီးတိုမီကာကွန်ဒိုသည် စင်ကာပူနိုင်ငံ၏ ချန်ဂီလေဆိပ်သို့ခြေချလိုက်သည်နှင့် သူမကို ခြိမ့်ခြိမ့် သဲမျှ ကြိုဆိုခဲ့ကြရာ သူမသည် တအံ့တသြဖြစ်ခဲ့ရ သည်။ သူမကို စင်ကာပူနိုင်ငံသို့ လာရောက်လည်ပတ် သူ ရှစ်သန်းမြောက်အဖြစ် ကြိုဆိုခဲ့ခြင်းဖြစ်သည်။ သူမကို စင်ကာပူနိုင်ငံ၌ နေထိုင်လည်ပတ်စဉ်ကာလ ၌ ရက်ဖ်ဖဲလ် ဟိုတယ်တွင်အခမဲ့တည်းခိုခွင့် ဈေးဝယ် ဘောက်ချာများ၊ စင်ကာပူ အဲယားလိုင်းဖြင့် အိမ်အပြန် ခရီးအတွက် လေယာဉ်လက်မှတ်တို့ အပါအဝင်တန်ဖိုး ဒေါ်လာ ၃၀၀၀၀ ခန့်ရှိသော လက်ဆောင်ပစ္စည်းများ စင်ကာပူနိုင်ငံက ပေးအပ်ခဲ့သည်။

စင်ကာပူနိုင်ငံသို့ လာရောက်လည်ပတ်သူအရေ အတွက်သည် ၂၀၀၄ ခုနှစ် လျှာထားသတ်မှတ်ထား သော ၇ ဒသမ ၆ သန်းကို ကျော်လွန်ခဲ့ကြောင်း ခရီးသွားလာရေး ဘုတ်အဖွဲ့က ပြောကြားသည်။

ခရီးသွားလုပ်ငန်း- ကမ္ဘာလှည့်ခရီးသည် လာရောက် မှုသည် နှစ်အစမှ စက်တင်ဘာလထိတွင် ၁၈ရာခိုင်နှုန်း တက်လာပြီး အရေအတွက်အား ဖြင့် ၆၅၈,၂၂၄ ဖြစ်လာကြောင်း တရားဝင်ကိန်းဂဏန်းအရ သိရှိရ သည်။ အိမ်နီးချင်းနိုင်ငံဖြစ်သော အင်ဒိုနီးရှားမှ ဧည့်သည်များသည် အများဆုံးဖြစ်၍ ၁၃၉,၀၀၀ ကျော် ရှိသည်။ ၎င်းနောက်တွင် ဂျပန်နှင့် တရုတ်နိုင်ငံတို့မှ ဖြစ်ပြီး ၆၂,၀၀၀ ကျော်စီရှိကြသည်ဟု စင်ကာပူကမ္ဘာ လှည့်ခရီးသွားလုပ်ငန်းအဖွဲ့. (အက်စ်တီဘီ) က ပြောကြားသည်။

အသက် (၆၂)နှစ်အရွယ် အိမ်ထောင်ရှင် ဂျပန် အမျိုးသမီးတိုမီကာကွန်ဒိုသည် စင်ကာပူနိုင်ငံ၏ ချန်ဂီလေဆိပ်သို့ခြေချလိုက်သည်နှင့် သူမကို ခြိမ့်ခြိမ့် သဲမျှ ကြိုဆိုခဲ့ကြရာ သူမသည် တအံ့တသြဖြစ်ခဲ့ရ သည်။ သူမကို စင်ကာပူနိုင်ငံသို့ လာရောက်လည်ပတ် သူ ရှစ်သန်းမြောက်အဖြစ် ကြိုဆိုခဲ့ခြင်းဖြစ်သည်။ သူမကို စင်ကာပူနိုင်ငံ၌ နေထိုင်လည်ပတ်စဉ်ကာလ ၌ ရက်ဖ်ဖဲလ် ဟိုတယ်တွင်အခမဲ့တည်းခိုခွင့် ဈေးဝယ် ဘောက်ချာများ၊ စင်ကာပူ အဲယားလိုင်းဖြင့် အိမ်အပြန် ခရီးအတွက် လေယာဉ်လက်မှတ်တို့ အပါအဝင်တန်ဖိုး ဒေါ်လာ ၃၀၀၀၀ ခန့်ရှိသော လက်ဆောင်ပစ္စည်းများ စင်ကာပူနိုင်ငံက ပေးအပ်ခဲ့သည်။

စင်ကာပူနိုင်ငံသို့ လာရောက်လည်ပတ်သူအရေ အတွက်သည် ၂၀၀၄ ခုနှစ် လျှာထားသတ်မှတ်ထား သော ၇ ဒသမ ၆ သန်းကို ကျော်လွန်ခဲ့ကြောင်း ခရီးသွားလာရေး ဘုတ်အဖွဲ့က ပြောကြားသည်။

သိန်းဝင်းဇော်

ဆယ်နှစ်ပြည့် မြဝတီရုပ်မြင်သံကြား။ ။ ၁၉၉၅ ခုနှစ်၊ မတ်လ ၂၇ ရက် နှစ် ၅၀ ပြည့် ရွှေရတု တပ်မတော်နေ့ တွင် စတင်ထုတ်လွှင့်ခဲ့သော မြဝတီရုပ်မြင်သံကြား ထုတ်လွှင့်မှုသည် ၂၀၀၅ ခုနှစ်၊ မတ်လ ၂၇ ရက်နေ့ နှစ် ၆၀ ပြည့် တပ်မတော်နေ့တွင် ၁၀ နှစ်ပြည့် သက်တမ်းကာလသို့ ရောက်ရှိပြီဖြစ်သည်။


ခရီးဒေသ

မြဝတီရုပ်မြင်သံကြားထုတ်လွှင့်စက်ရုံကို ၁၉၉၁ ခုနှစ်၊ နိုဝင်ဘာလ ၂၅ ရက်နေ့တွင် ရန်ကုန်တိုင်း၊ မှော်ဘီမြို့နယ်၌ စတင်တည်ဆောက်ခဲ့သည်။ ရုပ်မြင်သံကြားထုတ်လွှင့်မှုဆိုင်ရာ စက်ပစ္စည်းများကို တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ Beijing Architectural Design and Institute နှင့် Beijing Broadcast Equipment Factory တို့ပူးပေါင်း၍ အမေရိကန်ဒေါ်လာ ၁၂ သန်း အကုန်အကျခံကာ တပ်ဆင်ခဲ့သည်။ စက်ရုံအဆောက် အအုံများကို အမှတ် (၂) စက်မှုဝန်ကြီးဌာနနှင့် ကာကွယ်ရေးဝန်ကြီးဌာနဆက်သွယ်ရေးဌာနများတို့က ကျပ်သန်း ၁၄၀ အကုန်အကျခံကာ ပူးပေါင်း ဆောက်လုပ်ခဲ့ခြင်းဖြစ်သည်။

သင်တန်းဖွင့်လှစ်

တရုတ်ပြည်သူ့သမ္မတနိုင်ငံတွင် ၁၉၉၃ ခုနှစ်၊ ဇူလိုင်လ ၁ ရက်နေ့မှ ၂၆ ရက်နေ့အထိ ဖွင့်လှစ် သင်ကြားသော Television Centre Production သင်တန်းသို့ ဦးစီးအရာရှိရှစ်ဦးနှင့် စစ်သည် ၁၁ ဦး တို့တက်ရောက်သင်ယူခဲ့ကြသည်။

၁၉၉၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၈ ရက်နေ့မှ ဇွန်လ ၆ ရက်နေ့အထိ စစ်သည်အစားခန့် အရပ်သားဝန်ထမ်း များ ရွေးချယ်ခေါ်ယူပြီး ရုပ်မြင်သံကြားထုတ်လုပ်မှု အခြေခံသင်တန်းအမှတ်စဉ် ၁ ကို ဖွင့်လှစ်သင်ကြား ပေးခဲ့သည်။ အဆိုပါသင်တန်းသို့ အရပ်သား၊ စစ်သည် နှင့် အခြားလေ့လာသူ စုစုပေါင်း ၁၂၀ တက်ရောက်ခဲ့ ကြပြီး ကာကွယ်ရေးဝန်ကြီးဌာန ပြည်သူ့ဆက်ဆံရေး နှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး၊ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး၊ မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်း အဖွဲ့၊ အနုပညာဦးစီးဌာနနှင့် မြန်မာ့အသံနှင့် ရုပ်မြင် သံကြားတို့မှ ပညာရှင်များက သင်တန်းပို့ချပေးခဲ့ကြ


ဆာက်ရေးလုပ်ငန်းခွင်များမှလျှပ်တစ်ပြက်
MYAWADY TELEVISION
မြဝတီရုပ်မြင်သံကြား
အစီအစဉ်များထုတ်လွှင့်
နိုင်ငံရေးအတွက်
ကြိုးပမ်းဆောင်ရွက်
ပုသိမ်-ငွေဆောင်လမ်းပေါက်လှုပ်ရှားမှုကိန်း
မ်းအမှတ်နေ့ ဂုဏ်ပြု ရုပ်မြင်သံကြားဇာတ်လမ်း

သည်။ သင်တန်းသားများသည် သင်တန်းပြီးဆုံးသည်နှင့် ရုပ်မြင်သံကြားထုတ်လွှင့်စက်ရုံတွင် လက်တွေ့လေ့ကျင့်ခန်းများပြုလုပ်ပြီး ရုပ်မြင်သံကြားအစီအစဉ်များ ကြိုတင်ရိုက်ကူးထုတ်လုပ်ခဲ့ကြသည်။

ထုတ်လွှင့်ခြင်း

မြဝတီရုပ်မြင်သံကြားထုတ်လွှင့်စက်ရုံကို ၁၉၉၃ ခုနှစ်၊ မေလတွင် တည်ဆောက်ပြီးစီး၍ စက်ပစ္စည်းများပါ တပ်ဆင်ပြီးစီးသည်။ မြဝတီရုပ်မြင်သံကြားစမ်းသပ်ထုတ်လွှင့်မှုအစီအစဉ်များကို ၁၉၉၃ ခုနှစ်၊ ဇွန်လ ၁၁ ရက်နေ့မှ ၁၉၉၅ ခုနှစ်၊ မတ်လ ၂၆ ရက်နေ့အထိ Asia Sat 1 ဂြိုဟ်တုကတစ်ဆင့် ထုတ်လွှင့်ခဲ့သည်။

မြဝတီရုပ်မြင်သံကြား ပုံမှန်ထုတ်လွှင့်မှုအစီ အစဉ် ၁၉၉၅ ခုနှစ်၊ မတ်လ ၂၇ ရက်နေ့မှစတင်၍ Asia Sat 1 ဂြိုဟ်တုနှင့်နယ်ရှိ ထပ်ဆင့်လွှင့်စက်ရုံများကို အသုံးပြုပြီးနေ့စဉ်နံနက် ၇ နာရီမှ ၁၁ နာရီအထိ ထုတ်လွှင့်ခဲ့သည်။

ပထမနှစ်အစီအစဉ်များ

မြဝတီရုပ်မြင်သံကြား နံနက်ပိုင်းအစီအစဉ်များတွင် ပြည်တွင်းရေးရာမှတ်စရာ(သတင်းများ)၊တေးဂီတအစီအစဉ်များ၊ ရုပ်ရှင်နှင့် ရုပ်မြင်သံကြားဇာတ်လမ်းများ၊ မှတ်တမ်းများ၊ တွေ့ဆုံမေးမြန်းခြင်းများ၊ အခြားပညာပေးအစီအစဉ်များနှင့် ဖျော်ဖြေရေး အစီအစဉ်များ ပါဝင်သည်။

မြဝတီရုပ်မြင်သံကြားအစီအစဉ်စလွှင့်စ ချင်းဦးစွာ ထုတ်လွှင့်ခဲ့သော သီချင်းမှာ မြသန်းစံရေးသားပြီး မေဆို၊ မေခလာ၊ ဟေမာနေဝင်း၊ မိမိဝင်းဖေ၊ နီနီဝင်းလွှေ ပိုးဒါလီသိန်းတန်တို့ ပါဝင်သီဆိုသရုပ်ဆောင်ထားကြသည့် 'လွှေရတု သန္ဓေတည်မြဝတီ' သီချင်းဖြစ်သည်။ အဆိုပါ သီချင်းကို မြဝတီရုပ်မြင်သံကြား Art Studio 1 တွင် ဒါရိုက်တာဦးတင်ယုက ရိုက်ကူးခဲ့ခြင်းဖြစ်ပြီး အကယ်ဒမီဦးမြင့်ခိုင်က ကြီးကြပ်တည်းဖြတ်ခဲ့သည်။

မြဝတီရုပ်မြင်သံကြား ဇာတ်လမ်းအစီအစဉ်တွင် ပထမဆုံးပြသခဲ့သော ဇာတ်လမ်းမှာ ဒါရိုက်တာ စာရေးဆရာတင်သန်းဦး ရိုက်ကူးပြီး ဒွေးနှင့် စုလှိုင်နှင်းတို့ ပါဝင်သရုပ်ဆောင်ထားသည့် 'ချစ်ရမှ နေပျော်မှာ' ဇာတ်လမ်းဖြစ်သည်။ အဆိုပါ ဇာတ်လမ်းကို ရန်ကုန်မြို့နှင့် ကျိုက်ဖြူတွင် ရိုက်ကူးခဲ့ခြင်းဖြစ်သည်။ ပထမဆုံးထုတ်လွှင့်သော နိုင်ငံခြားဇာတ်လမ်းတွဲများမှာ 'ကျိကုန်း' နှင့် 'ကွမ်ရင်မယ်တော်' ဇာတ်လမ်းတွဲများဖြစ်သည်။

ဒုတိယနှစ်အစီအစဉ်များ

မြဝတီရုပ်မြင်သံကြား 'လျှပ်တစ်ပြက်ရိုက်ချက်' အစီအစဉ်များကို ၁၉၉၆ ခုနှစ်၊ ဇူလိုင်လ ၁၅ ရက်နေ့စတင်ရိုက်ကူးစုဆောင်းခဲ့ပြီး စက်တင်ဘာလ ၁၂ ရက်နေ့မှစ၍ နေ့စဉ်ထုတ်လွှင့်ခဲ့သည်။ အဆိုပါအစီအစဉ်ကို မြဝတီရုပ်မြင်သံကြားညပိုင်းအစီအစဉ်များ ထုတ်လွှင့်နိုင်သော ၁၉၉၇ ခုနှစ်၊ မတ်လ ၂၇ ရက်နေ့မှစ၍တစ်နေ့လျှင် နှစ်ကြိမ်ပုံမှန်ထုတ်လွှင့် ခဲ့ပြီး ၂၀၀၂ ခုနှစ်၊ မတ်လ ၂၇ ရက်နေ့တွင် 'လျှပ်တစ်ပြက်ရိုက်ချက်' မှ 'လျှပ်တစ်ပြက်' ဟု အမည်ပြောင်းလဲထုတ်လွှင့်ခဲ့သည်။

မြဝတီရုပ်မြင်သံကြား ဒုတိယနှစ်တွင်း တိုးချဲ့ထုတ်လွှင့်ခဲ့သော အစီအစဉ်များမှာ ဇာတ်လမ်းတစ်ပုဒ်ဖန်တီးခြင်း၊ ပျော်ရွှင်စရာမျက်လှည့်ကမ္ဘာနှင့် နိုင်ငံခြားတေးဂီတအစီအစဉ်တို့ဖြစ်သည်။ ထူးခြားသည့် အစီအစဉ်တစ်ရပ်မှာ ပြည်-အောင်လံ-တောင်တွင်းကြီး-ကျောက်ပန်းတောင်း-ပုဂံ ရိုးမပတ် ရထားလမ်းဖောက်လုပ်နေကြသော တပ်မတော်သားများအား မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးနှင့် မြန်မာနိုင်ငံဂီတအစည်းအရုံးတို့မှ နာမည်ကျော်အနုပညာရှင်များက သွားရောက်အားပေးဖျော်ဖြေရာတွင် ဒါရိုက်တာစာရေးဆရာတင်သန်းဦးနှင့် မြသန်းစံတို့ ခေါင်းဆောင်သောအဖွဲ့နှစ်ဖွဲ့က 'လျှပ်တစ်ပြက်ရိုက်ချက်' အစီအစဉ်များနှင့် 'စစ်သည်တို့ ၏ ချွေးစက်များနှင့် အနုပညာရှင်တို့၏ ရင်ခုန်သံ' အခန်းဆက်အစီအစဉ်များကို သွားရောက်ရိုက်ကူး ထုတ်လွှင့်ခဲ့ခြင်းဖြစ်သည်။

ထို့ပြင် တရုတ်ဇာတ်လမ်းတွဲများကို မြန်မာစာတန်းထိုး၍ မြဝတီရုပ်မြင်သံကြားက စတင်ထုတ်လွှင့်ခဲ့ရာ ရုပ်မြင်သံကြားပရိသတ်များနှစ်ခြိုက်ခဲ့ကြသည်။ အဆိုပါ ဇာတ်လမ်းတွဲများအနက် 'ပြည်သူ့တရားရှင်' ဇာတ်လမ်းတွဲသည် အောင်မြင်မှုအရဆုံးဖြစ်သည်။ ထို့အတူ အိန္ဒိယရုပ်ရှင်ဇာတ်လမ်းတွဲများနှင့် ဟောလီး

ချမ်းမြေ့ပျော်ရွှင်ကြည်နူးဖို့ မြဝတီရုပ်မြင်စောင့်ကြ


















ဝုဒ်ဇာတ်လမ်းတွဲများကိုလည်း မြန်မာစာတန်းထိုး၍ ထုတ်လွှင့်ခဲ့ဖူးသည်။

တိုးချဲ့ထုတ်လွှင့်သော အစီအစဉ်များ

မြဝတီရုပ်မြင်သံကြားညပိုင်းအစီအစဉ်များကို ဒုတိယနှစ်ပတ်လည်နေ့ (၁၉၉၇ ခုနှစ်၊ မတ်လ ၂၇ ရက်နေ့)တွင် Asia Sat 2 ဂြိုဟ်တုကို ငှားရမ်း၍ သီးခြား Channel အဖြစ် တိုးချဲ့ထုတ်လွှင့်ခဲ့သည်။ တစ်ချိန်တည်းတွင် ၁၀ ကီလိုဝပ်လွှင့်အားရှိသည့် ပုသိမ်ထပ်ဆင့်လွှင့်စက်ရုံနှင့် စစ်ကိုင်းထပ်ဆင့်လွှင့်စက်ရုံများကို တည်ဆောက်ဖွင့်လှစ်နိုင်ခဲ့သည်။ ထို့ပြင် ပြည်တွင်းရေးရာမှတ်စရာအစီအစဉ်ကို မြဝတီရုပ်မြင်သံကြားသတင်းအစီအစဉ်အဖြစ် ပြောင်းလဲထုတ်လွှင့်ခဲ့သည်။ ပထမအကြိမ် မြဝတီအငြိမ့်ပြိုင်ပွဲအစီအစဉ်၊ မဟာရုပ်မြင်ကျာနယ်၊ မြန်မာ့ရိုးရာလက်ဝှေ့စသည့် အစီအစဉ်များကို တိုးချဲ့ထုတ်လွှင့်ခဲ့သကဲ့သို့ 'အရိပ်' ရုပ်ရှင်ဇာတ်ကားကို ရုံတင်မပြသမီ မြန်မာဇာတ်လမ်းတွဲ အစီအစဉ်အဖြစ် ထုတ်လွှင့်ပြသခဲ့သည်။

တတိယနှစ်ပတ်လည်နေ့ (၁၉၉၈ ခုနှစ်၊ မတ်လ ၂၇ ရက်နေ့) နောက်ပိုင်းတွင် ထူးထူးခြားခြား ထုတ်လွှင့်ခဲ့သော အစီအစဉ်မှာ ၁၉၉၈ ခုနှစ် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲဖြစ်သည်။ ပြင်သစ်နိုင်ငံတွင် ကျင်းပသောပွဲစဉ် ၆၂ ပွဲအနက် အချို့ကို တိုက်ရိုက် ထုတ်လွှင့်ခဲ့ပြီး ပရိသတ်အကြိုက်ပွဲစဉ်အချို့ကို ဒုတိယအကြိမ် ထပ်မံထုတ်လွှင့်ခဲ့ရာ စုစုပေါင်း ၈၄ ပွဲထုတ်လွှင့်နိုင်ခဲ့သည်။

ထို့ပြင် မြဝတီရုပ်မြင်သံကြားအစီအစဉ်များကို ကောင်းမွန်အောင် တိုးချဲ့ထုတ်လွှင့်နိုင်ခဲ့ကြသည့် ဝန်ထမ်းများနှင့် စစ်သည်များအား ရွှေစင်တစ်ကျပ်သား ဆွဲကြိုးများကို ထူးခွန်ဆုအဖြစ် ချီးမြှင့်ခဲ့သည်။



စတုတ္ထနှစ်ပတ်လည်နေ့ (၁၉၉၉ ခုနှစ်၊ မတ်လ ၂၇ ရက်နေ့) နောက်ပိုင်းတွင် ကမ္ဘာ့လက်ဝှေ့ပြိုင်ပွဲများကို တိုက်ရိုက်ထုတ်လွှင့်ပြသနိုင်ခဲ့ပြီး ဘရူးနိုင်းနိုင်ငံ၌ ကျင်းပခဲ့သည့် အကြိမ် ၂၀ မြောက်အရှေ့တောင်အရှ အားကစားပြိုင်ပွဲသို့ မြဝတီရုပ်မြင်သံကြား ဝန်ထမ်းများ သွားရောက်ရိုက်ကူး၍ တိုက်ရိုက်ထုတ်လွှင့်ပေးခဲ့သည်။

ပဉ္စမနှစ်ပတ်လည်နေ့ (၂၀၀၀ ပြည့်နှစ်၊ မတ်လ ၂၇ ရက်နေ့) ကာလတွင် တိပိဋကဓရဓမ္မဘဏ္ဍာဂါရိက ဘန္ဒန္တအရှင်ဝိစိတ္တသာရဘိဝံသ မင်းကွန်းဆရာတော်ကြီး၏ အတ္ထုပ္ပတ္တိကို ရိုက်ကူးထုတ်လွှင့်ခဲ့ရာဆရာတော်ကြီး၏ တစ်ဘဝကိုဆယ်စုနှစ်များပိုင်းခြားလျက် အပိုင်း ၂၆ ပိုင်းထုတ်လွှင့်ခဲ့သည်။ ပထမဆုံးနှင့် အရှည်ဆုံး အတ္ထုပ္ပတ္တိမှတ်တမ်းဖြစ်ပြီး သုံးနှစ်ကြာရိုက်ကူးတည်းဖြတ်ခဲ့ရသည်။ ထို့အပြင် အမေးကမ္ဘာတွေးစရာ အစီအစဉ်ကိုတနင်္ဂနွေနေ့တိုင်းတိုးချဲ့ထုတ်လွှင့်ခဲ့သည်။

သတ္တမနှစ်ပတ်လည်နေ့ (၂၀၀၂ ခုနှစ်၊ မတ်လ ၂၇ ရက်နေ့) ကာလတွင် တိုးချဲ့ထုတ်လွှင့်ခဲ့သော အစီအစဉ်များမှာ မြတ်ဘုရားဒေသနာတရားတော်၊ မြဝတီရုပ်မြင်သံကြားမဂ္ဂဇင်းကဏ္ဍနှင့် မြန်မာ့ရှုခင်းတို့ဖြစ်သည်။ မြတ်ဘုရားဒေသနာတရားတော်နှင့် တစ်ဘဝသာသနာကျမ်းပြုဆရာတော်ကြီး ဘဒ္ဒန္တယောသိတ၏ ဝိပဿနာကျင့်စဉ်ဆိုင်ရာ တရားတော်များဖြစ်ပြီး စနေနေ့နှင့် တနင်္ဂနွေနေ့ နံနက်ပိုင်းအစီအစဉ်တွင်ထုတ်လွှင့်လျက်ရှိသည်။ ထို့ပြင် 'အချစ်ဆုံးအတွက် ဟင်းတစ်မည်' နှင့် 'ဆောင်းဦးရွက်ကြွေချစ်သက်သေ' ကိုရီးယားဇာတ်လမ်းတွဲများကိုလည်း ထုတ်လွှင့်ခဲ့သည်။

အဋ္ဌမနှစ်ပတ်လည်နေ့ (၂၀၀၃ ခုနှစ်၊ မတ်လ ၂၇ ရက်နေ့) ကာလတွင် 'တောင်းဆုပြည့်စုံ ရွှေတိဂုံ' နှင့် 'အရှင်ဇနကာဘိဝံသ ဆရာတော်ကြီး၏ ထေရပွတို့ မှတ်တမ်း' အစီအစဉ်မှာ အပိုင်း ၂၀ ပါရှိသည်။

နဝမနှစ်ပတ်လည်နေ့ (၂၀၀၄ ခုနှစ်၊ မတ်လ ၂၇ ရက်နေ့) ကာလမှစ၍ စီစဉ်တင်ဆက်ခဲ့သောအစီအစဉ်သစ်မှာ 'မေးမြန်းစူးစမ်း'အစီအစဉ်ဖြစ်သည်။ အဆိုပါအစီအစဉ်တွင် စာပေ၊ ဂီတ၊ရုပ်ရှင်လောကတို့မှထင်ရှားကျော်ကြားသော အနုပညာရှင်များ၊ အတတ်ပညာရှင်များနှင့် စီးပွားရေးလုပ်ငန်းရှင်များ၏ ဘဝဖြတ်သန်းခဲ့ရမှု၊ ခံယူချက်နှင့် ယုံကြည်ချက်တို့ကို အားကျအတုယူစဖွယ်ဖြစ်အောင် မေးမြန်းစူးစမ်း တင်ပြထားခြင်းဖြစ်သည်။ ပထမဆုံးမေးမြန်းစူးစမ်း တင်ဆက်ခြင်းခံရသူမှာ စာပေ၊ ဂီတ၊ ပြဇာတ်ပညာရှင် ဗိုလ်ကလေးတင့်အောင်ဖြစ်သည်။

၁၀ နှစ်ပြည့်မြဝတီ

၁၀ နှစ်ပြည့်မြဝတီနှစ်ပတ်လည်နေ့ (၂၀၀၅ ခုနှစ်၊ မတ်လ ၂၇ ရက်နေ့) အကြိုကာလများတွင် 'မြဝတီရဲ့ မြဝတီ' အစီအစဉ်နှင့် 'ဆယ်နှစ်ပြည့်မြဝတီ ရုပ်မြင်သံကြား' အစီအစဉ်များကို ထုတ်လွှင့်ပြသခဲ့သည်။ 'မြဝတီရဲ့မြဝတီ' အစီအစဉ်မှာ မြဝတီရုပ်မြင်သံကြားဝန်ထမ်းများ၏ ကြိုးပမ်းအားထုတ်မှုများကို ဖော်ကျူးထားခြင်းဖြစ်ပြီး 'ဆယ်နှစ်ပြည့် မြဝတီရုပ်မြင်သံကြား' အစီအစဉ်မှာ တပ်မတော်ရုပ်မြင်သံကြားထုတ်လွှင့်ရေးတပ်၊ မြဝတီရုပ်မြင်သံကြား၏ တိုးတက်မှုဖြစ်စဉ်သမိုင်းကို ဖော်ကျူးထားခြင်းဖြစ်သည်။

ထို့အတူ အစီအစဉ်သစ်များအဖြစ် တစ်ပတ်အတွင်းကစားခဲ့ကြသည့် ပရိသတ်ယားလိုက်ပြိုင်ပွဲ၊ အက်ဖ်အေဖလားပြိုင်ပွဲဝင်အသင်းများ၏ အနိုင်အရှုံးကို စုစည်းတင်ဆက်ထားသော Goods Show အစီအစဉ်၊ ပဟေဠိနန်းတော်ပျော်ရွှင်စရာ သရုပ်ဆောင်ကမ္ဘာ အစီအစဉ်နှင့် ကျော်ကြားသောတေးများအား ထုတ်လွှင့်ပြသခဲ့သည်။

မြဝတီရုပ်မြင်သံကြား ၁၀ နှစ်တာကာလအတွင်း နိုင်ငံတော်၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးကဏ္ဍတို့းတက်မှုများကို ဝန်ကြီးဌာနများအလိုက်ကွင်းဆင်းလေ့လာပြီးအချက်အလက်၊ အကြောင်းအရာ ပြည့်ပြည့်စုံစုံ ရိုက်ကူးထုတ်လွှင့်ပြသခဲ့သည်။ လွတ်လပ်ရေးနေ့၊ ပြည်ထောင်စုနေ့၊ တပ်မတော်နေ့စသည့် နိုင်ငံတော်၏ အထိမ်းအမှတ်နေ့များတွင် ဂုဏ်ပြုအစီအစဉ်များနှင့် တပ်မတော်နေ့ ဂုဏ်ပြုဇာတ်လမ်းများကို ရိုက်ကူးထုတ်လွှင့်ပြသခဲ့သည်။

ထို့ပြင် လောကချမ်းသာ အဘယလာဘမုနိရုပ်ပွားတော်မြတ်ကြီးနှင့် ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံ (၂၀၀၄) စသည့် ဘာသာရေးဆိုင်ရာသတင်းများ၊ သီချင်းများနှင့် မှတ်တမ်းများကိုလည်း ထုတ်လွှင့်ပြသခဲ့သည်။

မြဝတီရုပ်မြင်သံကြား ၁၀ နှစ်တာကာလအတွင်း ထင်ရှားလူကြိုက်များသော ပုံမှန်အစီအစဉ်များမှာ လျှပ်တစ်ပြက်ရိုက်ချက်၊ ရသအလိုက် အုပ်စုခွဲထားသော တေးဂီတအစီအစဉ်များ၊ ၁၉၉၈ခုနှစ်ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲနှင့် နိုင်ငံတကာဘောလုံးပြိုင်ပွဲများ၊ တိုင်းကျိုးပြည်ပြု တည်ထောင်မှု၊ မေးမြန်းစုံးစမ်း၊ မြန်မာ့ရှုခင်း၊ သာသနာရေးဆိုင်ရာ ထုတ်လုပ်တင်ဆက်မှုများနှင့် နိုင်ငံခြားဇာတ်လမ်းတွဲများဖြစ်သည်။

မြဝတီရုပ်မြင်သံကြား ၁၀ နှစ်ပြည့် နှစ်ပတ်လည်နေ့အခမ်းအနားကို မြဝတီစင်တင်တေးဂီတ၊ မြဝတီအငြိမ့်တို့ဖြင့် ခမ်းနားသိုက်မြိုက်စွာ ကျင်းပသည်။

-စိုးအောင်

တရုတ်ပြည်သူ့သမ္မတနိုင်ငံ။ ။ တရုတ်ပြည်သူ့သမ္မတနိုင်ငံတွင်ရှိသည့် အကြီးဆုံးဘဏ်ကြီး ၄ ခု အနက် ဘဏ်ကြီး ၂ ခုတို့အတွက် တရုတ်အစိုးရသည် အမေရိကန်ဒေါ်လာ ၄၅ ဘီလီယန်ကို ထုတ်သုံးလိုက်ကြောင်း ဇန်နဝါရီ ၇ ရက်နေ့ထုတ် ဂါးဒီးယန်းသတင်းစာက ဖော်ပြခဲ့သည်။ အဆိုပါငွေများမှာ သီးသန့်ထားသော နိုင်ငံခြားငွေများမှ ထုတ်ပေးလိုက်ခြင်းဖြစ်သည်။ အစိုးရက ငွေများထုတ်ပေး၍ ပံ့ပိုးလိုက်သော ဘဏ်များမှာ တရုတ်ဘဏ် (Bank of China) နှင့် တရုတ်ဆောက်လုပ်ရေးဘဏ် (China Construction Bank) တို့ဖြစ်ကြသည်။ ဤဘဏ်နှစ်ခုတွင် ချေးငွေများဖြင့် မပြေမလည်ဖြစ်နေသည့် ဘဏ်များဖြစ်ကြသည်။ အစိုးရက ထုတ်ပေးသောငွေများမှာ အလကားမဟုတ်ဘဲ ငွေတိုးနှင့်ဖြစ်သည်။ ဤဘဏ်နှစ်ခုသည် ၂၀၀၅ ခုနှစ်တွင် ဟောင်ကောင်ရှိ စတော့စျေးကွက်၌ ဝင်ရောက်ရန်စီစဉ်နေကြခြင်းဖြစ်ရာ မတည်ရင်းနှီးငွေအမြောက်အမြားရှိကြောင်းပြသနိုင်ရန် အစိုးရက ဤကဲ့သို့ငွေများပံ့ပိုးလိုက်ခြင်းဖြစ်သည်။ ဤသို့ဆောင်ရွက်လိုက်ခြင်းမှာ တရုတ်အစိုးရက ဘဏ်များပြုပြင်ရေးနှင့် ဘဏ်လုပ်ငန်းများအား နိုင်ငံတကာနယ်ပယ်တွင် ဝင်ဆံ့ရေးတို့အတွက်ဖြစ်သည်။ ထိုဘဏ်နှစ်ခုအနေဖြင့် စတော့စျေးကွက်၌ ဝင်သွားသောအခါ အစိုးရက ၎င်းတို့အပေါ်ပိုမိုတင်းကျပ်စွာ ကြီးကြပ်နိုင်ရေးတို့အတွက်လည်းဖြစ်သည်။

ဇန်နဝါရီလ ၂၀ ရက်နေ့တွင် ထုတ်ပြန်လိုက်သော တရားဝင်ကိန်းဂဏန်းများအရ ခြောက်နှစ်ကာလအတွင်း ၂၀၀၃ ခုနှစ်၌တရုတ်စီးပွားရေးသည်အမြန်ဆုံးတိုးတက်ခဲ့ကြောင်းသိရှိရသည်။ အသက်ရှူမွန်းကျပ်လွန်ရောဂါဖြစ်သည့် ဆားစ်ရောဂါ (SARS) ကြောင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများနှင့် ခရီးသွားလုပ်ငန်း အသုံးစရိတ်အပါအဝင် စီးပွားရေးဆိုင်ရာ အခြားကဏ္ဍများ၌ ကျဆင်းသွားစေကာမူ တရုတ်စီးပွားရေးသည် အလျင်အမြန်ဆက်လက်တိုးတက်နေခဲ့သည်။ အမျိုးသားလုံးဆိုင်ရာ ကိန်းဂဏာန်းဗျူရို၏ ထုတ်ပြန်ချက်များအရ တရုတ်ပြည်၏ စုစုပေါင်းထုတ်လုပ်မှု တန်ဖိုးမှာယူရို့ငွေ ဘီလီယန်ပေါင်း ၁၁၇၀၀ အထိဖြစ်ခဲ့သည်။ ဂျီဒီပီတိုးတက်မှုနှုန်းမှာ ၈ ရာခိုင်နှုန်းဖြစ်သည်။ ဤသို့ဖြင့် ၂၀၀၄ ခုနှစ်တွင် တရုတ်ပြည်သည် ကမ္ဘာပေါ်၌ ဆဋ္ဌမမြောက်စီးပွားရေး အတောင့်တင်းဆုံးနိုင်ငံဖြစ်လာခဲ့သည်။

တရုတ်ကွန်မြူနစ်ပါတီအဖွဲ့အစည်း အဆင့်ဆင့်ရှိခေါင်းဆောင်များ၏ အကျင့်ပျက်လာဘ်စားမှုများကို တင်းကျပ်စွာ ထိန်းချုပ်နိုင်ရန် ဖေဖော်ဝါရီလ ၁၇ ရက်နေ့တွင် တရုတ်ကွန်မြူနစ်ပါတီက စည်းမျဉ်းများအပြည့်အစုံကို ထုတ်ပြန်လိုက်သည်။ ၁၉၄၉ ခုနှစ်တွင် အာဏာရလာပြီးသည့်နောက် ဤသို့သော စည်းမျဉ်းများကို ပထမဆုံးအကြိမ်ထုတ်ပြန်လိုက်ခြင်းဖြစ်သည်။ တရုတ်ကွန်မြူနစ်ပါတီ၏ တည်ဆဲဖွဲ့စည်းပုံအခြေခံစည်းမျဉ်းအရ ၅ နှစ်တစ်ကြိမ်ကျင်းပသော ပါတီကွန်ဂရက်သို့ ဗဟိုကော်မတီကသာ ၎င်း၏ဆောင်ရွက်ချက်များကို အစီရင်တင်သွင်း ရသည်။ ပေါလစ်ဗျူရိုက အစီရင်ခံစာတင်ပြရန် မလိုခဲ့ပေ။ သို့ရာတွင် ယှဉ်စည်းမျဉ်းသစ်အရ ပေါလစ်ဗျူရိုသည် တစ်နှစ်တစ်ကြိမ်ကျင်းပသော ဗဟိုကော်မတီစုံညီအစည်းအဝေးသို့ အစီရင်ခံစာများကို ပုံမှန်တင်ပြရမည်ဖြစ်သည်။ ပါတီအဖွဲ့အစည်းအဆင့်ဆင့်ရှိ ဦးဆောင်ကော်မတီများသည် သက်ဆိုင်ရာအဆင့်ရှိ စုံညီအစည်းအဝေးများသို့ ၎င်းတို့၏ ဆောင်ရွက်ချက်များကို တစ်နှစ်တစ်ကြိမ် အစီရင်ခံကြရမည်ဖြစ်သည်။ ထို့ပြင် သတင်းမီဒီယာများသည် ပါတီအဖွဲ့အစည်းအဆင့်ဆင့်၏ လူပ်ရှားဆောင်ရွက်မှုများကို သတင်းရယူဖော်ပြခွင့်ရှိလာတော့မည် ဖြစ်သည်။

ဖေဖော်ဝါရီလ ၂၅ ရက်နေ့က အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာနသည် လူ့အခွင့်အရေးများနှင့်



တရုတ်ဝန်ကြီးချုပ် ဝမ်ကျားပေါင် မြိတိန်နိုင်ငံဆို့ချစ်ကြည်ရေးခရီးအရောက် မြိတိန်ဝန်ကြီးချုပ်တို့နိဘလဲက ကြိုဆိုစဉ်

ပတ်သက်သော နှစ်ပတ်လည်သုံးသပ်ချက်စာစောင်ကို ထုတ်ပြန်ခဲ့သည်။ ထိုစာစောင်၌ တရုတ်အာဏာပိုင်တို့၏ လူ့အခွင့်အရေးချိုးဖောက်မှုများကို ဖော်ပြထားသည်။တရားစီရင်ရေးနယ်ပယ်ပြင်ပမှ သတ်ဖြတ်မှုများ၊ ဒီမိုကရေစီလိုလားသူများအား နှိမ်နင်းခြင်း၊ တိဘတ်တွင် လူ့အခွင့်အရေးချိုးဖောက်မှုများ၊ ဟောင်ကောင်တွင် ဒီမိုကရေစီရေးတိုးတက်မှုမရှိအောင်ဆောင်ရွက်မှုများ၊ အူအိဂါပြည်နယ်မှ ခွဲထွက်ရေးလှုပ်ရှားမှုများကို အကြမ်းဖက်နှိမ်နင်းမှုများစသည့်တို့ကို ဖော်ပြထားသည်။ ထိုစာစောင်ပါ ဖော်ပြချက်များကို ဖေဖော်ဝါရီလ ၂၆ ရက်နေ့တွင် တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာနက အကြီးအကျယ် မကျေနပ်ကြောင်း၊ ပြတ်သားစွာဆန့်ကျင်ကြောင်း ထုတ်ပြန်ကြေညာခဲ့သည်။ ပြည်တွင်းရေး၌ဝင်ရောက်စွက်ဖက်မှုဟုပြန်လည်စွပ်စွဲခဲ့သည်။

ဒသမမြောက်နိုင်ငံလုံးဆိုင်ရာ ပြည်သူ့ကွန်ဂရက် (National People's Congress) ကို မတ်လ ၅ ရက် နေ့မှ ၁၄ ရက်နေ့အထိ ပေကျင်းမြို့နယ်ကျင်းပခဲ့သည်။ ကိုယ်စားလှယ်စုစုပေါင်း ၂၉၀၃ ဦး တက်ရောက်ခဲ့သည်။ ဤကွန်ဂရက်တွင် ဝန်ကြီးချုပ်ဝမ်ကျားပေါင်က အစိုးရအဖွဲ့၏ ဆောင်ရွက်ချက်များကို အစီရင်ခံတင်ပြခဲ့သည်။ ယင်းသို့ အစီရင်ခံတင်ပြရာ၌ ဝမ်ကျားပေါင်က ၂၀၀၇ ခုနှစ်တွင် လယ်ယာစိုက်ပျိုးရေးခွန်များကို ဖျက်သိမ်းပေးမည်ဖြစ်ကြောင်း ကတိပေးပြောကြားခဲ့သည်။ ထို့ပြင် ရင်းနှီးမြှုပ်နှံမှုများလွန်ကဲနေသည်တို့ကို ထိန်းချုပ်မည်ဖြစ်ကြောင်း၊ နယ်မြေအသီးသီး၌ ဖွံ့ဖြိုးတိုးတက်မှု ညီညာမျှတအောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။ ဆားစ်ရောဂါဒဏ်ခံရစေကာမူ တရုတ်စီးပွားရေးတိုးတက်လာမှုကိုလည်း ခိုးကျူးပြောကြားခဲ့သည်။

ထိုကွန်ဂရက်၌ ဘဏ္ဍာရေးဝန်ကြီးကျင်းရိန်ကျင်းကလည်း ၂၀၀၄ ခုနှစ်အတွက် ဘတ်ဂျက်အဆိုပြုချက်ကို တင်သွင်းခဲ့သည်။ ထိုအဆိုပြုချက်၌ ဘတ်ဂျက်ကို ငွေယွမ် ၃၁၉.၈ ဘီလီယန်ရှိမည်ဖြစ်ကြောင်း ခန့်မှန်းတင်ပြခဲ့သည်။ ယင်းဘတ်ဂျက်လိုငွေမှာ ၂၀၀၃ ခုနှစ်က အတိုင်းပင်ဖြစ်သည်။ ဤဘတ်ဂျက် လိုငွေမှာ ဂျီဒီပီ၏ ၂.၅ ရာခိုင်နှုန်းမျှသာဖြစ်သည်။ သို့ဖြစ်၍

ဤသို့ တရုတ်ဝန်ကြီးချုပ် ဝမ်ကျားပေါင် မြိတိန်နိုင်ငံဆို့ချစ်ကြည်ရေးခရီးအရောက် မြိတိန်ဝန်ကြီးချုပ်တို့နိဘလဲက ကြိုဆိုစဉ် ၂၀၀၃ ခုနှစ်ကထက် လိုငွေပြမှုပမာဏ လျော့နည်းသွားသည်။

ထိုကွန်ဂရက်၏ ထူးခြားချက်မှာ တရုတ်ပြည်၏ အခြေခံဥပဒေကို ပြင်ဆင်နိုင်ခဲ့ခြင်းဖြစ်သည်။ အခြေခံဥပဒေပြင်ဆင်ချက်များအရ ပုဂ္ဂလိကပစ္စည်း ပိုင်ဆိုင်ခွင့်နှင့် လူ့အခွင့်အရေးများကို အာမခံချက်များပြုပေးခဲ့သည်။

အခြေခံဥပဒေပုဒ်မ ၁၁၊ ပုဒ်မခွဲ ၂အဖြစ်အောက်ပါစာသားများကို အစားထိုးပြင်ဆင် ထည့်သွင်းခဲ့သည်။

"တစ်ဦးချင်းနှင့် ပုဂ္ဂလိကလုပ်ငန်းများအပါဝင် ပုဂ္ဂလိကပိုင်းကဏ္ဍမှတရားသဖြင့်ရရှိထားသောပိုင်ခွင့်များနှင့်အကျိုးစီးပွားများကိုနိုင်ငံတော်ကအကာအကွယ်ပေးသည်။ နိုင်ငံတော်သည် ပုဂ္ဂလိက ကဏ္ဍဖွံ့ဖြိုးတိုးတက်လာရေးကို အားပေးသည်။ ထောက်ပံ့သည်၊ လမ်းညွှန်သည်။ နိုင်ငံတော်သည် ပုဂ္ဂလိကကဏ္ဍကို ဥပဒေနှင့်အညီ ကြီးကြပ်ကွပ်ကဲ အုပ်ချုပ်သည်။"

အခြေခံဥပဒေပုဒ်မ ၃၃၊ ပုဒ်မခွဲ ၃၌ "နိုင်ငံတော်သည် လူ့အခွင့်အရေးများကို လေးစားကာကွယ်စောင့်ရှောက်သည်" ဟူသော ဝါကျကို ဖြည့်စွက်ပေးခဲ့သည်။

ထို့ပြင် အခြေခံဥပဒေနိဒါန်း၌ လမ်းညွှန်မှုများအဖြစ်ယခင်က "မာက်ခ်-လီနင်ဝါဒ၊ မောက်စီတုန်း၊ အတွေးအခေါ်၊ တိန်ရှောင်ဖိန်သဘောတရား" ဟု ရေးသားခဲ့ရာမှ ယခုကွန်ဂရက်က "ကိုယ်စားပြုမှုသုံးရပ်" ဟူသောစာသားများကို ဖြည့်စွက်ပေးခဲ့သည်။

ဧပြီလ ၁၃ ရက်နေ့မှ ၁၅ရက်နေ့အထိအမေရိကန်ဒုတိယသမ္မတ ဒစ်ချေနေးသည် တရုတ်နိုင်ငံသို့ အလည်အပတ်သွားရောက်ခဲ့သည်။ ထိုခရီးစဉ်အတွင်း ဒစ်ချေနေးသည် သမ္မတလောင်း ကျန်ဇီမင်း၊ လက်ရှိသမ္မတ ဟူကျင်းတောင်း၊ ဝန်ကြီးချုပ် ဝိန်ကျားပေါင် အပါအဝင်ထိပ်တန်းခေါင်းဆောင်များနှင့် တွေ့ဆုံခဲ့သည်။ ယင်းသို့တွေ့ဆုံရာ၌တရုတ်အမေရိကန်ဆက်ဆံရေး၊ ထိုင်ဝမ်အရေး၊ စီးပွားရေးနှင့် ကုန်သွယ်ရေး၊ မြောက်ကိုရီးယား၏ ဥူကလီယာလက်နက်များ



တရုတ်နိုင်ငံ၏ ဈေးကွက်စီးပွားရေးစနစ် အောင်မြင်တိုးတက်ပုံမြင်ကွင်း

ထုတ်လုပ်နေမှုအရေး၊ အကြမ်းဖက်ဝါဒဆန့်ကျင်ရေး၊ အီရတ်နိုင်ငံပြန်လည် ထူထောင်ရေးကိစ္စများကို ဆွေးနွေးခဲ့သည်။ ထိုဆွေးနွေးပွဲများ၌ ထိုင်ဝမ်နှင့် မြောက်ကို ရိုးယား ပြဿနာများက လွှမ်းမိုးခဲ့သည်။

မေလ ၆ ရက်နေ့တွင် ဥရောပသမဂ္ဂက တရုတ်ပြည်သို့ လက်နက်များရောင်းချမှု ပိတ်ပင်ထားခြင်းကို ဆက်လက်ထားရှိမည်ဟု ကြေညာခဲ့သည်။ ၁၉၈၉ ခုနှစ်တွင် အနှစ်အရေးအခင်းကို အကြောင်းပြု၍ တရုတ်ပြည်သို့ လက်နက်များရောင်းချမှုကို ဥရောပသမဂ္ဂက ပိတ်ပင်ထားခဲ့သည်။ သို့ရာ တွင် ယခုအခါ ပြင်သစ်၊ ဂျာမနီနှင့် အီတလီတို့က ယင်းသို့ လက်နက်များရောင်းချမှု ပိတ်ပင်ရေးကို လျော့ပေါ့ပေးလိုကြသည်။ သို့သော်လည်း အမေရိကန်တို့၏ထောက်ခံမှုကို ရယူလျက်ဖြိတိန်နိုင်ငံက တရုတ်ပြည်သို့ လက်နက်ရောင်းချရေးကို ကန့်ကွက်ခဲ့သည်။ ထို့ကြောင့် ဥရောပသမဂ္ဂကတရုတ်ပြည်သို့ လက်နက်ရောင်းချမှုကို ယခုကဲ့သို့ဆက်လက်ပိတ်ပင်ထားရန် ကြေညာခဲ့ခြင်းဖြစ်သည်။

မေလ ၉ ရက်နေ့မှ ၁၁ ရက်နေ့အထိ ဝန်ကြီးချုပ်ဝမ်ကျားပေါင်သည်ဖြိတိန်နိုင်ငံသို့သွားရောက်လည်ပတ်ခဲ့သည်။ ဘုရင်မကြီးအယ်လီဇဘက်၊ ဝန်ကြီးချုပ်တိုနီဘလဲတို့နှင့် တွေ့ဆုံခဲ့သည်။ ဝန်ကြီးချုပ်နှစ်ဦးတို့သည် ကုန်သွယ်မှုစာချုပ်များကို လက်မှတ်ရေးထိုးခဲ့ကြသည်။ ဟောင်ကောင်၌ ဒီမိုကရေစီကျင့်စဉ်များထိန်းသိမ်းထားရေးကိုလည်း သဘောတူညီခဲ့ကြသည်။

မေလ ၂၃ ရက်နေ့တွင် တရုတ်အစိုးရကတိဘက်နှင့် ပတ်သက်သော မူဝါဒဆိုင်ရာ စက္ကူဖြူစာတမ်းကို ထုတ်ပြန်ခဲ့သည်။ ထိုစာတမ်း၌ တိဘက်မှထွက်ပြေးသွားသော ဘာသာရေးခေါင်းဆောင် ဒလိုင်းလားမား၏ တောင်းဆိုချက်ကို လက်မခံကြောင်း၊ ဒလိုင်းလားမားအနေဖြင့် တိဘက်အရေး၌ ဝင်ရောက်စွက်ဖက်နေမှုကို ခွင့်မပြုကြောင်း ဖော်ပြထားသည်။ ဒလိုင်းလားမားက တိဘက်လုံးဝလွတ်လပ်ရေးကို စွန့်လွှတ်လိုက်ပြီးဖြစ်ကြောင်း၊ သို့ရာတွင် တရုတ်အစိုးရ၏ လက်အောက်၌ တိဘက်အနေဖြင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ကိုအပြည့်အဝအာ စစ်အမှန်ရရှိလိုကြောင်း ပြောကြားခဲ့သည်။

၁၆ ကြိမ်မြောက် ပါတီညီလာခံက ရွေးကောက်တင်မြှောက်ခဲ့သော တရုတ်ကွန်မြူနစ်ပါတီ၊ ဗဟိုကော်မတီ၏ စတုတ္ထအကြိမ်စုံညီအစည်းအဝေးသည် စက်တင်ဘာလ ၁၉ ရက်နေ့ကပြီးဆုံးသွားသည်။ ထိုနေ့တွင်ပင် ပါတီအထွေထွေအတွင်းရေးမှူး ဟူကျင်းတောင်းသည် ဗဟိုစစ်ကော်မရှင်၏ ဥက္ကဋ္ဌဖြစ်လာခဲ့သည်။ အနားယူသွားသော ကျန်ဇီမင်း၏ နေရာတွင် ဆက်ဆံခဲ့ခြင်းဖြစ်သည်။ ရာထူးသက်တမ်းအရ ကျန်ဇီမင်းသည် ဗဟိုကော်မရှင် ဥက္ကဋ္ဌတာဝန်ကို ၂၀၀၇ ခုနှစ်အထိ ထမ်းဆောင်ရမည်ဖြစ်သော်လည်း ၎င်း၏ဆန္ဒအရ ဟူကျင်းတောင်းအား နေရာပေးခဲ့သည်။ ဗဟိုကော်မရှင် ဒုတိယဥက္ကဋ္ဌအဖြစ် လက်ရှိထမ်းဆောင်ဆဲဖြစ်သော ချိန်ကျင်းဟောင်သည် ကျန်ဇီမင်း၏ လက်သပ်မွေးတပည့်ဖြစ်သည်။ကျန်ဇီမင်းသည် ချိန်ကျင်းဟောင်အား ၎င်းရာထူး၌ ဆက်လက်တည်ရှိစေလိုသော်လည်း အများဆန္ဒအရ ပိုလ်ချုပ်ကြီးစုဆိုင်းဟိုးကို ဒုတိယဥက္ကဋ္ဌအဖြစ် တာဝန်ပေးခဲ့သည်။ ဤသို့ဖြင့် ဟူကျမ်းတောင်သည် နိုင်ငံတော်ပါတီနှင့် စစ်ဘက်တို့ တွင် နံပါတ်တစ်နေရာကို ရလာတော့သည်။

နိုင်ငံခြားသတင်းမီဒီယာများအား ပိုမို၍ တံခါးဖွင့်ပေးသည့်အနေဖြင့် တရုတ်ပြည်သည် သတင်းမီဒီယာလုပ်ငန်းများနှင့် ပတ်သက်သော ပြုပြင်ပြောင်းလဲမှုများကို ပြုလုပ်ပေးလျက်ရှိသည်။ ယခင်ကနိုင်ငံခြားသတင်းမီဒီယာများသည် ပြည်မကြီး၏ ပြင်ပရှိ ဟောင်ကောင်နှင့် အခြားနေရာများတွင် ပုံနှိပ်သော စာနယ်ဇင်းများကို ပြည်မရှိ သီးသန့်နေရာများတွင်သာ ဖြန့်ဝေခဲ့ရသည်။ သို့သော် ယခုအခါ နိုဝင်ဘာလ ၂၈ ရက်နေ့မှစ၍ စည်းမျဉ်းကန့်သတ်ချက်များကို လျော့ပေးလိုက်သည်။ နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများသည် ဖော်ဖြေရေးရုပ်မြင်သံကြားအစီအစဉ်များတွင် ၄၉ ရာခိုင်နှုန်းအထိ အစုရှယ်ယာများကို ဝယ်ယူခွင့်ပေးလိုက်သည်။ တရုတ်ပြည်မကြီး၌ နိုင်ငံခြားသတင်းစာအချို့ကို ပုံနှိပ်ဖြန့်ဝေခွင့်ပေးခဲ့သည်။ ဤသို့ဖြင့် တရုတ်ပြည်တွင် နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုများကို တိုးပွားလာပြီး တရုတ်ပြည်၏ တံခါးဖွင့်ဝါဒသည် ပိုမိုပီပြင်ကျယ်ပြန့်လာတော့မည်ဖြစ်သည်။ တရုတ်ပြည်သည်သတင်းမီဒီယာလုပ်ငန်းမှ တစ်ဆင့်လည်း ကမ္ဘာနှင့်ဆက်ဆံမှုပိုမိုများပြားလာရန်ကြိုးပမ်းလျက်ရှိကြောင်း တွေ့ရှိရသည်။

ဦးခင်မောင်မြ

တေဇနိယ၊ ဘဒ္ဒန္တ (ကုံလုံဆရာတော်ကြီး) (မြန်မာ ၁၂၆၉-၁၃၆၅)။ ။ ကုံလုံဆရာတော်ကြီး ဘဒ္ဒန္တတေဇနိယကို ခမည်းတော် ဦးတူး၊ မယ်တော် ဒေါ်ထွေးမိတို့က ၁၂၆၉ ခုနှစ်၊ တန်ခူးလဆန်း ၄ ရက်နေ့တွင် ပင်းတယမြို့နယ်၊ ထယ်သွန်းကျေးရွာအုပ်စု၊ တမဲကျေးရွာ၌ ဖွားမြင်တော်မူသည်။

ကုံလုံဆရာတော်ကြီးသည် ၁၂၈၂ ခုနှစ်တွင် ပင်းတယမြို့နယ်၊ တမဲကျေးရွာကျောင်းဆရာတော် ကို ဥပဇ္ဈာယ်ပြု၍ ဦးအောင်၊ ဒေါ်ပိုတို့၏ ပစ္စယာနုဂ္ဂဟဖြင့် ရှင်သာမဏေအဖြစ်သို့ ရောက်ရှိတော်မူ သည်။ ၁၂၈၉ ခုနှစ်၊ ဝါဆိုလဆန်း ၈ ရက်နေ့တွင် ခွေးကုတ်ကျောင်းဆရာတော်ကို ဥပဇ္ဈာယ်ပြု၍ တမဲကျေးရွာနေ ဦးဘိုးနိ-

ကုံလုံဆရာတော်ဘုရားကြီး

ဒေါ်လန်း၊ ဒေါ်အမာတို့၏ ပစ္စယာနုဂ္ဂဟဖြင့် ပင်းတယမြို့နယ် ထယ်သွန်းတိုက်ဘုရားနီကျောင်းခဏ္ဍာသိမ်၌ မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ရှိတော်မူသည်။

ကုံလုံဆရာတော်ကြီးသည် ထယ်သွန်းတိုက်ဘုရားနီကျောင်း၊ ပွေးလှမြို့ကျောက်တော်ကျောင်း၊ မန္တလေးမြို့အသောကရာမတိုက်ကံသာကျောင်းတို့တွင် ပိဋကတ်ကျမ်းစာများသင်ယူတော်မူသည်။ ပိဋကတ်သင်ရိုးကျမ်းကြီးပေါက်သင်ယူတတ်မြောက်တော်မူသည်။

ကုံလုံဆရာတော်ကြီးသည် ထယ်သွန်းတိုက်ဘုရားနီကျောင်း၌ ရဟန်းသာမဏေများအား ပရိယတ္တိစာပေများ ပို့ချတော်မူသည်။ ဆဋ္ဌသင်္ဂါယနာတွင် ပင်းတယမြို့နယ်သံဃာ့ကိုယ်စားလှယ်အဖြစ်ဆောင်ရွက်တော်မူသည်။ ပင်းတယမြို့နယ်တွင် မည်သူမျှပြုပြင်၍ မရသောကျောက်ဆင်ဘုရားကြီးကိုပြုပြင်တော်မူသည်။ အရည်ဝါသီတောရ တည်ဆောက်၍ ပဋိပတ်ကျင့်စဉ်များကို ကျင့်ကြံပြီး ဒါယကာဒါယိကာမများအား တရားဟောပြသ၍ သာသနာ့တာဝန်ကိုဆောင်ရွက်တော်မူသည်။ ထို့ပြင် နိုင်ငံတော်ဩဝါဒါစရိယဆရာတော်အဖြစ်လည်း ဆောင်ရွက်တော်မူသည်။

ပင်းတယမြို့၊ ဂဠုန်တောင်ကျောင်းတိုက်တွင် သီတင်းသုံးတော်မူသော ကုံလုံဆရာတော်ကြီးသည် နှစ်ပေါင်း ၃၀ ကျော် သစ်သီးဆွမ်းကိုသာဘုန်းပေးခြင်း၊ သန္တုဋ္ဌိ၊ သလ္လေခဂုဏ်၊ သီလသမာဓိ ပညာဂုဏ်၊ ယသကိတ္တိဂုဏ်တို့နှင့် ပြည့်စုံတော်မူခြင်းကြောင့် ရဟန်းရှင်လူအများပြည်သူတို့၏ ကြည်ညိုလေးစားမှုကို ခံယူရရှိတော်မူသည်။

သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ်တို့နှင့် ပြည့်စုံတော်မူသော ကုံလုံဆရာတော်ကြီး ဘဒ္ဒန္တတေဇနီယသည် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ဆက်ကပ်လှူဒါန်းသော 'အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက' ဘွဲ့တံဆိပ်တော်ကို ၁၉၉၁ ခုနှစ်၊ နိုဝင်ဘာလ ၂၁ ရက်နေ့တွင်အလှူခံရရှိတော်မူသည်။

နိုင်ငံတော်ဩဝါဒါစရိယ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ကုံလုံဆရာတော်ကြီး ဘဒ္ဒန္တတေဇနီယသည် သာသနာ့တာဝန်များကို ထမ်းဆောင်တော်မူရင်း ၁၃၆၅ ခုနှစ်၊ တပို့တွဲလဆန်း ၉ ရက်နေ့တွင် ဘဝနတ်ထံပျံလွန်တော်မူသည်။

ဦးစိုးအောင်

'တက္ကသိုလ် ထင်ကြီး၊ (ခရစ်နှစ် ၁၉၁၆-၂၀၀၄) ။ ။ သက်ကြီးစာပေပညာရှင်စာရေးဆရာကြီး တက္ကသိုလ်ထင်ကြီးကို ဖခင်ဦးစံ၊ မိခင် ဒေါ်ခင်တိုးတို့က ၁၉၁၆ ခုနှစ်၊ ဇူလိုင်လ ၁၇ ရက်နေ့တွင် မွေးဖွားသည်။ နာမည်ရင်းမှာ ဦးတင်မောင်ဖြစ်ပြီး အဘိုးမှာ သီပေါဘုရင် စာတော်ဖတ်မင်း ဦးမောင်မောင်ကြွယ်နှင့် အဘွားမှာ သုသီရိဂန္ဓာဘွဲ့ခံ ရင်းမာချောင်းခင်လေးဖြစ်သည်။

စာရေးဆရာကြီး တက္ကသိုလ်ထင်ကြီးသည် ၁၉၃၅ ခုနှစ်တွင် မန္တလေးဥပစာကောလိပ်၌ ပညာသင်ယူပြီး ၁၉၃၉ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်မှ ဝိဇ္ဇာဘွဲ့ရရှိသည်။ မန္တလေးဥပစာကောလိပ်ကျောင်းသားသမဂ္ဂနှစ်ပတ်လည်မဂ္ဂဇင်းတွင် မောင်ထင်ကြီးဟူသောကလောင်နာမည်ဖြင့် 'ကုသနှင့် ကျွန်တော်' ဟာသဆောင်းပါးရေးသားခဲ့ရာ ပထမဆုံးပုံနှိပ်စာမူဖြစ်သည်။ မန္တလေးဥပစာကောလိပ်၌ ပညာသင်ယူစဉ် မန္တလေးသူရိယသတင်းစာနှင့် New Burma အင်္ဂလိပ်သတင်းစာတို့၏ သတင်းထောက်အဖြစ် လုပ်ကိုင်သည်။



ဆရာကြီးသားစာပေဆုရ တက္ကသိုလ်ထင်ကြီး

တင်လှ၊ ဦး (ခရစ် ၁၉၁၇ - ၂၀၀၄)။

မောင်မြန်မာ ကလောင်နာမည်ဖြင့် စာပေများရေးသား ပြုစုသူ သက်ကြီးစာပေပညာရှင် ဦးတင်လှကို ဖခင် ဦးလွှား၊ မိခင် ဒေါ်အုန်းရှင်တို့က ၁၉၁၇ ခုနှစ်၊ မေလ ၅ ရက်နေ့တွင် သုံးခွမြို့နယ်၊ ဥက္ကံကျေးရွာ၌ မွေးဖွားသည်။

စာရေးဆရာကြီး ဦးတင်လှသည် ငယ်စဉ်က ဥက္ကံကျေးရွာ မူလတန်းကျောင်း (ဆရာဦးဘခင်)၊ သုံးခွ မြို့ မက်သဒစ်အလယ်တန်းကျောင်း၊ သန်လျင်မြို့ မက်သဒစ် အထက်တန်းကျောင်းတို့တွင် ပညာသင်ယူသည်။ ၁၉၃၇ခုနှစ်တွင်ရန်ကုန်တက္ကသိုလ်သို့ တက်ရောက် ပညာသင်ယူပြီး ၁၉၄၂ ခုနှစ်တွင် ဝိဇ္ဇာ (မြန်မာစာ ဂုဏ်ထူး)ဘွဲ့ ရရှိသည်။ ၁၉၅၃ ခုနှစ်တွင် မဟာဝိဇ္ဇာ (မြန်မာစာ)ဘွဲ့ ရရှိသည်။ လန်ဒန်တက္ကသိုလ် School of Oriental and African Studies ၌ Lexicography and Linguistics ပညာရပ်များ သင်ယူသည်။

စာရေးဆရာကြီး ဦးတင်လှသည် **၁၉၄၅ ခုနှစ်မှ** ၁၉၄၇ ခုနှစ်အထိ ကျောက်တန်းမြို့တွင် လက်ထောက် မြို့ပိုင်အဖြစ်လည်းကောင်း၊ ၁၉၄၇ ခုနှစ်မှ ၁၉၄၈ ခုနှစ်အထိ မြန်မာ့အသံ အသံလွှင့်ဌာန၊ ပြန်ကြားရေးဌာန လက်ထောက် သတင်းအယ်ဒီတာအဖြစ်လည်းကောင်း၊



အမျိုးသားစာပေဆုရ မောင်မြန်မာကလောင်အမည်ခံ ဦးတင်လှ

စာရေးဆရာကြီးတက္ကသိုလ်ထင်ကြီး၊ တင်လှ၊ ဦး

စာရေးဆရာကြီးတက္ကသိုလ်ထင်ကြီးသည် အိုးဝေ နေ့စဉ်သတင်းစာ အယ်ဒီတာချုပ်၊ ပြင်သစ်သတင်း ဖြန့်ချိရေးအုပ်ချုပ်ရေးမှူး၊စာပေဗိမာန်မဂ္ဂဇင်းအယ်ဒီတာ အဖြစ် ဆောင်ရွက်သည်။ ၁၉၅၆ ခုနှစ်မှ ၁၉၅၉ ခုနှစ် အထိ ပြင်သစ်နိုင်ငံ ယူနက်စကိုဌာနချုပ်၌ စီစဉ်ရေး ကျွမ်းကျင်ပုဂ္ဂိုလ် (Programme Specialist) အဖြစ် ထမ်းဆောင်သည်။ ၁၉၆၄ ခုနှစ်မှစ၍ လုပ်သားပြည်သူ့ နေ့စဉ်သတင်းစာတွင် တာဝန်ခံအယ်ဒီတာအဖြစ် ဆောင်ရွက်ပြီး ၁၉၇၆ ခုနှစ်တွင် စာပေဗိမာန်အဖွဲ့ ညွှန်ကြားရေးမှူးတာဝန်မှ အငြိမ်းစားယူသည်။

စာရေးဆရာကြီး တက္ကသိုလ်ထင်ကြီးသည် ၁၉၇၆ ခုနှစ်မှ ၁၉၈၁ ခုနှစ်အထိ မြန်မာနိုင်ငံစာပေ လုပ်သား အဖွဲ့ စည်းရုံးရေးကော်မတီအတွင်းရေးမှူးအဖြစ် ဆောင်ရွက်သည်။ ၁၉၈၅ ခုနှစ်မှစ၍ ပညာရေးဝန်ကြီး ဌာန၊ မြန်မာစာအဖွဲ့တွင် အချိန်ပြည့်အဖွဲ့ဝင်အဖြစ် လည်းကောင်း၊ ၁၉၉၁ ခုနှစ်မှစ၍ မြန်မာသမိုင်းအဖွဲ့ဝင် အချိန်ပိုင်းအဖွဲ့ဝင်အဖြစ်လည်းကောင်း ဆောင်ရွက် သည်။ ထို့ပြင် ပညာတန်ဆောင်အုပ်ချုပ်ရေးအဖွဲ့တွင် ဂုဏ်ထူးဆောင် နာယကကြီးအဖြစ်ဆောင်ရွက်သည်။

စာရေးဆရာကြီးတက္ကသိုလ်ထင်ကြီးသည် မြန်မာ နိုင်ငံအစိုးရပညာတော်သင်အဖြစ် သတင်းစာပညာ မဟာဝိဇ္ဇာဘွဲ့ကို အမေရိကန်နိုင်ငံ မင်နီဆိုတာ တက္ကသိုလ်မှ ရရှိသည်။ ၁၉၉၂ ခုနှစ်အတွက် အမျိုး သားစာပေဆု သုတပဒေသာ (ဝိဇ္ဇာ)ဆုကို 'မြန်မာ နိုင်ငံသတင်းစာများအညွှန်း (ပထမတွဲ၊ ဒုတိယတွဲ)' စာအုပ်ဖြင့် ဆွတ်ခူးရရှိသည်။ ၁၉၉၆ ခုနှစ်အတွက် ပခုက္ကူဦးအုံးဖေတစ်သက်တာစာပေဆုချီးမြှင့်ခံရသည်။ အာဆီယံအဖွဲ့ဝင် ၁၀ နိုင်ငံမှ စာပေပညာရှင် ၁၀ ဦးတို့ အား ချီးမြှင့်သော ၂၀၀၁ ခုနှစ် အရှေ့တောင်အာရှ စာပေဆုကိုချီးမြှင့်ခြင်းခံရပြီး ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ ကျင်းပသော ဆုချီးမြှင့်ပွဲအခမ်းအနားသို့ တက်ရောက်၍ ဆုလက်ခံရယူသည်။ ၂၀၀၃ ခုနှစ်တွင် နိုင်ငံတော်က ချီးမြှင့်သော ဝိဇ္ဇာပညာထူးချွန်တံဆိပ် (ပထမဆင့်) ကိုရရှိသည်။

သက်ကြီးစာပေပညာရှင်၊ စာရေးဆရာကြီး တက္ကသိုလ်ထင်ကြီးသည် ၂၀၀၄ ခုနှစ်၊ ဇန်နဝါရီလ ၁၁ ရက်နေ့တွင် ရန်ကုန်မြို့၌ ကွယ်လွန်သည်။ ကွယ်လွန် ချိန်တွင် ဇနီးဒေါ်ခင်ခင်နွဲ့ ကျန်ရစ်သည်။

ဦးစိုးအောင်

၁၉၄၈ ခုနှစ်မှ ၁၉၇၉ ခုနှစ်အထိတက္ကသိုလ်ဘာသာပြန်နှင့် စာအုပ်ထုတ်ဝေရေးဌာနတွင်လည်းကောင်း တာဝန်ထမ်းဆောင်ပြီး အဘိဓာန်စာတည်းမှူး တာဝန်မှ အငြိမ်းစားယူသည်။ ၁၉၇၉ ခုနှစ်မှ ၁၉၈၀ ပြည့်နှစ်အထိ မြန်မာစာအဖွဲ့ အကြံပေးပုဂ္ဂိုလ်အဖြစ်လည်းကောင်း၊ ၁၉၈၀ ပြည့်နှစ်မှ ၁၉၈၃ ခုနှစ်အထိ ဂျပန်နိုင်ငံ၊ အိုဆာကာ တက္ကသိုလ်ဘာသာခြားသင်ကျောင်းတွင် မြန်မာစာဧည့်ပါမောက္ခအဖြစ်လည်းကောင်း တာဝန်ထမ်းဆောင်သည်။

စာရေးဆရာကြီး ဦးတင်လှသည် ရှုမဝမဂ္ဂဇင်း၊ ဒဂုန်မဂ္ဂဇင်း၊ ငွေတာရီမဂ္ဂဇင်းနှင့် တို့ကျောင်းသားစာစောင်တို့တွင် မောင်မြန်မာ၊ တက္ကသိုလ် နေနတ်နွယ်ကလောင်နာမည်ဖြင့် စာပေများ ရေးသားသည်။ နာမည်ရင်း ဦးတင်လှဖြင့် ရေးသားသော 'မြန်မာမှု' စာအုပ်ဖြင့် ၁၉၆၆ ခုနှစ်အတွက် အမျိုးသားစာပေဆု (မြန်မာ့ယဉ်ကျေးမှုနှင့် အနုပညာဆိုင်ရာစာပေဆု) တတိယရရှိသည်။

သက်ကြီးစာပေပညာရှင် စာရေးဆရာကြီး မောင်မြန်မာခေါ် ဦးတင်လှသည် ၂၀၀၄ ခုနှစ်၊ ဧပြီလ ၂၂ ရက်နေ့တွင် ရန်ကုန်မြို့၌ ကွယ်လွန်သည်။ ကွယ်လွန်ချိန်တွင် သားသမီးနှစ်ဦးနှင့် မြေးသုံးဦး ကျန်ရစ်သည်။

ဦးစိုးအောင်

ထိုင်းနိုင်ငံ။ ။ အီရတ်နိုင်ငံ၌ တိုက်ခိုက်မှုများ ကြောင့် အခြေအနေများ ပိုမိုဆိုးရွားလာလျက်ရှိရာ အီရတ်မှ ထိုင်းတပ်ဖွဲ့ဝင်များ ရုပ်သိမ်းရေးကိစ္စကို ထိုင်းအထက်လွှတ်တော်၌ ဧပြီလ ၂၀ ရက်နေ့ နံနက်တွင် စတင်ဆွေးနွေးကြောင်း ဆင်ဟွာသတင်းများကဆိုသည်။ အဆိုပါ လွှတ်တော်က ဧပြီ ၁၉ ရက်နေ့တွင် အီရတ်မှ ထိုင်းတပ်များရုပ်သိမ်းရေးဆွေးနွေးရန်အတွက် ၆၄ မဲ၊ ၄၀ မဲဖြင့် အတည်ပြုခဲ့ပြီး အရေးပေါ်ဆောင်ရွက်မှုတစ်ရပ်ကို သဘောတူညီခဲ့သည်။

လုံခြုံရေးအခြေအနေစိုးရိမ်ရပြီး အကန့်အသတ်ဖြင့် သွားလာနေရမှုများကြောင့် အီရတ်နိုင်ငံတောင်ပိုင်း ကာဘာလာမြို့မှ ထိုင်းတပ်ဖွဲ့ဝင် ၄၄၇ ဦးအား ပြန်လည်ရုပ်သိမ်းရမည့် အချိန်ကျရောက်ပြီဟုယုံကြည်မိကြောင်း အထက်လွှတ်တော်အမတ်များက အဆိုပါသဘောတူညီချက်ကို ထောက်ခံဆွေးနွေးခဲ့ကြသည်။ ထိုင်းတပ်ဖွဲ့ဝင်များ၏ အကြီးအကဲတစ်ဦးက မိမိသတင်းပေးခဲ့ရာတွင် အီရတ်ရောက် ထိုင်းတပ်ဖွဲ့ဝင်များသည် အကျဉ်းသားများနှင့်တူကြောင်း အဘယ့်ကြောင့်ဆိုသော် သွားလိုရာနေရာတိုင်းကို သွားခွင့်မပြုခြင်းကြောင့်ဖြစ်ကြောင်း လွှတ်တော်အမတ် ကာရမ်ဆိုင်ဂမ်က ပြောကြားသည်ကို ဗန်ကောက်ပို့စ် သတင်းစာက ကိုးကားဖော်ပြသည်ဟုဆိုသည်။

အမေရိကန်၏ အပေါင်းပါတပ်များအပေါ် ပြန်ပေးဆွဲမှုများနှင့် တိုက်ခိုက်မှုများပေါ် ပေါက်ခဲ့ပြီး နောက်ပိုင်းတွင် ထိုင်းဆေးဘက်ဆိုင်ရာနှင့် အင်ဂျင်နီယာ ၄၅၁ ဦး၊ အီရတ်မှ ရုပ်သိမ်းရေးကို ထိုင်းလူမျိုးအများစုက ထောက်ခံခဲ့ကြောင်း ဧပြီ ၂၆ ရက်နေ့က ကောက်ယူသည့် လူထုသဘောထားစစ်တမ်းတွင် ဖော်ပြခဲ့သည်။ ဝန်ကြီးချုပ်သက်ဆင်ရှိနာဝပ်က အကယ်၍ ထိုင်းတပ်ဖွဲ့ဝင်များ ထိခိုက်မှုတစ်စုံတစ်ရာရှိလျှင် ရုပ်သိမ်းမည်ဖြစ်ကြောင်း ပြောဆိုခဲ့ပြီးနောက် တစ်ပတ်မပြည့်မီ နိုင်ငံနှင့်အဝန်းတွင် ဗန်ကောက်အဆမ်းရှင်းတက္ကသိုလ်က လူထုသဘောထား ကောက်ယူကြည့်ခဲ့ခြင်းဖြစ်သည်။ ထိုသို့ ကောက်ယူကြည့်ရာတွင် ၅၇ ဒသမ ၂ ရာခိုင်နှုန်းက ထိုင်းတပ်ဖွဲ့ဝင်များကို ပြန်လာစေလိုကြသည်ကို တွေ့ရသည်။

နိုင်ငံတကာပူးပေါင်းဆောင်ရွက်ရေး- တောင်အာရှနှင့် အရှေ့တောင်အာရှနိုင်ငံများမှ ခေါင်းဆောင်ခုနစ်ဦး၏ ထိပ်သီးအစည်းအဝေးအပြီး၌ ကြေညာချက်ထုတ်ပြန်ရာတွင် လွတ်လပ်သောကုန်သွယ်ရေး ဒေသဆွေးနွေးပွဲများ တိုးတက်အောင်မြင်ပြီးစီးရေးကို ခေါင်းဆောင်ခုနစ်ဦးက ဇူလိုင်လ ၃၀ ရက်နေ့၌ ကတိပြုခဲ့ကြသည်။ ဘင်းမ်စတက်ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှု၏ ပြည့်ဝသောအလားအလာဖြစ်ထွန်းရေးအတွက် စေ့စပ်ဆွေးနွေးမှုအချိန်မီပြည့်စုံပြီးစီးရေးအပါအဝင် ဖြစ်နိုင်ဖွယ်ရာလုပ်ဆောင်ချက်များအားလုံးမိမိတို့ဆောင်ရွက်လုပ်ကိုင်သွားရန် သဘောတူကြောင်း နှစ်ရက်ကြာဆွေးနွေးအပြီး ထုတ်ပြန်သည့် ဘင်းမ်စတက်ထိပ်သီး အစည်းအဝေးကြေညာချက်၌ ဖော်ပြထားသည်။



ထိုင်းနိုင်ငံတောင်ပိုင်းသို့
ခရီးလှည့်သော ဝန်ကြီးချုပ်
သက်ဆင်ရှင်နာဝပ်

ဘင်းမ်စတက်တွင် ဘင်္ဂလားဒေ့ရှ်၊ အိန္ဒိယ၊ မြန်မာ၊ သီရိလင်္ကာ၊ ထိုင်း၊ ဘူတန်နှင့် နီပေါနိုင်ငံတို့ပါဝင်သည်။ ဘင်းမ်စတက်အတွင်း စုစုပေါင်းလူဦးရေ ၁ ဒသမ ၃ ဘီလီယံရှိသော်လည်း ကုန်သွယ်မှုပမာဏမှာ ပျမ်းမျှ အမေရိကန်ဒေါ်လာ ၇ ဒသမ ၃ ဘီလီယံမျှသာရှိသည်။ စေ့စပ်ဆွေးနွေးပွဲအပြီး၌ ထိုင်းဝန်ကြီးချုပ် သက်ဆင်ရှင်နာဝပ်က သတင်းထောက်များအား လွတ်လပ်သော ကုန်သွယ်ရေးသဘောတူညီချက်၏ ကုန်သွယ်ရေး ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ စေ့စပ်ဆွေးနွေးမှုများ ယခုနှစ်ကုန်၌ စတင်မည်ဖြစ်ပြီး ဝန်ဆောင်မှုလုပ်ငန်းများအတွက် ဆွေးနွေးမှုများသည် ၂၀၀၅ သို့မဟုတ် ၂၀၀၆ ခုနှစ်တွင် အစပြုဖွယ်ရှိသည်ဟု ပြောကြားသည်။

တရုတ်နိုင်ငံနှင့် ထိုင်းနိုင်ငံတို့သည် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေးနှင့် အပြန်အလှန်ဖလှယ်ရေး တိုးတက်ရန် ဆုံးဖြတ်ထားကြသည်။ တရုတ်နိုင်ငံသည် လာမည့်နှစ်တွင် နှစ် ၃၀ မြောက် သံတမန်နှစ်ပတ်လည်ကျင်းပရန် အဆင်သင့်ဖြစ်နေပြီး ထိုင်းနိုင်ငံနှင့်အတူ မဟာဗျူဟာပူးပေါင်းဆောင်ရွက်ရေး အခွင့်အလမ်းတစ်ရပ်ကိုလည်း ရရှိစေမည်ဖြစ်ကြောင်း ထိုင်းသို့အလည်အပတ်ရောက်ရှိနေသော တရုတ်နိုင်ငံကောင်စီဝင် "တန်ကျိယာဟူယန်" က ဇန်ကောက်၌ အောက်တိုဘာ ၂၆ ရက်နေ့တွင် ပြောကြားသည်။

ထိုင်းဝန်ကြီးချုပ်သက်ဆင်ရှင်နာဝပ်နှင့် တစ်နာရီခွဲခန့်တွေ့ဆုံပြီးနှစ်နိုင်ငံဆက်ဆံရေးတိုးတက်မှုနည်းလမ်းများကို ဆွေးနွေးခဲ့ကြသည်။ ၎င်းနှစ်နိုင်ငံအစိုးရသည် လူငယ်များ အပြန်အလှန်လည်ပတ်ရေး၊ နှစ်နိုင်ငံသတင်းစာနှင့်လုပ်ငန်းများ တိုးချဲ့ဆောင်ရွက်မှုတိုးလာမည်ဖြစ်ကြောင်း၊ ရင်းမြစ်များ၊ စွမ်းအင်နှင့် ဆက်သွယ်ရေးကဏ္ဍများ ဖွံ့ဖြိုးတိုးတက်ရေးတွင် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ကြမည်ဖြစ်ကြောင်း အဆိုပါ တရုတ်ကောင်စီဝင်က ပြောကြားသည်။

ကျန်းမာရေး- ထိုင်းပြည်သူ့ကျန်းမာရေးဝန်ကြီးဌာနသည် ဩစတြေးလျမှ ဘွင်းစလင်းတက္ကသိုလ်နှင့်အတူ အဓိကဆေးဘက်ဆိုင်ရာကိစ္စငါးရပ်ကို ငါးနှစ်ကြာ ပူးပေါင်း၍ သုတေသနပြု လုပ်ဆောင်ကြမည်ဖြစ်ကြောင်းသိရသည်။ ယင်းသုတေသနသည် အေအိုင်ဒီအက်စ်၊ နှလုံးရောဂါ၊ မတော်တဆထိခိုက်မှု၊ စိတ်ကျန်းမာရေးနှင့် မူးယစ်ဆေးဝါးဆိုင်ရာရောဂါများကို သုတေသနပြုလေ့လာကြမည်ဖြစ်သည်။

သုတေသနဌာနသည် တားဆီးကာကွယ်သော အစီအစဉ်များထိရောက်စွာဆောင်ရွက်ရေး၊ကျန်းမာရေးပြုစုစောင့်ရှောက်ရေးစနစ်များထားရှိရေးပါဝင်သည့် ကုန်ကျမှုများကိုလည်း လုပ်ကိုင်ဆောင်ရွက်ကြမည်ဖြစ်သည်။ လွန်ခဲ့သော အနှစ် ၂၀ က ထိုင်း၌ အေအိုင်ဒီအက်စ်ရောဂါဖြင့် သေဆုံးသူ ၇၈၀၁ ဦး၊ ယာဉ်

မတော်တဆမှုကြောင့် ၁၂၈၁ ဦးနှင့် စိတ်ရောဂါကြောင့် နှစ်သန်းရှိကြောင်းသိရသည်။

ထို့နောက် ကျန်းမာရေးကာကွယ်စောင့်ရှောက်မှုအတွက် ဗန်ကောက်မြို့ရှိ အများပြည်သူအပန်းဖြေ ရာဥယျာဉ်များနှင့် အားကစားကွင်းများတွင် ဆေးလိပ်သောက်ခြင်းကို အသစ်ပြဋ္ဌာန်းလိုက်သော ဗန်ကောက်မြို့တော်အုပ်ချုပ်ရေး ဥပဒေသစ်အရ ပိတ်ပင်တော့မည်ဖြစ်ကြောင်း နေရှင်းသတင်းစာက ဒီဇင်ဘာ ၁၀ ရက်နေ့၌ ရေးသားဖော်ပြလိုက်သည်။ ဥယျာဉ်များနှင့် အားကစားကွင်းများအားလုံးကို ဆေးလိပ်မသောက်ရ ဒေသအဖြစ် သတ်မှတ်ရန် ဗန်ကောက်အုပ်ချုပ်ရေးမှူး အက်ပ်ရီရက်စ်ကိုဆာယိုဒင်က ဒီဇင်ဘာ ၉ ရက်နေ့၌ ညွှန်ကြားခဲ့သည်။

အကယ်၍ ဆေးလိပ်သောက်သူများသည် ထိုနေရာများတွင် ဆေးလိပ်သောက်သုံးလျှင် ဒဏ်ငွေ ဘတ် ၂၀၀၀ တပ်ရိုက်ခြင်းခံရမည်ဟုနေရှင်းသတင်းစာက ရေးသားထားသည်။ အခြားနိုင်ငံများ၌ ဥယျာဉ်များအတွင်း ဆေးလိပ်သောက်ခြင်းကို ခွင့်ပြုနေဆဲဖြစ်သော်လည်း ထိုင်းနိုင်ငံသည် အထူးသဖြင့် ဗန်ကောက်မြို့တော်ရှိ ဥယျာဉ်များအတွင်း၌ ဆေးလိပ်သောက်ခြင်းကို ထိပ်ဆုံးက ပိတ်ပင်တားမြစ်သွားမည်ဖြစ်ကြောင်း ဆေးလိပ်သောက်သုံးမှု ဆန့်ကျင်ရေးဦးဆောင်ဆော်ဩသူ ပရာကစ်ဗာသီဆာဟိုကစ်က ပြောကြားသည်။ ထိုင်းနိုင်ငံ၏ တည်ဆဲဥပဒေတွင် အစိုးရအဆောက်အအုံများ၊ လေအေးစက်တပ်ဆင်ထားသော ရုံးခန်းများ၊ ဆေးရုံများ၊ ကျောင်းများ အများပြည်သူသုံးပို့ဆောင်ရေးယာဉ်များပေါ် လေအေးစက်တပ်ထားသော စားသောက်ဆိုင်များအတွင်းနှင့် စျေးဆိုင်တန်းနေရာ များတွင် ဆေးလိပ်သောက်ခြင်းကို တားမြစ်ထားသည်။


၎င်းပြင် ထိုင်းအစိုးရသည် စာသင်ကျောင်းအဆောက်အအုံများနှင့် ဘုရားကျောင်းများတွင် ဆေးလိပ်နှင့် အရက်ရောင်းချခြင်းကို ပိတ်ပင်တားမြစ်ချက်အား အတည်ပြုလိုက်ကြောင်း ဒေသထုတ် သတင်းစာတစ်စောင်က ဒီဇင်ဘာ ၁၅ ရက်နေ့၌ ဖော်ပြသည်။

ယင်းသို့ဆောင်ရွက်ခြင်းသည် လူငယ်များ၏ ဘဝကိုတိုးတက်ကောင်းမွန်လာမည်ဖြင့် လူမှုရေးလုပ်ငန်းများတိုးတက်ကောင်းမွန်လာမည်ဟု မျှော်လင့်ကြောင်း ကျန်းမာရေးဖွံ့ဖြိုးလာနိုင်ပြီး၊ အရက်နှင့် စီးကရက်သောက်သုံးမှုလည်း လျော့နည်းသွားမည်ဖြစ်ကြောင်း အစိုးရပြောရေးဆိုခွင့်ရှိသူ ကျာကရာပေါ့ပင်ကဲယားက ပြောကြားသည်။ ယင်းအဆိုပြုချက်ကို ဘင်္ကောရေးဝန်ကြီးဌာနက တင်သွင်းခဲ့ခြင်းဖြစ်ပြီး အသက် (၁၈) နှစ်အောက် လူငယ်များအား အရက်နှင့် စီးကရက်ရောင်းချခြင်းကိုလည်း ပိတ်ပင်တားမြစ်ထားသည်။

၎င်းစည်းမျဉ်းကန့်သတ်ချက်အရ အရက် ရောင်းချမှုကို နံနက် ၁၁ နာရီမှ မွန်းလွဲ ၂ နာရီ အထိနှင့် ညနေ ၅ နာရီမှ ညသန်းခေါင်အထိ တစ်နေ့လျှင် ၁၀ နာရီသာ ရောင်းချခွင့်ပြုသည်။

လူစွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေး- ထိုင်းနိုင်ငံ၌ လူစွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေး အချက်အချာပြည့်စုံပြီးမြောက်စေရန် လူစွမ်းအားအရင်းအမြစ်များ ရင်းနှီးမြှုပ်နှံမည်ဖြစ်ကြောင်း ထိုင်းဝန်ကြီးချုပ် သက်ဆင်ရှင်နာဝပ်က နိုဝင်ဘာ ၃ ရက်နေ့တွင် ပြောကြားသည်။ မိမိသည် မိမိတို့၏ ထိုင်းနိုင်ငံအတွက် အဖိုးတန်အရည်အချင်းရှိသူ လူစွမ်းအားအရင်းအမြစ်အများဆုံးဖြစ်ထွန်းပေါ်ပေါက်လာစေရန် စီစဉ်လျက်ရှိကြောင်း ထိုင်းဝန်ကြီးချုပ်သက်ဆင်က ပညာတတ် ၁၀၀၀ ခန့် ပါရဂူဘွဲ့ လေ့လာသင်ယူပြီးမြောက်သည့် အလုပ်ရုံဆွေးနွေးပွဲ၌ ပြောကြားသည်။ လူစွမ်းအားအရင်းအမြစ် ပေါ်ထွန်းရေးသည် ဂရုတစိုက် စီမံခန့်ခွဲရန် လိုအပ်သောရှားပါးအဖိုးတန်အရည်အချင်းတစ်ရပ်ပင်ဖြစ်ကြောင်း အဆိုပါ ဝန်ကြီးချုပ်၏ ပြောကြားချက်ကို ဗန်ကောက်ပို့စ်က နိုဝင်ဘာ ၄ ရက်နေ့တွင် ကိုးကားဖော်ပြသည်။

ပြည်သူများ၏ ဗဟုသုတကျယ်ပြန့်စေရေး ကူညီပေးရန် ကွန်ရက်တစ်ရပ်ဖွဲ့စည်း၍ ၎င်းက ပညာရှင်များအား တိုက်တွန်းထားသည်။ ထိုင်းနိုင်ငံသည် နည်းပညာသစ်ရရှိရေးအတွက် ဗဟုသုတပိုင်းတွင် နိုင်ငံများစွာထက် နောက်ကျကျန်ရစ်ခဲ့ရ၍ တန်ဖိုးရှိ



ပြည်ပသို့ ဆန်တင်ပို့အားကောင်းသည့် ထိုင်းနိုင်ငံမှ ဆန်အရောင်းဆိုင်ဈေးတန်းတစ်ခုကို တွေ့မြင်ရစဉ်

သုတေသနနှင့် ဖွံ့ဖြိုးရေးစိမ်းကိန်းများအတွက် ရန်ပုံငွေကောက်ခံရန်လည်း သက်ဆင်ကကတိပြုပြောကြားသည်။

စီးပွားရေး- ထိုင်းနိုင်ငံရှိ စီးပွားရေးဆိုင်ရာ ဥပဒေစည်းမျဉ်းစည်းကမ်းများက စီးပွားရေးလုပ်ငန်းများလုပ်ကိုင်ရာတွင် အကာအကွယ်ပေးထားကြောင်း၊ ပြည်ပစီးပွားရေးအဖွဲ့အစည်းများနှင့် ကုမ္ပဏီများအတွက်လည်း အပြန်အလှန်အကျိုးစီးပွားဖြစ်အောင် ဆောင်ရွက်ပေးထားကြောင်းဝန်ကြီးချုပ်ကပြောကြားသည်။ ထိုင်းနိုင်ငံသည် ပြီးခဲ့သည့်နှစ်ကငွေကြေးဈေးကွက်တွင် တိုးတက်မှုအညွှန်းကိန်း ၁၁၇ ရာခိုင်နှုန်းထိရှိခဲ့ကြောင်း၊ ထို့ပြင် ကုန်စည်ဖလှယ်မှုနှင့် ကူးသန်းရောင်းဝယ်မှုဌာနလည်း ပမာဏ ၁၄၈ ရာခိုင်နှုန်းအထိ တိုးတက်ခဲ့ရာ ကမ္ဘာတွင်အမြင့်ဆုံးအနေအထားရှိခဲ့သည်။

ထိုင်းနိုင်ငံသည် ၂၀၀၄ ခုနှစ် ကုန်ဆုံးသည်အထိ ကျန်းမာရေးဆိုင်ရာနှင့်အခြားကဏ္ဍများဌာငွေကြေးဆိုင်ရာအကျိုးအမြတ်များ ဆက်လက်ရရှိနေမည်ဟု စီးပွားရေးဆိုင်ရာ ကျွမ်းကျင်သူများက ခန့်မှန်းထားကြောင်းလည်း သက်ဆင်က ဆက်လက်ပြောကြားသည်။ ထိုင်းနိုင်ငံတွင် ၂၀၀၄ ခုနှစ် ပထမနှစ်ဝက်တွင် ကုမ္ပဏီများ၏ စာရင်းများအရ စီးပွားရေးတိုးတက်မှုမှာ နှစ်ချင်းအလိုက်တွင် ၂၂ ရာခိုင်နှုန်း တိုးတက်ခဲ့သည်။

ၔင်းပြင် ထိုင်းနိုင်ငံ၏ ဆန်တင်ပို့မှုမှာ အောက်တိုဘာလတွင် အနည်းငယ်ကျဆင်းခဲ့သော်လည်း ယခုနှစ်ကုန်တွင် အနည်းဆုံးတန်ချိန် ၉ သန်းသို့ရောက်ရှိနိုင်မည်ဟု ယုံကြည်ထားကြောင်း ထိုင်းသတင်းဌာနက သတင်းထုတ်ပြန်သည်။ ထိုင်းဆန်တင်ပို့ရောင်းချမှုသည် ယခုနှစ် ပထမကိုးလတွင် အမေရိကန်ဒေါ်လာ ၁ ဒသမ ၉၃ ဘီလီယံတန်ဖိုးရှိခဲ့ကြောင်း၊ ဆန်တန်ချိန် ၇ ဒသမ ၂၂ သန်း ရောက်ရှိခဲ့ကြောင်း ၂၀၀၃ ခုနှစ်ကထက် ပမာဏ ၃၇ ရာခိုင်နှုန်းတိုးလာပြီး တန်ဖိုးမှာ ၅၆ ရာခိုင်နှုန်း တိုးလာကြောင်း ထိုင်းနိုင်ငံခြားကုန်သွယ်ရေးဌာနက အောက်တိုဘာ ၂၂ ရက်နေ့တွင် ပြောကြားသည်။

ထိုင်းနိုင်ငံ၏ ဆန်တင်ပို့မှုသည် ၂၀၀၄ ခုနှစ် ဇန်နဝါရီလမှ စက်တင်ဘာလအတွင်း အများဆုံးအချိုးဖြစ်ကြောင်း တန်ချိန် ၁ ဒသမ ၅၄ သန်းရှိကာ တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၆၃၃ သန်းဖိုး

ရှိကြောင်း အဆိုပါဌာနကပြောကြားသည်။ ထိုင်းဆန်တင်ပို့မှုသည် စက်တင်ဘာလတွင် တန်ချိန် ၈၇၆၀၀၀ တန်ရှိရာ အောက်တိုဘာလတွင် တန်ချိန် ၆၅၀၀၀၀ သို့ ရောက်ရှိလာမည်ဟု မျှော်လင့်ရကြောင်း ဌာနက ဆက်လက်ပြောကြားသည်။

တရုတ်နှင့် ထိုင်းနိုင်ငံတို့အနေဖြင့် နှစ်နိုင်ငံ ကုန်သွယ်ရေးနှင့် စီးပွားရေးဆိုင်ရာဆက်သွယ် ဆောင်ရွက်မှုများကို အနာဂတ်ကာလတွင် အပြန်အလှန်တိုးမြှင့်ဆောင်ရွက်သွားကြရန် တရုတ်နိုင်ငံ ဝန်ကြီးချုပ် ဝမ်ကျားပေါင်နှင့် ထိုင်းနိုင်ငံဝန်ကြီးချုပ် သက်ဆင်ရှင်နာဝပ်တို့က ဗီယင်ကျန်းမြို့တွင် နိုဝင်ဘာ လ ၂၉ ရက်နေ့က သဘောတူခဲ့ကြသည်။ တရုတ်နှင့် ထိုင်းနိုင်ငံဝန်ကြီးချုပ် နှစ်ဦး ဗီယင်ကျန်းမြို့တွင် တွေ့ဆုံဆွေးနွေးစဉ်အတွင်း တရုတ်-ထိုင်း ဆက်ဆံရေး တိုးတက်ဖြစ်ထွန်းမှုအပေါ် တွင်နှစ်ဦးနှစ်ဖက်အမြင်ချင်း ဖလှယ်ခဲ့ကြပြီး နှစ်နိုင်ငံ ကုန်သွယ်ရေး၊ ဆက်သွယ်ရေး၊ သယ်ယာတများနှင့် စွမ်းအင် နယ်ပယ်များတွင် အပြန်အလှန်ပူးပေါင်းနိုင်ခဲ့မှုအပေါ် ကျေနပ်အားရကြောင်းလည်း ထုတ်ဖော်ပြောကြားခဲ့ကြသည်။

ထိုင်းဝန်ကြီးချုပ်သက်ဆင်က မဟာမဲခေါင်ဒေသခွဲတွင် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုအပေါ် ဆွေးနွေးပြောကြားခဲ့သလိုပင် တရုတ်ဝန်ကြီးချုပ် ဝမ်ကျားပေါင်ကလည်း မဟာမဲခေါင်ဒေသခွဲဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုသည်တရုတ်အာဆီယံပူးပေါင်းဆောင်ရွက်မှု၏ အာရုံစူးစိုက်ရာတစ်ခုလည်းဖြစ်ကြောင်းပြောကြားသည်။ တရုတ်နိုင်ငံသည် မဟာမဲခေါင်ဒေသခွဲနိုင်ငံများ၏ ဒုတိယအကြိမ်အစည်းအဝေးကို အိမ်ရှင်အဖြစ် လက်ခံကျင်းပမည်ဖြစ်ကြောင်း တရုတ်ဝန်ကြီးချုပ် ဝမ်ကျားပေါင်က ပြောကြားသည်။ အဆိုပါ ဆွေးနွေးပွဲတွင် ဆက်သွယ်ရေး၊ စွမ်းအင်၊ လယ်ယာစိုက်ပျိုးရေးနှင့် ကုန်သွယ်ရေးတို့တွင် ရင်းနှီးမြှုပ်နှံမှုများ ပိုမိုတိုးတက်ဖွံ့ဖြိုးရန် ဆွေးနွေးကြမည်ဟု မျှော်လင့်ကြောင်းဖြင့် မစွတာဝမ်က ပြောကြားသည်။

သိန်းဝင်းဇော်

နိုင်ငံတကာစာတတ်မြောက်ရေးနေ့။ ။၂၀၀၄ ခုနှစ် နိုင်ငံတကာစာတတ်မြောက်ရေးနေ့နှင့်ကုလသမဂ္ဂစာတတ်မြောက်ရေးဆယ်စုနှစ် အထိမ်းအမှတ်အခမ်းအနားကို ၂၀၀၄ ခုနှစ်၊ စက်တင်ဘာလ ၈ ရက်နေ့နံနက် ၈ နာရီတွင်ရန်ကုန်မြို့ကမာရွတ်မြို့နယ်ပြည်လမ်းရှိ စိန်ရတုခန်းမ၌ ကျင်းပသည်။

ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီးက စက်တင်ဘာလ ၈ ရက်နေ့ကို နိုင်ငံတကာစာတတ်မြောက်ရေးနေ့ (International Literacy Day) အဖြစ် ၁၉၆၇ ခုနှစ်ကစပြီး သတ်မှတ်ပေးခဲ့ပြီးသည့်နောက် ပြည်ထောင်စုမြန်မာနိုင်ငံတော်အနေဖြင့် အခြားသော ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများနည်းတူ 'နိုင်ငံတကာ စာတတ်မြောက်ရေးနေ့အခမ်းအနား' များကို နှစ်စဉ်နှစ်တိုင်းတက်ကြွစွာကျင်းပခဲ့သည်။

မြန်မာနိုင်ငံ၏ စာတတ်မြောက်ရေးလှုပ်ရှားမှုများသည် ပုဂံခေတ်ကာလကပင် စတင်ကြီးပမ်းဆောင်ရွက်ခဲ့ကြခြင်းဖြစ်သည်။ ဘုန်းတော်ကြီးသင်ကျောင်းများကစတင်ကာ အမျိုးသားအမျိုးသမီး မခွဲခြားဘဲ စာပေလေ့လာသင်ယူမှုများ ပြုလုပ်ခဲ့ကြသည့် အစဉ်အလာကောင်းများပေါ် ထွန်းခဲ့ခြင်းဖြစ်သည်။ အမျိုးသမီးများသည် ထမင်းချက်ရင်း၊ ဗိုင်းငင်ဝါဖန့်ရင်း၊ မောင်းထောင်းဆန်ပြာရင်းက စာပေများရွတ်ဖတ်ကြ၊ ဗဟုသုတဖလှယ်ကြသည့် အစဉ်အလာကောင်းများဖြစ်ထွန်းခဲ့ခြင်းကြောင့် မြန်မာတို့၏ စာပေလေ့လာမှု၊ စာတတ်မြောက်မှုလှုပ်ရှားမှုများသည်အခြားသောနိုင်ငံများထက် ရှေးကျခဲ့သည်။ ထို့ကြောင့်လည်း အဆင့်အတန်းမြင့်မားသော စာပေပညာရှင် အကျော်အမော်များသည် ပုဂံခေတ်ကာလမှသည် ပင်းယ၊ အင်းဝ၊ တောင်ငူ၊ ဟံသာဝတီ၊ ညောင်ရမ်း၊ ကုန်းဘောင်၊ ရတနာပုံခေတ်ကာလအထိအထင်အရှား ပေါ်ထွန်းခဲ့ခြင်းဖြစ်သည်။

ဖွံ့ဖြိုးတိုးတက်မှုကဏ္ဍအသီးသီးကို ပညာရေးကလွှမ်းမိုးပိုင်းဖြတ်နေသည့် အချိန်အခါကာလတွင် ကမ္ဘာပေါ်ရှိ လူသားများအား လုံး၏ ပညာရေးတိုးတက်မြင့်မားမှသာလျှင် မြို့ပြနှင့်ကျေးလက်ဖွံ့ဖြိုးမှု ကွာဟချက်နှင့် ကမ္ဘာ့နိုင်ငံများအကြား ဆင်းရဲချမ်းသာကွာဟ

ချက်များ ကျဉ်းမြောင်းလျှော့နည်းလာမည်ဖြစ်သည်။ ထို့ပြင် အေးချမ်းသာယာဖွံ့ဖြိုးတိုးတက်သောနိုင်ငံများဖြင့် ဖွဲ့စည်းထားသည့် တည်ငြိမ်ငြိမ်းချမ်းသောကမ္ဘာကြီးပေါ်ထွန်းလာလိမ့်မည်ဆိုသည့် ယုံကြည်မှော်လင့်ချက်များဖြင့် နိုင်ငံတိုင်းသည် မိမိတို့နိုင်ငံသူ၊ နိုင်ငံသားများ၏ ပညာရည်မြင့်မားရေးအတွက် အထူးလေးထားကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်တွင် ကျန်းမာသန်စွမ်းပြီး ဉာဏ်ရည်ထက်မြက်သော၊ ပညာရည်မြင့်မားသော နိုင်ငံသူနိုင်ငံသားများကသာလျှင် မိမိနိုင်ငံ၊ မိမိလူမျိုး၏ ဖွံ့ဖြိုးတိုးတက်ရေးနှင့် နိုင်ငံတကာနှင့် ရင်ပေါင်တန်းရပ်တည်နိုင်ရေးအတွက် ကြိုးပမ်းစွမ်းဆောင်ပေးနိုင်မည်ဆိုသည့် ခံယူချက်ဖြင့် တစ်မျိုးသားလုံးကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေးကို အမျိုးသားရေးဦးတည်ချက်တစ်ရပ်အဖြစ်ထား၍ပြီး အကောင်အထည်ဖော် ကြိုးပမ်းဆောင်ရွက်နေခြင်းဖြစ်သည်။

ထို့ပြင် လူတိုင်းစာတတ်မြောက်မှသာလျှင် အမှားအမှန်၊ အကျိုးအပြစ်ကို ဝေဖန်ပိုင်းခြားတတ်သော အတွေးအခေါ်ကောင်းများ ဖြစ်ထွန်းကာ သူတစ်ပါး၏ သွေးဆောင်ဖြားယောင်းမှု၊ မကောင်းသောရည်ရွယ်ချက်ဖြင့် မကောင်းသောလမ်းကြောင်းကို တွန်းပို့တတ်သော မသမာသူအဖျက်အမှောင့်သမားများ အန္တရာယ်က မိမိ၏ မိသားစု၊ မိမိပြည်သူ၊ မိမိနိုင်ငံကို မိမိတို့၏ စုပေါင်းအင်အားဖြင့်ကာကွယ်တားဆီးနိုင်မည်ဖြစ်သည်။

တစ်မျိုးသားလုံး ပညာရည်မြင့်မားရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာတွင် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးကို ထိထိရောက်ရောက်မြှင့်တင်ပေးနိုင်မည့် ခေတ်မီသိပ္ပံနှင့်နည်းပညာရပ်များ ဘက်စုံကဏ္ဍစုံ၌ ဖြစ်ထွန်းနေစေရေး၊ အရည်အသွေးမြင့်မားသည့် အသိပညာရှင်၊ အတတ်ပညာရှင်များ ပညာရပ်နယ်ပယ်စုံ၌ ပေါ်ထွန်းလာစေရေးတို့အပြင် နိုင်ငံသူနိုင်ငံသားတိုင်း အခြေခံစာတတ်မြောက်စေရေးနှင့် အချိန်အခါ အသက်အရွယ်နှင့် ပညာအဆင့်အတန်း မရွေး အစဉ်ထာဝရ ပညာသင်ယူလေ့လာနိုင်သည့် အခြေခံနှင့် အခွင့်အလမ်းများ ဖြစ်ထွန်းနေပြီး စဉ်ဆက်မပြတ် လေ့လာသင်ယူနေသည့် မြန်မာ့လူဘောင်အဖွဲ့အစည်းကြီး ပေါ်ထွန်းလာစေရေး၊ အမှားအမှန်ဝေဖန်ပိုင်းခြားတတ်သော အတွေးအခေါ်ကောင်းများဖြစ်ထွန်းကာ နိုင်ငံတော်၏ အကျိုးစီးပွားကို တစ်ဖက်တစ်လမ်းက ပါဝင်ဆောင်ရွက်နိုင်စေရေးတို့အတွက်ပါ ဟန်ချက်ညီညီ စီမံကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

ထို့ကြောင့် ပညာရေးကဏ္ဍ၌ တန်းစဉ်တက် ကျောင်းပညာရေး (Formal Education)နှင့် ကျောင်းစနစ်ပြင်ပ ပကတိအခြေအနေများနှင့်ကိုက်ညီဆီလျော်သည့် ကျောင်းပြင်ပပညာရေး (Non-Formal Education) ဆိုသည့်နည်းလမ်းနှစ်သွယ်ကိုယှဉ်တွဲဆက်စပ်ကြိုးပမ်းဆောင်ရွက်ရင်း နိုင်ငံသူနိုင်ငံသားတိုင်း ဘဝတစ်သက်တာသင်ယူသူ (Lifelong Learner) ဖြစ်လာစေရန်နှင့် မိမိတို့ကိုယ်တိုင် စိတ်ကြိုက်ချမှတ်သင်ယူနည်းစနစ် (Informal Education) တစ်ခုဖြစ်ထွန်းရရှိလာစေရန်ကို နိုင်ငံတော်က ဦးဆောင်ချမှတ်ဆောင်ရွက်ခြင်းဖြစ်သည်။

'တစ်မျိုးသားလုံးပညာရည်မြင့်မားရေးနှင့် လူတိုင်းစာတတ်မြောက်ရေး' ကို ဦးတည်ပြီး နိုင်ငံသားတိုင်း အခြေခံပညာသင်ယူခွင့် အခွင့်အလမ်းများ တိုးတက်ရရှိစေရေးအတွက် စီမံဆောင်ရွက်လျက်ရှိရာ ကျောင်းနေအရွယ်ကလေးတိုင်း မူလတန်းပညာပြီးဆုံးရေးနှင့် သက်ကြီးစာမတတ်သူပပျောက်ရေး အစီအစဉ်များ စနစ်တကျရေးဆွဲပြီးလက်တွေ့ကျကျအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

ကျောင်းနေအရွယ်ကလေးအားလုံး ကျောင်းနေနိုင်ရေး၊ ကျောင်းနေမြဲရေးကို ရည်မှန်းချက်တစ်ရပ်အနေဖြင့် ချမှတ်ပြီး ၁၉၉၉ ခုနှစ် ပညာရေးမြှင့်တင်မှုအစီအစဉ် (ဒုတိယအဆင့်)ကစပြီး အမျိုးသားရေးလူထုလှုပ်ရှားမှုအသွင်ဖြင့် စည်းရုံးဆောင်ရွက်ခဲ့သည့်အတွက် ငါးနှစ်ပြည့်ပြီး ကလေးများ၏ ကျောင်းဝင်နှုန်းသည် ၁၉၉၉-၂၀၀၀ ပညာသင်နှစ်တွင် ၉၁ ရာခိုင်နှုန်းသာရှိခဲ့ရာမှ ၂၀၀၄-၂၀၀၅ပညာသင်နှစ်တွင် ၉၆ ဒသမ ၅၆ ရာခိုင်နှုန်းရှိလာသည်အထိ နှစ်စဉ်

တိုးတက်လာခဲ့သည်။ ယခုကဲ့သို့ တိုးတက်ဖြစ်ထွန်းလာခြင်းသည် ပြည်သူများနှင့်စေတနာရှင်အဖွဲ့အစည်းများ၏ ပူးပေါင်းပါဝင်ကြိုးပမ်းဆောင်ရွက်ပေးမှုများကြောင့်လည်းဖြစ်သည်။

ယခုကဲ့သို့ ပုံမှန်ပညာရေးစီမံကိန်းများအပြင် သာမန်ကျောင်းခြိန်အတွင်း ကျောင်းသို့ရောက်လာရန် အခက်အခဲရှိသည့် ကျောင်းနေအရွယ်ကလေးများနှင့် ကျောင်းနေအရွယ်လွန်ကလေးများအတွက် ကျောင်းပြင်ပမူလတန်းပညာရေး အထူးအစီအစဉ် (Non-Formal Primary Education Programme) နှင့် မူလတန်းပြီးမြောက်သူ ကလေးငယ်များအတွက် အလယ်တန်းပညာကို အိုးမကွာအိမ်မကွာ မိမိတို့၏ ရပ်ရွာ၌ပင် သင်ယူနိုင်သည့် မူလတန်းလွန်ကျောင်း အစီအစဉ် (Post-primary School Programme) တို့ကိုပါ တိုးမြှင့်စီမံဆောင်ရွက်အကောင်အထည်ဖော်လျက်ရှိသည်။

ထို့ပြင် ကျေးလက်နေပြည်သူများ၏ ပညာရေးဘဝအဆင့်အတန်းတိုးတက်မြင့်မားစေရေး၊ ကျန်းမာရေးစောင့်ရှောက်ပေးသည့် အခြေခံများတိုးတက်ဖြစ်ထွန်းစေရေးတို့ အပါအဝင်ကျေးလက်နေပြည်သူတို့၏ စီးပွားရေးဘဝနှင့် လူနေမှုဘဝအဆင့်အတန်းတိုးတက်မြင့်မားစေမည့် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ်ကြီးငါးရပ်ကို နိုင်ငံတော်အစိုးရက အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိရာတွင် ကျေးလက်နေပြည်သူများ၏ ပညာရေးအခြေခံများမြှင့်တင်ပေးရေးနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအောင်မြင်စွာ ဖြစ်ထွန်းရေးကို လက်တွေ့အား ဖြင့် ထိရောက်စွာ အထောက်အကူပြုနိုင်သည့်ကျောင်းပြင်ပပညာရေးပုံစံတစ်ရပ်အဖြစ် ယှဉ်တွဲ အကောင်အထည် ဖော်ဆောင်ရွက်ပေးခြင်းဖြစ်သည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်တွင် မိမိနိုင်ငံသူ နိုင်ငံသားတိုင်း စာတတ်မြောက်စေရေးကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် တစ်မျိုးသားလုံးပူးပေါင်းပါဝင်ပြီး အစဉ်တစ်စိုက်ကြိုးပမ်းဆောင်ရွက်ခဲ့သည့် အတွက် စာတတ်မြောက်မှုနှုန်းသည် တစ်နှစ်ထက်တစ်နှစ် တိုးတက်မြင့်မားလျက်ရှိနေပြီဖြစ်သည်။

ယခုကဲ့သို့ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ကျယ်ကျယ်ပြန့်ပြန့်စနစ်တကျစီမံဆောင်ရွက်ခဲ့သည့် အတွက် သက်ကြီးစာတတ်မြောက်မှုနှုန်းသည် ၁၉၉၆ ခုနှစ်တွင် ၈၃ ရာခိုင်နှုန်းသာရှိခဲ့ရာက ၂၀၀၃ ခုနှစ်တွင် ၉၂ ဒသမ ၂ ရာခိုင်နှုန်းအထိ တိုးတက်မြင့်မားလာခဲ့သည်။

၂၀၀၄ ခုနှစ်တွင် ပညာရေးဝန်ကြီးဌာန၏ ဦးဆောင်လမ်းညွှန်မှုဖြင့် ပြည်နယ်နှင့်တိုင်းအသီးသီးက မိမိတို့ဒေသ မိမိတို့အခြေအနေနှင့်ဆီလျော်ကိုက်ညီမှုရှိသည့် စာတတ်မြောက်ရေးလုပ်ငန်းစီမံချက်များကိုယ်စီကိုယ်စီရေးဆွဲပြီး ဒေသဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းများ၏ ကူညီပံ့ပိုးမှု၊ လူမှုရေးအသင်းအဖွဲ့များ၊ ပြည်သူများ၏ ပူးပေါင်းပါဝင်ကူညီမှုများဖြင့် စာတတ်မြောက်ရေးလှုပ်ရှားမှုများကို အရှိန်အဟုန်မြင့်တင် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည်။ ယခုကဲ့သို့ ဒေသအခြေအနေကို အခြေခံသည့် စာတတ်မြောက်ရေးကြိုးပမ်းမှုအစီအစဉ်ကို လက်တွေ့ကျကျအကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာတွင် ထူးထူးခြားခြားအောင်မြင်ဖြစ်ထွန်းမှုများ ရရှိခဲ့သည်။

၂၀၀၄ ခုနှစ် စာတတ်မြောက်ရေးလုပ်ငန်းများ၏ အကျိုးကျေးဇူးရလဒ်ကောင်းများအနေဖြင့် တိုတောင်းသောအချိန်ကာလ အပိုင်းအခြားအတွင်းတွင်ပင် နယ်စပ်ဒေသ 'အ' သုံးလုံးအစီအစဉ်များအရ ရှမ်းပြည်နယ် (မြောက်ပိုင်း) ကိုးကန့်ဒေသ လောက်ကိုင်မြို့နယ် ကွတ်ခိုင်၊ မူဆယ်မြို့နယ်များ၊ 'ဝ' ဒေသ၌ ဟိုပန်မြို့နယ်၊ ပလောင်ဒေသ၌ မန်တုံ မြို့နယ်၊ သံလွင် (အရှေ့ခြမ်း) ကျိုင်းတုံဒေသ၌ မိုင်းဆတ်၊ မိုင်းပြင်း၊ မိုင်းခုတ်၊ မိုင်းတုံ၊ မိုင်းယန်း၊ မိုင်းဖြတ်၊ မိုင်းယောင်း၊ တာချီလိတ်၊ ကျိုင်းတုံမြို့နယ်များနှင့် ရခိုင်ဒေသကဘူးသီးတောင်မြို့နယ်များမှ နယ်စပ်အစွန်အဖျားကျေးလက်ဒေသများရှိ ယခင်က လုံးဝစာမတတ်သူများအနက် ၃၉၀၀ ကျော် စာတတ်မြောက်လာခဲ့သည်။ ကယားပြည်နယ်၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း)နှင့် ရှမ်းပြည်နယ် (မြောက်ပိုင်း)တို့တွင် ပြည်နယ် လုံးကျွတ် စာတတ်မြောက်ရေးလှုပ်ရှားမှုများ ဆောင်ရွက်ခဲ့ခြင်းကြောင့် ၇၁၀၀၀ ကျော် စာတတ်

မြောက်လာခဲ့သည်။ ပြည်နယ်၊ တိုင်းလုံးကျွတ် စာတတ်မြောက်ရေးဆောင်ရွက်ပြီးသည့် ပြည်နယ်၊ တိုင်းအသီးသီးရှိ လမ်းပန်းဆက်သွယ်ရေး ခက်ခဲသောနေရာဒေသများတွင် ကောက်သင်းကောက် စာတတ်မြောက်ရေးလှုပ်ရှားမှုများ ထပ်မံပြီးပြုလုပ်ပေးခဲ့ခြင်းကြောင့် စာတတ်မြောက်လာသူ ၁၈၀၀၀၀ ခန့်ရှိလာခဲ့သည်။ ထို့ကြောင့် ၂၀၀၄ ခုနှစ် နွေရာသီ စာတတ်မြောက်ရေးအထူးလုပ်ငန်းအစီအစဉ်အရ ယခင်က စာမတတ်သူ နှစ်သိန်းခွဲကျော်သည် စာတတ်မြောက်လာခဲ့ကြပြီးဖြစ်သည်။

ထိုသို့ကြိုးပမ်းအကောင်အထည်ဖော်မှုများကြောင့် ၂၀၀၄ ခုနှစ် မြန်မာနိုင်ငံ၏ သက်ကြီး စာတတ်မြောက်မှုနှုန်းသည် ၉၃ ဒသမ ၃ ရာခိုင်နှုန်းသို့ တိုးတက်လာပြီဖြစ်သည့်အတွက် တစ်မျိုးသားလုံးအတွက် ဂုဏ်ယူဝင့်ကြွားအကျိုးရလဒ်ကောင်းများဖြစ်ထွန်းနေပြီဖြစ်သည်။

ထို့ပြင် စာတတ်မြောက်လာသူများအတွက် မိမိစိတ်ဆန္ဒအရ ဆက်လက်သင်ယူနိုင်သည့် ပညာရေးအခွင့်အလမ်းများ ဖော်ဆောင်ပေးသည့်အနေဖြင့် ရပ်ရွာပညာပဒေသာဌာနများ၊ ကျေးလက်စာကြည့်တိုက်များဖွင့်လှစ်ပြီး စာဖတ်ရှုနိုင်မြှင့်တင်ရေး၊ ဝင်ငွေတိုးရေးနှင့် ဘဝသာယာရေးလုပ်ငန်းများပါဝင်သည့် Continuing Education ဟုခေါ်သော စဉ်ဆက်ပညာရေးအစီအစဉ်များကို အကောင်အထည်ဖော်လျက်ရှိရာ တစ်နိုင်ငံလုံး၌ ၂၀၀၃ ခုနှစ်က ရပ်ရွာပညာပဒေသာဌာနပေါင်း ၄၈၁ ခုသာရှိခဲ့ရာမှ ရပ်ရွာပညာပဒေသာဌာနပေါင်း ၈၅၅ ခုအထိ တိုးချဲ့ဖွင့်လှစ်နိုင်ခဲ့ပြီဖြစ်သည်။ ထို့ပြင် ကျေးလက်စာကြည့်တိုက် ၇၃၆၄ ခု ဖွင့်လှစ်နိုင်ခဲ့ပြီဖြစ်သည်။

၂၀၀၄ ခုနှစ်အတွက် ပြည်နယ်နှင့်တိုင်းအခြေပြုစာတတ်မြောက်ရေးစီမံချက်ရေးဆွဲနိုင်ရေးအတွက် 'အီလက်ထရွန်နစ်နည်းစနစ်သုံး ကျောင်းပြင်ပပညာရေး စွမ်းရည်မြှင့်သင်တန်း' ကို သင်ယူမှုဌာနပေါင်း ၁၉၂ ခုသို့ ထုတ်လွှင့်ပြီး ဆရာဆရာမများနှင့် လူမှုရေးအသင်းအဖွဲ့များမှ သင်ယူသူပေါင်း ၇၀၀၀ ကျော်ကို e-Education စနစ်ဖြင့် ပို့ချပေးနိုင်ခဲ့သည့်အတွက် လုပ်ငန်များပိုမိုတိုးတက်အောင်မြင်ဖြစ်ထွန်းလာခဲ့သည်။

ယခုကဲ့သို့ လူတိုင်းစာတတ်မြောက်ရေးနှင့် လူတိုင်းအတွက် ပညာရေးဆိုင်ရာလုပ်ငန်းများကို နိုင်ငံတော်အစိုးရက ဘက်စုံကဏ္ဍစုံက နည်းလမ်းအသွယ်သွယ်ဖြင့် စီမံဆောင်ရွက်ပေးနေသကဲ့သို့ တစ်မျိုးသားလုံး၏ အမျိုးသားရေးစိတ်ဓာတ်အပြည့်အဝဖြင့် ပုဂ္ဂလိကနှင့် စေတနာရှင်အဖွဲ့အစည်းများ၏ ပူးပေါင်းပါဝင်ကြိုးပမ်းစွမ်းဆောင်မှုများကြောင့် အောင်မြင်ဖြစ်ထွန်းမှု အကျိုးရလဒ်ကောင်းများ ထူးထူးခြားခြားရရှိဖြစ်ထွန်းနေသည်ကို ဝမ်းမြောက်ဂုဏ်ယူဖွယ် တွေ့မြင်နေရပြီဖြစ်သည်။

ထို့ကြောင့်ရရှိဖြစ်ထွန်းနေပြီဖြစ်သည့် အောင်မြင်မှုအကျိုးရလဒ်ကောင်းများအပေါ် ၌ တစ်မျိုးသားလုံး၏ တက်ကြွသော ပါဝင်ကြိုးပမ်းအားထုတ်မှု စွမ်းအားများပေါင်းစပ်ပြီး မြန်မာနိုင်ငံသူ နိုင်ငံသားအားလုံး စာတတ်မြောက်လာစေရအောင်စဉ်ဆက်မပြတ်လေ့လာသင်ယူနေသော မြန်မာ့လူဘောင်အဖွဲ့အစည်းကြီးပေါ်ထွန်းလာသည်အထိ စာတတ်မြောက်ရေးကြိုးပမ်းလှုပ်ရှားများကို အရှိန်အဟုန်မပျက် ဆက်လက်ပြီး တက်ညီလက်ညီ ကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်သည်။

ထို့ပြင်ကျေးလက်နေပြည်သူများ၏စာတတ်မြောက်ရေးအရှိန်အဟုန်ကို ပိုမိုတိုးတက်မြင့်မားစေရအောင် မူလတန်းကျောင်းများတိုးမြှင့်ဖွင့်လှစ်ပေးခြင်း၊ မူလတန်းလွန်ကျောင်းများ တိုးမြှင့်ခွင့်ပြုပေးခြင်း၊ အလယ်တန်းကျောင်းများအဖြစ် တိုးတက်တည်ထောင်ပေးခြင်းများကြောင့် နိုင်ငံတစ်ဝန်းလုံးတွင် မူလတန်းကျောင်းပေါင်း ၃၁၂၂၅ ကျောင်း၊ မူလတန်းလွန်ကျောင်းပေါင်း ၄၇၇၄ ကျောင်း၊ အလယ်တန်းကျောင်းခွဲပေါင်း ၅၇၈ ကျောင်းနှင့် အလယ်တန်းကျောင်းပေါင်း ၂၀၃၄ ကျောင်း၊ အထက်တန်းကျောင်းခွဲနှင့် တွဲဖက်အထက်တန်းကျောင်းဖြစ်သည့် အထက်တန်းကျောင်း ၈၅၇ ကျောင်းအထိ တိုးပွားဖြစ်ထွန်းနေပြီဖြစ်သည်။ ထို့ကြောင့် မူလတန်းကျောင်းမှသည် အလယ်တန်းကျောင်းအထိ ၁၀ နှစ်တာကာလအတွင်း ကျောင်းအရေအတွက်အားဖြင့် ၁၆၆၉ ခု၊ ရာခိုင်နှုန်းအားဖြင့် ၄ ဒသမ ၄ ရာခိုင်နှုန်း တိုးတက်ဖြစ်ထွန်းလာခဲ့ပြီဖြစ်သည်။

မြန်မာနိုင်ငံသူနိုင်ငံသားအားလုံး စာတတ်မြောက်ရေးနှင့် တစ်မျိုးသားလုံး ပညာရည်မြင့်မားရေး စိတ်ဓာတ်အပြည့်အဝဖြင့်ပါဝင်ကြိုးပမ်းဆောင်ရွက်ရေး၊ စာတတ်မြောက်ရေးမှသည် စဉ်ဆက်ပညာရေး အစီအစဉ်များကို အောင်မြင်စွာအကောင်အထည်ဖော်ခြင်းဖြင့် အစဉ်လေ့လာသင်ယူနေသော၊ အစဉ်တွေးခေါ်ကြံဆနေသည့် မြန်မာ့လူ့ဘောင်အဖွဲ့အစည်းကြီးဖြစ်ထွန်းလာစေရေးအတွက် ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားရေး၊ စာတတ်မြောက်ရေးမှသည် မှန်ကန်သောအတွေးအမြင်၊ မှန်ကန်သောဝေဖန်ပိုင်းခြားတတ်မှုဖြင့် နိုင်ငံတော်၏ အကျိုးစီးပွား၊ ပြည်သူများ၏အကျိုးစီးပွားအတွက် ပါဝင်စွမ်းဆောင်ကြိုးပမ်းသွားရေးတို့ကို ဆောင်ရွက်ကြရမည်ဖြစ်သည်။

ဆက်လက်၍ ကမ္ဘာ့ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်၏နိုင်ငံတကာစာတတ်မြောက်ရေးနေ့ သဝဏ်လွှာကို ကုလသမဂ္ဂဌာနေ ညှိနှိုင်းရေးမှူးက ဖတ်ကြားသည်။

၂၀၀၄ ခုနှစ် နိုင်ငံတကာစာတတ်မြောက်ရေးနေ့နှင့် ကုလသမဂ္ဂစာတတ်မြောက်ရေးဆယ်စုနှစ် အထိမ်းအမှတ် စာတမ်းဖတ်ပွဲအခမ်းအနားကို ၂၀၀၄ ခုနှစ်၊ စက်တင်ဘာလ ၈ ရက်နေ့ မွန်းလွဲ ၁ နာရီတွင် ကမာရွတ်မြို့နယ်ပြည်လမ်းရှိစိန်ရတုခန်းမ၌ကျင်းပသည်။

အခမ်းအနားတွင် ရှေးဦးစွာ စာတမ်းဖတ်ပွဲ ပထမပိုင်းသဘာပတိ မြန်မာနိုင်ငံဝိဇ္ဇာနှင့် သိပ္ပံပညာရှင်အဖွဲ့ ဥက္ကဋ္ဌ ဦးသန်းဦးက အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံပညာရေးသုတေသနအဖွဲ့ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ဟန်က 'မြန်မာနိုင်ငံစာတတ်မြောက်ရေးမော်ကွန်း' ပြုစုထုတ်ဝေခြင်းနှင့် စပ်လျဉ်း၍ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စာတမ်းရှင်အမှတ် (၁) အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးတင်ညိုက 'နိုင်ငံတကာနှင့် မြန်မာနိုင်ငံစာတတ်မြောက်မှု အခြေအနေသုံးသပ်ချက်' စာတမ်းကိုဖတ်ကြားတင်သွင်းသည်။

ထို့နောက်စာတမ်းဖတ်ပွဲအခမ်းအနားတက်ရောက်ကြသူများ၏ မေးမြန်းချက်များကို စာတမ်းရှင်ကရှင်းလင်းဖြေကြားသည်။

ဆက်လက်၍ စာတမ်းဖတ်ပွဲဒုတိယပိုင်းကိုကျင်းပရာ သဘာပတိအဖြစ် ပညာရေးတက္ကသိုလ် အငြိမ်းစားပါမောက္ခချုပ် ဦးသောင်းထွဋ်က ဆောင်ရွက်သည်။

အစီအစဉ်အရ စာတမ်းရှင်မြန်မာနိုင်ငံပညာရေးသုတေသနအဖွဲ့ဦးစီးဌာန ဒုတိယညွှန်ကြားရေး မှူးဦးစောအောင်က 'နယ်စပ်ဒေသစာတတ်မြောက်ရေးလုပ်ငန်း (၁၉၉၆ ခုနှစ်မှ ၂၀၀၄ ခုနှစ်အထိ)' စာတမ်းကို ဖတ်ကြားတင်သွင်းသည်။

ထို့နောက်စာတမ်းဖတ်ပွဲအခမ်းအနားတက်ရောက်ကြသူများ၏ မေးမြန်းချက်များကို စာတမ်းရှင်ကရှင်းလင်းဖြေကြားပြီးသဘာပတိကနိဂုံးချုပ်အမှာစကားပြောကြားသည်။

ဦးစိုးအောင်

နိုင်ငံတကာဆက်ဆံရေးပညာသင်ကြားမှု နှစ်နှစ်ဆယ်ပြည့် အထိမ်းအမှတ်။ ။ခရစ်နှစ် ၂၀၀၄ခုဒီဇင်ဘာလက၊ နိုင်ငံတကာဆက်ဆံရေးပညာဘာသာ (International Relation) အိုင်အာရ်ကို တက္ကသိုလ်တွင်သင်ကြားခဲ့သောနှစ်ပေါင်းနှစ်ဆယ်ပြည့်အထိမ်းအမှတ် နှစ်နှစ်ဆယ်ဂျူဘလီပွဲကို ရန်ကုန်တက္ကသိုလ်၊ အိုင်အာ(ဝါ) နိုင်ငံတကာဆက်ဆံရေးပညာဌာနတွင် ၁၂-၁၂-၂၀၀၄ နေ့က လည်းကောင်း၊ မန္တလေးတက္ကသိုလ်နှင့် မန္တလေးမြို့ ရတနာပုံတက္ကသိုလ်ရှိ နိုင်ငံတကာဆက်ဆံရေးပညာဌာန နှစ်ရပ်တို့ပေါင်း၍ မန္တလေးတက္ကသိုလ် အဆောက်အအုံသစ်ခန်းမကြီးတွင် ၁၇-၁၂-၂၀၀၄ နေ့ကလည်းကောင်း ခမ်းနားသိုက်မြိုက်စွာ ကျင်းပကြသည်။ ဆရာတပည့်မျိုးဆက်ဟောင်း မျိုးဆက်သစ်တို့ စုံညီစွာတက်ရောက်လာကြသည်။ ဖိတ်ကြားထားသော အခြားဌာနများမှ ဆရာဆရာမများ၊ ပါမောက္ခချုပ်၊ ညွှန်ကြားရေးမှူးချုပ်များလည်း တက်ရောက်လာကြပြီး မိန့်ခွန်းချီးမြှင့်ကြသည်။ ပင်စင်အငြိမ်းစားယူသွားကြပြီဖြစ်သော ဆရာ ဆရာမများလည်း လုပ်ဖော်ကိုင်ဖက်များ၊ တပည့်များနှင့် ဝမ်းသာအားရလာရောက်တွေ့ဆုံကြသည်။

ပထမနေ့အခမ်းအနားဖွင့်ပြီးသည့်နောက် စာတမ်းဖတ်ပွဲများကျင်းပသည်။ ဒုတိယနေ့တွင် ရန်ပုံငွေလှူခြင်း၊ စုပေါင်းစားသောက်ခြင်း၊ အမှတ်တရဓာတ်ပုံ



နိုင်ငံတကာဆက်ဆံရေးပညာသင်ကြားမှု နှစ်နှစ်ဆယ်ပြည့်အထိမ်းအမှတ်တွင်

ပါမောက္ခတစ်ဦးစာတမ်းဖတ်နေစဉ်

စုပေါင်းရိုက်ကြခြင်းကို တပျော်တပါးဆောင်ရွက်ကြသည်။ တတိယနေ့တွင် နေ့လွတ်ထားပြီးညနေပိုင်းတွင် စုပေါင်းညစာစားပွဲကျင်းပကြသည်။ အထူးသဖြင့် မန္တလေးတက္ကသိုလ်နိုင်ငံတကာ ဆက်ဆံရေးပညာဘာသာနှစ် ၂၀ ပြည့်ပွဲသို့ ပြည်တွင်းပြည်ပဌာနအသီးသီးတွင်လည်းကောင်း၊ ကိုယ်ပိုင်လုပ်ငန်းအမျိုးမျိုးတွင်လည်းကောင်း၊ အမှုထမ်းလုပ်ကိုင်နေကြသော ဘွဲ့ရကျောင်းသား ကျောင်းသူဟောင်းတို့ပါရောက်လာပြီး အလှူငွေလှူဒါန်းကြသည်။ ဌာနအတွက် သင်ကြားအထောက်အကူပစ္စည်းအတွက်ဆရာဆရာမများအတွက် ငွေလှူကြခြင်းဖြစ်သည်။ အချို့ကျောင်းသားများသည် နိုင်ငံခြားတက္ကသိုလ်များမှ ဒေါက်တာဘွဲ့များပင်ရရှိနေကြပြီဖြစ်သည်။

မြန်မာနိုင်ငံသည် ဤဘာသာရပ်ကို တက္ကသိုလ်အဆင့်တွင် သင်ကြားခဲ့သည်မှာ နှစ်ပေါင်းနှစ်ဆယ်မကတော့ပြီ။ ၁၉၅၈ ခုနှစ်ကပင် ရန်ကုန်တက္ကသိုလ်၌ စတင်သင်ကြားလာခဲ့ပြီး ၁၉၆၄ ခုနှစ်တွင်မှ သင်ကြားမှုရပ်ဆိုင်းသွားခဲ့သည်။ သည့်နောက် ၁၉၈၄ ခုနှစ်တွင် ဤဘာသာကို ပြန်လည်သင်ကြားလာသော အခါ ရန်ကုန်တက္ကသိုလ်နှင့် မန္တလေးတက္ကသိုလ်တွင် ပါသင်ကြားလာသည်။ ထို့ကြောင့် ပြန်လည်သင်ကြားလာသော ၁၉၈၄ ခုနှစ်က စတင်ရေတွက်ခဲ့သော် ၂၀၀၄ ဒီဇင်ဘာလတွင် နှစ် ၂၀ ပြည့်ဖြစ်သည်။ သို့သော် ရန်ကုန်တက္ကသိုလ်တွင် ၁၉၅၈ နှစ်က စတင်သင်ကြားခဲ့ပြီး ၁၉၆၄ခုနှစ်တွင် ရပ်ဆိုင်းသွားသည်အထိ နှစ်များကို ထည့်သွင်းခဲ့သော်၊ ရန်ကုန်တက္ကသိုလ်အိုင်အာဌာန၏ သက်တမ်းသည် ၂၆ နှစ်ကျော်ပင်ရှိခဲ့ပါပြီ။ မန္တလေးတက္ကသိုလ်အနေနှင့် သင်ကြားမှုသက်တမ်း ၂၀၀၄ နှစ်တွင် နှစ်နှစ်ဆယ်ပြည့်သည်မှာ မှန်သော်လည်း ရန်ကုန် တက္ကသိုလ်အိုင်အာဌာန၏ သက်တမ်း

သည် ၂၆ နှစ် ကျော်ခဲ့ပါပြီ။ ၁၉၅၈-၁၉၆၄ ကာလ အတွင်းက ၂ နှစ်သင်တန်း ဒီပလိုမာ၊ ၄ နှစ်သင်တန်း ဝိဇ္ဇာဘွဲ့နှင့် ဝိဇ္ဇာဂုဏ်ထူးနှင့် ဘွဲ့လွန်မဟာဝိဇ္ဇာဘွဲ့ရ သူများရှိပါသည်။ ယင်းတို့အနက် နိုင်ငံတော်ဝန်ကြီး ဌာန အသီးသီးတွင်လည်းကောင်း၊ တပ်မတော်တွင် လည်းကောင်း အမှုထမ်းကြပြီး အချို့ပင်စင်အငြိမ်းစား ယူပြီးသူများလည်းရှိပါသည်။

မြန်မာနိုင်ငံသည် ကမ္ဘာနှင့်ရင်ပေါင်တန်း၍ အထက်တန်းပညာရေး (၀၀) တက္ကသိုလ်ပညာ ရေးတွင် ခေတ်မီစွာအသစ် ပေါ်ထွန်းလာသောဘာသာရပ် အသစ်များကို အတတ်နိုင်ဆုံး အမီလိုက်သင်ကြား လာခဲ့ပါသည်။ အိုင်အာဘာသာသည် (၁) ခေတ်သစ် သမိုင်း (၂) နိုင်ငံရေးသိပ္ပံ၊ (၃) ဘူမိနိုင်ငံရေးသိပ္ပံ၊ (၄) နိုင်ငံ တကာဆက်ဆံရေး၊ (၅) နိုင်ငံတကာစီးပွားရေး၊ (၆) နိုင်ငံတကာအဖွဲ့အစည်းများ၊ (၇) နိုင်ငံတကာ ဥပဒေ၊ (၈) သံတမန်အတတ်ပညာ၊ (၉) စစ်သေနင် ဗျူဟာနှင့် နည်းပညာ (၁၀) နိုင်ငံတကာယဉ်ကျေးမှု ရေးရာပညာဟူသော အခြေခံပင်မဘာသာကြီး (၁၀) မျိုးပါဝင်သော ဘာသာစုံပညာ Multi-disciplinary Subject ဖြစ်သောကြောင့် စတင်သင်ကြားစဉ်က ဘူမိဗေဒဌာန ပါမောက္ခဒေါက်တာသာလှ၊ ပထဝီဝင် ဌာနပါမောက္ခ ဒေါက်တာသင်းကြည်၊ ဥပဒေဌာန ပါမောက္ခ ဦးမြင့်၊ ဘောဂဗေဒဌာန ပါမောက္ခဒေါက်တာ အေးလှိုင်၊ ဒေါက်တာမောင်ရှိန်၊ နိုင်ငံရေးသိပ္ပံနှင့် ခေတ်သစ်သမိုင်းဌာနပါမောက္ခ ဦးဘညွန့်၊ ဒေါက်တာ အုန်းခိုင်၊ ဒေါက်တာခင်မောင်ညွန့်၊ အရှေ့တိုင်းသမိုင်း ဌာန ပါမောက္ခဒေါက်တာကျော်သက်၊ အင်္ဂလိပ်စာဌာန ပါမောက္ခဦးမျိုးမင်း၊ ပါမောက္ခချုပ်ဒေါက်တာ ထင်အောင် တို့အပြင် နိုင်ငံခြားမှ ဌာနရမ်းခေါ်ယူထားသော ရေးလ်၊ ကော်နယ်၊ ဟားဗတ် တက္ကသိုလ်များမှ ပါမောက္ခများပါ သင်ကြားပေးကြသည်။ သင်တန်းအားလုံးကို အင်္ဂလိပ် ဘာသာရပ်နှင့်သာ ပို့ချပြီး၊ နံနက် ၇ နာရီက စတင် သင်ကြားသည်။ သင်တန်းတက်လိုသော ကျောင်းသား များသည် အင်္ဂလိပ်ဘာသာတွင် အရေး၊ အဖတ်၊ အပြော၊ ကျွမ်းကျင်မှုစစ်ဆေးခြင်းခံရသည့်အပြင် မျက်မှောက်ကမ္ဘာ့ရေးရာ၊ ကုလသမဂ္ဂရေးရာတို့နှင့် ဆိုင်သော ဗဟုသုတနှင့် ပြည့်စုံမှုရှိ-မရှိကို လူတွေ့ စစ်ဆေးခြင်းခံရပါသည်။ နှစ်နှစ်ဒီပလိုမာတန်းတွင် ထိပ်တန်းနိုင်ငံဝန်ထမ်းများပင် တက်ရောက်ကြသည်။ ထိုစဉ်က အိုင်အာဘွဲ့ရကျောင်းသားအချို့ကို ယနေ့၊ အငြိမ်းစားသံအမတ်ကြီးများ၊ အငြိမ်းစားညွှန်ချုပ်များ၊ အငြိမ်းစားတပ်မတော်အရာရှိကြီးများအဖြစ် ပြန်တွေ့ ရသည်။

ယနေ့မြန်မာနိုင်ငံသည် ခေတ်မီဖွံ့ဖြိုးတိုးတက် သော နိုင်ငံဆီသို့အင်တိုက်အားတိုက်လှမ်းချီချိန်တွင် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဘက်တွင် အစိုးရနှင့် ပြည်သူလက်တွဲ ကြိုးပမ်းဆောင်ရွက်နေသောကာလ ဖြစ်သည်။ အထူးသဖြင့် ပညာရေးတွင် အခြေခံပညာ ကျောင်းပေါင်း သောင်းသိန်းချီ၍လည်းကောင်း၊ အထက်တန်းပညာတက္ကသိုလ် ကောလိပ်ပေါင်းရာနှင့် ချီ၍လည်းကောင်း၊ လူစွမ်းအားအရင်းအမြစ်များဖြစ် သောဆရာ၊ ကျောင်းသားပေါင်း သိန်းချီ၍လည်းကောင်း တိုးပွား လာခဲ့သည်။ ထို့အပြင် ကမ္ဘာတစ်ခွင်ဖြန့်ကြက် လာသော သိပ္ပံနည်းပညာနှင့် သတင်းဖြန့်ချိရေး အိုင်စီတီနှင့်အတူ အမီလိုက်ပါလာချိန်ဖြစ်သောကြောင့် နိုင်ငံတကာဆက်သွယ်ရေးသည် မြန်မာတိုင်းရင်းသား အားလုံးလေ့လာရမည့် ဘာသာဖြစ်ပါသည်။

မြန်မာနိုင်ငံသည် ရှည်လျားသော သမိုင်းစဉ် တစ်လျှောက်လုံး ရပ်ဝေးရပ်နီးနိုင်ငံအသီးသီးနှင့် ဆက်ဆံပေါင်းသင်းနေထိုင်ခဲ့သော နိုင်ငံဖြစ်သည်။ မြန်မာနိုင်ငံ၏ ဘူမိ၊ ပထဝီဝင်အနေအထားအရသီးခြား ဧကစာရီကျင့်သုံး၍မရပါ၊ မြန်မာလူမျိုးတို့မှာလည်း အတ္ထ၊ ပရကိုယ့်အကျိုးသူ့အကျိုးနှစ်ဝကို မျှတစွာ ဆောင်ရွက်တတ်သော လူမျိုးများဖြစ်သည်။ နိုင်ငံခြား ဆက်ဆံရေး၊ သံရေးတမန်ရေးများတွင်လည်း ထူးချွန် စွာစွမ်းဆောင်နိုင်သော ရဟန်းရှင်လူ သံတမန်ကြီးများ ပေါ်ထွန်းခဲ့သောနိုင်ငံဖြစ်သည်။ မျက်မှောက်ခေတ် တွင်လည်း ကုလသမဂ္ဂမှအစ ယင်း၏လက်အောက်ခံ အဖွဲ့အစည်းများ၊ အခြားနိုင်ငံတကာဆိုင်ရာအဖွဲ့အစည်း များတွင် မြန်မာတို့အမှုထမ်းခဲ့ကြသည်။ ယနေ့မြန်မာ နိုင်ငံသည် ကုလသမဂ္ဂနှင့် လက်အောက်ခံအဖွဲ့အစည်း အများစုတွင်လည်းကောင်း၊ ဘန်ဒေါင်းညီလာခံ၊

ဘက်မလိုက်လှုပ်ရှားမှု၊ ဒဘလျူတီအို အဖွဲ့များတွင် လည်းကောင်း၊ အာဆီယံအသင်း၊ ဘင်းမ်စတက်၊ ကျိအင်အက်စ်စသော ဒေသဆိုင်ရာအသင်းအဖွဲ့တို့တွင် လည်းကောင်း၊ ရပ်ဝေးရပ်နီး နိုင်ငံအသီးသီးတို့နှင့် ပူးပေါင်းဆောင်ရွက်မှုများတွင်လည်းကောင်း ပါဝင်ဆောင်ရွက်လျက်ရှိရာ နိုင်ငံတကာဆက်ဆံရေး၊ သံခင်းတမန်ခင်းများတွင် တတ်မြောက်ပြီး ထက်မြက်သော အရည်အချင်းပြည့်မီသော မြန်မာမျိုးဆက်သစ်များကို လိုအပ်သည်။ ထို့ကြောင့် နိုင်ငံတကာဆက်ဆံရေး ဘာသာအိုင်အာသင်ယူသော ကျောင်းသားကျောင်းသူတို့သည် မိမိဘာသာရပ်ကို လေးစားစွာသင်ယူ၍ တကယ်တမ်းပေါက်ရောက် အောင်မြင်ကြပါမှ မိမိနိုင်ငံနှင့် တိုင်းရင်းသားများ၏ အကျိုးစီးပွားကို ဆောင်ရွက်နိုင်ကြပါလိမ့်မည်။

ဒေါက်တာခင်မောင်ညွန့်

ပခုက္ကူဦးအုံးဖေစာပေဆု၊ ပညာရည်ချွန်ဆုနှင့် ပခုက္ကူစာကြည့်တိုက်စာအုပ်ဆု။ ။ ၂၀၀၄ ခုနှစ်အတွက် ပခုက္ကူဦးအုံးဖေစာပေဆု၊ ပညာရည်ချွန်ဆုနှင့် ပခုက္ကူစာကြည့်တိုက်စာအုပ်ဆုချီးမြှင့်ပွဲ အခမ်းအနားကို ၂၀၀၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၅ ရက်နေ့တွင် ရန်ကုန်မြို့၊ ဒဂုံမြို့နယ် မြို့မကျောင်းလမ်းရှိအမျိုးသားဇာတ်ရုံ၌ ကျင်းပရာ ယဉ်ကျေးမှုဝန်ကြီးဌာနဝန်ကြီးဗိုလ်ချုပ်ကြည်အောင် တက်ရောက်၍ အမှာစကား ပြောကြားပြီး ၂၀၀၄ ခုနှစ်အတွက် ပခုက္ကူဦးအုံးဖေစာပေဆုရရှိသူများအား ဆုများကို ပေးအပ်ချီးမြှင့်သည်။

ဆုချီးမြှင့်ပွဲအခမ်းအနားသို့ သမဝါယမဝန်ကြီးဌာနဝန်ကြီးဗိုလ်မှူးကြီးဇော်မင်း၊ ပြည်ထဲရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်မောင်ဦး၊ အားကစားဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်၊ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသိန်းစိန်နှင့် ဗိုလ်မှူးချုပ်အောင်သိန်း၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးညွန့်၊ ပြန်ကြားရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနတို့မှ တာဝန်ရှိပုဂ္ဂိုလ်များ၊ မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်း အဖွဲ့ဥက္ကဋ္ဌနှင့် ဗဟိုအမှုဆောင်ကော်မတီဝင်များ၊

ပခုက္ကူဦးအုံးဖေ စာပေဆုစိစစ်ရွေးချယ်ရေးအဖွဲ့ဝင်များ၊ ပခုက္ကူဦးအုံးဖေပညာရည်ချွန်ဆု ရန်ပုံငွေကြိုးကြပ်ရေးကော်မတီဝင်များ၊ စာပေပညာရှင်များ၊ ဆုရပုဂ္ဂိုလ်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊အလှူရှင်ပခုက္ကူဦးအုံးဖေနှင့် စာပေမြတ်နိုးသူများ တက်ရောက်ကြသည်။

ပခုက္ကူဦးအုံးဖေစာပေဆုတွင် ဘာသာရပ် ခြောက်မျိုးသတ်မှတ်ထားသည်။ဝတ္ထုရှည်ဆု၊ဝတ္ထုတိုပေါင်းချုပ်ဆု၊ကဗျာပေါင်းချုပ်ဆု၊ ကျမ်းစာမူဆု၊သုတေသနစာပေဆုနှင့် တစ်သက်တာစာပေဆုများဖြစ်ကြသည်။ ယင်းစာပေဆုခြောက်မျိုးအတွက် အလှူရှင်ပခုက္ကူဦးအုံးဖေမှ လှူဒါန်းသော မတည်ငွေ၏ အတိုးအညွှန့်ကို ခြီးမြှင့်ခြင်းဖြစ်သည်။ ပခုက္ကူဦးအုံးဖေစာပေဆုစိစစ်ရွေးချယ်ရေးအဖွဲ့ကိုဥက္ကဋ္ဌဦးမျိုးသန့်(မောင်ဆုရှင်)ဦးဆောင်သော အဖွဲ့ဝင် ၁၇ ဦးဖြင့် ဖွဲ့စည်းခဲ့သည်။ ပခုက္ကူဦးအုံးဖေစာပေဆုအတွက် ပြုံငင်ပွဲဝင်စာမူများကို

(၁) မြန်မာစာပေဖွံ့ဖြိုးတိုးတက်စည်ပင်ရေးအတွက် အားပေးရန်၊
(၂) မြန်မာ့ရိုးရာယဉ်ကျေးမှု ထွန်းကားရေးအတွက် စာပေနည်းဖြင့် အထောက်အကူပြုရန်၊
(၃) မျိုးချစ်စိတ်နှင့် တိုင်းပြည်ချစ်စိတ် ထက်သန်စေမှုကို ရှေးရှုရန်၊
(၄) အတွေးအခေါ်နှင့် အသိဉာဏ်ဗဟုသုတတိုးပွားကျယ်ပြန့်ရေးအတွက် ကူညီရန်၊
(၅) အကျင့်စာရိတ္တပြုပြင်ရေးနှင့် ကိုယ်ကျင့်တရားကောင်းမွန်ရေးအတွက် အထောက်အပံ့ဖြစ်သော စာပေများတိုးပွားစေရန်ဟူသော ရည်ရွယ်ချက်နှင့် အခြေခံမူ (၅)ရပ်တို့ဖြင့် စိစစ်ရွေးချယ်သည်။

ပခုက္ကူဦးအုံးဖေစာပေဆု စိစစ်ရွေးချယ်ရေးအဖွဲ့သည် ၂၀၀၄ ခုနှစ်အတွက် တင်သွင်းယှဉ်ပြိုင်သော စာမူပေါင်း ၈၉ စောင်ကို သတ်မှတ်ချက်များနှင့်အညီ ဖတ်ရှုစိစစ်ရွေးချယ်သည်။

ပခုက္ကူဦးအုံးဖေစာပေဆုရန်ပုံငွေအတွက် အလှူရှင်ဦးအုံးဖေက ကျပ်သိန်း ၅၀ ကို ထပ်မံ၍ ပေးအပ်လှူဒါန်းရာ ယဉ်ကျေးမှုဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်



ပခုက္ကူဦးအုံးဖေတ စာကြည့်တိုက်စာအုပ်ဆုရ ယုဝတီဝင်ဦးအား ဆုချီးမြှင့်နေစဉ်

ပြည်ထဲရေးဝန်ကြီးဌာနဝန်ကြီးဗိုလ်ချုပ်မောင်ဦးက ၂၀၀၄ ခုနှစ်အတွက် ပခုက္ကူဦးအုံးဖေစာပေဆု ဝတ္ထုတိုပေါင်းချုပ် ဒုတိယဆုနှင့် တတိယဆုရရှိသူများအား လည်းကောင်း၊ ကျမ်းစာပေ ပထမဆု၊ ဒုတိယဆုနှင့် တတိယဆုရရှိသူများအား လည်းကောင်း၊ သုတေသနစာပေ ပထမဆု၊ ဒုတိယဆုနှင့် တတိယဆုရရှိကြသူများအားလည်းကောင်းဆုများကိုပေးအပ်ချီးမြှင့်သည်။

အားကစားဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်သူရအေးမြင့်က ၂၀၀၄ ခုနှစ်အတွက် ပခုက္ကူဦးအုံးဖေ ယဉ်ကျေးမှုတက္ကသိုလ်ပညာသင်ဆုရရှိသူ နှစ်ဦးနှင့် မြန်မာစာထူးချွန်ဆုရရှိသူ ခုနစ်ဦးတို့အားလည်းကောင်း၊ သမဝါယမဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်းက ၂၀၀၄ ခုနှစ်အတွက် ပခုက္ကူဦးအုံးဖေပညာရည်ချွန်ဆု မြန်မာစာဘာသာရပ်တွင် ပထမဆု၊ ဒုတိယဆုနှင့် တတိယဆု၊ အင်္ဂလိပ်စာ ဘာသာရပ်တွင် ပထမဆု၊ ဒုတိယဆုနှင့် တတိယဆု ရရှိကြသူများအားလည်းကောင်း၊ ပြန်ကြားရေးဝန်ကြီးဌာနဒုတိယဝန်ကြီးဗိုလ်မှူးချုပ်အောင်သိန်းက ၂၀၀၄ ခုနှစ်အတွက် ပခုက္ကူဦးအုံးဖေပညာရည်ချွန်ဆု သခ်ၤာဘာသာရပ်တွင် ပထမဆု၊ ဒုတိယဆုနှင့် တတိယဆု၊ ဓာတုဗေဒဘာသာရပ်တွင် ပထမဆု၊ ရူပဗေဒဘာသာရပ်တွင် ပထမဆု၊ ဇီဝဗေဒဘာသာရပ်တွင် ပထမဆုရရှိကြသူများအားလည်းကောင်း၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးညွန့်က ၂၀၀၄ ခုနှစ်အတွက် ပခုက္ကူဦးအုံးဖေပညာရည်ချွန်ဆု ပထဝီဝင်ဘာသာရပ် ပထမဆု၊ သမိုင်းဘာသာရပ် ပထမဆု၊ ဘောဂဗေဒဘာသာရပ်ပထမဆုနှင့် စိတ်ကြိုက် မြန်မာစာဘာသာရပ် ပထမဆု ရရှိကြသူများအားလည်းကောင်း ဆုများကို ပေးအပ်ချီးမြှင့်ကြသည်။

အလှူရှင်ပခုက္ကူဦးအုံးဖေက ၂၀၀၄ ခုနှစ် အတွက် ပခုက္ကူဦးအုံးဖေစာကြည့်တိုက်စာအုပ်ဆုရ ဧရာဝတီမှ မြသီတာနှင့် အခြားဆောင်းပါးများ စာအုပ်ရေးသားသူ ကြည်အောင်က လက်ခံရယူသည်။ ၂၀၀၄ ခုနှစ်အတွက် ပခုက္ကူဦးအုံးဖေစာပေဆု၊ ပညာရည်ချွန်ဆုနှင့် ပခုက္ကူစာကြည့်တိုက်စာအုပ်ဆုများ ချီးမြှင့်ရာတွင် ယဉ်ကျေးမှုဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်ကြည်အောင်က ပခုက္ကူဦးအုံးဖေ တစ်သက်တာစာပေဆုရဦးကြည်အေး (ဆင်ဖြူကျွန်း အောင်သိန်း)နှင့် ဒေါ်ကြန် (မကြန်)တို့အား လည်းကောင်း၊ ပခုက္ကူဦးအုံးဖေစာပေဆု ကဗျာပေါင်းချုပ် ပထမဆု၊ ဒုတိယဆုနှင့် တတိယဆုရရှိကြသူများအားလည်းကောင်း၊ ဝတ္ထုရှည်ပထမဆု၊ ဒုတိယဆုနှင့် တတိယဆုရရှိသူများအားလည်းကောင်း ဆုများကို ပေးအပ်ချီးမြှင့်သည်။

မိုးထက်မြင့် (မြစ်ဝကျွန်းပေါ်) ကိုယ်စားဦးသန့်ဇင်သိန်း အားလည်းကောင်း၊ ရွှေနိုင်ငံ၏ အလှသစ္စာများ စာအုပ်ရေးသားသူယုဝတီခင်ဦးအားလည်းကောင်း၊အကြင်နာမဟာတံတိုင်းစာအုပ်ရေးသားသူ ယုဝတီခင်စိန်လှိုင် အားလည်းကောင်း ဆုများကို ချီးမြှင့်သည်။

၂၀၀၄ ခုနှစ်အတွက် ပခုက္ကူဦးအုံးဖေစာပေဆု၊ ပညာရည်ချွန်ဆုနှင့် ပခုက္ကူစာကြည့်တိုက်ဆုများမှာ အောက်ပါအတိုင်းဖြစ်သည်။

၂၀၀၄ ခုနှစ် ပခုက္ကူဦးအုံးဖေစာပေဆုများ

စဉ်	ဘာသာရပ်	စာမူအမည်	စာရေးသူ
၁	ကဗျာပေါင်းချုပ် (ပထမဆု) (ဒုတိယဆု) (တတိယဆု)	ပန်းကောင်းရန့် ဆွတ်ပျံ့ဝေကဗျာစု တေးသီတဲ့စမ်း ပန်းသီတဲ့လက် ၄ွက်တစ်သင်းရဲ့ သီချင်းသံ	အောင်သာဆန်း (သံတွဲ) မောင်အုန်းသောင်း (မကွေး)
၂	ဝတ္ထုရှည် (ပထမဆု) (ဒုတိယဆု) (တတိယဆု)	ရန့်သင်းသောပန်း တစ်ခင်း စစ်တောင်းမြစ်ဝမှ ခေါင်းလောင်းသံ တစ်ကမ္ဘာလုံးသို့ လျှံစေသတည်း	သွဲ့ထားညို (သက္ကလ) နန္ဒာခင် (သက္ကလမြေ)
၃	ဝတ္ထုတိုပေါင်း ချုပ်(ဒုတိယဆု) (တတိယဆု)	မြတ်ပန်တော်ပန်း ခိုင်လုံးလန်း ကျေးလက်ရှုခင်း ဝတ္ထုတိုများ သူ သူ့အနွယ်သူ့နယ်	သိန်းသန်းဝင်း (မလှိုင်) ရွှေညာသား မြတ်မင်း တွင်းကြီးသား
၄	ကျမ်းစာပေဆု (ပထမဆု)	ကို ချစ်သည်နှင့် အခြားဝတ္ထုတိုများ ငွေကြေယ်များကို သက်သေတည်၍ ရွှေပင်လယ်ကို ဖြတ်သန်းခြင်း	တင်ဝင်းဦး မောင်မိုးယံ

ပခုက္ကူဦးအုံးဖေစာပေဆု ယဉ်ကျေးမှုတက္ကသိုလ်မှ ပညာသင်ဆုရသူများ

၁	မဖြိုးသရဖီထင်	ဒုတိယနှစ် (ပန်းချီ)	ရန်ကုန် ယဉ်ကျေးမှု တက္ကသိုလ်
၂	မမြင့်မြင့် အေးသိန်း	ပထမနှစ် (သဘင်)	မန္တလေး ယဉ်ကျေးမှု တက္ကသိုလ်

၂၀၀၄ ခုနှစ် ပခုက္ကူဦးအုံးဖေပညာရည်ချွန်ဆု ရရှိကြသူများ

စဉ်	ဘာသာရပ်	ရရှိသူ	ကျောင်းအမည်
၁	မြန်မာစာ ဘာသာရပ် (ပထမဆု)	မသီရိအောင်	အထက၊ အိုင်သပြု ဧရာဝတီတိုင်း

ပခုက္ကူမြို့အုံးဖေစာပေဆု၊ ပညာရည်ချွန်ဆုနှင့် ပခုက္ကူစာကြည့်တိုက်စာအုပ်ဆု

စဉ်	ဘာသာရပ်	ရရှိသူ	ကျောင်းအမည်
	(ဒုတိယဆု)	မမေသူအောင်	အထက (၁) ဖျာပုံ၊ ဧရာဝတီတိုင်း
	(တတိယဆု)	မသီသီထွေး	အထက (၁၃) မန္တလေး မန္တလေးတိုင်း
၂	အင်္ဂလိပ်ဘာသာ ရပ် (ပထမဆု)	မောင်စိုးမိုးအောင်	အထက (၁) မြစ်ကြီးနား ကချင်ပြည်နယ်
	(ဒုတိယဆု)	မောင်ပြည့်ဖြိုးကျော်	အထက (၄) တောင်ကြီး ရှမ်းပြည်နယ် (တောင်ပိုင်း)
	(တတိယဆု)	စိုင်းမြင့်အောင်	အထက (၅) တောင်ကြီး ရှမ်းပြည်နယ် (တောင်ပိုင်း)
၃	သခ်ၤာဘာသာ ရပ် (ပထမဆု)	မသီသီထွေး	အထက (၁၃) မန္တလေး မန္တလေးတိုင်း
	(ဒုတိယဆု)	မောင်ဇင်လင်း	အထက (၁၄) မန္တလေး မန္တလေးတိုင်း
	(တတိယဆု)	မမြတ်နိုးဇင်မြင့်	ပညာရေး တက္ကသိုလ်လေ့ကျင့် ရေးကျောင်း၊ ရန်ကုန်တိုင်း
၄	ဓာတုဗေဒ ဘာသာရပ် (ပထမဆု)	မောင်ဇင်လင်း	အထက (၁၄) မန္တလေး မန္တလေးတိုင်း
၅	ရူပဗေဒဘာသာ ရပ် (ပထမဆု)	မောင်ဇင်လင်း	အထက (၁၄) မန္တလေး မန္တလေးတိုင်း
၆	ဇီဝဗေဒဘာသာ ရပ် (ပထမဆု)	မောင်ဇင်လင်း	အထက (၁၄) မန္တလေး မန္တလေးတိုင်း
၇	ပထဝီဝင်ဘာသာ ရပ် (ပထမဆု)	မတင်နွယ်လင်း	အထက၊ ပြင်ခရိုင် ဧရာဝတီတိုင်း
၈	သမိုင်းဘာသာ ရပ် (ပထမဆု)	မတင်နွယ်လင်း	အထက၊ ပြင်ခရိုင် ဧရာဝတီတိုင်း
၉	ဘောဂဗေဒ ဘာသာရပ် (ပထမဆု)	မောင်ဝင်းထက်	အထက (၁) ရန်ကင်း ရန်ကုန်တိုင်း
၁၀	စိတ်ကြွက် မြန်မာစာ ဘာသာရပ် (ပထမဆု)	သန်းထိုက်စိုး	ပြင်ပဖြေ၊ ဧရာဝတီတိုင်း

ပခုက္ကူမြို့အုံးဖေမြန်မာစာထူးချွန်ဆုရရှိသူများ
၂၀၀၂ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲ
အောင်မြင်ပြီး မြန်မာစာအဓိကဖြင့် တက္ကသိုလ် သင်တန်းတက်ရောက်နေသူများ

စဉ်	ရရှိသူ	ကျောင်းအမည်
၁	မနှင်းအိခိုင်	စစ်တွေတက္ကသိုလ်
၂	မလှိုင်မမ	ရတနာပုံတက္ကသိုလ်
၃	မသီရိထွန်း	မုံရွာတက္ကသိုလ်
၄	မောင်ကျော်မျိုး	ပြည်တက္ကသိုလ်

၂၀၀၃ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ
အောင်မြင်ပြီး မြန်မာစာအဓိကဖြင့် တက္ကသိုလ်သင်တန်းတက်ရောက်နေသူများ

စဉ်	ရရှိသူ	ကျောင်းအမည်
၁	မောင်ကျော်လေလတ်	မုံရွာတက္ကသိုလ်
၂	မအေးသီခိုင်	မိုးညှင်းဒဂရီကောလိပ်
၃	မသန္ဓာဝင်းမြင့်	ပုသိမ်တက္ကသိုလ်
၄	မောင်ကျော်ဝေဖြိုး	မုံရွာတက္ကသိုလ်

ပခုက္ကူဦးအုံးဖေစာကြည့်တိုက်စာအုပ်ဆု

စဉ်	ရရှိသူ	စာအုပ်ဟောပြော
၁	မိုးထက်မြင့် (မြစ်ဝကျွန်းပေါ်)	ဧရာဝတီမှ မြဿီတာနှင့် အခြားဆောင်းပါးများ
၂	ယုဝတီခင်ဦး	ရွှေနိုင်ငံ၏ အလှသစ္စာများ
၃	ယုဝတီခင်စိန်လှိုင်	အကြင်နာမဟာတံတိုင်း

မျိုးမျိုးကြည်

ပညာဇောတ၊ အရှင် (ဒေါက်တာ) (မြန်မာ ၁၃၃၀-)။ ။ဘိန္ဒိယနိုင်ငံ၊ ဗာရဏာသီမြို့၊ဘနားရပ်စ်ဟိန္ဒူတက္ကသိုလ်မှ မဟာဝိဇ္ဇာရွှေတံဆိပ်ဘွဲ့၊ (Ph.D) ဘွဲ့များရရှိတော်မူသော အရှင်ပညာဇောတကို ခမည်းတော်ဦးကြီးစိန်၊ မယ်တော်ဒေါ်မြတင်တို့က ၁၃၃၀ ပြည့်နှစ်၊ သီတင်းကျွတ်လဆန်း ၉ ရက်နေ့တွင် မော်ဘီမြို့နယ်၊ မြောင်းတကာကျေးရွာ၌ဖွားမြင်တော်မူသည်။

အရှင်ပညာဇောတသည် ၁၃၄၁ ခုနှစ်၊ ဝါဆိုလတွင် မြောင်းတကာကျေးရွာ၊ သိမ်ကျောင်းဆရာတော်ကို ဥပဇ္ဈာယ်ပြု၍ ခမည်းတော်၊ မယ်တော်တို့၏ ပစ္စယာနုဂ္ဂဟဖြင့် ရှင်သာဇောအဖြစ်သို့ ရောက်ရှိတော်မူသည်။ ၁၃၅၂ ခုနှစ်၊ ပြာသိုလပြည့်နေ့တွင်၊ သထုံမြို့၊ ရန်ကင်းလမ်း၊ အမှတ် ၁၀ နေ ဆားလုပ်ငန်းပိုင်ရှင် ဦးထွန်းငြိမ်း၊ ဒေါ်စောကြည် မိသားစုတို့၏ပစ္စယာနုဂ္ဂဟဖြင့် ပဲခူးမြို့၊ ကြခတ်ဝိုင်း ပရိယတ္တိစာသင်တိုက်ပဓာနနာယကဆရာတော်ကြီးကို ဥပဇ္ဈာယ်ပြု၍ အဆိုပါစာသင်တိုက် သီလဝိသောဓနီ ခက္ကာသိမ်၌ မြင့်မြတ်သောရဟန်းအဖြစ်သို့ ရောက်ရှိတော်မူသည်။

အရှင်ပညာဇောတသည် ဥပဇ္ဈာယ်ဆရာတော်ဖြစ်သော သိမ်ကျောင်းဆရာတော်ထံတွင် အခြေခံ ပါဠိစာပေများသင်ယူတော်မူပြီး ကြခတ်ဝိုင်း ပရိယတ္တိစာသင်တိုက် ပဓာနနာယကဆရာတော်ကြီးကို ဥပဇ္ဈာယ်ပြု၍ အမှူးပြုသော စာချဆရာတော်များထံတွင် ပထမငယ်၊ ပထမလတ်၊ ပထမကြီးနှင့် ဓမ္မာစရိယတန်းဆိုင်ရာ ပါဠိစာပေများသင်ယူတော်မူသည်။ ၁၉၉၆ ခုနှစ်မှစ၍ စစ်ကိုင်းမြို့၊ သီတဂူကမ္ဘာ့ပုဒ္ဓတက္ကသိုလ် အဓိပတိဆရာတော် အမှူးပြုသော စာချဆရာတော်များထံတွင် အင်္ဂလိပ်ဘာသာစာပေများ စတင်လေ့လာသင်ယူတော်မူသည်။



ဆရှင်ပညာဇောတ

အရှင်ပညာဇောတသည် သီတဂူဆရာတော်ကြီး၏ ပညာသင်စရိတ်အထောက်အပံ့ဖြင့် အိန္ဒိယနိုင်ငံ၊ ဗာရဏာသီမြို့၊ ဘနားရပ်ဟိန္ဒူတက္ကသိုလ်နှင့် စန်စခရစ်တက္ကသိုလ်တို့သို့ပညာတော်သင်အဖြစ်စေလွှတ်တော်မူခြင်းခံရပြီး ၁၉၉၈ ခုနှစ်မှ ၂၀၀၃ ခုနှစ်အထိ ပညာသင်ယူ၍ လောကီဆိုင်ရာ မဟာ ဝိဇ္ဇာဘွဲ့ (M.A) နှင့် ပါရဂူ ဒေါက်တာဘွဲ့ (Ph.D)တို့ကို ရရှိတော်မူသည်။

အရှင်ပညာဇောတသည် ယခုအခါ သီတဂူကမ္ဘာ့ပုဒ္ဓတက္ကသိုလ် အဓိပတိဆရာတော်ကြီး၏ နည်းပြသွန်သင်မှုကိုခံယူကာ လက်ထောက်မော်ကွန်းထိန်းပါမောက္ခအဖြစ် အင်္ဂလိပ်ဘာသာစာပေများ ပို့ချပေးတော်မူရင်း သာသနာ့တာဝန်များ ထမ်းဆောင်တော်မူလျက်ရှိသည်။

ဦးစိုးအောင်

ပညာရေးစုံညီပွဲတော်။ ။၂၀၀၄-၂၀၀၅ ပညာသင်နှစ်ပညာရေးစုံညီပွဲတော်ကို ၂၀၀၄ ခုနှစ်၊ ဒီဇင်ဘာလ ၂၈ ရက်နေ့မှ ၂၀၀၅ ခုနှစ်၊ ဇန်နဝါရီလ ၃ ရက်နေ့အထိ ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ် ပြည်လမ်းရှိ စိန်ရတု ခန်းမ၌ကျင်းပသည်။

ပဌာန်းဒေသနာတော်ရွတ်ဖတ်ပူဇော်ပွဲ

ပညာရေးစုံညီပွဲတော် ပဌာန်းဒေသနာတော် ရွတ်ဖတ်ပူဇော်ပွဲ အခမ်းအနားကို ၂၀၀၄ ခုနှစ်၊ ဒီဇင်ဘာလ ၂၇ ရက်နေ့ နံနက် ၇ နာရီတွင် ရန်ကုန်မြို့ ရွှေတိုက်စေတီတော်ရာဟုထောင့်ရင်ပြင်၌ ကျင်းပသည်။

ရွှေဦးစွာ ကျောင်းသားကျောင်းသူများက အခမ်းအနားကို နမောတဿသုံးကြိမ်ရွတ်ဆို ဘုရားကန်တော့ပြီး ဖွင့်လှစ်သည်။ ဆက်လက်၍ စိန်ရောင်ခြည်ဘုရား ပင့်ရွတ်ဆိုခြင်း၊ ဩကာသကန်တော့ချီးနှင့် ငါးပါးသီလ ခံယူဆောက်တည်ခြင်း၊ ရေချမ်း ၉,၀၀၀၊ ဆီမီး ၉,၀၀၀၊ ပန်း ၉,၀၀၀ ဆက်ကပ်ပူဇော်ခြင်း၊ နတ်ဖိတ်အမွှန်း ရွတ်ဆိုပူဇော်ခြင်း၊ ဘုရားတရားသံဃာဂုဏ်တော်ပါဠိတော်များ၊ မေတ္တာသုတ်ပါဠိတော်၊ ပဌာန်းပါဠိတော်များ ရွတ်ဆိုပူဇော်ခြင်း၊ ဒိသာဖရဏာမေတ္တာပွားနည်းဖြင့် မေတ္တာပို့ခြင်း၊ နတ်ပို့အမွှန်းရွတ်ဖတ်ပူဇော်ခြင်း၊ အမျှဝေခြင်းတို့ကို ရွတ်ဆိုပူဇော်ကြပြီး ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဘုရားကန်တော့၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ထို့အတူ ပညာရေးစုံညီပွဲတော်ပဌာန်းဒေသနာတော်ရွတ်ဖတ်ပူဇော်ပွဲကို ၂၀၀၄ ခုနှစ်၊ ဒီဇင်ဘာလ ၃၁ ရက်နေ့ ညနေ ၅ နာရီတွင် ကမာရွတ်မြို့နယ် တက္ကသိုလ်ရိပ်သာလမ်းရှိ တက္ကသိုလ်များ ဧမွာရုံ၌ ကျင်းပရာ တက္ကသိုလ်များမှ ကျောင်းသားကျောင်းသူများက ပဌာန်းဒေသနာတော်ရွတ်ဖတ်ပူဇော်ကြသည်။

ဖွင့်ပွဲအခမ်းအနား

ပညာရေးစုံညီပွဲတော်ဖွင့်ပွဲအခမ်းအနားကို ၂၀၀၄ ခုနှစ်၊ ဒီဇင်ဘာလ ၂၈ ရက်နေ့ နံနက် ၈ နာရီတွင် စိန်ရတုခန်းမရှေ့၌ကျင်းပသည်။

အခမ်းအနားတွင် ရွှေဦးစွာ ပညာရေးစုံညီပွဲတော်ကို ပြည်နယ်နှင့် တိုင်းကိုယ်စားပြု ရန်ကုန်ပညာရေးတက္ကသိုလ်လေ့ကျင့်ရေး အထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူ ၁၄ ဦးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ကြပြီး မိုးပျံပူဖောင်းများ လွှတ်တင်ကြသည်။ ထို့နောက် ကျောင်းသားကျောင်းသူများ၏ နိုင်ငံတော်အလံကိုင်အဖွဲ့၊ ပြည်နယ်နှင့် တိုင်းအလံကိုင်အဖွဲ့၊ ပညာရေးအလံကိုင်အဖွဲ့၊ ပညာရေးစုံညီပွဲတော် အလံကိုင်အဖွဲ့၊ ကျောင်းကောင်စီအလံကိုင်အဖွဲ့၊ ရောင်စုံအလံကိုင်အဖွဲ့တို့က ဘင်ခရာအဖွဲ့များနှင့်အတူ ချီတက်ခြင်း၊ ရွှေမိုးငွေမိုးသီချင်း၊ အကညီညာ အလှပဝါကာယလေ့ကျင့်ခန်းသရုပ်ဖော်၊ မြူးကြွသွက်လက်ဇော်ကကွက်၊ ဇာတိမာန်ကြွမြန်မာ့သိုင်း အလှသရုပ်ပြ၊ စုံညီလှပပန်ယိမ်းအက၊ ဝူရှူးစွမ်းရည်နှင့် လူငယ်အားကစားမြင့်မြင့်မားသရုပ်ပြတို့ကို တင်ဆက်ခြင်း၊ ဒဿမတန်းနှင့် အဋ္ဌမတန်းဘက်စုံ ထူးချွန်ဆုရှင်များ၊ မြန်မာနှင့်နိုင်ငံတကာလူမှုဆက်ဆံရေး ထုံးဓလေ့တတ်ကျွမ်းမှုပြိုင်ပွဲဆုရှင်များ၊ နိုင်ငံတကာအားကစားနှင့်ပန်းချီထူးချွန်ဆုရှင်များ၏ ချီတက်ဂါရဝပြုခြင်းတို့ကို အစီအစဉ်အတိုင်း တင်ဆက်ကြပြီး ပညာခေတ်၏ အဓိပ္ပာန်သီချင်းသရုပ်ဖော်တင်ဆက်ခြင်းကို ကျောင်းသားကျောင်းသူ အားလုံးပါဝင်သီဆို၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ပြပွဲများခင်းကျင်းပြသ

ပညာရေးစုံညီပွဲတော်ပညာရေးဖွံ့ဖြိုးမှုပြပွဲကို ၂၀၀၄ ခုနှစ်၊ ဒီဇင်ဘာလ ၂၈ ရက်နေ့မှ ၂၀၀၅ ခုနှစ်၊ ဇန်နဝါရီလ ၃ ရက်နေ့အထိ စိန်ရတုခန်းမ မြေညီထပ်၌ ခင်းကျင်းပြသရာဦးစီးဌာနများ၊ တက္ကသိုလ်များ၊ အခြေခံပညာကျောင်းများနှင့် အိုင်စီတီကုမ္ပဏီများ၏ ပြခန်းများ ပါဝင်ပြသကြသည်။

ပညာရေးစုံညီပွဲတော်စာအုပ်ပွဲတော်ကို ၂၀၀၄ ခုနှစ်၊ ဒီဇင်ဘာလ ၂၈ ရက်နေ့မှ ၂၀၀၅ ခုနှစ်၊ ဇန်နဝါရီလ ၃ ရက်နေ့အထိ စိန်ရတုခန်းမ မြေညီထပ်၌ ခင်းကျင်းပြသရာ မြန်မာနိုင်ငံပညာရေးသုတေသနအဖွဲ့ဦးစီးဌာနကျောင်းသားကုန်တိုက်၊ စာပေဗိမာန်စာအုပ်အရောင်းဆိုင်နှင့် ပုဂ္ဂလိကစာအုပ်တိုက်များက သုတရသစာအုပ်များ၊ ပညာရေးအထောက်အကူပြုစာအုပ်များနှင့် ရှားပါးစာအုပ်များကို ရောင်းချပေးကြသည်။



ပညာရေးစုံညီပွဲတော် ဖွင့်ပွဲအခမ်းအနားမြင်ကွင်း

ထို့အတူ ကျောင်းသားကျောင်းသူများ၏ လက်မှုပစ္စည်းအရောင်းဆိုင်များနှင့် စားသောက်ဆိုင်များကို ၂၀၀၄ ခုနှစ်၊ ဒီဇင်ဘာလ ၂၈ ရက်နေ့မှ ၂၀၀၅ ခုနှစ်၊ ဇန်နဝါရီလ ၃ ရက်နေ့အထိ စိန်ရတုခန်းမ ပရဝုဏ်အတွင်း ဖွင့်လှစ်ရောင်းချကြသည်။

ရန်ကုန်တက္ကသိုလ် ရုက္ခဗေဒပညာပေးပြခန်းနှင့် မြန်မာ့ဂုဏ်ဝါသနာရှင်အသင်းပြခန်းတို့ကို ၂၀၀၄ ခုနှစ်၊ ဒီဇင်ဘာလ ၂၈ ရက်နေ့မှ ၂၀၀၅ ခုနှစ်၊ ဇန်နဝါရီလ ၃ ရက်နေ့အထိ စိန်ရတုခန်းမပရဝုဏ်အတွင်းခင်းကျင်းပြသသည်။

ပညာရေးစုံညီပွဲတော် ဂီတဖျော်ဖြေမှုနှင့်ကျွမ်းကျင်မှုပြပွဲကို ၂၀၀၄ ခုနှစ်၊ ဒီဇင်ဘာလ ၂၈ ရက်နေ့မှ ၂၀၀၅ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်နေ့အထိ စိန်ရတုခန်းမ တတိယထပ်၌ ကျင်းပရာမသန်သော်လည်းစွမ်းဆောင်နိုင်သည့် ကျောင်းသားကျောင်းသူများအပါအဝင် အခြေခံပညာကျောင်းများမှ ကျောင်းသားကျောင်းသူများက ဖျော်ဖြေရေးအစီအစဉ်များကို နေ့စဉ်တင်ဆက်ကပြဖျော်ဖြေကြသည်။

ပညာရေးစာတမ်းဖတ်ပွဲ

ပညာရေးစုံညီပွဲတော် စာတမ်းဖတ်ပွဲများကို ၂၀၀၄ ခုနှစ်၊ ဒီဇင်ဘာလ ၃၀ ရက်နေ့မှ ၂၀၀၅ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်နေ့အထိ ကျင်းပရာ ရန်ကုန်တက္ကသိုလ်ဘွဲ့နှင်းသဘင်ကောင်စီခန်းမ၌ ဝိဇ္ဇာဘာသာရပ်များစာတမ်းဖတ်ပွဲကိုလည်းကောင်း၊ ရူပဗေဒခန်းမ S 23 ၌ ရူပဗေဒစာတမ်းဖတ်ပွဲကိုလည်းကောင်း၊ သိပ္ပံအဆောက်အအုံ S1 ၌ သခ္ခ်ာနှင့် ကွန်ပျူတာသိပ္ပံပညာစာတမ်းဖတ်ပွဲကိုလည်းကောင်း၊ ဓာတုဗေဒခန်းမ S17 ၌ ဓာတုဗေဒနှင့် ကုန်ထုတ်ဓာတုဗေဒစာတမ်းဖတ်ပွဲကိုလည်းကောင်း၊ သတ္တဗေဒခန်းမ S11 ၌ သတ္တဗေဒစာတမ်းဖတ်ပွဲကိုလည်းကောင်း၊ ရုက္ခဗေဒခန်းမ S15 ၌ ရုက္ခဗေဒ စာတမ်းဖတ်ပွဲကိုလည်းကောင်း၊ ဝိဇ္ဇာခန်းမ၌ ဘူမိဗေဒနှင့် ပထဝီဝင်စာတမ်းဖတ်ပွဲကိုလည်းကောင်း၊ တောင်ငူဆောင်ခန်းမ၌ မြန်မာစာ၊ အင်္ဂလိပ်စာ၊ စိတ်ပညာ၊ အရှေ့တိုင်းပညာနှင့် စာကြည့်တိုက်နှင့် သုတပညာစာတမ်းဖတ်ပွဲကိုလည်းကောင်း၊ ရန်ကုန်

စီးပွားရေးတက္ကသိုလ်အခန်း ၁၀ ၌ စီးပွားရေးနှင့် ပညာရေးစာတမ်းဖတ်ပွဲကိုလည်းကောင်းကျင်းပသည်။

ပညာရေးမိသားစုလှေလှော်ပြိုင်ပွဲ

ပညာရေးမိသားစုလှေလှော်ပြိုင်ပွဲကို ၂၀၀၄ ခုနှစ်၊ ဒီဇင်ဘာလ ၂၉ ရက်နေ့မှ ၂၀၀၅ ခုနှစ်၊ ဇန်နဝါရီလ ၂ ရက်နေ့အထိ ရန်ကုန်မြို့ အင်းလျားကန်ရှိ တက္ကသိုလ်များလှေလှော်အသင်း၌ကျင်းပသည်။

လှေလှော်ပြိုင်ပွဲ ဝိုလ်လုပွဲများကို ဇန်နဝါရီ ၂ ရက်နေ့၊ နံနက် ၁၀ နာရီတွင် ကျင်းပပြီး ဆုချီးမြှင့်ပွဲကို ဆက်လက်ကျင်းပရာ ပညာရေးဝန်ကြီးဌာန ဝန်ကြီးနှင့် တာဝန်ရှိသူများက လှေလှော်အားကစားနည်းအလိုက် ပထမ၊ ဒုတိယနှင့် တတိယရရှိသောအသင်းများနှင့် တံခွန်စိုက်ဒိုင်းဆုရ အသင်းများအား ဆုများချီးမြှင့် ပေးအပ်ကြသည်။

တိုကိုဝါခဲတံရောင်စုံပန်းချီပြိုင်ပွဲ

ပညာရေးစုံညီပွဲတော် တိုကိုဝါခဲတံရောင်စုံပန်းချီပြိုင်ပွဲကို ၂၀၀၄ ခုနှစ်၊ ဒီဇင်ဘာလ ၂၈ ရက်နေ့တွင် ကမာရွတ်မြို့နယ် အမှတ်(၂)အခြေခံပညာမူလတန်းကျောင်း၌ ကျင်းပရာ အခြေခံပညာကျောင်းသားကျောင်းသူ ၇၃ ဦးပါဝင်ယှဉ်ပြိုင်ကြသည်။

တိုကိုဝါခဲတံရောင်စုံပန်းချီပြိုင်ပွဲဆုချီးမြှင့်ပွဲ အခမ်းအနားကို ၂၀၀၅ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်နေ့တွင် စိန်ရတုခန်းမ၌ ကျင်းပရာ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများက အခြေခံပညာအဆင့်အလိုက် ပထမ၊ ဒုတိယ၊ တတိယနှင့် အထူးဆုရရှိသူများအား ဆုများချီးမြှင့်ပေးအပ်ကြသည်။

ထူးချွန်ဆုများချီးမြှင့်

ပညာရေးစုံညီပွဲတော်ထူးချွန်ဆုများ ချီးမြှင့်ပွဲအခမ်းအနားကို ၂၀၀၅ ခုနှစ်၊ ဇန်နဝါရီလ ၃ ရက်နေ့၊ နံနက် ၉ နာရီတွင် စိန်ရတုခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) တက်ရောက်၍ အမှာစကားပြောကြားသည်။



ပညာရေးစုံညီပွဲတော်ဝန္ဒနာဧရာတော်ရွက်တော်ပူတော်ပွဲဆင်ခြင်းဆရာများ ၁၈၆

ဆက်လက်၍ ပညာရေးဝန်ကြီးဌာန ဝန်ကြီးက ဂုဏ်ပြုအမှာစကားပြောကြားသည်။

ထို့နောက် အတွင်းရေးမှူး (၁)က ဒသမတန်းဘက်စုံပညာထူးချွန်ဆုရကျောင်းသားကျောင်းသူများအား ဆုများချီးမြှင့်ပေးအပ်သည်။

ဆက်လက်၍ ဝန်ကြီးများနှင့် ဒုတိယဝန်ကြီးများက အဋ္ဌမတန်းဘက်စုံပညာထူးချွန်ဆု၊ ဒသမတန်းစာပေ (သိပ္ပံဘာသာတွဲ)ထူးချွန်ဆု၊ ဒသမတန်း စာပေ (ဝိဇ္ဇာဘာသာတွဲ) ထူးချွန်ဆု၊ အဋ္ဌမတန်းစာပေဘာသာရပ်ထူးချွန်ဆု၊ ဒသမတန်းကျောင်းလုပ်ငန်းဆောင်ရွက်မှုထူးချွန်ဆု၊ မသန်သော်လည်း စွမ်းဆောင်နိုင်သည့် ကျောင်းသားကျောင်းသူများအား ဂုဏ်ပြုဆု၊ မြန်မာနှင့် နိုင်ငံတကာလူမှုဆက်ဆံရေး ထုံးဓလေ့တတ်ကျွမ်းမှုပြိုင်ပွဲထူးချွန်ဆု၊ ကျောင်းနှင့်ဝန်းကျင်စိမ်းလန်းစိုပြည်ရေးလုပ်ငန်းဆောင်ရွက်မှု ထူးချွန်ဆု၊ နိုင်ငံတကာနှင့် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲများတွင် ရွှေတံဆိပ်ဆုရရှိကြသောကျောင်းသားကျောင်းသူများအား ဂုဏ်ပြုဆုနှင့် နိုင်ငံတကာပန်းချီပြိုင်ပွဲများတွင် ပထမဆုရရှိကြသော ကျောင်းသားကျောင်းသူများအား ဂုဏ်ပြုဆုများ အသီးသီးချီးမြှင့်ပေးအပ်ကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အထက်မြန်မာပြည်ပညာရေးစုံညီပွဲတော်

အထက်မြန်မာပြည်ပညာရေးစုံညီပွဲတော် ပဌာန်းဒေသနာတော် ရွတ်ဖတ်ပူဇော်ပွဲကို ၂၀၀၄ ခုနှစ်၊ ဒီဇင်ဘာလ ၂၉ ရက်နေ့ နံနက် ၈ နာရီတွင် မန္တလေးမြို့ မဟာမုနိဘုရားကြီး ရင်ပြင်၌ကျင်းပရာ အခြေခံပညာကျောင်းသားကျောင်းသူ ၁၀၀၀ ကျော်တို့က ပဌာန်းဒေသနာတော်များ ရွတ်ဖတ်ပူဇော်ကြသည်။

အထက်မြန်မာပြည်ပညာရေးစုံညီပွဲတော် ထူးချွန်ဆုချီးမြှင့်ပွဲအခမ်းအနားကို ၂၀၀၅ ခုနှစ်၊ ဇန်နဝါရီလ ၃ ရက်နေ့ နံနက် ၉ နာရီတွင် မန္တလေးမြို့ အမှတ် (၁၆) အခြေခံပညာအထက်တန်းကျောင်း ခန်းမသစ်ကြီး၌ကျင်းပရာ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူးနှင့် အမှတ် (၂) အခြေခံပညာဦးစီးဌာနညွှန်ကြားရေးမှူးချုပ်တို့က အမှာစကားပြောကြားကြပြီး တိုင်းမှူးနှင့် တာဝန်ရှိသူများကထူးချွန်ဆုရကျောင်းသားကျောင်းသူများနှင့် မသန်သော်လည်းစွမ်းဆောင်နိုင်သည့် မဟာဝိဇ္ဇာသင်တန်းသားတစ်ဦးနှင့် အခြေခံပညာကျောင်းသား ကျောင်းသူ ၁၈ ဦးတို့အား ဆုများချီးမြှင့်ပေးအပ်ကြသည်။ ဆက်လက်၍မသန်သော်လည်းစွမ်းဆောင်နိုင်သည့် ကျောင်းသားကျောင်းသူ သုံးဦးက အဆိုအကများဖြင့် ဖျော်ဖြေတင်ဆက်ကြပြီး အဆိုပါကျောင်းသားကျောင်းသူများအား ညွှန်ကြားရေးမှူးများက ဆုများချီးမြှင့်ပေးအပ်ကြသည်။

ထို့အတူ ၂၀၀၄-၂၀၀၅ ပညာသင်နှစ်ပညာရေးစုံညီပွဲတော်အခမ်းအနားများကို မြန်မာနိုင်ငံ တစ်ဝန်းလုံးရှိ အခြေခံပညာကျောင်းများ၌ အသီးသီးကျင်းပကြသည်။

စိုးအောင်

ပါကစ္စတန်အစ္စလာမ္မစ် သမ္မတနိုင်ငံ။ ။ပါကစ္စတန်မှ သိပ္ပံပညာရှင်များသည် အဏုမြူနည်းပညာများအား အီရန်၊ လစ်ဗျားနှင့် မြောက်ကို ရိုးယားနိုင်ငံများသို့ ဖြန့်ဖြူးနေကြောင်း သတင်းသည် ၂၀၀၃ ခုနှစ် ဒီဇင်ဘာလတွင် လူသိရှင်ကြားဖြစ်လာခဲ့သည်။ သို့ဖြစ်၍ "ပါကစ္စတန်အဏုမြူဗုံး၏ ဖခင်ကြီး"ဟု နာမည်ကျော်ကြားသော အဗ္ဗဒူလ်ကဒီးယားခန်သည် နိုင်ငံတော်ဝန်ကြီးချုပ်၏ သိပ္ပံဆိုင်ရာအကြံပေးပုဂ္ဂိုလ်ရာထူးမှ ဇန်နဝါရီလ ၃၁ ရက်နေ့တွင် နုတ်ထွက်ပေးခဲ့သည်။ ဂုဏ်ထူးဆောင်အဖြစ် ပေးထားသော ထိုရာထူးသည် ဝန်ကြီးအဆင့်အတန်းနှင့် ညီမျှသည်။ နိုင်ငံတကာအဏုမြူစွမ်းအင်ဆိုင်ရာ အေဂျင်စီ၏ တောင်းဆိုချက်အရ ပါကစ္စတန်ထောက်လှမ်းရေးအဖွဲ့ဝင်များသည် ခန်အပါအဝင်သိပ္ပံပညာရှင် သုံးဦးအား လည်းကောင်း၊ အငြိမ်းစားစစ်ဘက်အရာရှိကြီးအချို့အား လည်းကောင်း စစ်ဆေးလျက်ရှိသည်။ ပါကစ္စတန်အစိုးရကမူ အဏုမြူနည်းပညာများ တိတ်တဆိတ်ဖြန့်ချိမှုတွင် မပါဝင်ဟု တစိုက်မတ်မတ်ငြင်းဆိုလျက်ရှိသည်။ တစ်ကိုယ်ရေကောင်းစားရေးကို ကြည့်သောလူဆိုးလူသွမ်းပုဂ္ဂိုလ်တစ်ဦးချင်း၏ လုပ်ရပ်သာဖြစ်သည်ဟု ပြောဆိုလျက်ရှိသည်။



အိန္ဒိယဝန်ကြီးချုပ်မန်မိုဟန်ဆင်းနှင့်
ပါကစ္စတန်သမ္မတ ပါဗက်မူရှာရက်စ်
နယူးယောက်တွင် နယ်စပ်အရေးငြိမ်းချမ်းစွာ
ဆွေးနွေးစဉ်

ဇန်နဝါရီလ ၁ ရက်နေ့တွင် အမျိုးသားလွှတ်တော်ကသမ္မတမူရှာရက်ဖ်အား အယုံအကြည်ရှိကြောင်းမဲခွဲဆုံးဖြတ်ခဲ့သည်။ ဤသို့ဖြင့် သမ္မတမူရှာရက်ဖ်၏ ရပ်တည်မှုမှာ တရားဝင်အခိုင်အမာဖြစ်သွားသည်။ အခြေခံဥပဒေပြင်ဆင်ချက်များပြုလုပ်ရေးအတွက် လမ်းခင်းပေးရာရောက်သွားသည်။ ဇန်နဝါရီလ ပထမသီတင်းပတ်အတွင်းပြုလုပ်မည့် တောင်အာရှဒေသ ပူးပေါင်းဆောင်ရွက်ရေးအသင်း၏ ထိပ်သီးအစည်းအဝေး၌ အိန္ဒိယခေါင်းဆောင်များနှင့်တွေ့သည့်အခါ ၎င်း၏ရပ်တည်ချက်အနေအထားမှာ တရားဥပဒေအတွင်းဝင်သွားသည်။

ပါကစ္စတန်သည် အကြမ်းဖက်ဝါဒ ဆန့်ကျင်ရေးအနေဖြင့် တာလီဘန်များ၊ အယ်လ်ကိုင်ဒါများကို တိုက်ခိုက်လျက်ရှိသည်။ ဇန်နဝါရီလ ၈ ရက်နေ့တွင် ပါကစ္စတန်တပ်များသည် ပါကစ္စတန်အနောက်မြောက်ဒေသရှိ ဝဇီရစ္စတန် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ နယ်မြေမှ အယ်လ်ကိုင်ဒါနှင့် တာလီဘန်တို့အပေါ် စစ်ဆင်ရေးကြီးဆင်နွှဲမည်ဟု ကြေညာခဲ့သည်။ ထိုနယ်မြေရှိ ဒေသခံခေါင်းဆောင်များနှင့် ပြည်သူများကလည်း အယ်လ်ကိုင်ဒါနှင့် တာလီဘန်များကို ဖမ်းဆီး၍ အာဏာပိုင်များသို့ အပ်နှံနေကြသည်။ အဆိုပါ ဒေသ၌ အယ်လ်ကိုင်ဒါ အကြွင်းအကျန်များကို သုတ်သင်ရှင်းလင်းရာ၌ စစ်တပ်သည် ဒေသခံများ၏ ပူးပေါင်းဆောင်ရွက်မှုကို ရရှိနေသည်။

ဖေဖော်ဝါရီလ ၃ ရက်နေ့တွင် သမ္မတမူရှာရက်ဖ်နှင့် တွေ့ဆုံပြီးနောက် ၄ ရက်နေ့တွင် အောက္ခန်သည် ရုပ်မြင်သံကြားမှတစ်ဆင့် ၎င်းသည် အီရန်၊ လစ်ဗျားနှင့် မြောက်ကို ရီးယားနိုင်ငံတို့သို့ အဏုမြူပြန့်ပွားရေးအတွက် တာဝန်ရှိကြောင်း သူလုပ်ဖော်ကိုင်ဖက်သိပ္ပံပညာရှင်များ၌ တာဝန်မရှိဘဲ ၎င်းတစ်ဦးတည်း၌သာ တာဝန်ရှိကြောင်း၊ အဏုမြူနည်းပညာပြန့်ပွားရေးတွင် အစိုးရက အမိန့်အာဏာမပေးခဲ့ကြောင်း ဖွင့်ဟဝန်ခံပြောကြားခဲ့သည်။ သို့ရာတွင် ဖေဖော်ဝါရီလ ၆ ရက်နေ့တွင် သမ္မတမူရှာရက်ဖ်က အောက္ခန်၏ နိုင်ငံတော်သို့ အကျိုးပြုမှုများကိုထောက်ထားလျက်အပြစ်မှကင်းလွတ်ခွင့်ပေးမည်ဟု ပြောကြားခဲ့သည်။

ဖေဖော်ဝါရီလ ၅ ရက်နေ့တွင်နိုင်ငံတကာအဏုမြူစွမ်းအင်ဆိုင်ရာ အေဂျင်စီမှ ညွှန်ကြားရေးမှူးချုပ် မိုဟာမက်အယ်လ်ဘာရာဒေးက အဏုမြူမျာ့ား ခိုးထုတ်ရောင်းချနေမှုနှင့်စပ်လျဉ်း၍ ယခုသိရှိသမျှမှာ အကင်းမျှသာရှိသေးကြောင်း ပြောကြားခဲ့သည်။ အဏုမြူအေဂျင်စီအပါအဝင် အမေရိကန် ဗြိတိန်နှင့် ဥရောပနိုင်ငံတို့မှ ထောက်လှမ်းရေးအဖွဲ့အစည်းများကလည်း ဤကိစ္စကို စုံစမ်းစစ်ဆေးနေကြသည်။ အဏုမြူဒီဇိုင်းများ၊ နည်းပညာများ၊ အသုံးပြုပစ္စည်းများကို ခိုးကြောင်ခိုးဝှက်ရောင်းဝယ်နေကြသည့် ကမ္ဘာ့ကွန်ရက်ရှိနေကြောင်း တစ်စွန်းတစ်စသိရှိလာကြရသည်။ ဤသို့ရောင်းဝယ်မှုတွင် တောင်အာဖရိကနှင့် ဥရောပနိုင်ငံအချို့လည်းပါဝင်နေကြောင်း ပြောဆိုနေကြသည်။

ဤသို့ လျှို့ဝှက်ရောင်းဝယ်ကြရာ၌ အဏုမြူထုတ်လုပ်ရာတွင် လက်နက်ထုတ်လုပ်ရေးနှင့် စွမ်းအင်ထုတ်လုပ်ရေးနှစ်မျိုးလုံး အသုံးပြုနိုင်သည့် ပစ္စည်း

များလည်း ပါဝင်သည်။ ၎င်းပစ္စည်းများမှာ စစ်ရေးအတွက်လော သို့မဟုတ် ငြိမ်းချမ်းသည့် ရည်ရွယ်ချက်အတွက်လောဟူ၍ အလွယ်တကူခွဲခြား မသိရှိနိုင်ပေ။ အဏုမြူထုတ်လုပ်ရာတွင် အသုံးပြုသည့် ပစ္စည်းများကို လျှို့ဝှက်ရောင်းဝယ်ရာ၌ ပါကစ္စတန်သည် အဏုမြူပြန့်ပွားရေးစာချုပ်ကို လက်မှတ်ရေးထိုးမထားပေ။ ထို့ကြောင့် ယင်းစာချုပ်ပါ ကန့်သတ်ချက်များကို မလိုက်နာဘဲနေနိုင်သည့် အခြေအနေတွင် ရှိနေသည်။

ဖေဖော်ဝါရီလ၁၈ ရက်နေ့က သမ္မတမူရာရက်ဖ်သည်မွတ်ဆလင်ကိုဏ်းအမျိုးမျိုးမှ ပုဂ္ဂိုလ်များကို ဖိတ်ကြားလျက် ဂျီးဟဒ်ခေါ် မြင့်မြတ်သည့်စစ်ပွဲဆင်နွှဲရေးကို အားမပေးရန်၊ အစွန်းရောက်မှုများ ရှောင်ရှားရန်၊ ကိုဏ်းဂဏအစွဲအလမ်းများ ကင်းရှင်းရန်၊ သည်းခံခွင့်လွှတ်ကြရန်၊ယဉ်ကျေးသိမ်မွေ့ကြရန်တိုက်တွန်းခဲ့သည်။

မတ်လ ၁၆ ရက်နေ့တွင် စစ်သည်အင်အား ၇၀၀၀ ကျော်ဖြင့် ဝါဇီရစ္စတန်ဒေသ၌ စစ်ဆင်ရေးကြီးဆင်နွှဲခဲ့သည်။ လူပေါင်း ၁၅၀ ကျော်သေဆုံးခဲ့သည်။ စစ်သည် ၄၆ ယောက်လည်း ကျဆုံးခဲ့သည်။ မတ်လ ၂၅ ရက်နေ့တွင် ဘင်လာဒင်၏ လက်ထောက်ဖြစ်သူ ဇာဟီရိက အယ်လ်ကာဇီးရား ရုပ်မြင်သံကြားမှတစ်ဆင့် ဤစစ်ဆင်ရေးကြီးသည် အစ္စလာမ်တရားတော်နှင့် ဆန့်ကျင်ကြောင်း၊ စစ်တပ်က တပ်တွင်းပုန်ကန်မှုပြုလုပ်ကြစေလိုကြောင်း အသံလွှင့်ပြောကြားခဲ့သည်။ မူရာရက်ဖ်၏ အစိုးရကိုဖြုတ်ချရန်လည်း လှုံ့ဆော်ခဲ့သည်။

မတ်လ၁၇ ရက်နေ့က အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ကောလင်းပါဝယ်လ်သည် ပါကစ္စတန်သို့ ရောက်ရှိပြီး ခေါင်းဆောင်များနှင့် ဆွေးနွေးခဲ့သည်။ ပါဝယ်လ်က ပါကစ္စတန်အား နေတိုးအဖွဲ့ဝင်မဟုတ်သော မဟာမိတ်နိုင်ငံကြီးအဖြစ် သတ်မှတ်ကြေညာခဲ့သည်။ အမေရိကန်နှင့် ပါကစ္စတန်တို့ စစ်ရေးပူးပေါင်းမှုပိုမိုပြုလုပ်မည်ဖြစ်ကြောင်း၊ စစ်လက်နက်များလည်း ရောင်းချပေးမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ဧပြီလ ၁၄ ရက်နေ့တွင် လွှတ်တော်က အမျိုးသားလုံခြုံရေးကောင်စီ ဖွဲ့စည်းသည့် ဥပဒေကြမ်းကို အတည်ပြုပေးခဲ့သည်။ အမျိုးသားလုံခြုံရေးကောင်စီတွင် အဖွဲ့ဝင် ၁၃ ဦး ပါရှိသည်။ ၎င်းတို့အနက် ကြည်းရေ၊ လေတပ်များမှ အကြီးအကဲ ၄ ဦးလည်း ပါဝင်သည်။ ဤကောင်စီသည် အချုပ်အခြာအာဏာ၊ နယ်မြေတည်တံ့ခိုင်မြဲရေး၊ ကာကွယ်ရေး၊ လုံခြုံရေး၊ အကျပ်အတည်းကာလ ပြဿနာဖြေရှင်းရေးတို့၌ သမ္မတနှင့် အစိုးရအဖွဲ့ကို အကြံပေးရန်ဖြစ်သည်။ သမ္မတသည် ကောင်စီဥက္ကဋ္ဌဖြစ်သည်။

မတ်လ ၂၇ ရက်နေ့က ရုပ်မြင်သံကြားမှတစ်ဆင့် ပြောကြားရာတွင် သမ္မတမူရှာရက်ဖ်က ၂၀၀၃ ခု ဒီဇင်ဘာလတွင် ၎င်းအား လုပ်ကြံသတ်ဖြတ်ရန် ကြံစည်ကြိုးပမ်းခဲ့ကြောင်း ကြံစည်သူများတွင် စစ်တပ်မှ အရာရှိငယ်အချို့လည်း ပါဝင်ကြောင်း၊ ဘာသာရေးအစွန်းရောက်သူများနှင့် ငွေမက်သူများ ပူးပေါင်းကြံစည်ခဲ့ခြင်းဖြစ်ကြောင်း ထုတ်ဖော်ခဲ့သည်။

ဇွန်လ ၂၆ ရက်နေ့တွင် သမ္မတ၏ ဖိအားပေးမှုဖြင့် ဝန်ကြီးချုပ် ဇာဖရူလာခန်းသည် ရာထူးမှနှုတ်ထွက်သွားသည်။ ဝန်ကြီးချုပ်ဇာဖရူလာခန်း အစိုးရသည် ဘာသာရေးဂိုဏ်းခွဲများ၏ အကြမ်းဖက်အဓိကရုဏ်းများကို နှိမ်နင်းရာ၌ မအောင်မြင်နှေးကွေးမှုကြောင့်ဖြစ်သည်။

ဇွန်လ ၂၄ ရက်နေ့တွင် အောက်လွှတ်တော်ဖြစ်သော အမျိုးသားလွှတ်တော်က ၂၀၀၄-၀၅ ခုနှစ် အတွက် ဘတ်ဂျက်ကို အတည်ပြုပေးလိုက်သည်။ ဘတ်ဂျက်တွင် စုစုပေါင်းအသုံးစရိတ် ရူပီး ၉၀၃ ဘီလီယံရှိမည်ဟု ဖော်ပြထားသည်။ ကာကွယ်ရေးအသုံးစရိတ်မှာ ရူပီး ၉၄ ဘီလီယံရှိမည်ဖြစ်သည်။ ယခင်နှစ်ကထက် ၇.၄ ရာခိုင်နှုန်းပိုမိုသုံးစွဲမည်ဖြစ်သည်။

တောင်အာရှဒေသပူးပေါင်းဆောင်ရွက်ရေးအသင်းမှ နိုင်ငံခြားရေးဝန်ကြီးများ၏ အစည်းအဝေးကို အစ္စလာမာဘတ်မြို့၌ ဇူလိုင်လ ၂၀-၂၂ ရက်နေ့များတွင် ကျင်းပခဲ့သည်။ ဤအစည်းအဝေးတွင် စီးပွားရေးတိုးတက်ဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေး



BORDERLINE: P
troops in Kashm
to a speech by Mus

ကက်ရှမီးယားနယ်စပ်တွင် တွေ့ရသော ပါကစ္စတန်တစ်ဖွဲ့များ

တို့ကို အဓိကအားဖြင့် ဆွေးနွေးခဲ့ကြသည်။ အိန္ဒိယနှင့် ပါကစ္စတန်နိုင်ငံခြားရေးဝန်ကြီးတို့သည် အစည်းအဝေးပြင်ပ၌တွေ့ဆုံ၍ ရင်းနှီးပွင့်လင်းစွာဆွေးနွေးခဲ့ကြသည်။

သြဂုတ်လ ၂၇ ရက်နေ့တွင် ရှော်ကက်အဇစ် ဝန်ကြီးချုပ်အဖြစ် ရွေးကောက်တင်မြှောက်ခံရသည်။ ဝန်ကြီးချုပ်သစ်ကို အမျိုးသားလွှတ်တော်က ဆန္ဒမဲပေး၍ ရွေးကောက်တင်မြှောက်သည်။ ဤရွေးကောက်ပွဲတွင် အတိုက်အခံအမတ်များကသပိတ်မှောက်ခဲ့သည်။

စက်တင်ဘာလ ၁ ရက်နေ့တွင် ဝန်ကြီးချုပ်သစ် ဦးဆောင်သော အဖွဲ့ဝင် ၃၃ ဦး ပါဝင်သည့် အစိုးရအဖွဲ့သစ်သည် သမ္မတမူရှာရက်ဖ်၏ ရှေ့မှောက်၌ ကျမ်းသစ္စာကျိန်ဆိုခဲ့ကြသည်။ အစိုးရအဖွဲ့သစ်တွင် ယခင်အစိုးရအဖွဲ့ဝင် ၂၀ ဦးလုံး ပြန်လည်ပါဝင်လာကြသည်။ အစိုးရအဖွဲ့သစ်တွင် လူသစ် ၁၃ ဦး တိုးချဲ့ပါဝင်လာကြသည်။

မူလတန်မြို့၌ တစ်နေ့တည်းတွင် ဗုံးနှစ်လုံးကွဲခဲ့သည်။ ဆွန်နီဗလီ၌ ဖြစ်သည်။ လူပေါင်း ၄၀ ကျော်သေဆုံးခဲ့ရသည်။ သို့ဖြစ်၍ အောက်တိုဘာလ ၇ ရက်နေ့တွင် ပြည်ထဲရေးဝန်ကြီးက ဗလီများ၌ ရှိခိုးဝတ်ပြုခြင်းမှအပ အခြားအကြောင်းကိစ္စများဖြင့် လူများစုဝေးခြင်းမပြုရဟု အမိန့်ထုတ်ပြန်ခဲ့သည်။ ပါကစ္စတန်၌ ဘာသာရေးကိုးကွယ်ခြင်းတိုက်ခိုက်မှုများ ဆက်လက်ဖြစ်ပေါ်ခဲ့သည်။

နိုင်ငံတော်သိပ်သည်းခိုင်မာရေးနှင့် တည်ငြိမ်ရေးအတွက်လည်းကောင်း၊ အကြမ်းဖက်ဝါဒနှင့် အဖျက်အမှောင့် လုပ်ငန်းများကို တိုက်ဖျက်ရေးအတွက်လည်းကောင်း မူရှာရက်ဖ်အား သမ္မတနှင့် စစ်ဦးစီးချုပ်တာဝန်နှစ်ရပ်လုံးကို ထမ်းဆောင်ခွင့်ပြုသည့် ဥပဒေကြမ်းအားအမျိုးသားလွှတ်တော်ကအောက်တိုဘာလ ၁၄ ရက်နေ့တွင် အတည်ပြုပေးခဲ့သည်။

ပါကစ္စတန်နှင့် အာရပ်နိုင်ငံများတွင် မိသားစုဝင် အမျိုးသမီးတစ်ဦး လင်ငယ်နေခြင်း၊ သဘောမတူသော အခြားလူမျိုး၊ ဘာသာဝင်နှင့် လက်ထပ်ခြင်းတို့ ကျူးလွန်လျှင် မိသားစုအတွက် အရှက်ရစေသဖြင့် ထိုအမျိုးသမီးကို သတ်ပစ်လေ့ရှိသည်။ ယင်းအပြုအမူကို "ဂုဏ်ငဲ့သတ်ဖြတ်ခြင်း" (Honour Killing) ဟု ခေါ်ကြသည်။ အောက်တိုဘာ လ ၂၆ ရက်နေ့တွင် အမျိုးသားလွှတ်တော်က ၎င်း ဂုဏ်ငဲ့သတ်ဖြတ်ခြင်းကို ပိတ်ပင်တားမြစ်သည့် ဥပဒေကြမ်းအား အတည်ပြုပေးခဲ့သည်။

နိုဝင်ဘာလ ၂၂ ရက်နေ့တွင် တရားလွှတ်တော်ချုပ်က အဆစ်ဖ်အလီဇာဒါရီအား ထောင်ဒဏ် ရှစ်နှစ် ကျခံနေရခြင်းမှ လွှတ်မိန့်ထုတ်ပေးလိုက်သည်။ ဇာဒါရီသည် ဝန်ကြီးချုပ်ဟောင်း ဘီနာဇီယာဘူတို၏ ခင်ပွန်းဖြစ်သည်။ ဇာဒါရီသည် အခွန်တိမ်းရှောင်ခြင်း၊ လူသတ်ရာတွင် ကြံရာပါဖြစ်ခြင်းစသည့် စွဲချက် ၁၅ ခုတို့ဖြင့် အပြစ်ပေးခံခဲ့ရခြင်းဖြစ်သည်။ နိုင်ငံရေးအရ စွပ်စွဲပြစ်ဒဏ်ပေးခံရခြင်းဖြစ်သည်ဟု အတိုက်အခံတို့က ပြောဆိုကြသည်။ ထောင်မှ လွတ်လာသောအခါ ဇာဒါရီက ဒီမိုကရေစီအင်အားစုများဖြင့် အားဖြည့်လှုပ်ရှားသွားမည်ဟု ပြောခဲ့သည်။

ဦးခင်မောင်မြ

ပြင်သစ်သမ္မတနိုင်ငံ။ ။ အစိုးရစာသင်ကျောင်းများ၌ ကျောင်းသားကျောင်းသူများအနေဖြင့် ၎င်းတို့၏ ဘာသာဝင်ဖြစ်မှုကို သိသာထင်ရှားစေသောဝတ်စားဆင်ယင်မှုနှင့် အမှတ်သင်္ကေတများ အသုံးပြုမှုတို့ကို တားမြစ်သည့် ဥပဒေကြမ်းကို အစိုးရအဖွဲ့က ဇန်နဝါရီ လ ၂၈ ရက်နေ့တွင် အတည်ပြုပေးခဲ့သည်။ ဤဥပဒေကြမ်းကို ပြည်သူများနှင့် နိုင်ငံရေးအသိုင်းအဝိုင်းတို့က ထောက်ခံကြသည်။ ပြင်သစ်မွတ်ဆလင်များကလည်း ထောက်ခံသည်။ မွတ်ဆလင်အခြေခံဝါဒီ ခေါင်းဆောင်များက ကန့်ကွက်ကြသည်။ ဆစ်လူမျိုးပန်ချာပီတို့ကလည်း ၎င်းတို့၏ ခေါင်းပေါင်းနှင့် မုဆိတ်များအကျုံးဝင်မည်ကို စိုးရိမ်နေကြသည်။

ဇန်နဝါရီလ ၃၀ ရက်နေ့က ဝန်ကြီးချုပ်ဟောင်း အာလိန်ယပ်ပီသည် ထောင်ဒဏ် ၁၈ လ ဆိုင်းငံ့မိန့်ချမှတ်ခံရသည်။ ထို့ပြင် အများပြည်သူနှင့်ဆိုင်သော ရာထူးများကို နောင် ၁၀ နှစ်အတွင်းလက်ခံဆောင်ရွက်ခြင်း မပြုရဟူ၍လည်း ပြစ်ဒဏ်ချမှတ်ခံရသည်။ လွန်ခဲ့သော ၁၉၈၈-၉၅ ခုနှစ်များအတွင်းက ပါရီမြို့၌ ပါတီရန်ပုံငွေများကို မမှန်မကန်ရှာဖွေသုံးစွဲမှုများအတွက် ပြစ်ဒဏ်ချမှတ်ခံရခြင်းဖြစ်သည်။ အခြား ၁၅ ဦးတို့လည်း အလားတူ ဆိုင်းငံ့ပြစ်ဒဏ်များ အသီးသီး ချမှတ်ခံရသည်။

ဝန်ကြီးချုပ်ဟောင်း အာလိန်ယပ်ပီပြစ်ဒဏ်ချမှတ်ခံရပြီးနောက် သမ္မတဂျက်စ်ရှီရတ်က အာလိန်ယပ်ပီအား ချီးမွမ်းပြောဆိုခဲ့သည်။ ၁၉၈၈-၉၅ ခုနှစ်များအတွင်းက ရှီရတ်သည် ပါရီမြို့တော်ဝန်ဖြစ်ခဲ့သည်။ ၎င်းက အာလိန်ယပ်ပီသည် အရည်အချင်းပြည့်ဝ၍ ရိုးသားသော နိုင်ငံရေးသမားဖြစ်သည်ဟု ပြောဆိုခဲ့သည်။ ပြည်သူတို့၏ ယုံမှတ်အပ်နှံမှုကို လိမ်လည်လှည့်ဖြားခဲ့သည်ဟု အမှုစစ်တရားသူကြီးများက ဆုံးဖြတ်ခဲ့သည်။ ယင်းဆုံးဖြတ်ချက်ကို သမ္မတရှီရတ်က အန်တုစိန်ခေါ်ခဲ့သည်။

မတ်လ ၂၁ နှင့် ၂၈ ရက်နေ့များတွင် ပြင်သစ်နိုင်ငံ၌ ဒေသဆိုင်ရာရွေးကောက်ပွဲများကို ကျင်းပခဲ့သည်။ ထိုရွေးကောက်ပွဲများ၌ အာဏာရလက်ယာယိမ်းဗဟိုအင်အားစုပါတီဖြစ်သည့် UMP ပါတီသည် ကိုယ်စားလှယ်ဦးရေ လျော့နည်းရရှိခဲ့သည်။ ဆိုရှယ်လစ်ပါတီက ကိုယ်စားလှယ်ဦးရေ တိုးတက်ရရှိခဲ့သည်။ ဤသို့ဖြင့် သမ္မတဂျက်စ်ရှီရတ်သည် ပြင်သစ်အစိုးရအဖွဲ့တွင် ရာထူးနေရာများအပြောင်းအလဲပြုလုပ်ခဲ့သည်။ လူသစ်များကို အားဖြည့်တာဝန်ပေးခဲ့သည်။

ဧပြီလ ၅-၇ ရက်နေ့များတွင် ဗြိတိန်မှ အယ်လီဇဘက်ဘုရင်မကြီးသည်ပြင်သစ်နိုင်ငံသို့ အလည်အပတ်သွားရောက်ခဲ့သည်။ ၁၉၀၄ ခုနှစ်က ချုပ်ဆိုခဲ့သော ချစ်ကြည်ရေးစာချုပ်၏ နှစ် ၁၀၀ မြောက် အထိမ်းအမှတ်အဖြစ် ယခုကဲ့သို့ သွားရောက်လည်ပတ်ခဲ့ခြင်းဖြစ်သည်။



အီရတ်အရေးကို ပွင့်ပွင့်လင်းလင်းဆွေးနွေးနေကြသော အမေရိကန်သမ္မတကျော့ဘုရှ်နှင့် ပြင်ဆင်သမ္မတ ချက်စ်ရှီရတ်

ဧပြီနှင့် မေလများအတွင်း ပြင်သစ်နိုင်ငံ၌ အကြမ်းဖက်ဝါဒဆန့်ကျင်ရေး အစွလာမ်အခြေခံဝါဒီများအပေါ် အရေးယူရေးတို့ကိုဆောင်ရွက်ခဲ့ကြောင်းတွေ့ရှိရသည်။

အာဏာရ UMP ပါတီသည် မတ်လအတွင်းက ဒေသဆိုင်ရာ ရွေးကောက်ပွဲများ၌ လူထုထောက်ခံမှုကျဆင်းခဲ့သည့်အပြင် ဇွန်လ ၁၃ ရက်နေ့ကကျင်းပသည့် ဥရောပပါလီမန်ရွေးကောက်ပွဲများ၌လည်း အမတ်ဦးရေ လျော့နည်းရရှိခဲ့သည်။ ဤသို့ဖြစ်နေစဉ်အတွင်း သမ္မတရှိရတ်နှင့် စီးပွားရေး၊ ဘဏ္ဍာရေးနှင့် စက်မှုလုပ်ငန်းဆိုင်ရာ ဝန်ကြီးနှိုက်ကိုလပ်စ်ဆာကောဇီတို့အကြား အားပြိုင်လွန်ဆွဲမှုမှာလည်း ပိုမိုတင်းမာလာသည်။ ဆာကောဇီသည် သမ္မတရာထူးကို ခိုနှိုက်ယူနေသူဖြစ်သည်။ ရှိရတ်၏ ရာထူးသက်တမ်းကုန်ဆုံးပြီးလျှင် ထိုနေရာကိုဆက်ခံရန် ကြံစည်နေသူဖြစ်သည်။ ဆာကောဇီသည် UMP ပါတီ၏ ဥက္ကဋ္ဌနေရာကိုလည်း ရည်မှန်းထားသည်။ ရှိရတ်ကဆာကောဇီ အနေဖြင့် ပါတီဥက္ကဋ္ဌနေရာကို ယူလိုက်လျှင် ဝန်ကြီးရာထူးမှ နုတ်ထွက်ပေးရမည်ဟု တောင်းဆိုထားသည်။ ဇွန်လအတွင်းက ဤကိစ္စနှင့်ပတ်သက်၍ ရှိရတ်နှင့် ဆာကောဇီတို့ တွေ့ဆုံဆွေးနွေးခဲ့ကြသည်။ ဇွန်လအတွင်း ပြင်သစ်နိုင်ငံ၌ မွတ်ဆလင်အစွန်းရောက်ဝါဒီများသည် ကျူးဆန့်ကျင်ရေးလှုပ်ရှားမှုများကို လုပ်ဆောင်ခဲ့ကြသည်။ လက်ယာအစွန်းရောက်သူများသည် မွတ်ဆလင်ဆန့်ကျင်ရေးလှုပ်ရှားမှုများကို လုပ်ဆောင်ခဲ့ကြသည်။ ဤသို့ လူနည်းစုတို့အပေါ် အကြမ်းဖက်မှုများ ပြုလုပ်နေခြင်းကို သမ္မတရှိရတ်က ဇွန်လအတွင်း၌ ပြစ်တင်ရှုတ်ချခဲ့သည်။ ပြည်ထဲရေးဝန်ကြီး ဒိုမိနစ်ဒါဗယ်လာပင်ကလည်း ခရိုင်တိုင်း၌ အကြမ်းဖက်မှုများကို ဟန့်တားရေးအတွက် လုံခြုံရေးအစီအမံများကို ပိုမိုချထားခဲ့သည်။ အကြမ်းဖက်လုပ်ရပ်များအပေါ် သတင်းရယူစီစစ်ရေးကိုဆောင်ရွက်ခဲ့သည်။

အမေရိကန်သမ္မတကျော့ဘုရှ်၊ ပြိတိသျှ ဘုရင်မကြီး အယ်လီဇဘက်၊ ပြိတိသျှဝန်ကြီးချုပ် တိုနီဘလဲ၊ ဂျာမန်ဝန်ကြီးချုပ်ရှရိုးဒါးတို့သည် ပြင်သစ်၌ ဇွန်လ ၆ ရက်နေ့က ကျင်းပသော အနှစ် ၆၀ မြောက် ဒီ-ဒေး အထိမ်းအမှတ်အခမ်းအနားသို့တက်ရောက်ခဲ့ကြသည်။ ဤအခမ်းအနားကို အကြောင်းပြုလျက် ပြင်သစ်နှင့် အမေရိကန်တို့အကြား အီရတ်စစ်ပွဲနှင့်ပတ်သက်ပြီး တင်းမာမှုလျော့ပါးရေးကို ဖြစ်ပေါ်စေခဲ့သည်။ ဘုရှ်နှင့်

ရှိရုတ် နှစ်ဦးစလုံးက အတ္တလန္တိတ်သမုဒ္ဒရာကိုပေါင်းကူး ဆက်သွယ်ပေးသော မဟာမိတ်ဖြစ်မှုအရေးပါကြောင်း ပြောဆိုခဲ့ကြသည်။

ဇွန်လ ၉ ရက်နေ့တွင် "ကလေးဘုရင်" (boy king) ဟုခေါ်တွင်သော ၁၇ ဦးမြောက် လူဝီဘုရင်၏ နှလုံးသားကို ၁၇၉၃ ခုနှစ်က ခေါင်းဖြတ်သတ်ဖြတ်ခြင်းခံရသော ၎င်း၏ မိဘများဖြစ်ကြသည့် ၁၆ ဦးမြောက် လူဝီဘုရင်နှင့် မာရီအွန်တွိုင်းနက်မိဘုရားတို့၏ဂူများဘေးတွင် အခမ်းအနားဖြင့် သင်္ကြိုဟ်ခဲ့သည်။ ဘုရင်စနစ်ယုံကြည်သူအများစုက ၁၇ဦးမြောက် လူဝီဘုရင်ကလေးသည် ထောင်တွင်း၌ပင် ၁၇၉၅ ခုနှစ်က အသက် ၁၀ နှစ်အရွယ်၌ သေဆုံးသွားသည်ဟုမှတ်ယူထားခဲ့ကြသည်။ ၎င်း၏ နှလုံးသားကို ဘုရင်အားကိုးကွယ်သူများက လျှို့ဝှက်သိမ်းဆည်းထားခဲ့ကြသည်။ ယခု ဇွန်လတွင်မှ ၎င်းနှလုံးသားကို ပါရီရှိ စိန့်ဒဲနစ်ဘာဆီလိကာတွင် ဂူသွင်းသင်္ကြိုဟ်ခဲ့ရခြင်းဖြစ်သည်။ အချို့ဘုရင်ဝါဒီများကလည်း လူဝီသည် ထောင်တွင်း၌ မသေဟုဆိုခဲ့ကြ သည်။ ၎င်းမှတိုက်ရိုက်ဆင်းသက်သူ ဘိုဘွန်းမှ ချားလ်စ်လူဝီအက်ဒ်မွန်သည် ယခုအခါ အသက် ၇၅ နှစ်ရှိပြီဖြစ်ကြောင်း ထောက်ခံပြောဆိုကြသည်။

ဇွန်လအတွင်းက ဥရောပသမဂ္ဂခေါင်းဆောင်များသည် ဥရောပသမဂ္ဂဆိုင်ရာ ဖွဲ့စည်းပုံအခြေခံ ဥပဒေမူကြမ်းကိုအတည်ပြုခဲ့ကြသည်။ ထိုအခြေခံ ဥပဒေမူကြမ်းကို ပြင်သစ်နိုင်ငံက ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပ၍ ဆန္ဒသဘောထားပေးမည်ဟု ဇူလိုင်လ ၁၄ ရက်နေ့တွင် ကြေညာသည်။ ဥရောပသမဂ္ဂဆိုင်ရာ အခြေခံဥပဒေသည် ပြင်သစ်ပြည်သူတို့နှင့် တိုက်ရိုက်သက်ဆိုင်နေသဖြင့် ယခုကဲ့သို့ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပကာ ပြည်သူတို့နှင့် တိုက်ရိုက်ညှိနှိုင်းတိုင်ပင်ခြင်းဖြစ်ကြောင်း သမ္မတရှိရုတ်က ပြောကြားခဲ့သည်။ အာဏာရ UMP ပါတီသည် ဆန္ဒခံယူပွဲကျင်းပနိုင်ရေးလူထုအတွင်း စည်းရုံးလှုံ့ဆော်မှုများ ပြုခဲ့သည်။

၂၀၀၁ ခုနှစ်နှောင်းပိုင်းအတွင်းက အာဖဂန်နစ္စတန်မှ အဖမ်းခံရပြီး အမေရိကန်တို့၏ ဂွမ်တာနာမိုအကျဉ်းစခန်း၌ ထိန်းသိမ်းထားခြင်းခံရသော ပြင်သစ်နိုင်ငံသား ၄ ဦးသည် ဇွန်လ ၂၇ ရက်နေ့ တွင် အဆိုပါအကျဉ်းစခန်းမှ ပြန်လည်ရောက်ရှိလာကြသည်။ အကျိတ်အနယ်ဆွေးနွေးပြီးမှ ပြန်လည်ခေါ်ယူနိုင်ခဲ့သည်ဟု သမ္မတရှိရုတ်က ပြောသည်။ ထိုအကျဉ်းသား ၄ ဦးစလုံး မွတ်ဆလင်များ ဖြစ်ကြသည်။ ယခုအခါ ၎င်းတို့ကို အချုပ်တွင်း၌ထားရှိပြီး ပြင်သစ်ဥပဒေကို ချိုးဖောက်ခြင်းရှိမရှိ စုံစမ်းစစ်ဆေးလျက်ရှိသည်။

ပြင်သစ်ပိုင်ကော်ဆီကာကျွန်း၌ နေထိုင်သူများအနက်အချို့က သီးခြားလွတ်လပ်သော နိုင်ငံအဖြစ် လိုလားကြသည်။ အချို့ကလည်းပြင်သစ်ပိုင်ကျွန်းအဖြစ်နှင့်ပင် ဆက်လက်တည်ရှိလိုကြသည်။ကော်ဆီကာကျွန်း၌ အကြမ်းဖက်တိုက်ခိုက်မှုများ၊ ဒုစရိုက်မှုများ မကြာခဏဖြစ်ပေါ်လျက်ရှိရာ မတည်မငြိမ်ဖြစ်နေသည်။ အစိုးရတပ်ဖွဲ့များနှင့် ခွဲထွက်ရေးသမားများအကြား အပစ်အခတ်ရပ်စဲရေးပြုလုပ်ထားသော်လည်း သဘောထားကွဲလွဲသူများက ဆက်လက်၍ အကြမ်းဖက်တိုက်ခိုက်နေကြသည်။ မကြာသေးမီက ကော်ဆီကာပြည်သူ့စစ်သည်သစ်အဖွဲ့ကကြေညာချက်တစ်စောင်ထုတ်ပြန်ခဲ့သည်။ ဇူလိုင်လနှင့် သြဂုတ်လအတွင်း ဖုံးခွဲတိုက်ခိုက်မှုများကို ၎င်းတို့အဖွဲ့က လုပ်ဆောင်ခဲ့သည်ဟု ကြေညာသည်။

ပြင်သစ်ပြည်ထဲရေးဝန်ကြီးဗယ်လာပင်က ထိုအဖွဲ့၏ ကြေညာချက်ကို လုံးဝလက်မခံနိုင်ကြောင်း နယ်မြေကို သိမ်းပိုက်၍အကြမ်းဖက်ဖိနှိပ်နေသော အင်အားစုများကို ကော်ဆီကာမှ ထွက်ခွာသွားကြစေလိုကြောင်း သို့မဟုတ်ပါက အင်အားသုံးတိုက်ခိုက်မောင်းထုတ်မည်ဖြစ်ကြောင်း ပြောဆိုခဲ့သည်။

စက်တင်ဘာလ ၂၆ရက်နေ့ကဆီးနိတ်လွှတ်တော်အတွက် သွယ်ဝိုက်သော ရွေးကောက်ပွဲ များ (Indirect elections)ကို ကျင်းပခဲ့သည်။ ထိုရွေးကောက်ပွဲများ၌ ဆိုရှယ်လစ်ပါတီသည် အမတ်ဦးရေ သုံးပုံတစ်ပုံခန့်တိုးတက်ရရှိသွားသည်။ ဤသို့ဖြင့် အာဏာရပါတီသည် ဆီးနိတ်လွှတ်တော်၌ သေချာပေါက်မဲအများစုရရှိနိုင်သည့် အနေအထားမှ လျှော့ကျသွားခဲ့သည်။ အာဏာရ UMP ပါတီသည် အခြားလက်ယာယိမ်းပါတီများနှင့် ပူးပေါင်းမှသာအများစုရရှိတော့မည်ဖြစ်သည်။

ဘက္ကာရေးဝန်ကြီးဆာကောဇီက ၂၀၀၅ ခုနှစ် အတွက် ဘတ်ဂျက်ကို တင်သွင်းခဲ့သည်။ ဘတ်ဂျက်လိုငွေပြမှုသည် ၂၀၀၄ ခုနှစ်တွင် ဂျီဒီပီ၏ ၃.၇ ရာခိုင်နှုန်းရှိခဲ့ရာမှ ၂၀၀၅ ခုနှစ်တွင် ၂.၉ အထိ ကျဆင်းမည်ဟု တင်ပြခဲ့သည်။ တိုးတက်မှုနှုန်းသည်လည်း ၂၀၀၃ ခုနှစ်တွင် ၀.၂ ရာခိုင်နှုန်းဖြစ်ခဲ့ရာမှ ၂၀၀၄၊ ၂၀၀၅ ခုနှစ်များတွင် ၂.၅ ရာခိုင်နှုန်းအထိ တက်လာမည်ဟု တင်ပြခဲ့သည်။ ဤသို့ဖြင့် ပြင်သစ်နိုင်ငံသည် ၂၀၀၅ ခုနှစ်တွင် ယူရိုဇုန်၌ သတ်မှတ်ထားသည့် ဘတ်ဂျက်လိုငွေသည် ဂျီဒီပီ၏ ၃ ရာခိုင်နှုန်းအထိသာ ရှိရမည်ဟူသော စည်းမျဉ်းနှင့် ကိုက်ညီသွားတော့မည် ဖြစ်သည်။

အယ်လ်ကိုင်ဒါအဖွဲ့နှင့် အဆက်အသွယ်ရှိသည်ဟု မသက်ာဖွယ်ရှိသူ ၁၀ဦးတို့၏အမှုကိုအောက်တိုဘာလ ၆ ရက်နေ့က ပါရီမြို့တွင် စတင်ကြားနာစစ်ဆေးသည်။ တရားခံအများစုမှာအယ်လ်ဂျီးရီးယားနိုင်ငံသားများဖြစ်သည်။ ၎င်းတို့ သည် ဂျာမနီနိုင်ငံ၊ ဖရင့်ဖတ်မြို့၌ အယ်လ်ကိုင်ဒါကွန်ရက်နှင့် အဆက်အသွယ်ရှိပြီး ၂၀၀၀ ပြည့်နှစ်အတွင်း ၎င်းတို့သည် ဆထရာ့စ်ဘူးမြို့၌ စျေးတစ်ခုကို ဗုံးခွဲတိုက်ခိုက်ရန် ကြံစည်ခဲ့ကြသည်။ ယခုဤအမှုဖြင့် ၎င်းတို့ကိုကြားနာစစ်ဆေးလျက်ရှိသည်။

အောက်တိုဘာလ ၂၆ ရက်နေ့တွင် ဝန်ကြီးဆာကောဇီက စာအုပ်တစ်အုပ်ကို ပုံနှိပ်ဖြန့်ဝေခဲ့ သည်။ ထိုစာအုပ်၌ ဆာကောဇီက ၁၉၀၅ ခုနှစ်တွင် ပြင်သစ်နိုင်ငံအား လောကီရေးသက်သက်နိုင်ငံ (Secular State)အဖြစ် သတ်မှတ်ခဲ့သည့် ဥပဒေကို ပြင်ဆင်ရန် လိုအပ်သည်ဟု ဖော်ပြထားသည်။ ထို့ဥပဒေကို ပြင်ဆင်လိုက်ပါမှသာ ပြင်သစ်အစိုးရသည် မွတ်ဆလင်နှင့် အခြားဘာသာရေးအဖွဲ့အစည်းတို့အား ဘက္ကာငွေကြေးထောက်ပံ့နိုင်မည်ဟုလည်း ဖော်ပြခဲ့သည်။ ပြင်သစ်မွတ်ဆလင်တို့နှင့် နိုင်ငံခြားမှ မွတ်ဆလင်တို့ကွဲပြားသွားမည်ဖြစ်ကြောင်း၊ ယခုအခါ ပြင်သစ်ရှိ မွတ်ဆလင်ဗလီများကို နိုင်ငံခြားမှထောက်ပံ့နေကြောင်း၊ ပြင်သစ်ရှိ မွတ်ဆလင်တို့သည် မြေအောက်ခန်းများ၌ ဝတ်ပြုနေရကြောင်း၊ ထိုနေရာများသည် မွတ်ဆလင်အစွန်းရောက်ဝါဒီတို့၏ လေ့ကျင့်ရေးစခန်းများဖြစ်နေကြောင်းစသည်တို့ကို ရေးသား ထားသည်။ ဤစာအုပ်သည် ဘာသာရေး၊ နိုင်ငံရေး၊ ဥပဒေရေးရာတို့နှင့် စပ်လျဉ်း၍ အငြင်းပွားဖွယ်ရာ စာအုပ်ဖြစ်သွားသည်။

ပါတီကိုယ်စားလှယ် ၃၀၀၀ ကျော်တက်ရောက်သည့် အာဏာရပါတီ UMP ၏ ညီလာခံက ဆာကောဇီအား ပါတီဥက္ကဋ္ဌအဖြစ် နိုဝင်ဘာလ ၂၈ရက်နေ့တွင် ရွေးကောက်တင်မြှောက်လိုက်ကြသည်။ ပါတီဥက္ကဋ္ဌဖြစ်ရေးအတွက် ပါတီဝင်ပေါင်း ၈၅ ရာခိုင်နှုန်းကျော်ကို ကိုယ်စားပြုသူများက ထောက်ခံ မဲပေးလိုက်ကြခြင်းဖြစ်သည်။ ဤသို့ဖြင့် ၂၀၀၇ ခုနှစ် သမ္မတရွေးကောက်ပွဲတွင် UMP ပါတီ၏ သမ္မတလောင်းဖြစ်ရေးအတွက် လမ်းပွင့်သွားသည်။ သမ္မတရှိရတ်နှင့် ကြိုတင်ညှိနှိုင်းထားကြသည့်အတိုင်း ဆာကောဇီသည် ဝန်ကြီးရာထူးမှ နုတ်ထွက်ပေးခဲ့သည်။ သို့ဖြစ်၍ ပြင်သစ်အစိုးရအဖွဲ့အတွင်း ရာထူးအပြောင်းအလဲများ ပြုလုပ်ပေးခဲ့ရသည်။

ဦးခင်မောင်မြ

ဖိလစ်ပိုင်နိုင်ငံ။ ။ အီရတ်တွင် ဓားစာခံအဖြစ် ဖမ်းဆီးခြင်းခံထားရသော ဖိလစ်ပိုင်ဓားစာခံကိစ္စနှင့် ပတ်သက်၍ဖြစ်ပေါ်လာသောအခြေအနေများကိုသုံးသပ်ရာတွင် အီရတ်မှ ဖိလစ်ပိုင်တပ်ဖွဲ့ဝင်များဖြည်းဖြည်းချင်း ရုပ်သိမ်းသွားမည်ဖြစ်ကြောင်း ဖိလစ်ပိုင်စစ်ဘက်က အတည်ပြုပြောကြားသည်။

ဖိလစ်ပိုင်သမ္မတ ဂလိုရီယာမာဂါပါဂယ်အာရိုယို အနေဖြင့် တပ်ဖွဲ့ဝင်များ ရုပ်သိမ်းရေးကဲ့သို့သော အမိန့်ထုတ်ပြန်ပါက အီရတ်မှ ဖိလစ်ပိုင်တပ်ဖွဲ့ဝင်များကို ဖြည်းဖြည်းချင်းရုပ်သိမ်းသွားမည်ဖြစ်ကြောင်း ဖိလစ်ပိုင်စစ်ဘက်ပြောရေးဆိုခွင့်ရှိသူ လူစီရိုက ဆင်ဟွာသတင်းဌာနသို့ ပြောကြားသည်။ ယခုအချိန်တွင် ယင်းကဲ့သို့ အမိန့်မျိုးမရရှိသေးကြောင်း သို့ရာတွင် အဆိုပါ အမိန့်လက်ခံရရှိခဲ့ပါက တပ်ဖွဲ့ဝင်များ တဖြည်းဖြည်းချင်း ရုပ်သိမ်းရေးကို စီစဉ်ထားကြောင်း ၎င်းက ထပ်မံပြောကြားသည်။ ဖိလစ်ပိုင် ဓားစာခံဘေးအန္တရာယ်ကင်းရှင်းလုံခြုံရေးအတွက် အီရတ်မှဖိလစ်ပိုင်တပ်ဖွဲ့ဝင်

များ အတတ်နိုင်ဆုံး ရုပ်သိမ်းရေးကို မိမိတို့နိုင်ငံက ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဖိလစ်ပိုင်နိုင်ငံ ဒုတိယနိုင်ငံခြားရေးဝန်ကြီး ရာဖီရယ်စီရုစ်က အာရပ်ရုပ်မြင်သံကြားဌာန အယ်ဂျာဇီးရာသို့ ဇူလိုင်လ ၁၂ ရက်နေ့က ပြောကြားခဲ့သည်။ ဖိလစ်ပိုင်ပြည်သူများကလည်း အီရတ်မှ ၎င်းတို့၏ တပ်ဖွဲ့ဝင်များ ရုပ်သိမ်းရေးအတွက် ဆန္ဒပြတောင်းဆိုလျက်ရှိသည်ဟု သိရသည်။

အီရတ်နိုင်ငံ၌ ဖိလစ်ပိုင်နိုင်ငံက ဖြန့်ချထားခဲ့သော ဖိလစ်ပိုင်တပ်ဖွဲ့ဝင်များအား ပြန်လည်ရုပ်သိမ်းခဲ့ရာတွင် နောက်ဆုံးတပ်ဖွဲ့ဝင် ၂၇ ဦးနှင့် ရဲအဖွဲ့ဝင်ခုနစ်ဦးသည် ကူဝိတ်မှ လေကြောင်းဖြင့် မနီလာသို့ ပြန်ရောက်လာခဲ့ကြသည်။ အီရတ်ခုခံ တိုက်ခိုက်ရေးပြောက်ကျားများက အကယ်၍ မရုပ်သိမ်းလျှင် ဖမ်းဆီးထားသောဓားစာခံအား သတ်ဖြတ်မည်ဟု ခြိမ်းခြောက်ခဲ့ပြီးနောက် ဖိလစ်ပိုင်တပ်ဖွဲ့ဝင်များအား အီရတ်မှ ရုပ်သိမ်းခဲ့ကြခြင်းဖြစ်သည်။ ဖိလစ်ပိုင်နိုင်ငံက ပြန်ပေးသမားတို့၏ တောင်းဆိုချက်ကို လိုက်လျောခဲ့သဖြင့် သတ်ဖြတ်မည်ဟု ခြိမ်းခြောက်ခံရသည့် ဓားစာခံဖိလစ်ပိုင် လူမျိုး ဒီလာခရုဒ် လွတ်မြောက်ခဲ့သည်။

ထို့နောက် အီရတ်သို့ ဖိလစ်ပိုင်တပ်ဖွဲ့ဝင်များ မကြာမီစေလွှတ်မည်ဆိုသောသတင်းမှာမမှန်ကန်ကြောင်း ဖိလစ်ပိုင်အစိုးရက ဩဂုတ်လ ၁၁ ရက်နေ့၌ ငြင်းဆိုလိုက်သည်။ အီရတ်နိုင်ငံ ပြန်လည်တည်ဆောက်ရေးကြိုးပမ်းမှုများတွင် ဖိလစ်ပိုင်၏ အခန်းကဏ္ဍအသေးစိတ်ကို ဆွေးနွေးရန်မှာ အလွန်အချိန်စောသေးကြောင်း ကြေညာချက်၌ သမ္မတပြောရေးဆိုခွင့်ရှိသူ အစ်နာစီယိုဘန်ယီက ပြောကြားထားသည်။

ထိုကိစ္စအတွက် ကုလသမဂ္ဂထံမှ တရားဝင်မေတ္တာရပ်ခံချက်ကို မိမိတို့ ယခုထိ လက်ခံမရရှိသေးကြောင်း အီရတ်နိုင်ငံပြန်လည်တည်ဆောက်ရေးတွင် ဖိလစ်ပိုင်နိုင်ငံ ပါဝင်ဆောင်ရွက်မှု၏ အတိုင်းအတာပမာဏကို ရည်ညွှန်းကာ ၎င်းကပြောကြားသည်။ ဖိလစ်ပိုင်နိုင်ငံသည် နောက်ထပ်လူသားချင်းစာနာသည့် တပ်ဖွဲ့ကိုအီရတ်သို့ ပို့လွှတ်ဖွယ်ရှိသော်လည်း ကုလသမဂ္ဂ၏ ကမကထပြုမှု အောက်တွင်သာပို့မည်ဖြစ်ကြောင်း အီရတ် အမြဲတမ်းအစိုးရအဖွဲ့အစည်းထူထောင်ရန်အတွက် ဇန်နဝါရီလ၌ ရွေးကောက်ပွဲများကျင်းပပြီးနောက်မှသာ ပို့လွှတ်မည်ဖြစ်ကြောင်း



ဆာမန်ပြည်သူတို့ ဝယ်ယူလေ့ရှိသည့် အရောင်းဆိုင်တစ်ဆိုင်သို့ ရောက်ရှိကာ ပေးမြန်းစုံစမ်းနေသည့် ဖိလစ်ပိုင်သမ္မတအာရိယို (ဝဲဆက်)

ဖိလစ်ပိုင်နိုင်ငံခြားရေး ဝန်ကြီးက သတင်းထောက်များအား သြဂုတ်လ ၁၀ ရက်နေ့က ပြောကြားသည်။

မိမိတို့ အီရတ်ပြန်လည်တည်ဆောက်ရေးတွင် မည်သို့ပါဝင်ဆောင်ရွက်ရမည်ကို လေ့လာရန် မိမိတို့ဘက်က ပြင်ဆင်လျက်ရှိကြောင်း နိုင်ငံခြားရေးဝန်ကြီးက ပြောကြားသည်။ ထိုသို့ဆိုသော်လည်း အီရတ်သို့ နောက်ထပ်ဖိလစ်ပိုင်လူသားချင်းစာနာသည့် တပ်ဖွဲ့လွှတ်ရေးအလားအလာမှာ ခြိန်ဆလျက်ရှိကြောင်းကလည်း ပြောကြားသည်။

ထိုပြင် အီရတ်လက်နက်ကိုင်ပြောက်ကျားအုပ်စုက ဖိလစ်ပိုင်နိုင်ငံ၏ သံရုံးများအား တိုက်ခိုက်မည်ဟု ခြိမ်းခြောက်ခဲ့ပြီးနောက် ပြည်ပရှိဖိလစ်ပိုင်သံတမန်အဖွဲ့အား လုံးကိုနှိုးနှိုးကြားကြားရှိကြရန်ဖိလစ်ပိုင်ကညွှန်ကြားထားသည်။ ဖိလစ်ပိုင်သံရုံးများနှင့်ကောင်စစ်ဝန်ရုံးများအား ထိုင်းတို့၏ အဆောက်အအုံများနှင့် လူပုဂ္ဂိုလ်များအတွက် လုံခြုံရေးအတိုင်းအတာကိုအရှိန်မြှင့်တင်ထားရန်နှင့် အထူးသတိဝီရိယဖြင့် နှိုးနှိုးကြားကြားရှိကြရန် အကြံပြု တိုက်တွန်းထားကြောင်းနိုင်ငံခြားရေးဝန်ကြီး အယ်လ်ဘာတိုရိမြူလိုကကြေညာချက်တစ်စောင်ထုတ်ပြန်ခဲ့သည်။

အာဖဂန်နစ္စတန်၌ ဓားစာခံအဖြစ် အဖမ်းခံခဲ့ရပြီးနောက် ပြန်လွှတ်ပေးလိုက်သည့်ဖိလစ်ပိုင်လူမျိုးအား ကြိုဆိုရန် ပြင်ဆင်နေချိန်တွင် အီရတ်၌ ဖမ်းဆီးခြင်းခံခဲ့ရသည့်ဖိလစ်ပိုင်လူမျိုးစာရင်းကိုင်တစ်ဦးအား ကယ်ဆယ်ရေးအတွက် အစွမ်းကုန်ကြိုးစားသွားမည်ဖြစ်ကြောင်း ဖိလစ်ပိုင်အစိုးရက နိုဝင်ဘာ ၂၅ ရက်နေ့၌ အာမခံလိုက်သည်။ အီရတ်ပြန်ပေးသမားတို့ လက်ထဲ၌ရှိနေဆဲဖြစ်သော ရောဘတ်တာရွန်ဂျိုင်၏ ကံကြမ္မာအတွက်လည်း အစိုးရက အစွမ်းကုန်ကြိုးစားလုပ်ဆောင်နေကြောင်း သမ္မတပြောခွင့်ရှိသူ အစ်နာစီယိုဘန်ယီက ပြောကြားသည်။

အမည်မသိ အီရတ်ပြောက်ကျားအုပ်စုတစ်စုသည် တာရွန်ဂျိုင်ကို အခြားနိုင်ငံခြားသား ငါးဦးနှင့်အတူ နိုဝင်ဘာ ၁ ရက်၌ ဘဂ္ဂဒက်တွင် ပြန်ပေးဆွဲသွားခဲ့သည်။ သို့သော်၎င်းလွတ်မြောက်ရေးအတွက်ဖိလစ်ပိုင်အရာရှိများ အီရတ်တွင် လောလောဆယ် ကြိုးပမ်းနေကြကြောင်း ဘန်ယီက ပြောကြားသည်။ ဘန်ယီက တာရွန်ဂျိုင်လွတ်မြောက်ရေးအတွက် နေ့စဉ်စောင့်ကြည့်လုပ်ဆောင်နေပြီး တစ်နိုင်ငံလုံးရှိ ဖိလစ်ပိုင်လူမျိုးများနှင့်အတူ မိမိတို့ ဆုတောင်းပေးလျက်ရှိကြောင်းလည်း ပြောကြားသည်။

နိုင်ငံတကာဆက်ဆံရေး- ကမ္ဘာ့ရေနံဈေးနှုန်းများ ဆက်လက်မြင့်တက်နေခြင်းကို တန်ပြန်ရင်ဆိုင်ရာတွင် အာရှတိုက်၌ ရေနံသိုလှောင်ရေးနှင့် ဖြန့်ဖြူးရေးအတွက် အချက်အချာကျသောနေရာကြီးဖြစ်လာစေမည့် ဒေသဆိုင်ရာ ရေနံသိုက်ကြီးဖန်တီးရေးကို ဖိလစ်ပိုင်နှင့် ထိုင်းနိုင်ငံတို့က ဆက်လက်တွန်းအားပေးလုပ်ဆောင်သွားရန် သဘောတူလိုက်သည်။ ဖေဖော်ဝါရီ ၁၈ ရက်နေ့က ပြုလုပ်သည့် နှစ်နိုင်ငံဆွေးနွေးပွဲသည် တရုတ်၊ ဂျပန်နှင့် တောင်ကိုရီးယားနိုင်ငံတို့နှင့်အတူအရှေ့တောင်အာရှနိုင်ငံများအသင်း၏စွမ်းအင်ဖူလုံရေးကို ထောက်ကူဖေးမရန်အတွက်လက်ရှိအခြေခံအဆောက်အအုံများကို အများဆုံးအသုံးပြုနိုင်ရေး အာမခံချက်ပေးသည့် ခိုင်မာသော ခြေလှမ်းတစ်လှမ်းဖြစ်သည်ဟု ဖိလစ်ပိုင်နှင့်ထိုင်းစွမ်းအင်ဝန်ကြီးတို့ ပူးတွဲထုတ်ပြန်သော ကြေညာချက်၌ ဖော်ပြထားသည်။

အဆိုပါ ပူးတွဲကြေညာချက်တွင် ဖိလစ်ပိုင်နိုင်ငံက ဆူးဘစ်ရှိ ယင်း၏ရေနံသိုလှောင်ရေး အဆောက်အအုံများကို အချက်အချာအဖြစ် အသုံးပြုရန် ကမ်းလှမ်းပြီး ထိုင်းနိုင်ငံက ဆရီရာဈာတွင် မကြာသေးမီက ဖွင့်လှစ်ခဲ့သော ပထမဆုံးရေနံအရောင်းအဝယ်ပြုလုပ်ရေးစခန်းကို ကမ်းလှမ်းထားသည်။ ထို့ပြင် ဖိလစ်ပိုင်နှင့် ထိုင်းနှစ်နိုင်ငံသည် ဒေသတွင်းဖြန့်ဖြူးရေးဖူလုံမှုရှိရန် တောင်းဆိုချက်ကို တုံ့ပြန်ရာ၌ လောင်စာဆီဈေးအသွေးတိုးတက်ရန် အရေးကြီးကြောင်းကိုလည်း သဘောတူကြသည်။


ဖိလစ်ပိုင်သမ္မတ ဂလိုရီယာမယ်ဂါပါဂါလ်အာရိုယိုက ဒေသဆိုင်ရာလုံခြုံရေးနှင့် စီးပွားရေးအာမခံချက်တွင် တရုတ်နိုင်ငံ၏အခန်းကဏ္ဍကို ညွှန်းလျက် တရုတ်နှင့် ဖိလစ်ပိုင်နိုင်ငံတို့အကြား ကောင်းမွန်သော ဆက်ဆံရေးကို တန်ဖိုးထားကြောင်း သြဂုတ်လ ၆ ရက်နေ့က ပြောကြားလိုက်သည်။ အာရှတိုက်တွင် ဒေသဆိုင်ရာ

လုံခြုံရေးနှင့် စီးပွားရေးအာမခံချက်ရှိမှုဌ် တရုတ်နိုင်ငံသည် အဆုံးအဖြတ်ပေးနိုင်သော အခြေခံအကြောင်းတစ်ရပ်အဖြစ် ဆက်လက်ရှိမည်ဖြစ်ကြောင်း မနီလာပင်လယ်ရပ်ခြားသတင်းစာကလပ်ဌ ပြုလုပ်သောသတင်းစာတွေ့ဆုံမေးမြန်းခန်းဌ အာရှိယိုက ပြောကြားသည်။


တရုတ်ကွန်မြူနစ်ပါတီဗဟိုကော်မတီနိုင်ငံရေးဌာနအမြဲတမ်းအဖွဲ့ဝင် ဝူကွမ်ကျန်းသည် ဖိလစ်ပိုင်ကွန်ဂရက်ခေါင်းဆောင်များနှင့် အောက်တိုဘာ ၁၈ ရက်နေ့က မနီလာမြို့ဌ တွေ့ဆုံခဲ့ကြသည်။ တရုတ်နှင့် ဖိလစ်ပိုင်နိုင်ငံတို့သည် လွန်ခဲ့သောနှစ်များက ကဏ္ဍစုံပူးပေါင်းမဆောင်ရွက်ရေးအများအပြား လုပ်ဆောင်ခဲ့သလို နှစ်နိုင်ငံသည်လည်း အဆင်ပြေချောမွေ့စွာတိုးတက်လျက်ရှိသည်ကို တွေ့ရကြောင်း ဖိလစ်ပိုင်ဆီးနိတ်ဥက္ကဋ္ဌဖရန့်ကလင်းဒရီလွန်နှင့် တွေ့ဆုံစဉ် ဝူကွမ်ကျန်းက ယင်းသို့ ပြောကြားခဲ့သည်။

၂၀၀၄ ခုနှစ် စက်တင်ဘာလစောစောပိုင်းက တရုတ်နိုင်ငံသို့ ဖိလစ်ပိုင်သမ္မတ ဂလိုရီယာမကာပါဂါလ်အာရှိယို လာရောက်ခဲ့စဉ်အတွင်း အဓိကသဘောတူညီမှုများကို အကောင်အထည်ဖော်၍ ဖိလစ်ပိုင်နှင့်အတူ ပူးပေါင်းလုပ်ဆောင်ရန် ဆန္ဒရှိကြောင်း ယင်းတို့၏ပူးပေါင်းဆောင်ရွက်မှုအကျိုးရလဒ်များ ပိုမိုရရှိစေရန်အလို့ငှာ တရုတ်-ဖိလစ်ပိုင်အဆင့်မြင့်အဆင့်ဆက်ဆံရေးကိုလည်း တွန်းအားပေး ရာရောက်ကြောင်း ဝူကွမ်ကျန်းက ပြောကြားသည်။ လွန်ခဲ့သောနှစ်များအတွင်းက နှစ်နိုင်ငံအကြားဆက်ဆံရေးမှာ လျင်မြန်စွာတိုးတက်ခဲ့ကြောင်း၊ နှစ်နိုင်ငံပြည်သူများအကြားနားလည်မှုနှင့် ချစ်ကြည်ရင်းနှီးမှုများလည်း တိုးတက်လာခဲ့ကြောင်း ဒရီလွန်က ပြောကြားသည်။

အလုပ်သမားရေးရာ- အီရတ်နိုင်ငံတွင် နောက်ထပ် ဖိလစ်ပိုင်အလုပ်သမားများ သေဆုံးမှုနှင့် ထိခိုက်ဒဏ်ရာရရှိမှုများဖြစ်ခဲ့ပြီးနောက် ပင်လယ်ရပ်ခြား ဖိလစ်ပိုင်အလုပ်သမားများ၏ လုံခြုံရေးအခြေအနေကို ပြန်လည်အကဲခတ်ရန် သမ္မတဂလိုရီယာမဂါပါဂါလ် အာရှိယိုက မေလ ၁၂ ရက်နေ့ဌ အမိန့်ပေးလိုက်သည်။ ဖိလစ်ပိုင်နိုင်ငံခြားရေးရာဌာနက နောက်ဆုံးထုတ်ပြန်သည့် သတင်းအရ မေလ ၁၁ ရက်နေ့ဌ အမေရိကန်စစ်စခန်းကို စိန်ပြောင်းဖြင့် တိုက်ခိုက်ခဲ့ရာတွင် ဖိလစ်ပိုင်အလုပ်သမားတစ်ဦးသေဆုံးခဲ့ပြီး အခြားလေးဦးဒဏ်ရာရခဲ့သည်ဟု သိရသည်။



နန်မာဒေါလ်မုန်တိုင်းဒဏ်ခံရသည့် ဒေသမှ ရေကြီးမှုပြင်ကွင်းတစ်ရု



ဓိလစ်ပိုင်နိုင်ငံအောက်လွှတ်တော်အစည်းအဝေးကျင်းပနေစဉ်

ထိုဖြစ်ရပ်ပေါ်ပေါက်ခဲ့ပြီးနောက် အထူးသံတမန်ရှိုင်းစီမာတူ ဦးဆောင်သောအဖွဲ့ကို အာရှိယိုက အမိန့်ပေးခဲ့သည်။ အကယ်၍ အီရတ်ရှိ အမေရိကန်စစ်ဆန်းမှ ပင်လယ်ရပ်ခြားဖိလစ်ပိုင်အလုပ်သမားများ၏ လုံခြုံရေးအခြေအနေမလုံလောက်လျှင် ထိုအလုပ်သမားများကို လုံခြုံသောဒေသသို့ ရွှေ့ပြောင်းပေးရမည်ဟု အာရှိယိုက ပြောကြားသည်။ ထိုအမေရိကန်စစ်ဆန်း၌ အလုပ်လုပ်နေသော ပင်လယ်ရပ်ခြားဖိလစ်ပိုင်အလုပ်သမားများအရေအတွက်သည် ၁၃၀၀ ခန့်ရှိသည်။ အီရတ်နိုင်ငံရှိ အမေရိကန်စစ်အခြေစိုက်စခန်းတွင် အလုပ်လုပ်နေသော ဖိလစ်ပိုင်အလုပ်သမား ၆၀၀ ခန့်သည်လည်း အလုပ်များမှ နုတ်ထွက်ခဲ့ကြသည်ဟု ဖိလစ်ပိုင်တာဝန်ရှိသူပုဂ္ဂိုလ်တစ်ဦးက မေ ၁၄ ရက်နေ့တွင် ပြောကြားလိုက်သည်ဟု သိရသည်။ ဘလက်မြို့အင်နာကွန်ဒါအခြေစိုက်စခန်းရှိ လုပ်သား ၁၃၆၀ အပါအဝင် အီရတ်ရှိ ကန်ထရိုက် လုပ်ငန်းများတွင် အလုပ်လုပ်နေသော ဖိလစ်ပိုင်နိုင်ငံသား ၃၀၀၀ ရှိမည်ဟုလည်း ခန့်မှန်းထားကြသည်။

အီရတ်နိုင်ငံတွင် အမေရိကန်ဦးဆောင်သော အပေါင်းပါတပ်များတွင် အလုပ်လုပ်နေသော နိုင်ငံခြားသားများကို အကြမ်းဖက်တိုက်ခိုက်မှုအရှိန်မြင့်လာခြင်းကြောင့် ဖိလစ်ပိုင်အလုပ်သမား၃၂၂ဦးကိုအီရတ်မှနေ၍ဖိလစ်ပိုင်နိုင်ငံသို့ မေ ၂၀ ရက်နေ့က ပြန်ပို့ပေးလိုက်သည်။ ဖိလစ်ပိုင်အလုပ်သမားများနေရပ်ပြန်ပို့ရေးကိစ္စကိုအစိုးရအောက်စီက ကူဝိတ်ရှိ ဖိလစ်ပိုင်သံရုံးနှင့် ညှိနှိုင်းဆောင်ရွက်လျက်ရှိရာနောက်ထပ်ဖိလစ်ပိုင်အလုပ်သမားများ အီရတ်မှပြန်လာကြမည်ဖြစ်ကြောင်း နှင့် ဖိလစ်ပိုင်သို့ ပြန်ပို့ပေးသော အလုပ်သမားပေါင်း ၅၇ ဦးရှိနေပြီဟုလည်း သိရသည်။

ဖိလစ်ပိုင်အစိုးရသည် ပြည်သူများအရေးကို ပထမထားကြောင်း၊ ပြည်ပတွင် အလုပ်လုပ်ကိုင်လျက်ရှိသူ ဖိလစ်ပိုင်လူမျိုး ရှစ်သန်းအတွက် ကာကွယ်သွားရမည်ဖြစ်ကြောင်း၊ အရှေ့အလယ်ပိုင်းဒေသတစ်ခုတည်းမှာပင် အလုပ်လုပ်ကိုင်နေသူ ဖိလစ်ပိုင်လူမျိုး ၁ ၁သန်း၅ သန်းရှိနေကြောင်း ယင်းကိစ္စနှင့်ပတ်သက်ပြီး မကြာသေးသောကာလက မနီလာ၌စစ်တမ်းကောက်ယူချက်များအရ ဆန္ဒမဲ ၇၀ ရာခိုင်နှုန်းကျော်သည် ၎င်းဆုံးဖြတ်ချက်ကို ထောက်ခံကြောင်း သမ္မတကပြောကြားခဲ့သည်။ ယခုလို ပြည်ပ၌ အလုပ်လုပ်ကိုင်စဉ် ဖမ်းဆီး

ခြင်းခံခဲ့ရသည့်အတွက်လည်း ပြည်တွင်းစီးပွားရေးကဏ္ဍပြုပြင်ပြောင်းလဲမှုများပြုလုပ်ရန်နှင့် အချက် ၁၀ ချက်ပါ အစီအစဉ်တို့ကို ဆက်လက်ထုတ်ပြန်ရန် ပြောကြားခဲ့ကြောင်းသိရသည်။

ဤသို့ဖြင့် ဖိလစ်ပိုင်အစိုးရသည် အလုပ်အကိုင်အခွင့်အလမ်းများစွာနှင့် လွဲပို့သော ငွေဒေါ်လာသန်း ၁၀၀ ကျော်ဆုံးရသော်ငြားလည်း ပင်လယ်ရပ်ခြားအလုပ်သမားများအား အီရတ်သို့စေလွှတ်၍ အလုပ်လုပ်ကိုင်စေခြင်းကို ဆက်လက်ပိတ်ပင်တားမြစ်ရန် ဆုံးဖြတ်လိုက်သည်။

ယင်းသို့ပိတ်ပင်တားဆီးထားသော်လည်းဖိလစ်ပိုင်အလုပ်သမားထောင်ပေါင်းများစွာသည် လစာငွေမြင့်မားသည့် အလုပ်အကိုင်များ၏ မက်လုံးဖြင့် အီရတ်နိုင်ငံအတွင်းသို့ ဝင်ရောက်ရန် ကြိုးပမ်းခဲ့ကြပြီး အထူးသဖြင့် အရှေ့အလယ်ပိုင်းနိုင်ငံများမှ နယ်စပ်များကို ဖြတ်ကျော်ဝင်ရောက်ခဲ့ကြသည်။

သဘာဝဘေးဒဏ်- ဒီဇင်ဘာ ၂ ရက်နေ့တွင် အားပြင်းသည့် နန်မာဒေါလ်မန်တိုင်း ဖိလစ်ပိုင်နိုင်ငံအရှေ့ပိုင်းတွင် တိုက်ခတ်ခဲ့သည်။ ထိုမုန်တိုင်းကြောင့် လူပေါင်း ၁၀၀၀ ကျော်သေဆုံး သို့မဟုတ် ပျောက်ဆုံးနေသည်။ နန်မာဒေါလ်မုန်တိုင်းသည် တည့်တည့်ဝင်လာသဖြင့် မနီလာနှင့် ဘီကိုးလ်ရေလက်ကြား ပို့ဆောင်ရေးကို ရပ်ထားရပြီး လေယာဉ်ငယ်များမြေပေါ်တွင် ရပ်နားထားရသည်။ မြို့တော်နှင့် အနီးအနား ပြည်နယ်များတွင် ကျောင်းများပိတ်ထားရသည်။ လူပေါင်း ၁၁၀,၀၀၀ နေထိုင်သော ဒေသဖြစ်သည့် ရီအယ်လ်၊ အင်ဖင်တာနှင့် ဂျနရယ်နေကာတို့တွင် ကယ်ဆယ်ရေးစခန်းများဖွင့်ထားသည်။

ရေလွှမ်းမိုးမှုဒဏ်ကို ခံနေရသည့် ဖိလစ်ပိုင်နိုင်ငံရှိ ဒေသများတွင်ဖြစ်ပွားနေသော ရောဂါများကိုတိုက်ဖျက်ရန်အတွက် နောက်ထပ်အရေးပေါ် အကူအညီအဖြစ် အမေရိကန်ဒေါ်လာ ရှစ်သန်းကျော်ပံ့ပိုးပေးကြပါရန် နိုင်ငံတကာအကူအညီပေးရေးအဖွဲ့များက မေတ္တာရပ်ခံလိုက်သည်။ ဖိလစ်ပိုင်ပြည်သူ ၃ ဒသမ ၆ သန်းဘေးအန္တရာယ်ဖြင့် ရင်ဆိုင်ကြုံတွေ့နေရကြောင်းဖြင့် ၎င်းအဖွဲ့က ပြောကြားသည်။

သိန်းဝင်းဇော်

ဖေခင်၊ ဦး (မဟာသရေစည်သူ) (ခရစ်နှစ် ၁၉၁၂-၂၀၀၄)။ ။ မဟာသရေစည်သူဦးဖေခင်ကို ဖခင် ဦးအလီ၊ မိခင်ဒေါ်တုတ်တို့က ၁၉၁၂ ခုနှစ်၊ သြဂုတ်လ ၂၇ ရက်နေ့တွင် ပျော်ဘွယ်မြို့နယ်၊ ဆွဲမှန်ကျေးရွာ၌ မွေးဖွားသည်။

ဦးဖေခင်သည် ရန်ကုန်တက္ကသိုလ်တွင် ပညာသင်ယူပြီး ဘီအေဘွဲ့နှင့် ဘီအယ်လ်ဘွဲ့များရရှိသည်။ စစ်ကြီးအပြီးတွင်ဖဆပလရွှေတိဂုံအလယ်ပစ္စယံညီလာခံကြီးသို့ ဗမာမွတ်ဆလင်ကွန်ဂရက်၏ ကိုယ်စားလှယ်အဖြစ်တက်ရောက်သည်။ ထိုစဉ်က အင်္ဂလိပ်တို့၏ စက္ကူဖြူစာတမ်းအရ မြန်မာပြည်ကို လွတ်လပ်ရေးပေးရာတွင် တောင်တန်းနယ်ဒေသများကို ချန်လှပ်ထားခဲ့ရန် အစီအစဉ်အား တိုက်ဖျက်လိုသဖြင့် ညီလာခံ၌ တောင်တန်းနယ်ဒေသနှင့် မြန်မာပြည်မပူးပေါင်းရေးအဆိုတစ်ရပ်တင်သွင်းသည်။

ဦးဖေခင်သည် ဖဆပလအဖွဲ့ချုပ်အလုပ်အမှုဆောင်အဖွဲ့ဝင်အဖြစ်လည်းကောင်း၊ ဖဆပလဦးစီးအဖွဲ့ဝင်အဖြစ်လည်းကောင်း၊ ဖဆပလအဖွဲ့ချုပ်အတွင်းရေးမှူးအဖြစ်လည်းကောင်း၊ တာဝန်များထမ်းဆောင်စဉ် ပင်လုံစာချုပ်ဖြစ်ပေါ်လာရေးအတွက်



မဟာသရေစည်သူ ဦးဖေခင်

အဓိကအခန်းကဏ္ဍက ပါဝင်လှုပ်ရှားသည်။ ဗိုလ်ချုပ်အောင်ဆန်းလုပ်ကြံခံရပြီးနောက်သခင်နုဦးဆောင်သောအစိုးရအဖွဲ့ဝင်ဝန်ကြီးတစ်ဦးအဖြစ် ဆောင်ရွက်သည်။

ဦးဖေခင်သည် ၁၉၄၇ ခုနှစ်တွင် ပါကစ္စတန်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးအဖြစ်တာဝန်ထမ်းဆောင်ပြီး ထိုင်းနိုင်ငံ၊ ဖိလစ်ပိုင်နိုင်ငံ၊ လာအိုနိုင်ငံ၊ကမ္ဘောဒီးယားနိုင်ငံ၊ ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့၊ အီဂျစ်နိုင်ငံ၊ ဆီးရီးယားနိုင်ငံ၊ ရုရှနိုင်ငံ၊ ချက်ကိုစလိုဗားကီးယားနိုင်ငံ၊ ပိုလန်နိုင်ငံ၊ မလေးရှားနိုင်ငံနှင့် စင်ကာပူနိုင်ငံတို့တွင် မြန်မာသံအမတ်ကြီးအဖြစ် ၂၅ နှစ်ကြာမျှ တာဝန်ထမ်းဆောင်သည်။ ၁၉၇၂ ခုနှစ်တွင် သံအမတ်ကြီးအဖြစ်မှ အငြိမ်းစားယူသည်။

ဦးဖေခင်သည် စာပေများရေးသားပြုစုခဲ့ရာ ပြုစုခဲ့သော စာအုပ်များမှာ ကိုယ်တွေ့ပင်လုံ၊ Pinlon An Inside Story၊ ဖဆပလရွှေတိဂုံညီလာခံပင်လုံစာချုပ်မျိုးစေ့၊ဘက်မလိုက်ဝါဒနှင့်ဗမာပြည်တို့ဖြစ်သည်။

အငြိမ်းစားသံအမတ်ကြီး သက်ကြီးစာပေပညာရှင် ဦးဖေခင်သည် နိုင်ငံတော်က ချီးမြှင့်သော မဟာသရေစည်သူဘွဲ့နှင့် နိုင်ငံဂုဏ်ရည်ဘွဲ့ (ပထမဆင့်)တို့ကို ရရှိသည်။

ကျင်းပနေသော အမျိုးသားညီလာခံတွင် အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များအစုအဖွဲ့ အဖွဲ့ဝင်တစ်ဦးအဖြစ် ပါဝင်တက်ရောက်သည်။

အငြိမ်းစားသံအမတ်ကြီး သက်ကြီးစာပေပညာရှင် မဟာသရေစည်သူ ဦးဖေခင်သည် ၂၀၀၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၅ ရက်နေ့တွင် ရန်ကုန်မြို့၌ ကွယ်လွန်သည်။ ကွယ်လွန်ချိန်တွင် ဇနီးဒေါ်မေမေခင်နှင့် သားနှစ်ဦးကျန်ရစ်သည်။

ဦးစိုးအောင်

ဗိုယက်နမ်နိုင်ငံ။ ။ဗိုယက်နမ်နိုင်ငံသည် ဒိန်ဘင်ဖူးအောင်ပွဲနှစ် (၅၀)ပြည့်နှစ်ပတ်လည်နေ့ အခမ်းအနားကို နိုင်ငံခေါင်းဆောင်များနှင့် နိုင်ငံခြားကိုယ်စားလှယ်များတက်ရောက်ကြလျက် မေလ (၅) ရက်နေ့က ကြီးကျယ်ခမ်းအနားစွာ ကျင်းပခဲ့သည်။ ယင်းအခမ်းအနား၌ သမ္မတထရန်ဒတ်လောင် ပြောကြားသော မိန့်ခွန်းတွင် ဒိန်ဘင်ဖူးအောင်ပွဲသည် ၂၀ ရာစုနှစ်အတွင်း ဗိုယက်နမ်ပြည်သူများ၏ သူရသတ္တိပြောင်မြောက်သောအောင်ပွဲတစ်ခုဖြစ်ကြောင်းပြောကြားသည်။ ထို့ပြင် ကိုလိုနီနယ်ချဲ့စနစ် ပြိုကွဲမှုအစနှင့် ကမ္ဘာတွင်အမျိုးသားလွတ်မြောက်ရေးလှုပ်ရှားမှုကိုအခိုင်အမာလှုံ့ဆော်မှု အစလည်းဖြစ်ကြောင်း ထပ်မံပြောကြားသည်။ ဒိန်းဘင်ဖူးကို (၅၅) ရက်ကြာဝိုင်းထားပြီးနောက် ပြင်သစ်တပ်ဖွဲ့ဝင် ၁၆၀၀၀ ကျော်ကို ဗိုယက်နမ်တပ်ဖွဲ့ဝင် ၅၅၀၀၀ ခန့်က ၁၉၅၄ ခုနှစ် မေ (၇) ရက်၌ တိုက်ထုတ်ပြီးအနိုင်ယူခဲ့သည်ဟုဆိုသည်။

တတိယအကြိမ်မြောက် နိုင်ငံတကာမြို့တော်များဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ မဟာဗျူဟာ (စီဒီအက်စ်) ညီလာခံကို ဗိုယက်နမ်နိုင်ငံ ဟနွိုင်းမြို့၌ ၂၄. ၁၁. ၂၀၀၄ ရက်နေ့က ဖွင့်လှစ်ခဲ့သည်။ အဆိုပါညီလာခံသို့ တက်ရောက်သော နိုင်ငံနှင့်ဒေသ ၂၅ခုမှကိုယ်စားလှယ်များသည် မြို့ပြကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။ မြို့တော်ဖွံ့ဖြိုးရေးအတွေ့အကြုံများ အထူးသဖြင့် ကမ္ဘာတစ်ဝန်းလုံးတွင် မြို့ပြတည်ဆောက်ရေး အတွေ့အကြုံများကို ဤညီလာခံ၌ မျှဝေကြပြီး မြို့ပြဒေသများတွင် ဆင်းရဲနွမ်းပါးမှုကို အကောင်းဆုံးစံပြဖြေရှင်းမည့် နည်းလမ်းကိုရှာကြံရန် ဗိုယက်နမ် ဒုတိယဝန်ကြီးချုပ်ဒုယင်တန်ဒန်က ပြောကြားသည်။

ဗိုယက်နမ်စစ်အတွင်းကသေဆုံးခဲ့သည့်အမေရိကန်ငါးဦးတို့၏ ရုပ်ကလာပ်များကိုနေရင်း နိုင်ငံသို့ ပြန်ပို့ရန်နှင့် မည်သူမည်ဝါ၏ အလောင်းဖြစ်သည်ကို စစ်ဆေးဖော်ထုတ်ရန်အတွက် အမေရိကန်အာဏာပိုင်များ ရောက်ရှိခဲ့ကြောင်း ဗိုယက်နမ်ရှိ အမေရိကန်သံရုံးက ပြောကြားခဲ့သည်။ ၁၉၈၆ ခုနှစ်မှအစပြုပြီးတိုက်ပွဲများတွင် ပျောက်ဆုံးခဲ့သည့် အမေရိကန်တို့၏ ကံကြမ္မာကိုသိရှိနိုင်ရန် ဗိုယက်နမ်နှင့် အမေရိကန်အစိုးရတို့ ပူးပေါင်းဆောင်ရွက်လျက်ရှိကြသည်။ ဗိုယက်နမ်စစ်ပွဲ၌ အမေရိကန် ၅၈၀၀၀ ကျော် သေဆုံးခဲ့ပြီး ဗိုယက်နမ်လူမျိုးသုံးသန်းခန့် သေဆုံးခဲ့ကြရသည်။

နိုင်ငံတကာဆက်ဆံရေး- ဗိုယက်နမ်နိုင်ငံသည် အာရှဥရောပအဖွဲ့ဝင်နိုင်ငံများနှင့် စီးပွားရေးလုပ်ငန်းပူးပေါင်းဆောင်ရွက်မှု ခိုင်မာတောင့်တင်းရန် ဆန္ဒရှိကြောင်း



ဗိယက်နမ်နိုင်ငံတောင်ပိုင်းတွင် ဖြစ်ပွားသော ကြက်ငှက်တုပ်ကွေးရောဂါတားဆီးရေးဆောင်ရွက်နေစဉ်

ဗိယက်နမ်နိုင်ငံ ဒုတိယဝန်ကြီးချုပ်က အောက်တိုဘာ (၅) ရက်နေ့ ညဘ်ခ ကျင်းပခဲ့သော ၂၀၀၄ ခုနှစ် အာဆီယံ ကုန်သွယ်ရေးပြပွဲ ဖွင့်ပွဲအခမ်းအနားတွင် ပြောကြားခဲ့သည်။ ဤပြပွဲပြီးစီးပါက (၅)ကြိမ်မြောက် အာရှ ဥရောပအဖွဲ့ဝင်များ တွေ့ဆုံဆွေးနွေးပွဲ ဆက်လက် ပြုလုပ်ရန်ရှိကြောင်းနှင့် ယခုပြပွဲသည် မိမိတို့နိုင်ငံ၏ ပြင်ပကမ္ဘာနှင့် စီးပွားရေးတိုးမြှင့်ဆောင်ရွက်လိုသည့် မိမိတို့၏ဆန္ဒကို ထုတ်ဖော်ပြသသည့် ပြပွဲဖြစ်ကြောင်း၊ ဥရောပသည် အရေးကြီးဆုံးသော စီးပွားဖက်ဖြစ်ကြောင်း ဗိယက်နမ်နိုင်ငံ ဒုတိယဝန်ကြီးချုပ်က ပြောကြား ခဲ့သည်။

မိမိတို့သည် အာဆီယံစီးပွားရေး အသိုက်အဝန်း တစ်ရပ်ထူထောင်ရန် ရည်မှန်းထားကြောင်းနှင့် ထို ရည်မှန်းချက်များ ပြည့်စုံအောင်မြင်စေရန်အတွက် စီးပွားရေးလုပ်ငန်းများ ဖလှယ်ခြင်း၊ ကုန်စည်ပြပွဲများ နှင့် ပြပွဲများအပြန်အလှန်ကျင်းပခြင်းတို့သည် အလွန် အရေးကြီးကြောင်းဒုတိယဝန်ကြီးချုပ်ကပြောကြားသည်။

ဗိယက်နမ်နိုင်ငံနှင့် ဘရာဇီးနိုင်ငံတို့သည်ကုန်သွယ်ရေးသိပ္ပံနည်းပညာနှင့် ရင်းနှီးမြှုပ်နှံမှုတို့တွင် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုကို ပိုမိုတိုးချဲ့ဆောင်ရွက်သွားရန် ဆုံးဖြတ်ကြောင်း ဘရာဇီးနိုင်ငံ၌ နိုဝင်ဘာ (၁၇) ရက်နေ့ကပြုလုပ်သော အစည်းအဝေးတွင် ဗိယက်နမ်သမ္မတထရန်ဒတ်လောင်းနှင့် ဘရာဇီးသမ္မတလူဝစ်အင်နာစီယိုဒါဆင်လ်ဗာတို့က ပြောဆိုသည်။ သမ္မတထရန်ဒတ်လောင်သည် ဘရာဇီးနိုင်ငံသို့ နိုဝင်ဘာ (၁၅) ရက်နေ့၌ ရောက်ရှိလာခဲ့ပြီး နိုဝင်ဘာ (၁၇) ရက်နေ့က ၎င်း၏ ခရီးစဉ်ပြီးဆုံးသွားသည်။ နှစ်နိုင်ငံဆက်ဆံရေးများမကြာမီက ဖွံ့ဖြိုးတိုးတက်မှုများကိုခေါင်းဆောင်နှစ်ဦးတို့က ခိုးကျူးပြောဆိုခဲ့ကြသည်။

နှစ်နိုင်ငံခေါင်းဆောင်နှစ်ဦးသည် လယ်ယာလုပ်ငန်းနှင့် မွေးမြူရေးလုပ်ငန်းနည်းစနစ်ပညာလွှဲပြောင်းပေးခြင်း၊ လယ်ယာထုတ်လုပ်မှုလုပ်ငန်းစဉ်၊ စိုက်ပျိုးရေးကဏ္ဍ၊ သီပွဲသုတေသန၊ စက်ပစ္စည်းပိုင်းဆိုင်ရာ ထုတ်လုပ်ခြင်းအပြင် အီသာနောထုတ်လုပ်မှုတို့အပါအဝင်စီးပွားရေးဆက်ဆံမှုများ တိုးမြှင့်ရန် သဘောတူခဲ့ကြသည်။ ထို့ပြင် ခေါင်းဆောင်နှစ်ဦးတို့သည် ဘက်ပေါင်းစုံ ဖိုရမ်များတွင် ညှိနှိုင်းမှုနှင့် ပူးပေါင်းဆောင်ရွက်မှုခိုင်မာစေရန်လည်း သဘောတူခဲ့ကြသည်။ ဘရာဇီးသမ္မတဒါဆင်လ်ဗာသည် ၂၀၀၈-၂၀၀၉ သက်တမ်းအတွက် ကုလသမဂ္ဂလုံခြုံရေးကောင်စီ၌ အမြဲတမ်းအဖွဲ့ဝင်မဟုတ်သောနေရာအတွက် ဗိယက်နမ်နိုင်ငံ၏ ကြိုးစားမှုကို ထောက်ခံကြောင်း ပြောကြားသည်။

အရှေ့တောင်အာရှနိုင်ငံများအသင်း (အာဆီယံ)၏ လေးနိုင်ငံဖြစ်သော ကမ္ဘောဒီးယား၊ လာအို၊ မြန်မာနှင့် ဗိယက်နမ် (စီအယ်လ်အမ်ဗွီ)တို့သည် ၎င်းတို့၏ ဒေသခွဲဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုကို တိုးမြှင့်သွားရန် နိုဝင်ဘာ (၂၈) ရက်နေ့က သန္နိဋ္ဌာန်ပြုခဲ့ကြသည်။ ထိုသို့ ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် အခြားအာဆီယံ (၆) နိုင်ငံနှင့် ဖွံ့ဖြိုးမှုကွာဟချက်ကို ကျဉ်းမြောင်းသွားစေမည်ဟုဆိုသည်။ အစည်းအဝေး၌ ကမ္ဘောဒီးယား၊ လာအို၊ မြန်မာနှင့် ဗိယက်နမ်နိုင်ငံတို့အတွင်း စီးပွားရေးပူးပေါင်းဆောင်ရွက်မှုနှင့် ပေါင်းစည်းမှုတိုးမြှင့်ရေးဆိုင်ရာဗီယင်ကျန်းကြေညာချက်ကို လေးနိုင်ငံဝန်ကြီးချုပ်များက လက်မှတ်ရေးထိုးခဲ့ကြသည်။ (၁၀) ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးမတိုင်မီတစ်ရက်ဖြစ်သော တနင်္ဂနွေနေ့၌ ဗီယင်ကျန်းတွင် စီအယ်လ်အမ်ဗွီအစည်းအဝေးကို ကျင်းပခဲ့ခြင်းဖြစ်သည်။

ကြေညာချက်သည် စီအယ်လ်အမ်ဗွီအတွင်း အပြန်အလှန်အထောက်အကူပေးမှုနှင့် ညှိနှိုင်းဆောင်ရွက်မှုခိုင်မာရေးအတွက် လမ်းညွှန်ချက်ဖြစ်ကြောင်း ထို့အပြင် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေးအတွက်လည်း ယင်းကြေညာချက်က လမ်းညွှန်မှုတစ်ရပ်ဖြစ်မည်ဟုဆိုသည်။ ယင်းသဘောတူညီချက်အရ အဆိုပါလေးနိုင်ငံသည် ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှု၊ စိုက်ပျိုးရေး၊ စက်မှုလုပ်ငန်း၊ စွမ်းအင်၊ ပို့ဆောင်ရေး၊ ပြန်ကြားရေးနည်းပညာ၊ ခရီးသွားလုပ်ငန်းနှင့် လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးရေးတွင် ဦးစားပေးဆောင်ရွက်သွားကြမည်ဖြစ်သည်။

စီးပွားရေး- ဗိယက်နမ်နိုင်ငံ စီးပွားရေးမှာ ဇွန်လ ၂၀ ရောက်ချိန်တွင် ယခုနှစ်၏ ပထမခြောက်လအတွင်း နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု အမေရိကန်ဒေါ်လာ ၁ ဒသမ ၄၇ ဘီလီယံနီးပါးကို ဗိယက်နမ်နိုင်ငံက ဆွဲဆောင်နိုင်ခဲ့ရာမှ နှစ်အလိုက်အားဖြင့် ၁၁ ဒသမ ၄ ရာခိုင်နှုန်းမြင့်တက်ခဲ့သည်။ ထိုကာလအပိုင်းအခြားအတွင်း ဗိယက်နမ်နိုင်ငံသည် အသစ်ခွင့်ပြုသော စီမံကိန်းသစ် ၂၅၉ ခု ရင်းနှီးမြှုပ်နှံမှု ဒေါ်လာ ၇၅ ဒသမ ၅ သန်းကျော်ကို ဆွဲဆောင်ရရှိခဲ့ပြီးဖြစ်ကြောင်း လုပ်ငန်းလည်ပတ်မှု စီမံကိန်းနှင့် ရင်းနှီးမြှုပ်နှံမှုဝန်ကြီးဌာနက ဇွန် ၂၅ ရက်နေ့၌ ပြောကြားသည်။

ဗိယက်နမ်နိုင်ငံ၏ နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု (အက်ဖ်ဒီအိုင်)သည် ၂၀၀၄ ခုနှစ် ပထမ (၉) လတွင် အမေရိကန်ဒေါ်လာ ၂ ဒသမ ၉၇ ဘီလီယံရှိလာကြောင်း၊ နှစ်ချင်းအလိုက် ၄၁ ရာခိုင်နှုန်းတိုးတက်ခဲ့ကြောင်း သိရသည်။ အဆိုပါ ကာလတွင် ဗိယက်နမ်နိုင်ငံသည် လုပ်ငန်းအသစ် ၅၁၈ ခု ရင်းနှီးမြှုပ်နှံမှုမှ ဒေါ်လာ ၁ ဒသမ ၆၇ ဘီလီယံ လက်ရှိဆောင်ရွက်နေသောလုပ်ငန်း ၃၄၂ ခုမှ ဒေါ်လာ ၁

ဒသမ ၃ ဘီလီယံရရှိထားကြောင်း စီမံကိန်းနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ဝန်ကြီးဌာနက အောက်တိုဘာ (၂) ရက်နေ့၌ ပြောကြားသည်။ အက်ဖ်ဒီအိုင်၏ အများဆုံးမှာ စက်မှုလုပ်ငန်း၊ ဆောက်လုပ်ရေးနှင့် ဝန်ဆောင်မှုလုပ်ငန်းဖြစ်ပြီး ဗီယက်နမ်နိုင်ငံ၏ ပထမသုံးလတွင် အများဆုံးရင်းနှီးမြှုပ်နှံသူများမှာ တရုတ် (တိုင်ပေ)၊ ကနေဒါ၊ တောင် ကိုရီးယားနှင့် ဂျပန်တို့ ပါဝင်ကြသည်။

ဗီယက်နမ်နိုင်ငံတွင် လေဆာပုံနှိပ်စက်များ ထုတ်လုပ်ရန်အတွက် စက်ရုံသစ်တစ်ရုံတည်ဆောက်သွားရန် စီစဉ်ထားကြောင်း ကင်နွန်ကုမ္ပဏီက ဒီဇင်ဘာ ၁၂ ရက်နေ့တွင် ကြေညာသည်။ စက်ရုံ သည် ယန်းငွေ ၅ ဘီလီယံ၊ အမေရိကန်ဒေါ်လာ ၄၇ ဒသမ ၇ သန်း ဝန်းကျင်ကုန်ကျမည်ဖြစ်ပြီး ဗီယက်နမ်နိုင်ငံမြောက်ပိုင်း ဘက်ညင်ပြည်နယ်ရှိ စက်မှုဇုန်တွင် တည်ဆောက်သွားမည်ဖြစ်ကြောင်း ၎င်းကုမ္ပဏီက ပြောကြားသည်။ စက်ရုံသစ်သည် လစဉ်ပုံနှိပ်စက်လုံးရေ ၇၀၀၀၀ ထုတ်လုပ်နိုင်စွမ်းရှိကြောင်း သိရသည်။

ကျန်းမာရေး- ဗီယက်နမ်နိုင်ငံတွင် လွန်ခဲ့သည့် ၁၀နှစ်အတွင်း မိခင်အသေအပျောက်နှုန်းသည် ဝ ဒသမ ဝ၁ ရာခိုင်နှုန်းရှိနေဆဲဖြစ်ကြောင်း လူဦးရေမိသားစုနှင့် ကလေးများဆိုင်ရာ အမျိုးသားကော်မတီက ဇူလိုင် (၈) ရက်နေ့တွင် ကြေညာသည်။ တစ်နည်းအားဖြင့် ဆိုရလျှင် ဗီယက်နမ်၌ ယင်းကာလအတွင်း သေဆုံးခဲ့သည့် ကိုယ်ဝန်ဆောင်မိခင် ၂၇၀၀ ရှိသည်ကို တွေ့ရသည်။ မည်သို့ပင်ဖြစ်စေ အသေအပျောက်နှုန်းသည် ၂၀၀၃ ခုနှစ်တွင် ဝ ဒသမ ဝဝ၇ အထိကျဆင်းခဲ့သည်။ သေဆုံးမှုအများစုမှာ ဓမ္မတာမမှန်ခြင်း၊ ကူးစက်ရောဂါဖြစ်ခြင်းနှင့် မေးခိုင်ရောဂါတို့ကြောင့်ဖြစ်သည်။ အသေအပျောက်နှုန်းမြင့်မားမှု၏ အဓိကအကြောင်းရင်းမှာ မီးမဖွားမီစမ်းသပ်စစ်ဆေးမှုမရှိခြင်း၊ နေထိုင်မှုအခြေအနေ သန့်ရှင်းမှုမရှိခြင်းနှင့် ကိုယ်ဝန်ဆောင်မိခင်များအတွင်း မီးဖွားမှုဆိုင်ရာ ကျန်းမာရေးဗဟုသုတနည်းပါးခြင်း တို့ကြောင့်ဖြစ်ပေသည်။



ဗီယက်နမ်နိုင်ငံရှိ ရေနံထုတ်လုပ်ရေးလုပ်ငန်းခွင်တစ်ခုဖြင်ကွင်း

၂၀၃

ဗီယက်နမ်နိုင်ငံတွင် ၂၀၀၄ ခုနှစ်၊ နှစ်ဦးပိုင်းမှစ၍ ခြင်မှကူးစက်သော သွေးလွန်တုပ်ကွေးရောဂါဖြင့် သေဆုံးသူပေါင်း ၈၇ ဦး ရှိသွားပြီဖြစ်ရာ ယမန်နှစ် အလားတူကာလအတွင်း သေဆုံးနှုန်းထက် ၆၄ ရာခိုင်နှုန်း ပိုလာကြောင်း တရားဝင်သတင်းတစ်ရပ်က ဆိုသည်။ ထိုသတင်းအရ ရောဂါကူးစက်သူ ခြောက်သောင်းနီးပါးအနက်ထဲမှ သေဆုံးကြသူများဖြစ်ပြီး ကူးစက်နှုန်းမှာလည်း ယခင်နှစ်များကထက် ၈၃ ရာခိုင်နှုန်းပိုလာသည်ဟု ကျန်းမာရေးဝန်ကြီးဌာနမှ ကူးစက်ရောဂါဌာနအကြီးအကဲ ထရန်ဟန်းက ပြောကြားသည်။ ခြင်များပေါက်ဖွားရန် အကောင်းဆုံးဖြစ်သော စိုထိုင်းသည့် မဲခေါင်မြစ်ဝှမ်းဒေသ၌ သွေးလွန်တုပ်ကွေးရောဂါအများဆုံးဖြစ်ပွားလျက်ရှိရာ တစ်နိုင်ငံလုံးဖြစ်ပွားသူများ၏ ၉၅ ရာခိုင်နှုန်းကျော်ရှိသည်ဟု ထရန်ဟန်းက ပြောသည်။

ဗီယက်နမ်နိုင်ငံ တောင်ပိုင်းတွင်လည်း ဖြစ်ပွားလျက်ရှိသော ကြက်ငှက်တုပ်ကွေးရောဂါတားဆီးရန်အတွက် ကြက်ငှက်ကောင်ရေပေါင်း ၄၀၀၀ မျှကို သတ်ဖြတ်ခဲ့ရကြောင်း ဗီယက်နမ်အာဏာပိုင်များ၏ ပြောကြားချက်အရသိရသည်။ မဲခေါင်ဒေသရှိ ကြက်ငှက်မွေးမြူရေးခြံများသို့ ရောဂါကူးစက်မှုမရှိစေရန် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်လုပ်ဆောင်လျက်ရှိသည်။ ဗီယက်နမ်တွင် ယခုဖြစ်ပွားလျက်ရှိသော ကြက်ငှက်တုပ်ကွေးရောဂါကြောင့် မည်သည့် လူသားတစ်ဦးတစ်ယောက်ကိုမျှ ဒုက္ခပေးသည်ဟူသော သတင်းများကိုကြားသိရခြင်းမရှိကြောင်း နောက်ပိုင်းဖြစ်ပွားသော ရောဂါကူးစက်မှုအခြေအနေကို နိုင်နင်းစွာ ထိန်းသိမ်းထားနိုင်မည်ဖြစ်ကြောင်း အာဏာပိုင်များက ကြေညာခဲ့သည်။ ကုလသမဂ္ဂ ကျန်းမာရေးအေဂျင်စီနှင့် ဗီယက်နမ်အစိုးရတို့သည် ရောဂါ ဖြစ်ပွားမှုအခြေအနေကို စဉ်ဆက်မပြတ် ထောက်လှမ်းနိုင်စေရန် အမြဲတမ်းရောဂါထောက်လှမ်းရေးအဖွဲ့တစ်ဖွဲ့၊ ဖွဲ့စည်းထားရှိပြီး ထောက်လှမ်းသွားနိုင်ရန် စီစဉ်လျက်ရှိကြောင်း သိရသည်။

မူးယစ်ဆေး- ဗီယက်နမ်နိုင်ငံ၌ မူးယစ်ဆေးဝါးကုန်ကူးသည့် အင်အားအကြီးဆုံးဂိုဏ်းကြီးကို ရဲတပ်ဖွဲ့က

ဖြိုခွဲခဲ့ပြီး လူ (၄၈) ယောက်ကို ဖမ်းဆီးခဲ့ကြောင်း ၎င်းနိုင်ငံပိုင် သတင်းစာများက ဖော်ပြခဲ့ကြသည်။ ၁၉၉၈ ခုနှစ်မှ ၂၀၀၃ ခုနှစ် ဩဂုတ်လအတွင်း ထိုဂိုဏ်းသည်ဗီယက်နမ်တစ်ဝန်းရောင်းချရန် ကမ္ဘောဒီးယားမှ ဘိန်းဖြူ ၈၈၈ ကီလိုဂရမ်ကို သွင်းခဲ့ကြောင်း ကွမ်ဒွိုင်နန်ဒန်သတင်းစာက ဖော်ပြခဲ့သည်။ တစ်နှစ်ကြာစစ်ဆင်ရေးလုပ်နေစဉ် ကာလအတွင်း ဖမ်းမိခဲ့သည့် မူးယစ်ဆေးဝါးကုန်ကူးသူများကို မကြာမီစွဲချက်တင်မည်ဖြစ်သည်။ ကျန်ဂိုဏ်းဝင် ၂၀ ကိုလည်း ရဲတပ်ဖွဲ့က ဆက်လက်ရှာဖွေဆဲဖြစ်သည်ဟု သိရသည်။ ထို မူးယစ်ဆေးဝါးကုန်ကူးသန်းခြင်းနှင့် လူသတ်မှုကျူးလွန်ခဲ့ခြင်းတို့အတွက် အမျိုးသားလေးဦးနှင့် အမျိုးသမီးတစ်ဦးတို့ကို ဗီယက်နမ်၌ ကွပ်မျက်လိုက်ကြောင်း တရားရုံးအရာရှိတစ်ဦးက ပြောသည်။ သို့ဖွပ်ကွပ်မျက်ကွင်း၌ ကွပ်မျက်လိုက်ခြင်းဖြစ်သည်ဟုဆိုသည်။ ဗီယက်နမ်၌ ၂၀၀၄ ခုနှစ်အတွင်း လူပေါင်း ၉၉ ဦးထက်မနည်းကို သေဒဏ်ချမှတ်ခဲ့ပြီး ၆၉ ဦးကိုကွပ်မျက်ခဲ့ပြီးဖြစ်ကြောင်း အစိုးရမီဒီယာနှင့် တရားရုံးအရာရှိများထံမှ သိရသည်။

သိန်းဝင်းဇော်

ပုဒ္ဓသာသနာတော်သန့်ရှင်းတည်တံ့ ပြန့်ပွားရေး ဆောင်ရွက်ချက်များ (၂၀၀၄)။ ။ပြည်ထောင်စုမြန်မာနိုင်ငံတော်တွင် ပုဒ္ဓသာသနာတော်မြတ်ကြီးသည် နေအထောင်လအထောင်မကတောက်ရှန်းထွန်းပဝေစည်လျက်ရှိနေသည်သာဖြစ်ပါသည်။ ၁၉၈၀ ပြည့်နှစ် ပထမအကြိမ် ဂိုဏ်းပေါင်းစုံသံဃာ့ အစည်းအဝေးကြီးက အတည်ပြုပြဋ္ဌာန်းခဲ့သော သံဃာ့ အဖွဲ့အစည်းအခြေခံစည်းမျဉ်းနှင့် လုပ်ထုံးလုပ်နည်းများအရ သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်တို့သည် သာသနာတော်သန့်ရှင်းရေး၊ တည်တံ့ရေး၊ ပြန့်ပွားရေးလုပ်ငန်းရပ်များကို တစိုက်မတ်မတ် ကြိုးပမ်းထမ်းဆောင်တော်မူခဲ့ကြသည်။ ၂၀၀၄ ခုနှစ်အတွင်းတွင် သာသနာ့ဦးသျှောင်ဆရာတော် သံဃာတော်မထေရ်မြတ်များနှင့် နိုင်ငံတော်အစိုးရဦးဆောင်သော တိုင်းရင်းသားဗိုလ်လူ

ပြည်သူအများတို့၏ ဗုဒ္ဓသာသနာတော်အရပ်ရပ် အတွက် ဆရာဒကာညီညာလက်တွဲအားခဲ ဆောင်ရွက် မှုတို့မှာ ကျေနပ်အားရရွှင်ပြနုမော်သာဓုခေါ်ဘွယ်ရာ သာဖြစ်သည်။

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (၄၇)ပါး စုံညီ အစည်းအဝေးများ

နိုင်ငံတော်သံဃမဟာနယကအဖွဲ့ (၄၇)ပါး စုံညီ အစည်းအဝေးများကို ပုံမှန်အားဖြင့် လေးလလျှင် တစ်ကြိမ်၊ ရန်ကုန်မြို့၊ ကမ္ဘာအေးကုန်းမြေ၊ ဝိဇယ မင်္ဂလာဓမ္မသဘင်တွင် ကျင်းပရာ ၂၀၀၄ ခုနှစ်အတွင်း တွင် အောက်ဖော်ပြပါအတိုင်း (၃) ကြိမ် ကျင်းပ၍၊ ဝိနိစ္ဆယရေးရာ၊ သာသနာရေးရာ၊ ပညာရေးရာများကို ညှိနှိုင်းဆွေးနွေးဆုံးဖြတ်တော်မူခဲ့ကြသည်-

(က) ပဉ္စမအကြိမ် နိုင်ငံတော်သံဃမဟာနာယက အဖွဲ့ ၄၇ ပါး စုံညီဒသမအစည်းအဝေး (၂၃-၂-၂၀၀၄ မှ ၂၈-၂-၂၀၀၄ ထိ)

(ခ) ပဉ္စမအကြိမ် နိုင်ငံတော်သံဃမဟာနာယက အဖွဲ့ ၄၇ပါးစုံညီဧကာဒသမအစည်းအဝေး (၁၆-၇-၂၀၀၄ မှ ၁၇-၇-၂၀၀၄ ထိ)



နဝမအကြိမ်သာသနာ့တက္ကသိုလ်ဘွဲ့နှင်းသဘင်အခမ်းအနားတွင် နာယကချုပ်ဆရာတော်က ဓမ္မာစရိယဘွဲ့လက်မှတ်အပ်နှင်းစဉ်

(ဂ) ပဉ္စမအကြိမ် နိုင်ငံတော်သံဃမဟာနာယက အဖွဲ့ ၄၇ ပါးစုံညီဒွါဒသမ အစည်းအဝေး (၃-၁၂-၂၀၀၄ မှ ၄-၁၂-၂၀၀၄ ထိ)

ပဉ္စမအကြိမ်နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ စတုတ္ထအစည်းအဝေး

ပဉ္စမအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ စတုတ္ထအစည်းအဝေးကို ၁၃၆၅ ခုနှစ်၊ တပေါင်းလဆန်း (၁၁) ရက် (၁-၃-၂၀၀၄) တနင်္လာနေ့မှစ၍ တပေါင်းလဆန်း (၁၃)ရက် (၃-၃-၂၀၀၄) ဗုဒ္ဓဟူးနေ့အထိ ကမ္ဘာအေးကုန်းမြေ မဟာပါသာဏာလိုဏ်ဂူတော်ကြီး၌ ကျင်းပရာ နိုင်ငံတော်ဩဝါဒါစရိယဆရာတော်ကြီးများ၊ နိုင်ငံတော်သံဃမဟာ နာယကဆရာတော်ကြီးများ၊ နိုင်ငံတော်ဗဟိုသံဃာဝန်ဆောင်ဆရာတော်များ၊ ပြည်ပနိုင်ငံမှ ပရဒေသီ (အိန္ဒိယ) ဗဟိုဝန်ဆောင်ဆရာတော်တို့ တက်ရောက်တော်မူကြသည်။ အစည်းအဝေးသို့ သာသနာရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်၊ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် သူရအောင်ကိုနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေး ဒုတိယနေ့တွင် ရန်ကုန်တိုင်း၊ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ တက်ရောက်၍ မဟာဝိဇယစေတီတော်မြတ်ကြီး၏ တည်ထားကိုးကွယ်မှု၊ ဘက်စုံစည်ပင်ဖွံ့ဖြိုးတိုးတက်မှုနှင့် ပတ်သက်၍ လျှောက်ထားပါသည်။

ပဉ္စမအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် အဖွဲ့ စတုတ္ထအစည်းအဝေးကြီးက အောက်ဖော်ပြပါ ကိစ္စရပ်များကို တညီတညွတ်တည်း ဆုံးဖြတ်ဆောင်ရွက်တော်မူကြသည်-

(က) ရွေးချယ်တင်မြှောက်ခြင်း	(၁) ရပ်
(ခ) မှတ်တမ်းတင်ခြင်း	(၈) ရပ်
(ဂ) အတည်ပြုခြင်း	(၇) ရပ်
(ဃ) ဆုံးဖြတ်ချက်	(၁) ရပ်

ဝိနိစ္ဆယရေးရာ၊ သာသနာရေးရာ၊ ပညာရေးရာလုပ်ငန်းများ ဆောင်ရွက်ခြင်း

ပဉ္စမအကြိမ် နိုင်ငံတော်သံဃမဟာနာယက အဖွဲ့သည် ပဉ္စမအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ကို တာဝန်ခံလျက် ပဉ္စမအကြိမ်နိုင်ငံတော်ဗဟိုသံဃဝန်ဆောင်အဖွဲ့က ချမှတ်ပေးအပ်ခဲ့သောလုပ်ငန်းများကို (၁၅)ပါးစီ အဖွဲ့ခွဲ သုံးဖွဲ့ခွဲလျက် အဖွဲ့ခွဲတစ်ခုလျှင် အဖွဲ့ငယ်များ (၃) ဖွဲ့ကျစီ အသီးသီးထပ်မံခွဲဝေကာ ဝိနိစ္ဆယရေး၊ သာသနာရေး၊ ပညာရေးဟူ၍ လုပ်ငန်းသုံးရပ်ကို ခွဲဝေသတ်မှတ်ပြီး တာဝန်ယူဆောင်ရွက်ခဲ့ကြသည်။ ဒုတိယဥက္ကဋ္ဌဆရာတော်ကြီးများနှင့် တွဲဖက်အကျိုးတော်ဆောင်ဆရာတော်များက အဖွဲ့ခွဲ (၃) ဖွဲ့တို့၌ ကိုယ်တိုင်ပါဝင်လျက် ကြီးကြပ်ဆောင်ရွက်ကြသည်။

ဝိနိစ္ဆယရေးရာ

ပဉ္စမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့သည် ၂၀၀၄ခုနှစ်ကာလအတွင်းအောက်ဖော်ပြပါအတိုင်းဝိနိစ္ဆယရေးရာဆိုင်ရာအစည်းအဝေးများကို ကျင်းပခဲ့ပြီး လုပ်ငန်းရပ်များကို ဆောင်ရွက်ခဲ့ကြသည်။

(က) ပုံမှန်အစည်းအဝေး	(၃၉) ကြိမ်
(ခ) ညီနှိုင်းအစည်းအဝေး	(၈) ကြိမ်
(ဂ) အထူးအစည်းအဝေး	(၄) ကြိမ်
(ဃ) ၄၇ ပါးစုံညီဒသမ၊ ဧက ဒသမ၊ ဒွါဒသမ အစည်းအဝေးများ	(၃) ကြိမ်

ဤသို့ အစည်းအဝေးများကို ကျင်းပခဲ့ပြီး ဝိနိစ္ဆယရေးရာကိစ္စရပ်များ ဆောင်ရွက်နိုင်မှုအခြေအနေမှာ အောက်ဖော်ပြပါအတိုင်းဖြစ်သည်-

(က) နိုင်ငံတော်သံဃဝိနိစ္ဆယအဖွဲ့များဖြင့်ဖွဲ့စည်းဆုံးဖြတ်မှု	၂၁ မှု
(ခ) ဂိုဏ်းပေါင်းစုံ ပြည်နယ်/တိုင်းသံဃ ဝိနိစ္ဆယအဖွဲ့များ ရွေးချယ်လျာထားမှု	၁၄ မှု

(ဂ) အယူခံပြီးပြတ်သည့် မှုခင်းများကို ပြီးငြိမ်းပြီးသော မှုခင်းများအဖြစ်အတည်ပြုမှု ၂၂ မှု

(ဃ) (၄၇)ပါးစုံညီ ဧကဒသမ အစည်းအဝေးသို့ တင်ပြအဆုံးအဖြတ်ခံယူရန် မှုခင်းများ ၂၉ မှု

(င) ဝိနိစ္ဆယဆိုင်ရာ အထွေထွေ မှုခင်းများ ၁၁၉ မှု

(စ) နိုင်ငံတော်သီးခြားဝိနည်း ဓိုရိအဖွဲ့ဖြင့် ဖွဲ့စည်းဆုံးဖြတ်မှု ၁ မှု

သာသနာရေးရာ

ပဉ္စမအကြိမ်နိုင်ငံတော်သံဃမဟာနာယကအဖွဲ့သည် ၂၀၀၄ ခုနှစ်ကာလအတွင်း အောက်ဖော်ပြပါအတိုင်း သာသနာရေးရာဆိုင်ရာ အစည်းအဝေးများကို ကျင်းပခဲ့ပြီး လုပ်ငန်းရပ်များကို ဆောင်ရွက်ခဲ့ကြသည်။

(က) ပုံမှန်အစည်းအဝေး (၃၉) ကြိမ်
(ခ) ညှိနှိုင်းအစည်းအဝေး (၉) ကြိမ်
(ဂ) အထူးအစည်းအဝေး (၅) ကြိမ်
(ဃ) ၄၇ ပါးစုံညီဒသမ၊ ဧကဒသမ၊ ဒွါဒသမ အစည်းအဝေးများ (၃) ကြိမ်

ဤသို့ အစည်းအဝေးများကို ကျင်းပခဲ့ပြီး သာသနာရေးရာကိစ္စရပ်များကို အောက်ဖော်ပြပါအတိုင်း ဆောင်ရွက်နိုင်ခဲ့ပါသည်။

(က) သံဃအဖွဲ့အစည်းအဆင့်ဆင့်တို့တွင် အစားထိုးရွေးချယ်ခြင်းနှင့် ထပ်မံရွေးချယ်သတ်မှတ်ခြင်းတွင် နိုင်ငံတော်သြဝါဒိစရိယဆရာတော်ကြီးများ၊ နိုင်ငံတော်သံဃမဟာနာယကဆရာတော်ကြီးများ၊နိုင်ငံတော်ဗဟိုသံဃဝန်ဆောင်ဆရာတော်ကြီးများ၊ သံဃသမ္မတိရ သံဃကိုယ်စားလှယ် ဆရာတော်များ စုစုပေါင်း (၄၂)ပါးကို အစားထိုးရွေးချယ်ပေးခဲ့သည်။

(ခ) သံဃအဖွဲ့အစည်း အဆင့်ဆင့်ဆိုင်ရာ ပြဿနာရပ်များကို စိစစ်ဆောင်ရွက်ခဲ့သည်။

(ဂ) ဘုန်းတော်ကြီးကျောင်းများ ဆောက်လုပ်ခြင်း၊ ကျောင်းထိုင်တင်မြှောက်ခြင်း၊ စေတီတော်သစ်တည်ခြင်း၊ စေတီဟောင်းပြုပြင်မွမ်းမံခြင်းဆိုင်ရာ ကိစ္စရပ်များကို စိစစ်ဆောင်ရွက်ခဲ့သည်။

(ဃ) အခွန်လွတ်သာသနာ့မြေ လျှောက်ထားခြင်းနှင့် စပ်လျဉ်း၍ မြို့နယ်အသီးသီးမှ ကျောင်းတိုက်များ၊ ရိပ်သာများ စုစုပေါင်း (၁၄၂) ကျောင်းမြေများအတွက် သာသနာရေးရှုထောင့်မှကန့်ကွက်ရန် မရှိကြောင်း ထောက်ခံပေးခဲ့သည်။

(င) ဗဒ္ဓသိမ်သမုတ်ရန် လျှောက်ထားလာခြင်းနှင့် စပ်လျဉ်း၍ ဗဒ္ဓသိမ် (၄၂) ခုအတွက် ထောက်ခံချက်ပေးခဲ့သည်။

(စ) နိုင်ငံတော်သြဝါဒိစရိယဆရာတော်ကြီးများ၊ နိုင်ငံတော်သံဃမဟာနာယကဆရာတော်ကြီးများ၊ နိုင်ငံတော်ဗဟိုသံဃ့ဝန်ဆောင်ဆရာတော်ကြီးများ စုစုပေါင်း (၄၂)ပါး ပံ့လွန်တော်မူကြသဖြင့် သံဃဂဉာဏ်ပွားတော်မူကြောင်း မှတ်တမ်းတင်တော်မူခဲ့ကြသည်။

(ဆ) ရဟန်းသာမဏေများ ကျင့်ဝတ်နှင့်အညီနေထိုင်ရေးကိစ္စ ညွှန်ကြားလွှာများ လိုက်နာရေးကိစ္စ၊ ကျောင်းတိုက်များ၊ ပစ္စည်းများ အငြင်းပွားမှုကိစ္စ၊စုံစမ်းရေးအဖွဲ့များစေလွှတ်ရေးကိစ္စစသည့် သာသနာရေးဆိုင်ရာ အထွေထွေကိစ္စရပ်များကို စိစစ်ဆောင်ရွက်ပေးခဲ့ပါသည်။

ပညာရေးရာ

ပညာရေးရာဆောင်ရွက်ချက်များတွင် ဗုဒ္ဓဘာသာစာမူစိစစ်ရေးနှင့်စပ်လျဉ်း၍ အောက်ပါအတိုင်း စိစစ်ဆောင်ရွက်ခဲ့ပါသည်။

(က) ပြင်ဆင်ချက်မရှိ ထုတ်ဝေခွင့်ပြုသော စာမူ	၅၂၉ မူ	တိပိဋကဓရ တိပိဋကကောဝိဒ ရွှေးချယ်ရေး စာမေးပွဲကြီး
(ခ) ပြင်ဆင်၍ ထုတ်ဝေခွင့် ပြုသော စာမူ	၂၅ မူ	သာသနာရေးဝန်ကြီးဌာနက မြန်မာနိုင်ငံအနှံ့ ကျင်းပပြုလုပ်လျက်ရှိသော ပရိယတ္တိစာမေးပွဲများ
(ဂ) ဖြုတ်ပယ်၍ ထုတ်ဝေခွင့် ပြုသော စာမူ	၃၇ မူ	အနက် တိပိဋကဓရ တိပိဋကကောဝိဒ ရွှေးချယ်ရေး စာမေးပွဲကြီးသည် စာပေအရလည်းကောင်း၊ စွမ်းဆောင်
(ဃ) ပြင်ဆင်ဖြုတ်ပယ်၍ ထုတ်ဝေခွင့်ပြုသော စာမူ	၁၄ မူ	နိုင်မှုအရလည်းကောင်း၊ အမြင့်မားဆုံး စာမေးပွဲအဖြစ် သတ်မှတ်နိုင်ပါသည်။ (၅၆) ကြိမ်မြောက် တိပိဋကဓရ
(င) ပြင်ဆင်ဖြုတ်ပယ်ဖြည့်စွက်၍ ထုတ်ဝေခွင့်ပြုသောစာမူ	၈ မူ	တိပိဋကကောဝိဒရွှေးချယ်ရေး စာမေးပွဲကြီးကို ၂၈-၁၂-၂၀၀၃ မှ ၂၉-၁-၂၀၀၄ အထိ (၃၃) ရက်
(စ) ထုတ်ဝေခွင့်မပြုသောစာမူ	၁၀ မူ	တိုင်တိုင် ရန်ကုန်မြို့၊ ကမ္ဘာအေးကုန်းမြေ၊ ဝိဇယ
(ဆ) သက်ဆိုင်ရာသို့ ပြန်လည် ပေးပို့သောစာမူ	၆ မူ	မင်္ဂလာဓမ္မသဘင်တွင် ကျင်းပခဲ့ရာ အာဂုံပြန်ဆိုပွဲနှင့်
စုစုပေါင်း	၆၂၉ မူ	သဘောရေးဖြေအောင်မြင်မှုအခြေအနေမှာ အောက် ဖော်ပြပါအတိုင်းဖြစ်ပါသည်။



ဒုတိယဓိလ်ချုပ်မှူးကြီးမောင်အေး သံဃာတော်အရှင်သုမြတ်တစ်ပါးအား ဘွဲ့တံဆိပ်တော်ဆက်တစ်စင်္ဂ

၂၀၈

	အာဂုံအောင်	သဘောရေး ဖြေအောင်
(က)ဝိနည်းပထမပိုင်း(ဥဘတော)	၄၃	၄
(ခ) အဘိဓမ္မာပထမပိုင်း	-	၂
(ဂ) အဘိဓမ္မာဒုတိယပိုင်း	၁	၂
(ဃ) ဝိနည်းဒုတိယပိုင်း(ခန္ဓက)	၁၆	၉
(င) ဒီဃနိကာယ်သုံးကျမ်း	၅	-
(စ) သံယုတ္တနိကာယ်သုံးကျမ်း	-	-
စုစုပေါင်း	၆၅ ပါး	၁၇ ပါး

သို့ဖြစ်ပါ၍ (၅၆)ကြိမ်မြောက်တိပိဋကဓရတိပိဋက ကောဝိဒ ရွေးချယ်ရေးစာမေးပွဲကြီးတွင် အဘိဓမ္မပိဋက၊ အဘိဓမ္မာ ဒုတိယပိုင်း နှစ်ကျမ်းရေးဖြေအောင် တိပိဋက ကောဝိဒ (၂)ပါး၊ အဘိဓမ္မပိဋက၊ အဘိဓမ္မာပထမပိုင်း၊ ငါးကျမ်းရေးဖြေအောင် မူလ အဘိဓမ္မကောဝိဒ (၂)ပါး၊ ဝိနယပိဋက၊ ဝိနည်းဒုတိယပိုင်းသုံးကျမ်းရေးဖြေအောင် ဝိနယကောဝိဒ (၉)ပါး၊ ဝိနယပိဋက၊ ဝိနည်းပထမပိုင်း နှစ်ကျမ်းရေးဖြေအောင် ဥဘကောဝိဘင်္ဂကောဝိဒ (၄)ပါးတို့ဖြစ်သည်။ တိပိဋကကောဝိဒနှစ်ပါးမှာ အရှင်သုနှရ (၄၈ နှစ်/၂၈ ဝါ) စွန်းလွန်းဂူကျောင်းတိုက် သင်္ကန်းကျွန်းမြို့နယ်နှင့် အရှင်ဣန္ဒပါလ (၄၂နှစ်/၂၂ဝါ)တိပိဋကကျောင်းတော်၊ ဒဂုံမြို့နယ်တို့ဖြစ်ပါသည်။

(၅၆) ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲတွင် အောင်မြင်တော်မူကြသော သာသနာ့အာဇာနည် (၈၂)ပါးတို့အား ချီးကျူးပူဇော်သည့် (၅၆) ကြိမ်မြောက် တိပိဋကဓရတိပိဋက ကောဝိဒချီးကျူးပူဇော်ပွဲနှင့် အောင်လက်မှတ်ဆက်ကပ်ပွဲအခမ်းအနားကို ၁၃၆၆ ခုနှစ်၊ နယုန်လဆန်း (၄)ရက် (၂၂-၅-၂၀၀၄) စနေနေ့တွင် ကမ္ဘာအေးကုန်းမြေ၊ မဟာပါသာဏလိုဏ်ဂူတော်ကြီး၌ ကျင်းပခဲ့သည်။

အစိုးရဓမ္မာစရိယစာမေးပွဲ

အစိုးရဓမ္မာစရိယစာမေးပွဲကို ၁၃၆၅ ခုနှစ်၊ နှောင်းတန်ခူးလဆန်း (၁၂)ရက် (၁-၄-၂၀၀၄)မှ နှောင်းတန်ခူးလပြည့်ကျော် (၆) ရက် (၁၀-၄-၂၀၀၄) အထိ ကျင်းပခဲ့ရာ၊ ဖြေဆိုအောင်မြင်သူဦးရေမှာ အောက်ဖော်ပြပါအတိုင်းဖြစ်ပါသည်။

စာဖြေဌာနပေါင်း	၃၆ ဌာန
စာရင်းသွင်းသူ	၁၅၅၃၉ ပါး
ဖြေဆိုသူ	၁၂၉၂၄ ပါး
ကျမ်းရင်းသုံးကျမ်းအောင်	၂၄၉ ပါး
ကျမ်းရင်းနှစ်ကျမ်းအောင်	၂၅၀ ပါး
ကျမ်းရင်းတစ်ကျမ်းအောင်	၃၇၇ ပါး
မြန်မာဂုဏ်ထူးအောင်	၅ ပါး
ပါဠိဂုဏ်ထူးအောင်	၅ ပါး

ပြည်နယ်/တိုင်းအလိုက် ပထမပြန်စာမေးပွဲများ ကျင်းပခြင်း

၂၀၀၄ ခုနှစ်၊ ပထမပြန်စာမေးပွဲများကို တစ်ပြည်လုံးတွင် ပြည်နယ်/တိုင်းအလိုက် စာဖြေဌာနပေါင်း (၂၃၃)ဌာန၌ ကျင်းပခဲ့ရာ၊ စာရင်းသွင်း၊ ဖြေဆိုသူ၊ အောင်မြင်သူစာရင်းချုပ်မှာ အောက်ဖော်ပြပါအတိုင်းဖြစ်ပါသည်။

အတန်း	စာရင်းသွင်းသူ	ဖြေဆိုသူ	အောင်မြင်သူ
ပထမကြိုးတန်း	၁၆၇၀၅	၁၃၅၄၉	၃၉၁၁
ပထမလတ်တန်း	၂၀၆၆၄	၁၇၆၈၁	၆၄၂၈
ပထမငယ်တန်း	၂၉၆၅၁	၂၄၄၉၆	၁၀၈၀၅
	၆၇၀၂၀	၅၅၇၂၆	၂၁၁၄၄

အဘိဓမ္မာနှင့် ဝိသုဒ္ဓိမဂ်စာမေးပွဲ

၂၀၀၄ ခုနှစ်၊ အဘိဓမ္မာနှင့် ဝိသုဒ္ဓိစာမေးပွဲကို ၁၃၆၆ ခုနှစ်၊ နတ်တော်လဆန်း (၇) ရက်မှ (၉) ရက် အထိ (၂၀၀၄ ခုနှစ်၊ ဒီဇင်ဘာလ (၁၈)ရက်မှ (၂၀)ရက် အထိ) ကျင်းပခဲ့ရာ ဖြေဆိုခဲ့ကြသည့် ဦးရေမှာ အောက်ဖော်ပြပါအတိုင်းဖြစ်သည်။

	စာရင်းသွင်း	ဖြေဆို
ကဘိဓမ္မာစာမေးပွဲ	၁၈၉၉၂	၁၃၀၄၀
ဂုဏ်ထူးဆောင်စာမေးပွဲ	၃၀၈၄	၂၃၂၉
ဝိသုဒ္ဓိစာမေးပွဲ	၁၈၂၅	၁၁၈၃
	၂၃၉၀၁	၁၆၅၂၂

ဗုဒ္ဓဘာသာယဉ်ကျေးမှုစာမေးပွဲများ

ဗုဒ္ဓဘာသာယဉ်ကျေးမှုသင်တန်းများကို ပြည်နယ်/တိုင်းအသီးသီးတွင် ဖွင့်လှစ်သင်ကြားပေးခဲ့ပြီး ၂၀၀၄ ခုနှစ် (၂၁)ကြိမ်မြောက် ဗုဒ္ဓဘာသာ ယဉ်ကျေးမှုစာမေးပွဲကို မေလ (၂၅) (၂၆) (၂၇) ရက်နေ့များတွင် ကျင်းပခဲ့ရာ မြို့နယ်ပေါင်း (၁၉၈) မြို့နယ်တွင် စာရင်းပေးသွင်းသူပေါင်း (၁၂၆၁၈၆) ဦး၊ ဖြေဆိုသူပေါင်း (၁၁၀၆၆၃)ဦးရှိ၍ ရိုးရိုးအောင်မြင်သူပေါင်း (၆၉၉၇၀) ဦး၊ ဂုဏ်ထူးဖြင့် အောင်မြင်သူပေါင်း (၂၉၆၂၁)ဦး၊ သုံးဘာသာ ဂုဏ်ထူးဖြင့်အောင်မြင်သူပေါင်း (၁၀၉၅၀) ဦးတို့ဖြစ်ကြသည်။

ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများ

မြန်မာတစ်နိုင်ငံလုံးရှိ ဆင်းရဲချို့တဲ့သောကလေးများ ပညာသင်ကြားနိုင်ရန်နှင့် ယဉ်ကျေးသိမ်မွေ့စေရန် ရည်ရွယ်၍ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများကို ဖွင့်လှစ်ခဲ့ရာ၊ ၂၀၀၄ ခုနှစ်တွင် အောက်ဖော်ပြပါ အတိုင်းရှိခဲ့သည်။

မြို့နယ်ပေါင်း	၂၄၆ မြို့နယ်
ကျောင်းပေါင်း	၁၂၁၈ ကျောင်း
ကျောင်းသား/ကျောင်းသူပေါင်း	၁၆၉၃၆၄ ဦး

သီလရှင်သင် အမျိုးသမီးပညာရေးကျောင်းများကိုလည်း ဖွင့်လှစ်ခဲ့ရာ၊ တစ်ပြည်လုံးတွင်ကျောင်း ပေါင်း (၂၂) ကျောင်းရှိ၍၊ ကျောင်းသူ၊ သီလရှင်ကလေးစုစုပေါင်း (၂၈၉၄)ဦး ပညာသင်ကြားလျက်ရှိသည်။

ဘုန်းတော်ကြီးကျောင်း ပညာသင်ကြားမှု၊ ဗဟိုကြီးကြပ်ရေးအဖွဲ့ ဧကာဒသမအကြိမ်အစည်းအဝေးကို ကမ္ဘာအေးကုန်းမြေ၊ ဝိဇယမင်္ဂလာဓမ္မသဘင်တွင် ၂၀၀၄ ခုနှစ်၊ ဇူလိုင်လ (၈)ရက်နေ့၌ ကျင်းပခဲ့သည်။ ၂၀၀၄ ခုနှစ်တွင် အချို့သော ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများအားကွန်ပျူတာများကိုလှူဒါန်းခဲ့သည်။

နယ်စပ်နှင့် တောင်တန်းဒေသသာသနာပြုလုပ်ငန်းများ

မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ ပြည်နယ်/တိုင်းအသီးသီးတွင် နယ်စပ်နှင့်တောင်တန်းဒေသ သာသနာပြုလုပ်ငန်းများအတွက် မြို့နယ်များတွင် သာသနာပြုဌာနများကို ၁၉၉၁ ခုနှစ်မှစ၍ စနစ်တကျဖွင့်လှစ်ခဲ့ပြီး နှစ်စဉ်တိုးချဲ့ဆောင်ရွက်ခဲ့ရာ ၂၀၀၄ ခုနှစ်တွင်သာသနာပြုလုပ်ငန်းများ အခြေအနေမှာ အောက်ဖော်ပြပါအတိုင်းဖြစ်သည်။

သာသနာပြုဌာန	၄၆၀ ဌာန
သာသနာပြုရဟန်းတော်	၅၃၉ ပါး
သာသနာပြုသီလရှင်	၃၇ ပါး
သာသနာပြုလူပုဂ္ဂိုလ်	၁၀၃၇ ဦး

သာသနာပြုပုဂ္ဂိုလ်များ အရည်အချင်းပြည့်မီရေး၊ အသိအမြင်ဗဟုသုတကြွယ်ဝရေး၊သာသနာပြုလုပ်ငန်းရှင်သန်ထက်မြက်နိုးကြားစေရေးတို့အတွက်သာသနာပြုမွမ်းမံသင်တန်းများကို နှစ်စဉ်ကျင်းပပေးခဲ့ပါသည်။ ၂၀၀၄ ခုနှစ်တွင်လည်း သာသနာပြုသင်တန်းများ၊ မွမ်းမံသင်တန်းများကို ဖွင့်လှစ်ခဲ့ရာ ဖွင့်လှစ်ပြီးသော သာသနာပြုသင်တန်းများအခြေအနေမှာအောက်ဖော်ပြပါအတိုင်းဖြစ်သည်။

လူပုဂ္ဂိုလ်သာသနာပြုသင်တန်း	၄၃ ကြိမ်
ရဟန်းတော်သာသနာပြုသင်တန်း	၁၄ ကြိမ်
သီလရှင်သာသနာပြုသင်တန်း	၂ ကြိမ်
တိုင်းရင်းဆေးဖြင့် အခြေခံ စောင့်ရှောက်မှုသင်တန်း	၆ ကြိမ်

ကျောင်းထိုင်ဘုန်းကြီး သင်တန်းကျောင်းများ ဖွင့်လှစ်မှုအခြေအနေ

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့က ချမှတ်ထားသော ပြဋ္ဌာန်းချက်များနှင့်အညီ ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်းများကို ပြည်နယ်/တိုင်းများတွင် ဖွင့်လှစ်ခဲ့ရာ (၁၃)ကျောင်းရှိပြီ ဖြစ်သည်။ ထိုကျောင်းများတွင် သင်တန်းများကိုတစိုက်မတ်မတ် ဖွင့်လှစ်ခဲ့ရာ ၂၀၀၄ ခုနှစ်အတွင်း ကချင်ပြည်နယ် မြစ်ကြီးနားမြို့တွင် (၆)ကြိမ်၊ ကယားပြည်နယ် လွိုင်ကော်မြို့တွင် (၄)ကြိမ်၊ စစ်ကိုင်းတိုင်းရွှေဘိုမြို့တွင် (၁၀)ကြိမ်၊ ပဲခူးမြို့တွင် (၆)ကြိမ်၊ မကွေးမြို့တွင်

(၇)ကြိမ်၊ မန္တလေးမြို့တွင် (၉)ကြိမ်၊ မွန်ပြည်နယ် မော်လမြိုင်မြို့တွင် (၅)ကြိမ်၊ ရခိုင်ပြည်နယ် စစ်တွေမြို့တွင် (၆) ကြိမ်၊ ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ်တွင် (၁၁)ကြိမ်၊ ရှမ်းပြည်နယ်တောင်ပိုင်းအေးသာယာမြို့တွင် (၆)ကြိမ်၊ ဧရာဝတီတိုင်း ပုသိမ်မြို့တွင် (၈)ကြိမ် ဖွင့်လှစ်နိုင်ခဲ့ပါသည်။ သင်တန်းများ စုစုပေါင်း (၈၉)ကြိမ် ဖွင့်လှစ်ခဲ့ပြီးဖြစ်ပါသည်။

ပါဠိုမြန်မာအဘိဓာန်ကျမ်းများကို အင်္ဂလိပ်ဘာသာသို့ ပြန်ဆိုခြင်း

တိပိဋကပါဠိုမြန်မာအဘိဓာန်များကို အင်္ဂလိပ်ဘာသာသို့ ပြန်ဆိုနိုင်ရေးအတွက် အောက်ပါအဖွဲ့ (၅) ဖွဲ့ဖွဲ့၍ ဆောင်ရွက်လျက်ရှိပါသည်။

အဖွဲ့.(၁) ရန်ကုန်တက္ကသိုလ်မြန်မာစာဌာန
အဖွဲ့.(၂) အရှေ့တိုင်းပညာဌာန
အဖွဲ့.(၃) အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်
အဖွဲ့.(၄) နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ် (ရန်ကုန်)
အဖွဲ့. (၅) နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ် (မန္တလေး)

တိပိဋကပါဠိုမြန်မာအဘိဓာန်များကို အင်္ဂလိပ်ဘာသာပြန်ဆိုကြရာ၌ အဖွဲ့.(၁)သည် အဘိဓာန် အတွဲ (၁) (၅)ကိုလည်းကောင်း၊ အဖွဲ့. (၂)သည် အဘိဓာန်အတွဲ (၂)နှင့် (၆)ကိုလည်းကောင်း၊ အဖွဲ့. (၃)သည် အဘိဓာန်အတွဲ (၃)ကိုလည်းကောင်း၊ အဖွဲ့. (၄)သည် အဘိဓာန်အတွဲ (၄) အပိုင်း (၁)ကိုလည်းကောင်း၊ အဖွဲ့. (၅)သည် အဘိဓာန်အတွဲ (၄) အပိုင်း (၂)နှင့် အဘိဓာန်အတွဲ (၇) (၈)တို့ကိုလည်းကောင်း အသီးသီး ဆောင်ရွက်လျက်ရှိသည်။

နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (ရန်ကုန်/မန္တလေး)

နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (ရန်ကုန်) ကို ၁၉၈၆ ခုနှစ်၊ ဇွန်လ (၂၆)ရက်တွင် လည်းကောင်း၊



ဗိုလ်ချုပ်မှူးကြီးဆန်းရွှေမိုးနိုး ဒေါ်ကြိုင်ကြိုင်က သီလရှင်ဆရာကြီးတစ်ပါးအား သွဲ့တံဆိပ်ဆက်ကပ်စဉ်

နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (မန္တလေး)ကို ၁၉၈၆ ခုနှစ်၊ ဩဂုတ်လ (၂၁) ရက်တွင်လည်းကောင်း၊ ဖွင့်လှစ်ခဲ့သည်။ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၏ ကိုယ်စားတက္ကသိုလ်များ၏ စီမံခန့်ခွဲမှုကိစ္စရပ်များ ဆောင်ရွက်ရန်အတွက် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်များ အုပ်ချုပ်ရေးဗဟိုအဖွဲ့ကို ဖွဲ့စည်းတာဝန်ပေးထားသည်။ သင်ကြားစီမံဆရာကော်မှာ မှာ ရန်ကုန်တွင် (၇၀)ပါးနှင့် မန္တလေးတွင် (၅၅)ပါးရှိသည်။ တွဲဖက်သင်ကြားပေးသော ပြင်ပပညာရှင် လူပုဂ္ဂိုလ်များမှာ ရန်ကုန်တွင် (၁၀)ဦးနှင့် မန္တလေးတွင်(၅)ဦးရှိသည်။

နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ်များ၏ ဝင်ခွင့်စာမေးပွဲကို တန်ဆောင်မုန်းလအတွင်း၌လည်းကောင်း၊ ပထမနှစ်ဝက်စာမေးပွဲကို သီတင်းကျွတ်လဆန်းပိုင်းတွင်လည်းကောင်း၊ အတန်းတင်စာမေးပွဲကို တပေါင်းလတွင်လည်းကောင်း၊ နှစ်စဉ်ကျင်းပသည်။ သာသနာ့တက္ကသိုလ်များတွင် သာသနတက္ကသိုလ ဓမ္မာစရိယတန်း (၄)နှစ် အောင်မြင်ပြီး၍ နယ်စပ်နှင့် တောင်တန်းဒေသများတွင် သာသနာပြုတာဝန် (၂)နှစ်ထမ်းဆောင်ပြီးသော ရဟန်းတော်များကို သာသနတက္ကသိုလဓမ္မာစရိယ (B.A Buddhism) ဘွဲ့ကိုလည်းကောင်း၊ သာသနတက္ကသိုမဟာဓမ္မာစရိယတန်း အောင်မြင်ပြီး၍၊ မဟာဓမ္မာစရိယဘွဲ့ယူကျမ်းစာ (၃)နှစ်ပြုစုပြီးသော ရဟန်းတော်များကို သာသနတက္ကသိုလမဟာဓမ္မာစရိယ (M.A Buddhism)ဘွဲ့ကိုလည်းကောင်းဆက်ကပ်ပါသည်။ နိုင်ငံတော်ပရိယတ္တိသာသနာ့ တက္ကသိုလ် (ရန်ကုန်/မန္တလေး)တို့တွင်ပထမအကြိမ်မှဒုတိယအကြိမ်အထိ ဘွဲ့ရပြီးသော ရဟန်းတော်များမှာ အောက်ပါအတိုင်းဖြစ်သည်။



ဒုတိယဒိုလ်ရူပ်မူးကြီးဟောင်းဆေးခန်းဝန်း အဆောက်အဦးသစ်ဆရာကြီးတစ်ပါးအား ဘွဲ့တံဆိပ်ဆက်တင်စဉ်

	ရန်ကုန်	မန္တလေး
သာသနတက္ကသိလမဟာဓမ္မာစရိယဘွဲ့	၈၇ ပါး	၆၉ ပါး
သာသနတက္ကသိလဓမ္မာစရိယဘွဲ့	၄၆၃ ပါး	၃၄၀ ပါး

သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းပွဲအခမ်းအနားနှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲ အခမ်းအနားကျင်းပခြင်း

ပြည်ထောင်စုမြန်မာနိုင်ငံတော်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ၂၀၀၄ ခုနှစ်၊ ဇန်နဝါရီလ (၄)ရက် လွတ်လပ်ရေးနေ့တွင် အမိန့်ကြော်ငြာစာအမှတ် ၁/၂၀၀၄ ဖြင့် သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော်များခီးမြှင့်အပ်နှင်းကြောင်းထုတ်ပြန်ချက်အရ သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းခြင်းခံရသည့် ပရိယတ္တိတာဝန်၊ ပဋိပတ္တိတာဝန်များကို ထူးချွန်ပြောင်မြောက်စွာဆောင်ရွက်တော်မူကြသည့် ပြည်တွင်းပြည်ပမှ ဆရာတော် သံဃာတော်များ၊ သာသနာ့နွယ်ဝင်သီလရှင် ဆရာကြီးများနှင့် ဗုဒ္ဓသာသနာတော်အား ထူးကဲစွာ လှူဒါန်းထောက်ပံ့ပူဇော်ကြသည့် ဥပါသကာ၊ ဥပါသိကာမလူပုဂ္ဂိုလ်များအား သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ လှူဒါန်းဆက်ကပ်ပူဇော်ပွဲ အခမ်းအနားကို ၁၃၆၅ ခုနှစ်၊ တပေါင်းလပြည့်နေ့ (၅-၃-၂၀၀၄)ရက် သောကြာနေ့တွင် သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေ၊ ဆဋ္ဌသင်္ဂါယနာမဟာပါသာဏလိုဏ်ဂူတော်ကြီး၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။

အခမ်းအနားသို့ နိုင်ငံတော်သံဃမဟာနာယကဆရာတော်ကြီးများ၊ တိပိဋကဓရတိပိဋကကောဝိဒဆရာတော်ကြီးများနှင့်သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းခြင်းခံရသည့် ပြည်တွင်းပြည်ပဆရာတော် (၂၆၁)ပါး၊ သာသနာ့နွယ်ဝင်သီလရှင် (၂၄)ပါးနှင့် လူပုဂ္ဂိုလ် (၅၀)ဦးတို့ တက်ရောက်ကြသည်။

အဆိုပါအခမ်းအနားသို့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ ဇနီးဒေါ်ကြိုင်ကြိုင်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဒုတိယဥက္ကဋ္ဌ၊ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးနှင့် ဇနီး ဒေါ်မြမြစန်းနှင့် အကြီးအကဲများ၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများနှင့် ယင်းတို့၏ ဇနီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ အထူးဖိတ်ကြားထားသူများ တက်ရောက်ကြည်ညို့ကြသည်။

အခမ်းအနားအစီအစဉ်အရ သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဗိုလ်မှူးချုပ်သူရအောင်ကိုက အခမ်းအနားဖွင့်စာတမ်းကို ဖတ်ကြားလျှောက်ထားလျက် အခမ်းအနားကို ဖွင့်လှစ်သည်။ ထို့နောက် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌအဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက မြင့်မြတ်ဆရာတော် ဘဒ္ဒန္တသောဘိတကိုယ်စားနိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက မဟာအောင်မြေဘုံစံကျောင်း ဆရာတော် ဘဒ္ဒန္တပညိန္ဒာဘိဝံသထံမှငါးပါးသီလခံယူဆောက်တည်ကြသည်။

ဆက်လက်၍ သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များကို ဆက်ကပ်လှူဒါန်းကြရာ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးက အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးများအားလည်းကောင်း၊ သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်နှင့်အဆောင်အယောင်တို့ကို ဆက်ကပ်လှူဒါန်းသည်။ ဆက်လက်၍ စာချဘွဲ့တံဆိပ်တော်နှင့် သာသနာပြုဘွဲ့တံဆိပ်တော်ရ သာသနာ့နွယ်သီလရှင်ဆရာကြီးများအား

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ဇနီး ဒေါ်ကြိုင်ကြိုင်နှင့် အကြီးအကဲများ၏ ဇနီးတို့ကသာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်တို့ကို ဆက်ကပ်လှူဒါန်းကြသည်။ ဆက်လက်၍ လူပုဂ္ဂိုလ် အမျိုးသားအမျိုးသမီးများအား အကြီးအကဲများနှင့်ဇနီးတို့က သာသနနုဂ္ဂဟဘွဲ့တံဆိပ်များကို အပ်နှင်းပေးသည်။

ထို့နောက် သာသနာရေးဝန်ကြီးဌာနဝန်ကြီးဗိုလ်မှူးချုပ်သူရမြင့်မောင်က သာသနာရေးဆိုင်ရာများကို လျှောက်ထားသည်။ အစီအစဉ်အရ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် ဆရာတော် ဧရာဝတီတိုင်းညောင်တုန်းမြို့ ပုဏ္ဏာမရာမစေ့းကျောင်းတိုက် ပဓာနနာယက အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တသြသဓာဘိဝံသက သမ္မောဒနီယသြဝါဒကထာ မြွက်ကြားတော်မူသည်။

ထို့နောက် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက မကွေးဆရာတော် ဘဒ္ဒန္တ ကုမာရထံမ္ပ ပရိသတ်များက အနုမောဒနာတရားနှင့် ရေစက်ချတရားနာယူကြပြီး၊ လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချအမျှပေးဝေကြသည်။ ပြီးနောက် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်ပူဇော်ပွဲ အခမ်းအနားကို ဗုဒ္ဓသာသနံစိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်းလျက် ရုပ်သိမ်းသည်။

သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းပူဇော်ပွဲ အခမ်းအနားအပြီးတွင် ဘွဲ့တံဆိပ်တော်ရ ဆရာတော်များနှင့် သီလရှင် ဆရာကြီးများအား ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ဦးဆောင်မှုဖြင့် ဝန်ကြီးဌာနများ၊ ရုံးအဖွဲ့များ၊ ဌာနဆိုင်ရာများနှင့် လုပ်သားပြည်သူများက သင်္ကန်း၊ ထီး၊ ဖိနပ်စသော တန်ဖိုးငွေ (၇၀၅၇၉၁၁၅) ကျပ်ရှိ လှူဘွယ်ပစ္စည်းများစုံတို့ကို လောင်းလှူပူဇော်ကြသည်။

ဒေါ်ခင်နွဲ့ဟန်ကြည်

မလေးရှားနိုင်ငံ

မလေးရှားနိုင်ငံ။ ။ အမေရိကန်ဒေါ်လာ၏ ငွေကြေးတန်ဖိုးသည် ကျဆင်းလျက်ရှိရာ ဆော်ဒီအာရေဗျနိုင်ငံအနေဖြင့် တန်ဖိုးနစ်နာဆုံးရှုံးမှုမဖြစ်စေရန် ဒေါ်လာနှင့် မရောင်းဘဲ ရေနံကို ရွှေဖြင့်သာ ရောင်းသင့်သည်ဟု မလေးရှားဝန်ကြီးချုပ်ဟောင်း မဟာသီယာမိုဟာမက်က ပြောကြားသွားကြောင်း သိရသည်။ ၎င်းရေနံစျေးနှုန်းမှာ တစ်စည်လျှင် ၃၃ ဒေါ်လာနှုန်းဖြစ်ပြီး၊ ယူရိုငွေကြေးနှင့်ယှဉ်လျှင် အမေရိကန်ငွေသည် ၄၀ ရာခိုင်နှုန်းတန်ဖိုးကျဆင်းနေသည်။ သို့ဖြစ်၍ ရေနံကို ဒေါ်လာငွေဖြင့် ရောင်းချနေခြင်းသည် အမှန်တန်ဖိုးအားဖြင့် ရေနံတစ်စည်လျှင် ဒေါ်လာ ၂၀မျှသာရှိနေသည့် သဘောသက်ရောက်နေသည်ဟု မဟာသီယာက စီးပွားရေးကွန်ဖရင့်တွင် မိန့်ကြားသွားသည်။ ထိုစီးပွားရေးကွန်ဖရင့်ကို ဆော်ဒီအာရေဗျနိုင်ငံ ပင်လယ်နီဆိပ်ကမ်းမြို့၊ ဂျီဒါတွင် ကျင်းပကြောင်း သိရသည်။

ဆော်ဒီအာရေဗျနိုင်ငံသည် ကမ္ဘာပေါ်တွင် ရေနံအများဆုံးတင်ပို့ရောင်းချသော နိုင်ငံဖြစ်သည်။ ဆော်ဒီအာရေဗျနိုင်ငံ၏ အယူအဆမှာ ကမ္ဘာပေါ်၌ ရေနံစျေးနှုန်းမြင့်တက်နေပြီး ဒေါ်လာစျေးနှုန်းလည်းကျလျက်ရှိရာ ဒေါ်လာကို တစ်ဖက်မှ ကျားကန်ပေးရန် လိုအပ်သည်ဟု ယူဆကြောင်း မဟာသီယာက ပြောဆိုသည်။

မဟာသီယာသည် လွန်ခဲ့သော ၂၀၀၃ ခုနှစ် အောက်တိုဘာလကမှ မလေးရှားနိုင်ငံ၏ ဝန်ကြီးချုပ်အဖြစ်မှ အနားယူခဲ့သည်။ ၎င်းဝန်ကြီးချုပ်တာဝန်ထမ်းဆောင်နေစဉ် တစ်လျှောက်လုံးလိုလိုပင် အနောက်နိုင်ငံများ၏ စီးပွားရေးအယူအဆများကို ဆန့်ကျင်ခဲ့သောကြောင့် ၎င်း ကို အနောက်နိုင်ငံများက မလိုလားခဲ့ကြဟုဆိုသည်။ သို့သော် မဟာသီယာသည်မွတ်ဆလင်နိုင်ငံနှင့် ဖွံ့ဖြိုးဆဲနိုင်ငံများအလယ်တွင် အသိအမှတ်ပြုခံရသူတစ်ဦးဖြစ်သည်။ ဂျီဒါအစည်းအဝေး၌လည်း မဟာသီယာကို အလေးထားလေးစားကြသည်ဟု ဆိုသည်။

မလေးရှားနိုင်ငံ၌ မော်တော်ကားရောင်းချရမှုသည် ၂၀၀၃ ခုနှစ် အလားတူလက ကားစီးရေ ၃၄၂၆၂ စီးရောင်းချရာမှ ယခုနှစ် အောက်တိုဘာလတွင် မော်တော်ကားစီးရေ ၄၃၂၀၆ စီးရောင်းချခဲ့ရသဖြင့် ရာခိုင်နှုန်းအားဖြင့် ၂၆ ဒသမ ၁ ရာခိုင်နှုန်း မြင့်တက်ခဲ့ကြောင်း မလေးရှား ကားထုတ်လုပ်ရောင်းချမှုအသင်း (အမ်အေအေ)က နိုဝင်ဘာ ၂၅ ရက်နေ့တွင် ပြောကြားသည်။ အဆိုပါ ရောင်းချရသည့် ကားစီးရေ စုစုပေါင်းတွင် ခရီးသည်တင်ယာဉ်သည် ၂၀၀၃ ခုနှစ်တွင် ၂၆၂၇၈ စီးရောင်းချရာမှ ၂၀၁၄ ခုနှစ်တွင် စီးရေ ၃၃၇၅၀၊ ကုန်တင်ယာဉ်ရောင်းချမှုတွင် ယခင်နှစ်က ၇၉၈၄ စီး ရောင်းချခဲ့ရာမှ ယခုနှစ်တွင် ၉၄၅၆ စီး ရောင်းချခဲ့ရကြောင်း အမ်အေအေ၏ သတင်းထုတ်ပြန်ကြေညာချက်တွင် ဖော်ပြထားသည်။ အဆိုပါ ရောင်းချရသည့် ကားများတွင် ကားစီးရေ ၃၀၂၅၉ စီးမှာ ပြည်တွင်းဖြစ်ကားများဖြစ်ကြောင်း ၂၀၀၃ ခုနှစ်ထိုအချိန်ကာလပြည်တွင်းဖြစ်ကားစီးရေ ၂၃၅၁၀ ရောင်းချရကြောင်း အမ်အေအေက ပြောကြားသည်။

ထိုအတောအတွင်း နိုင်ငံခြားဖြစ် ကားရောင်းချရမှုမှာ ယမန်နှစ် အလားတူလက ကားစီးရေ ၁၀၅၅၂ စီးရောင်းချရာမှ ယခုနှစ် ၂၀၀၄ တွင် ကားစီးရေ ၁၂၉၄၇ စီး ရောင်းချရကြောင်း ယင်းတို့တွင် ခရီးသည်တင်ယာဉ်စီး ၆၂၆၀ နှင့် ကုန်တင်ယာဉ် ၆၆၈၇ စီး ဖြစ်ကြောင်းသိရသည်။

မလေးရှားနိုင်ငံဝန်ကြီးချုပ် အဗ္ဒဒူလာအာမက် ဘာဒါဝီကအရှေ့တောင်အာရှနိုင်ငံများအသင်း(အာဆီယံ) အတွင်းနှင့် အာဆီယံပြင်ပနိုင်ငံများ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုကို နိုဝင်ဘာ ၂၈ ရက်နေ့က ချီးကျူးပြောဆိုလိုက်သည်။ ဒေသတွင်း ပူးပေါင်းဆောင်ရွက်မှုခိုင်မာတောင့်တင်းရုံမျှဖြင့် အာဆီယံသည် မယှဉ်ပြိုင်နိုင်ကြောင်းကို မိမိတို့ အသိအမှတ်ပြုရမည်ဖြစ်ကြောင်း ဗီယင်ကျန်း၌ ကျင်းပသည့် အာဆီယံစီးပွားရေးလုပ်ငန်းရင်းနှီးမြှုပ်နှံမှု ထိပ်သီးအစည်းအဝေး၌ မလေးရှား ခေါင်းဆောင်က ပြောကြားသည်။

အာဆီယံသည်ယခုအခါလွတ်လပ်သောကုန်သွယ်ရေးနယ်ပယ်ကိစ္စကို တရုတ်၊ အိန္ဒိယနှင့် ဆက်စပ်ဆွေးနွေးလျက်ရှိပြီး ဂျပန်၊ ကိုရီးယား၊ ဩစတြေးလျ၊ နယူးဇီလန်တို့နှင့် ၂၀၀၅ ခုနှစ်မှစပြီး စုံစပ်ဆွေးနွေးသွားရန် စီစဉ်ထားသည်။



မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့ ရှိပိတရိုးနားလ်အမြွာမျှော်စင်ကို တွေ့မြင်ရစဉ်

နိုင်ငံတကာဆက်ဆံရေး- ပင်လယ်ဓားပြမှုနှင့် အကြမ်းဖက်မှုများကို ချေမှုန်းတိုက်ခိုက်ရန်နှင့် ထိုလုပ်ငန်းကို လုပ်ဆောင်နိုင်ကြောင်းပြရန်အတွက် အင်ဒိုနီးရှား၊ စင်ကာပူနှင့် မလေးရှားတို့မှ ရေတပ်များသည် အရေးကြီးသော မလက္ကာရေလက်ကြားရှိ သဘော်ဘမျာားသွားရာလမ်းကြောတွင် ၎လိုင်လ ၂၀ ရက်နေ့က စတင်ပူးပေါင်းကင်းလှည့်ခဲ့ကြသည်။ ရေတပ်သဘော်ဘမျာားသည် ပင်လယ်ဓားပြများအား လိုက်ဖမ်းဟန်သဏ္ဌာန်လုပ်ခြင်းနှင့် လေထီးခုန်ခြင်းများ အပါအဝင်နံနက်ပိုင်းလေ့ကျင့်ခန်းများ ပြုလုပ်ခဲ့ကြသည်။

စင်ကာပူ၏ တောင်ဘက်ပိုင်းသို့ ဝင်ပေါက်နှင့် မလေးရှားနှင့် အင်ဒိုနီးရှားအကြားရှိ ကျဉ်းမြောင်းသော ရေလက်ကြားသည် ကုန်သွယ်မှုလမ်းကြောင်း ကမ္ဘာ့ကုန်သွယ်မှု၏လေးပုံတစ်ပုံကျော်သယ်ယူပို့ဆောင်ရာဖြစ်ပြီး ဂျပန်နှင့် တရုတ်သို့ ရေနံအားလုံးနီးပါးတင်သွင်းရာလမ်းကြောင်းလည်း ဖြစ်ကြောင်းသိရသည်။

အင်ဒိုနီးရှားနှင့် မလေးရှားနိုင်ငံတို့ ရင်းနှီးစွာပူးပေါင်းဆောင်ရွက်မှုသည် နှစ်နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးတွင် အကျိုးအမြတ်ရှိမည်ဖြစ်ကြောင်း မလေးရှားဝန်ကြီးချုပ် ဒါတိုဆီရီအဗ္ဒုလာအာမက်ဘာဒါဝီက ဒီဇင်ဘာ ၁၂ ရက်နေ့တွင် ပြောကြားသည်။ မိမိနှင့် အင်ဒိုနီးရှား သမ္မတဆူစီလိုဘန်းဘန်းယူဒိုယိုနိုတို့သည် ချီလီနိုင်ငံ ဆန်တီဂိုမြို့၌ ကျင်းပသည့် အာရှပစိဖိတ်စီးပွားရေးပူးပေါင်းဆောင်ရွက်မှုတွင်လည်းကောင်း၊ ပြီးခဲ့သည့်လက လာအိုနိုင်ငံ ဗီယင်ကျန်းမြို့တွင် ကျင်းပခဲ့သောအာဆီယံထိပ်သီးအစည်းအဝေး၌လည်းကောင်း၊ ထိုပူးပေါင်းဆောင်ရွက်ရေးကိစ္စကိုဆွေးနွေးခဲ့ကြကြောင်း အဗ္ဒုလာက ပြောကြားသည်။ အင်ဒိုနီးရှားနိုင်ငံနှင့် မလေးရှားနိုင်ငံတို့၏ ပူးပေါင်းဆောင်ရွက်မှုသည် အင်ဒိုနီးရှားနိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုနှင့် ဆိုင်သကဲ့သို့ မလေးရှားနိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးနှင့်လည်း သက်ဆိုင်ကြောင်း အဗ္ဒုလာက ပြောကြားသည်။ .

ထို့ပြင် မလေးရှားနှင့် စင်ကာပူတို့သည် နှစ်နိုင်ငံအိမ်နီးချင်းပြည်သူများအကြား ပိုမိုနားလည်သဘောပေါက်မှုဖန်တီးဖြစ်ပေါ်စေရန် အနာဂတ်တွင် တီဗွီအစီအစဉ်များ ပူးတွဲထုတ်လွှင့်သွားမည်ဖြစ်ကြောင်း မလေးရှားဝန်ကြီးတစ်ဦးက ဒီဇင်ဘာ ၁၄ ရက်နေ့တွင် ပြောကြားသည်။ မလေးရှားနိုင်ငံ ဘာဟာဆာ၌ ယင်းအစီအစဉ်များ ထုတ်လုပ်သွားရေးလေ့ကျင့်မှုများ ပြုလုပ်ရန် အခြေခံအားဖြင့် သဘောတူညီထားကြောင်း မလေးရှားပြန်ကြားရေးဝန်ကြီးအဗ္ဒုဒ္ဒကာဒီယာရှိတ်ဖတ်ဇီရာက ပြောကြားကြောင်းသိရသည်။

နိုင်ငံတကာဆက်ဆံရေး- အပြည်ပြည်ဆိုင်ရာ ကိစ္စရပ်များနှင့် ဒေသဆိုင်ရာကိစ္စရပ်များတွင် အပြန်အလှန်ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရန်အပြင် နှစ်နိုင်ငံဆက်ဆံရေးတောင့်တင်းခိုင်မာစေရေးအတွက်မလေးရှားဝန်ကြီးချုပ်အဗ္ဒုလာအာမက်ဘာဒါဝီသည် တရုတ်နိုင်ငံသို့ ပထမဆုံးအလည်အပတ်ခရီးအဖြစ် မေလ ၂၂ ရက်နေ့က ထွက်ခွာခဲ့ပြီး မလေးရှားနှင့် တရုတ်ပြည်သူသမ္မတနိုင်ငံတို့သည် အပြည်ပြည်ဆိုင်ရာဖြစ်ရပ်များနှင့် ဒေသဆိုင်ရာကိစ္စရပ် အများအပြားပေါ်တွင် ချစ်ခင်ရင်းနှီးစွာအမြင်ချင်းဖလှယ်ဆွေးနွေးကြမည်ဖြစ်ကြောင်း မလေးရှားနိုင်ငံခြားရေးဝန်ကြီး ရှိတ်ဟာမစ်အယ်ဘာကာကွာလာလမ်ပူမြို့တွင် သတင်းထောက်များအား ပြောကြားသည်။

မလေးရှားဝန်ကြီးချုပ်ဘာဒါဝီ၏ တရုတ်ပြည် အလည်အပတ်ခရီးစဉ်သည် တရုတ်နှင့် မလေးရှားနိုင်ငံအကြား သံတမန်ဆက်ဆံရေး ထူးထောင်ခဲ့သည့် နှစ် (၃၀)မြောက် နှစ်ပတ်လည်အချိန်နှင့်လည်းတိုက်ဆိုင်လျက်ရှိသည်။ မလေးရှားဝန်ကြီးချုပ်၏ တရုတ်ပြည်ခရီးစဉ်တွင် ဝန်ကြီးကိုးဦး၊ ပြည်နယ်ဝန်ကြီးချုပ်လေးဦးနှင့် စီးပွားရေးလုပ်ငန်းရှင် ၁၀၀ ကျော်တို့ လိုက်ပါသွားခဲ့ကြသည်။

နိုင်ငံတကာအရေးကိစ္စများတွင်လည်း ကုလသမဂ္ဂ (ယူအင်)အနေဖြင့် ပိုမိုကြီးမားသော အခန်းကဏ္ဍမှ ဆောင်ရွက်သွားရန် မလေးရှားဝန်ကြီးချုပ်၊ အဗ္ဒုလာအာမက်ဘာဒါဝီက ဇွန်လ ၁ ရက်နေ့တွင် တိုက်တွန်းပြောကြားလိုက်သည်။အဘယ့်ကြောင့်ဆိုသော်



မလေးရှားဝန်ကြီးချုပ် အဗ္ဗဒုလာအာမက်ဘာဒါဝီ

ကုလသမဂ္ဂဥသာလျှင် ငြိမ်းချမ်းရေးကို ခြိမ်းခြောက်မှု၊ ငြိမ်းချမ်းရေးချိုးဖောက်မှု သို့မဟုတ် ကျူးကျော်ရန်စတိုက်ခိုက်မှုမှန်သမျှကို ဆုံးဖြတ်ဖြေရှင်းရန် တရားဝင်အမိန့်အာဏာရှိကြောင်းမည်သည့်နိုင်ငံဥမ္မ ဤတရားဝင်လုပ်ဆောင်ပိုင်ခွင့်မရှိကြောင်း ကွာလာလမ်ပူဥ ကျင်းပသော (၁၈)ကြိမ်မြောက် အာရှပစိဖိတ်ဆွေးနွေးပွဲဥ အဗ္ဗဒုလာက ပြောကြားသည်။

နိုင်ငံတကာဆိုင်ရာငြိမ်းချမ်းရေးနှင့် လုံခြုံရေးကို ထိန်းသိမ်းရန် သို့မဟုတ် မူလအတိုင်းရှိစေရန် အတွက် လုပ်ဆောင်မည့်လုပ်ငန်းများကို ကုလသမဂ္ဂသာလျှင် ဆုံးဖြတ်မည်ဖြစ်ကြောင်း အဗ္ဗဒုလာကပြောကြားသည်။

ပညာရေး- မလေးရှားတကွသိုလ် (ယူအမ်)နှင့် တရုတ် ဆာမင်တကွသိုလ်တို့ သုတေသနပူးတွဲ ဆောင်ရွက်ရန် နားလည်မှုစာချွန်လွှာတစ်ရပ်ကို နိုဝင်ဘာ ၅ ရက်နေ့က လက်မှတ်ရေးထိုးခဲ့ကြသည်။ အဆိုပါ စာချုပ်ကို ဆာမင်တကွသိုလ်ဥကွဥ ပါမောက္ခဇူချွန်ရှိနှင့် ယူအမ်ဒုတိယဥကွဥ ပါမောက္ခဟာရှင်ယာကွပ်တို့ကလက်မှတ်ရေးထိုးကြခြင်းဖြစ်သည်။ စာချွန်လွှာလက်မှတ်ရေးထိုးသည့် အခမ်းအနားသို့ မလေးရှားအဆင့်မြင့်ပညာရေးဝန်ကြီး ဒေါက်တာရာဖီဆာလာတက်ရောက်ခဲ့သည်ဟု ဆိုသည်။ ယူအမ်ဝန်ထမ်းများသည် ဆာမင်တကွသိုလ်ဥ သုတေသန၊ သို့မဟုတ်သင်ကြားမှုများကိုလေ့လာရန် အတွက်ၔင်းတို့၏အခွင့်ကာလကိုအကျိုးရှိရှိအသုံးချနိုင်ကြောင်း စာချုပ်ချုပ်ဆိုပွဲ အခမ်းအနားပြီးဆုံးကြောင်းနောက်ဟာရှင်ကပြောသည်။

ဆာမင်တကွသိုလ်တွင် တရုတ်တိုင်းရင်းဆေးအပ်စိုက်ကုထုံးနှင့် တရုတ်ဘာသာစကားကဲ့သို့ အစီအစဉ်များတွင် မလေးရှားမှရေရှည်သင်ကြားသူကျောင်းသား ၁၀၁၅ ဦးမှာ ၁၉၉၀ ပြည့်နှစ်ကစပြီး စာရင်းပေးသင်ကြားခဲ့ကြောင်း ပါမောက္ခဇူကပြောသည်။ မလေးနိုင်ငံအတွင်းရှိ ပုဂ္ဂလိကကောလိပ်များနှင့် အခြားတကွသိုလ်များကဲ့သို့ ယူအမ်တွင် လေ့လာဆည်းပူးကြသော တရုတ်ပြည်မှ ကျောင်းသားများပိုမို ရောက်ရှိရန်မျှော်လင့်ကြောင်း မလေးရှားအဆင့်မြင့်ပညာရေးဝန်ကြီးရာဖီကပြောသည်။ ၁၉၂၁ ခုနှစ်က တည်ထောင်ခဲ့သော ဆာမင်တကွသိုလ်သည် တရုတ်ပြည်ရှိ တကွသိုလ်များတွင် တစ်ခုအပါအဝင်ဖြစ်ပြီး အရှေ့တောင် အာရှလေ့လာရေးဘာသာရပ်များကို ပို့ချလျက်ရှိသည်။

ခရီးသွားလုပ်ငန်း- မလေးရှားလေဆိပ်များတွင် ပြည်တွင်းခရီးသည်သွားလာမှုသည် ပြီးခဲ့သည့်နှစ်၌ ၁၁ ဒသမ ၂ ရာခိုင်နှုန်းဖြင့် ခိုင်မာစွာ တိုးတက်ခဲ့သည်။ ၎င်းနိုင်ငံ၌ လေကြောင်းကုမ္ပဏီနှစ်ခုရှိရာ မလေးရှားလေကြောင်းလိုင်းနှင့် အဲယားအေးရှဖြစ်ပြီး မလေးရှားလေကြောင်းလိုင်းက ၂၀၀၄ ခုနှစ် ဇန်နဝါရီမှ ၎င်းလ အထိ၌ ခရီးစဉ်အားလုံးအတွက် စုစုပေါင်းထွက်ခွာသော ပြည်တွင်းခရီးသည်များ၏ ၇၇ ရာခိုင်နှုန်းပျံသန်းပို့ဆောင်ပေးခဲ့သည်ဟု သိရသည်။

၎င်းပြင် မလေးရှားနိုင်ငံသို့ ကမ္ဘာလှည့်ခရီးသွားများလာရောက်မှုသည် ၂၀၀၄ ခုနှစ် ပထမ (၁၀) လ တာကာလတွင် ခရီးသည် ၁၃ ဒသမ ၀၇သန်းရောက်ရှိခဲ့သဖြင့် ယခင်နှစ်အလားတူလကထက် ၆၁ ဒသမ ၁ ရာခိုင်နှုန်း ပိုမိုများပြားခဲ့ကြောင်း ခရီးသွားလုပ်ငန်း



မလေးရှားဝန်ကြီးချုပ် အဗ္ဗဒုလာအာမတ်ဆာဒီဝီကို ထောက်ခံသူများ၏ လူထုအစည်းအဝေးတစ်ခုပြင်ကွင်း

ဝန်ကြီး လီယိုမီချယ်တိုလတ်က ဒီဇင်ဘာ ၉ ရက်နေ့တွင် ပြောကြားသည်။ ဤနှစ် ၂၀၀၄ အောက်တိုဘာလတွင် မလေးရှားနိုင်ငံသို့ ကမ္ဘာလှည့်ခရီးသည် စုစုပေါင်း ၁ ဒသမ ၃၅ သန်း လာရောက်လည်ပတ်ခဲ့ကြသည်။ ထို့ကြောင့်ပြီးခဲ့သည့် ၂၀၀၃ ခုနှစ်၊ အောက်တိုဘာလကခရီးသည် ၉၉၄၈၅၈ ဦး လာရောက်ခဲ့မှုထက် ၃၆ ဒသမ ၇ ရာခိုင်နှုန်းပိုမိုများပြားခဲ့သည်။ လွန်ခဲ့သည့် သုံးနှစ်ကထက် ပိုမိုများပြားမည်ဖြစ်ကြောင်း မလေးရှား ခရီးသွားလုပ်ငန်းဝန်ကြီးက ပြောကြားသည်။

ယင်းကဲ့သို့ ခရီးသွားများလာရောက်မှု တိုးတက်များပြားလာခြင်းမှာ မလေးရှားနိုင်ငံသို့ နိုင်ငံတကာမှ အလည်လာရောက်လိုသူများစိတ်ဝင်စားမှု များလာခြင်းကို ပြသကြောင်း အဆိုပါ ခရီးသွားလုပ်ငန်းဝန်ကြီးက ပြောကြားသည်။

ဆန်းသစ်တီထွင် ပိထရိုးနားလ်အမြှောမျှော်စင်-

မလေးရှားနိုင်ငံတွင် ပိထရိုးနားလ်အမြှောမျှော်စင်၏ ဆန်းသစ်တီထွင်မှုများမှာ ကြွမ်းပြင်အခင်းကို ဒီဇိုင်းရေးဆွဲရာ၌ အစွမ်းမွမ်းမံအနုစိတ်ထင်ဟပ်သည့် ဗိသုကာပညာလက်ရာကို အသုံးပြုထားသည်။စက်ဝိုင်းငယ်များဖြင့် ဖြည့်စွက်ပြီး တစ်ခုအပေါ်တစ်ခုထပ်ဆင့် ထားသည့် စတုရန်းကွက်နှစ်ခုဖြင့်ပြုလုပ်ရာ ဤပုံသဏ္ဌာန်များသည် စည်းလုံးမှု၊ သဟဇာတရှိခြင်း၊ တည်ငြိမ်မှုရှိခြင်းနှင့် ဆင်ခြင်တုံတရားရှိခြင်းတို့ကို ဖော်ညွှန်းသည့် အဓိပ္ပာယ်ပေါ်ကြောင်း၊ ဗိသုကာများက သုံးသပ်ကြသည်။ ဤအရည်အချင်းများသည် အစွမ်းလမ်းစ်ဘာသာ၏ အရေးကြီးသည့် မူဝါဒများဖြစ်ကြောင်းသိရသည်။ အပြင်ဘက် ဒီဇိုင်းကဲ့သို့ပင် မျှော်စင်များ၏ အဝင်ပေါက်ဝဒီဇိုင်းမှာလည်း နိုင်ငံ၏ ယဉ်ကျေးမှုအမွေအနှစ်များကို ခေတ်ပြိုင်မလေးရှား အလှတန်ဆာများဖြစ်သော ရိုးရာလက်ရာဖြစ်သည့် သစ်သား၊ ပန်းပုလက်ရာများ ဖြင့် ဖော်ကျူးထားသည်။ အဆောက်အအုံတစ်ခုလုံး၏ ပုံသဏ္ဌာန်သည် အပြင်လက္ခဏာတို့မှာ နိုင်ငံတကာအဆင့်မြင့် နည်းပညာတို့ကို အသုံးပြုထားသော်လည်း မလေးရှားနိုင်ငံလက်ရာများကို ထင်ရှားပြောင်မြောက်စွာ ထည့်သွင်းထားသည်ကို တွေ့နိုင်ပေသည်။

ပိထရိုနားအမြှောမျှော်စင်သည် အထပ်အရေအတွက်အားဖြင့် ၈၈ ထပ်ပါရှိပြီး အမြင့်မှာလမ်းအဆင်းနေရာမှစပြီး ၂၅၂ မီတာရှိသည်။ မျှော်စင်ဆောက်လုပ်ထားသည့် စုစုပေါင်းဧရိယာအကျယ်

အဝန်းသည် ၃၄၁,၅၆၀ စတုရန်းမိတာ (စတုရန်းပေ ၃ ဒသမ ၇ သန်း)ရှိသည်။ ဒီဇိုင်းနှင့် ဗိသုကာလက်ရာများကိုမူ စိဆာပယ်လီနှင့် အပေါင်းပါများ (ယူအက်စ်)နှင့် ကေအယ်လ်စီစီ ဗိသုကာလက်ရာများဖြင့် ပေါင်းစည်းထားသည်။

၁၉၉၆ ခုနှစ်၊ မတ်လ၌ အမြွာမျှော်စင်ကို အပြီးသတ်ဆောက်လုပ်ခဲ့ပြီးဖြစ်ရာ ၁၉၉၇ ခုနှစ်၊ နှစ်ဦးပိုင်း၌ နေထိုင်အသုံးပြုခြင်းကို စတင်ခဲ့သည်။

လတ်တလော၌ မျှော်စင် (၁) ကို နိုင်ငံပိုင်ရေနံကော်ပိုရေးရှင်းဖြစ်သည့် ပိတရိုးနားက အသုံးပြုလျက်ရှိပြီး မျှော်စင် (၂) ကို ပိတရိုးနား၏ အပေါင်းပါကုမ္ပဏီများနှင့် ကျန်ရှိသောနေရာများကိုနိုင်ငံစုံမှကုမ္ပဏီများအား ငှားရမ်းထားသည်။ ပိထရိုးနားစ်အမြွာမျှော်စင်နှစ်ခုတို့သည် Multimedia Super Corridor (MSC) ၏ မြောက်ဘက်ခြမ်း၌ တည်ရှိပြီးခေတ်မီ အဆင့်မြင့်ဆုံးဆက်သွယ်ရေးပစ္စည်းများကို တပ်ဆင်ထားသည်။ မလေးရှားနိုင်ငံကို ပြန်ကြားရေး သတင်းခေတ်၏ ရှေ့တန်းသို့ ပို့ဆောင်ရာ၌ MSC သည်အစပျိုးထောင်သည့်နေရာဖြစ်ကြောင်းသိရသည်။

သိန်းဝင်းဇော်

မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေး (မြန်မာနိုင်ငံ) (၂၀၀၄)။

။ ပြည်ထောင်စုမြန်မာနိုင်ငံတော်တွင် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေးလုပ်ငန်းကို အမျိုးသားရေးတာဝန်အဖြစ် သတ်မှတ်၍ နှစ်စဉ်ဆောင်ရွက်လျက်ရှိရာ ၂၀၀၄ ခုနှစ် မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် အောင်မြင်စွာ ကြိုးပမ်း ဆောင်ရွက်နိုင်ခဲ့သည်။

နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်မှု

မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့ (မူးယစ်ဗဟိုအဖွဲ့) ဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီးဦးဆောင်၍ ဒုတိယဥက္ကဋ္ဌများဖြစ်ကြသော နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီးနှင့် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနဝန်ကြီး၊ ဗဟိုအဖွဲ့အဖွဲ့ဝင်များဖြစ်ကြသော အလုပ်သမားဝန်ကြီးဌာန ဝန်ကြီးနှင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီးတို့ ပါဝင်သော အဖွဲ့သည် ရန်ကုန်မြို့ရှိနိုင်ငံခြားသံရုံးများမှ ဌာနေကိုယ်စားလှယ်များ လိုက်ပါလျက် ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိုင်းယွန်းနှင့် မိုင်းလားဒေသများသို့ ဇန်နဝါရီလ ၂၃ ရက်နေ့မှ ၂၅ရက်နေ့ အထိသွားရောက်၍ နယ်စပ်ဒေသဖွံ့ဖြိုးရေးနှင့် မူးယစ်ဆေးဝါးပပျောက်ရေးလုပ်ငန်းဆောင်ရွက်ချက်များကို လေ့လာသည်။

ထိုင်းနိုင်ငံ ဘန်ကောက်မြို့အခြေစိုက် ကုလသမဂ္ဂမူးယစ်ဆေးဝါးနှင့် မှုခင်းဆိုင်ရာရုံး၊ နိုင်ငံတကာသံရုံးများတွင် တွဲဖက်ထားသော မူးယစ်ဆေးဝါးဆက်ဆံရေးအရာရှိများ၊ ထိုင်းနိုင်ငံမူးယစ်ဆေးဝါးထိန်းချုပ်မှုအဖွဲ့ရုံးမှ အရာရှိကြီးများသည် မူးယစ်ဗဟိုအဖွဲ့ တွဲဖက်အတွင်းရေးမှူးနှင့် တာဝန်ရှိသူများ လိုက်ပါလျက် ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိုင်းဆတ်ခရိုင် ယောင်ခကျေးရွာ ဘက်စုံဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် 'ဝ' ဒေသဘိန်းအစားထိုးကော်ဖီနှင့် လက်ဖက်စိုက်ခင်းများကို ဖေဖော်ဝါရီလ ၁၇ရက်နေ့တွင်သွားရောက်လေ့လာသည်။

ဒေသမအကြိမ် မြန်မာအမေရိကန်နှစ်နိုင်ငံပူးပေါင်း၍ ဘိန်းအထွက်နှင့် ခန့်မှန်းတိုင်းတာခြင်းလုပ်ငန်းအတွက် နှစ်နိုင်ငံပူးပေါင်းအဖွဲ့များသည် ရှမ်းပြည်နယ် (တောင်ပိုင်း) မိုင်းပန်၊ ဆီဆိုင်၊ နမ့်စန်၊ လဲချားနှင့် မိုင်းရှားမြို့နယ်များ၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိုင်းပျဉ်း၊ ကျိုင်းတုံနှင့် မိုင်းခတ်မြို့နယ်များ၊ ရှမ်းပြည်နယ် (မြောက်ပိုင်း) 'ဝ'ဒေသ ခွင်မား၊ မိုင်းမော၊ နမ့်တစ်၊ လုံထန်၊ ဟိုပန်၊ ကိုးကန့်ဒေသ လောက်ကိုင်နှင့်ကွတ်ခိုင်မြို့နယ်များသို့ သွားရောက်ပြီး ဘိန်းခင်းများ တိုင်းတာလေ့လာခြင်း၊ ဘိန်းနှင့် ပတ်သက်သည့် ဘိန်းရွက်၊ ဘိန်းသီးနှင့် ဘိန်းစိမ်းနမူနာများအား စုဆောင်းရယူ

မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေး



၂၁.၄.၀၄ နေ့က ထိုင်းနိုင်ငံတွင် ကျင်းပခဲ့သော တရုတ်၊ လာအို၊ အိန္ဒိယ၊ မြန်မာ၊ ထိုင်း မူးယစ်ဆေးဝါးပူးပေါင်းတားဆီးထိန်းချုပ်ရေးအစည်းအဝေးမြင်ကွင်း

ခြင်း၊ ဒေသခံဘိန်းစိုက်တောင်သူများနှင့် တွေ့ဆုံမေးမြန်းခြင်း၊ ဖျက်ဆီးထားသော ဘိန်းခင်းများအား ကြည့်ရှုလေ့လာခြင်းနှင့် ဘိန်းအစားထိုးစိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ကြည့်ရှုလေ့လာခြင်းတို့ကို မတ်လ ၃ ရက်နေ့မှ ၁၂ရက်နေ့အထိဆောင်ရွက်သည်။

ကုလသမဂ္ဂမူးယစ်ဆေးဝါးကော်မရှင် ၄၇ ကြိမ်မြောက်အစည်းအဝေးကို သြစတြီးယားနိုင်ငံ ဗီယင်နာမြို့၌ မတ်လ ၁၅ ရက်နေ့မှ ၂၂ ရက်နေ့အထိ ကျင်းပရာ မူးယစ်ဗဟိုအဖွဲ့အတွင်းရေးမှူး မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ်နှင့် တွဲဖက်အတွင်းရေးမှူးတို့ ပါဝင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်သည်။

မြန်မာ၊ ထိုင်း၊ လာအို၊ တရုတ်၊ အိန္ဒိယ ငါးနိုင်ငံအဆင့်မြင့်အရာရှိများ မူးယစ်ဆေးဝါးထိန်းချုပ်ရေးအစည်းအဝေးကို ထိုင်းနိုင်ငံ ပတ္တရားမြို့၌ ဧပြီလ ၂၁ ရက်နေ့မှ ၂၃ ရက်နေ့အထိ ကျင်းပရာ မူးယစ်ဗဟိုအဖွဲ့အတွင်းရေးမှူး မြန်မာနိုင်ငံရဲတပ်ဖွဲ့. ရဲချုပ်ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့. တက်ရောက်သည်။

မြန်မာ-ထိုင်းနှစ်နိုင်ငံ မူးယစ်ဆေးဝါးပပျောက်ရေးပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ကိစ္စရပ်များအား တွေ့ဆုံဆွေးနွေးသည့် အစည်းအဝေးကို ရန်ကုန်မြို့ ကမာရွတ်မြို့နယ် ကျွန်းတောလမ်းနှင့် ဟံသာဝတီလမ်းထောင့်ရှိ မူးယစ်ဆေးဝါးပပျောက်ရေး အထိမ်းအမှတ်ပြတိုက်အုပ်ချုပ်မှုဆောင်အစည်းအဝေးခန်းမ၌ အောက်တိုဘာလ ၅ ရက်နေ့တွင် ကျင်းပသည်။ အစည်းအဝေးကို မူးယစ်ဗဟိုအဖွဲ့ဥက္ကဋ္ဌ၊ မူးယစ်ဗဟိုလုပ်ငန်းအဖွဲ့ ဥက္ကဋ္ဌများနှင့် အတွင်းရေးမှူးများ၊ ထိုင်းနိုင်ငံ မယ်ဖာ့လုံဖောင်ဒေးရှင်းအထွေထွေအတွင်းရေးမှူး လွယ်တုန်းဖုံဖြိုးရေးစီမံကိန်း အမှုဆောင်အရာရှိချုပ်နှင့် အဖွဲ့ဝင်များ မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီးတို့ တက်ရောက်သည်။

မူးယစ်ဗဟိုအဖွဲ့နှင့် မြန်မာနိုင်ငံမူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်းတို့ ပူးပေါင်းစီစဉ်မှုဖြင့် မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပသည့် ၁၄ ကြိမ်မြောက် နိုင်ငံတကာအစိုးရမဟုတ်သော အဖွဲ့အစည်းများ ဖက်ဒရေးရှင်း၏ အာဆီယံနိုင်ငံများမှ အစိုးရမဟုတ်သောအဖွဲ့အစည်းများ မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများအန္တရာယ်ကာကွယ်ရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားကို ရန်ကုန်မြို့. အလံပြဘုရားလမ်းရှိ Grand Plaza Parkroyal Hotel ၌ ဒီဇင်ဘာလ ၂ ရက်နေ့တွင် ကျင်းပသည်။ အလုပ်ရုံဆွေးနွေးပွဲကို အာဆီယံ အဖွဲ့ဝင်နိုင်ငံများနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ မောရစ်ရှပ်နိုင်ငံနှင့်ဩစတြေးလျနိုင်ငံတို့မှကိုယ်စားလှယ် ၁၂၂ ဦး တက်ရောက်၍ အာဆီယံဒေသအတွင်း ၂၀၁၅ ခုနှစ်တွင် မူးယစ်ဆေးဝါးလုံးဝကင်းစင်သော ပန်းတိုင်သစ်သို့ ရောက်ရှိရန် ကြိုးပမ်းဆောင်ရွက်ရေး ရည်မှန်းချက် (Strive for Denstiny: ASEAN DRUG FREE 2015) ကို ရှင်းလင်းဆွေးနွေးသည်။

မူးယစ်ဆေးဝါးဆိုင်ရာ အမိန့်ကြော်ငြာစာထုတ်ပြန်ခြင်း

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ ကျန်းမာရေးဝန်ကြီးဌာနသည် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေပုဒ်မ ၂ ပုဒ်မခွဲ (ခ)နှင့် ပုဒ်မ ၃၀၊ ပုဒ်မခွဲ (ခ) တို့ပါ လုပ်ပိုင်ခွင့်များကို ကျင့်သုံး၍ ကျန်းမာရေးဝန်ကြီးဌာန၏ ၂၀၀၂ ခုနှစ်၊ ဇွန်လ ၂၁ ရက်နေ့စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၂/၂၀၀၂ ၏ ဇယား ၂ အမှတ်စဉ် ၁၅ နောက်တွင် အောက်ဖော်ပြပါ စိတ်ကိုပြောင်းလဲစေသော ဆေးဝါးကို အမှတ်စဉ် ၁၆ အဖြစ် ဖြည့်စွက်သတ်မှတ်လိုက်ကြောင်း အမိန့်ကြော်ငြာစာအမှတ် ၁/၂၀၀၄ ဖြင့် မေလ ၁၀ ရက်နေ့တွင် ထုတ်ပြန်ကြေညာသည်။


နိုင်ငံတကာမူပိုင် မဟုတ်သောအမည် International non-proprietary name)	- အမင်နိတင်း - (Amineptine)
အခြားမူပိုင်မဟုတ်သော အမည် သို့မဟုတ် မထင်ရှားသောအမည် (Other non-propritary or trivial name)	- အမင်နိတင်း - (Amineptine)
ဓာတုပစ္စည်းအမည် (Chemical name)	- (7[10,11 dihydro 5H dibenzo (a,d)] cyclohepten 5 yl) Amino] anoic acid

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ ပြည်ထဲရေးဝန်ကြီးဌာနသည် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေပုဒ်မ ၃၀၊ ပုဒ်မခွဲ (က)အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို ကျင့်သုံး၍ အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထိန်းချုပ်ဓာတုပစ္စည်းကြီးကြပ်ရေးဆိုင်ရာ နည်းဥပဒေများကို ထုတ်ပြန်လိုက်ကြောင်း အမိန့်ကြော်ငြာစာ အမှတ် ၃/၂၀၀၄ ဖြင့် ဇူလိုင်လ ၁ ရက်နေ့တွင် ထုတ်ပြန်ကြေညာသည်။

ဘိန်းခင်းများ ဖျက်ဆီးခြင်း

ပြည်ထောင်စုမြန်မာနိုင်ငံတော်တွင်တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် ဒေသခံတိုင်းရင်းသားပြည်သူများ ပူးပေါင်းကာ မူးယစ်ဆေးဝါးအန္တရာယ်တားဆီးကာကွယ်ရေးလုပ်ငန်းကို ဆောင်ရွက်လျက်ရှိရာ မူးယစ်ဆေးဝါးများဖြစ်လာမည့် ဘိန်းစိုက်ခင်းများအား ရှာဖွေဖော်ထုတ်ဖျက်ဆီးသည်။

၂၀၀၃-၂၀၀၄ ခုနှစ် ဘိန်းစိုက်ရာသီတွင် ရှမ်းပြည်နယ်၌ ဘိန်းခင်း ၇,၀၆၆ ဒသမ ၃၇ ဧက၊ ကချင်ပြည်နယ်၌ ဘိန်းခင်း ၃၅၅ ဒသမ ၃၈ ဧက၊ ကယား



သံတမန်များ ဝင်းဆိုးရပိ မူးယစ်ဆေးဝါးများကို မဖျက်ဆီးပိ စစ်ဆေးကြည့်ရှုကြစဉ်

မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေး



ဝန်းဆီးရပိ မူးယစ်ဆေးဝါးများကို
ဖျက်ဆီးစဉ်

ပြည်နယ်၌ ဘိန်းခင်း ၂၀၅ ဒသမ ၅ ဧက၊ စစ်ကိုင်းတိုင်း၌ ဘိန်းခင်း ၁၁၂ ဒသမ ၈ ဧက စုစုပေါင်း ဘိန်းခင်း ၇,၇၄၀ ဒသမ ၀၅ ဧကတို့ကို တရားမဝင်စိုက်ပျိုးခဲ့ရာ ဘိန်းခင်း ၇,၆၁၀ ဒသမ ၀၅ ဧက ဖျက်ဆီးနိုင်သည်။

၁၉၈၈-၈၉ ခုနှစ် ဘိန်းစိုက်ရာသီမှ ၂၀၀၃-၂၀၀၄ ခုနှစ် ဘိန်းစိုက်ရာသီအထိ တရားမဝင်စိုက်ပျိုးထားသော ဘိန်းခင်းစုစုပေါင်း ၁၆၇,၁၁၉ ဒသမ ၅၁ ဧကဖျက်ဆီးခဲ့ပြီးဖြစ်သည်။


တားဆီးနှိမ်နင်းမှု

တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ အကောက်ခွန်ဦးစီးဌာနတို့က မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းမှုလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။ ဇန်နဝါရီလ ၁ ရက်နေ့မှ ဒီဇင်ဘာလ ၃၁ ရက်နေ့အထိ တားဆီးနှိမ်နင်းခဲ့သော မူးယစ်ဆေးဝါးစုစုပေါင်းမှာ ဘိန်းဖြူ ၁,၁၂၆ မှုနှင့် ၉၇၃ ဒသမ ၅၁၅၆ ကီလို၊ ဘိန်း ၄၀၆ မှုနှင့် ၆၀၆ ဒသမ ၈၉၃၁ ကီလို၊ ဆေးခြောက် ၂၀၄ မှုနှင့် ၁၄၂ ဒသမ ၄၄၆၈ ကီလို၊ ဘိန်းညှို ၃ မှုနှင့် ၅၈ ဒသမ ၉၀၄ ကီလို၊ ဘိန်းဆီ ၆၄ မှုနှင့် ၃၉ ဒသမ ၁၁၇၇ ကီလို၊ ဖင်ဆီဒိုင်းဆေးရည် ၁၈ မှုနှင့် ၃၀ ဒသမ ၂၅ လစ်တာ၊ အဆင့်နိမ့်ဘိန်း ၁၆၂ မှုနှင့် ၃၉၅ ဒသမ ၇၄၅၇ ကီလို၊ မူးယစ်ဆေးဝါးအာနိသင်ပါသော ချောင်းဆိုးပျောက်ဆေးရည် ၆ မှုနှင့် ၇၁ ဒသမ ၁ လစ်တာ၊ ကေဖင်း ၀ ဒသမ ၇၉ ကီလို၊ ဘိန်းစာမှုန့် ၃၆ မှုနှင့် ၈၂ ဒသမ ၀၀၉၂ ကီလို၊ စိတ်ကြွရှူးသွပ်ဆေးပြား ၅၉၈ မှုနှင့် ဆေးပြား ၈,၃၇၉,၃၁၁ ပြား၊ အက်ဖီဒရင်းနှစ်မှုနှင့် ၁၈၂ ဒသမ ၆၅၆ ကီလို၊ မော်ဖင်းထိုးဆေးတစ်မှုနှင့် ၁၀ ပုလင်း၊ အက်စစ်တစ်အင်ဟိုက်ဒရိုက် ၂၆ ဒသမ ၄ လစ်တာ၊ ဓာတုဆေးရည် ၄ မှုနှင့် ၁၇,၉၇၁ ဒသမ ၀၇ လစ်တာ၊ စိတ်ကြွရှူးသွပ်ဆေးပုံဆောင်ခဲ (အိုက်စ်) ၀ ဒသမ ၁၅၅ ကီလို၊ မူးယစ်ဆေးဝါးသုံးစွဲပြီး မှတ်ပုံတင်ဆေးကုသမှုခံယူရန် ပျက်ကွက်၍ အရေးယူမှု ၁၈၄ မှု၊ အခြားမူးယစ်ဆေးဝါးအမှု ၁၉၈ မှု စုစုပေါင်း မူးယစ်ဆေးဝါးအမှု ၃,၀၁၂ မှုနှင့် တရားခံ (ကျား) ၃,၄၁၈ ဦး၊ တရားခံ (မ) ၇၃၅ ဦး စုစုပေါင်း တရားခံ ၄,၁၅၃ ဦးဖြစ်သည်။

မူးယစ်ဆေးဝါးများ ဖျက်ဆီးခြင်း

မူးယစ်ဗဟိုအဖွဲ့က ဖမ်းဆီးရမိမူးယစ်ဆေးဝါးများ ၁၈ ကြိမ်မြောက် ဖျက်ဆီးပွဲအခမ်းအနားကို ရန်ကုန်မြို့ကမာရွတ်မြို့နယ် ကျွန်းတောလမ်းနှင့် ဟံသာဝတီလမ်းထောင့်ရှိ မူးယစ်ဆေးဝါးပပျောက်ရေး အထိမ်းအမှတ်ပြတိုက်ဝင်းအတွင်းရှိ မီးရှို့ဆောင်၌ ဇွန်လ ၂၆ ရက်နေ့တွင် ကျင်းပရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ မူးယစ်ဗဟိုအဖွဲ့ဥက္ကဋ္ဌပြည်ထဲရေးဝန်ကြီးဌာနဝန်ကြီး၊ ဒုတိယဥက္ကဋ္ဌများဖြစ်ကြသော နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီးနှင့် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနဝန်ကြီး၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီး

မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေး



မူးယစ်ဆေးဝါး၏ ဆိုးကျိုးကို ဤဆိုသရုပ်တော်သတိပေးလျက်ရှိသည်

များ၊ ရန်ကုန်မြို့တော်ဝန်၊ ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ သံရုံးယာယီတာဝန်ခံများ၊ စစ်သံမှူးများ၊ ကုလသမဂ္ဂအဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များ၊ အထူးဖိတ်ကြားထားသူများနှင့် ပြည်တွင်းပြည်ပသတင်းစာဆရာများ တက်ရောက်သည်။ အခမ်းအနားတွင် မူးယစ်ဗဟိုအဖွဲ့အတွင်းရေးမှူး၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲချုပ်က ရှင်းလင်းတင်ပြပြီး မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ သံရုံးယာယီတာဝန်ခံများ၊ စစ်သံမှူးများ၊ ကုလသမဂ္ဂအဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များသည် မီးရှို့ဖျက်ဆီးမည့် မူးယစ်ဆေးဝါးများကို စမ်းသပ်စစ်ဆေး၍ မူးယစ်ဆေးဝါးအာနိသင်ပါသော ချောင်းဆိုးပျောက်ဆေးရည်ပုလင်းများကို ဖျက်ဆီးပေးသည်။ ထို့နောက် မူးယစ်ဗဟိုအဖွဲ့ဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီးဌာနဝန်ကြီး၊ မြန်မာနိုင်ငံဆိုင်ရာသံတမန်အဖွဲ့ နာယကစင်ကာပူသမ္မတနိုင်ငံ သံအမတ်ကြီး၊ ဂျပန်နိုင်ငံ သံအမတ်ကြီးနှင့် ထိုင်းနိုင်ငံသံအမတ်ကြီးတို့က စက်ခလုတ်ပြုုတ်နှိပ်၍ ဖမ်းဆီးရမိမူးယစ်ဆေးဝါးများကို မီးရှို့ဖျက်ဆီးသည်။

ဖမ်းဆီးရမိ မူးယစ်ဆေးဝါးများ ၁၈ ကြိမ်မြောက် ဖျက်ဆီးသည့် အခမ်းအနားတွင် ဘိန်းဖြူ ၃၅၃ ဒသမ ၃၅၄ ကီလို၊ ဘိန်း ၇၁၀ ဒသမ ၄၉၇ ကီလို၊ ဘိန်းဆီ ၈ ဒသမ ၅၀၄ ကီလို၊ ဘိန်းရည် ၅ ဒသမ ၂၀၆ ကီလို၊ ဆေးခြောက် ၉၉ ဒသမ ၀၂၅ ကီလို၊ စိတ်ကြွရုံးသွပ်ဆေးပြား ၂,၆၄၃,၈၀၀ ပြား၊ အက်ဖီဒရင်းဆေးမှုန့် ၂၃၂ ဒသမ ၅၃၅ ကီလို၊ ဘိန်းညှို ၈ ဒသမ ၆၇၉ ကီလိုတို့ကို မီးရှို့ဖျက်ဆီးသည်။

စိုးအောင်

မင်းနိုင်၊ ဦး (ခရစ် ၁၉၂၅-၂၀၀၄)။ ။မြန်မာမှုနယ်တွင် စာပေနှင့် ပန်းချီနှစ်မျိုးလုံးတွင် ထူးချွန်သူရှားသည်။ ဆရာကြီးဦးမင်းနိုင်သည် မြန်မာမှု စာရေးဆရာအဖြစ်လည်းထူးချွန်အောင်မြင်သည်။ မြန်မာ့ပန်းချီလောကတွင်လည်း ထူးချွန်သည်။

ဆရာကြီးဦးမင်းနိုင်ကို ၁၉၂၅ ခုနှစ်၊ မေလ ၁၂ ရက်နေ့တွင် ပြည်ခရိုင် ပုတီးကုန်းမြို့တွင် မွေးဖွားခဲ့ပါသည်။ အဘ ဦးဖိုးဟန်နှင့် အမိ ဒေါ်စောရင် ဖြစ်ပြီး အမည်ရင်းမှာ ဦးမင်းနိုင်ပင်ဖြစ်ပါသည်။ ဂျပန်ခေတ် အာရှလူငယ်အစည်းအရုံးတွင် စာကြည့်တိုက်မှူးအဖြစ် ဆောင်ရွက်ရင်း စာစောင် များထုတ်ဝေခဲ့သည်။ ၁၉၅၄ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်မှဝိဇ္ဇာဘွဲ့ရရှိခဲ့သည်။ ၁၉၅၇ ခုနှစ်တွင် Unesco Specialist အဖြစ် ဆောင်ရွက်ခဲ့သည်။ လျှပ်စစ်ဓာတ်အားပေးအဖွဲ့တွင် အမှုထမ်းရာမှတဆင့် ပြည်ထောင်စုယဉ်ကျေးမှုဌာနသို့ ပြောင်းရွှေ့အမှုထမ်းသည်။ ယဉ်ကျေးမှုဝန်ကြီးဌာနတွင် သုတေသနမှူးအဖြစ် အမှုထမ်းယင်းရုရှားနှင့် ဂျာမကီပြည်ထောင်စုသမ္မတနိုင်ငံများသို့ ပြတိုက်နှင့် သုတေသနပညာရပ်များ သွားရောက်လေ့လာသည်။

ဆရာကြီးသည် ယဉ်ကျေးမှုအထက်တန်းအရာရှိအဖြစ် အမှုထမ်းရင်းတာဝန်ဖြင့် ခရီးထွက်လိုက်၊ မှတ်လိုက်ဖြင့် စာပေလုပ်ငန်းကို ဝါသနာပါလာရာမှ ခရီးထွက်ရာမှရရှိခဲ့သည့် အချက်အလက်အကြောင်းအရာများကို အခြေခံ၍ တိုင်းရင်းသားယဉ်ကျေးမှုဆိုင်ရာ စာအုပ်များကိုအခါအားလျော်စွာ ရေးသားပြုစုသည်။ ယဉ်ကျေးမှုဌာန ညွှန်ကြားရေးမှူးရာထူးဖြင့် အငြိမ်းစားယူခဲ့သည်။

၁၉၅၉-၆၀ ခုနှစ်တွင် ယူနက်စကိုစာပေဆုကို ပြည်ထောင်စုအကပဒေသာ စာအုပ်ဖြင့်လည်းကောင်း၊ ၁၉၆၂ ခုနှစ် အနုပညာစာပေဆုတွင် မြန်မာ့ယဉ်ကျေးမှုနှင့် အနုပညာဆိုင်ရာစာပေဆုကို "မယ်တို့ပလောင်" စာအုပ်ဖြင့် လည်းကောင်း၊ ၁၉၆၃ ခုနှစ်တွင် အနုပညာ



စာပေနှင့် ပန်းချီပညာရှင် ဦးမင်းနိုင်

စာပေဆုကို "သွေးချင်းတို့ပျော်သည့် မြေ"စာအုပ်ဖြင့်လည်းကောင်း၊ ၁၉၇၄ ခုနှစ်တွင် အမျိုးသားစာပေဆု စာပဒေသာဆုကို "ဦးဘညာဏ်၏ဘဝနှင့်သူ့လက်ရာ" စာအုပ်ဖြင့်လည်းကောင်း ဆုအသီးသီးရရှိသည်။

ဆရာကြီးရေးသားပြုစုသော စာအုပ်များမှာ တိုင်းရင်းသားယဉ်ကျေးမှုဆိုင်ရာစာအုပ်များအဖြစ် (၁) ပြည်ထောင်စုအကပဒေသာ (၂) တို့တိုင်းရင်းဖွားပြည်ထောင်စုသား (၃) မနော၊ (၄) မယ်တို့ပလောင် (၅) ကူထိုးဘိုး (၆) ရခိုင်ဝတ္ထုပုံပြင် (၇) ရခိုင့်တေးသံ (၈) တို့သွေးတို့သားတိုင်းရင်းဖွား၊ (၉) သွေးချင်းတို့ပျော်သည့် မြေစာအုပ်များရေးသားခဲ့သည်။ ပန်းချီဆိုင်ရာစာအုပ်များအဖြစ် (၁) ပန်းချီတော် ဦးကြာညွန့်၏ခေတ်နှင့်လက်ရာ (၂) ပန်းချီတော် ဆရာချို (၃) ဦးဘညာဏ်၏ဘဝနှင့် သူ့လက်ရာ စာအုပ်များ ရေးသားခဲ့သည်။ ယဉ်ကျေးမှုဆိုင်ရာ စာအုပ်များအဖြစ် (၁) ယဉ်ကျေးမှုမိတ်ဆက် (၂) မြန်မာနိုင်ငံပြတိုက်လမ်းညွှန်စာအုပ်များ ရေးသားထုတ်ဝေခဲ့သည်။

၁၉၆၆ ခုနှစ်မှစတင်၍ ဆရာဦးဘကြည်ထံတွင် ပန်းချီပညာသင်ကြားခဲ့သည်။ ၁၉၈၅ ခုနှစ်တွင် ဂျပန်နိုင်ငံ ဖူကူအိုကာ၌ ပြုလုပ်သည့် 2nd Asian Art

Show တွင်လည်း ဝင်ရောက်ပြသခဲ့သည်။ New Treasure Art Gallery ၌ ၂၀၀၃ ခုနှစ်၊ ၂၀၀၄ ခုနှစ်များတွင် တစ်ကိုယ်တော်ပန်းချီပြပွဲ နှစ်ကြိမ်ပြုလုပ်ခဲ့သည်။

၁၉၇၀ ပြည့်မှ ၁၉၇၃ ခုနှစ်အထိ ရန်ကုန်တိုင်းပန်းချီပန်းပုကောင်စီ၌ ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်ခဲ့သည်။ မြန်မာနိုင်ငံရိုးရာပန်းပညာရှင်များ အစည်းအရုံးဗဟို၌ အထွေထွေအတွင်းရေးမှူးအဖြစ် ဆောင်ရွက်ခဲ့သည်။ မကွယ်လွန်ခင်အချိန်အထိရန်ကုန်တက္ကသိုလ်မနုဿဗေဒ တွဲဖက်ပါမောက္ခ၊ ပရိယတ္တိသာသနာ့တက္ကသိုလ်မဟာဓမ္မာစရိယအတန်းပြင်စာစစ်၊ ယဉ်ကျေးမှု တက္ကသိုလ်ကောင်စီဝင်၊ ရိုးရာပန်းပညာရှင်များအစည်းအရုံးနာယကာ၊ပခုက္ကူဦးဆုံးဖေစာပေဆုရွေးချယ်ရေးကော်မတီ၊ ရည်ညွှန်းကျမ်းစိစစ်ရေးအဖွဲ့ဝင်၊ ပန်းချီပန်းပုပြပွဲ ပြိုင်ပွဲအကဲဖြတ်အဖွဲ့ဝင်၊ ယဉ်ကျေးမှုတက္ကသိုလ်နှင့်ပြတိုက်ပညာဒီပလိုမာသင်တန်း(ကထိက) တာဝန်များကိုထမ်းဆောင်ခဲ့သည်။

စာပေနှင့် ယဉ်ကျေးမှုတာဝန်များကို ကျေပွန်စွာထမ်းရွက်ခဲ့သည့် ဆရာကြီးဦးမင်းနိုင်သည် ၂၀၀၄ ခုနှစ် စက်တင်ဘာလ (၁၄) ရက် ညနေ ၄:၅၀ နာရီတွင် သုဝဏ္ဏမြို့နေအိမ်၌ ကွယ်လွန်ခဲ့ပါသည်။

ထန်လှိုင်

အပါအဝင်ခေတ်စမ်းစာရေးဆရာများ၏စာပေလက်ရာကို (၁၁-၅-၃၄) ရက်နေ့ထုတ် သူရိယမဂ္ဂဇင်းတွင် မောင်စိန်ထွန်းပုဇွန်တောင်ဆိုသူက "ဤခေတ်စမ်းပုံပြင်များကို အစမှအဆုံးဖတ်ကြည့်ရာ အလွန်မွန်မြတ်သောစာပေ၏အရသာကို ခံစားရပါသဖြင့် စာရေးဆရာအသီးသီးတို့အား များစွာမှပင် ခီးမွမ်းထောမနာပြုမိပါ၏။ ယခုခေတ်ကို စုံစမ်းသည့်အနေဖြင့်သော်လည်းကောင်း၊ စမ်းသပ်သည့်အနေဖြင့်သော်လည်းကောင်း တက္ကသိုလ်စာရေးဆရာလေးများသည် သရုပ်ပါပါနှင့် မြန်မာစာပေကို တစ်မျိုးတစ်ဖုံအားဖြင့် အဆင့်အတန်းမြင့်ကာ ရေးသားကြသည် တကားဟု စိတ်၌လွန်စွာမှပီတိဖြစ်မိပါတော့သည်။ ထိုခေတ်စမ်းပုံပြင်စာအုပ်တွင် မောင်စိန်တင်၊ မောင်ဧမောင်၊ မောင်သိန်းဟန်၊ မောင်ဝန်၊ မောင်တိုးအောင်ဟူ၍ စာရေးသူများ၏ အမည်များကို ထည့်မည့်အစားဂင်းတို့ အသီးသီး၏ ဝှက်နာမည်များဖြစ်သော သိပ္ပံမောင်ဝ၊ မောင်သန့်စင်၊ ဇော်ဂျီ၊ မင်းသုဝဏ်၊ ကုသတို့ကိုထည့်သွင်းစေလိုကြောင်း. . "ဟူ၍ရေးသားဖော်ပြခဲ့သည်။ ထိုအချိန်က ဂန္ဓလောကတွင် ဆရာရေးသားခဲ့သည့် ဘကြီးအောင်ညာတယ်ဝတ္ထုတိုလေးမှာ အလွန်ရေပန်းစားခဲ့သည်။

မင်းသုဝဏ် (ခရစ် ၁၉၀၉-၂၀၀၄)။ ။မြန်မာစာပေလောကတွင် ထင်ရှားကျော်ကြားသည့်ပုဂ္ဂိုလ်ကြီးများထဲ၌ ဆရာကြီးမင်းသုဝဏ်လည်း တစ်ဦးအပါအဝင်ဖြစ်သည်။ဆရာကြီးမင်းသုဝဏ်မှာမြန်မာစာပေလောကတွင် ထင်ရှားကျော်ကြားရုံမျှမက မြန်မာစာပေစည်ပင်တိုးတက်စေရေးအတွက် စွမ်းဆောင်နိုင်ခဲ့သော စာပေပညာရှင်ကြီးတစ်ဦးလည်းဖြစ်သည်။ ဆရာကြီးသည် လွန်ခဲ့သော နှစ်ပေါင်း (၇၀) ကျော်က မြန်မာစာပေလောကတွင်ထင်ရှားခဲ့သည့်ခေတ်စမ်းစာပေကိုထူထောင်ခဲ့သူများ၌ တစ်ဦးအပါအဝင်ဖြစ်သည်။ဆရာမင်းသုဝဏ်



မင်းသုဝဏ်ကလောင်အမည်ဖြင့် ထင်ရှားသော စာရေးဆရာ စာပေပညာရှင်ကြီး ဦးဝန်

ထို့ပြင် ဆရာကြီးသည် ကလေးကဗျာများ စတင် တီထွင်ရေးသားခဲ့သူဖြစ်သည်။ မောင်ခွေးဘို့ ကလေး ကဗျာများသည် မြန်မာကလေးကဗျာများထဲတွင် အလွန်ထင်ရှားပေါ်လွင်ခဲ့သည်။"သပြေသီးကောက်" "ဆွမ်းအုပ်နီနီ" စသည့် ကလေးကဗျာများကို ကလေး တိုင်း စွဲမက်စွာ ရွတ်ဆိုခဲ့ကြလေသည်။ ဆရာကြီးသည် စကားလုံးအနက်အဓိပ္ပာယ်ကို ရတနာစိန်ကျောက်များ ကဲ့သို့ ဂရုတစိုက်ရွေးချယ်ရေးသားတတ်သည်ဟု ဆရာ ဇေယျကဆိုသည်။

ဆရာကြီးသည် ကလေးကဗျာများကိုစတင်တီထွင် ရေးသားသကဲ့သို့ မြန်မာစာပေ၏အာဘိဓာန်လုပ်ငန်းကို လည်း စတင်ဆောင်ရွက်ခဲ့သူဖြစ်သည်။ တက္ကသိုလ် သတ်ညွှန်းကျမ်းနှင့် တက္ကသိုလ်အဘိဓာန်ငါးတွဲကို ရေးသားပြုစုခဲ့သည်။

ဆရာကြီးမင်းသုဝဏ်ကို (၁၀-၂-၁၉၀၉)ရက် နေ့တွင် ရန်ကုန်တိုင်း ကွမ်းခြံကုန်းမြို့နယ်တွင် အဘ ဦးလွမ်းပင်၊ အမိဒေါ်မိတို့က မွေးဖွားသည်။ အမည်ရင်း ဦးဝန်ဖြစ်သည်။ ၁၉၁၆ ခုနှစ်ခန့်တွင် ကွမ်းခြံကုန်းမြို့ ဦးဖိုးလှိုင်၏ အလယ်တန်းကျောင်းတွင် ပညာသင် သည်။ ၁၉၂၉ ခုနှစ် မတ်လတွင် (၁၀) တန်း စာမေးပွဲ ကိုစိန်ဂျွန်းအထက်တန်းကျောင်းမှ ပထဝီဝင်ဂုဏ်ထူး ဖြင့် ဖြေဆိုအောင်မြင်သည်။ ထိုနှစ်ဇွန်လ၌ ယူနိတစတီ ကောလိပ်သို့ ရောက်သည်။ ၁၉၃၃ ခုနှစ်တွင်ဝိဇ္ဇာမြန်မာ စာဂုဏ်ထူးတန်းစာမေးပွဲကို ပထမအဆင့်နှင့်အောင် သည်။ ဂျင်မ်ဒက်ဒ်ကို ရွှေတံဆိပ်ခ်ီးမြှင့်ခြင်းခံရသည်။ ၁၉၃၅ ခုနှစ်တွင် မဟာဝိဇ္ဇာမြန်မာစာ ဂုဏ်ထူးတန်း စာမေးပွဲကို ဒုတိယအဆင့်နှင့်အောင်သည်။ ၁၉၃၈ ခုနှစ်တွင် အင်္ဂလန်ပြည်အောက်စဖို့တက္ကသိုလ်မှ B.Litt ခေါ် စာပေဘွဲ့ကိုရသည်။ ထို့နောက် လန်ဒန် တက္ကသိုလ်အရှေ့တိုင်းနှင့်အာဖရိကပညာရေးကျောင်း အမေရိကန်ပြည်ထောင်စုယေးလ်တက္ကသိုလ်၌ဆက်လက် ပညာသင်ကြားဆည်းပူးသည်။ ၁၉၄၂ ခု ဇွန်လ (၁၁) ရက်နေ့၌ ညောင်တုန်းမြို့တွင် ဒေါ်ကြည်ကြည်နှင့် လက်ထပ်သည်။

၁၉၃၃-၁၉၃၉ ခုနှစ်တွင် တက္ကသိုလ်ကျောင်း၌ မြန်မာစာနည်းပြဆရာ၊ လက်ထောက်ကထိကလုပ် သည်။ ဒုတိယကမ္ဘာစစ်ကြီးအတွင်းတွင် မြန်မာနိုင်ငံ ပညာတံခွန်အသင်းအဘိဓာန်ဌာန၌ စာတည်းမှူး အဖြစ် အဘိဓာန်လုပ်ငန်းကို စတင်ဆောင်ရွက်သည်။ ၁၉၄၇ ခုနှစ်တွင် တက္ကသိုလ်ဘာသာပြန်နှင့် စာအုပ် ထုတ်ဝေရေးဌာနကိုစတင်တည်ထောင်ကာစာတည်းမှူး တာဝန်ထမ်းဆောင်သည်။ ရန်ကုန်တက္ကသိုလ် မြန်မာစာဌာနပါမောက္ခအဖြစ် ၁၉၆၁-၆၂ တွင် တာဝန် ထမ်းဆောင်ခဲ့သေးသည်။ ၁၉၆၂-၆၈ ခုနှစ်တွင် ဘာသာပြန်နှင့် စာအုပ်ထုတ်ဝေရေးဌာနစာတည်းမှူး လုပ်သည်။ အငြိမ်းစားယူပြီးသည့်နောက် ဘာသာပြန် နှင့် စာအုပ်ထုတ်ဝေရေးဌာနတွင် အထူးတာဝန်ယူ အရာရှိအဖြစ် ၁၉၇၁ ခုနှစ်အထိ ဆောင်ရွက်ခဲ့သည်။

၁၉၄၇ ခုနှစ်တွင် အိန္ဒိယနိုင်ငံ၊ နယူးဒေလီ၌ ကျင်းပသည့် အာရှတိုက်ဆက်ဆံရေးညီလာခံသို့ ကိုယ်စားလှယ်၊ ၁၉၅၇ခုနှစ်တွင်ဆိုဗီယက်ပြည်ထောင်စု မော်စကိုမြို့၌ ကျင်းပသည့်အမျိုးသားအောင်ပွဲနေ့ ပွဲတော်သို့ ကိုယ်စားလှယ်၊ ၁၉၆၁ ခုနှစ်တွင် တရုတ် ပြည်သူ့သမ္မတနိုင်ငံသို့ ယဉ်ကျေးမှုအဖွဲ့ဝင်တစ်ဦး အဖြစ် သွားရောက်ခဲ့သည်။ ၁၉၇၅ မှ ၁၉၇၉ အထိ ဂျပန်နိုင်ငံ အိုဆာကာမြို့၊ အိုဆာကာနိုင်ငံခြားဘာသာ သင်တက္ကသိုလ်မြန်မာစာဌာနပါမောက္ခအဖြစ် ၄ နှစ် ဆောင်ရွက်သည်။ ယင်းအချိန်တွင် ပါမောက္ခ ဟာရာဒါ နှင့် တွဲဖက်၍အခြေခံမြန်မာဖတ်စာ ပါမောက္ခ ဟာရာဒါ၊ ဒုတိယပါမောက္ခအိုနိုးနှင့် တွဲဖက်၍ မြန်မာ-ဂျပန် အဘိဓာန်၊ ပါမောက္ခ အိုနိုးနှင့်တွဲဖက်၍ မြန်မာစကား ပြောပဒေသာ စာအုပ်၊ ပါမောက္ခဟာရာဒါနှင့် တွဲဖက်၍ မြန်မာကျေးလက်ကဗျာစုစာအုပ်ကို ပြုစုခဲ့သည်။

၁၉၃၆ ခုနှစ်မှစ၍ လူကြီးကဗျာစာအုပ်၊ ကလေးကဗျာစာအုပ်၊ ကလေးပုံပြင်စာအုပ်၊ ဆောင်းပါးပေါင်းချုပ်စာအုပ်၊ ကြယ်နက္ခတ်စာအုပ်၊ နိုင်ငံခြားကဗျာဘာသာပြန်စာအုပ်၊ နိုင်ငံခြားပြဇာတ် ဘာသာပြန်စာအုပ်စသည်တို့ ရေးသားခဲ့ပါသည်။ မောင်ခွေးဘို့ ကလေးကဗျာများ၊ သပြေညိုကဗျာများ၊ အင်းယားကန်သို့ အိုကူးတို့၊ ပန်းနှင့်ပင်စည်၊ မြန်မာစာမြန်မာမှု၊ ကဗျာရေးချင်စာစပ်သင်၊ မိုးပေါ်မှာ ကြယ်တစ်လုံး၊ အာကာတခွင်မြေပြင် တစ်ဝှမ်း၊ ရေချမ်းစင်၊ ဟိုက္ကူကဗျာ မြည်းစရာစသည့် စာအုပ်များမှာ ထင်ရှားသည်။ ရှိတ်စပီးယား၏ လီယာမင်းကြီးပြဇာတ်စာအုပ်ဖြင့် အမျိုးသားစာပေဘာသာပြန်ဆုကို ၁၉၈၄ ခုနှစ်၌ ရရှိသည်။

မူလတန်းဖတ်စာ၊ အသုံးလုံးကြေဖတ်စာနှင့် ဆရာကိုင်စာအုပ်များကိုလည်း ပြုစုရေးသားခဲ့သည်။ မှက်မမြင်စာရေးနည်းအသစ်ကို တီထွင်ခဲ့သည်။

တက္ကသိုလ်တွင် ပညာသင်နေစဉ် တက္ကသိုလ်ကျောင်းတိုက်မြန်မာစာအသင်းအတွင်းရေးမှူး၊ ဗုဒ္ဓဘာသာအသင်းအတွင်းရေးမှူး၊ တက္ကသိုလ်ကျောင်းတိုက်မဂ္ဂဇင်း မြန်မာ ပိုင်းအယ်ဒီတာ တာဝန်များထမ်းဆောင်ခဲ့သည်။

မြန်မာနိုင်ငံပညာပြန့်ပွားရေးအသင်း ကော်မတီဝင်၊ မြန်မာနိုင်ငံပညာပြန့်ပွားရေးအသင်း၏ ဂန္ထလောကမဂ္ဂဇင်းအယ်ဒီတာ၊ မြန်မာနိုင်ငံဘာသာပြန်စာပေအသင်းတည်ထောင်သူတစ်ဦးအဖြစ် ဆောင်ရွက်ခဲ့သည်။ မြန်မာနိုင်ငံ သုတေသနအသင်း၏ အထွေထွေအယ်ဒီတာ၊ အသင်းဥက္ကဋ္ဌတာဝန်များ ထမ်းဆောင်ခဲ့သည်။ ပါဠိတော်မြန်မာပြန်ကော်မတီအဖွဲ့ဝင်၊ ဥပဒေဘာသာပြန်ကော်မတီအဖွဲ့ဝင်၊ မြန်မာနိုင်ငံစာပေလုပ်သား အသင်းဖြစ်မြောက်ရေး ဥက္ကဋ္ဌ၊ မြန်မာစာကော်မရှင်အဖွဲ့ဝင်အဖြစ် ထမ်းဆောင်ခဲ့သည်။

၁၉၅၀ ပြည့်နှစ်တွင် ဝက္ကာကျော်ထင်ဘွဲ့ရရှိခဲ့ပြီး သီရိပျံချီဘွဲ့ကို ၁၉၆၂ ခုနှစ်၌ ရရှိခဲ့သည်။

ဆရာကြီး၏ကဗျာများအနက် ပျဉ်းမဉတ်တိုကဗျာသည် ဘဝအားမာန်ကဗျာတစ်ပုဒ်အဖြစ် ထူးခြားလှသည်။ အခြားဘဝအားမာန်ကဗျာများသည် အရုဏ်ဦးတက်သစ်စအရွယ်များကိုရည်ညွှန်းစပ်ဆိုလေ့ရှိသော်လည်း ဆရာကြီး၏ပျဉ်းမဉတ်တို ကဗျာသည် ဆည်းဆာချိန် သက်ကြီးရွယ်အိုတစ်ဦး၏ ဘဝအားမာန်ကို ဖော်ကျူးသည့် ကဗျာတစ်ပုဒ်ဖြစ်သည်။ ဖုထစ်ရှတ်တွေနေသော ပျဉ်းမဉတ်တိုသည် စစ်ဘေး၊ စစ်ဒဏ်၊ အခုတ်အထစ်တို့ကိုခံခဲ့ရပေါင်း များလှပေပြီ။ သို့သော်လည်း အားမာန်မလျော့။ ထိုပျဉ်းမဉတ်တိုကြီးကို ဆရာကြီးက


'လေပြည်ထဲတွင်
ငယ်ရုပ်ဆင်သည်
အသင်ယောက်ျားကောင်းတကား' ဟူ၍ ချီးမွမ်းရေးဖွဲ့သည်။ ဆရာကြီးကိုယ်တိုင်လည်း ဘဝ၏ နောက်ဆုံးအချိန်အထိ မြန်မာစာပေလောကဖွံ့ဖြိုးရေးအတွက် အားမာန်အပြည့်စွမ်းစွမ်းတမံဆောင်ရွက်ရင်း (၁၅-၈-၂၀၀၄) ရက်နေ့တွင် ကွယ်လွန်သည်။

ဦးကြည်ထွဏ်း

မောင်ခိုင်မာ၊ (ခရစ် ၁၉၄၃-၂၀၀၄)။ ။ မြန်မာကဗျာလောကတွင် ကဗျာဆရာမောင်ခိုင်မာဟု ထင်ရှားသော ဦးကြည်ခိုင်ကို ၁၉၄၃ ခုနှစ်၊ ဖေဖော်ဝါရီလ (၁) ရက်နေ့၌ ရန်ကုန်တိုင်း၊ ကျောက်တန်းမြို့နယ်၊ ကဒွပနကျေးရွာတွင် အဘဦးသွင်နှင့် အမိဒေါ်နုတို့က မွေးဖွားသည်။ မွေးချင်း (၉) ယောက်တွင် သားကြီးဖြစ်သည်။

မောင်ခိုင်မာသည် တက္ကသိုလ်ဝင်တန်းအထိ ပညာသင်ကြားခဲ့ပြီး ၁၉၆၉ မှ ၁၉၈၅ အထိ ပျဉ်းမနားမြို့သစ်ထုတ်လုပ်ရေးဌာန၌ ချောင်းအုပ်တာဝန်ကို ထမ်းဆောင်ခဲ့ဖူးသည်။

မောင်ခိုင်မာသည် ငယ်စဉ်ကတည်းက စာပေအနုပညာကို ဝါသနာထုံခဲ့ရာမှ ကဗျာဘက်ကို အားသန်ခဲ့ပြီး ၁၉၆၂ ခုနှစ်မှစ၍ ကဗျာများကို စတင်



ကဗျာဆရာမောင်ခိုင်မာ

ရေးသားခဲ့သည်။ ၁၉၇၀ ပြည့်နှစ်တွင် ရေးဖော်ကဗျာဆရာ (၉)ဦးနှင့်အတူ ပြည်သူ့ကဗျာ၊ ပြည်သူ့နှလုံးသားစာအုပ်ကို ထုတ်ဝေခဲ့သည်။ ၁၉၈၈ ခုနှစ်၊ ဇူလိုင်လတွင် သိဂ်္ဂါရဋ္ဌက်များ ကဗျာလုံးချင်း စာအုပ်ကို ထုတ်ဝေခဲ့သည်။ ၁၉၉၀ ပြည့်နှစ်တွင် ငွေလမင်းကို နမ်းတဲ့ညကဗျာလုံးချင်းစာအုပ်ကို ထုတ်ဝေခဲ့သည်။ ၁၉၉၁ တွင် ရေးဖော်ကဗျာဆရာ (၄)ဦးနှင့်အတူ နဒီငါးသွယ်ကဗျာစာအုပ်၌ 'ဝိမုတ္တိခေါ်သံ' ကဗျာရှည်ကို ပါဝင်ရေးသားခဲ့သည်။ ထိုနှစ်မှာပင် ဧဝရက်တောင်ထိပ်က တောင်ဆိတ်တစ်ကောင်ကဗျာစာအုပ်ကို ထုတ်ဝေခဲ့သည်။ ၁၉၉၄ တွင်ဖြစ်တည်မှု ပလူတစ်ကောင်ကဗျာစာအုပ်ကို ထုတ်ဝေခဲ့သည်။

၁၉၉၇ တွင် 'ဧည့်ခန်းများကို ဖြတ်သန်းခြင်း' ကဗျာခံစားမှုဆောင်းပါးများ ပေါင်းချုပ်စာအုပ်ကို ထုတ်ဝေခဲ့သည်။ ထိုဆောင်းပါးများသည် မူလက သပြေတေးလစဉ် မဂ္ဂဇင်းတွင် လစဉ်ရေးသားခဲ့ သောစာများဖြစ်သည်။ လစဉ်ထွက်ရှိနေသော မဂ္ဂဇင်းများမှ ကြိုက်နှစ်သက်သော ကဗျာများကို ရွေးချယ်၍ အဘယ်ကြောင့်ကြိုက်ရသည်၊ အဘယ်သို့ ကဗျာရေးကောင်းသည်ကို ဆန်းစစ်ဝေဖန်ပြထားသော ဆောင်းပါးများဖြစ်သည်။

၁၉၉၇ မှာပင် ရှင်မရေ (၁) ကဗျာရှည်များကို စာအုပ်အဖြစ် ထုတ်ဝေခဲ့သည်။ ထိုကဗျာရှည်များသည်လည်း မြန်မာ့ဓနမဂ္ဂဇင်းတွင် လစဉ်ရေးသားခဲ့သော လက်ရာများဖြစ်သည်။

၁၉၉၈ တွင် ပဋိစ္စသမုပ္ပာဒ်ရုပ်ရှင်ကဗျာစာအုပ် ကို ထုတ်ဝေခဲ့သည်။ ၁၉၉၉ တွင် အဋ္ဌလီ၊ ဓမ္မရသကဗျာပန်းစာအုပ်ကို ထုတ်ဝေခဲ့သည်။ ထိုနှစ်မှာပင် မနုဿဗေဒနိဒါန်းကဗျာစာအုပ်ကို ထုတ်ဝေခဲ့သည်။

၂၀၀၀ ပြည့်နှစ်တွင် ရှင်မရေ (၂) ကဗျာစာအုပ်ကိုလည်းကောင်း၊ ၂၀၀၁ ခုနှစ်တွင် စိတ်မှန်တစ်ချပ်သမီးဖတ်ဖို့ စာအုပ်ကိုလည်းကောင်း၊ ထုတ်ဝေခဲ့သည်။ ၂၀၀၂ ခုနှစ်တွင် မင်္ဂလာအလင်္ကာနှင့် ချစ်တတ်သူတွေနှင့်အတူ စာအုပ်များကို ထုတ်ဝေခဲ့သည်။

မောင်ခိုင်မာသည် မဂ္ဂဇင်းများတွင် ကဗျာများကို အရေးများခဲ့သည်။ မဂ္ဂဇင်းပါကဗျာများကိုလည်း စာအုပ်အဖြစ် ထုတ်ဝေရန်စီစဉ်ခဲ့သည်။ မောင်ခိုင်မာ ကွယ်လွန်သွားသော်လည်း ထုတ်ဝေရန် စီစဉ်ခဲ့သည့် စာအုပ်များကျန်ရစ်ခဲ့သေးသည်။ ၎င်းတို့မှာ ဘဝကထာ၊ လောကီတလူလူ နှင့် ပြုံးလိုက်စမ်းပါရှင်မရယ် စာအုပ်များဖြစ်သည်။

မောင်ခိုင်မာသည် မဂ္ဂဇင်းစာမျက်နှာများတွင် ဝေဖန်ရေးသဘောဆန်သောစာများကို 'ခိုင်သစ်'၊ 'ဝံသရက္ခိတ' ဟူသော ကလောင်ခွဲများနှင့် တစ်ခါတစ်ရံ ရေးသားခဲ့သည်။

ကဗျာအနုပညာတစ်ခုတည်းကိုသာ စွဲစွဲမြဲမြဲ လေ့လာလိုက်စားရေးသားခဲ့သည့် မောင်ခိုင်မာသည် ၂၀၀၄ ခုနှစ်၊ အောက်တိုဘာလ ၁၆ ရက်နေ့တွင် ကွယ်လွန်သည်။ ကွယ်လွန်သောအခါ ဇနီးဒေါ်ခင်မြဝင်းနှင့် သားနှစ်ယောက်ကျန်ရစ်သည်။

ဦးစိုးမြင့်သန်း

မောင်မောင်ကြီး၊ ဦး (ခရစ် ၁၉၂၀-၂၀၀၄)။ ။ အငြိမ်းစား၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့. ဥက္ကဋ္ဌ ဦးမောင်မောင်ကြီးကို ၁၉၂၀ ပြည့်နှစ်၊ ဖေဖော်ဝါရီလ ၂၀ ရက်နေ့တွင် ရန်ကုန်၊ ကြည့်မြင်တိုင်၊ ဦးကြွေယ်ဟိုး လမ်း၌ သက်န်းပရိက္ခရာကုန်သည်ကြီး ဦးသန်းအုန်းနှင့် ဒေါ်မြမေတို့က မွေးဖွားသည်။

၁၉၃၇ ခုနှစ်၌ ဆယ်တန်းအောင်၍ ရန်ကုန် တက္ကသိုလ်တွင် ဆက်လက်ပညာသင်ကြားခဲ့သည်။ တက္ကသိုလ်၌ ဝိဇ္ဇာအထက်တန်းတွင် တက်နေစဉ် ဒုတိယကမ္ဘာစစ်ကြီးဖြစ်ပွားသဖြင့် စာမေးပွဲကို မဖြေဆို ဘဲနိုက်ရပေ။

၁၉၄၃ ခုနှစ်တွင် ဗမာ့ကာကွယ်ရေးတပ်မတော် ထဲသို့ တပ်သားအဆင့်နှင့် ဝင်ရောက်သည်။ ပျဉ်းမနား မြို့ရှိ တပ်ရင်း (၆)တွင်စတင်တာဝန်ထမ်းဆောင်သည်။

ထိုသို့ ထမ်းဆောင်နေစဉ်တွင် ဂျပန်ခေတ် စစ် တက္ကသိုလ် (မင်္ဂလာဒုံ)တွင် ဖွင့်လှစ်သော ဒုတိယ ပတ်ဗိုလ်သင်တန်းတက်ခွင့်အတွက် သက်ဆိုင်ရာ အကြီးအကဲများ၏ ရွေးချယ်ခြင်းကို ခံရသည်။ ထိုစဉ် က အကြပ်သင်တန်း (၆)လ တက်ပြီးပါမှဗိုလ်သင်တန်း သို့ ဆက်လက်တက်ခွင့်ရခြင်းဖြစ်သည်။ ဗိုလ်သင်တန်း ဆင်းပြီးသောအခါ ဒုတိယဗိုလ်အဆင့်နှင့် ဗမာ့ တပ်မတော်၊စစ်ရဲဌာနချုပ်တွင်တာဝန်ထမ်းဆောင်သည်။

၁၉၄၅ တွင် မြန်မာတစ်နိုင်ငံလုံးက ဖက်ဆစ် တော်လှန်ရေးကို ဆင်နွှဲသောအခါ တိုင်းအမှတ် (၄) တပ်ခွဲနှင့်အတူ ထန်းတပင်မြို့နယ်၊ ဘောလယ်ကျွန်း ဒေသမှနေ၍ ပါဝင်တိုက်ခိုက်ခဲ့သည်။ဖက်ဆစ်တော်လှန် ရေးအပြီးတွင် ကျန်းမာရေးမကောင်းသဖြင့်တပ်မတော် မှ နှုတ်ထွက်ခဲ့သည်။

၁၉၄၆ ခုနှစ်တွင် ဝိဇ္ဇာအထက်တန်းစာမေးပွဲကို ဆက်လက်ဖြေဆိုအောင်မြင်ပြီး ဥပဒေဝိဇ္ဇာပထမနှစ် သင်တန်းကို ဆက်လက်တက်ရောက်ပညာဆည်းပူး ခဲ့သည်။



ဦးမောင်မောင်ကြီး

၁၉၄၈ တွင် လူဝင်မှုကြီးကြပ်ရေးဝန်ထောက် အဖြစ် တာဝန်ထမ်းဆောင်သည်။ ထိုဌာနမှ တာဝန် ထမ်းဆောင်စဉ် ဒေါ်ခင်မေနှင့် လက်ထပ်သည်။

၁၉၄၈ ခုနှစ်၌ နိုင်ငံခြားရေးဝန်ကြီးဌာနက အလုပ် ခေါ်သဖြင့် ဝင်ရောက်ဖြေဆိုခဲ့ရာ အောင်မြင်သည်။ နိုင်ငံခြားရေးဝန်ကြီးဌာန၏ ဝန်ထမ်းအဖြစ် ပါရီ (ပြင်သစ်)ရှိ မြန်မာသံရုံးတွင်တတိယအတွင်းဝန် တာဝန်ကို စတင်ထမ်းဆောင်သည်။ ထိုမှစ၍ ပြည်ပ ရှိ မြန်မာသံရုံးများတွင် အတွင်းဝန်မှ သံအမတ် အဆင့်အထိ ၂၂ နှစ်ခန့်တာဝန်ထမ်းဆောင်ခဲ့သည်။

ထို့နောက်နိုင်ငံခြားရေးဝန်ကြီးဌာနတွင်လက်ထောက် ဌာနကြီးမှူးမှ ညွှန်ကြားရေးမှူးချုပ် အဆင့်အထိတာဝန် ထမ်းဆောင်ခဲ့သည်။ သံအမတ်အပါအဝင် နှစ်ပေါင်း ၃၃ နှစ်ခန့် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ထမ်းအဖြစ် အမှုထမ်းခဲ့သည်။ ၁၉၈၁ ခု၊ အောက်တိုဘာလတွင် နိုင်ငံခြားရေးဝန်ကြီးဌာနမှ အငြိမ်းစားယူခဲ့သည်။

ထိုနှစ်အောက်တိုဘာလတွင်ပင် နိုင်ငံတော်က ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့၏ အဖွဲ့ဝင်အဖြစ် တာဝန်ပေးအပ်သည်။ ထိုနှစ် နိုဝင်ဘာလတွင် ဝန်ထမ်း

မြန်မာနိုင်ငံတော်၊ ပြည်ထောင်စု။ ။ပြည်ထောင်စု မြန်မာနိုင်ငံတော်တွင် ၂၀၀၄ ခုနှစ်အတွင်း တိုးတက် ဖြစ်ပေါ်ခဲ့သည့် ထင်ရှားသော အကြောင်းရပ်အချို့ကို အောက်ပါအတိုင်း ဖော်ပြပါသည်။

နိုင်ငံခြားဆက်ဆံရေး

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူး ကြီးသန်းရွှေနှင့်ဇနီး ဒေါ်ကြိုင်ကြိုင်တို့သည် အိန္ဒိယ သမ္မတနိုင်ငံသမ္မတ ဒေါက်တာ အေ၊ပီ၊ဂျေ အဗ္ဗဒူလ် ကလမ်၏ ဖိတ်ကြားချက်အရ အောက်တိုဘာလ ၂၄ ရက်နေ့မှ ၂၉ ရက်နေ့အထိ အိန္ဒိယသမ္မတနိုင်ငံသို့ ချစ်ကြည်ရေးခရီးသွားရောက်သည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူး ကြီးသန်းရွှေသည် ရန်ကုန်မြို့တွင် ရောက်ရှိနေသော အိန္ဒိယသမ္မတနိုင်ငံ၊ အနောက်ဘင်္ဂလားပြည်နယ် အုပ်ချုပ်ရေးမှူး မစ္စတာဗီရင်ဂျရှားနှင့် အဖွဲ့အား ဇန်နဝါရီလ ၁၆ ရက်နေ့တွင်လည်းကောင်း၊ လာအို ပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ် နှင့် နိုင်ငံတော်စီမံကိန်းများ ပူးပေါင်းဆောင်ရွက်ရေး ကော်မတီဥက္ကဋ္ဌ ဒေါက်တာထောင်လန် ဆီဆူလစ်နှင့် အဖွဲ့အား ဇန်နဝါရီလ ၂၈ ရက်နေ့တွင်လည်းကောင်း၊ မလေးရှားနိုင်ငံဝန်ကြီးချုပ် ဒါတိုးဆရီအဗ္ဗဒူလာဘင် ဟာဂျီအာမက်ဘာဒါဝီနှင့်အဖွဲ့အား ဖေဖော်ဝါရီလ ၁၃ ရက်နေ့တွင်လည်းကောင်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပြည်သူ့နိုင်ငံရေးအတိုင်ပင်ခံကွန်ဖရင့်နှင့် အပြည်ပြည် ဆိုင်ရာနားလည်မှု တည်ဆောက်ရေးအဖွဲ့ဒုတိယဥက္ကဋ္ဌ မစ္စတာလော်ဟောက်ဆိုင်နှင့်အဖွဲ့အား ဖေဖော်ဝါရီ လ ၂၃ရက်နေ့တွင်လည်းကောင်း၊တရုတ်ပြည်သူ့သမ္မတ နိုင်ငံ နိုင်ငံတော်ကောင်စီ ဒုတိယဝန်ကြီးချုပ်မဒမ်ဝူရီ နှင့်အဖွဲ့အား မတ်လ ၂၅ရက်နေ့တွင်လည်းကောင်း၊ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတ နိုင်ငံဝန်ကြီးချုပ်

ရွှေးချယ်လှုပ်ရေးအဖွဲ့၏ ဥက္ကဋ္ဌတာဝန်ကို တိုးမြှင့် အပ်နှင်းခြင်းကို ခံခဲ့ရသည်။ ဝန်ထမ်းရွေးချယ်ရေးအဖွဲ့ တွင် (၁၈)နှစ်ခန့် တာဝန်ထမ်းဆောင်ပြီး ၁၉၉၉ ခုနှစ်၊ ဇူလိုင်လတွင် အငြိမ်းစားယူခဲ့သည်။

ဦးမောင်မောင်ကြီးသည် ဝန်ထမ်းရွေးချယ် လှုပ်ရေးအဖွဲ့၏ ဥက္ကဋ္ဌတာဝန်တွင် ၁၈ နှစ်ခန့် ထမ်းဆောင်ခဲ့သူဖြစ်သဖြင့် ယခုအချိန်အထိသက်တမ်း အရှည်ဆုံးဥက္ကဋ္ဌအဖြစ် မှတ်တမ်းတင်ခံရသူဖြစ်သည်။ တစ်ဖန် ဦးမောင်မောင်ကြီးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် စုစုပေါင်းအမှုထမ်း (၅၁) နှစ်ခန့်ရှိခဲ့သည်ကိုလည်း ထူးခြားစွာတွေ့မြင်ရသည်။

ဦးမောင်မောင်ကြီး၏ ထူးခြားသော စွမ်းဆောင် ချက်များတွင် ၁၉၈၄ ခုနှစ်က ဝန်ထမ်းရွေးချယ် လှုပ်ရေးအဖွဲ့၏ လက်အောက်ခံဖြစ်သော ဗဟို ဝန်ထမ်းတက္ကသိုလ်၏ ဖွဲ့စည်းပုံကို ပြန်လည် စိစစ် ရေးဆွဲနိုင်ခဲ့ခြင်းသည် တစ်ခုအပါအဝင်ဖြစ်သည်။

၁၉၉၈ ခုနှစ်တွင် ဗဟိုဝန်ထမ်းတက္ကသိုလ်(အထက် မြန်မာပြည်)ဖွင့်လှစ်ရန် ပေးလာသော တာဝန်ကို အစမှ အဆုံးတိုင် စီမံချက်ရေးဆွဲ၍ အကောင်အထည်ဖော် ခဲ့သည်။

ဦးမောင်မောင်ကြီးသည် ၁၉၅၈-၆၀ ခုနှစ် အတွင်း ကျပန်နိုင်ငံမြန်မာသံရုံးတွင် ပထမအတွင်းဝန်အဖြစ် တာဝန်ထမ်းဆောင်စဉ်က သံအမတ်ကြီး ဦးထွန်းရှိန် နှင့်အတူ ကျပန်စစ်လျော်ကြေးတောင်းဆိုသည့်အဖွဲ့တွင် ပါဝင်၍ အောင်မြင်အောင် ဆောင်ရွက်ခဲ့သည်။

လွတ်လပ်ရေးမော်ကွန်းဝင် (ဒုတိယအဆင့်) နှင့် နိုင်ငံ့ဂုဏ်ရည်(ဒုတိယအဆင့်)ရရှိခဲ့သူဦးမောင်မောင်ကြီး သည် ၂၀၀၄ ခုနှစ်၊ ဇန်နဝါရီလ ၃ ရက်နေ့၌ ရန်ကုန်မြို့၊ ရွှေတောင်ကြား (၁) ရပ်ကွက်၊ အမှတ် (၂၇) (ဘီ)၊ အောင်ဇေယျလမ်းသွယ်၊ ကမ္ဘောဇရိပ်သာ နေအိမ်တွင် ကွယ်လွန်ခဲ့သည်။


ဦးစိုးမြင့်သန်း

မစ္စတာဘောင်ည်ပိုရာချစ်နှင့်အဖွဲ့အား ဒီဇင်ဘာလ ၇ ရက်နေ့တွင်လည်းကောင်း၊ ထိုင်းနိုင်ငံဝန်ကြီးချုပ် ဒေါက်တာသက်ဆင်ရှင်နာဝပ်နှင့်အဖွဲ့အား ဒီဇင်ဘာလ ၉ ရက်နေ့တွင်လည်းကောင်း၊ သီရိလင်္ကာဒီမိုကရက်တစ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာမဟင်ဒါရာဂျာပက်(စ်)စီနှင့် အဖွဲ့အား ဒီဇင်ဘာလ ၁၁ ရက်နေ့တွင်လည်းကောင်း အသီးသီးလက်ခံတွေ့ဆုံသည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စဉ်ကွင်္ဂတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ရန်ကုန်မြို့တွင်ရောက်ရှိနေသောထိုင်းဘုရင့်တပ်မတော် (ကြည်းတပ်)ဦးစီးချုပ် General Chaisit Shinawatra နှင့်အဖွဲ့အား ဩဂုတ်လ၃၁ရက်နေ့တွင်လည်းကောင်း၊ ထိုင်းဘုရင့်တပ်မတော်စစ်သေနာပတိချုပ် General Somdhat Attanand နှင့်အဖွဲ့အား စက်တင်ဘာလ ၁၀ ရက်နေ့တွင်လည်းကောင်း အသီးသီးလက်ခံတွေ့ဆုံသည်။

ငွေစက္ကူအသစ်များထုတ်ဝေခြင်း

မြန်မာနိုင်ငံတော် ဗဟိုဘဏ်က ကျပ် ၁၀၀၀ တန်၊ ကျပ် ၅၀၀ တန်နှင့် ကျပ် ၂၀၀ တန် ငွေစက္ကူအရွယ်အစားအသစ်များကို ၂၀၀၄ ခုနှစ်၊ အောက်တိုဘာလအတွင်း စတင်ထုတ်ဝေမည်ဖြစ်ကြောင်း လက်ရှိတရားဝင်လှည့်လည်သုံးစွဲလျက်ရှိသော ငွေစက္ကူများနှင့်



နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စဉ်ကွင်္ဂ ဗိုလ်ချုပ်မှူးကြီးသန်းရွှေအိန္ဒိယနိုင်ငံသို့ ရောက်ရှိစဉ် အိန္ဒိယသမ္မတနိုင်ငံဝန်ကြီးချုပ် ဒေါက်တာမန်မိုဟန်ဆင်းနှင့် နယူးဒေလီမြို့ Hyderabad House ရှိ The Deccan Suite ၌တွေ့ဆုံ၍ ရင်းရင်းနှီးနှီးနှုတ်ဆက်ကြစဉ်

ငွေအကြွေများသည်လည်း တရားဝင်သုံးစွဲငွေအဖြစ် ဆက်လက်တည်ရှိနေမည်ဖြစ်ကြောင်း စက်တင်ဘာ ၃၀ ရက်နေ့တွင် သတင်းကြေညာချက်ထုတ်ပြန်သည်။

လမ်းတံတားတည်ဆောက်ရေးလုပ်ငန်းများ

ပုထိုးလုံးတံတားဖွင့်ပွဲကို တံတားအနီးရှိ မင်္ဂလာမဏ္ဍပ်၌ ဇန်နဝါရီလ ၃ ရက်နေ့တွင် ကျင်းပသည်။ ကနီမြို့နယ် မုံရွာ-ယာကြီး-ကလေးဝလမ်းသစ်မိုင် တိုင် အမှတ် ၅၇ ရှိပုထိုးလုံးတံတားသည် အရှည်ပေ ၄၅၀၊ ယာဉ်သွားလမ်းအကျယ် ၂၈ ပေ၊ လူသွားလမ်း အကျယ်တစ်ဖက်လျှင် လေးပေစီရှိသည်။ အပေါ်ထည် သံမဏိသံပေါင်ရက်မ၊ သံကူကွန်ကရစ်ခင်း၊ အောက်ထည် ကိုးပေအချင်းရှိ သံကူကွန်ကရစ် ရေတွင်းခွေဖြင့် တည်ဆောက်ထားသောတံတားအမျိုးအစားဖြစ်သည်။ တံတားအောက်ခြေ ကင်းလွတ်နယ်မြေမှာ အကျယ်ပေ ၉၀ နှင့် အမြင့်မှာ အမြင့်ဆုံးရေမျက်နှာပြင်မှ အထက်သို့ ၁၀ ပေရှိ သည်။ တံတားခွင့်ပြုအလေးချိန်မှာ တန် ၆၀ ဖြစ်သည်။

လပင်တံတားဖွင့်ပွဲကို တံတားအနီးရှိ မင်္ဂလာမဏ္ဍပ်၌ ဇန်နဝါရီလ ၃ ရက်နေ့တွင် ကျင်းပသည်။ ကလေးဝမြို့နယ် မုံရွာ-ယာကြီး-ကလေးဝလမ်းသစ်မိုင်တိုင်အမှတ် ၁၁၃ ရှိ လပင်တံတားသည် အရှည်ပေ ၂၂၀၊ ယာဉ်သွားလမ်းအကျယ် ၂၈ ပေ၊ လူသွားလမ်းအကျယ်တစ်ဖက်လျှင် လေးပေစီရှိသည်။ အပေါ်ထည် သံမဏိသံပေါင်ရက်မ၊ သံကူကွန်ကရစ်ခင်း၊ အောက်ထည်ကိုးပေအချင်းရှိသံကူကွန်ကရစ်အုတ်တိုင်များဖြင့် တည်ဆောက်ထားသော တံတားအမျိုးအစားဖြစ်သည်။ တံတားအောက်ခြေ ကင်းလွတ်နယ်မြေမှာ အကျယ်ပေ ၉၀ နှင့် အမြင့်မှာ အမြင့်ဆုံးရေမျက်နှာပြင်မှ အထက်သို့ ၁၀ ပေရှိသည်။ တံတားခွင့်ပြုအလေးချိန်မှာ တန် ၆၀ ဖြစ်သည်။

ပန်းဆေးတံတားဖွင့်ပွဲကို တံတားအနီးရှိ မင်္ဂလာမဏ္ဍပ်၌ ဇန်နဝါရီလ ၂၆ ရက်နေ့တွင် ကျင်းပသည်။ တံတားဦးမြို့နယ် မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်အဝင်လမ်းပေါ်ရှိ ပန်းဆေးတံတားသည် အရှည်ပေ ၂၀၀၊ ယာဉ်သွားလမ်းအကျယ် ၇၂ ပေ၊ လူသွားလမ်းအကျယ်တစ်ဖက်လျှင် ၆ပေစီရှိသည်။ အပေါ်ထည် သံကူကွန်ကရစ်နှင့် ကြိုတင်အားဖြည့်ကွန်ကရစ်၊ အောက်ထည်သံကူကွန်ကရစ်၊ အုတ်မြစ်မှာ ၁၄ လက်မ×၁၄ လက်မသံကူကွန်ကရစ်ပိုင်အမျိုးအစားတံတားဖြစ်သည်။ ရေလမ်းကင်းလွတ်နယ်မြေအကျယ် ၁၀ ပေနှင့် အမြင့် ၁၀ ပေရှိသည်။ တံတားခွင့်ပြုတန်ချိန်မှာ တန် ၆၀ ဖြစ်သည်။

သာဂရ-ကိုးပင် ရိုးမဖြတ်ကျော်လမ်းဖွင့်ပွဲကို ရေတာရှည်မြို့နယ် သာဂရကျေးရွာ ဖိုးကျားတောင်ခြေစခန်းရှိ မင်္ဂလာမဏ္ဍပ်၌ ဇန်နဝါရီလ ၃၀ ရက်နေ့တွင် ကျင်းပသည်။ သာဂရ-ကိုးပင်ရိုးမဖြတ်ကျော်လမ်းသည် အရှည် ၉၆ မိုင်သုံးဖာလုံရှိပြီး သာဂရကျေးရွာမှ ပဲခူးရိုးမတောင်ကြောကိုဖြတ်၍ ဆင်ပေါင်ဝဲမြို့နယ် ကိုးပင်ကျေးရွာသို့ ဖောက်လုပ်ထားခြင်းဖြစ်သည်။

မိုးကောင်းတံတားဖွင့်ပွဲကို တံတားအနီးရှိ မင်္ဂလာမဏ္ဍပ်၌ ဖေဖော်ဝါရီ ၁၀ ရက်နေ့တွင်ကျင်းပသည်။ မိုးကောင်းတံတားကို မိုးကောင်းမြို့နယ် နန့်ကောင်းချောင်းကိုဖြတ်ကျော် တည်ဆောက်ထားခြင်းဖြစ်ပြီး တံတားအရှည် ၉၄၅ ပေ၊ ယာဉ်သွားလမ်းအကျယ် ၂၁ ပေခြောက်လက်မရှိသည်။ အုတ်မြစ်ကိုသံကူကွန်ကရစ်လွန်တူးပိုင်ဖြင့်လည်းကောင်း၊ တံတားအောက်ထည်ကို သံကူကွန်ကရစ်ဖြင့်လည်းကောင်း၊တံတားအပေါ်ထည်ကို အာလ်ပီတီသံပေါင်သံကူကွန်ကရစ်ဖြင့်လည်းကောင်း တည်ဆောက်ထားသောတံတားအမျိုးအစားဖြစ်သည်။ လူသွားလမ်းမှာ ချဉ်းကပ်တံတားအပေါ်၌ တစ်ဖက်လျှင်၎င်းပေသုံးလက်မစီနှင့် အာလ်ပီတီသံပေါင်သံကူကွန်ကရစ်တံ တားပေါ်၌တစ်ဖက်လျှင် လေးပေစီ အကျယ်ရှိသည်။ တံတားအောက် ရေလမ်းကင်းလွတ်နယ်မြေမှာ အကျယ်ပေ ၁၄၀ နှင့် အမြင့် ၁၀ ပေ ဖြစ်သည်။ တံတား ခံနိုင်ဝန်မှာ တန် ၆၀ ဖြစ်သည်။

လွယ်လိယ်တံတားဖွင့်ပွဲနှင့် မိုးညှင်းတံတားဖွင့်ပွဲကို သက်ဆိုင်ရာတံတားထိပ်ရှိ မင်္ဂလာမုခ်ဦးများ၌



ဇိုလ်ချုပ်မှူးကြီးသန်းရွှေ သီရိလင်္ကာဒီမိုကရက်တစ် ဆိုရှယ်လစ်သမ္မတနိုင်ငံဝန်ကြီးချုပ်ကို လက်ခံတွေ့ဆုံစဉ်

ဖေဖော်ဝါရီလ ၁၅ ရက်နေ့တွင်ကျင်းပသည်။ လွယ်လိယ်တံတားသည် မိုးကောင်းမြို့နယ် နမ့မတီး-တနိုင်းလမ်းပေါ်၌တည်ရှိပြီး တံတားအရှည် ၁၃၇ ဒသမ ၆ ပေ၊ ယာဉ်သွားလမ်းအကျယ် ၁၀ ဒသမ ၆ ပေရှိသည်။ တံတားအုတ်မြစ်ကို သံကူကွန်ကရစ်ရေတွင်းခွေများဖြင့်တည်ဆောက်ထားပြီး ပင်မတံတားမှာ အိပ်ချ-၂၀ အမျိုးအစားသံမဏိသံပေါင်ဖြစ်သည်။ တံတားခွင့်ပြုတန်ချိန်မှာ တန် ၃၀ဖြစ်သည်။ မိုးညှင်းတံတားသည် မိုးညှင်းမြို့နယ် ရွှေဘို-မြစ်ကြီးနားလမ်းပေါ်၌တည်ရှိပြီး နန့်ရင်းချောင်းကို ဖြတ်ကျော်တည်ဆောက်ထားသည်။ တံတားအရှည်ပေ ၂၀၀၊ယာဉ်သွားလမ်းအကျယ် ၂၆ ပေ၊ လူသွားလမ်းအကျယ် တစ်ဖက်လျှင် ရှစ်ပေစီရှိသည်။ တံတားအမျိုးအစားမှာ အောက်ခြေအုတ်မြစ်သံကူကွန်ကရစ်၊ ရေတွင်းခွေအပေါ်ထည်၊ ချဉ်းကပ်တံတားမှာ သံကူကွန်ကရစ်ဖြစ်ပြီး ပင်မတံတားမှာ စီအိပ်ချအမျိုးအစား သံမဏိသံပေါင်ဖြစ်သည်။ တံတားခွင့်ပြုတန်ချိန်မှာ တန် ၃၀ ဖြစ်သည်။

နမ့်မောင်းချောင်းတံတားဖွင့်ပွဲကို တံတားထိပ်ရှိမဂ်လာမုခ်ဦး၌ မတ်လ ၁၆ ရက်နေ့တွင်ကျင်းပသည်။ နမ့်မောင်းချောင်းတံတားသည် မိုးမိတ်မြို့နယ် မိုးမိတ်-ကုန်းဝက်လမ်းပေါ်တွင်တည်ရှိပြီး ဘေလီနှင့် သစ်သားတွဲဆက်တံတားအမျိုးအစားဖြစ်သည်။ တံတားအရှည် ပေ ၃၀၀၊ ယာဉ်သွားလမ်းအကျယ် ၁၂ ပေခွဲ၊ ရေလမ်းကင်းလွတ်အမြင့် ၁၃ ပေရှိသည်။ တံတားခံနိုင်ဝန်မှာ ၁၃ တန်ဖြစ်သည်။

မိုင်းစိတ်-ကောင်ဆိုင်းနှင့် ပြင်သာယာ-ထီရီရထားလမ်းသစ်ဖွင့်ပွဲကို မိုးစိတ်ဘူတာနှင့် ပြင်သာယာဘူတာရှေ့မျက်နှာစာများ၌ မတ်လ ၂၀ ရက်နေ့တွင်ကျင်းပသည်။ ရွှေညောင်-နမ့်ခန်ရထားလမ်းပိုင်းသစ် မိုင်းစိတ်-ကောင်ဆိုင်းလမ်းသည် အရှည် ၁၀ ဒသမ

၂၃ မိုင်ရှိပြီး တံတားကြီးငယ် ၃၅ ခုဖြင့်ဖွဲ့စည်းတည်ဆောက်ထားသည်။ ရွှေညောင်-နမ့်စန်ရထားလမ်းပိုင်းသစ် ပြင်သာယာ-ထီရိလမ်းသည်အရှည် ၄ ဒသမ ၃ မိုင်ရှိပြီး တံတားကြီးငယ် ၁၀ ခုဖြင့်ဖွဲ့စည်းတည်ဆောက်ထားသည်။

မိုင်းရယ်-နမ့်လောင်းအထူးဖွံ့ဖြိုးရေးလမ်းဖွင့်ပွဲ ကို မိုင်းရယ်မြို့ပြည်ထောင်စုခန်းမ၌ မတ်လ ၂၁ ရက်နေ့တွင် ကျင်းပသည်။ မိုင်းရယ်-နမ့်လောင်းလမ်းသည် အရှည် ၂၄ မိုင်ရှိသည်။

မြို့မတံတားနှင့် တိန်းတံတားဖွင့်ပွဲကို တံတားထိပ်မင်္ဂလာမုခ်ဦးများ၌ မတ်လ ၂၄ ရက်နေ့တွင် ကျင်းပသည်။ မြို့မတံတားနှင့် တိန်းတံတားတို့သည် မင်းကင်းမြို့နယ် မုံရွာ-ယာကြီး-ကလေးဝလမ်းသစ်ပေါ်၌တည်ရှိသည်။ မြို့မတံတားသည် ခန်းဖွင့်ပေ ၉၀ လေးခန်းနှင့်ပေ ၆၀ သုံးခန်း၊ အရှည်ပေ ၅၄၀၊ ယာဉ်သွားလမ်းအကျယ် ၂၈ ပေ၊ လူသွားလမ်း အကျယ်လမ်းတစ်ဖက်လျှင် လေးပေစီရှိသည်။ အပေါ်ထည်သံမဏိသံပေါင်ရက်မ၊ သံကူးကွန်ကရစ်ခင်း၊ အောက်ထည်သံကူးကွန်ကရစ်တိုင်၊ အုတ်မြစ်ကိုးပေအချင်းရှိ သံကူးကွန်ကရစ်ရေတွင်းခွေတို့ဖြင့် တည်ဆောက်ထားသော တံတားအမျိုးအစားဖြစ်သည်။ တံတားအောက်ခြေကင်းလွတ်နယ်မြေ အကျယ်ပေ ၉၀ နှင့် အမြင့် ၁၀ ပေရှိသည်။ တံတားခွင့်ပြုတန်ချိန်မှာ တန် ၆၀ ဖြစ်သည်။ တိန်းတံတားသည် ခန်းဖွင့်ပေ ၉၀ လေးခန်း၊ အရှည်ပေ ၃၆၀၊ ယာဉ်သွားလမ်းအကျယ် ၂၈ ပေ၊ လူသွားလမ်းအကျယ် လမ်းတစ်ဖက်လျှင် လေးပေစီရှိသည်။ တံတားအမျိုးအစားနှင့် ခွင့်ပြုတန်ချိန်မှာ မြို့မတံတားအတိုင်းဖြစ်သည်။

တိုက်ကြီး-ဖောင်ကြီးပဲခူးရိုးမဖြတ် ဂဝံလမ်းသစ်ဖွင့်ပွဲကို တိုက်ကြီးမြို့ရှိ လမ်းသစ်မုခ်ဦးနှင့် ရန်ကုန်-ပဲခူးခြောက်လမ်းသွားလမ်းမကြီးနှင့် လမ်းသစ်ဆုံရာမုခ်ဦးတို့၌ ဧပြီလ ၉ ရက်နေ့တွင် ကျင်းပသည်။ တိုက်ကြီး-ဖောင်ကြီး ပဲခူးရိုးမဖြတ် ဂဝံလမ်းသစ်သည် အရှည် ၄၂ မိုင် ၅ဖာလုံ၊ မြေသားလမ်း အကျယ်ပေ ၄၀၊ ဂဝံလမ်းအကျယ် ၂၂ ပေရှိသည်။လမ်းတစ်လျှောက် သံကူးကွန်ကရစ်တံတားသုံးခု၊ ကွန်ကရစ်ရေပြွန်ဝေ၊ သစ်သားတံတား ၃၁ ခု၊ သစ်သားရေပြွန် ၁၈ ခုတို့ဖြင့် ဖောက်လုပ်ထားခြင်းဖြစ်သည်။

နာရီကန်တံတားဖွင့်ပွဲကို တံတားအနီးရှိ မင်္ဂလာမဏ္ဍပ်၌ ဧပြီလ ၁၇ ရက်နေ့တွင် ကျင်းပသည်။ နာရီကန်တံတားသည် စစ်တွေမြို့နယ် ရန်ကုန်-စစ်တွေလမ်းမကြီးမိုင်တိုင် ၁၉၃ မိုင် ၂ ဖာလုံတွင် တည်ရှိပြီး နာရီကန်ချောင်းအား ဖြတ်ကျော်တည်ဆောက်ထားသည်။ တံတားအရှည်ပေ၃၀၀၊ယာဉ်သွားလမ်းအကျယ် ၂၄ ပေ၊ လူသွားလမ်း အကျယ်တစ်ဖက်လျှင် ၃ ပေစီရှိသည်။ သံကူးကွန်ကရစ်တံတားအမျိုးအစားဖြစ်ပြီး တံတားအောက် ရေလမ်းကင်းလွတ်နယ်မြေအကျယ် ၄၈ ပေ၊ အမြင့် ကိုးပေရှိသည်။ ခွင့်ပြုတန်ချိန်မှာ တန် ၆၀ ဖြစ်သည်။

ဆဒွန်ရတနာတံတားကြီး၊ သိရိဇေယျာတံတားငယ်များနှင့် ပြည်လုံးချမ်းသာလမ်းဖွင့်ပွဲကို ဆဒွန်ရတနာတံတားကြီး၌ ဧပြီလ ၂၉ ရက်နေ့တွင် ကျင်းပသည်။ ဆဒွန်ရတနာတံတားကြီး၊ သိရိဇေယျာတံတားငယ်များနှင့် ပြည်လုံးချမ်းသာလမ်းတို့သည် ကဝမြို့နယ် နီဗွာန်ကျေးရွာ၌တည်ရှိပြီး အစိုးရနှင့် ပြည်သူပူးပေါင်းတည်ဆောက်ခြင်းဖြစ်သည်။ ဆဒွန်ရတနာတံတားကြီးသည် အရှည်ပေ ၂၀၀၊ ယာဉ်သွားလမ်းအကျယ် ၁၂ ပေရှိပြီး အောက်ခြေကွန်ကရစ် လွန်တူးပိုင်၊ အပေါ်ထည်သံပေါင်အမျိုးအစားဖြစ်သည်။ ပြည်လုံးချမ်းသာလမ်းသည် နီဗွာန်ကျေးရွာနှင့် ပဲခူး-သနပွင်-ခရမ်း-သုံးခွလမ်းမကြီးနှင့် ဆက်သွယ်သည့် လေးမိုင်အရှည်လမ်းဖြစ်ပြီး သိရိ ဇေယျာတံတားငယ်များကို လမ်းပေါ်တွင် တည်ဆောက်ထားသည်။

ကြီးချောင်းတံတားဖွင့်ပွဲကို တံတားအနီးရှိ မင်္ဂလာမဏ္ဍပ်၌ မေလ ၁ ရက်နေ့တွင် ကျင်းပသည်။ကြီးချောင်းတံတားသည် ဆောမြို့နယ် ဂန့်ဂေါ-ထီးလင်း-ကျောက်ထု-

ဆော-စေတုတ္တရာ-ငဖဲလမ်းပေါ်၌ တည်ရှိသည်။ ကြီးချောင်းတံတားသည် ပေ ၆၀ ဘေလီနှစ်ခန်း အပါအဝင် ပေ ၂၀ သစ်သားတိုင်စင်ရှစ်ခန်း စုစုပေါင်း အရှည်ပေ ၂၈၀ ရှိပြီး တံတားအောက်ခြေသစ်သား မိုင်တိုင်များနှင့် အပေါ်ထည်ကို ဘေလီသံပေါင်နှင့် သစ်သားတို့ပေါင်းစပ်တည်ဆောက်ထားသည်။

ပန်းမွန်ချောင်းတံတားဖွင့်ပွဲကို တံတားအနီးရှိ မင်္ဂလာမဏ္ဍပ်၌ မေလ ၂၃ ရက်နေ့တွင် ကျင်းပသည်။ ပန်းမွန်ချောင်းတံတားသည် ကလေးမြို့နယ် ကလေး-ဂန့်ဂေါလမ်းမိုင်တိုင် ၁၅/၅ရှိ ပန်းမွန်ချောင်းကို ဖြတ်ကျော်တည်ဆောက်ထားသည်။ တံတားအရှည် ပေ ၂၂၀၊ ယာဉ်သွားလမ်းအကျယ် ၁၈ ပေ၊ လူသွားလမ်းအကျယ်တစ်ဖက်လျှင် သုံးပေစီပါရှိသည်။ တံတားအောက်ရေလမ်းကင်းလွတ် နယ်မြေအကျယ် ၁၀၄ ပေ၊ အမြင့်နှစ်ပေဖြစ်သည်။ အပေါ်ထည် အာရ်ပီတီသံပေါင်သံကူကွန်ကရစ်၊ အောက်ထည်သံကူကွန်ကရစ်၊ အုတ်မြစ်သံကူကွန်ကရစ် ရေတွင်းခွေဖြင့် တည်ဆောက်ထားသောတံတားအမျိုးအစားဖြစ်သည်။ တံတားခွင့်ပြုအလေးချိန်မှာ တန် ၃၀ ဖြစ်သည်။

မြစ်သာတံတား (ကလေး၀)ဖွင့်ပွဲကို တံတားအနီးရှိ မင်္ဂလာမဏ္ဍပ်၌ ဇွန်လ ၁၂ ရက်နေ့တွင် ကျင်းပသည်။ မြစ်သာတံတား (ကလေး၀)သည် ကလေး၀မြို့နယ် မုံရွာ-ယာကြီး-ကလေး၀ကားလမ်းသစ်ပေါ်၌ တည်ရှိသည်။ တံတားအရှည်ပေ ၁,၃၂၀၊ ယာဉ်သွားလမ်းအကျယ် ၂၈ ပေ၊ လူသွားလမ်းအကျယ်တစ်ဖက်လျှင် လေးပေစီရှိသည်။ တံတား အောက်ရေလမ်းကင်းလွတ် နယ်မြေအကျယ် ပေ ၅၀၀၊ အမြင့် ၁၄ ပေရှိပြီး ယာဉ်တစ်စီးချင်းခွင့်ပြုတန်ချိန်မှာ တန် ၆၀ ဖြစ်သည်။

အညာကတင်းတံတားဖွင့်ပွဲကို တံတားအနီးရှိ မင်္ဂလာမဏ္ဍပ်၌ ဇူလိုင်လ ၁၂ ရက်နေ့တွင် ကျင်းပသည်။ အညာကတင်းတံတားသည် ဆောမြို့နယ် ကျောက်ထု-ဆော-ဆိပ်ဖြူလမ်းပေါ်၌ တည်ရှိသည်။ တံတားအရှည်ပေ ၂၄၀၊ တံတားအကျယ် ဘေလီ အပိုင်း ၁၂ ပေ လေးလက်မနှင့် သစ်သားတံတား အပိုင်း ၁၃ ပေခြောက်လက်မရှိသည်။ ၁၂ လက်မ အချင်းသစ်သားမိုင်တိုင်အုတ်မြစ်များနှင့် သစ်သား တိုင်စင်အောက်ထည်ပေါ်တွင် တည်ဆောက်ထားသည့် တစ်ထပ်တစ်လွှာဘေလီနှင့် သစ်သားခန်းဖွင့် တံတားအမျိုးအစားဖြစ်သည်။ တံတားအောက် ရေလမ်းကင်းလွတ်နယ်မြေအကျယ်ပေ ၅၀၊ အမြင့် လေးပေရှိသည်။ တံတားခွင့်ပြုယာဉ်အလေးချိန်မှာ ၁၃ တန်ဖြစ်သည်။

မြောက်ယမားချောင်းတံတားဖွင့်ပွဲကို တံတားအနီးရှိ မင်္ဂလာမဏ္ဍပ်၌ ဇူလိုင်လ ၁၅ ရက်နေ့တွင် ကျင်းပသည်။ မြောက်ယမားချောင်းတံတားသည် ဆားလင်းကြီးမြို့နယ် ဂုံတောကျေးရွာနှင့် ယင်းမာပင်မြို့နယ် အောင်ချမ်းသာကျေးရွာတို့ကို ဆက်သွယ်တည်ဆောက်ထားပြီး မုံရွာ-ပုလဲ-ဂန့်ဂေါလမ်းနှင့် မုံရွာ-ဆားလင်းကြီး-ပခုက္ကူလမ်းတို့ကို ဆက်သွယ်ထားသည့် လမ်းပိုင်းပေါ်၌ တည်ရှိသည်။ တံတားအကျယ် ၁၂ ပေ ခြောက်လက်မ၊ တံတားအောက်ခြေရေလမ်းကင်းလွတ်နယ်မြေ အမြင့်မှာအမြင့်ဆုံး ရေမှတ်အထက် သုံးပေရှိသည်။ တံတားအမျိုးအစားသည် သစ်သားတံတားနှင့် တစ်လွှာတစ်ထပ်ဘေလီကြိုးဆိုင်းတံတားဖြစ်ပြီး ခွင့်ပြုတန်ချိန်မှာ တန် ၃၀ ဖြစ်သည်။

ရွှေချောင်းတံတားဖွင့်ပွဲကို တံတားအနီးရှိ မင်္ဂလာမဏ္ဍပ်၌ ဩဂုတ်လ ၂၄ ရက်နေ့တွင် ကျင်းပသည်။ ရွှေချောင်းတံတားသည် မကွေးတိုင်း မင်းလှမြို့နယ် ပုသိမ်-မုံရွာလမ်း (မြောက်ပိုင်း) မိုင်တိုင် ၇၉/၀ ၌ တည်ရှိသည်။ တံတားအရှည်ပေ ၅၀၀၊ ယာဉ်သွားလမ်းအကျယ် ၂၈ ပေ၊ လူသွားလမ်းအကျယ်တစ်ဖက်လျှင် သုံးပေစီရှိသည်။တံတားကိုယ်ထည်ပိုင်းကို သံကူကွန်ကရစ်ဖြင့် တည်ဆောက်ထားပြီး အပေါ်ပိုင်းကို ကြိုတင်အားဖြည့် ကွန်ကရစ်ရက်မ၊ သံကူကွန်ကရစ်ကြမ်းခင်းနှင့် လက်ရန်းတို့ဖြင့်တည်ဆောက်ထားသည်။ တံတားအောက်ရေလမ်းကင်းလွတ်အမြင့် ငါးပေရှိပြီး တံတားခံနိုင်ဝန်မှာ တန် ၆၀ ဖြစ်သည်။



ငဝန်မြစ်ကို ဖြတ်သန်းတည်ဆောက်ထားသော ပုသိမ်တံတား

ပါရမီခုံးကျော်တံတားဖွင့်ပွဲကို တံတားမင်္ဂလာ မတ်လာပ်၌ စက်တင်ဘာလ ၁၆ ရက်နေ့တွင် ကျင်းပသည်။ ပါရမီခုံးကျော်တံတားသည် ရန်ကင်းမြို့နယ် ကမ္ဘာအေးစေတီလမ်းနှင့် တောင်ဥက္ကလာပမြို့နယ် ဝဇယန္တာလမ်းတို့ကို ဆက်သွယ်သည့် ပါရမီလမ်းနှင့် မြို့ပတ်ရထားလမ်းဆုံ၌ တည်ရှိသည်။ ပင်မတံတားအရှည် ၇၄၂ ပေ ခြောက်လက်မ၊ ချဉ်းကပ်လမ်းအရှည် ကမ္ဘာအေးစေတီလမ်းဘက်အခြမ်း၌ ၁၇၈ ပေ ခြောက်လက်မ၊ ဝဇယန္တာလမ်းဘက်အခြမ်း၌ ၂၅၅ ပေ စုစုပေါင်းအရှည် ၁,၁၇၆ ပေရှိသည်။တံတားအပေါ်ထည်မှာကြေတင်အားဖြည့်ကွန်ကရစ် တံတားပေါင်နှင့် သံကူကွန်ကရစ် Box Girder Bridge အမျိုးအစားဖြစ်ပြီး အောက်ထည်မှာ သံကူ ကွန်ကရစ်မိုင်နှင့် သံကူကွန်ကရစ်တိုင်အမျိုးအစား ဖြစ်သည်။ တံတားအကျယ်မှာ လေးလမ်းသွားကားလမ်း ၄၈ ပေ၊ လူသွားလမ်းတစ်ဖက်လျှင် လေးပေစီစုစုပေါင်းအကျယ် ၅၆ ပေရှိသည်။ တံတားအောက်ရထားလမ်းကင်းလွတ်အမြင့် ၁၄ပေရှိပြီး တံတားအောက် တစ်ဖက်တစ်ချက်စီတွင် ရပ်ကွင်းအတွင်းသွားလာရန်ကားလမ်းများပါရှိသည်။ တံတားခံနိုင်ဝန်မှာ တန် ၆၀ ဖြစ်သည်။

တော်ဝင်တံတားဖွင့်ပွဲကို ဂန့်ဂေါမြို့နယ် ဂန့်ဂေါကလေးလမ်းနှမ်းခါးကျေးရွာအနီးရှိ တော်ဝင်တံတား၌ စက်တင်ဘာလ ၁၉ ရက်နေ့တွင် ကျင်းပသည်။ တော်ဝင်တံတားသည် တစ်လမ်းသွားတံတားဖြစ်၍ သစ်သားတံတားအပိုင်း ပေ ၂၀ ကိုးခန်းပေ ၁၈၀၊ သံကူကွန်ကရစ်တံတားအပိုင်း ပေ ၆၀ နှစ်ခန်းပေ ၁၂၀ နှင့် အာရိပိတိသံပေါင် ၁၀၈ ပေ စုစုပေါင်း အရှည် ၄၀၈ ပေရှိသည်။

လုံးတော်ပေါက်တံတားဖွင့်ပွဲကို ရမ်းပြဲမြို့နယ် ရန်ကုန်-ကျောက်ဖြူလမ်းမကြီးပေါ်ရှိ လုံးတော်ပေါက်တံတား၌ အောက်တိုဘာလ ၂၅ ရက်နေ့တွင် ကျင်းပသည်။ လုံးတော်ပေါက်တံတားသည် အရှည် ၁,၁၅၄ ဒသမ ၅ ပေ၊ ယာဉ်သွားလမ်းအကျယ် ၂၄ ပေ၊ လူသွားလမ်းတစ်ဖက်လျှင် သုံးပေစီရှိသည်။ သံပေါင်တပ်သံကူကွန်ကရစ်အမျိုးအစားတံတားဖြစ်သည်။ တံတားအောက်ရေလမ်းကင်းလွတ်နယ်မြေ အကျယ်ပေ ၁၆၀၊

အမြင့် ၁၇ ပေရှိသည်။ တံတားခံနိုင်ဝန်မှာ တန် ၆၀ ဖြစ်သည်။

ပုသိမ်တံတားဖွင့်ပွဲကို ပုသိမ်မြို့နယ်မရမ်းချောင်းကျေးရွာဘက်ကမ်းရှိ တံတားအနီးမဂ်လာမဏ္ဍပ်၌ နိုဝင်ဘာလ ၂၂ ရက်နေ့တွင် ကျင်းပသည်။ ပုသိမ်တံတားသည် ပုသိမ်-ရွှေမြင်တင်-ဝါးယားချောင်းလမ်းပေါ်ရှိ ဝန်မြစ်ကို ဖြတ်ကျော်၍ အရှေ့ဘက်ကမ်းမရမ်းချောင်းကျေးရွာနှင့် အနောက်ဘက်ကမ်း ကမ်းနီးကျေးရွာတို့ကို ဆက်သွယ်တည်ဆောက်ထားသည်။ အပေါ်ထည်သံပေါင်ကြိုးတံတား၊ သံကူကွန်ကရစ်အောက်ထည်၊ သံကူကွန်ကရစ်အုတ်မြစ်၊ လွန်တူးပိုင်တံတားအမျိုးအစားဖြစ်သည်။ တံတားအရှည် ပေ၂၊၁၄၀၊ ယာဉ်သွားလမ်းအကျယ် ၂၈ ပေ၊ လူသွားလမ်းအကျယ်တစ်ဖက်လျှင် လေးပေစီရှိသည်။ တံတားအောက်ခြေ ကင်းလွတ်နယ်မြေအကျယ်ပေ ၈၄၀နှင့်အမြင့် ၃၃ ပေဖြစ်သည်။ ခွင့်ပြုယာဉ်တန်ချိန်မှာ တစ်စီးချင်း ၇၅ တန် ဖြစ်သည်။

သံသမကြီးတံတားဖွင့်ပွဲကို ရမ်းပြမြို့နယ် ရန်ကုန်-ကျောက်ဖြူလမ်းမကြီးပေါ်ရှိ တံတားအနီး မဂ်လာမဏ္ဍပ်၌ ဒီဇင်ဘာလ ၁၂ ရက်နေ့တွင် ကျင်းပသည်။ တံတားအရှည် ၅၅၂ ၁သမ ၄ ပေ၊ ယာဉ်သွား လမ်းအကျယ် ၂၄ ပေ၊ လူသွားလမ်းအကျယ်တစ်ဖက်လျှင် သုံးပေစီရှိသည်။ သံပေါင်တပ်သံကူကွန်ကရစ်တံတားအမျိုးအစားဖြစ်သည်။တံတားအောက်ရေလမ်းကင်းလွတ်နယ်အကျယ် ၁၁၁ ပေ၊ အမြင့်ခြောက်ပေရှိသည်။ခွင့်ပြုယာဉ်တန်ချိန်မှာ တစ်စီးချင်းတန် ၆၀ ဖြစ်သည်။

ဆည်မြောင်းတာတမံများတည်ဆောက်ခြင်း

တံတားဦးမြို့နယ် ကျောက်တန်းကျေးရွာ အထက်ဘက်ချောင်းမနက်ရေလှောင်တမံဖွင့်ပွဲကို ရေလှောင်တမံအနီးရှိ မဂ်လာမဏ္ဍပ်၌ ဇန်နဝါရီလ ၂၇ ရက်နေ့တွင် ကျင်းပသည်။ ချောင်းမနက်ရေလှောင်တမံသည် မြေသားတမံအမျိုးအစားဖြစ်ပြီး အလျားပေ ၆,၀၀၀၊ အမြင့်ပေ ၅၀၊ ကန်ရေပြည့်ရေလှောင်ပမာဏ ဧကပေ ၈,၀၄၀ ဖြစ်၍ ဆည်ရေ ပေးဝေနိုင်သည့် ဧရိယာမှာ လက်ရှိပြုကန်ရေသောက် ဧရိယာ ဧက ၃,၈၀၀ နှင့် တိုးချဲ့ဧရိယာ ဧက ၁,၀၀၀ ဖြစ်သည်။

ကဝမြို့နယ် ဆည်မချောင်းနှင့် ပဲခူးမြစ်ဆုံရာ ရွှေလှေကျေးရွာအနီးရွှေလှေရထိန်းတံခါးဖွင့်ပွဲကို ရထိန်းတံခါးအနီးရှိ မဂ်လာမဏ္ဍပ်၌ ဖေဖော်ဝါရီလ ၂၈ ရက်နေ့တွင် ကျင်းပသည်။ ရွှေလှေရထိန်းတံခါးသည် ခြောက်ပေ၊ ၁၆ ပေအကျယ် အပေါက် ၄၀ ပါ ကွန်ကရစ်ရေထုတ်ရထိန်းတံခါးကြီးနှင့် ၂၂ ပေ အကျယ် ကွန်ကရစ်ရေယာဉ်ဝင်ထွက်တံခါးပါရှိသည်။ ပဲခူးတိုင်းအတွင်းရှိ လယ်မြေဧက ၂၀,၀၀၀ နှင့် ရန်ကုန်တိုင်းခရမ်းမြို့နယ်အတွင်းရှိ လယ်မြေဧက ၁၅,၀၀၀ စုစုပေါင်း လယ်မြေဧက ၃၅,၀၀၀ ကို ရေကြီးနစ်မြုပ်မှုမှ ကာကွယ်ပေးပြီး ရေငန်များတားဆီးကာရေချိုထိန်းပေးမည့် ရထိန်းတံခါးဖြစ်သည်။

လှည်းကူးမြို့နယ် ပေါင်းလင်း (ငမိုးရိပ်ရေကူ) ရေလှောင်တမံဖွင့်ပွဲကို ရေလှောင်တမံအနီးရှိ မဂ်လာမဏ္ဍပ်၌ မတ်လ ၂၂ ရက်နေ့တွင် ကျင်းပသည်။ ပေါင်းလင်း (ငမိုးရိပ်ရေကူ) ရေလှောင်တမံသည် အမြင့်ပေ ၁၀၀၊ အလျား ၂,၂၃၅ ပေရှိပြီး ရေဧကပေ တစ်သိန်းနှစ်သောင်းခန့် သိုလှောင်နိုင်ရန်တည်ဆောက်ထားသည်။

ဆားလင်းကြီးမြို့နယ် ငွေသာကျေးရွာအနီး ငွေသာချောင်းပေါ်တွင် တည်ဆောက်ထားသောငွေသာရေလှောင်တမံဖွင့်ပွဲကို ရေလှောင်တမံအနီးရှိ မဂ်လာမဏ္ဍပ်၌ ဧပြီလ ၂၄ ရက်နေ့တွင် ကျင်းပသည်။ ငွေသာရေလှောင်တမံသည် မြေသားတမံ အမျိုးအစားဖြစ်ပြီး တမံအမြင့် ၅၈ ပေနှင့် တမံအလျား ပေ ၅,၂၈၀ ရှိသည်။ ကန်ရေပြည့်ရေလှောင်ပမာဏ ဧကပေ ၁၅,၂၅၀ ကန်ရေသေရေလှောင်ပမာဏ ဧကပေ ၂,၄၀၀ ဖြစ်သည်။ ရေထုတ်ပြွန်ကို သံကူကွန်ကရစ်အမျိုးအစားဖြင့်ပြုလုပ်ထားပြီး လယ်မြေဧက ၃,၀၀၀ ကို ရေပေးဝေနိုင်သည်။


ပန်းတောင်းမြို့နယ် ချင်းရွာကြီးကျေးရွာအနီး ခဝါချောင်းပေါ်တွင် တည်ဆောက်ထားသော ခဝါရေလှောင်တမံဖွင့်ပွဲကို ရေလှောင်တမံအနီးရှိ မဂ်လာမင်္ဂလာပွဲ၌ ဇွန်လ ၂၅ ရက်နေ့တွင် ကျင်းပသည်။ ခဝါရေလှောင်တမံသည် မြေသားတမံအမျိုးအစားဖြစ်ပြီး တမံအမြင့် ၇၃ ပေ၊ တမံအလျားပေ ၁,၉၅၀ ရှိသည်။ ကန်ရေပြည့်ရေလှောင်ပမာဏ ဧကပေ ၂၁,၃၀၀၊ ကန်ရေသေရေလှောင်ပမာဏ ဧကပေ ၂,၂၀၀၊ ကန်ရေပြည့်ရေပြင်ကျယ်ဧရိယာ ဧက ၁,၉၅၀ ဖြစ်သည်။ ရေထုတ်ပြွန်နှင့် ရေပိုလွှဲ အမျိုးအစားသည် သံကူကွန်ကရစ်ဖြစ်ပြီး ရေထုတ်ပြွန်အလျား ၂၁၁ ပေ၊ ရေပိုလွှဲအကျယ်ပေ ၃၀ ရှိသည်။ တူးမြောင်းမကြီး အရှည် ကိုးမိုင်ရှိပြီး လက်တံမြောင်းအရှည် ၁၂ မိုင် ခုနစ်ဖာလုံရှိသည်။ ရေဆင်းဧရိယာ ၁၅ ဒသမ ၅၄ စတုရန်းမိုင်၊ နှစ်စဉ်ပျမ်းမျှစီးဝင်ရေ ဧကပေ ၁၄,၁၄၀ နှင့် ဆည်ရေပေးဝေနိုင်မည့် ဧရိယာ ဧက ၂,၀၀၀ ဖြစ်သည်။

ကျောက်ပန်းတောင်းမြို့နယ် တယ်ပင်တဲကျေးရွာအနီးတောင်ရေချောင်းပေါ်တွင် တည်ဆောက်ထားသော တောင်ရေရေလှောင်တမံဖွင့်ပွဲကို ရေလှောင်တမံအနီးရှိ မဂ်လာမင်္ဂလာပွဲ၌ ဇူလိုင်လ ၂၈ ရက်နေ့တွင် ကျင်းပသည်။ တောင်ရေ ရေလှောင်တမံသည် ကြက်မောက်တောင် ရေကူတမံဖြစ်ပြီး မြေသားတမံအမျိုးအစားဖြစ်သည်။ တမံအမြင့်ပေ ၇၀၊ တမံအလျားပေ ၂,၉၇၀ ရှိသည်။ ကန်ရေပြည့် ရေလှောင်ပမာဏ ဧကပေ ၃,၄၃၀၊ ရေဆင်းဧရိယာ ၂၃ စတုရန်းမိုင်ဖြစ်သည်။ ကြက်မောက်တောင်ဆည် နှင့် ဆက်သွယ်သည့် တူးမြောင်းအလျား ၁ ဒသမ ၃၅ မိုင်၊ ရေလွှဲ ဥမင်အလျား ပေ ၄၂၀၊ ရေလွှဲဥမင်အရွယ်အစား လေးမိတာ အချင်းရှိ မြင်းခွာပုံသံကူကွန်ကရစ်နှင့်ရေလွှဲ ဥမင်ရေထုစီးနှုန်း တစ်စက္ကန့်လျှင် ကုဗပေ ၂,၃၀၀ ဖြစ်သည်။

လယ်ဝေးမြို့နယ် ရေပြာရိုးကျေးရွာအနောက်မြောက်ဘက်သဲဖြူချောင်းပေါ်တွင် တည်ဆောက်ထားသောသဲဖြူရေလှောင်တမံဖွင့်ပွဲကို ရေလှောင်တမံအနီးရှိ မဂ်လာမင်္ဂလာပွဲ၌ ဩဂုတ်လ ၃၀ ရက်နေ့တွင် ကျင်းပသည်။ သဲဖြူရေလှောင်တမံသည် မြေသား တမံအမျိုးအစားဖြစ်သည်။ ပင်မတမံသည် အမြင့် ပေ ၆၀၊ အရှည်ပေ ၂,၆၅၀ ရှိမြေဖို့တမံနှင့် အမြင့် ပေ ၃၀၊ အရှည် ပေ ၃၈၀ ရှိ ကုန်းကြောတမံနှစ်ခုတို့ဖြစ်ပြီး ကန်ရေပြည့်ရေလှောင်ပမာဏ ဧက ၈,၇၁၈ ကေပေရှိသည်။ ရေထုတ်ပြွန်သည် အချင်းသုံးပေ၊ အရှည်ပေ ၁၉၀ ရှိ သံကူကွန်ကရစ်အမျိုးအစား ဖြစ်ပြီး လယ်စိုက်ဧက ၇၀၀၊ ကြံစိုက်ဧက ၅၀၀ စုစုပေါင်းစိုက်ဧက ၁,၂၀၀ သို့ ရေပေးဝေနိုင်သည်။ တမံတွင် အကျယ်ပေ ၃၀၊ အလျား ၅၂၂ ပေရှိ ကျောက်စီသံကူကွန်ကရစ်ရေပိုလွှဲ နှစ်ဆင့်ပါဝင်ပြီး ဆည်ရေသောက်စနစ်တွင် အရှည်ပေ ၁၂,၀၀၀ရှိ တူးမြောင်းမကြီးတစ်ခု၊ တူးမြောင်း အဆောက်အအုံ ၉၅ လုံးနှင့် လက်တံမြောင်းများပါရှိသည်။

ဆားလင်းကြီးမြို့နယ် အနောက်မြောက်ဘက် တစ်မိုင်ခန့်အကွာ ဆားလင်းကြီးချောင်းပေါ်တွင် တည်ဆောက်ထားသော ဆားလင်းကြီးရေလှောင်တမံဖွင့်ပွဲကို ရေလှောင်တမံအနီးရှိ မဂ်လာမင်္ဂလာပွဲ၌ စက်တင်ဘာလ ၂၆ ရက်နေ့တွင် ကျင်းပသည်။ဆားလင်းကြီးရေလှောင်တမံသည် မြေသားတမံ အမျိုးအစားဖြစ်ပြီး တမံအမြင့် ၅၂ ပေ၊ တမံအလျား ပေ ၃,၆၀၀ ရှိသည်။ ကန်ရေပြည့်ရေလှောင်ပမာဏ ဧကပေ ၄,၆၂၀၊ ရေဆင်းဧရိယာ ၁၁ စတုရန်းမိုင်ဖြစ်သည်။

ဘုတလင်မြို့နယ် မြို့သစ်ချောင်းကျေးရွာအနီး မြို့သစ်ချောင်းပေါ်တွင် တည်ဆောက်ထားသော မြို့သစ်ရေလှောင်တမံဖွင့်ပွဲကို ရေလှောင်တမံအနီးရှိ မဂ်လာမင်္ဂလာပွဲ၌ စက်တင်ဘာလ ၂၇ ရက်နေ့တွင် ကျင်းပသည်။ မြို့သစ်ရေလှောင်တမံသည် မြေသားတမံအမျိုးအစားဖြစ်ပြီး တမံအမြင့်ပေ ၆၀၊ တမံအလျားပေ ၂,၆၀၀ ရှိသည်။ ရေလှောင်တမံမှလယ်မြေ ဧက ၂,၅၀၀ ခန့်ကို စိုက်ပျိုးရေပေးဝေနိုင်သည်။



နမ့်ခမ်းမြို့နယ် ရွှေလီရေအားလျှပ်စစ်စီမံကိန်းမြင်ကွင်း

နတ်မောက်မြို့နယ် ကျောက်တံခါးကျေးရွာအနီး ပမာဏ ဧကပေ ၆၇၄,၄၀၀ ဖြစ်သည်။ တမံမှ ဧက ကျောက်တံခါးချောင်းပေါ်တွင် တည်ဆောက်ထား ၁၀၈,၀၀၀ သို့ဆည်ရေပေးဝေနိုင်သည်။ သော ကျောက်တံခါးရေလှောင်တမံဖွင့်ပွဲကို ရေလှောင် တမံအနီးရှိ မဂ်လာမင်္ဂျာပ်၌ နိုဝင်ဘာလ ၃၀ ရက်နေ့ တွင် ကျင်းပသည်။ ကျောက်တံခါးရေလှောင်တမံ သည် မြေသားတမံအမျိုးအစားဖြစ်သည်။ တမံအမြင့် ပေ ၈၀၊ တမံအလျား ပေ ၇,၆၁၀ ရှိသည်။ ကန်ရေပြည့် ရေလှောင်ပမာဏ ဧကပေ ၄၁,၁၃၀ ဖြစ်သည်။ တမံမှ စိုက်ပျိုးမြေဧက ၂,၀၀၀ ခန့်ကို စိုက်ပျိုးရေပေးဝေနိုင် မည့်အပြင် ကြက်မောက်တောင်ရေလှောင်တမံသို့ ရေကူးဖြည့်ပေးနိုင်သည်။

စေတုတ္တရာမြို့နယ် အောက်ပုံကျေးရွာနှင့် သရမ် ကိုင်းကျေးရွာအကြားမုန်းချောင်းပေါ်တွင်တည်ဆောက် ထားသော မုန်းချောင်းဘက်စုံရေလှောင်တမံဖွင့်ပွဲကို ရေလှောင်တမံအနီးရှိ မဂ်လာမင်္ဂျာပ်၌ ဒီဇင်ဘာလ ၂၉ ရက်နေ့တွင် ကျင်းပသည်။ မုန်းချောင်းရေလှောင်တမံ သည် မြေသားတမံ (ဇုန်အမျိုးအစား)ဖြစ်သည်။ တမံအလျားပေ ၄,၃၂၀၊ ကုန်းကြောတမံ ၁ အလျားပေ ၇၄၀၊ ကုန်းကြောတမံ ၂ အလျားပေ ၁,၄၃၀ ရှိပြီး တမံအမြင့်ပေ ၂၀၀ ရှိသည်။ ကန်ရေပြည့်ရေလှောင်

လျှပ်စစ်မာတ်အားပေးစက်ရုံ တည်ဆောက်ရေးလုပ်ငန်းများ

တန့်ဆည်မြို့နယ် ကွဲဆွဲကျေးရွာရေအားလျှပ်စစ် စက်ရုံဖွင့်ပွဲကို ဧပြီလ ၂၅ ရက်နေ့တွင် ကျင်းပသည်။ ရေအားလျှပ်စစ်စက်ရုံကို ကင်းတပ်ဆည်လက်ယာ တူးမြောင်းလက်တံ ၂ မှ ရေကို အသုံးပြုတည်ဆောက် ထားပြီးလျှပ်စစ်မာတ်အား ၁၅ ကီလိုဝပ်ထုတ်လုပ် နိုင်သည်။ ရေအားလျှပ်စစ်စက်ရုံမှ ကျေးရွာရှိ အိမ်ခြေ ၁၀၀ ကို တစ်နှစ်ပတ်လုံးနေ့နှင့် ညလျှပ်စစ်မာတ်အား ပေးနိုင်သည်။

ညောင်လေးပင်မြို့နယ် ဘိုင်းဒါးကျေးရွာသဘာဝ မာတ်ငွေ့ လျှပ်စစ်မာတ်အားပေး စက်ရုံဖွင့်ပွဲကို ဩဂုတ် လ ၉ ရက်နေ့တွင် ကျင်းပသည်။ သဘာဝမာတ်ငွေ့ လျှပ်စစ်မာတ်အားပေးစက်ရုံကို စွန့်ပစ်စပါးခွံလောင်စာ သုံးစွဲပြီးလျှပ်စစ်မာတ်အားထုတ်လုပ်နိုင်ရန်တည်ဆောက် ထားသည်။ စက်ရုံမှ မြင်းကောင်ရေ ၁၀၀ အင်ဂျင်ဖြင့် လျှပ်စစ်မာတ်အား ကီလိုဝပ် ၅၀ ထွက်ရှိမည်ဖြစ်ပြီး ကျေးရွာရှိ အိမ်ထောင်စု ၃၂၆ ခုအတွက် လေးပေ

မီးချောင်း ၁,၂၅၀ ဖြင့် မီးလင်းရေးဆောင်ရွက်ပေးနိုင်သည်။

သနပ်ပင်မြို့နယ် ကမာစဲစံပြကျေးရွာ သဘာဝဇီဝမာတ်ငွေ့ လျှပ်စစ်မာတ်အားပေး စက်ရုံဖွင့်ပွဲကိုနိုဝင်ဘာလ ၂၇ ရက်နေ့တွင် ကျင်းပသည်။ မာတ်အားပေးစက်ရုံကို စွန့်ပစ်စပါးခွံလောင်စာသုံးစွဲပြီး လျှပ်စစ်မာတ်အားထုတ်လုပ်နိုင်ရန် တည်ဆောက်ထားသည်။ မာတ်အားပေးစက်ရုံမှ လျှပ်စစ်မာတ်အားကီလိုဝပ် ၅၀ ထွက်ရှိသည်။

ဒိုက်ဦးမြို့နယ် သုံးခွစံပြကျေးရွာ စပါးခွံမာတ်ငွေ့သုံးလျှပ်စစ်မာတ်အားပေး စက်ရုံဖွင့်ပွဲကို ဒီဇင်ဘာလ ၁၈ ရက်တွင် ကျင်းပသည်။ မာတ်အားပေး စက်ရုံမှ မြင်းကောင်ရေ ၁၀၀ တီအီး ၁၁ အင်ဂျင်ဖြင့် လျှပ်စစ်မာတ်အားထုတ်လုပ်ပေးနိုင်သည်။

စေတုတ္တရာမြို့နယ် မုန်းချောင်းရေအားလျှပ်စစ်မာတ်အားပေးစက်ရုံဖွင့်ပွဲကို ဒီဇင်ဘာလ ၂၉ ရက်နေ့တွင် ကျင်းပသည်။ မုန်းချောင်းရေအားလျှပ်စစ်မာတ်အားပေး စက်ရုံသည် အလျား ၂၅၈ ပေ၊ အနံ ၁၂၈ ပေ၊ အမြင့်ပေ ၁၁၀ ရှိသည်။ စက်ရုံ၌ တာဘိုင်စက်သုံးလုံးတပ်ဆင်ထားသည်။ တာဘိုင်စက်တစ်လုံးလျှင် ၂၅ မဂ္ဂါဝပ် ထွက်ရှိသဖြင့်လျှပ်စစ်မာတ်အား ၇၅ မဂ္ဂါဝပ် ထုတ်ယူရရှိမည်ဖြစ်သည်။

စက်ရုံသစ်များဖွင့်လှစ်ခြင်း

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီး ဌာန မြန်မာ့လယ်ယာထွက်ကုန် ပစ္စည်းရောင်းဝယ် ရေး ၂၅ တန် ဖဲနုဆီစက်နှင့် တန် ၅၀ ဆန်စက်ဖွင့်ပွဲကို ရွှေဘိုမြို့ မဟာနန္ဒာကန်တော်အနီးရှိ ဖဲနုဆီစက်နှင့် ဆန်စက်တို့၌ မတ်လ ၂၁ ရက်နေ့တွင် ကျင်းပသည်။ ဖဲနုဆီစက်သည် တစ်ရက်လျှင် ဖဲနု ၂၅ တန်မှ ဆီကြမ်း ၂ ဒသမ ၅ တန်ထုတ်လုပ်နိုင်ပြီး ဆန်စက်သည် တစ်ရက်လျှင် တန် ၅၀ ကျပြီး ပြည်ပသို့ တင်ပို့နိုင်သည့် တန်းလတ် ၂၅ မှတ် ဆန်ကြိတ်ဖွပ်ပေးနိုင်သည်။

ဆင်မင်း ၂ ဘိလပ်မြေစက်ရုံဖွင့်ပွဲကိုကျောက်ဆည်မြို့နွားလည်ကောက်တောင်ခြေအနီးရှိ စက်ရုံ၌ မတ်လ ၂၂ ရက်နေ့တွင် ကျင်းပသည်။ စက်ရုံမှ Dry Process နည်းဖြင့် ဘိလပ်မြေ တစ်ရက်လျှင် တန် ၇၀၀ ထုတ်လုပ်နိုင်သည်။

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း စပါးလင်နှင့် ဆီမွှေးစက်ရုံဖွင့်ပွဲကို လှည်းကူးမြို့နယ် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းရုံးဝင်းအတွင်းရှိ စက်ရုံ၌ မေလ ၁၂ ရက်နေ့တွင် ကျင်းပသည်။ စက်ရုံမှ တစ်နှစ်လျှင် စပါးလင်ဆီမွှေးအရွက်စို တန် ၄၀,၀၀၀ ကြိတ်ဝါး၍ စပါးလင်ဆီမွှေး အဆီတန် ၅၂၀ ထုတ်လုပ်နိုင်သည်။

N.W.S Co.,Ltd. နှင့် National wood Industry Ltd. တို့၏ သစ်အခြေခံ စက်မှုလုပ်ငန်း သစ်အချောထည်စက်ရုံသစ်များဖွင့်ပွဲကို ဒဂုံမြို့သစ် (အရှေ့ပိုင်း) မြို့နယ် ဒဂုံအရှေ့ပိုင်း စက်မူဇုန်၌ အောက်တိုဘာလ ၂၁ ရက်နေ့တွင် ကျင်းပသည်။ စက်ရုံများမှ တန်ဖိုးမြင့်လေးဖက်ချောသစ်ခွဲသားများ၊ ကြမ်းခင်းတုံးများ၊ ကြမ်းခင်းပြားများ၊ Decking များ ထုတ်လုပ်၍ နိုင်ငံခြားစျေးကွက်သို့ တင်ပို့ရောင်းချမည်ဖြစ်သည်။

အမှတ် (၁) စက်မှုဝန်ကြီးဌာန မြန်မာ့အထည်အလိပ်လုပ်ငန်း အထည်နှင့် ဆေးဆိုးပန်းရိုက်စက်ရုံ (မြင်းခြံ) ဖွင့်ပွဲကို ဒီဇင်ဘာလ ၂၀ ရက်နေ့တွင် ကျင်းပသည်။ စက်ရုံမှ ဆေးဆိုးပန်းရိုက် အထည်အမျိုးမျိုးကို ထုတ်လုပ်ဖြန့်ဖြူးရောင်းချမည် ဖြစ်သည်။

ဦးစိုးအောင်

မြန်မာ့ရုပ်ရှင်ထူးချွန်ဆု။ ။ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့ရုပ်ရှင်လုပ်ငန်းက ကြိုးမှုကျင်းပသော ၂၀၀၃ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆု (အကယ်ဒမီဆု) ချီးမြှင့်သည့် အခမ်းအနားကို ၂၀၀၄ ခုနှစ် ဒီဇင်ဘာလ ၂၆ ရက်



၂၀၀၃ ခုနှစ် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုရ ရုပ်ရှင်အနုပညာရှင်များ

နေ့တွင် သယ်နှုံးကျွန်းမြို့နယ်ရှိ အမျိုးသားအားကစားပြိုင်ပွဲရုံ (၁) သုဝဏ္ဏဘူ ကျင်းပသည်။ အခမ်းအနားသို့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့်ဇနီး ဒေါ်ခင်ခင်ဝင်းတို့ တက်ရောက်ချီးမြှင့်ကြပြီး ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက အမှာစကားပြောကြားကာ ၂၀၀၃ ခုနှစ်အတွက် အကောင်းဆုံးမြန်မာ့ရုပ်ရှင်ထူးချွန်ဆုရရှိကြသူများအား ရွှေစင်ရုပ်ဆုများကို ချီးမြှင့်သည်။

ဆုပေးပွဲအခမ်းအနားသို့ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့်ဇနီး၊ အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် ၎င်းတို့၏ဇနီးများ၊ မြန်မာ့ရုပ်ရှင်အဆင့်အတန်းမြှင့်တင်ရေးအကဲဖြတ်အဖွဲ့ဝင်များ၊ ရုပ်ရှင်ဆင်ဆာနှင့် ဗီဒီယိုဆင်ဆာအဖွဲ့ဝင်များ၊ ပြန်ကြားရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနနှင့် လုပ်ငန်းများမှ အကြီးအကဲများ၊ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး၊ သဘင်ပညာရှင်များ အစည်းအရုံး၊ ဂီတအစည်းအရုံးနှင့် မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့မှ တာဝန်ရှိပုဂ္ဂိုလ်များ၊ မြန်မာ့ရုပ်ရှင်ထူးချွန်ဆုရရှိပြီးသော သရုပ်ဆောင်အနုပညာရှင်များ၊ အတတ်ပညာရှင်များ၊ ရုပ်ရှင်ထုတ်လုပ်သူများနှင့် ရုပ်ရှင်ချစ်ပရိသတ်များ တက်ရောက်ကြသည်။

နိုင်ငံတော်မှ မြန်မာ့ရုပ်ရှင်လောက တိုးတက်မြင့်မားရေးကို ရှေးရှုပြီး ၁၉၅၂ ခုနှစ်မှစတင်၍ နှစ်စဉ်ရုပ်ရှင်အကယ်ဒမီရွှေစင်ဆုများကို ချီးမြှင့်ခဲ့သည်မှာ ရွှေရတုလွန်ကာလသို့ ရောက်ရှိပြီဖြစ်သည်။ ၂၀၀၃ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆု ချီးမြှင့်သည့် အချိန်ကာလမှာ သက်တမ်းအားဖြင့် ၅၁ နှစ်ရှိခဲ့ပြီဖြစ်သည်။ ထို့အပြင် နိုင်ငံတော်မှ မြန်မာ့ရုပ်ရှင်ထူးချွန်ဆုကို မူလကချီးမြှင့်ခဲ့သည့် ငွေစင်ငွေသားနှစ်ကျပ်သားပါသည့် ရုပ်တုအစား ရွှေစင်ရွှေသားနှစ်ကျပ်သားပါသည့် ရွှေစင်ရုပ်တုကို ပြောင်းလဲ ချီးမြှင့်ပေးခဲ့သည်။ ဆုတစ်မျိုး ချင်းအတွက် ထူးချွန်စွာ

သရုပ်ဆောင်နိုင်သူ ၂ ဦးဖြစ်နေပါကလည်း ပူးတွဲ ချီးမြှင့်သည်။ ထို့ကြောင့် ယခုအချိန်ထိ ချီးမြှင့်ပေးခဲ့သည့် ထူးချွန်ဆုပေါင်းမှာ ၂၆၈ ဆု ရှိပြီဖြစ်သည်။

မြန်မာ့ရုပ်ရှင်အဆင့်အတန်း မြင့်မားရေးအတွက် အမျိုးသားအနုပညာခိုင်မာဖွံ့ဖြိုးတိုးတက်ရေးဖြစ်သည့် ရုပ်ရှင်အနုပညာရှင်၊ အတတ်ပညာရှင်များ၏ ထူးချွန်စွာ စွမ်းဆောင်ကြိုးပမ်းမှုများကို နိုင်ငံတော်က အသိအမှတ်ပြုရန်၊ ထူးချွန်ဆုရရှိသည့် ပညာရှင်များကို အားကျအတုယူကာ ကျန်ရုပ်ရှင်ပညာရှင်များကပါ အားထုတ်ကြိုးပမ်းလာကြစေရန်၊ ထိုသို့ ကြိုးစားစွမ်းဆောင်လာကြသည်နှင့်အမျှ မြန်မာ့ရုပ်ရှင်အဆင့်အတန်း ပိုမိုတိုးတက်မြင့်မားလာကြရန်ဟူသော ရည်ရွယ်ချက်များသာမက မြန်မာ့ရုပ်ရှင်စိန်ရတု သဘင်မှ ချမှတ်ခဲ့သည့် ဦးတည်ချက် ၆ ရပ်ကိုပါ မဖြစ်မနေဆောင်ရွက်သွားကြရမည် ဖြစ်သည်။

ရုပ်ရှင်ထူးချွန်ဆုရွေးချယ်ရာတွင် ၁၉၉၆ ခုနှစ် ကပြဌာန်းခဲ့သည့် ရုပ်ရှင်ဥပဒေပါအခြေခံမူ (၇) ရပ်ကို အခြေခံပြီး ၂၀၀၃ ခု ပြက္ခဒိန်နှစ်အတွင်း ရုံတင်ပြသခဲ့သည့် ရုပ်ရှင်ဇာတ်ကားပေါင်း ၂၆ ကားကို ထပ်ခါတလဲလဲကြည့်ရှုအကဲဖြတ်ပြီး ရွေးချယ်ထားခြင်းဖြစ်သည်။ ၂၀၀၃ ခုနှစ်အတွက် အကောင်းဆုံးမြန်မာ့ရုပ်ရှင်ထူးချွန်ဆု (အကယ်ဒမီ) ဆုရရှိကြသည့် အမည်စာရင်းကို အကယ်ဒမီဆုရရှိပြီးသူ ရုပ်ရှင်အနုပညာရှင်၊ အတတ်ပညာရှင်များက ကြေညာပေးပြီး ဆုတစ်ဆု ချင်းစီဆုရရှိသော အကောင်းဆုံးရုပ်ရှင်ပြကွက် အချို့ကို ကောက်နုတ်ပြသသည်။

ထို့နောက် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ် ကျော်ဆန်းက ၂၀၀၃ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆု (အကယ်ဒမီဆု) ရရှိကြသူများအား ရွှေစင်ရုပ်ဆုနှင့် Super Coffeemix က ချီးမြှင့်သော ငွေကျပ်တစ်သိန်းစီတို့ကို တစ်ဦးချင်းသို့ ပေးအပ် ချီးမြှင့်သည်။

၂၀၀၃ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်အကောင်းဆုံး ထူးချွန်ဆု (အကယ်ဒမီဆု) ရရှိကြသူများ

စဉ်	ဆုအမည်	ရရှိသူ	ဇာတ်ကားအမည်
၁	အကောင်းဆုံး အသံထူးချွန်ဆု	ခင်စပယ်ဦး အဖွဲ့	သူးမွဲထသစ္စာ
၂	အကောင်းဆုံး ရုပ်ရှင်ဓာတ်ပုံဆု	ကျောက်ဖြူ (ပဒေသာ)	အမေ့နို့ဖိုး
၃	အကောင်းဆုံး ရုပ်ရှင်ဇာတ်ကား တည်းဖြတ်ဆု	ဦးမြင့်ခိုင်	သူးမွဲထသစ္စာ
၄	အကောင်းဆုံး အမျိုးသား ဇာတ်ပို့ဆု	ချိုပြုံး	အမေ့နို့ဖိုး
၅	အကောင်းဆုံး ရုပ်ရှင်တေးဂီတ ဆု	ဇော်မျိုးထွဋ်	နေကမွေးတဲ့လ
၆	အကောင်းဆုံး အမျိုးသား ဇာတ်ပို့ဆု	ဇော်ဦး	အမေ့နို့ဖိုး
၇	အကောင်းဆုံး ရုပ်ရှင်ဓာတ်ကား ဆု		အမေ့နို့ဖိုး (အမျိုးသား ရုပ်ရှင်)
၈	အကောင်းဆုံး အမျိုးသား ဇာတ်ဆောင်ဆု	ကျော်ဟိန်း	နေကမွေးတဲ့လ
၉	အကောင်းဆုံး ရုပ်ရှင် ဒါရိုက်တာဆု	ဒါရိုက်တာ ကျော်သူ	အမေ့နို့ဖိုး

စဉ်	ဆုအမည်	ရရှိသူ	ဇာတ်ကားအမည်
၁၀	အကောင်းဆုံး အမျိုးသမီး ဇာတ်ဆောင်ဆု	ထွန်းအိန္ဒြာဝို	အမေ့နို့ဖိုး
၁၁	အကောင်းဆုံး ရုပ်ရှင် ဇာတ်ညွှန်းဆု	ငြိမ်းမင်း	အမေ့နို့ဖိုး

ခမ်းငယ်

ယူနိုက်တက်ကင်းဒမ်းနိုင်ငံ။ ။အီရတ်နိုင်ငံတွင် အဖျက်စွမ်းအားကြီးများသော လက်နက်များရှိသည်ဟု စွပ်စွဲထားသည့် ကိစ္စကိုအဓိကပြဿနာအဖြစ် ပြီတိသျှအောက်လွှတ်တော်၌ ဇန်နဝါရီလ ၇ ရက်နေ့က ဆွေးနွေးခဲ့သည်။ ထိုကိစ္စနှင့် ပတ်သက်၍ ပြီတိသျှဝန်ကြီးချုပ် တိုနီဘလဲအနေဖြင့် အမှန်ကိုထုတ်ဖော်ပြောကြားရန် ကွန်ဆာဗေးတစ်ပါတီခေါင်းဆောင် မိုက်ကယ်ဘေဝဲလ်က ရှေးမဆွကပင် ထပ်ခါတလဲလဲ မေးခွန်းထုတ်ခဲ့သည်။ ဝန်ကြီးချုပ်တိုနီဘလဲက ယခင်ပြောနေကျအတိုင်း ဆက်ရပ်တည်ကာကွယ်ပြောကြားနေသည့်အတွက် ပြဿနာမှာ ဆက်လက်ကြီးထွားလျက်ရှိနေသည်။ ဆက်ဒမ်ဟူစိန်သည်အဖျက်စွမ်းအားကြီးမားသော လက်နက်များကို ထုတ်လုပ်ခဲ့သည့်ပြင် ၎င်းလက်နက်များကို အသုံးပြုခဲ့သည်ဆိုသော ပြီတိသျှထောက်လှမ်းရေးသတင်းများမှာ မှန်ကန်ကြောင်း မိမိယုံကြည်သည်ဟု မစ္စတာဘာလဲက အပြင်းအထန် ဆက်လက်ကာကွယ်ပြောကြားလျက်ရှိနေခြင်းဖြစ်ကြောင်း အစိုးရအဖွဲ့ဝင် ဝန်ကြီးများလွှတ်တော်ကို လိမ်ညာခြင်းမျိုး ရှာဖွေဖော်ထုတ်၍တွေ့ရှိပါက ရာထူးမှနှုတ်ထွက်ပေးသကဲ့သို့ ဝန်ကြီးချုပ်အနေဖြင့်လည်း ရာထူးနှုတ်ထွက်ပေးသင့်ကြောင်း ကွန်ဆာဗေးတစ်ပါတီခေါင်းဆောင် ဟာဝဲလ်ပြောကြားခဲ့သည်။

ပြီတိသျှ ကာကွယ်ရေးဝန်ကြီးဌာနမှ လက်နက်ပါရဂူဒေါက်တာ ဒေးဗစ်ကယ်လီ မိမိကိုယ် မိမိအဆုံးစီရင်မှုနှင့် ပတ်သက်ပြီး စုံစမ်းစစ်ဆေးခဲ့သော တရားသူကြီးလော့ဒ်ဟတ်တန်၏ အစီရင်ခံစာကို ဖေဖော်ဝါရီလ ၄ ရက်နေ့က အချေအတင်ဆွေးနွေးရန်ရှိသော်လည်း စစ်ဆန့်ကျင်ရေးဆန္ဒပြမှုများကြောင့် ဆွေးနွေးမှုကို အောက်လွှတ်တော်အမတ်များက ဆိုင်းငံ့ထားလိုက်ရသည်။ ပြီတိသျှအောက်လွှတ်တော်တွင် အခြေအတင်ဆွေးနွေးပွဲစတင်ပြုလုပ်ရာတွင် အောက်လွှတ်တော်ရှိ အများပြည်သူလူထုလေ့လာကြည့်ရှုနိုင်သောနေရာတွင် ရှိနေသူများက ဆန္ဒပြသည့်အနေဖြင့် အော်ဟစ်ခဲ့ကြဆွေးနွေးပွဲကို ခေတ္တဆိုင်းငံ့ထားလိုက်ရသည်။ထိုအချိန်တွင် ကာကွယ်ရေးဆိုင်ရာထောက်လှမ်းရေးဝန်ထမ်းသိပ္ပံမှ အထက်တန်းအရာရှိဟောင်းတစ်ဦးက ပြောကြားရာတွင် ဟတ်တန်၏ စုံစမ်းစစ်ဆေးမှုနှင့်ပတ်သက်၍ မိမိစိုးရိမ်ပူပန်မိသည်။ အီရတ်နိုင်ငံ၏ ဓာတုနှင့် ဇီဝလက်နက်များခြိမ်းခြောက်မှု အန္တရာယ်ကို သုံးသပ်လေ့လာရာတွင် သေချာကဏ္ဍာစွာ စိစစ်ရန်လိုအပ်သည်ဆိုသော အချက်မှာမိမိတို့၏ တူညီသောရှုမြင်ချက်ပင်ဖြစ်သည်ဟု ဒေါက်တာဘာရီယဲဂျုံးကပြောကြားသည်။ ဒေါက်တာဂျုံးမှာ ကာကွယ်ရေးဆိုင်ရာ ထောက်လှမ်းရေးဝန်ထမ်းသိပ္ပံတွင် ညှိုးကလီးယား၊ ဓာတုနှင့် ဇီဝလက်နက်များဆိုင်ရာဌာနအကြီးအကဲဟောင်းဖြစ်သည်။

အီရတ်နိုင်ငံအားစစ်ပွဲဆင်နွှဲစေခဲ့သည့်ထောက်လှမ်းရေးသတင်းနှင့်စပ်လျဉ်း၍ နှိုက်နှိုက်ချွတ်ချွတ်စုံစမ်းစစ်ဆေးမည့်ကိစ္စကို ပြီတိန်နိုင်ငံ၏ အတိုက်အခံပါတီက မထောက်ခံတော့သည့်အတွက် အီရတ်နှင့်ပတ်သက်သော မေးခွန်းများထုတ်မည်ဟု မျှော်လင့်ထားသူတိုနီဘလဲမှာ မတ်လ ၂ ရက်နေ့က အခက်အခဲ အတားအဆီးအသစ်ဖြင့် ထပ်မံကြုံတွေ့ခဲ့ရပြန်သည်။ စုံစမ်းစစ်ဆေးမှုကို အဓိကအတိုက်အခံပါတီဖြစ်သော ကွန်ဆာဗေးတစ်ပါတီ၏ ထောက်ခံမှုအရရှိလျှင် စုံစမ်းစစ်ဆေးမှုမှာ ဘလဲအားဝေဖန်သူများကို တိုက်ခိုက်ရန်အားမရှိသလောက်ဖြစ်နေသည်။ စစ်ပွဲရပ်ဆိုင်းရန်

ကြိုးပမ်းသောစာရွက် စာတမ်းများပေါက်ကြားစေခဲ့သည့် ထောက်လှမ်းရေး စကားပြန်အပေါ်စွဲဆိုထားသောအမှုကို အစိုးရရှေ့နေများက ဖျက်သိမ်းလိုက်ပြီး ဝန်ကြီးချုပ်အလဲ၏ ဝန်ကြီးဟောင်းတစ်ဦးကလည်း ငြိတိန်နိုင်ငံသည် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ကို ဖိအားနှိပ်စက်ခံနေရသည်ဟု ပြောဆိုခဲ့သဖြင့် ဘလဲအကျပ်အတည်းနှင့် တွေ့ခဲ့ရသည်။

အီရတ်ကိုဆင်နွှဲနေသော စစ်ပွဲမှာ တရားဥပဒေနှင့် ညီညွတ်မှုရှိမရှိ အစိုးရ၏ စစ်ကြေခေတ်လျှို့ဝှက်ချက်ကို ဘလဲကလူသိရှင်ကြားကြေညာရန် တောင်းဆိုမှုကို ဘလဲကငြင်းပယ်ခဲ့သည်။ စာရွက်စာတမ်းများပေါက်ကြားခဲ့ကြောင်းဝန်ခံခဲ့သော ထောက်လှမ်းရေးစကားပြန်ကက်သရင်းဘန်းက တရားမဝင် သောစစ်ပွဲကို တားဆီးရန်ဥပဒေကို ချိုးဖောက်ခြင်းတွင် မိမိတရားနည်းလမ်းကျကြောင်း စောဒကတက်ရန် စီစဉ်ထားသည်ဟုပြောသည်။ မိမိ၏ အမှုကိုဆက်မည်ဆိုပါက အစိုးရလျှို့ဝှက်အကြံပေးချက်ကို ဖော်ထုတ်ရန် မိမိတောင်းဆိုမည်ဟု ကက်သရင်းကပြောသည်။

ငြိတိသျှဝန်ကြီးချုပ် တိုနီဘလဲကျူးလွန်ခဲ့သည်ဟုယုပ်စွဲထားသော စစ်ရာဇဝတ်မှုများကို အသေအချာစစ်ဆေးရန် နိုင်ငံတကာတရားရုံးအားငြိတိသျှဆန့်ကျင်ရေးတရားဥပဒေဆောင်ရွက်မှုအုပ်စုက မတ်လ ၃ ရက်နေ့တွင် တောင်းဆိုခဲ့သည်။ ဝန်ကြီးချုပ်တိုနီဘလဲအပြင် နိုင်ငံခြားရေးဝန်ကြီး ဂျက်စထရော၊ ကာကွယ်ရေးဝန်ကြီး ဂျော့ဖ်ဟွန်းနှင့် ရှေ့နေချုပ်လော့ဒ်ဂိုးလ်စမစ်တို့ကိုလည်း ယင်းဥပဒေအုပ်စုကပစ်မှတ်ထားသည်ဟုဆိုသည်။ နိုင်ငံတကာရာဇဝတ်တရားရုံးအနေဖြင့် အီရတ်ကို သတ္တိပျော့ ယူရေနီယံကျည်ဆန်များအသုံးပြုခြင်းသည် စစ်ရာဇဝတ်မှုများဟုတ်မဟုတ်စစ်ဆေးမည်ဖြစ်ကြောင်း ယင်းဥပဒေအုပ်စုကပြောကြားသည်။ အဓိကတရားစွဲချက်မှာ အရပ်သားများကို အသက်ဆုံးရှုံးစေမည့် သို့မဟုတ် ထိခိုက်ဒဏ်ရာရစေမည်ကိုသိလျက် ရည်ရွယ်ချက်ဖြင့် တိုက်ခိုက်ခြင်းပင်ဖြစ်ကြောင်း ယင်းအုပ်စုက ပြောကြားသည်။ ယင်းဥပဒေအုပ်စုကို ငြိတိသျှနိုင်ငံသားများအုပ်စုဖြင့် ဖွဲ့စည်းထားပြီး နိုင်ငံတကာ အငြင်းပွားမှုများကိုဖြေရှင်းရာ၌စစ်တပ်ကိုအသုံးပြုခြင်းအား တားဆီးရန် စုံစမ်းစစ်ဆေးရန်အပြင် ဖြစ်နိုင်သည့်ဥပဒေလမ်းကြောင်းကို အသုံးချရန် ဖွဲ့စည်းထားခြင်းဖြစ်သည်။

အစုလိုက်အပြုံလိုက်သေစေနိုင်သည့် အင်အားကြီးမားသော (ဒဗလျူအမ်ဒီ) လက်နက်များ အီရတ်နိုင်ငံ၌ မည်သည့်အခါမျှရှာတွေ့မည်မဟုတ်ကြောင်း ဝန်ကြီးချုပ်တိုနီဘလဲက ဝန်ခံခဲ့သည်။ အမေရိကန်နှင့်အတူ ငြိတိန်နိုင်ငံက အီရတ်နိုင်ငံအပေါ် စစ်ပွဲဆင်နွှဲခြင်းကိုတရားမျှတမှုရှိစေရန် အီရတ်နိုင်ငံ၌အဖျက်စွမ်းအားကြီးမားသော လက်နက်များအတိုင်းအတာတစ်ခုအထိတွေ့ရှိရမည်ဟု မိမိယုံကြည်ကြောင်း တိုနီဘလဲက ကာလကြာရှည်စွာ ရပ်တည် ပြောကြားနေခဲ့သည်။ ယခုအခါ တိုနီဘလဲသည် ထိုကိစ္စအတွက် ငြိတိသျှပါလီမန်အတွင်း ဖိအားပေးမှုများနှင့် ရင်ဆိုင်ကြုံတွေ့ဖြေရှင်းနေရလျက်ရှိရာ တိုနီဘလဲသဘောထားပြောင်းလဲလာပြီဖြစ်သည်။

တိုနီဘလဲက ပါလီမန်အတွင်း၌ ဖြေရှင်းစကားပြောကြားရာတွင်လူအမြောက်အမြားသေစေနိုင်သော လက်နက်အစုလိုက် အပြုံလိုက်ကို အီရတ်နိုင်ငံအတွင်း၌ မတွေ့ရကြောင်း ပြောကြားခဲ့သည်။ (ဒဗလျူအမ်ဒီ) လက်နက်များကို တွေ့ရှိသည်ဖြစ်စေ၊ မတွေ့သည်ဖြစ်စေ ဆက်ဒမ်ဟူစိန်ခြိမ်းခြောက်ခြင်းသာဖြစ်ကြောင်း၊ အီရတ်စစ်ပွဲမှာ တရားမျှတမှုရှိကြောင်း ဆက်လက်ပြောကြားခဲ့သည်။

အီရတ်၌ စစ်ပွဲဆင်နွှဲနေရသော ကိစ္စကိုအပြစ်ရှာဖွေရှိသော အစီရင်ခံစာသစ်ကြောင့် အီရတ်နှင့်ပတ်သက်၍ ဝန်ကြီးချုပ်ဘလဲနှင့်ငြိတိသျှထောက်လှမ်းရေးအဖွဲ့ ၎င်းလိုင်လ ၁၄ ရက်နေ့တွင် ထပ်မံအကျပ်ရိုက်ခဲ့ကြသည်။ အီရတ်လက်နက်ခြိမ်းခြောက်မှု အနေအထားကို ပုံကြီးချဲ့ကားမှုအတွက် အမေရိကန်

ထောက်လှမ်းရေးအဖွဲ့အား အမေရိကန်အထက်လွှတ်တော်ကော်မတီက ပယ်ပယ်နယ်နယ်ပြစ်တင်ရှုံ့ချခဲ့ပြီးနောက် ငါးရက်အကြာ၌ လော့ဘတ်တလာအစီရင်ခံစာက ပြိတိသျှထောက်လှမ်းရေး သူလျှိုအဖွဲ့အား အလားတူ စေ့စေ့စပ်စပ်စစ်ဆေးစေမည့်ပုံရသည်။ ဘတ်တလာအစီရင်ခံစာမှာ ထောက်လှမ်းရေးသတင်းစုဆောင်းသူများကိုသာ အပြစ်တင်သည်ဖြစ်စေ၊ စစ်ပွဲတရားစေဖို့အတွက် ပြန်ကြားရေးသတင်းကို အသုံးချခဲ့သော နိုင်ငံရေးသမားများကို ပြစ်တင်ရှုတ်ချထားသည်ဖြစ်စေ ဘရဲအတွက် နိုင်ငံရေးအနာဂတ်မှာ အရေးကြီးသည်။ ဘတ်တလာရှာဖွေတွေ့ရှိချက်များကို ဇွန်လ ၁၄ ရက်နေ့ မွန်းလွဲ ၁၂ နာရီအချိန်၌ လူသိရှင်ကြားထုတ်ပြန်ခဲ့သည်။ ဘလဲသည် အမေရိကန်သမ္မတကျော့ဘုရှ်ကဲ့သို့ပင် အီရတ်နှင့်ပတ်သက်၍ လူထုနှစ်သက်မှုကျဆင်းခဲ့ပြီး ငရွေးကောက်ပွဲနှင့် ရင်ဆိုင်ရဦးမည်ဖြစ်သည်။

ပြိတိသျှပါလီမန်အမတ်သစ်နှစ်နေရာအတွက် ရွေးကောက်ပွဲကျင်းပရာတွင် ဝန်ကြီးချုပ်တိုနီဘလဲ၏ လေဘာပါတီအား လီဆက်စ်တာနှင့် ဘာမင်ကန်



ပြိတိသျှဝန်ကြီးချုပ် တိုနီဘလဲ

မဲဆန္ဒနယ်မြေတွင် မဲဆန္ဒရှင်များက ကန့်ကွက်မဲများပေးခဲ့ကြကြောင်း ဇူလိုင်လ ၁၆ ရက်နေ့သတင်းတွင် ဖော်ပြသည်။ အီရတ်အာဏာစစ်ပွဲဆင်နွှဲရန် ထောက်လှမ်းရေးသတင်းများကို အကဲဖြတ်ရာတွင် ထောက်လှမ်းရေးသတင်းများမှာ မှားယွင်းမှုများရှိကြောင်း အစီရင်ခံစာထွက်ပေါ်လာပြီးနောက် ယခုပြုလုပ်သော ပါလီမန်အမတ်ရွေးကောက်ပွဲက ဘလဲအား ပထမဆုံးစမ်းသပ်ချက်ဖြစ်သည်။ ဘာမင်ဂန်ရှိ မဲဆန္ဒနယ်မြေအတွက် ပါလီမန်အမတ်ရွေးပွဲတွင် လေဘာပါတီက ဆန္ဒမဲအရေအတွက်လျော့ရခဲ့ပြီး လီဆက်စ်က မဲဆန္ဒနယ်မြေအတွက် ပါလီမန်အမတ်နေရာကို လစ်ဘရယ်ဒီမိုကရက်တစ်ပါတီအား လေဘာပါတီက အရှုံးပေးလိုက်ရသည်။ အဆိုပါ အလယ်ပိုင်းဒေသမဲဆန္ဒနယ်မြေများဖြစ်ကြသော လီဆက်စ်တာနှင့် ဘာမင်ဂန်ဒေသနှစ်ခုစလုံးတွင် အီရတ်စစ်ပွဲအား ထောက်ခံခဲ့သော ကွန်ဆာဗေးတစ် ပါတီကတတိယနေရာ၌ ရှိခဲ့သည်။ လေဘာပါတီတတိယသက်တမ်းတွင် ဆန္ဒမဲ ၃၅ ရာခိုင်နှုန်းထက် ပိုရဖို့အလားအလာရှိခြင်းနှင့် ကြုံရဖွယ်ရှိကြောင်း ယင်းအခြေအမှာ လေဘာတီအတွက် တတိယသက်တမ်းက သက်တောင့်သက်သာရှိမည်မဟုတ်ကြောင်း စထရက်ကလို့ဒ်တက္ကသိုလ်မှ နိုင်ငံရေးဘာသာရပ် ပါမောက္ခဂျွန်ကာတစ်က ပြောကြားသည်။ ဘာမင်ဂန်၌ လေဘာပါတီမှ ၂၀၀၁ ခုနှစ်အထွေထွေရွေးကောက်ပွဲ၌ မဲအရေအတွက် ၆၄ ရာခိုင်နှုန်းရခဲ့ရာမှ ၃၆ ရာခိုင်နှုန်းသို့လျော့ကျပြီးလီဆက်စ်တာ၌ လေဘာပါတီမှာ ယခင် ၅၅ ရာခိုင်နှုန်းမှာ ယခု ၂၉ ရာခိုင်နှုန်းသို့လျော့ကျခဲ့သည်။

အကြမ်းဖက်မှု တိုက်ဖျက်ရေးအစီအစဉ်များကို အတိုက်အခံပါတီများက ဆန့်ကျင်နေကြကြောင်း ပြိတိသျှအောက်လွှတ်တော်ခေါင်းဆောင်ပီတာဟိန်းက ထုတ်ဖော်ပြောကြားခဲ့သည်။ ပြိတိန်နိုင်ငံအနေဖြင့် အခြားပါတီများထက် လေဘာပါတီလက်ထက်တွင် အကြမ်းဖက်တိုက်ခိုက်ခံရမှုမှပိုမိုလုံခြုံစေမည်ဖြစ်ကြောင်း

ပီတာဟိန်းက ပြောကြားထားသည်။ လေဘာပါတီ လက်ထက်တွင် ဗြိတိန်နိုင်ငံအကြမ်းဖက်တိုက်ခိုက်မှုမှ လုံခြုံစိတ်ချရသည်ဆိုခြင်းမှာ အကြမ်းဖက်သမားများကို စိန်ခေါ်ခြင်းသာဖြစ်ကြောင်း အတိုက်အခံဗြိတိသျှ ကွန်ဆာဗေးတက်ပါတီမှ နိုင်ငံခြားရေးတာဝန်ခံမိုက်ကယ် အင်ဒရမ်ကပြောကြားသည်။ ပီတာဟိန်းသည် အကြမ်းဖက်မှုကို ပါတီနိုင်ငံရေးကိစ္စတစ်ရပ်အဖြစ် လွဲမှားစွာ ကောက်ယူသုံးစွဲလိုက်ခြင်းဖြစ်ကြောင်းဖြင့်လည်း မိုက်ကယ်အင်ခရန်က စွပ်စွဲလိုက်သည်။ ဗြိတိန်နိုင်ငံကို အကြမ်းဖက်သမားများနှင့် ရာဇဝတ် ဂိုဏ်းများရန်မှ ပိုမိုစိတ်ချရအောင် မိမိတို့အစိုးရက ပြုလုပ်လိုကြောင်း ပီတာဟိန်းကပြောကြားသည်။ မိမိတို့၏ အကြမ်းဖက်မှုနှိမ်နင်းရေးအစီအစဉ်ကိုကွန်ဆာဗေးတစ်နှင့် လစ်ဘရမ်ဒီမိုကရက်တစ်များက ဆန့်ကျင်နေကြကြောင်း ပီတာဟိန်းက ထည့်သွင်းပြောကြားခဲ့သည်။ ပီတာဟိန်း၏သဘောထားရပ်တည်ချက်မှာ မုန်းစရာကောင်းသည်ဟု လစ်ဘရယ်ဒီမိုကရက်များက တံဆိပ်တပ်လိုက်သည်။

မစွတာဟိန်းမှာ အကြမ်းဖက်မှုနှင့် ပတ်သက်၍ နိုင်ငံအတွင်းအကြောက်တရားလွှမ်းမိုးအောင် အခြေအနေကိုဖန်တီးဖို့ကြိုးပမ်းနေခြင်းသာဖြစ်ကြောင်း၊ ယင်းလုပ်ရပ်မှာ တာဝန်မဲ့လွန်းကြောင်း၊ ပါတီနိုင်ငံရေးအပေါ်တွင် တည်ရှိနေသည့်ကိစ္စရပ်ကိုမစွတာဟိန်းက ပါတီနိုင်ငံရေးကစားရာတွင် အသုံးချနေကြောင်း၊ မစွတာအင်ခရမ်က ဝေဖန်သည်။ အမေရိကန်သမ္မတရွေးကောက်ပွဲ မဲဆွယ်ရာတွင် ဒီမိုကရက်တစ်များအား တိုက်ခိုက်သော သမ္မတဘုရှ်၏ မဲဆွယ်ရေးအဖွဲ့အကွက်ဆင်ခဲ့သော ပုံစံမှာဗြိတိန်နိုင်ငံ၌ ဖြစ်ပေါ်လာမည်မဟုတ်ကြောင်း၊ မတ်တူဗောလာက ထောက်ပြပြောကြားသည်။

မေအတွင်းက တိုက်ပွဲဖြစ်ပွားခဲ့ပြီးနောက် ဗြိတိသျှတပ်ဖွဲ့ဝင်များကအီရတ်အရပ်သားလေးဦး၏အလောင်းများကို ဖျောက်ဖျက်ပစ်ခဲ့ကြသည်ဆိုသော အစီရင်ခံစာကို ဗြိတိန်နိုင်ငံက စုံစမ်းစစ်ဆေးလျက်ရှိကြောင်း ဗြိတိသျှကာကွယ်ရေးဝန်ကြီးဌာနက ဇွန်လ ၁၉ရက်နေ့တွင်ပြောကြားသည်။ မိမိတို့အားပေးသော အထောက်အထားများကို မိမိတို့စုံစမ်းစစ်ဆေးလျက်ရှိကြောင်း၊ သို့ရာတွင်ထိုအမှုနှင့်ပတ်သက်၍ယုံကြည်ရန်အကြောင်းမရှိကြောင်း ဝန်ကြီးဌာနပြောခွင့်ရရှိသူ အမျိုးသမီးကပြောကြားသည်။ သေဆုံးသူများ၏ မိဘများကတိုင်တန်းခဲ့ကြသဖြင့် ထိုအလောင်းအချို့ကို ဖော်ထုတ်ပြီး နောက်ထပ်စစ်ဆေးရန် တရားသူကြီးက အမိန့်ပေးထားကြောင်း ဆန်းဒေး တယ်လီဘရပ်သတင်းစာက ရေးသားသည်။ အဆိုပါ အလောင်းများကို စစ်ဆေးခဲ့ကြသော အီရတ်ဆရာဝန်များက အလောင်းများ၏ကိုယ်အင်္ဂါများကို ဖျောက်ဖျက်ထားမှုများအပါအဝင် ဒဏ်ရာဒဏ်ချက်များကို မိမိတို့စစ်ဆေးတွေ့ရှိခဲ့ကြောင်း ပြောဆိုကြသည်ဟု သတင်းစာကရေးသားပြီနောက် ထပ်လွှတ်လပ်သောစစ်ဆေးမှုများပြုလုပ်ရန်တိုက်တွန်းခဲ့သည်။ တိုက်ပွဲဖြစ်ပွားပြီးနောက် ဖမ်းမိသောအကျဉ်းသားများကို ဆက်ဆံမှုနှင့်စပ်လျဉ်း၍ နိုင်ငံတကာကြက်ခြေနီကော်မတီမှ ပေးပို့သော တိုင်တန်းချက်ကို ရရှိခဲ့ကြောင်းဝန်ကြီးဌာနက ပြောကြားသည်။

ဗြိတိသျှ ဥပဒေပြုအမတ်များသည် ဇွန်လ ၃၀ ရက်နေ့၌ အချုပ်အခြာအာဏာလွှဲပြောင်းခြင်း မပြုမီ အီရတ်ရှိ ဗြိတိသျှတပ်ဖွဲ့ဝင်များ၏ အခန်းကဏ္ဍအပြင် အီရတ်အရပ်သားများနှင့် ၎င်းတို့၏ ဆက်ဆံရေးအနေအထားကို အသေးစိတ်စတင် စစ်ဆေးသွားမည်ဟု ပါလီမန်ကော်မတီက ဇွန်လ ၁၀ ရက်နေ့၌ပြောကြားသည်။ ထို့ပြင် ကုလသမဂ္ဂ၏ အမိန့်အာဏာအောက်တွင် ဗြိတိသျှတပ်ဖွဲ့ဝင်များ၏ အနေအထားနှင့် အီရတ်၌ ဗြိတိသျှတပ်ဖွဲ့ဝင်များ၏ တာဝန်ခံချက်အတိုင်းအတာပမာဏတို့ကိုလည်း ပါလီမန်ကာကွယ်ရေးကော်မတီက ဆန်းစစ်သွားမည်ဖြစ်သည်။ သို့ရာတွင် ဥပဒေပြုအမတ်များသည် မတရားနှိပ်စက်ညှင်းပမ်းမှုစွဲချက်များကို စုံစမ်းစစ်ဆေးမည်မဟုတ်ကြောင်း ကော်မတီဥက္ကဋ္ဌ ဘရုခ်ကျော့ရှ်က ပြောကြား

သည်။ မိမိတို့သည် မတရားနှိပ်စက်သူ စွပ်စွဲချက်မျာကို စစ်ဆေးမည်မဟုတ်သော်လည်း အီရတ်ပြည်သူများနှင့် ဗြိတိသျှတပ်ဖွဲ့များ၏ ယေဘုယျဆက်ဆံရေးကို စုံစမ်းစစ်ဆေးသွားမည်ဟု ကော်မတီဥက္ကဋ္ဌက ပြောကြားသည်။ ဗြိတိသျှတပ်ဖွဲ့ ဝင်များကို တရားစွဲဆိုနိုင်သော် အီရတ်အကျဉ်းသားများအား မတရားနှိပ်စက်သည့် ဓာတ်ပုံများကို ဗြိတိသျှကာကွယ်ရေးဝန်ကြီးဌာနက လူသိရှင်ကြား ထုတ်ပြန်ဖွယ်ရှိကြောင်း ဗြိတိသျှ အင်ဒီပင်းဒင့်သတင်းစာက ဇွန် လ ၁၆ ရက်နေ့က ရေးသားဖော်ပြခဲ့သည်။ ယင်းဓာတ်ပုံများကို ထုတ်ပြန်ရန် ဝန်ကြီးဌာနက စဉ်းစားနေကြောင်းသတင်းစာက ရေးသားသည်။ ယင်းဓာတ်ပုံများမှာ ဗြိတိသျှတပ်ဖွဲ့ဝင်များကို တရားစွဲဆိုရန် ဓာတ်ပုံအထောက်အထားများဖြစ်လာသည်။ အီရတ်အကျဉ်းသားများကို မတရားနှိပ်စက်မှုအတွက် ယင်းဗြိတိသျှတပ်ဖွဲ့ဝင် လေးဦးကို စစ်ရုံးတင်စစ်ဆေးရန် ဗြိတိသျှစစ်ဘက်ဆိုင်ရာ တရားစွဲဆိုရေးအာဏာပိုင်အဖွဲ့က ဆုံးဖြတ်ကြောင်း ဗြိတိသျှရွေနေချုပ် လော့ဒ်ဝိုးစမစ်က ပြောကြားသည်။ တရားစွဲဆိုချက်များတွင် တိုက်ခိုက်မှု၊ မတော်တရော်လုပ်မှု စစ်စည်းကမ်းကိုထိခိုက်စေမှုတို့ပါဝင်ကြောင်း ရွေနေချုပ်ကပြောကြားသည်။

အမေရိကန် ဦးဆောင်သော အီရတ်စစ်ပွဲတွင် ပူးပေါင်းပါဝင်သည့် အဓိကအကြောင်းရင်းဖြစ်သော ဓာတုနှင့် ဇီဝလက်နက်များအား အီရတ်တပ်ဖွဲ့ဝင်များက ၄၅ မိနစ်အတွင်း ဖျန်ချနိုင်သည်ဆိုသော ထောက်လှမ်းရေးသတင်းကို ဗြိတိသျှထောက်လှမ်းရေးအရာရှိများက ပြန်လည်ရုပ်သိမ်းလိုက်ကြောင်း ဗြိတိသျှနိုင်ငံခြားရေးဝန်ကြီး ဂျက်စထရောက အောက်တိုဘာလ ၁၃ ရက်နေ့၌ ပြောကြားသည်။ အမ်၁၆ ထောက်လှမ်းရေးအဖွဲ့က ယင်းသို့ရုပ်သိမ်းလိုက်သည့်အတွက် ဝန်ကြီးချုပ်တိုနီဘလဲအား စိတ်အနှောင့်အယှက်ဖြစ်စေခဲ့သည်။ အမေရိကန်ဦးဆောင်သော အီရတ်စစ်ပွဲတွင် ဗြိတိနိုင်ငံပူးပေါင်းခဲ့ရသည့် ဝန်ကြီးချုပ်တိုနီဘလဲ၏ အဓိကအကြောင်းပြချက်မျာ ဆက်ဒမ်ဟူစိန်၌ တားမြစ်လက်နက်များ သိုလှောင်သိမ်းဆည်းထားသည်ဆိုခြင်းပင်ဖြစ်သည်။ အောက်တိုဘာ စောစောပိုင်းက လေဘာပါတီနှစ်ပတ်လည်ညီလာခံတွင် မိန့်ခွန်းပြောကြားရာ၌ ဗြိတိသျှထောက်လှမ်းရေးသတင်းမှာ ချွတ်ယွင်းချက်ရှိကြောင်း ဘလဲက ဝန်ခံပြောကြားခဲ့သည်။ ထောက်လှမ်းရေးသတင်း မှားယွင်းခြင်းအတွက် မိမိတောင်းပန်နိုင်သော်လည်း ဆက်ဒမ်ဟူစိန်အားဖယ်ရှားသည့်အတွက် သူ မတောင်းပန်နိုင်ကြောင်း ဘလဲကပြောကြားခဲ့သည်။ အီရတ်၌ ဓာတုနှင့် ဇီဝလက်နက်များ သိုလှောင်သိမ်းဆည်းထားသည်ဆိုသော စစ်ပွဲမဖြစ်မီကဘလဲ၏ အကဲဖြတ်ချက်များသည် အမှားများဖြစ်ကြောင်း နိုင်ငံရေးအတိုက်အခံများက ပြောကြားပြီး ထိုထောက်လှမ်းရေးသတင်းအမှားများအတွက် ဘလဲက တောင်းပန်ရန်တောင်းဆိုခဲ့ကြသည်။

ဘဂ္ဂဒတ်မြို့သို့ ဗြိတိသျှတပ်ဖွဲ့ဝင် ၆၀၀ ခန့်စေလွှတ်ရန် ဗြိတိန်နိုင်ငံက စဉ်းစားနေကြောင်း သတင်းများထွက်ပေါ်နေစဉ် စစ်ဆန့်ကျင်ရေး ဆန္ဒပြသူထောင်ပေါင်းများစွာသည် အီရတ်ရှိ ဗြိတိသျှတပ်ဖွဲ့ဝင်များရုပ်သိမ်းရေးကို လန်ဒန်မြို့လမ်းမကြီးများပေါ်တွင် အောက်တိုဘာ ၁၈ ရက်နေ့က ဆန္ဒပြတောင်းဆိုကြသည်။ စစ်ပွဲရပ်တန့်ရေးပူးပေါင်းအဖွဲ့က စီစဉ်ကျင်းပသော ဆန္ဒပြပွဲမှာ လန်ဒန်မြို့၌ သုံးရက်ကြာကျင်းပခဲ့သည့် ပတ်ဝန်းကျင်နှင့် ငြိမ်းချမ်းရေးစည်းရုံးလှုံ့ဆော်သူများ၊ နိုင်ငံရေးသမားများနှင့် အလုပ်သမဂ္ဂဝင်များတက်ရောက်ခဲ့ကြသော ဥရောပလူမှုရေးဖိုရမ်၏ အရေးပါဆုံးဖြစ်ခဲ့သည်။

နိုင်ငံတကာဆက်ဆံရေး - အရှေ့အလယ်ပိုင်းဆိုင်ရာ နိုင်ငံတကာအစည်းအဝေးကို ၂၀၀၅ ခုနှစ်တွင် လန်ဒန်မြို့၌ ကျင်းပမည်ဖြစ်ကြောင်း ဝန်ကြီးချုပ်တိုနီဘလဲကအတည်ပြုကြေညာလိုက်သည်။ ဂျေးစလင်မြို့ရှိ အစွန်ရေးဝန်ကြီးချုပ်ရွှန်၏ အစိုးရနေအိမ်တွင် ဝန်ကြီးချုပ်ရွှန်နှင့် တွေ့ဆုံဆွေးနွေးပြီးနောက်



လော့ဘတ်တဏာ၏ အစိုရင်ခံစာပေါ်ထွက်လာပြီးနောက် တိုနီဘလဲ့ လိမ်ညာသည်၊ လူပေါင်းများစွာသေဆုံးသည်တူသော စာတန်းရေးဆန္ဒပြခဲ့ကြသည်မှာ....။

ဝန်ကြီးချုပ်တိုနီဘလဲက ယခုကဲ့သို့အတည်ပြုကြေ ညာလိုက်ခြင်းဖြစ်သည်။ ထို့နောက် ဝန်ကြီးချုပ်တိုနီ ဘလဲသည် အနောက်ဘက်ကမ်းခြေသို့ သွားရောက် လည်ပတ်ရာ ပါလက်စတိုင်းအဖွဲ့ခေါင်းဆောင် ယာဆာ အာရာဖတ်ကွယ်လွန်ပြီးနောက် အနောက်ဘက်ကမ်း သို့ ပထမဆုံးသွားရောက်လည်ပတ်သော အနောက် တိုင်းမှ ခေါင်းဆောင်တစ်ဦးဖြစ်သည်။ အာရာဖတ် နေရာတွင် တက်လာရန်အလားအလာရှိသူ မာမွတ် အဖွဲ့ ဥက္ကဋ္ဌရွေးကောက်ပွဲကို ဇန်နဝါရီ လ ၉ ရက်နေ့ တွင် ကျင်းပရန် စီစဉ်ထားသည်။

စီးပွားရေး - နိုင်ငံခြားရှိ ပြိတိသျှသံရုံးကိုးရုံးနှင့် မဟာမင်းကြီးရုံးတို့ကို ပိတ်ပစ်ရန်စီစဉ်ရခြင်းမှာ ပြိတိန် နိုင်ငံ၏ ရသုံးခန့်မှန်းခြေငွေစာရင်း ကုန်ကျစရိတ် လျော့ချသွားရန် ရည်ရွယ်လုပ်ဆောင်ခြင်းဖြစ်သည်။ နိုင်ငံခြားရေးဝန်ကြီး ဂျက်စထရောက ဒီဇင်ဘာလ

တတိယအပတ်တွင် ပြောကြားခဲ့သည်။ ပိတ်ပင်မည့် သံရုံးများတွင် အာဖရိကမှ လီဆိုသို့ ဆွီဇိလန်နှင့် မာဒါဂစ်ကာနိုင်ငံသံရုံးများ အာရှ-ပစိဖိတ်ဒေသမှ မန်နူထွာ၊ တွန်ဂါ၊ အရှေ့တီမောနှင့် ဘီရိဘာတီနိုင်ငံ သံရုံးများ၊ တောင်အမေရိကမှ ဘာဟာမစ်၊ ဥရုဂွေးနှင့် ကာရာဘီယံဒေသမှ သံရုံးများပါဝင်သည့်ကောင်စစ်ဝန်ရုံးသို့မဟုတ် ကောင်စစ်ဝန်ချုပ်ရုံးကိုးရုံးတွင် ဥရောပနှင့် အမေရိကန်မှ သံရုံးအများဆုံးပါဝင် သည်။ ထိုရုံးများမှာ ဗြိတိန်နိုင်ငံသား ဝန်ထမ်းများ၏နေရာတွင် ဒေသဆိုင်ရာဝန်ထမ်းများကို အစားထိုးခန့်အပ်သွားမည် ဖြစ်သည်။ ဗြိတိသျှသံတမန်အဖွဲ့အစည်းသည်နှစ်ပေါင်းကြာရှည်သောကာလအတွင်း ယခုကဲ့သို့ လုပ်ဆောင်ခြင်းမရှိဖူးခဲ့ပေ။ ယခု အပြောင်းအလဲသည် အကြီးမားဆုံးသောအပြောင်းအလဲဖြစ်သည်။ ထိုသို့ ပြုလုပ်ခြင်းဖြင့် ၂၀၀၅ ခုနှစ် နှင့် ၂၀၀၈ ခုနှစ်အတွင်း ဗြိတိသျှအစိုးရ၏ ဘဏ္ဍာငွေပေါင်းသန်း ၁၀၀ သက်သာစေရန် ရည်ရွယ်ခြင်းဖြစ်သည်။ ထိုသို့ ဆောင်ရွက်ခြင်းကြောင့် ဘဏ္ဍာငွေအသုံးစရိတ်လျော့ချရေးကိုသာမကလက်နက်မပြန့်ပွားရေးကိစ္စများ အကြမ်းဖက်မှုတိုက်ဖျက်ရေးကိစ္စများတွင် အထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း နိုင်ငံခြားရေးဝန်ကြီး ဂျက်စထရောက ဆက်လက်ပြောကြားခဲ့သည်။

သင့်ဘဝ - ဦးရဲလွင်

ရုရှားပြည်ထောင်စု။ ။ အောက်လွတ်တော်ဖြစ်သောဒူးမားအတွက် ရွေးကောက်ပွဲများကို ၂၀၀၃ ခုနှစ်၊ ဒီဇင်ဘာလအတွင်းက ကျင်းပပြီးစီးသွားခဲ့သည်။ ထိုရွေးကောက်ပွဲ၌ သမ္မတပူတင်ကို ထောက်ခံသည့် စုစည်းညီညွတ်သော ရုရှားပါတီ (Unified Russia Party) က အမတ်ဦးရေ ၄၃၇ ဦးရှိသော ဒူးမားတွင် အမတ်ဦးရေ ၃၀၀ ရရှိခဲ့ သည်။ ဒူးမား၌ ကျန်ပါတီလေးခုမှ အမတ်ဦးရေ စုစုပေါင်းမှာ ၁၄၁ ဦးသာရှိသည်။ သို့ဖြစ်၍ ဇန်နဝါရီ လ ၁၆ ရက်နေ့က ဒူးမား၌ ကော်မတီပေါင်း ၂၉ ခုကို ဖွဲ့စည်းရာတွင် ကော်မတီဥက္ကဋ္ဌအားလုံးမှာ စုစည်းညီညွတ်သော ရုရှားပါတီက ချည်းဖြစ်ခဲ့သည်။ ဒူးမားလွှတ်တော်ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌတို့မှာလည်း ထိုပါတီဝင်များသာဖြစ်ခဲ့သည်။ ထို့ကြောင့် ဥပဒေပြုရေးကိစ္စများတွင် စုစည်းညီညွတ်သော ရုရှားပါတီသည် လုံးလုံးလျားလျားအများစုမဲဖြင့် အတည်ပြု ပြဋ္ဌာန်းနိုင်တော့မည်ဖြစ်သည်။ အခြေခံဥပဒေကိုလည်း ၎င်းပါတီ၏ စိတ်တိုင်းကျပြင်ဆင်နိုင်တော့မည်ဖြစ်သည်။ ယခု အသစ်ရွေးကောက်ဖွဲ့စည်းလိုက်သော ဒူးမားလွှတ်တော်သည် ယခင်ဒူးမားလွှတ်တော်နှင့်မတူဘဲ သမ္မတပူတင်၏အစိုးရကို ထောက်ခံဖို့သာဖြစ်ပေတော့သည်။

မတ်လ ၁၆ ရက်နေ့တွင် ကျင်းပသည့် သမ္မတရွေးကောက်ပွဲအတွက် သမ္မတလောင်း အမည်စာရင်းတင်သွင်းမှုကို ဇန်နဝါရီလ ၂၈ ရက်နေ့က ပိတ်သိမ်းလိုက်သည်။ လက်ရှိသမ္မတပူတင်အပါအဝင် သမ္မတလောင်းခုနစ်ဦးအမည်စာရင်း တင်သွင်းခဲ့သည်။ ရုရှားပြည်ထောင်စု၌ သမ္မတလောင်းအမည်စာရင်းတင်သွင်းရေးအတွက် အချက်နှစ်ချက်နှင့် ပြည့်စုံရသည်။ ဒူးမားလွှတ်တော်တွင် အမတ်များရှိသောပါတီကလည်း သမ္မတလောင်း အမည်စာရင်းတင်သွင်းနိုင်သည်။ မဲဆန္ဒရှင်နှစ်သန်းက လက်မှတ်ရေးထိုးထောက်ခံမှု ရရှိထားသူကလည်း သမ္မတလောင်းအမည်စာရင်း တင်သွင်းနိုင်သည်။ မတ်လတွင် ကျင်းပမည့် သမ္မတရွေးကောက်ပွဲအတွက် ပါတီသုံးခုက သမ္မတလောင်း အမည်စာရင်း တင်သွင်းထားသည်။ လက်ရှိ သမ္မတပူတင်ကို မဲဆန္ဒရှင်ခုနစ်သန်းကျော်က သမ္မတလောင်း အဖြစ် ဝင်ရောက်ယှဉ်ပြိုင်ရန် လက်မှတ်ရေးထိုးထောက်ခံထားသည်။ ဇန်နဝါရီလ ၃၁ ရက်နေ့ ပြုလုပ်ခဲ့သော လူထုဆန္ဒသဘောထားစစ်တမ်းအရ ၇၉ ရာခိုင်နှုန်းက သမ္မတပူတင်ကို ထောက်ခံကြောင်း တွေ့ရှိရသည်။ သမ္မတလောင်းအမည်စာရင်းတင်သွင်းထားသူများနှင့်ပတ်သက်၍ သတ်မှတ်အရည်အချင်း



ယူးကော့စ်ရေနံကုမ္ပဏီမသမာမှုဖြစ်ရပ်ကို
ဆန့်ကျင်ကန့်ကွက်နေကြသည့် ရုရှားပြည်သူအချို့

များနှင့် ကိုက်ညီမှုရှိမရှိကို ဗဟိုရွေးကောက်ပွဲကော်မရှင်က ဖေဖော်ဝါရီလ ၈ ရက်နေ့တွင် အပြီးသတ်အဆုံးအဖြတ်ပေးမည် ဖြစ်သည်။

၂၀၀၃ ခုနှစ်၊ အောက်တိုဘာလ အတွင်းက ယူးကော့စ်ရေနံကုမ္ပဏီမှ အကြီးအကဲ မိခေးလ်ခေါ် ဒိုကော့ဗ်စကီကို အလွဲသုံးစားပြုမှု၊ အခွန်ရှောင်တိမ်းမှုတို့ဖြင့် ဖမ်းဆီးခဲ့သည်။ တရားရုံးတစ်ခုက ခေါ်ဒိုကော့ဖ်စကီကို အနည်းဆုံးမတ်လ ၂၅ ရက် နေ့အထိ ဆက်လက်ချုပ်ထားရမည်ဟု ဆုံးဖြတ်ခဲ့သည်။ ၎င်းအမိန့်ကို ခေါ်ဒိုကော့ဗ်စကီက အယူခံဝင်ခဲ့ရာ ထိုအယူခံလွှာကို တရားရုံးချုပ်က ဇန်နဝါရီလ ၁၅ ရက်နေ့တွင် ပယ်ချခဲ့သည်။ ခေါ်ဒိုကော့ဗ်စကီသည် အတိုက်အခံပါတီများအားငွေကြေး ထောက်ပံ့ခဲ့သည့်အပြင် ၎င်းကိုယ်တိုင်ကလည်း ရုရှားသမ္မတဖြစ်ရန် ကြံရွယ်နေသည်ဟု အထင်ခံခဲ့ရသည်။ သို့ဖြစ်၍ ၎င်းအားဖမ်းဆီးခြင်းမှာ နိုင်ငံရေးအရဖြစ်သည်ဟု ဝေဖန်မှုများရှိခဲ့သည်။ သို့ရာတွင် ဇန်နဝါရီလ ၃ ရက်နေ့ထုတ် International Herald Tribune သတင်းစာ၏ အဆိုအရ ၎င်းအား ဖမ်းဆီးခြင်းမှာ အမေရိကန်ရေနံကုမ္ပဏီဖြစ်သော Exxon Mobil သို့ ယူးကော့စ်၏ ရှယ်ယာများကို ရောင်းချရန်ကြံစည်ခဲ့၍ဖြစ်ကြောင်းသိရှိလာရပြန်သည်။

၂၀၀၄ ခုနှစ်၊ ဇန်နဝါရီလတွင် ရုရှားနှင့် အမေရိကန် ဆက်ဆံရေးမှာ တင်းမာနေဆဲဖြစ်သည်။ ဇန်နဝါရီလ ၂၅ ရက်နေ့တွင် အမေရိကန်နိုင်ငံခြားဝန်ကြီးကောလင်းပါဝယ်လ်သည် ကျော်ကျီယာနိုင်ငံသမ္မတသည် မိခေးလ်ဆာကတ်ဒ်ဗီလီ၏ ကျမ်းသစ္စာကျိန်ဆိုပွဲသို့တက်ရောက်ခဲ့သည်။ ထိုနေ့တွင်ပင် ပါဝယ်လ်က ရုရှားအပေါ် ဝေဖန်မှုများပြုခဲ့သည်။ ထိုဝေဖန်ချက်များကို ရုရှားမှ Izvestia သတင်းစာကြီးက မျက်နှာဖုံးစာမျက်နှာ၌ ဖော်ပြခဲ့သည်။ ပါဝယ်လ်က ရုရှားဒီမိုကရေစီတွင် ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးအာဏာများသည် ချိန်ခွင်လျှာမညီကြောင်း၊ နိုင်ငံရေးအာဏာကို တရားဥပဒေရေးရာက မထိန်းချုပ်နိုင်ကြောင်း၊ လွတ်လပ်သော သတင်းမီဒီယာလည်း မရှိကြောင်း၊ နိုင်ငံရေးပါတီစနစ်

ပညီးပီပြင်မှုမရှိသေးကြောင်းစသည်ဖြင့် ဝေဖန်ခဲ့သည်။ မည်သို့ပင်ဖြစ်စေ ကောလင်းပါဝယ်လ်သည် မန်နဝါရီလ ၂၆-၂၇ ရက်နေ့များက ရုရှားသို့ အလည်အပတ်သွားရောက်ခဲ့သည်။ နှစ်နိုင်ငံအကြား သဘောထားကွဲလွဲချက်များရှိစေကာမူ နှစ်နိုင်ငံဆက်ဆံရေး အဆက်မပြတ်မသွားစေရန်နှင့် နှစ်နိုင်ငံလုံးက လိုလားကြောင်း လေ့လာတွေ့ရှိရသည်။

ဖေဖော်ဝါရီလ ၂၄ ရက်နေ့တွင် သမ္မတပူတင်က အစိုးရအဖွဲ့ကို ရုပ်သိမ်းကြောင်း ရုတ်ခြည်းကြေညာလိုက်သည်။ အစိုးရအဖွဲ့မှ ဝန်ကြီးချုပ်ကပ်စ်ယာနေ့ဗ်အား ဖယ်ရှားလိုက်ပြီး ဒုတိယဝန်ကြီးချုပ် ဗစ်တီခရစ္စတင်ကိုအား ဝန်ကြီးချုပ်ရာထူးသို့ တိုးမြှင့်လျက် ကျန်ဝန်ကြီးအားလုံးကို အစိုးရအဖွဲ့သစ်၌ထည့်သွင်းဖွဲ့စည်းခဲ့သည်။ ဤသို့ ပြုလုပ်လိုက်ခြင်းဖြင့် ပူတင်သည် ရုရှား၌ ၎င်း၏ရပ်တည်မှုအနေ အထားခိုင်မာကြောင်းပြသရာရောက်သွားသည်။ ၎င်း၏ ဒုတိယအကြိမ် သမ္မတသက်တမ်းတွင် ပို၍အခိုင်အမာရပ်တည်မည်ဖြစ်ကြောင်း ကြိုတင်ပြသလိုက်ခြင်းလည်းဖြစ်သည်။

မတ်လ ၁၄ ရက်နေ့တွင် ကျင်းပသော သမ္မတရွေးကောက်ပွဲ၌ လက်ရှိသမ္မတပူတင်သည် ၇၁.၃၁ ရာခိုင်နှုန်းထောက်ခံမဲဖြင့် ဒုတိယအကြိမ်သက်တမ်းအတွက် ရွေးကောက်တင်မြှောက်ခံရသည်။ သမ္မတလောင်းများအနက်ဒုတိယရသူ၏ထောက်ခံမဲရာခိုင်နှုန်းမှာ ၁၃ မျှသာဖြစ်သည်။ ရွေးကောက်ပွဲ မတိုင်မီက သမ္မတပူတင်သည် အခြားသမ္မတလောင်းများနှင့် စကားစစ်ထိုးခြင်းမပြုဘဲနေခဲ့သည်။ ရွေးကောက်ပွဲ၌ ဤသို့ လက်ရှိသမ္မတပူတင်က အပြတ်အသတ်အနိုင်ရရှိသွားခြင်းနှင့်ပတ်သက်၍ ပြည်တွင်းပြည်ပမှ ဝေဖန်မှုများရှိခဲ့သည်။ ဝေဖန်သူများက ရုရှားဒီမိုကရေစီမှာ "စီမံဖန်တီးထားသော ဒီမိုကရေစီ" (Managed Democracy) သာဖြစ်ကြောင်း၊ ရုရှားနိုင်ငံရေးမှာ "အပျော့စားအာဏာသုံး (အာဏာရှင်) စနစ်" (Soft Authoritarianism) ဖြစ်ကြောင်း သုံးသပ်ခဲ့ကြသည်။ ရွေးကောက်ပွဲမတိုင်မီတွင် သမ္မတလောင်းအချင်းချင်း စကားစစ်ထိုးခြင်း မရှိမှု၊ သမ္မတလောင်းများကို သတင်းမီဒီယာတို့က စိစစ်သုံးသပ်နိုင်ခြင်းမရှိမှုတို့က စိုးရိမ်မိကြောင်း ပြောဆိုခဲ့ကြသည်။

သမ္မတရွေးကောက်ပွဲမတိုင်မီ မတ်လ ၉ ရက်နေ့တွင် အစိုးရသစ်ဖွဲ့စည်းကြောင်း သမ္မတပူတင်က ကြေညာခဲ့သည်။ အစိုးရအဖွဲ့ဝင်ဦးရေကို ၃၀ မှ ၁၇ ဦးအထိ လျှော့ချခဲ့သည်။ ဒုတိယဝန်ကြီးချုပ် ခြောက်ဦးရှိခဲ့ရာမှ တစ်ဦးသာထားရှိတော့သည်။ သမ္မတပူတင်သည် အကျင့်ဖျက်လာဘ်စားမှုများကို တိုက်ဖျက်မည်ဟု ရွေးကောက်ပွဲကြွေးကြော်သံအဖြစ်ထုတ်ပြန်လှုပ်ရှားခဲ့သည်။ သို့ဖြစ်၍ အစိုးရအဖွဲ့အား ဤကဲ့သို့ ကျစ်လျစ်စွာဖွဲ့စည်းခဲ့ခြင်းဖြစ်သည်။ သမ္မတပူတင်သည် ၎င်းစိတ်ကြိုက်အစိုးရအဖွဲ့ဖြင့် တိုင်းပြည်အုပ်ချုပ်ရေးကို နိုင်နိုင်နင်းနင်းဆောင်ရွက်တော့မည့် နိမိတ်လက္ခဏာဖြစ်သည်။

ပူတင်သည် သမ္မတရုံးအုပ်ချုပ်ရေးအဖွဲ့ကိုလည်း ပြင်ဆင်၍ ကျစ်လျစ်စွာ ဖွဲ့စည်းခဲ့သည်။ သမ္မတရုံးအုပ်ချုပ်ရေးအဖွဲ့သည် ၁၉၉၀ ပြည့်လွန်နှစ်များက တော်လှန်ရေးဌာနချုပ်အဖြစ် ပေါ်ပေါက်ခဲ့ခြင်းဖြစ်သည်။ သမ္မတရုံးအုပ်ချုပ်ရေးအဖွဲ့သည် အစိုးရအဖွဲ့သို့ ညွှန်ကြားချက်များ ထုတ်ပြန်ပေးသောအဖွဲ့အစည်းဖြစ်ခဲ့သည်။ ယခုအခါ ၎င်းအဖွဲ့သည် သမ္မတသို့ အကြံပြုချက်များကို ထောက်ခံတင်ပြရတော့မည်ဖြစ်သည်။ ဤအဖွဲ့သည် မူဝါဒများချမှတ်အကောင်အထည်ဖော်ရာ၌ အရေးပါသော အဖွဲ့ဖြစ်လာပေတော့သည်။

ဧပြီလအတွင်း ယူးကော့စ်ရေနံကုမ္ပဏီ၏အရေးမှာ ပိုမိုရှုပ်ထွေးလာသည်။ ဤရေနံကုမ္ပဏီတွင် အစုရှယ်ယာအများဆုံးဝယ်ထားကြသောပလာကွန်လေသေဒက်စ်နှင့် ခေါ်ဒိုကော့စ်စကီတို့သည် ဒုစရိုက်ဂိုဏ်းဝင်များဖြစ်ကြောင်း ရှေ့နေချုပ်ရုံးက ဧပြီလ ၁ ရက်နေ့တွင် ကြေညာခဲ့သည်။ ပြစ်မှုထင်ရှားပါက ၎င်းတို့ပိုင် အခြေအမြစ်ပစ္စည်းများ၊ အရင်းအနှီးများကို နိုင်ငံပိုင်သိမ်းယူခွင့်ရှိသွားမည်ဖြစ်သည်။ ဧပြီလ ၁၇ ရက်

နေ့တွင် မော့စကိုတရားရုံးတစ်ခုက ယူးကော့စ်ပိုင် အခြေအမြစ်အရင်းအနှီးများကို လွှဲပြောင်းခြင်း၊ ရောင်းချခြင်းမပြုရဟု တားမြစ်မိန့်ထုတ်ပြန်ခဲ့သည်။ ယူးကော့စ်ကုမ္ပဏီက အစိုးရသို့ပေးသွင်းရန် အခွန်ငွေ ပေါင်း ရူဘယ်လ် ၉၉. ၃၇ သန်း မဆုံးရှုံးစေရေး အတွက် ဤသို့ အမိန့်ထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။ အခွန် ဝန်ကြီးဌာနက ယူးကော့စ်သည် ရေနံရောင်းရငွေများ အတွက် အခွန်ပေးသွင်းရန် ပျက်ကွက်ခဲ့ကြောင်း ကြေညာသည်။

မေလ ၉ ရက်နေ့တွင် ချက်ချင်းညာသမ္မတနိုင်ငံမှ သမ္မတ မတ်ဖတီအက္ခမက်ကာဒီရော့ဗ်သည် မြေမြှုပ်မိုင်းပေါက်ကွဲမှုကြောင့် သေဆုံးသွားခဲ့သည်။ ခွဲထွက်ရေးလှုပ်ရှားနေသော ချက်ချင်းညာ၌ ကာဒီရော့ဗ်သည် ရုရှားတို့ အလိုကျလုပ်ဆောင်ပေးနေသူဖြစ်သည်။ ဒုတိယကမ္ဘာစစ်အောင်ပွဲကို အထိမ်းအမှတ်ပြု ကျင်းပသော အခမ်းအနား၌ အလေးပြုခံစင်မြင့်အောက်မှ မြေမြှုပ်ဗုံးပေါက်ကွဲမှုကြောင့် ကာဒီရော့ဗ်သေဆုံးခဲ့ခြင်းဖြစ်သည်။ သမ္မတပူတင်သည် မေလ ၁၁ ရက်နေ့တွင် ချက်ချင်းညာသို့ သွားရောက်ခဲ့ပြီး ကွယ်လွန်သူ ကာဒီရော့ဗ်အား ဘွဲ့ထူးဂုဏ်ထူးချီးမြှင့်ခဲ့သည်။ စစ်သည် ၇၀၀၀၀ ကျော်ရှိပြီးဖြစ်သော ချက်ချင်းညာသို့ နောက်ထပ် ရဲအရာရှိပေါင်း ၁၀၀၀ ကျော် စေလွှတ်ပေးဦးမည်ဟု ကတိပြုခဲ့သည်။

မေလ ၇ ရက်နေ့တွင် သမ္မတပူတင်သည် ကျမ်းသစ္စာကျိန်ဆိုခဲ့သည်။ အဆိုပါ အခမ်းအနား၌ အစိုးရသစ်ဖွဲ့စည်းခြင်းကိစ္စကိုလည်း ဆောင်ရွက်ခဲ့သည်။ အစိုးရအဖွဲ့သစ်ကို အောက်လွှတ်တော် ဒူးမားက မေလ ၁၂ ရက်နေ့တွင် ၃၅၆ မဲ-၇၂ မဲဖြင့် အတည်ပြုပေးခဲ့သည်။

မေလ ၂၆ ရက်နေ့တွင်သမ္မတပူတင်သည်အထက်နှင့် အောက်လွှတ်တော်နှစ်ရပ်ပေါင်းသို့ နိုင်ငံတော်အခြေပြမိန့်ခွန်းကို ပြောကြားခဲ့သည်။ အဆိုပါ မိန့်ခွန်း၌ ပူတင်က ရုရှားယ်လ်၏ ငွေကို နိုင်ငံခြားငွေများနှင့် လဲလှယ်ရာ၌ နှစ်နှစ်အတွင်း အပြည့်အဝဖလှယ်နိုင်အောင် ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ငွေကြေးဖောင်းပွမှုကိုလည်း ယခု ၁၂ ရာခိုင်နှုန်းရှိနေရာမှ ၂၀၀၆ ခုနှစ်တွင် ၃ ရာခိုင်နှုန်းအထိ ကျဆင်းစေမည်ဖြစ်ကြောင်း ၂၀၁၀ ပြည့်နှစ်တွင် ဂျီဒီပီကို ၂ ဆတိုးစေမည်ဖြစ်ကြောင်း ပြောခဲ့သည်။ လူမှုရေးပြုပြင်ပြောင်းလဲမှုများလည်း လုပ်ပေးမည်ဖြစ်ကြောင်း၊ ၂၀၁၀ ပြည့်နှစ်တွင် လူဦးရေ၏ သုံးပုံတစ်ပုံအတွက် ခေတ်မီနေအိမ်များနှင့်နေနိုင်အောင် ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ အခမဲ့ကျန်းမာရေးစောင့်ရှောက်မှုရရှိစေမည်ဖြစ်ကြောင်း၊ ပညာသင်ယူခွင့်တွင် မျှတမှုရှိစေမည်ဖြစ်ကြောင်းတို့ကိုလည်း ပြောကြားခဲ့သည်။ ဥရောပသမဂ္ဂအဖွဲ့ဝင် တိုးချဲ့ခြင်းသည် ရုရှားနှင့် ဥရောပတို့အကြား စီးပွားရေးနှင့်



ဘက်စ်လန်ပြို့ စာသင်ကျောင်းအကြမ်းဖက်တိုက်ခိုက်မှုတွင် ထိခိုက်ဒဏ်ရာရသူများနှင့် သေဆုံးသူများကို ရုရှားသမ္မတပူတင်လာရောက်ကြည့်ရှုစဉ်

စိတ်ပိုင်းဆိုင်ရာပေါင်းစည်းမှုအတွက် အထောက်အကူဖြစ်ကြောင်း ပြောကြားခဲ့သည်။

မေလ ၂၁ ရက်နေ့တွင် ကျင်းပသည့် ရုရှားနှင့် ဥရောပသမဂ္ဂထိပ်သီးအစည်းအဝေးက ရုရှားကို ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့သို့ ဝင်ခွင့်ကိစ္စကို သဘောတူညီခဲ့ကြသည်။ ရုရှားက လိုက်လျောမှုအချို့ပြုလုပ်ခဲ့သည်။ စျေးကွက်ဖွင့်လှစ်ရေးနှင့် အပြန်အလှန်ကုန်သွယ်မှုတို့ကိုတိုးချဲ့ပြုလုပ်ရန်သဘောတူခဲ့ကြသည်။

ရုရှားတွင် အချမ်းသာဆုံးနိုင်ငံသားဖြစ်သည့် ခေါ်ဒို ကော့ဗ်စကီအပေါ် အလွဲသုံးစားမှု၊ အခွန်တိမ်းရှောင်မှုတို့ဖြင့် ၎င်းလ ၁၆ ရက်နေ့တွင်တရားရုံးကအမှုကိုစတင်ကြားနာစစ်ဆေးသည်။ အမှုကို အများပြည်သူရှေ့မှောက်၌ စစ်ဆေးသည်။

အခွန်ကြွေးကျန်ရှာဘယ်လ် ၉၉ သန်းကိစ္စကို အယူခံခဲ့ရာ ကူးသန်းရောင်းဝယ်ရေးဆိုင်ရာ တရားရုံးက အယူခံမှုကို ပယ်ချခဲ့သည်။

၎င်းလ ၂၁-၂၂ ရက်နေ့များတွင် ချက်ချင်းညာသူပုန်များသည် ချင်ချင်းညာနှင့် ကပ်လျက်ရှိသော အင်ဂုရက်တီးယားပြည်နယ်၌ တိုက်ခိုက်မှုများပြုလုပ်ခဲ့သည်။ လူပေါင်း ၉၈ ယောက်သေ၍ ၁၀၄ ဦး ဒဏ်ရာရခဲ့သည်။ သမ္မတပူတင်က အပြစ်ကျူးလွန်သူများကို ဖော်ထုတ်နှိမ်နင်းရမည်ဖြစ်ကြောင်း၊ အဆိုပါပြည်နယ်သို့ စစ်သည်အင်အား တိုးချဲ့စေလွှတ်မည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

၎လိုင်လ ၂ ရက်နေ့တွင် ဒူးမားလွှတ်တော်က လူမှုရေးအကျိုးခံစားခွင့်စနစ်ကို ပြင်ဆင်သည့်အဆိုအား အတည်ပြုပေးခဲ့သည်။ ဆိုဗီယက်ခေတ်ကပင်စင်စားများ၊ စစ်သည်ဟောင်းများ၊ လုပ်သားသူရဲကောင်းများအား ဘက်စုံအကျိုးခံစားခွင့်များပေးခဲ့သည်။ အခမဲ့ခရီးသွားလာခွင့်၊ အခမဲ့ဆေးကုသခံနှင့် စသည်တို့ကို ပေးခဲ့သည်။ ယခု ပြုပြင်လိုက်သည့် စနစ်အရ အခမဲ့အကျိုးခံစားခွင့်များအတွက် အချို့ညီမျှသော ငွေများကိုသာပေးတော့မည်ဖြစ်သည်။ ဤသို့ ပြောင်းလဲလိုက်မှုကို ကြိုက်သူများလည်းရှိ၍ မကြိုက်သူများလည်းရှိသည်။

ဩဂုတ်လ ၂၅ ရက်နေ့က မော့စကိုမှ ထွက်ခွာလာခဲ့သော ပြည်တွင်းလေကြောင်းလိုင်းမှ ခရီးသည်တင်လေယာဉ်နှစ်စီးသည် တစ်ပြိုင်နက်နီးပါးအချိန်အတွင်း ပေါက်ကွဲပျက်ကျခဲ့ကြသည်။အဆိုပါလေယာဉ်များ ပျက်ကျခြင်း၏ အကြောင်းရင်းများကို အစပထမတွင် မသဲကွဲသော်လည်း နောက်ပိုင်းတွင် အကြမ်းဖက်သမားတို့၏ လက်ချက်ဟုထင်ရှားသွားသည်။ သမ္မတပူတင်က ပြင်သစ်သမ္မတရှီရတ်၊ ဂျာမန်ဝန်ကြီးချုပ်ရှရိုဒါတို့နှင့် သုံးပွင့်ဆိုင်တွေ့ဆုံရာတွင်လေယာဉ်များပျက်ကျခြင်းနှင့် ချက်ချင်းညာ သမ္မတရွေးကောက်ပွဲတို့မှာ ဆက်နွယ်နေကြောင်း၊ ချက်ချင်းညာသူပုန်တို့နှင့် နိုင်ငံတကာအကြမ်းဖက်သမားတို့ အချိတ်အဆက်ရှိနေကြောင်း ဖွင့်ဟကြေညာခဲ့သည်။ချက်ချင်းညာသမ္မတရွေးကောက်ပွဲနီးလာသည်နှင့်အမျှ ချက်ချင်းညာ၌ အသေခံတိုက်ခိုက်မှုများ၊ အကြမ်းဖက်မှုများမှာ ပိုမိုဆိုးဝါးလာသည်။ ချက်ချင်းညာ၌ ရုရှားတို့ဘက်မှ အကြမ်းဖက်ရက်စက်မှုများ၊ လူ့အခွင့်အရေးချိုးဖောက်မှုများရှိသည်ဟုလည်း စွပ်စွဲချက်များ ထွက်ပေါ်လာသည်။ အကြမ်းဖက်ဝါဒတိုက်ဖျက်ရေးနှင့် ခွဲထွက်ရေးသမားတို့အား နှိမ်နင်းရေးကိစ္စတို့နှင့်စပ်လျဉ်း၍ အမျိုးမျိုး အနက်အဓိပ္ပာယ်ဖွင့်ဆို ဆောင်ရွက်လျက်ရှိကြသည်။

စက်တင်ဘာလ ၁ ရက်နေ့သည် ရုရှား၌ စာသင်နှစ်အတွက် စာသင်ကျောင်းများ စတင်ဖွင့်လှစ်သည့်နေ့ဖြစ်သည်။ ထိုနေ့ နံနက် ၉ နာရီခွဲအချိန်တွင် လက်နက်များကိုင်ဆောင်ထားသော အမျိုးသား၊ အမျိုးသမီး ၃၀ ခန့်က အော်ဆက်တီးယားမြောက်ပိုင်းမှ ဘက်စ်လန်မြို့ရှိ အမှတ် ၁ ကျောင်းကို ဝင်ရောက်စီးနင်းခဲ့ကြသည်။ ကလေးသူငယ်များ၊ မိဘများ၊ ဆရာ-ဆရာမများ စုစုပေါင်း ၁၀၀၀ ကျော်ကို ဓားစာခံအဖြစ် ထိန်းသိမ်းထားလိုက်ကြသည်။ စက်တင်ဘာလ ၁ ရက်



ဘက်စ်လန်မြို့စာဆင်စကျောင်းဆရာကြမ်းဂက်တိုက်ရိုက်မှုတွင် စားစာခံဆရာစ် ထိန်းသိမ်းထားရာမှ ပြန်လည်လွတ်မြောက်လာသော ကျောင်းသားအချို့

နေ့မှ ၃ ရက်နေ့ ညနေ ၅ နာရီကျော်အထိ အဆိုပါ ကျောင်းကို သိမ်းပိုက်ထားခဲ့ကြသည်။ ဘက်စ်လန်မြို့ရှိ အဆိုပါ ကျောင်းကို အကြမ်းဖက်သမားများကသုံးရက်ကြာ သိမ်းပိုက်ပြီးမှ ထွက်ပြေးသွားကြသည်။ ဤဖြစ်ရပ်အတွင်း မားစာခံ ၃၃၈ ဦး သေဆုံးခဲ့သည်။ အလောင်း ၂၀၇ လောင်းမှာ မည်သူမည်ဝါဟူ၍ ခွဲခြားမရနိုင်ဖြစ်ခဲ့သည်။ ၄၁၁ ဦး ဆေးရုံတင်လိုက်ရသည်။ လူပေါင်း ၂၀၀ ကျော် ပျောက်ဆုံးနေခဲ့သည်။ အကြမ်းဖက်သမား ၃၀ ခန့်သေဆုံးခဲ့သည်။ စစ်သည် ၁၀ ဦး ကျဆုံးခဲ့သည်။ ၃၁ ဦး ဒဏ်ရာရခဲ့သည်။

ဤအကြမ်းဖက်တိုက်ခိုက်မှုကြောင့် ရုရှားနိုင်ငံ မှာမွန်ထူသွားခဲ့သည်။ သမ္မတပူတင်သည် အနားယူအပန်းဖြေစခန်းမှ ပြန်လာခဲ့ရပြီး ဤအရေးအခင်းကို ဦးဆောင်ညွှန်ကြားခဲ့သည်။ ပူတင်က ရုရှားသည် နိုင်ငံတကာအကြမ်းဖက်သမားများနှင့် ရုရှား၏ အကျုမြူပိုင်ဆိုင်မှုကို ကြောက်သူများ၏ ခြိမ်းခြောက်မှုကို ခံနေရပြီဟု ပြောခဲ့သည်။ ဤအရေးအခင်းကိုအကြောင်းပြု၍ အခြေခံဥပဒေပြင်ဆင်ချက်များ ပြုလုပ်လိုက်ရာသမ္မတ၏ တန်ခိုးအာဏာမှာ ပိုမိုကြီးထွားပြင်းထန်သွားသည်။ သမ္မတ၏ အာဏာချုပ်ကိုင်မှု ပိုမိုတင်းကြပ်သွားသည်။ ချက်ချင်းညာ သူပုန်ခေါင်းဆောင်တစ်ဦးဖြစ်သူဘာဆာယက်ဗ်က ဤအရေးအခင်းနှင့် အခြားအကြမ်းဖက်မှုများကုံ၊ ၎င်းက ဦးဆောင်ပြုလုပ်ခဲ့ကြောင်း စက်တင်ဘာ ၁၇ ရက်နေ့က ထုတ်ဖော်ပြောကြားခဲ့သည်။ မားစာခံ

များ ထိန်းသိမ်းမှု နောက်ဆုံးနေ့တွင် ပုံးများပေါက်ကွဲရခြင်း၊ ကျောင်းခေါင်မိုးပြိုကျရခြင်း၊ ရှုပ်ယှက်ခပ်ဖြစ်သွားရခြင်းတို့အတွက် ဘာဆာယက်စ်က ရုရှားအစိုးရအပေါ် အပြစ်ပုံချခဲ့သည်။

ဘတ်စ်လန်အရေးအခင်းကို အကြောင်းပြု၍ အခြေခံဥပဒေကို ပြင်ဆင်ခဲ့သည်။ ဤပြင်ဆင်ချက်အရ ဒေသဆိုင်ရာအုပ်ချုပ်ရေးမှူးများကို မဲဆန္ဒရှင်တို့က တိုက်ရိုက်ရွေးကောက်တင်မြှောက်ခြင်းမပြုရတော့ဘဲ သမ္မတက အဆိုပြုသူများကို သက်ဆိုင်ရာဒေသရှိလွှတ်တော်၏ အတည်ပြုချက်ဖြင့် ခန့်ထားရတော့မည်ဖြစ်သည်။ ထို့ပြင် ရုရှားပြည်ထောင်စုဟူ၍ ဖွဲ့စည်းထားသော ဒေသ ၈၉ ခုနှင့် သမ္မတနိုင်ငံအချို့ကို ပိုမိုကျယ်ပြန့်သော နယ်မြေများအဖြစ် ပေါင်းစည်းဖွဲ့စည်းပေးလိုက်သည်။ ဆိုက်ဘေးရီးယားမှ ဒေသသုံးခုကို ဒေသကြီးတစ်ခုအဖြစ်ပေါင်းစည်းပေးခဲ့သည်။

အောက်တိုဘာလ ၁၄-၁၆ ရက်နေ့များက သမ္မတပူတင်သည် တရုတ်ပြည်သို့ သွားရောက်ခဲ့သည်။ သဘောတူညီချက် ၁၁ ခုကို လက်မှတ်ရေးထိုးခဲ့သည်။ ထိုသဘောတူညီချက်များတွင် နှစ်နိုင်ငံအကြား ရှိ ကီလိုမီတာ ၄၃၅၀ ရှည်လျားသော နယ်စပ်ဒေသနှင့် စပ်လျဉ်း၍ အပြီးသတ်သဘောတူစာချုပ်လည်း ပါဝင်သည်။ ချက်ချင်းညာအရေးနှင့် တရုတ်ပြည်စင်ကျန်ဒေသမှ အူအိဂါတို့၏ အရေးများကို နိုင်ငံတကာအကြမ်းဖက်မှု၏ အစိတ်အပိုင်းများဖြစ်သည်ဟု သဘောတူညီခဲ့ကြသည်။ နှစ်နိုင်ငံစီးပွားကုန်သွယ်မှုတိုးတက်ရေးကိုလည်း သဘောတူညီခဲ့ကြသည်။

ယူးကော့စ်ကုမ္ပဏီ၏ အခွန်ငွေကြေးကျန်များကိစ္စကိုဖြေရှင်းရေးအတွက် ၎င်းကုမ္ပဏီ၏လက်အောက်ခံဖြစ်သော ရေနံစိမ်းထုတ်လုပ်သည့်ကုမ္ပဏီအား လေလံတင်ရောင်းချမည်ဖြစ်ကြောင်း ပြည်ထောင်စုပိုင်ပစ္စည်းများ ရန်ပုံငွေအဖွဲ့က နိုဝင်ဘာလ ၁၉ ရက်နေ့တွင် ကြေညာခဲ့သည်။ ယင်းသို့ လေလံတင်ရောင်းချရာတွင် ၎င်းကုမ္ပဏီပိုင် အရင်းအနှီး ၇၆ ရာခိုင်နှုန်းကျော် ပါဝင်မည့်အပြင် ယူးကော့စ်ကုမ္ပဏီ၏ အစုရှယ်ယာရှင်များအစည်းအဝေးတွင် မဲပေးပိုင်ခွင့်ရာခိုင်နှုန်း ၁၀၀ လည်း ပါဝင်မည်ဖြစ်သည်။ လေလံတင်ကြမ်းခင်းစျေးမှာ ဒေါ်လာ ၈.၆ ဘီလီယန်ဖြစ်သည်။ ထိုကြမ်းခင်းစျေးမှာ လေလံတင်မည့်ကုမ္ပဏီတန်ဖိုး၏ ထက်ဝက်မျှဖြစ်သည်။ ၎င်းလေလံတင်ပွဲကို ဒီဇင်ဘာလ ၁၉ ရက်နေ့၌ ပြုလုပ်မည်ဖြစ်သည်။ ရုရှားမှ Gazprom ကုမ္ပဏီကြီးနှင့် တရုတ်အစိုးရပိုင်ရေနံကုမ္ပဏီကြီးက ထိုလေလံတင်ပွဲ၌ ဝင်ရောက်ပါဝင်ကြမည်ဖြစ်ကြောင်း သိရှိရသည်။ ယင်းလေလံတင်ပွဲသည်နိုင်ငံရေးအကျိုးအမြတ်အတွက် အစိုးရက ခိုးယူမှုကျူးလွန်ခြင်းဖြစ်သည်ဟု လေလံတင်ခံရမည့် ကုမ္ပဏီမှ အရာရှိချုပ်က စွပ်စွဲပြစ်တင်လိုက်သည်။ ယူးကော့စ်ကုမ္ပဏီအရေးမှာ ရုရှားနိုင်ငံ၌ နိုင်ငံရေးနှင့် စီးပွားရေးထွေးရောယှက်တင်ရှုပ်ထွေးနေသောကိစ္စဖြစ်သည်။

ဦးခင်မောင်မြ

ဝင်းဖေ၊ ဦး (မုံရွာဝင်းဖေ) (ခရစ် ၁၉၄၅-၂၀၀၄)

။ ။ ကလောင်အမည် မုံရွာဝင်းဖေဖြင့် ထင်ရှားခဲ့သော စာရေးဆရာ၊ ကဗျာဆရာ ဦးဝင်းဖေကို ဖခင် ဦးဘကို၊ မိခင် ဒေါ်လေးခင်တို့က ၁၉၄၅ ခုနှစ်တွင် မုံရွာမြို့နယ်၊ သာစည်ကျေးရွာ၌ မွေးဖွား သည်။

ဦးဝင်းဖေသည် ၁၉၄၈ ခုနှစ်တွင် မိဘများနှင့်အတူ မုံရွာမြို့သို့ ပြောင်းရွှေ့နေထိုင်သည်။ မုံရွာမြို့အမှတ် (၁) အခြေခံပညာအထက်တန်းကျောင်းတွင် ပညာသင်ယူသည်။ ၁၀ တန်းအောင်မြင်ပြီး မြစ်ကြီးနားကောလိပ်နှင့် မန္တလေးတက္ကသိုလ်တို့တွင် ပညာဆည်းပူးခဲ့ရာ ၁၉၆၉ ခုနှစ်၌ မန္တလေးတက္ကသိုလ်မှ ဝိဇ္ဇာဘွဲ့ရရှိသည်။

ဦးဝင်းဖေသည် ၁၉၇၀ ပြည့်နှစ်တွင် ရန်ကုန်မြို့သို့ ပြောင်းရွှေ့နေထိုင်ပြီး ပြန်ကြားရေးဝန်ကြီး ဌာနပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ရေးလုပ်ငန်း စာပေဗိမာန်အဖွဲ့၌ တာဝန်ထမ်းဆောင်သည်။ စာပေဗိမာန်အဖွဲ့၌အလုပ်



အမျိုးသားစာပေဆုရ မုံရွာဝင်းဖေ

သင်စာပြင်၊ စာပြင်၊ စာပေလက်ထောက်၊ လက်ထောက် စာတည်း၊ စာတည်း၊ စာတည်းတာဝန်ခံ၊ စာတည်းမှူး၊ စာတည်းမှူးချုပ် စသည်ဖြင့် ရာထူးအဆင့်ဆင့်ကို နှစ်ပေါင်း ၃၀ ကျော်ထမ်းဆောင်ပြီး စာတည်းမှူးချုပ် အဖြစ်မှ အငြိမ်းစားယူသည်။

ဦးဝင်းဖေသည် ၁၉၆၅ ခုနှစ်မှစ၍ ကဗျာများ ရေးသားပြီး စာပေနယ်သို့ ဝင်ရောက်သည်။ ဦးဝင်းဖေ၏ သင်ဆရာများမှာ ဆရာကြီးလူထုဦးလှ၊ ဆရာမကြီး ဒေါ်ခင်မြတ်သူ၊ ဆရာကြီးဦးဘိုသင်း၊ ဆရာကြီးမြကေတုနှင့် ဆရာကြီးဦးဆန်းထွန်း (ဆန်းထွန်း-မန်းတက္ကသိုလ်) တို့ဖြစ်သည်။ ကဗျာဆရာ ဦးဝင်းဖေသည် ၁၉၆၅ ခုနှစ် အမျိုးသားစာပေဆုကို 'ပွင့်တမာမြိုင်ကဗျာများ' စာအုပ်ဖြင့် ဆွတ်ခူးရရှိသည်။ ကဗျာပုဒ်ရေ ၁၂၀၀ ကျော်၊ ဆောင်းပါး ၇၀၀ ကျော်နှင့် ဝတ္ထုတို ၁၅ ပုဒ်တို့ကို မြဝတီ၊ ငွေတာရီ၊ ရှုမဝ၊ သွေးသောက်နှင့် လုံမလေးမဂ္ဂဇင်းများနှင့် ရွှေသွေးဂျာနယ်တို့တွင် ရေးသားခဲ့ပြီးဖြစ်သည်။

ဦးဝင်းဖေသည် တာဝန်ထမ်းဆောင်နေစဉ်အတွင်း အိန္ဒိယနိုင်ငံ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ရုရှနိုင်ငံ၊ ဂျပန်နိုင်ငံနှင့် ကိုရီးယားသမ္မတနိုင်ငံများသို့ သင်တန်းတက်ရောက်ရန်နှင့် လေ့လာရေးခရီးအဖြစ်သွားရောက်သည်။

စာရေးဆရာ၊ ကဗျာဆရာ မုံရွာဝင်းဖေ ကလောင်အမည်ဖြင့် ထင်ရှားခဲ့သော ဦးဝင်းဖေသည် ၂၀၀၄ ခုနှစ်၊ ဧပြီလ ၂၂ ရက်နေ့တွင် ရန်ကုန်မြို့၌ ကွယ်လွန်

ခဲ့သည်။ ကွယ်လွန်ချိန်တွင် ဇနီး ဒေါ်ခင်အုန်းမြင့်နှင့် သားဖြစ်သူ ရှင်ဧသိကဉာဏ (အမရပူရကျောင်း)တို့ ကျန်ရစ်သည်။ ။

ဦးစိုးအောင်

သောဘိတ၊ ဘဒ္ဒန္တ၊ (အဘိဓဇ မဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက (မြန်မာ ၁၂၇၁-၁၃၆၆)။ ။ ဆရာတော်လောင်းလျှာသည် မန္တလေးတိုင်း၊ ပုဂံညောင်ဦးမြို့နယ် သီရိပစ္စယာကျေးရွာ အရိမဒ္ဒန ပေါက်ကံပြည်၊ ဒုတိယမြို့တည်ရာ ခမည်းတော် ဦးဘိုးခေတ်၊ မယ်တော်ဒေါ်ကျော့တို့မှ ၁၂၇၁ ခုနှစ်၊ တပေါင်းလပြည့်ကျော် (၃) ရက် (သောကြာနေ့)တွင် ဖွားမြင်တော်မူသော သားရတနာဖြစ်သည်။

ရှင်ရဟန်းပြုတော်မူခြင်း

ဆရာတော်လောင်းလျှာသည် ၁၂၈၁ ခုနှစ်တွင် သီရိပစ္စယာရွာ သာယာဝတေ့တောရကျောင်းဆရာတော် ဘဒ္ဒန္တပညာမဟာထေရ်မြတ်ကို ဥပဇ္ဈာယ်ပြု၍ ခမည်းတော်၊ မယ်တော်တို့၏ ပစ္စယာနုဂ္ဂဟဖြင့် ရှင်သာမဏေအဖြစ်သို့ ရောက်တော်မူခဲ့သည်။ ၁၂၉၁ ခုနှစ် ပထမဝါဆိုလပြည့်ကျော် (၃)ရက် နေ့လယ် (၂) နာရီအချိန်တွင် မြင်းခြံမြို့ ကိုးဆောင်တိုက် ခက္ကသိမ်တော်၌ ပုဂံမြို့သာယာဝတေ့တောရကျောင်း (မူလဥပဇ္ဈာယ်ဆရာ) ဆရာတော်ဘဒ္ဒန္တပညာ မဟာထေရ်မြတ်ကိုပင် ဥပဇ္ဈာယ်ပြုလုပ်လျက် မြင်းခြံမြို့ စေ့းကြီးရပ် ဆန်ကုန်သည်ကျောင်းဒါယကာကြီး ဦးထွန်းခိုင်၊ ကျောင်းဒါယိကာမကြီး ဒေါ်နန်းစိန်မိသားစုတို့၏ ပစ္စယာနုဂ္ဂဟကို ခံယူကာမြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်တော်မူသည်။

ပရိယတ္တိစာပေ သင်ယူဆည်းပူးတော်မူခြင်း

ဆရာတော်လောင်းလျှာသည် ပုဂံညောင်ဦးမြို့နယ်၊ သီရိပစ္စယာကျေးရွာ လောကနန္ဒာကျောင်းဆရာတော် ဦးအာဒိစ္စထံ၌ အခြေခံကျမ်းစာများကို



ဆဒ္ဒန္တသောဘိတ

ခုနစ်နှစ်သား အရွယ်ဒေ့ထိ သင်ကြားတော်မူပြီး စဉ့်ကူမြို့နယ်သို့ မိဘများနှင့်အတူ လိုက်ပါ၍ ဆရာကြီးဦးဘန်း၊ ဒေါ်ရွှေမေစာသင်ကျောင်း၌ စတုတ္ထတန်းအထိ လောကီပညာများကို သင်ကြားဆည်းပူးခဲ့သည်။ ထို့နောက် သာယာဝတေ့တောရကျောင်း ဆရာတော်ဦးပညာ၊ ပခုက္ကူမြို့ မဟာဝိသုတာရာမတိုက်ဆရာတော် ဘဒ္ဒန္တပညာ (အဂ္ဂမဟာပဏ္ဍိတ)၊ ဘဒ္ဒန္တသုန္ဒရ (အဘိဓဇမဟာရဋ္ဌဂုရု)၊ ဘဒ္ဒန္တနန္ဒဝံသ (အဂ္ဂမဟာပဏ္ဍိတ)၊ မန္တလေးမြို့၊ မြတောင်ကျောင်းတိုက်ဆရာတော်၊ ဘုန်းကြီးတိုက်၊ သုဓမ္မာဝင်တောင်ပြင်ဌာနချုပ် ဆရာတော်ဦးဝိုင်း၊ ရန်ကုန်မြို့အောင်မြေဘုံစံကျောင်းဆရာဝေ့ဂ်ဦးစန္ဒိမာ၊ ဦးကောဏ္ဍည၊ ဦးစက္ကိန္ဒ၊ ညောင်လေးပင်မြို့ တောင်ကျောင်းကြီး ဆရာတော် ဦးကေသရစသော ဆရာတော်ကြီးများထံ၌ ပိဋကတ်အခြေခံကျမ်းစာများနှင့် ပါဠိတော်အဋ္ဌကထာ၊ နေ့ဝါညဝါကျမ်းများကို ပါရဂူရောက် တတ်မြောက်လိမ့်မာအောင် သင်ကြားဆည်းပူးတော် မူခဲ့ပြီး ပါဠိပထမပြန်စာမေးပွဲများနှင့် ဓမ္မာစရိယစာမေးပွဲများကို ဖြေဆိုအောင်မြင်တော်မူခဲ့ပါသည်။

စာပေပို့ချခြင်းနှင့် သာသနာရေးအားပေးဆောင်ရွက်တော်မူခြင်း

ဆရာတော်သည် ပခုက္ကူမြို့၊ မဟာဝိသုတာရာမတိုက်ကြီး၌ သိက္ခာတော်ငါးဂါရသည့် အချိန်မှစ၍ ဂဏဝါစက စာချအဖြစ်လည်းကောင်း၊ သိက္ခာတော်ရှစ်ဝါရတော်မူသည်စ၍ မြင်းခြံမြို့၊ ကိုးဆောင်တိုက်ကြီး၌ မဟာဝိသုတာရာမိက ပခုက္ကူကျောင်းသစ်ဟူသောအမည်ဖြင့်စာသင်တိုက်တည်ထောင်တော်မူလျက် တပည့်သံဃာ ၁၀၀ ကျော်တို့အား ပိဋကတ်ကျမ်းဂန်များကိုသင်ကြားပို့ချတော်မူ၍လည်းကောင်း၊ ၁၃၀၂ ခုနှစ်တွင် ကိုးဆောင်တိုက်ကျောင်းတိုက်၏ အာရာမိသရဆသန္တကတွင် တစ်ပါးအပါအဝင်အဖြစ်လွှဲအပ်ခြင်းခံတော်မူ၍လည်းကောင်း၊ ရန်ကုန်မြို့ သရက်တောကျောင်းတိုက်၊ သစ်တော်ကျောင်း၌ တပည့်သံဃာတော်များအား ပိဋကတ်စာပေများကို သင်ကြားပို့ချတော်မူ၍လည်းကောင်း၊ ဝိနယဗဟုသုတပကာသနီကျမ်း၊ ဝါကျသံသယဝိသောဓနီကျမ်းတို့ကို ရေးသားဖြန့်ဝေတော်မူခြင်းဖြင့်လည်းကောင်း၊ ပရိယတ္တိသာသနာရေးတာဝန်များကိုဆောင်ရွက်တော်မူခဲ့သည်။

ထို့ပြင်ဆရာတော်သည် သာသနာတော်စည်ပင်ပြန့်ပွားရေးအဝွက် မြင်းခြံရှိ၊ ရွှေဘုံသာအလယ်ကျောင်းစာသင်တိုက်၊ ရန်ကုန်တိုင်း ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ် ပိဋကတ်သုံးပုံ နိကာယ်စာသင်တိုက်စသော ပရိယတ္တိစာသင်တိုက်ကြီးများ၊ မြင်းခြံမြို့စွန်းလွန်းဂူကျောင်းစသော ကမ္မဋ္ဌာန်းတိုက် ကြီးများကို တည်ထောင်တော်မူ၍လည်းကောင်း၊ သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်တွင် ပထမအကြိမ်ဂိုဏ်းပေါင်းစုံသံဃာ့အစည်းအဝေးပွဲကြီးမူလ (၆၆)ပါး (ကိုယ်စားလှယ်အဖွဲ့ဝင်)၊ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌဆရာတော်အဖြစ်လည်းကောင်း၊ ပခုက္ကူ မဟာဝိသုတာရာမိကဂဏဝါစကနိကာယာဓိပတိ၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်ကြီးများ၏ အဓိပတိ၊ အပြည်ပြည်ဆိုင်ရာ

ထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ်အဓိပတိအဖြစ် လည်းကောင်း၊ ဆဋ္ဌသင်္ဂါယနာ၊ သဒ္ဓိတိကာရကနှင့် ဘာဏက၊ ဆဋ္ဌသင်္ဂါယနာပါဠိဝိသောဓက၊ ပါဠိတက္ကသိုလ်ဗဟို ကိုယ်စားလှယ်၊ ကျပန်ပြည်ဗုဒ္ဓသာသနာပြုအဖွဲ့ဝင်၊ မြင်းခြံမြို့ ပရိယတ္တိသဒ္ဓမ္မပါလအသင်းဩဝါဒါစရိယ၊ သထုံမြို့ သုဝဏ္ဏဘူမိပရိယတ္တိ သာသနာ့ဟိတအသင်း ပရဒေသိနာယကအဖြစ်တို့ဖြင့်လည်းကောင်း သာသနာရေးတာဝန်များကို ဆောင်ရွက်တော်မူခဲ့သည်။

ပြည်ပသို့ သာသနာပြုခရီး ကြွရောက်တော်မူခဲ့ခြင်း

ဆရာတော်ဘုရားကြီးသည် ကျပန်နိုင်ငံ မိုက္ခိမြို့တွင် ၁၉၁၉ ခုနှစ်၌ ကျင်းပပြုလုပ်သည့် သိမ်သမုတ်ပွဲသို့ ပြည်ပဓမ္မဒူတခရီး ကြွရောက်တော်မူသည်မှစ၍ ပြည်ပငါးနိုင်ငံ လေ့လာရေးခရီးအပါအဝင် သီရိလင်္ကာနိုင်ငံ၊ နီပေါနိုင်ငံ၊ အိန္ဒိယနိုင်ငံ၊ ထိုင်းနိုင်ငံ၊ ကိုရီးယားနိုင်ငံ၊ လာအိုနိုင်ငံ၊ အင်္ဂလန်နိုင်ငံ စသည့် နိုင်ငံများသို့ ဓမ္မဒူတသာသနာပြုခရီး အကြိမ်ကြိမ်ကြွရောက်တော်မူခဲ့သည်။

အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘွဲ့တံဆိပ်တော် အလှူခံရရှိတော်မူခြင်း

ဆရာတော်ဘုရားကြီး၏ သာသနာတော်အကျိုးသယ်ပိုးဆောင်ရွက်တော်မူခြင်းများကိုကြည်ညိုလေးစားသောအားဖြင့် သိင်္ဂါတော် (၃၁)ဝါအရတွင် အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်ကိုလည်းကောင်း၊ သိင်္ဂါတော် (၅၇)ဝါအရတွင် အဘိဓဇမဟာရဋ္ဌဂုရုဘွဲ့တံဆိပ်တော်ကိုလည်းကောင်း၊ သိင်္ဂါတော် (၆၅) ဝါအရတွင် အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘွဲ့တံဆိပ်တော်ကိုလည်းကောင်း နိုင်ငံတော်အစိုးရက လှူဒါန်းပူဇော်ခဲ့သည်။

နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ၊ သက်တော်ရှည်မြင်းခြံဆရာတော်ဘုရားကြီးသည် ဤကဲ့သို့ သာသနာတော်အကျိုးသယ်ပိုးထမ်းဆောင်တော်မူရင်း သက်တော် (၉၅)နှစ်၊ သိင်္ဂါတော် (၇၆)ဝါအရ ၁၃၆၆ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း (၆)ရက်၊ ၁၇-၁၁-၂၀၀၄ (ဗုဒ္ဓဟူးနေ့) နံနက် ၁၁ နာရီ ၃၅ မိနစ်အချိန်တွင် ဘုရားရဟန္တာတို့သော်မှ ရှောင်လွှဲမရနိုင်သော မရဏသဘောကြောင့် ဘဝနတ်ထံပျံလွန်တော်မူသည်။ သက်တော်ရှည် ဆရာတော်ဘုရားကြီး၏ အန္တိမအဂ္ဂိစျာပနအခမ်းအနားကို ၁၃၆၆ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် (၁)ရက် (၂၇-၁၁-၂၀၀၄)စနေနေ့တွင်ရန်ကုန်တိုင်း၊ ဒဂုံမြို့သစ်တောင်ပိုင်းမြို့နယ် ပဋ္ဌကသုံးပုံနိကာယ်စာသင်တိုက်၌ ဆင်ယင်ကျင်းပသည်။


ပြုစုသူ

သုနဒ္ဒ၊ အရှင် (တိပိဋကကောဝိဒ) ။ ။

အရှင်သုနဒ္ဒရကို ခမည်းတော် ဦးသာဒွန်း၊ မယ်တော် ဒေါ်ခင်ဖွားတို့က ၁၃၁၇ ခုနှစ်၊ ကဆုန်လဆန်း ၈ ရက်နေ့တွင် မြို့ဉ်မြို့နယ်၊ ကျောက်တိုင် ကျေးရွာ၌ ဖွားမြင်တော်မူသည်။

အရှင်သုနဒ္ဒရသည် အသက် ၁၂ နှစ်အရွယ်တွင် မြို့ဉ်မြို့၊ မန်ကျည်းချို ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တကောဝိဒကို ဥပဇ္ဈာယ်ပြု၍ ခမည်းတော်၊ မယ်တော်တို့၏ ပစ္စယာနုဂ္ဂဟဖြင့်ရှင်သာမဏေအဖြစ်သို့ရောက်ရှိတော်မူသည်။ သက်တော် ၁၉ နှစ်၊ ၁၃၃၆ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၂ ရက်နေ့တွင် အမရပူရမြို့နယ်၊ တူးမောင်းကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တနန္ဒိယကို ဥပဇ္ဈာယ်ပြု၍ ဦးသန်း၊ ဒေါ်ခင်လှ၊ ဦးအောင်သိန်း၊ ဒေါ်စိမ်းရည်၊ ဦးဝင်းမောင်၊ ဒေါ်ဖြူ စသူတို့၏ ပစ္စယာနုဂ္ဂဟဖြင့် အဆိုပါကျောင်းတိုက် ခဏ္ဍာသိမ်၌ မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ရှိတော်မူသည်။

အရှင်သုနဒ္ဒရသည် မြို့ဉ်မြို့ မန်ကျည်းချို ကျောင်းဆရာတော် ဘဒ္ဒန္တကောဝိဒ၊ အမရပူရမြို့နယ်တူးမောင်းကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တနန္ဒိယ၊ မန္တလေးမြို့ မစိုးရိမ်ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တကောဝိဒါဘိဝံသ၊



ဆဆမမြောက် တိပိဋကဓရ တိပိဋကကောဝိဒ ဘွဲ့တံဆိပ်တော်ရ အရှင်သုန္ဒရ

ပန်းမော်ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တကုမရ၊ အင်းစိန်မြို့ ရွာမပရိယတ္တိစာသင်တိုက် စာသင်တိုက်ဆရာတော် ဘဒ္ဒန္တတိလောကဘိဝံသစသည့် ပရိယတ္တိအကျော်အမော် ဆရာတော်များထံတွင် ပါဠိတော်၊ အဋ္ဌကထာ၊ ဋီကာ၊ ပိဋကတ်ကျမ်းစာများ သင်ယူဆည်းပူးတော်မူသည်။

အရှင်သုန္ဒရသည် ပထမငယ်၊ ပထမလတ်၊ ပထမကြီးစာမေးပွဲများနှင့် ဓမ္မာစရိယစာချတန်းတို့ကို ဂုဏ်ထူးနှင့် အောင်မြင်တော်မူသဖြင့် သာသန ဓဇသိရီ ပဝရဓမ္မာစရိယဘွဲ့ကို လည်းကောင်း၊ ၂၀၀၁ ခုနှစ် ၅၃ ကြိမ်မြောက် တိပိဋကဓရရွေးချယ်ရေး စာမေးပွဲတွင် ပိဋကတ်သုံးပုံ အာဂုံပြန်ဆို အောင်မြင်တော်မူသဖြင့် တိပိဋကဓရဘွဲ့ကိုလည်းကောင်း ရရှိတော်မူသည်။

အရှင်သုန္ဒရသည် သာသနာရေးဝန်ကြီးဌာန သာသနာရေးဦးစီးဌာနက ကြီးမှူးကျင်းပသည့် ၅၆ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒရွေးချယ်ရေး စာမေးပွဲတွင် ပိဋကတ်သုံးပုံပါဠိအဘိ ဓမ္မာပိဋက (နောက်ပိုင်း)ကို သယ်နှံးကျွန်းမြို့နယ်၊ စွန်းလွန်းဂူဝိပဿနာကျောင်းမှ ဝင်ရောက်ဖြေဆို အောင်မြင်တော်မူသည်။

အရှင်သုန္ဒရသည် ပိဋကတ်သုံးပုံကို အာဂုံပြန်နှင့် ရေးဖြေနှစ်မျိုးစလုံး အောင်မြင်တော်မူသဖြင့်

အမေရိကန်ပြည်ထောင်စု

ပြည်ထောင်စု မြန်မာနိုင်ငံတော် ပရိယတ္တိစာမေးပွဲသမိုင်းတွင် ဒသမမြောက် တိပိဋကဓရ တိပိဋကကောဝိဒ သာသနာ့အာဇာနည်အရှင်မြတ်အဖြစ် သို့ရောက်ရှိတော်မူသည်။


ဦးစိုးအောင်

အမေရိကန်ပြည်ထောင်စု။ ။ အမေရိကန်သမ္မတကျော့ဘုရှ်သည် ဇန်နဝါရီလ ၂၉ ရက်နေ့က လွှတ်တော်နှစ်ရပ်ပေါင်းထားသော ကွန်ဂရက်သို့ပြည်ထောင်စုအခြေပြမိန့်ခွန်းကိုပြောခဲ့သည်။ ၅၄ မိနစ်ကြာမိန့်ခွန်းတွင် သမ္မတဘုရှ်က အီရတ်အပေါ် စစ်ဆင်နွှဲခြင်းကို ကာကွယ်ပြောခဲ့သည်။အီရတ်ပြည်သူများသို့အချုပ်အခြာပြန်လည်အပ်နှင်းနိုင်ရေးအတွက် ကုလသမဂ္ဂနှင့် ပူးတွဲလုပ်ဆောင်နေကြောင်း ရှင်းပြခဲ့သည်။ ပြည်တွင်းရေးရာမူဝါဒအနေဖြင့် အမေရိကန်ပြည်ထောင်စု၌ အငြင်းပွားနေသော လိင်တူချင်းလက်ထပ်ထိမ်းမြားခြင်း၏အနက်အဓိပ္ပါယ်ဖွင့်ဆိုရေးအတွက် အခြေခံဥပဒေပြင်ဆင်ချက်ပြုလုပ်မည်ဖြစ်ကြောင်း၊ စီးပွားရေးအခြေအနေပြန်ကောင်းလာပြီဖြစ်ကြောင်း၊ ကျန်းမာရေးနှင့်ပတ်သက်၍ကုန်ကျစရိတ်သက်သာစေရန်ရှေးရှုကြောင်း၊ အထူးသဖြင့် သက်ကြီးနိုင်ငံသားများအတွက် ရည်ရွယ်ကြောင်းစသည်တို့ကို ပြောကြားခဲ့သည်။

၂၀၀၄ ခုနှစ် နိုဝင်ဘာလတွင် ပြုလုပ်မည့် သမ္မတရွေးကောက်ပွဲအတွက် ကြိုတင်ပြင်ဆင်သည့်အနေဖြင့် ဒီမိုကရက်တစ်ပါတီတွင်း၌သမ္မတလောင်း ရွေးချယ်ပွဲများကိုပြုလုပ်နေပြီဖြစ်သည်။ ဇန်နဝါရီလ ၁၉ ရက်နေ့က အိုင်အိုးဝါးပြည်နယ်ရှိ ဒီမိုကရက်တစ် ပါတီအစုအဖွဲများ၏ဆန္ဒပေးပွဲတွင်ဂျွန်ကယ်ရီအားသမ္မတလောင်းအဖြစ်လျာထားရန် ဆုံးဖြတ်ခဲ့သည်။အရေးပါသောပြည်နယ်၌သီသာစွာအနိုင်ရသွားသဖြင့်ဂျွန်ကယ်ရီသည် ဒီမိုကရက်တစ်သမ္မတလောင်းဖြစ်ခွင့် အခြေအနေတိုးတက်ကောင်းမွန်သွားသည်။ အီရတ်စစ်ပွဲမတိုင်မီက အီရတ်၌

အစု အပြုံလိုက်ဖျက်ဆီးနိုင်သော လက်နက်များ (WMD)၊ ဓာတုလက်နက်များရှိ၊ မရှိ စုံစမ်းစစ်ဆေးနိုင်ရန် အီရတ်စစ်ဆေးရေးအုပ်စု (Iraq Survey Group)ကို ဖွဲ့စည်းခဲ့သည်။ ထိုအုပ်စု၏ ခေါင်းဆောင် ဒေးဗစ်ကေးသည် ဇန်နဝါရီလ ၂၃ ရက်နေ့က နုတ်ထွက်သွားခဲ့သည်။ ဒေးဗစ်ကေးကစစ်မဖြစ်မီက အမေရိကန်ထောက်လှမ်းရေးအဖွဲ့များ စုဆောင်းရရှိထားသော သတင်းများအားလုံး မှားယွင်းနေကြောင်း၊ အီရတ်၌ WMD များ၊ ဓာတုလက်နက်များမရှိကြောင်း၊ အီရတ်တွင် ဖျက်အားပြင်းလက်နက်များရှိ၊ မရှိကိုသီးခြားလွတ်လပ်သောအဖွဲ့ကိုဖွဲ့စည်းဆောင်ရွက်သင့်ကြောင်း ဆီးနိတ်ကော်မတီသို့ အကြံပေးခဲ့သည်။ ဤကဲ့သို့ ဒေးဗစ်ကေး နုတ်ထွက်သွားသဖြင့် WMD များကို အကြောင်းပြကာအီရတ်အပေါ် စစ်ပြုခဲ့သောအမေရိကန်အဖို့များစွာအထိနာသွားသည်။

ဖေဖော်ဝါရီလအတွင်း အမေရိကန်ပြည်ထောင်စု သတင်းမီဒီယာလောကကိုလွှမ်းမိုးနေသည့် အကြောင်းအရာမှာ ဒီမိုကရက်တစ်သမ္မတလောင်းလျာထားရေးကိစ္စဖြစ်သည်။ သမ္မတလောင်း လျာထားရေးကိစ္စကို ပြည်နယ်အသီးသီး၌ အမျိုးမျိုးအဖုံဖုံပြုလုပ်ကြသည်။ အဓိကအားဖြင့် ဒီမိုကရက်တစ်ပါတီ၏အခြေခံအဖွဲ့အစည်းများ (Primaries) နှင့် ဒေသခံအစုအဖွဲ့များ (Caucuses) တို့က သမ္မတလောင်းလျာထားရေးကို ဆန္ဒပေးကြသည်။ သမ္မတလောင်းဖြစ်ရေးအတွက် ပါတီကိုယ်စားလှယ်ပေါင်း ၄၃၂၅ ဦးရှိသည့်အနက်မှ ပါတီကိုယ်စားလှယ် အနည်းဆုံး ၂၁၆၂ ဦးကထောက်ခံ



ရွေးစတာတ်ပွဲတွင် အနိုင်ရရှိပြီး အမေရိကန်ပြည်ထောင်စု၏ ဒုတိယအကြိမ် သမ္မတဖြစ်ထတူ
ဘုရှ်နှင့် ရုံးနိုပ့်သွားစဆော တယ်ရီ (ဝဲမှယာ)

မှသာ ဖြစ်ပေသည်။ ဖေဖော်ဝါရီလ ၂၄ ရက်နေ့တွင် အခြေခံ အဖွဲ့ပေါင်း ၂၀ ၌ ဆန္ဒပေးပွဲများပြုလုပ်ပြီးစီးသွားပြီဖြစ်သည်။ ထိုနေ့အထိ ဂျွန်ကယ်ရီအားထောက်ခံသူကိုယ်စားလှယ်၆၄၈ဦးရှိပြီးသမ္မတလောင်းယှဉ်ပြိုင်သူများအနက် အများဆုံးရရှိထားသည်။ စောစောပိုင်းက နာမည်ကြီးနေသော ဟောင်းဝပ်ဒီးနိုးအားထောက်ခံသူကိုယ်စားလှယ်ဦးရေမှာ၁၈၂ဖြစ်သည်။

ဖေဖော်ဝါရီလ ၂ ရက်နေ့၌ သမ္မတဘုရှ်သည် ၂၀၀၅ ခု ဘဏ္ဍာနှစ်အတွက် ဘတ်ဂျက်ကို ကွန်ဂရက်သို့ တင်ပြခဲ့သည်။ ဘတ်ဂျက်ပမာဏမှာ ဒေါ်လာဘီလီယံ ၃၄၀၀ ဖြစ်သည်။ ထိုဘတ်ဂျက် ၌ ၂၀၀၄ ခုနှစ်တွင် ဘတ်ဂျက်လိုငွေပြမှုမှာ ဒေါ်လာ ၅၂၁ ဘီလီယံဖြစ်မည်ဟု ခန့်မှန်းတွက်ချက်ပြခဲ့သည်။ ဘတ်ဂျက်လိုငွေပြမှုသည် ဂျီဒီပီ၏ ၄.၅ ရာခိုင်နှုန်းမျှရှိသည်။ ၂၀၀၅ ခုနှစ်တွင် ဂျီဒီပီတိုးတက်မှုနှုန်းသည် ၃.၅ ရာခိုင်နှုန်းဖြစ်မည်ဟု ဖော်ပြထားသည်။ အမေရိကန်ဒေါ်လာတန်ဖိုး ကျသွားခြင်းကြောင့် ပို့ကုန်ပမာဏသည် မြင့်တက်လာခဲ့သည်။ သို့ရာတွင် ဘတ်ဂျက်လိုငွေပြမှုများနေခြင်း၊ အလုပ်လက်မဲ့များနေခြင်းတို့ကြောင့် ထိုဘတ်ဂျက်ကို ဝေဖန်ပြစ်တင်ခဲ့သည်။

ဖေဖော်ဝါရီလ ၆ ရက်နေ့တွင် သမ္မတဘုရှ်သည် နှစ်ပါတီပူးပေါင်းဖွဲ့စည်းထားသည့် သီးခြားလွတ်လပ်သော ကော်မရှင်ကိုဖွဲ့စည်းကြောင်း ကြေညာခဲ့သည်။ ဤကော်မရှင်သည် အီရတ်၊ မြောက်ကိုရီးယားနှင့် အခြားနိုင်ငံများ၌ WMDများထုတ်လုပ်နေခြင်းနှင့်ပတ်သက်၍ထောက်လှမ်းရေးအဖွဲ့များ၏ပေါ်ဆလစ်ဟင်းပျက်ကွက်မှုများကို လေ့လာတင်ပြရန်ဖြစ်သည်။ ဤကော်မရှင်တွင် အဖွဲ့ဝင် ၇ ဦး ပါဝင် သည်။ ဤကော်မရှင်သည် ၂၀၀၅ ခုနှစ် မတ်လတွင် တွေ့ရှိချက်များကို အစီရင်ခံတင်ပြရမည်ဖြစ်သည်။

မတ်လ ၁၁ ရက်နေ့တွင် ဂျွန်ကယ်ရီသည် သမ္မတလောင်းအမည်စာရင်းတင်သွင်းရေးအတွက်အနည်းဆုံးလိုအပ်သော ကိုယ်စားလှယ်ဦးရေ ၂၁၆၂ ဦးကို ရရှိသွားပြီဖြစ်သည်။ နွေရာသီတွင် ကျင်းပမည့် ဒီမိုကရက်တစ်ပါတီကွန်ဗင်းရှင်း၌သမ္မတလောင်းအဖြစ်သတ်မှတ်ခံရရန် သေချာသွားပြီဖြစ်သည်။ သို့ဖြစ်၍ လက်ရှိသမ္မတဘုရှ်အား ယှဉ်ပြိုင်နိုင်ရေးအတွက် လိုအပ်သော ရန်ပုံငွေများရရှိရန် စတင်ကြိုးပမ်းခဲ့သည်။

စက်တင်ဘာ ၁၁ အရေးအခင်းနှင့် စပ်လျဉ်း၍ ကွန်ဂရက်သည် နှစ်ပါတီမှ ကိုယ်စားလှယ်များ ပါဝင်သော ကော်မရှင်တစ်ရပ်ကို လွှန်ခဲ့သည့်နှစ်ကဖွဲ့စည်းခဲ့သည်။ ဤကော်မရှင်ကို အမေရိကန်ပြည်ထောင်စုအပေါ် အကြမ်းဖက်တိုက်ခိုက်မှုများဆိုင်ရာ အမျိုးသားကော်မရှင်ဟုခေါ်သည်။ဤကော်မရှင်သည်စက်တင်ဘာ ၁၁ မတိုင်မီက အစိုးရနှင့် ထောက်လှမ်းရေးအဖွဲ့များ၏ အားနည်းချက်တို့ကို လေ့လာဖော်ထုတ်တင်ပြရန် ဖြစ်သည်။ ဤကော်မရှင်က မတ်လ ၃၀ ရက်နေ့တွင်



အာဝဂန်နွယ်တန်ဆမ္မတထာမစ်တာဇိုင် ဇိရှင်တန်တွင် သမ္မတဘုရှ်နှင့် တွေ့စဉ်

သမ္မတဘုရှ်၊ ဒုတိယသမ္မတဒစ်ချေနေး၊ အမျိုးသားလုံခြုံရေး အကြံပေးပုဂ္ဂိုလ်ကွန်ဒိုလီဇာရိုက်စ်တို့အနေဖြင့် ကော်မရှင်၏ရှေ့မှောက်တွင် သက်သေခံကြရမည်ဟု ကြေညာခဲ့သည်။ စောစောပိုင်းက ၎င်းတို့သည် ကော်မရှင်ရှေ့မှောက်၌ သက်သေထွက်ဆိုရန် ငြင်းဆန်နေခဲ့ကြသည်။

မတ်လ ၂၉ ရက်နေ့တွင် မာဆာချူးဆက် ပြည်နယ်ရှိအထက်နှင့် အောက်လွှတ်တော်နှစ်ရပ်ပေါင်းက လိင်တူချင်းလက်ထပ်ထိမ်းမြားမှုကို တားမြစ်ကြောင်း၊ သို့ရာတွင် လိင်တူချင်းအတူ ပေါင်းသင်းနေထိုင်မှုကို ခွင့်ပြုကြောင်း ဆုံးဖြတ်ချက်ချမှတ်ခဲ့သည်။ ယင်းဆုံးဖြတ်ချက်ကို အကောင်အထည်ဖော်ရန် ပြည်နယ်အခြေခံဥပဒေအားပြင်ဆင်ရေးအတွက်အဆိုတင်သွင်းရန်လည်း ဆုံးဖြတ်ခဲ့သည်။ ပြည်နယ်အခြေခံဥပဒေကိုပြင်ဆင်ရေးအတွက် ပြည်နယ်လုံးကျွတ်ဆန္ဒခံယူပွဲဖြင့် ထောက်ခံမှုရယူရမည်ဖြစ်သည်။ ထို့ပြင် လွှတ်တော်ရွေးကောက်ပွဲများအပြီးတွင် ပြည်နယ်လွှတ်တော်က ဒုတိယအကြိမ်ဆုံးဖြတ်ပေးရဦးမည်ဖြစ်သည်။ ထို့ကြောင့် ပြည်နယ်အခြေခံဥပဒေပြင်ဆင်ရေးကို ၂၀၀၅ ခုနှစ်မတိုင်မီပြုလုပ်နိုင်ဖွယ်မရှိပေ။အမေရိကန်ပြည်ထောင်စု၌လိင်တူချင်းလက်ထပ်မှု၊ယောကျ်ားလျာချင်း၊မိန်းမလျာချင်းလက်ထပ်မှုကိစ္စသည်တရားဥပဒေလောက၊ဘာသာရေးလောက၊ လူမှုရေးနှင့် နိုင်ငံရေးလောကတို့၌များစွာအငြင်းပွားနေသော ကိစ္စဖြစ်သည်။

ဧပြီလ ၈ ရက်နေ့တွင် ကွန်ဒိုလီဇာရိုက်စ်သည် စက်တင်ဘာ ၁၁ ကော်မရှင်ရှေ့မှောက်၌ သက်သေခံထွက်ဆိုခဲ့သည်။ သူမက ထွက်ဆိုရာတွင် ဇန်နဝါရီလကမှ တက်လာသော အစိုးရအဖွဲ့အပေါ် စက်တင်ဘာ ၁၁ အရေးအခင်းအတွက်အပြစ်ဖို့ခြင်းမှာမမှဒီဌာန်မကျကြောင်း၊စနစ်ကို၌က ချွတ်ယွင်းနေသောထောက်လှမ်းရေးအဖွဲ့များအား မပြုပြင်နိုင်ခဲ့သည်ကို အပြစ်မတင်သင့်ကြောင်း၊ ဘုရှ်အစိုးရအဖွဲ့၌ စက်တင်ဘာ ၁၁ အရေးအခင်း မဖြစ်ပေါ်အောင် တားဆီးနိုင်သည့် ငွေကျည်ဆန် (Silver bullet) မရှိကြောင်း (ငွေကျည်ဆန် ဆိုသည်မှာ အရေးယူမှုတစ်ချက်တည်း၊ မဟာဗျူဟာတစ်ခုတည်းကို ဆိုလိုသည်။) စသည်များကို ပြောဆိုခဲ့သည်။ သက်သေခံထွက်ဆို ချိန်သုံးနာရီကြာသည်။ ထိုသို့သက်သေခံထွက်ဆိုခြင်းကို ရုပ်မြင်သံကြားမှလည်း ပြသခဲ့သည်။


ဧပြီလ ၂၉ ရက်နေ့တွင် သမ္မတဘုရှ်နှင့် ဒုတိယသမ္မတ ဒစ်ချေးနေးတို့သည် သမ္မတ၏ အိမ်ဖြူတော်ရုံးခန်းမှာပင် ကော်မရှင်ရှေ့မှောက်၌ သက်သေခံထွက်ဆိုခဲ့ကြသည်။ ဤသို့ကော်မရှင်အဖွဲ့ဝင်များ၏ မေးမြန်းချက်များကို သမ္မတက ဖြေဆိုခြင်းမှာတရားဝင် သက်သေခံထွက်ဆိုခြင်းမဟုတ်ဘဲ သီးသန့်သဘော (Private) ဖြစ်သည်။ အခြေခံဥပဒေတွင် အာဏာသုံးရပ်သီးသန့်ပိုင်းခြားထားမှုအရ အုပ်ချုပ်ရေးအကြီးအကဲဖြစ်သော သမ္မတသည် ဥပဒေပြုရေး အာဏာကို ကိုယ်စားပြုသော ကော်မရှင်ရှေ့မှောက်၌ မလွဲမရှောင်သာ သက်သေထွက်ဆိုခြင်းပြုရန် မလိုပေ။ ထို့ကြောင့် သမ္မတဘုရှ်သည် ကော်မရှင်နှင့် ပုဂ္ဂလိကသီးသန့်သဘောတွေ့ဆုံခြင်းသာဖြစ်ပေသည်။ မေးမြန်းဖြေဆိုမှုများကို တရားဝင်မှတ်တမ်းထုတ်ခြင်းမပြုခဲ့ပေ။

ဧပြီလအတွင်းက ပေါ်ထွက်လာသောသတင်းများအရ အီရတ်နိုင်ငံ၊ဘဂ္ဂဒက်မြို့ရှိဘူဂရိတ်အကျဉ်းထောင်၌ အီရတ်အကျဉ်းသားများ အရှက်တကွဲအကျိုးနည်းခံနေရကြောင်းသိရှိလာရသည်။ အဝတ်မပါဗလာကျင်းထားသော အကျဉ်းသားများ၏ ပုံများ၊ အမေရိကန်အမျိုးသမီးအစောင့်တပ်သားတစ်ဦးက ကိုယ်လုံးတီးအီရတ်အကျဉ်းသား၏ ယောကျ်ားတန်ဆာကို မြှူဆွေနေပုံများ၊ အကျဉ်းသားများညှဉ်းပန်းနှိပ်စက်ခံနေရပုံများကို စာနယ်ဇင်းများ၌ ဖော်ပြပါရှိခဲ့သည်။ ဤသို့ယုတ်ညံ့သိမ်ဖျင်း၍ ရှက်ဖွယ်လိလိဖြစ်သော သတင်းနှင့်စပ်လျဉ်း၍ မေလ ၆ ရက်နေ့တွင် အဘူဂရိတ်အကျဉ်းထောင်၌ အီရတ်အကျဉ်းသားများ ချိုးချိုးနှိမ်နှိမ်ညှဉ်းပန်းခံနေရမှုများအတွက် ဝမ်းနည်းကြောင်း သမ္မတဘုရှ်က ဝန်ချတောင်းပန်ခဲ့သည်။ မေလ ၇ ရက်နေ့တွင် ကာကွယ်ရေးဝန်ကြီး ရမ်းစ်ဖဲလ်ကလည်း

ထိုဖြစ်ရပ်များအတွက် ၎င်းတွင်လုံးဝတာဝန်ရှိကြောင်း ဝန်ချတောင်းပန်ခဲ့သည်။

အဘူဂရိတ် အကျဉ်းထောင်တွင်းဖြစ်ရပ်များနှင့် စပ်လျဉ်း၍ စုံစမ်းစစ်ဆေးရန် ဗိုလ်ချုပ်အန်တိုနီယို တာဂူဘာကို တာဝန်ပေးခဲ့သည်။ မေလဆန်းတွင် တာဂူဘာ၏ အစီရင်ခံစာပါလျှို့ဝှက်ချက်များသည် ပေါက်ကြားထွက်ပေါ်လာခဲ့သည်။ မေလထုတ် New Yorken မဂ္ဂဇင်းက ထိုသို့ပေါက်ကြားပေါ်ထွက်လာသော အစီရင်ခံစာပါအချက်အချို့ကို ဖော်ပြခဲ့သည်။ အကျဉ်းသားသက်သေများကို စစ်ကြောမေးမြန်းရာတွင်လိုချင်သောအဖြေများရရှိရေးအတွက်အကျဉ်းသားများအား ရုပ်ပိုင်းနှင့် စိတ်ပိုင်းအခြေအနေများကို စိမ်ဖန်တီးခဲ့သည်။ ယင်းသို့ စိမ်ဖန်တီးရေးပြုလုပ်ရန် အမေရိကန်စစ်တပ်ထောက်လှမ်းရေးအရာရှိများနှင့် စိုးရိုင်အေအရာရှိများက ညွှန်ကြားခဲ့ကြောင်းဖော်ပြထားသည်။ ဤလုပ်ရပ်များမှာ နိုင်ငံတကာဥပဒေကို ချိုးဖောက်ရာကျကြောင်း တာဂူဘာက အစီရင်ခံစာ၌ ရှုတ်ချဖော်ပြခဲ့သည်ဟုလည်း ပါရှိသည်။ အဘူဂရိတ် အကျဉ်းထောင်တွင်းဖြစ်ပေါ်နေသည့် အရေးကိစ္စများသည် အာရုပ်လောကနှင့် နိုင်ငံတကာနယ်ပယ်တွင် အမေရိကန်တို့အဖို့ အလွန်အရုပ်ဆိုး အကျည်းတန်စေခဲ့သည်။

မေလ ၂၄ ရက်နေ့တွင် သမ္မတဘုရှ်သည် အီရတ်စစ်ပွဲနှင့်ပတ်သက်၍ ပင်ဆယ်လ်ဗင်းနီးယားရှိ ကြည်းတပ်ကောလိပ်တွင် ရှင်းလင်းပြောကြားခဲ့သည်။ ယခုအခါ အီရတ်စစ်ပွဲသည် အကြမ်းဖက်မှုဆန့်ကျင်ရေးစစ်ပွဲ၌ ရှေ့တန်းဗဟိုစခန်းဖြစ်နေကြောင်း၊ အီရတ်တွင် ဒီမိုကရေစီဖော်ဆောင်ရေးအတွက်အဆင့် ၅ ဆင့် ချမှတ်ဆောင်ရွက်မည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။ ပထမအဆင့်မှာ ညွှန့်ပေါင်းယာယီအာဏာပိုင်အဖွဲ့က



အကြမ်းဖက်တိုက်ဖိုက်မည်ထင်သော သတင်းတကြောင့် "နယူးယောက်စတော့အိတ်ရိန်း" အဆောက်အအုံတို့ လုံခြုံရေးတပ်ဖွဲ့ဝင်များ စောင့်ကြပ်နေစဉ်

၂၆၃

အာဏာကို အီရတ်ကြားဖြတ်အစိုးရအဖွဲ့သို့ လွှဲပြောင်းပေးရေးဖြစ်သည်။ ဒုတိယအဆင့်မှာ အာဏာလွှဲပြောင်းပေးပြီးနောက်တည်ငြိမ်ရေးနှင့် လုံခြုံရေးတို့အတွက် အမေရိကန်စစ်တပ်များကို ပြောင်းရွှေ့နေရာချထားပေးရေးဖြစ်သည်။ တတိယအဆင့်မှာ အီရတ်၌ အရပ်သားအုပ်ချုပ်ရေးယန္တရားကို ပြန်လည် တည်ထောင်ပေးရေးဖြစ်သည်။ စတုတ္ထအဆင့်မှာ အီရတ်ရေးရာအမေရိကန်မူဝါဒကို နိုင်ငံတကာထောက်ခံမှုရရှိလာအောင် ဆောင်ရွက်ရေးဖြစ်သည်။ ပဥ္စမအဆင့်မှာ အီရတ်အမျိုးသားခေါင်းဆောင်များ ပေါ်ထွက်လာရေးအတွက် ရွေးကောက်ပွဲများကျင်းပပေးရေးဖြစ်သည်။


ဇွန်လ ၁၆-၁၇ ရက်နေ့များတွင် စက်တင်ဘာ ၁၁ ကော်မရှင်ကကြားဖြတ်အစီရင်ခံစာနှစ်စောင်ကို ထုတ်ပြန်ခဲ့သည်။ ဤကော်မရှင်သည် ယခင်ကလည်း ကြားဖြတ်အစီရင်ခံစာ ၁၇ စောင်ကို ထုတ်ပြန်ခဲ့ပြီးဖြစ်သည်။ ဇွန်လအတွင်းက ထုတ်ပြန်ခဲ့သည့် ပထမအစီရင်ခံစာတွင် စက်တင်ဘာ ၁၁ ဖြစ်ရပ်များနှင့် ပတ်သက်၍ အိမ်ဖြူတော်နှင့် စစ်တပ်အင်အားစုများ၏ တုံ့ပြန်အရေးယူမှုတို့ကို ဖော်ပြထားသည်။ ဒုတိယအစီရင်ခံစာ၌ အီရတ်မှ ဆက်ဒမ်အစိုးရအဖွဲ့နှင့် အယ်လ်ကိုင်ဒါတို့အကြား ဆက်စပ်မှုမရှိဟု ဖော်ပြထားသည်။ ဤအချက်မှာ ဆက်ဒမ်ဟူစိန်နှင့် အယ်လ်ကိုင်ဒါတို့အကြားဆက်သွယ်မှုရှိသည်ဟု တစိုက်မတ်မတ် စွပ်စွဲနေသော ဘုရှ်အစိုးရအဖို့များစွာ အထိနာစေခဲ့သည်။ ဆက်ဒမ်ဟူစိန်အစိုးရသည် လောကီရေးသက်သက်ဖြစ်ပြီး အစွလာမ်စစ်သွေးကြွဝါဒီတို့နှင့် ပူးပေါင်းခြင်းမရှိဟုအစီရင်ခံစာက ဖော်ပြထားသည်။ သို့သော် ဘုရှ်အစိုးရကမူ ဇာကာဝီ၏ လှုပ်ရှားမှုများကို ကိုးကားလျက် ဆက်ဒမ်နှင့် အယ်လ်ကိုင်ဒါတို့အဆက်အစပ်ရှိကြောင်း စွဲမြဲစွာရပ်တည်လျက်ရှိသည်။ စက်တင်ဘာ ၁၁ အရေးအခင်းတွင် ဆက်ဒမ်ဟူစိန်ပါဝင်ပတ်သက်ခြင်းမရှိမှုကိုမူ ဘုရှ်အစိုးရ လက်ခံထားသည်။

ဇွန်လ ၃ ရက်နေ့တွင် သမ္မတဘုရှ်က စီအိုင်အေညွှန်ကြားရေးမှူး ဂျော့တင်းနက်ရာထူးမှ နုတ်ထွက်သွားကြောင်း ကြေညာခဲ့သည်။

အမေရိကန်ပြည်ထောင်စုတွင် သမ္မတရာထူးသက်တမ်းနှစ်ခု ဆက်တိုက်ထမ်းဆောင်ခဲ့သော အသက် ၉၃ နှစ်အရွယ်ရှိ ရော်နယ်လ်ရေဂင်သည် အယ်လ်ဇိုင်းမားရောဂါဖြင့် ဇွန်လ ၅ ရက်နေ့က ကွယ်လွန်အနိစ္စရောက်ခဲ့သည်။ ရေဂင်သည် ရီပတ်ဘလီကန်ပါတီကို ကိုယ်စားပြုသော သမ္မတဖြစ်ခဲ့သည်။ သမ္မတဟောင်းရေဂင်အား နိုင်ငံတော် ဈာပနအခမ်းအနားဖြင့် သင်္ဂြိုဟ်ခဲ့သည်။

စက်တင်ဘာ ၁၁ အရေးအခင်းနှင့် ပတ်သက်သော အပြီးသတ်အစီရင်ခံစာသည် ဇူလိုင်လ ၂၂ ရက်နေ့ထွက်ပေါ်လာခဲ့သည်။ ထိုအစီရင်ခံစာ၌ အစိုးရယန္တရားတစ်ခုလုံးအနေဖြင့် တွေးဆမြော်မြင်မှု၊ မူဝါဒချမှတ်မှု၊ စွမ်းရည်ရှိမှု၊ စီမံခန့်ခွဲမှုတို့၌ ညံ့ဖျင်းသောကြောင့် အမေရိကန်ပြည်ထောင်စုအား အယ်လ်ကိုင်ဒါတို့၏ ခြိမ်းခြောက်မှုအန္တရာယ်မှ မကာကွယ်နိုင်ခဲ့ဟု ဝေဖန်သုံးသပ်ထားသည်။ စက်တင်ဘာ ၁၁ ကော်မရှင်ဥက္ကဋ္ဌ သောမတ်စ်ကိန်းက စက်တင်ဘာ ၁၁ တိုက်ခိုက်မှုထက် ပိုမိုကြီးမားသော အန္တရာယ်လာနိုင်ဖွယ်ရှိသည်ဟု ပြောကြားခဲ့သည်။

ဆီးနိတ်လွှတ်တော်မှ ထောက်လှမ်းမှုရေးရာကော်မတီကလည်း အီရတ်စစ်ပွဲမတိုင်မီထောက်လှမ်းရေးအခြေအနေများဆိုင်ရာ အစီရင်ခံစာကို ဇူလိုင် လ ၉ ရက်နေ့က ထုတ်ပြန်ခဲ့သည်။ ထိုအစီရင်ခံစာ၌ အမေရိကန်ထောက်လှမ်းရေးအဖွဲ့များက အီရတ်၌ ဓာတုနှင့် ဇီဝလက်နက်များရှိကြောင်း၊ နျူကလီယားလက်နက်များထုတ်လုပ်ရန်စီစဉ်ဆောင်ရွက်နေကြောင်း ဖော်ပြပါရှိခဲ့သည်။ ထောက်လှမ်းရေးအဖွဲ့များ၏ တွေ့ရှိချက်သည် တကယ်အမှန်အခြေအနေထက်ပိုမိုလွန်ကဲစွာ ဖော်ပြထားချက်များသာဖြစ်ကြောင်း၎င်းအစီရင်ခံစာက သုံးသပ်တင်ပြခဲ့သည်။



ဥရောပတိုက်သားတို့၏ ဆုံ့ဆန့်ကျင်ရေးဆန္ဒပြပွဲတစ်ရပ်


ဒီမိုကရက်တစ်သမ္မတလောင်းဖြစ်ရန် သေချာနေသော ဂျွန်ကယ်ရီက ဂျွန်အက်ဒ်ဝပ်အား ဒုတိယသမ္မတလောင်းအဖြစ်လျာထားလျက် သမ္မတရွေးကောက်ပွဲတွင် ပူးတွဲအရွေးခံမည်ဖြစ်ကြောင်း ဇူလိုင်လ ၆ ရက်နေ့က ကြေညာခဲ့သည်။

ဩဂုတ်လ ၂ရက်နေ့တွင်သမ္မတဘုရှ်ကအမျိုးသားထောက်လှမ်းရေး ညွှန်ကြားရေးမှူးရာထူးကို တိတွင်ခန့်အပ်နိုင်ရေးအတွက် ဥပဒေပြုပေးရန် ကွန်ဂရက်သို့ တင်ပြမည်ဟု ကြေညာခဲ့သည်။အမျိုးသားထောက်လှမ်းရေးညွှန်ကြားရေးမှူးသည် အမေရိကန်ပြည်ထောင်စုရှိ ထောက်လှမ်းရေး အဖွဲ့အစည်း ၁၅ ကို ကြီးကြပ်ကွပ်ကဲရမည်ဖြစ်သည်။ ဤသို့သော ရာထူးတိတွင်ခန့်ထားရေးကို စက်တင်ဘာ ၁၁ ကော်မရှင်က ထောက်ခံတင်ပြထားခဲ့သည်။ ထို့ပြင် အကြမ်းဖက်ဝါဒဆန့်ကျင်ရေး အမျိုးသားဗဟိုဌာနကိုလည်း ဖွဲ့စည်းဦးမည်ဟု သမ္မတဘုရှ်က ပြောခဲ့သည်။

အီရတ်ရှိ အဘူဂရိတ်အကျဉ်းထောင်တွင် မတော်မလျော်လုပ်မှုများ၊ အကျဉ်းသားတို့အား နှိပ်စက်ညှဉ်းပန်းမှုများတွင် အမေရိကန်စစ်တပ်မှအထက်တန်းအရာရှိအချို့လည်း ပါဝင်ပတ်သက်နေကြောင်းဩဂုတ်လအတွင်းက သတင်းများ ပိုမိုထွက်ပေါ်လာသည်။ အီရတ်အရေးကို စုံစမ်းနေသော စုံစမ်းရေးအဖွဲ့က လည်း အထက်တန်းအရာရှိအချို့၌ တာဝန်မကင်းကြောင်း ဖော်ပြလာကြသည်။

ဩဂုတ်လ ၃၀ ရက်နေ့တွင် ကျင်းပသော ရီပတ်ဘလီကန်ပါတီပြည်လုံးကျွတ်ညီလာခံက သမ္မတဘုရှ်အား ရီပတ်ဘလီကန်သမ္မတလောင်းအဖြစ် ဆန္ဒပေးခဲ့သည်။ စက်တင်ဘာလ ၂ ရက်နေ့တွင် ဘုရှ်က သမ္မတလောင်းအဖြစ် လျာထားခြင်းကို လက်ခံကြောင်း ကြေညာခဲ့သည်။ သမ္မတလောင်းလျာထားချက်ကို လက်ခံကြောင်း မိန့်ခွန်းပြောကြားရာ၌ သမ္မတဘုရှ်က အကြမ်းဖက်ဝါဒအပေါ် စစ်ဆင်ရာတွင် အမေရိကန်ပြည်ထောင်စုသည် ကမ္ဘာ့ကောင်းစားရေးအတွက် အကြီးမားဆုံးအင်အားဖြစ်ကြောင်း၊ လွတ်လပ်ရေးအတွက် ရပ်တည်နေခြင်းမှာ ကောင်းကင်ဘုံ၏ တာဝန်ပေးချက်အရဖြစ်ကြောင်းဖော်ပြခဲ့သည်။ ဒုတိယအကြိမ်သက်တမ်း၌ ၎င်း၏ ပြည်ထဲရေးမူဝါဒ ဦးစားပေးလုပ်ငန်းအဖြစ် အခွန်ပြုပြင်ရေးကို လုပ်ဆောင်သွားမည်ဖြစ်ကြောင်း၊ လူမှုဖူလုံရေးစနစ်အတွင်း ပုဂ္ဂလိကတစ်ဦးချင်း၏ ရင်းနှီးမြှုပ်နှံမှု ငွေစာရင်းထားရှိမှုကိုတည်ထောင်သွားမည်ဖြစ်ကြောင်းပြောကြားသည်။

အမေရိကန်သမ္မတရွေးကောက်ပွဲတွင် အစဉ်အလာများအတိုင်း သမ္မတလောင်းများ၏ စကားစစ်ထိုးပွဲများကို ပြုလုပ်ခဲ့သည်။ ဘုရှ်နှင့် ကယ်ရီတို့



တိုက်ပွဲပြုခြင်း အိရတ်တွင်ခြစ်ဖွာစေရသော စစ်ပွဲကိုရပ်တန့်စေရန် ဆုရှုရပ်ပြောင်ပုံဆွဲ၍ ဆန္ဒပြတောင်းဆိုနေစဉ်

အကြားစကားစစ်ထိုးပွဲသုံးကြိမ်ပြုလုပ်ရန် သဘောတူခဲ့ကြသည်။ စက်တင်ဘာလ ၃၀ ရက်နေ့က ပထမအကြိမ်စကားစစ်ထိုးပွဲကို ပိုင်ယာမီတက္ကသိုလ်၌ ကျင်းပခဲ့သည်။ ဝေဖန်အကဲခတ်သမားနှင့် လူထုဆန္ဒသဘောထားများအရ ဂျွန်ကယ်ရီသည် ဘုရှ်ထက်သာလွန်ကောင်းမွန်ကြောင်း သိရှိရသည်။

ဟာရီကိန်းမုန်တိုင်း လေးကြိမ်တိုက်ခတ်ခံခဲ့ရသော ဖလော်ရီဒါပြည်နယ်ကို သဘာဝဘေးအန္တရာယ်ကျရောက်သောဒေသအဖြစ် ပြည်ထောင်စုအစိုးရက စက်တင်ဘာလ ၂၇ ရက်နေ့တွင် ကြေညာခဲ့သည်။ မုန်တိုင်းများ၏ ဘေးအန္တရာယ်ကြောင့် လူသန်းပေါင်းများစွာမှာ အကြိမ်ကြိမ်ရွှေ့ပြောင်းခဲ့ကြရသည်။ လျှပ်စစ်ဓာတ်အားနှင့် ရေကောင်းရေသန့်များပြတ်တောက်ခဲ့ရသည်။ များစွာသေဆုံးခဲ့ရသည်။ ဒေါ်လာဘီလီယံ ၄၀ ခန့်ပျက်စီးဆုံးရှုံးခဲ့ရသည်။

သမ္မတလောင်းများအချင်းချင်း စကားစစ်ထိုးပွဲသုံးကြိမ်ပြုလုပ်ခဲ့သည်။ ပထမအကြိမ်စကားစစ်ထိုးပွဲကို ပိုင်ယာမီတက္ကသိုလ်၌ ဩဂုတ်လ ၃၀ ရက်နေ့က ပြုလုပ်ခဲ့သည်။ ပထမအကြိမ်တွင် သမ္မတလောင်းအချင်းချင်းအပြန်အလှန်ပြောဆိုခဲ့သည်။ ဒုတိယအကြိမ်စကားစစ်ထိုးပွဲကို မစ်ဇ်ုရီပြည်နယ်၊ စိန့်လူဝီ

မြို့တော်ခန်းမ၌ အောက်တိုဘာလ ၈ ရက်နေ့က ပြုလုပ်ခဲ့သည်။ ဒုတိယအကြိမ်၌ စကားစစ်ထိုးပွဲတက်ရောက်ရန် ရွေးချယ်ဖိတ်ခေါ်ထားသည့် ဝရိသတ်အတွင်းပုဂ္ဂိုလ်များ၏ မေးခွန်းများကို သမ္မတလောင်းများကဖြေဆိုခဲ့သည်။ တတိယအကြိမ် စကားစစ်ထိုးပွဲကို အရီဇိုးနားပြည်နယ် တက္ကသိုလ်ဝင်းအတွင်း၌ အောက်တိုဘာလ ၁၇ ရက်နေ့က ပြုလုပ်ခဲ့သည်။ တတိယအကြိမ်၌ သမ္မတလောင်းများသည် စကားပြောစင်မြင့်များ၌ ရပ်နေကြပြီးသမ္မတလောင်း နှစ်ဦးအကြားဆက်စပ်ပေးသူ၏ မေးခွန်းများကို ဖြေဆိုခဲ့ကြရသည်။ ယခင်နှစ်ကြိမ်ကအကြောင်းရာစုံဆွေးနွေးခဲ့ကြသော်လည်း နောက်ဆုံးတတိယအကြိမ်တွင် ပြည်တွင်းရေးကိစ္စများကိုသာ ဆွေးနွေးခဲ့ကြသည်။

အောက်တိုဘာလအတွင်း သမ္မတရွေးကောက်ပွဲအတွက် မဲဆွယ်လှုပ်ရှားကြရာတွင် အီရတ်စစ်ပွဲအရေးသည် အဓိကလွှမ်းမိုးနေခဲ့သည်။ အီရတ်စစ်ပွဲမစတင်မီအခြေအနေများမှအစ သမ္မတရွေးကောက်ပွဲကျင်းပနေချိန်အထိ ကာလအတွင်းဖြစ်ရပ်မျိုးစုံအပေါ် ဝေဖန်ပြောဆိုမှုများပြုခဲ့ကြသည်။

နိုဝင်ဘာလ ၂ ရက်နေ့တွင် သမ္မတရွေးကောက်ပွဲကို ကျင်းပခဲ့သည်။ မဲဆန္ဒပေးပိုင်ခွင့်ရှိသူ စုစုပေါင်း၏ ၆၀ ရာခိုင်နှုန်းခန့်ဖြစ်သော မဲဆန္ဒရှင် ၁၂၂ သန်းတို့က ဆန္ဒမဲပေးခဲ့ကြသည်။ဤရွေးကောက်ပွဲတွင် သမ္မတဘုရှ်သည် ထောက်ခံမဲ ၅၁ ရာခိုင်နှုန်းရရှိခဲ့ပြီး ဂျွန်ကယ်ရီက ၄၈ ရာခိုင်နှုန်းသာရရှိခဲ့သည်။ ဤကဲ့သို့ မဲဆန္ဒရှင်ပြည်သူတို့၏ ထောက်ခံမဲ ၅၁ ရာခိုင်နှုန်း ရရှိခဲ့သည့်အတွက် သမ္မတဘုရှ်အဖို့ ထူးခြားခဲ့သည်။ ပထမသက်တမ်းအတွင်းက ဘုရှ်သည် ပြည်သူ့ဆန္ဒမဲထောက်ခံမှုတွင် ရှုံးနိမ့်ခဲ့သောကြောင့်ဖြစ်သည်။

ယခုရွေးကောက်ပွဲတွင် သမ္မတဘုရှ်သည် ပြည်သူ့ဆန္ဒမဲ ၆၀၆၀၈.၅၈၂ (၅၁ ရာခိုင်နှုန်း) ရရှိခဲ့ပြီး ဂျွန်ကယ်ရီသည် ၅၇၂၈၈. ၀၇၄ (၄၈ ရာခိုင်နှုန်း)ရရှိခဲ့သည်။ ရွေးကောက်ပွဲကိုယ်စားလှယ် အစုအဖွဲ့မဲတွင် ဘုရှ်က ပြည်နယ် ၃၁ ခုမှ ထောက်ခံ မဲ ၂၈၆ မဲရရှိခဲ့ပြီး ဂျွန်ကယ်ရီကပြည်နယ် ၁၉ ခုမှ ထောက်ခံမဲ ၂၅၂ မဲရရှိခဲ့သည်။ ဤသို့ဖြင့် ဘုရှ်သည် သမ္မတရွေးကောက်ပွဲ၌ သိသိသာသာအနိုင်ရရှိခဲ့သည်။

အမျိုးသားစာပေတစ်သက်တာဆု၊ အမျိုးသားစာပေဆုနှင့် စာပေဗိမာန်စာမူဆု။ ။ပြန်ကြားရေးဝန်ကြီးဌာနက ကြီးမှူးကျင်းပသည့် ၂၀၀၃ ခုနှစ်အတွက် အမျိုးသားစာပေတစ်သက်တာဆု၊ အမျိုးသားစာပေဆုနှင့် စာပေဗိမာန်စာမူဆု ဆုချီးမြှင့်ပွဲအခမ်းအနားကို ၂၀၀၄ ခုနှစ်၊ ဒီဇင်ဘာလ ၁၂ ရက် (၁၃၆၆ ခုနှစ်၊ နတ်တော်လဆန်း ၁ ရက် စာဆိုတော်နေ့) တွင် ရန်ကုန်မြို့ မြို့မကျောင်းလမ်းရှိ အမျိုးသားဇာတ်ရုံ၌ ကျင်းပသည်။ အခမ်းအနားသို့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်တက်ရောက်အမှာစကားပြောကြားပြီး အမျိုးသားစာပေတစ်သက်တာဆုနှင့် အမျိုးသားစာပေဆုရ စာပေပညာရှင်များအား ဆုများကို ပေးအပ်ချီးမြှင့်သည်။

ဆုနှင်းသဘင်အခမ်းအနားသို့နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင်ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၏ဇနီး၊ ရန်ကုန်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ တရားသူကြီးချုပ်၊ ရှေ့နေချုပ်၊ ဝန်ထမ်းရွေးချယ် လေ့ကျင့်ရေးအဖွဲ့ဥက္ကဋ္ဌ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ အမျိုးသားစာပေတစ်သက်တာဆုနှင့် အမျိုးသားစာပေ ဆုစိစစ်ရွေးချယ်ရေးကော်မတီဝင်များ၊ စာပေဗိမာန်စာမူဆုစိစစ်ရွေးချယ်ရေးအဖွဲ့ဝင်များ၊ စာပေပညာရှင် များ၊ ဆုရပုဂ္ဂိုလ်များနှင့် မိသားစုများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

မြန်မာနိုင်ငံ စာပေဆုများတွင် အမျိုးသားစာပေဆုသည် နိုင်ငံ၏ အမြင့်ဆုံးစာပေဆုအဖြစ် သတ်မှတ်ရမည့်ဆု ဖြစ်သည်။ အမျိုးသားစာပေဆုမှာ ပြက္ခဒိန်တစ်နှစ်အတွင်း ထုတ်ဝေခဲ့သည့် စာအုပ်များထဲမှ သတ်မှတ်ထားသည့်စည်းကမ်းနှင့် ကိုက်ညီသော စာအုပ်များကို ဖတ်ရှုစိစစ်ရွေးချယ်ပြီးမှ ချီးမြှင့်သည့် ဆုဖြစ်သည်။ အမျိုးသားစာပေဆုစိစစ် ရွေးချယ်ရေးကော်မတီသည် ၂၀၀၃ ခုနှစ်အတွင်းထုတ်ဝေခဲ့သော ဘာသာရပ်အလိုက် စာအုပ်ပေါင်း ၁၇၂၄ အုပ်ကို အမျိုးသားစာပေဆုစိစစ်ရွေးချယ်ရေးမူ ၉ ချက်နှင့် စာပေဆုဆိုင်ရာစည်းကမ်းများအတိုင်း စိစစ်လေ့လာဖတ်ရှုသည်။

အမျိုးသားစာပေဆုအတွက် ဘာသာရပ် ၁၄ မျိုးမှာ ဝတ္ထုရှည်၊ ဝတ္ထုတိုပေါင်းချုပ်၊ ကဗျာပေါင်းချုပ်၊ စာပဒေသာ၊ မြန်မာ့ယဉ်ကျေးမှုနှင့် အနုပညာဆိုင်ရာစာပေ၊ ကလေးစာပေ၊ လူငယ်စာပေ၊ ဘာသာပြန် (သုတစာပေ)၊ ဘာသာပြန် (ရသစာပေ)၊ သုတပဒေသာ (ဝိဇ္ဇာ)၊ သုတပဒေသာ (နိုးနိုးသိပ္ပံ)၊ သုတပဒေသာ (အသုံးချသိပ္ပံ)၊ ပြဇာတ်စာပေ၊ နိုင်ငံရေး စာပေတို့ဖြစ်ကြသည်။ ၂၀၀၃ ခုနှစ်အတွက် အမျိုးသားစာပေဆုကို စိစစ်ရွေးချယ်ရာတွင် သတ်မှတ်ထားသည့် ဘာသာရပ် ၁၄ မျိုးတွင် အရည်အသွေးပြည့်မီသည့်အတွက်ဆုများဆွတ်ခူးရရှိကြသည်။

၁၉၆၂ ခုနှစ်မှစတင်ချီးမြှင့်ခဲ့သည့် အမျိုးသားစာပေဆုရ စာအုပ်အရေအတွက်မှာ ၂၀၀၃ ခုနှစ်အထိ ဆုပေါင်း ၃၉၇ ဆုရှိပြီဖြစ်သည်။ မြန်မာနိုင်ငံတွင် နှစ်စဉ်ပုံနှိပ်ထုတ်ဝေသည့်စာအုပ်၊ စာစောင်၊ မဂ္ဂဇင်း၊ ကျာနယ် အမျိုးပေါင်းမှာခြောက်ထောင်ကျော်ခန့်ရှိနေပြီဖြစ်သည်။



အတွင်းရေးမှူး (၁)က အမျိုးသားစာပေဆုရှင် ဒေါက်တာမတင်ဝင်းအား ဆုချီးမြှင့်စဉ်

စာပေဗိမာန်စာမူဆုစိစစ်ရွေးချယ်ရေးအဖွဲ့သည် ၂၀၀၃ ခုနှစ်အတွက် တင်သွင်းသော ပြိုင်ပွဲဝင်စာမူပေါင်း ၁၅၃ စောင်ကို ဖတ်ရှုစိစစ်ခဲ့သည်။ ယင်းစာမူများကို စာပေဗိမာန်စာမူဆုစိစစ်ရွေးချယ်ရေးအဖွဲ့သည် စာပေဗိမာန်စာမူဆုစိစစ်ရွေးချယ်ရေးဆိုင်ရာ မူကိုးချက်နှင့်အညီ စိစစ်ရွေးချယ်ခြင်းဖြစ်သည်။ စာပေဗိမာန်စာမူဆုအတွက် ဘာသာရပ် ၁၂ မျိုးဖြစ်သည့် ဝတ္ထုရှည်၊ ဝတ္ထုတိုပေါင်းချုပ်၊ ကဗျာပေါင်းချုပ်၊ စာပဒေသာ၊ ကလေးစာပေ၊ လူငယ်စာပေ၊ ပြဇာတ် စာပေ၊ နိုင်ငံရေးစာပေ၊ ဘာသာပြန်စာပေ၊ သုတပဒေသာ (ဝိဇ္ဇာ) ပညာ

ရပ်၊ သုတပဒေသာ (သိပ္ပံနှင့် အသုံးချသိပ္ပံပညာရပ်)နှင့် မြန်မာ့ယဉ်ကျေးမှုနှင့် အနုပညာဆိုင်ရာစာပေဟူ၍ သတ်မှတ်ပြဋ္ဌာန်းထားသည်။ ယင်းဘာသာရပ် ၁၂ မျိုးရှိသည့်အနက် ဘာသာရပ် ၉ မျိုးအတွက် ဆုပေါင်း ၂၅ ဆုကို စိစစ် ရွေးချယ်နိုင်ခဲ့သည်။ နိုင်ငံရေးစာပေ၊ ပြဇာတ်စာပေနှင့် ဘာသာပြန်စာပေ ဘာသာရပ် ၃ မျိုးမှာမူ ဆုရွေးချယ် ရရှိခြင်းမရှိပေ။

ဆုပေးပွဲအခမ်းအနားတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး (၁) က ၂၀၀၃ ခုနှစ်အတွက် အမျိုးသားစာပေတစ်သက်တာဆုရ စာရေးဆရာကြီးဦးဌေးမောင်(ဌေးမောင်)အား ဆုပေးအပ်ချီးမြှင့်သည်။

ထို့နောက် ၂၀၀၃ ခုနှစ်အတွက် စာပေဗိမာန် စာမူဆုရ စာရေးဆရာများအားတိုင်းမှူးနှင့်တကွဝန်ကြီးများ၊ ဒုတိယဝန်ကြီးများက ဆုများကို အသီးသီးပေးအပ် ချီးမြှင့်ကြသည်။

၂၀၀၃ ခုနှစ်အတွက် အမျိုးသားစာပေဆုရရှိကြသူများ

စဉ်	ဘာသာရပ်	စာအုပ်အမည်	စာရေးသူ
၁	ဝတ္ထုရှည်	နံနက် (၃) နာရီ	ဆောင်းဝင်းလတ်
၂	ဝတ္ထုတို ပေါင်းချုပ်	ဖက်စိမ်းကွမ်းတောင် ရွှေဝတ္ထုတိုများ	ခင်ခင်ထူး
၃	ကဗျာ ပေါင်းချုပ်	မေတ္တာရိပ်နန်း ပန်းရောင်စုံကဗျာများ	စလင်းဘုန်းကျော်
၄	စာပဒေသာ	အမျိုးသမီးစာဆို လောကနှင့် ဘဝ ကြေးမုံ	ဒေါ်မိမိလေး
၅	မြန်မာ့ ယဉ်ကျေးမှု နှင့်အနုပညာ ဆိုင်ရာစာပေ	မြန်မာ့ရှေးဟောင်း မင်စာနှင့် မြန်မာ့ ယဉ်ကျေးမှု	မောင်သစ္စာ
၆	ကလေးစာပေ	လောကနီတိ ကဗျာများ	မြင့်မှူမောင်နိုင်မိုး

၂၀၀၃ ခုနှစ်အတွက် စာပေဗိမာန်စာမူဆုရရှိကြသူများ

စဉ်	ဘာသာရပ်	စာမူအမည်	စာရေးသူ
၁	ဝတ္ထုရှည် (ပထမဆု)	အိပ်မက်လှလှမက် ပါစေ	အောင်လင်းလတ် (ဥက္ကလာ)
	ဝတ္ထုရှည် (ဒုတိယဆု)	လင်းလက်ကြယ်တို့ ပျော်ရာမြေ	တွင်းကြီးသား တင်ဝင်းဦး
	ဝတ္ထုရှည် (တတိယဆု)	ပုံတောင်သားတို့၏ ဂုဏ်ဆောင်ဓား	အောင်သူရိန် (ပုလဲ)
၂	ဝတ္ထုတို ပေါင်းချုပ် (ပထမဆု)	အောင်စေပိုင်စေနှင့် အခြားဝတ္ထုတိုများ	မြေလတ်မင်းလွင်
	(ဒုတိယဆု)	နှလုံးသားရွှေအမြွေတေ	နေစိုးသော်

စဉ်	ဘာသာရပ်	စာမူအမည်	စာရေးသူ
	(တတိယဆု)	ပြုံးပန်းတစ်ရာပွင့် ရှာပြီလေနှင့်အခြား ဝတ္ထုတိုများ	သက်သက်သင်း (ပညာရေး)
၃	ကဗျာ ပေါင်းချုပ် (ပထမဆု)	နှင်းနုညအလှ ဖူးသစ် ကဗျာများ	ဇာနည်
	(ဒုတိယဆု)	အရိမဒ္ဒနတိုင်း အနှိုင်းမဲ့ရွှေပြည်	တင့်ထွန်း (ချောက်)
	(တတိယဆု)	နရကကဗျာများ	မကျည်းတန် (လွိုင်ကော်)
၄	သုတပဒေသာ (ဝိဇ္ဇာပညာရပ်) (ပထမဆု)	အမျိုးသမီးများသိမှတ် ဖွယ်ရာဥပဒေရေးရာ	သတင်းထောက် သောင်းညွှန့် (ဖျာပုံ)
	(ဒုတိယဆု)	ပင်းယ၊ အင်းဝခေတ် မြန်မာစာပေ	ထန်လှိုင်
	(တတိယဆု)	စာပေဗိမာန်စာတမ်း များ တစ့ဝတစောင်း	ယမင်း
၅	သုတပဒေသာ (သိပ္ပံနှင့် အသုံးချသိပ္ပံ) (ပထမဆု)	သတင်းအချက်အလက် နှင့်ဆက်သွယ်ရေးနည်း ပညာဖွံ့ဖြိုးတိုးတက် ရေးမှသည် e-Government ဆီသို့	မောင်မောင်မြင့်သိန်း (စက်မူတက္ကသိုလ်)
	(ဒုတိယဆု)	ဘေးကင်းစာကို စားကြစို့	ဒေါက်တာ တင်တင်မြိုင်
	(တတိယဆု)	ငွေရောင်လူသားများ	ဒေါက်တာမြင့်သန်း (ညောင်လေးပင်)
၆	စာပဒေသာ (ပထမဆု)	မြို့မဆရာကြီး ဦးဘလွင်(သို့)အမျိုး သားပညာရေးနိဒါန်း အစ	မြို့မ မြင့်ကြွယ်
	(ဒုတိယဆု)	လူမှုစီးပွား၊ စက်မှုနှင့် ပတ်ဝန်းကျင်	ရွှေနဂါးတင်ဝင်း
	(တတိယဆု)	မြင်စိုင်းအလွန်	မောင်ချစ်ထွေး (မဟာဝိဇ္ဇာ)
၇	မြန်မာ့ ယဉ်ကျေးမှုနှင့် အနုပညာ ဆိုင်ရာစာပေ (ပထမဆု)	မေယုတောင်စွယ် ကြားမှ သွေးချင်း မောင်မယ်များ	သျှင်ထွေးယဉ် (မနုဿ)
	(ဒုတိယဆု)	ကမ္ဘာ့ဂီတသင်္ကေတ သမိုင်း	သက်နွယ် (ယဉ်ကျေးမှု တက္ကသိုလ်)
	(တတိယဆု)	ရုပ်ရှင်သမိုင်းနှင့် မြန်မာ့ရုပ်ရှင်မှတ်တမ်း	အေးအေးစိုး (ဖျာပုံ)
၈	ကလေးစာပေ (ပထမဆု)	ကလေးများအတွက် ပတ်ဝန်းကျင်မှ လျှပ်စစ်သုတ	သိပ္ပံစိုးမြင့်နိုင်
	(ဒုတိယဆု)	ရတနာဆည်းလည်း မြမျက်ရွဲကဗျာများ	မောင်သက်နှင်း (မ/ဥ)
	(တတိယဆု)	ကဗျာလည်းသင် ပညာသင်	ပန်းတနော် နောင်လတ်
၉	လူငယ်စာပေ (ဒုတိယဆု)	မြေကိုလျှိုး၍ မိုးကို ပျံမည်	ပုသိမ်အောင်သန်းဦး

အရှေ့အလယ်ပိုင်းဒေသ။ ။ အရှေ့အလယ်ပိုင်းဒေသသည် အာရှနှင့် ဥရောပတို့အကြား၌ တည်ရှိ ပြီး ရေနံစိမ်းကြွယ်ဝသော ဒေသဖြစ်၍ ပထဝီနိုင်ငံရေး သဘောအရ အရေးပါသော ဒေသဖြစ်သည်။ ခရစ်ယာန်နှင့် အစ္စလာမ်ဘာသာတို့စတင်ပေါက်ဖွားရာဒေသဖြစ်ပြီး ဘာသာရေး၊ လူမျိုးရေးပဋိပက္ခများသည်ရှေးပဝေသဏီမှစ၍ ယခုတိုင်မကြေလည်သေးသော ဒေသလည်းဖြစ်သည်။ ပင်ရင်းဓာတ်ခံအားဖြင့် အရှုပ်အထွေးများရှိနေသည့်အပေါ် အင်အားကြီးနိုင်ငံများက ဤဒေသတွင် သြဇာအာဏာလွှမ်းမိုးရန် ယှဉ်ပြိုင်ကြိုးပမ်းနေမှု

တို့ကြောင့်လည်းရှုပ်သည်ထက်ရှုပ်နေသောဒေသလည်းဖြစ်သည်။ ဒေသတွင်းအကြမ်းဖက်မှုများ၊ မကျေနပ်မှုများ ချိုးနှိမ်ခံထားရမှုများကြောင့် နိုင်ငံတကာအကြမ်းဖက်ဝါဒတိုက်ဖျက်ရေးတွင် ဤဒေသသည် နိုင်ငံတကာအာရုံစူးစိုက်ရာဒေသဖြစ်နေသည်။

ဤဒေသတွင် အစ္စရေး၊ ပါလက်စတိုင်းပဋိပက္ခ ကို အကြောင်းပြု၍ ဒေသတစ်ခွင်လုံး မတည်မငြိမ်ဖြစ်နေသည်။ ဤသို့ဖြစ်နေသည့်အတွင်း မကြာသေးမီက တစ်ခုတည်းသော မဟာအင်အားကြီးနိုင်ငံဖြစ်သော အမေရိကန်က လွတ်လပ်ရေး၊ ဒီမိုကရေစီရေး၊ လူ့အခွင့်အရေး၊ အမျိုးသား အမျိုးသမီးတန်းတူညီမျှရေးတို့ကို ရှေ့တန်းတင်လျက် အရှေ့အလယ်ပိုင်းဒေသတွင် အစိုးရအပြောင်းအလဲများ အပါအဝင် ပြုပြင်ပြောင်းလဲမှုများကို ဖော်ဆောင်မည်ဟု ဆိုခဲ့သည်။ ဤသို့ အမေရိကန်တို့၏ အရှေ့အလယ်ပိုင်းဒေသမြော်မြင်မှုကို အကြောင်းပြုပြီးဒေသတွင်းသဘောထားကွဲလွဲမှုများ၊ ဆူပူလှုပ်ရှားမှုများ ပိုမိုဖြစ်ပေါ်လာသည်။

ဤဒေသတွင် အစ္စရေးသည်သီးခြားနိုင်ငံအဖြစ် ရပ်တည်နေသော်လည်း အာရပ်နိုင်ငံအနှံ့အပြားတွင် ရောက်ရှိနေကြသောပါလက်စတိုင်းတို့အတွက်သီးခြားနိုင်ငံအဖြစ် မရပ်တည်နိုင်သေးဘဲဖြစ်နေသည်။အာရပ်စစ်သွေးကြွများ၊ ပါလက်စတိုင်းစစ်သွေးကြွများသည် ယင်းတို့၏နယ်မြေအပေါ် ကျူးကျော်နေသည့် အစ္စရေးတို့အား အနှုနည်း၊ အကြမ်းနည်းများဖြင့် တုံ့ပြန်လျက်ရှိကြသည်။ အစ္စရေးတို့ကလည်းအင်အားလွန်ကဲစွာသုံးလျက် စစ်သွေးကြွများအား တိုက်ခိုက်ချမှုန်းသည်။ အစ္စရေး-ပါလက်စတိုင်းပဋိပက္ခသည် ပတ်ဝန်းကျင်ရှိ အာရပ်နိုင်ငံများနှင့်လည်း ဆက်စပ်နေသည်။ ဤပဋိပက္ခဖြေရှင်းရေးအတွက် ကုလသမဂ္ဂ၊ အမေရိကန်၊ ဩတီန်၊ ရုရှားနှင့် အာရပ်ကမ္ဘာကလည်း ပါဝင်ပတ်သက်နေကြသည်။ သို့ဖြစ်၍ အရှေ့အလယ်ပိုင်းဒေသတွင် အစ္စရေး-ပါလက်စတိုင်းအရေးသည် ဗဟိုချက်မဖြစ်နေသည်။ ထို့ကြောင့် အစ္စရေးနှင့် ပါလက်စတိုင်းတို့၏ဖြစ်ရပ်များကို ဆက်လက်ဖော်ပြသွားမည်ဖြစ်ပါသည်။

အစ္စရေး- ဇနန ဝါရီလအတွင်းက ဝန်ကြီးချုပ်ရာရွန်သည် ငွေကြေးအရှုပ်တော်ပုံများဖြင့် စွပ်စွဲခံခဲ့ရသည်။ နိုင်ငံခြားရေးဝန်ကြီးအဖြစ် တာဝန်ထမ်းဆောင်စဉ် ကဒေးဗစ်အက်ပဲလ်ဆိုသူက ၎င်း၏သားထံသို့ လာဘ်ငွေ ဒေါ်လာ ၅ သိန်းကျော်ပေးခဲ့သည်ဟု ဆိုသည်။



ဗဲရုတ်သို့ဆေးကုသရန် မထွက်ခွာမီ ဗံလတ်စတိုင်းထူထူကို နှုတ်ဆက်နေသော အာရာဇတ်

ဂရိအစိုးရထံမှ အခွင့်အရေးရရှိရေးအတွက် လာဘ် ပေးခဲ့သည်ဟုဆိုသည်။ ဤအမှုဖြင့် အစိုးရရှေ့နေများက ဒေးဗစ်အက်ပဲလ်အပေါ်စွဲချက်တင်ခဲ့သည်။ ရှာရွန်ကမူ လာဘ်ယူမှုကို ငြင်းဆိုခဲ့သည်။ ထို့ပြင် ရှာရွန်သည် ရွေးကောက်ပွဲလှုပ်ရှားမှု ရန်ပုံငွေများကို အလွဲသုံးစားပြုမှုဖြင့်လည်း စုံစမ်းစစ်ဆေးခံခဲ့ရသည်။

ဇန်နဝါရီလအတွင်း အစွန်ရေးနှင့် တူရကီတို့သည် ရေနှင့်လက်နက်ရောင်းဝယ်ဖလှယ်ရေးစာချုပ်ကို ချုပ်ဆိုခဲ့ကြသည်။ ဤစာချုပ်အရ တူရကီသည် အစွန်ရေးသို့ ရေသန့်များရောင်းချပေးမည်ဖြစ်သည်။ အစွန်ရေးကလည်း တူရကီသို့ တင့်ကားများနှင့် လေတပ်နည်းပညာများကို ရောင်းချပေးမည်ဖြစ်သည်။

ဧပြီလက ၁၉၈၈ ခုနှစ်တွင် ဖမ်းဆီးထောင်ချထားခဲ့သူ အဏုမြူနည်းပညာရှင် မော်ဒီချိုင်ဟန္နန အားထောင်မှ လွှတ်ပေးခဲ့သည်။ ၁၉၈၆ ခုနှစ်တွင် ဟန္နန်ကအစွန်ရေးသည် နက်ဂက်ဗ်သဲကန္တာရအတွင်း၌ အဏုမြူလက်နက်အစိတ်အပိုင်းများ ထုတ်လုပ်နေသည်ဟု ဖော်ပြခဲ့သည်။ ထို့ကြောင့် ဟန္နန်အား ထောင်ချခဲ့ခြင်းဖြစ်သည်။ ထောင်မှလွှတ်ပေးသည်ဆိုသော်လည်း နေအိမ်တွင်အကျယ်ချုပ်ဖြင့် ကန့်သတ်ထားခဲ့သည်။

အမေရိကန်၏ အကြံပေးချက်ဖြင့် ရှာရွန်သည် ဂါဇာကမ်းမြောင်ရှိ ဂျူးအခြေစိုက်နေရာချထားမှုများကို ဖျက်သိမ်းရန် အဆိုပြုခဲ့သည်။ ဝန်ကြီးအများစုက ရှာရွန်၏ အစီအစဉ်ကို ဆန့်ကျင်ခဲ့ကြသည်။ သို့ရာတွင် ဇွန်လ ၆ ရက်နေ့၌ ရှာရွန်၏အစီအစဉ်ကို ဝန်ကြီးအဖွဲ့က သဘောတူပေးခဲ့သည်။ ဂျူးအခြေစိုက်စခန်းများကို ၄ သုတ်ခွဲလျက် အချိန်ကာလကိုလည်း ၂၀၀၅ ခု မတ်လ အထိ ရွှေ့ဆိုင်းပေးရန် ရှာရွန်၏ဘက်မှ လိုက်လျောပေးခဲ့ရသည်။ ဂါဇာကမ်းမြောင်တွင် ဂျူးအခြေစိုက် နေထိုင်သူပေါင်း ၇၅၀၀ ကျော်ရှိပြီး အနောက်ဘက် ကမ်းခြေ၌ ၂ သိန်းကျော်ရှိသည်။ ဂျူးအခြေစိုက် နေထိုင်သူများက ရှာရွန်၏အစီအစဉ်ကို အပြင်းအထန် ဆန့်ကျင်ကြသည်။

အစွန်ရေးတို့သည် အနောက်ဘက်ကမ်းခြေ၌ ကီလိုမီတာ ၇၂၀ ရှည်လျားသော လုံခြုံရေးတံတိုင်း ဆောက်ရန် စတင်ပြုလုပ်ခဲ့သည်။ ဤသို့ဆောက်လုပ်ခြင်းသည် ယင်းတို့၏ စီးပွားရေးနှင့် လူမှုရေးကို ထိခိုက်သည်ဆိုပြီး ပါလက်စတိုင်း ၃၅၀၀ တို့က တရားရုံးသို့တိုင်တန်းခဲ့သည်။ ဇွန်လ ၃၀ ရက်နေ့တွင် အစွန်ရေးတရားရုံးချုပ်က လုံခြုံရေးတံတိုင်းဆောက်ခြင်းသည် ပါလက်စတိုင်း၏ လူ့အခွင့်အရေးကို ချိုးဖောက်သည်ဟု ဆုံးဖြတ်ခဲ့သည်။ တံတိုင်းဆောက်လုပ်မှုလမ်းကြောင်းကိုလည်းပြင်ဆင်ပြောင်းလဲပေးရန်အမိန့်ချမှတ်ခဲ့သည်။ ဇူလိုင်လ ၉ ရက်နေ့တွင် နယ်သာလန်နိုင်ငံရှိ နိုင်ငံတကာတရားရုံးကလည်း တံတိုင်းဆောက်ခြင်းသည် သိမ်းပိုက်ထားသော ပါလက်စတိုင်းနယ်မြေအတွင်း၌ဖြစ်၍ နိုင်ငံတကာဥပဒေကို ချိုးဖောက်ပြီး ပါလက်စတိုင်းနယ်မြေကို သိမ်းပိုက်ရာရောက်ကြောင်း ဆုံးဖြတ်ခဲ့သည်။

ဇူလိုင်လဆန်းပိုင်းတွင် နိုင်ငံတကာအဏုမြူစွမ်းအင်အေဂျင်စီမှ အကြီးအကဲမူဟာမက် ဘာရာဒေးသည် အစွန်ရေးသို့ရောက်ရှိလာသည်။ အစွန်ရေးသည် ၎င်း၏ "မဟာဗျူဟာမြောက် ဒွိဟဖြစ်ရေး" (Strategic ambiguity) မူအရ အဏုမြူလက်နက်များရှိသည်ဟု ဝန်ခံခြင်းမပြုသကဲ့သို့ ငြင်းဆိုခြင်းလည်း မပြုဘဲနေခဲ့သည်။ နိုင်ငံတကာ ကျွမ်းကျင်သူများကမူ အစွန်ရေး၌ အဏုမြူထိပ်ဖူးပေါင်း ၂၀၀ ခန့်ရှိမည်ဟု ခန့်မှန်းကြသည်။

ကိုယ်စားလှယ်ပေါင်း ၁၂၀၀ တက်ရောက်သော လိကွဒ်ပါတီညီလာခံက ဩဂုတ်လ ၁၈ ရက်နေ့တွင် ဂါဇာကမ်းမြောင်မှ တစ်ဖက်သတ်ဆုတ်ခွာပေးရေးဟူသော ရှာရွန်၏ အစီအစဉ်ကို ပယ်ချခဲ့သည်။ သို့ရာတွင် ရှာရွန်က တစ်ဖက်သတ်ဆုတ်ခွာပေးရေး အစီအစဉ်ကို သူတစ်ဦးတည်းကတာဝန်ခံလျက်ဆက်လက်


ဆောင်ရွက်မည်ဖြစ်ကြောင်းပြောခဲ့သည်။ ဩဂုတ်လ ၁၉ရက်နေ့တွင်အတိုက်အခံလေဘာပါတီခေါင်းဆောင် ရှီမွန်ပီရက်ဇ်က အထွေထွေရွေးကောက်ပွဲများကို အချိန်စောစီး ကျင်းပပေးရန်တောင်းဆိုခဲ့သည်။ တစ်ချိန်တည်းမှာပင် အနောက်ဘက်ကမ်းခြေရှိ လုံခြုံရေးတံတိုင်းကိစ္စမှာလည်း အခြေအနေပိုမိုရှုပ်ထွေးလာနိုင်သဖြင့် အစိုးရက တရားရုံးချုပ်၏ စီရင်ချက်အတိုင်းလိုက်နာရန် ရှေ့နေချုပ်က တိုက်တွန်းခဲ့သည်။

အစွန်ရေးအကျဉ်းထောင်များတွင်ရှိနေကြသော ပါလက်စတိုင်းအကျဉ်းသား ၁၆၀၀ ကျော်တို့က ကန့်သတ်ချုပ်ချယ်မှုများ လျော့ပေးရေးအတွက် အစာငတ်ခံဆန္ဒပြခဲ့ကြသည်။ ကုလသမဂ္ဂမှ အရှေ့အလယ်ပိုင်းငြိမ်းချမ်းရေးဆိုင်ရာ ကိုယ်စားလှယ်ကလည်း နိုင်ငံတကာဥပဒေနှင့်အညီ အကျဉ်းသားများအားပြုမူဆက်ဆံရန် တိုက်တွန်းခဲ့သည်။ အစိုးရက လိုက်လျောမှုများပြုသဖြင့် အကျဉ်းသားများက သပိတ်လှန့်ခဲ့ကြသည်။

စက်တင်ဘာလ ၁၂ ရက်နေ့တွင် ထောင်သောင်းခြီသော ဂျူးအခြေစိုက်နေထိုင်သူများသည်ဂျရုဆလင်မြို့၌ စုရုံးဆန္ဒပြခဲ့ကြသည်။ ရှာရွန်၏ တစ်ဖက်သတ်ဆုတ်ခွာပေးရေးအစီအစဉ်နှင့်ပတ်သက်၍ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပပေးရန် တောင်းဆိုခဲ့ကြသည်။ တစ်ချိန်တည်းမှာပင် ဝန်ကြီးချုပ်ရှာရွန်က ဂျူးအခြေစိုက်နေထိုင်သူများနှင့် အစွန်းရောက်ရဟူဒီဘုန်းကြီးများသည် ပြည်တွင်းစစ်ဖြစ်ပေါ်စေရန် ဖန်တီးလှုံ့ဆော်နေကြသည်ဟု စွပ်စွဲလိုက်သည်။ အစိုးရသည် ဂါဇာမှဆုတ်ခွာပေးသူ အခြေစိုက်နေထိုင်သူများအတွက် ပေးထားပြီး လိုက်လျောမှုများအပြင် ဒေါ်လာ ၂ သိန်းမှ ၅ သိန်း အထိပေးမည်ဟု ကြေညာခဲ့သည်။



အာရာဝတ်ကွယ်လွန်ဆွာဆာဖြင့် ဝမ်းနည်းနေကြသူများကို ဂျရုဆလင်မြို့တွင် တွေ့ရစဉ်



အာရာဝတ်ကျန်းမာရေးအခြေအနေဆိုးဝါးနေစဉ် ၎င်း၏အရိုက်အရာကို ဆက်ခံဖွယ်ရှိသည်တူ သတင်းကြီးနေသူ အဘတ်စ် (ယာ)

အောက်တိုဘာလအတွင်း အစ္စရေးလွှတ်တော်၌ အကျိတ်အနယ်ဆွေးနွေးပြီးနောက်ဂါဇာမှ အခြေစိုက်စခန်း ၂၁ ခုလုံးနှင့်အနောက် ဘဏ်ကမ်းခြေမှ စခန်း ၄ ခုတို့ကို တစ် ဖက်သတ် ဖျက်သိမ်းဆုတ်ခွာပေးရေးအတွက် ၆၃ မဲ ၄၅ မဲဖြင့် အတည်ပြုဆုံးဖြတ်ပေးခဲ့သည်။ နိုဝင်ဘာလ ၃ ရက်နေ့တွင် ဂျူးအခြေစိုက်စခန်းများမှ ဆုတ်ခွာပေးသူတို့အတွက် လျော်ကြေးပေးရေး ဥပဒေကြမ်းကိုလွှတ်တော်ကအတည်ပြုခဲ့သည်။ အဆိုပါ ဥပဒေကြမ်း၌ ဆုတ်ခွာပေးရန် တက်ကြွစွာ ငြင်းဆန်သူများအား ထောင်ဒဏ် ၃ နှစ်အထိပေးရန် ရေးသားထားသည်။

ပါလက်စတိုင်း- ပါလက်စတိုင်းနှင့် အစ္စရေးတို့အကြား အဆက်ဖြတ်ထားရေးအစီအစဉ်အရ ဇန်နဝါရီလ ၃ ရက်နေ့တွင် အနောက်ဘက်ကမ်းခြေရှိ ဂျူးအခြေစိုက်စခန်းနှစ်ခုကို ဖျက်သိမ်းမည်ဖြစ်ကြောင်း၊ ဂိုလန်ကုန်းမြင့်၌ ဂျူးအခြေစိုက်စခန်းများတိုးချဲ့နေမှုကို ရပ်ဆိုင်းမည်ဖြစ်ကြောင်း ကြေညာခဲ့သည်။ဂျူးအခြေစိုက်စခန်းများနှင့် ပတ်သက်၍ နိုင်ငံတကာဝေဖန်ခံနေရမှုများကိုတုံ့ပြန်သည့်အနေဖြင့် ဤသို့ ကြေညာခြင်းဖြစ်ဟန်ရှိပေသည်။

ဇန်နဝါရီလ ၁၄ ရက်နေ့တွင် အစ္စရေးနှင့် ဂါဇာအကြားအဓိကဖြတ်ကူးသောနေရာ၌ အသက် ၂၂ နှစ်ရှိ ပါလက်စတိုင်းအမျိုးသမီးတစ်ဦး အသေခံပုံးခွဲသဖြင့် အစ္စရေးစစ်သားသုံးဦးသေဆုံးပြီး အခြားသူများအနည်းဆုံး ခုနစ်ဦးခန့် ဒဏ်ရာရသွားခဲ့သည်။ ဤလုပ်ရပ်နှင့်ပတ်သက်၍ ဟားမတ်စ်အဖွဲ့နှင့် အယ်လ်အတ်ဆာအာဇာနည်အဖွဲ့တို့က ၎င်းတို့၏ လက်ချက်ဖြစ်သည်ဟု ကြေညာခဲ့သည်။ လွန်ခဲ့သော ဆယ်လအတွင်း ပါလက်စတိုင်းများစွာကို သတ်ခဲ့ခြင်းအတွက် လက်စားချေခြင်းဖြစ်သည်ဟုဆိုသည်။ ဇန်နဝါရီလ ၂၈ ရက်နေ့တွင် ဂါဇာကမ်းမြောင်၌ အစ္စရေးစစ်တပ်များက စီးနင်းဝင်ရောက်ပြီး တိုက်ခိုက်မှုကြောင့် အနည်းဆုံး ပါလက်စတိုင်းရှစ်ဦး သေဆုံးခဲ့သည်။ ဂါဇာရှိ ဂျူးအခြေစိုက်စခန်းများကို ပါလက်စတိုင်းစစ်သွေးကြွများက မကြာခဏဝင်ရောက်တိုက်ခိုက်မှုကြောင့် ဤသို့တုံ့ပြန်တိုက်ခိုက်သည်ဟုဆိုသည်။ ဇန်နဝါရီလ ၂၉ ရက်နေ့က ဂျေရုဆလင်၌ အသေခံပုံးခွဲတိုက်ခိုက်မှုကြောင့် အစ္စရေးဆယ်ဦးသေဆုံးပြီး အများအပြားဒဏ်ရာရခဲ့သည်။

ဂါဇာကမ်းမြောင်တွင် ဂျူးဟူ၍ မရှိစေရေးအတွက် ဂါဇာရှိ ဂျူးအခြေစိုက်စခန်းအားလုံးကို ရုပ်သိမ်းမည်ဟု ဝန်ကြီးချုပ်ရာရွန်က တစ်ဖက်သတ် ကြေညာခဲ့သည်။ ဖေဖော်ဝါရီလ ၃ ရက်နေ့က ဤသို့ကြေညာခြင်းကို ဂျူးအခြေစိုက်နေထိုင်သူများက ပြင်းထန်စွာဆန့်ကျင်ခဲ့ကြသည်။ ပါလက်စတိုင်း အထက်အရာရှိအချို့ကလည်း ရာရွန်၏ ကြေညာချက်သည် လူကြားကောင်းအောင်ပြုလုပ်ခြင်းမျှသာဖြစ်သည်ဟုဆိုခဲ့ကြသည်။

၂၀၀၃ ခုနှစ် ဒီဇင်ဘာလအတွင်း ကုလသမဂ္ဂအထွေထွေညီလာခံ၏ ဆုံးဖြတ်ချက်အရ နိုင်ငံတကာတရားရုံးသည် ဖေဖော်ဝါရီလ ၂၃ ရက်နေ့တွင် အနောက်ဘက်ကမ်းခြေ၌ အစ္စရေးတို့က လုံခြုံရေးတံတိုင်းဆောက်လုပ်နေမှုနှင့် စပ်လျဉ်း၍ စတင်ကြားနာစစ်ဆေးသည်။ ပါလက်စတိုင်းတို့ကို လိုလား

သော နိုင်ငံနှင့်အဖွဲ့အစည်းပေါင်း ၁၅ ခုတို့က နိုင်ငံတကာတရားရုံးရှေ့မှောက်တွင် ပါဝင်စစ်ဆေးခံခဲ့ကြသည်။ ဤကြားနာစစ်ဆေးမှုတွင် အစ္စရေးတို့က ပါဝင်တက်ရောက်ခဲ့ခြင်းမရှိပေ။

အစ္စရေး ပစ်မှတ်များကို မော်တာများ၊ ဒုံးကျည်များနှင့် ပစ်ခတ်နေမှုများ ရပ်တန့်သွားစေရေးအတွက် ဖေဖော်ဝါရီလ ၁၁ ရက်နေ့တွင် အစ္စရေးတပ်များသည် တင့်ကားများသုံးလျက် ဂါဇာတွင် ဝင်ရောက်စီးနင်းခဲ့သည်။ ပါလက်စတိုင်း ၁၂ ယောက်ကို ပစ်သတ်ခဲ့ပြီး လူပေါင်း ၅၀ ကို ဖမ်းဆီးခေါ်ဆောင်သွားကြသည်။

မတ်လ ၂၂ ရက်နေ့တွင် အစ္စရေးစစ်တပ် ရဟတ်ယာဉ်များက ဒုံးကျည်နှင့်ပစ်ခတ်သဖြင့် ဟားမတ်စ်အဖွဲ့ကို စတင်တည်ထောင်ခဲ့သူနှင့် စိတ်ပိုင်းဆိုင်ရာခေါင်းဆောင်ဖြစ်သော အသက် ၆၈ နှစ်အရွယ်ရှိ ရှိတ် အာမက်ယာဆင်သေဆုံးခဲ့သည်။ ကိုယ်ရံတော်နှစ်ဦး အပါအဝင် အခြားပါလက်စတိုင်း ခုနစ်ဦးတို့လည်း သေဆုံးခဲ့သည်။ ယင်းသတ်ဖြတ်မှုသည် သရဲဘောကြောင်သည့် ကျူးကျော်မှုဖြစ်သည်ဟု အီဂျစ်သမ္မတမူဘာရက်က ရှုတ်ချခဲ့သည်။ ဤလုပ်ရပ်အတွက် ကုလသမဂ္ဂလုံခြုံရေးကောင်စီက ရှုတ်ချကြောင်းအဆိုကို အမေရိကန်ပြည်ထောင်စုက ဗီတိုအာဏာဖြင့် ပယ်ချခဲ့သည်။ အစ္စရေးဝန်ကြီး ချုပ်ရှာရွန်က ယာဆင်သည် ထိပ်တန်းအကြမ်းဖက်သမားဖြစ်ပြီး အစ္စရေးလူမျိုးပေါင်းများစွာကို သေဆုံးအောင်လုပ်ကြံခဲ့သူဖြစ်သည်ဟုဆိုကာ ဤလုပ်ရပ်ကို ကာကွယ်ပြောဆိုခဲ့သည်။ ပါလက်စတိုင်းစစ်သွေးကြွအဖွဲ့များက ဤလုပ်ရပ်ကို ရှုတ်ချလျက် သွေးကြွေးပြန်ဆပ်မည်ဟု တုံ့ပြန်ခဲ့ကြသည်။ ပါလက်စတိုင်း ပေါင်းသိန်းချီသော လူထုကြီးက ဆန္ဒပြခဲ့ကြသည်။ အာရပ်နိုင်ငံများစွာတို့တွင်လည်း လူထုဆန္ဒပြပွဲကြီးများဖြစ်ပေါ်ခဲ့သည်။

အစ္စရေး-ပါလက်စတိုင်းပဋိပက္ခနှင့် ပတ်သက်၍ မူဝါဒအလှည့်အပြောင်းအနေဖြင့် အမေရိကန် သမ္မတဘုရှ်က ဧပြီလ ၁၄ ရက်နေ့တွင် ကြေညာခဲ့သည်။ ယင်း ကြေညာချက်၌ ၁၉၆၇ ခုနှစ်တွင် အစ္စရေးတို့က သိမ်းပိုက်ထားခဲ့သည့် အနောက်ဘက်ကမ်းခြေမှဒေသအချို့ကို အစ္စရေးတို့က ဆက်လက်ထိန်းသိမ်းထားသင့်ကြောင်း ဖော်ပြပါရှိခဲ့သည်။ အမေရိကန်အစိုးရအဆက်ဆက်က ဤသိမ်းပိုက်နယ်မြေများအရေးသည် အရှေ့အလယ်ပိုင်းဒေသငြိမ်းချမ်းရေးဖြစ်စဉ်၌ အဟန့်အတားဖြစ်သည်ဟု မှတ်ယူခဲ့ကြသည်။ သမ္မတဘုရှ်၏ ကြေညာချက်သည် အစ္စရေးဝန်ကြီးချုပ်ရှာရွန်၏ ပါလက်စတိုင်းစစ်သွေးကြွခေါင်းဆောင်များအပေါ် ပစ်မှတ်ထားသတ်ဖြတ်ရေးမူဝါဒကို အားပေးရာရောက်မည်ဟုပါလက်စတိုင်းခေါင်းဆောင်များကဆိုကြသည်။

ဧပြီလ ၁၇ ရက်နေ့တွင် အစ္စရေးရဟတ်ယာဉ်များကဒုံးကျည်နှင့်ပစ်ခတ်သဖြင့်ဟားမတ်စ်ခေါင်းဆောင် အက်ဘ်ဒဲလ်ရန်တီဆီ သေဆုံးခဲ့ရသည်။ယင်းသတ်ဖြတ်မှုအတွက် ပါလက်စတိုင်းတို့က လူပေါင်းသိန်းချီ၍ ဆန္ဒပြရှုတ်ချခဲ့ကြသည်။ကလဲ့စားချေမည်ဟုကြွေးကြော်ခဲ့ကြသည်။ ဝန်ကြီးချုပ် ရှာရွန်ကမူ စစ်သွေးကြွတို့ကို ဖြိုခွဲရေးအတွက်ဖြစ်သည်ဟု ကာကွယ်ပြောဆိုခဲ့သည်။ အမေရိကန်အစိုးရသည် ဤလုပ်ရပ်ကို မရှုတ်ချဘဲ အစ္စရေးတို့အနေဖြင့်ဖြစ်ပေါ်လာမည့် အကျိုးဆက်ကို သတိထားရန်လိုကြောင်းပါလက်စတိုင်းတို့အနေဖြင့်လည်း အကြမ်းဖက်မှုများကို ထိန်းချုပ်ရန်လိုကြောင်း ပြောကြားခဲ့သည်။အခြားအစိုးရများကမူ ဤလုပ်ရပ်သည် တရားဥပဒေမဲ့ပြီးစက်ဆုတ်ဖွယ်ကောင်းသည်ဟု ရှုတ်ချခဲ့ကြသည်။

မေလအတွင်း ဂါဇာကမ်းမြောင်၌ နှစ်ဖက်အကြမ်းဖက်မှုများ တိုးပွားလာသည်။ မေလ ၁၈ ရက်နေ့တွင် အစ္စရေးစစ်သား ၁၀၀၀ ကျော်နှင့် တင့်ကား ၁၀၀ ကျော်တို့သည် ရာဖာမြို့ကို အလုံးအရင်းဖြင့် စီးနင်းတိုက်ခိုက်ခဲ့ကြသည်။ ရာဖာ၌ အီဂျစ်နှင့် ဆက်သွယ်ထားသော မြေအောက်လိုဏ်ခေါင်းများကို ဖော်ထုတ်ဖျက်ဆီးပစ်ရန်ဟု အကြောင်းပြခဲ့သည်။ ထိုမြေအောက်လိုဏ်ခေါင်းများမှတစ်ဆင့် အီဂျစ်မှ



ဆိုင်းနိုင်းကျန်းဆွယ်ရှိ ဂူးတမ္ဘာလှည့်ခရီးသည် အများဆုံးတည်းခိုသော Taba Hilton တိုတယ်ကို အသေခံအကြမ်းဖက်သမားများက ဗုံးခွဲတိုက်ခိုက်အပြီးတွေ့ရစဉ်

လက်နက်များ ခိုးသွင်းနေသည် ဟုလည်း စွပ်စွဲခဲ့သည်။ ဤထိုးစစ်တွင် ပါလက်စတိုင်းအရပ်သားများ သေဆုံးခဲ့ရသည်။ အရပ်သားပေါင်းများစွာ ရွှေ့ပြောင်းခဲ့ရသည်။ ကုလသမဂ္ဂလုံခြုံရေးကောင်စီက ရာဖာမြို့တွင် အစွန်းရောက်တို့၏လုပ်ရပ်ကို ရှုတ်ချကြောင်း နိုင်ငံတကာ ဥပဒေကို အစွန်းရောက်တို့က လေးစားလိုက်နာရန် လိုအပ်ကြောင်း ဆုံးဖြတ်ခဲ့သည်။

ဇွန်လ ၇-၈ ရက်နေ့များတွင် ဆွစ်ဇာလန်နိုင်ငံ၌ ပါလက်စတိုင်းဒုက္ခသည်များဆိုင်ရာ ကွန်ဖရင့် တစ်ရပ်ကို ကျင်းပခဲ့သည်။ နိုင်ငံပေါင်း ၇၀ နှင့် နိုင်ငံတကာ အဖွဲ့အစည်းပေါင်း ၉၀ တို့မှ ကိုယ်စားလှယ်ပေါင်း ၃၅၀ ခန့် တက်ရောက်ခဲ့သည်။သက်သာချောင်ချိရေး အပိုထပ်ဆောင်းရန်ပုံငွေ ဒေါ်လာ ၁၀ သန်း ကောက်ခံရရှိခဲ့သည်။

ဇွန်လ ၈-၁၀ ရက်နေ့များတွင် စက်မှုဖွံ့ဖြိုးပြီးနိုင်ငံတို့၏ ဂျီ-၈ အစည်းအဝေးကို အမေရိကန်ပြည်ထောင်စု၌ ကျင်းပခဲ့သည်။ ဤအစည်းအဝေး တွင် အမေရိကန်တို့က ဦးဆောင်သော အစီအစဉ်ကို ဆွေးနွေးခဲ့ကြသည်။ အမေရိကန်တို့က အရှေ့အလယ်ပိုင်းဒေသတွင် ပိုမိုကျယ်ပြန့်သော ရှေ့ဦးတီထွင်မှုပြုလုပ်ရန် အဆိုပြုထားသည်။ ဤအစီအစဉ်အရ အဆိုပါဒေသတွင် ဒီမိုကရေစီပြုပြင် ပြောင်းလဲရေး၊ ပညာရေးကို ကျယ်ပြန့်စွာပြုလုပ်ရေး၊ အထူးသဖြင့် အမျိုးသမီးများ ပိုမိုပညာသင်ယူခွင့်ရရှိရေး၊ အသေးစား ချေးငွေလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်ရေးစသည် တို့ကို ပြုလုပ်သွားရန်ဖြစ်သည်။ဤလုပ်ငန်းများအတွက် အဆင့်မြင့်အရာရှိများဆွေးနွေးပွဲ၊ နိုင်ငံစုံဆွေးနွေးပွဲများ ကျင်းပသွားရန်ဖြစ်သည်။ ဤအစီအစဉ် နှင့်ပတ်သက်၍ ၎င်းတို့နှင့် ကြုံတင်ညှိနှိုင်းခြင်းမရှိဟု ဆိုကာ အာရပ်နိုင်ငံများက အကြီးအကျယ်စိတ်ဆိုးခဲ့ကြသည်။ အာရပ်ကမ္ဘာပြုပြင်ပြောင်းလဲရေးအတွက် ဤကဲ့သို့ ပြင်ပမှ ဖိအားပေးတိုက်တွန်းလာခြင်းကို ဆန့်ကျင်မှုများလာဖွယ်ရှိပေသည်။

ဩဂုတ်လအတွင်း ပါလက်စတိုင်းနှင့် အစ္စရေးတို့ အကြား အပြန်အလှန်သတ်ဖြတ်မှုများပြုခဲ့ကြသည်။ ဇူလိုင်လအလယ်ခန့်က ပါလက်စတိုင်းခေါင်းဆောင် အာရာဖတ်သည် သူ့တူအား လုံခြုံရေးအကြီးအကဲအဖြစ် ခန့်အပ်ခဲ့မှုကို အကြောင်းပြု၍ ပါလက်စတိုင်းခေါင်းဆောင်ပိုင်းအတွင်း အငြင်းပွားခဲ့ကြသည်။ အာမက်ကူရိုးသည် ဝန်ကြီးချုပ်ရာထူးမှ နုတ်ထွက်ခဲ့သည်။ ပါလက်စတိုင်းဒေသအတွင်း အစ္စရေးအလို တော်ရိဆိုသူများအား စစ်သွေးကြွတို့က သတ်ဖြတ်ခဲ့ကြသည်။ ဘုရင်လအတ်ဆာအာဇာနည် အဖွဲ့က လုံခြုံရေးအကြီးအကဲသစ်၏ ရုံးများကို ဝင်ရောက်မွှေနှောက်ခဲ့သည်။ ဂါဇာကမ်းမြောင်တွင် ဖာတာစစ်သွေးကြွတို့၏ သြဇာအာဏာကျဆင်းလာပြီး ဟားမတ်ခ်အဖွဲ့က သြဇာတတ်လာသည်။ဂါဇာဒေသ၌အကျင့်ပျက်လာဘ်စားသူအရာရှိများအား အရေးယူပေးရန် ယာဆာ အာရာဖတ်အား တောင်းဆိုခဲ့ကြသည်။ နောက်ဆုံးတွင် အာရာဖတ်သည် သူ့တူအား လုံခြုံရေးအကြီးအကဲရာထူးမှ ထုတ်ပယ်ခဲ့ရသည်။ အာရာဖတ်က ၎င်း၏ အာဏာပိုင်အဖွဲ့သည် အမှားများကျူးလွန်ခဲ့ကြောင်း ဝန်ခံပြောကြားသည်။ အမှားများကိုပြုပြင်ကြရန် တိုက်တွန်းခဲ့သည်။

ဩဂုတ်လ ၂၄ ရက်နေ့တွင် ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးကိုဖီအန်နန်က အနောက်ဘက်ကမ်းခြေတွင် ဂျူးအခြေစိုက်စခန်းများ တိုးချဲ့နေခြင်းကို ရပ်ဆိုင်းရန် အစ္စရေးအစိုးရအား တောင်းဆိုခဲ့သည်။

ဩဂုတ်လ ၃၁ ရက်နေ့က ဟားမတ်ခ်အဖွဲသည် အစ္စရေးတောင်ပိုင်းရှိ ဘီယာရှီးဘာမြို့၌ အသေခံဗုံးဖောက်ခွဲမှုများ ပြုလုပ်ခဲ့သည်။ အစ္စရေး ၁၆ ဦး သေဆုံး၍ အများအပြား ဒဏ်ရာရခဲ့သည်။ စက်တင်ဘာလ ၆ ရက်နေ့တွင် အစ္စရေးတို့သည် လေယာဉ်များ၊ တင့်ကားများ ပါဝင်လျက် ဂါဇာရှိဟားမတ်ခ်တို့၏ လေ့ကျင့်ရေးစခန်းကို တိုက်ခိုက်ခဲ့သည်။ စစ်သွေးကြွ ၁၅ ဦး သေဆုံးပြီး ၃၅ ဦး ဒဏ်ရာရခဲ့သည်။ ဒဏ်ရာရသူအများစုမှာ အရပ်သားများ ဖြစ်ကြသည်။

လူ့အခွင့်အရေးအုပ်စုများ၏ စာရင်းကောက်ယူမှုအရ ၂၀၀၀ ပြည့်နှစ် စက်တင်ဘာလမှစ၍ ၂၀၀၄ ခုနှစ် စက်တင်ဘာလအတွင်း နိုင်ငံရေး အကြမ်းဖက်မှုများကြောင့် ပါလက်စတိုင်း ၃၃၃၄ ဦး နှင့် အစ္စရေး ၁၀၁၇ ဦးတို့ သေဆုံးခဲ့ကြောင်း သိရှိရသည်။

အောက်တိုဘာလတွင် အစ္စရေးတို့သည် ဂါဇာကမ်းမြောင်မြောက်ပိုင်းဒေသများကို ၁၇ ရက်ကြာဝင်ရောက်သိမ်းပိုက်ထားခဲ့ပြီးနောက် ပြန်လည်ဆုတ်ခွာသွားခဲ့ကြသည်။

အစ္စရေးတို့ ဝန်းရံပိတ်ဆို့ထားမှုကြောင့် ယာဆာအာရာဖတ်သည် အနောက်ဘက်ကမ်းခြေရှိ ရာမာလာမြို့၌ ၎င်း၏ ရုံးဝင်းအတွင်းမှာပင် ၂၀၀၁ ခုနှစ် ဒီဇင်ဘာမှစ၍ ၂၀၀၄ ခုနှစ် အောက်တိုဘာ အထိနေထိုင်ခဲ့ရသည်။ အောက်တိုဘာလ ၂၉ ရက်နေ့တွင် အာရာဖတ်၏ ကျန်းမာရေးအခြေအနေသည် ရုတ်ခြည်းဆိုးဝါးလာသည်။ သို့ဖြစ်၍ အာရာဖတ်၏နေရာကို ဆက်ခံမည့်သူအရေးမှာ ထိပ်တန်းရောက်လာသည်။ သီတင်းနှစ်ပတ်ကြာ ကျန်းမာရေးမကောင်းဖြစ်ရာမှ ယခုကဲ့သို့ ချက်ချင်းဆိုးဝါးလာခြင်းဖြစ်သည်။ ရောဂါဖြစ်ရခြင်း၏ အကြောင်းရင်းကို မသိရှိရသေးဘဲဖြစ်နေသည်။ အောက်တိုဘာလ ၂၉ ရက်နေ့တွင် အာရာဖတ်အား ပြင်သစ်နိုင်ငံရှိ ခေတ်မီစစ်ဆေးရုံသို့ တင်လိုက်ရသည်။ နိုဝင်ဘာလ ၁၁ ရက်နေ့တွင် အသက် ၇၅ နှစ်ရှိ ပါလက်စတိုင်းခေါင်းဆောင်အာရာဖတ်သည် ထိုစစ်ဆေးရုံ၌ပင်ကွယ်လွန်သွားခဲ့သည်။ အာရာဖတ်၏ အလောင်းကို အီဂျစ်နိုင်ငံရှိ ကိုင်ရိုမြို့သို့ သယ်ဆောင်သွားခဲ့သည်။ အာရာဖတ်သည် ကိုင်ရိုမြို့တွင် မွေးဖွားခဲ့သူဖြစ်သည်။ ကိုင်ရိုမြို့၌ ၎င်း၏ ဈာပနအတွက် အောက်မေ့ဖွယ်အခမ်းအနားကို ကျင်းပခဲ့သည်။ ထို့နောက် ၎င်း၏အလောင်းကို ရာမာလာမြို့ရှိ ရုံးဝင်းအတွင်းမှာပင် မြှုပ်နှံလိုက်သည်။

အာရာဖတ်ကွယ်လွန်သွားသည့်အတွက် ပါလက်စတိုင်းဒေသတစ်ခွင်လုံးတွင် ဝမ်းနည်းပူဆွေးခဲ့ကြသည်။ ဝန်ကြီးချုပ်ရှာရွန်ကပါလက်စတိုင်းခေါင်းဆောင်သစ်များသည် အကြမ်းဖက်မှုများ အဆုံးသတ်ရေးကို ပြုလုပ်ကြမည်ဟု မျှော်လင့် ကြောင်း ပြောကြားခဲ့သည်။ ကျော်ဒန်ဘုရင်အဗ္ဒဒူလာက ကြီးမြတ်သော ပုဂ္ဂိုလ်ကြီး ဆုံးရှုံးမှုအတွက် လှိုက်လဲစွာဝမ်းနည်းကြောင်းပြောကြားခဲ့သည်။ သမ္မတဘုရှ်က အာရာဖတ်ကွယ်လွန်ခြင်းသည် ပါလက်စတိုင်းသမိုင်းတွင် အရေးပါသော အခိုက်အခါဖြစ်ကြောင်း လွတ်လပ်၍ ဒီမိုကရေစီကျသော ပါလက်စတိုင်း နိုင်ငံပေါ်ထွန်းလာပြီး အိမ်နီးချင်းနိုင်ငံများနှင့် ငြိမ်းချမ်းစွာအတူ တည်ရှိနေမည်ဟု မျှော်လင့်ကြောင်း ပြောကြားခဲ့သည်။ ၂၀၀၈ ခုနှစ်တွင် ပါလက်စတိုင်းနိုင်ငံပေါ်ထွန်းလာရေးအတွက် ဆောင်ရွက်မည်ဟုသမ္မတဘုရှ်နှင့် ဗြိတိသျှဝန်ကြီးချုပ်တိုနီဘလဲတို့က ပူးတွဲကြေညာခဲ့သည်။ ရုရှားသမ္မတပူတင်ကလည်း နိုင်ငံတကာအဆင့်မီသြဇာကြီးမားသော အာရာဖတ်ကွယ်လွန်ခြင်းသည် ပါလက်စတိုင်းတို့အတွက် ကြီးမားသော ဆုံးရှုံးမှုဖြစ်ကြောင်း ပြောကြားခဲ့သည်။ အာရပ်အသင်းကလည်း အာရာဖတ် ကွယ်လွန်ခြင်းသည် ပါလက်စတိုင်းနှင့် အာရပ်တို့အတွက် ဆုံးရှုံးမှုဖြစ်ကြောင်း ပြောခဲ့သည်။ ကုလသမဂ္ဂမှ ကိုဖီအန်နန်၊ ပုပ်ရဟန်းမင်းဂျွန်ပေါလ် နှင့် ဥရောပသမဂ္ဂတို့ကလည်း ဝမ်းနည်းကြောင်း ပြောကြားခဲ့သည်။ အာရာဖတ်၏ နေရာကိုမာမွတ်အာဘတ်စ်ကဆက်ခံပြီးပါလက်စတိုင်းခေါင်းဆောင်ဖြစ်လာခဲ့သည်။

ဦးခင်မောင်မြ

အာဆီယံလှုယဉ်ကျေးမယ် (၂၀၀၄) ပြိုင်ပွဲ ။ ။

အာဆီယံဒေသတွင်းရှိ နိုင်ငံများအကြား ချစ်ကြည်ရင်းနှီးရေး၊ အာဆီယံနိုင်ငံများ၏ ယဉ်ကျေးမှုဓလေ့ထုံးစံများကို ဖော်ထုတ်ပြသနိုင်ရေးနှင့် အာဆီယံဒေသတွင်း ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း မြှင့်တင်နိုင်ရေးတို့အတွက် ရည်ရွယ်၍ အင်ဒိုနီးရှားသမ္မဟနိုင်ငံဂျကာတာမြို့၌ ၂၀၀၅ ခုနှစ် ဖေဖော်ဝါရီလ ၂၀ ရက်မှ မတ်လ ၄ ရက်နေ့ အထိကျင်းပမည့်အာဆီယံလှုယဉ်ကျေးမယ် ၂၀၀၅ (Miss ASEAN Culture 2005) ပြိုင်ပွဲသို့ မြန်မာ နိုင်ငံကိုယ်စားပြု ပြိုင်ပွဲဝင်စေလွှတ်ရန် ဦးတည်ရည်ရွယ်မှုဖြင့် မြန်မာ့အာဆီယံလှုယဉ်ကျေးမယ် ၂၀၀၄ (Miss ASEAN Culture Myanmar 2004) ပြိုင်ပွဲကို ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်၏ စီစဉ်ပံ့ပိုးမှုဖြင့် ရန်ကုန်မြို့၌ ကျင်းပပြုလုပ်ခဲ့သည်။ အင်ဒိုနီးရှားနိုင်ငံတွင် ၂၀၀၅ ခုနှစ်၌ ကျင်းပပြုလုပ်သည့် အာဆီယံလှုယဉ်ကျေးမယ်ပြိုင်ပွဲသည် အာဆီယံအနေဖြင့် ပထမဦးဆုံးကျင်းပခြင်းဖြစ်သည်။

မြန်မာ့အာဆီယံလှုယဉ်ကျေးမယ်ပြိုင်ပွဲအတွက် ရွေးဦးစွာနေ့စဉ်ထုတ်သတင်းစာများမှ ကြော်ငြာကာ ပြိုင်ပွဲလျှောက်လွှာများခေါ်ယူခဲ့ရာ ပြိုင်ပွဲဝင်လျှောက်လွှာ ၆၇၀ အနက်မှ ၁၀၇ ဦးကို စာရင်းပြတ် ရွေးချယ်ခဲ့သည်။ ဤ ၁၀၇ ဦးထဲမှ ပဏာမ ၂၄ ဦးအား နိဝင်ဘာလ ၅ ရက်နေ့၌ ထပ်မံစစ်ရွေးချယ်ခဲ့ပြီး ယင်းပဏာမအရွေးချယ်ခံရသူ ၂၄ ဦးကို စခန်းသွင်းလေ့ကျင့်မှုများပြုလုပ်ခဲ့သည်။

မြန်မာ့အာဆီယံလှုယဉ်ကျေးမယ် ၂၀၀၄ ပြိုင်ပွဲ၏ နောက်ဆုံးအဆင့်ပြိုင်ပွဲကို ဒီဇင်ဘာလ ၂၁ ရက်နေ့ ညနေပိုင်းတွင် ရန်ကုန်မြို့ ဒဂုံမြို့နယ်၊ မြို့မကျောင်းလမ်းရှိ အမျိုးသားကဇာတ်ရုံ၌ ကျင်းပခဲ့ရာ ပဏာမရွေးချယ်ခံ ၂၄ ဦးတို့ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည်။ ဤပဏာမရွေးချယ်ခံပြိုင်ပွဲဝင် ၂၄ ဦးတို့အနေဖြင့် မြန်မာရိုးရာဝတ်စုံ၊ ခေတ်ပေါ်ဝတ်စုံများဖြင့် ကိုယ်ဟန်ပြသကြပြီးနောက်၊ ပြိုင်ပွဲဝင်တစ်ဦးချင်းစီသည်ကျရာ (အင်္ဂလိပ်ဘာသာစကားဖြင့် မေးသော) မေးခွန်းများကို အင်္ဂလိပ်ဘာသာစကားဖြင့် လက်တန်းဖြေဆိုကြရသည်။



အာဆီယံအလှမယ် ပထမဆုရ အိရွပါဝင်း

ယင်းပဏာမပြိုင်ပွဲဝင် ၂၄ ဦးထဲမှ ဆန်ခါတင် ၁၀ ဦးကို ထပ်မံရွေးချယ်ခဲ့ရာ အဆိုပါ ဆန်ခါတင်ပြိုင်ပွဲဝင် ၁၁ ဦးတို့သည် တစ်ဦးချင်းစီ ကိုယ်ဟန်ဆက်လက် ပြသကြရပြီး၊ ဉာဏ်စမ်းစစ်ဆေးမှု (Talents Test) များကို ထပ်မံဖြေဆိုရသည်။ ဉာဏ်စမ်းစစ်ဆေးမှုမှာ အာဆီယံ ၁၀ နိုင်ငံအနက် တစ်ဦးချင်းစီ မဲကျသည့် နိုင်ငံနှင့် ပတ်သက်သော ဗဟုသုတမေးခွန်းသုံးခုကို ဖြေဆိုကြရခြင်းဖြစ်သည်။

ဤဆန်ခါတင် ၁၀ ဦးထဲမှ ဆက်လက်၍ ဆန်ခါတင်ငါးဦးအား ထပ်မံရွေးချယ်ပြီး၊ တူညီသော မေးခွန်းဖြင့် တစ်ဦးချင်းစီ မေးမြန်းပြီးနောက် အနုပညာအရည်အသွေးစမ်းသပ်မှု (အိုးစည်၊ စန္ဒရားနှင့် ဝါးပတ်လားတို့အနက် မိမိကျွမ်းကျင်ရာတစ်မျိုးဖြင့် တီးခတ်ပြရမှု) ကိုစစ်ဆေးပြုလုပ်ခဲ့သည်။

မြန်မာ့အာဆီယံလှုယဉ်ကျေးမယ်ပြိုင်ပွဲ၏ နောက်ဆုံးဆန်ခါတင်ပြိုင်ပွဲများအပြီးတွင် ပထမ၊ ဒုတိယနှင့် တတိယဆုများကို ချီးမြှင့်ခဲ့သည်။ ပထမဆုနှင့် မြန်မာ့အာဆီယံလှုယဉ်ကျေးမယ်ကို မအိရွပါဝင်း (အသက် ၂၀ နှစ်၊ အင်္ဂလိပ်စာအဓိက အဝေးသင်တက္ကသိုလ် ပထမနှစ်ကျောင်းသူ) ကလည်းကောင်း၊ ဒုတိယဆုကို မမေနန်းဦး (အသက် ၁၉နှစ်၊ရွှေပဒေအဓိကနောက်ဆုံးနှစ်ကျောင်းသူ) ကလည်းကောင်း၊ တတိယဆုကို မမေပွင့်လှိုင် (အသက် ၂၄ နှစ်၊ အင်္ဂလိပ်စာအဓိက ဝိဇ္ဇာဘွဲ့ရ) ကလည်းကောင်း ရရှိကြပြီး၊ ပထမဆုအနေဖြင့် ရွှေစင်ရုပ်တု၊ စလွယ်နှင့် ငွေကျပ်သိန်း ၃၀ တန်ချက်လက်မှတ်၊ ၎င်းအပြင် ပထမဆုရရှိသူ မြန်မာ့အာဆီယံလှုယဉ်ကျေးမယ် (၂၀၀၄)သည် ကျပ် ၁၅ သိန်းတန် စိန်သရဖူကို တစ်နှစ်တာထိန်းသိမ်းပိုင်ဆိုင်ခွင့်အား ရရှိမည်ဖြစ်သည်။ ဒုတိယဆုမှာ စလွယ်၊ ဆုတံဆိပ်နှင့် ငွေကျပ်သိန်း ၂၀ တန်ချက်လက်မှတ်၊ တတိယဆုအနေဖြင့် စလွယ်၊ ဆုတံဆိပ်နှင့် ငွေကျပ် ၁၀ သိန်းတန်ချက်လက်မှတ်တို့ဖြစ်သည်။ ပဏာမရွေးချယ်ခံရသည့် ၂၄ ဦးထဲမှ ကျန်ပြိုင်ပွဲဝင် ၂၁ ဦးတို့သည် တစ်ဦးလျှင် ကျပ်တစ်သိန်းစီရရှိကြသည်။

မြန်မာ့အလှမယ်ရွေးချယ်ပွဲကို ၂၀၀၄ ခုနှစ် အတွင်း ပြန်လည်ကျင်းပနိုင်ခြင်းဖြင့် နှစ်ပေါင်း ၄၀ အတွင်း ပထမဆုံးအကြိမ် ပြန်လည်ကျင်းပနိုင်ခဲ့ခြင်းဖြစ်ရာ ယခုပြိုင်ပွဲမှာ ယခင်မယ်ပြိုင်ပွဲများနှင့် မတူညီပဲပြောင်းလဲလာသည့် ထူးခြားချက်အနေဖြင့် နိုင်ငံတကာမယ်ပြိုင်ပွဲများကဲ့သို့ ပြိုင်ပွဲဝင်များ၏ ကိုယ်ကာယနှင့် ရုပ်ရည်ချောမောလှပမှုရှိခြင်းတစ်ခု တည်းသာ စစ်ဆေးရွေးချယ်သည်သာမက ပညာဉာဏ်ထက်မြက်မှုနှင့် ကိုယ်ရည်ကိုယ်သွေးစမ်းသပ်အကဲဖြတ်မှုများပါ စစ်ဆေးပါဝင်လာခြင်းဖြစ်သည်။

မြန်မာ့အာဆီယံလှုယဉ်ကျေးမယ်ပြိုင်ပွဲမှ ပထမဆုရရှိသူ မအိရွပါဝင်းသည် ၂၀၀၅ ခုနှစ်တွင် အင်ဒိုနီးရှားနိုင်ငံ၊ ဂျာကာတာမြို့၌ ကျင်းပပြုလုပ် မည့် အာဆီယံလှုယဉ်ကျေးမယ် ၂၀၀၅ ပြိုင်ပွဲသို့ မြန်မာနိုင်ငံကိုယ်စားပြု သွားရောက်ယှဉ်ပြိုင် ပြိုင်ပွဲဝင်ရမည်

ဖြစ်ပြီး၊ ဒုတိယဆုရရှိသူ မမေနန်းဦးသည် အာရန်လူအဖြစ်လိုက်ပါခွင့်ရရှိမည်ဖြစ်သည်။ ဤအာဆီယံလှယ်ဉ်ကျေးမယ်ပြိုင်ပွဲတွင် အာဆီယံနိုင်ငံများမှ နိုင်ငံကိုယ်စားပြု အလှမယ်တစ်ဦးစီ ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်သည်။

မောင်ငွေငွေး

အာရှဝူရှူးတံခွန်စိုက်ပြိုင်ပွဲ။ ။မြန်မာနိုင်ငံအိမ်ရှင်အဖြစ် လက်ခံကျင်းပသည့် ၆ ကြိမ်မြောက် အာရှဝူရှူးတံခွန်စိုက်ပြိုင်ပွဲ (The 6th Asian Wushu Championship 2004) ကို ရန်ကုန်မြို့၊ သယ်နန်းကျွန်းမြို့နယ်ရှိ အမျိုးသားအားကစားပြိုင်ပွဲရုံ (၁) (သုဝဏ္ဏာ)၌ ၂၀၀၄ ခုနှစ်၊ နိုဝင်ဘာလ ၂၄ ရက်နေ့ မှ ၂၇ ရက်နေ့အထိ ကျင်းပသည်။

ပြိုင်ပွဲသို့ ဘင်္ဂလားဒေ့ရှ်၊ ဘရူနိုင်း၊ တရုတ်ပြည်သူသမ္မတနိုင်ငံ၊ ဟောင်ကောင်၊ အိန္ဒိယ၊ အင်ဒိုနီးရှား၊ အီရန်၊ ဂျပန်၊ ကိုရီးယားသမ္မတနိုင်ငံ၊ မကာအို၊ ကာဇက်စတန်၊ မလေးရှား၊ မွန်ဂိုလီးယား၊ နီပေါ၊ ပါကစ္စတန်၊ ဖိလစ်ပိုင်၊ စင်ကာပူ၊ တရုတ် (တိုင်ပေ)၊ ထိုင်း၊ တာမင်နစ္စတန်၊ ဥဇဘက်ကစ္စတန်၊ ဗီယက်နမ်၊ ယီမင်နှင့် အိမ်ရှင်မြန်မာနိုင်ငံတို့မှ အသင်းပေါင်း ၂၄ သင်း၊ အားကစားသမားပေါင်း၅၃၀ ပါဝင် ယှဉ်ပြိုင်ကြသည်။

အမျိုးသမီးထိုက်ခိုခွမ်ပြိုင်ပွဲတွင် မြန်မာနိုင်ငံမှ ခိုင်ခိုင်မော်က ၉ ဒသမ ၄၃ မှတ်ဖြင့် ပထမရွေ တံဆိပ်၊ တရုတ်ပြည်သူသမ္မတနိုင်ငံက ၉ ဒသမ ၄၁ မှတ်ဖြင့် ဒုတိယငွေတံဆိပ်၊ ဗီယက်နမ်က ၉ ဒသမ ၃၀ မှတ်ဖြင့် တတိယကြေးတံဆိပ်ဆွတ်ခူးရရှိသည်။ ခိုင်ခိုင်မော်ဆွတ်ခူးရရှိသော ရွှေတံဆိပ်သည် ပြိုင်ပွဲ၏ပထမဆုံးရွှေတံဆိပ်ဖြစ်ပြီးအာရှဝူရှူးတံခွန်စိုက်ပြိုင်ပွဲတစ်လျှောက် မြန်မာနိုင်ငံက ပထမဆုံးဆွတ်ခူးရရှိသော ရွှေတံဆိပ်ဖြစ်သည်။

အမျိုးသမီးနန်းတောင်းပြိုင်ပွဲတွင် မြန်မာနိုင်ငံမှ ဆွေဆွေသန့်က ၉ ဒသမ ၃၅ မှတ်ဖြင့် ပထမရွေတံဆိပ်၊ ဗီယက်နမ်က ၉ ဒသမ ၂၈ မှတ်ဖြင့် ဒုတိယငွေတံဆိပ်၊ မကာအိုက ၉ ဒသမ ၂၀ မှတ်ဖြင့် တတိယကြေးတံဆိပ်ဆွတ်ခူးရရှိသည်။

အမျိုးသားနန်းကွန့်ပြိုင်ပွဲတွင် တရုတ်ပြည်သူသမ္မတနိုင်ငံက ၉ ဒသမ ၄၀ မှတ်ဖြင့် ပထမရွေတံဆိပ်၊ ဗီယက်နမ်က ၉ ဒသမ ၃၀ မှတ်ဖြင့် ဒုတိယငွေတံဆိပ်၊ မြန်မာနိုင်ငံမှ ဇော်ဇော်မိုးက ၉ ဒသမ ၂၈ မှတ်ဖြင့် တတိယကြေးတံဆိပ်ဆွတ်ခူး ရရှိသည်။

အမျိုးသမီးထိုက်ခိုကျန့်ပြိုင်ပွဲတွင် တရုတ်ပြည်သူသမ္မတနိုင်ငံက ၉ ဒသမ ၄၅ မှတ်ဖြင့် ပထမရွေတံဆိပ်၊ တရုတ်ပြည်သူသမ္မတနိုင်ငံက ၉ ဒသမ ၄၀ မှတ်ဖြင့် ဒုတိယငွေတံဆိပ်၊ မြန်မာနိုင်ငံမှ ခိုင်ခိုင်မော်က ၉ ဒသမ ၃၀ မှတ်ဖြင့် တတိယကြေးတံဆိပ်ဆွတ်ခူးရရှိသည်။

အမျိုးသမီးထိုက်ခိုခွမ်၊ ထိုက်ခိုကျန့်ပြိုင်ပွဲနှစ်ခုပေါင်းတွင် တရုတ်ပြည်သူသမ္မတနိုင်ငံက ၁၈ ဒသမ ၈၁ မှတ်ဖြင့် ပထမရွေတံဆိပ်၊ မြန်မာနိုင်ငံမှ ခိုင်ခိုင်မော်က ၁၈ ဒသမ ၇၃ မှတ်ဖြင့် ဒုတိယငွေတံဆိပ်၊ ဗီယက်နမ်က ၁၈ ဒသမ ၅၅ မှတ်ဖြင့် တတိယကြေးတံဆိပ်ဆွတ်ခူးရရှိသည်။

အမျိုးသားကွန့်စုပြိုင်ပွဲတွင် ဖိလစ်ပိုင်က ၉ ဒသမ ၃၁ မှတ်ဖြင့် ပထမရွေတံဆိပ်၊ ဟောင်ကောင်က ၉ ဒသမ ၂၈ မှတ်ဖြင့် ဒုတိယငွေတံဆိပ်၊ မြန်မာနိုင်ငံမှ ပြည့်ဝဖြိုးက ၉ ဒသမ ၂၃ မှတ်ဖြင့် တတိယကြေးတံဆိပ်ဆွတ်ခူးရရှိသည်။

အမျိုးသားတောင်းစုပြိုင်ပွဲတွင် တရုတ်ပြည်သူသမ္မတနိုင်ငံက ၉ ဒသမ ၄၀ မှတ်ဖြင့် ပထမ ရွေတံဆိပ်၊ မြန်မာနိုင်ငံမှ အောင်စည်သူက ၉ ဒသမ ၃၀ မှတ်ဖြင့် ဒုတိယငွေတံဆိပ်၊ ဖိလစ်ပိုင်က ၉ ဒသမ ၂၈ မှတ်ဖြင့် တတိယကြေးတံဆိပ်ဆွတ်ခူးရရှိသည်။

အမျိုးသမီးနန်းခွမ်ပြိုင်ပွဲတွင် တရုတ်ပြည်သူသမ္မတနိုင်ငံက ၉ ဒသမ ၃၆ မှတ်ဖြင့် ပထမရွေ တံဆိပ်၊ မြန်မာနိုင်ငံမှ ဆွေဆွေသန့်က ၉ ဒသမ ၃၃ မှတ်ဖြင့် ဒုတိယငွေတံဆိပ်၊ မကာအိုက ၉ ဒသမ ၂၈ မှတ်ဖြင့် တတိယကြေးတံဆိပ် ဆွတ်ခူးရရှိသည်။

အမျိုးသားနန်းချမ်ပြိုင်ပွဲတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံက ၉ ဒသမ ၄၀ မှတ်ဖြင့် ပထမ ရွှေတံဆိပ်၊ မလေးရှားက ၉ ဒသမ ၃၁ မှတ်ဖြင့် ဒုတိယငွေတံဆိပ်၊ မြန်မာနိုင်ငံမှ ဇော်ဇော်မိုးနှင့် ဗိယက်နမ်တို့က ၉ ဒသမ ၃၀ မှတ်ဖြင့် တတိယကြေးတံဆိပ် ပူးတွဲဆွတ်ခူးရရှိသည်။

အမျိုးသမီးနန်းချမ်၊ နန်းတောင်း၊ နန်းကွန့်ပြိုင်ပွဲသုံးခုပေါင်းတွင် မြန်မာနိုင်ငံမှ ဆွေဆွေသန့်က ၂၇ ဒသမ ၉၅ မှတ်ဖြင့် ပထမရွှေတံဆိပ်၊ မကာအိုက ၂၇ ဒသမ ၇၈ မှတ်ဖြင့် ဒုတိယငွေတံဆိပ်၊ ဗိယက်နမ်က ၂၇ ဒသမ ၇၇ မှတ်ဖြင့် တတိယကြေးတံဆိပ်ဆွတ်ခူးရရှိသည်။

အမျိုးသမီးနန်းကွန့်ပြိုင်ပွဲတွင် မကာအိုက ၉ ဒသမ ၃၀ မှတ်ဖြင့် ပထမရွှေတံဆိပ်၊ မြန်မာနိုင်ငံမှ ဆွေဆွေသန့်က ၉ ဒသမ ၂၇ မှတ်ဖြင့် ဒုတိယငွေ တံဆိပ်၊ ဂျပန်က ၉ ဒသမ ၂၆ မှတ်ဖြင့် တတိယကြေးတံဆိပ်ဆွတ်ခူးရရှိသည်။

အမျိုးသားနန်းတောင်းပြိုင်ပွဲတွင် မလေးရှားက ၉ ဒသမ ၃၅ မှတ်ဖြင့် ပထမရွှေတံဆိပ်၊ မြန်မာနိုင်ငံမှ ဇော်ဇော်မိုးက ၉ ဒသမ ၃၃ မှတ်ဖြင့် ဒုတိယငွေတံဆိပ်၊ ဟောင်ကောင်နှင့် ဗိယက်နမ်တို့က ၉ ဒသမ ၃၀ မှတ်ဖြင့် တတိယကြေးတံဆိပ်ပူးတွဲ ဆွတ်ခူးရရှိသည်။

အမျိုးသားနန်းတောင်း၊ နန်းကွန့်၊ နန်းချမ်ပြိုင်ပွဲသုံးခုပေါင်းတွင် မလေးရှားက ၂၇ ဒသမ ၉၁



(၆) ကြိုဝ်မြောက် အာရှဝင်းဂိမ်းတံခွန်စိုက်ပြိုင်ပွဲတွင် အဝိမြန်မာနိုင်ငံအတွက် ရွှေတံဆိပ်ဆွတ်ခူးရယူပေးသူ ဆွေဆွေသန့်. ဆုယူအပြီး အောင်ပွဲခံနေသည်ကို ဤသို့ ဂုဏ်ယူဝင့်ကြွားစွာ တွေ့ရစဉ်။

မှတ်ဖြင့် ပထမရွှေတံဆိပ်၊ မြန်မာနိုင်ငံမှ ဇော်ဇော်မိုး က ၂၇ ဒသမ ၉၁ မှတ်ဖြင့် ဒုတိယငွေတံဆိပ်၊ ဗီယက်နမ်က ၂၇ ဒသမ ၉၀ မှတ်ဖြင့် တတိယကြေးတံဆိပ်ဆွတ်ခူးရရှိသည်။

အမျိုးသားချန်းချမ်ပြိုင်ပွဲတွင် မြန်မာနိုင်ငံမှ ပြည့်ဝေဖြိုးက ၉ ဒသမ ၃၅ မှတ်ဖြင့် ပထမရွှေတံဆိပ်၊ ဖိလစ်ပိုင်က ၉ ဒသမ ၃၀ မှတ်ဖြင့် ဒုတိယငွေတံဆိပ်၊ ဗီယက်နမ်က ၉ ဒသမ ၂၈ မှတ်ဖြင့် တတိယကြေးတံဆိပ်ဆွတ်ခူးရရှိသည်။

အမျိုးသားအတွဲလိုက်စိတ်ကြိုက်ပြိုင်ပွဲတွင် မြန်မာနိုင်ငံမှ ပြည့်ဝေဖြိုးနှင့် အောင်စည်သူတို့အတွဲက ၉ ဒသမ ၃၀ မှတ်ဖြင့် ပထမရွှေတံဆိပ်၊ ဟောင်ကောင်အတွဲက ၉ ဒသမ ၂၈ မှတ်ဖြင့် ဒုတိယငွေတံဆိပ်၊ မကာအိုအတွဲက ၉ ဒသမ ၂၅ မှတ်ဖြင့် တတိယကြေးတံဆိပ်ဆွတ်ခူးရရှိသည်။

အမျိုးသားချန်းချမ်၊ ချန့်စု၊ ကျန့်စုပြိုင်ပွဲ သုံးခုပေါင်းတွင် ဖိလစ်ပိုင်က ပထမရွှေတံဆိပ်၊ မြန်မာ နိုင်ငံမှ ပြည့်ဝေဖြိုးက ဒုတိယငွေတံဆိပ်၊ ကိုရီးယားသမ္မတနိုင်ငံက တတိယကြေးတံဆိပ်ဆွတ်ခူးရရှိသည်။

ဆန်းဆိုပြိုင်ပွဲအမျိုးသမီး ၄၅ ကီလိုတန်းတွင် တရုတ်က ပထမရွှေတံဆိပ်၊ ဖိလစ်ပိုင်က ဒုတိယငွေတံဆိပ်၊ မြန်မာနိုင်ငံမှ ဆွေဝင့်နှင့် ဗီယက်နမ်တို့က တတိယကြေးတံဆိပ် ပူးတွဲဆွတ်ခူးရရှိသည်။

ဆန်းဆိုပြိုင်ပွဲအမျိုးသမီး ၅၆ ကီလိုတန်းတွင် ဗီယက်နမ်က ပထမရွှေတံဆိပ်၊ ဖိလစ်ပိုင်က ဒုတိယငွေတံဆိပ်၊ မြန်မာနိုင်ငံမှ မိုးဝါနှင့် အိန္ဒိယတို့က တတိယကြေးတံဆိပ်ပူးတွဲဆွတ်ခူးရရှိသည်။

ဆန်းဆိုပြိုင်ပွဲ အမျိုးသမီးကီလို ၆၀ တန်းတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံက ပထမရွှေတံဆိပ်၊ ဗီယက်နမ်က ဒုတိယငွေတံဆိပ်၊ မြန်မာနိုင်ငံမှ စိုးယုနိုင်နှင့် အိန္ဒိယတို့က တတိယကြေးတံဆိပ်ပူးတွဲ ဆွတ်ခူးရရှိသည်။

ဆန်းဆိုပြိုင်ပွဲအမျိုးသား ၅၂ ကီလိုတန်းတွင် ဗီယက်နမ်က ပထမရွှေတံဆိပ်၊ အီရန်က ဒုတိယငွေတံဆိပ်၊ မြန်မာနိုင်ငံမှ မင်းမင်းထွန်းနှင့် ယီမင်တို့က တတိယကြေးတံဆိပ် ပူးတွဲဆွတ်ခူးရရှိသည်။

ဆန်းဆိုပြိုင်ပွဲအမျိုးသား ၆၅ ကီလိုတန်းတွင် တရုတ်က ပထမရွှေတံဆိပ်၊ အီရန်ကဒုတိယငွေတံဆိပ်၊ မြန်မာနိုင်ငံမှအောင်ဆန်းယုနှင့်ဗီယက်နမ်တို့ကတတိယကြေးတံဆိပ်ပူးတွဲ ဆွတ်ခူးရရှိသည်။

ဆန်းဆိုပြိုင်ပွဲအမျိုးသား ၇၅ ကီလိုတန်းတွင် အီရန်က ပထမရွှေတံဆိပ်၊ မြန်မာနိုင်ငံမှ စသာဌေးက ဒုတိယငွေတံဆိပ်၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် မလေးရှားတို့က တတိယကြေးတံဆိပ်ပူးတွဲဆွတ်ခူးရရှိသည်။

၆ ကြိမ်မြောက် အာရှဝူရှုးတံခွန်စိုက်ပြိုင်ပွဲအပြီးတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံက ရွှေတံဆိပ် ၂၁ ခု၊ ငွေတံဆိပ် နှစ်ခု၊ ကြေးတံဆိပ်တစ်ခုရရှိပြီး ဗိုလ်စွဲသွားသည်။ ဗီယက်နမ်နိုင်ငံက ရွှေတံဆိပ် ၎း၊ ငွေတံဆိပ် ၁၀ ခု၊ ကြေးတံဆိပ် ၁၅ ခုဖြင့် ဒုတိယရရှိပြီး အိမ်ရှင်မြန်မာနိုင်ငံက ရွှေတံဆိပ် ၎း၊ ငွေတံဆိပ် ရှစ်ခု၊ ကြေးတံဆိပ် ကိုးခုဖြင့် တတိယရရှိသည်။

ဦးစိုးအောင်

အိရတ်နိုင်ငံ။ ။ ၂၀၀၃ ခုနှစ်၊ ဒီဇင်ဘာလလယ်တွင် ဆက်ဒမ်ဟူစိန်အား မြေကျင်းငယ်အတွင်းမှ ဖမ်းဆီးခဲ့မိပြီး တိုက်ခိုက်မှုအရေအတွက် လျော့နည်းသွားသော်လည်း အမေရိကန်စစ်သားများ ကျဆုံးမှုသည် ဇန်နဝါရီလတွင် တိုးတက်လာသည်။ ဇန်နဝါရီလအတွင်း အမေရိကန်စစ်သား ၃၃ ဦးနှင့် အရပ်ဘက်အမေရိကန်သားတစ်ဦးတို့ သေဆုံးခဲ့သည်။

ညွှန့်ပေါင်းတပ်ဖွဲ့များက ထိန်းသိမ်းထားသည့် အိရတ်အကျဉ်းသားပေါင်း ၉၀၀၀ ခန့်ရှိသည်။ အကျဉ်းသားအများစုကို ဘဂ္ဂဒက်အနောက်ဘက်မြို့စွန်ရှိ အဘူဂရိတ်အကျဉ်းထောင်၌ ထားရှိသည်။

ညွန့်ပေါင်းယာယီအာဏာပိုင်အဖွဲ့သည် ပုန်ကန်သူများ၏ တိုက်ခိုက်မှုများလျော့ပါးသွားရေးကို ရှေးရှုလျက် အီရတ်အကျဉ်းသား ၅၀၀ ကျော်ကို လွှတ်ပေးခဲ့သည်။

အီရတ်မှ ရှိုက်မွတ်ဆလင်ဂိုဏ်းတွင် အမြင့်ဆုံးအာဏာပိုင်ဖြစ်သည့် မဟာအယာတိုလာစစ္စတာနီက ဇန်နဝါရီလ ၁၁ ရက်နေ့တွင် ဖတ်ကြားခေါ် ဘာသာရေးအမိန့်ပြန်တမ်း၌ နိုဝင်ဘာလအတွင်း ညွန့်ပေါင်းယာယီအာဏာပိုင်အဖွဲ့က စီစဉ်ထားသော နိုင်ငံရေးအာဏာအလွှဲအပြောင်းအစီအစဉ်ကို ဆန့်ကျင်ကြောင်း၊ အသွင်ကူးပြောင်းရေး အမျိုးသားလွှတ်တော်ကို ခန့်အပ်သူများဖြင့် မဖွဲ့စည်းဘဲရွေးကောက်တင်မြှောက်ထားသူများဖြင့်သာ ဖွဲ့စည်းရန် တောင်းဆိုလိုက်သည်။ အယာတိုလာစစ္စတာနီနှင့် ညွန့်ပေါင်းယာယီအာဏာပိုင်အဖွဲ့တို့အကြား သဘောထားကွဲလွဲနေမှုကို အကြောင်းပြုပြီး ရှိုက်မွတ်ဆလင်အများစုနေထိုင်ရာ တောင်ပိုင်းဒေသရှိမြို့များတွင် ဆူပူမငြိမ်သက်မှုများ တိုးပွားလာသည်။

ဇန်နဝါရီလ ၄ ရက်နေ့တွင် ဗြိတိသျှဝန်ကြီးချုပ် တိုနီဘလဲသည် ဘတ်စ်ရာမြို့သို့ ကြုံတင်ကြေညာခြင်းမရှိဘဲ ရုတ်တရက်ရောက်ရှိလာသည်။ စစ်ပွဲပြီးသည့်နောက် အီရတ်သို့ ပထမဆုံးရောက်ရှိလာသောအနောက်နိုင်ငံများမှ ခေါင်းဆောင်ဖြစ်သည်။ တောင်ပိုင်းရှိ ဗြိတိသျှတပ်ဖွဲ့ဝင်များကို အားပေးခဲ့သည်။ အစွလာမ်အစွန်းရောက်ဝါဒကို တိုက်ဖျက်ရေး၊ အကြမ်းဖက်ညှဉ်းပန်းနှိပ်စက်သော နိုင်ငံများအား တိုက်ခိုက်ရေးဟူသည့် ဒွန်တွဲနေသော တာဝန်နှစ်ရပ်ကို ထမ်းဆောင်ရာ၌ ဗြိတိသျှစစ်သည်များ သည် ၂၁ ရာစုစစ်ပွဲများအတွက် ရှေ့ဆောင်လမ်းပြများဖြစ်ကြောင်း ပြောဆိုခဲ့သည်။

ဖေဖော်ဝါရီလ ၁ ရက်နေ့တွင် အီရတ်မြောက်ပိုင်းရှိ အာဘီးလ်မြို့တွင် ကာ့ဒ်နိုင်ငံရေးပါတီရုံးများ၌ အသေခံဗုံးခွဲတိုက်ခိုက်မှုများဖြစ်ပေါ်ခဲ့သည်။ လူပေါင်း ၁၀၀ ကျော် သေဆုံး၍ ၂၀၀ ကျော် ဒဏ်ရာရရှိခဲ့သည်။ ညွန့်ပေါင်းယာယီအာဏာပိုင်အဖွဲ့၏ အကြီးအကဲပေါလ်ဘရင်မာက ယင်းတိုက်ခိုက်မှုများကို သရဲဘောကြောင်သည့်လုပ်ရပ်အဖြစ် ရှုတ်ချခဲ့သည်။

ဖေဖော်ဝါရီလ ၇ ရက်နေ့တွင် လက်ဒါးဘရာဟီမီခေါင်းဆောင်သော အဖွဲ့ဝင် ၉ ဦးပါသည့် ကုလသမဂ္ဂမှ ကိုယ်စားလှယ်အဖွဲ့သည် ဘဂ္ဂဒက်သို့ ရောက်ရှိလာသည်။ အသွင်ကူးပြောင်းရေးအမျိုးသားလွှတ်တော်



အီရတ်ဝန်ကြီးချုပ် အယ်လာဝီ

ဖွဲ့စည်းရေးနှင့်ပတ်သက်၍ အလာတိုလာ စစ္စတာနီနှင့် ညွှန့်ပေါင်းယာယီအာဏာပိုင်အဖွဲ့တို့အကြား ဖျန်ဖြေစေ့စပ်ပေးရန်ဖြစ်သည်။ ဤ ကုလသမဂ္ဂကိုယ်စားလှယ်အဖွဲ့သည် ၂၀၀၄ခုနှစ်ဇွန်လမတိုင်မီအတွင်းလွှတ်တော်ရွေးကောက်ပွဲများကျင်းပရန် အခြေအနေပေးခြင်းရှိမရှိကို စုံစမ်းလေ့လာခဲ့ကြသည်။ ဤကိုယ်စားလှယ်အဖွဲ့၏ အစီရင်ခံစာနှင့် ပတ်သက်၍ ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးကိုဖိအန်နန်သည် လုံခြုံရေးကောင်စီသို့ အစီရင်ခံတင်ပြခဲ့သည်။ ယင်းသို့ အစီရင်ခံရာ၌ ၂၀၀၄ ခုနှစ် ဇွန်လတွင် မည်သည့်နည်းနှင့်မျှ ကြားဖြတ်အစိုးရကို ဖွဲ့စည်းနိုင်မည်မဟုတ်ကြောင်း ပြောကြားခဲ့သည်။

မတ်လအတွင်း အကြမ်းဖက်တိုက်ခိုက်မှုများဆက်လက်ဖြစ်ပေါ်ခဲ့သည်။ မတ်လဆန်းတွင် ရှီအိုက်မွတ်ဆလင်တို့သည် အာရှုရာအခမ်းအနားကို ကျင်းပခဲ့သည်။ တမန်တော်မိုဟာမက်၏မြေးတော် အီမန်ဟူစိန်အသက်စတေးခံသွားသည့်ဖြစ်ရပ်ကို အကြောင်းပြုလျက် အရှုရာဝတ်ပြုပွဲအခမ်းအနားကို ရှီအိုက်တို့က ကျင်းပခြင်းဖြစ်သည်။ ရှီအိုက်တို့ အထွတ်အမြတ်ထားရာ ဗလီများကို တိုက်ခိုက်သဖြင့် လူအများအပြားသေဆုံးခဲ့သည်။


မတ်လအတွင်း ပုန်ကန်သူများ၏ တိုက်ခိုက်မှုအသွင်သဏ္ဌာန်ပြောင်းသွားကြောင်း တွေ့ရှိရသည်။ ခက်ခဲသော စစ်ရေးပစ်မှတ်များကို မတိုက်ခိုက်တော့ဘဲ အရပ်ဘက်ဝန်ထမ်းများ၊ သာမန်အရပ်သားများအပေါ် ပိုမိုတိုက်ခိုက်လာကြသည်။ အပျော့စားပစ်မှတ်များကို ရွေးချယ်တိုက်ခိုက်လာကြသည်။ အမေရိကန်ဦးဆောင်သော ညွှန့်ပေါင်းအဖွဲ့အတွက် တာဝန်ထမ်းဆောင်နေသော အနောက်နိုင်ငံသားအရပ်သားများကို ဖမ်းဆီးသတ်ဖြတ်ခြင်းများ ပြုလုပ်လာကြသည်။

အီရတ် ကြားဖြတ်အုပ်ချုပ်ရေးကောင်စီအတွင်း ကြားဖြတ်အခြေခံဥပဒေနှင့်ပတ်သက်၍ မတ်လ ၁ ရက်နေ့တွင် သဘောတူညီရရှိသွားသည်။ ကြားဖြတ်အခြေခံဥပဒေသည် အီရတ်သို့ အချုပ်အခြာအာဏာလွှဲပြောင်းပေးရေးတွင် အရေးပါသော အခန်းကဏ္ဍမှပါဝင်သည်။ အသွင်ကူးပြောင်းရေးကာလအတွက် အီရတ်နိုင်ငံ၏အုပ်ချုပ်ရေးဥပဒေ (The Law of Administration for the state of Iraq for the Transitional Period) ဟု ၎င်းအခြေခံဥပဒေကိုတရားဝင်ခေါ်ဆိုခဲ့သည်။ ယင်းအခြေခံဥပဒေ၌ လွတ်လပ်စွာပြောဆိုခွင့်၊ လွတ်လပ်စွာသတင်းရေးသားပုံနှိပ်ခွင့်၊ လွတ်လပ်စွာ စုဝေးခွင့်၊ လွတ်လပ်စွာတရားစီရင်ပိုင် ခွင့်၊ ကျားမလူမျိုးမရွေးတန်းတူညီတူရှိခွင့်၊ စစ်တပ်အပေါ် အရပ်သားအစိုးရက ကြီးကြပ်ပိုင်ခွင့်တို့ ပါဝင်သည်။

ဧပြီလအတွင်း အီရတ်၌ လုံခြုံရေးအခြေအနေ မှာပိုမိုဆိုးဝါးလာသည်။ ညွှန့်ပေါင်းတပ်ဖွဲ့များသည် ဆွန်နီနှင့် ရှီအိုက်သူပုန်တို့အပေါ် ပြုံင်တူထိုးနှက်မှု အရှိန်အဟုန်ကို တိုးမြှင့်လိုက်ရာ သူပုန်တို့ကလည်း ပိုမိုပြင်းထန်စွာတုံ့ပြန်ခဲ့သည်။ ဆွန်နီအများစုနေထိုင်ရာဖာလူဂျာမြို့အပေါ် အထူးစစ်ဆင်ရေးဖြင့် တိုက်ခိုက်ခဲ့သည်။ ဖာလူဂျာ၌ အီရတ်မဟုတ်သော အစွလာမ်အစွန်းရောက်များရှိသည်။ နိုင်ငံခြားသားသောင်းကျန်းသူများရှိသည်ဟူသော စွပ်စွဲချက်ဖြင့် တိုက်ခိုက်ခြင်းဖြစ်သည်။ ရှီအိုက်ဂိုဏ်းမှ မော့တာဒါအယ်လ်ဆာဒါးခေါင်းဆောင်သော သူပုန်များကလည်း အီရတ်တောင်ပိုင်းရှိ ရှီအိုက်လွှမ်းမိုးရာဒေသတွင် ဆူပူလှုပ်ရှားခဲ့သည်။

အီရတ်အခြေအနေနှင့်ပတ်သက်၍ သမ္မတဘုရှ်နှင့် ဝန်ကြီးချုပ်တိုနီဘလဲတို့သည် ဧပြီလ ၁၀ ရက်နေ့က တွေ့ဆုံဆွေးနွေးခဲ့ကြသည်။ ဆွန်နီနှင့် ရှီအိုက်တို့၏ သွေးမြေကျခုခံမှုကို ရင်ဆိုင်နေရကြောင်း သိမြင်လာကြသည်။ ထို့ကြောင့် ၎င်းတို့နှစ်ဦးက အီရတ်တွင် ဒီမိုကရေစီဖော်ဆောင်ရေးနှင့် ကြီးပွားချမ်းသာရေးတို့အတွက် အခိုင်အမာရပ်တည်ကြမည်ဟု သန္နိဋ္ဌာန်ပြုခဲ့ကြသည်။ အီရတ်တွင် ကုလသမဂ္ဂအားအဓိကအခန်းကဏ္ဍမှ ပါဝင်စေမည်ဟုလည်း ပြောဆိုခဲ့ကြသည်။

အီရတ်နိုင်ငံ




နာဂျပ်ဖမြို့ ၈ ရက်ကြာတိုက်ပွဲတွင်တွေ့ရသော အမေရိကန်တပ်ဖွဲ့ဝင်များ

လက်ဒါဘရာဟီမီအား အီရတ်ဆိုင်ရာ ကုလသမဂ္ဂ သံတမန်အဖြစ် စေလွှတ်ခြင်းကိုလည်း ထောက်ခံခဲ့ကြသည်။

ဗြိုလ်ဆန်းမှစ၍ သူပုန်တို့သည် နည်းဗျူဟာသစ်ချမှတ်ကျင့်သုံးလာသည်။အမေရိကန်၏မဟာမိတ်နိုင်ငံများအပေါ် ဖိအားပေးသည့်အနေဖြင့် နိုင်ငံခြားသားများအား ပြန်ပေးဆွဲမှုတို့ကိုပြုလုပ်လာသည်။ အီရတ်ပြန်လည်ထူထောင်ရေးအတွက် နိုင်ငံခြားကုမ္ပဏီများသည် အီရတ်တွင် လာရောက်လုပ်ကိုင်လျက်ရှိကြသည်။ သို့ရာတွင် ပြန်ပေးဆွဲမှုများကြောင့် ပြန်လည် ထူထောင်ရေးလုပ်ငန်းများ ရပ်ဆိုင်းတုံ့နှေးသွားကြသည်။ အမေရိကန်တို့နှင့် ပူးပေါင်း လုပ်ဆောင်သော အရပ်သား၊ နိုင်ငံခြားသားနှင့် အီရတ်နိုင်ငံသားတို့အပေါ် ပစ်မှတ်ထားလျက် သတ်ဖြတ်ခြင်း၊ ပြန်ပေးဆွဲခြင်းများကို ပြုလုပ်ခဲ့ကြသည်။ စိတ်ချောက်ချားစေရေးအတွက် ခားစာခံအဖြစ် ဖမ်းဆီးခံထားရသူတို့၏ အဖြေအနေများကို အယ်လ်ဂျာဇီးယားစသော ရုပ်မြင်သံကြားဌာနများမှတစ်ဆင့် ဗီဒီယိုတိတ်ခွေများကို ပြသခဲ့သည်။ ဤသို့ဖြင့် အမေရိကန်တို့နှင့် ပူးပေါင်းခဲ့သော မဟာမိတ်နိုင်ငံအချို့က အီရတ်ရှိ ၎င်းတို့တပ်ဖွဲ့များကို ရုပ်သိမ်းပေးရမည်ဟု ပြောဆိုခဲ့ကြသည်။ လက်တွေ့လည်း တပ်များ လျော့ချထွက်ခွာခဲ့ကြသည်။

အဘူဂရိတ်အကျဉ်းထောင်တွင် မဖွယ်မရာပြုမှုများ၊ ညှဉ်းပန်းနှိပ်စက်မှုများနှင့် စပ်လျဉ်း၍ မေလတွင် သတင်းများ ပိုမိုပြန့်နှံ့ထွက်ပေါ်လာခဲ့သည်။ သို့ဖြစ်၍ အီရတ်နိုင်ငံတွင် လုံခြုံရေးနှင့် နိုင်ငံရေးအခြေအနေတို့



အီရတ်နိုင်ငံနာဂျပ်ဖမြို့ရှိ Imam Ali Shrine ကို အီရတ်ဘာသာရေးခေါင်းဆောင်အယ်လ်ဆာဒါး၏ Mahdi Army တပ်ဖွဲ့ဝင်များ တောင့်ကြပ်နေစဉ်

၂၀၆

မှာလည်း ပိုမိုရှုပ်လာခဲ့သည်။ မေလ ၁၇ရက်နေ့တွင် အီရတ်အုပ်ချုပ်ရေးကောင်စီမှ အလှည့်ကျ ဥက္ကဋ္ဌ ဖြစ်သော အဇဒင်ဆာလင်သည် အသေခံကားဗုံးသမား၏ တိုက်ခိုက်မှုကြောင့် သေဆုံးသွားခဲ့သည်။ သူပုန်တို့သည် ညွန့်ပေါင်းယာယီ အာဏာပိုင်အဖွဲ့၏ ဌာနချုပ်တည်ရှိရာ ဘဂ္ဂဒက်မြို့မှ အစိမ်းရောင်နယ်မြေ (အထူးလုံခြုံရေးဒေသ)သည်ပင်လျှင် သူပုန်တို့၏ တိုက်ခိုက်မှုကို ခံနေခဲ့ရသည်။

မေလ ၂၈ ရက်နေ့တွင် အီရတ်အုပ်ချုပ်ရေးကောင်စီဝင်တစ်ဦးဖြစ်သော အာယပ်အာလာဝီအားဇွန်လ ၃၀ ရက်နေ့တွင် ဖွဲ့စည်းဖြစ်ပေါ်လာမည့် ကြားဖြတ်အစိုးရ၏ ဝန်ကြီးချုပ်အဖြစ်လျာထားကြောင်း ကြေညာခဲ့သည်။ အာလာဝီသည် ရှီအိုက်ဂိုဏ်းဝင်တစ်ဦးဖြစ်သည်။ အီရတ်အမျိုးသားညီညွတ်ရေးပါတီ၏ ခေါင်းဆောင်လည်းဖြစ်သည်။ အီရတ်စစ်ပွဲမဖြစ်မီက အာလာဝီ၏ ပါတီကိုစိုအိုင်အေက ထောက်ပံ့ခဲ့သည်။ အာလာဝီ၏ပါတီသည် အီရတ်စစ်တပ်မှ ထွက်ပြေးခဲ့သော စစ်ဘက်နှင့် ထောက်လှမ်းရေးအဖွဲ့ဝင်များဖြင့် ဖွဲ့စည်းထားသောပါတီဖြစ်သည်။

အီရတ်ကြားဖြတ်အစိုးရဖွဲ့စည်းရေးနှင့် စပ်လျဉ်း၍ အမေရိကန်၊ ကုလသမဂ္ဂနှင့် အီရတ်တို့သည် ရက်ပေါင်းများစွာကြာအောင် ဈေးဆစ်တောင်းဆိုမှုများပြုခဲ့ကြသည်။ ယင်းသို့ငြင်းခုံဆွေးနွေးပြီးနောက်မှ ဇွန်လ ၁ ရက်နေ့တွင် အီရတ်ကြားဖြတ်အစိုးရ ဖွဲ့စည်းကြောင်း ကြေညာခဲ့သည်။ ကြားဖြတ်အစိုးရအဖွဲ့တွင် ရုပ်ပြသမ္မတအဖြစ် ဂါဇီယာဝါးကဆောင်ရွက်သည်။ လုပ်ပိုင်ခွင့်အပြည့်အဝရှိသောအစိုးရအဖွဲ့ကိုဝန်ကြီးချုပ် အာလာဝီက ခေါင်းဆောင်သည်။

ညွန့်ပေါင်းယာယီအာဏာပိုင်အဖွဲ့က အီရတ်ကြားဖြတ်အစိုးရအဖွဲ့သို့ အာဏာလွှဲပြောင်းပေးအပ်ပွဲကို ဇွန်လ ၂၈ ရက်နေ့က ကျင်းပခဲ့သည်။ လုံခြုံရေးအတွက် နှစ်ရက်စောလျှင် ကျင်းပခဲ့သည်။ အာဏာလွှဲအပ်ပွဲကို လုံခြုံရေးထူထပ်စွာ ချထားသော အစိမ်းရောင်နယ်မြေ၌ ကျင်းပခဲ့သည်။ အဆိုပါ အခမ်းအနားသို့ လူ ၃၀ တက်ရောက်ခဲ့သည်။ အခမ်းအနားတွင် ပေါလ်ဘရင်မာက ဝန်ကြီးချုပ်အာလာဝီထံသို့ အာဏာလွှဲအပ်ကြောင်း အထောက်အထားကို ပေးအပ်သည်။ အခမ်းအနားကျင်းပချိန် ၁၀ မိနစ်သာကြာခဲ့သည်။ အာဏာလွှဲပြောင်းပေးပြီးလျှင် ပြီးချင်းပေါလ်ဘရင်ဟာသည် ရဟတ်ယာဉ်ဖြင့် အီရတ်မှ ထွက်ခွာသွားခဲ့သည်။ နာရီအနည်းငယ်အကြာတွင် အီရတ်နိုင်ငံဆိုင်ရာ အမေရိကန် သံအမတ်သည် ဘဂ္ဂဒတ်မြို့သို့ ဆိုက်ရောက်လာခဲ့သည်။ ကြားဖြတ်အစိုးရအဖွဲ့သည် ၂၀၀၅ ခုနှစ်ဦးပိုင်းတွင် အထွေထွေရွေးကောက်ပွဲများ ကျင်းပပေးနိုင်သည်အထိ အီရတ်တွင် အချုပ်အခြာအာဏာကို ကျင့်သုံးသွားရန်ဖြစ်သည်။

ဇွန်လ ၈ ရက်နေ့တွင် ကုလသမဂ္ဂလုံခြုံရေးကောင်စီက အီရတ်အချုပ်အခြာအာဏာပိုင်မှုနှင့် ပတ်သက်၍ ဆုံးဖြတ်ချက်အမှတ် (၁၅၄၆/ ၂၀၀၄) ကို ထုတ်ပြန်ခဲ့သည်။ ထိုဆုံးဖြတ်ချက်၌ ဇွန်လ ၃၀ ရက်နေ့တွင် ဖွဲ့စည်းဖြစ်ပေါ်လာမည့်ကြားဖြတ်အစိုးရသည် လုံးဝအချုပ်အခြာအာဏာပိုင်သော လွတ်လပ်သည့် အစိုးရအဖွဲ့ဖြစ်ကြောင်း တာဝန်အပြည့်အဝယူလျက် အချုပ်အခြာအာဏာကို ကျင့်သုံးမည့်အစိုးရအဖွဲ့ဖြစ်ကြောင်း၊ ယင်းအစိုးရ အဖွဲ့တက်လာခြင်းဖြင့် အီရတ်ကို သိမ်းပိုက်ထားမှုသည်လည်း ကုန်ဆုံးတော့မည်ဖြစ်ကြောင်း၊ အစိုးရအဖွဲ့သစ်ပေါ်ပေါက်လာခြင်း သည် အီရတ်၌ ဒီမိုကရေစီနည်းကျ ရွေးကောက်တင်မြှောက်ထားသည့် အစိုးရပေါ်ပေါက်လာရေးအတွက် အဆင့်သစ်၏ အစဖြစ်ကြောင်းစသည်တို့ကိုဖော်ပြထားသည်။

အာဏာလွှဲပြောင်းပြုလုပ်ပြီး နှစ်ရက်အကြာ ဇွန်လ ၃၀ ရက်နေ့တွင် အီရတ်အစိုးရအဖွဲ့သစ်က ဆက်ဒမ်ဟူစိန်အားတရားဥပဒေသဘောအရချုပ်နှောင်ထားမှုကို အမေရိကန်တို့ထံမှ တရားဝင်လွှဲပြောင်းယူလိုက်သည်။ လက်တွေ့သဘောအားဖြင့်မူ ဆက်ဒမ်ဟူစိန်သည် အမေရိကန်စစ်တပ်၏ အချုပ်အနှောင်တွင်းမှာရှိနေဆဲဖြစ်သည်။ ဇူလိုင်လ ၁ ရက်နေ့တွင်



အမေရိကန်တပ်ဖွဲ့နှင့် အမေရိကန်ဆန့်ကျင်ရေး အီရတ်လက်နက်ကိုင်များ အပြင်းအထန် တိုက်ပွဲဖြစ်ပြီး ပျက်စီးနေသော နာဂျပ်ဗ်မြို့မြင်ကွင်း

ဆက်ဒမ်ဟူစိန်အား အီရတ်တရားရုံး က စတင်ကြားနာစစ်ဆေးသည်။ ဆက်ဒမ်အား စွဲချက်ခုနစ်ခုဖြင့် တရားစွဲဆိုထားသည်။ ၂၀၀၃ ခုနှစ် ဒီဇင်ဘာလတွင် အဖမ်းခံခဲ့ရပြီးနောက် ပထမဆုံးအကြိမ် အများပြည်သူ ရှေ့မှောက်သို့ ပေါ်ထွက်လာခြင်းဖြစ်သည်။ သတင်းစာများ၏ အဆိုအရ ဆက်ဒမ်သည်တရားရုံးကို ပမာမခံ ပြုခဲ့သည်။ တရားရုံး၌ သူ့ရပ်တည်ချက်ကို ရှေ့နောက် ညီညွတ်စွာ ခိုင်မာစွာရပ်တည်ခဲ့သည်။ တရားရုံး၏ အထောက်အထားစာတမ်းများကို လက်မှတ်ရေးထိုး ရန်ငြင်းဆန်ခဲ့သည်။ ဆက်ဒမ်နှင့်အတူ ၎င်း၏အပေါင်းပါ ၁၁ ဦးကိုလည်း အလားတူ တရားစွဲဆိုတင်ပို့ခဲ့သည်။

ဩဂုတ်လအတွင်း အီရတ်၌ လုံခြုံရေးနှင့် နိုင်ငံရေးအခြေအနေတို့မှာ ဆက်လက်ရှုပ်ထွေးနေဆဲပင် ဖြစ်သည်။ ဆွန်နီနှင့် ရှိအိုက်သူပုန်တို့၏ လှုပ်ရှားမှုများလည်း ဆက်လက်ဖြစ်ပေါ်ခဲ့သည်။ ဤသို့သော အခြေအနေအတွင်း ဩဂုတ်လ ၁၅-၁၈ ရက်နေ့များတွင် အမျိုးသားကွန်ဖရင့်ကို ကျင်းပခဲ့သည်။ ၂၀၀၅ ခုနှစ် အထွေထွေရွေးကောက်ပွဲများမတိုင်မီ ကြိုတင်ပြင်ဆင်သည့်အနေဖြင့် ဒေသအသီးသီးမှ ရွေးချယ်စေလွှတ်သော ကိုယ်စားလှယ်များဖြင့် အမျိုးသားကွန်ဖရင့်ကို ကျင်းပခြင်းဖြစ်သည်။ ထင်ရှားသော နိုင်ငံရေးခေါင်းဆောင်အချို့နှင့် ပါတီအချို့က ၎င်း

ကွန်ဖရင့်ကို သပိတ်မှောက်ခဲ့သည်။ အဆိုပါ ကွန်ဖရင့်က ကြားဖြတ်ဥပဒေပြုလွှတ်တော်ကို ရွေးချယ်ဖွဲ့စည်းခဲ့သည်။ ကြားဖြတ်ဥပဒေပြုလွှတ်တော်သည် ကြားဖြတ်အစိုးရကို ကြီးကြပ်ကွပ်ကဲရန်ဖြစ်သည်။

စက်တင်ဘာလ၊ အောက်တိုဘာလများတွင်လည်း အီရတ်၌ လုံခြုံရေး၊ နိုင်ငံရေးအခြေအနေများမှာ ရှုပ်ထွေးနေဆဲပင်ဖြစ်ခဲ့သည်။ ဘာသာရေးလူမျိုးရေးပဋိပက္ခများ၊ အကြမ်းဖက်တိုက်ခိုက်မှုများ ဆက်လက်ဖြစ်ပေါ်ခဲ့သည်။ အမေရိကန်ဆန့်ကျင်ရေး လှုပ်ရှားမှုများလည်း ဆက်လက်ဖြစ်ပေါ်ခဲ့သည်။ ချားလ်ဂျ။ အယ်လ်ပါဦးဆောင်သော အီရတ်လေ့လာရေးအုပ်စုက အောက်တိုဘာလ ၆ ရက်နေ့တွင် အပြီးသတ်အစီရင်ခံစာတင်သွင်းခဲ့သည်။ ထိုအစီရင်ခံစာ၌ အီရတ်စစ်ပွဲမဖြစ်မီက အီရတ်၌ WMD လက်နက်များမရှိကြောင်း၊ လက်နက်များထုတ်လုပ်နိုင်သည့်အစီအစဉ်များလည်းမရှိခဲ့ကြောင်း ဖော်ပြပါရှိသည်။သို့ဖြစ်၍ အစီရင်ခံစာ၏တွေ့ရှိချက်များသည် စစ်မဖြစ်မီက သမ္မတဘုရှ်နှင့်ပြတိသျှဝန်ကြီးချုပ် တိုနီဘလဲတို့၏ စွပ်စွဲချက်များနှင့် ကွဲလွဲဆန့်ကျင်နေကြောင်း တွေ့ရှိရသည်။

ဘဂ္ဂဒက်မြို့၏ အနောက်ဘက်ကီလိုမီတာ ၅၀ အကွာတွင်ရှိသော ဖာလူဂျာမြို့သည် ဆွန်နီမွတ်ဆလင်တို့၏ အခိုင်အမာစခန်းဖြစ်သည်။ ဧပြီလအတွင်းက အမေရိကန်တပ်များသည် ဖာလူဂျာမြို့ကို သိမ်းပိုက်ရန်ကြိုးပမ်းခဲ့သော်လည်း မအောင်မြင်ခဲ့ပေ။ ထို့ကြောင့် ဆွန်နီသူပုန်တို့ကဖာလူဂျာအားလွတ်လပ်သောမြို့အဖြစ် ကြေညာကာ ထိုမြို့မှတစ်ဆင့် အီရတ်နိုင်ငံတစ်ခုလုံးကို လွှတ်မြောက်စေမည်ဟု ဝင့်ကြွားခဲ့သည်။

ဝန်ကြီးချုပ်အာလာဝီသည် နိုဝင်ဘာလ ၇ ရက်နေ့တွင် အီရတ်နိုင်ငံအနှံ့အပြားရှိ ဒေသအများအပြား၌ စစ်ဥပဒေကို ကြေညာခဲ့သည်။ အမေရိကန်နှင့် အီရတ်တပ်များပူးပေါင်းလျက် ဖာလူဂျာမြို့အပေါ် ထိုးစစ်ကြိုးကို ဆင်နွှဲခဲ့သည်။ စစ်ဥပဒေအရ ဖာလူဂျာနှင့်အခြား မြို့များ၌ နေဝင်မီးငြိမ်းအမိန့်၊ လူများမစုဝေးရန် အမိန့်များကို ထုတ်ပြန်ခဲ့သည်။ ဖာလူဂျာမြို့ကို ဝန်းရံပိတ်ဆို့ခဲ့သည်။ ပြင်ပနှင့် အဆက်အသွယ်များဖြတ်တောက်ထားခဲ့သည်။ ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူး ကိုဖီအန်နန်က ဖာလူဂျာမြို့ကို စစ်ရေးအရ ထိုးစစ်ဆင် တိုက်ခိုက်မှုအပေါ် စိုးရိမ်မိကြောင်း၊ အီရတ်၌ ငြိမ်းချမ်းစွာအသွင်ကူးပြောင်းရေးကို ထိခိုက်နိုင်ကြောင်း အမေရိကန်ပြတိန်နှင့် အီရတ်အစိုးရများထံသို့ စာများရေးသားပေးပို့ခဲ့သည်။ ဖာလူဂျာမြို့သူမြို့သားများမှာ ဤထိုးစစ်ကြောင့် သေဆုံးမှုများရှိခဲ့သည့်အပြင် စားနပ်ရိက္ခာနှင့် ဆေးဝါးများ ပြတ်လပ်မှုတို့လည်းဖြစ်ခဲ့သည်။ နေထိုင်မှုအခက်အခဲများလည်းဖြစ်ပေါ်ခဲ့သည်။ နိုဝင်ဘာလလယ်ပိုင်းတွင် အမေရိကန်ဦးဆောင်သော ပူးပေါင်းတပ်ဖွဲ့များသည် ဖာလူဂျာမြို့တွင်းသို့ ချဉ်းနင်းဝင်ရောက်သွားခဲ့ကြသည်။

ဦးခင်မောင်မြ

ဥရောပချန်ပီယံဖလားဘောလုံးပြိုင်ပွဲ (ယူရို ဘောလုံးပြိုင်ပွဲ)။ ။ဥရောပချန်ပီယံဖလားဘောလုံးပြိုင်ပွဲ ၂၀၀၄ (ယူရို-၂၀၀၄) ဘောလုံးပြိုင်ပွဲကို ပေါ်တူဂီနိုင်ငံ၊ ဒရာဂါအိုဘောလုံးကွင်း၌ ၂၀၀၄ ခုနှစ်၊ ဇွန်လ ၁၂ ရက်နေ့တွင် စတင်ကျင်းပသည်။. ပြိုင်ပွဲတွင် အသင်းလေးသင်းလျှင် တစ်အုပ်စုခွဲ၍ အသင်း ၁၆ သင်းပါဝင်ယှဉ်ပြိုင်သည်။ အုပ်စု (က)တွင် အိမ်ရှင် ပေါ်တူဂီ၊ ဂရိ၊ ရုရှ၊ စပိန်၊ အုပ်စု(ခ)တွင် ခရိုအေးရှား၊ အင်္ဂလန်၊ ပြင်သစ်၊ ဆွစ်ဇာလန်၊ အုပ်စု(ဂ)တွင် ဘူဂေးရီးယား၊ ဒိန်းမတ်၊ အီတလီ၊ ဆွီဒင်နှင့် အုပ်စု (ဃ)တွင် ချက်၊ ဂျာမနီ၊ လတ်ဗီးယား၊ နယ်သာလန် (ဝါ) ဟော်လန်တို့ ပါဝင်ကြသည်။

ယူရို-၂၀၀၄ ဘောလုံးပြိုင်ပွဲ ကွင်းဖွင့်ပွဲအဖြစ် အုပ်စု(က)မှ အိမ်ရှင် ပေါ်တူဂီအသင်းနှင့် ဂရိအသင်းတို့ ပေါ်တူဂီနိုင်ငံ၊ ဒရာဂါအို ဘောလုံးကွင်း၌ ဇွန်လ ၁၂ ရက်နေ့တွင် ယှဉ်ပြိုင်ကစားရာ ပရိတ်သတ် ၄၀,၀၀၀ ကျော် ကြည့်ရှုအားပေးသည်။ ပေါ်တူဂီ

အသင်းက ဖိဂိုတစ်ဦးတည်းသာ လူပ်ရှားကစားသွား ပြီး လျင်လျင်မြန်မြန်၊ အဖြတ်အတောက်၊ အဖျက် အပို့ကောင်း ဂရိအသင်းကို ပေါ်တူဂီအသင်း မယှဉ်နိုင် ဖြစ်ရသည်။ ပွဲအစခုနှစ်မိနစ်တွင် ပေါ်တူဂီအသင်း နောက်တန်းလူ ဘောလုံးအပေးမှားရာ ကာရာဂူအိုနစ် ဘောလုံးရပြီး ရှင်းရှင်းလင်းလင်းကန်သွင်း၍ ဂရိ အသင်း ပထမဂိုးရသည်။ ဒုတိယအပိုင်းတွင် ပေါ်တူဂီ အသင်းက ရော်နယ်ဒိုပါဝင်ကစား သည်။ ၅၁ မိနစ်တွင် ရော်နယ်ဒိုက နောက်မှတိုက်လိုက်၍ ဒိုင်က ပိုင်နယ်တီ ပေးလိုက်ရာ ဘာစီနပ်စ် ကန်သွင်း၍ ဂရိအသင်းဒုတိယ ဂိုးရသည်။ မိနစ် ၉၀ တွင် ထောင့်ကန်ဘောမှတစ်ဆင့် ရော်နယ်ဒို ခေါင်းတိုက်သွင်း၍ ပေါ်တူဂီအသင်းတစ်ဂိုး ရရှိသော်လည်း ပွဲအပြီးတွင် ဂရိအသင်းက ပေါ်တူဂီ အသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရသည်။



၎်လ ၁၃ ရက်နေ့တွင် အုပ်စု (က)မှ စပိန်အသင်းနှင့် ရုရှအသင်းတို့ ယှဉ်ပြိုင်ကစားရာ စပိန်အသင်းက ခက်ခက်ခဲခဲကစားပြီး ရုရှအသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရပြီး အုပ်စု (ခ) မှ ဆွန်ဇာလန်အသင်းနှင့် ခရိုအေးရှားအသင်းတို့ ယှဉ်ပြိုင် ကစားရာ ဂိုးမရှိ သရေဖြစ်သွားသည်။

၎်လ ၁၄ ရက်နေ့တွင် အုပ်စု (ခ) မှ နာမည်ကြီး ပြင်သစ်အသင်းနှင့် အင်္ဂလန်အသင်းတို့ ယှဉ်ပြိုင်ကစားရာ အင်္ဂလန်အသင်းကပွဲချိန်စေ့သည်အထိ တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရသော်လည်း လေလွင့်ချိန်အတွက် ထပ်ဆောင်းပေးသော သုံးမိနစ်တွင် ပြင်သစ်အသင်းက ချေပဂိုးနှင့် အနိုင်ဂိုးသွင်းကာ နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရသည်။ ပထမပိုင်း ၃၈ မိနစ်တွင် အင်္ဂလန်အသင်းက ဒေးဗစ်ဘက်ဟမ်း ကန်တင်ပေးသည့် ဖရီးကစ်ဘောလုံးကိုအလယ်တန်းလူ လမ်းပတ်ခေါင်းတိုက်သွင်း၍ ဂိုးစတင်ရသည်။ ဒုတိယပိုင်းတွင် အင်္ဂလန်ဂိုးဧရိယာအစပ်၌ ရရှိသော ပြစ်ဒဏ်ဘောလုံးကို ပြင်သစ်အသင်းက ဇီဒန်းတိုက်ရိုက်ကန်သွင်း၍ ချေပဂိုးရပြီး မကြာမီပြင်သစ်အသင်းက ပိုင်နယ်တီရာဇီဒန်းကန်သွင်း၍ အနိုင်ဂိုးရသည်။

၎်လ ၁၄ ရက်နေ့တွင် အုပ်စု (ဂ) မှ ဒိန်းမတ်အသင်းနှင့် အီတလီအသင်းတို့ ယှဉ်ပြိုင်ကစားရာ နှစ်သင်းစလုံး ဂိုးသွင်းခွင့်များရသော်လည်း ဂိုးသမားနှစ်ဦးစလုံးကာကွယ်နိုင်သဖြင့် ဂိုးမရှိ သရေဖြစ်သွားသည်။

၎်လ ၁၅ ရက်နေ့တွင် အုပ်စု (ဂ) မှဆွီဒင်အသင်းက ဘူဂေးရီးယားအသင်းကို ၎်းဂိုး-ဂိုးမရှိဖြင့် လည်းကောင်း၊အုပ်စု(ဃ)မှချက်အသင်းကလတ်ဗီးယားအသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့်လည်းကောင်း အနိုင်ရသည်။

၎်လ ၁၆ ရက်နေ့တွင်အုပ်စု(ဃ)မှဂျာမနီအသင်းနှင့် နယ်သာလန် အသင်းတို့ယှဉ်ပြိုင်ကစားရာတစ်ဖက်တစ်ဂိုးစီဖြင့် သရေဖြစ်သွားပြီး အုပ်စု (က)မှ စပိန်အသင်းနှင့် ဂရီ အသင်းတို့ယှဉ်ပြိုင် ကစားရာ တစ်ဖက်တစ်ဂိုးစီဖြင့် သရေဖြစ်သွားသည်။


၎်လ ၁၇ ရက်နေ့တွင် အုပ်စု (က) မှအိမ်ရှင်ပေါ်တူဂီအသင်းနှင့် ရုရှအသင်းတို့ ယှဉ်ပြိုင်ကစားရာ ပွဲစပြီး ခုနစ်မိနစ်၌ ပေါ်တူဂီအသင်းမှ မီနီချိကာ တစ်ဂိုးနှင့် ဒုတိယပိုင်း ၈၉ မိနစ်၌ ပေါ်တူဂီအသင်းမှ ရူအီကော့စတာက တစ်ဂိုးသွင်းပြီး ပေါ်တူဂီအသင်းက ရုရှအသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရသည်။ အုပ်စု (ခ) မှဆွစ်ဇာလန်အသင်းနှင့် အင်္ဂလန်အသင်းတို့ ယှဉ်ပြိုင်ကစားရာ အင်္ဂလန်အသင်းမှ ပိန်းရွက်နေက နှစ်ဂိုးနှင့် ဂျရတ်ကတစ်ဂိုးသွင်းပြီးအင်္ဂလန်အသင်းကဆွစ်ဇာလန်အသင်းကို သုံးဂိုး-ဂိုးမရှိဖြင့် အနိုင်ရသည်။

၎်လ ၁၈ ရက်နေ့တွင် အုပ်စု (ခ) မှနာမည်ကြီးပြင်သစ်အသင်းနှင့် ခရိုအေးရှားအသင်းတို့ ယှဉ်ပြိုင်ကစားရာ တစ်ဖက်နှစ်ဖက်နှစ်ဂိုးစီဖြင့် သရေဖြစ်သွားပြီး အုပ်စု (ဂ) မှဒိန်းမတ်အသင်းက ဘူဂေးရီးယားအသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရသည်။

၎်လ ၁၉ ရက်နေ့တွင် အုပ်စု (ဂ) မှနာမည်ကြီးအီတလီအသင်းနှင့် ဆွီဒင်အသင်းတို့ ယှဉ်ပြိုင်ကစားရာ တစ်ဖက်တစ်ဂိုးစီဖြင့် သရေဖြစ်သွားပြီး အုပ်စု (ဃ) မှ ဂျာမနီအသင်းနှင့် လတ်ဗီးယားအသင်းတို့ ယှဉ်ပြိုင်ကစားရာ ဂိုးမရှိသရေဖြစ်သွား သည်။

၎်လ ၂၀ ရက်နေ့တွင် အုပ်စု (ဃ) မှချက်အသင်းက နယ်သာလန်အသင်းကို သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရသည်။

၎်လ ၂၁ ရက်နေ့တွင် အုပ်စု (က) နောက်ဆုံးပွဲစဉ်များကို ယှဉ်ပြိုင်ကစားရာ ပေါ်တူဂီအသင်းက စပိန်အသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့်လည်းကောင်း၊ ရုရှအသင်းက ဂရီအသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့်လည်းကောင်း အနိုင်ရသည်။ ပေါ်တူဂီအသင်းသည် နှစ်ပွဲနိုင်၊ တစ်ပွဲရှုံးဖြင့် ခြောက်မှတ်ရရှိကာအုပ်စု (က) ပထမ၊ ဂရီအသင်းသည် တစ်ပွဲနိုင်၊ တစ်ပွဲသရေ၊ တစ်ပွဲရှုံးဖြင့် လေးမှတ်ရရှိကာ စပိန်အသင်းနှင့် အမှတ်တူရသော်



ဥရောပချန်ပီယံဖလားဘောလုံးပြိုင်ပွဲဝင်ရိုင်စံများ

လည်း သွင်းကိုးကွာခြားချက်ဖြင့် အုပ်စု (က) ဒုတိယ ရရှိသည်။

၎လ ၂၂ ရက်နေ့တွင် အုပ်စု (ခ) နောက်ဆုံး ပွဲစဉ်များကို ယှဉ်ပြိုင်ကစားရာ ပြင်သစ်အသင်းက ဆွစ်ဇာလန်အသင်းကို သုံးဂိုး-တစ်ဂိုးဖြင့်လည်းကောင်း၊ အင်္ဂလန်အသင်းက ခရိုအေးရှား အသင်းကို လေးဂိုး-နှစ်ဂိုးဖြင့်လည်းကောင်း အနိုင်ရသည်။ ပြင်သစ်အသင်းသည် နှစ်ပွဲနိုင်၊ တစ်ပွဲသရေဖြင့် ခုနစ်မှတ်ရရှိကာ အုပ်စု (ခ) ပထမ၊ အင်္ဂလန်အသင်းသည် နှစ်ပွဲနိုင်၊ တစ်ပွဲရှုံးဖြင့် ခြောက်မှတ်ရရှိ ကာ အုပ်စု (ခ) ဒုတိယရရှိသည်။

၎လ ၂၃ ရက်နေ့တွင် အုပ်စု (ဂ) နောက်ဆုံး ပွဲစဉ်များကို ယှဉ်ပြိုင်ကစားရာ ဆွီဒင်အသင်းနှင့် ဒိန်းမတ်အသင်းတို့ တစ်ဖက် နှစ်ဂိုးစီဖြင့် သရေဖြစ်သွားပြီး အီတလီအသင်းက ဘူဂေးရီးယားအသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရသည်။ ဆွီဒင်အသင်း၊ ဒိန်းမတ်အသင်းနှင့် အီတလီအသင်းတို့သည် တစ်ပွဲစီနိုင်၊ နှစ်ပွဲစီသရေဖြင့် ငါးမှတ်စီရရှိသော်လည်း ဂိုးကွာခြားချက်အရ ဆွီဒင်က အုပ်စု (ဂ) ပထမ၊ ဒိန်းမတ်က အုပ်စု (ဂ) ဒုတိယ ရရှိသည်။

၎လ ၂၄ ရက်နေ့တွင် အုပ်စု (ဃ) နောက်ဆုံး ပွဲစဉ်များကို ယှဉ်ပြိုင်ကစားရာ ချက်အသင်းက ဂျာမနီအသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့်လည်းကောင်း၊ နယ်သာလန်အသင်းက လတ်ဗီးယားအသင်းကို သုံးဂိုး-ဂိုးမရှိဖြင့် လည်းကောင်း အနိုင်ရသည်။ ချက်အသင်းသည် တစ်ပွဲနိုင်၊ တစ်ပွဲသရေ၊ တစ်ပွဲရှုံးဖြင့် လေးမှတ်ရရှိကာ အုပ်စု (ဃ) ဒုတိယရရှိသည်။

ပထမကွာတားဖိုင်နယ် ရှုံးထွက်ပွဲစဉ် (၁) အဖြစ် အုပ်စု (က) ပထမရသော အိမ်ရှင် ပေါ်တူဂီအသင်းနှင့် အုပ်စု (ခ) ဒုတိယရသော အင်္ဂလန်အသင်းတို့ ၎လ ၂၅ ရက်နေ့တွင် ယှဉ်ပြိုင်ကစားသည်။ ပွဲစပြီး သုံးမိနစ်တွင် ပေါ်တူဂီအသင်းနောက်တန်းမှ ကော့စတင်ညာ ဂိုးသမားထံ ခေါင်းတိုက်ပို့သည့် ဘောလုံးကို အင်္ဂလန်အသင်းတိုက်စစ်မှူးအိုဝင်ရပြီး သွင်းယူသဖြင့် အင်္ဂလန်အသင်းဂိုးစတင်ရသည်။ ဒုတိယပိုင်းတွင် ပေါ်တူဂီအသင်းကနာမည်ကြီး ဖီရိုအစား ပေါ်စတီဂါဝင်ရောက်ကစားရာ ၈၃ မိနစ်တွင် ခေါင်းတိုက်ပြီး ပေါ်တူဂီအသင်းတွက် ချေပဂိုးသွင်းယူသဖြင့် တစ်ဂိုးစီသရေ ဖြစ်သွားသည်။ ပွဲပြီးရန် တစ်မိနစ်အလိုတွင် ဆိုးကင်းဘဲလ်က ခေါင်းတိုက်သွင်းသည့် ဘောလုံးဂိုးဝင်သော်လည်း ဆိုးကင်ဘဲလ်နှင့်ဂျွန်တယ်ရီတို့က ဂိုးသမားကို တိုက်တွန်းသည်ဟုဆိုကာ ဒိုင်လူကြီးက ဂိုးမပေးသဖြင့် အင်္ဂလန်အသင်းနစ်နာသွားသည်။

ပွဲပြီးချိန်တွင် တစ်ဖက်တစ်ဂိုးစီဖြင့် သရေဖြစ်နေ၍ အချိန်ပိုကစားရသည်။ အချိန်ပို ဒုတိယပိုင်း လေးမိနစ်တွင် ပေါ်တူဂီအသင်းမှ လူစားဝင်လာသူ ရူအီကော်စတာက ဧရိယာထိပ်မှ ကန်သွင်းသဖြင့် ဒုတိယဂိုးရရှိသည်။ ဆက်လက်ကစားရာ အင်္ဂလန်အသင်းမှ အလယ်တန်းလူ လမ်းပတ်ကန်သွင်းသဖြင့် အင်္ဂလန်အသင်းချေပဂိုးရရှိကာ တစ်ဖက်နှစ်ဂိုးစီဖြင့် သရေဖြစ်သွားသည်။

အချိန်ပိုစေ့သည်အထိ သရေဖြစ်နေသဖြင့် ပိုင်နယ်တီငါးလုံးစီကန်ရသည်။ အင်္ဂလန်အသင်းက စတင်ကန်ရာ အသင်းခေါင်းဆောင် ဒေးဗစ်ဘက်ဟမ်းကန်သည့် ဘောလုံးဂိုးဘားပေါ် ထောင်သွားသဖြင့် နှစ်နာသွားသည်။ အိုဝင်၊ လမ်းပတ်၊ ဂျွန်တယ်ရီနှင့် အိုဝင်ဟားဂရေဗ်တို့ ကန်သည့်ဘောလုံးမှအပ ဒီကို၊ ဆီမာအို၊ ရော်နယ်ဒိုနှင့် မိနီချီတို့ကန်သည့် ဘောလုံးမှအပ ဒီကို၊ ဆီမာအို၊ ရော်နယ်ဒိုနှင့် မိနီချီတို့ကန်သည့် ဘောလုံးများဂိုးဝင်သဖြင့် တစ်ဖက်ပိုင်နယ်တီလေးဂိုးစီ သရေဖြစ်နေပြန်သဖြင့် ပိုင်နယ်တီတစ်လုံးစီ ထပ်ကန်ရသည်။ အင်္ဂလန်အသင်းမှ အက်ရှ်လေးကိုးနှင့် ပေါ်တူဂီအသင်းမှ ပေါ်စတီကာကန်သည့်ဘောလုံးများ ဂိုးဝင်သဖြင့် တစ်ဖက်ပိုင်နယ်တီ ငါးဂိုးစီသရေဖြစ်၍ ပိုင်နယ်တီတစ်လုံးစီထပ်ကန်ရသည်။ အင်္ဂလန်အသင်းမှ အက်ရှ်လေးကိုးနှင့်

ဥရောပချန်ပီယံဖလားဘောလုံးပြိုင်ပွဲ



ရွီကိုကော်စတာ
(ကွင်းလယ်ပလေးဗိတ်ကာ)

WORKING AND PLAYING:
THERE ARE FEW COMPARISONS
TO RUI COSTA. MERCURIAL
AS WELL AS ERRATIC, THE
MIDFIELD PLAYMAKER
HAS A FEW POINTS TO
PROVE AT EURO 2004

ရွီအိကော်စတာ (ကွင်းလယ်ပဖော်းဗိတ်ကာ)

ပေါ်တူဂီအသင်းမှ ပေါ်စတီကာကန်သည့် ဘောလုံးများကိုးဝင်သဖြင့် တစ်ဖက်ပိုင်နယ်တီ ငါးကိုးစီသရေဖြစ်၍ ပိုင်နယ်တီတစ်လုံးစီထပ်ကန်ရသည်။ အင်္ဂလန်အသင်းမှ ဗက်ဆဲလ်ကန်ရာ ပေါ်တူဂီကိုးသမား ကာကွယ်နိုင်သဖြင့် ကိုးမရဘဲ ပေါ်တူဂီကိုးသမား ရီကာဒို ကန်ရာ ကိုးဝင်သဖြင့် ပေါ်တူဂီအသင်းက ပိုင်နယ်တီခြောက်ကိုး-ငါးကိုး (စုစုပေါင်း ရှစ်ကိုး-ခုနှစ်ကိုး)ဖြင့် အနိုင်ရကာ အကြိုဗိုလ်လုပွဲသို့ တက်သွားသည်။

ဒုတိယကွာတားဖိုင်နယ် ရှုံးထွက်ပွဲစဉ် (၂) အဖြစ် အုပ်စု (ခ) ပထမရရှိသော ပြင်သစ်အသင်း နှင့် အုပ်စု (က) ဒုတိယရရှိသော ဂရိအသင်းတို့ ဇွန်လ ၂၆ ရက်နေ့တွင် ယှဉ်ပြိုင်ကစားသည်။ ဒုတိယ ပိုင်း မိနစ် ၂၀ တွင် ဂရိအသင်းမှ ဇာဂိုရာကစ်က ညာခြမ်းမှကန်တင်ပေးသော ဘောလုံးကိုအင်ဂျယ်လို ဟာရစ်ဘီယာ့စ်က ခြောက်ကိုက်အကွာမှ ခေါင်းတိုက်သွင်းရာ ကိုးဝင်သွားသဖြင့် တစ်ကိုး-ကိုးမရှိဖြင့် အနိုင်ရကာအကြို ဗိုလ်လုပွဲသို့တက်သွားသည်။ ဂရိအသင်းသည် ၄၆ နှစ်တာကာလအတွင်း ပြင်သစ်ကို ပထမဆုံးအကြိမ် အနိုင်ရခြင်းဖြစ်သည်။ ဂရိနှင့် ပြင်သစ်တို့ ခုနှစ်ကြိမ်တွေ့ဆုံယှဉ်ပြိုင်ခဲ့ဖူးရာ ဂရိကယခုအကြိမ်တစ်ကြိမ်သာ အနိုင်ရခြင်းဖြစ်သဖြင့် ဥရောပတံခွန်စိုက် ဘောလုံးသမိုင်းတွင် အကြီးမားဆုံးသော မထင်မှတ်သည့် အနိုင်အရှုံးရလဒ်ဖြစ်ပေါ်လာရသည်။ နာမည်ကြီး ပြင်သစ်အသင်းသည်ပြီးခဲ့သည့် ကမ္ဘာ့ဖလားပြိုင်ပွဲတွင် ဆီနီဂေါအသင်းကို ရှုံးနိမ့်ခဲ့ခြင်းနှင့် ယခုဂရိအသင်းကို ရှုံးနိမ့်ခြင်းတို့သည် အကြီးမားဆုံးသော ရှုံးနိမ့်မှုဖြစ်သည်။

တတိယ ကွာတားဖိုင်နယ်ရှုံးထွက်ပွဲစဉ် (၃) အဖြစ် အုပ်စု (ဂ) ပထမရရှိသော ဆွီဒင်အသင်းနှင့် အုပ်စု (ယ) ဒုတိယရရှိသော နယ်သာလန်အသင်း တို့ ဇွန်လ ၂၇ ရက်နေ့တွင် ယှဉ်ပြိုင်ကစားသည်။ နှစ်သင်းစလုံး အကြိုဗိုလ်လုပွဲ တက်ရောက်နိုင်ရေးအတွက် တိုက်စစ်ကိုဦးစားပေးကစားသဖြင့် ပွဲချိန်မိ နစ် ၉၀ နှင့် အချိန်ပို မိနစ် ၃၀ ပါ ပရိသတ်စိတ်ကြိုက် အဆင့်မြင့်ပွဲစဉ်တစ်ရပ်ဖြစ်သည်။ နှစ်သင်းစလုံးကိုး သွင်းခွင့်များရရှိသော်လည်း ကိုးသမားကာကွယ်နိုင်မှု၊ တိုင်ထိထွက်မှုကြောင့် အချိန်ပိုပြီးသည်အထိကိုးမရှိသရေဖြစ်နေသဖြင့် တစ်ဖက်ပိုင်နယ်တီငါးလုံးစီ ကန်ရသည်။ နယ်သာလန်အသင်းမှ ကိုကူးနှင့်ဆွိဒင်အသင်းမှ အီဗရာဟီမိုဗစ်တို့ကန်သည့် ဘောလုံးမှအပ ကျန်ဘောလုံးများ ကိုးဝင်သဖြင့်တစ်ဖက် လေးကိုးစီသရေဖြစ်နေသဖြင့် နောက်ထပ်ပိုင်နယ်တီ တစ်လုံးစီကန်ရသည်။ ဆွီဒင်အသင်းခေါင်းဆောင် အိုလော့မဲလ်ဘာဂ်ကန်သည့် ဘောလုံးကိုနယ်သာလန် ကိုးသမားဗင်ဒါဆာ ပုတ်ထုတ်ကာကွယ်လိုက်သဖြင့် ကိုးမရဘဲ နယ်သာလန်အသင်းမှ အလယ်တန်းလူ အာဂျင်ရော့ဘင် (အသက် ၂၀) ကန်သည့် ဘောလုံးကိုးဝင်သဖြင့် နယ်သာလန်အသင်းက ဆွီဒင်အသင်းကို ပိုင်နယ်တီငါးကို-လေးကိုးဖြင့်အနိုင်ရကာ အကြိုဗိုလ်လုပွဲသို့ တက်သွားသည်။

စတုတ္ထကွာတားဖိုင်နယ်ရှုံးထွက်ပွဲစဉ် (၄) အဖြစ် အုပ်စု (ဃ) ပထမရရှိသော ချက်အသင်းနှင့် အုပ်စု (ဂ) ဒုတိယရရှိသော ဒိန်းမတ်အသင်းတို့ ဇွန်လ ၂၈ ရက်နေ့တွင် ယှဉ်ပြိုင်ကစားသည်။ ပထမပိုင်းတွင် နှစ်သင်းစလုံး ပုံမှန်ကစားကွက်ဖြင့် ကစားနေသဖြင့် ကိုးမရဘဲဖြစ်နေပြီး ဒုတိယပိုင်းတွင် ချက်အသင်းက ကစားကွက် ကစားအားကောင်းကောင်းဖြင့် တိုက်စစ်ဆင်ဖိကစားသည်။ ဒုတိယပိုင်းလေးမိနစ်တွင် ချက်အသင်းက ထောင့်ကန်ဘောရရာ ပိုဘော့စကီး ကန်တင်ပေးသည့် ဘောလုံးကိုယန်းခိုလာက ခေါင်းတိုက်သွင်းသဖြင့် ပထမဂိုးရသည်။ ၆၃ မိနစ်နှင့် ၆၅ မိနစ်တွင် ချက်အသင်းတိုက်စစ်မှူး မီလန်ဘာရိုစ်က နှစ်ဂိုးဆက်တိုက်သွင်းသဖြင့် ချက်အသင်းက ဒိန်းမတ်အသင်းကို သုံးဂိုး-ဂိုးမရှိဖြင့် အနိုင်ရကာ အကြိုဗိုလ်လုပွဲသို့တက်သွားသည်။

ပထမအကြိုဗိုလ်လုပွဲအဖြစ် ဇူလိုင်လ ၁ ရက်နေ့တွင် ပေါ်တူဂီအသင်းနှင့် နယ်သာလန်အသင်းတို့ ယှဉ်ပြိုင်ကစားသည်။ ဗိုလ်လုပွဲတက်ရောက်နိုင်ရေး



ဂုတ်တတ် (တွင်းထယ်ပထေးဓိတ်တာ)

အတွက် နှစ်သင်းစလုံးအကြိတ်အနယ် ယှဉ်ပြိုင်က စားသော်လည်း ပေါ်တူဂီအသင်းက ကစားကွက် ကစားအားသာသည်။ နယ်သာလန်အသင်းက ကွင်း လယ်၌ဘောလုံးထိန်းကစားမှုများနေပြီး အပြီးသတ် ဂိုးသွင်းမှုအားနည်းသည်။ ပေါ်တူဂီအသင်းက ဂိုးသွင်း ခွင့် ၁၂ ကြိမ်ရပြီး နှစ်ဂိုးရသည်။ နယ်သာလန် အသင်း က ဂိုးသွင်းခွင့်ခုနစ်ကြိမ်သာရသည်။ ပွဲကစားချိန် မိနစ် ၉၀ အတွင်း နယ်သာလန်အသင်းက ဘောလုံးပိုင်ဆိုင် မှု ၅၃ ရာခိုင်နှုန်းနှင့် ပေါ်တူဂီအသင်းက ဘောလုံး ပိုင်ဆိုင်မှု ၄၇ ရာခိုင်နှုန်းသာရှိသည်။

ပထမပိုင်း ၂၆ မိနစ်တွင် ပေါ်တူဂီအသင်း ထောင့်ကန်ဘောလုံးရရှိသဖြင့် ဒီကိုကန်တင်ပေးရာ ရော်နယ်ဒိုက ခေါင်းတိုက်သွင်း၍ ပထမဂိုးရသည်။ ၅၈ မိနစ်တွင် ပေါ်တူဂီအတွက် ဒုတိယဂိုးကို မီနီချိုက နယ်သာလန်အသင်း ဂိုးဧရိယာအစပ်မှ လှလှပပသွင်း ယူသည်။ ၆၃ မိနစ်တွင် ပေါ်တူဂီအသင်း နောက်ခံလူ အန်ဒရာဒီကဘောလုံးကို ဖျက်ထုတ်လိုက်ရာ ကိုယ့်ဂိုး ထဲဝင်သွားသဖြင့် နယ်သာလန်အသင်းက ချေပဂိုး တစ်ဂိုးရသည်။ ပွဲချိန်အပြီးတွင် ပေါ်တူဂီအသင်းက နယ်သာလန်အသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရကာ ဝိုလ်လုပွဲသို့ တက်သွားသည်။

ပေါ်တူဂီအသင်းသည် ဥရောပချန်ပီယန်ဖလား ဘောလုံးပြိုင်ပွဲတွင် ၁၉၆၀၊ ၁၉၈၄၊ ၂၀၀၀ နှင့် ၂၀၀၄ ခုနှစ်တို့၌ လေးကြိမ်ပါဝင်ယှဉ်ပြိုင်ကစားရာ ၁၉၈၄ နှင့် ၂၀၀၀ ပြည့်နှစ်တို့တွင် အကြိုဝိုလ်လုပွဲ အဆင့်သို့ ရောက်ရှိခဲ့ပြီး ယခုပထမဆုံးအကြိမ် ဝိုလ်လုပွဲသို့ တက်ရောက်နိုင်ခြင်းဖြစ်သည်။

ဒုတိယအကြိုဝိုလ်လုပွဲအဖြစ် ဇူလိုင်လ ၂ ရက် နေ့တွင် ချက်အသင်းနှင့် ဂရိအသင်းတို့ ယှဉ်ပြိုင်က စားသည်။ ချက်အသင်းသည် ကွာတားဖိုင်နယ်တွင် ဒိန်းမတ်အသင်းကို အနိုင်ရခဲ့သော လူစာရင်းအတိုင်း ၄-၁-၃-၂ ပုံစံဖြင့်ကစားသည်။ ရှေ့တန်း၌ ပွဲတိုင်း ဂိုးသွင်းခဲ့သော မီလန်ဘားရှိ့စ်နှင့် ယူရို-၂၀၀၄ က အရပ်အမြင့်ဆုံးဘောလုံးသမား ဂျန်ခိုလာ တို့ကိုတွဲ၍ ကစားစေပြီး အလယ်တန်း၌ ပိုဘော့စကီး၊ ဂလာဆက်၊ နက်ဗက်နှင့် ရိုဆက်စကီးတို့ ကစားကြသည်။ နောက် တန်း၌ဂရိုင်ဂျီရာ၊ အူဖာလူစီ၊ ကော့လ်ဖ်နှင့် ဂျန်ကူ လော့စကီးတို့ကစားကြပြီး ဂိုးသမားက ပီတာဆက်ခ်ျ ပင်ဖြစ်သည်။ ချက်အသင်းသည် ပွဲစသည်နှင့် တိုက်စစ် ဖွင့်ကစားရာ ဂရိအသင်းကွင်းတစ်ဝက်ကို စီးထား နိုင်သည်။ ပွဲစပြီးသုံးမိနစ်တွင် အလယ်တန်းလူရိုဆစ် စကီးက ပိုင်နယ်တီဧရိယာအပြင်ဘက်မှ ကန်သွင်းရာ ဂိုးဘားတန်းထိပြီး ထွက်သွားသဖြင့် တစ်ဂိုးနစ်နာ သွားသည်။ ဆက်တိုက်ဖိကစားရာ နောက်တန်းလူဂျန် ကူလော့စကီး ကန်သွင်းသည့် ဘောလုံးကိုဂရိဂိုးသမား ပုတ်ထုတ်လိုက်သဖြင့် နောက်ထပ်တစ်ဂိုးနစ်နာသွား သည်။ ဆက်တိုက်ဖိကစားရာ နောက်ထပ်တစ်ဂိုးနစ်နာ သွားသည်။ ချက်အသင်းခေါင်းဆောင်နက်ဗက်သည် ဂရိဂိုးဧရိယာအတွင်း နောက်တန်းလူနှင့် ထိခိုက်မိပြီး ဒဏ်ရာပြင်းထန်သဖြင့် နက်ဗက်အစားစမိုက်ဆာဝင် ကစားသည်။

ဂရိအသင်းသည် ၄-၃-၃ ပုံစံဖြင့်ကစားသည်။ ရှေ့တန်းတိုက်စစ်မှူးအဖြစ် ဟာရစ္စတီးနှင့် ကာရာဝူး နစ်၊ အလယ်တန်းလူများအဖြစ် ဘက်ဆီနက်စ်၊ ကတ် ဆိုရာနစ်၊ ဇာဂိုရာကစ်၊ ဗာရီဇတ်စ်၊ နောက်တန်းလူ များအဖြစ် ဆီထရိုက်ဒစ်၊ ကက်ဆစ်၊ ဒဲလက်စ်၊ မီဆက်စ်၊ ဂိုးသမားအဖြစ် နီကိုပိုလိုင်ဒစ်တို့ ပါဝင် ကစားသည်။ နီကိုပိုလိုင်ဒစ်သည် တည်ငြိမ်မှုရှိပြီး သေချာပေါက်ဂိုးများကို ကာကွယ်နိုင်သည်။ ဒုတိယ ပိုင်းတွင် ဂရိအသင်းကတစ်ဦးချင်း ထိုးဖောက်ကစား သည်။ ၆၇ မိနစ်တွင် အလွတ်တည်ကန်ဘောမှတစ် ဆင့် ကာရာဝူးနစ်ကန်ပို့သည့် ဘောလုံးကိုဗာရီဇတ်စ် ခေါင်းတိုက်သွင်းသော်လည်း မဝင်သဖြင့်ဂရိအသင်း နစ်နာသွားသည်။


ပွဲချိန်မိနစ် ၉၀ ပြီးသည်အထိ ဂိုးမရှိသရေဖြစ် နေသဖြင့် အချိန်ပိုဆက်ကစားသည်။ ဂရိအသင်း



အလယ်တန်းလူ ဘက်စီနက်စ်အစား ကျိယန်နာကိုပေါ လတ်ဝင်ကစားရာ ကစားကွက်ပိုမြန်လာသည်။ ကျိ ယန်နာကိုပေါလတ်နှင့် ဒဲလက်စ်တို့ကန်သွင်းသော ဘောလုံးများ ဂိုးဝင်လုနီးနီးဖြစ်သော်လည်း ချက်ဂိုး သမားပီတာချက်ခ် ကာကွယ်နိုင်သည်။ ချက်အသင်း တိုက်စစ်မှူးမီလန်ဘားရိစ် အပိုင်ကန်သွင်းခွင့်ရသော် လည်း ဂရိဂိုးသမားနီကိုပိုလိုင်ဒစ် အစွမ်းပြကာကွယ် နိုင်သည်။ ပွဲချိန် ၁၀၄ မိနစ်တွင် ထောင့်ကန်ဘော မှတစ်ဆင့် ဂရိနောက်တန်းလူ ဒဲလက်စ်က ခေါင်းတိုက် သွင်းယူခဲ့ပြီး ဂရိအသင်းကချက်အသင်းကို ၎င်ဂိုးဖြင့် အနိုင်ရကာ ဗိုလ်လုပွဲသို့တက်သွားသည်။

ဂရိအသင်းသည် နိုင်ငံတကာဘောလုံးပြိုင်ပွဲ တွင် ပထမဆုံးအကြိမ် အောင်မြင်မှုရခြင်းဖြစ်ပြီး ယူရို-၂၀၀၄ ပြိုင်ပွဲ၌ပထမဆုံး၎င်ဂိုးဖြင့် အနိုင်ရသောအသင်းအဖြစ် မှတ်တမ်းဝင်သွားသည်။ ချက်အသင်းနှင့် ဂရိအသင်း ကချက်အသင်းကို ပထမဆုံးအနိုင်ရရှိခြင်းဖြစ်သည်။

ဥရောပချန်ပီယံဖလားဘောလုံးပြိုင်ပွဲ



ဂရိအသင်းနည်းပြဆရာ ကျာမန်လူမျိုးအော်တိုရိဟာက်ယ်သည် ဥရောပပြိုင်ပွဲကြိုးတစ်ခု၌ ဂရိအသင်းကိုဗိုလ်လုပွဲအဆင့်သို့ရောက်အောင်ပို့ဆောင်ပေးနိုင်သော ပထမဆုံးနိုင်ငံခြားသားနည်းပြဖြစ်သွားသည်။

ယူရို-၂၀၀၄ ဘောလုံးပြိုင်ပွဲ နောက်ဆုံးဗိုလ်လုပွဲကို ပေါ်တူဂီနိုင်ငံ၊ ဘင်ဖီကာမြို့၊ လူဇ်အားကစားကွင်း၌ ဇူလိုင်လ ၅ ရက်နေ့တွင် အိမ်ရှင်ပေါ်တူဂီအသင်းနှင့် ဂရိအသင်းတို့ယှဉ်ပြိုင်ကစားရာ ဂရိအသင်းကတစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရဗိုလ်စွဲသွားသည်။ ဂရိအသင်းက တိုက်စစ်ဖွင့်ကစားရာ ပေါ်တူဂီအသင်းနောက်တန်းလူများမဟန့်တားနိုင်ဘဲ ဂိုးပေးရလုလုအခြေအနေများရှိသည်။ ပေါ်တူဂီအသင်းမှ ပေါ်လက်တာကန်သွင်းသည့် ဘောလုံးကိုဂရိအသင်း ဂိုးသမားနီကိုပိုလိုင်ဒစ်ကာကွယ်နိုင်သကဲ့သို့ အလယ်တန်းလူ မန်နစ်ချက်ထောင့်ကန်ဘောမှတစ်ဆင့် ကန်သွင်းရာတွင်လည်း ဂိုးတိုင် ဘေးကကပ်သွားသည်။ ပေါ်တူဂီအသင်းအလယ်တန်းလူများဘောလုံးဆွဲယူလာပါက ဂရိအသင်းကနှစ်ဦးခန့် ဝန်းရံပိတ်ဆို့ထား၍ ဘောလုံးကောင်းစွာ မဖြန့်နိုင်အောင်ဖြစ်ရသည်။ ပေါ်တူဂီအသင်းမှ ဒေကိုနှင့်ခရစ္စတီယာနိုရော်နယ်ဒိုတို့ တစ်ဦးချင်းကြိုးစားမှုကိုလည်း ဂရိအသင်းကလူကပ်ကစားသဖြင့် ကြံ့ခိုင်မှုအားကောင်းသည့် ဂရိအသင်းကစားသမားများအသာစီးရရှိသည်။

ပေါ်တူဂီအသင်းသည် ပထမပိုင်းတွင် ဂိုးမသွင်းနိုင်သဖြင့် ထင်တိုင်းမဖြစ်ဘဲ ဒုတိယပိုင်းတွင်စိုးရိမ်စိတ်ဝင်ကာ ကစားကွက်မတည်မငြိမ်ဖြစ်နေသည်။ ဂရိအသင်းအတွက် တစ်လုံးတည်းသောအနိုင်ဂိုးကို ပွဲချိန် ၅၇ မိနစ်တွင် ထောင့်ကန်ဘောမှတစ်ဆင့် ဂရိအသင်းတိုက်စစ်မှူး အန်ဂျလော့စ်ဟာရစ္စတီယာ့စ်က အနီးကပ်ခေါင်းတိုက်သွင်းယူလိုက်သည်။ ပေါ်တူဂီအသင်းက ထောင့်ကန်ဘော ၁၀ ကြိမ်ရပြီး ဂရိအသင်းကတစ်ကြိမ်တည်းသာရသော ထောင့်ကန်ဘောကို တစ်ဂိုးရအောင်သွင်းယူလိုက်ခြင်းဖြစ်သည်။

ပေါ်တူဂီအသင်းသည် တစ်ဂိုးအသွင်းခံရပြီးနောက် စိုးရိမ်စိတ်ဝင်ကာ အမှားများ၍လူကျွံဘောမကြာခဏဖြစ်နေသည်။ ဂရိအသင်းက ဒုတိယပိုင်းတွင် ဂိယန်နာကိုပေါလတ်အစား ဗင်နစ်တိုက်ဒစ်၊ ဗာရီဇတ်စ်အစား ပါပါဒိုပေါလတ်တို့ကို လူစားလဲကစားသည်။ ဂရိအသင်းက တစ်ဂိုးရပြီးနောက်ခံစစ်ဖြင့် ခပ်ကြမ်းကြမ်းကစားရာ ပေါ်တူဂီအသင်းအခက်တွေ့ရသည်။ ပေါ်တူဂီအသင်းက ဒုတိယပိုင်းတွင် ကော်စတင်ညာအစား ရွဲအီကော်စတာ၊ ပေါ်လက်တာအစား နူနုဂိုမက်စ်တို့ကို လူစားလဲကစားသော်လည်း အချိန်နှောင်းသွားသည်။ ပွဲချိန်ပြီးကာနီးတွင် ကာဗယ်ဟိုနှင့် လူးဝစ္စဖီဂိုတို့၏ ကန်သွင်းချက်များကို ဂရိအသင်းဂိုးသမား အစွမ်းပြကာကွယ်သွားသည်။ ဂရိအသင်းဂိုးသမား နီကိုပိုလိုင်ဒစ်သည် ပွဲစဉ်တိုင်းတွင် တည်တည်ငြိမ်ငြိမ်လက်စွမ်းပြနိုင်ပြီး ဗိုလ်လုပွဲတွင် အကောင်းဆုံးလက်စွမ်းပြသွားသည်။

ဂရိအသင်းသည်ဥရောပချန်ပီယန်ဖလား ဘောလုံးပြိုင်ပွဲတွင် ပထမဆုံးအကြိမ်ဗိုလ်စွဲခြင်းဖြစ်သည်။ ဂရိအသင်းနည်းပြ ကျာမန်လူမျိုးအော်တိုရိဟာက်ယ်သည် နိုင်ငံခြားသားနည်းပြတစ်ဦးက တာဝန်ယူပြီး ပထမဆုံးအကြိမ်ဗိုလ်စွဲအောင် စွမ်းဆောင်နိုင်သူအဖြစ် မှတ်တမ်းဝင်သွားသည်။ ဥရောပချန်ပီယံဖလား ဘောလုံးပြိုင်ပွဲများတွင် ဗိုလ်လုပွဲ၌အိမ်ရှင်အသင်းကို အနိုင်ရသည့်အသင်းမရှိခဲ့ဖူးရာ ဂရိအသင်းသည် ပထမဆုံးအကြိမ်အိမ်ရှင်အသင်းကို အနိုင်ရဗိုလ်စွဲသည့်အသင်းဖြစ်သွားသည်။

ဥရောပချန်ပီယန်ဖလား ဘောလုံးပြိုင်ပွဲ ၁၂ ကြိမ်ကာလအတွင်းကျာမနီအသင်းကသုံးကြိမ်၊ ပြင်သစ်အသင်းက နှစ်ကြိမ်၊ စပိန်အသင်း၊ အီတလီအသင်း၊ နယ်သာလန်အသင်း၊ ဒိန်းမတ်အသင်း၊ ချက်အသင်း၊ ဆိုဗီယက်ပြည်ထောင်စုအသင်းနှင့် ဂရိအသင်းတို့က တစ်ကြိမ်စီ အသီးသီးဗိုလ်စွဲခဲ့ကြပြီဖြစ်သည်။

ဆက်ထွန်း

အင်ဒိုနီးရှားနိုင်ငံ။ ။ အရှေ့တောင်အာရှနိုင်ငံများအသင်း (အာဆီယံ)၏ စီးပွားရေးဝန်ကြီးများသည် အင်ဒိုနီးရှားနိုင်ငံ ဂျကာတာ၌ ဇန်နဝါရီ ၁၉ ရက်နှင့် ၂၀ ရက်တွင် ဒေသတွင်းစီးပွားရေးပူးပေါင်းမှုနှင့် အခြားအကြောင်းအရာများကို အလွတ်သဘော ဆွေးနွေးကြသည်။ ယင်းအလွတ်သဘောအစည်းအဝေးသည် ဂျကာတာ၌ စက်တင်ဘာလတွင် ကျင်းပမည့် တရားဝင်အစည်းအဝေးအတွက် ပြင်ဆင်ကြောင်း စက်မှုနှင့် ကုန်သွယ်ရေးဝန်ကြီးဌာန နိုင်ငံတကာဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး ညွှန်ကြားရေးမှူးချုပ်က ပြောကြားကြောင်း ဂျကာတာပို့စ်သတင်းစာတွင် ဖော်ပြခဲ့ပါသည်။

ပထမဦးစွာ အာဆီယံအတွင်း အထူးသဖြင့် အာဆီယံကုန်သွယ်မှုအတွင်း မြန်မြန်ဆန်ဆန် ပေါင်းစည်းလိုကြောင်း ၎င်းကပြောကြားသည်။

ထို့နောက် အာဆီယံအဖွဲ့ဝင် ၁၀ နိုင်ငံမှ နိုင်ငံခြားရေးဝန်ကြီးများသည် ၎င်းတို့၏ နှစ်ပတ်လည်အစည်းအဝေးကို ဂျကာတာမြို့၌ပင် ဇွန် ၃၀ ရက်နေ့က ကျင်းပပြီးစီးသွားခဲ့ကြသည်။ အာဆီယံအသိုက်အဝန်း ၂၀၂၀ ခုနှစ်၌ အောင်မြင်မှုရရှိစေရန်အတွက် ဆောင်ရွက်သွားရန် နိုင်ငံခြားရေးဝန်ကြီးများက ၎င်းတို့၏ နောက်ဆုံးနေ့အစည်းအဝေး၌ ကတိပြုလိုက်ကြသည်ဟုဆိုသည်။ အာဆီယံအသိုက် အဝန်းထူထောင်ရေးတာဝန်ယူဆောင်ရွက်သည့် ပူးတွဲကြေညာချက်ကို ဝန်ကြီးများက ထပ်မံအတည်ပြုကြမည့် အာဆီယံလုံခြုံရေးအဝန်းအဝိုင်း (အေအက်စ်)နှင့် အာဆီယံလူမှုရေးယဉ်ကျေးမှု အသိုက်အဝန်း (အေအက်စ်စီစီ)အတွက် ဆောင်ရွက်မှုအစီအစဉ်များကို ပြင်ဆင်ခဲ့ကြသည်။ နောက်ထပ်အာဆီယံ၏ မဏ္ဍိုင်တစ်ခုမှာ အာဆီယံစီးပွားရေး အသိုက်အဝန်းဖြစ်သည်။အာဆီယံနိုင်ငံခြားရေးဝန်ကြီးများသည် အရှေ့အာရှ၌ ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုစာချုပ်၏ အရေးကြီးမှုကို ထပ်မံအတည်ပြုခဲ့ကြသည်။

အရှေ့တောင်အာရှနိုင်ငံများအသင်း (အာဆီယံ)၏ စီးပွားရေးဝန်ကြီးများသည် ၂၀၀၇ ခုနှစ်ထက် နောက်မကျဘဲ ဦးစားပေးကဏ္ဍ ၁၁ ခုအနက် ၁၀ ခုကို အခွန်လျှော့ခွင့်ပြုရန် ဂျကာတာ၌ စက်တင်ဘာ ၃ ရက်နေ့က သဘောတူညီလိုက်ကြသည်။ ယင်းကဏ္ဍ ၁၀



အင်ဒိုနီးရှားနိုင်ငံသမ္မတအဖြစ် ယှဉ်ပြိုင်အရွေးခံကြသူနှစ်ဦး ဆုစိလို ဘမ်ဘန်းယူဒိုယို (ဝဲ)နှင့် ဗိကံဝတီဆုကာနိုပူထရီ



အင်ဒိုနီးရှားသမ္မတအဖြစ် အရွေးခံသူ ဆူစီလိုဘမ်ဘန်းယူဒိုယိုနိုကို ဝဲဆွယ်ပွဲတစ်ရတွင် တွေ့ရစဉ်

ခုတွင် ကား၊ အထည်အလိပ်၊ လျှပ်စစ်၊ ပြန်ကြားရေး နည်းပညာ၊ ကျန်းမာရေးဝန်ဆောင်မှု၊ ရော်ဘာအခြေခံ ထုတ်ကုန်များ၊ သစ်အခြေခံထုတ်ကုန်များ၊ ခရီးသွား လုပ်ငန်း၊ စိုက်ပျိုးရေးနှင့် ငါးလုပ်ငန်းတို့ပါဝင်သည်။ ဂျကာတာ၌ပြုလုပ်သော သုံးရက်ကြာအစည်းအဝေး အတွက် စုစည်းရောက်ရှိ ခဲ့ကြသော ဝန်ကြီးများသည် လာအိုနိုင်ငံမြို့တော် ဗီယင်ကျန်း၌ ထိပ်သီးအစည်း အဝေးကျင်းပစဉ် အာဆီယံခေါင်းဆောင်များထောက်ခံ မည့်ကတ္တာ ၁၀ ခု အကောက်ခွန်လျှော့ပေါ့ခွင့်ကို အဆို ပြုခဲ့ကြကြောင်း အင်ဒိုနီးရှားစက်မှုနှင့် ကုန်သွယ်ရေး ဝန်ကြီးရီနီဆိုဝမ်ဒီက သတင်းစာရှင်းလင်းပွဲ၌ ပြော ကြားသည်။

ဦးစားပေးကတ္တာများအတွက် အကောက်ခွန် လျှော့ခွင့်သည်မူလ အာဆီယံအဖွဲ့ဝင်ခြောက်နိုင်ငံ ဖြစ်ကြသော စင်ကာပူ၊ ထိုင်း၊ မလေးရှား၊ ဖိလစ်ပိုင်၊ အင်ဒိုနီးရှားနှင့် ဘရူနိုင်းတို့ကို ၂၀၀၇ ခုနှစ်၌ အကျိုး သက်ရောက်မှုရှိစေမည်ဖြစ်ပြီး အဖွဲ့ဝင်သစ်လေး နိုင်ငံဖြစ်သော လာအို၊ ကမ္ဘောဒီးယား၊ ဗီယက်နမ်နှင့် မြန်မာတို့က ၂၀၁၂ ခုနှစ်၌ အကျိုးသက်ရောက်မှု ရှိမည်ဖြစ်သည်ဟု ရီနီကပြောကြားသည်။အကောက်ခွန် လျှော့ခွင့်လုပ်ငန်းများတွင် ဘုံအကျိုးသက်ရောက်မှု ရှိသော ဦးစားပေးအကောက်ခွန်နှုန်းထားအောက်၌ သွင်းကုန်ခွန်များလျှော့ချခြင်းစည်းကမ်းတကျထိန်းချုပ် သော လုပ်ထုံးလုပ်နည်းများနှင့်တူမျှသော ထုတ်ကုန် စံနှုန်းသတ်မှတ်ကျင့်သုံးခြင်းတို့ ပါဝင်မည်ဖြစ်သည်။

အင်ဒိုနီးရှားနိုင်ငံသမ္မတရွေးကောက်ပွဲတွင် မဲ အပြတ်ဖြင့် အနိုင်ရရှိသော ဆူစီလိုဘမ်ဘန်းယူဒိုယို နိုသည် ရွေးကောက်ပွဲအပြီး ပထမဦးဆုံးပြောကြား သော သူ၏မိန့်ခွန်းတွင် တရားဝင်အနိုင်ရရှိခြင်းကို ကြေညာပြောဆိုခြင်းမပြုခဲ့ဘဲ ညီညွတ်မှုရှိကြရန်နှင့် အလုပ်ကိုကြိုးစားလုပ်ကိုင်သွားကြရန် ထည့်သွင်း ပြောကြားသွားသည်။ ဂျကာတာမြို့တောင်ပိုင်း ဘိုဂေါ ရပ်ကွက်၊ ၎င်း၏နေအိမ်အနီးရှိ ဗလီတွင် ဝတ်ပြုပြီး နောက်ထိုမိန့်ခွန်းကို ပြောကြားလိုက်ခြင်းဖြစ်သည်။

ယူဒိုယိုနိုက ညီညွတ်ရေးစကားကို ပြောဆိုလာရ ခြင်းမှာ သူသည် စီးပွားရေးပြုပြင်ပြောင်းလဲမှုအတွက် ဥပဒေပြဋ္ဌာန်းရန်ရှိနေပေရာ လွှတ်တော်တွင် မီဂါဝတ် ကို ထောက်ခံသော ညွှန့်ပေါင်းအမတ်များက လွှမ်းမိုး ထားသည်ဖြစ်၍ ဥပဒေပြုရာ၌ အကြိတ်အနယ်ရင်ဆိုင် ရဖွယ်ရှိနေသောကြောင့်ဖြစ်သည်။ ပါလီမန်တွင်အမတ်

နေရာ၅၅၀ရှိသည့်အနက်ဧပြီလလွတ်တော်ရွေးကောက်ပွဲများတွင် အနိုင်ရရှိခဲ့သော ဂိုလ်ကာပါတီဦးဆောင်သည့် ညွှန့်ပေါင်းအမတ်များ၏ အရေအတွက်က ၃၀၇ နေရာရှိသည်။ ယူဒိုယိုနို၏ ဒီမိုကရက်ပါတီက အမတ်နေရာ ၁၀၇ နေရာရရှိထားသည်။

ထို့နောက် အင်ဒိုနီးရှား၏ ပထမဦးဆုံးတိုက်ရိုက်သမ္မတရွေးကောက်ပွဲ၏ မဲများကို ရေတွက်ပြီးသောအခါ အငြိမ်းစားဗိုလ်ချုပ်ကြီးဆူစီလိုဘမ်ဘန်း ယူဒိုယိုနိုက မီဂါဝတီအပေါ် မဲအပြတ်ဖြင့် နိုင်လိုက်သဖြင့်၎င်းသည်နောက်တက်မည့် သမ္မတဖြစ်ကြောင်း စက်တင်ဘာ ၂၀ ရက်နေ့က အတည်ပြုကြေညာသည်။ ယူဒိုယိုနို (၅၅ နှစ်)သည် ရွေးကောက်ပွဲအပြီး တစ်လတိတိအကြာ အောက်တိုဘာလ ၂၀ တွင် ကျမ်းသစ္စာကျိန်ဆိုမည်ဖြစ်သည်။

ရွေးကောက်ပွဲကော်မရှင် ဒုတိယအတွင်းရေးမှူးချုပ်ဆပ်ဆောင်ကိုက ယူဒိုယိုနိုသည် ဆန္ဒမဲသန်း ၁၁၀ ကျော်တွင် ၆၀ ဒသမ ၆ ရာခိုင်နှုန်းရရှိခဲ့ပြီး မီဂါဝတီက ၃၉ ဒသမ ၄ ရာခိုင်နှုန်းသာရခဲ့ကြောင်း ပြောသည်။ ယခုနှစ်တွင် အင်ဒိုနီးရှား၌ သမ္မတရွေးကောက်ပွဲ၏ ပထမအကျော့ရွေးကောက်ပွဲကို ဇူလိုင်လတွင်လည်းကောင်း၊ လွှတ်တော်ရွေးကောက်ပွဲကို ဧပြီလတွင်လည်းကောင်းပြုလုပ်ပြီး ဖြစ်၍ ယခုသမ္မတရွေးကောက်ပွဲမှာ တတိယရွေးကောက်ပွဲဖြစ်သည်။ ဥက္ကဋ္ဌနာဇာရုဒင်ဆိုင်ယမ်ဆုဒင်က ရွေးကောက်ပွဲရလဒ်ကိုကမ္ဘာ့တတိယအကြီးဆုံးဒီမိုကရေစီနိုင်ငံဖြစ်သော အင်ဒိုနီးရှားနိုင်ငံအတွက် အောင်ပွဲတစ်ရပ်ဖြစ်သည်ဟူ၍ ဂုဏ်ပြုကြိုဆိုခဲ့သည်။ အင်ဒိုနီးရှားသည် ဒီမိုကရေစီနိုင်ငံအဖြစ် ၁၉၉၈ ခုနှစ်တွင် ယခင်သမ္မတဆူဟာတို၏ အုပ်စိုးမှုအောက်မှ ပေါ်ထွက်ခဲ့ခြင်းဖြစ်သည်။

၁၉၉၈ ခုနှစ်တွင် ဆူဟာတိုပြုတ်ကျပြီးနောက် တိုင်းပြည် ကသောင်းကနင်းဖြစ်ခဲ့ရသည်။ ထိုအခါလွတ်လပ်ရေးဖခင် သမ္မတကြီးဆူကာနို၏သမီးဖြစ်သော လူကြိုက်များခဲ့သူ မီဂါဝတီသည် စီးပွားရေးကို တည်ငြိမ်အောင် ပြန်လည်လုပ်နိုင်ခဲ့သည်ဟု ခီးကျူးခံခဲ့ရသည်။ သို့သော်လည်း မဲဆန္ဒရှင်များက ၎င်းသည် အဂတိလိုက်စားမှုများ ထူပြောနေသည့် စီးပွားရေးကဏ္ဍကို အားသစ်လောင်းမပေးနိုင်သောခေါင်းဆောင်ဖြစ်သည်ဟု သုံးသပ်ကာမဲပေးမှုလျော့နည်းခဲ့ကြသည်။ ယူဒိုယိုနိုက စီးပွားရေးပြုပြင်ပြောင်းလဲပြီး အဂတိလိုက်စားမှုကို တိုက်ဖျက်သွားမည်ဟူသော ကြွေးကြော်သံဖြင့် ရွေးကောက်ပွဲဝင်ခဲ့ပြီး သမ္မတသစ်ဖြစ်လာခြင်းဖြစ်သည်။

သမ္မတသစ်ဆူစီလိုဘမ်ဘန်းယူဒိုယိုနိုက ၎င်း၏စွမ်းဆောင်ရည်နှင့် ပတ်သက်ပြီးပြည်သူလူထုကယုံမှားသံသယမဖြစ်စေရန် အသစ်ခန့်အပ်ခြင်းခံရသော ဝန်ကြီးများအနေဖြင့်လက်တွေ့ရလဒ်များကောင်းအောင်သာလုပ်ဆောင်ကြရန် ၎င်းက ဝန်ကြီးအဖွဲ့ကျမ်းသစ္စာကျိန်ဆိုပွဲတွင် သတိပေးပြောကြားလိုက်သည်။ နိုင်ငံ၏ဆဋ္ဌမမြောက်သမ္မတအဖြစ် တင်မြှောက်ခြင်းခံရသော ယူဒိုယိုနိုက ဝန်ကြီးများကို ဝေဖန်ပြစ်တင်သူများအား ချေပပြောကြားနေကြမည့်အစား မိမိတို့လုပ်ဆောင်ဖွယ်ရှိသည်များကိုသာ အဓိကထားဆောင်ရွက်ကြရန် တိုက်တွန်းပြောကြားလိုက်သည်။ ဝန်ကြီးများအနေဖြင့် အဂတိကင်းအောင်နေရန် တာဝန်ရှိကြောင်း ထိုသို့မဟုတ်ပါကအလုပ်မှထုတ်ပယ်ခြင်းခံရမည်ဖြစ်ကြောင်း သတိပေးပြောကြားလိုက်သည်ဟုဆိုသည်။

ယင်းနောက် အင်ဒိုနီးရှားသမ္မတ ဆူဆီလိုဘမ်းဘန်းယူဒိုယိုနိုသည် တရုတ်အစိုးရ၏ အထူးသံတမန်တန်ကြားရွှင်အား နိုဝင်ဘာ ၅ ရက်နေ့က ဂျကာတာရှိ သမ္မတနန်းတော်၌ လက်ခံတွေ့ဆုံခဲ့သည်။ တရုတ်ကောင်စီဝင်တစ်ဦးလည်းဖြစ်သူ တရုတ်ခေါင်းဆောင်များကိုယ်စားလာရောက်သည့် တန်ကြားရွှင်သည် အင်ဒိုနီးရှားသမ္မတအဖြစ် ခြောက်ဦးမြောက်ဖြစ်လာသည့် ဆူဆီလိုအားနွေးထွေးစွာဂုဏ်ယူဝမ်းမြောက်စကားပြောကြားသည်။ ယင်းတို့နှစ်ဦးသည် အာရှနှစ်နိုင်ငံအကြား အနာဂတ်ခိုင်မာ တောင့်တင်းကျစ်လျစ်



အင်ဒိုနီးရှားနိုင်ငံရှိ ဩဇာတေးလျှသံရုံးတိုးပေါက်ကွဲမှုဖြစ်ပွားအပြီးမြင်ကွင်း

လာစေရေးနှင့် နှစ်နိုင်ငံ ဆက်ဆံရေးတိုးမြှင့်ဆောင်ရွက် ၄ ရာခိုင်နှုန်းအထိ ရရှိရန် ခန့်မှန်းထားသည်။ ယင်းရေးကိစ္စရပ်များကို လည်း ဆွေးနွေးခဲ့ကြသည်။

ထို့ပြင် နှစ်နိုင်ငံဆက်ဆံရေးနှင့်စပ်လျဉ်း၍ တရုတ်သမ္မတဟူကျင်တောင်နှင့် အင်ဒိုနီးရှားသမ္မတ မစ္စတာ ဆူဆီလိုဘမ်ဘန်းယူဒိုယိုနိုတို့နှစ်ဦးသည် ဆန်တီယာဂို မြို့၌ နိုဝင်ဘာလ ၂၂ ရက်နေ့ ညက တွေ့ဆုံဆွေးနွေးပွဲပြုလုပ်ခဲ့ကြသည်။ တရုတ်နှင့် အင်ဒိုနီးရှားနိုင်ငံတို့၏ နှစ်နိုင်ငံဆက်ဆံရေး ဖွံ့ဖြိုးတိုးတက်ခဲ့ကြောင်း နိုင်ငံရေးကိစ္စများတွင်နှစ်နိုင်ငံသည်တစ်ဦးကိုတစ်ဦးယုံကြည်မှုရှိပြီး အထောက်အကူပေးကြောင်း စီးပွားရေးနှင့် ကုန်သွယ်ရေးပူးပေါင်းမှုတွင် ထူးခြားစွာ အောင်မြင်မှုများရရှိခဲ့ကြောင်း ဒေသဆိုင်ရာနှင့် ကမ္ဘာ့ရေးရာများတွင် နှစ်နိုင်ငံသည် ကောင်းမွန်သောညှိနှိုင်းမှုနှင့် ပူးပေါင်းဆောင်ရွက်မှုကို လုပ်ဆောင်ခဲ့ကြောင်း သမ္မတဟူကျင်တောင်က ပြောကြားသည်။

စီးပွားရေး- အင်ဒိုနီးရှားနိုင်ငံ၏ စီးပွားရေးတိုးတက်မြင့်မားမှုကို ယခုနှစ်ရရှိရန် ခန့်မှန်းထားသော ၄ ဒသမ ၈ ရာခိုင်နှုန်းထက်ပိုလွန်၍ ၂၀၀၅ ခုနှစ်တွင် ၅ ဒသမ ၆ ရာခိုင်နှုန်းအထိ ရရှိရန် ခန့်မှန်းထားသည်။ ယင်းတိုးတက်မြင့်မားမှုသည် ရင်းနှီးမြှုပ်နှံမှုတိုးတက်မှုနှင့် ပို့ကုန်မြင့်မားမှုအပြင် ပြည်တွင်းစားသုံးမှုတိုးမြှင့်မှုအထောက်အကူဖြင့် ဆက်လက်တည်မြဲမည်ဟု ခန့်မှန်းထားကြောင်း အောက်လွတ်တော်၌ ဩဂုတ် ၁၆ ရက်နေ့က မိန့်ခွန်းပြောကြားစဉ် ထိုစဉ်က သမ္မတမီဂါဝတီ ဆိုကာနိုပူထရိက ပြောသည်။

အာရှဖွံ့ဖြိုးရေးဘဏ် (အေဒီဘီ)က အင်ဒိုနီးရှားနိုင်ငံ၏ အငယ်စားနှင့် အလတ်စားစီးပွားရေး လုပ်ငန်းများအတွက် အမေရိကန်ဒေါ်လာ ၁၇ သန်း ထုတ်ချေးမည်ဖြစ်ကြောင်း ဆင်ဟွာသတင်းတစ်ရပ်၌ ဖော်ပြသည်ဟုသိရသည်။ ယင်းချေးငွေများသည်အင်ဒိုနီးရှားပြည်သူများ၏ နေအိမ်များကို စီးပွားရေးလုပ်ငန်းငယ်များအဖြစ် ပြုပြင်ပြောင်းလဲကာ အင်ဒိုနီးရှားစီးပွားရေးသမားများအား အထောက်အကူပြုရန်ရည်ရွယ်ကြောင်း ခရက်တ်ဒစ်ကုမ္ပဏီ ညွှန်ကြားရေးမှူးကာစမူဂျိုနိုကပြောကြားသည်။



အင်ဒိုနီးရှားနိုင်ငံ၏ ပထမဦးဆုံးတိုက်ရိုက်သမ္မတရွေးကောက်ပွဲတွင် အနိုင်ရရှိပြီး သမ္မတဖြစ်လာသူ
ဆူစီလိုဘမ်ဘန်းယူဒိုယိုနို



အင်ဒိုနီးရှားနိုင်ငံတွင် မူးယစ်ဆေးဝါးနှိမ်နင်းရေးဆောင်ရွက်နေစဉ်

ကမ္ဘာ့ဘဏ်နှင့် နိုင်ငံတကာဖွံ့ဖြိုးရေးဘဏ်သည် အဆိုပါ အင်ဒိုနီးရှားစီးပွားရေးလုပ်ငန်းများ အောင်မြင်စေရေးအတွက်အေဒီဘီနှင့်အတူဆောင်ရွက်ခဲ့ကြောင်း ကာစမူဂျိုနိုက ပြောကြားသည်။ ယင်းအေဒီဘီ ချေးငွေသည် နှစ် ၂၀အတွင်းပြန်ဆပ်ရမည်ဟုဆိုသည်။

နိုင်ငံတကာဆက်ဆံရေး- အင်ဒိုနီးရှားအစိုးရသစ်သည်ဩစတြေးလျနိုင်ငံနှင့်လုံခြုံရေးပူးပေါင်းဆောင်ရွက်မှုစာချုပ်ချုပ်ဆိုရန် တံခါးဖွင့်လှစ်လိုက်ပြီး ဒေသအတွင်း အစဉ်အလာမရှိခဲ့ဘူးသော ပူးပေါင်းပါဝင်မှုဖြစ်ပေါ်လာမည့် အလားအလာကောင်းကို လမ်းဖွင့်ပေးလိုက်သည်။ ဩစတြေးလျနိုင်ငံခြားရေးဝန်ကြီးအလက်ဇန္ဒား ဒေါင်နာအနေနှင့် အစမ်းသဘောအရ ကျယ်ပြန့်သော လုံခြုံရေးပူးပေါင်းဆောင်ရွက်မှုစာချုပ်ချုပ်ဆိုရန် လမ်းဖွင့်ထားခဲ့သည်ကို အင်ဒိုနီးရှားနိုင်ငံခြားရေးဝန်ကြီးဝီရာယူဒါက ပထမဆုံးပြန်လည်ထောက်ခံပြီး နိုင်ငံအဖွဲ့အစည်းဆိုင်ရာ အပြန်အလှန်ဆက်ဆံရေးကို အကျိုးပြုလိုက်သည်။ ဝီရာယူဒါက လုံခြုံရေးပူးပေါင်းဆောင်ရွက်မှုစာချုပ်သည် နိုင်ငံအချင်းချင်းဆက်ဆံမှုကို အင်အားဖြည့်ဆည်းပေးမှုအတွက် အရေးပါသောကိစ္စဖြစ်ကြောင်း ဖြည့်စွက်ပြောကြားသည်။

၎င်းက ဩစတြေးလျနိုင်ငံအား ယခုထက် ပိုမို ကျယ်ပြန့်သော အရှေ့တောင်အာရှနိုင်ငံများ ပူးပေါင်းဆောင်ရွက်ရေးနှင့် မဟာမိတ်စာချုပ်အဖွဲ့အဖြစ် တိုးချဲ့ဆောင်ရွက်ရန်လည်း တိုက်တွန်းလိုက်သည်။ ၎င်းက ဩစတြေးလျအနေဖြင့် အာဆီယံအဖွဲ့နှင့် အပြန်အလှန်ဆွေးနွေးပြောဆိုမှုရှိသော မိတ်ဖက်နိုင်ငံအဖြစ် ခံယူရန်နှင့် တောင်ကိုရီးယား၊ ဂျပန်နှင့် တရုတ်တို့ပါဝင်သည့် အာဆီယံမိတ်ဖက်သုံးနိုင်ငံအဖွဲ့တွင် ပါဝင်နိုင်ဖွယ်ရှိကြောင်းလည်း ပြောကြားလိုက်သည်။

ဩစတြေးလျအစိုးရ၏ အာရှတိုက်ဒေသတွင်းသို့ ဝင်ရောက်ပူးပေါင်းရန် အသစ်တစ်ဖန်ကြိုးပမ်းမှုအတွက် ပေါက်ရောက်အောင်မြင်ရန် လမ်းပွင့်သွားသည်။ တစ်ချိန်က ရင်ဆိုင်တိုက်ခိုက်မှုများဖြစ်ပွားမည့်ဘေးအန္တရာယ်ဖြစ်ပေါ်ခဲ့ပြီးနောက် ယခုကဲ့သို့ အင်ဒိုနီးရှားနှင့်သိသာထင်ရှားသောပြန်လည်ပေါင်းသင်းဆက်ဆံမှုများပေါ်ပေါက်လာခြင်း၏သာဓကဖြစ်သည်။

ကျွန္ဒပါလ၊ အရှင် (တိပိဋကဓရ တိပိဋက ကောဝဒ) (မြန်မာ ၁၃၂၂-)။ ။ အရှင်ကျွန္ဒပါလကို ခမည်းတော် ဦးငွေတင်အောင်၊ မယ်တော် ဒေါ်ပဲစိန်တို့က ၁၃၂၂ ခုနှစ်၊ ဝါဆိုလပြည့် ကျော် ၁၀ ရက်နေ့တွင် ရမ်းဗြဲမြို့နယ်၊ မကျည်းကျွန်းကျေးရွာ၌ ဖွားမြင်တော်မူသည်။

အရှင်ကျွန္ဒလသည် မကျည်းကျွန်းကျေးရွာ၊မြောက်ကျောင်းဆရာတော်ဘဒ္ဒန္တသာသနကို ဥပဇ္ဈာယ်ပြု၍ အဘွားဒေါ်အေးမြဦးနှင့် ခမည်းတော်၊ မယ်တော်တို့၏ ပစ္စယာနုဂ္ဂဟဖြင့် ရှင်သာမဏေအဖြစ်သို့ ရောက်ရှိတော်မူသည်။ ပဲခူးမြို့၊ မျက်နှာတော်ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တနာဂိန္ဒကို ဥပဇ္ဈာယ်ပြု၍ ပဲခူးမြို့နေဦးသိန်းအောင်နှင့် ဒေါ်မေမေခင်မိသားစု၊ ရန်ကုန်မြို့နေ သီဟသုဓမ္မမဏိဇောတဓရဆရာကြီးဦးကျော်မင်းမိသားစု၊ ဦးလှမြင့်နှင့် ဒေါ်အေးမြတ်မူမိသားစု၊ ဒေါက်တာစိုးလွင်နှင့် ဒေါ်ခင်မေတင့် မိသားစု၊ ဦးမောင်မောင်လွင်နှင့်ဒေါ်စိန်မိသားစု၊ ဦးထွန်းရင်ဦးနှင့် ဒေါ်စိန်ခိုင်မိသားစုတို့၏ ပစ္စယာနုဂ္ဂဟဖြင့် အဆိုပါကျောင်းတိုက်ခန္ဓာသိမ်၌ မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ရှိတော်မူသည်။

အရှင်ကျွန္ဒပါလသည် ရမ်းဗြဲမြို့နယ် မကျည်းကျွန်းကျေးရွာမြောက်ကျောင်း ဆရာတော် ဘဒ္ဒန္တသာသန၊ ပဲခူးမြို့ မင်းကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တသူရိယ၊ မြောင်းမြမြို့ ပဇ္ဇောတာရုံတိုက်သစ်ဆရာတော် ဘဒ္ဒန္တကုမာရ၊ စစ်ကိုင်းတောင်ရိုး မင်းကွန်းဓမ္မနာဒကျောင်းတိုက် တိပိဋကဓရဓမ္မဘဏ္ဍာဂါရိကဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၊ ဗန်းမော်ဆရာတော် ဘဒ္ဒန္တကုမာရစသည့် ဆရာတော်များထံတွင် ပါဠိတော်၊ အဋ္ဌကထာ၊ ဋီကာကျမ်းစာများ သင်ယူဆည်းပူးတော်မူသည်။

အရှင်ကျွန္ဒပါလသည် ပထမငယ်၊ ပထမလတ်၊ ပထမကြီး စာမေးပွဲများနှင့် ဓမ္မာစရိယစာချတန်းတို့ကို ဂုဏ်ထူးနှင့် အောင်မြင်တော်မူသဖြင့် သာသနဓဇသိရီပဝရ ဓမ္မာစရိယဘွဲ့ကိုလည်းကောင်း၊ ၂၀၀၁ ခုနှစ် ၅၃



ကေဿမမြောက် တိပိဋကဓရ တိပိဋကကောဝိဒ ဘွဲ့တံဆိပ်တော်ရ အရှင်ကျွန္ဒပါလ

ကြိမ်မြောက် တိပိဋကဓရရွေးချယ်ရေးစာမေးပွဲတွင် ပိဋကတ်သုံးပုံ အာဂုံပြန်ဆို အောင်မြင်တော်မူသဖြင့် တိပိဋကဓရဘွဲ့ကိုလည်းကောင်း ရရှိတော်မူသည်။

အရှင်ကျွန္ဒပါလသည် သာသနာရေးဝန်ကြီးဌာန သာဝါနာရေးဦးစီးဌာနက ကြီးမှူးကျင်းပသည့် ၅၆ ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲတွင် အဘိဓမ္မာပိဋက (နောက်ပိုင်း)ကို ရန်ကုန်မြို့၊ ဒဂုံမြို့နယ်၊ စကားဝါလမ်း၊တိပိဋကနိကာယကျောင်းတော်မှဝင်ရောက်ဖြေဆိုအောင်မြင်တော်မူသည်။

အရှင်ကျွန္ဒပါလသည် ပိဋကတ်သုံးပုံကို အာဂုံပြန်နှင့် ရေးဖြေနှစ်မျိုးစလုံး အောင်မြင်တော်မူသဖြင့် ပြည်ထောင်စုမြန်မာနိုင်ငံတော် ပရိယတ္တိစာမေးပွဲသမိုင်းတွင် ဧကာဒသမမြောက် တိပိဋကဓရတိပိဋကကောဝိဒသာသနာ့အာဇာနည်အရှင်မြတ်အဖြစ်သို့ရောက်ရှိတော်မူသည်။

ဦးစိုးအောင်

အိန္ဒိယသမ္မတနိုင်ငံ။ ။ ဇန်နဝါရီလ ၈ ရက်နေ့တွင် ကျင်းပသော အမျိုးသားဒီမိုကရေစီမဟာမိတ်အဖွဲ့ (NDA)၏အစည်းအဝေးကအဖွဲ့ခေါင်းဆောင်ဝန်ကြီးချုပ်ဗာဂ်္ပေယီးအား ရွေးကောက်ပွဲများကို အချိန်စောစီး ပြုလုပ်ရေးအတွက် လုပ်ပိုင်ခွင့် အပ်နှင်းလိုက်သည်။ ၂၀၀၃ ခုနှစ် ဒီဇင်ဘာလအတွင်းက ပြုလုပ်ခဲ့သော ပြည်နယ်ရွေးကောက်ပွဲများတွင် ၅ ပြည်နယ်၌ အာဏာရ NDA အဖွဲ့က အနိုင်ရခဲ့သည်။ အိန္ဒိယနိုင်ငံ၏ စီးပွားရေးမှာလည်း မြင့်တက်နေသည်။ အိန္ဒိယနှင့် ပါကစ္စတန်ပြန်လည်သင့်မြတ်ရေးလမ်းစပေါ်နေသည်။ ဤသို့သော အခြေအနေကောင်းများကို အမြတ်ထုတ်အသုံးချနိုင်ရေးအတွက် ဇန်နဝါရီလ ၂၇ ရက်နေ့တွင် ဝန်ကြီးချုပ်ဗာဂ်္ပေယီးက အောက်လွတ်တော်ကို ဖေဖော်ဝါရီလ ၆ ရက်နေ့၌ ဖျက်သိမ်းပေးရန် သမ္မတအဗ္ဗဒူလ်ကာလမ်ထံသို့ ထောက်ခံတင်ပြလိုက်သည်။ အထွေထွေရွေးကောက်ပွဲများကို မျှော်မှန်းလျက် အိန္ဒိယပြည်ရှိ နိုင်ငံရေးပါတီများအတွင်း မဟာမိတ်ဖွဲ့စည်းမှုအပြောင်းအလဲများဖြစ်ပေါ်ခဲ့သည်။ အထူးသဖြင့် အိန္ဒိယတောင်ပိုင်းရှိ တမီလ်နာဒူးပြည်နယ်တွင် မဟာမိတ်ဖွဲ့စည်းမှု အပြောင်းအလဲများဖြစ်ပေါ်ခဲ့သည်။ ဇန်နဝါရီလ ၈ ရက်နေ့တွင် ဝန်ကြီးချုပ်ဗာဂ်္ပေယီးသည် ပြည်ထောင်စုအစိုးရအဖွဲ့အတွင်းပြင်ဆင်ဖွဲ့စည်းမှုများကို ရွေးကောက်ပွဲမတိုင်မီနောက်ဆုံးအကြိမ်အဖြစ် ပြုလုပ်ခဲ့သည်။

ဇန်နဝါရီလ ၈-၉ ရက်နေ့များတွင် ဘဏ္ဍာရေးဝန်ကြီးဂျပ်စ်ဝမ့်ဆင်းက "အသေးစားဘတ်ဂျက်" (Mini budget)ကို ကြေညာခဲ့သည်။ လာမည့် ရွေးကောက်ပွဲတွင် မဲဆန္ဒရှင်များအား ဆွဲဆောင်နိုင်ရေးကို



ဝန်ကြီးချုပ်ရာထူးကို မန်မိုဟန်ဆင်းအား တွဲဆစ်ပေးခဲ့သော ကွန်ဂရက်ပါတီခေါင်းဆောင် ဆိုနီယာဝန်္ဒီကို
ဝန်ကြီးချုပ်ဆင်းနှင့်အတူ တွေ့ရစဉ်


ရှေးရှုတင်ပြခဲ့ခြင်းဖြစ်သည်။ ဤဘတ်ဂျက်အရ အကောက်ခွန်နှင့် ယစ်မျိုးခွန်ကောက်ခံမှုများကို လျှော့ချပေးလိုက်သည်။ အကောက်ခွန်လျှော့ချလိုက်သဖြင့် ခရီးသွားလာမှုစရိတ်များ လျော့ကျသွားမည်ဖြစ်သည်။ ထို့ပြင် ရင်ခွင်ပိုက်ကွန်ပျူတာ၊ မိုဘိုင်းလ်ဖုန်း၊ အဝတ်လျှော်စက်စသည့် လူသုံးကုန်ပစ္စည်းများ၏ စျေးနှုန်းများကျဆင်းသွားမည်ဖြစ်သည်။ စက်မှုလက်မှုထုတ်ကုန်ပစ္စည်းများနှင့် လျှပ်စစ်ဓာတ်ထုတ်လုပ်သည့် လုပ်ငန်းများအပေါ် အခွန်စည်းကြပ်မှုကိုလည်း လျှော့ချပေးလိုက်သည်။ လူလတ်တန်းစားနှင့် ပင်စင်စားများအတွက် အခွန်စည်းကြပ်မှုများကိုလည်း ရှင်းလင်းလွယ်ကူအောင် ပြုလုပ်ပေးလိုက်သည်။ ဘတ်ဂျက်ပြုပြင်မှုများဖြင့် တောင်သူလယ်သမားများ၊ လူလတ်တန်းစားများ၊စက်မှုလုပ်ငန်းရှင်များ၏ထောက်ခံမဲရရှိရေးကို ဆောင်ရွက်ခဲ့သည်။

တောင်အာရှဒေသဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအသင်းထိပ်သီးအစည်းအဝေးတွင် အိန္ဒိယနှင့် ပါကစ္စတန်ခေါင်းဆောင်များ တွေ့ဆုံခဲ့ပြီးနောက် နှစ်နိုင်ငံဆက်ဆံရေးများ တိုးတက်ကောင်းမွန်လာခဲ့သည်။ တိုက်ရိုက်လေကြောင်းပျံသန်းမှုများကို ပြန်လည်စတင်နိုင်ခဲ့သည်။ မီးရထားနှင့် ဘတ်စ်ကားခရီးစဉ်များလည်း ပြန်လည်ပြုလုပ်နိုင်ခဲ့သည်။ ကက်ရှ်မီးယားအရေးမှာလည်း ပျော့ပျောင်းမှုရှိလာသည်။

အိန္ဒိယနှင့် ပါကစ္စတန်နိုင်ငံတို့မှ သံတမန်များ၊ နိုင်ငံခြားရေးဝန်ကြီးဌာနများမှ အရာရှိကြီးများသည် ဖေဖော်ဝါရီလ ၁၆-၁၈ ရက်နေ့များတွင် အစ္စလာမာဘဒ်မြို့၌ တွေ့ဆုံလျက် ပြဿနာစုံဆွေးနွေးရေး ပထမအကျော့အတွက်လုပ်ငန်းစုများကို သဘောတူထုတ်ပြန်နိုင်ခဲ့ကြသည်။ နှစ်နိုင်ငံတို့မှ နိုင်ငံခြားရေးဌာနအတွင်းဝန်တို့သည် ပူးတွဲကြေညာချက်ထုတ်ပြန်ခဲ့သည်။ ထိုကြေညာချက်၌ ဂျမ္မု-ကက်ရှ်မီးယား ပြဿနာအပါအဝင်နှစ်နိုင်ငံအကြားရှိ ပြဿနာအားလုံးကို ငြိမ်းချမ်းစွာအဖြေရှာကြရန် သန္နိဋ္ဌာန်ပြုထား ကြောင်း၊ ငြိမ်းချမ်းရေး၊ လုံခြုံရေး၊ စီးပွားဖွံ့ဖြိုးတိုးတက်ရေးတို့သည် နှစ်နိုင်ငံတူညီသော ရည်မှန်းချက်များဖြစ်ကြောင်း၊ ၎င်းရည်မှန်းချက်များ ပေါက်မြောက်အောင်မြင်ရေးကို အားပေးမြှင့်တင်သွားမည်ဖြစ်ကြောင်း ဖော်ပြထားသည်။

ဘိုဖောစ်အမည်ရှိ ဆွီဒင်လက်နက်ကုမ္ပဏီထံမှ လာဘ်ယူခဲ့သည်ဟူသော စီရင်ချက်နှင့်စပ်လျဉ်း၍ ဒေလီအဆင့်မြင့်တရားရုံးက ဖေဖော်ဝါရီလ ၄ ရက်နေ့ ကွယ်လွန်သူ ဝန်ကြီးချုပ်ဟောင်း ရာဂျစ် ဂန္ဓီအပေါ် တရားသေလွှတ်ပေးလိုက်သည်။ ထိုအမှု၌ ရာဂျစ်ဂန္ဓီက လာဘ်ယူခဲ့သည်ဟူသော စွပ်စွဲချက်နှင့်စပ်လျဉ်း၍ သက်သေအထောက်အထားမတွေ့ရှိရဟု တရားရုံးက ဆုံးဖြတ်ခဲ့သည်။ အိန္ဒိယသို့လက်နက်များတင်သွင်းရေးအတွက် ဘိုဖောစ်ကုမ္ပဏီထံမှ လာဘ်ယူခဲ့သည်ဟူသော သတင်းအပုပ်နံ့ကြောင့် ၁၉၈၉ ခုနှစ်တွင် ရာဂျစ်ဂန္ဓီအစိုးရသည် ပြုတ်ကျခဲ့ရသည်။

အိန္ဒိယနိုင်ငံတွင် မဲရုံဝန်ထမ်းအပြည့်အဝ ချထားပေးရေးနှင့် လုံခြုံရေးအပြည့်အဝချထားပေးရေးတို့အတွက် အထွေထွေရွေးကောက်ပွဲများကို နယ်မြေခွဲခြားလျက် အဆင့် ၅ ဆင့်ထား၍ ကျင်းပခဲ့သည်။ ပထမအဆင့်နှစ်ဆင့်ကို ဧပြီလ ၂၀ နှင့် ၂၆ ရက်နေ့များတွင် ကျင်းပခဲ့သည်။ လူထုဆန္ဒကောက်ယူမှုစစ်တမ်းများနှင့် ရွေးဦးစွာထွက်ပေါ်လာသော မဲဆန္ဒအရေအတွက်တို့အရ အာဏာရညွှန့်ပေါင်းအစိုးရအဖွဲ့သည် ရှေ့ကပြေးနေကြောင်းတွေ့ရသည်။ သို့ရာတွင် ဧပြီလ ၂၀ ရက်နေ့တွင် ထွက်ပေါ်လာသည့် မဲဆန္ဒပေးမှုများအရ အတိုက်အခံညွှန့်ပေါင်းအဖွဲ့ကလည်း နောက်မှကပ်၍ လိုက်လာကြောင်းတွေ့ရသည်။ ၂၀၀၄ ခုနှစ်တွင် အိန္ဒိယ၌ကျင်းပသော အထွေထွေရွေးကောက်ပွဲတွင် ဆန္ဒမဲပေးခြင်းကိုအီလက်ထရွန်းနစ်စက်များဖြင့်ပြုလုပ်ခဲ့သည်။ ဤသို့ပြုလုပ်ခြင်းမှာ ပထမဦးဆုံး အကြိမ်ဖြစ်သည်။ ဆန္ဒမဲများလွယ်ကူလျင်မြန်စွာပေးနိုင်သကဲ့သို့ ဆန္ဒမဲများရေတွက်ရာတွင်လည်း



အိန္ဒိယနိုင်ငံ ဘီဟာပြည်နယ်တွင် ရေလွှမ်းမိုးမှု ဖြစ်ပွားရာ သားအဖနှစ်ဦးကို ရေဘေးအန္တရာယ်မှ ကယ်တင်စဉ်


လျင်မြန်စွာပြီးစီးနိုင်ပေသည်။ ဤရွေးကောက်ပွဲ၌ ဤရွေးကောက်ပွဲတွင် အိန္ဒိယ ရွေးကောက်ပွဲသမိုင်း၌ နေရာဒေသအချို့တွက် ရွေးကောက်ပွဲအကြမ်းဖက်မှုများဖြစ်ပေါ်ခဲ့သည်။

အထွေထွေရွေးကောက်ပွဲအဆင့် ၅ ဆင့်လုံးတွင် ဆန္ဒမဲပေးမှုများသည် မေလ ၁၀ ရက်နေ့တွင် ပြီးဆုံးသွားသည်။ ဆန္ဒမဲပေးမှုနှင့် မဲရေတွက်မှုများကို အီလက်ထရွန်းနစ်စက်များဖြင့် ပြုလုပ်ခဲ့ရာ ရွေးကောက်ပွဲရလဒ်များကို မေလ ၁၃ ရက်နေ့တွင် သိရှိရသည်။ အကြီးမားဆုံး အုံအားသင့်စရာ ဖြစ်ပေါ်ခဲ့သည်။အများထင်နေကြသည်မှာ ဘိဂျေပီဦးဆောင်သော အာဏာရညွှန့်ပေါင်းအဖွဲ့က နိုင်လိမ့်မည်ဟူ၍ဖြစ်သည်။ မဲများရေတွက်ပြီးသောအခါ ကွန်ဂရက် (အိုင်) ပါတီဦးဆောင်သော အတိုက်အခံညွှန့်ပေါင်းအဖွဲ့က အနိုင်ရရှိသွားခဲ့သည်။ အမတ်ဦးရေ စုစုပေါင်း ၅၄၅ ဦးရှိသော အောက်လွှတ်တော်တွင် ကွန်ဂရက်

(အိုင်)ပါတီက အမတ်ဦးရေ ၄၅ ဦးရရှိသည်။ အိန္ဒိယကွန်ဂရက်ပါတီနှင့် မဟာမိတ်များက အမတ် ၂၁၇ ဦးရရှိသည်။ ဘီဂျေပီပါတီက အမတ်ဦးရေ ၁၃၈ ဦးရရှိသည်။ အာဏာရညွှန့်ပေါင်းအဖွဲ့အနေဖြင့် အမတ်ဦးရေ ၁၈၅ ရရှိသည်။

ဘီဂျေပီဦးဆောင်သော အာဏာရညွှန့်ပေါင်းအဖွဲ့က ရွေးကောက်ပွဲ၏ စီးပွားရေးတိုးတက်ဖြစ်ထွန်းမှုများအပေါ် အဓိကအားထားခဲ့သည်။ "တောက်ပသော အိန္ဒိယ"ဟု ကြွေးကြော်ခဲ့ကြသည်။ ကွန်ဂရက် (အိုင်) ဦးဆောင်သော အတိုက်အခံညွှန့်ပေါင်းအဖွဲ့က လူချမ်းသာတစ်စုကောင်းစားရေးမဟုတ်ဘဲ ဆင်းရဲသားလူအများစုကောင်းစားရေး၊ ကျေးလက်နေပြည်သူများ၏ ဘဝတိုးတက်ရေး၊ ဘာသာရေးဂိုဏ်းဂဏကြီးစိုးမှုမဟုတ်ဘဲ လောကီရေးသက်သက်လုပ်ရေးတို့ကို ရွေ့တန်းတင်လှုပ်ရှားခဲ့သည်။ ကွန်ဂရက် (အိုင်)ပါတီသည် မဟာမိတ်ပြုမှု၊ ဖွဲ့စည်းမှုတို့ကို ကျွမ်းကျင်စွာ အသုံးချခဲ့သည်။ ထို့ကြောင့် ယခုရွေးကောက်ပွဲ၌ ကွန်ဂရက် (အိုင်)ပါတီ ဦးဆောင်သောမဟာမိတ်အဖွဲ့က အနိုင်ရရှိသွားခဲ့သည်။

အသက် ၅၇ နှစ်ရှိ ဆိုနီယာဂန္ဓီသည် လွတ်တော်တွင်း၌ မဲအများစုရရှိရေးအတွက် ညှိနှိုင်းစေ့စပ်ဆွေးနွေးမှုများပြုလုပ်ခဲ့သည်။ ရွေးကောက်ပွဲတွင် အနိုင်ရရှိသော ညွှန့်ပေါင်းအဖွဲ့၏ ခေါင်းဆောင်ဖြစ်သော်လည်း သူမက ဝန်ကြီးချုပ်ရာထူးကို မယူဟု မေလ ၁၅ ရက်နေ့တွင် ကြေညာခဲ့သည်။ သူမက အသက် ၇၁ နှစ်ရှိ မန်မိုဟန်ဆင်းအား ဝန်ကြီးချုပ်တင်မြှောက်ရန် အဆိုပြုခဲ့သည်။ မန်မိုဟန်ဆင်းသည် ၁၉၉၁-၉၆ ခုနှစ်များက ဘဏ္ဍာရေးဝန်ကြီးအဖြစ် ဆောင်ရွက်ခဲ့သည်။ အိန္ဒိယပြည်တွင် စီးပွားရေးအခြေအနေယုတ်လျော့ ကျဆင်းနေရာမှ စီးပွားရေးဦးမော့



အိန္ဒိယနိုင်ငံရှိ ရုပ်ပြားတက်တစ်ရပ်မြင်ကွင်း

လာအောင် ဆောင်ရွက်ခဲ့သူဖြစ်သည်။ မန်မိုဟန်ဆင်းသည်အောက်လွှတ်တော်ကိုယ်စားလှယ်မဟုတ်ဘဲ အထက်လွှတ်တော်ကိုယ်စားလှယ်တစ်ဦး ဖြစ်သည်။

မန်မိုဟန်ဆင်းသည် ဟိန္နျူဘာသာဝင်မဟုတ်သော ပထမဆုံးဝန်ကြီးချုပ်ဖြစ်သော့သို့ ဆစ်လူမျိုးများအတွင်းမှ ပထမဆုံးဝန်ကြီးချုပ်ရာထူးယူခဲ့သူလည်းဖြစ်လာပေသည်။ မေလ ၂၂ ရက်နေ့တွင် မန်မိုဟန်ဆင်းနှင့် ဝန်ကြီးအဖွဲ့သည် ကျမ်းသစ္စာကျိန်ဆို၍ ရာထူးအသီးသီးလက်ခံခဲ့ကြသည်။ မန်မိုဟန်ဆင်း၏ အစိုးရအဖွဲ့တွင် ဝန်ကြီးများကောင်စီဝင် ၆၈ ဦး ပါဝင်သည်။ ၎င်းအနက် ၂၉ ဦးမှာ ကက်ဘိနက်ဝန်ကြီးများဖြစ်ကြသည်။ ဤသို့အာဏာရလာသော ညွှန့်ပေါင်းအဖွဲ့ကို "ညီညွတ်သော တိုးတက်ရေးမဟာမိတ်အဖွဲ့" ဟုခေါ်တွင်ခဲ့သည်။

၎င်လ ၂ ရက်နေ့တွင် (၁၄) ကြိမ်မြောက် အောက်လွှတ်တော်၏ ပထမအစည်းအဝေးကို စတင်ကျင်းပခဲ့သည်။ ထိုအစည်းအဝေးက အိန္ဒိယကွန်မြူနစ်ပါတီမှ ခေါင်းဆောင်ဆွမ်နက် ချာတာဂျီကို လွှတ်တော်သဘာပတိအဖြစ် တစ်ညီတစ်ညွတ်တည်း တင်မြှောက်ခဲ့ကြသည်။ ချာတာဂျီသည် လွှတ်တော်သဘာပတိဖြစ်လာသော ပထမဆုံးမတ်စ်ဝါဒီဖြစ်သည်။ ၎င်လ ၇ ရက်နေ့တွင် သမ္မတ အဇ္ဈဒူလ်ကာလမ်က လွှတ်တော်နှစ်ရပ်ပေါင်းသို့ ဝန်ကြီးချုပ်မန်မိုဟန်ဆင်းခေါင်းဆောင်သော ညွှန့်ပေါင်းအစိုးရအဖွဲ့၏ လုပ်ငန်းစဉ်ကိုကြေညာခဲ့သည်။ သမ္မတ၏ မိန့်ခွန်းဌ အစိုးရအဖွဲ့သစ်၏ တာဝန်ခံမှုများကိုဖော်ပြခဲ့သည်။ အစိုးရအဖွဲ့သစ်သည် စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှုရေးရာများတွင် အများဆုံးအကျုံးဝင်ပါရှိမှု (Inclusiveness)ကို အလေးထားမည်ဖြစ်ကြောင်း၊ တရားဥပဒေစိုးမိုးရေးနှင့် လောကီရေးသက်သက် လူအဖွဲ့အစည်းဖြစ်ရေးတို့ကို အခိုင်အမာတည်ဆောက်မည်ဖြစ်ကြောင်း၊ သည်းခံခွင့်လွှတ်နိုင်ခြင်းမရှိမှု၊ စိတ်ဝမ်းကွဲပြားစေမှု၊ လူမျိုးရေး၊ ဘာသာရေးဂိုဏ်း ဂဏအုပ်စုဖွဲ့ ရမ်းကားအနိုင်ကျင့်မှုတို့ကို တိုက်ဖျက်သွားမည်ဖြစ် ကြောင်း၊ အငြင်းပွားနေသောအကြမ်းဖက်ဝါဒဟန့် တားရေးအက်ဥပဒေကို ရုပ်သိမ်းမည်ဖြစ်ကြောင်း တို့ကို မိန့်ခွန်းဌထည့်သွင်းပြောကြားခဲ့သည်။

၎င်လ ၂၄ ရက်နေ့တွင် ဝန်ကြီးချုပ်မန်မိုဟန်ဆင်းသည် ရုပ်မြင်သံကြားမှတစ်ဆင့် တစ်နိုင်ငံလုံး သို့ မူဝါဒဆိုင်ရာ မိန့်ခွန်းပြောကြားခဲ့သည်။ ၎င်း၏ အစိုးရအနေဖြင့် စီးပွားရေးတိုးတက်မှုနောက်သို့လိုက်သည်ဆိုရာ၌ တိုးတက်မှုသက်သက်အတွက် မဟုတ်ကြောင်း၊ တိုးတက်မှုသည် ဆင်းရဲမှု၊ ငတ်ပြတ် မှု၊ အိုးအိမ်မဲ့မှုတို့ကို ပပျောက်စေပြီး လူများစုကြီး၏ လူနေမှုအဆင့်အတန်းမြင့်မားလာစေရေးအတွက်ဖြစ်ကြောင်း ပြောကြား သည်။ ၎င်း၏အစိုးရက အဓိကလုပ်ဆောင်သွားမည့် လုပ်ငန်းမှာ အစိုးရယန္တရားနှင့် ပြည်သူ့ရေးရာ အဖွဲ့အစည်းများကို ပြုပြင်ပြောင်းလဲရေးဖြစ်ကြောင်း၊ အဆင့်တိုင်းတွင် ပြုပြင်သွားမှသာ အမှန်တကယ်ဖွံ့ဖြိုးတိုးတက်ရေး အခြေအနေကောင်းများဖြစ်ပေါ်လာမည်ဖြစ်ကြောင်း၊ ကျန်းမာရေး၊ ပညာရေး၊ ရေရှည်ရေး၊ စွမ်းအင်အလုံ အလောက်ရရှိရေးတို့လည်း တိုးတက်လာမည်ဖြစ်ကြောင်းပြောကြားခဲ့သည်။

ရွှေကောက်ပွဲတွင် နှုံးနိမ့်သွားသော ဘိဂျေပီပါတီအတွင်း အပြောင်းအလဲများဖြစ်ပေါ်ခဲ့သည်။ အသက် ၇၆ နှစ်ရှိ ယခင်ဒုတိယဝန်ကြီးချုပ် အက်ဒ်ဗာနီသည် ဘိဂျေပီပါတီ၏ ခေါင်းဆောင်ဖြစ်လာ သည်။ ဤသို့ဖြင့် အက်ဒ်ဗာနီသည် လွှတ်တော်တွင်းဌ အတိုက်အခံအဖွဲ့၏ ခေါင်းဆောင်လည်းဖြစ်လာတော့သည်။ အသက် ၇၉ နှစ်ရှိ ဝန်ကြီးချုပ်ဟောင်း ဗာဂ်ပေယီးသည် ပါလီမန်တွင်း ဘိဂျေပီပါတီ၏ ဥက္ကဋ္ဌဖြစ်လာခဲ့သည်။ဗာဂ်ပေယီးက ယခုပါလီမန်သက်တမ်းအတွင်းမှာပင် အနားယူတော့မည်ဟု ပြောခဲ့သည်။ ၂၀၀၀ ပြည့်နှစ် ဂူဂျာရတ်ပြည်နယ်ဌ မွတ်ဆလင်ဆန့်ကျင်ရေးအဓိကရုဏ်း

များကို ဖြစ်ပေါ်စေခဲ့သည့်ဂူကျောရုတ်ပြည်နယ်ဝန်ကြီးချုပ် နရိန္ဒရာဟိုဒီအား ရာထူးမှမဖယ်ရှားမီခဲ့သည့်အတွက် ရွေးကောက်ပွဲတွင် ဘီဂျေပီပါတီရုံးနိမ့်ရခြင်းဖြစ်သည်ဟု သုံးသပ်ပြခဲ့သည်။ ဗဟိုပါယီးသည် အလယ်အလတ်သမားတစ်ဦးဖြစ်သည်။

ဒွန်လအတွင်း အိန္ဒိယနှင့် ပါကစ္စတန်ဆက်ဆံရေးမှာတိုးတက်ကောင်းမွန်လာခဲ့သည်။ နှစ်နိုင်ငံဆွေးနွေးမှုများကို ဆက်လက်ပြုလုပ်ခဲ့သည်။ စဉ်ဆက်မပြတ်အလေးအနက်ဆွေးနွေးမှုများပြုလုပ်သွားရန် သဘောတူခဲ့ကြသည်။ ဂျမ္မုကက်ရှ်မီးယားပြဿနာကို စေ့စပ်ညှိနှိုင်းမှုဖြင့် အပြီးသတ်ဖြေရှင်းသွားရေးကိုလည်း သဘောတူခဲ့ကြသည်။ ကက်ရှ်မီးယားဒေသတည်ငြိမ်အေးချမ်းရေးအတွက် ဆွေးနွေးညှိနှိုင်းခဲ့ကြသည်။ အပြောနှင့်သာမကဘဲအလုပ်သဘောလက်တွေ့ဖြင့်ပါတိုးတက်မှုရှိအောင်ဆောင်ရွက်လာကြသည်။

ဇူလိုင်လ ၈ ရက်နေ့တွင် ဘင်္ဂလားရေးဝန်ကြီးချုပ် ဒမ်ဘာရန်က ၂၀၀၄ - ၀၅ ခုနှစ်အတွက် ကြားဖြတ်ဘတ်ဂျက်ကိုတင်သွင်းခဲ့သည်။ ဘတ်ဂျက်အသုံးစရိတ် စုစုပေါင်းမှာ ရူပီး ၇၇၈,၉၀ ဘီလီယံဖြစ်သည်။ ဘတ်ဂျက်လိုငွေပြမှုမှာ ခန့်မှန်းခြေအားဖြင့် ရူပီး ၁၃၇၄၀၇၀ ရှိသည်။ ယင်းလိုငွေပြမှုမှာ ၄. ၈ ရာခိုင်နှုန်းဖြစ်သည်။ ဂျီဒီပီတိုးတက်မှုနှုန်းက ၇ ရာခိုင်နှုန်းမှ ၈ ရာခိုင်နှုန်းအထိမြင့်တက်လာရန် ခန့်မှန်းထားသည်။ လူမှုဘဝစုကြီးကောင်းစားရေး၊ လူနေမှုအဆင့်အတန်းမြင့်တက်ရေးတို့အတွက် အသုံးစရိတ်တိုးမြှင့်နိုင်ရေးအတွက် အခွန်ကောက်ခံမှုစသည့် ငွေကြေးဆိုင်ရာပြုပြင်ပြောင်းလဲမှုများပြုလုပ်မည်ဟုလည်းပြောခဲ့သည်။

ဇူလိုင်လ ၁ ရက်နေ့က ဝန်ကြီးချုပ်မန်မိုဟန်ဆင်းသည် အရှေ့တောင်ပိုင်းရှိ အနှစ်ရာပရဒေ့ရှ်ပြည်နယ်ရှိကျေးရွာများသို့ သွားရောက်ခဲ့သည်။ ထိုပြည်နယ်၌



အိန္ဒိယအထွေထွေရွေးကောက်ပွဲတွင် ရုံးနိမ့်သွားသော ဝန်ကြီးချုပ်တစ်ရှိယိန်း

၆ နှစ်ဆက်တိုက် မိုးခေါင်ခဲ့ရာ တောင်သူလယ်သမား များမှာ ဆင်းရဲဒုက္ခကြုံခဲ့ရသည်။ ပဂ္ဂလိကငွေချေးသူတို့ ထံမှ အတိုးကြေးပေးယူခဲ့ကြရသည်။ ချေးငွေမဆပ်နိုင် ဘဲအကျပ်ဆိုက်သဖြင့် ၆ နှစ်ကာလအတွင်း လယ် သမားပေါင်း ၃၀ ခန့် မိမိကိုယ်မိမိ သတ်သေခဲ့ ကြသည်။ ပြည်နယ်အစိုးရက ငွေထုတ်ပေးရန်ဆုံးဖြတ်ခဲ့ သည်။ ထိုငွေကို ထပ်ဆောင်းလျက် ဝန်ကြီးချုပ်ကမိသားစု တစ်စုဆီသို့ ရူပီ ၅၀၀၀ ကျစီထုတ်ပေးမည်ဟု ကတိပြု ခဲ့သည်။ ထို့ပြင် လယ်သမားများ သက်သာစေမည့် စိုက်ပျိုးရေးချေးငွေများထုတ်ပေးရန် စီစဉ်ခဲ့သည်။

၁၀ နှစ်တာအတွင်း အဆိုးဆုံးသော မုတ်သုံရေ ကြီးရေလျှံမှုကို အရှေ့မြောက်ဒေသမှ အာသန်အရှ နာချားလ်နှင့် ဘီယာပြည်နယ်တို့သည် ဇူလိုင်လ အတွင်းက ခံလိုက်ကြရသည်။ လူအသေအပျောက် များခဲ့သည်။ ပစ္စည်းဆုံးရှုံးမှုများခဲ့သည်။ ဝန်ကြီးချုပ် ကိုယ်တိုင်သွား၍ ရေကြီးရေလျှံမှုဒဏ်ကယ်ဆယ်ရေး ကို ဆောင်ရွက်ခဲ့ရသည်။

သြဂုတ်လ ၂၆ ရက်နေ့တွင် ပါလီမန်က ၂၀၀၄-၀၅ ခုနှစ်အတွက် ဘတ်ဂျက်ကို အတည်ပြုပေးခဲ့ သည်။ ဘတ်ဂျက်တင်သွင်းသည့် လွတ်တော်အစည်း အဝေးကို ဘီဂျေပီဦးဆောင်သော အတိုက်အခံ ညွှန့်ပေါင်းအဖွဲ့က သပိတ်မှောက်ခဲ့သည်။ ဘတ်ဂျက် ကိစ္စကို ဝန်ကြီးချုပ်သို့ သီးခြားတင်ပြခွင့်ပြုရန် ဘီဂျေပီ က တောင်းဆိုခဲ့သည်။ ယင်းတောင်းဆိုချက်ကို ဝန်ကြီးချုပ်က ပယ်ချခဲ့သည်။ဘတ်ဂျက်ကိစ္စကိုအောက် လွှတ်တော်တွင်သာ ဆွေးနွေးရမည်ဟု ဝန်ကြီးချုပ်က ပြောခဲ့သည်။

အိန္ဒိယဝန်ကြီးချုပ်မန်မိုဟန်ဆင်းနှင့် ပါကစ္စတန် သမ္မတမူရှာရက်ဖ်တို့သည် ကုလသမဂ္ဂအထွေထွေ ညီလာခံကို တက်ရောက်နေခိုက် စက်တင်ဘာလ ၂၄ ရက်နေ့က နယူးယောက်မြို့၌ ၎င်းတို့ချင်းတွေ့ဆုံ ဆွေးနွေးခဲ့သည်။ တစ်နာရီကြာ ဆွေးနွေးခဲ့ကြပြီး နောက်ပူးတွဲကြေညာချက်ထုတ်ပြန်ခဲ့သည်။ ကက်ရှ် မီးယားပြဿနာအပါအဝင်နှစ်နိုင်ငံအကြား ကွဲပြား နေသည့် ကိစ္စအားလုံးကို ငြိမ်းချမ်းစွာ ဖြေရှင်းကြရန် သဘောတူခဲ့ကြသည်။ နှစ်နိုင်ငံခေါင်းဆောင်များက ဤဆွေးနွေးပွဲအောင်မြင်မှုကို ကျေနပ်အားရစွာ ပြောဆို ခဲ့ကြသည်။

အောက်တိုဘာလ ၂၅ ရက်နေ့တွင် ပါကစ္စတန် သမ္မတမူရှာရက်ဖ်က သံတမန်များနှင့် သတင်းထောက် များသို့ ရှင်းလင်းပွဲပြုခဲ့သည်။ မူရှာရက်ဖ်က ကက်ရှ် မီးယား၏ အနာဂတ်ရေးနှင့်ပတ်သက်၍ ပြောကြားရာ တွင် ကက်ရှ်မီးယား၏အဆင့်သက်မှတ်ချက်ကို ပြောင်းလဲရန် လိုအပ်ကြောင်း၊ ကက်ရှ်မီးယားဒေသ အား ပါကစ္စတန်ပိုင် အာဇတ်ကက်ရှ်မီးယားနှင့် အိန္ဒိယ ပိုင် ဂျမ္မူ-ကက်ရှ်မီးယားဟု ခွဲခြားသတ်မှတ်ထားမှုကို ပြင်ဆင်သင့်ကြောင်း၊ ကက်ရှ်မီးယားဒေသ၌ အိန္ဒိယနှင့် ပါကစ္စတန်တို့အကြား သတ်မှတ်ထားသည့် ထိန်းချုပ် ရေးမျဉ်းကြောင်း (Line of Control) ကို အမြဲထာဝရ တည်ရှိနေသည့် နိုင်ငံတကာနယ်နိမိတ်မျဉ်းကြောင်း အဖြစ် သတ်မှတ်ထားချက်ကို လက်မခံနိုင်ကြောင်း ပြောခဲ့သည်။ ထို့ပြင် ကက်ရှ်မီးယားဒေသအား စစ်မဲ့ ဇုန်အဖြစ် သတ်မှတ်ပြီး နှစ်နိုင်ငံစလုံးက အချုပ်အခြာ အာဏာပိုင်သည့် ဒေသအဖြစ် သတ်မှတ်သင့်ကြောင်း စသည်တို့ကို ပြောကြားခဲ့သည်။

နိုဝင်ဘာလအတွင်းက ဝန်ကြီးချုပ်မန်မိုဟန် ဆင်းသည် ခွဲထွက်ရေးလှုပ်ရှားမှုများကြောင့် ဖြစ်ပေါ် နေသော ပြဿနာပြေလည်စေရေးအတွက် ကက်ရှ် မီးယားနှင့် အရှေ့မြောက်ဒေသများသို့ သွားရောက် ခဲ့သည်။

ဝန်ကြီးချုပ်မန်မိုဟန်ဆင်းသည် နယ်သာလန်နိုင်ငံသို့ သွားရောက်ခဲ့ပြီး နိုဝင်ဘာလ ၈ ရက်နေ့က အိန္ဒိယနှင့် ဥရောပသမဂ္ဂတို့အကြား မဟာဗျူဟာမြောက်မိတ်ဖက်ပြုမူသဘောတူစာချုပ်ကို လက်မှတ်ရေးထိုးခဲ့သည်။ ဤစာချုပ်ဖြင့် ဥရောပသမဂ္ဂက အိန္ဒိယတွင် ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုကို ပိုမို ပြုလုပ်တော့မည်ဖြစ်သည်။ ထို့ပြင် နိုင်ငံတကာ အရေးပါသော အခြားကိစ္စများ၌လည်း အိန္ဒိယနှင့် ဥရောပသမဂ္ဂတို့ကို ပိုမိုပူးပေါင်းဆောင်ရွက်ကြရန် သဘောတူခဲ့သည်။

ဦးခင်မောင်မြ

အုန်း၊ ဒေါ်၊ အမ်(မ်)အေ (ခရစ် ၁၉၁၃-၂၀၀၃)။ မန္တလေးမြို့ကို ကိုယ်စားပြု၍ ထင်ရှားသော စာရေးဆရာမကြီးဖြစ်သူ အမ်(မ်)အေဒေါ်အုန်းကို ၁၉၁၃ ခု၊ လူလိုင်လ (၆) ရက်၊ တနင်္္ဂနွေနေ့၌ အဘ ဦးရာကျော် (ရွှေဘိုသား)၊ အမိ ဒေါ်ခင် (အင်းဝသူ)တို့က မန္တလေးမြို့၊ ကဋ္ဌနမဟီတရုတ်တန်းတွင် ဖွားမြင်သည်။ မွေးချင်းရှစ်ဦးအနက် သတ္တမမြောက်သမီးဖြစ်သည်။

အမျိုးသမီးနေရှင်နယ်ကျောင်းတွင် စတင်ပညာသင်ကြားပြီး လေးတန်းအောင်မြင်ပြီးနောက် ဗဟို အမျိုးသားအထက်တန်းကျောင်းသို့ ပြောင်းရွှေ့သင်ကြားခဲ့သည်။

၁၉၃၀ တွင် ဗဟိုအမျိုးသားအထက်တန်းကျောင်းမှ ၁၀ တန်း စာမေးပွဲကို ပါဠိ၊ သန်္ဃာဂုဏ်ထူးများဖြင့် အောင်မြင်ခဲ့သည်။

၁၉၃၁ တွင် အစိုးရဆရာဖြစ်သင် နော်မန်ကျောင်းမှ ဆယ်တန်းဆရာအဖြစ် လက်မှတ်ရရှိခဲ့သည်။

၁၉၃၃ တွင် မန္တလေးဥပစာကောလိပ်မှ ဥပစာတန်းကို ပါဠိ၊ လောဂျစ်ဘာသာဂုဏ်ထူးများဖြင့် အောင်မြင်ခဲ့သည်။ ၁၉၃၄ တွင် ရန်ကုန်တက္ကသိုလ်သို့ တက်ရောက်ခဲ့ပြီး ၁၉၃၆ တွင်ပါဠိ၊ဝိဇ္ဇာဂုဏ်ထူးတန်းကို အောင်မြင်ခဲ့သည်။ ၁၉၃၈ တွင် ပါဠိမဟာဝိဇ္ဇာဘွဲ့ကို ဂုဏ်ထူးဖြင့် အောင်မြင်ခဲ့သည်။

၁၉၃၆ မှ ၁၉၄၂ အထိ ရန်ကုန်တက္ကသိုလ် ပါဠိဌာနနည်းပြဆရာမအဖြစ် ဆောင်ရွက်ခဲ့သည်။ စစ်ပြီး၍ ၁၉၄၇ မှ ၁၉၆၆ အထိ မန္တလေးတက္ကသိုလ်တွင် လက်ထောက်ကထိက၊ ကထိကနှင့် ပါမောက္ခအဖြစ် ဆက်တိုက်အမှုထမ်းခဲ့သည်။

ဒေါ်အုန်းသည် အမျိုးသားရေးနှင့် လွတ်လပ်ရေးတိုက်ပွဲများ၌ ကျရာနေရာမှ ပါဝင်ဆောင်ရွက်ခဲ့သည်။

၁၉၃၂ ခုနှစ်၌ ခုနစ်နှစ်သားမျှသာ သက်တမ်းရှိသေးသည့် မန္တလေးဥပစာကောလိပ်ဖျက်သိမ်းပစ်မည်ကို ကန့်ကွက်ဆန္ဒပြရာတွင် ဦးကျော်ငြိမ်း၊ ဗိုလ်ခင်မောင်ကလေး၊ တက်ဘုန်းကြီးသိန်းဖေမြင့်တို့နှင့်အတူ ခေါင်းဆောင်ကာ ဆန္ဒပြခဲ့သည်။

၁၉၃၄ ခုနှစ်တွင် အင်းလျားဆောင် သမဂ္ဂကိုယ်စားလှယ်အဖြစ် တင်မြှောက်ခြင်းခံရသည်။ စစ်အတွင်း ၁၉၄၃ မှ ၁၉၄၅ အထိ ဗမာနိုင်ငံ အာရှလူငယ်အစည်းအရုံးဌာနချုပ်၌ အမျိုးသမီးဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ခဲ့သည်။ ၁၉၄၅ ခု ဖက်ဆစ်ဆန့်ကျင်ရေးအဖွဲ့၌ ပထမဆုံးအမျိုးသမီးအမှုဆောင်ဖြစ်ခဲ့သည်။

အမျိုးသားရေးနှင့် လွတ်လပ်ရေးတိုက်ပွဲအတွက် လှုံ့ဆော်ထောက်လှမ်းရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခဲ့သည်။



စာရေးဆရာမကြီး ပါဠိပါမောက္ခတောင်း အမ်အေဒေါ်အုန်း

၁၉၅၂ ခုနှစ်၌ ဝန်ကြီးဦးထွန်းဖေခေါင်းဆောင်သော ယဉ်ကျေးမှုကိုယ်စားလှယ်အဖွဲ့နှင့် အတူ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ သွားရောက်ခဲ့ပြီး နောက် တစ်နှစ် ၁၉၅၃ တွင် အမေရိကန်နိုင်ငံ တစ်ခွင်တစ်ပြင်သို့ လှည့်လည်လေ့လာခဲ့သည်။

ဒေါ်အုန်းသည် ကုလသမဂ္ဂအမျိုးသမီးအခွင့် အရေးကော်မရှင်သို့မြန်မာအစိုးရ၏ အမျိုးသမီး ကိုယ်စားလှယ်အဖြစ် တက်ရောက်ခဲ့သည်။ ၁၉၅၃ တွင် အင်္ဂလန်နှင့် စကော့တလန်တက္ကသိုလ်များသို့ လှည့်လည်လေ့လာခဲ့သည်။

ယုဝတီ၊ ရှုမဝ၊ မြဝတီစသည့် မဂ္ဂဇင်းများနှင့် မြန်မာ့အလင်းစသော သတင်းစာများ၌ စာပေ ဆောင်းပါးများစွာ ရေးသားခဲ့သည်။

စာအုပ်များအနေနှင့် ဆိုဗီယက်လောက၊ မိန်းမ ကိစ္စ၊ မ လောကီ၊ ပါဠိစာပေသမိုင်းစသည်တို့ကို ရေးသားထုတ်ဝေခဲ့သည်။ ဘာသာပေဒစာအုပ်ကိုမူ ပုံနှိပ်စက်မတင်ဘဲ လက်ရေးမူနှင့် ထုတ်ဝေခဲ့သည်။

စရိယဋ္ဌကအဋ္ဌကထာကျမ်း (ပါဠိဘာသာမှ အင်္ဂလိပ်ဘာသာပြန်ဆိုချက်)ကို အင်္ဂလန်နိုင်ငံပါဠိ ကျမ်းစာအဖွဲ့ (Pali Text Society) မှ အနှစ်တစ်ရာ ပြည့်တွင် ရိုက်နှိပ်ထုတ်ဝေခဲ့သည်။

၁၉၈၀ ပြည့်နှစ်၌ နိုင်ငံတော်အစိုးရ၏ နိုင်ငံ့ဂုဏ်ရည်ဘွဲ့ (ဒုတိယဆင့်)ကို ခံမြွင့်ခြင်းခံရသည်။

ဒေါ်အုန်းသည် M.A ဒေါ်အုန်းဟူသော ကလောင်အမည်နှင့် တွင်ကျယ်ထင်ရှားသည်။အထက် မြန်မာပြည်တွင် ပထမဆုံး M.A ဘွဲ့ရသူဖြစ်ရုံမက၊ ထိုဘွဲ့ကိုအိန္ဒိယတက္ကသိုလ်လက်အောက်ခံမှ ခွဲထွက်၍ ရန်ကုန်တက္ကသိုလ်က ပထမဆုံးကိုယ်ပိုင်တက္ကသိုလ် အဖြစ်ပေးသော ဘွဲ့ဖြစ်သည်။

M.A ဒေါ်အုန်းသည် မန္တလေးတက္ကသိုလ်၏ ပါမောက္ခအဖြစ်လည်း ဆောင်ရွက်ခဲ့သည်။ ၁၉၅၈ ခုနှစ်၌ မန္တလေးတက္ကသိုလ်အဓိပတိ ဦးကိုလေး အမေရိကန်သို့ လေ့လာရေးသွားစဉ် ၆ လခန့် ယာယီ အဓိပတိအဖြစ် ထမ်းဆောင်ခဲ့သည်။

M.A ဒေါ်အုန်းသည် မန္တလေးမြို့၊ ကဉ္စနမဟီ၊ တရုတ်တန်းတွင် နေထိုင်ရင်း ၂၈-၁၁-၂၀၀၃ တွင် ကွယ်လွန်ခဲ့သည်။

ဦးစိုးမြင့်သန်း

အမှတ်ပြုတရားဝင်
ရက်စွဲ ၂၀၂၁ ခုနှစ်
မိုးတသနစာကြည့်တိုက်

အက္ခရာစဉ်အညွှန်း

မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ် (၂၀၀၅)

ဤမြန်မာ့စွယ်စုံကျမ်းနှစ်ချုပ်ပါ ဆောင်းပါးများနှင့် အကြောင်းရပ်များကို တစ်ပုဒ်ချင်းဖတ်ရှုလေ့လာနိုင်သည့်အပြင် ရည်ညွှန်းကိုးကားဖွယ်အကြောင်းအရာတို့ လွယ်လင့်တကူအလျင်အမြန်ရှာဖွေလိုပါကလည်း အက္ခရာစဉ်အညွှန်းကို အသုံးပြုနိုင်ပါသည်။ ရည်ညွှန်းကိုးကားဖွယ်အကြောင်းရပ်၏အမည်ကို ဖတ်ရှုနိုင်သည့်ဆိုင်ရာ စာမျက်နှာအမှတ်နှင့် ယှဉ်တွဲဖော်ပြထားပါသည်။

(က)

ကနောင်မင်းသားကြီး ၈၁-၈၇။
ဦးစီးတည်ဆောက်ခဲ့
သောရတနာပုံသဘော်ကျင်း
ကမ္ဘာ့ဆရာများနေ့ ၁၂၆-၁၃၁။
ကမ္ဘာ့ပဒေသာ ၃၄-၅၉။
ထိပ်သီးညီလာခံကြီး
ကုံလုံဆရာတော် ၁၃၂၁၅-၁၆၆။
ကျော်ဆန်း၊ ဗိုလ်မှူးချုပ် ၂၁၃၊၈၊၁၆၊၂၀၊၂၂၊
၂၄၊၂၇၊၃၁၃၂၂၊၂၄၁။
ကြည်ညွှန့်၊ ချစ်ကြည်ရေး ၁၃၁-၁၃၂၊၁၃၄။
ကြည်ထွက်း၊ ဦး ၂၂၅-၂၂၇။
ကွယ်လွန်သူ ၁၃၂-၁၃၅။
ထင်ရှားသောပုဂ္ဂိုလ်များ
ကွယ်လွန်သူ ၁၃၅-၁၄၀။
ထင်ရှားသောပုဂ္ဂိုလ်များ(နိုင်ငံတကာ)

(ခ)

ခင်နွဲ့ဟန်ကြည်၊ မ/ဒေါ် ၃၅-၅၉၊၂၀၄-၂၁၄။
ခင်မောင်ညွှန့်၊ ဒေါက်တာ ၅၁၊၁၇၆-၁၇၉။
ခင်မောင်အေး၊ ဦး ၁၃၄၊၁၄၀-၁၄၁။
ခင်လေးမောင် ၁၄၁-၁၄၃။
ခင်အေး၊ ဒေါက်တာ ၈၉-၉၇။
ခိုင်မာ၊ မောင် ၂၂၇-၂၂၈။
ခမ်းငယ် ၂၄၀-၂၄၁။
ချစ်ကြည်ရေး၊ ကြည်ညွှန့် ၁၃၁-၁၃၂၊၁၃၄။

(ဂ)

ဂုဏ်ထူးဆောင်ဘွဲ့များ၊ ၁၄၃-၁၄၅။
ဂုဏ်ထူးဆောင်တံဆိပ်များ
ဂျာမနီနိုင်ငံ ၁၄၅-၁၄၉။

(င)

ငွေစက္ကူအသစ် ၂၅၊၂၃၁။
ငွေငြေး၊ မောင် ၂၇၈-၂၈၀။

(စ)

စျေးကွက်စီးပွားရေးစနစ်ဖွံ့ဖြိုး စေမည့်ကုန်စည်ပြပွဲများ ၆၉-၇၉။

ဌေးလှိုင်၊ ဦး ဓမ္မာစရိယ ၁၃၄။

(တ)

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ၁၆၁-၁၆၄။

တေဇနီယ၊ ဘဒ္ဒန္တ ၁၃၂-၁၃၃၊၁၆၅-၁၆၆။

တက္ကသိုလ်ထင်ကြီး ၁၃၅၊၁၆၆-၁၆၇။

တင်ညို၊ ဦး ၆၁-၆၇၊၁၇၆။

တင်မောင်၊ ဦး ၁၃၅။

တင်လှ၊ ဦး ၁၃၅၊၁၆၇-၁၆၈။

တိမ်မိုးလှိုင် ၁၃၄၊၁၄၀-၁၄၁။

(ထ)

ထိုင်းနိုင်ငံ ၁၆၈-၁၇၂။

ထန်လှိုင် ၂၂၄-၂၂၅။

(နှ)

နိုင်ငံတကာ စာတတ်မြောက်ရေးနေ့ ၁၇၂-၁၇၆။

နိုင်ငံတကာဆက်ဆံရေးပညာ. . . ၁၇၆-၁၇၉။

နယ်စပ်ဒေသနှင့်တိုင်းရင်းသား လူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှုများ ၉၉-၁၀၇။

(ပ)

ပခုက္ကူဦးအုံးဖေစာပေဆု၊ ပညာရည်ချွန်ဆုနှင့် ပခုက္ကူ စာကြည့်တိုက်စာအုပ်ဆု ၆၊၁၇၉-၁၈၃။

စံလှသော်၊ ဒေါက်တာ ၁၀၉-၁၂၄။

စိုးတိုးဦး ၈၁-၈၇။

စိုးမြင့်သန်း၊ ဦး ၂၂၇-၂၂၈၊

၂၂၉-၂၃၀၊၃၁၅-၃၁၆။

စိုးရင်၊ ဦး (သိပ္ပံစိုးရင်) ၁၃၄၊၁၄၉။

စိုးဝင်း၊ ဗိုလ်ချုပ်ကြီး ၃၊၄၊၆၊၈၉၊၁၀၀၊၁၅၊၁၆၊

၁၈၊၂၀၊၂၁၊ ၂၂၊၂၄၊၂၅၊၂၆၊၂၇၊

၂၈၊၃၀၊၃၁၊၃၂၊၃၃၊၃၄၊

စိုးအောင် ၉၉-၁၀၇၊၁၄၁-၁၄၅၊

၁၅၅-၁၆၁၊ ၁၈၄-၁၈၇၊ ၂၁၉-၂၂၃။

စိုးအောင်၊ ဦး ၁၂၆-၁၃၀၊၁၃၁-၁၃၂၊

၁၄၂-၁၄၆၊၁၆၅-၁၆၆၊၁၆၆-၁၆၈၊

၁၇၂-၁၇၆၊ ၁၈၃-၁၉၉၊ ၂၀၀၊

၂၃၀-၂၄၀၊၂၅၅-၂၅၆၊၂၅၈-၂၅၉၊

၂၈၀-၂၈၂၊၃၀၇။

စင်ကာပူနိုင်ငံ ၁၄၉-၁၅၅။

(ဆ)

ဆူနာမီရေလှိုင်းကြီးများ ၁၀၉-၁၂၄။

ဆက်ထွန်း ၂၈၉-၃၀၀။

ဆယ်နှစ်ပြည့်မြဝတီ ရုပ်မြင်သံကြား ၁၅၅-၁၆၁။

(ဇ)

ဇာတက ၈၈-၉၇။

ဇာတ်တော်ကြီးဆယ်ဘွဲ့. ၉၀၊၉၄၊၉၅-၉၆၊၉၇။

အကွာရာစဉ်အညွှန်း

ပညာဇောတ၊ ၁၈၃။

အရှင် (ဒေါက်တာ)

ပညာရေးစုံညီပွဲတော် ၁၈၄-၁၈၇။

ပါကစ္စတန် ၁၈၇-၁၉၁။

အစ္စလမ္မစ်သမ္မတနိုင်ငံ

ပူတင်၊ ဗလာဒီမာ ၃၀၊ ၂၄၉၊ ၂၅၁၊ ၂၅၂၊ ၂၅၄။

ပြင်သစ်သမ္မတနိုင်ငံ ၁၉၁-၁၉၄။

(ဖ)

ဖိလစ်ပိုင်နိုင်ငံ ၁၉၄-၁၉၉။

ဖေခင်၊ ဦး ၁၃၅၊ ၁၉၉-၂၀၀။

ဖြူစင် ၂၅၆-၂၅၈။

(ဗ)

ဗီယက်နမ်နိုင်ငံ ၂၀၀-၂၀၄။

ဗုဒ္ဓသာသနာတော်သန့်ရှင်း. . . ၂၀၄-၂၁၄။

(ဘ)

ဘလဲ၊ တိုနီ ၂၆၊ ၂၄၃-၂၄၅၊ ၂၄၇။

ဘုရှိ၊ ကျော်ဒဗလျူ ၂၊ ၃၊ ၂၉၊ ၂၅၉၊ ၂၅၉၊ ၂၆၁-၂၆၇။

(မ)

မလေးရှားနိုင်ငံ ၂၁၄-၂၁၉။

မူးယစ်ဆေးဝါးနှင့်စိတ်ကို. . . ၂၁၉-၂၂၃။

မင်းနိုင်၊ ဦး ၁၃၅၊ ၂၂၄-၂၂၅။

မင်းသုဝဏ် ၂၂၅-၂၂၇။

မောင်ခိုင်မာ ၂၂၇-၂၂၈။

မောင်မောင်ကြီး၊ ဦး ၂၂၉-၂၃၀။

မောင်မြန်မာ ၁၃၅၊ ၁၆၇-၁၆၈။

မောင်အေး၊ ၄၊ ၆၊ ၈၊ ၁၀၊ ၁၁၊ ဒုတိယဗိုလ်ချုပ်မှူးကြီး ၁၂၊ ၁၃၊ ၁၇၊ ၁၈၊ ၂၂၊ ၂၃၊ ၂၅၊ ၂၇၊ ၂၈။

မုံရွာဝင်းဖေ ၁၃၅၊ ၂၅၅-၂၅၆။

မျိုးမျိုးကြည် ၁၇၉-၁၈၃။

မြေငလျင် ၁၁၃။

မြန်မာစာပေတွင် ဇာတကဓါ အခန်းကဏ္ဍ ၈၉-၉၇။

မြန်မာနိုင်ငံတော်၊ ပြည်ထောင်စု ၂၃၀-၂၄၀။

မြန်မာ့ရိုးရာယဉ်ကျေးမှု အဆိုအကအရေးအတီးပြိုင်ပွဲ ၂၆၊ ၂၇။

မြန်မာ့ရုပ်ရှင်ထူးချွန်ဆု ၂၄၀-၂၄၃။

(ယ)

ယူနိုက်တက်ကင်းဒမ်းနိုင်ငံ ၂၄၃-၂၄၉။

ယူရိုဘောလုံးပြိုင်ပွဲ ၂၈၉-၃၀၀။

(ရ)

ရုရှားပြည်ထောင်စု ၂၄၉-၂၅၅။

ရေဝတဓမ္မ၊ ဘဒ္ဒန္တ ၁၃၃။

ရဲလွင်၊ ဦး၊ သင့်ဘဝ ၂၄၃-၂၄၉။

ရွှေမန်း၊ ဗိုလ်ချုပ်ကြီး၊သူရ ၇၊ ၈၊ ၁၇၊ ၂၅၊ ၂၇၊ ၃၀-၃၁။

(အ)

အမေရိကန်ပြည်ထောင်စု ၂၅၉-၂၆၇။

အမျိုးသားစာပေတစ်သက်တာဆု ၂၆၇-၂၇၀။

အမျိုးသားစာပေဆုနှင့်
စာပေဗိမာန်စာမူဆု

အမျိုးသားညီလာခံ ၁၇၊ ၂၅။

အရှေ့အလယ်ပိုင်းဒေသ ၂၇၀-၂၇၈။

အာဆီယံလှ ၂၇၈-၂၈၀။

ယဉ်ကျေးမယ်ပြိုင်ပွဲ

အာရှဝူးရှူး ၂၈၀-၂၈၂။

တံခွန်စိုက်ပြိုင်ပွဲ

အိရတ်နိုင်ငံ ၂၈၂-၂၈၉။

ဥရောပချန်ပီယံ ၂၈၉-၃၀၀။

ဖလားဘောလုံးပြိုင်ပွဲ

အေး (ရန်ကုန်တက္ကသိုလ်) ၆၉-၇၉။

အင်ဒိုနီးရှားနိုင်ငံ ၃၀၁-၃၀၆။

အန်နန်၊ ကိုဖီ ၁၀၊ ၂၆။

ဣန္ဒပါလ၊ အရှင် ၃၀၇။
(တိပိဋကဓရတိပိဋကကောဝိဒ)

အိန္ဒိယသမ္မတနိုင်ငံ ၃၀၈-၃၁၅။

အုန်း၊ ဒေါ်၊ အမ်အေ ၃၁၅-၃၁၆။

(ဥ)

ဥတ္တရ၊ ဘဒ္ဒန္တ ၁၃၄-၁၃၅။

ဥပုသ်နေ့ ဗိုလ်ချုပ်မှူးကြီး ၁၊ ၂၊ ၃၊ ၆၊ ၇၊ ၉၊ ၁၀၊ ၁၁၊ ၁၃၊ ၁၄၊ ၁၆၊ ၁၇၊ ၁၈၊ ၁၉၊ ၂၁၊ ၂၂၊ ၂၄၊ ၂၅၊ ၂၆၊ ၂၇၊ ၂၈၊ ၃၀၊ ၃၁၊ ၃၂၊ ၃၃၊ ၃၄၊ ၃၅၊ ၃၆၊ ၃၇၊ ၃၈၊ ၃၉၊ ၄၀၊ ၄၁၊ ၄၂၊ ၄၃၊ ၄၄၊ ၄၅၊ ၄၆၊ ၄၇၊ ၄၈၊ ၄၉၊ ၅၀၊ ၅၁၊ ၅၂၊ ၅၃၊ ၅၄၊ ၅၅၊ ၅၆၊ ၅၇၊ ၅၈၊ ၅၉၊ ၆၀၊ ၆၁၊ ၆၂၊ ၆၃၊ ၆၄၊ ၆၅၊ ၆၆၊ ၆၇၊ ၆၈၊ ၆၉၊ ၇၀၊ ၇၁၊ ၇၂၊ ၇၃၊ ၇၄၊ ၇၅၊ ၇၆၊ ၇၇၊ ၇၈၊ ၇၉၊ ၈၀၊ ၈၁၊ ၈၂၊ ၈၃၊ ၈၄၊ ၈၅၊ ၈၆၊ ၈၇၊ ၈၈၊ ၈၉၊ ၉၀၊ ၉၁၊ ၉၂၊ ၉၃၊ ၉၄၊ ၉၅၊ ၉၆၊ ၉၇၊ ၉၈၊ ၉၉၊ ၁၀၀၊ ၁၀၁၊ ၁၀၂၊ ၁၀၃၊ ၁၀၄၊ ၁၀၅၊ ၁၀၆၊ ၁၀၇၊ ၁၀၈၊ ၁၀၉၊ ၁၁၀၊ ၁၁၁၊ ၁၁၂၊ ၁၁၃၊ ၁၁၄၊ ၁၁၅၊ ၁၁၆၊ ၁၁၇၊ ၁၁၈၊ ၁၁၉၊ ၁၂၀၊ ၁၂၁၊ ၁၂၂၊ ၁၂၃၊ ၁၂၄၊ ၁၂၅၊ ၁၂၆၊ ၁၂၇၊ ၁၂၈၊ ၁၂၉၊ ၁၃၀၊ ၁၃၁၊ ၁၃၂၊ ၁၃၃၊ ၁၃၄၊ ၁၃၅၊ ၁၃၆၊ ၁၃၇၊ ၁၃၈၊ ၁၃၉၊ ၁၄၀၊ ၁၄၁၊ ၁၄၂၊ ၁၄၃၊ ၁၄၄၊ ၁၄၅၊ ၁၄၆၊ ၁၄၇၊ ၁၄၈၊ ၁၄၉၊ ၁၅၀၊ ၁၅၁၊ ၁၅၂၊ ၁၅၃၊ ၁၅၄၊ ၁၅၅၊ ၁၅၆၊ ၁၅၇၊ ၁၅၈၊ ၁၅၉၊ ၁၆၀၊ ၁၆၁၊ ၁၆၂၊ ၁၆၃၊ ၁၆၄၊ ၁၆၅၊ ၁၆၆၊ ၁၆၇၊ ၁၆၈၊ ၁၆၉၊ ၁၇၀၊ ၁၇၁၊ ၁၇၂၊ ၁၇၃၊ ၁၇၄၊ ၁၇၅၊ ၁၇၆၊ ၁၇၇၊ ၁၇၈၊ ၁၇၉၊ ၁၈၀၊ ၁၈၁၊ ၁၈၂၊ ၁၈၃၊ ၁၈၄၊ ၁၈၅၊ ၁၈၆၊ ၁၈၇၊ ၁၈၈၊ ၁၈၉၊ ၁၉၀၊ ၁၉၁၊ ၁၉၂၊ ၁၉၃၊ ၁၉၄၊ ၁၉၅၊ ၁၉၆၊ ၁၉၇၊ ၁၉၈၊ ၁၉၉၊ ၂၀၀၊ ၂၀၁၊ ၂၀၂၊ ၂၀၃၊ ၂၀၄၊ ၂၀၅၊ ၂၀၆၊ ၂၀၇၊ ၂၀၈၊ ၂၀၉၊ ၂၁၀၊ ၂၁၁၊ ၂၁၂၊ ၂၁၃၊ ၂၁၄၊ ၂၁၅၊ ၂၁၆၊ ၂၁၇၊ ၂၁၈၊ ၂၁၉၊ ၂၂၀၊ ၂၂၁၊ ၂၂၂၊ ၂၂၃၊ ၂၂၄၊ ၂၂၅၊ ၂၂၆၊ ၂၂၇၊ ၂၂၈၊ ၂၂၉၊ ၂၃၀၊ ၂၃၁၊ ၂၃၂၊ ၂၃၃၊ ၂၃၄၊ ၂၃၅၊ ၂၃၆၊ ၂၃၇၊ ၂၃၈၊ ၂၃၉၊ ၂၄၀၊ ၂၄၁၊ ၂၄၂၊ ၂၄၃၊ ၂၄၄၊ ၂၄၅၊ ၂၄၆၊ ၂၄၇၊ ၂၄၈၊ ၂၄၉၊ ၂၅၀၊ ၂၅၁၊ ၂၅၂၊ ၂၅၃၊ ၂၅၄၊ ၂၅၅၊ ၂၅၆၊ ၂၅၇၊ ၂၅၈၊ ၂၅၉၊ ၂၆၀၊ ၂၆၁၊ ၂၆၂၊ ၂၆၃၊ ၂၆၄၊ ၂၆၅၊ ၂၆၆၊ ၂၆၇၊ ၂၆၈၊ ၂၆၉၊ ၂၇၀၊ ၂၇၁၊ ၂၇၂၊ ၂၇၃၊ ၂၇၄၊ ၂၇၅၊ ၂၇၆၊ ၂၇၇၊ ၂၇၈၊ ၂၇၉၊ ၂၈၀၊ ၂၈၁၊ ၂၈၂၊ ၂၈၃၊ ၂၈၄၊ ၂၈၅၊ ၂၈၆၊ ၂၈၇၊ ၂၈၈၊ ၂၈၉၊ ၂၉၀၊ ၂၉၁၊ ၂၉၂၊ ၂၉၃၊ ၂၉၄၊ ၂၉၅၊ ၂၉၆၊ ၂၉၇၊ ၂၉၈၊ ၂၉၉၊ ၃၀၀၊ ၃၀၁၊ ၃၀၂၊ ၃၀၃၊ ၃၀၄၊ ၃၀၅၊ ၃၀၆၊ ၃၀၇၊ ၃၀၈၊ ၃၀၉၊ ၃၁၀၊ ၃၁၁၊ ၃၁၂၊ ၃၁၃၊ ၃၁၄၊ ၃၁၅၊ ၃၁၆။

ဥယျာဉ်မှူး ၁၄၀။

(ဟ)

ဟေလီ၊ အာသာ ၁၄၀။